[illegible] ကျင့်သုံးနိုင်ရန်

[illegible] အနှစ်ချုပ်ထားခဲ့သော

# ဆုံးမစာ ပေါင်းချုပ်ကြီး

[illegible] စည်း၍ [illegible] ဖော်ပြထားသည်

မဏာဝ

ပြုစုသည်

[illegible] တည်းဖြတ်သည်

ဒုတိယအကြိမ်

“ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။ (မဃဒေဝ)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၁၉၇၅ နိုဝင်ဘာလ

ဒုတိယအကြိမ်၊ ၁၉၇၇၊ ဩဂုတ်လ

တတိယအကြိမ် ၁၉၉၅၊ ဇူလိုင်လ

**အုပ်ရေ**

၁၀၀၀

**အဖုံးပန်းချီ**

စံတိုး

**အဖုံးဖလင်**

ထွန်းဆိုင်

**အဖုံးရိုက်**

မေတ္တာမိုး

၂၂၊ ဓမ္မဝိဟာရလမ်း ကျောက်မြောင်း ရန်ကုန်။

**စာအုပ်ချုပ်**

ကေရီ

စာမူခွင့်ပြုချက် ၃၀/၉၅(၃)

မျက်နှာဖုံးခွင့်ပြုချက် ၇/၉၅(၆)

ဦးရွှေထွန်းအောင် [၀၁၅၂၂]နှလုံးလှစာပေနှင့် ၈၀၂၀၇ လုပ်အား ပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ရန်ကုန်မြို့က ပုံနှိပ်ထုတ်ဝေသည်။

ရဟန်းရှင်လူ မည်သူမဆို နည်းယူမှတ်သား ကျင့်သုံးနိုင်ရန်
ပညာရှိ ပုဂ္ဂိုလ် များစွာတို့ စီစဉ်ရေးသား အမွေထားခဲ့သော

# ဆုံးမစာ ပေါင်းချုပ်ကြီး

(ဆုံးမစာအမျိုးအစားအလိုက်စုစည်း၍ ကဏ္ဍခွဲခြားဖော်ပြထားသည်)


## မာဃဝ ပြုစုသည်

## နှလုံးလှစာတည်းအဖွဲ့က စီစဉ်တည်းဖြတ်သည်



နှလုံးလှစာပေ ဖြန့်ချိရေး
စာတိုက်သေတ္တာအမှတ် ၈၇၊ ဗဟိုစာတိုက်ကြီး၊ ရန်ကုန်မြို့။
အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၉၀၉၈၇၁။

# မာတိကာ

## အပိုင်း ၁

## ဆုံးမစာများ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | | |
| စာသင်သား ဆုံးမစာ | ရှင်မဟာရဋ္ဌသာရ | ၂၀ |
| လူမှုကျင့်ဝတ် ဆုံးမစာ | ရှင်မဟာရဋ္ဌသာရ | ၂၂ |
| ဂမ္ဘီသာရ ဆုံးမစာ | ရှင်မဟာရဋ္ဌသာရ | ၂၈ |
| ဟပည့် ဆုံးမစာ | ရှင်မဟာသီလဝံသ | ၃၉ |
| လောကသာရ ဆုံးမစာ | ကန်တော်မင်းကျောင်းဆရာတော် | ၄၆ |
| လောကသဘာဝ ဆုံးမစာ | တောင်ဖီလာဆရာတော် | ၆၅ |
| လောကဟိတ ဆုံးမစာ | တောင်ဖီလာဆရာတော် | ၆၈ |
| နဝရတ်ကိုးသွယ် ဆုံးမစာ | စိန္တကျော်သူ ဦးဩ | ၇၂ |
| ကျောက်ကြီးကိုးလုံး ဆုံးမစာ | တွင်းသင်းမင်းကြီး | ၇၄ |
| စကားပုံ ဆုံးမစာ ၁ | သူတော်ဦးနု | ၇၆ |
| စကားပုံ ဆုံးမစာ ၂ | ပေါက္ကံမောင်ချို | ၇၉ |
| စကားပုံ ဆုံးမစာ ၃ | ညောင်ပင်သာဦးပုည | ၈၈ |
| သုတရတနာ ဆုံးမစာ | ညောင်ပင်သာဦးပုည | ၉၃ |
| သံဝေဂ ဆုံးမစာ | ထွန့်ခေါင်ဆရာတော် | ၁၁၁ |
| ပုရာဏ် ဓမ္မာန် ဆုံးမစာ | ကျီးသဲဆရာတော် | ၁၁၆ |
| သားရွှေဥ ဆုံးမစာ | ဦးပညာ | ၁၂၀ |
| သားရွှေခဲ ဆုံးမစာ | နဂါးရုံကျောင်း ကိုရင်ကြီး | ၁၄၇ |
| သားရွှေတောင် ဆုံးမစာ | ရတနာဘုံစံကျောင်းကိုရင်ကြီး | ၁၅၀ |
| သားရွှေကြူ ဆုံးမစာ | မောင်စံထိန် | ၁၅၅ |
| သုတမဥ္ဇူ ဆုံးမစာ | ဦးရှင်ကလေး | ၁၅၉ |
| မင်္ဂလသုတ် ဆုံးမစာ | အမည်မသိစာဆို | ၁၈၁ |

# မာတိကာ

## အပိုင်း ၂

### မေတ္တာစာ ဆုံးမစာများ


| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ကန်တော်မင်းကျောင်းဆုံးမစာ | ကန်တော်မင်းကျောင်း ဆရာတော် | ၁၇၅ |
| မုံရွေး ဆုံးမစာ | မုံရွေးဆရာတော် | ၁၉၀ |
| လွမ်းညွှန်မေတ္တာ ဆုံးမစာ ၁ | ကျည်းကန်ရှင်ကြီး | ၁၉၇ |
| လွမ်းညွှန်မေတ္တာဆုံးမစာ ၂ | ကျည်းကန်ရှင်ကြီး | ၂၀၇ |
| ရယ်ဖွယ်ဆယ်ပါး ဆုံးမစာ | အမည်မသိစာဆိုတစ်ဦး | ၂၁၁ |
| ခတ္တောဝါဒ ဆုံးမစာ | ဆီးပန်းနီဆရာတော် | ၂၁၅ |


## အပိုင်း ၃

### ဩဝါဒဆုံးမစာများ


| | | |
| --- | --- | --- |
| ဩဝါဒထူး ဆုံးမစာ | စိန္တကျော်သူဦးဩ | ၂၄၈ |
| ဩဝါဒကထာ ဆုံးမစာ | လုံးတော်ဆရာတော် | ၂၆၄ |
| ပုတ္တောဝါဒ ဆုံးမစာ | ဆားတိုဆရာတော် | ၂၈၈ |
| မာတောဝါဒ ဆုံးမစာ | ရွှေကျောင်းဆရာတော် | ၃၀၀ |
| သိင်္ဂါလောဝါဒ ဆုံးမစာ | သင်္ဂဇာဆရာတော် | ၃၂၀ |
| ဂိဟိဝိနယ ဆုံးမစာ | ဆရာတော်ဦးဗုဒ် | ၃၂၅ |
| အတ္တောဝါဒ ဆုံးမစာ | နှားခံတော်ဦးရွှေနီ | ၃၃၄ |
| ဥပါသကောဝါဒ ဆုံးမစာ | ဆီးပန်းနီဆရာတော် | ၃၄၀ |
| အရညကောဝါဒ ဆုံးမစာ | ဆီးပန်းနီဆရာတော် | ၃၅၆ |
| မာတရောဝါဒ ဆုံးမစာ | စလင်းဆရာတော်ဦးလှဲ | ၃၆၈ |


## အပိုင်း ၄

### နီတိဆုံးမစာများ


| | | |
| --- | --- | --- |
| ဓမ္မနီတိ ဆုံးမစာ | စဥ့်ပါဆရာတော် | ၃၉၉ |
| လောကနီတိ ဆုံးမစာ | ဦးရှင်ကလေး | ၄၄၂ |



# နိဒါန်း

## ဆုံးမစာအစ မြတ်ဗုဒ္ဓ

မိုးခေါင် အာကာ၊ နန်းဘုံသာ တက်၊ ပြဟ္မာ မလွတ်၊ လူနတ်
မကျန် တိရစ္ဆာန်အား၊ ရွှေညာဏ် လိုက်လျော၊ ဟုတ်သဘော
ဖြင့်၊ မြတ်ဩဝါဒ၊ ပေးတတ်လှ၍၊ မမှသာရထိ၊ ဂုဏ်သတ္တိ
ဖြင့်၊ နှံ့သိထင်ပေါ်၊ ဟိုးဟိုးကျော်သား၊ ထွတ်ထိပ်ဘုရား၏-

ဟူ၍ သားရွှေဥ ဆုံးမစာတွင် နိဒါန်းချီထားသည့်အတိုင်း မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးတွင် မယဉ်ကျေးသော လူယောကျ်ား၊ နတ်ယောကျ်ား၊ တိရစ္ဆာန်ယောကျ်ားတို့အား ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သော အနုတ္တရော ပုရိသဓမ္မသာရထိ ဂုဏ်တော်သည် တစ်ပါးအပါအဝင် ဖြစ်ပေသည်။ မြတ်စွာဘုရားရှင်သည် ဆုံးမ သွန်သင်တော်မူနိုင်စွမ်းရှိသော အရှင်မြတ်ပင် ဖြစ်ချေသည်။

လူ့လောကတွင် အမိုက်တရား၊ အယုတ်တရား၊ မိစ္ဆာတရားတို့သည် တင်းကျပ်မြဲမဟုတ်ပေ။ လူ့ဘဝတွင် အပြောအဆို၊ အမူအကျင့်၊ နှလုံးသွင်းတို့ပါ လမ်းမှားသို့ ရောက်နိုင်ရန် အခွင့်အလမ်း များစွာ ရှိပေသည်။ ထို့ကြောင့် ဘုရားရှင် အဆက်ဆက်တို့သည် ဆုံးမတော်မူခဲ့ကြသည်။ ပညာရှင် အဆက်ဆက်တို့သည်လည်း ဆုံးမခဲ့ကြသည်။ အချို့

အမနှင့် ကင်း၍ လူ့လောကကြီး သာယာဖြောင့်တန်း ငြိမ်းချမ်းလိမ့်မည် မဟုတ်ပေ။ ပိဋကတ် ကျမ်းဂန်များသည် လောကုတ္တရာရေးအတွက်သာမက လောကီရေးအတွက်ပါ အဆုံးအမများနှင့် ပြည့်လျှမ်းလှပေသည်။ ဇာတက ဇာတ်တော်များသည်လည်း အဆိုးအကောင်း ခွဲခြားဝေဖန်၍ ဘဝသင်ခန်းစာ ယူရန်အတွက် လမ်းညွှန်များပင် ဖြစ်ပေသည်။

လူ့လောကတွင် ကျင့်ဆောင်အပ်သောနည်းလမ်းကောင်းကို ကျင့်ဆောင်၍ ပယ်ရှောင်ထိုက်သော အပြစ်တို့ကို ပယ်ရှောင် ခြင်းသည် လောက၏ အကျိုးစီးပွားအတွက်သာမဟုတ်၊ မှန်ကန်သောသမ္မာသတိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသက်ပ္ပ စသော မဂ္ဂင်တရားများကို ပွင့်လန်းစေ၍ နောက်ဆုံး နိဗ္ဗာန် မဂ်ဖိုလ်ကိုပါ ရရှိစေနိုင်သဖြင့် ဆုံးမစာ ရေးသော ပညာရှင်များသည် ထိုအချက်ကိုပင် အလေးအနက်ထား၍ ထောက်ပြခဲ့ကြပေသည်။

ရှင်မဟာရဋ္ဌသာရ၏ သု စိ ပု ဘာ—ချိ ဆုံးမစာတွင်....

ကဝိ လင်္ကာ၊ အဖြာဖြာကို၊ သေချာ ဆည်းဆာ၊ ဆိုဝံ့ကလျှင်၊ ဘဝ ဉာဏ်တွင်၊ ခုမျက်မြင်လည်း၊ မထင်ဘယ်မှာ၊ ရှိဘိရာအံ့၊ သံသရာလည်း၊ ပမာ ကဲလွန်၊ အဆုံးစွန်မူ၊ ညီမွန်တုလွတ်၊ သုံးလူ့နတ်ဝယ်၊ အကျွတ်ဘယ်မှာ ဝေးတော့မည်။

ဟူ၍ ဆုံးမစကား နာကြား သင်အံ နည်းခံ မှတ်သား ဉာဏ်အမြင်များခဲ့သော် နောက်ဆုံးတွင်သံသရာက မကင်းလွတ်ဘဲရှိတော့မည်မဟုတ်ဟူ၍ ရည်ညွှန်းခဲ့ပေသည်။ ထို့အတူပင် ရွှေကျောင်းဆရာတော်ဦးပညာကလည်း မာတောဝါဒ ဆုံးမစာတွင်....

ဉာဏ်လက်ဆုပ်၊ ဆွဲငင်လှုပ်လျက်၊ စိမ့်ပြုပ် ရောင်ဝင်း၊ နှားတံ တင်းဝယ်၊ ထည့်သွင်းသိုကာ၊ မျိုးလေးဖြာတို့၊ သဒ္ဓါကြည်ညွှတ်၊ ကျင့်ထွေတတ်က၊ နတ်လည်း သည်မှာ၊ ဗြဟ္မာသည်ပင်၊ လေးကျွန်းထင်သည်၊ နတ်ရှင်သည်ပ၊ ပဒေသနှင့်၊ ကေရုံးစည်း၊ သည်မှာချည်းရှင့်၊ မဂ်လည်းသည်ကို၊ ဖိုလ်လည်းသည်မှန်၊ မြတ်နိဗ္ဗာန်လည်း၊ စုန်ဆန်မရွေ့၊ သည်တွင်တွေ့လိမ့်။

စသည်ဖြင့် အဆုံးအမ ဩဝါဒနှင့် ကောင်းသဖြင့် နောက်ဆုံးနတ်ဘုံ ပြဟ္မာဘုံသာမက နိဗ္ဗာန်ကိုပင် ရနိုင်ကြောင်း ဖော်ညွှန်းထားပေသည်။

ထို့ကြောင့် ဆုံးမစာများသည် လူ့လောကအတွက် အလယ်မျှပုံပိုး အကျိုးပြုသည်ကို သိရှိနားလည်နိုင်ပေသည်။

## နီတိကျမ်းများ

အဆုံးအမများသည် မြတ်ဗုဒ္ဓ၏ဘုရားဒေသနာတော်တို့တွင် အမြောက်အများ ပါရှိသဖြင့် ဆုံးမစာသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ မြတ်စွာဘုရား ပွင့်တော်မူချိန်နှင့် ပွင့်တော်မူပြီး ကာလများတွင်လည်း အိန္ဒိယနိုင်ငံတွင် အဆုံးအမပေးသော နီတိကျမ်းများ ပေါ်ပေါက်ခဲ့ကြောင်း သိရှိရပေသည်။

အဆုံးအမကို ဩဝါဒ၊ အနုသာသနစသည်ဖြင့် ခေါ်ဆိုသကဲ့သို့ နီတိဟူ၍လည်း ခေါ်ဆိုနိုင်ပေသည်။ ဗုဒ္ဓသာသနာဆိုရာ၌ သာသနာသည် အဆုံးအမပင် ဖြစ်ပေသည်။ နီတိကျမ်းများသည် ပုဂ္ဂလအားသာသကို အရင်းခံသော လောက အဆုံးအမများပင် ဖြစ်ပေသည်။ အတတ်တစ်ဆယ့်ရှစ်ပါးတွင်နီတိကျမ်းတတ်မြောက်ခြင်းကိုအတတ်ပညာတစ်ရပ် အဖြစ် အလေးတမူ ထည့်သွင်းထားပေသည်။ အဆင်ဟန်ဆာများတွင် မင်းတို့သည်ပင် နီတိကျမ်းဖြင့်သာ တန်ဆာဆင်အပ်ကြောင်း (ဝါ)နီတိကျမ်း တတ်မြောက်ခြင်းဖြင့် ဂုဏ်ယူ သင့်ကြောင်းကို ပြညွှန်ကြသည့် အတိုင်း ဩဝါဒထူး ဆုံးမစာတွင်....

တစ်ဆယ့်လေးပြား၊ ဆင်တန်ဆာကား၊ ရာဇာဘုန်းရှိ၊ ပြည်လုံး
မိကို၊ နီတိကျမ်းလျှင်၊ တန်ဆာဆင်၏။

ဟူ၍ ဖွဲ့ဆိုထားပေသည်။

အိန္ဒိယနိုင်ငံတွင် ထင်ရှားသော နီတိကျမ်းများမှာ စာဏကျနီတိ၊ သုကြနီတိနှင့် ကာမန္ဒကီယ နီတိတို့ပင် ဖြစ်ပေသည်။ စာဏကျ နီတိကို ခရစ်နှစ် ၃၂၀ ခန့်က မောရိယနွယ်ဝင် စန္ဒဂုတ် (စန္ဒဂုတ္တ၊ ချန်ဒရာဂုတ်

ပဏာ) မင်းကြီးလက်ထက် ဇောဒ္ဒိလျ၊ သို့မဟုတ် ဝိဏှုဂုတ္တအမည်ရှိသော စာဏကျအမတ်ကြီးက ရေးစီရင်ခဲ့ပေသည်။ ထိုစာဏကျနီတိသည်ပင် ထိုခေတ်ထက်စောသော အထူးထူးသော ကျမ်းဂန်တို့မှ ကောက်နုတ်ထုတ်ဆောင် ရေးသားကြောင်း ဝန်ခံထားပေသည်။ ထိုနီတိများအပြင် ဝိဏှုသမ္မာ သုခမိန်ရေးသော ပဥ္စတန္တြနှင့် နာရာယဏ ပဏ္ဍိတ်ရေးသော ဟိတောပဒေသ ကျမ်းများသည်လည်း နီတိသဘောဆောင်သော အဆုံးအမ ကျမ်းများ ဖြစ်ပေသည်။

မြန်မာသက္ကရာဇ် ၃၁၄ ခုနှစ်တွင် နန်းတက်သော ပင်းယသီဟသူမင်း လက်ထက်တွင် စတုရင်္ဂဗလ အမတ်ကြီးသည် ပါဠိဘာသာဖြင့် လောကနီတိကျမ်းကို ရေးသားခဲ့သည်ဟု ဆိုပေရာ ထိုလောကနီတိကျမ်းသည် ဗြဟ္မဏအယူနှင့် စပ်သော သက္ကတယဉ်ကျေးမှု အရိပ်အငွေ့ ပါသည်က တစ်ကြောင်း၊ လောကနီတိကျမ်းသည် ရှေးရှေးကပင် အန္ဒိယနိုင်ငံ၌ ထင်ရှားပြီးသည် တစ်ကြောင်းတို့ကြောင့် သက္ကတဘာသာရှိရင်းကျမ်းကို ပါဠိဘာသာနှင့် ပြန်လည်၍ ရေးခြင်းဖြစ်မည်ဟု ယူဆရပေသည်။ မည်သို့ပင်ဖြစ်စေ နီတိကျမ်းများလည်း မြန်မာနိုင်ငံတွင်းသို့ ရှေးမဆွကပင် ဝင်ရောက်ခဲ့ပြီး ဖြစ်ကြောင်း ထင်ရှားပေသည်။ နီတိကျမ်းများသည် ရှိရင်းကျမ်းဂန် အသီးသီးမှ ကောင်းမွန်သော အယူအဆများကို သိမ်းသွင်း လက်ခံထားသည်ဖြစ်ရာ နီတိ မျိုးစုံတွင် ဒေသနာတော်ထွက် အဆုံးအမများလည်း ကိန်းဝပ်နေပေသည်။

သာဓကအားဖြင့် လောကနီတိတွင်...

သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့် သာ၍လျှင်။ သမာသေထ၊ ပေါင်းဖက်ရာ၏။ ဒုဇ္ဇနံ သံသဂ္ဂံ၊ သူယုတ်နှင့် ပေါင်းဖက်ခြင်းကို။ စဇ-ဇေတဟိ၊ စွန့်မလော့။

ဟူသော အဆုံးအမမှာ မင်္ဂလသုတ် တရားတော်တွင်—

ဗာလာနံ၊ သူမိုက်တို့ကို။ ယာ အသေဝနာ စ၊ အကြင် မမှီဝဲ မဆည်းကပ်ခြင်းသည် လည်းကောင်း၊ ပဏ္ဍိတာနံ၊ ပညာရှိသော သူတို့ကို။ ယာ သေဝနာ စ၊ အကြင် မှီဝဲ ဆည်းကပ်ရခြင်းသည် လည်းကောင်း ...

စသော ဟောကြားချက်များကို မှီငြမ်းပြုထားကြောင်း သိသာပေသည်။

နီတိကျမ်းများတွင် လောကအကြောင်းအတွက် အဆုံးအမပေးသော လောကနီတိ၊ တရားဓမ္မဆိုင်ရာ နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း အဆုံးအမကို ဓမ္မနီတိ၊ မင်းတို့လိုက်နာ ကျမ်းဆောင်ရာ အဆုံးအမတို့ကို ရာဇနီတိ စသည်ဖြင့် ခွဲခြားပြုစုခဲ့ကြပေသည်။ ထို နီတိ သုံးစောင်လုံးသည် သက္ကတဘာသာ ပါဠိဘာသာနှင့် မြန်မာပြန်များဖြင့် ရှိခဲ့ကြပြီးဖြစ်၍ ကဗျာလင်္ကာဖြင့်လည်း ဖွဲ့ဆိုခဲ့ကြဖူးပေသည်။

## ဆုံးမစာများ

မြန်မာစာပေတွင် အဆုံးအမ ပေးသော စာပေ(ဝါ) ဆုံးမစာများသည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် အတူ ဝင်ရောက်ခဲ့ပေသည်။ သက္ကတနီတိကျမ်းများလည်း ပင်းယခေတ်ကတည်းကပင် ဝင်ရောက်ခဲ့ပြီးဖြစ်ပေသည်။ ဆုံးမစာ အမျိုးမျိုးကိုလည်း ပညာရှင် အသီးသီးက ပြုစုခဲ့ကြသဖြင့် ''အလိမ္မာ စာမှာရှိသည်'' ဟူသော ဆိုရိုးပင် ခိုင်မာခဲ့ပေသည်။

အင်းဝခေတ်တွင် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ကန်တော်မင်းကျောင်း ဆရာတော်တို့သည် ဆုံးမစာများကို ရေးသားခဲ့ပေသည်။ ဆုံးမစာ အမည်မတပ်သော ပျို့ကဗျာ လင်္ကာ များစွာတို့တွင်လည်း အကြောင်းအခွင့် သင့်ရာသင့်ရာတို့တွင် ဆုံးမစကားများ ညှပ်သွင်းစပ်ဆိုခဲ့ကြသည်သာဖြစ်သဖြင့် ပျို့များအားလုံးလိုလိုမှပင် ဆုံးမစာများ ထုတ်နုတ်ယူရန် လွယ်ကူနေပေသည်။ နှောင်း ခေတ်စဉ်ခေတ်ဆက်အားဖြင့်လည်း ပညာရှင်အသီးသီးက ဆုံးမစာများ ရေးသား ဖွဲ့ဆိုခဲ့ကြရာ ယခုအခါ ဆုံးမစာ အမျိုးအမည်ကဲ့ ၄၀ ထက်မနည်းတွေ့ရှိနိုင်ကြမည် ဖြစ်ပေသည်။

## ဆုံးမစာရေးဟန်

ဆုံးမစာများသည် အမျိုးအမည် များပြားလှပေသည်။ ဆုံးမခံပုဂ္ဂိုလ်များအလိုက် သုံးသပ်လျှင် ရှင်သာမဏေတို့အား ဆုံးမချက်၊ မင်းအားဆုံးမချက်၊ပုဏ္ဏားတို့အားဆုံးမချက်၊လောကီလူသားတို့အား ဆုံးမချက်၊

မင်းမှုထမ်းများအား ဆုံးမချက်၊ အမျိုးသမီးများအား ဆုံးမချက်၊ အမျိုးလေးပါး လူအားလုံးနှင့် သက်ဆိုင်သော ဆုံးမချက် စသည်အားဖြင့် တွေ့ရပေမည်။ နီတိဆန်သော ဆုံးမစာများတွင် ပညာရှိကိုဆိုရာ၊ သူမိုက်ဆိုရာ၊ မိန်းမကိုဆိုရာ စသည်ဖြင့် ဆုံးမစာတစ်စောင်ထဲတွင် အပိုင်းကဏ္ဍခွဲခြား၍ ဆုံးမထားသည်များလည်း ရှိပေသည်။

အဖွဲ့အနွဲ့အားဖြင့်လည်း ရှိုရိုးလက်ာ၊ စကားပြေမှသည် လက်ာ၊ ပျို့၊ ရတု၊ လေးဆစ်ချိုး၊ သံပေါက် စသည်အားဖြင့် မိမိသန်ရာအလိုက် အနည်းနည်း ဖွဲ့ဆိုခဲ့ကြပေသည်။ ပျို့၊ လက်ာ အဖွဲ့အနွဲ့မှာ အများဆုံး ဖြစ်ပေသည်။

ဆုံးမစာများတွင် ပိဋကတ်ကျမ်းဂန်များနှင့် နီတိကျမ်းများမှ အဆိုအမိန့်များကို ကိုးကားလျက် မိမိ၏ ထူးခြားသော ဉာဏ်အမြင်ကိုလည်း ပေါင်းစပ်ထည့်သွင်း ထားတတ်ပေသည်။ ဇာတကနှင့် ဓမ္မပဒ စသည်မှ ပုံဝတ္ထုများ၊ စကားပုံများကိုလည်းထည့်သွင်းလျက် ဆောင်ခဲ့ကြပေသည်။ လုပ်သင့် မလုပ်သင့်၊ ဆောင်သင့် ရှောင်သင့် စသည်တို့ကိုလည်း ခွဲခြားပြဆိုကြပေသည်။ ဤရေးနည်း ဖွဲ့နည်းတို့မှာ ဆုံးမစာများ၏ ရေးနည်းရေးဟန် ယေဘုယျသဘောပင် ဖြစ်ပေသည်။

တစ်ခါတရံတွင် မူရင်းကျမ်းဂန် တစ်ခုတည်းမှ ထုတ်ဆောင်ပြကြသည့်အတွက် တူညီမှုကိုလည်း တွေ့ရပေသည်။ သာဓကအားဖြင့် ငါးပုပ်စသည့်ပုပ်နံသော အရာကို သမန်းမြက်၊ ပေါက်ဖက် စသည်ဖြင့် ထုပ်ပိုးလျှင် ထိုအနံ့ဆိုးသည် ဖက်တွင်ပေါ် စွဲကျန်နေတတ်ပုံ၊ သတ္တိ ကူးစက်တတ်ပုံကို ပမာပြု၍ သူယုတ်မာနှင့် မပေါင်းသင်းကြရန်နှင့် သူတော်ကောင်းနှင့်သာ ပေါင်းဖက်ကြရန် ဆုံးမဆုံး၍...

သားရွှေတောင် ဆုံးမစာက ပိုဒ်ရေ ၄-တွင်—

မစ္ဆာပုပ်ဟောင်၊ ငါးသောကောင်ကို ပဒေါင်ရွက်မှာ၊ ထုပ်ပိုးပါလည်း၊ ငါးသာမပုပ်၊ ညှောင်ရွက်အုပ်မှာ၊ ပုပ်ခလသည်သာ၊

ဟူ၍ လည်းကောင်း၊

ခတ္တောဝါဒါ ဆုံးမစာက ပိုဒ်ရေ ၁၂-တွင်—

ပုံတစ်ခန်းလည်း၊ ပန်းတောင်စလုပ်၊ ငွေပွင့်ချပ်ကို၊ မြကြပ်သေချာ၊ ပေါက်ဖက်မှာ တည့်၊ ထုပ်ကာ မြနှောင်၊ ထားယူ ဆောင်က၊ တောင်စလမ်သာ၊ မဟူပါတည့်၊ ဖက်မှာလည်းကောင်း၊ ရနံ့လှောင်းသို့၊ ကျိုးကြောင်းမြင်သိ၊ ပညာရှိနှင့်၊

ဟူ၍လည်းကောင်း။

ဓမ္မနီတိချိုး ပိုဒ်ရေ ၁၁၉ တွင်—

ငါးဟောင် ဆောင်ယူထုပ်က၊ ပုပ်ရသည့် ပင်သမန်းသို့၊ သွမ်းသော့တတ်ချေ။

ဟူ၍လည်းကောင်း၊

မာတောဝါဒ ဆုံးမစာက အပိုဒ်ရေ ၁၉-တွင်—

ညှီနံ့ ဟောင်းဟောင်း၊ ငါးပုပ်ဟောင်းကို၊ ပျောင်းပျောင်း စိမ်းညက်၊ သမန်းမြက်ဖြင့် ရောယှက် စည်းမြှောင်၊ ထုပ်ရစ် နှောင်သော်၊ စိမ်းရောင် ညွန့်ရှင်၊ ထိုမြက်ပင်လည်း၊ မစင်ပုပ်ငါး၊ ရည်မပြားသို့။ ။

ဟူ၍လည်းကောင်း၊ အနည်းနည်း စပ်ဆိုခဲ့ကြသည်ကို တွေ့ရှိနိုင်ပေသည်။

ထိုနည်းတူစွာပင် မြွေဆိုးကိုက်ခဲရာတွင် သရဏဂုံကို ရွတ်မိရုံမျှဖြင့် အသက် အန္တရာယ် ကင်းကွာရကြောင်း ထုံးပုံသက်သေကိုပင် ဆုံးမစာ အသီးသီးတွင် ဖွဲ့ဆို ကိုးကားရာ၌။

မာတောဝါဒ ဆုံးမစာ ပိုဒ်ရေ ၄ တွင်—

မန္တာန်မြောက်များ၊ မြွေသမားကို၊ နဂါးမျက်အိုက်ပေါက်အုံ့လိုက်သော်၊ ငိုက်စိုက်နောက်ဆုတ်၊ ပြေးအားထုတ်လျက်၊ ခလုတ်ထိမှမ်း၊ ခြေဖည့်ရမ်းနှင့် ဗုဒ္ဓမ်း သရဏာ၊ ဆိုမိကာ ကြောင့်၊ ရှိန်ဝါမျက်ဏင်း၊ နဂါးမင်းလျှင်၊ ချစ်ပြင်းမြတ်လေး၊ ရွှေပန်းပေး၍၊ သက်မွေးရှင်ဝမ်း၊ သာငြိမ်းချမ်းသည်၊ မြွေဖမ်းသမား၊

ဟူ၍လည်းကောင်း၊

သားရွှေတောင် ဆုံးမစာ အပိုဒ် ၈ တွင်—

နဂါးမင်းကို၊ အလျင်းမနေ၊ ဖမ်းရှာချေဟု၊ ပျက်ထွေအမျက်၊
ချောင်းချောင်းထွက်မျှ၊ လိုက်လေကာလျှင်၊ ကြောက်အားကြီးစွာ၊
သေအံ့ငှာဟု၊ မြူးရှာပင်ပန်း၊ အစွမ်းဂုဏ်ကို ကိုယ်ပြန်မယုံ၊
အသည်းတုန်မျှ၊ ထိုရွာကာလျှင်၊ ကြွားရစကား၊ သုံးပါးရတနာ၊
မြတ်ဂါထာကို၊ ပြေးကာယောင်ယမ်း၊ အမှန်းမသိဘဲ ရွတ်မိ
ကာကာ၊ ဂုဏ်တော်တော်ကြောင့်၊ ကြွားကာဝမ်းတွင်း၊ နဂါး
မင်းသည်း၊ ချက်ချင်းပူလေ၊ မယှဉ့်ချေဟု၊ ရှိသေမသတ်၊
အသက်လွှတ်၍၊ ကြည်ညွတ်လှတင့်၊ ပန်းနံ့စုံပွင့်ကို ချီးမြှင့်ပူဇော်၊
မြတ်ဂုဏ်တော်ကြောင့်၊

ဟူ၍လည်းကောင်း ကိုးကား စပ်ဆိုခဲ့ကြပေသည်။

## ဆုံးမစာ အမျိုးမျိုး

ဤသို့လျှင် အနည်းနည်း စပ်ဆိုကြသော ရသဂုဏ်မြောက် လျှမ်းတောက်သော ဆုံးမစာများကို ရှာဖွေ စုစည်းသည့်အခါတွင် ဆုံးမစာအမျိုးအစားအားဖြင့် လေးပိုင်း ပိုင်းခြားနိုင်ကြောင်းတွေ့ရှိရပေသည်။

ယင်းတို့မှာ—

၁။ သာမာန် အဆုံးအမအနေဖြင့် ရေးသားသော ဆုံးမစာများ၊
၂။ သြဝါဒဟူသော စကားလုံးကို အခြေတည်လျက် အမည်အမျိုးမျိုး တပ်၍ ရေးသားသော ဆုံးမစာများ။
၃။ ပုဂ္ဂိုလ်အချင်းချင်း ပေး မေတ္တာစာ၊ ပြည့်ရှင်မင်းသို့ ပို့သွင်းသော မေတ္တာစာများ အနေဖြင့် ရေးသား၍ အဆုံးအမ ပါရှိသော မေတ္တာစာ ဆုံးမစာများ၊
၄။ နီတိကျမ်းထွက်ကို အခြေခံပြုသော နီတိ ဆုံးမစာများ

ဟူ၍ ဖြစ်ပေသည်။ ဤသဘောအတိုင်း ပိုင်းခြားကာ အပိုင်း ၄ ပိုင်း ခွဲခြား၍ အစုပြုကာ စီစဉ်ထားပါသည်။

## ပြည်သူ့အကျိုးပြု ဆိုးမစာ

ဆိုးမစာများသည် လူ့လောက အတွက် မည်မျှ လိုအပ်ကြောင်းကို ဖော်ပြခဲ့ပေပြီ။ ဆိုးမစာများတွင် လောကုတ္တရာရေး သာမက လောကီရေး အဆိုးအမများလည်း ပါရှိပေရာ နေ့စဉ်လူ့ဘဝအတွက် လမ်းညွှန် လမ်းပြများ ဖြစ်ပေသည်။ အကြိမ်ကြိမ် အထပ်ထပ် ဖတ်၍ သတိပြု ဆင်ခြင်စရာ အချက်များလည်း ပါရှိပေသည်။ အမြဲတစေ ခေတ်မီ မှန်ကန်သော အဆိုးအမများလည်း ပါပေသည်။ လူမှုလူရာအတွက် ကျင့်ဆောင်စရာများကို ဖော်ပြရာတွင်လည်း အကွက်စေ့လှပေသည်။ သာဓကအားဖြင့်—

လောကသာရ ဆိုးမစာ အပိုဒ် ၁၂ တွင်—

လယ်လုပ်ကုန်သွယ်၊ ကြွေးဆယ်မြီချ၊ တွက်ဆစိတ်ပြား၊ အပွားအရင်း၊ လတွင်းတက်တိုး၊ ထပ်ပိုးနှစ်လီ၊ ချသည်မပြတ်၊ အိမ်ထောင်ဝတ်ဖြင့်၊ အမှတ်မြဲမြံ၊ လုပ်ကြံကြိုးစား၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဝမ်း၊ ဘဲ၊ ငှက်နှင့်၊ ကြက်ကမကြွင်း၊ သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ၊ ဖန်တီဝယ်ရောင်း၊ ထပ်ကာလောင်း၍၊ ပဲ၊ ပြောင်း၊ စပါး၊ ကျီပြည့်ထားလျက်၊ ခွက်ပြားရွှေ၊ ငွေ၊ ဆည်းပူးထွေဖြင့်၊ မျိုးဆွေမှီဘင်း ကြွယ်ပေမင်း။

စသည်ဖြင့်လူမှုလောကပျိုးထောင်ရန်နည်းပြတိုက်တွန်းထားသကဲ့သို့၊

သုတမဥ္ဇူ ဆိုးမစာ အပိုဒ် ၁၅တွင်....

ကျွဲနွား ထွန်ပုဒ်၊ လယ်လုပ်ကုန်သွယ်၊ ကြွေးဆယ်မြီချ၊ တွက်ဆစိတ်ပြား၊ အပွားအရင်း၊ လတွင်းတက်တိုး၊ ထပ်ပိုးနှစ်လီ၊ ချသည်မလပ်၊ ထပ်ကာဝယ်ရောင်း၊ ပဲပြောင်းစပါး၊ ကျီပြည့်ထားလျက်၊ မြောက်မြားလှစွာ၊ ဆည်းပူးပါရှင့်။

စသည်ဖြင့် အလားတူ တိုက်တွန်းထားပေသည်။

ဤကဲ့သို့ ခေတ်မီ အဖိုးတန်သော အဆိုးအမများကိုတစ်ပေါင်းတစ်စုတည်း စုဆောင်း၍ အများပြည်သူတို့ ခူးယူ စားသုံးကြရအောင် ဆောင်ရွက်ရပါမူ လွန်စွာ မွန်မြတ်လေအံ့ဟု သဘောထား မိသည့်အတိုင်း.....

၁။ လူ့လောကတွင် ယဉ်ကျေးသိမ်မွေ့မှုများ စိုးမိုးစေရန်၊

၂။ လူကောင်း လူတော် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းစေရန်၊

၃။ ရှေးဟောင်းစာပေ စာကောင်းများကို မပျောက်မပျက် ထိန်းသိမ်းထားနိုင်ရန်။

ဟူသော ရည်ရွယ်ချက်ကောင်းများကို ပန်ဆင်လျက် စုဆောင်းမိသမျှသော ဆုံးမစာများကို ဘာင့်ရာပိုင်းစုလျက်၊ ရေးထုံးသတ်ပုံ၊ ဂုဏ်ရသ၊ ကျနပီပြင်အောင် ညှိနှိုင်းစိစစ် သုတ်သင်တည်းဖြတ်လျက် ဘစ်စု တဉ်ပေါင်းတည်း ရိုက်နှိပ်ထုတ်ဝေလိုက်ရပေသည်။

ဤဆုံးမစာများပါ နည်းနာဥပဒေ၊ အထွေထွေသော အဆုံးအမများကို ဖတ်ကြားမှတ်သားရှုလိုက်နာကျင့်ဆောင်ပါမူကား လူတစ်လုံးပုံနှုန်းစံပြ ထူးချွန်အောင်မြင်ကြမည်ဟု မုချယုံစား အားထားစွဲမှတ်လျက် ရှိပေသည်။

နှလုံးလှ စာတည်းအဖွဲ့။



# အပိုင်း ၁

## ဆုံးမစာများ

၁။ စာသင်သား ဆုံးမစာ…ရှင်မဟာရဋ္ဌသာရ

၂။ လူမှုကျင့်ဝတ် ဆုံးမစာ…ရှင်မဟာရဋ္ဌသာရ

၃။ ဂမ္ဘီသာရ ဆုံးမစာ…ရှင်မဟာရဋ္ဌသာရ

၄။ တပည့် ဆုံးမစာ…ရှင်မဟာသီလဝံသ

၅။ လောကသာရ ဆုံးမစာ…ကန်တော်မင်းကျောင်းဆရာတော်

၆။ လောကသဘာဝ ဆုံးမစာ…တောင်ဖီလာဆရာတော်

၇။ လောကဟိတ ဆုံးမစာ…တောင်ဖီလာဆရာတော်

၈။ နဂရတ်ကိုးသွယ် ဆုံးမစာ စိန္တကျော်သူဦးဩ

၉။ ကျောက်ကြီးကိုးလုံး ဆုံးမစာ….တွင်းသင်းမင်းကြီး

၁၀။ စကားပုံဆုံးမစာ ၁ …သူတော်ဦးနု

၁၁။ စကားပုံ ဆုံးမစာ ၂ ... ပေါက္ကံမောင်ချို

၁၂။ စကားပုံ ဆုံးမစာ ၃ ... ညောင်ပင်သာဦးပုည

၁၃။ သုတရတနာ ဆုံးမစာ... ထွန်ခေါင်ဆရာတော်

၁၄။ သံဝေဂ ဆုံးမစာ... ထွန်ခေါင်ဆရာတော်

၁၅။ ပုရာဏ်ဇမ္ဗူဂန် ဆုံးမစာ... ကျီးသဲဆရာတော်

၁၆။ သားရွှေဥ ဆုံးမစာ... ဦးပုညာ

၁၇။ သားရွှေခဲ ဆုံးမစာ... နဂါးရုံကျောင်းကိုရင်ကြီး

၁၈။ သားရွှေတောင် ဆုံးမစာ... ရတနာဘုံစံကျောင်းကိုရင်ကြီး

၁၉။ သားရွှေကြိုး ဆုံးမစာ... မောင်စံထိန်

၂၀။ သုတမဥ္ဇူ ဆုံးမစာ... ဦးရှင်ကလေး

၂၁။ မင်္ဂလသုတ် ဆုံးမစာ... အမည်မသိစာဆို



## စာသင်သား ဆုံးမစာ

# သိမှတ်ဖွယ်ရာ

ဤဆုံးမစာကို အစချီစာပိုဒ်ကိုအစွဲပြု၍ "သုစိပုဘာ" ဆုံးမစာဟူ၍လည်း ခေါ်ဆိုကြပေသည်။ စာသင်သားတို့သတိထားကျင့်ဆောင်ဖွယ်ရာများကို ပေါင်းခြုံ၍ ကေပိုဒ်ရတု တပိုဒ်ချင်းဖြင့် ဖွဲ့ဆိုထားသော ရတု ဆုံးမစာပင် ဖြစ်သည်။

သုစိပုဘာ၊ ဝိလိသိဓာဟူသော အတိုမှတ် ဝေါဟာရရှစ်လုံးဖြင့် ခြုံ၍ ပြဆိုထားရာ ဤလမ်းညွှန်သည် ကမချမှ ပိဋကတ် ပရိယတ်စာပေအထိ လေ့လာသင်ကြားရာတွင် လိုက်နာရမည့် အခြေခံနည်းပင် ဖြစ်ပေသည်။

သုဏေယျ – နာကြားရာ၏။
စိန္တေယျ = ကြံစည်ရာ၏။
ပုစ္ဆေယျ = မေးမြန်းရာ၏။
ဘာသေယျ = ပြောဆိုရာ၏။
ဝိစာရေယျ = စူးစမ်းဆင်ခြင်ရာ၏။
လိခေယျ = ရေးသားရာ၏။
သိက္ခေယျ = လေ့ကျင့်ရာ၏။
ဓာရေယျ = နှုတ်တက်ဆောင်ရာ၏။

ဤလမ်းညွှန်ကိုအခြေပြု၍ လေ့လာသင်ကြားခြင်းဖြင့် အတတ်ပညာ လွယ်ကူစွာရရှိပြီး တရားဒေသနာတော်ကို ပိုင်ပိုင် သိမြင် ကျင့်ဆောင်နိုင်သဖြင့် နောက်ဆုံး ဘဝသံသရာမှ ကျွတ်လွတ်ခွင့် ရနိုင်တော့မည် မဟုတ်ကြောင်းကို လမ်းညွှန်ထားပေသည်။ စာပေသင်ကြားရခြင်း၏ ကျေးဇူးကို လောကီချမ်းသာအပြင် လောကုတ္တရာ ချမ်းသာအထိ လမ်းပွင့်နိုင်ကြောင်းကို ဆရာတော်က ထောက်ပြထားတော်မူလေသည်။



# ၁။ စာသင်သား ဆုံးမစာ

ရှင်မဟာရဋ္ဌသာရ

(၁) သုမိပုတ္တာ၊ (၂) ဝိလိသိဓာ၊ အက္ခရာစုံသုံး ဉာဏ်ရှစ်
လုံးကို သိကုံးပန်းသွင်၊ နေ့တိုင်းဆင်လေ့၊ စာသင်ပျိုနု၊ အခြေပြုတို့၊
ဥဇုဘူတ လုံ့လပြင်းစွာ၊ သွေ့ထက်ငါဟု၊ နှုတ်မှုရွှရွ ကြိုးပမ်းကလျှင်၊
သိပ္ပကျေးဇူး၊ အထူးသိမြင်ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်စောပဲ၊
တိမ္မာလွဲအံ့၊ အရဲကြိုးကုပ်၊ ကြွက်ရဲစုတ်သို့ အားထုတ်ခုံမင်းမသင်မအံ၊
မကြံမမေး၊ ဆွေးနွေးရောနှော ပြောဟောမှုထွေ၊ ပေါ့ချပ်နေရဖြင့် ကုန်စေ
ဆန်းသာ၊ သင်ချေပါလည်း၊ ဘယ်မှာဂုဏ်ရှင်၊ ကျော်စောထင်ချိမ့်၊
စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား ကျွတ်ကျွတ်
ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာသို့၊ လိုရာရအောင်၊ ကြံဆောင်
လေ့ကျက်၊ အနက်ဓိပ္ပာယ်၊ နှုတ်ဝယ်ရွှရွ၊ ထားချေမှတည့်၊ တစေပေါ်လျှင်၊
ချည်စင်သို့၊ သာဘင်ပွဲမှာကဲ၊ ဆိုရေးရောက်အားလံုကြောက်မရှိ၊ သတိ
မြဲခိုင်၊ ကျောက်တိုင်ပမာ၊ ကေသရာသို့၊ ရွှရွှာမွေ့လျှင်း၊ ဆိုခင်းနည်းနာ၊
အဖြာဖြာကို၊ မကြာနှုတ်လျှောက်၊ ခန့်ချင့်ထောက်လေ့၊ အံ့လောက်
ဖွယ်သာ၊ ဂါထာပါဠိများ၊ စကားဝိုက်လည်း၊ စည်ရှည်ရှေးတီး၊ စကား
ကြီးက၊ ဖသည်ထိုထို၊ ဝိဂြိုဟ်ဝိနှုတ်၊ ခေတ်ရပစ္စည်း၊ ထုံးနည်းပမာ၊
ဂါထာဆန်းဂိုဏ်း၊ ကာရိုက်ဒွန်စပ်၊ ဖွင့်ယှစ်ဋီကာ၊ အဋ္ဌကထာပါဠိ၊
အောက်ထက်ညှိ၍၊ ဇာဝိလက္ခဏာ၊ အဖြာဖြာကို၊ သချာဆည်းဆာ၊
ဆိုစံ့ကလျှင်၊ ဘာဝဉ်တွင်၊ ခုမျက်မြင်လည်း၊ မထင်ဘယ်မှာ၊ ရှိဘိရာအံ့၊
သံသရာလည်း၊ ပမာကဲလွန်၊ အဆုံးစွန်မူ၊ ညီမွန်တုလွတ်၊ သုံးလူ့
နတ်ဝယ်။ ။အကျွတ်ဘယ်မှာ ဝေးတော့မည်။



## လူမှုကျင့်ဝတ် ဆုံးမစာ

## သိမှတ်ဖွယ်ရာ

ဤ ဆုံးမစာကိုလည်း အစချီ စာပိုဒ်ကို အစွဲပြု၍ "လက်သစ်တောင်တာ" ဆုံးမစာ ဟူ၍ အလွယ် ခေါ်မှတ်လေ့ ရှိကြပေသည်။ သို့ရာတွင် လက်သစ်၊ တောင်တာ စသော သချာ နိယာမ များကို ဖော်ပြသယောင် ထင်မှားစရာ ရှိပေသည်။ ထိုစကားမှာလက်သစ်တောင်တာ၊ ယူဇနာအားဖြင့် ရှစ်သောင်း လေးထောင် မြင့်သောမြင်းမိုရ်တောင်ထက် ကြီးမားသော မိဘ ကျေးဇူးကို စတင် ဖွဲ့ချီထားခြင်းသာ ဖြစ်ပေသည်။

ရှင်မဟာ ရဋ္ဌသာရသည်ရတနာပူရအင်းဝမြို့ဇာတိဖြစ်၍ ရှင်စောပု၏ မြစ်၊ ပုသိမ်မြို့စား၏မြေး၊ ဓမ္မပါလ၏အမတ်သားတော်ဖြစ်၍ နေပြည်တော်တွင် ကြီးပြင်းရသူ ဖြစ်သည်။ ရှင်မဟာသီလဝံသကဲ့သို့ပင်အင်းဝမင်းခေါင်၏ ကိုးကွယ်ခြင်းကို ခံရသည်။

ဆရာတော်သည်လည်း ဘုန်းဒတ်လက်ာကြီး၊ စတုဓမ္မသာရပျို့၊ သံဝရပျို့စသော ဓမ္မကြောင်းဆိုင်ရာ ပျို့လင်္ကာကြီးများကို စပ်ဆိုတော်မူခဲ့ပြီး စာသင်ပျိုနုတို့အား သွန်သင်ဆုံးမရန်အတွက် ဆုံးမစာ သုံးစောင်ကို ဖွဲ့ဆိုတော်မူခဲ့ပေသည်။ ယင်းတို့မှာ -

| | |
|---|---|
| စာသင်သားဆုံးမစာ | (သုစိပုဘာ ချီ ကေပိုဒ်ရတု) |
| လူမှုကျင့်ဝတ်ဆုံးမစာ | (လက်သစ် တောင်တာချီ ) |
| ဂမ္ဘီသာရ ဆုံးမစာ | (အနုသာသနချီ) ဟူ၍ ဖြစ်ပါသည်။ |

လူမှုကျင့်ဝတ် ဆုံးမစာတွင်လည်း လူမှုကိစ္စဟူသမျှ၌ လိုက်နာကျင့်ဆောင်ဖွယ် နည်းလမ်းကောင်းများကို ညွှန်ပြထားပေသည်။ တရားဓမ္မနှင့် ယှဉ်၍ လည်းကောင်း၊ လူမှုကျင့်ဝတ်နှင့် ယှဉ်၍ လည်းကောင်း ဆုံးမသွန်သင်ထားပေသည်။ တိုတိုနှင့်ထိရောက်သော အဆုံးအမများ ပါရှိရပေသည်။ ဆုံးမစာ လင်္ကာတို များတွင် ဥာဏ်ထောက်ကာရန် နည်းကိုလည်း ရောယှက်ရေးဖွဲ့ထားပေသည်။ အချုပ်အားဖြင့် "စေ" နှင့် "မ-စေနှင့်" ဟူသော တိုက်တွန်းချက်များဖြင့် အဆုံးသတ်ကာ လုပ်သင့်ရာ၊ မလုပ်သင့်ရာများကို ခွဲခြား သွန်သင်ဆုံးမချက်များကို တွေ့ရှိရပေသည်။

၂၇၁၀၇



# ၂။ လူမှုကျင့်ဝတ် ဆုံးမစာ

ရှင်မဟာရဋ္ဌသာရ

၁။ [၁]လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ၎င်းဂုဏ်ကြီးဘိသည်၊ မွေးမိဖခင်၊ ကျေးဇူးရှင်နှင့်၊ ထို့ပြင်တစ်ခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားတစ်ဆူ၊ ဂုတစ်လုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင်လက်ထား၊ အစားအဝတ်၊ မလွှတ်ရစေ၊ ရေပူရေအေး၊ လိုရာပေး၍၊ မွေးကျေးကြပေ၊ တစ်ထွေမှတ်သား၊ အခါးအချို၊ သူတို့ဆိုငြား၊ ဘိုးဘွားမိဘ၊ ဆရာစသည်၊ ပြသဆိုထွေ၊ မျိုတတ်စေ။

၂။ အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနှုတ်ဆက်၊ဖက်၍မဆို၊ ရိုသေလှစေ၊ ကိုကြီးအစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့မှတ်ပါလေ။

၃။ ဆွေကြီးမျိုးကြီး၊ အဘကြီးနှင့်၊ ဦးရီးသားချင်း၊ ဘထွေးရင်းက၊ ဟူသမျှကို၊ ဂုဏဝုဓ္မ၊ ပစာယနှ၊ စိတ်ကသိစေ၊ ပြစ်မှားမိက မသင့်ချေ။

၄။ ပေါက်ဖော်သားချင်း၊တစ်ဝမ်းတွင်းမှ၊ အရင်းအနှစ်၊ဖွေစိစစ်၍၊ အပြစ်စုပုံ၊ မခြားထုံသည်၊ အူတုံဖြစ်က ချစ်ကြလေ။

၅။ သေတူရှင်ဖက်၊ ဆောင်ရွက်ကောင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရုန်းကြလေ။

၆။ ရှေးကစွန့်ကြဲ၊ကံရင်းနည်း၍၊ဆင်းရဲခဲ့တုံ၊ကိုယ်မလုံ၍၊သူ့ဂုဏ်ပိုင်ပိုင်၊မဆပ်နိုင်သော်၊ကိုယ်တိုင်သူ့အိမ်၊ ရောက်ခိုက်ကြိမ်က၊ မထိမ်မမြူး၊ ဘ - ရာပွဲသို့၊ ကျေးဇူးရှိထွေ သိတတ်စေ။

---

၁။ တစ်တောင် တစ်ထွာ၊ ပြန်အတာဖြင့်–ဟုလည်း မူကွဲရှိသည်။

၇။ တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ။

၈။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို ချုပ်ကြလေ။

၉။ သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ။

၁၀။ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ။

၁၁။ သူ၏ဥစ္စာ၊ သူ့ဘဏ္ဍာကို၊ မေတ္တာမရှေး၊ သူ မပေးက၊ ဆေးတစ်အိုးမျှ၊ မယူကြနှင့်၊ ရှောင်ကြပါလေ၊ ကာမမိစ္ဆာ၊ သူ့အိမ်ရာကို၊ မြင်ကာ ခဏ၊ သူသတ်ကြူးသည့်၊ ဘီလူးမသို့၊ စိတ်ကမသွေ့ ထင်မိစေ။

၁၂။ သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားစမြည်၊ မြွက်သည်စစ၊ ပြောသမျှကို မှန်လှစေ။

၁၃။ အပါယ်လေးပါး၊ လားမည့် အကြောင်း၊ မကောင်းမှုမှု၊ စပ်သမျှကို၊ ရှောင်ကြပါလေ၊ သေခါ ထုတ်ချောက်၊ ငရဲရောက်မည် ရှုံကြောက်စေ။

၁၄။ ဘုရား တရား၊ မြတ်ဖျား သံဃာ၊ အရိယာကို၊ မကွာ နေ့ည၊ ဟတ္ထ အဉ္ဇလီ၊ မြှောက်ပင့်ချီသည်၊ ကိုယ်စီနေ့ည ကိုးကွယ်ကြ။

၁၅။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ လက္ခဏာ သုံးပါး၊ ဤတရားကို၊ ဖွားဖွားနှုတ်ဝယ်၊ သရဇ္ဈာယ်၍၊ ကိုးကွယ် စောင့်ရှောက်၊ ဆောက်တည်ကြလေ၊ လည်တွင်ဆွဲသည့်၊ ပုလဲကဲ့သို့ မြဲလှစေ။

၁၆။ စာတက် စာသင်၊ ရှင်သာမဏေ၊ ထွေထွေကောင်းမှု၊ စုံတစ်ခုကို၊ ပြုစုကြပေ၊ မသွေ မဖောက်၊ ကြီးရာရောက်သော်၊ လျောက်လျောက် ပတ်ပတ်၊ သူတော်မြတ်၏၊ ကျင့်ဝတ် ပီထွေ၊ ကိုယ်ကိုထိန်း၍ သိမ်းဆည်းလေ။

၁၇။ ဖုန်းတောင်းယာစကာ၊ ခံရောက်လာသော်၊ သဒ္ဓါ သုံးဝ၊ ထက်လှစေ၊ ပေးစွန့်ကြသည် လှူရဲစေ။

၁၈။ နောင်သံသရာ၊ ရိက္ခာအတူ၊ ကံကျွေး ဟူသည်၊ အလှူဆိုက၊ မဆုတ်ကြနှင့်၊ ရဲလှပါစေ၊ တံစက်အောက်တွင်၊ ခံသောက်အိုးတန်၊ ကျဖန်များက၊ ပြည့်ငြားသည်သာ၊ ထုံးဟောင်းစာကို ထောက်ပါလေ။

၁၉။ သူတော်ကောင်း နှင့်၊ ပေါင်းဖော် ယှဉ်တွဲ၊ လူမိုက်မဲကို၊ ရှောင်လွှဲပါလေ၊ ဤ သူအမြတ်၊ ဤ သူလတ်က၊ ညစ်ထပ်ကြမ်းကြုတ်၊ ဤ သူယုတ်ဟု၊ အဟုတ်အမှန်၊ မသွေလှန်သည်၊ ကေန်ဆတ်ဆတ်၊ လူသုံးရပ်ကို သိတတ်စေ။

၂၀။ ကဲ့ရဲ့သဂြိုဟ်၊ ဆိုလည်းမထိ၊ မသတိအောင်၊ ဟာရိသြတ္တပ်၊ စောင့်ကြပ်မဆို၊ မိမိကိုယ်ကို၊ ပစ္စုဒ္ဒိုရှိသျှင်၊ ဖြစ်လိုဖြစ်စေ၊ ငါမထေရ်ဟု၊ သရေမဆောင်၊ လူမုန်းအောင်လျှင်၊ မောင်တို့မကျင့်ကြလေနှင့်။

၂၁။ ငြိမ်သက်ဣန္ဒြေ၊ တည်ကြည် ထွေဖြင့်၊ သန္တေ ကောင်းမွန်၊ လွန်တော်မှန်လျက်၊ စိတ်မာန်မနှောင့်၊ နှုတ်လက်စောင့်သည်၊ သူကောင်းသွေးရည် ပီလှစေ။

၂၂။ ရပ်သူရွာသား၊ သူတောင်းများ၏၊ နားမှာမဆံ့၊ မခန့်မလေး၊ သူမုန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်လက်နွမ်းအောင်၊ အသွမ်းမကျင့် ကြလေနှင့်။

၂၃။ မုန်းဖွယ်လည်းတတ်၊ မျောက်မျက်စိကို၊ မျက်စဉ်းခတ်သို့၊ လျှပ်လျှပ် ပေါပေါ၊ လော်လော် လည်လည်၊ မတည်မျောက်နွယ်၊ စက်ဆုပ်ဖွယ်ဟု၊ သစ္စာနွယ် မဆိုရစေနှင့်။

၂၄။ ကွယ်ရာမရှေး၊ မျက်နှာစေးက၊ တွေးလေကြံတိ၊ မိမိသဘော၊ သို့ကျင့်သောဟု၊ ပြောရလူချင်း၊ မေတ္တာကင်းအောင်၊ သတင်းမပုပ်ပါစေနှင့်။

၂၅။ အရောင်းအဝယ်၊ အသွယ်သွယ်တွင်၊ လိုဖွယ်ရရန်၊ ဖိုးထိုက်တန်လျှင်၊ မှန်သည်ကိုလိုက်၊ လောဘတိုက်၍၊ လူမိုက် မဆိုရစေနှင့်။

၂၆။ နှလုံးသည်းခြေ၊ သန္တေလည်းတန်၊ မမှန်စကား၊ လူဖြစ်မှားဟု၊ အများမဆိုရစေနှင့်။

၂၇။ မဖြောင့်မသား၊ မတရားကို၊ လားလားဤသူ၊ မပြုဟူ၍၊ မိုလ်လူခပ်သိမ်း၊ မေတ္တာလိမ်းသည်၊ [၁] ချိမ်းမွမ်းဆိုထွေရတတ်စေ။

၂၈။ အတည်အကျွေး၊ အပေးအကမ်း၊ သေခန်းရှင်ခန်း၊ လူတို့တမ်းကို၊ အော်အမ်းနိုင်ထွေ၊ လောကဝတ်ကိုလည်း သိတတ်စေ။

၂၉။ ရဟန်း သံဃာ၊ အရိယာပေါင်း၊ သူတော်ကောင်းတို့၊ အပေါင်းစည်းဝေး၊ ပြောရေးဆိုတမ်း၊ ပွဲလမ်းကြုံကြား၊ အသွားအလာ၊ လူဒါန်းခါလည်း၊ လက်ယာဘက်က၊ အကျီလက်ကို၊ တစ်တက်ချ

---

၁။ ချီးမွမ်းကိုပင် အသံထွက်ကိုလိုက်၍ ဆိုခြင်းဖြစ်သည်။

လျက်၊ ကပ်ထအပေါ်၊ ဝပ်လျှိုးသွား၍၊ ကျောင်းသားတို့တွေ့ ယဉ်ကျေးစေ၊

၃၀။ ကြီးသူဘစ်ဖြာ၊ ပညာရှိအား၊ သူကောင်းများနှင့်၊ စကားတွေ့လာ၊ ပြောသောခါလည်း၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်လူ့ပေ ဆိုရစေ။

၃ ။ အဇ္ဈာရသ၊ သိပ္ပမကြွင်း၊ နှလုံးသွင်း၍၊ အခင်းအရာ၊ ရှိသောခါလည်း၊ နှုတ်ပါလက်ရေး၊ ဇယ်ထောင်သောင်းကို၊ ဒိုးကောင်းပြေးသို့၊ လူရေးလူရာ ပီလှစေ။

၃၂။ အပေါ်အလွှင်၊ပျော်ရွှင်မပါး၊လောင်းစားကြက်ငှက်၊မဒလ ကျက်နှင့်၊အသက်မွေးမှု၊ တစ်ခုခုကို၊ လုပ်မှုဆောင်ခင်း၊မပျင်း မရို၊ မိမိတို့တွင်၊ အကြင်လက္ခဏာ၊ လူ့ဘာသာလျှင်၊ ဥစ္စာရ ကြောင်း၊ အရောင်းအဝယ်၊ ကုန်စလယ်သွား၊ မနေနားဘဲ၊ ပျားပိတုန်းတူ၊ ဝတ်ရည်ယူသို့၊ လူစင်မီအောင် ကြိုးစားလေ။

၃၃။ အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ အပါးပါးကို၊ မြန်ပွား လေအောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ ယောကျ်ား ပီထွေ၊ ဝီရိယနှင့်၊ လုံ့လကိုလည်း ရှိလှစေ။

၃၄။ သူ၏စီးပွား၊ ငါ့စီးပွားကို၊ထောက်ထားမိစေ၊ ကြီးလောဘကို မျှတစေ။

၃၅။ မမွမနှောက်၊ မကောက်မကျစ်၊ မလီမ်လစ်ဘဲ၊ မစဉ်းလဲနှင့်၊ စိတ်ထဲဖြောင့်စေ၊ သူ့အကျင့်ကိုလည်း သိတတ်စေ။

၃၆။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသော နှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောတွေ့ မှန်လှစေ။

၃၇။ ကျိုးကြောင်းစကား၊ ပြောဆိုငြားသော်၊ လျင်လျားဆွေးနွေး၊ ဆိုရေးလိမ္မာ၊ ပညာရှိအား၊ ကိုယ်တိုင်သွား၍၊ စကားလိုက် လျော၊ စစပြော၍ နှီးနှောလေ။

၃၈။ ငါ၏စိတ်တွင်၊ ထင်မှားလွဲ၊ လိမ်ခဲတည်းလည်း၊ ဟုတ်တည်း ကေန်၊ အာမသန်နှင့်၊ မှန်သည်တစေ မရှိချေ။

၃၉။ မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ် အိမ်တွင်ဖတ်။

၄၀။ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင် ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြား က၊ ထူးခြားလိမ္မာ ရှိသည်သာတည်း။

၄၁။ နားမှာမဝင်၊ မသိမြင်က၊ သမင်ကျွဲနွား၊ တောင်သူလားသို့၊ မပွားပညာ၊ မလိမ္မာဘဲ၊ မိစ္ဆာစိတ်ခိုင်း၊ ထူထိုင်းမှိုင်းသည်၊ ရိုင်းစိုင်းတောင်သူ၊ မိလက္ခူနှင့် တူလိမ့်မည်။

၄၂။ ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားကို၊ မယ်ဘွားမိခင်၊ ဆုံးမသင်သို့၊ အကြင်ဆရာ၊ တို့သူငါကို၊ လိမ္မာစေကြောင်း၊ ကောင်းပါစေလို၊ ဆိုပါသမျှ၊ ဩဝါဒကို၊ နားမျှမထောင်၊ မကြားယောင်သို့၊မောင်တို့ပြုက၊ယခုပစ္စုပ္ပန်၊နောင်သံသရာ၊ဆက်များစွာ၌၊ ချမ်းသာမည်ရေး၊ အလွန်ဝေးသည်၊ သေဘေးမလွဲ၊ ဝဋ်ဆင်းရဲမှ၊ ခွေခဲဘယ့်နှယ်၊ အသွယ်သွယ်ကို၊ လွဲဖယ်ကြံစည် လွတ်ပါမည်။

၄၃။ နားလည်စေကြောင်း၊ သို့ကျင့်ကောင်းစွ၊ သောင်းပြောင်းနှံ့စပ်၊သည့်တိုင်းမှတ်ဟု၊ ထေရ်မြတ်ဆရာ၊ ရဋ္ဌသာလျှင်၊ ပညာရကြောင်း၊ ဉာဏ်နှင့်လောင်း၍၊ ရှံးပေါင်းဆင်ခြင်၊ ဆုံးမသင်သည်၊ ဤတွင်တစ်ခန်း ပြီး၏သော်။





## ဂမ္ဘီသာရ ဆုံးမစာ

# သိမှတ်ဖွယ်ရာ

ဤဆုံးမစာကို အစချီတစ်ပိုဒ်ကို အစွဲပြု၍ ''အနုသာသန'' ဆုံးမစာဟူ၍လည်း ခေါ်တွင်တတ်ကြပေသည်။ ဤဆုံးမစာမှာ ပျို့လင်္ကာအသွားဖြင့် ရေးဖွဲ့ထားသော ဆုံးမစာဖြစ်၍၊ ဂမ္ဘီသာရ ပျို့ဟူ၍လည်း ထင်ရှားပေသည်။

ရှင်မဟာရဋ္ဌသာရ ကိုယ်တော်တိုင်ရေး နိဂုံးပိုဒ်၏အလိုအရ–

''လေးဘောင်ထင်ရှား၊ အမျိုးသားအား၊ သနားမေတ္တာ၊ ကရုဏာတိုက်တွန်း၊ ချီးပင့်ညွန်း၍၊ ထူးဆန်းမြားမြောင်၊ ကျမ်းကုန်အောင်မှ၊ ယူဆောင်ဇ်ပွာယ်၊ ပြုကျင့်ဖွယ်ကို၊ ရွေးချယ်သီချုံး၊ပန်းနှယ်ကုံး၍၊ နှလုံးတန်ဆာ၊ လင်္ကာချီမွမ်း၊ မိန့်ခဲ့ဟဲသား၊ ခေါ်ထတွင်မှု၊ အနုသာသန၊ ပိုးစချီဦး၊ မည်ထူးသညီ၊ ဂမ္ဘီသာရ၊နာမ ကြိုင်ရွှမ်း၊ ဆုံးမကျမ်း၌'' ရေးဖွဲ့ခဲ့သည်ကိုထောက်ရှု၍ ''ဂမ္ဘီသာရ ဆုံးမစာ'' ဟူ၍ ပင်ခေါ်သင့်ပေသည်။ ဆရာတော်သည် ဆုံးမလိုရင်းဖြင့် ဤလင်္ကာကို ရေးတော်မူခဲ့ပေသည်။ နိဂုံးတွင် ပြည့်ညွှန်းသကဲ့သို့ ဆုံးမသည့် အချက်အလက်များမှာ ဘဝတာအတွက် ဖူလုံ၊ စုံလင်လှပေသည်။ လူ့လောကတွင် မင်းပါးစိုးခွင်၊ ထွက်ဝင်ခစားသူများ သိအပ်ဖွယ်ရာပါမကျန် စေ့စုံလှပေသည်။

ဂမ္ဘီသာရဆုံးမစာလာ–

ရန်သူငြိုးဘက်၊ နှောင့်ယှက်ငြိုတွယ်၊ အန္တရာယ်တည့်၊ တဂယ်မျက်မြင်၊ စိုးစဉ်းထင်မူ၊ သေရှင်အရေး နှင်းတွေးမရည်၊ စွန့်အံ့သည်ဟု၊ ဆောက်တည်သောလျောက်၊ စွန့်ခွင့်ရောက်မူ၊ ရှုံကြောက်မဲ့ထွန်း၊ အရှင့်ဝန်၌၊ ကုန္တက်ယက္ခ၊ နာဂခြံသေ့၊ ရင်ဆိုင်တွေ့လည်း၊ ခွာ၍မတွန့်၊ အသက်စွန့်လော့၊ အဖွန့်နောင်လာ၊ သုတကာကို၊ပြောရာဥဒါန်း၊ ကမ္ဘာထွန်းလည်း၊ မော်ကွန်းဖြစ်လျှင်း လေစေမင်း။''

ဟူသောဆုံးမစာမှာ ယနေ့နိုင်ငံ့သားကောင်းများအတွက် ထိရောက်လှသော ခေတ်မီဆုံးမစကားပင်ဖြစ်ကြောင်း တွေ့ရှိရပေမည်။



# ၃။ ဂမ္ဘီသာရ ဆုံးမစာ

### ရှင်မဟာရဋ္ဌသာရ

၁။ အနုသာသန၊ ကျိုးကြောင်းပြပိမ့်၊ မိဘဆွေ့ညွန့်၊ ဆရာမွန်တို့၊ ဝေဖန်ပဲ့ပြင်၊ကြားသင်သမျှ၊ ဩဝါဒကို၊ နားဝဖန်လဲ၊ နာမရဲလျှင်၊ လွန်ကဲရိညွှတ်၊ ဆည်းပူးကတ်သည်၊ ကောင်းမြတ်ဇာတာ၊ သားဒမ္ဘာ။ ။ဆုံးမစကား၊ ညှိကြောင်းလျှားကို၊ မှတ်သားစိုက်စိုက်၊ ဝမ်းထဲပိုက်လော့၊ စရိုက်သုံးလာတ်၊ ကျင့်ဝတ်ထူးခြား၊ လူ့သုံးပါးနှင့်၊ မပြားရောပြွမ်း၊ ပေါင်းဖက်ကျွမ်းလည်း၊ မဝှမ်းမကော၊ သူ့သဘောကို။ ။လိုက်လျောညီထွေ ကျင့်တတ်စေ။

၂။ မြွက်ဆိုမှုသား၊ နှုတ်သံပျားသို့၊ စီးပွားလိုယောင်၊ ရှုပဆောင်လျက်၊မှားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား၊ မေတ္တာချည်းနှီး၊ လူခွေးမြီးနှင့်၊ တစ်သီးတင်ခြား၊ တစ်ပါးပြည်ရွှာ၊ မရှောင်သာ၍၊ မကွာပေါင်းဖော်၊ ပို့ငြားသော်လည်း၊ အပေါ်ကားယှဉ်၊ အတဲကြည့်၍၊ စိတ်ယှဉ်နှိမ့်ချ၊ အာစာရဖြင့်၊ ကာလအလိုက်၊ သူ့အကြိုက်ကို။ ။စရိုက်ညီတွေ့ ကျင့်တတ်စေ။

၃။ မျက်မြင်လောက၊ နှောင်ကာလဟု၊ ဘဝနှစ်ပါး၊ ကြံထောက်ထား၍၊ စီးပွားမဟုတ်၊ ခင်ပွန်းယုတ်ကို၊ ခွာဆုတ်ပေါင်းဖော်၊ ရှဲလိုသော်လည်း၊ ရှုမြော်တိုင်းတွဲ့၊ ရှေ့နောက်ငဲ့၍၊ ပြစ်မဲ့ကြည့်ရှောင်၊စွန့်ရအောင်လျှင်၊တတ်ခေါင်ကြံစည်၊ပညာ၊ ဆည်၍။ ။အရှည်ငံ့ထွေ လင့်တတ်စေ။

၄။ အရှည်လင့်လင့်၊အသင့်မျှော်လျက်၊ကြံခေါက်ရက်တည်၊နှောင့်ရှက်သောဖြစ်၊ဆံတစ်ရစ်မျှ၊အပြစ်မဲ့စွာ၊လွတ်ခွင်သာမှု၊ကန္တာတောထဲ၊ ခရီးခဲဝယ်၊ ကျားရဲသစ်ရှူး၊တိလူးသဘက်၊ ဘေးသူ

ဖျက်အား၊ ရက်ရက်ဆေတာ၊ စွန့်လိုက်ခွာသို့၊ မိစ္ဆာဖော် ပေါင်း၊ သူမကောင်းကို။ စဉ်ကြောင်းဝေးမြေ လွှင့်တတ်စေ။

၅။ သူကြီးသခင်၊ အရှင်တို့ဝယ်၊ ခိုင်းပယ်သမျှ၊ အားပြုရှု၍၊ ကြည့်ရှု ဖန်ဆင်း၊ လုပ်ငန်းအား၊ ပြည့်တင်း သိမ်းမွေး၊ စားသောက် လယ်ယာ၊ ခန့်သောခါမှ၊ ပညာဖြောက်ထား၊ ရည်သွား ကြောင်းလမ်း၊ မေးစူးစမ်း၍၊ ပေးကမ်း ဝေဖန်၊ မစဟန် လည်း။ ။ယုတ်လွန်သိထွေ ချင့်တတ်စေ။

၆။ ဖြစ်ခေါင့်ဖြစ်ခဲ၊ နက်နဲဆင်ခြင်၊ မြော်မြင်ရှေ့နောက်၊ တစ်ခေါ် လောက်သား၊ စံမြောက် ကဝိ၊ ပညာရှိကို၊ နှုမိ နှမြော၊ မရောမပြွမ်း၊ စူးစမ်းမဲ့ဟန်၊ မေ့လျော့ကျန်မှု၊ ဖော် ညွှန် ရည်သွား၊ မင်းစီးပွားကြောင့်၊ ထောက်ထား နှိုင်းရှည့်၊ မင်းရိပ်ကြည့်၍၊ မင်း၏စိတ်သဘော၊ ရှင်မြူးစဉ်ဝယ်၊ ဆိုလျှင် အံ့ခွင့်၊ အချိန်လင့်၍။ ။ချိုးပင့်မြောက်ထွေ မြှင့်တတ်စေ။

၇။ မှည့်ခေါ်မည်ရည်၊ ဆိုခုံတည်၍၊ နှုတ်ခြည်ပေါ်လျှံ၊ ပွဲအထံ ဝယ်၊ အသံဖြစ်ကာ၊ ပြောပရှာသား၊ ဝါစာချိုပျား၊ သူ့ စကားကို၊ အားမကျဆန်း၊ မျက်နှာပန်းဖြင့်၊ ရှင်လန်းမြူး ရယ်၊ အကယ်ကယ်သို့၊ လှယ်ဖယ် ပြောဖော်၊ ပူငြားသော် လည်း၊ နာပျော်စရုပ်၊ ရိပ်ခြည်မြုပ်၍၊ စက်ဆုပ်ထဲခွာ၊ ကို စိတ်မှာကို၊ ။သိသာမဲ့ထွေ ကျင့်နိုင်စေ။

၈။ ဝါသနာထွတ်၊ ကောင်းရာညွှတ်သား၊ သူမြတ်တို့နှင့်၊ အကြိမ် သင့်၍၊ ဆိုခွင့်ဆိုရာ၊ ရှိသောခါတုံ၊ သုဘာသိတ၊ ပိယဝမ္မာ၊ သစ္စာဟုတ်မှန်၊ ဆာင်လေးဆာန်နှင့်၊ ပြည့်ထုံးကောင်း၊ မကြား တောင်းကို၊ ကျိုးကြောင်းညီစွာ၊ ဉာဏ် ပညာဖြင့်။ ။ စိတ်ဖြာခွဲဝေ ယှဉ်နိုင်စေ။

၉။ မနော်ဟာရ၊ လူ့ဘုံကျသို့၊ မြင်ကတိမ်းညွတ်၊ သည်းအူမြွေမျှ၊ ဆွတ်ဆွတ်ကြင်ဖွယ်၊ ဆင်းနိကာယ်ကြွင့်၊ ကင့်တယ် ရုပ်သွင်၊ အထွတ်တင်သည်၊ ဖြစ်ကျင်ကစား၊ တွေ့ပြားစွန့်ငြို၊ ပညာ ရှိတို့၊ ဘေးတိပြုစ်တင်၊ ရောက်မည်ထင်မှု၊ ဆံမျှင်ဆေးသံ့၊ မပုံ့စသာ၊ ဆိတ်ကွယ်ရာ၌၊ ရှောင်ခွာပအား၊ တွေ့မြင်ပြား လည်း၊ သူ့သားစားတတ်၊ ဘီလူးမှုတ်၍၊ မညှာ်စေရ၊ စိတ် လောဘကို။ ။နိစ္စမြဲနေ ဖျဉ်နိုင်စေ။

၁၀။ ဟိရိဩတ္တပ် ဖေါင့်ကြပ်မကင်း၊ လူ့ခပင်းအား၊ သတင်းညာ
ကြော်၊ ကြားလေသဖြင့်၊ သင့်မသင့်ဟု၊ မတင့်မတယ်၊ ရှက်
ကြောက်ဖွယ်တည့်၊ ငြိတွယ်ပြစ်တင်၊ ဆိုလိမ့်ထင်မှု၊ ပည်းဖြင့်
တွက်ရေ အထွေထွေလျှင်၊ ရွှေငွေအတိ၊ တောင်ရှိ ဟူ
လောက်၊ ရှေ့ဝယ်ရောက်လည်း၊ ညှိုပေါက်ချွေးခန်း။ မှတ်ထင်
ပန်း၍။ ။တပ်စွန်းမဲ့ထွေ ကြည်နိုင်စေ။
၁၁။ ငါးမည်သီတင်း၊ အရင်းမှန်လှ၊ မြတ်စာရဖြင့်၊ လောဘကြီး
စွာ၊ အဘိဇ္ဈာကြောင့်၊ ပညာမဲ့ငြား၊ အကျင့်မှားမူ၊ ဆီးတား
မငံ့၊ ထိုးခုတ်အံ့ဟု၊ တံ့တံ့မလွဲ၊ လက်နက်စွဲ၍၊ မောင်းမဲ့
ခြိမ်းခြောက်၊ သူငါးယောက်လျှင်၊ ယှဉ်းဖောက် ကြည့်ငဲ့၊
စောင့်သကဲ့သို့၊ တုန်လဲ့လန့်ထိတ်၊ ကြောက်သည့်စိတ်ဖြင့်၊
ငရိစ္ဆယ၊ ကိုယ်ကို မ ၍၊ သီလ ကျင့်ထုံး၊ ဆောက်တည်
သုံး၍။ ။နှလုံးမြဲနေ ယှဉ်နိုင်စေ။
၁၂။ ဆိုဖွယ်ဝေရေး၊ နှစ်ဖက်သားတို့၊ ပိုင်းခြားစိမ့်ငှာ၊ ကပ်ပေလှာမူ၊
ဖြောင့်စွာရိုးရိုး၊ သဘောကိုးလျက်၊ တံစိုးဥစ္စာ၊ မျက်နှာ
ကြီးငယ်၊ မရွယ်မထောက်၊ ရှုံကြောက်မဲ့ထွန်း၊ မေ့ကျန်
မှောဟ၊ ဒေါသမရှု၊ ဆုံးဖြတ်မူလည်း၊ မနုလမ်းဟောင်း၊
တစ်မျဉ်းကြောင်းဝယ်၊ တိမ်းစောင်းမရှိ၊ သမာဓိဖြင့်။ ။
ကတိမယွင်း တည်စေမင်း။
၁၃။ အတိဂမ္ဘီ၊ အင်ညီမြောက်မြား၊ သူ့ရည်သွားကို၊ မှတ်သား
ရှုမြော်၊ လူသူတော်တို့၊ ရွှင်ပျော်ဖန်လဲ၊ တွေ့မရဲလျှင်၊ ဆကဲ
လွန်ကျူး၊ သူ့ထက်ထူးသား၊ ကျေးဇူးအနှစ်၊ စုံသည်
ဖြစ်လျက်၊ ပွဲလယ်ချက်ဝယ်၊ ဖိုးနဂ်ကုန်ကောင်း၊ အစွံနှောင်း
သို့၊ ကံဟောင်းလူကြွေး၊ မမိသေး၍၊ ကြာငနှုးခဲအင်၊ လွန်
ငြိုငြင်လည်း၊ ပန်းပင်ပူဆာ၊ ဗျာပါဝိတက်၊ နှောင့်ယှက်မကြုံ၊
လောကဓံ၌၊ နိုယံမကွေ၊ ဖြစ်မြဲပေဟု၊ သံဝေတရား၊ ဝမ်းဝယ်
ထား၍၊ တတ်အားသမျှ၊ လူ့ဒါနနှင့်၊ သီလကြည်ညို၊ ချမ်းရိပ်
ခို၍။ ။ကုသိုလ်နှီးရင်း စည်စေမင်း။
၁၄။ ဒါနသီလ၊ နိစ္စမချန်၊ မိဌာန်ရှင်ဖြိုး၊ စောင့်သော ကျိုးတည့်၊
မစိုးမရိမ်၊ စည်းစိမ်ခိုင်ဖြိုး၊ ရွယ်တိုင်းပြီးမူ၊ ဆွေနီးမျိုးစပ်၊
ထက်ကြပ် မကင်း၊ ကျေးရင်း ကျွန်ချာ၊ မေတ္တာစိတ်ဝင်၊
တိုင်ပင်နှိုင်းချက်၊ ပေါင်းဖက်တူနေ၊ အဆွေခင်ပွန်း၊ လူ

ရဟန်းအား၊ သိမ်းမြန်းကြည့်ရှု၊ သင်္ဂြိုဟ်မှုလည်း၊ တစ်ခုမကျန်၊
သဘောမှန်လျက်၊ သူမွန်အကာ၊ ခဲ့သော ရှေးလမ်း၊ ကျင့်မြဲတမ်း
ဖြင့်။ ။စိတ်ဝမ်းဖြောင့်စင်း ကြည်စေမင်း။
၁၅။ မထိတော့တ၊ ပြည်တန်မြနှင့်၊ သိင်္ဂျေညာ၊ ရတနာလည်း၊ အဝါ
လျှံလက်၊ ရောင်ခြည်ထွက်မူ၊ စုံမက်ဖွယ်ခြီး၊ အဖိုးကြီး၏၊ တန်သီး
ဆိုဖွယ်၊ လူတို့ဝယ်လည်း၊ ကြီးငယ်အမျက်၊ စောင်းမာန်ထွက်
မူ၊ ပေါင်းဖက်ခန့်နှိုး၊ အချွန်းငြိုး၏၊ အတီးလက်သုံး၊ ဤ
သည်ယုံးကို၊ ယူကျုံးပိုက်သွင်း၊ သားမြောင်မင်းလည်း၊ မှန်းပြင်
ဒေါသ၊ စိတ်နာဂကို။ ။ဉာဏချွန်းကွင်း မြဲစေမင်း။
၁၆။ ရှေးကာမကျွမ်း၊ လူစိမ်းရွှမ်းကို စုံဝမ်းစာသ၊ လိမ္မာနားဝင်၊
အကြောင်းထင်လျက်၊ ဆင်ခြင်မရှိ၊ သတိလွှတ်ထွေ၊ ပြောမိ
လေသား၊ မချွေသူ့နား၊ ကွယ်စကားကို၊ အများထင်အောင်၊
ပြယ်သည့်ယောင်သို့၊ ပွဲခံဘာင်ဆိုထုံ့၊ တစ်ဖန်လှုံ့မူ၊ နှုတ်တို့
မလှဲ၊ မျက်နှာလွဲ၍၊ ဝမ်းထဲထွေငေါ်၊ မလွှက်ဖော်တည့်၊
သည်သော်တမူ၊ အပြစ်ဟူ၍။ ။မှတ်ယူစိတ်သွင်း ရှိစေမင်း။
၁၇။ ဆိုင်ပြိုင်အားအန်၊ လက်မတန်မူ၊ ချစ်ဟန်ဖော်ကောင်း၊ အထဲ
ချောင်းလျက်၊ စည်းပေါင်ညီညွတ်၊ ကာသာမတ်ဖြင့် ယွင်း
ချွတ်မရှိ၊ ညီလေပြီးကား၊ တစိရက်ရက်၊ ဖြိုနိုင်ခက်ချိမ့်၊
ရန်ဘက်ထိုသူ၊ သဘောတူနှင့်၊ အယူဖောက်လွဲ၊ နှလုံးကွဲမူ၊ မခဲ
တို့ဝယ်၊ ဖျက်သော်လွယ်ဟု၊ ဥပါယ်တမျဉ် နက်စွာယှဉ်၍၊ စိတ်
ယဉ်ကွေ့လည်၊ သူ့ကြံရည်ကို။ ။ရိပ်ခြည်ဖမ်းခြင်းမိစေမင်း။
၁၈။ ထဲပကွယ်မြင်၊ မယင်နှစ်ထွေ၊ နိတုံရွှေသို့၊ မြဲစေတံတစ်၊ သဘော
ကျစ်သား၊ ကျိုးပြစ်သိမြော်၊ မိတ်သူတော်နှင့်၊ ပေါင်းဖော်ဒသော့
အား၊ သူနှမ်ပါး၏၊ စီးပွားကက်ဟန်၊ မြင်လာထွန်သော်၊ မမှန်
ယွင်းဖောက်၊ နှလုံးကောက်တို့၊ ကာစ်ဖျောက်ဆိတ်ဆိတ်၊ ထဲစိတ်
ငန်တို၊ မရှုလို၍၊ နှုတ်ချိုခွန်းသာ၊ ပျက်ကြောင်းရှာ၍၊ မှာမှာမွှေ
ချောကာ၊ တစ်ယောက်တစ်ပါး၊ အယူမှားအောင်၊ စကားဆေးငင်၊
အကယ်ပင်သို့၊ ပြစ်တင်ပြုသွန်၊ ကျိုးလိုဟန်နှင့်၊ ဆန့်ကန်နှုတ်လား၊
စကားသွယ်စိုက်၊ ချင့်အကြိုက်ဖြင့် ကုန်းတိုက်ပြုသည်၊ သူ့ဖျက်ရည်
ကို၊ ရိပ်ခြည်သြဇ၊ ကစ်ခွန်းဟက။ ။ဓာတချက်ချင်း သိစေမင်း။
၁၉။ မိတ်ရန်ဝိုးဝါး၊ သူတစ်ပါး၏၊ ဝှက်ထားမြဲချိတ်၊ ယဲကြံစိတ်ကို၊
တုံဆိတ်ကွယ်ရာ၊ ကြားပေလှာမူ၊ ဝမ်းသာအားရ၊ နောက်ကာလ

လည်း၊ သိကသည့်တူ၊ ဆိုပါဟူ၍၊ ပျူပျူငှာငှာ၊ ချစ်မူရာနှင့်၊
နှောင်ခါမရှောင်၊ ဆိုချင်အောင်လျှင်၊သွေးဆောင် နှစ်ထောင်း၊
လှည့်ဖြား ယောင်း၍။ ။နှုတ်ကောင်းဖြည်းညှဉ်း သာစေမင်း။
၂၀။ လွယ်လင့်တကူ၊ မယူအပြစ်၊ မုန်းချစ်ဝိုးဝါး၊ ထိုသူအားလည်း၊
ဆံဖျားလေသန့်၊မပုံ့ရအောင်၊ကွယ်ရှောင်ခဲခက်၊ ရိပ်ခြည်ဝှက်၍၊
ပြန်ပွက်မဆို၊ ဝမ်းထဲသို့မှ၊ သူလျှိုတမန်၊ ရောက်ဟန်ကွေ့လည်၊
နက်ကြံစည်ဖြင့်၊ ကြားသည့်သူ့နှုတ်၊ ဟုတ်မဟုတ်ကို။ ။အား
ထုတ်စိုင်းပြင်း နာစေမင်း။
၂၁။ သက်ာမကျေ၊အနေမကျ၊ဒုဟဝိုးဝါး၊ နှစ်ပါးတွေးယူ၊ မှားသော
သူ၏၊အမူအရာ၊ကြောင်းချာစေ့ရေ၊လုပ်ကြံထွေကို၊အနေကျကျ၊
သိပြီးမှတည့်၊တစ်စမရှောက်၊ရှယ်တိုင်းထောက်၍၊ စွန့်မြောက်မဲ့
ထွန်၊အရေးပွန်လျက်၊ ဘေးရန်ပျောက်လွင့်၊ အကြည်ဖြင့်လျှင်၊
အသင့်ကြံနိုင်၊ အပြုးတိုင်အံ့၊ ကြံ့ခိုင်နှလုံး၊ ဤကျင့်ထုံးလည်း၊
လက်သုံးအမြဲ၊ ဆောင်ယူစွဲ၍။ ။ဝမ်းထဲပိုက်သွင်းပါစေမင်း။
၂၂။ အဋ္ဌာရသ၊ ဘိပ္ပကျေးဇူး၊ အထူးထူးကို၊ ဆည်းပူးဖွေရှာ၊ သင်
သောခါလျှင်၊ဆရာကောင်းထံ၊ကျိုးနွံတရှည့်၊ရိပ်ခြည်ကြည့်လိုက်
တပည့် ကျင့်စတ်၊ ညီညွတ်စွာမူ၊ကုန်အောင်ပြု၍၊အာယုဆုံးစွန်၊
ပြောင်းချိန်တန်မှ၊ ပြန်ညွန်ရိပ်ခြည်၊ဆိုအံ့သည်ဟု၊ဆောက်တည်လျှို
ဝှက်၊ပြင်မထွက်သား၊သိခက်ခဲလှ၊ကိလိဋ္ဌကို၊မှတ်ရအောင်အောင်၊
ရည်စောင်နှိမ့်ချ၊ဆည်းကပ်ခ၍။ ။ဖဲနေ့ညမကင်း တွေ့စေမင်း။
၂၃။ ထံရင်းထက်ကြပ်၊မြဲဆည်းကပ်သား၊သုံးထပ်ဗာဟီ၊ကျမ်းရိုးမှီ၍၊
ရာသီအသ်ာ၊ လိတ္တာ်ဖမ်းထွေ၊ အချေအတင်၊ အလျင်အလျား၊
အစားအမြှောက်၊အလှောက်အနှော၊အရောအကူ၊ အယူအနုတ်၊
အကုတ်အကြည်း၊ရေသွန်းလှည်းသို့၊တွက်နည်းသွင်သွင်၊သင်ပုန်း
ပြင်၌၊မထင်အရေး၊အက်ခွေးမမြှော်၊ မူးမေ်ာဘနန်း၊ ကိန်းခန်း
အညီ၊တီထိနက္ခတ်၊ ကျင့်ဆုံးဖြတ်၍၊ ပါဒ်ဗီဇနာ၊ ပြန်ခရာဝယ်၊
မှန်စွာကြည်လင်၊အပြီးစင်သည်၊ဗေဒင်အမှတ်၊ဤအတတ်လည်း။
မပြတ်ဇင်းလျှင်း လေ့စေမင်း။
၂၄။ အလိုက်အလိုက်၊ လူတို့၌ဝယ်၊ ကြက်တိုက်အနံခတ်၊ ဇယ်လွတ်
ပြေးချီ၊ ဗလီပြေးဖမ်း၊ လှက်ပန်းလက်ပွေ့၊ ကျင့်လေ့
ကျင်လည်၊ ဆိုစသည်တို့၊ အရည်အစွမ်း၊ အတတ်သွမ်းဟု၊
မကျွမ်းမကျင်၊ နားမဝင်မူ၊ သဘင်ပွဲထံ၊ ရောမပြွံသော ၊

ရှက်ရွံ့ဆုတ်ဆိုင်း၊ ရိုင်းစိုင်းမတ်ယက်၊ ဖြစ်တိုက်ဘိသွ၊ မလွတ်
မချန်၊ ဤရေးဟန်လည်း။ ။မကျန်မကြွင်း စေ့စေမင်း။

၂၅။ နေခင်းဌာန၊ ကာလမျှော်ရှု၊ ရွေးချယ်ပြုလျက်၊ လွယ်မှု
မလျင်၊ ဆင်ခြင်ကြံစည်၊ တိုရှည်ထောက်ထား၊ စီးပွားတိန့်နက်၊
ယုတ်တက်ဖွေရှာ၊ တွေးစာနာလျက်၊ ဥစ္စာပစ္စည်း၊ ပညာဆည်
လည်း။ ။ထန်သည်းမပြင်း မွေစေမင်း။

၂၆။ ရမ္မက်ဒေါသ၊ မောဟမြေးယှဉ်၊ ပုထုဇဉ်တို့၊ ရှောင်ကြဉ်ခဲစွာ၊
ကိလေသာကြောင့်၊ တစ်ခါတစ်ရံ၊ အကြံရှိ၊ မှားယွင်း
မိလည်း၊ သတိလည်းပြု၊ မကောင်းမှု၌၊ အစုမြူညက်၊ ဆံ
တစ်ရွက်မျှ။ ။လေ့ကျက်မဲ့လျှင်း မမှုစေမင်း။

၂၇။ ထိုမှတစ်တန်၊ အရှင့်ဝန်၌၊ မကျန်ညဥ့်နေ့ ကြံအောက်မေ့
လော့၊ အရှေ့အနောက်၊ တောင်မြောက်ခန်းဝါ၊ လက်ယာ
လက်ဝဲ၊အုံတဲဝင်းတပ်၊ နေရပ်ရိုးစု၊ စီရင်မှုတို၊ မြေရှုမိပွ၊ မြတ်
ဒေသဟု၊ ပဥ္စအာလိန်၊ တာဝတိံသယ်၊ စောင့်ချိန်ရန်တား၊
ငါးတန်ခြားလျက်၊ သိကြားနေရာ၊ ပြည့်အောင်ချာကို၊ မိစ္ဆာ
ဘုန်းမဲ့၊ ကြံသကဲ့သို့၊ နိုင်းရှဲ့ပုံယူ၊ ထို့အတူလျှင်၊ ရန်သူ
မိုက်မှား၊ ကြံလှည့်ငြားလည်း၊ ကြိုးစားအန်လောင်၊ မဖြစ်
အောင်လျှင်။ ။လုပ်ဆောင်ဖန်ဆင်း ကုံစေမင်း။

၂၈။ ရာဇဝံသာ၊ မှန်စွာလက်သုံး၊ နည်းထုံးရှေးတီး၊ လွန်လေပြီး
သား၊ သူကြီးမင်းစိုး၊ ကျင့်ရိုးကျင့်စဉ်၊ ကျင့်ထုံးယှဉ်၍၊
ကျင့်လျှည် ကျင့်တမ်း၊ ကျင့်မြဲလမ်းကို၊ စူးစမ်း နက်တံ၊
ဝေးရှည်လံသား၊ ပုံစံမှတ်မိ၊ ပညာရှိကို၊ သတိကြည်မော၊
ကျမ်းသဘောဖြင့်၊ နှီးနှောဟစ်ကိုယ်၊ ပြောဆိုဖူးတွေ့၊ မေးမြန်း
လေ့လျက်၊ ရက်နေ့မပြတ်၊ ညီညွတ်တိုင်ပင်၊ နိုင်းဆင်ခြင်
၍။ ။သိမြင်ကျယ်ဝင်း ရုံစေမင်း။

၂၉။ ပွင့်လင်းချမ်းသာ၊ ကြီးမြင့်ရာဟု၊ မှန်စွာသမှု၊ လေးဖို့စုသား၊
စတုစက္က၊ ဓမ္မ တရား၊ အကြောင်းများဝယ်၊ ကြိုးကြာ
မျက်မြော်၊ အကြိုက်တော်လျက်၊ မနေပါမလွင်၊ ဂုဏ်အင်
ငုပ်တိမ်၊ စည်းစိမ်ခွန်အား၊ ရည်သွား အခန့်၊ ပွားပြန့်
ကျိုးပေး၊ အရောက်နှေးလည်း၊ နိုးဝေးတိုရှည်၊ ကြံစည်
ထောက်ထား၊ မမေ့မှားလင့်၊ ကုန်သွားယာလယ်၊ လုပ်ဖွယ်

ဆောင်ခင်း၊ မပျင်းလို့လ၊ ဝါယာမဖြင့်၊ ဒုက္ခဖျင်းသိမ်၊
ကြောင့်ကြငြိမ်၍။ ။စိုးရိမ်ပျောက်ကင်း ယုံစေမင်း။
၃၀။ စတုမဓူ၊ ဟူသားရသာ၊ သကာတစ်ခြား၊ ပျားလည်းမလွတ်၊
ထောပတ်ဦးဆီ၊ အညီဖော်မြောက်၊ ထောမြွေဟောက်ကို၊
ဆိပ်တောက်ပွားဆေး၊ဝအောင်ကျွေးသော်၊ အရေးထူးပြား၊
ဖြစ်သည်များကို၊ ထောက်ထားနိုင်းတု၊ ထုံးစံရှု၍၊ ပြုစု
သ၍၊ အဝလေ့လည်း။ ။အောက်မေ့ကြံခင်း ပုံစေမင်း။
၃၁။ ဘုံနန်းထွက်ခေါင်၊ လုပ်ဆောင်ပြီးလွယ်၊ ငြိမ်းသဖွယ်လျှင်၊
မပယ်ဦးဘဲ၊ ကြည်ဖဲရှောင်ခွာ၊ မတတ်သာ၍၊ ခြင်းရာသိလျက်၊
မြွေဆိပ်တက်သို့၊ ပေါင်းဖက်ခဲလျှော်၊ လူမတော်ကို၊ အဖော်
ရဆန်း၊ဝမ်းသာပမ်းဖြင့်၊ သိမ်းမြန်းမစ၊ စံပဆောင်ရှက်၊နှစ်
သက်ဖွယ်မှု၊ကုန်အောင် ပြုလည်း။အကုအကင်း ပါးစေမင်း။
၃၂။ အရင်းအနှစ်၊ နွယ်မြစ်ပင်ခြုံ၊ လုံးစုံမြေးသား၊ မျိုးဆွေ
ဝါး၍၊ ထွေပြားမကြုံ၊ သက်နှံ့စိုက်စိုက်၊ အရှင်၍လည်း၊ထဲပိုက်
ကေန်၊ အချစ်လွန်လျက်၊ တော်မှန်ရဲရင့်၊ မူကျင့်ခြင်းရာ၊
ပြည့်စုံစွာသား၊ ပညာကြီးထူ၊ ထိုသူကို၊ မှတ်ယူ တွေး
ထောက်၊ ရွေးချယ်ကောက်၍၊ ထပ်လျှောက်ဆင့်ပြန်၊ မစဟန်
လည်း။ ။အားအန်လုံးရင်း များစေမင်း။
၃၃။ အာဒိဝယ၊ ငယ်ရွယ်ကပင်၊ နိစ္စမမေ့၊ ဆုံးမလေ့သား၊နှောက်
ရှေ့မြင်သိ၊ မညာရှိနှင့်၊ ပေါင်းမိချစ်ခင်၊ ကျွမ်းကျမ်
လျှင်က၊ ဖူးမြင်တင်မေး၊ လွန်မြတ်လေးလျက်၊ ဝေးလည်း
မမေ့၊ တွေ့လည်းမရဲ၊ လွန်ဆကဲလျက်၊ ယှဉ်နွဲ့နှီးနှော၊ ကြည်
တပ်မောသည်၊ သဘောဖြောင့်စင်း၊ သားမောင်မင်းလည်း၊
နှောင်းကြွင်းဆင်ခြင်၊ စီးပွားမြင်၍၊ဂုဏ်အင်မချို့၊ကောင်းရာ
ပို့သား၊ လူတို့ကျင့်တမ်း၊ ညွှန်ကြောင်းလမ်းကို၊ စံစမ်းမပြတ်၊
သက်ဆုံးမှတ်လော့၊ မချွတ်မလွဲ၊ လူခပဲ၍၊ ဖြစ်မြဲ နိယံ၊
လောကဓံကြောင့်၊ တစ်ရံတစ်ကြိမ်၊ စိုးရိမ်နှောင့်နှေး၊ ကြွံရေး
ခဲစွာ၊ ဖြစ်သောခါတုံ၊ ချမ်းသာဆောင်ဖူး၊ သူ့ကျေးဇူးကို၊
ထိမ်မြူးမရှိ၊ မိမိပစ္စည်း၊ သိမ်းဆည်းကျိတ်နှက်၊ ရေတစ်စက်
မျှ၊ မထွက်ရသာ၊ သူ့မှာရကြောင်း၊ ချောင်းမြောင်းနှိုးနွယ်၊
အကယ်ကယ်သို့၊ ပြက်ရယ်ချိုးချိုး၊ နှုတ်သာဖြိုးလျက်၊ အကျိုး
ကားပျောက်၊ အပြစ်ရောက်အောင်၊ ကွေ့ကောက်လိမ်လည်၊

ကြံစည်ရှိ ့ကတ်၊ လှည့်ပတ်တတ်သည်၊ ယွင်းချွတ်ဖောက်လဲ၊
လူစဉ်းလဲကို။ ။ကြဉ်ဖဲရှောင်ကွင်း ဝေးစေမင်း။

၃၄။ ပစ္စုပ္ပန္န၊ဘဝနောင်ခါ၊ချမ်းသာရတန်၊ဒေါ်မှန်အကျင့်၊ကိုယ်နှင့်
သူအား၊စီးပွားထပ်မျှ၊ ဆောင်တတ်လှသား၊ဖြူဆွစိတ်ကြံ၊နက်စံ
မြော်သိ၊ပညာရှိကို၊ ဇာတိတစ်ပါး၊ ဝေးမြေခြားလည်း၊ စီးပွား
မြတ်နိုး၊တွေ့အောင်ကြိုးလျက်၊ကြည်ဖြိုးရွှင်ပျ၊တူနေရအောင်၊နိစ္စ
အမြဲ၊ ပေါင်းယှဉ်တွဲ၍။ ။ဝမ်းထဲ ချစ်ခြင်း လေးစေမင်း။

၃၅။ သက်ကြီးဘေးဘိုး၊ ကျင့်ရိုးအညီ၊ ထုံးစံမှီ၍၊ အစီအလျဉ်၊
အစဉ်အသင့်၊နိမ့်မြင့်ဆင်ခြင်၊ ဂုဏ်အင်များနည်း၊ ပစ္စည်းလျော့
တင်း၊ အရင်းအပွား၊ ရည်သွားရှိမဲ့၊ ပြိုင်နိုင်းရှဲ့၍၊ လေးတွဲ့
စာနာ၊ ပေးကမ်းခါလည်း။ ။ပညာမြော်တင်းရွေးစေမင်း။

၃၆။ ရှေးပါရမီ၊ ပြည့်စုံညီ၍၊ နှိုင်းပြိုင်မထင်၊ ရည်သွားအင်လည်း၊
လူတွင်ပြောင်းလှ၊ ဖြစ်တော်စွဟု၊ ဒိဗ္ဗသြဇာ၊ နတ်သုဒ္ဓါနှင့်၊ဇီဝှာ
ဝိညာဉ်၊ နှစ်ပါးယှဉ်သို့၊ တွေ့စဉ်ခဏ၊ နှစ်သာရကို၊ ဆံမျှ
မကွယ်၊သိမြင်လွယ်သား၊နှံ့ကျယ်ပညာ၊ မြတ်ဆရာ၌ မေတ္တာဆု
ကြီး၊ ကျေးဇူးမှီး၍။ ။ကောင်းချီးဆောင်နှင်း ပေးစေမင်း။

၃၇။ ဗဟုသုတ၊သိပ္ပပညာ၊ဆည်းပူးရှာ၍၊ဆရာကောင်းထံ၊ထုံးစံလေ့
ကျက်၊ မှတ်ခေါက်ရက်တည့်၊ အနက်အနဲ၊ အရဲအရှင့်၊ အကျင့်
အဟန်၊ အမှန်အဒေါ်၊ အမြော်အမြင်၊ ဂုဏ်အင်ထူးခြား၊ သူ့ရည်
သွားကို၊ထောက်ထားခွဲခြမ်း၊သိနိုင်စွမ်းဟု၊ ချီးမွမ်းဖိုသ်လူ၊ အံ့ရာ
မူသား၊ပဥ္စူပန်းဦး၊ကြိုင်နံ့မြူးသို့။ကျေးဇူးသတင်းမွှေးစေမင်း။

၃၈။ ကဝိလေးမည်၊ပြည့်စုံတည်သား၊ ဇာဒနည်အထွတ်၊ ဆရာမြတ်ဝယ်၊
မပြတ်နိယံ၊မူ နည်းနာခံ၍၊ သာစံရိတ်ငြိမ်၊ စည်းစိမ်တန်ခိုး၊ ရှေး
ကျိုးကောင်းညွန့်၊ ပွားပြန့်နောင်လာ၊ တိုးတက်ရာသည်၊ အင်္ဂါ
ခုနစ်၊ ကျေးဇူးနှစ်နှင့်၊ ရန်စစ်အောင်နေ၊ လေးထွေအကျင့်၊
လေးဆင့်သင်္ဂြိုဟ်၊ ယွင်းယိုမရှိ၊ ဂတိလေးသွယ်၊ မှတ်ဖွယ်ဖွယ်၌၊
မိပွါယ်အနက်၊ ပြက်ပြက်ထင်စွာ၊ မသိသာမူ၊ သက်ာပျောက်
ဆေး၊ စင်အောင်မေး၍၊ ကျင့်ရေးကျင့်သုံး၊ ကျင့်မြဲထုံးကို။
နှလုံးပိုက်သွင်း ထွေးစေမင်း။

၃၉။ ထိုမှတစ်ထွေ၊တိုင်းခြေရပ်စည်၊ပြည်၏ကိစ္စ၊ သတ္တရဇ္ဇင်၊ ခုနစ်အင်
လည်း၊သိမြင်မကျန်၊ယဉ်ထန်သမုဒ်၊ ဖြည်းသုတ်လေသာ၊ ရာဇာ
ယမ၊ နေလှပဇ္ဇုန်၊ ဝသုန္ဓရာ၊ ဒေဝါသိကြား၊ရှစ်ပါးဉာဏ်သို့၊ မင်း

တိုမှတ်ဖွယ်၊ပုံသွယ်တစ်သီး၊ သူကြီးကျင့်မူ၊ ဂုဏ်ခြောက်စုနှင့်၊ ဆယ်ခုဝမ္မ၊ဗလငါးဟန်၊စွယ်အန်သုံးကြောင်း၊ မကြားတောင်းသား၊ နည်းကောင်းကျယ်ဝန်း၊ အဆန်းဆန်းလည်း၊ မေးမြန်းဖွေရှာ၊ မှတ်သားနာ၍။ ။သက်သာ ပျော်ကင်းစင်စေမင်း။

၄၀။ ထိုမှတစ်ပါး၊ယေးကျောဲတစ်ကာ၊ ဖွေရှာနိစ္စ၊ တတ်အပ်လှသား၊ သိပ္ပရတနာ၊ ဆင်မြင်းမှာတုံ၊ သမ္ဘာရင့်ညောင်း၊ ဟုမဲ့ကောင်းသား၊စောလောင်းရန်နှင်း၊ ဥတိန်မင်းဟု၊ ဝှန်ပြင်းကျော်သိတ်၊ ခေါင်ပတ္တိတ်၏၊ ကျိုးလိတ်သင်ထွေ၊ ဥပဒေ၍၊ တာနေလုံ ခြုံ၊ စီရင်တုံ၍၊ စေ့စုံများကြွယ်၊ စီးနင်းဖွယ်လည်း၊ တင့်တယ်ပြသာ၊ ခရဏာဖြင့်။ ။လေ့လာမကင်း ကျင့်စေမင်း။

၄၁။ သံသရာစက်၊အဆက်ဆက်က၊ လေ့ကျက်ဖူးစွာ၊ဝါသနာကြောင့်၊ ပညာရင့်ညောင်း၊သူတော်ကောင်းတို့၊ကျိုးကြောင်းဟုတ်လှ၊ထုံးစံပြသား၊ဆုံးမစကား၊ကျေးဇူးများကို၊ ကြားကြားသရွေ့၊ ရှင်ပျော်မွေ့လျက်၊နေ့လည်းအစဥ်၊ညဉ့်လည်းမကွာ၊ဖွေရှားစူးစမ်း၊ ပြောဆိုကျွမ်းလည်း၊စိတ်ဝမ်းကြည်လင်၊ သားရွှေစင်ကို၊ တိုင်ပင် လျှို့ဝှက်၊ထဲနက်ရေးခြား၊ ပြင်တစ်ပါးသို့၊ မကြားစေချင်၊ မမြင်စေလို၊ မဆိုစေမူ၊ အစုစု၌၊ မျော်ရှုသတိ၊ မင်းရိပ်သိလျက်၊ မျက်စိမမြင်၊ ခေါင်လျှင်မကြား၊ လျှာမဲ့ငါးသို့၊ ဆွေဝါခင်ပွန်း၊ ဖွေမေးမြန်းလည်း၊ 'တစ်ခွန်းမပွား၊ မင်းစကားကို။ ။ပိုက်ထားဝမ်းတွင်း' ကြေစေမင်း။

၄၂။ ရန်သူညှိုးဖက်၊ နှောင့်ရှက်ငြိတွယ်၊ အန္တရာယ်တည့်၊ အကယ်မျက်မြင်၊ စိုးစဉ်းထင်မူ၊ သေရှင်အရေး၊ နှစ်တွေးမရည်၊ စွန့်အံ့သည်ဟု၊ ဆောက်တည်သေလျော်၊ စွန့်ခွင့်ရောက်မူ၊ ရှိကြောက်မဲ့ထွန်း၊ အရှင့်ဝန်၌၊ ကုမ္ဘဏ်ယက္ခ၊ နာဂခြင်သို့၊ ရင်ဆိုင်တွေ့လည်း၊ ခွာ၍ မတွန့် အသက်စွန့်လေ၊ အဝှန့်နောင်လာ၊ လူတကာတို့၊ ပြောရာဥဒါန်း၊ ကမ္ဘာတွန်းလည်း။ ။မော်ကွန်းဖြစ်လျှင်း လေစေမင်း။

၄၃။ အနီးအဝေး၊ အနှေးအလျင်၊ စီရင်ပစ၊ အငှအဝေ၊ အနစအပါ၊ ဆရာကြီးငယ်၊ ပြုဖွယ်ဖွယ့်၌၊ လိုမယ်ကိစ္စ၊ ဟူသမျှကို၊ အားရအောင်အောင်၊ ရည်စောင်ထဲလာ၊ ကြိုးသောခါလည်း၊ ညီညာအားထုတ်၊ သဘောဟုတ်ဖြင့်၊ မယုတ်မလွန်၊ ကော်မွန်ဖြောင့်စင်း၊ မှားယွင်းမရှိ၊ သမာဓိနှင့်၊

သကိုင်းဆည်၊ စောင့်အပ်သည်တွင်၊ ဆံခြည်၊ တစ်တန်း၊ ဘဲ
စွန်းမချစ်၊ လေသာ မြစ်၌။ တင်ပြစ် လွတ်ကင်းကွာစေခြင်း။
၄၄။ လျှိုဝှက်ထဲကြုံ၊ နက်စံရည်ကောင်း၊ သူ့ အခြောင်းကို၊
ချောင်းနေနှောင်းနှိုးနှယ်၊ သိအောင်ရှယ်မှု၊ ပွဲကျယ်အရပ်း
မဘင့်အပ်ဝယ်၊ ထပ်ကြပ်မကွာ၊ နေကာမတွေ့၊ ကြည့်ရှု
မမြော်၊ နာသဘ်မကြား၊ လူမှုများကို၊ ဝှက်ထားမြဲကြိုက်၊
ထဲကြုံစိတ်ဖြင့်။ ။တိတ်တိတ်ဝှက်ခြင်း မြဲစေမင်း။
၄၅။ ခပ်သိမ်းကိစ္စ၊ ဟူသမျှသည်း၊ လို့လမလျော့၊ မဒေါ့ပါမမှုညည်
နေ့မဟူ သတိမူ၍၊ မေးမြန်းကြောင်းလမ်း၊ စူးစမ်းတနာ၊
နက်ပညာဖြင့်၊ ရှေ့လာနောက်နှစ်၊ ကြံစိစစ်လော့၊ အပြစ်
ကို ယယ်ဆိုဖွယ်ရိပ်ထင်၊ မရောက်ခင်က၊ အမြင်မရှိ၊ တွေးမသိ
သည်၊ မျက်စိမပွင့်၊ ဉာဏ်မရင့်ကို။ အကျင့်အခြင်းတွေးစေခြင်း။
၄၆။ ဂမ္ဘီသာ၊ နာမသာချိုး၊ ဆိုမကျိုးသယ်၊ အဓိပ္ပာယ်ကား၊
စင်ကြယ်ချောမွေ့၊ ညှိဝယ်ရွှေလျှင်။ ။စေ့စေ့ သန့်စင်ပြီး
အောင်မြင်၏။
၄၇။ ရွှေနန်းသခင်၊ ဘုန်းခေါင်ထွတ်၊ မင်းမြတ်ဆရာ၊ ရဋ္ဌသာဟု၊
ပညာထင်ပေါ်၊ ကျော်မြတ်ကျော်လျှင်၊ လေးပေါ်ထင်ရှား၊
အမျိုးသားအား၊ သနားမေတ္တာ၊ ကရုဏာ တိုက်တွန်း၊
ချီးပင့်ညွှန်း၍၊ ထူးဆန်းမြားမြောင်၊ ကျမ်းကုန်အောင်မှ၊
ယူဆောင်မိပ္ပာယ်၊ ကျင့်ဖွယ်ဖွယ်ကို၊ ရွေးချယ်သိရုံး၊ ပန်းနှယ်
ကုံး၍၊ နှလုံးဝန်ဆာ၊ ဖြစ်စိမ့်ငှာဟု၊ လက်ချီမြ၊ မိန့်ခဲ့
ဟသား၊ ခေါ်ထင်မှု၊ အနုသာသန၊ ပိုဒ်စချီဦး၊ မည်ထူး
သညီ၊ ဂမ္ဘီသာရ၊ နာမကြိုင်ရွှမ်း၊ ဆုံးမကျမ်း၌၊ အကျွမ်း
တဝင်၊ နားမတင်သား၊ ခံအင်ဆစ်မျက်၊ အနက်မိပ္ပာယ်၊
အသွယ်သွယ်ကို၊ သိလွယ်စိမ့်ငှာ၊ ပညာစိန်ကျောက်၊ ထိုးထွင်း
ဖောက်၍၊ ခွဲ ကျက်ယူငင်၊ မိပ္ပာယ်ထင်သား၊ မြန်ခွင်တံခွန်း
ညှိသာမွန်ကို၊ လေးတန်မျိုးဖော်၊ မြတ်သူတော်တို့၊ ရွှင်မျော်
ဆက်၊ အမြဲနူတ်ဝယ်၊ သရဇ္ဈာယ်၍၊ မှတ်ဖွယ် နည်းနာ၊
အဖြာဖြာကို၊ ပညာယူဆ၊ ကျက်လေ့ကမူ၊ ဘဝဉာဏ်တွင်၊
ခုမျက်မြင်၌၊ ဂုဏ်အင်များပုံ၊ လူစွယ်စုံဟု၊ လူ့ဘုံရပ်သူ၊
အံ့ရာမူလိမ့်၊ မဥ္ဇူပန်းသွင်၊ ပတ်လွှံ့ထင်သား၊ လူရှင်
မှတ်ရာ ညှိသည့်စာသည် ။ကမ္ဘာ ပေါ်စ၊ ပထမက၊
**မနေ လထင်ရှား နှစ်ပါးထွန်းသည် သဖွယ်တည်း။**

# တပည့်ဆုံးမစာ
# သိမှတ်ဖွယ်ရာ

[အစချီစာပိုဒ်ကို အစွဲပြု၍ ''တိလောက ဟူ''ဆုံးမစာဟု အလွယ် ခေါ်မှတ်နေကြသည်။]

တောင်တွင်းကြီးမြို့မှ အင်းဝနေပြည်တော်သို့ ကြွရောက်ခစားမှု၍၊ အင်းဝဘုရင်မင်းခေါင်က ထူပါရုံဘုရား အရှေ့မြောက် ပုဏ္ဏားယွန်းတွင် ရတနာ့ဗိမာန် ကျောင်းတော် ဆောက်လုပ်၍ တင်လှူ ကိုးကွယ်ခြင်းခံရသော ရှင်မဟာသီလဝံသသည် ပါရမီတော်ခန်း၊ ဆုတောင်းခန်း စသော တရားဓမ္မနှင့်စပ်သည့် ပျို့လင်္ကာကြီးများနှင့် ပါရာယန ဝတ္ထုနှင့် ရာဇဝင်ကျော် စသော ခေတ်စော စကားပြေ ကျမ်းများကို ရေးသား ပြုစုတော်မူရုံနှင့် ကျေနပ်အားရတော်မူခြင်း မရှိသေးဘဲ တပည့် သူငယ်တို့၏ ဘဝတွင် ကျင့်သုံးလိုက်နာအပ်သော အချက်များကို တိုတိုကျဉ်းကျဉ်းနှင့် ဆုံးမစာလင်္ကာကိုလည်း ရေးဖွဲ့တော်မူခဲ့ပေသည်။ ဤဆုံးမစာကို သက္ကရာဇ် ၈၅၀ ပတ်ဝန်းကျင်တွင် ရေးဖွဲ့မည်ဟု ယူဆရပေသည်။ သံပေါက်ကဗျာ ဆန်ဆန် အပိုဒ်တိုများ ရေးသား၍ အချို့အပိုဒ်တွင်ကာထောက်ကာရန် များ ထည့်သွင်း စပ်ဆိုတော်မူခဲ့သည်။ သာဓကအားဖြင့်—

''ညီညာလျောက်ပတ်၊ လင်္ကာတော့ကိုကောင်းကောင်းထိုးကုန်လော့။
ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။
အက္ခရာကို သေချာလှစေ၊ စာလုံးကိုလည်း လှလှစေ။''

စသည်ဖြင့် ဖြစ်သည်။ အထူးသဖြင့် လူဝတ်ကြောင်း လူငယ်များအတွက်သာ မက သာမဏေများ အတွက်ပါ ဆုံးမ ညွှန်ကြား ထားပေသည်။ ထိုသို့ ညွှန်ကြားရသည်မှာ လူငယ်များသည် သာမဏေ အဖြစ်ဖြင့် နှစ်ကာလ ကြာရှည် ပညာသင်ကြားလေ့ ရှိသောကြောင့်ပင် ဖြစ်သည်။

ဤဆုံးမစာ၏ အဆုံးတွင် သံပေါက်စစ်စစ် ပိုဒ်ရေ ၃၁ ပိုဒ် ပါရှိ ပေရာစာကိုယ်လင်္ကာအဆုံးတွင် ''ရှင်သီလဝံသ ထေရ်ဂုဏာ၏၊ ဆုံးမစကား၊ မနာကြားက၊ လားလိမ့်ပယ်ရွာ'' ဟူသောအပိုဒ်ပါရှိရာ ထိုအပိုဒ်သည် ပုဂ္ဂိုလ်ဂုဏ်တင်လွန်းသဖြင့် ရှင်သီလဝံက်၏ ပင်ကိုယ်အာဘော်မဟုတ်နိုင် ဟု ယူဆကြသူများ ရှိသည်။ ယင်း အပိုဒ်နှင့် သံပေါက်များမှာ နောက်မှ တစ်ဦးတစ်ယောက် ဖြည့်စွက် ရေးသားခြင်း ဖြစ်မည်ဟု ယူဆကြပေသည်။ ထို့အပြင်အပိုဒ်(၅)တွင် ''ရှေးဆရာမွန်၊ ရှင်သီလဝံသ၊ ထေရ်ဂုဏာန်၊ နှုမျှအကျော်၊ မိန့်တော်နှုတ်ဟ၊ ဆုံးမချက်ကို သက်သက်သာသာ၊ ပါဠိ ဂါထာနှင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးတုတ်ကို၊ နှုတ်ဖြင့်မှတ်မည်၊ ခက်လှ သည်ကြောင့်၊ ရမည်မြန်စွာ၊ ရပါစေကြောင်း၊ စိတ်ဖြင့်ကြံ၍၊ ဉာဏ်ဖြင့် လောင်းသည်'' ဟူ၍ ဆိုထားပေရာ၊ မူရင်း ဩဝါဒဆရာမှာ ရှင်မဟာ သီလဝံသ ဖြစ်၍၊ ထို အဆိုအမိန့်ကို နောက်ပုဂ္ဂိုလ် တစ်ဦးက ပြန်လည် ဖွဲ့ဆို တင်ပြကြောင်း သိသာပေသည်။ ထို့ကြောင့် အမည်မသိသော ဆုံးမစာရေးသားသူအစား အာဘော်ရှင် ရှင်မဟာသီလဝံသ အမည်ကို ခေါင်းတပ်၍ ဖော်ပြလိုက်ရပေသည်။



# ၄။ တပည့်ဆုံးမစာ

## ရှင်မဟာသီလဝံသ

၁။ တိလောကဟူ၊ မရှုနိုင်းတူ၊ ဘက်မပြုသည့်၊ သုံးဆူရတနာ၊ မာတာ ပီတ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ စမ်းတွင်အမြဲသွတ်။

၂။ ကရောက်ကရက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်စွဲယူ၍၊ အမြဲမှတ်။

၃။ ဆရာသမား၊ မိဘအားကို၊ နိုးကြားမပြတ်၊ မျက်သစ်တံပူ၊ လုံ့လကူသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဖွယ်၊ မတင့်တယ်သော်၊ လည်၍မပြတ်၊ တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါင်ငင်ညီညွတ်၊ သွား၍ခပ်။

၆။ ရေခပ်သွားလည်း၊ ကစား၍သာ မနေနှင့်။ ကစား၍သာ၊ ရေမှာကြာသော်၊ သဲဒဏ်ရေဒဏ်၊ ပေးရန်မှန်သည်၊ ခံမည်သာကြံလော့၊ မင်းတို့ကျော။

၇။ နေ့ညဥ့်နံနက်၊ ကျိန်းစက်မွေ့ရာ၊ သင်ဖြူးဖျာကို၊ ခင်းကာယူသွား၊ ခေါက်သွင်းထား။

၈။ သင်္ကန်းသမိုက်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာသည်များ ပြင်၍ထား။

၉။ ပရိးပန်းပင်၊ လာသည်မြင်သော်၊ အလျင်ယူလှမ်း ဝတ်၊ သင်္ကန်းကို၊ ချေးစွန်းမူကား၊ နေပူဖြန့်လှန်း၊ သွင်းခေါက်ထား။

၁၀။ ဧရချမ်းကမ်းလျက်၊ ခြေလက် ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွှဲဖယ် မသွား၊ ယပ်လေခတ်၍၊ နေထံပါး။

၁၁။ ကိုယ်လက်ဖိနှိပ်၍၊ ကျိန်းစက်သောခါ၊ တစာစာနှင့်၊ ပြာပြာ လောင်လောင်၊ တစ်ယောင်ယောင်သည်၊ ခေါင်ခေါင်ကြမ်း ကို၊ မနင်းနှင့်။

၁၂။ ရှိုင်းစိုင်းနီးကပ်၊ မကိုင်းညွှတ်ဘဲ၊ မတ်ဘတ်ထိုး၍၊ မသွားနှင့်။

၁၃။ စားဖွယ်စားရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံ နေ၍၊ ရှိုးသကိုင်းညွှတ်၊ ချဉ်း၍ကပ်။

၁၄။ ဘုဉ်းပေးယိုဘမ်း၊ ရှယာန်းတို့ဘွား၊ စားမည်လားဟု၊ စကား သည့်နှုတ်၊ မမေးနှင့်။

၁၅။ မိဉ်းဘဉ်း၊ ဆရာဉ်းကို၊ ခူး၍ဘလျင်၊ မစားနှင့်။

၁၆။ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ၊ တောင်း ပါကြ။

၁၇။ သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်းဗျပ်ကို၊ ပွတ် တုံ ညစ်ကြေး၊ မြူမှေးမဘင်၊ စင်အောင်ဆေး။

၁၈။ ကျောင်းတွင်အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိသော်၊ ယူငင် သိမ်းဆည်း၊ အထဲသို့ငြား၊ ကောင်းကောင်းထား။

၁၉။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တစ်ခွန်းခေါ်က၊ ကြား သော်ခဏ၊ ချဉ်းကပ်ကြ။

၂၀။ ကိစ္စရှိငြား၊ သွားသည်များး လျင်လျားခဏ၊ လာပါကြ။

၂၁။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာ ဖြဖြ၊ ဆေးဝါးပေး၍၊ လုပ်ကျွေးကြ။

၂၂။ သီချင်းသုံးချင်း၊ ချစ်ဟုန်ပြင်းသည့်၊ ဗဠင်းနှင့်ရှင်၊ ညီသွင် အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါ့ကိုအဘ၊ မှတ်ပါကြ။

၂၃။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွှဲဖယ်မသွေ၊ နှိမ့်ချလေ။

၂၄။ ရှိသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ၊ နည်းခံ ယူ၍၊ ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျ၊ ဖုံးအုပ် ခြေလက်၊ လွန် ငြိမ်သက်သည်၊ ကျောင်းထွက်လူပေ၊ ဆိုရစေ။

၂၅။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ တစ် ထောင့်စကား၊ တဟားဟားသည်၊ ရှိုင်းကားမိုက်မဲ၊ မပြောနှင့်။

၂၆။ လူဖွယ်တန်းဖွယ်၊ ကြီးငယ်တည်တည်၊ ရောက်လာသည်ကို၊ လှယ်ကာခဏ၊ သူ့ခွက်ရောက်ကို၊ မပျောက်နေ့ည၊ ပေးလိုက်ကြ။
၂၇။ ကွမ်းဆေးမီးလျှင်၊ ညှော်သည်မြင်သော်၊ အလျင်ခဏ၊ တည်ပါကြ။
၂၈။ မင်းသွား ငါသွား၊ ပြင်းခိုပွားအောင်၊ စကားဆောက်ဆက်၊ မဆိုအပ်။
၂၉။ မပြတ်မခြာ၊ ဆူလှယ်လာ၍၊ ငါ၏ထံပါး၊ စေစားရရ၊ နေပါကြ။
၃၀။ ရဟန်းသံဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ သင်ဖြူးဖျာနှင့်။ လာ၍ဖြဖြ၊ ခင်းကုန်ကြ။
၃၁။ ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တစ်ထွေ၊ တပည့်တွေတို့၊ တပြေ (ပြည်) တစ်ရွာ၊ သွားသောခါလည်း၊ ညီလာလျောက်ပတ်၊ လက်ကတော့ကို၊ ကောင်းကောင်း ထိုးကုန်လတ်။
၃၂။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွ မွေ့သိမ်၊ ဣန္ဒြေနှင့်၊ ငြိမ်ငြိမ်နေ။ မျက်စိမငြိမ်း၊ နားမငြိမ်းသည်၊ ဟိန်းဟဲ့မဆိုရာစနှင့်။
၃၃။ မျက်မှောက်ကောင်းကြွား၊ ပြင်တပါးမှာ၊ ကခြားမကျုံ့ကြသောနှင့်။
၃၄။ မသင့်တတ်ကြွား၊ ရန်စကားဖြင့်၊ ထွေပြားမွေလီ၊ တစီစီနှင့်၊ တဟိုဟီသည်၊ ကျီစား၍လည်း မနေနှင့်။
၃၅။ ဟီနနတ္တ၊ မဆဲကြနှင့်၊ ကြီးကငယ်သည်၊ နင်ဟယ်ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချုတ်ချည်၊ ရှောင်လွှဲဖည်၍၊ သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်လှ၍သော၊ အချင်းချင်းကို၊ သင့်တတ်စေဟု၊ မအေတာရင်း၊ တစ်ဝမ်းတွင်းသို့၊ သားရင်းတူကွ၊ မှတ်ကုန်ကြ။
၃၆။ သက်န်းအဝတ်၊ ချွတ်ထားပစ်လေ၊ မရှိသေ၍၊ ကလေကဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။
၃၇။ တစ်ယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြကြွလက်သာ၊ မနေရာသည်၊ တတ်ပါသမျှ၊ ညီညာကြ။
၃၈။ ဆရာနေခင်း၊ အင်းပျဉ် ညောင်စောင်း၊ လဲလျောင်း ဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့်၊ မထိုင်နှင့်။
၃၉။ ရှေ့ကစူးစူး၊ ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင်နှင့်၊ ပေါင်ထောင်လသ်ကား၊ အပါးကြပ်ကြပ်၊ မနေအပ်။
၄၀။ ရှင်နှင့်သူငယ်၊ သောက်ရေအိုးကို၊ တခြားတယ်၊ သုံးဖွယ်မသင့်၊ ကျောင်းဦးရေကိုလည်း၊ မသောက်နှင့်။
၄၁။ ကြီးသူငယ်သူ၊ ရှင်လူကစ၊ ဟူသမျှလည်း၊ မိဘဆရာ၊ ဘယ်မှာမမှတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိဘဲ၊ မိမိကိုသာ၊ ထောမနာလျက်၊

ဆတက်လွန်စွာ၊ တို့သူငါကို၊ မပါမည်လား၊ ဘယ်ခန့်ငြားဟု၊ တုတုပပ၊ ပြစ်မှားကြလျှင်၊ မိဒဏ် ဘဒဏ်၊ ဆရာ့ဒဏ်ကို၊ ခံရ လိမ့်မည်၊ မယွင်းစွ။

၄၂။ ရဟန်းသံဃာ၊ အရိယာကို၊ လူသာမညောတို့၊ ချို့ချို့ငဲ့ငဲ့၊ ကဲ့ရဲ့ ကျီစား၊ လှည့်စားမပြု၊ တုဖက်မဆို၊ ရိုသေကြစေ၊ မြွေပွေး မြွေဟောက် မသိစောက်သို့၊ ရှုံကြောက်စေ။

၄၃။ မွေတော်စာတော်၊ ရုပ်တုတော်ကို၊ ဖူးမြှော်မပြတ်၊ မျှော့ကျောင်း ဦးမှာ ဖြည့်ကြဝတ်တက်၊ နံနက်မိုးသောက်၊ ချိန်ခါရောက်သော်၊ ဝတ်လျှောက်မပျက်၊ လက်အုပ်တင်ထား၊ ဘုရားတရားသံဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစားလို့လာ၊ ဆောက် တည်ကြ။

၄၄။ ငါကသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ ဆရာအပ်သော်၊ တက်လှစေချင်၊ ငါကိုသင်ဟု၊ ထိပ်တွင်လည်းရွက်၊ လျင်လျင် ရအောင်၊ ကြိုးစားကျက်။

၄၅။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မရှင်မျက်နှာ၊ မသာမချို၊ ထိုထို အကြံ၊ကြီးစွာဖန်၍၊မအံတင်ခါ၊ အံတက်ခါနှင့်၊မျက်နှာတစ်ပါး၊ စာတခြားလည်း၊စကားပြောဟော၊ တသောသောသည်၊ရယ်မော ၍လည်း မနေနှင့်။

၄၆။ မပြတ်အသံ၊ တည်ညံ့သည်၊ စာအံစာဖတ်၊ ကြပ်ကြပ်မြဲမြဲ၊ သည်လဲ ညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုလေ၊ ပီလှစေ။

၄၇။ သင်ပုန်းထန်းရွက်၊ ပေထက်စီကာ၊ ရေးသောခါလည်း၊ အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှလှစေ။

၄၈။ မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင် ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်၊ ဘင်ကျက်သမျှ၊ စစကုန်စေ၊ နေ့ကိုအလွတ်၊ ရွတ်နိုင်စေ။

၄၉။ ရဟန်းမောင်ရှင်၊ သူငယ်သွင်သို့၊ မသင်ပရွတ်၊ မဖင်စာပေ၊ မရေမရာ၊ နေ့သာကုန်ငြား၊ ရက်သာများအောင်၊ စကား ဖောင်ဖွဲ့ငြား၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော ၍လည်း မနေနှင့်။

၅၀။ တစ်ယောက်တစ်ခြား၊ စကားမဆို၊ ကိုယ်စီကိုယ်ငှ၊ သင်ပုန်းခပ မှာ၊ လက်မကွာအောင်၊ စာရေးကြ။

၅၁။ နွားပန်းဆံနှင့်၊ နောက်ဆံလည်းထား၊ ဖြူထွားခေါင်းပေါင်း၊ နွားထောင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သိကာမြူးရှင်၊ ရွှေငွေ ဆင်၍၊ ဆင်တူသည့်နှယ် မကျင့်နှင့်။

၅၂။ သင်္ကန်းမှလွဲ၊ မိန္ဒြေပြင်၊ လှပချင်၍၊ လွင်လွင်ပပ၊ ဖူးကြွမဆင့်၊ နနွင်းဆိုးနှင့်၊ တိန်းညက်ဆိုးကိုလည်း မဝတ်နှင့်။

၅၃။ ဒသဆယ်ပါး၊ ဘုရားမူပေါ်၍၊ ရှင့်ကျင့်ဝတ်ကို၊ စောင့်ကြပ် မြဲထွေ၊ ညီလှစေ။

၅၄။ ရှေးဆရာမွန်၊ သျှင်သီလဝံသ၊ ထေရ်ဂုဏာ၏၊ နှိမ့်မျှအခကျော်၊ မိန့်ဆော်နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဠိ ဂါထာနှင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်မည်၊ ခက်လှသည့်ကြောင့်၊ ရမည်မြန်စွာ လွယ်ပါစေကြောင်း၊ စိတ်ဖြင့် ကြ၍၊ ညဏ်ဖြင့်ပေါင်းသည်၊ ကောင်းကောင်း ကျက်မှတ်ကြ လေကုန်။

၅၅။ ဗဟုသုတ၊ တတ်ပါချင်လျှင်၊ သင်သာခိုက်ကို၊ သင်လိုက်ကြ။

၅၆။ သို့ပင်သော်စေ၊ မနေရသာ၊ ကျောင်းကခွာသော်၊ နေ့ခင်ခါနေ့ခင်တာ၊ ရှိတတ်စွ။

၅၇။ အတတ်ပညာ၊ တတ်မှသာလျှင်၊ ကျောင်းမှာနေကျိုးနပ်ပည်ပ။

၅၈။ ဆုံးမစကား၊ ဆိုသည်များကို၊ မှတ်ထားဝမ်းတဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ်ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြုံလော၊ မင်းတို့ကျော။

၅၉။ ယခုအခါ၊ သာသနာတွင်၊ လူဖြစ်ရည်မျှ၊ ရခဲလှ၏၊ လူမှ သာမဏေ၊ ဖြစ်စေမြတ်ခြင်း၊ ပဉ္စင်းသံဃာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာ မရှိ၊ မြတ်ခေါင်ထိပ်ဟု၊ သိကြပါစေ၊ သည့်ထက်သည်သာ၊ မြတ်ရာ ဆုကို၊ လှမ်းပါလေ။

၆၀။ သျှင်သီလဝံသ၊ ထေရ်ဂုဏာ၏၊ ဆုံးမစကား၊ မနာကြားက၊ လားလိမ့် ပါယ်ရပ်ရွာ။

၆၁။ ပစ္စုပ္ပန်၊ ခုအခါ၊ နေရကိုယ်ထိသား။

၆၂။ ပညာမရှိ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။

၆၃။ နောက်လိုက်ပန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှဝပါ။

၆၄။ မျက်နှာညှိုးပါး၊ လူ့ငနွား၊ အများစေစားရာ။

၆၅။ စေစားလေလေ၊ ပိုးပဲသာ၊ ခြေနှင့်ကျောက်စရာ။

၆၆။ ခြေကျောက်ပါးကီး၊ လူမိုက်ကြီး၊ နှုတ်သီးသာစာစာ။

၆၇။ ဘယ်ငှာကိုမျှ၊ စွမ်မရ၊ တလွ ရွံ့ဖွယ်သာ။

၆၈။ ဝတ်ရာတောင့်တ၊ ဝမ်းမဝ၊ ချေးရသူ့ဥစ္စာ။
၆၉။ ရခါသော်ကား၊ ငွေ-တောင်းစား၊ ရှောင်ရှားနေလေပါ။
၇၀။ တောမှာပုန်းအောင်း၊ မိုးလေခေါင်း၊ ပြောင်းရွှေ့ရပ်ဝေးစွာ။
၇၁။ ရပ်ရွာတစ်ပါး၊ ရောက်တုံငြား၊ လားလား မလုပ်ပါ။
၇၂။ ပမာသွင်သွင်၊ တွေ့ခလမြင်၊ ကိုင်ငင်ထိုးတွန်းကာ။
၇၃။ ကြွင်နှာရိပ္ပတ်၊ တလျပ်လျပ်၊ ရက်ပြတ်ငတ်တို့ပါ။
၇၄။ ရှာဖွေချေးငှား၊ မရငြား၊ သွားချိခိုးလေပါ။
၇၅။ ခိုးခါမိလေ၊ ထိုးခုတ်လေ့၊ ကျလေပါယ်ရမ်ရွာ။
၇၆။ ညှဉ်စာရွှေကျမ်း၊ ဆိုးမခန်း၊ ရဟန်းလူရှင်၊ လွန်ကြည်လင်
ထင်လိမ့်ယခုခါ။
၇၇။ ဝါယာလုံးလ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။
၇၈။ လိမ္မာသိတတ်၊ လောကဓာတ်၊ တတ်လိမ့်များဂုဏ်အင်။
၇၉။ သိမြင်ကျမ်းဂန်၊ သူ့ထက်လွန်၊ ဂုဏ်မွန်အများလင်။
၈၀။ ရှင်လူအများ၊ လွန်ခန့်ငြား၊ သိကြားနတ်အသွင်။
၈၁။ ရွှင်ရွှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မနွမ်းမျက်နှာမြင်။
၈၂။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပ္ပဂုဏ်မြတ်ရှင်။
၈၃။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့်လွန်ပေါ်ထင်။
၈၄။ ရပ်ခွင်တစ်ပါး၊ ပြောင်းလဲသွား၊ ဖိုးများကျောက်အသွင်။
၈၅။ ကောင်းကင်မိုးဝ၊ ရောင်ထွန်းပ၊ လပြည့်ဝန်းအသွင်။
၈၆။ သံသရာဘဝ၊ ပြောင်းလှည့်ကြ၊ ဒေဝနတ်ဘုံတွင်။
၈၇။ များပင်နတ်ပေါင်း၊ ရုံသိန်းသောင်း၊ လောင်းတော်နတ် အသွင်
၈၈။ ပဋ္ဌာန်းငါးမည်၊ နတ်တို့စည်၊ မြည်သည်မဆုံးအောင်။
၈၉။ ဒေဝကညာ၊ ဆင်းကလျာ၊ ရလှာပတ်ကုံးအင်။
၉၀။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်။
၉၁။ အလျင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရမချွတ်ပင်။



## လောကသာရ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

''လောကသာရ'' ဟူသော စကားသည် လောက၏အဖိုးတန် အဆီအနှစ် (ဝါ) လူ့လောက အနှစ်သာရ ဟူ၍ အဓိပ္ပာယ်ရပေသည်။ ထို ဆုံးမစာကို ရေးသားသော ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ဝိဝါဒကွဲခဲ့ပေသည်။ အချို့က ထိုဆုံးမစာကို အင်းဝမင်းခေါင်၏ ဆရာအရှင် မဟာဇေယျဂုဏ္ဍ ရေးဖွဲ့သည် ဟူ၍ လည်းကောင်း၊ အချို့က အင်းဝ ဒုတိယ မင်းခေါင်၏ ဆရာရခိုင်ဘုန်းတော်ကြီး ရေးဖွဲ့သည် ဟူ၍လည်းကောင်း မှတ်သားခဲ့ကြသည်။

သို့ရာတွင် ဦးမဏိ၊ အုတ်ကျောင်း ဆရာတော် ဦးပိုး၏ နောင်ထော် ဦးမှတ် ပြည်ဆရာတော်၊ သံတော်ဆင့် ဇေယျသင်္ခယာ ကင်းဝန် မင်းကြီးတို့က ကန်တော်မင်းကျောင်း ဆရာတော် ရေးဖွဲ့ကြောင်း တညီတညွတ်တည်း လက်ခံကြပေသည်။

ကန်တော်မင်းကျောင်း ဆရာတော်သည် အင်းဝ ဒုတိယ မင်းခေါင်၏ အရိုးတော် မင်းလှထွတ် (ထူပါရုံ ဒါယကာ နရပတိ၏ သမီးတော် စစ်ကိုင်းမိဖုရား)၏ ဆရာတော် ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်က ကန်းတော်မင်းကျောင်း မေတ္တာစာတွင် ''အရိုးတော်ဆရာ၊ မဟာထေရ်ကျော်'' ဟူ၍ မိမိဂုဏ်ရည်ကို ဖော်ထုတ်ခဲ့ပေသည်။ လောကသာရ ဆုံးမစာသည် ပျို့လင်္ကာသွားနှင့် ရေးသားထားသော ဆုံးမစာပင်ဖြစ်၍၊ သက္ကရာဇ် ၁၅၀ ပတ်ဝန်းကျင်တွင် ရေးသားထားခဲ့ဖွယ် ရှိပေသည်။

လောကသာရ ဆုံးမစာတွင် အမျိုးလေးပါးကို ဆုံးမသောအခန်း၊ မင်းကို ဆုံးမသောအခန်း၊ ပုဏ္ဏား (မင်းဆရာ၊ မင်းအမတ်) ကို ဆုံးမသော အခန်း ဟူ၍ သုံးပိုင်းခွဲခြားထားပေသည်။ လူလည်း လူ့ကျင့်ဝတ်၊ မင်းလည်း မင်းကျင့်ဝတ်၊ မင်းဆရာလည်း မင်းဆရာကျင့်ဝတ် အားဖြင့် အဖက်ဖက်မှ ပြည့်စုံပါမှ နိုင်ငံတော် စည်ပင်သာယာမည့် အကြောင်းကို နှလုံးသွင်းမိဟန် ရှိပေသည်။ မြန်မာဘုရင်များ လက်ထက်တော်က ပုဏ္ဏားဖြူ၊ သို့မဟုတ် ဟူးရားဖြူဟု ခေါ်သော ပုဏ္ဏားတို့သည် သားမြေးစဉ်ဆက် ခစား၍၊ ဗေဒင်ယတြာ၊ လောကီမှုကိစ္စတွင် အကြံပေး၊ အခါပေး၊ နိမိတ်ဖတ်၊ ဗလိပူဇော် စသည်များ၌ ပါဝင်ဆောင်ရွက်လေ့ ရှိကြသောကြောင်း ထိုလူတန်းစားကိုသီးခြား ရည်ညွှန်း ဆုံးမ ထားသည်မှာ ဤဆုံးမစာ၏ထူးခြားချက်ပင် ဖြစ်ပေသည်။



# ၅။ လောကသာရ ဆုံးမစာ

## ကန်တော်မင်းကျောင်းဆရာတော်

### အမျိုးလေးပါးကို ဆုံးမခန်း

၁။ ကြွားပိမ့်သူမြတ်၊ အမြဲမှတ်စိမ့်၊ ဟိတဿိက၊ သြဝါဒဖြင့်၊ ဆုံးမပေးထွေ၊ နားဝင်စေလော့၊ နေ့သို့တင်ရှား၊ ဘုရားတရား သံဃာ၊ ရတနာထွတ်ထား၊ မြတ်သုံးပါးကို၊ ဦးဖျားထိပ်ထက်၊ အမြဲရွက်၍။ ။စုံမက်သဒ္ဓါ ကြည်စေမင်း။

၂။ အသက်ရှည်စွာ၊အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍။ ။ကောင်းကျိုး ကိုယ်၌တည်စေမင်း။

၃။ သက်ကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်သို့၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကျုံ့သို့၊ နှုတ်တုံ့မဝံ့၊စောင့်မာန်ညွှံ့၍၊ကြောက်ရွံ့ရိုသေ သည်းခံထွေဖြင့်။ ။ကောင်းတေနှလုံး ရှည်စေမင်း။

၄။ ဆန္ဒဒေါသ၊ ဘယမောဟ၊ အပါယ်ကျသား၊ မမှားလေးမည်၊ ဂတိဘည်၍၊ လူ့ပြည်နတ်ရွာ၊ ချမ်းသာကောင်းမွန်၊ စံစုန်ဆန်လျက်၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကျင့်ကောင်းသီလ၊ လှူဒါနနှင့်၊ ပုညလယ်မြေ၊ စိုက်ကြဲထွေဖြင့်။ ။မျိုးခြေအပင် စည်စေမင်း။

၅။ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးမြဲစွာ၊ သတ္တဝါကို၊ မေတ္တာသက်ပေ၊ လူ့ဖိုဝေ၍၊ စိတ်စေကြည်သန့်၊ သဘောမှန့်သား၊ ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှမ်ပါးမြင်တတ်၊ သူတော်မြတ်ကို၊ မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍။ ။မြဲပင်စင်းလျင်း ပေါင်းယှဉ်မင်း။

၆။ ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွား မမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်ခရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရှန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးမွှာ ရှဲ၍။ ။ရှောင်လွှဲကြဉ် နိုင်စေမင်း။

၇။ ပါထောတိုပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူသူ့သားမယား၊ အိမ်ယာ မမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါနလှူဝတ်၊ ရက်မချွတ်လျှင်၊ မပြတ်ဆောက်တည်၊ ဆုကြီးရည်၍၊ မကြည်နိုက်ရှန့်၊ သူကျူးလွန့်သည်။ ။မျက်မာန်မပြင်းကောင်းစေမင်း။

၈။ မိခင်ဖခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုဆိုးသို့၊ ရှိခိုး ဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ၊ ပြုဟုပ်ကွလျက်၊ ကြီးထသက်ဒို၊ မျိုးဆွေကိုလည်း၊ ကြည်ညို ညွှတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍။ ။ခပ်သိမ်းမယွင်း ငြိမ်းစေမင်း။

၉။ စတုဒိသာ၊ လေးမျက်နှာမှ၊ ရောက်လာအများ၊ ပုဏ္ဏားရဟန်း၊ ဆွမ်းပန်းချို့တဲ့၊ ရိက္ခာမဲ့ကို၊ ဆည်းခဲ့ဥစ္စာ၊ အိမ်လှောင်ခါ၌၊ လှူယ်ကာထားယူ၊ ထိုသူကို၊ လိုတူမှတ်သား၊ သနားမြတ်လေး၊ ဝတ်စားပေး၍။ ။ကျွေးမွေးထံရင်း ငြိမ်းစေမင်း။

၁၀။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ သုံးပါးလက္ခဏာ၊ မခြာအောက်မေ့၊ တစေ့စေ့လျှင်၊ အနေလေ့အသ၊ ကွပ်ဆုံးမ၍၊ ပဥ္စခန္ဓာ၊ ငါးဖြာ နာမ်ရုပ်၊ ဖြစ်ချုပ်ကြိမ်ဖန်၊ စက်အဟန်သို့၊ ဖန်တလဲလဲ၊ ဝဋ်ဆင်း ရဲကို၊ ဝမ်းထဲသဘော၊ ထိတ်လန့်ထွေဖြင့်။ ။ရှိုးရှေသည်းတွင်း ကျိန်းစေမင်း။

၁၁။ လောဘဒေါသ၊ မောဟသူပျာ၊ နေ့တိုင်းဖျက်၍၊ အချက်သည်း လွန် တဖျင်သန့်လျက်၊ ပြေးလွန်ဖင်ဖင်၊ အာရုံမြင်က၊ ခင်ခင် မှတ်မှတ်၊ လိုက်လတတ်သား၊ ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထုံးပိုင်းမခြား၊ ယဉ်စိမ့်ငှာလျှင်။ ။ပညာထိန်း၍ မှိန်းစေမင်း။

၁၂။ လယ်လုပ်ကုန်သွယ်၊ ကြွေဆယ်မြီချ၊ တွက်ဆစိတ်ပြား၊ စီးပွား အရင်း၊ လက်ကျမ်းတက်တိုး၊ ထပ်ပိုးနှစ်လီ၊ ချသည်မပြတ်၊ အိမ် ထောင့်ထတ်ဖြင့်၊ အမှတ်မြဲမြံ၊ လုပ်ကြံကြိုးစား၊ ကျွန်ုပ်သွားဆိတ်ဝက်၊

ဝမ်းဘဲငှက်နှင့်၊ ကြက်ကမကြွင်း၊ သိမ်းငှမ်းပြင်လျက်၊ မျောခြင်း
စုံစီ၊ ဖန်တီးဝယ်ရောင်း၊ ထပ်ခါလောင်း၍၊ ပဲပြောင်းစပါး၊
ကျီပြည့်ထားလျက်၊ ခွက်ပြားရွှေငွေ၊ ဆည်းပူးတွေ ဖြင့်။ ။
မျိုးဆွေမိုးဇင်း ကြွယ်စေမင်း။

၁၃။ ထုံးတီးနည်းနာ၊ အဖြာဖြာ၌၊ ပညာရှိမှီး၊ မကြီးသက်ရွယ်၊
အငယ်သောက၊ ကြိုးလုံးလ၍၊ နှိမ့်ချပုဆစ်၊ ဆရာစစ်၌၊
ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးတွေဖြင့်၊ စာပေတတ်ကြောင်း၊
ထိုချောင်းချောင်းလျှင်၊ ခြိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌၊ သင်အံ
ကျက်လေ့၊ တစ်နေ့တခါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍
အထွေအထူး၊ ဂုဏ်ကျေးဇူးကို။ ။ဆင်းပူးသိမြင် ကြွယ်စေမင်း။

၁၄။ ဘေးဘိုးစဉ်ဆက်၊ မပျက်သုံးစွဲ၊ ကျင့်မြဲလေ့လာ၊ စာရိတ္တဖြင့်၊
မိဘအလိုက်၊ စရိုက်ကျင့်ရိုး၊ အမျိုးအနွယ်လျှဉ်၊ စောင့်စည်းကြဉ်
၍၊ အယှဉ်အပေါင်း၊ ခင်ပွန်းကောင်းနှင့်၊ သူဟောင်းသက်ကြီး၊
ထုံးနည်းတီးကို၊ မငြီးမငွေ့၊ မှတ်ကျက်လေ့၍၊ ချောသွေ့စကား၊
စပ်ကြားသူပျက်၊ ကုန်းတိုက်ဖျက်လည်း။ ။ရက်ရှက်မယုံလွှယ်
စေမင်း။

၁၅။ သူတော်တကာ၊ တတ်စရာသား၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ အဘတ်
များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တတ်သိအပ်စွ၊ ထိုသိပ္ပကို၊
နှံ့မျှလုံးခြုံ၊ မတတ်ဘုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှု
ကုန်အောင်၊ စီးပွားဆောင်လော့၊ ညဉ့်မှောင်ရောက်ဘိ၊ ကြက်မျက်
စိသို့၊ မိမိကိုယ်ဖို့၊ အတတ်ချို့မူ၊ သူတို့ပြစ်တင်၊ ကဲ့ရဲ့မြင်အံ့၊ ထင်ထင်
မျက်မြှော်၊ မကောင်ရော်သည်။ ။အိုသော်သူမရယ်စေမင်း။

၁၆။ ဿရာဇါသ၊ သမ္မာဇဟု၊ ကိစ္စမြားမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်
သက်မွေး၊ ခြန္တာမြေးသား၊ လူရေးကျယ်စွာ၊ အဖြာဖြာကို၊ လိမ္မာ
အတတ်၊ ချားရဟတ်သို့၊ လည်ပတ်ပြီးမှ၊ ကြံဘွက်ဆ၍၊ လုံ့လ
ပင်မည်၊ အရင်းတည်လျက်၊ ခက်ရှည်ပညာ၊ ချမ်းသာအသီး၊
ကြီးစရွေ့ရွေ့၊ အာ့ဝေလေ့ဖြင့်၊ မမေ့မကျွန်၊ လူမှုပွန်လျက်၊ စောင့်
မခံနိမ့်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍။ ။နှလုံးသန့်စင်ကြည်စေမင်း။

၁၇။ လေးကျွန်းထိပ်ခေါင်၊ မြင်းမိုရ်တောင်နှင့်၊ ချိန်ဆောင်နိုင်းလှည်း၊
အတိုင်းမသိ၊ ကျေးဇူးရှိသည့်၊ အမိကားတိုက်၊ သိုက်ကားမယွား

သွားနှယ်အဆက်၊ ခက်လက်မျိုးဆော့၊ ကျွန်ခြေရွှေနှင့်၊ အုပ်ထွေ
မကွဲ၊ လူခပဲကို၊ ဆင်းရဲပျောက်ပယ်၊ ချမ်းသာကယ်၍၊ လူဝယ်
လူကောင်း၊ ဖြစ်တော်ရှောင်းဟု၊ လူပေါင်းပြောပ၊ ချီးမွမ်းရ
လျက်၊ ကြောင့်ကြဘေးဘျမ်း၊ ဖျောက်နိုင်စွမ်းသား၊ စိတ်ဝမ်း
ပြောင့်တန်း၊ ဆွေခင်ပွန်းကို။ ။ချစ်ပန်းနှံ့ မပြယ်စေမင်း။

၁၈။ စေ့မြွသိပ်သည်း၊ ရွှေ့ရွှေ့ဆည်းဘော်၊ စရှည်းအိုးခွက်၊ ကြီးစွာ
လျက်တည့်၊ တံစက်ကျမျှား၊ ပြည့်သောလားသို၊ ပျားဓါနည်းထုံး၊
မှတ်ကျင့်သုံး၍၊ ခြပုံးတောင်ပို့၊ ဖွံ့သည်ခြင်းရာ၊ လူလိမ္မာတို၊
ဥစ္စာဆည်းယှေ့၊ တက်လှစေလော့၊ ကြွက်သောတစ်ခု၊ အရင်းပြု၍၊
ကြွယ်မှုကတ်ဆုံး၊ သဌေးထုံးကို၊ နှလုံးမူလျက်၊ ကြံစည်နက်၍။ ။
သူ့ထက်လွန်ကဲ ကြွယ်စေမင်း။

၁၉။ လုံ့လပညာ၊ လိမ္မာတတ်ကုံ၊ ဆင်ရွယ်စုံသို၊ ကိုယ်ရုံမြဲမြံ၊
စိတ်ကောင်းသံလျက်၊ လုပ်ကြံဘေသပ်၊ ယောကျ်ားမြတ်တို၊ မှတ်
သည့်အတိုင်း၊ ပြည့်လိုင်းချမ်းသာ၊ စီးပွားလာ၏၊ ပညာချို့တဲ့၊
လုံ့လမဲ့ဟု၊ ကဲ့ရဲ့သဂြိုဟ်၊ လူမျှားဆိုလည်း၊ ကိုယ်ကိုမချစ်၊ အကျင်
ညစ်သား၊ အပြစ်ဖွဲ့သို၊ လူသုမ်းတိုကား၊ မညာသိုမသိ၊ ပျင်းရိ
ရိလျှင်၊ ရှိသည်ကောင်းဖို့၊ ကြမ္မာပို့ကာ၊ ငါတို့နေရာ၊ စီးပွား
လာဟု၊ ကြမ္မာကိုချည်း၊ မှတ်ထင်ရှည်းရှင့်၊ ကျင့်နည်းဘုမ်းဆုံး၊
သူပျက်ထုံးကို။ ။နှလုံးမငြိ တွယ်စေမင်း။

၂၀။ ကြောင်းပေါ်ခရီး၊ လမ်းအနီး၌၊ ပင်ကြီးပဒေသာင်၊ မြစ်တစ်
ထောင်နှင့်၊ မြားမြောင်ခက်လက်၊ ရွက်လည်းစိပ်စိပ်၊ စေ့စေ့
သိပ်လျက်၊ ရိပ်လည်းမြိုင်မြိုင်၊ လေမနိုင်လျှင်၊ ပွင့်ခိုင်သီးမှည့်၊
အပြည့်ကျေးငှက်၊ စားလျက်သောင်းသဲ၊ မှိစဲလူဗိုလ်၊ ရိပ်ခိုအမျှား၊
ခရီးသွားတို့၊ နေနားပျော်ရွှင်၊ ထိုသစ်ပင်ကား၊ ဂင်လာသသူ၊
ခပ်သိမ်းလူကို၊ ဆာပူငြိမ်းအောင်၊ စီးပွားဆောင်သို၊ လူ့ဘောင်
သူကြွယ်၊ လူကုန်ဘည်လည်း၊ ထိုနှယ်လည်းကောင်း၊ မျိုးပေါင်း
ဆွေဝါး၊ လူအမျှားကို၊ စီးပွားချမ်းသာ၊ နေ့တိုင်းရှာလျက်၊
မေတ္တာမကင်း၊ မ္ဂစခြင်းဖြင့်။ ။ထံရှင်းမှီ ကိုးကွယ်စေမင်း။

၂၀။ ပျူပျူငှာငှာ၊ လူတကာကို၊ သာသာချိုချို၊ ချစ်ဖွယ်ဆို၍၊
စိုစိုပြည်ပြည်၊ ကျင့်မူနည်းဖြင့်၊ လည်လည်ပတ်ပတ်၊ လောက

ဝတ်၌၊ ပြွတ်ပြွတ်သားသား၊ အပြားပြားလျှင်၊ မှုမျှားခပ်သိမ်း၊ ဆောင်တိုင်းငြိမ်းလျက်၊ သူစိမ်းသူကျက်၊ ပေါင်းဖက်သရွေ့၊ မိဘတွေ့သို့၊ မွေ့မွေ့လျော်လျော်၊ ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျားနှင့်၊ ဝယ်စားပေပံ့၊ ပြည့်ဖြိုးဖြန့်လျက်၊ အနွံ့ကျွန်ကျေး၊ ဆွေသားမြေးကို။ ။ကျွေးမွေး မည်းငယ်မေမင်း။

၂၂။ လောကသာရ၊ ကျမ်းအစ၌၊ ဆုံးမစကား၊ မျိုးလေးပါးတို၊ မှတ်သားစိမ့်ငှာ၊ ပျို့လင်္ကာဖြင့်၊ နည်းနာထွေပြား၊ လုံးပေါင်းကြားသည်။ ။တခြား ပထမပိုင်းတည်း။

မင်းကိုဆုံးမခန်း

၂၃။ ပြည်သူ့ချမ်းသာ၊ လောကပတိ မြေကြီးသနင်း၊ မင်းတို့ကျင့်ရာ၊ ဆုံးမနာလှ၊ မဟာသမ္မတ၊ ခတ္တိယတို့၊ နေကျကျင့်ရိုး၊ ကောင်းကျိုးအလှူ၊ စွန့်ကြဲမှုလျက်၊ စိတ်ဖြူဖြောင့်စင်း၊ နူးညံ့ခြင်းဖြင့်၊ သီလာင်းစောင့်စည်း၊ မျက်နည်းသည်းခံ၊ ခြိုးခြံသမှု၊ မပြုညှဉ်းဆဲ၊ ဆင်းရဲမရှာ၊ မေတ္တာပွားဖြန့်၊ လူအဝန်းအား၊ မဆန့်ကျင်စေ၊ ဤသို့ရေးသား၊ ဆယ်တွေစောင့်ကြပ်၊ တရားကွပ်၍၊ လက်ယပ်ခေါ်ပြု၊ သင်္ဂြိုဟ်မှုလည်း၊ လေးခုအစေ့၊ ပြကတေ့ဖြင့်။ ။ကျင့်လေ့ မကြွင်းကျန်စေမင်း။

၂၄။ ပြည်ကြီးသနင်း၊ မင်းဟူသည်ကား၊ ကြံစည်သူ့ထက်၊ ဆယ်ဆတက်၍၊ အိပ်စက်နည်းပါး၊ လူအများကို၊ စီးပွားချမ်းသာ၊ နေ့တိုင်းရှာလျက်၊ အခါခပ်သိမ်း၊ မှတ်မိမ်းခိုးသူ၊ မပူစေရ၊ ဆုံးမကွပ်ညှပ်၊ ပညာပ်မလွန်၊ ရှေးမင်းမွန်တို့ညွှန်ခဲ့သောတိုင်း၊ ကျင့်သမိုင်းဖြင့်၊ နှုန်းနှိုင်းမယွင်း၊ တံမျဉ်းခင်းသို့၊ ကျင့်ခြင်းမချွတ်၊ တည့်ကည့်မတ်၍၊ လူနတ်ချစ်ဖွယ်၊ ကျေးဇူးကြွယ်လျှ။ ။ကျင့်နွယ် လမ်းရိုး မှန်စေမင်း။

၂၅။ မမှမလျှ၊ မနေါ့လုပ်ကြံ၊ ကျွန်ကိုယ်ရံလည်း၊ မြဲမြံစောင့်ရှောက်၊ ထက်အောက်တွင်းပြင်၊ မွမ်းဖြင့်အပြည့်၊ အိပ်ဖန်ထည့်လျက်၊ အကြည့်အရှု၊ အမူမသင့်၊ အကျင့်မကောင်း၊ အဟောင်းအသစ်၊ ထွက်ဝင်စင်လျက်၊ ကျွန်ချစ်ကျွန်ယုံ၊ ထမ်းကုံမှုများ၊ ရှေခြားမြော်

မြှင်၊ တိုင်ပင်ကြံသီး၊ အမတ်ကြီးကို၊ အနီးထံပါး၊ သက်စောင့်ထား၍၊ ယုံမှားမဲ့လျှင်း၊ နှလုံးသွင်းလျက်။ ။ချစ်ခြင်းသူ့ထက် လွန်စေမင်း။

၂၆။ ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့၊ ကြံတွေးလှည့်ကာ၊ မသိသာလည်း၊ ရေးရာမြှင်မြှင်၊ မဖြစ်ခင်က၊ တိုင်ပင်မပြတ်၊ ကျွန်မှူးမတ်နှင့်၊ ကျမ်းတတ်ဟူးရား၊ တတ်မြောက်များသား၊ ပုဏ္ဏားရဟန်း၊ ရှေ့တွင်ဝန်းလျက်၊ ကိန်းခန်းဒသာ၊ အခါမေးမြူ၊ ကောင်း၏ဟူလည်း၊ ကျင့်မူမမေ့၊ အမလေ့ဖြင့်၊ အရှေ့အနောက်၊ တောင် မြောက်ရေကြည်း၊ စီစဉ်တည်းလျက်၊ စောင့်စည်းရုံတား၊ ကင်းသေထား၍။ ။မြေခြားသူမလွန်စေမင်း။

၂၇။ သူ့ပြည် သူ့ရွာ၊ သူ့ရပ်မှာ၌၊ ခြင်းရာ သိကြောင်း၊ ညှို့ပျောင်းရောဝင်၊ တိုင်ပင် ကြံထွေ၊ သူလျှိုစေ၍၊ မနေစုံစမ်း၊ ကြိုးပမ်းလုပ်ဆောင်၊ အားအနထောင်လျက်၊ နောက် နောင် မြေး သား၊ စီးပွားစဉ်ရှည်၊ တည်စိမ့်သောကြောင်း၊ နှုတ်ကောင်းခွန်းသာ၊ လက်ဆောင်စာနှင့်၊ စေပါစင်းလျင်း၊ ထိုထို မင်းကို၊ ချစ်တင်းမေးမြန်း၊ ဆွေခင်ပွန်းဟု၊ မိတ်မှန်းကြည်ညို၊ တံတစ်စဆို၍။ ။ချစ်လိုစကား မှန်စေမင်း။

၂၈။ ထိုပြည် ထိုရွာ၊ ထိုရပ်ရွာ၌၊ ဇာတာအလို၊ ဂြိုဟ်လည်းမကောင်း၊ ထပ်လောင်း တိုတ်ထို၊ ပျံတို ကျေးငှက်၊ နှုတ်ထွက် စနည်း၊ နှောင့်ယှက်သည်းမူ၊ စောင့်စည်းရုံတား၊ မန္တရားနှင့်၊ သမားကွယ်ကာ၊ လွတ်စိမ့်ငှာ ဖြင့်၊ ဂြိုဟ်စာလည်း ပေး၊ သနွေးပူဇော်၊ သကြံန်ခေါ်လျက်၊ သုံးဘော်မြတ်စွာ၊ ရတနာကို၊ မကွာကပ်ဆည်း၊ ကောင်းမှုချည်းလျှင်၊ ဖြင့်ပည်းပြောထူ၊ စွန့်ကြဲလှူ၍။ ။ကြည်ဖြူစိတ်ထက် သန်စေမင်း။

၂၉။ ခပ်သိမ်းပြည်သူ၊ လူ ရဟန်းကို၊ သိမ်းမြန်းပိုက်ထုပ်၊ ကြက်သားအုပ်သို့၊ မလှုပ်စေကြောင်း၊ ဖြည့်ဖြားယောင်းလျက်၊ ကျင့်ဟောင်းမလွန်၊ တုတ်ခွန်မပြင်း၊ သနားခြင်းနှင့်၊ နှိပ်နင်းကလူ၊ မပူစေရ၊ ကွပ်ဆုံးမလော့၊ ထွန်းပပြောင်ပြောင်၊ ယက်မိုးခေါင်၌၊ အရောင်ချမ်းလွန်၊ လဗိမာန်လျှင်၊ ပူပန်မရှိ၊ ငြိမ်းစေဘိသို့၊ ကြယ်တိရံကာ၊ တင့်တယ်စွာသား၊ ပမာပုံသင့်၊ လနှယ်ကျင့်၍၊ လင်းပွင့်တိုင်းကား၊ စည်ပင်ပွားလျက်။ ။လူများကောင်းချီး တွန်စေမင်း။

၃၀။ လူတို့အာထိပ်၊ စိုးမိုးနှိပ်သား၊ တံဆိပ်မှန်ကင်း၊ မင်းတို့သည်ကား၊ ဖွေနည်စိစစ်၊ ရန်အမြစ်ကို၊ တူးပစ်နိုင်ဧ၊ ရန်မြစ်သေမှ၊ ရွာနေပြည်သူ၊ ရဟန်းလူတို့၊ မထူဆော၊ ငြိမ်းချမ်းသာအံ့၊ မလာနှစ်ဆစ်၊ မိုးကြိုးလစ်သို့၊ ရန်စစ်တို့ကို၊ ဖျောက်လွင့်ဖြိုလျက်၊ ရန်ကိုမရှည့်၊ ရဲစွမ်းဖြည့်သား၊ မလည့်ငွဲခေ၁င်း၊ သူရဲကောင်းကို၊ များကြောင်းဆည်းပူး၊ ပေးဂမ်းမြူးလျက်၊ ကျေးဇူးအလိုက်၊ သိမ်းမြန်းပိုက်၍၊ ချစ်ကြိုက်သနား၊ သား ။ လားသို့။ ။ဖြည့်ဖြားမင်းရေးပွန်စေမင်း။

၃၁။ ဟောမ ဒေဝ၊ စသည်အမြွား၊ နတ်လေးပါးတွင်၊ တစ်ပါးမည်မှတ်၊ လူထွတ်ဦးစွန်း၊ ဘုန်းရောင်ထွန်းသား၊ လျှံဝင်းစိုးပိုက်၊ မင်းသို့လိုက်၍၊ ပြည်ဦပြည်သူ၊ မင်းအတူလျှင်၊ ကျင့်မှုမလွဲ၊ သုံးစွဲလေ့လာ၊ ကျင့်ကုန်ရာရှင့်၊ ရာဇာပြဋ္ဌာန်း၊ ကြင့်နှန်းမှန်ကင်း၊ အကြောင်းရင်းကား၊ မင်းလျှင်တစ်ယောက်၊ လုံမစောက်ဖြင့်၊ မကောက်မယွန်း၊ တော်ဖြောင့်တန်းက၊ ထက်ဝန်းဗိုလ်ပါ၊ လူတစ်ကာလည်း၊ ညီညာကောင်းမွန်၊ မင်းအဟန်သို၊ တော်မှန်ကျင့်မှု၊ နှလုံးပြုလျက်၊ ပြည်သူ့မျက်ပွင့်၊ ကောင်းအောင်ကျင့်လော့၊ ပုံသင့်ကျင်းလာ၊ ဥပမာကား၊ အရာအထောင်၊ နွားကုန်အောင်တွင်၊ ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားမူ၊ နွားများစဉ်စိုက်၊ ဖြောင့်ဖြောင့်လိုက်သို့၊ စရိုက်ကျင့်မူ၊ ခပ်သိမ်းလူတို့၊ ထို့တူလည်းကောင်း၊ ဖြစ်ရာရှောင်းသည်။ ။မင်းကောင်းတော်ဖြောင့် မှန်စေမင်း။

၃၂။ မာသုကုဏ္ဍိမဟာရာဇ၊ မာသုကုဏ္ဍိရဓထေသာ၊ သမ္ဗုဒ္ဓလျှင်၊ ဆုံးမဟောကြား၊ ဤတရားကို၊ မှတ်သားစည်းပြု၊ သည်းခံမှုဖြင့်၊ ပြည်သူ့ခရည်း၊ မျက်တော်နည်းလော့၊ ချုပ်တည်းအမျက်၊ ထက်လည်းမပြင်း၊ လူခမ်းကား၊ မင်းကိုဟူက၊ လောင်ပူရဲရဲ၊ မီးကြီးခဲသို့၊ မီးထဲချွဲချွဲ၊ အမျက်မဲ့လည်း၊ တုန်လှုပ်သီးချား၊ ကြောက်လန့်ရှာ၏၊ ပြင်းစွာအမျက်၊ ထွက်တပြီးကား၊ ကြက်သီးတဖွန်၊ ဦးဖျားမွန်မျှ၊ အလုံးအကျုံး၊ ကြောက်မိန်းမူးလိမ့်၊ ဆူးဆူးဆုးရား၊ အမျက်အသားကို၊ ရားချုပ်ကိုင်၊ မဆယ်နိုင်လည်း၊ စိတ်ခိုင်ဟည်တံ့၊ ဆင်ခြင်ငုံ၍၊ ဝံ့နှစ်ဆစ်၊ ကြိမ်ဖန်ဆစ်လျက်၊ အပြစ်အလျောက်၊ သုံးကြိမ်မြောက်မှ၊ သေလောက်မလျော်သော၊ မင်းဒဏ်ပေးလည်း။ ။ကွပ်ရေး မများစေနှင့်မင်း။

ခပ်သိမ်းပြည်သူ၊ လူတို့ထိပ်မှီး၊ ရေမြေစိုးသည်၊ပြည့်ဖြိုးချမ်းသာ၊
မင်းကြီးစွာတို့၊ ကျင့်ရာအပြား၊ ခုနစ်ပါးလျှင်၊ စီးပွားစင်စစ်၊
များစွာဖြစ်၏၊ ရှင်ချစ်ဘုရား၊ မင်းတို့အားကို၊ ဟောထားခဲ့သည်၊
ခုနစ်မည်ကား၊ ပြည်ဦးစောင့်မှတ်၊ နတ်ကိုမြတ်နိုး၊ အမျိုးဆွေနီး၊
သက်ကြီးရှိသေ၊ ပြည်နေရွာသူ၊ နိုင်ထက်မူဖြင့်၊ မယူသားမြေး၊
မှူးရေးတိုင်ပင်၊ညီညွတ်အင်နှင့်၊ လာချင်ထက်ဝန်း၊ ရဟန်းပုဏ္ဏား၊
သိမ်းပကား၍၊ ဖြည့်ဖြားကျွေးမွေး၊ မလာသေးသည့်၊ နီးဝေး
ရပ်သား၊သူတို့အားကို၊ မသွားစေအောင်၊ ကျေးဇူးဆောင်လျက်၊
ပြည်ထောင်စုံးကွမ်၊ ပညာပ်မလွန်၊ လမ်းမှန်စိုက်စိုက်၊ ရာထပ်
လိုက်၍၊ တိမ်တိုက်လှစ်ထွန်း၊လအဝန်းသို့၊ လေးကျွန်းရိပ်မှောင်၊
ဘုန်းအရောင်ဖြင့်၊ ပြောင်ပြောင်ဝင်းဝါ၊ ချမ်းငြိမ်းသာ၍။ ။
ပြည်ရွာတိုင်းကား ပွားစေမင်း။

၃၄။ သမ္ဘာရင့်ဖြိုး၊ ရှေးကောင်းကျိုးကြောင့်၊တန်ခိုးထွက်လျှံ၊လူ့ထိပ်
စံသား၊ ဘုန်းခံ့ရန်နည်၊မင်းတို့သည်ကား၊ အရှည်ရေးရာ၊ မြင်နိုင်
စွာသည်၊ လိမ္မာတတ်သိ၊ ပညာရှိကို၊ ပီတိချစ်ပြင်း၊ နှလုံးသွင်း၍၊
ဆိုတွင်းထွက်သံ၊ နားပါးခံလျက်၊ ထုံးစံနည်းနာ၊ တိုင်ပင်ရာ၏၊
ဉာဏ်ဝါထွန်းမြူး၊ဂုဏ်ဖြင့်ထူးသား၊ ကျေးဇူးရောင်ညီ၊ ပညာ
ရှိနှင့်၊ပြည်ကြီးသနင်း၊ပြည့်ရှင်မင်းတို့၊မကင်းစေရာ၊ ဥပမာကား၊
ရတနာကျောက်ဂူ၊ နန္ဒမူဉ်၊မဉ္ဇူပန်းလား၊ ကျော်ထင်ရှားလျက်၊
နှစ်ပါးပေါင်းဖက်၊ အကျိုးနက်အံ့၊ ထမ်းရွက်ပြုစု၊ ပြည်ထဲမှု
ကြောင့်၊ စေ့ငှမြင်ပြီး၊ပညာကြီးကို၊ နည်းတီးထုံးရေး၊ ပုံစံသွေး
၍။ ။ကျင့်ရေး လွန်စိတ်ဖြာစေမင်း။

၃၅။ ဆင် မြင်း ရထား၊ ခြေသည် အားနှင့်၊ လေးပါး စစ်အင်၊ စစ်
ဘုရင်လည်း၊ မွမ်းဖြင်ဖြိုးထွေ၊ များလှစေလော့၊ အနေမကျ၊
ရန်စစ်ထမူ၊ ဖြဖြလိုက်လံ၊ စစ်ဦးနှံ့မှ၊ ရွှံလေရွှံရွှံ၊ နောက်မဝံ့တည့်၊
ဖို့ရွံ့ငြင်တည်း၊ ကြောက်ရွံ့သည်း၍၊ သရည်းလေးဖွယ်၊ ရန်စစ်
ပြယ်လိမ့်၊ မပြယ်လေသီး၊ စစ်မက်ကြီးလည်း၊ ပွန်တီးမှုဆောင်၊
လူရဲခေါင်ကို၊ ဆင်ပြောင်မုန်ဖတ်၊ မင်းစီးအပ်၍၊ နောက်တပ်
အများ၊ ဆင်မြင်းပြားလျက်၊ ရှေ့ဖျားထင်ထင်၊ မှတ်စီရင်လော့၊
စစ်ဆင်သုံးပါး၊ အဖျားဖြီးထပ်၊ ပွင့်ချပ်ကြာသွင်၊ ဆင်လည်း
ချွန်းတည်း၊ မြင်းလည်းဇက်ချုပ်၊ ခြေသည်အုပ်လျက်၊ စက်ရုပ်
အဝန်း၊ကော့ယွန်းထွက်ဟန်၊ လှည်းသဏ္ဍာန်သို့၊ တတ်ပွန်နားဝင်၊

စစ်ရေးဆင်၍၊ အောင်မြင်စိမ့်ထွေ၊ ဥပဒေဖြင့်၊ စင်မြေအရပ်၊ စင်မှုးကွပ်လျက်၊ ရှပ်ရှပ်ထိုးခုတ်၊ ကြွက်ရဲစုတ်သို့။ ။အားထုတ် လွန်ကြိုးစားစေမင်း။

၃၆။ သာမျှာမစ္စ၊ စသည်အင်္ဂါ၊ ခုနစ်ဖြာကို၊ ပြည်ရွာပြကတေ့၊ စုံငွေ လျှင်းအောင်၊ ပြည်ထဲဆောင်သည်၊ ပြည်တောင်ဟူက၊ ပြည်က်ဲ ကို၊ လုံ့လဖြိုးထူ၊ နှလုံးမူလော့၊ ရန်သူကြောက်ဖွယ်၊ နက်ငှ် ကျယ်သား၊ ပင်လယ် ကျုံး မြောင်း၊ ရေနေကောင်းလျက်၊ လောင်းရှင်တား၊ တံခါးတုရိုက်၊ ကြွခိုင်မြို့ကို၊ တစ်သိန်းဖြိုလည် မပြိုနိုင်မှု၊ ကြီးကျယ်ထုနှင့်၊ မျက်ရှုလှတင့်၊ တန်ဆောင်ဆင်၍၊ သွယ်မြင့်ပြဆောင်၊ မြားမြောင်လက်နက်၊ မြို့ထက်ပတ်လျောက်၊ စစ်တဲဆောက်၍၊ ရင်လျောက်ပတ်ကုန်း၊ သူရဲပုန်းက၊ စ မကျန်၊ တံခွန်လောက်လွှဲ၊ စူးရဲကစ၊ အဒနကျလျှင်၊ သဗ္ဗကိရိယာ၊ မြို့တန်ဆာလည်း၊ များစွာလက်နက်၊ ကြံစည်နက်၍၊ ကြွခက်ရဲမာန်၊ ခြင်္သေ့ဟန်သို့၊ ရန်ကိုကဲမိုး၊ မိုးနှယ်ကြိုး၍။ ။တန်းခိုးကျော် ထင် ရှားစေမင်း။

၃၇။ အမျိုးလေးပါး၊ ပုဏ္ဏားပုဏ္ဏေး၊ သဋ္ဌေးသူကြွယ်၊ ကုန်သွယ်စည်ပင်၊ သူထင်သူရှား၊ ပြည်နေများလျက်၊ စပါးဆန်ရေ၊ အလှန်ဖြင်မြဲ၊ ပြောင်းပဲလူးဆပ်၊ အထပ်ထပ်လျှင်၊ မလပ်မြေနည်း၊ လုပ်ကြံပြီးမှု၊ ပစ္စည်းဖြင်ချည်း၊ ပြည်ကြီးလက္ခဏာ၊ ရေစာလောက်ငံ့၊ စေ့နှံ့ သိကား၊ ဆေးသမားနှင့်၊ ဟူးရားပက္ခာ၊ တတ်လိမ္မာသား၊ ရေးရာ ပွန်းတီး၊ မတ်ကြီးကြံတတ်၊ တုံ့ဖတ်တိုင်ပင်၊ မြော်မြင်ကျိုးကြောင်း၊ ခင်ပွန်းကောင်းလည်း၊ တိမ်းစောင်းယိမ်းမယ်၊ စောင်မကွပ်လျက်၊ ထူထပ်တိုင်းကား၊ များလေအောင်လျှင်၊ ပြည်ထောင်နေမျိုး၊ လုပ်ဆောင်ကြိုးလော့၊ မြင်းရိုးဆင်သည်၊ စစ်ကျင်လည်သား၊ ခိုင်ကျည်သူရဲ၊ ရန်မဖဲကို၊ ဆကဲမြှတ်လေး၊ ကျေးလက်ပေး၍၊ သိမ်းမွေးဖြည့်တင်း၊ ဖြန့်ဖြူးခြင်းဖြင့်။ ။လွန်မင်းချစ် သနား စေမင်း။

၃၈။ အခေါင်ကြွင်နန်း၊ လူ့ထိပ်ထွန်းသား၊ ဦးစွန်းထိပ်ချာ၊ မင်းတ ကာသို ပမာပုံခင်း၊ ခြင်္သေ့မင်းနှင့်၊ ကျင့်ခြင်းတပြေ၊ တူလှစေ လော့၊ လေးထွေအရိုး၊ ခြင်္သေ့မျိုးတွင်၊ တန်ခိုးကြီးခေါင်၊ တော သုံးထောင်ကို၊ စိုးစောင်နှိပ်နင်း၊ ဟွမ်းအားပြင်းသည့်၊ သားမင်း မြတ်စွာ၊ ကေသရာလျှင်၊ အခါနိစ္စ၊ သဘာဝဖြင့်၊ သူရသတ္တိ၊ ရှိခြင်း

ရှိရှ်၊ မိမိအစာ၊ ရှာလိုခါ၌၊ ရတနာကျောက်ဂူ၊ထွက်လတ်ပြူက၊ ရန်သူရှုကြည့်၊ငဲ့လှည့်မျက်စောင်း၊ ခြိမ်းမောင်းသုံးခွန်း၊ မွန်းမွန်း ဟောက်သံ၊ မြူးထူးစံမှု၊ချုံချုံစိုက်စိုက်၊ သားကိုလိုက်၍၊သက်ကိုက် စီးနှံ၊ သွေးသံသောက်တုတ်၊ အားအင်ထုတ်လျက်၊ ကိုင်ဆုပ်နှိပ် နယ်၊ကြီးငယ်မဟူ၊ဖမ်းသောဟူသို့၊ လူတို့ထိပ်လယ်၊စိုးစံပယ်သည်၊ ဘုန်းကြွယ်ရာဇာ၊ ကျင့်အပ်စွာ၏၊ ရေးရာမြော်ရှု၊ ခပ်သိမ်းမှု၌၊ ဗဟုကိစ္စ၊ ဟူသမျှကို၊ လုံ့လပြင်းထူ၊ အားထုတ်မှုဖြင့်၊ ရန်သူ ဖဲ၍။ ။ပြည့်ထဲပွင့်လင်း သာစေမင်း။

၃၉။ နရာဓိပတိ၊ သိဒ္ဓိထွတ်တင်၊ မြတ်ဆုံးထင်သည်၊ ပြည့်ရှင်ဘုန်းလှိုင်း၊ ကျင့်နည်းခိုင်း၍၊ ဥဗျိုင်းငှက်တူ၊ ကျင့်တော်မူလော့၊ ဖြူသော အဆင်း၊ မွေးရောင်ဝင်းသည်၊ လည်ပင်းခပ်ရှည်၊ ထိုငှက်သည် ကား၊ ဖွေနည်းအစာ၊ လှည့်ပတ်ရှာ၍၊ မြစ်သာမြစ်လောင်း၊ ချောက်မြောင်းယံနား၊ သွားလာမွေ့ညက်၊ ငြိမ်သက်ဣန္ဒြေ၊ ကြည့်ထွေရှုစိန်း၊ မိန်းမိန်းနေလျက်၊ ရေမှာကွက်ကျင်၊ ငါးကို မြင်ဖေသော်၊ ခုံမင်လျပ်လျပ်၊ ရအောင်ဟပ်သို့၊ ပြည်ကွပ်လူမှူး၊ စောရန်ငူးလည်း၊ဆန်းထူးကျင့်မူ၊ဗျိုင်းအတူလျှင်၊ ဟူဟူသရွေ့၊ အမလေ့ဖြင့်၊မမေ့စောင့်ရှောက်၊ သာလျောက်ဖြည်းဖြည်း၊ကျင့် သိပ်သည်း၍၊ တိုင်သည်းသမူ၊ မြော်ကြည့်ရှုလျက်၊ အန်တုအန်ပ၊ ရန်တို့မျှကို၊ အစ ဖေထာ်လော်၊ ပေါ်သည့်အခိုက်၊ ကွပ်ညှပ် လိုက်၍။ ။နှောက်၌ရန် မလာစေမင်း။

၄၀။ ဗာဟုဗလ၊ စသည်တွက်ရေ၊အားငါးထွေကား၊ ရေမြေသနင်း၊ မင်းတို့၌သာ၊ ပြည့်စုံရာဟု၊ မြတ်စွာဘုရား၊ သုံးလူဖျားလျှင်၊ ဟောတားမိန့်မြွက်၊ရွှေနှုတ်ထွက်ဖြင့်၊ မယွက်စေအောင်၊ကျေးဇူး ဆောင်၍၊လူ့ဘောင်လူ့ထွတ်၊ လူမင်းမြတ်တို့၊ ဆင်မှတ်တန်ဆာ၊ ရတနာသို့၊ မကွာမြဲတည်၊ အားငါးမည်တွင်၊ အထွတ်တင်သား၊ မျက်ရှင်အလား၊ ပညာအားလျှင်၊စီးပွားမြင်နိုင်၊အခေါင်တိုင်၏၊ ပြည့်လှိုင်ကျေးဇူး၊ အထူးထူးဝယ်၊ အမှူးစင်စစ်၊ ရှေ့သွားဖြစ်၍၊ အပြစ်ခွာရှောင်၊ အကျိုးဆောင်သား၊ အခေါင်ပညာ၊ မတ်လိမ္မာ ကို၊ စေပါသုံးစွဲ၊ ကိုယ်၌မြဲက၊ ငရဲမလား၊ ရှေးရှုသွားလျက်၊မြတ် ဖျားနိဗ္ဗာန်၊ ခရီးညွှန်သည်။ သမန္တစက်၊အမြင်နက်သား၊ ထူးတတ် ပညာ၊မတ်လိမ္မာကို၊ဆရာတစ်ဆူ၊ခိုင်းပယ်မှုလျက်၊ဆုံးမခယ်သား၊ သူပျက်သုံးယောက်၊ပါယ်မကြောက်ကို၊ နှင်ခြောက်ခြိမ်းမောင်း၊

စီးတစ်စောင်းလျှင်၊ ပျောင်းစေညက်ညက်၊ မျက်နှာဖျက်၍။ ။
ရှန်မက် မညှာတာစေမင်း။

၄၁။ အပွဓမယျ၊ အနုန္တလျှင်၊ ဆုံးစမထင်၊ ကမ်းမမြင်းသာ၊ ရေပြင်
ဝန်းကျယ်၊ ပင်လယ်မြစ်မ၊ သမုဒ္ဒ၌၊ ငါးရာငါးစင်း၊ မြစ်ခပင်းတို့၊
စင်းလျှင်းမခြာ၊ စီးဝင်လာသို့၊ ချမ်းသာဆိုက်ရောက်၊ မင်းဖြစ်
မြောက်က၊ ထပ်လျှောက်ရတနာ၊ များလှစွာသား၊ ဥစ္စာရွှေငွေ၊
အထွေအပြား၊ အပါးပါးလျှင်၊ ဝတ်စားတန်ဆာ၊ ရတနာတို့၊
မကြာမတင်၊ ရောက်လာကျင်၏၊ လိုချင်သမှု၊ မပြုလေကျင်၊
ပြည်ကြီးရှင်တို့၊ ဆင်ခြင်ကောင်းစွ၊ စိတ်လောဘကား၊ တစ်ရာ့
တစ်စင်း၊ ထီးဆောင်းမင်းကို၊ လက်ရင်းကြပ်သို၊ ကျွန်ပြုလိုရှင့်၊
သို့ကိုသော်လည်း၊ နည်းသည်နှင်နှင်၊ လိုအင်ပြည့်ခဲ၊ မရောင့်ရဲ
တည့်၊ ပြည်ထဲသနင်း၊ မင်းတို့ဘုန်းအား၊ စည်ပင်ပွားရှ်၊ ပြည်
သားပြည်သူ၊ ပြောထူပစ္စည်း၊ ဖြင့်ပည်းခိုင်ဖြိုး၊ ကြွယ်မြောက်
ပြိုးမှ၊ သစ်သီးခက်ညွတ်၊ မှည့်မှဆွတ်သော်၊ ကောင်းမြတ်ရသာ၊
ချိုမြိန်စွာသို့၊ ပမာထို့ဟန်၊ မှည့်ခါတန်မှ၊ တုတ်ခွန်ခိုင်ပြွတ်၊
ပြည်သီးဆွတ်၍၊ ထိမ်းမှတ်မင်းစား၊ တချို့ထားလော့၊ အများ
ကျွေးမွေး၊ ဝေငှပေးသည်။ ။ကျင့်ရေး တတ်လိမ္မာစေမင်း။

၄၂။ ဝသုန္ဓရာ၊ မြေမျက်နှာထက်၊ ကြမ္မာရွေးညွှန်၊ ကုသိုလ် မွန်၍၊
ခါတန်ချိန်သင့်၊ ပန်းနှယ်ပွင့်လျက်၊ ရင့်သည့်တေဇ၊ တန်ခိုးပသည်
လူများမျက်စိ၊ နရာမိတ္တို၊ ဂတိလေးပါး၊ မမှားစေအောင်၊ ပြည်မှူ
ဆောင်လျက်၊ တည်ထောင်ကမ္ဘာ၊ အစစွာကား၊ ဆရာမနု၊ ရသေ့
ပြုသား၊ လူမှုဆုံးဖြတ်၊ ဓမ္မသတ်နှင့်၊ ညီညွှတ်မယွင်း၊ စောင့်စည်း
ခြင်းဖြင့်၊ မပင်းမျက်နှာ၊ မနာအားပါး၊ နှစ်ဖက်သား၏၊
အကြားလည်းမှန်၊ ချိန်ခွင်ဟန်သို့၊ ဇကန်ကျကျ၊ မေးမြန်းမှလျှင်၊
မိဘမရွေး၊ ရှုံးနိုင်ပေးလော့၊ အရေးအလျောက်၊ မဖောက်မပြန်၊
ကျမ်း၌ညွှန်သည့်၊ ရှေးလွှန်နည်းမှိုး၊ ထုံးတီးမှတ်သား၊ ပိုင်းခြား
အဟုတ်၊ စက်သွားခုတ်သို့၊ စုတ်စုတ်တွင်းတွင်း၊ ကြံထိုးထွင်း၍၊
စင်းစင်း မတ်မတ်၊ တရားဖြတ်သည်။ ။လူ နတ် ကောင်း ချီး
ငြာစေမင်း။

၄၃။ မဟီပတိ၊ ယသိဿိဟု၊ ပြည်ကြီးသခင်၊ စည်းစိမ်ဖြင်လျက်၊ ကျော်
ထင်လူ့ပြည်၊ မင်းတို့သည်လျှင်၊ ဇရှည်မမြော်၊ မတော်လျှော့၊
မေ့လျော့ပြားလည်း၊ တရားမစောင့်၊ မဖြောင့်မစင်း၊ အကျင့်

ယှင်းမှု၊ ထိုမင်းလက်ထက်၊ မြေကြီးလျက်လည်း၊ သက်ခဲ့ဩဇာ၊
အောက်မှာရွှေ့လေ၊ ထဲတဘွဲ့၊ နေဘိရကား၊ အများပည်းဖြင်၊
ရောက်လှည့်ကျင်လည်း၊သစ်ပင်သစ်သီး၊မကြီးလုံးဖန်၊အမွန်ရသာ၊
ဩဇာမရှိ၊ ပျက်သိသိတည့်၊ ထိုပြီးအပ၊ ဆေးဝါးမှုလည်း၊ တေဇ
မထက်၊ ပျက်ခဲ့ရသာ၊စားလေပါလည်း၊ အနာလွတ်ခဲ၊ ရွှေ့ရွှေ့
ကဲလျက်၊ ကောင်းမြဲမကောင်း၊ မိုးလည်းအောင်း၍၊ သောင်းခဲ့
ကောက်ပင်၊ ပျိုးမရှင်တည့်၊ ပြည့်ရှင်မင်းကြီး၊ တရားမှီးမှု၊
မြေကြီးရသာ၊ ဩဇာတိုးတက်၊ ချိုမြက်သစ်သီး၊ အကြီးလုံးလှ၊
ဆေးဝါးစသည်၊ တေဇာထက်မြက်၊ ရောဂါလွတ်၍၊ ရွာစွတ်မိုး
ကောင်း၊ ကောက်မသောင်းတည့်၊ မင်းကောင်းထို့ကြောင့်၊
တရားစောင့်၍၊ ရှစ်သောင်းမြေပြင်၊ ရန်ကိုသင်လျက်၊ပြည်တွင်း
ပြည်သူ၊ခပ်သိမ်းလူလည်း၊ ဆုယူများစွာ၊ချစ်ကြင်နာ၍။ ။ဓမ္မာ
မိုးကြီး ရွာစေမင်း။

၄၄။ လက်ာဒီပ၊သီဟဠဟု၊ နာမပြဋ္ဌာန်း၊သိန်းဃိုကျွန်းဝယ်၊ထွန်းသည့်
နေသွင်၊ တန်ခိုးထင်သည်၊ သခ်ဗောဓိ၊ အမှည်ရှိသည့်၊ မင်းကြီး
ကျင့်တူ၊ နှလုံးမူလေ့၊နတ်လူချစ်ပြင်း၊ထိုသည့်မင်းကား၊ စောင့်
ခြင်းတရား၊ မယှင်းမှားတည့်၊ ခိုးသားပူလောင်၊ ခေါင်သည့်မိုး
နှင့်၊နတ်ဆိုးဘီလူး၊ဖမ်းစားကြူးသား၊ဘေးသုံးပါးကို၊သိကြား
နတ်ပိုင်၊ မိဋ္ဌာန်တိုင်လျက်၊ အသက်စွန့်စား၊ ပြည်သူများကြောင့်၊
ဖိတားပျောက်ပေ၊ မိုးကောင်းစေ၏၊ ကျင့်ထွေထို့လား၊ မတတ်
ငြားလည်း၊ ရှိုးရှားဆိုတောင်း၊ ကျိုးအကြောင်းမှု၊ မင်းကောင်း
ရန်ကဲ၊ ကြင့်မှုရဲလေ့၊ ဖောက်လဲတတ်စွာ၊ သက်နွှာကား၊
အခါမြင့်ရှည်၊ မတည်နိုင်ဘူး၊ ကျေးဇူးသော်မူ၊ သူတော်လူတို့၊
ပြောမူမြင့်ကြာ၊ ချီးမွမ်းရာဖြင့်၊ ကမ္ဘာပတ်လုံး၊ မပြောမဆုံးတည့်၊
ရှေးထုံးနည်းခိုင်း၊ ကောင်းကျင့်လှိုင်းလျက်၊ လိုတိုင်းကျော်သဲ၊
ချီးအံ့အဲ့သည်။ ။မြင့်မြဲကျေးဇူး များစေမင်း။

၄၅။ သဟာဿနေတ္တာ၊ ဝါသဝဟု၊ သက္ကသုရိန်၊ ဒေဝိန်ထွတ်ထား၊ မိုးသိ
ကြားလျှင်၊ တရားစောင့်သူ၊ ကျင့်ကောင်းလူကို၊ ရေးယူစိမ့်ငှာ၊
လေးမျက်နှာ၌၊ ကွယ်ရာ ရန်ထောက်၊ နတ် လေး ယောက် ကို၊
စောင့်ရှောက်ပိုင်းခြား၊အမြဲထားသို့၊ တိုင်းကားအုပ်စိုး၊ပြည်ထိပ်
မိုးသား၊ တန်ခိုးထွန်းလင်း၊ လူတို့မင်းလည်း၊ ကျင့်ခြင်းထို့တူ၊
ဆင်းရဲသူအား၊ ကလူညှဥ်းဆဲ၊ မခဲ့စိမ့်ငှာ၊ ရပ်မျက်နှာကို၊

ကုသ်ကာစိမ့်ကြောင်း၊ ကျင့်ကောင်းမွန်ရည်၊ သဘောတည်၍၊ ကြံဖည်နက်နဲ၊ မှုထမ်းရဲလျက်၊ ခဲခက်ရေးရာ၊ လိမ္မာတတ်မြောက်၊ မတ်လေးယောက်အား၊ လက်အောက်မှာထား၊ ဖလေးဖို့ခြား၍၊ လေးပါးဒိသာ၊ ရပ်ခန်းဝါ၌၊ ပြည်ရွာကိစ္စ၊ ဟူသမျှကို၊ ဆုံးမ ကံမြစ်၊ အပြစ်ပေးကောင်း၊ မပေးကောင်းဟု၊ အကြောင်းစုံစမ်း၊ ရှေးကျင့်တမ်းဖြင့်၊ မှုထမ်းအနေ၊ ကုပ်ညှပ်စေ၍၊ လူ့ မြေတွင်ထား၊ လူမင်းများလည်း၊ လေးပါးအင်တု၊ ပမာမူ၍၊ ပြည်သူစောင့် ရှောက်၊ မတ်လေးယောက်နှင့်၊ အံ့လောက်လူ ဘောင်၊ ပြည်ထဲ ဆောင်၍။ ။ပြည်ထောင်ကြောက်ရွံ့ရှာစေမင်း။

၄၆။ အခါတစ်ပါး၊ မြင်မိုရ်ဖျားဝယ်၊ သိကြားနေရာ၊ စစ်ထိုးလာသား၊ ပြင်းစွာအရှိန်၊ အသူရိန်ကို၊ ဒေဝိန်သက္ကာ၊ စီးချင်းချ၍၊ ဒေဝ သဘာ၊ သုဓမ္မာဟု၊ သာသည်ဇရပ်၊ အမိုးရပ်တွင်၊ နှောင်ကြပ် အမြဲ၊ ထုပ်၍ဆွဲသော်၊ ဆဲဆဲရေးရေး၊ ဟစ်ကြွေးရေရွတ်၊ တတွတ် တွတ်လျှင်၊ အပတ်တကုတ်၊ ကြမ်းကြုတ်စကား၊ နတ်မင်းဖျားကို၊ နွားနှင့်အတူ၊ ငရဲသူဟု၊ ကလူကစာ၊ ဆဲရေးရှာလျက်၊ မျက်မထွက် တည့်၊ ဆိုဘက်မထိုက်၊ သင်းလူမိုက်ဟု၊ မှတ်ပိုက်သောထွေ၊ သည်းခံ ပေ၏၊ ရွှေမြေရပ်စည်၊ ရွှေနန်းတည်သား၊ နတ်ပြည်သနင်း၊ သိကြားမင်းလျှင်၊ ခံခြင်းသည်းညည်း၊ အမျက်နည်း၍၊ ရေကြည်း တောတောင်၊ အာဏာဆောင်သား၊ ဘုန်းခေါင်ထွန်းလင်း၊ လူတို့ မင်းကား၊ ပုံခင်းကျမ်းလာ၊ ထိုကိုစာ၍၊ ပြင်းစွာအမျက်၊ မထွက် ဖို့ရာ၊ ချုပ်မြစ်ထားလော့၊ ပညာတိုင်တည်း၊ မျက်မာန်နည်းမူ၊ လူလည်းချစ်မော၊ နတ်လည်းပြော၍။ ။ကျော်စောကောင်းချီး ပြောစေမင်း။

၄၇။ လောကသာရ၊ ကျမ်းအစ၌၊ မြန်မာ့ဘာသာ၊ ပျို့လင်္ကာဖြင့်၊ တန်ဆာလည်းဆင်၊ ဖွဲ့စီရင်လျက်၊ ကျမ်းမြင်ထွေပြား၊ အပါးပါး နှင့်၊ များသည့်ထုံးနည်း၊ မှတ်ဖွယ်ချည်းတည့်၊ ပမည်းပမာ၊ နာနာ နယ၊ သွန်းပုံချသို့၊ လူ့ဘာရာဇာ၊ နရာဓိပ၊ ဘူပါလဟု၊ လောက ထွတ်ဖျား မင်းတို့အားကို၊ စီးပွားချမ်းသာ ဖြစ်စိမ့်ငှာဖြင့်၊ ပညာသေတ္တု၊ ရိုးစည်းပြု၍၊ ကျင့်မှုတရား၊ မှတ်စိမ့်ထား သည်။ ။**တခြား ဒုတိယပိုင်းတည်း။**

## ပုဏ္ဏားကိုဆုံးမခန်း

၄၈။ ပျော်ကုန်ကြလော့၊ ဗြဟ္မာ့နွယ်ရိုး၊ ပုဏ္ဏားမျိုးကို၊ ကောင်းကျိုးစကား၊ ငါလျှင်ကြားပိမ့်၊ ရှေ့ဖျား ကမ္ဘာ၊ အစဝှာက၊ ဗြဟ္မာပိုင်းခြား၊ ဆေးသမားနှင့်၊ ဟူးရားကျမ်းမြင်၊ ကောင်းကင်နက်သတ်၊ တတ်သည်တပြီး၊ယဇ်မီးပူဇော်၊ ဖြော်ဖြော်မန်းရွတ်၊ ဂြိုဟ်နတ်သန္ဓေ၊ ဦးဆေးတခြား၊ ခေါင်ဖျားဗေဒင်၊သိမြင်နှံ့စပ်၊ ၁တိဝိကပ်နှင့်၊ ကလာပ်ဗျူဟ၊ ဒဏ္ဍဝိဒဂ်၊ ကျမ်းခက်ဗျာကရိုဏ်း၊ တတ်နိုင်းတခြား၊ ခလေးပါးကြသို့၊ ပုဏ္ဏားတို့တွင်၊ မျိုးကျေးဇူး၊ အထူးသမိုက်၊ မျိုးလိုက်မှတ်သား၊ ဆေးသမားလည်း၊ ဆေးဝါးတတ်စွမ်း၊ ဗိန္ဒောပြွမ်း၍၊ ဆေးကျမ်းထိုမျှ၊ သာရသဂြိုဟ်၊ ဖွင့်ဆိုကတ်ကျယ်၊ မိပ္ပာယ်အနက်၊ လွန်လေ ကျက်၍၊ ခတ်ပျက်သည်းခြေ၊ သွေးလေချောက်ချား၊ သလိပ်ဖျားက၊ စသည့်ရောဂါ၊ အနာအမျိုး၊ ကိုးဆယ့်ခြောက်ပါး၊ အပြားပြားကို၊ မမှားလပ်အောင်၊ ကုသဆောင်၍။ ။အခေါင်သမား မြောက်စေမင်း။

၄၉။ ဟောရာန္တ၊ ဂဏနဟု၊ သိပ္ပဟူးရား၊ တတ်မြောက်မြားသား၊ ပုဏ္ဏားတရိုး၊ သူကောင်းမျိုးတို့၊ ကြိုးကြိုးကုတ်ကုတ်၊ အားအန်ထုတ်၍၊ အဟုတ်လေ့လာ၊ ပရိစ္ဆေဒ်ဖြင့်၊ ကြားကာသိတတ်၊ ဗျို့ဟာဇ်ရာဇမတ္တဏ်၊ ကိန်းဆန့်ဝူဝန်း၊ ဂြိုဟ်သွန်းမန်ကပ်၊ ထက်ကြပ်တည်၊ အသိတိစုဘ်၊ ဖော်ထုတ်ခေတ်ကျမ်း၊ ခွဲခြမ်းစိပ်ဖြာ၊ တတ်လေ့လာ၍၊ သတ္တာဗိသ၊ လှည့်ထနက်သတ်၊ မြင်းမိုရ်ပတ်သား၊ ဒွာဒသ်ရာသီ၊ ယာယီစက်ကွင်း၊ ဂြိုဟ်နင်းဂြိုဟ်ပြောင်း၊ ကောင်း မကောင်းသား၊ ကျိုးကြောင်းဆုံးဖြတ်၊ လနေကြွတ်နှင့်၊ ဥပဒ်အာယု၊ စဉ်းမှုတတ်ပွန်၊ စက်အဟုံတို့၊ မှန်မှန်ကားကား၊ အသား အရိုး၊ စုံပြည့်ဖိုးလျက်၊ ကျော်ဟုံပြင်သိ၊ ပညာရှိဟု၊ ကိတ္တိထင်ရှား၊ ဗြဟ္မာ့သားတို့။ ။ဟူးရားဆက်ခေါင် မြောက်စေမင်း။

၅၀။ သာမ ယဇု၊ ဣရုဗေဒင်၊ သုံးပုံမြောက်၍၊ သန့်စင်သိသ၊ အာစာရနှင့်၊ မိဘအရိုး၊ အမျိုးဖြတ်လှ၊ဗြာဟ္မဏာဟု၊ပုဏ္ဏားလက္ခဏာ၊အင်္ဂါသုံးမည်၊ ကျေးဇူးတည်လျက်၊ ဉာဏ်ပြည့်တိုင်းကား၊ လှည့်ပတ်သွား၍၊

---

၁။ တိဝိကပ်မှာ သဒ္ဒါဝိကပ်၊ ဆန်းဝိကပ်၊ ဇိဋ္ဌာန်ဝိကပ်တို့ဖြစ်သည်။
(ပသင်္ဂဝိသောဓနီ ၆၃-၅)

ထုံးသားမှန်ကူ၊ ခရုဖြူနှင့်၊ ပစ္စူဝတ်လှဲ၊ လက်ဝဲပတ်ခြုံ၊ စမွာယ်
ရုံလျက်၊ တင်တုံစလွယ်၊ လည်ဝယ်မကင်း၊သလင်းရထည်း၊
ပတ်စည်းကျစ်လျစ်၊ ဦးရစ်ပေါင်းထုပ်၊ နောက်ဖုံးအုပ်လျက်၊
တုန်လှုပ်မဲ့လျှင်း၊ ပွဲလယ်ကျင်းမှ၊ စိုးမင်းတို့ရှေ့၊ မရွေ့ခတ်မတ်၊
ဖောင်ဖောင်ရွတ်၍၊ စိမ်းလတ်မြသွင်၊ မြေစာပင်နှင့်၊ ရေစင်
ကမ်းမှတ်၊ ကျင့်မြဲဝတ်ဖြင့်၊ သူမြတ်တို့ထံ၊ အလှူခံလော့၊ ခြိုးခြံ
သိပ်သည်း၊ ဥစ္စာဆည်းလျက်၊ ပစ္စည်းပေါယယ်၊ ပုဏ္ဏား
ကြွယ်ဟု၊။ ။လှူဝယ်သတင်း ပေါက်စေမင်း။

၅၁။ ညတည်းမထင်၊ နေဝင်အခါ၊ဆည်းဆာသုံးပါး၊ ပိုင်းခြားဂါထာ
ရွတ်မြဲရသား၊ ကာယာသိဒ္ဓိ၊ တစ်သညာ၊တတ်လေ့လာ၍၊ ပရမီ
သွာ၊ မဟာဗိန္ဒု၊ ဘေးလွဲရန်ဖိ၊ နတ်စန္ဒိကို၊ ပန်းနီပန်းဖြူ၊ ပူဇော်
မူလျက်၊ ဆုယူဆုတောင်း၊ကျင့်လမ်းဟောင်းဖြင့်၊ ဥခေါင်သန္ဓေ၊
နေ့တိုင်းဆေး၍၊ လုပ်ကျွေးမှုဆောင်၊ ထဲချောင်တိုက်တွင်း၊
ထမင်းချက်ပြုတ်၊ ငရုတ်ချင်းဆား၊ ဆီပျားသကာ၊ ဃနာထော
ပတ်၊ ဆုံချွတ်နှမ်းပဲ၊ စားစမြဲဖြင့်၊ အမဲအဆား၊ သားငါး
ရှောင်ကြဉ်၊ မယှဉ်သတ်သတ်၊ ကျင့်မှတ်လေ့လာ၊ စာရိတ္တာဖြင့်၊
မိဘစုတေ၊ ခုနစ်နေ့လျှင်၊စေ့လတ်သောခါ၊ မကွာဆောက်တည်၊
ကိုယ်စားရည်၍၊ ကြည်ညိုမြတ်လေး၊ အလှူပေးလော့၊ ရှေးက
လွန်လေ၊ ရှေးရိုးပေတည့်၊ မျိုးဆွေအမြဲ၊ မှတ်သုံးစွဲ၍၊ ငရဲမသက်၊
ခန္ဓာပျက်လည်း။ ။အထက်နတ်ပြည် ရောက်စေမင်း။
၅၂။ ဂြဟာသန္တိ၊ ကျမ်းနှင့်ညှိ၍၊ ဗလိပူဇော်၊ ဂြိုဟ်ခေါ်ဂြိုဟ်နှင်၊ ဗေဒင်
ကိန်းခန်း၊ မန္တန် မွန်းလျက်၊ ကျယ်ဝန်းစက္က၊ မဏ္ဍလာဟု၊ တရား
ရှစ်ကွင်း၊ အင်းလည်းစီရင်၊ ဆင်တားဗိတာန်၊ တံခွန်တလျောက်၊
ဖြူနီဆောက်၍၊ ပယ်ဖျောက်ရန်ဘေး၊ ဆေးပေဥခေါင်း၊ဘိသိက်
လောင်းလျက်၊ သူကောင်းသူမြတ်၊ လွတ်စေအနာ၊ ဥပဒ်ခွာ
လော့၊ ပြည်ရွာတိုင်းကား၊ ကြီးပွားစိမ့်ငှာ၊ လေးမျက်နှာမှ၊
မလာရန်စစ်၊ မဖြစ်စေမူ၊ တီထွင်ပြု၍၊ စုသည်မီးခဲ၊ ကျီရဲရဲ၌၊
မြှောက်ကြဲဖြောက်ဖြောက်၊ ပေါက်ပေါက်စသည်၊ ပန်းငါးမည်
ဖြင့်၊ ဆောက်တည်မပျက်၊ ခုနစ်ရက်တွင်၊ ခန့်တွက်ပိုင်းခြား၊ မန္တ
ရားတည့်၊ ဖန်များရွတ်ဖတ်၊ပျားထောပတ်နှင့်၊ မီးနတ်ကော်ရော်၊
ယဇ်ပူဇော်၍။ ။လူတော်ရန်စစ် ပျောက်စေမင်း။

၅၃။ ကျေးဇူးပညာ၊ များစွာဂုဏ်အင်၊ ဗေဒင်တတ်သိ၊ ညာရှိဟု၊ ကဝိပုဏ္ဏား၊ အများသမိုက်၊ သသ်ကရိုက်ကို၊ မြိုက်မြိုက်လျှာဖျား၊ စက်လားရဟတ်၊ ပတ်ပတ်သွင်သွင်၊ နှုတ်သံလျှင်နှင့်၊ ပီပြင်မှတ်မန်း၊ ဖြိုးဖြိုးဖျန်းလျက်၊ ကျယ်ဝန်းထွေပြား၊ အပါးပါးနှင့်၊ မှတ်သားကိန်းခန်း၊ ဆန်းနှင့်လင်္ကာ၊ နားဝင်စွာ၍၊ ဂါထာဖွဲ့ကျမ်း၊ ချီးမွမ်းစလောက်၊ မင်းပွဲမှောက်တွင်၊ ဂစ် ယောက်ပဏ္ဍိတ်၊ ပုရောဟိတ်ဟု၊ ဘိသိက်ဆရာ၊ မြောက်ထိုက်စွ ဒိသာပါမုတ်၊ မည်ထုတ်ကျော်ဒေသင်၊ ကြိုးပမ်းဆောင်လျှ ၊ တက်ခေါင်လိမ္မာ၊ ရှေးအခါ၌ ဆရာမြောက်လှ၊ ဇာနက္ကသို့၊ လုံ့လကြိုးစား၊ မင်းတို့အားကို၊ စိုးပွားရှက်ဆောင်၊ ကျေးဇူးရောင်ဖြင့်။ ။လူ့ဘောင် ထွန်းလင်း တောက်စေမင်း။

၅၄။ လက္ခဏာကြန်၊ တတ်ပွန်လေ့လာ၊ မင်းဖြစ်ရာသား၊ လက်ယာဖဝါး၊ တခြားပြက်ပြက်၊ ခြေလက်တက်၍၊ လက်လည်းထို့သွင်၊ အရေးမြင်မူ၊ မင်းလျှင်စင်စစ်၊ ဖြစ်အံ့အမြဲ၊ မချွတ်လွဲတည့်၊ ဝံ့ရဲမရွံ၊ လည်ဖြတ်ခံလော့၊ ထုံးစံမှတ်သား၊ နည်းနာများကို၊ ပုဏ္ဏားများခေါင်း၊ ရှင်ပင်ယောက်ပေါင်းဘွင်၊ ကသ်ကောင်းတတ်လွန်၊ ကောဋ္ဌဉ်ပန်သို့၊ ဟောမှန်လက္ခဏာ၊ တတ်လှစွာ၍၊ ပညာကဝေ၊ မြောက်သောထွေဖြင့်၊ အဒေသအချာ၊ နာနာသိပ္ပ၊ ကိစ္စတတ်ပွန်၊ မန္တာန်ပြီးစီး၊ တသီးသူရဿတိ၊ ပင့်ချီခေါ်ချ၊ စကားရလျက်၊ ပေါက်ပြကျော်ထိတ်၊ ပုရောဟိတ်ဟု၊ ဘိသိက်ဆရာ၊ မြောက်ထိုက်စွာ၍။ ။မင်းဆရာသူကောင်း မြောက်စေမင်း။

၅၅။ ကျယ်ဝန်းစကြဝဠာ၊ ကမ္ဘာအစ၊ ပေါ်ဦးကလျှင်၊ ဗြဟ္မာ့နွယ်ရိုး၊ ကျော်ဝှန်းဟိုးလျက်၊ မြတ်မျိုးစင်ကြယ်၊ လေးသွယ်ဗေဒင်၊ တတ်သိမြင်သား၊ လူတွင်ထင်ရှား၊ ပုဏ္ဏားတို့ကို၊ ကျင့်စေလို၍၊ သံချိုလင်္ကာ၊ နည်းနာထွေပြား၊ မှတ်စိမ့်ထားသည်။ ။တခြားတတိယပိုင်းတည်း။



လောကသဘာဝ ဆုံးမစာ

# သိမှတ်ဖွယ်ရာ

ဤဆုံးမစာမှာ အဖျက်တရားစု၊ အခက်တရားစု၊ အခဲတရားစု၊ မမြဲတရားစုများကို အစုလိုက် ဖော်ထုတ်တင်ပြ၍ ဆုံးမသွန်သင်ထားသော ဆုံးမစာတစ်မျိုး ဖြစ်ပေသည်။ သတိဉာဏ်တင်၍ ဆင်ခြင်ရန် လေးနက်စွာသုံးသပ်သံဝေဂယူရန် အချက်များကို မျိုးတူစုံအလိုက် တစ်ပေါင်းတည်း တင်ပြထားပေသည်။ လူ့လောက ကာလတစ်လျှောက်လုံး အတွက် မှန်ကန် နေသောတရားများဖြစ်၍ ဆရာတော်ထောက်ပြမှသာ ပို၍လေးနက်စွာ စဉ်းစား ဆင်ခြင်မိစေပေသည်။

တောင်ဖီလာ ဆရာတော်သည် ဝေဿန္တရာပျို့နှင့် ယသဝဍ္ဎနဝတ္ထုတို့အပြင် ဝိဋ္ဋကတ်ဆိုင်ရာ ကျမ်းများ၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများကိုပါရေးသားပြုစုတော်မူခဲ့သော စွယ်စုံရ ကျမ်းတတ်အကျော် ဆရာတော်တစ်ပါး ဖြစ်စေသည်။ ဆရာတော်သည် စလင်းဇာတိဖြစ်၍ ငါးဆူဒါယကာ၏ သားတော်က ပြည်မြို့သို့ ပင့်ဆောင်ကိုးကွယ်ခြင်း ခံရသည်။ ပြည်မြို့ကို အောင်နိုင်သော အင်းဝ အနောက်ဘက်လွှန်မင်းက ပင့်ဆောင်၍ အင်းဝသို့ရောက်ပြီး သာလွန်မင်းတရားကြီး လက်ထက်တွင် စစ်ကိုင်းဗိမာန် ရတနာ့ကျောင်းတော်ကို တင်လှူခြင်း ခံရသည်။ သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် တောရကေစာရီဆောက်တည်တော် မူခဲ့သည်။

ဆရာတော်သည် သာမန်ပုဂ္ဂိုလ်ထက် လေးနက်ရင့်ကျက်စွာ တွေးခေါ်လေ့ရှိ၍ လောကသဘာဝများကို တင်ပြဆုံးမခဲ့ပေသည်။ ဆရာတော်၏ဆန်းစစ်တင်ပြချက်များသည် အစဉ်အမြဲလိုပင် မှန်ကန်သော စိန္တာတကထာများ သဖွယ် တည်ရှိနေပေသည်။

ဆရာတော်သည် ဖျက်စု၊ ခက်စု၊ ခဲစု၊ မမြဲစုများအပြင် ဆုံးမစာ ရတုပိုဒ်စုံကိုပါ ရေးသားတော် မူခဲ့ပေသေးသည်။



# ၆။ လောကသဘာဝ ဆိုးမစာ

တောင်ဖီလာဆရာတော်

ဖျက်စု ၂၀

၁။ စေတီမှန်းထား၊ မြတ်ဘုရား၊ တည်ထားကောင်းလျက်၊ ညောင်ပင်ဖျက်သည်။

၂။ မြစ်မရေနက်၊ သောင်ပြင်ဖျက်သည်။

၃။ မင်းကောင်းပါလျက်၊ မင်းမြှောင်ဖျက်သည်။

၄။ လက်ဆုံစား၊ မယားကောင်းလျက်၊ အပြောင်ဖျက်သည်။

၅။ မောင်းသွင်းခုနင်း၊ ရေလျင်သွင်း၊ ပျိုးခင်းကောင်းလျက်၊ မြောင်တောင်ဖျက်သည်။

၆။ လက်ဆက်တံကူ၊ လှေမူခိုင်လျက်၊ မီးပိုးဖျက်သည်။

၇။ လက်တီးကြမ်းပြင်၊ ဆင်ဝင်ကောင်းလျက်၊ စဲလင်းဖျက်သည်။

၈။ ဣတ္ထိယမူ၊ ရူပကောင်းလျက်၊ ဆံထုံးဖျက်သည်။

၉။ ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်သည်။

၁၀။ ရဟန်းတရား၊ ကျင့်ပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်သည်။

၁၁။ ငါးပါးသီလ၊ ကျင့်သူအားကို၊ စီးပွားရမ္မက်၊ လောဘဖျက်သည်။

၁၂။ သုခမိန်ဟု၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိ၊ ကြီးဘိအမျက်၊ ဒေါသဖျက်သည်။

၁၃။ တိုက်နှင့်ကျိုကျ၊ ထုပ်လျှောက်စသည်၊ ခိုင်လှစွာလျက်၊ ပေါင်းကွပ်ဖျက်သည်။

၁၄။ ပြည်ရွာတိုင်းကား၊ စည်ပင်ငြားလည်း၊ ခေါင်းပါးခေါင်လျက်၊ စပါးဖျက်သည်။

၁၅။ ပဋ္ဌင်တူရိယာ၊ နှဲခရာ၊ သာယာပေလျက်၊ လင်းကွင်းဖျက်သည်။

၁၆။ လက်သင်လှော်ကား၊လှော်ပေငြားလည်း၊အသွားကောင်းလျက်၊ လှေပဲ့ဖျက်သည်။

၁၇။ ဘောဇဉ်ငါးပါး၊ ပျားအရသာ၊ ကောင်းပါပေလျက်၊ ဆားငန်ဖျက်သည်။

၁၈။ ဆီမီးတန်ဆောင်၊ ဝင်းပြောင်မေလျက်၊ လေဆိုးဖျက်သည်။

၁၉။ ဣတ္ထိယမူ၊ ရှုပလက္ခဏာ၊ ကောင်းပေပါလျက်၊ ရောဂါနှိပ်စက်၊ အနာဖျက်သည်။

၂၀။ [၁] သူကောင်းဖြစ်ငြား၊မူထားကောင်းလျက်၊အပေါင်းဖျက်သည်။

ခက်စု ၂၄

၁။ တင်ပေဖူးသည်၊ ကျေးဇူးရှိလျက်၊ အဆပ်ခက်။

၂။ မယားရှိလျက်၊ အလှည့်ခက်။

၃။ ညှော်သည်ညဉ့်နက်၊ အအိပ်ခက်။

၄။ ပစ်ခွာခဲ့လျက်၊ အပြန်ခက်။

၅။ လာခဲ့ခေါ်လျက်၊ အနှင်ခက်။

၆။ ပေးပြီးပါလျက်၊ အယူခက်။

၇။ ချောင်းရေလျှံတက်၊ အကူးခက်။

၈။ ရင်ဆိုင်တွေ့လျက်၊ အပြေးခက်။

၉။ သံသာချိုမြွက်၊ စကားခက်။

၁၀။ ကြောက်လန့်ပြေးတက်၊ အဆင်းခက်။

၀၁။ ကန့်ကူကျောက်ထွက်၊ အရေးခက်။

၁၂။ မျဉ်းတံကောက်လျက်၊ အသားခက်။

၁၃။ သန္ဓေပြည့်နှက်၊ ဆေးကုခက်။

၁၄။ ခရီးညွန်ဆက်၊ အသွားခက်။

---

၁။ သူကောင်းသား ဟုလည်း မူကွဲရှိသေးသည်။

၁၅။ တံတားကျိုးပျက်၊ အလျှောက်ခက်။
၁၆။ ရေအိမ်ပိုလျက်၊ အပြင်ခက်။
၁၇။ သားမြေးဆိုးလျက်၊ အစွန့်ခက်။
၁၈။ ထွေးပြုန်ပြီးလျက်၊ အမျိုခက်။
၁၉။ မြွတ်သည်သုံးပါး၊ မုန်းထားပြီးလျက်၊ အသုံးခက်။
၂၀။ ဆူးငြောင့်တွင်းကျင်း၊ ကျုံးသွင်းပြည့်နှက်၊ အဝင်ခက်။
၂၁။ အသားမည်းနက်၊ အဆင်ခက်။
၂၂။ ဆိုးသည့်သတင်း၊ သားချင်းရှိလျက်၊ အပြောခက်။
၂၃။ ပက်ပယ်လှေဖျက်၊ အတိုက်ခက်။
၂၄။ ကွဲပြားအယူ၊ နားကင်းထူ၊ သုံးလူရှင်လျက်၊ အဟောခက်။

ခဲစု ၁၀

၁။ လူအဖြစ်ကို၊ စင်စစ်မလွဲ၊ ရမည်ခဲ။
၂။ ရလှည့်ပါလည်း၊ အင်္ဂါပြည့်ဝ၊ ပုရိသဟု၊ မုချမလွဲ၊ ရမည်ခဲ။
၃။ ပုရိသစစ်၊ ဖြစ်လင့်ကစား၊ မြတ်တရားကို၊ တိုးပွားနှိုက်နဲ၊ သိမည်ခဲ။
၄။ သိငြားသော်လည်း၊ ပျက်ချော်မလွဲ၊ တော်မည်ခဲ။
၅။ တော်ငြားပါလည်း၊ ရှေ့နောက်စိတ်ထဲ၊ တတ်မည်ခဲ။
၆။ ဂတိသလးပါး၊ ထိုတရားကို၊ စွန့်စားရှောင်လွှဲ၊ ကျင့်မည်ခဲ။
၇။ မိစ္ဆာယူမှား၊ အပါယ်လားသော်၊ တရားမစွဲ၊ ကျွတ်မည်ခဲ။
၈။ အရှင်မင်းက၊ မှူးမတ်စသည်၊ ပြည်မလူများ၊ မတရားက၊ တိုင်းကားပြည်ထဲ၊ စည်မည်ခဲ။
၉။ ဝေဘူတောင်ဖျား၊ ပတ္တမြားကို၊ စွန့်ထားညွှန်ဖော်၊ နှစ်တုံသော်လည်း၊ တောဇော်ညွှန်ထဲ၊ နစ်မည်ခဲ။
၁၀။ ပညာလွန်ကျူး၊ ဂုဏ်အထူးနှင့်၊ ကျေးဇူးရှိမူ၊ ထိုသသူအား၊ ခေါင်းပါးဆင်းရဲ၊ ရှိမည်ခဲ။

မမြဲစု ၆

၁။ ရူပလက္ခဏာ၊ ကိုယ်ခန္ဓာ၊ များစွာဖောက်လှဲ၊ မတည်မြဲ။
၂။ လောကီဥစ္စာ၊ ရတနာကို၊ များစွာသိမ်းဆဲ၊ နေမမြဲ။

၃။ ပုထုဇဉ်လူ၊ မောဟထူကို၊ အယူစွပ်စွဲ၊ မှတ်မမြဲ။
၄။ သူမြတ်တို့အား၊ ချစ်သနား၊ မြဲစားမြောက်ကဲ၊ ရာမမြဲ။
၅။ သစ်ကိုင်းခက်မြိုက်၊ ကမ်းမနိုင်၊ ပြိုယိုင်ရေထဲ၊ တည်မမြဲ။
၆။ ငါတကားဟု၊ ကြိမ်းဝါးမောင်းမဲ၊ မှတ်မမြဲ။

ဖျက်စု-ခက်စု-ခဲစု-မမြဲစု တို့ကို ကြည့်ရှုမှတ်သားတော်မူကြပါ။ ပညာသတိ၊ စိစိကြပ်ကြပ်၊ စက်လျှင်ဖြတ်သို့၊ လျှောက်ပတ်တော်လျော်၊ လူသူတော်တို့၊ ဟောဇော်မှန်ကင်း၊ မင်းထက်မင်းလျှင်။ လက်ရင်းထား တော်မူလိမ့်တည်း။





## လောကဟိတ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

ဆုံးမစာကို ရေးနည်းဟန်အမျိုးမျိုးဖြင့် ရေးဖွဲ့ဆုံးမခဲ့ကြသည့်အနက် ရှင်မဟာရဋ္ဌသာရ၏ ''သုစိပုဘာ''အစချီ ဆုံးမစာကေပိုဒ်အပြင် တောင်ဖီလာဆရာတော်၏ ရတုပိုဒ်စုံ ဆုံးမစာမှာ ထူးခြားလှပေသည်။

ပထမပိုဒ်တွင် ပညာလေ့ကျက်ဆည်းပူးရန် လမ်းညွှန်များကို ခင်းပြတော် မူလေသည်။ ဒုတိယပိုဒ်တွင် ပညာဆည်းပူးခြင်း၏ အကျိုးကျေးဇူးကို ဝတ္ထုထုံး ဖြင့် တင်ပြတော်မူ၍ တတိယပိုဒ်တွင် လုံ့လဝီရိယထား၍ စနစ်တကျ လေ့လာသင်ကြားသင့်ကြောင်း ထပ်လောင်းတင်ပြတော် မူလေသည်။

၎င်းတောင်ဖီလာ ဆရာတော်၏ ရတုပိုဒ်စုံဆုံးမစာ နောက်ဆုံးပိုဒ်တွင်-

> ''လက်ရေး လက်သား၊ ခြားနားသိသာ၊ သူ့ထက်ငါလျှင်၊ ခရုညီဝန်း၊ မ ပွန်းမထောင့်၊ ဖြောင့်ဖြောင့်သားသား၊ မမှားအက္ခရာ၊ သိသာစလှ၊ အချအတင်၊ အငင်အရစ်၊ အပစ်အဆွဲ၊ ပုလဲလုံးညီ၊ ကြိုးတွင်သီသို့''

စသည်ဖြင့် ဖော်ပြချက်အရ သက္ကရာဇ် ၁၁၀၀ မတိုင်မီကတည်းက ကျောက်စာရေးပုံ လေးထောင့်အက္ခရာ၊ ကမ္ဘဝါရေး မန်ကျည်းစေ့ အက္ခရာများနှင့်မတူဘဲ မျက်မှောက်ခေတ် ရေးနည်းအတိုင်း အက္ခရာပိုင်းများ ရေးသားလျက်ရှိပြီးဖြစ်ကြောင်း သိသာစေပေသည်။

ဆရာတော်သည် လောကီ လောကုတ္တရာ နှစ်ယံစုံ ပြောင်မြောက်သည့်အတိုင်း စာသင်ပျိုနတို့အား အဘက်ဘက်မှ တိုးတက်အောင် ဆည်းပူး လေ့လာရန် အားပေးအားမြောက် ဆုံးမသွန်သင်ခဲ့ပုံကို တွေ့ရှိနိုင်ပေသည်။



# ၇။ လောကဟိတ ဆုံးမစာ

## တောင်ဖီလာဆရာတော်

### သြဝါဒ ရတုပိုဒ်စုံ

၁။ ကြုံးသံပ၍၊ သီဟရာဇာ၊ ကေသရာသို့၊ ပမာဖက်ရှယ်၊ ပွဲများလယ်၌၊ တင့်တယ်ကျစ်လျစ် ၊ညီသားချစ်တို့၊ ပြေပြစ်ချောမွေ့၊ ရွှေ့ရွှေ့လုံးညီ၊ ပုလဲသီသို့၊ ပြိုးပြိုးသသ၊ အရအမိ၊ လေးပေါ့ညှိလျက်၊ ခဲခက်ပြဿနာ၊ သူမေးလှာလည်း၊ မကြာဖောက်ဖောက်၊ ခွန်းချင်းထောက်၍၊ မကောက်မယွှမ်း၊ မလျှမ်းမပေါ်၊ နာပျော်ဖွယ်မှု၊ ဝတ္ထုကျမ်းလာ၊ အဖြာဖြာနှင့်၊ နည်းနာပုံပြင်၊ ရာဇဝင်က၊ မြင်းဆင်ဖွေလာ၊ ပါရာတိတ်ထုံ၊ စေ့စုံလေ့ကာစတ်၊ ဓမ္မသတ်ဝယ်၊ ဆယ့်ရှစ်သွယ်သည်း၊ ဝမ်းဝယ်ပိုက်သို့၊ လိုလျှင်ရစေ၊ ကြိုးသို့ခွေ၍၊ ထွေထွေပြားပြား၊ မှတ်ဖွယ်များနှင့်၊ ဟူးရားဂဏန်း၊ ကျယ်ဝန်းတွယ်မှု၊ တစ်ခုမကျန်၊ ဘတ်ပွန်လေ့လာ၊ စိတ်ဖြာခွဲစု၊ သူ့ထက်လွန်ကဲ၊ ရွေးပဲမှုးမတ်၊ ခွဲကျမ်ပိုသော၊ ဆယ်ရာထောင်သောင်း၊ သိန်းသန်းပေါင်းလည်း၊ သူ့နှောင်းမကျ၊ သူ့ထက်ရှေက၊ ပြောပမထင်၊ ကြားလျှင်သိမည်၊ တို့လူရည်ဟု၊ မှတ်ဉာဏ်ကြံခိုး၊ လုံ့လကြိုးလော့၊ အပိုးမသေ၊ အိပ်နေစားပျော်၊ အပေါ်အလွှင့်၊ အဖင့်အလေ၊ မီးသို့မွေ၍၊ ကလေကချေ၊ ဆုံးမမနာ၊ မကျင့်ရှာနှင့်၊ ဆရာမိဘ၊ ကောင်းလှစေချင်၊ ပဲ့ပြင်သင်လည်း၊ ဝမ်းတွင်ပိုက်သို့၊ ပျားသို့ချိုမှု၊ ထိုသူသည်သာ၊ ပညာရင့်ဖြိုး၊ တက်တိုး

စီးပွား၊အကျိုးများလိမ့်၊ မှတ်သားစိမ့်ငှာ၊ ဆုံးမမှာသည်။ ။
ကမ္ဘာပေါ်ထွန်း၊ ယုဂန်စွန်းဝယ်၊ နေဝန်းလနှယ် ထွန်းစေတော့
သည်။

၂။ ထုံးစံပြု၍၊ရှေးကသော်ခါ၊ပြည်ဗာရာဏ္ဍ၊အချာစိုးမှတ်'ဗြဟ္မဒတ်၏၊
သည်းပွတ်ရင်းချာ၊သားတစ်ရာတွင်၊ငယ်စွာအထွေး၊ နှောင်းမွေး
အလှ၊ သံဝရကား၊တတ်လှပညာ၊ ဆရာကောင်းဝယ်၊ရကြောင်း
ဆည်းပူး၊ ပန်းသို့ခူးလျက်၊ ကျေးဇူးများထွေ၊ ဥပဒေဟု၊ခွဲခဝ
စိတ်ဖြာ၊ လိမ္မာဆန်းပြား၊ အများချစ်အောင်၊ နှုတ်လက်ဆောင်
နှင့်၊ နောက်နောင်ရေးရာ၊ ရှိသော်ခါလည်း၊ ညီလာဖြုဖြု၊
မခေါ်ရတည့်၊ သူကမယိမ်း၊ ကိုယ်သို့တိမ်း၍၊ ခပ်သိမ်းလူဗိုလ်၊
အများလိုက၊ ထိုထိုကြံရာ၊ ပြီးသည်သာဟု၊ ဆရာဥပဒေ၊ သင်
သောထွေကို၊ ရစ်ခွေကြိုးနှယ်၊ ဝမ်း၌လွယ်၍၊ ငယ်စခေါက်
ရက်၊ ရွှေနန်းဆက်ဝယ်၊ ရွှေချက်လူလူ၊ ထီးဖြူအုပ်မိုး၊ ဘုရာ
စိုးသို့၊ ပုံခိုးနည်းယူ၊ ထို့အတူလျှင်၊ ဟူဟူရာရာ၊ ဝိဇ္ဇာသိပ္ပ၊
ဌာရသကို၊ တုပကြိုးစား၊ ငင်မှတ်သားလော့၊ နေ့များရက်
ကြာ၊ စားကာအိပ်နေ၊ မရှိစေနှင့်၊ ဖွေဖွေရှာရှာ၊ ပညာဆည်း
ပူး၊ ပန်းသို့ခူးလော့၊ ရှင်မြူးပေါ်လွင်၊ သဘာဝလိုလား၊သူသွမ်း
များကို၊ စကားရောယှက်၊ အပေါင်းဖက်နှင့်၊ လေ့ကျက်
ဖွယ်ဖွယ်၊ အသွယ်သွယ်ကို၊ မိပ္ပာယ်ကျကျ၊ ပြောပမရှိ၊ ကြား
လျှင်သိလိမ့်၊ မိတ်တည်ကြည်၊ မျိုးမည်စောင့်စည်း၊ သိပ်သည်း
ပြေပြစ်၊ ကျစ်လျစ်မွေ့သိမ်၊ ငြိမ်ဆိမ်ဆေးခလး၊ရသေ့မွေးသည့်၊
ကျေးငယ်ပမာ၊ ကျင့်သော်သာတည့်၊ ဆရာမိဘ၊ ချီးမွမ်းရလိမ့်၊
မှတ်စိမ့်သောငှာ၊ ထုံးပမာသည်။ ။ရောင်ဝါတောက်ပ၊ စေဘူ
လဝယ်၊ ဇောတမျက်နှယ် ရှိန်းတော့မည်။

၃။ ဘုန်းလျှံပ၍၊ ရှေးကသော်ခါ၊ မဟာဇနက္က၊ မိတ္ထိလာဝယ်၊
လူများဘကား၊ လုံ့လကြိုးစား၊ ထုတ်ခွန်အားကို၊ မှတ်သား
စိမ့်ငှာ၊ ကြားခဲ့မှာသည်၊ ဝါယာမထ၊ ပုရိသတို၊ ယထဣစ္ဆိ၊
အလိုရှိက၊ မိမိကြံရာ၊ ပြီးသည်သာဟု၊ ညီလာသဘင်၊ စံရာ
တွင်၌၊ များဖြင်ပေါယယ်၊ လေးသိန်းကြွယ်သို့၊ ထို့နှယ်ပညာ၊
တတ်သော်သာတည့်၊ အိုကာလကဲချ၊ စားသောက်ရအံ့၊ ယင်က

မကြိုး၊ အပိုးမသေ၊ မဖွေမရှာ၊ ချမ်းသာကိုလှ၊ မကျင့်ကြနှင့်၊ ဆုံးမစကား၊ မြဲမှတ်သား၍၊ ကြိုင်ရှားပျံ့ဧ၊ ပန်းနှယ်မွှေးလော့၊ လက်ရေးလက်သား၊ ခြားနားသိသာ၊ သူ့ထက်ငါလျှင်၊ ခရာ ညီဝန်း၊ မယွန်းမဒေါင့်၊ ဖြောင့်ဖြောင့်သားသား၊ အပစ်အဆွဲ၊ ပုလဲလုံးညီ၊ ကြိုးတွင်သီသို့၊ ရှုဤဆန်းကြွယ်၊ မှတ်ဖွယ်ဖွယ်ကို၊ နှုတ်ဝယ်လေ့ကျက်၊ ထုံးနည်းညက်က၊ သူ့ထက်မသာ၊ ဘယ်မှာ မကျော်၊ မထင်ပေါ်အံ့၊ နှိုးဆော်ထပ်ခါ၊ မှတ်ဗိမ့်မှာသည်။ ။ ကာရံပတ်ဝန်း၊ မြင်းမိုရ်စွန်းဝယ်၊ တောက်ရွှန်းဘုံနှယ် ထွန်း တော့မည်။





## နဝရတ်ကိုးသွယ် ဆုံးမစာ

## သိမှတ်ဖွယ်ရာ

နဝရတ်ကိုးသွယ် ကေဝိုဒ်ရတု၊ သို့မဟုတ် လင်္ကာမှာ မှတ်သား နှလုံးသွင်းရန် သင့်သင်သည့်သဘော ရောက်သောကြောင့် ဆုံးမစာတွင်ထည့်သွင်းထားပေသည်။ ဘိုးရာဇာလျှောက်ထုံးတွင် ပါရှိခဲ့သည့်အတိုင်း....

| | | |
|---|---|---|
| ပြည့်ဦးကင်း | - | မှူးမတ်ကြီးများ |
| ပြည့်တံခွန် | - | ရဟန်းသံဃာ |
| ပြည့်မျက်စိ | - | ပညာရှိ |
| ပြည့်နား | - | ဗေဒင်ဟူးရားသမား |
| ပြည့်စွယ် | - | မင်းညီမင်းသားများ |
| ပြည့်မျက်နှာ | - | သမီးကညာ |
| ပြည့်ဝမ်း | - | သဌေးသူကြွယ် |
| ပြည့်ခြေ | - | ရဲမက်ဗိုလ်ပါ |
| ပြည့်လက် | - | လက်နက်ခဲယမ်း |

ဟူ၍ ဖွဲ့ဆိုထားခြင်းဖြစ်သည်။ အချို့မူများတွင် မပြည့်မစုံ ရှိတတ်ပေသည်။

ဤပြည့်အင်္ဂါများကို ထိန်းသိမ်းမြှောက်စားထားခြင်းသည် နဝရတ်တန်ဆာကို ဆင်ယင်ထားသကဲ့သို့ တင့်တယ်မည်ဖြစ်ကြောင်း ဆုံးမထားခြင်းဖြစ်၍ မင်းနှင့် သက်ဆိုင်သော ဆုံးမစာဟူ၍ ဆိုနိုင်ပေသည်။



# ၈။ နဝရတ်ကိုးသွယ်ဆုံးမစာ

## စိန္တကျော်သူ ဦးဩ

## ကေပိုဒ်ရတု

နဝရတ်ကိုးသွယ်၊ ဆင်စလှယ်ကား၊ တိုင်းကျယ်ပြည်ရေး၊ မှုရှုပ်ထွေးကို၊ ဆွေးနွေးတိုင်ပင်၊ ပြီးကုန်တွင်သည်၊ ရောဝင်ကပ်မှီး၊ မှူးမတ်ကြီးသည်၊ ရွှေထီးရွှေပြည်၊ ဦးကင်းမည်၏။ စင်ကြယ်သီလ၊ အာစာရနှင့်၊ ဓမ္မပွင့်လန်း၊ ထေရ်ရဟန်းကား၊ ရွှေနန်းထွတ်တည်၊ တံခွန်မည်၏။ တို့ရှည်နီးဝေး၊ မှုခွင့်ရေးကို၊ ထောက်တွေးမြော်မြင်၊ ဗေဒင်ဟူးရား၊ သမားကောင်းသည်၊ မျက်စိမည်၏၊ တစ်ပြည်တစ်မြို့၊ သူ့ရပ်သို့လျှင်၊ ဝပ်လျှိုချောင်းမြောင်း၊ သူလျှိုကောင်းသည်၊ ကျိုးကြောင်းဖွေနှည်း၊ ပြည့်နားမည်၏။ ဝိုက်လည်လှည့်ပတ်၊ ရင်ညွှန့်ဖြတ်သား၊ မင်းမဟာမင်းသား၊ မင်းညီမျာ:နှင့်၊ ဆွေဝါးမျိုးသည်၊ ပြည့်စွယ်မည်၏။ ရွှေရည်စံသီး၊ ရှုမငြီးသား၊ သမီးလုလင်၊ လှဆင်းပြင်သည်၊ ပြည်တွင်စံတည်၊ မျက်နှာမည်၏။ ပွားစည်ငွေကြေး၊ ကြွယ်သူဌေးတို့၊ ဝတ်ရေးစားရာ၊ ပြည်စုံစွာနှင့်၊ ချင့်မဲ့ခိုင်ကျည်၊ ပြည့်ဝမ်းမည်၏။ ဇာနည်ရဲစွမ်း၊ မှုစောင်ထမ်းသည့်၊ ကျိုးပမ်းအားထု၊ သူရဲစုကား၊ မြဲမှုထောက်သည်၊ ပြည့်ခြေမည်၏။ နှစ်ပြည်ပိုင်ချက်၊ သိကြား့စက်သို့၊ လက်နက်တန်ဆာ၊ ကိရိယာကား၊ မှီရာလှမ်းသည်၊ ပြည့်လက်မည်၏။ ရွှေပြည်စိုးခြင်း၊ အမင်းမင်းတို့၊ ဦးကင်းမလွန်၊ တံခွန်မထိ၊ မျက်စိမဖောက်၊ နားပေါက်မဖယ်၊ ပြည်စွယ်မခွာ၊ မျက်နှာမလွှမ်း၊ ပြည့်ဝမ်းမမွေ၊ ပြည့်ခြေမဖျက်၊ ပြည့်လက် မဖြတ်၊ ကျင့်နိုင် တဘ်မှ၊ နဝရတ် ကိုးဖြာ၊ ဆင်ရရာသည်။ ။တန်ဆာမင်းတို့ ကျင့်ထုံးတည်း။



## ကြောက်ကြီးကိုးလုံး ဆုံးမစာ

## သိမှတ်ဖွယ်ရာ

ဆုံးမစာ ဆိုသည်မှာ ပါဠိနိဿယ အနေဖြင့်လည်းကောင်း၊ စကားပြေဖြင့်လည်းကောင်း၊ လင်္ကာသွားဖြင့်လည်းကောင်း ရှိနိုင်ပေသည်။ ထို ဆုံးမစာသည် တိုသော် တိုမည်။ ရှည်သော် ရှည်မည်၊ အနှစ်သာရအားဖြင့် အဆုံးအမကို ပေးစွမ်းခြင်းသည်သာ ပဓာနဖြစ်သည်။ ထို့ကြောင့် တွင်းသင်းမင်းကြီး၏ ကြောက်ကြီးကိုးလုံး သံပေါက် ကိုးပုဒ်ကို ဆုံးမစာအဖြစ် ထည့်သွင်းဖော်ပြလိုက်ရပေသည်။

တွင်းသင်းမင်းကြီး၏ အမည်မှာ မင်းအစဉ်အဆက် ခန့်ထားမြဲ ရာထူးတစ်ခုဖြစ်သည်။ သို့ရာတွင် တွင်းသင်းမင်းကြီးဟုဆိုလျှင် မောင်းထောင်ဇာတိ ဦးတွန်းညိုကိုပင် မှတ်ယူလေ့ရှိပေသည်။ တွင်းသင်းမင်းကြီးအဖြစ် ထမ်းရွက်သူ များစွာအနက်တွင် ဦးတွန်းညိုသည် ငါးရံ့မင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ပျို့၊ ဇယဒိသပျို့၊ ဝိဓုရပျို့၊ ဇနကပျို့၊ ဝေဿန္တရာပျို့၊ ဘဒ္ဒာတိယပျို့ စသည့်ပျို့ကြီးများ၊ လူးတား၊ ချင်း၊ မော်ကွန်းတို့အပြင် သတ်ညွှန်းနှင့် ခွဲထားကျမ်းများကို ရေးသားပြုစုခဲ့သဖြင့် ထင်ရှားလှပေသည်။ ဘိုးတော်ဘုရား လက်ထက်တွင် ခစားထမ်းရွက်၍ အသက် ၇၀ တွင် ကွယ်လွန်ခဲ့ပေသည်။

ကြောက်ကြီး ကိုးလုံးသည် လူ့လောကအတွက် ကျင့်ဆောင်လိုက်နာစရာကို တိုတိုနှင့်ထိရောက်စွာ ဆုံးမချက်များပင် ဖြစ်ပေသည်။



# ၉။ ကျောက်ကြီးကိုးလုံး ဆုံးမစာ

## တွင်းသင်းမင်းကြီး မဟာစည်သူ

၁။ မျက်ကွယ်မျက်မြင်၊ မဆင်ခြင်၊ လူရှင်သိမည် ကြောက်။

၂။ မေတ္တာကုန်ခန်း၊ စိတ်မချမ်း၊ ညှိုးနွမ်းမည်ကို ကြောက်။

၃။ ကိုယ်နှင့်မတန်၊ စကားလွန်၊ မင်းဒဏ်သင့်မည် ကြောက်။

၂။ သစ္စာမမြဲ၊ အကျင့်လွဲ၊ ပါယ်ထဲရောက်မည် ကြောက်။

၅။ လွန်ကြူးသမျှ၊ နောက်-နောင်တ၊ ရှိရမည်ကို ကြောက်။

၆။ သေနှင့်အရက်၊ လူကိုဖျက်၊ အရှက်ရမည် ကြောက်။

၇။ မင်း၏ဥစ္စာ၊ အနည်းသာ၊ ပြစ်ဆာရောက်မည် ကြောက်။

၈။ မဟုတ်မလျား၊ သူလှည့်ဖြား၊ မှောက်မှားမည်ကို ကြောက်။

၉။ ရန်သူငါးချက်၊ အခင်းဖျက်၊ သေပျက်မည်ကို ကြောက်။



## စကားပုံ ဆုံးမစာ (၁)

# သိမှတ်ဖွယ်ရာ

ဆုံးမစာများ စာရင်းတွင် "ဖိုးသူတော်ဦးနု၏ စကားပုံ" အဖြစ်နှင့် ထင်ရှားသော စကားပုံ ဆုံးမစာတစ်ရပ် ပါဝင်ပေသည်။ ဖိုးသူတော် ဦးနု ဆိုသည်မှာ မည်သူမည်ဝါ ဖြစ်သည်ဟု အမှတ်အသား မတွေ့ရပေ။ ဖိုးသူတော် ဦးနု အမည်နှင့်ရေးသော အခြားစာပေများကိုလည်းမတွေ့ရှိရပေ။ သို့ရာတွင် ဖိုးသူတော်ဦးနု၏ စာများသည် ဇရဲ့ပုံ၊ တေးခေါ်ပုံ၊ ကဗျာဥာဏ် ကွန့်ပုံတို့တွင် ကျည်းကန်ရှင်ကြီး၏စာများနှင့် ထပ်တူဖြစ်နေသည့်ပြင် ကျည်းကန်ရှင်ကြီး၏ ငယ်မည်မှာ ဦးနုပင်ဖြစ်သဖြင့် သူတော်ဦးနုအမည်ဖြင့် တစ်နည်းတစ်ဖုံ ကိုယ်ခွဲ ခွဲခြား ရေးဖွဲ့လေသလောဟု တွေးစရာအကြောင်း ရှိနေပေသည်။

အစုံအစုံ စကားပုံများတွင်....

သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်၊
သေရည်ကိုသောက်က အပါယ်ဘုံသို့ ကျတတ်သည်။
ရေကြည်ကိုနှောက်က အနည်မှုန်တို့ ထတတ်သည်။

ဤသို့သောအချိုးမျိုး စပ်ဆိုထားသည်ကို တွေ့ရပေမည်။ ထို အရေးအသားများမှာ ကာရန်နောက်သို့လည်းလိုက်၍ အကြောင်းလည်း ဆိုက်ပေသည်။ ဤအရေးအသားမျိုးကို ကျည်းကန်ရှင်ကြီးသာ အပိုင်နိုင်ဆုံး ဖြစ်ပေသည်။ ဤစကားပုံ ဆုံးမစာတွင် အစုံအစုံဆုံးမစာ (၁၅) စုံမျှ ပါရှိ၍နိဂုံးတွင် "ဦးနုမည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဖွယ်ရာ၊ ဆုံးမစာကို" စသည်ဖြင့် ရေးသားပါရှိသဖြင့် သူတော်ဦးနုအမည်ဖြင့် ရေးခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ သူတော်သည် သူတော်သူမြတ်ကိုယေဘုယျရည်ညွှန်း၍ ဖိုးသူတော်ကိုသာ တိုက်ရိုက်ဆိုသောစကား မဟုတ်ပေ။ ငယ်မည် ဦးနုဖြစ်သောသူတော်မြတ်ပုဂ္ဂိုလ်က ရေးသကိုဟု ပဟေဠိတင်၍ ရေးမည်ဆိုလျှင်လည်း ရေးနိုင်ပေသည်။ သို့ဖြစ်သော် ယင်းဆုံးမစာ ပေါ်သောကာလသည် ဘိုးတော်ဘုရားလက်ထက်တွင် ဖြစ်ဖွယ်ရှိပေသည်။



# ၁၀။ စကားပုံ ဆုံးမစာ(၁)

သူတော်ဦးနု

၁။ ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ယုတ်လှတာကို ပယ်ရမည်။ ဗုဒ္ဓဆာယာကိုတွယ်မှ အေးမြရသည်၊ ယုတ်လှတာကိုပယ်မှ ဘေးပကွာသည်။

၂။ သေရည်ကို မသောက်နှင့်၊ ‘ရေကြည်ကို မနှောက်နှင့်၊ သေရည်ကို သောက်က အပါယ်တုံသို့ ကျတတ်သည်၊ သေရည်ကိုနှောက်က အနည်မှုန်တို့ ထတတ်သည်။

၃။ ထင်တိုင်းလည်း နှိပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍မမျိုနှင့်။ ထင်တိုင်းနှိပ်၍ဆိုက ရန်အသွယ်သွယ် ပွားစတတ်သည်၊ ဝင်တိုင်း သိပ်၍မျိုက အန္တရာယ် များတတ်သည်။

၄။ ဂေါဏမံသကိုလည်း မစားနှင့်၊ ကောဓခြံရံကိုလည်း မပွားနှင့်။ ဂေါဏမံသကိုစားက မိဘသဖွယ် ဖြစ်ပေသည်၊ ကောဓခြံရံကို ပွားက အထိကရ အပါယ်နစ်ချေသည်။

၅။ အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်။ အယုတ်တရားကို အလိုရှိက ဘဂဝါ၏စကားကို ပယ်ရာကျချေသည်၊ မဟုတ်စကားကို ဆိုဘိက သမာဓိတရားတို့ ကွယ်ပရလေသည်။

၆။ မြူသလိုပုံနှင့် ကလေးကိုမစနှင့်၊ လူကိုယုံသဖြင့် အကြွေးကို မချနှင့်။ မြူသလိုပုံနှင့် ကလေးကိုစက ကလေးအမိုက်မို့ ဆဲတတ်သည်။ လူကိုယုံသဖြင့် အကြွေးကိုချက အရေးမစိုက်သမို့ မွဲတတ်သည်။

၇။ အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊ တန်ခိုးနုပ်သူ ထမင်းဝလျှင် မကျိစားနှင့်။ အမျိုးယုတ်သူ အဆင်းလှက စာဂတန်တတ်သည်၊ တန်ခိုးနုပ်သူ ထမင်းဝက မာနထန်တတ်သည်။

၈။ အဟုတ်အမှန်ကိုလည်း သိမှ၊ အလုပ်အကြံကိုလည်း ရှိမှ။ အဟုတ်အမှန်ကိုသိက သံသရာဘေးပ၍ အနေကြွယ်ဝမည်၊ အလုပ်အကြံရှိက ဆန်ရှာရေးလှ၍ အခြေတည်ကြမည်။

၉။ သဒ္ဒေးလိုကြွယ်သော်လည်း မာန်စွယ်မထနှင့်၊ မြွေပွေးကို ငယ်သော်လည်း အလမ္ပာယ်မပြနှင့်။ သဒ္ဒေးလိုကြွယ်သည်ဟု မာန်စွယ်ထက အရှိအသေနည်းသမို့ ပြေမှုန်းတတ်သည်၊ မြွေပွေးကို ငယ်သည်ဟု အလမ္ပာယ်ပြက ထိုမြွေခဲ၍ သေဆုံးတတ်သည်။

၁၀။ မတော်ပဲကို မဝယ်နှင့်၊ မခေါ်ပဲကို မလည်နှင့်။ မတော်ပဲကို ဝယ်လေက သပြာခနဲ ရှုံးတတ်သည်၊ မခေါ်ပဲကို လည်ချေက မျက်နှာခဏ မုန်းတတ်သည်။

၁၁။ မတော်တာကို မမြည်းစားနှင့်၊ အဖော်မပါလျှင် ခရီးမသွားနှင့်။ မတော်တာကို မြည်းစားမိက ဘေးရလို့ ရောဂါပွားတတ်သည်၊ အဖော်မပါပဲ ခရီးသွားက အရေးမလှသမို့ သောက များတတ်သည်။

၁၂။ ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်းမထားနှင့်။ ခရီးကိုအပြင်းသွားက မွှားတတ်သည်၊ မီးကို အကြွင်းထားက ပွားတတ်သည်။

၁၃။ ဆရာပြောသမျှကို အပြီးမမှားစေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်။ ဆရာပြောသမျှကို အပြီးမှားက မုချမှောက်တတ်သည်၊ အနာရောဂါကို ကြီးပွားစေက ဒုက္ခရောက်တတ်သည်။

၁၄။ စကားစကား ပြောဖန်များ စကားထဲက ဇာတိပြ၍၊ မာနတံခွန် ထူတတ်သည်၊ တရားတရား ဟောဖန်များ တရားထဲက ပါဠိရှု၍ ဒါန အလှန်လှူ တတ်သည်။

၁၅။ အမျိုးမြတ်မှ အရိုးကို ကြံရာသည်၊ တန်ခိုးလျှပ်မှ အဖိုးတန်ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမှု၊ အာရုံပြုလျက်၊ ဦးနုမည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဖွယ်ရာ၊ ဆုံးမစာကို၊ ဒကာ-ဒကာမ၊ မှတ်သားကြ၍၊ နေ့ည၊ လေ့ကျက်ကြပါလေလော့။



## စကားပုံ ဆုံးမစာ (၂)

## သိမှတ်ဖွယ်ရာ

စကားပုံများ၊ အနှိုင်းစကားများ၊ ပုံခိုင်းများစသည်ဖြင့် ဝေဝေဆာဆာ ရေးသားလေ့ရှိသော ဆုံးမစာများကိုရှေးက ဆယ်စောင်တွဲ၊ ဆယ့်နှစ်စောင်တွဲ စသည်တို့တွင် ဖော်ပြလေ့ရှိသည်။ ပေါက္က°မောင်ချို၏ ဆုံးမစာများမှာ မိုးသူတော်ဦးနုဆုံးမစာများကဲ့သို့ပင် ထင်ရှားပေသည်။ အရေးအသား ဟန်မှာလည်း ဆင်ဆင်တူပေသည်။

ပေါက္က°မောင်ချိုသည် ပြူဂါမ၊ ပုဏ္ဏဂါမ၊ ပုဂ°ဟုအမည်အမျိုးမျိုးတွင်သော ပုဂ°မြို့ဇာတိဖြစ်ဟန် တူပေသည်။ မွန်တို့ ရွတ်ဖတ်သံအတိုင်း ပေါက္က [ပေါက်ကံ] ဟူ၍လည်း ခေါ်ဝေါ်သည့်အတိုင်း ပေါက္က°မောင်ချိုဟူ၍ ဇာတိဒေသကို အစပြု ခေါ်ဝေါ်ဟန်တူပေသည်။ လူအမည်၊ ရှင်အမည် သာမန်ဖြစ်သော် ဝိသေသဖြစ်စေရန် ဇာတိမြို့ရွာနှင့်တွဲ၍ အမည်တပ်လေ့ ရှိပေသည်။ ပေါက္က°မောင်ချို၏ အကြောင်းအရာနှင့် အခြားစာများကို မတွေ့ရပေ၊ ဘိုးတော်ဘုရားလက်ထက်တွင် ဖြစ်ဖွယ်ရှိပေသည်။

ဤစကားပုံ°မေတ္တာစာတွင် စကားပုံအဖြစ် သီးခြား သုံးစွဲနိုင်သော စကားတို့များစွာ ပါဝင်သည်ကို တွေ့ရှိရပေသည်။ တိုတိုနှင့် အတွေးအခေါ် ပြည့်ဝပေသည်။ ကာရန်ကိုလည်း အလေးထားတန်သမျှထား၏။ ဆုံးမစာတစ်ပုဒ်လုံးကို အစုံအစုံ စကားပုံ°များဖြင့်ပင် တန်ဆာဆင်ထားပေသည်။



# ၁၁။ စကားပုံ ဆုံးမစာ (၂)

ပေါက္က မောင်ချို

ရတနာသုံးပါးကို ကြည်ညို ရိုသေလေးမြတ်ခြင်း၌ လည်ဝယ်စတ်ဆင်သော အဖိုးအနဂ္ဃထိုက်သော ပုလဲကုံးရတနာကဲ့သို့။

ဥစ္စာရှာခြင်း၌ အာယုကပ်ပတ်လုံး စားသုံးနေရမည်ကဲ့သို့။

လှူဒါန်းပေးကမ်းခြင်း၌ ရေပြည့်အိုးကို မှောက်သွန်ဘိသကဲ့သို့။

ပညာရှိကိုရှာခြင်း၌ တောမုဆိုးသည် သားရှိရာအရပ်ဝယ် ပျပ်ဝပ်ကျိုးနွံ ဘိသကဲ့သို့။

ဝီရိယရှိခြင်း၌ တောမျှောက်သည် မြေပျောက်မည့်အထင်နှင့် မြေပြင်ကို တစ်ညဉ့်သုံးခါ အိပ်ရာမှထ၍ စမ်းဘိသကဲ့သို့။

သူတစ်ပါးဥစ္စာ ဖြစ်လေက စွန့်ပစ်သော တံတွေးပေါက်ကဲ့သို့။

သူ့မယားကို ယဉ်ပါးခြင်း၌ လူသတ်ယောကျ်ားသည် လက်ဝယ်တင်ထားသော ဓားရှိသကဲ့သို့။

သုရာမေရယ စသည်၌ အဆိပ်ပြည့်သော ရေကဲ့သို့။

မုသာဝါဒ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၌ မြေကို လက်ခတ်မလွဲ အမြဲကျရောက်အံ့သကဲ့သို့။

ပါဏာတိပါတ-စသည်၌ တစ်ယောက်တည်းသောသားကို အမိစောင့်ရှောက်သကဲ့သို့ ကြဉ်ရှောင် ကုန်ရာသည်။

အသုံးကြီးသော် မပြီးစီး၊ စကားလုံးကြီးသော် အချည်းနှီး။

အကြံရှိသော်၊ ပြီးမြောက်သည်၊ ဝီရိယရှိသော် ခံစားရသည်။

ဉာဏ်ရှိသော် အမှန်အကန်ကို သိမြင်ရသည်။

သင်ကြားသော် တတ်မြောက်သည်။
မထင်ရှားသော် နောက်လိုက်ရသည်။
ငါးတစ်ကောင်ပုပ်သော် တစ်လှေလုံး ပုပ်သည်။
ဝဲစ်ယောက်မကောင်းသော် အားလုံး အများပျက်စီးသည်။
တစ်ယောက်ကောင်းသော် အပေါင်းချမ်းသာသည်။
အမှီရှိသော် အတည်ရသည်။
တရားသိသော် အမှားကို ပြနိုင်သည်။
အမှန်ရှိသော် အတည်အသင်းကို သိရသည်။
မအိပ်မနေ အသက်ရှည်၊ မေးဖန်များစကားရ၊ သွားဖန်များ ခရီးရောက်။
အချည်မခိုင် အစည်ထိုင်၊ အမည်မပိုင် ခန္ဓာအိုင်။
သက်ရှိကိုးက တစ်မျိုးထင်သည်။
မေတ္တာရှိက အလှန်လှ။
ဥစ္စာမှာ ဉာဏ်၊ အသက်မှာကံ။
သဒ္ဓါလွန်သော် ရာဂ။
ပညာလွန်သော် ဇာဂ။
ဝီရိယလွန်သော် ဥဒ္ဓစ္စ။
ဥစ္စာလွန်သော် မာန။
ချမ်းသာလွန်သော် ရာဂ။
အသုံးလွန်သော် ဒါသ။
အဖွဲ့တ်လွန်သော် ဣဏ။
အစားလွန်သော် ဘယ။
အအိပ်လွန်သော် မောဟ။
ဘာ များစွာလွန်သော် ဇီဝိတ။
တတ် သိ လိမ္မာ ပညာရှိသည် မှန်စေ၊ ရေးကြီးခွင့်ကျယ်ရှိက ထွက်မြောက်နိုင်ခဲ့သည်။
ချစ်သည်၊ ခင်သည်၊ ကျင်သည်၊ ကျွမ်းသည် မှန်စေ၊ အမှုရှိက ထောက်ပံ့ကူညီသူ ရခဲသည်။
ဥစ္စာရတနာ ကိုလိုကြွယ်ဝ ပြည့်စုံလှသည် မှန်စေ၊ လှူဒါန်း၊ ပေးကမ်း၊ စွန့်ကြဲခဲသည်။
ဒါနသီလ အကျိုးအပြစ်ကို အသိအမြင် အသင်အကြား ရှိသည် မှန်စေ၊ ကျင့်ဆောင်နိုင်ခဲသည်။

အဝတ်အစား အသုံးအဆောင် အဆောက်အအုံ ပြုစုကျွေးမွေး ပေးကမ်း စားသောက်ရသည်မှန်စေ၊ သူ့ကျေးဇူးကို သိခဲ့သည်။

နေ့ညဥ့်မပြတ်အဖန်တလဲလဲ ဆည်းကပ်မပြတ် သွားလာသည် မှန်စေ၊ မင်းစိတ်မင်းရိပ်ကို သိခဲ့သည်။

ရာကြီးထူးကြီးကို သိမ်းပိုက်ရသည်မှန်စေ၊ ကိုယ့်ဖို့ဝေခြမ်း စုံစမ်း ထောက်မြော်ခဲ့သည်။

သူ့အသက် သူ့ဥစ္စာ သူ့အိမ်ယာကို ကြည့်ရှောင်ပါ၏ဆိုစေ၊ အခွင့် သာလျှင် ရှောင်နိုင်ခဲ့သည်။

ဘော်တည့်မှန်ကန် တရားသဖြင့် ကျင့်ပါ၏ဟုဆိုစေ၊ သစ္စာ မှန်ခဲ့ သည်။

ရဲရင့် တည်ကြည်ခြင်းရှိပါ၏ဆိုစေ၊ ရန်သူတွေ့က စွန့်စားခဲ့သည်။

မမြင်ရသည် ဆေးသမား။
မကြားရသည် တရားသူကြီး။
မနိုးနှောရသည် မင်းလုလင်။
မတိုင်ပင်ရသည် ရှေ့နေရှေ့ရပ်။
မစေအပ်ရသည် မိန်းမလျှာ။
မလှာမသွားရသည် နတ်စင်။
မထင်မပေါ်ရသည် လွှသမား။
တရားမစောင့်ရသည် သူမြီးစား။
မသိထားရသည် ကျောင်းဥစ္စာ။
မပါမဝင်ရသည် ခိုက်ရန်ပွဲ။
မဆွဲမငင်ရသည် ရဟန်း ပုဏ္ဏား။
မပွားမစီး မကြီးရသည် ကိုယ်ရောဂါ။
ပညာကိုလိုသော် မပျင်းနှင့်။
ဥစ္စာကိုလိုသော် မငြင်းနှင့်။
ဘေးကိုရှောင်သော် ရန်သူ့ဘောင့်သို့ မချဉ်းနှင့်။
အပျင်းကြီးသော် အဖော်မှရ။
အစားကြီးသော် သူ့နောက်ကျ၏။
အသွားလျင်သော် အရင်ရောက်၏။
ခရီးလျင်သော် ကြံဘိုင်းမြောက်၏။
အစားပုပ်သော် အလုပ်ကြာ၏။
အသွားချုပ်သော် နေ့ရက်ကွာ၏။

အရာမရှိဘဲလျက် ပလွှားသည်။
ဥစ္စာမရှိဘဲလျက် ထောင်လွှားသည်။
ပညာမရှိဘဲလျက် ဝါကြွားသည်။
ညီညွတ်ဆည်မရှိဘဲလျက် စွန့်စားသည်။
ချစ်သူမဟုတ်ဘဲလျက် ကစားသည်။
ခရီးမဟုတ်ဘဲလျက် လာသွားသည်။
အမှုအခင်းမရှိဘဲလျက် ကျွေးမြီများသည်။
သူ့မယားကိုချစ်သော် ကွမ်းကုန်သည်။
သူ့သားကိုချစ်သော် ပန်းကုန်သည်။
မယားကိုချစ်သော် သူတစ်ပါးနှင့်မယုံသည်။
သားကိုချစ်သော် ပညာပုံသည်။
အမတ်ကိုချစ်သော် ကိုယ်လုံသည်။
ဥစ္စာကိုချစ်သော် ပြည့်စုံသည်။
ပညာကိုချစ်သော် အတတ် မျိုးစုံသည်။
ကျွန်ကိုချစ်သော် အလုံးပုံသည်။
တရားတတ်၏ မဖြောင့်၊ စကားတတ်၏ မစောင့်။
တရားတတ်သော် ဖြောင့်ခဲသည်။
စကားတတ်သော် စောင့်ခဲသည်။
ပညာရှိသော်လည်း သတိရခဲသည်။
အမှုရှိမှ အမိကိုတသည်။
အပေးရှိမှ အဖော်ရသည်။
အရေးရှိမှ အကျော်ရသည်။
မင်းကို ချစ်စေလိုသော် လက်ဆောင်။
ရန်ကို အောင်စေလိုသော် မေတ္တာ။
ဆရာကို ချစ်စေလိုသော် ချဉ်းကပ်။
အရပ်ကို ချစ်စေလိုသော် ပေးကမ်း။
ကိုယ်ချမ်းသာစေလိုသော် ချိုသာ။
အရာအထူးကိုလိုသော် ပျပ်ဝပ်။
ဖြောင့်မတ်စေလိုသော် တော်မှန်။
အကြံကိုလိုသော် နှိုးနှော။
ရောပြွမ်းယှက်တင်လိုသော် မေးမြန်း။
စုံစမ်းလိုသော် ဆိုင်းလင့်။

ဆုံးမစာ ပေါင်းချုပ်ကြီး

အခွင့်ကိုလိုသော် ချီသာ။
ရာကြီးထူးကြီးကိုလိုသော် စောင့်ထိန်း။
သိမ်းပိုက်စေလိုသော် သည်းခံ။
သစ္စာမှန်မှ လူသမာ။
ပညာရှိမှ လူဆရာ၊
ဥစ္စာရှိမှ မှီခိုရာ။
အရံအကာရှိမှ ပြည့်စုံရာ။
လုံ့ခြုံမှ လူလိမ္မာ။
အကြံကောင်းလျှင် တစ်ချက်။
အနေကောင်းလျှင် တစ်သက်။
အပွင့်ကောင်းလျှင် တစ်ခက်။
အဆက်ကောင်းလျှင် တစ်နွယ်။
ဝယ်တတ်မှ မြတ်သည်။
လာဘ်ရှိမှ ပေးနိုင်သည်။
အထိန်းအသိမ်းရှိမှ ဥစ္စာပြန့်ပွားမည်။
စကားငြိမ်သက်မှ အချက်နည်းပါးသည်။
အစည်းအရုံးရှိမှ အမြတ်အစွန်းမြင်သည်။
အသွင်အပြင်ရှိမှ လူရှိသေသည်။
အနေအထိုင် ကျစ်လျစ်မှ ချစ်သနားသည်။
စွန့်စားမှ ဥစ္စာရသည်။
ချစ်ခင်မှ မြှောက်စားသည်။
အရည်အသွေးရှိမှ စည်ပင်သည်။
စည်ပင်မှ သုံးလောက်သည်။
ကြောက်ရွံ့မှ အမှုပြီးသည်။
အကြီးအအုပ်ရှိမှ ငြိမ်သက်သည်။
အခက်အလက် ပြန့်ပွားမှ အလိုရှိတိုင်း ရသည်၊
အဆိုအပြောပြေပြစ်မှ ချစ်ဖွယ်ရှိသည်။
အညစ်အကြေးကင်းမှ သန့်ရှင်းသည်။
အတွင်းဥစ္စာရှိမှ အပဆောင်နိုင်သည်။
အကောင်အထည်ရှိမှ ဝပြောသည်။
အရောက်အလာရှိမှ အကျွမ်းဝင်သည်။
အရှင်လေးမြတ်မှ ခန့်ညားသည်။

အရေးအသားရှိမှ သားမြေးတင့်တယ်သည်။
အကျင့်ကောင်းမှ သူမြတ်ချစ်သည်။
အကျစ်အလျစ်ရှိမှ ဥစ္စာတည်သည်။
အမျိုးအမည်သိမှ ပေါင်းရသည်။
လာမည့်ဘေးကို အဝေးကရှောင်မှ ကင်းငြိမ်းရသည်။
အကာအရံရှိမှ လုံခြုံသည်။
ယုံကြည်မှ အခွင့်ပေးသည်။
ဆိုရေးဆိုဆစ်ကိုသိမှ စကားတတ်သည်။
အကျဉ်းအကျပ်ကိုသိမှ အလေ့အကျင့်ကို သိသာသည်။
ပညာရှိက မာနအားကြီးသည်။
ဥစ္စာရှိက မောက်မာသည်။
ပညာရှိက သတိပြစ်ခဲသည်။
ဥစ္စာရှိက သတိပြစ်လွယ်သည်။
အမျိုးမှန်လျှင် ဉာဏ်ရင့်သည်။
တန်ခိုးသန်လျှင် အကြံဖင့်သည်။
အခြေကား၍ စကားများသည်။
အနေမှား၍ မတရားအားကြီးသည်။
ထုံးစံရှိက - သတိလွယ်သည်။
ဥစ္စာရှိမှ ကတိတည်သည်။
ဥစ္စာမရှိက ကတိမတည်။
အသွားအလာရှိမှ အကျွမ်းဝင်သည်။
ယုံကြည်မှ အခွင့်ရသည်။
ကြောက်ရွံ့မှ ပြီးမြောက်သည်။
ပြေပြစ်မှ ချစ်ဖွယ်သည်။
လိမ္မာမှ ချောင်သည်။
အပေါင်းကောင်းမှ အကြောင်းမျှသည်။
အသွားရှိမှ အလာရှိသည်။
ဆွေကောင်းမှ အကြောင်းမျှသည်။
မျိုးကောင်းမှ အကြောင်းလှသည်။
မိဘကောင်းမှ မနှောင်းရသည်။
လင်သားကောင်းမှ ဆရှည်စံရသည်။
ဆွေကောင်းလျှင် တစ်စလယ်။

မျိုးကောင်းလျှင် တစ်ယောက်မ။
မိဘကောင်းလျှင် အရှိန်ခံ။
လင်ကောင်းမှသာ စံရသည်။
ဥစ္စာဟူသည် မျက်လှည့်မျိုး။
ပညာဟူသည် မြတ်ရွှေအိုး။
အကျိုးလိုသော်လည်း အပြစ်မြင်မှ အကျော်သတင်းရှိသည်။
မြဲစွဲမှ အရောင်ရှိသည်။
စေ့စူးစမ်းမှ အပူအချမ်းခံ၏။
ပြုစုမှ အမှုကား ကုန်၏။
ယုံကြည်မှ ပုံတည်၏။
လူရှိသေအောင်ကျင့်မှ အခွင့်ကိုပေး၏။
အခွင့်ပေး၏၊ ဆိုရေးဆိုဆစ်ကို မသိ။
မိမိကား သိမ်းထား၏၊ မယားကြောင့် မပျော်။
လှော်ကား လှော်၏၊ လှေကား မပြေး။
ဆိုရေးဆိုဆစ်ကို သိ၏၊ အခွဲအခြမ်း မရှိ။
အာဂတိသို့ မလိုက်ပါဟု ဆို၏၊ နှုတ်ပေးသွန်သင် ပြုသည်။
အမှုအခင်း မရှိဟုဆို၏၊ အခေါ်အချ များသည်။
မယားကို မနိုင်စေနှင့်။
ကျေးကျွန်ကို မယိုင်စေနှင့်။
သစ်ပင်ကို မချိုင်စေနှင့်။
လျှို့ဝှက်သောစကားကို မလှိုင်စေနှင့်။
ရန်သူကို မဆိုင်စေနှင့်။
မင်းကို မပြိုင်စေနှင့်။
ပိုင်ကား ပိုင်၏။ အခွင့်အရာကို မသိ။
ဥစ္စာရှိလျက် မပေးလှူ။
လူအရည်ကား ကောင်း၏၊ မစောင့်ထိန်း။
ငြိမ်းကား ငြိမ်း၏၊ ကုသိုလ် မဖြစ်။
အစစ်အဆေး တတ်၏၊ ဓမ္မသတ်ကို မကျွမ်း။
ဆိုလှမ်းဆိုဆစ်ကို သိ၏၊ မျက်နှာ မရှိ။
မျက်နှာရှိသော်လည်း ပညာမရှိက လောဘနိုင်ငံသို့ လိုက်သည်။
မရိုက်မီက ငိုနှင့်သည်။
မလာမီက ကြိုနှင့်သည်။

မပြောမီက ဆိုနှင့်သည်။
မစားမီက မျိုနှင့်သည်။
မချေးမီက လိုနှင့်သည်။
မြင်းကားမလှုပ် ခုံတိုင်လှုပ်။
အိုးကားမဆူ ဖုံးခွက်ပူ။
အယူမတတ် မဖြောင့်မတ်။
စကားတတ်၍ ပါဌ်ကား မပြေ။

အနက်ပြေ၍၊ ဆိုလေသမျှ ထိုသူကသည် လောဘတပ်ကာ ပညာရှိမှတ်၊ သိတတ်နာယူ၊ ကြည်ဖြူလှစွာ၊ ဤသည့်စာကို၊ ကြားကာ ခဏ၊ သတိရအောင်။ မော်ကွန်းဆောင်သည်။ ။တန်ဆောင်ဆီမီး ပမာတည်း။





## စကားပုံ ဆုံးမစာ (၃)

## သိမှတ်ဖွယ်ရာ

ဆုံးမစာများကို စကားပုံများနှင့် တန်ဆာဆင်၍ ရေးသားကြသော ပုဂ္ဂိုလ်များလည်း အတော်အတန် ပေါ်ထွက်ခဲ့ပေသည်။ ကျည်းကန်ရှင်ကြီး၊ (သူတော်ဦးနု) ပေါက္က မောင်ချို၊ ညောင်ပင်သာဦးပုညတို့သည် ထင်ရှားပေသည်။ အစုံစုံဖွဲ့သောစကားပုံစုံတွဲများကို ရေးသားလေ့ရှိပုံမှာလည်းအတူတူ လိုပင်ဖြစ်၍ တစ်ဦး၏စာနှင့် တစ်ဦး၏စာတို့မှာ ရောမှားသည်အထိ ဖြစ်တတ်ပေသည်။

ညောင်ပင်သာ ဦးပုညသည်ကဗျာဥာဏ်ကြွယ်ဝသောပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ပေသည်။ တစ်ခေတ်တစ်ခါက စကားပုံစုံတွဲများကို ရေးလေ့ ရှိရာတွင် အပြိုင်အဆိုင် ပြု၍ပင် ရေးခဲ့ကြပေသည်။

"မခိုင်ဘဲ မတက်နှင့်၊ မပိုင်ဘဲ မဖက်နှင့်။
မခိုင်ဘဲတက်က ကျတတ်သည်။
မပိုင်ဘဲဖက်က ပ တတ်သည်"

ဤသို့သောစကားပုံမျိုးကို ဆုံးမစာ၊ မေတ္တာစာများတွင်အတွေ့ရများပေသည်။ ညောင်ပင်သာ ဦးပုည၏ ဆုံးမစာကိုဩဝါဒမေတ္တာစာအဖြစ်ဖော်ပြလေ့ရှိသော်လည်း "မေတ္တာသွန်း၊ ရည်သွန်းသ၍၊ ဩဝါဒအနုသာသနအရေး၊ ဆုံးမပေးလိုက်သည်" ဟု အစချီထားသည်ဖြစ်၍ ဆိုလိုရင်းအကြောင်းခံဖြင့်ရေးသားကြောင်း ပေါ်လွင်နေပေသည်။ ထို့ကြောင့် ဆုံးမစာအဖြစ်သတ်မှတ်ရန် အကြောင်းဆိုက်ပေသည်။

ညောင်ပင်သာ ဦးပုညသည်မင်းတုန်းမင်းလက်ထက်တွင် စလေဦးပုညနှင့် စာဆိုဖက်ဖြစ်သည်။ စစ်ကိုင်းမြို့ဇာတိဖြစ်၍စစ်ကိုင်းပရက္ကမကျောင်းသာသနာပိုင် ဆရာတော် ဦးဥယျ၏တပည့်ဖြစ်သည်။ ညောင်ပင်သာကျောင်း၌သီတင်းသုံးသဖြင့် စလေဦးပုညနှင့် ကွဲလွဲအောင် ညောင်ပင်သာဦးပုညအမည်ခံယူသည်။ နောင်အခါ လေနာရောဂါကြောင့် ဖိုးသူတော်ဝတ်၍ နေရသည်။

ညောင်ပင်သာ ဦးပုညသည် ရတနာမကိုဋ် သံဝေဂတေး၊ သုတရတနာ ဆုံးမစာ၊ သာသနဟိတ မေတ္တာစာစသည်တို့ကို ရေးသားခဲ့ပေသည်။



# ၁၂။ စကားပုံဆုံးမစာ (၃)

## ညောင်ပင်သာ ဦးပုည

ညောင်ပင်သာက ဆရာဦးပုည ဓမ္မတ္တာသွန်း ရည်ညွှန်းသ၍ ဩဝါဒ အနုသာသနအရေး ဆုံးမပေးလိုက်သည်။ ဝေနီးဒေသ ဘောသိသဲတို့။ သုံးလောကမျက်ရှု သဗ္ဗညုဘုရား မိန့်ဟောကြားခဲ့သည့် တရားတော် မင်္ဂလာ သုံးဆယ့်ရှစ်ဖြာတွင် ဗာလာသမုတ် သူတော်ကောင်း မဟုတ်သည့် သူယုတ်ကို ဝေးအောင်လွတ်လွတ်ကြီး ရှောင်ရမည်တည့်။ သူယုတ်ကို မရှောင်လျှင် နှောင်လည်းဆုံးရှုံး ခုပျက်ပြုန်း၍ လုံးလုံးကြီး မြုပ်တတ်သည်တည့် ဟလု၊ ဥပမာပုံကစ်မည်၊ မြဲမြဲသာ မှတ်ကရော့၊ ဒေဝဒတ်ကို ဇာတသတ်မင်းသား အပေါင်းအဖော် မှားသောကြောင့် တားရသည်မလွဲ၊ ငရဲမှာခံရ၊ စိဉ္စမာဏာမိန်းမဖျင်းလည်း တိတ္ထိနှင့်ပေါင်းသင်း၍ ဆင်းရဲစွာဘိ အဝီစိထုတ်ချောက် ချုံးချုံးကြီးရောက်လေသည်။ ကြောက်စရာ ဟလု။

[၁] ဒုကိုပစ်၊ သုကိုချစ်။
ဒုကိုမပစ်လျှင် နစ်တတ်သည်၊ သုကိုမချစ်လျှင် လစ်တတ်သည်။
ဒုကိုချစ်က အပြစ်များသည်၊ သုကိုချစ်က အနှစ်ပွားသည်။
ဒုကိုချစ်က အပြစ်ပေါ်သည်၊ သုကိုချစ်က အနှစ်ပေါ်သည်။
ဒုကိုလည်း မချစ်ရာ၊ သုကိုလည်း မပစ်ရာ။ စကားပုံလာသည် ဟဝ။

---

၁။ ဒု = ဒုစရိုက် မကောင်းမှု၊ သု = သုစရိုက် ကောင်းမှု။

''ဝဇ ဒုဋ္ဌန သံသဂ္ဂံ၊ ဘဇ သာဓု သမာဂမံ'' ကျမ်းဂန်က မိန့်ချက်ကို မပျက်အောင် နှလုံးသွင်း၍ ကွင်းထိုက်သူကို ကွင်းလေမောင်။ ရှောင်ထိုက်သူကိုလည်း ရှောင်လေ။ မသေ့ နှစ်ခြိုက်၊ ပေါင်းဖော်ထိုက်သူကိုလည်း ပေါင်းဖော်မှ၊ ဉာဏ်မြော်၊ ကံဘော်၍၊ ဟန်လျော်ချိမ့်မည်၊ တလည်ထိုမှ၊ မှတ်စရာ ပြဦးမည်။

ကံရှိမှ ထင်ပေါ်သည်၊ ဉာဏ်ရှိမှ မြင်မြော်သည်။
ကံမရှိက မထင်ပေါ်၊ ဉာဏ်မရှိက မမြင်မြော်။
မထင်ပေါ်လျှင် ငုပ်သည်တည့်၊ မမြင်မြော်လျှင် ယုတ်သည်တည့်။
မငုပ်အောင် မယုတ်အောင်၊ ဉာဏ်တန်ဆောင်ကဝိ ပညာရှိ သူတော်ကောင်းကို၊ ပေါင်းဖော်လေ ဟလှု၊ မှတ်ယုံမလွဲ။
မခိုင်ဘဲမတက်နှင့်၊ မပိုင်ဘဲမဖက်နှင့်။
မခိုင်ဘဲတက်က ကျတတ်သည်၊ မပိုင်ဘဲဖက်က ပတတ်သည်။
ခိုင်မခိုင်၊ ပိုင်မပိုင် တွေးဆ၍ သိရမည်။ ထိုမှတစ်ဖုံ၊ မှတ်ရန်ဥဒါဟရဏ်။
ပြာပုံကိုမလှူးနှင့်၊ အာရုံကိုမကြူးနှင့်။
ပြာပုံကိုလှူးက ယားတတ်သည်၊ အာရုံကိုကြူးက မှားတတ်သည်။
အာရုံကိုပြာပုံမှတ်၍ ရှောင်တတ်စေ ဟလှု၊ ဥပမာတဝမှာ—
မအိုဘဲနှင့်ကျသတဲ့၊ မပျိုဘဲနှင့်လှသတဲ့။
မလိုဘဲနှင့် ရသတဲ့၊ မမျိုဘဲနှင့်ဝသတဲ့။
အိုမှသာကျသည် မဟုတ်၊ ပျိုမှသာ လှသည်မဟုတ်။
လိုမှသာ ရသည်မဟုတ်၊ မျိုမှသာ ဝသည်မဟုတ်။
ဤပုံကိုစာသဖြင့် အိုရာသည်၊ ပျိုရာသည်၊ လိုရာသည်၊ မျိုရာသည် အနက်ကို ချက်ကျကျ နှလုံးပိုက်၍ လူ့စရိုက်သဘာကို သိစရာပြောဦးမည်။

လောဘကြီးသူ စကားပို၊ ဒေါသကြီးသူ စကားတို။
မောဟကြီးသူ စကားအို၊ ကောမကြီးသူ စကားယို။
မာနကြီးသူ စကားမို။
ဆိုကြသည့် အလိုနှင့်၊ ပိုသည်၊ တိုသည်၊ အိုသည်၊ ယိုသည်၊ မိုသည် စကားများကို သတိထား စဉ်းစား၍မှတ်။
အတ္ထာနုရူပကာံဝါကျ ''ပါဠိ၏အထွက်နှင့် အချက်စေ့စေ့ ဟန်မတွေ့ဘဲ မှန့်သည့်ရှ့ထောက်ချင့်၍ အခွင့်သင့်လျော်အရေးကိုမြော်ခေါ်၍ လျော်သော စကားကိုသာ ပြောကြားတတ်စေ။

မသေ့မှတ်ရေး၊ မမေးဘဲ မဆိုနှင့်၊ မခေါ်အားဘဲ မပျိုနှင့်။

မမေးဘဲဆိုသော်ကြောင်တတ်သည်၊ မခေါ်အားဘဲ မျိုသော်လောင်တတ်သည်၊ အတည်တည် ရှုမြော်၍—

မခေါ်ဘဲ မသွားနှင့်၊ မတော်ဘဲ မစားနှင့်၊

မခေါ်ဘဲသွားက လေတတ်သည်၊ မတော်ဘဲစားက သေတတ်သည်ဆိုသည့် စကား မြဲမှတ်သား၍–

တရားကိုလည်း မလွန်စေနှင့်၊ စကားကိုလည်း မကျံစေနှင့်။ တရားလွန်က ပျက်တတ်သည်။ စကားကျုံက ရှက်ဘတ်သည်။ အလွန်အကျုံကို ဉာဏ်ချွန်၍ ဆင်ခြင်။

ကြင်တတ်မှ ရသတဲ့၊ ဆင်တတ်မှ လှသတဲ့။

မကြင်တတ်က မရချေ၊ မဆင်တတ်က မလှချေ။

သိစေထင်ထင်၊ ဥမင်ဇာတ်တော်တွင်၊ မကြင်တတ်သည့် အမတ်လေးဦး၊ မစင်တွေ့ လူးသပြင့်၊ အရှူးတဆစ် မျောက်လေးကောင်ဖြစ်သည်တည့်၊ မှတ်ရစ်သလောက် သွေးသည်းခြဖောက်သလို အမြောက်ကြိုက်ပုဏ္ဏား၊ ဉာဏ်ပါးသည့် ပုရောဟိတ်၊ လည်ညိတ်ခေါင်းခါ၊ မြင်းတန်ဆာကို၊ ကိုယ်မှာဆင်မွှား၍၊ အများစည်းဝေး ရယ်သွမ်းသွေး၊ အရေးမလှ၊ အရှက်ကြီးရဖူးသည်။ လောကဓမ္မ သည်နှစ်ဝတွင်—

ဓမ္မကိုလည်း မယွင်းစေနှင့်၊ လောကကိုလည်း မပြင်းစေနှင့်။

မင်းကိုလည်း မတုနှင့်၊ ဟင်းကို မလုနှင့်။

မင်းကိုတုက နှက်တတ်သည်၊ ဟင်းကိုလုက ရှက်တတ်သည်။

ကြံစည်စိတ်ကူး၍ ဆူးကိုလည်း မနင်းနှင့်၊ ဗူးကိုလည်း မသွင်းနှင့်။ ဆူးကိုနင်းက စူးတတ်သည်၊ ဗူးကိုသွင်းက ရှူးတတ်သည်။

ဉာဏ်ရည်မမှိန်၊ ဝင်းဝင်းထိန်သည့်၊ သုခမိန်ပညာရှိ၊ မှတ်သိဖွယ်ထားကြသည်။

တံတားအိုမှောင်ကို မလျှောက်၊ စကားဆို တောင်လို မမောက်နှင့်။

တံတားအိုမှောင်ကိုလျှောက်က ကျိုးတတ်သည်။

စကားဆိုတောင်လိုမောက်က ညှိုးတတ်သည်။

မဖည်မသွေ မှတ်သားလေတော့။

နေလည်းသူ့နောက်၊ ဆိုလည်းသူ့အောက်။

စိတ်မြောက်ကိုယ်မြောက် မကွေ့ကောက်နှင့်။

ထောက်ထောက်ထားထား သတိနှင့်စဉ်းစား။

စကားဆိုလျှင် တုံးကိုမှတ်၊ တရားဆိုလျှင် ရှုံးကိုကပ်။
အမြတ်နှင့် အယုတ်၊ အဆုတ်နှင့် အတက်။
အနက်နှင့်အတိမ် နှိုင်းဆ၍ချိန်။

နာဂသိန် မိလိန်တို့သဘော မဟောဲနှင့် သေနက အာဒါသနှင့် ဂါမဏိ နှိုင်းနှိုင်းညှိ၍ ဇာတိဖြင့် ပဝတ္တိ သဒ္ဒိသူပစာရ မုချနှင့် ရှဠိ ဒဏ္ဍာရီနှင့် ဇာတက၊ ယှဉ်စရာ ပြကြသည်။ မေရုဗဟို မြင်းမိုရ်နှင့် တောင်ပုံ့၊ လင်းနို့နှင့် ဂဠုန်၊ ယုန်နှင့်ကျား၊ ဖားနှင့်ခြသေ့၊ သစ်စေ့နှင့် မဟ္တာမြား၊ သိကြားနှင့် မိဿနတ်၊ နဝတတ်နှင့် ဝတ်စားကျင်း၊ လက်ယက်တွင်းနှင့် သမုဒ္ဒရာ၊ မေခလာနှင့်နတ်ဝင်၊ ဆန္ဒဆန်နှင့် ကြွက်ဝမ်းဖြူ၊ ငစိပ္ပူနှင့် အာနန္ဒာ၊ ဇူစကာနှင့် ဗာဝရီ၊ ရာဇဌာနီနှင့် ဇနပုဒ်၊ နံ့စုပ်နှင့်ထီး လိုင်ကာ၊ တောစာနှင့် ကရဝိက်ငှက်၊ စကြဝတေးနှင့် ဒွန်းစဏ္ဍား၊ နဂါးနှင့် မြွေကျေး၊ သဘော်နှင့် လောင်းကဒလေး၊ သဌေးနှင့် သူပုန်းစား၊ ဝေပုလ္လ တောင်ဖျားက ပတ္တမြား ဇောတိရသ်နှင့် လက်စွပ်ကထမင်းကျောက်၊ ပေါက်တူးနှင့် ဝရဇိန်၊ နေလရှိန်နှင့် ပိုးစုန်းကြူး၊ နတ်ဘီလူးနှင့် မှင်စာ၊ အာသာဝတီနှင့် ကျွက်နပေါင်း၊ နတ်စောင်းနှင့် အုန်းမှုတ်တရော၊ ဇောတိကနှင့် သူဆင်းရဲ၊ ပုလဲကုံးနှင့် ထန်းရွက်ပုတီး၊ နတ်သမီးနှင့် ဘီလူးမ။ မဥ္ဇူသကနှင့် လက်ခုပ်ပွင့်၊ ထပ်ဆင့်မသေ့ ဈေးသိင်္ဂီနှင့် ခပ်ပြာ-ဂုဏ်ဒြပ် ဝေးကွာကြသည်။ အလေးအပေါ့ အလျော့အတင်း အဖျင်းအခွကောင်း အကြောင်းအကျိုး အတိုးအဆုတ် အယုတ်အမြတ် အရပ်ရပ်အဝဝ အစစ အစုစု ဥဒါဟရုဏ် ပုံသက်သေ သာဓက ထုတ်ဖော်၍ ပြသမျှကို တွေးဆမပြတ်၊ မြဲမြဲမှတ်၍ သိတတ်စေ ဟလု၊ သုတပညာ ပွားဖို့ငှာဖြင့် ဆရာဦးပုည စီကုံး၍ ပြခဲ့သည်။ သိဿအများ ဝမ်းဝယ်ထား၍၊ မှတ်သား ကြည့်ရှုကြစေကုန်သောဝ်။





## သုတရတနာ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

ညောင်ပင်သာ ဦးပုညသည် စကားပုံ ဆုံးမစာအပြင် ဤသုတရတနာ သံပေါက်ဆုံးမစာကိုလည်း ရေးသားခဲ့ပေသည်။ ''သုတရတနာ၊ သံပေါက်စာ၊ မှတ်ရာလူအမျိုး'' ဟူသောသံပေါက်ဖြင့် သူ၏ဆုံးမစာကိုအမည်တပ်ခဲ့ပေသည်။ အထူးသဖြင့် မပြုသင့်ရာ၊ ပြုသင့်ရာများကို ပိုင်းစု၍ ဆုံးမ ဩဝါဒပေးထားသည့်ပြင် ''နစ်တတ်သည်၊ လစ်တတ်သည်၊ဖြစ်တတ်သည်၊ ချစ်တတ်သည်၊ သစ်တတ်သည်'' စသည်ဖြင့် စသတ်ဆယ်ချက်။ ''မက်တတ်သည်၊ နက်တတ်သည်၊ ဖျက်တတ်သည်''စသည်ဖြင့်ကသတ်ဆယ်တစ်ချက်၊ ''နဲတတ်သည်၊လွဲတတ်သည်၊ ဆွဲတတ်သည်''စသည်ဖြင့်နောက်ပစ်ဆယ်ချက်၊ ထိုနည်းတူ ညသတ်ခြောက်ချက် စသည်အားဖြင့် ကာရန်များကိုလိုက်၍တူရာစုကာသံပေါက်များဖွဲ့ဆိုထားပုံမှာ စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။ စုစုပေါင်းသံပေါက်ပုဒ်ရေ ၄၇၁ ပုဒ် ရှိပေသည်။

နိဂုံးတွင်–

သုတရတနာ၊ သံပေါက်စာ၊ ဤမှာနိဋ္ဌိတ။
ဇေယျမင်္ဂလာ၊ ညောင်ပင်သာ၊ ဆရာစီကုံးပြု။

ဟူ၍စာအမည်၊ဆရာ့အမည်များကို မှတ်တမ်းတင်ခဲ့သည့်အပြင်အဓိပ္ပာယ်လိုရင်းကို ရေးသားရခြင်းကြောင့် အံသတ်အစပ်မညီပါလျှင် အပြစ်တင်လွတ်စိမ့်သော ငှာ''အသတ်မစောင့်၊ ဤစာထောင့်ဟု၊ မကြောင့်ကြသင့်ပါ''ဟူ၍ မှာထားခဲ့ပေသည်။ ညောင်ပင်သာ ဦးပုညအကြောင်းကို ဖော်ပြခဲ့ပေပြီ။



# ၁၃။ သုတရတနာ ဆုံးမစာ

ဆြောင်ပင်သာ ဦးပုည

၁။ ဗုဒ္ဓဓမ္မ၊ သံဃသုံးဆိုင်၊ မြတ်ဘုန်းလှိုင်၊ ဆယ့်ခိုင်လက်စုံမိုး။
၂။ အန္တရာယ်ကင်းကြောင်း၊ ဆုပန်တောင်း၊ ညွှတ်ပျောင်း ရှိရှင်ခိုး။
၃။ သုတရတနာ၊ သံပေါက်စာ၊ မှတ်ရာ လူ့အမျိုး။
၄။ မှတ်သားမိသော်၊ အနှစ်ကျော်၊ ထင်ပေါ် နှမ်းမညှိုး။
၅။ မညှိုးဂုဏ်ရောင်၊ ဝင်းထိန်ပြောင်၊ လူ့ဘောင် ကဲမြင့်ဖြိုး။
၆။ မီးရောင်လရောင်၊ နေအရောင်၊ ဉာဏ်ရောင် လွှမ်းရှိမိုး။
၇။ ပညာသမာ၊ အာဘာနတ္ထိ၊ မြတ်မုနိ၊ ဟောရှိ ကျမ်းကိုကိုး။
၈။ ထို့ကြောင့်များစွာ၊ လူတကာ၊ ပညာရ အောင်ကြိုး။
၉။ ပညာကောင်းမှာ၊ ဒေသနာ၊ သုံးရာ မကုန်နိုး။
၁၀။ မေတ္တာကောင်းမှာ၊ ရန်တကာ၊ ပယ်ကွာ ရေချမ်းအိုး။
၁၁။ သဒ္ဓါကောင်းမှာ၊ နောင်ဖို့ပါ၊ ချမ်းသာ ဆင့်ဆင့်တိုး။
၁၂။ မေထုန် အိပ်စား၊ ဤသုံးပါး၊ လူနွား ရှိသည်ပင်။
၁၃။ နွားထက်ပညာ၊ လူကသာ၊ မှတ်ပါပုံပြထင်။
၁၄။ ပညာမဲ့က၊ လူဗာလ၊ တမျှနွားအသွင်။
၁၅။ နွားနှင့်ထူမူ၊ တမျှတူ၊ လူဖြစ်တက်တက်စင်။
၁၆။ တက်တက်စင်ပြုန်း၊ လူဖြစ်ရှုံး၊ လူသုံးဖော်မဝင်။
၁၇။ ကိုယ်နှုတ်နှလုံး၊ သုံးပါးမကောင်း၊ ဤအကြောင်း ဉာဏ်လောင်း ရှုဆင်ခြင်။

၁၉။ လူယုတ် လူမိုက်၊ ဒုစရိုက်၊ နှစ်ခြိုက် စုံမက်ခင်။
၂၀။ ပမာပုံထုတ်၊ တူစွာဟုတ်၊ အပုပ် ယင်မဲခင်။
၂၁။ အပုပ်ဒုစရိုက်၊ လူမိုက်ယင်မဲ၊ ပမာတွဲ၊ မလွဲ တူသည်ပင်။
၂၂။ ကောင်းရာနီးနှော၊ ဆုံးမပြော၊ သဘောသူမဝင်။
၂၃။ ဝင်အောင်သဘော၊ ထပ်ကာပြော၊ ဒေါသအများတင်။
၂၄။ သူမိုက်သူခင်၊ ချစ်ကျွမ်းဝင်၊ ကိုယ်လျှင် မိုက်မည်သာ။
၂၅။ အမဲသားပုပ်၊ ပဝါထုပ်၊ ထုပ်သည့်ပဝါ၊ ပုပ်လိမ့်ကေန်ပါ။
၂၆။ ထို့ကြောင့်မှတ်ပိုက်၊ လူအမိုက်၊ မကြိုက်ရှောင်ကြဉ်ခွာ။
၂၇။ ချိုရှိကျွဲနွား၊ စွယ်ရှိများကို၊ ရှောင်ရှားတောင်တစ်ရာ။
၂၈။ လူမိုက်ကိုလျှင်၊ မမြင်ရာက၊ ရှောင်ကုန်ကြ၊ ကျမ်းပြမိန့်ခဲ့မှာ။
၂၉။ အဇာတသတ်၊ ဒေဝဒတ်၊ အမြွတ်ထင်မိရှာ။
၃၀။ အထင်လွဲကြွား၊ ပေါင်းဖော်မှား၊ လားသည်ငရဲရွာ။
၃၁။ ရှုံးခြင်းကြီးစွ၊ ရှုံးရှာရ၊ ဗာလဆွဲတွက်တာ။
၃၂။ ဗာလနှင့်တွဲ၊ ကေန်ပဲ၊ မလွဲမိုက်တတ်စွာ။
၃၃။ စကားယွင်းစုတ်၊ အဆိုနှုပ်မှု၊ အမိယုတ်သည့် သား။
၃၄။ ကိုယ်မှုယွင်းစုတ်၊ အကျင့်နှုပ်မှု၊ အဖယုတ်သည့်သား။
၃၅။ ဝါစာကာယ၊ မကောင်းကြမှု၊ မိဘယုတ်သည့်သား။
၃၆။ မိဘဟီနတ်၊ အကဲခတ်၊ မှတ်၍သာတိထား။
၃၇။ အမိအဖ၊ ကဲမှကျအောင်၊ သတိဆောင်၊ ကောင်းအောင်ကျင့်
အများ။
၃၈။ မြေမြှက်ရေကြာ၊ သိစရာ၊ လူမှာကျင့်တရား။
၃၉။ ပညာဗုဒ္ဓိ၊ ရှိမရှိ၊ ဆိုဘိမြွက်စကား။
၄၀။ စကားမူလာ၊ ဉာဏ်စွမ်းက၊ ဟုတ်လှမှန်မမှား။
၄၁။ ပညာရှိမှု၊ ပဏ္ဍိတ၊ နာမကျော်ထင်ရှား။
၄၂။ ပညာရှိမှာ၊ လက္ခဏာ၊ အင်္ဂါကြောင်းသုံးပါး။
၄၃။ ကိုယ်နှုတ်နှလုံး၊ စောင့်စည်းသုံး၊ ကျင့်ထုံးမတိမ်းပါး။
၄၄။ ဖြောင့်မှန်ကောင်းမွန်၊ ပညာဝန်၊ အလွန်မြတ်နိုးကြ။
၄၅။ မြတ်နိုးအပ်စွာ၊ ပညာဝါ၊ ရှာ၍ပေါင်းဖက်မှု။
၄၆။ သူတော်ပဏ္ဍိ၊ ပေါင်းဖက်မိ၊ အသိဉာဏ်ပြည့်ဝ။
၄၇။ အသိပညာ၊ ရှိသောခါ၊ သဒ္ဒါကြည်ဆွဆွ။
၄၈။ ရှင်ကြည်သဒ္ဒါ၊ ရှိသူမှာ၊ ကင်းကွာမစွဲရ။
၄၉။ ဖော်မပြုရာ၊ လူ့ဗာလာ၊ အင်္ဂါသုံးခုတင်။

၄၉။ မစ္ဆေရပျောက်၊ စိတ်မနောက်၊ ရောက်လွယ်သခ်တာ။
၅၀။ သူမြတ်သူတော်၊ ပေါင်းမိသော်၊ အဟော်ဝတာ၊ ကောင်းလေစွ။
၅၁။ ပန်းပေါင်းနံ့သာ၊ ထုပ်ပဝါ၊ လှိုင်စွာမွှေးပျံ့လှ။
၅၂။ ပုံပြနည်းလောင်း၊ သူတော်ကောင်း၊ ပေါင်းမိပါယ်မကျ။
၅၃။ သဗ္ဗိရေဝ၊ သမာသေထ၊ လောကထွတ်ထား၊ မြတ်ဘုရား၊ ထင်ရှား
ဟောဖော်ပြ။
၅၄။ သတာဗုဒ္ဓိ၊ ပညာရှိ၊ ခွင့်သိလှန့်လိမ္မာ။
၅၅။ ခွင့်သိတုံမူ၊ ထိုသည့်သူ၊ နတ်လူချစ်ကြင်နာ။
၅၆။ ခွင့်သိချင့်မိ၊ ပညာရှိ၊ ပဏ္ဍိတ်မြောက်ထိုက်ပါ။
၅၇။ ဆိုအောက်နေနောက်၊ စိတ်မနေမြောက်၊ ကင်းပျောက်တင်ပြစ်ဆာ။
၅၈။ နိဝါတော၊ မိန့်ဟောပြု၊ မြတ်လှမင်္ဂလာ။
၅၉။ ကိုယ်ကိုနှိမ့်ချ၊ စိတ်မကြွ၊ ဟိတ်ရပဏ္ဍိတာ။
၆၀။ နှလုံးမမြင့်၊ ရွှေကြာပွင့်၊ ပုံချင့်တူအမ်စွာ။
၆၁။ ခင်ပွန်းအပြား၊ ပေါင်းဆယ်ပါး၊ ပြစ်မှားမပြုရာ။
၆၂။ ပြစ်မှားမိက၊ ပစ္စက္ခ၊ တွေ့ရဒဏ်ဆယ်ဖြာ။
၆၃။ ခင်ပွန်းကျေးဇူး၊ မထိမ်မြူး၊ အထူးလွန်ချမ်းသာ။
၆၄။ ပူဇနေယျ၊ ပူဇာစ၊ ဟောပြမိန့်ခဲ့မှာ။
၆၅။ ပူဇော်ထိုက်ငြား၊ သူတို့အား၊ စိတ်ထားကြည်သဒ္ဓါ။
၆၆။ သဒ္ဓါကြည်လင်၊ ပူဇော်လျှင်၊ ကိုယ်တွင်ဓဘားဒဏ်ကွာ။
၆၇။ ရှေးကတင်ဖူး၊ သူ့ကျေးဇူး၊ အထူးဆပ်မှုသာ။
၆၈။ ကျေးဇူးသိက၊ ဖြစ်သမျှ၊ နှစ်ဝ သုခိဘာ။
၆၉။ ကျေးဇူးချေပစ်၊ တရားလစ်၊ နှမ်းညစ်စည်းစိမ်ဟာ။
၇၀။ ကျေးဇူးမပစ်၊ စည်းစိမ်ဖြစ်၊ ဆန်းသစ်လပမာ။
၇၁။ တစ်နေ့ထက်ကို၊ တစ်နေ့ပို၊ မောက်မိုဘုန်းသမ္ဘာ။
၇၂။ ကောင်းရာရောက်လို၊ အကုသိုလ်၊ ပယ်ဖို့စွန့်ပစ်ခွာ။
၇၃။ အစာနှင့်ခိုင်း၊ ဝမ်းကိုနှိုင်း၊ ဝင်တိုင်းမစားနှင့်။
၇၄။ နေ့ညချင့်နှိုင်း၊ ကာလပိုင်း၊ ပျော်တိုင်းမအိပ်နှင့်။
၇၅။ ဒေသချင့်ပိုင်း၊ ခရီးနှိုင်း၊ ရောက်တိုင်း မသွားနှင့်။
၇၆။ အရေးချင့်နှိုင်း၊ ခြားနားပိုင်း၊ သိတိုင်းမပြောနှင့်။
၇၇။ ဆင်ခြင်တွေးတော၊ သူ့သဘော၊ ပြောတိုင်းမယုံနှင့်။
၇၈။ လျှို့ဝှက်သင့်ငြား၊ သူတစ်ပါး၊ အားလုံးမပုံနှင့်။
၇၉။ သူတစ်ပါးကို၊ အမျက်လို၊ ပြင်ကိုမထွက်နှင့်။

၈၀။ စကားပြောဆို၊ မှန်ကင်းလို၊ ကိုယ်ကိုမမြှောက်နှင့်။
၈၁။ သူများချီးမြှောက်၊ စိတ်ကြီးရောက်၊ မမြောက်မကြွနှင့်။
၈၂။ အာရုံငါးဖြာ၊ သွေးဆောင်ရာ၊ အာသာမမက်နှင့်။
၈၃။ အကျင့်မမှား၊ စည်းသို့တား၊ တရားမလွန်နှင့်။
၈၄။ သရမ်းမော်ကား၊ နှုတ်ထွက်ကြွား၊ စကားမကျွ ံနှင့်။
၈၅။ ကိုယ်နှင့်မျှတ၊ နှိုင်းခိုင်းဆ၊ မာနမချန်နှင့်။
၈၆။ ကံနှင့်ပေးမှု၊ ငွေးကြွယ်ဝ၊ လောဘမမွန်နှင့်။
၈၇။ ထကြွရှိမှု၊ လိုရာကျ၊ လုံ့လမလျော့နှင့်။
၈၈။ လုံ့လနှင့်ကံ၊ ကျိုးပေးသန်၊ အကြံမပေါ့နှင့်။
၈၉။ နေ့သင့်လျှင်သင့်၊ ဉာဏ်နှင့်ချင့်၊ မဖင့်မသော့နှင့်။
၉၀။ ဆိုခွင့်ရောက်က၊ ဆိုကုန်ကြ၊ နှုတ်ရွှမဆော့နှင့်။
၉၁။ ဆိုခွင့်ရောက်လည်း၊ နှုတ်သိမ်းဆည်း၊ လှည်း၍ သူ့ကိုမနှိပ်နှင့်။
၉၂။ မိတ်ဆွေတို့မှာ၊ ဖြောင့်မှန်စွာ၊ သစ္စာမဖောက်နှင့်။
၉၃။ လှူပြီးဥစ္စာ၊ ပေးပြီးတာ၊ သဒ္ဓါမပျက်နှင့်။
၉၄။ တရားကိုရှာ၊ ကိုယ်ခန္ဓာ၊ မညှာမငဲ့နှင့်။
၉၅။ မိဘဆရာ၊ ဉာဘကာ၊ မေတ္တာမဖဲ့နှင့်။
၉၆။ ဥစ္စာကိုရှာ၊ လုံ့လရာ၊ မဝါမကြွားနှင့်။
၉၇။ ပညာထိုးထွင်း၊ တတ်လိုလျှင်း၊ မပျင်းမရိနှင့်။
၉၈။ မတည်မကြည်၊ သူဆိုသည်၊ အရှည်မယုံနှင့်။
၉၉။ ချစ်လွယ်မုန်းလွယ်၊ ပြုသူဝယ်၊ အကယ်မပေါင်းနှင့်။
၁၀၀။ ကိုယ်နှင့်မစာ၊ လူတကာ၊ မေတ္တာမတုံးနှင့်။
၁၀၁။ ကုန်းချောမှားမိုက်၊ သူများတိုက်၊ မျက်အိုက်မမုန်းနှင့်။
၁၀၂။ ကိုယ်နှင့်မရာ၊ မင်းဘဏ္ဍာ၊ ပယ်ပါမသုံးနှင့်။
၁၀၃။ ကိုယ်နှင့်မတန်၊ ဒေါသမာန်၊ ချွန်ချွန်မထွက်နှင့်။
၁၀၄။ ကိုယ်နှင့်မလျော်၊ စကားမော်၊ မတော်မပြောနှင့်။
၁၀၅။ ကိုယ်နှင့်မထိုက် ၊မေတ္တာဆိုက်၊ မကြိုက်မခင်နှင့်။
၁၀၆။ အိမ်တွင်းကမီး၊ အိမ့်ပြင်မီး၊ မီးချင်းမစပ်နှင့်။
၁၀၇။ သုံးပါးမီးရောင်၊ ညှီးညီးပြောင်၊ လောင်အောင်မပြုနှင့်။
၁၀၈။ ကြွေးနှင့်မီးရန်၊ ဤသုံးတန်၊ ကြွင်းကျန်မထားနှင့်။
၁၀၉။ ခွန်အားဆုတ်ယုတ်၊ အားအင်နုပ်၊ သတ်ပုတ်မကြိုက်နှင့်။
၁၁၀။ ဥစ္စာနည်းပါး၊ ဆင်းရဲသား၊ အစားမကြူးနှင့်။
၁၁၁။ သုတဆွံ့ရှား၊ ပညာပါး၊ စကားမလေနှင့်။

၁၁၂။ ကြွေအန်လောင်းကြူး၊ ယစ်မိုက်မူး၊ မမြူးမပျော်နှင့်။
၁၁၃။ သူမြတ်တို့အား၊ ခြေရင်းထား၊ ပလွှားမအိပ်နှင့်။
၁၁၄။ သူမြတ်တို့ရှေ့၊ မသိမ်မွေ့၊ တိုးဝှေ့မနေနှင့်။
၁၁၅။ ချင့်ချိန်အရေး၊ မျှော်ထောက်တွေး၊ မမေးမပြောနှင့်။
၁၁၆။ အကြောင်းနှင့်လျော်၊ တိုင်းဆမျှော်၊ မခေါ်မသွားနှင့်။
၁၁၇။ သူများဘဏ္ဍာ၊ သိုမှီးရာ၊ နီးစွာမနေနှင့်။
၁၁၈။ ခရီးသွားရာ၊ ဖော်မပါ၊ ဥစ္စာမပြနှင့်။
၁၁၉။ လူဆိုးတွေ့ခါ၊ အသိပါ၊ မျက်နှာမဖော်နှင့်။
၁၂၀။ ဆိုးဆိုးကောင်းကောင်း၊ သူ့အကြောင်း၊ စောင်းမြောင်း
မဆိုနှင့်။
၁၂၁။ ငါ့အောက်စုတ်နုပ်၊ ညှိုသူယုတ်ဟု၊ ပုတ်ခတ်ညှဉ်းဆဲ မပြုနှင့်။
၁၂၂။ ငါ့အောက်ညှိုသူ၊ နုပ်သောသူဟု၊ လူကိုမလေးမပြုနှင့်။
၁၂၃။ မလေးမစား၊ သူတစ်ပါး၊ လှည့်ဖြားမလိမ်နှင့်။
၁၂၄။ သူကလှည့်ဖြား၊ ပြောဆိုငြားလည်း၊ လိုက်စားမလွယ်နှင့်။
၁၂၅။ မာနကဲမှု၊ စကားဆို၊ သူ့ကိုနှိပ်၍ မပြောနှင့်။
၁၂၆။ မိတ်ဆွေဖော်သင်း၊ လူချစ်ချင်း၊ သတင်းမပျက်နှင့်။
၁၂၇။ ကြောက်ရွံ့စိုးပူ၊ ထိုသသူ၊ ထပ်ကူမခြောက်နှင့်။
၁၂၈။ သူတည်းကျင့်ဆိုး၊ ကိုယ်ကိုချိုးလည်း၊ ရန်ငြိုးမထားနှင့်။
၁၂၉။ မြွေငယ် မီးသေး၊ ငါမလေးဟု၊ အရေးမပေါ့နှင့်။
၁၃၀။ ငါ့ကိုမပစ်၊ သက်လုံးချစ်၊ စင်စစ်မယုံနှင့်။
၁၃၁။ သူ့အိမ်သူ့ရာ၊ ရောက်သောခါ၊ အိပ်ရာခန်းတွင်းမဝင်နှင့်။
၁၃၂။ ခင်းကျင်းနေရာ၊ ထားသည်မှာ၊ မြတ်ရာတက်၍မနေနှင့်။
၁၃၃။ ခေါင်းရင်းခြေရင်း၊ နှလုံးသွင်း၊ ခေါင်းရင်းကိုလည်းမကျော်နှင့်။
၁၃၄။ ဆွေမျိုးနည်းလျက်၊ မာနတက်၊ ရန်ဘက်မရှာနှင့်။
၁၃၅။ မနအားကိုး၊ ဒေါသမိုး၊ ဆွေမျိုးမခွာနှင့်။
၁၃၆။ လုံ့လအပ်စွာ၊ အရာရာ၊ ကံသာမယုံနှင့်။
၁၃၇။ လုံ့လနှင့်ကံ၊ မျှအောင်ကြံ၊ ဉာဏ်မလွတ်ကြနှင့်။
၁၃၈။ လုံ့လအရာ၊ ဘယ်အခါ၊ ပညာ မကင်းကြစေနှင့်။
၁၃၉။ ပညာဟူသည်၊ အရင်းတည်၊ ကြံစည် မလစ်ကြစေနှင့်။
၁၄၀။ ပညာနှင်းညွှန်၊ ကြံခွင့်ရှိ၊ သတိ မကင်းကြစေနှင့်။
၁၄၁။ သတိနှင့်ပြု၊ အမှုမှု၊ တစ်ခု မလစ်ဟင်းစေနှင့်။
၁၄၂။ ခပ်သိမ်းအမှု၊ မပြုခင်က၊ စဉ်းစားကြ၊ နောင်တ မရှိကြစေနှင့်။

၁၄၃။ မချင့်မတွေး၊ အရေးရေး၊ မိုက်သွေးရဲစိတ် မဝင်နှင့်။
၁၄၄။ မြင်မြင်သမျှ၊ တွေ့ကရ၊ ရမ်းဆ၍လည်း မကြောက်နှင့်။
၁၄၅။ နောင်တကင်းအောင်၊ သတိဆောင်၊ မယောင်းမမှားကြစေနှင့်။
၁၄၆။ ထုံးဟောင်းစွန့်ပစ်၊ အကြံလစ်၊ ထုံးသစ်မထွင်နှင့်။
၁၄၇။ ထုံးသစ်အကြောင်း၊ ကျိုးပေးကောင်းလျှင်၊ ထုံးဟောင်းမခင်နှင့်။
၁၄၈။ ရှေးထုံးရှေးစံ၊ လမ်းဟောင်းမှန်၊ ပယ်လှန်မပစ်နှင့်။
၁၄၉။ ရှေးထုံးရှေးစံ၊ လမ်းမမှန်၊ ဗျာသန်မလိုက်နှင့်။
၁၅၀။ ဒါနပြုရာ၊ ကြည်အပ်စွာ၊ သဒ္ဓါ မညစ်ကြစေနှင့်။
၁၅၁။ သီလစောင့်ရာ၊ သည်းခံပါ၊ မေတ္တာ မလစ်ကြစေနှင့်။
၁၅၂။ ကမ္မဋ္ဌာန်းဘာဝနာ၊ ပွားကြရာ၊ အာရုံမယစ်ကြစေနှင့်။
၁၅၃။ ဩဃလေးဖြာ၊ သံသရာ၊ ကြာကြာ မနစ်ကြစေနှင့်။
၁၅၄။ လောကဓမ္မ၊ အဝဝ၊ တစမဖျင်း ကြစေနှင့်။
၁၅၅။ လောကလည်းတင့်၊ ဓမ္မမြင့်၊ ကောင်းကျိုးမှု မယှင်းကြစေနှင့်။
၁၅၆။ ကောင်းကျင့်လည်းကင်း၊ တရားယွင်း၊ အဖျင်း မဖြစ်စေနှင့်။
၁၅၇။ ကိုယ်ကျိုးကိုရှု၊ ကောင်းရာတု၊ ကောင်းမှုမပျက်ကြစေနှင့်။
၁၅၈။ ဘုရားတရား၊ သံဃာအား၊ ပြစ်မှား မလွန်ကြစေနှင့်။
၁၅၉။ ဆရာမိဘ၊ ဆိုဆုံးမ၊ စိတ်ကမညစ်နှင့်။
၁၆၀။ သက်ကြီးရွယ်အို၊ သူတို့ကို၊ ရိုသေကျိုးနွံ မထန်နှင့်။
၁၆၁။ သူတစ်ပါးကို၊ စကားဆို၊ ငြိုငြင်ကြအောင် မပြောနှင့်။
၁၆၂။ ကိုယ့်ကြောင့်သူ့မှာ၊ မချမ်းသာ၊ ဘယ်ငှာကိုမှ မပြုနှင့်။
၁၆၃။ ဘုရားဟောမြွက်၊ ဓမ္မစက်၊ ဖျက်၍ မပြောနှင့်။
၁၆၄။ တရားအနှစ်၊ ရသာစစ်ကို၊ ပယ်ပစ်မစွန့်နှင့်။
၁၆၅။ ပိဋကတ်ပင်လယ်၊ နယကျယ်၊ အလွယ်တက်ပြီမထင်နှင့်။
၁၆၆။ တစ်နည်းတွေ့ရုံ၊ ကျမ်းမစုံ၊ အာဂုံဘယ်၍ မကိုးနှင့်။
၁၆၇။ ကေစိသဘော၊ တစ်ကျမ်းဟော၊ အပြောတယ်၍ မဘာင်းနှင့်။
၁၆၈။ ဂန္ထန္တရ၊ မန္တံကြ၊ ဝါဒတယ်၍ မငြင်းနှင့်။
၁၆၉။ အတ္တနောမတိ၊ ယူမှန်းသိ၊ ဖိ၍ယှဉ်ပြိုင် မပြောနှင့်။
၁၇၀။ ကိုယ့်ထက်ဉာဏ်ရှိ၊ တတ်မှန်းသိ၊ မိမိကိုယ်ကို မမြှောက်နှင့်။
၁၇၁။ ဂုဏ်မရှိလျက်၊ မာနတက်၊ သူ့ထက်ကြွား၍ မဝင့်နှင့်။
၁၇၂။ စည်းစိမ်ခြွေရွေ၊ ရှိတုံပေ၊ စိတ်နေ စိတ်ထား မမြင့်နှင့်။
၁၇၃။ မင်းတို့အာဏာ၊ မြစ်တားရာ၊ ဘယ်ငှာကိုမှ မကျင့်နှင့်။
၁၇၄။ လျှို့ဝှက်အပ်ငြား၊ တွင်းစကား၊ အများသိအောင် မဖွင့်နှင့်။

၁၇၅။ သူ့ဘည်းကုန်းချော၊ ရန်တိုက်ပြော၊ သဘောစိတ်မှာ မနှင့်နှင့်။
၁၇၆။ နှစ်ဦးစပ်ကြား၊ ရန်စပွားအောင်၊ စကားပြစ်ရှာ မပင့်နှင့်။
၁၇၇။ ခြေသိုလက်သို၊ လိပ်နှယ်သို၊ ကြက်လိုတောင်ဖြန့် မပြောနှင့်။
၁၇၈။ လူမိုက်သွေးရာ၊ မလိုက်နှာ၊ ရှောင်ခွာကိုယ်စိတ် မရောနှင့်။
၁၇၉။ မစုံမက်သာ၊ ထိုဥစ္စာ၊ အာသာရှိတိုင်း မစောနှင့်။
၁၈၀။ စကားမှုရှာ၊ တော်က်တီးလာ၊ ရှောင်ပါထွက်ရှိ မတောနှင့်။
၁၈၁။ နှစ်ဦးစပ်ကြား၊ ရန်စပွားအောင်၊ စကားကုန်းတိုက် မချောနှင့်။
၁၈၂။ အကျင့်ဖောက်ပြန်၊ မိန်းမသျှံ၊ လိုက်လံဘပ်မက် မှားမာနှင့်။
၁၈၃။ တစ်ဘက်ကိုညှာ၊ တစ်ဘက်နှာ၊ မေတ္တာမမျှ မပြုနှင့်။
၁၈၄။ မိဘဆရာ၊ ဆုံးမခါ၊ စိတ်မှာဒေါသ မခုနှင့်။
၁၈၅။ ဆုံးမစကား၊ မြဲမှတ်သား၊ စိတ်ထားသဘော မနုနှင့်။
၁၈၆။ ဂတိလေးပါး၊ လိုက်မိမှား၊ ပျက်ပြားအပါယ် နစ်တတ်သည်။
၁၈၇။ အာရုံခြောက်ပါး၊ ကျူးလွန်မှား၊ တရားမမှန် လစ်တတ်သည်။
၁၈၈။ ရဟန်းရသေ့၊ သူမြတ်တွေ့၊ သိမ်မွေ့သီလ ညစ်တတ်သည်။
၁၈၉။ ကာမဂုဏ်ငါးဦး၊ လိုက်စားကြူး၊ ရှင်မြူးအာရုံယစ်တတ်သည်။
၁၉၀။ အသစ်တွေ့ရှောင်း၊ တစီစိတ်ပြောင်း၊ အပေါင်းမခင်ဖြစ်တတ်၏။
၁၉၁။ အဟောင်းကိုပစ်၊ အာရုံယစ်၊ အသစ်စုံမက် ချစ်တတ်သည်။
၁၉၂။ ကိုယ့်ဟာမှန်လျက်၊ သူများလက်၊ နေ့ရက် ရှည်သော် မြစ်
တတ်သည်။

၁၉၃။ တရားမလျော်၊ ကျင့်မတော်၊ သေသော်မချောင်ဖြစ်တတ်သည်။
၁၉၄။ တဏှာလောဘ၊ မျက်ဒေါသ၊ မောဟအပါယ် နစ်တတ်သည်။
၁၉၅။ ဖြတ်တမ်းဖြတ်စာ၊ မသေချာ၊ မှုရှာတဖန် သစ်တတ်သည်။
၁၉၆။ စသတ်ဆယ်ပုဒ်၊ သိဖွယ်ထုတ်၊ ဟုတ်ဟုတ် ကျက်မှတ်ပါ။
၁၉၇။ သိမ်းဆည်းမတတ်၊ ပစ္စည်းရပ်၊ မခပ်ကိုယ်တွင် ပျက်တတ်သည်။
၁၉၈။ နှုတ်ဆော့နှုတ်ကျွံ၊ စကားလွန်၊ အလွန်အပြင် ခက်တတ်သည်။
၁၉၉။ သတိမထား၊ ဆိုမိမှား၊ အများရှယ်ဖွယ် ရှက်တတ်သည်။
၂၀၀။ မကောင်းအဖော်၊ ပေါင်းမိသော်၊ ကိုယ်ပေါ် အမှုစက်တတ်၏။
၂၀၁။ အာရုံမသတ်၊ မြင်တိုင်းတပ်၊ ရစ်ပတ်တဏှာ မက်တတ်သည်။
၂၀၂။ ပညာရှိကင်း၊ မပေါင်းသင်း၊ မိုက်တွင်းအလွန် နက်တတ်သည်။
၂၀၃။ သီလကျင့်ယုတ်၊ တရားဆုတ်၊ အပုပ်သတင်း ထွက်တတ်သည်။
၂၀၄။ သူမိုက်ဘိုကို၊ နှိပ်စက်ဆို၊ ကိုယ်ကိုကြံ၍ ဖျက်တတ်သည်။
၂၀၅။ တံစိုးလိုက်စား၊ သူမိုက်များ၊ တရားမမှန် ကွက်တတ်သည်။

၂၀၆။ မောဟကြီးသူ၊ လူမိုက်မြူ၊ အယူမမှား သက်တတ်သည်။
၂၀၇။ သူမိုက်တို့ထံ၊ ဥစ္စာနှံ ဖောက်ပြန်ခိုးယူ ဝှက်တတ်သည်။
၂၀၈။ ကသတ်ဆယ့်တစ်ပုဒ်၊ သိဖွယ်ထုတ်၊ ဟုတ်ဟုတ်ကျက်မှတ်လေ။
၂၀၉။ စေတနာနုပ်စုတ်၊ သဒ္ဓါယုတ်၊ မျိုးထုတ်ရိက္ခာ နည်းတတ်သည်။
၂၁၀။ ပါရမီဉာဏ်၊ ရင့်မသန်၊ နံ့ဗွာန်ပွဲကြီး လွဲတတ်သည်။
၂၁၂။ ဝဋ်မြစ်မြဲခါ၊ သံသရာ၊ တဏှာရစ်နှောင် ဆွဲတတ်သည်။
၂၁၃။ တဏှာမူးယစ်၊ ဘဝချစ်၊ နှမ်းညစ်ဒုက္ခ ကဲတတ်သည်။
၂၁၄။ ဒုက္ခကဲပုံ၊ အကုသိုလ်၊ မပြိုသူ့ထက် ရဲတတ်သည်။
၂၁၅။ မရဲတန်ရာ၊ ရဲမိပါ၊ ကိုယ်မှာမကောင်း တွဲတတ်သည်။
၂၁၆။ မကောင်းတွဲခါ၊ ဖြစ်ရာရာ၊ ချမ်းသာမရှိ စဲတတ်သည်။
၂၁၇။ ချမ်းသာစဲငုပ်၊ ဘဝစုတ်၊ သူနုပ်ဟူ၍ ဖဲတတ်သည်။
၂၁၈။ ဘဝကနုပ်၊ အကျင့်ယုတ်၊ လောကုတ်ရောက်မည့် ခဲတတ်သည်။
၂၁၉။ နောက်ပစ်ဆယ်ပုဒ်၊ သိဖွယ်ထုတ်၊ ဟုတ်ဟုတ်မှတ်ကြပါ။
၂၂၀။ ချောင်ချိမောာ၊ သူကပြော၊ သဘောတူက ကြည်တတ်သည်။
၂၂၁။ သဘောကြည်မူ၊ မေတ္တာကူ၊ ထိုသူမိတ်ဆွေ တည်တတ်သည်။
၂၂၂။ မိတ်ကောင်းဆွေစပ်၊ ရှာ၍ကမ်း၊ ကျိုးနပ်စီးပွား စည်တတ်သည်။
၂၂၃။ မိတ်ဆွေမပျက်၊ ပွားစည်းတက်၊ အသက်မြင့်ကြာ ရှည်
တတ်သည်။
၂၂၄။ စီးပွားလည်းတည်၊ အသက်ရှည်၊ လေးမည်စက်ကြီး လည်တတ်
သည်။
၂၂၅။ စက်ကြီးလေးပါး၊ ပြည့်စုံငြား၊ ထင်ရှား သူကောင်း မည်တတ်
သည်။
၂၂၆။ ညသတ်ခြောက်ပုဒ်၊ သိဖွယ်ထုတ်၊ ဟုတ်ဟုတ်မှတ်သားလေ။
၂၂၇။ နှုတ်ထွက်အေးချမ်း၊ မသရမ်း၊ ရှင်လန်းမျက်နှာ ပွင့်တတ်
သည်။
၂၂၈။ ဥစ္စာပြည့်စုံ၊ မနဂုဏ်၊ လူပုံအလယ် တင့်တတ်သည်။
၂၂၉။ ပညာရှိမူ၊ ထိုသည့်သူ၊ လူတွင်မတိမ် မြင့်တတ်သည်။
၂၃၀။ အမျိုးယုတ်မူ၊ ထိုသသူ၊ အယူမကောင်း ကျင့်တတ်သည်။
၂၃၁။ ပညာနည်းပါး၊ မာနပွား၊ စိတ်ထားအလွန်ဝင့်တတ်သည်။
၂၃၂။ မထောက်မထား၊ နှုတ်ရမ်းကား၊ သူ့နားမချမ်း နင့်တတ်သည်။
၂၃၃။ လောဘကြီးမှာ၊ ပေးကမ်းရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၃၄။ ဒေါသကြီးမှာ၊ ချီးမွမ်းရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။

၂၄၅။ ဆရာတို့မှာ၊ ရှိသေရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၄၆။ အရှင်တို့မှာ၊ ခစားရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၄၇။ ဆွေမျိုးတို့မှာ၊ ရောပြွမ်းရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၄၈။ မိန်းမတို့မှာ၊ ချစ်ကြင်နာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၄၉။ အဆွေခင်ပွန်းမှာ၊ ဖြောင့်မှန်ရာ၊ အာသာကိုယ်သို့
လိုက်တတ်သည်။
၂၅၀။ သူတော်ကောင်းမှာ၊ဆုံးမရာ၊ အာသာကိုယ်သို့လိုက်တတ်သည်။
၂၅၁။ နေရပ်ရွာမှာ၊ ညီညွတ်ရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၅၂။ အရေးရှင်မှာ၊ နှိပ်ချရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၅၃။ ဥစ္စာရှင်မှာ၊စေခံရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၅၄။ ပညာရှိမှာ၊ ဆည်းကပ်ရာ၊ အာသာကိုယ်သို့ လိုက်တတ်သည်။
၂၅၅။ ဆေးကုဆရာ၊ မလိမ္မာ၊ သူနာအသက် ဆုံးတတ်သည်။
၂၅၆။ ကုန်ရောင်းဝယ်ရာ၊ မလိမ္မာ၊ ဥစ္စာအရင်း ရှုံးတတ်သည်။
၂၅၇။ မနာလိုရာ၊ ဆိုမိပါ၊ မေတ္တာမသက် တုံးတတ်သည်။
၂၅၈။ ကြိမ်ဖန်များစွာ၊ တောင်းသည်မှာ၊ သဒ္ဓါသွေ့ရှောင်
ပုန်းတတ်သည်။
၂၅၉။ စီးပွားမရှာ၊ ပျင်းရိပါ၊ ဥစ္စာရွေ့ရွေ့ ပြုန်းတတ်သည်။
၂၆၀။ ပြက်ရယ်ကျီစား၊ ပြုဖန်များ၊ ချစ်အားမဘည် မုန်းတတ်သည်။
၂၆၁။ သူများတွက်ဘာ၊ ကိုယ်ပေါ်မှာ၊ မလိမ္မာသော်
ရောက်တတ်သည်။
၂၆၂။ သီလကင်းကွာ၊ မသမာ၊ လေးဖြာအပါယ် ရောက်တတ်သည်။
၂၆၃။ မိန်းမမိုက်အား၊လိုလိုက်ငြား၊တရားသွေဖယ်ကောက်တတ်သည်။
၂၆၄။ ဆုံးမလွန်ခါ၊နားမနာ၊ မေတ္တာမကြည် နှောက်တတ်သည်။
၂၆၅။ ဝမ်းတွင်းမပါ၊ မကြည်သာ၊ မျက်နှာမရွှင် အောက်တတ်သည်။
၂၆၆။ ဇာတိမသန့်၊ မိန်းမညံ့၊ ကွက်ကန့်သစ္စာ ဖောက်တတ်သည်။
၂၆၇။ တတ်ပြီးပညာ၊ မလေ့လာ၊ မကြာမရှည် ပျောက်တတ်သည်။
၂၆၈။ တွေးဆမချိန်၊ သဘောတိမ်၊ လူလိမ်တွေ့၍ မှောက်တတ်သည်။
၂၆၉။ လူညစ်လူဘော၊ ပေါင်းမိလေ၊ လွဲချော်သွေကျေးဇူး
ဖျောက်တတ်သည်။
၂၈၀။ ကျေးဇူးချော်၊အကျင့်ညစ်၊ ခြစ်စည်းစိမ် ဟောက်တတ်သည်။
၂၈၁။ လူမိုက်တို့ကို၊ချီးမွမ်းဆို၊ ကိုယ်ရော စိတ်ရော မြှောက်တတ်သည်။
၂၈၂။ အထဲတမာ၊ ပြင်သကာ၊ ယုံရာဆောင်၍ ရှောတတ်သည်။

၂၆၃။ ရောတိုင်းယုံမှု၊ မိုက်တဲ့သူ၊ လူလိမ်လူညစ် ကျောဘတ်သည်။
၂၆၄။ သက်သေစာရင်း၊ မရှိလျှင်း၊ ပေးသွင်းဥစ္စာ ကောတတ်သည်။
၂၆၅။ လူမိုက်ဆန္ဒ၊ လိုမကျ၊ ကြံရကွဲ့ရဲ ပြောတတ်သည်။
၂၆၆။ အတွင်းရေးရာ၊ သိလိုပါ၊ မေတ္တာရှိမယောင် နှောတတ်သည်။
၂၆၇။ သူတစ်ပါးကို၊ ကဲ့ရဲ့လို၊ ကိုယ်မှာ ရန်သူပေါ်တတ်သည်။
၂၆၈။ ဥစ္စာမဲ့ခြွေး၊ ဆင်းရဲများ၊ နှစ်ပါးကိုယ်စိတ် မောဘတ်သည်။
၂၆၉။ လျှပ်ပေါ်မြောက်ထူ၊ ဆော့သောသူ၊ လူမြင်သာမျှ
မုန်းတတ်သည်။
၂၇၀။ ပညာမသင်၊ ပျင်းရိလျှင်၊ လူတွင်ညက်စ တုံးတတ်သည်။
၂၇၁။ ပေါင်နှံမရှိ၊ ချေးငှားဘိ၊ မိမိဥစ္စာ ဆုံးတတ်သည်။
၂၇၂။ ငါးသိုင်းများဟင်း၊ ပမာခင်း၊ ချစ်ခြင်းလွန်သော်ဟုံးတတ်သည်။
၂၇၃။ ဖွစ္စည်းသုံးစွဲ၊ သူ့ထက်ကဲ၊ ဆင်းရဲရောက်၍ ကုန်တတ်သည်။
၂၇၄။ မော်မော်ကြွားကြွား၊ လူရမ်းကား၊ အများမချစ်
မုန်းတတ်သည်။
၂၇၅။ အိပ်ချင်အခါ၊ ဆာမွတ်ရာ၊ ရန်ရှာမှောင့်လျှင် မုန်းတတ်သည်။
၂၇၆။ တောင်းတတ်သောသူ၊ တောင်မှုမပေး၊ သည်နှစ်ရေး၊
မအေးစိတ်က မုန်းတတ်သည်။
၂၇၇။ မိတ်ဆွေသဟာ၊ မြီးချေးရာ၊ တောင်းပါမကြည် မုန်းတတ်သည်။
၂၇၈။ စနေရာရာ၊ မသေချာ၊ တွေ့လာကိစ္စ လစ်တတ်သည်။
၂၇၉။ ကိစ္စလစ်ဟင်း၊ လူအဖျင်း၊ ပေါင်းသင်းမပြု ဖြစ်တတ်သည်။
၂၈၀။ အပေါ်ပေါင်းသင်း၊ မရှိကင်း၊ လူချင်းမတူ ဖြစ်တတ်သည်။
၂၈၁။ လူချင်းမတူ၊ ဖြစ်သောသူ၊ မဖြူကိုယ်စိတ် ညစ်တတ်သည်။
၂၈၂။ အမှတ်အသား၊ သတိထား၊ ယွင်းမှားမရှိ ဖြစ်တတ်သည်။
၂၈၃။ မှားယွင်းမရှိ၊ မှန်တုံဘိ၊ မိမိဥစ္စာ စစ်တတ်သည်။
၂၈၄။ ဥစ္စာမက်မော၊ လောဘဇော၊ တောမသတ်က ပျက်တတ်သည်။
၂၈၅။ ကောမျက်မာန်၊ ဒေါသထန်၊ ခြွေရံအနေ ခက်တတ်သည်။
၂၈၆။ ကိုယ်နှင့်မလျော်၊ ဝတ်စားမော်၊ သူသရော်၍ မျက်တတ်သည်။
၂၈၇။ မလော်မလျော်၊ သူကိုချော်၊ လူမော်ဟူ၍ မျက်တတ်သည်။
၂၈၈။ အမျက်ရှိကာ၊ မကြည်သာ၊ မေတ္တာမဝင် ကွက်တတ်သည်။
၂၈၉။ မဝင်မေတ္တာ၊ ပျက်သောခါ၊ ကြံရှာ၍လည်း ဖျက်တတ်သည်။
၂၉၀။ တစ်ရံတစ်ဖန်၊ လောကဓံ၊ ဆက်ဆံမကင်း တွေ့ဘတ်သည်။
၂၉၁။ မှုဆိုးတံငါ၊ နီးကြပါ၊ ရံခါအတု လေ့တတ်သည်။

၂၉၂။ သူမြတ်သူတော်၊ နီးခါသော်၊ ရှင်ပျော်ကုသိုလ် မွေ့တတ်သည်။
၂၉၃။ ခရီးဥန့်ကွာ၊ ရှည်ဝေးကြာ၊ မျက်နှာမမြင် မေ့တတ်သည်။
၂၉၄။ ဥစ္စာမရှိ၊ ဆင်းရဲဘိ၊ ကတိမတည် ရွှေ့တတ်သည်။
၂၉၅။ ကတိမမှန်၊ လူသာမန်၊ ဖောက်ပန်စကား ထွေတတ်သည်။
၂၉၆။ မိဘသွန်းလိုက်၊ မျိုးစရိုက်၊ နှစ်ခြိုက်မပစ် မွေ့တတ်သည်။
၂၉၇။ ဆင်မုန်ကျခိုက်၊ မျက်မာန်အိုက်၊ လိုက်၍လူကို ဝှေ့တတ်သည်။
၂၉၈။ ထိုနည်းတူစွာ၊ မုန်းသောခါ၊ မေတ္တာခန်း ခြောက်
သွေ့တတ်သည်။
၂၉၉။ ဖန်ဖန်ခါခါ၊ တောင်းရမ်းလာ၊ သဒ္ဓါမဖြူ ညို့တတ်သည်။
၃၀၀။ မဖြူသဒ္ဓါ၊ ပေးလှူရာ၊ အင်္ဂါမစုံ ချို့တတ်သည်။
၃၀၁။ မစုံအင်္ဂါ၊ ရှိသောခါ၊ ရှုသာမကောင်း သို့တတ်သည်။
၃၀၂။ သူ့ကိုနှိပ်စက်၊ ပြုသည့်တွက်၊ ဝိပါက်လျင်စွာ ရောက်တတ်သည်။
၃၀၃။ မေတ္တာမသက်၊ သူ့ကိုဖျက်၊ ကိုယ်ပျက်စီး၍ မှောက်တတ်သည်။
၃၀၄။ ဆရာတို့အား၊ ကျူးလွန်မှား၊ သင်ကြားပညာ
ပျောက်တတ်သည်။
၃၀၅။ ချုပ်ကြီးအုပ်ကြီး၊ ညာဏ်မကြီး၊ ရန်မီးပေါ်၍ တောက်တတ်သည်။
၃၀၆။ သားမိုက်တို့ကို၊ ပြင်းစွာဆို၊ ကိုယ်ကိုလှန်၍ ဝေါက်တတ်သည်။
၃၀၇။ သည်းခံသင့်ရာ၊ မခံပါ၊ မေတ္တာမဝင် နောက်တတ်သည်။
၃၀၈။ ဥစ္စာရမှုက်၊ လောဘတက်၊ ယှဉ်းကွက်သစ္စာ ဖောက်တတ်သည်။
၃၀၉။ မာနကြီးမူ၊ စိတ်မာန်လူ၊ သူငါပေါ်ဆက် မောက်တတ်သည်။
၃၁၀။ ကျေးကျွန်တို့ကို၊ နာအောင်ဆို၊ မလိုသဘော ကောက်တတ်သည်။
၃၁၁။ မထိ့ဒလးစား၊ သူတစ်ပါး၊ စကားနှိပ်မူ၊ မုန်းတတ်သည်။
၃၁၂။ အသင်အကြား၊ မရှိငြား၊ မပွားပညာ တုံးတတ်သည်။
၃၁၃။ ကြွေအန်လောင်းစား၊ အပျော်များ၊ စီးပွားဥစ္စာ
ပြုန်းတတ်သည်။
၃၁၄။ အမှားမလိုက်၊ အမှန်ကြိုက်၊ စရိုက်ကောင်းအောင် ကျင့်ရမည်။
၃၁၅။ မိတ်ကြီးဆွေကြီး၊ ပေါင်းဖက်မှီး၊ စီးပွားလမ်းကြောင်း
ဖွင့်ရမည်။
၃၁၆။ စီးပွားရှာရန်၊ တွေးဆဖန်၊ အကြံမြင့်အောင် မြှင့်ရမည်။
၃၁၇။ လမ်းကြောင်းမှန်ပြ၊ နည်းဟောင်းရ၊ ကိုယ်က အကြံဆင့်ရမည်။
၃၁၈။ ကာလဒေသ၊ ချိန်မကျ၊ တွေးဆခါကောင်း လှင့်ရမည်။
၃၁၉။ သူငါထွေပြား၊ ပြောကြငြားလည်း၊ အမှားအမှန် ချင့်ရမည်။

၃၂၀။ ဆရာမိဘာ၊ ဆိုဆုံးမ၊ သိသဦးထက် ပန်ရမည်။
၃၂၁။ သူမနာလို၊ ကဲ့ရဲ့ဆို၊ မှိတ်မျိုသည်းသည်း ခံရမည်။
၃၂၂။ သစ္စာကတိ၊ ရှိသူကိုသာ၊ ယုံကြည်ရာ ဥစ္စာစွေစည်းနှံရမည်။
၃၂၃။ သီလမြဲစွာ၊ လူသမ္မာ၊ ရှည်ကြာမိတ်ပေါင်း ဆံရမည်။
၃၂၄။ လူမှုလူရာ၊ အဖြာဖြာ၊ ပညာစုံမော်း ကြံရမည်။
၃၂၅။ ကိုယ်ကိုနှိမ့်ချ၊ နိဝါတ၊ မကြွမာန်ဟုန် နှံရမည်။
၃၂၆။ ဆိုလွယ်စကား၊ မြဲတည်ကြွား၊ ဖောက်ပြားမရှိ မှန်ရမည်။
၃၂၇။ လက္ခဏာရေး၊ မြော်ဆင်တွေး၊ လှူပေးကုသိုလ် မြန်ရမည်။
၃၂၈။ ကုသိုလ်ပြုခါ၊ ကြည်သဒ္ဓါ၊ မစတနာသုံးတန် သန်ရမည်။
၃၂၉။ ပုစ္ဆာဆွေးနွေး၊ သူတည်းမေး၊ မနှေးသိလျှင် ပြန်ရမည်။
၃၃၀။ နှစ်ဦးမကြေ၊ ရှိတုံပေ၊ ပြေအောင်ပြော၍ ဖျန်ရမည်။
၃၃၁။ သမီးသားများ၊ အကျင့်မှား၊ တရားပြ၍ မာန်ရမည်။
၃၃၂။ မိမိရန်သူ၊ ဖြစ်ဘိမူလည်း၊ ကြည်ဖြူမေတ္တာ ပို့ရမည်။
၃၃၃။ မာနမပြောက်၊ စိတ်မနှောက်၊ သူ့အောက်နှိမ့်၍ ကျို့ရမည်။
၃၃၄။ ရန်သူကင်းရာ၊ ဆယ်မျက်နှာ၊ မေတ္တာပရိတ် ဆို့ရမည်။
၃၃၅။ မြက်မျိုးပုံဘု၊ မကောင်းမှု၊ ကုသိုလ်မီးနှင့် ရှို့ရမည်။
၃၃၆။ ကုသိုလ်ကန်ဘောင်၊ ခံ့ခိုင်အောင်၊ ကြံဆောင်အားထုတ်
ဖို့ရမည်။

၃၃၇။ သီလနှင့်သာ၊ မွေးကြိုင်စွာ၊ ကိုယ်မှာလိမ်းသပ် တို့ရမည်။
၃၃၈။ ဆရာ့ထံမှာ၊ ဆုံးမနာ၊ ပညာရင်နို့ စို့ရမည်။
၃၃၉။ ကုသိုလ်သမ္ဘာ၊ ဆည်းပူးရှာ၊ သဒ္ဓါကဲမောက် မို့ရမည်။
၃၄၀။ မောဟမှောင်ကာ၊ မလင်းပါ၊ ပညာဉာဏ်ရောင် ပျို့ရမည်။
၃၄၁။ သူစဘင်မှု၊ ရန်စပြု၊ မခုမာန်စောင် တို့ရမည်။
၃၄၂။ မနာလိုသည်၊ နာလိုသည်၊ ဆိုသည့်အခါ သိရမည်။
၃၄၃။ မချစ်ကြင်သည်၊ ချစ်ကြင်သည်၊ နာသည့်အခါ သိရမည်။
၃၄၄။ မိတ်ဆွေကောင်းသည်၊ မကောင်းသည်၊ ညိုသည့်အခါ
သိရမည်။

၃၄၅။ နေရာခနရာ၊ အရပ်မှာ၊ မှီရာကောင်းကောင်းရှာရမည်။
၃၄၆။ မှီကောင်းဆရာ၊ ဆုံးမခါ၊ စိတ်မှာစွဲမှတ် နာရမည်။
၃၄၇။ အရာရာတိုင်း၊ ချင့်ချိန်ခိုင်း၊ နှိုင်း၍ကိုယ်ချင်း စာရမည်။
၃၄၈။ ကိုယ်ကနိုင်လောက်၊ ရှန်သူရောက်၊ မကြောက်ဆီးဆို့ကာရမည်။

၃၄၉။ ရန်သူဝင်လောက်၊ စည်းခြံပေါက်၊ ထပ်လျှောက်လုံအောင် ဖာရမည်။

၃၅၀။ မိတ်ဆွေမတောင်း၊ပေါင်းမိရှောင်း၊ ဖြားယောင်းလွတ်အောင် ခွာရမည်။

၃၅၁။ လောကဓံ တရား၊ တွေ့ကြုံငြား၊ စိတ်ထားတင်းတင်းမာရမည်။

၃၅၂။ ဘဝလွဲပြောင်း၊ ဂတိကောင်းအောင်၊ မကောင်းမှုကိုခွာရမည်။

၃၅၃။ ကိုယ်ကနိုင်လောက်၊ အခွင့်ရောက်၊ နောက်ကိုထောက်ထား ညှာရမည်။

၃၅၄။ အမိဝမ်းခေါင်း၊ အတူပေါင်းလည်း၊ မပေါင်းတန်သော် ဖဲရမည်။

၃၅၅။ အမျိုးကွဲပြား၊ မတူငြားလည်း၊ တရားမှန်သော် တွဲရမည်။

၃၅၆။ ငယ်ပေါင်းငယ်ဖော်၊ ဖြစ်တုံသော်လည်း၊ မတော်ကျင့်က ခွဲရမည်။

၃၅၇။ မကြာခဏ၊ ပေါင်းတွေ့ရလည်း၊ ဆုံးမတတ်သော် မြဲရမည်။

၃၅၈။ ဒါနသီလ၊ ပြုခွင့်ရ၊ လုံ့လကြိုးပမ်း ခဲရမည်။

၃၅၉။ ထကြွပေါ့ပါး၊ သတိထား၊ နိုးကြားလုံ့လ ရှိရမည်။

၃၆၀။ ကိုယ့်ကွက်ကိုယ့်တာ၊ ပြုစရာ၊ လိမ္မာအခွင့်သိရမည်။

၃၆၁။ သားသမီးများ၊ မော်ဝါကြွား၊ မစော်ကားအောင် ဖိရမည်။

၃၆၂။ သူတည်းမာန်ခု၊ ရန်စပြု၊ မတုသည်းခံ ချီရမည်။

၃၆၃။ တရားမဖွယ်၊ သူ့ကိုကျယ်၊ မာန်စွယ်တုံးအောင် တိရမည်။

၃၆၄။ ပျောင်းပျောင်းပျော့ပျော့၊ စိတ်မာန်လျှော့၊ မကြော့ကြမ်းဘဲ ပိရမည်။

၃၆၅။ နှစ် ရက် နေ့ လ၊ မလပ်ရ၊ ဒါနကြံ၍ ပြုရမည်။

၃၆၆။ ဒါနပြုခါ၊ ဒေါသခွာ၊ မေတ္တာစိတ်ဝင် နှုရမည်။

၃၆၇။ သည်းခံအရာ၊ ခန္တီဝါ၊ ပမာစံနှုန်း တုရမည်။

၃၆၈။ ဖြစ်တတ်ပျက်တတ်၊ လောကဓာတ်၊ မပြတ်သံဝေ့ရှုရမည်။

၃၆၉။ သုတပညာ၊ ရအောင်ရှာ၊ လေ့ကာသမ်းတွင်းစုရမည်။

၃၇၀။ စည်းစိမ်ပညာ၊ ပြည့်စုံခါ၊ မာနမမြင့် ပုရမည်။

၃၇၁။ ကာလအကြိုက်၊ လူ့စရိုက်၊ လိုက်၍ပြောဆိုကျင့်ရမည်။

၃၇၂။ စရိုက်မကောင်း၊ အကျင့်စောင်း၊ မပေါင်းပယ်ခွာ လှည့်ရမည်။

၃၇၃။ မိတ်ကောင်းဆွေရင်း၊ ကောင်းသတင်း၊ အချင်းသိအောင် ဖွင့်ရမည်။

၃၇ ။ မိတ်ဆွေဖော်ပေါင်း၊ ကောင်းမကောင်း၊ အကြောင်း
ချိန်ထောက် ချင့်ရမည်။
၃၇၅။ ပရိသတ်ပုံ၊မိတ်ကောင်းဂုဏ်၊ယုံကြည်လောက်အောင်မြှင့်ရမည်။
၃၇၆။ ဆိုခွင့်ပြုခွင့်၊ သင့်မသင့်၊ နှိုင်းချင့်အခါ လင့်ရမည်။
၃၇၇။ ပ-မွာသိပ္ပ၊ ဒု-ဓနု၊ တ-သော်တရား ရှာရမည်။
၃၇၈။ အကုသိုလ်ညစ်၊တစ်ဆယ့်နှစ်၊ပယ်ပစ်ဝေးအောင် ခွာရမည်။
၃၇၉။ သနားအပ်စွာ၊ သတ္တဝါ၊ ပမာကိုယ်နှင့် စာရမည်။
၃၈၀။ သူတော်ဟောကြား၊ ကောင်းတရား၊ မှတ်သားမိအောင်
နာရမည်။
၃၈၁။ အကုသိုလ်ချေး၊ ကိုယ်မှာမြေး၊ ဆေးလျှော်သုတ်သင် ခါရမည်။
၃၈၂။ ရန်သူဘေးဆုံ၊ တစ်ရံကြုံ၊ ဂုဏ်တော်ကြီးကြီး ကာရမည်။
၃၈၃။ တစ်သက်တစ်ခါ၊ သေမည်သာ၊ စိတ်မှာမပြတ်စွဲ။
၃၈၄။ သေသောအခါ၊ လမ်းငါးဖြာ၊ ပါယ်ရွာလွတ်အောင်လွှဲ။
၃၈၅။ ပါယ်ရွာလွတ်လို၊ အကုသိုလ်၊ တွန်းဖို့ရှောင်ကြည်ဖဲ။
၃၈၆။ ဒါနသီလာ၊ ဘာဝနာ၊ ကိုယ်မှာကြပ်ကြပ်မြဲ။
၃၈၇။ ထွန်းပရောင်ဝါ၊ သာသနာ၊ ခုခါ ခုခါ မဂ်ဖိုလ်ပွဲ။
၃၈၈။ မိမိကိုယ်ကို၊ ချမ်းသာလို၊ မဂ်ဖိုလ် ရအောင်ခဲ။
၃၈၉။ နိဗ္ဗာန်မရ၊ ဘုံသုံးဝမှာ၊ ဒုက္ခမကင်းချေ။
၃၉၀။ ဒုက္ခတွေ့ငြား၊ သတိထား၍၊ တရားယူဆ ဖြေ။
၃၉၁။ ရံဖန်ရံဖန်၊ လောကခံ ၊ဖောက်ပြန် ဖြစ်မြဲပေ။
၃၉၂။ ဖောက်ပြန်သဘော၊ အာသဝေါ၊ လျှောအောင် မဂ်ဖြင့်ခြေ။
၃၉၃။ မဂ်ကိုရမှ၊ ခြေနိုင်ကြ၊ မဂ်ရ တရားဖွေ။
၃၉၄။ မဂ်ကိုရကြောင်း၊ သူတော်ကောင်း၊ လမ်းကြောင်း
လိုက်ကြလေ။
၃၉၅။ သူတော်လမ်းလိုက်၊ ကောင်းရာဆိုက်၊ မှတ်ပိုက် မှန်မသေ။
၃၉၆။ အရေးအခွင့်၊ လျော်စွာချင့်၊ သင့်အောင်စကား ဆိုတတ်စေ။
၃၉၇။ ကုသိုလ်ပြုရာ၊ စေတနာ၊ သဒ္ဓါဆင့်ဆင့် ပိုတတ်စေ။
၃၉၈။ မစ္ဆေရသာ၊အဘိဇ္ဈာ၊ ပယ်ခွာတွန်းပစ် ဖို့တတ်စေ။
၃၉၉။ မကြောင့်ကြမ်းရာ၊ တွေးမထောက်စာ၊ ပမာကြောင်သို့
သိုတတ်စေ။
၄၀၀။ ဘေးရန်တွေ့ခါ၊ လွတ်ချမ်းသာအောင်၊ မှီရာရှာ၍ ခိုတတ်စေ။
၄၀၁။ ရှိုင်းပြစော်ကား၊ သူပြစ်မှား၊ တရားရှာ၍ မျိုတတ်စေ။

၄၀၂။ သူတော်ကျင့်ထုံး၊ စွဲမှတ်သုံး၊ နှလုံးကောင်းစွာ သွင်းတတ်စေ။
၄၀၃။ စကားရှုပ်ထွေး၊ သူ့အရေး၊ မြော်တွေးခွဲခြမ်း ရှင်းတတ်စေ။
၄၀၄။ အဝိဇ္ဇန္ဓ၊ မှောင်ကြီးကျ၊ ဉာဏအရောင် လင်းတတ်စေ။
၄၀၅။ ပရဒါရာ၊ သူ့ကြင်ရာ၊ အာသာမရှိ ကင်းတတ်စေ။
၄၀၆။ ကုသိုလ်မပွား၊ လူမိုက်အားကို၊ ရှောင်ရှားလွတ်အောင်
ကွင်းတတ်စေ။

၄၀၇။ အကျယ်အကျယ်၊ မငြိမ်းဖွယ်၊ မာန်စွယ်ချိုး၍ ကျဉ်းတတ်စေ။
၄၀၈။ သူတော်ဟူက၊ မာန်စောင်ချ၊ ကောဓရန်ငြိုး ဖျောက်တတ်စေ။
၄၀၉။ သူငါဆက်ဆံ၊ လောကဓံ၊ ပူပန်စိုးရိမ် ဖျောက်တတ်စေ။
၄၁၀။ ဉာတိတို့အား၊ မေတ္တာပွား၊ နည်းများပစ္စည်း ထောက်တတ်စေ။
၄၁၁။ မေတ္တာမဖျန်း၊ နှလုံးကြမ်း၊ ညှိုးနွမ်းရမည် ကြောက်တတ်စေ။
၄၁၂။ ကိုယ်နှင့်မတန်၊ စကားလွန်၊ မင်းဒဏ်ရောက်မည်၊
ကြောက်တတ်စေ။

၄၁၃။ ဥစ္စာကုန်ခမ်း၊ မရှိနွမ်း၊ ပင်ပန်းရမည် ကြောက်တတ်စေ။
၄၁၄။ အပါယ်လားမူ၊ တစ်ခုခု၊ မပြုရှောင်ကြဉ် ကြောက်တတ်စေ။
၄၁၅။ မပြုခင်ထ၊ စဉ်းစားကြ၊ ကိစ္စ အသွယ်သွယ်။
၄၁၆။ အမှားကိုပစ်၊ အမှန်ချစ်၊ စင်စစ်ချမ်းသာဖွယ်။
၄၁၇။ အမှားကိုချစ်၊ အမှန်ပစ်လျှင်၊ စင်စစ်ဆင်းရဲမယ်။
၄၁၈။ အမှန်အမှား၊ ခွဲခြား၊ အမှား စွန့်ပစ်မယ်။
၄၁၉။ ချမ်းသာမရ၊ ဒုက္ခတ၊ မ,စ ကြည့်ရှုတယ်။
၄၂၀။ သူတစ်ပါးအား၊ ကယ်ဆယ်ငြား၊ ကိုယ်အား မနွမ်းနယ်။
၄၂၁။ လို့လပညာ၊ ကလည်းပါ၊ လိုရာ ပြည့်စုံကြွယ်။
၄၂၂။ ပြည့်စုံသည့်ခါ၊ မမေ့ရာ၊ ရိက္ခာ မျိုးထုပ်လွယ်။
၄၂၃။ မျိုးထုပ်ပမာ၊ ဘုန်းသမ္ဘာ၊ ဖြစ်ရာ လွန်ကြီးကျယ်။
၄၂၄။ ကြီးကျယ်ဘောဂ၊ ပြည့်စုံငှ၊ မှီကြ လူကြီးငယ်။
၄၂၅။ မှီခိုလောက်မှ၊ ဤလောက၊ မှီကြ လူပေါတယ်။
၄၂၆။ ဂုဏ်ကိုတွေးထောက်၊ မှီခိုလောက်၊ အားမြောက် သေဝနာ။
၄၂၇။ မမှီလောကဘဲ၊ ခိုမှီတွဲ၊ ဆင်းရဲ ရောက်တတ်စွာ။
၄၂၈။ မှီခိုလောက်လျက်၊ ကျိုးမတက်လည်း၊ မဖက် ရှောင်ကြဉ်ခွာ။
၄၂၉။ မမ်ဘဲဖမ်း၊ မထိလှမ်း၊ ပင်ပန်း ရှုံမျှသာ။
၄၃၀။ မိလျက်ထိလျက်၊ အကျိုးပျက်လည်း၊ အားတက်မပြုရာ။

၄၃၁။ မိလောက်ထိလောက်၊ အကျိုးရောက်မှု၊ လိုးမြောက် 
အားတက်ပါ။

၄၃၂။ လောကဓမ္မ၊ တွေးကြုံဆ၊ နှစ်ဝ ခွဲစိတ်ဖြာ။

၄၃၃။ စိတ်ဖြာဝေဖန်၊ တွေးဆကြုံ၊ အမှန် သိပညာ။

၄၃၄။ ပညာနှိုင်းညှို၊ ဟုတ်တိုင်းသိ၊ မထိ ကင်း ပြစ်ဆာ။

၄၃၅။ ပြစ်ဆာကင်းမှ၊ မှုကိစ္စ၊ ပြုကြလူဘကာ။

၄၃၆။ အငင်စံပ၊ မိဘဆရာ၊ ရှိနေရာ၊ ဘယ်ခါ မမေ့အပ်။

၄၃၇။ မမေ့အပ်ငြား၊ ရုပ်သုံးပါး၊ မှတ်သား သတိချပ်။

၄၃၈။ တရားမစောင်း၊ သူတော်ကောင်း၊ ပေါင်းဖော် မှီဆည်းကပ်။

၄၃၉။ သူတော်တရား၊ မတိမ်းပါးအောင်၊ အားထုတ်မြဲမြဲရပ်။

၄၄၀။ တရားလမ်းကြောင်း၊ မတိမ်းစောင်းအောင်၊ ကောင်းကောင်း 
ကိုယ်ကိုကြပ်။

၄၄၁။ ကိုယ်နှုတ်နှလုံး၊ သုံးမတတ်ရှောင်း၊ သူတော်ကောင်း၊ 
ပေါင်းသင်း မိတ်ဆွေစပ်။

၄၄၂။ သူတော်ကောင်းယောင်၊ ဤလူ့ဘောင်၊ ဟန်ဆောင်ပြုသူများ။

၄၄၃။ သတိဉာဏ်လောင်း၊ အကြောင်းကြောင်း၊ လူကောင်း 
လူမှန်ရှား။

၄၄၄။ ဆုတ်ကပ်အခါ၊ မကြွင်နှာ၊ မေတ္တာ မရှိပါး။

၄၄၅။ ပမ်းတွင်မေတ္တာ၊ ပါမပါ၊ ကောင်းစွာ သတိထား။

၄၄၆။ မေတ္တာမရော၊ သူ့သဘော၊ ပေါ်ချော ပြုဘတ်ငြား။

၄၄၇။ ပေါ်ချောထဲကြမ်း၊ လူသရမ်း၊ မပြုမ်းဘဲ ရှောင်ရှား။

၄၄၈။ မရှောင်ရှားဘဲ၊ ပေါင်းယှဉ်တွဲ၊ ဆင်းရဲ ရွှေ့ရွှေ့ပါး။

၄၄၉။ ကြွေအန်လောင်းစား၊ အကျင့်မှား၊ ပယ်ရှား စွန့်ကြရာ။

၄၅၀။ ကိုယ်ကျင့်ယွင်းကွက်၊ ဥစ္စာပျက်၊ တက်တက် ကုန်ဆတ်စွာ။

၄၅၁။ ဤကားပုံထုတ်၊ ကံမဟုတ်၊ ယုတ်သည် ကျင့်တွက်တာ။

၄၅၂။ ဥစ္စာကံထိန်း၊ အကျင့်ယိမ်း၊ ကံတိမ်း ပျက်မည်သာ။

၄၅၃။ ကံပေးချင်လျက်၊ အကျင့်ပျက်၊ ကွဲအက် အိုးပမာ။

၄၅၄။ အိုးကွဲအတွင်း၊ ရေထည့်သွင်း၊ တျင်းတျင်း ကုန်တော့သာ။

၄၅၅။ ကိုယ်ကျင့်လည်းကောင်း၊ ကံလည်းကောင်း၊ နှစ်ကြောင်း 
စုံလင်မှု။

၄၅၆။ အိုးလုံရေတည်၊ စည်းစိမ်စည်၊ ဆန်းသည် လအတူ။

၄၅၇။ ဤပုံကိုစွဲ၊ မှုမလွဲ၊ မြဲမြဲ စံပြုယူ။

၄၅၈။ ကိုယ်ကျင့်ကောင်းအောင်း၊ လူ့အဒပေါင်း၊ မစောင်း ရအောင်တူ။
၄၅၉။ ရခဲလှစွာ၊ လူဖြစ်လာ၊ ကိုယ်မှာသီလ မြဲကြစေ။
၄၆၀။ ဒါနသီလာ၊ ဘာဝနာ၊ မခြားနေ့ည ခဲကြစေ။
၄၆၁။ ဟိရိဩတ္တပ်၊ ကိုယ်မှာကပ်၊ ကြပ်ကြပ်မြဲမြဲ စွဲကြလေ။
၄၆၂။ အမှန်အမှား၊ သည်နှစ်ပါး၊ အမှား လိုက်သူများ။
၄၆၃။ အမှားလိုက်သူ၊ ဆင်းရဲထူ၊ ကိုယ်မူ လွတ်အောင် ရှား။
၄၆၄။ အမှားလွတ်အောင်၊ ကင်းပယ်ရှောင်၊ မှန်အောင် သတိ ထား။
၄၆၅။ အမှားကိုပစ်၊ အမှန်ချစ်၊ စင်စစ် အနှစ်ပွား။
၄၆၆။ အနှစ်ပြည့်စွာ၊ ဒေသနာ၊ မြတ်စွာဟောမိန့်ကြား။
၄၆၇။ တရားရသာ၊ ရသူမှာ၊ လိုရာ ရောက်မမှား။
၄၆၈။ ခြင်္သေ့အယောင်၊ မြေခွေးဟောင်၊ မာန်ထောင် မော်ပလွား။
၄၆၉။ မတုအပ်စွာ၊ တုမိပါ၊ မကြာ ပျက်ထွားထွား။
၄၇၀။ သူကောင်းမဟုတ်၊ အယောင်လုပ်၊ မြုပ်လိမ့် ပါယ်လေးရွာ။
၄၇၁။ သူတော်ကောင်းစစ်၊ ဖြစ်အောင်မမှား၊ မြဲစွာ နှလုံးထား။
၄၇၂။ သူတော်သူကောင်း၊ သူမြတ်လောင်းကို၊ ပေါင်းဖို့ ရှာကြိုးစား။
၄၇၃။ သူတော်တရား၊ ထွန်းလာငြားမူ၊ အများ ချမ်းသာသည်။
၄၇၄။ သုခါသဒ္ဓမ္မာ၊ ဒေသနာ၊ မြတ်စွာဟောခဲ့သည်။
၄၇၅။ တရားစောင့်က၊ ရည့်သမျှ၊ မုချ ရောက်လိမ့်မည်။
၄၇၆။ သုတရတနာ၊ သံပေါက်စာ၊ ဤမှာ နိဋ္ဌိတာ။
၄၇၇။ ဇေယျမင်္ဂလာ၊ ညောင်ပင်သာ၊ ဆရာ စီကုံးပြု။
၄၇၈။ မစ္ဆေကင်းကွာ၊ ဤသည့်စာ၊ တွေ့ခါ မှတ်ကုန်ကြ။
၄၇၉။ မသင့်ပါလျှင်၊ ပညာရှင်၊ ပြင်ဆင် လိုက်ပါကြ။
၄၈၀။ သဒ္ဒါမိပ္ပါယ်၊ ဤနှစ်သွယ်၊ စိပ္ပာယ်လိုရင်းပါ။
၄၈၁။ အသုတ်မစောင့်၊ ဤစာထောင့်ဟု၊ မကြောင့်ကြ သင့်ပါ။

✿✿✿



## သံဝေဂ ဆုံးမစာ

# သိမှတ်ဖွယ်ရာ

သံဝေဂ ဆုံးမစာမှာ ထွင့်ခေါင်ဆရာတော်ကြီး ရေးသားတော်မူသော ကမ္ဘာ့ဘွဲ့သံပေါက် ၁၀၁ ပုဒ်ပင်ဖြစ်ပေသည်။ နှလုံးသွင်းပွားများရန်အချက်များ ပါရှိ၍ ဆုံးမစာသဘောသို့ များစွာသက်ဝင်ပေသည်။ ဓမ္မကြောင်းအရ အဆုံးအမများ ဖြစ်စေကာမူ များစွာတန်ဖိုးရှိလှပေသည်။ အရေးအသားမှာ သံပေါက်သွားနှင့် ရေးသားထားပေသည်။

နင့်ကိုယ်နင့်အား၊ နင်မသနား၊ နင်မှားရှာတော့သည်။
နင် မဆုံးမ၊ နင့်တာပ၊ ဘယ်ကခံလိမ့်မည်။

စသည်ဖြင့် သတိပေးထားရာတွင် မိမိကိုယ်ကိုမိမိ ဆုံးမစေလိုရင်းသည် ဆရာတော်၏ စေတနာပင် ဖြစ်ပေသည်။

ထွင့်ခေါင် ဆရာတော်ကြီးသည်ဟသ်ာတနယ်၊လေးမျက်နှာမြို့ အနောက်မြောက် မြင်းကုန်းရွာ ဇာတိဖြစ်၍ အင်းဝမြို့ မန်ကျည်းတောကျောင်းတိုက်တွင် စာပေသင်ကြားကာ ပထမကျော်အောင်မြင်သည်။ ဘကြီးတော်မင်း၏မိဖုရားကြီး မယ်နုက ပဉ္စင်းဒါယကာပြု၍ ရဟန်းဖြစ်ပြီးသော် စစ်ကိုင်း၊ ရတနာထွင့်ခေါင် စေတီတော်အနီး တောရချောင်တွင် သီတင်းသုံးတော်မူ၍ "ထွင့်ခေါင်ဆရာတော်ဟူ၍ ထင်ရှားပေသည်။ ဆရာတော်သည် ပါဠိမြန်မာ ကျမ်းပေါင်းများစွာကို ရေးသားတော် မူခဲ့ပေသည်။



# ၁၄။ သံဝေဂ ဆုံးမစာ

## ထွန်းခေါင် ဆရာတော်

၁။ သမ္ဘဝသတ္တာ၊ ဝေနေယျာ၊ သံသာရှည်ပြီလှ။
၂။ အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြံရှိပြီ။
၃။ ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။
၄။ သုံးပါးညီးညီး၊ လောင်မီးကြီး၊ ဖိစီးလှလေပြီ။
၅။ လောင်မှုန်းမသိ၊ မောဟဖိ၊ မိမိမိုက်လှပြီ။
၆။ ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီ။
၇။ ကာမဂုဏ်မွဲ၊ သည်မိုက်မဲ၊ မခွဲနိုင်ကြပြီ။
၈။ မခွဲနိုင်ကြ၊ လူ့ဗာလ၊ မိုက်စသိမ်းသင့်ပြီ။
၉။ ဂင်္ဂါသဲတူ၊ ပွင့်တော်မူ၊ ဆူဆူများလှပြီ။
၁၀။ များအသင်္ချေ၊ ရှင်စေတွေ၊ ရှောင်သွေလွှဲခဲ့ပြီ။
၁၁။ တစ်ဆူမသင့်၊ တစ်ဆူသင့်၊ ဖူးခွင့်တွေ့ထိုက်ပြီ။
၁၂။ မတော်မလျား၊ ကျင့်ဖောက်ပြား၊ မိုက်အားကြီးလှပြီ။
၁၃။ အလိုမလိုက်၊ သည်အမိုက်၊ ပယ်ထိုက်သင့်လှပြီ။
၁၄။ မပယ်မချိုး၊ ဆင်ကန်းတိုး၊ ဟုတ်နိုးထင်လှပြီ။
၁၅။ ဟုတ်နိုးသမှု၊ ထင်တိုင်းပြု၊ ယခုတိုင်ခဲ့ပြီ။
၁၆။ တရားလက်လွှတ်၊ ငုက်ဘောင်ကျွတ်၊ ဝဋ်နှင့်မကင်းပြီ။
၁၇။ မနုဿတ္တ၊ ဒုလ္လဘ၊ မရများလေပြီ။
၁၈။ အရတော်စွ၊ သည်ဘဝ၊ လှလှကျင့်ထိုက်ပြီ။
၁၉။ ကြံကြိုက်တော်စွာ၊ သာသနာ၊ ရောင်ဝါထွန်းလှပြီ။
၂၀။ သစ္စာရှိ၊ မြတ်ပုည၊ ပြုကြကောင်းသင့်ပြီ။

၂၁။ တစ်နေ့တစ်နေ့၊ နတ်ဖြန်ရွှေ့၊ မမေ့ကောင်းသင့်ပြီ။
၂၂။ ငါ့ကိုယ်ငါ့သား၊ ငါ့မယား၊ ထင်မှားလှလေပြီ။
၂၃။ ထင်မှားတတ်စွာ၊ သက္ကာယာ၊ မိစ္ဆာကင်းသင့်ပြီ။
၂၄။ ငါးခုခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။
၂၅။ သမ္မသန၊ ဉာဏ်အစ၊ ထင်လှသင့်ကြပြီ။
၂၆။ နင်ဖြင့်နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကိုယ်အမှုသည်။
၂၇။ နှလုံးဖုံ့ဖုံ့၊ ထုံတုံ့တုံ့၊ နင့်ပုံကြောင့်ကြမ်းသည်။
၂၈။ နင်နှင့်နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်။
၂၉။ ယခုနင့်ကိုယ်၊ နင့်အလိ၊ ဘယ်ကိုပြည့်စုံသည်။
၃၀။ နင့်ကိုယ်နင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်။
၃၁။ နင့်ကိုယ်နင်အား၊ နင်မသနား၊ နင်မှားရှာတော့သည်။
၃၂။ နင်မဆုံးမ၊ နင့်တာပ၊ ဘယ်ကခံလိမ့်မည်။
၃၃။ ဒါန သီလာ၊ ဘာဝနာ၊ နင်သာပြုသင့်သည်။
၃၄။ ဇာတိဇရာ၊ မရဏာ၊ မကြာနင်တွေ့မည်။
၃၅။ မျက်တောင်တယှက်၊ လျှပ်တပြက်၊ နင့်သက်သေလိမ့်မည်။
၃၆။ ဘယ်နှစ်ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွှေ့ပြီ။
၃၇။ ကြီးငယ်မဟူ၊ ကိုယ့်ရွယ်တူ၊ ခုမူ သေလှပြီ။
၃၈။ အမှန်သေရိုး၊ ထိုလူမျိုး၊ ကြောက်စိုးရွံ့သင့်ပြီ။
၃၉။ မသုင်းနှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှလေပြီ။
၄၀။ ခန္ဓာကြွေလျော့၊ ရှိပြန်သော၊ ပူဇော်လောင်လှပြီ။
၄၁။ သွားကျိုးဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူမကြောက်ပြီ။
၄၂။ ဤသည်မယား၊ ဤသည်သား၊ မီးပွားမှန်တော့သည်။
၄၃။ ခယဝယ၊ ဘိဇ္ဇန၊ ပျက်ကြလှလေပြီ။
၄၄။ အပိယေဟိ၊ ပိယေဟိ၊ ဒုက္ခကြုံလေပြီ။
၄၅။ ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။
၄၆။ နိဗ္ဗာန်သာခေါင်၊ ဘေမဲ့သောင်၊ ရောက်အောင်ပြုသင့်ပြီ။
၄၇။ မပြုပါဘဲ၊ နင်ရှောင်လွှဲ၊ နင်ပဲမိုက်လှပြီ။
၄၈။ ယုတ္တိယုတ္တာ၊ နင်ဆင်ကာ၊ နင်သာ ဟန်မျှားသည်။
၄၉။ ဘုရားသွားသွား၊ ကျောင်းသွားသွား၊ စိတ်ထားနင်မကြည်။
၅၀။ ဒါန သီလာ၊ နင်ပြုကာ၊ စေတနာဇောမကြည်။
၅၁။ သို့စင်ပြုလို၊ နင့်ကုသိုလ်၊ ဘယ်ကို ပေးလိမ့်မည်။
၅၂။ လောကုတ္တရာ၊ မြိုက်ဩဇာ၊ နင်သာဝေးလှသည်။

၅၃။ ဇောစိတ်သန်သန်၊ ကုသိုလ်မှန်၊ နင်ကြံပြုရမည်။
၅၄။ သို့ပြုမှသာ၊ ပြည်ခေမာ၊ နင်သာနီးရမည်။
၅၅။ ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့နှလုံးဘည်။
၅၆။ အနမတဂ္ဂ၊ သံသာရ၊ ကြာလှလေကုန်ပြီ။
၅၇။ ဂင်္ဂါဝါဠု၊ ပမာပြု၊ သဲစုမကပြီ။
၅၈။ တကျွာဖော်နောက်၊ တကောက်ကောက်၊ လိုက်ထောက်မသနိုင်ပြီ။
၅၉။ တကျွာမြစ်မ၊ ပင်လယ်ဝ၊ နစ်ကြလေကုန်ပြီ။
၆၀။ တကျွာလည်းပွား၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။
၆၁။ တကျွာပို့တင်၊ ပါယ်လေးခွင်၊ လျင်စွာရောက်လေပြီ။
၆၂။ သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။
၆၃။ ဝေဘူတောင်မျှ၊ မမာပြ၊ အရိုးမကပြီ။
၆၄။ နစ်တုံပေါ်တုံ၊ သုံးပါးဘုံ၊ ကြုံရလှလေပြီ။
၆၅။ ချမ်းသာမငွေ့၊ ဆင်းရဲတွေ့၊ ငြီးငွေ့သင့်လှပြီ။
၆၆။ အဝိဇ္ဇန္ဓ၊ သည်မောဟ၊ ညှဉ်းဆဲလှလေပြီ။
၆၇။ နီဝရဏ၊ ဆည်းတားကြ၊ လမ်းစမဆုံးပြီ။
၆၈။ ဂတိငါးပါး၊ ဆိုလည်နွား၊ သွား၍မဆုံးပြီ။
၆၉။ ဘဝတိုင်းသေ၊ သင်္ချိုင်းမြေ၊ ပွားစေလှလေပြီ။
၇၀။ လမ်းကောက်လည်းသွား၊ လူအများ၊ အမှားကြိုက်ခဲ့ပြီ။
၇၁။ လမ်းကြောင်းမမှန်၊ ကြိုက်နိဗ္ဗာန်၊ ကေန်လွဲခဲ့ပြီ။
၇၂။ ဘဝမဆုံး၊ ဒုက္ခတုံး၊ လုံးလုံးခံရပြီ။
၇၃။ လောကစကြူ၊ သဗ္ဗညု၊ ယခုရှိရက်မင်း။
၇၄။ ဘုရားဖြစ်ခ၊ ။ သာသနာ၊ ရောင်ဝါတဝင်းဝင်း။
၇၅။ မနုဿတ္တ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
၇၆။ ပြဟ္မာပြည်က၊ အပ်ကိုချ၊ မြေကအပ်တစ်စင်း။
၇၇။ အပ်သွားချင်းသာ၊ ထ်ဖွယ်ရာ၊ ပမာမှတ်ကြမင်း။
၇၈။ နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ၏မင်း။
၇၉။ သဒ္ဓါဗလဝ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
၈၀။ အရတော်ခိုက်၊ လူတစ်သိုက်၊ ခဲလိုက်ကြကုန်မင်း။
၈၁။ ကိုယ်ဖို့မရ၊ သည်နောင်တ၊ ဖြစ်တတ်ကြ၏မင်း။
၈၂။ ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၏မင်း။
၈၃။ ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။
၈၄။ မြတ်သည့်ကိုမှ၊ မသိကြ၊ ဗာလနှလုံးသွင်း။

၈၅။ ဗာလဖြစ်က၊ လူ့ပါပ၊ ကြာကြာကုန်လေမင်း။
၈၆။ လူဖြစ်ကျိုးမှ၊မခံရ၊ ရှုံးကြလေ၏မင်း။
၈၇။ ဘဝတိုင်းရှုံး၊ လူ့ကျောက်တုံး၊ စုံးစုံးမြုပ်၏မင်း။
၈၈။ စုံးစုံးမြုပ်ကာ၊ မပေါ်လာ၊ကြမ္မာမှောက်၏မင်း။
၈၉။ နိဗ္ဗာန်လမ်းစ၊ ဤသို့ပြ၊ မှတ်ကြနှလုံးသွင်း။
၉၀။ ကလျာဏမိတ္တ၊ ပဏ္ဍိတ၊ ပေါင်းဖော်ရ၏မင်း။
၉၁။ ထိုကလျာဏ၊ ဆိုဆုံးမ၊ လိုက်နာရ၏မင်း။
၉၂။ ယော နိ သော မ န သိ ကာ ရ၊ နေ့ည နှလုံးသွင်း။
၉၃။ သီလဓုတင်၊ ဆောက်တည်လျှင်၊ သည်တွင်အစမင်း။
၉၄။ အလောဘ၊ အဒေါသ၊ အမောဟ၊ နိက္ခမ၊ ဝိဝေက၊နိဿရဏ၊
ဤခြောက်ဝကို၊ အလိုရှိကြမင်း။
၉၅။ ရွှေပြည်သနစ်၊ သာသည်ခေတ်၊ စိစစ်ကြကုန်မင်း။
၉၆။ ရွှေပြည်ချမ်းသာ၊ စံချင်ရှာ၊ ဆိတ်ငြိမ်ရာသို့ချဉ်း။
၉၇။ အနိစ္စကောင်၊ ဒုက္ခကောင်၊ အသုဘကောင်၊ ထင်အောင်
နှလုံးသွင်း။
၉၈။ အနိစ္စတုံး၊] ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံး၊ လုံးလုံး
မှတ်ကြမင်း။
၉၉။ ဤသို့ထင်မှ၊ မဂ်လမ်းစ၊ ရမည်မှန်စင်းစင်း။
၁၀၀။ မဂ္ဂင်ဖောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီးအမတ၊ နိရောဓ၊
ရမည်မှတ်ကြမင်း။
၁၀၁။ ယခုဘဝ၊ မသိကြ၊ အမတမည်ခေါ်၊ ရွှေပြည်တော်၊
အစော်မနံလျှင်း။





## ပုရာဏ်ဓမ္မဂန် ဆုံးမစာ

# သိမှတ်ဖွယ်ရာ

ဤဆုံးမစာမှာ ကျီးသဲလေးထပ်ဆရာတော်၏ ပုရာဏ်ဓမ္မဂန် ဖတ်စာမှ ကောက်နုတ်ချက်ပင်ဖြစ်သဖြင့် ပုရာဏ်ဓမ္မဂန်ဆုံးမစာဟူ၍အမည်တပ်ထားခြင်း ဖြစ်ပေသည်။ ကျီးသဲလေးထပ်ဆရာတော်သည် မှတ်သားဖွယ် ဥပဒေသများကို အကျဉ်းချုပ်အားဖြင့် သံပေါက်သွား၊ လင်္ကာသွားတို့ဖြင့် ကာရန်အစုံစုံဖွဲ့၍ ရေးသားတော်မူရာ လူတို့သိမှတ်ကျင့်ဆောင်ဖွယ်ရာများ ပြည့်နှက် နေပေသည်။ မည်သည့်အရေးအဖွဲ့ဖြင့် ရေးသားသည်ဖြစ်စေ ဆုံးမစာ သဘောရောက်လျှင် ဆုံးမစာဟူ၍ပင် သတ်မှတ်ရန် ရှိပေသည်။

ကျီးသဲလေးထပ် ဆရာတော်သည်ရွှေဖုတောင်မြို့၊ ကျီးသဲရွာအရှေ့ဘက် ရှိ လေးထပ်ကျောင်းတွင် သီတင်းသုံးတော်မူသည်။ ဆရာတော်၏ဇိနတ္ထပကာသနီကျမ်း၊ စွယ်စုံကျော်ထင် ပုဏ္ဏဒအဖြေကျမ်း၊ မဟာဝင်ကျမ်း၊ မနောရထ ပူရဏီနှင့်ကျီးသဲမေတ္တာစာတို့မှာ ထင်ရှားသောကျမ်းများ ဖြစ်ပေသည်။



# ၁၅။ ပုရာဏ်မဗ္ဗဂန် ဆုံးမစာ

## ကျီးသဲလေးထပ် ဆရာတော်

(ပူရာဏ်မဗ္ဗဂန် ဖတ်စာကျမ်းမှ နှုတ်ကျက်ဆောင်ရန် ဥပဒေအဖြစ်ဖြင့် အချုပ်ရေးသားပါရှိသော ကဗျာဖြစ်ပါသည်။)

၁။ သဗ္ဗပညတ်၊ အမြဲမှတ်လော့၊ တတ်သိစေလို၊ ပြည့်နှန်းဆိုအံ့၊ ကိုယ်တွင်ရောဂါ၊ အနာရှိလျက်း ရက်ရက်ငယ်က၊ မကုသသော်၊ နှိုင်းဆချင့်သား မဆုံးလား။

၂။ တောင်ကုံမြင်လျှင်၊ ပြေးချင်ခုန်လွှား၊ ကျွန်ငနွား၊ ချင့်အား ချင့်ကိုယ် မဖြုန်းလား။

၃။ ကျွန်ပြောင်မထား၊ မယားမနေ၊ယောကျ်ားလေလည်း၊ ရွာနေ လူများ မမုန်းလှား။

၄။ သားလည်းမသိ၊ သမီးမရ၊ အိုရွယ်ကျသော်၊ ဒုက္ခချင့်မှာ မဖုံးလား။

၅။ သန်လျှက်ဖြစ်ငြား၊မသွေးထားသော်၊ ချင့်မားသိုခါ မတုံးလား။

၆။ ဓမ္မသတ်တရား၊ မသင်ကြားသော်၊စကားဆိုခါ မရှုံးလား။

၇။ ငယ်ကပျော်လွန်း၊ ကျမ်းဂန်တရား၊ မသင်ငြားသော်၊ မင်းပါး စိုးခွင်၊ မဝင်နိုင်ဘဲ၊ ဆင်းရဲဖန်တောင်း၊ မကောင်းသက်မွေး၊ မယဉ်ကျေးသည်၊ လူရေးလူစ မတုံးလား။

၈။ ပညာရှိများ၊ ချစ်သနားလည်း၊ တရားဟောခါ မဖုံးလား။

၉။ မိဘမသင်၊ ပွဲတွင်မတည်၊ ကုန်စည်မသွား၊ လူ့ငနွား၊ မယား ချင့်ကို မမုန်းလား။

၁၀။ မင်းစေလုပ်ငြား၊ လျှင်ဖြတ်စားသည်၊ ယောကျ်ားလူလေ၊ လူ
မွေ့ကို၊ ရှာဓနသူများ မမုန်းလား။

၁၁။ ရေမရသော်၊ တွင်းဝအထဲ၊ မြေနဲ့တိုင်အောင်တူး။

၁၂။ သလိပ်သည်းခြေ၊ သွေးလေမကောင်း၊ အနှာထောင်းသော်
စာဟောင်း ဒေါသထွက်။

၁၃။ ဥစ္စာနည်းပါး၊ ကြွေးမြီများသော်၊ ကုန်သွားလယ်ယာလုပ်။

၁၄။ မိုးမရွာခင်၊ သစ်ပင်ငုတ်ဝါးရင်း၊ ကြင်းကြင်းစင်အောင်ခုတ်။

၁၅။ မိုးတည်းရွာမူ၊ သစ်စေ့မျိုးရင်း၊ တွင်းကျယ်ဝင်အောင်မြှုပ်။

၁၆။ မြုပ်၍အပင်၊ ပေါက်တုံကျင်သော်၊ ကျွဲ ဆင် နွား တား၊ မဝင်
ငြားအောင်၊ အတားစောင်ရန်လုပ်။

၁၇။ ရင်ဝယ်ဖြစ်ငြား၊ မွေးသည်သားတို့၊ မသွားနေ့တိုင်း၊ ကျောင်းကန်
ရှိုင်းသော်၊ နေ့တိုင်းနားယဉ်ထုတ်။

၁၈။ နားယဉ်ထုတ်လျက်၊ ဆိုနိုင်ခက်သော်၊ လက်နှင့်ပျင်းပိုးထုတ်။

၁၉။ ဇီဝကပင်၊ ဖြစ်လျှင်ကစား၊ မခေါ်ငြားသော်၊ သွား၍လွတ်အောင်
မကုနှင့်။

၂၀။ နတ်သမီးပင်၊ ဖြစ်လျှင်ကစား၊ သူ့မျောက်သားကို၊ ဖြောင်းဖြား
ပြောဆို မလုနှင့်။

၂၁။ သခွေးသားပင်၊ ဖြစ်လျှင်ကစား၊ မင်းဝတ်စားကို မတုနှင့်။

၂၂။ တစ်အိမ်ထွက်ဝင်၊ လင်လည်းမနေ၊ မိန်းမခလေကား၊ ရင်၌သားကို
မချစ်ပါ။

၂၃။ တစ်ကျောင်းထွက်ဝင်၊ ကျောင်းစဉ်လည်လှည့်၊ တပည့်မည်ကား၊
လူ့ဗာလာကား၊ ဆရာမြတ်ကို မချစ်ရာ။

၂၄။ နံနက်ညခါ၊ သေစာစောင်းငြင်း၊ သီချင်းတလိုက်၊ ကြက်တိုက်
အနံ့ခတ်၊ လည်ပတ်သွားများ ထိုယောကျ်ားကား၊ ဥစ္စာများကို
မချစ်ရာ။

၂၅။ ကျောင်းကန်မတဲ၊ လူထဲမလာ၊ တောမှာပျော်လိုက်၊ မွေးတိုက်
လေ့လား၊ ချက်စားပြုတ်ငင်၊ လူဖင်ကား၊ သူ့အသက်ကို
မချစ်ရာ။ ။ကောင်းရာလားစု၊ ကောင်းမှုဟူသည် မဖြစ်ရာ။

၂၆။ သမီးကညာ၊ ရွယ်ရောက်လာ၊ အခါမလင့်ပါစေနှင့်။ ။အခါ
လင့်က၊ အသင့်မရ၊ ယုတ်သောသူနှင့် ညားတတ်စွ။

၂၇။ ကိုယ်တွင်ရောဂါ၊ ကပ်ခဲ့လာ၊ အနာမရင့်ပါစေနှင့်။ ။အနာ
ရင့်က၊ သက်နှင့်တမျှ၊ ရှိတတ်စွ။

၂၈။ သားဝါးရဲရာ၊ သွားလှာအတင့်၊ မရဲနှင့်။ ။ကိုယ်နှင့်ခန္ဓာ၊ ကင်းလွတ်ကွာ၊ မကြာခဏ၊ ပျက်တတ်စွ။

၂၉။ မြစ်ကြီးဂင်္ဂါ၊ ကူးသောခါ၊ ဝန်ပါမလေးပါစေနှင့်။ ။ဝန်ပါလေးက၊ လှေလေးပေါက်လျက်၊ မြစ်လယ်ချက်ဝယ်၊ ရက်ရက်ခဏနှစ်တတ်စွ။

၃၀။ ပညာရှိလည်း၊ သတိမလျော့ပါစေနှင့်။ ။သတိလျော့လျက် အကြံပျက်သော်၊ ကိုယ်သက်ခဏ၊ ယုတ်တတ်စွ။

၃၁။ လက်မှုနှုတ်မှု၊ စုစုအတတ်၊ အရပ်ရပ်ကို၊ မှတ်လေလူများ၊ အမျိုးသားတို့၊ မှတ်သားနိုင်က၊ ချမ်းသာရလိမ့်၊ ဆိုးမပေရာ၊ လူလိမ္မာတို့၊ နည်းနာစကား၊ ကြားဖန်များက၊ ကြီးပွားပညာ၊ ထင်ရှားရာသည်။ လူ့ရွာကျော်ကျော်သဲသဲတည်း။



## သားရွှေဥ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

သားကို အကြောင်းခံပြု၍ ဖွဲ့ဆိုကြသော ဆုံးမစာများတွင် သားကိုချစ်မြတ်နိုးစွာဖြင့် အာလုပ်ချီ၍ခေါ်ကာ ထိုအမည်ဖြင့် ခေါင်းစဉ် တပ်ခဲ့ကြသဖြင့် သားရွှေဥ၊ သားရွှေတောင်၊ သားရွှေခဲ၊ သားရွှေကြို့စသော ဆုံးမစာများ ပေါ်ထွက်လာခဲ့ပေသည်။ သားရွှေဥ ဆုံးမစာသည် ပါဠိလင်္ကာသွားပင် ဖြစ်ပေသည်။ မူလအမည်မှာ သုတစိန္တာ ဆုံးမစာဟူ၍ ဖြစ်ပေသည်။ အပိုဒ်ချများတွင် "ရတနာမျက်ရှု သားရွှေဥ" အဆုံးချလျက် "သားရွှေဥ ကို အစချီထားပေသည်။ "သားရွှေဥ၊ မျက်ရှုကြေးမုံ၊ သားရွှေဥ၊ မျက်ရှုဒါလီ" စသည်ဖြင့် အာလုပ်ချီများကို ပရိယာယ်ခွဲခြားစပ်ဆိုထားရာ "မျက်ရှုကြေးမုံ၊ မျက်ရှုဒါလီ၊ မျက်ရှုခမည်း၊ မျက်ရှုထုံးပေါင်း၊ မျက်ရှုမညိုး၊ မျက်ရှုထုံသင်း၊ မျက်ရှုသက်လှယ် စသည်ဖြင့် နိဒါန်းမှအပ ၃၂ ပုဒ်လုံးတွင် ခွဲခြားစပ်ဆိုထားပေသည်။ အဖွဲ့အနွဲ့ ပြေပြစ်၍ အဆုံးအမလည်း စုံလင်ပေသည်။

သားရွှေဥဆုံးမစာကိုရေးဖွဲ့သောပညာရှင်သည်ဘိုးတော်ဘုရားလက်ထက်တွင် စာပေကျမ်းဂန် ပို့ချသင်ကြားပေးသော ကျမ်းတတ်ရဟန်းတော်တစ်ပါးဖြစ်၍ လူဝတ်လဲသောအခါ ရဟန်းဘွဲ့အတိုင်း ဦးပညာအမည်ဖြင့် စာတော်ပြင်ဆရာကြီး အရာကိုရလေသည်။

"မာတာပီတ၊ မိဘနှစ်ပါး၊ မွေးသည်သားကို၊ သနားကြင်နာ၊ တတ်ပညာဖြင့်၊ လိမ္မာစေချင်၊ ထုံးပုံဆင်၍၊ သွန်သင်ဝေဖန်၊ ဆုံးမဟန်လျှင်၊ ကျမ်းဂန်မှီပွားယ်၊ သင့်ကြောင်းခြယ်လျှယ်၊ နာဖွယ်ဆန်းထူး၊ လင်္ကာကျူးအံ့" ဆိုသော အမှာအတိုင်း ရေးဖွဲ့အပ်သော သားရွှေဥဆုံးမစာသည် ခေတ်ဟောင်း ဆုံးမစာ တစ်စောင်ပင် ဖြစ်ပေသည်။



# ၁၆။ သားရွှေဥ ဆုံးမစာ

## စာပြင်တော်ဆရာကြီး ဦးပုည

၁။ ဘုန်းစက်ခြည်ရောင်၊ ဝင်းဝင်းပြောင်လျက်၊ မိုးခေါင်အာကာ၊ ဘုံနန်းသာထက်၊ ပြဟ္မာမလွတ်၊ လူနတ်မကျန်၊ တိရစ္ဆာန်အား၊ ရွှေဉာဏ်လိုက်လျော၊ ဟုတ်သဘောဖြင့်၊မြတ်သြဝါဒ၊ ပေးထုတ်လှ၍၊ ဒမ္မသာရထိ၊ ဂုဏ်သတ္တိဖြင့်၊ နှံ့သိထင်ပေါ်၊ ဟိုးဟိုးကျော်သား၊ ရှင်တော်ဘုရား၊ ထွတ်ထိပ်ထားအံ့၊ ဖဝါးတော်စက်၊ ရာ့ရှစ်ကွက်နှင့်၊ နှစ်ဘက်အစုံ၊ ကြာပဒုံကို၊ ထိပ်မှုံပေါ်ဝယ်၊ တင်ကိုးကွယ်၍၊ အန္တရာယ်ပေါင်း၊ ကိုင်းငြိမ်းကြောင်းလျှင်၊ ဆုတောင်းပန်ထွာ၊ ပတ္ထနာမှ၊ မာတာပိုတာ၊ မိဘနှစ်ပါး၊ မွေးသည်သားကို၊ သနားကြင်နာ၊ တတ်ပညာဖြင့်၊ လိမ္မာစေချင်၊ ထုံးမှုံဆင်၍၊သွန်သင်ဝေဖန်၊ ဆုံးမဟန်လျှင်၊ ကျန်းဂန်မိပ္ပာယ်၊ သင့်ကြောင်းခြယ်လျက်၊ နာဖွယ်ဆန်းထူး၊ လက်ာကျူးအံ့၊ ရှင်မြူးပျော်ပါး၊ အမျိုးသားတို့။ ။သင်ကြားလေ့ကျက်ရာသတည်း။

၂။ သားရွှေဥ၊ မျက်ရှုကြူးမှုံ၊ သက်လုံးပုံကို၊တူစုံမိဘ၊ ဝိသေသဖြင့်၊ ဆုံးမဆိုမည်၊ မောင်နားလည်လော့၊ ချစ်ကြည်သော့အား၊ ရင်ခွင်ထား၍၊ ကစားလိုရာ၊ ပျော်ပါးစွာလျှင်၊ အိမ်မှာသို့ပင်၊ နေစေချင်လည်း၊ မယ့်ရွှေရင်နှစ်၊ ယောကျ်ားဖြစ်လျက်၊ စင်စစ်စွဲမှတ်၊ အဘတ်မညာ၊ မရှိပါက၊ ရှပ်မှာမယော်၊ ဂုဏ်ညှိုးလျော်သား၊ လျှော့လျော့ဝန်ထမ်း၊ အမှုကြမ်းကို၊ ကြိုးပမ်းဆောင်ရွက်၊ အသက်မွေးကတ်၊ ရှိတို့ဟတ်၏၊ စွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပ၊

တတ်စွမ်းကမူ၊ ဓနုဥစ္စာ၊ ရတနာကို၊ ရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏၊ တင့်တယ်လျော်ကပ်၊ သက်ခမ္မးမြတ်၏၊ မှတ်လေ့စေ့စေ့၊ သို့ဖြစ်၍လျှင်၊လောကလွှေ့ပညာ၊ တတ်လိမ္မာအောင်၊ ဆရာကောင်းထံ၊ နည်းနာခံ၍၊ သင်အံလေ့လာ၊ ကြိုးစားရာ၊ သည်။ ။ရဘနာမျက်ရှု သားရွှေဥ။

၃။ သားရွှေဥ၊ မျက်ရှုဒါလီ၊ ပုလဲသီသို့၊ ထုံးညီစံကျ၊ ဆိုဆုံးမအံ့၊ ဆရာ့ထံမှာ၊ ဆည်းကပ်ခါ၌၊ နေရာအပြစ်၊ ခြောက်ပါးစစ်၍၊ ကျစ်ကျစ်လျစ်လျူရွေ၊ မကောင်းစွာ နေလော့၊ ခြောက်ထွေ ပြစ်ဆာ၊ ဆိုသည်မှာလည်း၊ ဆရာမြတ်၏၊ ရှေ့တည့်တည့်၌၊ မနေထိုက်ခဲ့၊ နည်းလိုက်ပုံထူ၊ နောက်တူရှုလည်း၊ နေမူမကောင်း၊ လှက်ဝဲစောင်းလည်း၊ အခြောင်းမဖွယ်၊ လက်ယာဝယ်လည်း၊ အကယ်ပြစ်စွန်း၊ နီးပါးလွန်းလည်း၊ ညွန်းခဲ့ပြစ်ဝန်၊ ဝေးလွန်းပြန်လည်း၊ ဒဏ်မကင်းချေ၊ ဆင်ခြင်လေလော့၊ အထွေအပြား၊ ဤခြောက်ပါးကို၊ ဘုရားရတနာ၊ သဃ်ာစိုးမင်း၊ထံတော်ရင်း၌၊ ဝပ်စင်းပူဇော်၊ ခယမ်းသော်လည်း၊ ရှုမျှော်စဉ်းစား၊ သွတ်ထား၍၊ ရှောင်ရှားရမည်၊ မှန်လှသည်နှင့်၊ တည်ကြည်ယဉ်ကျေး၊ ရွှေရသွေးလည်း၊ ချင့်တွေးစာနာ၊ သိအပ်စွာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၄။ သားရွှေဥ၊ မျက်ရှုခမည်း၊ မှတ်နာဆည်းလော့၊ တစ်နည်းနေရာ၊ ပစ်ခြောက်ဖြာကား၊ ရှေ့မှာတူရှု၊ မမူမအပ်၊ နောက်တည့်ထပ်လည်း၊ မသပ္ပာယ်ထ၊ နီးဝေးလှလည်း၊ ဒေါသရှောက်ရာ၊ လေညာလေကြော၊ မနေစသင့်၊ အလွန်မြင့်လည်း၊ အခွင့်မသင့်၊ နိမ့်လွန်းဘိလည်း၊ ပြစ်ရှိတုံချေ၊ သိတတ်စေလော့၊ ရှုံသေကော်ရော်၊ ဆရာတော်ကို၊ ပူဇော်သောခါ၊ ရှိခိုးရာ၌၊ အင်္ဂါငါးခု၊ လုံ့လပြုလော့၊ နှစ်ခုဖဝါး၊ အညီထားမှု၊ နှစ်ပါးသောဒူး၊ မျှအောင်ပူးလျက်၊ နဖူးလက်မုံ၊ ခိုက်စေတုံလော့၊ ထုံးပုံနှုင်းရှည့်၊ တပည့်ကျင့်ရန်၊ ဝတ်ငါးတန်မူ၊ မြတ်မွန်ဆရာ၊ ဝေးကလာသော်၊ လှမ်းမှာကြိုဆီး၊ ထံနီးနေ့ညာ၊ ရှိခိုးခလျက်၊ မိန့်ကယူမှတ်၊ လုပ်ကျွေးလတ်၍၊ အဘတ်ပညာ၊ သင်အပ်စွာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၅။ သားရွှေဥ၊ မျက်ရှုနားဝင်၊ ကြံဆင်ခြင်လော့၊ သစ်ပင်ခုတ်တက်၊
ကျေးသားနှက်နှင့်၊ ကြက်ငှက်လိုက်ထောင်၊ တစ်ယောင်ယောင်
လျှင်၊ တကောင်ချောက်ချား၊ ပြေးလွှားလျှိုးငုံ၊ တောင်တုံ့မြောက်
ပြန်၊ အဖန်ဖန်တည့်၊ ပူပန်စိုးစွတ်၊ ကိုယ်အဝတ်ကို၊ မချွတ်မလှန်း၊
ခပ်ထန်းတန်းကြောင်၊ သန်းဥသန်းဖျ၊ ရှုရှုလည်းတက်၊ ငေါ
က်ညီနံ၊ ဦးဆံမသိမ်း၊ ဆီမလိမ်းဘဲ၊ ချမ်းငြိမ်းရေမိုး၊ မချိုး
မသွန်း၊ မတွန်းချေးနှစ်၊ အညစ်ညစ်နှင့်၊ ပြစ်စလက်ခတ်၊ ရှိရာ
ထတ်၏၊ မွတ်ငတ်ဆာစည်၊ သူ့ဥယျာဉ်ဝယ်၊ ချိုချဉ်ဖန်ခါး၊
သစ်သီးများကို၊ ဆွတ်စားတုံ၍၊ ရှင်မတွေ့လည်း၊ အလေ့
အလာ၊ မပြုပါနှင့်၊ ဆရာခေါ်ကြား၊ ထံနီးပါး၌၊ စေစားသုံးခံ၊
စာပေအံ၍၊ မလျော့မပေါ်၊ နေ့တိုင်းပျော်လော့၊ လူချော်လူသွမ်း၊
လူသရမ်းနှင့်၊ ကျွမ်းမဝင်ရာ၊ ရှောင်အပ်စွာသည်။ ။ရတနာ
မျက်ရှု သားရွှေဥ။

၆။ သားရွှေဥ၊ မျက်ရှုထုံးပေါင်း၊ လက်ရေးကောင်းက၊ စာကြောင်း
ဖြောင့်မတ်၊ အသက်အသင်၊ အငင်အဆွဲ၊ ညီညွတ်မြဲတည့်၊
စိန်ရွဲအကယ်၊ စီသောနှယ်သို့၊ ရှုဖွယ်လှလှန်း၊ စက်လိုပန်းလည်း၊
သတ်ညွန်းသတ်ပုံ၊ မကျွမ်းတုံက၊ ရွှေတုံခေါင်ထွတ်၊ ရွှေလွတ်၊
ရွှေရုံး၊ ရှေးစံထုံးနှင့်၊ သုံးသင့်ဆီမှာ၊ ရောက်သော့ခါ၌၊ ပမာ
မလေး၊ ရယ်သွမ်းသွေးလိမ့်၊ အားရေးအခွင့်၊ ရက်ပင့်သတ်လတ်၊
ကက်ခြင်းလိုလျှ၊ အားပါးကျုမ္မ၊ ဝဏ္ဏဗောဓနော၊ ကျမ်းသော်ချာကို၊
ဖွေရှာလက်ရှိ လေ့ကျက်ဘိ၍၊ ဟတ္ထိပါလ၊ သံဝရနှင့်၊ နာဂ
နေနတ်၊ ဘူရိဒတ်လောင်း၊ ဇာတ်ပေါင်းတသီး၊ လက်ကြီးကို၊
နည်းမှီခစ ငှ၊ အမှီပြုလော့၊ သုတပညာ၊ ပွားအောင်မှာလည်း၊
မမ္မရာသီ၊ ပါရမီနှင့်၊ တူပြီလည်းကောင်း၊ ဆုတောင်းခန်းပျို၊
နှစ်လို့မြတ်နိုး၊ မဃ္ဃဗိုင်းဟု၊ ထက်မိုးနတ်နန်း၊ ဖွဲ့ထူးဆန်းသည်၊
ဘုံခန်းလင်္ကာ၊ ဖတ်ကြည့်ရာ၏၊ နည်းနာခံယူ၊ ရတုမူလည်း၊
တောင်ငူမင်းဆို၊ ရှင်သံခိုနှင့်၊ အုန်းညိုမကြွင်း၊ မင်းနဝဒေး၊
နက်နေလားဆန့်တူး၊ ပဲခူးရှင်မ၊ ဇေယျရန္တမိတ်၊ မြတ်ပဏ္ဍိတ်တို့၊
ညာဏ်မြိတ်ညွှန့်ဝေ၊ ဥပဒေဖြင့်၊ စေခေပြုဖန်၊ ဖွဲ့ကာရန်၌၊ သတ်မှန်
ခွဲထား၊ အခြားခြားလျှင်၊ မှက်သားဖွယ်၊ သဘောကျယ်လျက်၊
မိပ္ပာယ်ပြန့်ပွား၊ စကားယဉ်နု၊ ပျို့ ရတုလည်း၊ ကြည့်ရှုလေ့
လာ၊ မှတ်သားရာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၄။ သားရွှေဥ၊ မျက်ရှုမညှိုး၊ နည်းနာခိုးလော့၊ ရေးရိုးသတ်ပုံ၊ မကျွမ်းတုံက၊ တွေ့ကြုံဖြစ်ချည်၊ ရောက်ဖူးသည်ကား၊ နေပြည်သာလှ၊ ရွှေအင်းဝ၌၊ သုတမကျွမ်း၊ မသိစွမ်း၍၊ ငွေကြမ်းပိဿာ၊ ဆက်ဘဏ္ဍာဝယ်၊ သိသာစေချင်၊ ကွင်းကွင်းထင်အောင်၊ လိပ်လျှင်ထိုးရာ၊ ထိုသည့်စာ၌၊ ကမ္ဘာပင့်၍၊ မသင့်မနေ၊ နသတ်ချေသော်၊ ငါ့ငွေတော်ကျန်၊ ပိဿမှန်လျှင်၊ ရရန်ရှိသေး၊ ယခုပေးဟု၊ မနေ့းဆာပူ၊ တောင်းတော်မူ၏၊ နည်းတူပမာ၊ မြို့ဝန်စာဟု၊ ရေးရာမှာလျှင်၊ သေးသေးတင်၍၊ အထင်အရှား၊ မှားတောင်းမှားသော်၊ မင်းများမိန့်ဟန်၊ ငါ့မြို့ဝန်သည်၊ တိရစ္ဆာန်ညစ်၊ တောစံဖြစ်ပြီ၊ သစ်သီးချာဖွေ၊ စားပါစေဟု၊ ရွှေပြည်မှလျှင်၊ တော်သို့နှင်၏။ သည့်ပြင်တစ်ချက်၊ ရွှေကြက်ယက်ကို၊ အဂ္ဂမဟာ၊ သေနာပတိ၊ ပြည်ကြီးမျက်ကွင်း၊ ဝန်ကြီးမင်းသို့၊ လိုခင်းရှိထွေ၊ သစ်ကောက်ချေဟု၊ ခန့်လေအဟုတ်၊ ရဲရဲခုတ်လျှင်၊ မြန်ရှုတ်တရက်၊ တောင်သို့တက်၍၊ လက်ကစာကမ်း၊ လှမ်း၍ကြည့်လျှင်၊ ထိုသစ်ရှင်လည်း၊ မြော်မြင်နှံ့သိ၊ ပညာရှိသည်၊ ဖြစ်ရဘိကား၊ ယွင်းမှားသွေပျက်၊ ရွှေကြက်ယက်ကို၊ ပင့်လျက်ဤမှာ၊ယခုပါခဲ့၊ လွတ်စာမပြီ၊ အင်မညီဟု၊ မထိစိတ်၌၊ ပစ်လွှင့်လိုက်သော်၊ ခိုက်ခိုက်တုန်မျှ၊ မျက်မာန်ထလျက်၊ မင်းကစေသူ၊ စာကိုယူမှ၊ တူရှုလျှင်မြန်၊ ချက်ချင်းပြန်၍၊ ပြုဟန်ကျင့်ခတ်၊ လျှောက်ဆိုမြွက်သော်၊ လွှတ်ထက်ပေါ်တွင်၊ ဝန်ရှင်မင်းများ၊ မြွက်ဆိုကြားက၊ စော်ကားလှ၏၊ ခေါ်ချေတည့်ဟု၊ စေသည့်နောက်မှ၊ သတိရ၍၊ မျက်ကျစေ့ငုံ၊ စာကိုရှုသော်၊ ရေးမှုယွင်းပျက်၊ ရွှေကြက်ယက်၌၊ ပင့်လျက်ကိုမြင်၊ စေလုလင်အား၊ အလျင်အမြန်၊ ခေါ်သိမ်းပြန်မှ၊ မာန်ခံနင်တို့၊ မသမ်းမို့နှင့်၊ ကြို့ကြို့ငံ့ငံ့၊ ပင့်ခေါ်ခဲ့ဟု၊ ပြစ်မှဲ့တုံစွာ၊ မင်းကမှာ၍၊ သာသာလျှောက်လျှောက်၊ ခေါ်၍ရောက်သော်၊ ချီးမြှောက်ရှိသေ၊ တိတ်ပါစေဟု၊ ငွေတစ်ပိဿာ၊ ရွှေ့မှာစုပုံ၊ ဖျင်ချောတုံလည်း၊ တစ်စုံမနေး၊ နှုတ်ပိတ်ပေး၏။ ။စာရေးစာမှတ်၊ လူမတတ်ကို၊ လက်ဖြတ်မင်းဒဏ်၊ စီရင်ဖန်၏၊ မှန်အောင်ဟုတ်အောင်၊ သတိဆောင်၍၊ မှောင်လည်းသေချာ၊ နည်းခံရာသည်။ ရတနာမျက်ရှု သား ရွှေဥ။

၇။ သားရွှေဥ၊ မျက်ရှုထုံသင်း၊ နှလုံးသွင်းလော့၊ အတွင်းတော်က၊ သုတ်လှူးရအောင်၊ စိမ်းမြရောင်ညို၊ သစ်စေးလိုဟု၊ စာတို ရေးမှတ်၊ ခန့်တုံလတ်ယော်၊ ညသတ်တို့ပါ၊ ထိုသည့်စာနှင့်၊ ညီစွာအမှန်၊ သုံးတော်ခံလည်း၊ ထုံးစံစိစစ်၊ သိသူဖြစ်၍၊ သစ်ကို ကျပ်တည်း၊ ကြိုးနှင့်စည်းလျက်၊ တင့်ရည်းဆန်းထူး၊ ဆက်လေ ဖူး၏။ ။တစ်ဦးဆရာ၊ လေ့လာမရှိ၊သတိမသွင်း၊ ယွင်းဖော် မူရာ၊ စာထုပ်ပါဟု၊ ဒကာတစ်ယောက်၊ ကဝိမြောက်လျက်၊ မထောက်မတွေး၊ ပသတ်ရေး၍၊ စာပေးလျက်လျှင်၊ ထိုအရှင်က၊ ခင်ခင်မှတ်မှတ်၊ မိုးလေသွတ်အောင်၊ မချွတ်ယွင်းပါ၊ ကျွန်ုပ် စာကို၊ ကောင်းစွာဘုရား၊ ထုပ်လျက်ထားဟု၊ ကျောင်းသား တွင်သာ၊ နှုတ်ဖြင့်မှာ၍၊ စာမထုတ်ချေ၊ နေဖူးလေ၏။ ။ စာပေကျမ်းဂန်၊ ဟတ်သည်မှန်လည်း၊ ဣာရန်လင်္ကာ၊ ကဗျာ အစပ်၊ စကားသွပ်ဟု၊ တပ်တပ်မရှု၊ မှတ်မဲ့ပြုက၊ အမှုအကျမ်း ယောင်ယမ်းယမ်းနှင့်၊ ကစမ်းကဝါး၊ အမှားမှားလျှင်၊ ကြံအား ကက်သတ်၊ ရှိုင်းစိုင်းတတ်၏၊ အမှတ်စုံစိ၊ ကဝိပြီအောင်၊ လောကီ လောကုတ်၊ အားကုန်ထုတ်၍၊ မဆုတ်မနစ်၊ ပြုသည်ဖြစ်မ မျှားနှစ်သက်ရာ၊ မှန်လှစွာသည်။ ။ရတနာမျက်ရှု၊ သားရွှေဥ။

၈။ သားရွှေဥ၊ မျက်ရှုသက်လှယ်၊ သူတကြွယ်စိမ့်၊ မင်းဝယ်နိယံ၊ မင်းသုံးခံ၍၊ မင်းထံမဝေး၊ ခညွတ်ကွေးသား၊ စာရေးတို့မှာ၊ တတ်စရာကား၊ အင်္ဂါခြောက်ထွေ၊ ရှိတုံချေ၍၊ စေ့ရေခြင်းရာ၊ ပြန်ပိမ့်နာလော့၊ တစ်ခါဆိုဘိ၊ ကြားသည်ရှိက၊ သတိမြဲထွေ၊ မှတ်မိစေလော့။ ။လက်နေ့ယဉ်ကျေး၊မလေးသွက်သွက်၊ ရေး သားချက်လည်း၊ထက်မြက်လှစေ၊ လျင်မြန်လေလော့။ သေသေ သတ်သတ်၊ နန့်ကုပြတ်လည်း၊ ထူးမြတ်ပြောင်ပြောင်၊ ရိမှောင် မမှောင့်၊ တစ်ကြောင်းဖြောင့်လျက်၊ မထောင့်မယွန်း၊ ဝန်းဝန်း ညီညီ၊ ရွဲလိုသီ၍၊ စီသော့ပမာ၊ ကောင်းမွန်စွာလျှင်၊ စာလုံး အနေ၊ လှတတ်စေလော့။ ။ခွဲခဝစီဘ်ဖန်၊ လျင်မြန်မြန်လျှင်၊ ဉာဏ်ပဋိဘာ၊ သိပညာလည်း၊ လိမ္မာထူးထွေ၊ သိတတ်စေလော့၊ မသွေမတင်း၊ ပြောဆိုခြင်း၌၊ ရှင်းရှင်းပြတ်သား၊ လွန်ရေး ခြားလျက်၊ စကားပြေပြစ်၊ တတ်လှစေလော့။ ။စာပေသင့်ညီ၊

အစီအကုံး၊ ရေးထုံးစံပုံ၊ လုံးစုံနည်းဖွေ၊ ကျမ်းသိစေလော့။ ။
ခြောက်ထွေဉာဏ်မျှ၊ အင်္ဂါရဏ်၊ များလှသီးသီး၊ စာရင်းကြီးကို၊
သို့မှီးစရာ၊ ရေးသောခါ၌၊ ဖီလာမျဉ်းလျှင်၊ ဖြတ်ရှင်မှု၊ ထင်စေ
ပြက်ပြက်၊ ထိပ်တည်ချက်လည်း၊ လက်မတစ်ဝန်း၊ အစွန်းချန်ထား၊
မျဉ်းအလျားကို၊ သားသောခါလျှင်၊ ကြပ်ကြပ်ထင်အောင်၊
မငင်စီကောင်း၊ နည်းတစ်ကြောင်းမှု၊ ကျောင်းနှင့်မင်းမှာ၊ ကွဲလွန်း
စွာခဲ၊ ကျောင်းမှာအကိုင်း၊ ရေးသားဆိုင်းမှု၊ ရှိုင်းစိုင်းရှက်ဖွယ်၊
မတင့်တယ်ခဲ၊ အကျယ်အချုပ်၊ စာရင်းအုပ်မှု၊ မရှုပ်မထွေး၊
မှတ်ရေးဆန်းကြယ်၊ သိသာလွယ်အောင်၊ ချုပ်ကျယ်ချုပ်လတ်၊
သေသတ်စေ့ငု၊ ကျဉ်းအောင်ပြုလော့၊ အစုစုချုပ်၊ လုပ်သော
ခါရှင့်၊ အကြောင်းသင့်အောင်၊ သုံးဆင့်ရေးတန်၊ နှစ်ဆင့်တန်ဟု၊
မှန်နှင့်ဇယား၊ ချင့်တွက်ထားလော့၊ ရေးသားပြီးခါ၊ ကန့်ကူ
စာကို၊ ခါခါတွက်တွက်၊ မျဉ်းနှင့်နှက်၍၊ လက်ဝါးပူတိုက်၊
မပွတ်လိုက်သော်၊ ပုရပိုက်လွှာ၊ အုပ်သည်ခါ၌၊ တိမ်လွှာမှုံ့မှုံ့၊
မှိုးလျှင်အုံ့သို့၊ မုန့်မုန့်ညက်ညက်၊ ကန့်ကူစက်ကြောင့်၊ ပျက်လည်း
ပျက်လစ်၊ မည်းညစ်ညစ်နှင့်၊ ရေးသစ်ကဲ့သို့၊ မသန်းမို့အောင်၊
မချို့အပ်စွာ၊ လုံ့လရာသည်။ ။ရတနာမျက်ရှု သားရွှေဥ။
၁၀။ သားရွှေဥ၊ မျက်ရှုသည်းပွတ်၊ နှလုံးညွတ်လော့၊ ဖတ်ရွတ်
သောအခါ၊ တင်းတန်ရာ၌၊ တင်းမာသဖြင့်၊ လျော့ရာခွင့်၌၊ အသင့်
လျော့လျော့၊ ပေါ့ရမည်ရေး၊ လျှံကာဖြည်းလျက်၊ လေးရမည်ကို၊
လေးလေးဆိုလော့၊ နာလိုဖွယ်သိ၊ ပီပီသသ၊ သြဇ္ဈဇက၊ စသည်
ဆစ်ပိုင်း၊ ဌာန်ကရိုဏ်းနှင့်၊ ဆန်းဂိုဏ်းပယတ်၊ လျော်အောင်
ဖတ်မှ၊ လူနတ်ချမ်းမြေ့၊ နာပျော်မွှေ့အံ့၊ နောက်ရွှေ့ညှိနှိုင်း၊
သဘောခိုင်း၍၊ ရေးတိုင်းအညီ၊ အချို့ဆီဝယ်၊ မြွက်ချီလွှစ်ဖွင့်၊
မဆိုသင့်ဘူး၊ အခွင့်လျော်ရာ၊ ဖတ်တိုင်းသာလျှင်၊ လိုက်ပါသဖြင့်၊
မရေးသင့်ဘူး၊ ထောက်ချင့်စာနာ၊ အရာရာကို၊ လိမ္မာအဟုတ်၊
အားအန်ထုတ်၍၊ လျှာနှုတ်မဖုံ၊ ထက်မျက်ဟု ဖြင့်၊ မထုံသင့်ဘိ၊
ပါဠိဂါထာ၊ ပျို့ကဗျာနှင့်၊ တေးတျာတျာ၊ မခနာရှင်မှု၊
ရတု-ရကန်၊ အဲ-သန့်-လူးတား၊ ဆောင်းပါးစကားပြေ၊ အထွေ
အရာ၊ မင်းမှာမင်းမိန့်၊ သာအိန့်ငေါငေါ်၊ အကြောင်း၊
လျော်အောင်၊ အာဘော်ကောင်းစွာ၊ ဖတ်ရွတ်ရာသည်။ ။
ရတနာမျက်ရှု သားရွှေဥ။

၁၁။ သားရွှေဥ၊ မျက်ရှုမယ့်ပန်း၊ စိတ်ရွှင်လန်းလော့၊ ဂဏန်းသင်္ချာ၊ တွက်သောခါလည်း၊ သိသာကွက်ကွက်၊ မရှုပ်ယှက်အောင်၊ လက်ကသီးသန့်၊ သည်အကန့်ဟု၊ အတန့်အသား၊ မရှိပြားလည်း၊ မှန်းထားသေချွေ၊ မှတ်ရစေလော့၊ ဖျက်ချေစရာ၊ ရောက်သော ခါလည်း၊ အရာမထင်၊ သန့်ရှင်းစင်အောင်၊ လျင်လျင်ရွတ်ရွတ်၊ တိုက်ဖျက်ပွတ်လော့၊ သွင်းသွတ်ထပ်လောင်း၊ ပေါင်းရန်စုရန်၊ ရှိသည်မှန်လည်း၊ လျင်မြန်သိုက်သိုက်၊ ပေါင်းစုလိုက်လော့၊ လူ့ဥဒ္ဓိ ဘ၀၊ တွက်ချက်ကြလည်း၊ မောင်းမကိုးကြောင်း၊ ထောင်းထောင်း ညက်ထွား၊ ဥဒေါင်းကျားက၊ ကုလားသာစံ၊ သောသောအံ့နှင့်၊ အသံသာစွာ၊ သာ၀လိကာဟု၊ နည်းနာမှတ်လွဲ၊ အဆိုကွဲ၏၊ ပုလဲ တစ်တန့်၊ ရွဲတစ်တန့်နှင့်၊ အကန့်အကွက်၊ တွက်ကြစရိုး၊ စတိုတ် မျိုးကို၊ အားကြိုးအန်တက်၊ ဖန်ဖန်တွက်၍၊ လက်ကလည်းကြေ၊ လဒ်ရွှင်စေလော့၊ မထေမဲ့မြင်၊ လဒ်မရွှင်သော်၊ ဗေဒင်တတ်ရေး၊ အလွန်ဝေး၏၊ ကြံတွေးမျှော်ရှု၊ လုံ့လပြုလော့၊ ဗိုလ်သုဇိမာတ်၊ ထူးမြတ်ထွေပြား၊ ဗျဉ္ဇတားက၊ လက်သွားနာရီ၊ ခါညီမိမာသ်၊ မာတ်နှင့်သရ၊ မျှားလှုထွေလာ၊ ရာဇမတ္တဏ်၊ မကျန်ရောပြွမ်း၊ စန်းပြုတ်လွန်းကို၊ ကျင်ကျွမ်းလေ့လာ၊ ထိုးထွင်းရာသည်။ ။ ရတနာမျက်ရှု သားရွှေဥ။

၁၂။ သားရွှေဥ၊ မျက်ရှုမြဖွင့်၊ မှတ်သားချင့်လော့၊ ဗေဒင့်အမှာ၊ ကျမ်းအလာနှင့်၊ ညီစွာမပျက်၊ သင်ပုန်းထက်ဗှာင်၊ တွက်ချက် နိုင်းချိန်၊ ပြက္ခဒိန်ကို၊ ညဏ်ရှိန်ဝင်းဝင်း၊ မချွတ်ယွင်းဘဲ၊ လှင်းလင်းမြင်မြော်၊ စီနိုင်သော်လည်း၊ အပေါ်မြင့်စွာ၊ အာဏာ သမာတ်၊ ကောင်းကင်လတ်၌၊ နက္ခတ်တာရာ၊ ရောင်ဝါ ကြွားကြွား၊ ဂြိုဟ်နတ်များကို၊ ထင်ရှားစွာမှု၊ သိခဲလှ၏၊ မြောက်ကဏ္ဍညီး၊ တာရာကြီးမူ၊ ကျီးနှင့်ဟသ်ာ၊ ကက္ကဋ္ဌာနှင့်၊ တူလာ-စူလာ၊ ကေဝဋ္ဋာဟု၊ လျှံဝါထွန်းငြိ၊ ဟတ္ထိ အဿ၊ ဗက အဆုံး၊ ပေါင်းကိုးလုံးတည့်၊ သွားထုံးစိုက်စိုက်၊ တစ်လုံး၌လျှင်၊ လိုက်သည့်နက္ခတ်၊ သုံးလုံးမှတ်လော့၊ အဿဝဏီ၊ အစချီလျက်၊ ရေဝတီမြုံး၊ အဆုံးသတ်ရာ၊ ရေတွက်ခါလျှင်၊ သတ္တာဗီသ၊ သင်္ချာရ၏၊ မှန်လှသေသတ်၊ နက္ခတ်လျှံဝါ၊ တစ်လုံးမှာလျှင်၊ ထောင့်တာရာငယ်၊ သုံးလုံးဆွယ်၏၊ များကျယ်၍မဲ့၊ ရေတွက်

ခဲ့သော်၊ ရှစ်ဆယ့်ထက်မှာ၊ တင်လုံးသာရှင့်၊ အခါလျှံညီ၊ ဆယ်ရာ
သီက၊ တွက်ပြီယခု၊ မြော်ရှုနိုင်းရှည့်၊ ထွန်းစည့်စည့်တုံ၊ မွန်းတည့်
သည်မှာ၊ ဘယ်သည်ငှာတည့်၊ ဘယ်ရာသီလျှင်၊ ယခုဝင်ဟု၊
ဆင်ခြင်အယု၊ စတုရာပါဒ်၊ ဉာဏ်နှင့်မှတ်၍၊ မပြတ်လေ့လာ၊
ဂြိုဟ်များမှာလည်း၊ သီဟဇာပြန်၊ မမှန်လွဲလက်၊ ဆုတ်သည့်ချက်နှင့်၊
ဗျဿရိ၊ သွားတုံဘိက၊ နိယထုံခေါ်၊ ကျမ်းနှင့်လျော်အောင်၊
ထုတ်ဖော်လိုက်လျော၊ ကျိုးပြစ်ဟောလော့၊ သဘောထွေးပြား၊
ချိန်မမှားအောင်၊ ဟူးရားသိမြင်၊ ဖြစ်တုံကျင်လည်း၊ ဗေဒင်
ကျမ်းနှင့်၊ ကင်းသဖြင့်လျှင်၊ အသင့်မသေ့၊ မှန်ခဲချေ၏၊ ကျမ်း
ဗေဒင်ထွက်၊ မသိလျက်နှင့်၊ ကျက်ခါမလွန်၊ မှတ်သားတွန်၏၊
ပြည့်နှုန်းခြင်းရာ၊ လိမ္မာဆင်ခြင်၊ ဉာဏ်မမြင်လျှင်၊ သစ်ငင်သစ်ပွင့်၊
ရာသီလင့်၏၊ သစ်ပင့်ထက်ပင်၊ မိုးကောင်းကင်ဝယ်၊ စက်ရှင်
ရဟတ်၊ ကြယ်နက္ခတ်တို့၊ တတ်သည့်သူမွန်၊ အလွန်တရာ၊
ချိန်အခါကို၊ ကောင်းစွာမှတ်သိ၊ မှန်ကန်ဘိ၏၊ ဗ:ဟိအစွမ်း၊
ဉာဏ်ခွဲခြမ်း၍၊ သိကျွမ်းစေလို၊ သင့်မည်ဆိုက၊ မြင်းမိုရ်
လက်ယာ၊ လည်တတ်စွာသား၊ တာရာဂြိုဟ်မြတ်၊ နက္ခတ်
ကြီးငယ်၊ အသွယ်သွယ်ကို၊ မိုးလယ်မြင်ဘို၊ ဓာပ်တပ်သိအောင်၊
ပဏ္ဍိတမွန်၊ လက်ညှိုးညွှန်၍၊ သွန်သင်ဒေသာအခါ၊ မှတ်သား
ရာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၁၃။ သားရွှေဥ၊ မျက်ရှုလူလှ၊ မောင်နားကျလော့၊ ဆရာ့အထံ၊
သဲသဲညှံမျှ၊ စာအံစာဖတ်၊ အတတ်သင်ဖက်၊ နှစ်သက်ရှင်ပျော်၊
သူငယ်ဖော်တို့၊ ခေါ်ဝေါ်ကြလျှင်၊ ဗျာ–ရှင်သြမွန်၊ ကျွန်တော်
ကျွန်ုပ်၊ ယဉ်နူတ်ပီထား၊ ခင်ဘုရားဟု၊ သနားစရာ၊ နူတ်ချို
သာက၊ နာ၍မငြိး၊ ကိုယ့်ထက်ကြီးမူ၊ ဦးရီးအစ်ကို၊ သူငယ်
ကိုလည်း၊ နာချိုသာရေး၊ မောင်ကလေးဟု၊ ညီထွေးညီပု၊
ခေါ်မှတ်ပြုလော့၊ သူ့ကိုရှိသေ၊ ကျင့်ဝတ်ကျေက၊ အထွေမရှိ၊
အလိုသိ၍၊ မိမိတို့မျိုး၊ သူမြတ်နိုးလိမ့်၊ ပုံရိုးရှေ့ဆို၊ နူတ်လျှင်
ချိုငြား၊ သျှိုတစ်ပါးဟု၊ စကားလူတွင်၊ ပြဲ့ပြဲ့ထင်၏၊ ပဋ္ဌင်
ကျူးရိုက်၊ မင်းပွဲဆိုက်ကို၊ ငှက်မိုက်တီးတုတ်၊ သံ့ကြမ်း
ကြုတ်နှင့်၊ နူတ်မနေတည်၊ ဆီး၍မြည်က၊ မကြည်မောင်းမဲ့၊
ဆိုကျိန်ဆဲ၍၊ အုတ်ခဲတုတ်ဖြင့်၊ လိုက်ချောက်လှင့်၏၊ သည်နှင့်

တလျော၊ သံချိုမောသား၊ ဥသြငှက်မှန်၊ ကောင်းစွာတွန်သော်၊
အလွန်တရာ၊ နှစ်လိုဖွယ်၍၊ သံသာရင့်ကြူး၊ မည်ပါဦးလော့၊
ကျေးဇူးဖော်ပြ၊ ချီးမွမ်းကြ၏၊ ဗုဒ္ဓအလောင်း၊ နွားမြတ်
ကောင်းကို၊ သောင်းကျန်းစွာလျှင်၊ ဆို၍နှင်သော်၊ သခင်
ကိုမုန်း၊ မရှန်းဘဲနေ၊ လောင်းကြေးငွေကုန်၊ ရုံးလေ့ထောင်ပြည့်၊
နောက်တစ်လှည့်မူ၊ နွား၏အလို၊ ကောင်းစွာဆို၏၊ သံချိုသာယာ၊
မောင်းသောခါ၌၊ မေတ္တာစိတ်ဝင်၊ ရှန်းလိုက်ငင်သော်၊ လှည်း
လျှင်ပါလေ၊ ငွေတံပိုးကြ၊ နှစ်ထောင်ရ၏၊ သည်မှတစ်ပါး၊ မုဆိုး
အားကို၊ မင်းသားငလးယောက်၊ တစ်ဝမ်းပေါက်တွင်၊ ဘုန်း
တောက်လျှံညီး၊ နောင်တော်ကြီးက၊ ရင့်သီးလှစွာ၊ မခံ
သာအောင်၊ အနှာတရ၊ အာလုပ်ဟလျက်၊ မှံသဟင်းမျိုး
အတောင်းဆိုး၍၊ အရိုးကိုရွေး၊ ကိုင်ကာပေး၏၊ ယဉ်ကျေး
လျောက်ပတ်၊ ညီလတ်နှစ်ပါး၊ ရှင်မင်းသားတို့၊ စကားသာချို၊
တောင်းသည်ကိုလည်း၊ ပြောဆိုလိုက်ဖက်၊ ထိုက်ရာဆိုက်၏၊
အသက်နှုနယ်၊ မင်းသားငယ်က၊ နာဖွယ်အထူး၊ မြှောက်ချီး
ကျူးလျက်၊ ရှင်မြူးသာကြည်၊ တောင်းဆိုသည်ကြောင့်၊ တော
လည်မုဆိုး၊ လွန်မြတ်နိုး၍၊ အဖိုးပျောက်ဆုံး၊ တစ်ထမ်းလုံးကို၊
ပခုံးကာချ၊ စုံပုံသ၏၊ ပီယဝါစာ၊ နှုတ်ချိုသာက၊ မေတ္တာဆက်ဆံ၊
ရှေးထုံးစံကို၊ မြဲမြံမှတ်သား၊ နှလုံးထားလျက်၊ စကားချိုသာ
ဆိုအပ်စွာသည်။ ။ရဘနာမျက်ရှူ သားရွှေဥ။

၁၄။ သားရွှေဥ၊ မျက်ရှုဇော်တ၊ ထုတ်ဖော်ပြပိမ့်၊ သိပ္ပအပြား၊
ဆယ့်ရှစ်ပါးမူ၊ အကြားအမြင်၊ ရှေးဦးတင်၏၊ သည့်ပြင်အတတ်၊
ဓမ္မသတ်နှင့်၊ ထူးမြတ်ထွေဆန်း၊ ဂဏန်းတစ်နည်း၊ တံစည်း
စူးဆောက်၊ တဝင်လေးကက်စွာဘိ၊ နီတိကျမ်းမှန်၊ အလွန်တရား၊
ဆန်းကြယ်စွာသည်၊ ယတြာပိုင်း၊ ဗျာကရိုဏ်းနှင့်၊ ကြားတိုင်း
မပြောင်း၊ ငြင်းနှင့်စောင်းက၊ မှတ်ပြောင်းလက်ပစ်၊ တစ်ဆစ်
သင်ရေး၊ ဒူးလင်းလေးနှင့်၊ ဆေးကတအင်၊ ဗေဒင်တစ်ကြောင်း၊
စကားဟောင်းတစ်ခု၊ ရယ်ရှင်မှုနှင့်၊ စက္ခုမာယာ၊ သညာမည်မှည့်၊
မျက်လှည့်ပြုဖန်၊ သံတမန်က၊ မန္တန်မှတ်မန်း၊ ဆန်းအလင်္ကာ၊
သည့်ပြင်မှာလည်း၊ သဒ္ဒါကျမ်းမြတ်၊ ဤသို့မှတ်သား၊ လင်္ကာတတ်
တချို့၊ နှုတ်တိုက်တို့ကို၊ နှစ်လိုမြဲကြပ်၊ သင်စအပ်၏၊ ကပ်ဓမ္မတာ၊

ကမ္ဘာ့ဘာပင်၊ အဋ္ဌာရသ၊ သိပ္ပံစင်စစ်၊ ထင်ရှားဖြစ်၏၊ ရင်နှစ်ရွေတုံး၊ သည်အားလုံးကို၊ သိမ်းကျုံးပိုင်ပိုင်၊ မသင်နိုင်လည်း၊ ဆိုင်ရာဆိုင်ရာ၊ စိတ်မှာပျော်ပါး၊ အတတ်များကို၊ သင်ကြားလေ့လာ၊ တတ်အပ်ရာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၁၅။ သားရွှေဥ၊ မျက်ရှုရတနာ၊ မှတ်သားပါလော့၊ ပညာအတတ်၊ ကျေးဇူးမြတ်နှင့်၊ ဂုဏ်သတ္တိမှာ၊ ဘယ်ဥစ္စာမျှ၊ နှိုင်းရာမတူ၊ ခိုးသားမူလည်း၊ မယူနိုင်ရာ၊ မြဲမြံစွာ၏၊ ပညာမြော်မြင်၊ အတတ်လျှင်ကား၊ ဆွေခင်ပွန်းစစ်၊ မှီရာဖြစ်ရှင့်၊ အသက်ဘဝ၊ ပြောင်းလေကလည်း၊ သုခဝဟာ။ မြတ်ချမ်းသာကို၊ ကောင်းစွာလျော်ကပ်ပတ်၊ ဆောင်ပေတတ်၏၊ မှတ်သားသင့်သည်၊ သုတမည်ကား၊ မစည်မပင်၊ မတင့်မကျယ်၊ အနည်းငယ်ဟု၊ စိတ်ဝယ်ဤသို့၊ မမှတ်တို့လင့်၊ တောင်ပို့ တွင်းခေါင်း၊ မနက် တောင်းကို၊ သွန်းလောင်းရေစက်၊ အနည်းလျက်လည်း၊ နေ့ရက်ရှည်လျား၊ ကျဖန်များသော်၊ ရေ စား ကြည်း လှည့်၊ လျှမ်းလျှမ်း ပြည့်သို့၊ နှိုင်းရှည့်မယုတ်၊ ပမာဟုတ်စွ၊ နှုတ်တတ်ဖြစ်စေ၊ တထွေထူးမြတ်၊ လက်တတ်ဖြစ်စေ၊ သေသေချာချာ၊ တတ်လိမ္မာက၊ ဝိဇ္ဇာသိပ္ပံ၊ တစ်ခုမျှလျှင်၊ ဆုံး စ တတ် မြောက်၊ သက် မွေး လောက် ၏၊ မင်းယောက်ျားမူ၊ တစ်ခုခုကို၊ သူ့ထက်သာအောင်၊ ကြိုးအားဆောင်၍၊ အခေါင်အဖျား၊ တတ်မြောက်မြားမူ၊ ထင်ရှားကြော်ငြာ၊ ဂုဏ်ထွန်းဝါသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၁၆။ သားရွှေဥ၊ မျက်ရှုပျောင်းအိ၊ မပျင်းရိနှင့်၊ မရှိလုံ့လ၊ ပျင်းပိုးထ၍၊ သုတပညာ၊ ဘယ်ရပါလိမ့်၊ ဝိဇ္ဇာသိပ္ပ၊ တတ်မရမူ၊ မနေဥစ္စာ၊ ဘယ်ကလာခဲ့၊ ဥစ္စာမရှိ၊ မြင့်တုံ့ဘိက၊ မိမိမိတ်ဆွေ၊ ဘယ်ရချေအံ့၊ မဒရမရာ၊ မိတ်ဖွာရှာမူ၊ ချမ်းသာလေ့လေ့၊ ဘယ်မှာတွေ့အံ့၊ မပြေ့သုခ၊ ပူပန်ကာတ်၊ ပုညကုသိုလ်၊ ဘယ်လိုဖြစ်အံ့၊ ကျမ်းဆိုအဟုတ်၊ ကောင်းမှုယုတ်က၊ ဝိသုဒ္ဓမည်၊ နိဗ္ဗာန်ပြည်သို့၊ သာကြည်ထုတ်ချောက်၊ ဘယ်မှာရောက်အံ့၊ ရှေ့နောက်မျှော်တင်း၊ နှလုံးသွင်းလျက်၊ မပျင်းရိသာ၊ လုံ့လရာ၏၊ ပညာရှိမူ၊ နှိုမျှားဗိုလ်လူတို့၊ ရှိပူဇော်ရာ၊ မြတ်ဥစ္စာလည်း၊ ပန်းစွာမဖွေ၊ ရပါလေလိမ့်။ ရွှေငွေဥစ္စာ၊ ရှိသောခါလည်း၊ မျက်နှာပွင့်လန်း၊

မေတ္တာမှုန်း၍၊ ခင်ပွန်းဆွေမိတ်၊ မှမ်းမှမ်းထိတ်လိမ့်၊ မဆိတ်
မည့်၊ မိတ်ဆွေရံမှု၊ ပျော်စံစည်းစိမ်၊ ချမ်းသာငြိမ်လိမ့်။ မသိမ်
မငယ်၊ သုခကြွယ်သော်၊ ရလွယ်ကောင်းကျိုး၊ နေ့တိုင်းတိုးလိမ့်။
မညှိုးကောင်းမှု၊ အမြဲပြု၍၊မြတ်ကုသိုလ်သန်၊ များသည်မှန်သော်၊
နိဗ္ဗာန်ခရီး၊ ရောက်လွယ်နီးလိမ့်။ အပြီးကျင့်လှမ်း၊ ဆုံးမတမ်းကို၊
မသမ်းမမို့၊ ကြည့်နှစ်လို့လျက်၊ ကိုယ်ဖို့လိမ္မာ၊ အားထုတ်
ရာသည်။ ။ရတနာမျက်ရှု-သားရွှေဥ။

၁၇။ သားရွှေဥ၊ မျက်ရှု သည်းခေါင်၊ မောင်နား ထောင့် လော့၊
တောင်တ့ိုင်းမသိ၊ များစွာရှိလည်း၊ မဏိရတနာ၊ မတည်ပါခဲ့။
သာယာလှမော၊ အစောတောဝ်၊ စိတ်ဇောရှင်ရော၊ နံ့သာ။
ကြိုင်မြူး၊ စန္ဒကူးမရောက်။ သောင်နှယ်မောက်၍၊ ကြီးမြောက်
ခွန်အား၊ ဆင်ဆင်များဝံ့ယ်၊ တိုးပွားကျက်သရေ၊ ဖြိုးမောက်
စေသား၊ မြူတေမစပ်၊ အရပ်ရပ်၌၊ ဆည်းကပ်လောက်ဘိ၊
မြတ်ပဏ္ဍိလျှင်၊ မရှိရာချေ၊ မှတ်ပါလေလော့၊ မြစ်ရေပင်လယ်၊
ခြားရာဝေးလျှင်၊ အကယ်သူမြတ်၊ ကပိထွတ်လျှင်၊မချွတ်ထင်ရှား၊
ရှိသည်ကြားသော်၊ ကူးသွားနည်းနာ၊ ခံအပ်စွာ၏၊ ပညာမဲ့ထ၊
လူ့ဗာလကား၊ ဂေါကာသဖွယ်၊ ပျို့နုနယ်က၊ အကယ်သ်ပ္ပ၊
တတ်မရအံ့။ ဒုတိယမှာ၊ စိတ်ချမ်းသာအောင်၊ ဥစ္စာလက်ရှိ၊
မပိုက်မိအံ့၊ တတိယမြောက်၊ အရွယ်ရောက်လျှင်၊ စောင့်ရှောက်
တရား၊ ကုသိုလ်ပွားအောင်၊ ကြံစားအဟုတ်၊ အားမထုတ်အံ့။
စတုတ္ထနှယ်၊ အဆုံးရွယ်ကား၊ အဘယ်အကြောင်း၊မူစတောင်းအံ့။
အိပျောင်းနွဲ့သွယ်၊ မောင်သက်လှယ်သည်၊ အရွယ်ပထ၊ ခုနှယ်
တလျှင်၊ သိပ္ပ ဖွေရှာ၊ ရတတ်ပါသည်။ ။ရတနာမျက်ရှု
သားရွှေဥ။
၁၈။ သားရွှေဥ၊ မျက်ရှုသက်ထား၊ ထိုစကားကို၊ ရွှေနားဝယ်သာ၊
မှတ်၍နာလော့၊ အာစရိထံ၊ နည်းနာခံ၍၊ သင်အံ့သောခါ၊
တတ်ပညာကို၊ များစွာအားကြီး၊ ပြုံးလွယ်ကုန်လွယ်၊ ဝန်သို
သယ်လည်း၊ ဓိပ္ပာယ်မကျ၊ နည်းမရအောင်၊ လူအအိပ်မက်၊
ပြောချင်လျက်နှင့်၊ မထွက်ပါနိုင်၊ မိန်းမှိုင်တွေဝေ၊ စိတ်မပြေသို့၊
အနေမကျ၊ ရှုတတ်လှ၏၊ ဆရာ့ထံမှာ၊ နည်းခံခါ၌၊ဓိပ္ပာယတ္တာ၊
သဘောကျအောင်၊ ဆဆတွေးတွေး၊ သံကြောင်း မေး၍၊

ဆေးလေးသာကြည်၊ သင်ရမည်ရှင့်၊ တတည်ဥပဒေ၊ ပေမှာ
ရေးမှတ်၊ အတတ်လည်းကောင်း၊တစ်ကြောင်းခြင်းရာ၊ သူ့လက်
မှာလျှင်၊ ဥစ္စာလည်းကောင်း၊ ရှိပါရှောင်းလည်း၊ အကြောင်း
ရောက်ခါ၊ ရခဲစွာ၏၊ ပညာမဟုတ်၊ ဥစ္စာမမည်၊ သို့ဖြစ်
သည့်ကြောင့်၊ မှတ်တည်အားထုတ်၊ အရုကုတ်၍၊ စွဲနှုတ်အာဂုံ၊
ဆောင်အပ်တုံ၏၊ စုံစုံမက်မက်၊ နှစ်သက်ပွင့်လင်း၊ မှတ်သား
ခြင်း၌၊ မပျင်းမရှိ၊ လုံ့လရှိမူ၊ အသိအမြင်၊ တွင်တွင်ကျယ်ကျယ်၊
သုတကြွယ်လိမ့်၊ တင့်တယ်ဆင်းဝါ၊ လှတုံပါလည်း၊ ပညာမဲ့မူ၊
လောကီလူဝယ်၊ နည်းတူပုံဆောင်၊ ရနံ့ရှောင်သား၊ အရောင်
ရှိဆန်း၊ ပေါက်ပွင့်ပန်းနှင့်၊ အဖန်းသီးမှည့်၊ ဆိုနိုင်းရှည့်လော့၊
ကိုယ်၏ရုပ်ဝါ၊ မလှပါလည်း၊ လိမ္မာသိကြား၊ ရှိတုံငြားက၊
ချယားပွင့်သေး။ ကြိုင်ကြိုင်မွှေးနှင့်၊ နက်လေးရသာ၊ ဂုဏ်သြ
ဇာကြောင့်၊ စားငှာမငြီး၊ ပိန္နဲသီးသို့၊ မြောက်ချီးအားရ၊ နှစ်လို
ကြ၏၊ နှိုင်းဆရှေ့နောက်၊ သည်ကိုထောက်၍၊ လွှေ့လောက်
ပညာ၊ ဆည်းပူးရာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၁၉။ သားရွှေဥ၊ မျက်ရှုကြည့်နှုန်၊ အစွဲသန်လော့၊ ကျမ်းဂန်ပါဠိ၊
မသင်မိ၍၊ မသိသူ၊ သာမန်လူကား၊ အယူတိမ်းပါး၊ အမှား
မှားလျှင်၊ သည်ကားကောင်းမူ၊ သည်သို့ပြုမူ၊ အကုသိုလ်ညစ်၊
သည်သို့ဖြစ်ဟု၊ စိစစ်ထုံလျက်၊ နက်နက်နဲနဲ၊ စိတ်ဖြာခွဲ၍၊ သိခဲ
နိုင်စွာ၊ ဥပမာကား၊ ကြမ္မာခမှုးမြှူ၊ကန်းသသူတို့၊ စိမ်းဖြူနီဝါ၊
ညိုပြာပြောက်နှမ်း၊မမြင်စွမ်းသို့၊ယောင်ယမ်းကာမျှ၊ချက်မကျခဲ့၊
ဂါဒဖြောင့်သား၊ မတိမ်းပါးအောင်၊ တရားကျမ်းဂန်၊ ဓမ္မ
ခန်ကို၊ အားအန်ထုတ်ထုတ်၊ အဟုတ်အဟတ်၊ တတ်စိမ့်သောငှာ၊
ကြိုးစားရာ၏၊ ပညာလွှတ်ကင်း၊ မတတ်လျှင်းမူ၊ ဟသ်ာ
ဘောင်ဝယ်၊ ဥဗျိုင်းနွယ်သို့၊ ပွဲလယ်မဘင့်၊ တတ်သဖြင့်ကား၊
ရဲရင့်ထွတ်ခေါင့်၊ သားတို့ဘောင်၌၊ မခရှောင်းမကွင်း၊ ခြင်္သေ့
မင်းသို့၊ ကျင်းကျင်းပပ၊ တင့်တယ်လှ၏၊ ရာဇတန်ခိုး၊ ရှိစ
နိုးလည်း၊ အစိုးပိုင်ထိုက်၊နိုင်ငံ၌သာ၊ ဦးခိုက်ပူဇော်၊ ဘုန်းလာဘ်
ပေါ်၏၊ ကျူးကျော်ခဲ့မြောက်၊ သူ့တိုင်းရောက်က၊ ရွှံကြောက်
တုန့်စွာ၊ စုဝေးလာ၍၊ ပဏ္ဍာဆက်သ၊ ဘယ်သူခလိမ့်၊ မြတ်လှ
ပဏ္ဍိ၊ ပညာရှိကား၊ ရောက်မိဆုရာ၊ အချပ်မှာပင်၊ သဒ္ဒါ

မွှေ့လျော်၊ နှစ်လိုပျော်၍၊ ပူဇော်မြတ်နိုး၊ လာဘ်သပ်ဖြိုးလိမ့်၊ အကျိုးပေးလျက်၊ သို့စင်နက်၏၊ ချင့်တွက်ခေါ်ခေါ်၊ သို့မျက် ဖျော်လည်း၊ မြင်သော်သိညာဏ်၊ ပစ္စုပ္ပန်နှင့်၊ တမလွန်နောင်၊ ကောင်းမြတ်အောင်လျှင်၊ အခေါ်င်အဖျား၊ ကျမ်းဂန်များကို၊ သင်ကြား စိမ့်ငှာ၊ တောင်းပန်ထွာ သည်။ ရတနာမျက်ရှု သားရွှေဥ။

၂၀။ သားရွှေဥ၊ မျက်ရှုကုမုဒ်၊ အမိယုတ်က၊ သားပုတ္တသည်၊ ဆိုမည် ရုန့်ကြမ်း၊ စကားသွမ်း၏၊ ကျမ်းလာဆိုအံ့၊ အဖည့်မှု၊ အတံ့ ခပ်ပေါ့၊ သွမ်းသော့သော့လျှင်၊ ကြော့ကြော့ ကြမ်းကြမ်း၊ သွမ်းဟော့ရမ်းဟု၊ ထုံးတမ်းပြုသ၊ မိဘအစုံ၊ မကောင်းတုံက၊ ဆူးပုံအလား၊ စကားကြမ်းကြုတ်၊ အကျင့်ယုတ်၏၊ အဟုတ် အဟတ်၊ အမိမြတ်မှု၊ မိုးနတ်မင်းစောင်း၊ နည်းမညောင်းသို့၊ ကောင်းမြတ်အာစာ၊စကားသာ၏၊ပိတာသေဋ္ဌ၊ ဖြစ်ပေကလည်း၊ ပုတ္တမှုကျင့်၊ ကောင်းမြတ်မြင့်၏၊ မိနှင့်ဘမှု၊ မြတ်ချင်းတူမှု၊ ကြည်ဖြူဖွယ်ကို၊ နူတ်သံချိုနှင့်၊ နာလိုစထိုက်၊ ကျင့်သိုက်မြိုက်၏၊ ခွေးမိုက်ပန်းပင်၊ တစ်ခုမြင်က၊ ကိုက်ချင်စွာလှ၊ သွားကိုပြ၍၊ ကြည့်ထစိမ်းစိမ်း၊ မြည် အောင် ဟိန်း ၏။ လူပြိန်း လူတန်၊ ညာဏ်မသိမြော်၊ လူသရော်တို့၊ သူတော်ကောင်းအား၊ ရိုင်းစော် ကားလျက်၊ တွန်းရှားပစ်ပယ်၊ ချုပ်ချယ်မောင်းမဲ၊ ညှဉ်းဆဲ ချင်ဘိ၊ အလိုရှိ၏၊ ဣတ္ထိဝှန်တွေ၊ တခဲတွေသား၊ မြွေလည်း ပျက်ဆိုး၊ ထိုထက်တိုး၍၊ ထမ်းပိုးလှင်ကန်၊ အပြန်ပြန်လျှင်၊ ကျင့်တန်လူညစ်၊ ပျက်သည်ဖြစ်၏၊စင်စစ်ကေန်၊ မြွေဆိတ်ထန်သို့၊ မန္တန်ဆေးဝါး၊ ဆီးတားကွယ်ကာ၊ လွတ်ငြိမ်းရာ၏၊ မိစ္ဆာဒိဋ္ဌိ၊ အယူရှိသား၊မသိတရား၊ သူမိုက်အားကို၊ ကုစားဖွယ်ရန်၊ မန္တန် မန္တရား၊ ဆေးဝါးကင်းမဲ့၊ ဖြစ်တုံခဲ့ရှင့်၊ ရှင့်တုံလျက်၊ သည်ကို တွက်၍၊ လူပျက်လူသောင်း၊ လူမကောင်းနှင့်၊ မပေါင်းဖော်ရာ၊ ရှောင်အပ်စွာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၂၁။ သားရွှေဥ၊ မျက်ရှုစိန်ခက်၊ မောင်နားရှက်လော့၊ အပျက် လျှံလူ၊ ကြီးသသူကို၊ မပူမပြင်း၊ ပျက်ငြိမ်းခြင်းဖြင့်၊ အခင်း ပျောက်ပြေ၊ အောင်မြင်စေတော့၊ ယှင်းသွေ့ပျက်ချော်၊ မသူ

တော်ကို၊ သူတော်ကောင်းထုံး၊ စွဲနှလုံးဖြင့်၊ လွှမ်းဖုံးကွယ်ကာ၊ မအောင်မြင်ရာ ၏၊ ယုတ်မာကောက်ကျစ်၊ စဉ်းလဲညစ်ကို၊ ဇင်စစ်မျှော်ရှု၊ ပေး ကမ်း မှုဖြင့်၊ အောင်ဆု ငကန်၊ ပြုမြဲမှန်၏၊ ပေါက်ပြန်ယွင်းမှား၊ မတည်ကြားဘဲ၊ စကား သွေဖည်၊ ရှိုးလသည်ကို၊ တည်ကြည်မှတ်ဟုတ်၊ ဆိုသည်နှုတ်ဖြင့်၊ စေးတုတ်မဆောင်၊ ပြီးစီးအောင်၏၊ မြားမြောင်သုဘာ၊ ဆည်းပူး ရသော်၊ ဉာဏစွမ်းအား၊ ကြီးကျယ်ပွား၏၊ သိကြားမြင်လွယ်၊ ပညာကြွယ်သော်၊ နက်ကျယ်ပါဠိ၊ ဓိပ္ပာယ်သိ၏၊ သတိမပျက်၊ အသိနက်လည်း၊ မျက်မှောက်နောင်လာ၊ နှစ်ပါးမှာပင်၊ ချမ်းသာ မြင့်ဒအောင်၊ အကျိုးဆောင်၏၊ ပြည်ခေါင်ထိပ်ဖျား၊ ရောက်လို ငြားမူ၊ တရားညီစွာ၊ ရဉ္စာကို၊ သဒ္ဓါမနှေး၊ အလှူပေးလော့၊ မမှေးစင်ကြယ်၊ သည့်ပြင်ဝယ်လည်း၊ အကယ်တည်းဖြောင့်၊ သီလ စောင့်လော့၊ မဇနှောင့်ယှက်ရာ၊ ဘာဝနာနှင့်၊ မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းတွတ်တွတ်၊ မပြတ်ရွတ်လော့၊ မချွတ်မလွဲ၊ သို့ကျင့်မြဲက၊ ဘောင်ပွဲနိဗ္ဗာန်၊ ဘေးရန်ခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၏၊ ရွှေင်တိမ်း အပြစ်၊ ပြဟန်းဖြစ်လျက်၊ နှစ်သက်သောကြောင့်၊ မရောင့်ရဲနိုင်၊ လောဘလိုင်မူ၊ မခိုင်ယွင်းသွေ၊ ပျက်စီးချေအံ့၊ ရေမြေပိုင်သီး၊ မင်းဖြစ်ပြီးလျက်၊ မကြီးမကျယ်၊ ရောင့်ရဲလွယ်မူ၊ သိမ်ငယ် ဘုန်းတန်း၊ ဧရသိုခန်းအံ့၊ ရှင်လန်းမျက်နှာ၊ ပြည့်တန်ဆာဟု၊ ယုတ်မာနှမ်းညစ်၊ ဟုတ်သည်ဖြစ်လျက်၊ ကျစ်လျစ် ရည်မှိန်း၊ ကြောက်ရှက်ထိန်းမူ၊ လူမိန်းမယုတ်၊ လာဘ်သပ်ဆုတ်အံ့၊ အဟုတ် အဟတ်၊ ဆွေမြတ်မျိုးကြီး၊ သမီးဖြစ်လျက်၊ ရောက်ယက်ယက် လျှင်၊ ကြောက်ရှက်သဒ္ဒေ၊ မစောင့်ချေမူ၊ အလေအဖျင်း၊ ရိုင်းစုသွင်း၍၊ စာရင်းဦးချ၊ ကဲ့ရဲ့ကြလိမ့်၊ မျှားလှည့်သို့၊ ဓိပ္ပာယ် တို့ကို၊ နှစ်လိုဝမ်းသာ၊ မှတ်ပိုက်ရာသည်။ ။ရတနာ မျက်ရှု သားရွှေဥ။

၂၂။ သားရွှေဥ၊ မျက်ရှုမှတ်ဘိ၊ လွှန်ပျင်းရိသော်၊ မရှိပညာ၊ လျော့နည်းရာလိမ့်၊ ချမ်းသာစည်းစိမ်၊ အစဲငြိမ်သော်၊ ကွင်နှိမ် အန္တရာယ်၊ ရောဂါကြွယ်လိမ့်၊ မဖွယ်အပူ၊ အိပ်ကြူးလူကား၊ ဝဆူကိုယ်လက်၊ အသားတက်လိမ့်၊ ငြိမ်သက်လှစွာ၊ ပျော်မွေ့ ကာဖြင့်၊ ငုသာထွေပြား၊ သုံးဆောင်များမူ၊ ပွားအံ့ရာဂ၊ မိုးဝယ် သလည်း၊ ထွန်းပလျှ ညီး၊ အားလျှင်ကြွး၏၊ တသီးထုံထက်၊

ဖလ်စက်သူရိယာ၊ အားလျှင်သာ၏၊ခြင်းရာမတူ၊ ထိုသက်မှုကား၊
ဘိက္ခုပုဏ္ဏား၊ ဗလများ၏၊ ပြန့်ပွားရေမိုး၊ သမုဒ်ရိုးဝယ်၊ တံပိုး
တွင်မည်၊ လှိုင်းတုံသည်လည်း၊မြည်သံခြိမ့်ခြိမ့်၊ အားကြီးလိမ့်ရှင်၊
မနိမ့်မကျ၊ ဤသို့ပြသား၊ ဗလစွမ်းအင်၊ အားများရှင်ထက်၊
အကြင်ဣတ္ထိ၊ အားလွန်ဘိ၏၊ သိအောင်ဖွင့်လှစ်၊ ဆိုတည်ဖြစ်မူ၊
ကြိုက်ချစ်စွဲကပ်၊ တပ်သည်ယောကျ်ား၊ ကြီးမားစုပုံ၊ စိတ်
အာရုံသည်။ အကုန်ဗလဝ၊ အားကြီးလှ၍၊ မိန်းမတို့ထုံ၊၊
အားလွန်ဆုံးဟု၊ စီကုံးပါဋ္ဌိ၊ ကျမ်းဂန်ရှိရှင့်၊ မွေးမိုသက်စု၊ကျိုးမဲ့
မှုကို၊ ပြုရသောထက်၊ ငြိမ်သက်ဣန္ဒြေ၊ နေရသော်မြတ်၊ မှတ်ဖွယ်
တခြား၊ ကျိုးမဲ့ငြားသည်၊ စကားသွမ်းပျက်၊ ဆိုသည်ထက်
လည်း၊မမြွက်ထူးထွေ၊ဆိတ်တုံစေ၍၊နေရသော်သင့်၊အခွင့်မသ ၊
မရရာမြို့၊ ဥစ္စာတို့ကို၊ လိုချင်ရမွက်၊ ထသည်ထက်လည်း၊ ရှုန်းထွက်
အသီး၊ တစ်ကိုယ်ဘည်းလျှင်၊ မနီးဖော်ရွေ၊ လွတ်အောင်သွေ၍၊
နေရတုံသော်၊ တင့်တယ်လျော်၏၊ ထုတ်ဖော်ခြင်းရာ၊ မှန်လှ
စွာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၂၃။ သားရွှေဥ၊ မျက်ရှုထိတ်ထိတ်၊ ညဏ်ခဲကျိတ်လော့၊ ပဏ္ဍိတ်ကဝိန်
သုခမိန်တို့၊ မြတ်ဣန္ဒြေ၊ မထွေသိမ်းအုပ်၊ ချုပ်ရမည်အင်၊
အကြောင်းလျှင်ကား၊ လိုချင်ရမွက်၊ ဖုံးလွှမ်းဝှက်၍၊ အမျက်
ပြောင်ပြောင်၊ တောက်လှောင်ပူချစ်၊ ညဏ်ကမြစ်လေ့၊ မယစ်
မဝေ၊ ပညာဖြေ၍၊ ပျောက်ပြေတည်တံ့၊ မာနည့်လျက်၊ မခံ့
ပျင်းရိ၊မရှိစေရ၊လုံ့လထူထူ၊ ကြိုးအားယူလော့၊ငြူစူဣဿာ၊
ကျင့်ယုတ်မာကို၊လှူပ်ကာလွှင့်လေ့၊ သာချမ်းမြေ့လျက်၊မေ့လျော့
မရှိ၊ သတိသမ္ပဇဉ်၊မပြတ်ယှဉ်၍၊ကြဉ်လေလုံးလုံး၊ မသုံးသေရည်၊
ကျင့်ဆောက်ဘည်လော့၊ မူနည်ညစ်နွမ်း၊ တသမ်းဝေဝေ၊ မပြေ
မိန်းမူး၊ အိပ်မကြူးလင့်၊ တင်ဖူးတုံလေ၊ ကျေးဇူးပေကို၊
ဖျောက်ချေသူ့အား၊ မကျင့်ငြားနှင့်၊ စကားရန်လို၊ မျက်ညို
သိုနှင့်၊ ဝန်တိုခဲကျိတ်၊ မစွေစိတ်ကို၊ ဆို့ပိတ်သေခွေ၊ မလွန်
စေနှင့်၊ ထွက်ရေဆယ့်တစ်၊ ကျင့်မူညစ်ကို၊ စွန့်ပစ်လေရာ၊ သို့မှ
သာလျှင်၊ပညာရှိမည်၊ ဂုဏ်ထူးလည်အံ့၊ ရှိသည်ဥစ္စာ၊ရတနာကို၊
ကောင်းစွာသိုဝှက်၊ ဥစ္စာထက်လည်း၊ကြင်ဖက်မငြိး၊ ဆွေဇနီးကို၊
စောင့်စည်းရှုစိန်း၊ လုံလုံထိန်းလော့၊ မိန်းမထက်ပင်၊ ကိုယ့်ကို

လျှင်လည်း၊ ကိုယ်ယှဉ်ကြပ်ကြပ်၊ စောင်မအပ်၏၊ စီချပ်မျက်စီ၊ နာရဏီသို့၊ ပိုက်ချီဖက်ရမ်း၊ နမ်းလည်းမွှေးကြူ၊ ရှူလည်း မွှေးကြိုင်၊ မယ်ပန်းခိုင်ကို၊ သံပြိုင်ငှက်မွန်၊ ကျူးရင့်တွန်သို့၊ သွန်သွန် သင်သင်၊ မွှေးဖခင်နှင့်၊ မယ်ရှင်မိန့်မှာ၊ ချီသာယာသည်။ ။ ရတနာမျက်ရှု သားရွှေဥ။

၂၄။ သားရွှေဥ၊ မျက်ရှုရှင်ဝမ်း၊ သာငြိမ်းချမ်းလော့၊ ပေးကမ်း ခြင်းသည်၊ လူတို့ပြည်ဝယ်၊ ချစ်ကြည်စေလို၊ မျက်ချစ်သျှို၊ တည့်၊ ဝန်တိုသမ္ဘို၊ နှစ်မလို့ရှိ၊ မွန်းဖို့ဆောင်သည်၊ လက်ဖွဲ့မည်၏၊ ချစ်ကြည်ဖွတ်လီ၊ ပေးကမ်းချီမူ၊ အသိအထင်၊ ခုမျက်မြင်နှင့်၊ နောင်သံသရာ၊ ဆက်များစွာပင်၊ ရိကာခွဲရွှေ၊ ပေါတတ်စေ၏၊ မစ္ဆေပိတ်ဆီး၊ ဝန်တိုကြီးမူ၊ အထီးကပ္ပနာ၊ ကြွင်းကျန်ရာလိမ့်၊ မေတ္တာပြန့်ပွား၊ သားမယားဒွဲ၊ ထင်ရှားအပြစ်၊ ရှိသည်ခေတ်တွင်၊ စိစစ်ကြပ်ကြပ်၊ ဆုံးမအပ်၏၊ လပ်လမူကား၊ အပြစ်ပွားလိမ့်၊ ထင်ရှားလှစွာ၊ ပဋ္ဌာ ရှိခိုက်၊ ဆုံးမလိုက်မူ၊ ထိုက်လျောက် သောအား၊ ကျေးဇူးများလိမ့်၊ မရှားပြည့်စုံ၊ ကြွယ်ဝတုံက၊ စုပုံရောင်းဝယ်၊ ကုန်စည်သွယ်လော့၊ နက်ကျယ်ပညာ၊ တတ် လိမ္မာမူ၊ များစွာသုတ၊ ဆည်းပူးကြလော့၊ ပုတ္တသားကို၊ ရစေ လိုမူ၊ အမျိုအရွယ်၊ မိန်းမငယ်နှင့်၊ စံပယ်မွှေ့လျော်၊ပေါင်းယှဉ် ပျော်လော့၊ အကျော်အသောင်း၊ သူကောင်းဖြစ်ချင်၊ သဘော ဝင်မူ၊ သခင်စိတ်ကြိုက်၊ မင်းလိုလိုက်လော့၊ လူ့ဘာဝ၊ မြတ်ခနကို၊ အရဖွေရှာ၊ ကုန်သွယ်ကာနှင့်၊ တစ်ရွာတစ်ပါး၊ တဖန်သွားက၊ ခစားလုပ်မှု၊ လိုသောဆုကို၊ ပြုသောကာလ၊ ကိစ္စရေတွက်၊ ဤငါးချက်ဌ၊ ကြောက်ရှက်စွန့်ရာ၊ ငှက်တို့မှာကား၊ အာကာ ထက်မိုး၊ အားကိုကိုး၏၊ အမျိုးဘာသာ၊ ငါးတို့မှာကား၊ သီတာ မြစ်ရိုး၊ ရေကိုကိုး၏၊ ကံညှိုးနွမ်းပါး၊ ဆင်းရဲသားမူ၊ ထွတ်ဖျား ပြည်စိုး၊ မင်းကိုကိုး၏၊ သားမျိုးနုနယ်၊ လူသူငယ်ကား၊ အတတ် မစိုး၊ ငိုအားကိုး၏၊ တစ်မျိုးမှတ်ရာ၊ သုံးလင်္ကာသား၊ မာတု ဂါမ၊ ဌာနသုံးကျောင်း၊ ပြောင်းသောရဟန်း၊ ထူးဆန်းထွေလာ၊ ကျော့ကွင်းမှာလျှင်၊ သုံးခါငြိယှက်၊ မိလောငှက်သို့၊ ချော်ပျက် သွေလွဲ၊ နှလုံးရဲ၍၊ စဉ်းလဲမယာ၊ နိုင်တတ်စွာသည်။ ။ ရတနာမျက်ရှု သားရွှေဥ။

၂၅။ သားရွှေဥ၊ မျက်ရှုမှတ်သား၊ ကျိုးစီးပွားကို၊ ကြိုးစားအနှံ့ထောင်၊ ရှက်ခေါင်ပေပြေး၊ သူတစ်ပါးသည်၊ မပြားစင်စစ်၊ မိတ်ဆွေဖြစ်၍၊ [illegible]ချစ်ကျွမ်းဝင်၊ မိတ်ဆွေပင်လည်း၊ ကျိုးလျှင်မဆောင်၊ လွတ်ခွာရှောင်သော်၊ လူ့ဘောင်ကျင့်ညစ်၊ သူစိမ်းဖြစ်ရှင့်၊ ပတ်ရစ်ရောဂါ၊ ကိုယ်အနာသည်၊ ရှန်သူမည်၏၊ ဓွန့်ရှည်ကွာဝေး၊ တောဝယ်ဆေးကား၊ ဘေးအန္တရာယ်၊ လွတ်ကြောင်းပယ်၍၊ ကယ်ဆယ်ပေသည်၊ မိတ်ဆွေမည်၏၊ သာကြည်ငမ်းမြောက်၊ ချစ်ခင်လောက်အောင်၊ မျက်မှောက်၌ဝယ်၊ ပျူငှာကြွယ်၍၊ မျက်ကွယ်တထူး၊ ဂုဏ်ကျေးဇူးကို၊ ထိမ်မြူးဖျောက်ချေ၊ သည့်မိတ်ဆွေကို၊ သေစေတတ်မြို၊ အဆိပ်တို့နှင့်၊ ပြုယို့ယှင်းမှား၊ ရော၍ထားသား၊ ပျားကိုမယှဉ်၊ ဝေးစွာကြည်သို့၊ စင်လေသဖြင့်၊ ရှောင်အပ်သင့်၏၊ ကောင်းခွင့်ကံ္သ၊ ဥစ္စာမဲ့မူ၊ မဖွဲ့မိတ်ဆွေ၊ ချစ်ကြိုးနွှေသည်၊ အိမ်နေမယား၊ မွေးသည့်သားနှင့်၊ နောင်ဖွားညီချစ်၊ နှမဖြစ်လည်း၊ စွန့်ပစ်ကြည့်ဖဲ၊ လွတ်ရာရှဲ၏၊ ဆင်းရဲဒုက္ခ၊ ညှိုးနွမ်းလျှ၏၊ ဓနတ္ထိ၊ ကြေးမရှိသော်၊ မွေးမိဖြစ်သူ၊ မှလျှင်မူလည်း၊ သားဟူ၍လျှင်၊ ပြောခေါ်ငင်လျက်၊ တော်ချင်စွာခဲ့၊ အနိုင်တွဲ့၏၊ လွန့်ခဲ့ပေါ်ယယ်၊ ဥစ္စာကြွယ်သော်၊ မျိုးနွယ်ဆွေဝါး၊ မဟုတ်ငြားလည်း၊ နီးပါးလေယောင်၊ အဟန်ဆောင်၍၊ မရှောင်မလွှဲ၊ ခိုမှီဝဲ၏၊ ဖြစ်မြဲသာပ၊ ဤလောက၌၊ ဥစ္စာတန်ခိုး၊ သရေတိုး၍၊ အညှိုးမမြန်း၊ ပွင့်သစ်ပန်းသို့၊ ရွှင်လန်းမျက်နှာ၊ ထို့ကြောင့်သာလျှင်၊ ဥစ္စာမဲ့မူ၊ ထိုသူကား၊ အလှူဒါန၊ မပြုရ၍၊ ဘဝဆက်ဆက်၊ ဆင်းရဲနက်အံ့၊ ကျမ်းထွက်စကား၊ ဤသည်များကို၊ မှတ်သားစရာ၊ မှန်လှစွာသည်။ ။ **ရတနာ မျက်ရှု သားရွှေဥ။**

၂၆။ သားရွှေဥ၊ မျက်ရှုသည်းချာ၊ မှတ်စရာလျှင်၊ လျော်ရာနုတ်၍၊ မယုတ်မလွန်၊ ထုံးပြည့်န်အံ့၊ ကျေးကျွန်တို့အား၊ သူရင်းငှားကို၊ မသွားမလာ၊ ခန့်ခဲစေခါမှ၊ ခြင်းရာစေ့စုံ၊ သိရှုတုံ၏၊ စုပုံမေတ္တာ၊ မိတ်ဆွေမှာကား၊ ဥစ္စာနည်းပါး၊ ဘေးရောက်ငြားမူ၊ ထင်ရှားယုတ်မြတ်၊ သိရတတ်၏၊ မပြတ်ပျော်ပါး၊ ကိုယ့်မယားကို၊ နည်းရှားဖျင်းသုန်၊ စည်းစိမ်ကုန်မူ၊ ကောင်းဂုဏ်ဆိုးရည်၊ သိရမည်ရှင့်၊ လူ့ပြည်၌ဝယ်၊ မှတ်ဖွယ်စီစဉ်၊ စီးပွားယှဉ်မူ၊ မကြည်

အပ်ရှောင်း၊ မိတ်ဆွေကောင်းတည့်၊ အကြောင်းတထွေးမွေးကျွေး
ပေသော်၊ မိတ်ဆွေဗိမာန်၊ အဖမှန်၏၊ ပူပန်ပြင်းလှ၊ စိတ်နေသားက
ကို၊ အေးမြငြိမ်းအောင်၊ ရှက်ဆောင်ပြောသား၊ ထိုသူ့အားကို၊
မယားဟူ၍၊ မှတ်အောက်မေ့လော့၊ ချမ်းမြေ့စိတ်ဝမ်း၊ သဘော
တမ်းဖြင့်၊ ကျွမ်းမဝင်ရာ၊ သူတို့မှာကား၊ မေတ္တာမပြု၊ ရန်သူ
တစ်ဦးညွတ်နူးစိတ်နေ၊ ဖွဲ့ကြွေလေသည်၊ အဆွေခင်ပွန်း၊ ထပ်ယောက်
ညွန်း၏၊ လွန်လွန်းလော့၊ ဆွေမိတ္တကို၊ တကူကုန်စင်၊ ကျွမ်းမ
ဝင်လင့်၊ ဆင်ခြင်ဖော့လို၊ ဘယ်ကြောင့်ဆိုဟု၊ သံချိုငြိမ့်သေး၊
သိအောင်မေးသော်၊ မြတ်လေးချစ်ခင်၊ ဖြစ်သည်ပင်ဟု၊ ကျွမ်းဝင်
အကုံ၊ သိလေတုံက၊ တစ်စုံတစ်ခု၊ အစွဲပြု၍၊ လူပုထုဇန်၊ ခိုက်ရန်
ဇော်ပြစ်၊ မုန်းခိုက်ခေတ်တွင်၊ အပြစ်ဒေသ၊ ရှိသမျှကို၊ လှစ်ဟ
ဆောချ၊ ကျွမ်းဝန်လာသည်။ ။ ရတနာမျက်ရှု သားရွှေဥ။

၂၇။ သားရွှေဥ၊ မျက်ရှုထဲသံ၊ စေ့စေ့ကြံလော့၊ ဆိတ်ညံ့တုံငြား၊
ပေါင်းလေးပါးမူ၊ သားမရှိအိမ်၊ စည်းစိမ်ခံခြင်း၊ မင်းမရှိပြည်၊
သည်မှတစ်ခု၊ သုတပညာ၊ လိမ္မာမဲ့လျှင်း၊ ထိုသူဖျင်း၏၊ ခံတွင်း
လည်းကောင်း၊ စုံခပေါင်းထွေထွေ၊ ဆိတ်လေသည်ထက်၊ အထံက်
လွန်ကဲ၊ ဆင်းရဲသူထံ၊ လွန်ဆိတ်ညံ့၏၊ ဘောဂကာမ၊ သုခမပျက်၊
ခံစားလျက်လျှင်၊ ချင့်ထွက်မရှိ၊ လွန်ပျင်းရိအံ့၊ သတိပညာ၊
သမ္မာဆန္ဒ၊ နေ့ညအားထုတ်၊ ရဟန်းဟုတ်လျက်၊ ကိုယ်နှုတ်နှလုံး၊
စောင့်သုံးမရှိ၊ လျှပ်ပေါ်ဘိအံ့၊ ပြည့်ကြီးသနင်း၊ စိုးမင်းသခင်၊
ဖြစ်လျက်ပင်ကို၊ ဆင်ခြင်မရှိ၊ စီရင်ဘိအံ့၊ ပဏ္ဍိအစစ်၊ သူကောင်း
ဖြစ်လျက်၊ အမျက်ပြင်းထန်၊ မာန်ဒေါသဂ္ဂ၊ ပြောင်ပြောင်ငြိအံ့၊
သိသည်အထူး၊ ဤလေးဦးကား၊ ကျေးဇူးဖျင်းသုန်၊ ယုတ်မာ
ကုန်၏။ ကြီးဂုဏ်စင်ဖြူ၊ သူတော်ဟူက၊ သူ၏မယား၊ မပြစ်
မှားသင့်၊ နည်းများမှဟူ၊ သူ၏ဥစ္စာ၊ ထွေရာအပြား၊ ခိုး
စားလင့်၊ စိတ်ထားရွယ်နု၊ ရယ်ရှင်မှုကို၊ ဂရုတူစွာ၊ မပြုသာရှင့်၊
လေ့လာပျော်ပါး၊ တစ်ပါးထိုထို၊ အိမ်ယာကိုလည်း၊ စိတ်လို
ပြန့်ပွား၊ မလှည့်သွားနှင့်၊ လေးပါးကျမ်းလာ၊ ဤအရာကို၊
ပညာပေါ်လျှံ၊ ခါတရံမျှ၊ မကြွမကျင့်၊ ကင်းစေသင့်၏၊ မြတ်ခွင့်
ဖော်ပြ၊ ဤလောကတွင်၊ လုံ့လဟူသည်၊ ပင်မစည်လျက်၊
ချိုရည်ရသာ၊ နက်နဲစွာသား၊ ပညာအသီး၊ ရှိတပြီးကား၊

ပွားစီးစည်းစိမ်၊ ချမ်းသာငြိမ်လိမ့်၊ ဂုဏ်သိမ်တန်ခိုး၊ နေ့တိုင်းတိုး၍၊ အကျိုးလုံ့လ၊ ထကြွမမှု၊ အပျင်းထူသည်၊ ညွန့်လူသိုက်သိုက်၊ အပင်ဥ္စလျှင်၊ အမိုက်မှန်လှ၊ မောဟအသီး၊ ရှိတပြီးကား၊ နေငြီးစရာ၊ ဆင်းရဲစွာ၏၊ ပူဆာကြောက်စိုး၊ သရေညှိုးလိမ့်၊ နည်းခိုးသဖြင့်၊ ဉာဏ်နှင့်ချင့်၍၊ ကြီးမြင့်လုံ့လ၊ ဝီရိယနှင့်၊ ဗလပညာ၊ သိစေရာသည်။ ။ ရတနာမျက် ရှူသားရွှေဥ။

၂၈။ သားရွှေဥ၊ မျက်ရှူမှတ်ချန်၊ အဆင်းတန်မူ၊ ပြောဟန်စကား၊ အလှန်များ၏၊ နည်းရှားပညာ၊ မလိမ္မာမူ၊ ဆင်ဝါကြွားလတ်၊ ကိုယ်အတတ်ကို၊ ကြီးမြတ်ပြောက်ကျား၊ အယူမှား၍၊ ထင်ရှားစွာလှ၊ ဖော်ထုတ်ပြ၏၊ သည်မှတစ်မျိုး၊ မပြည့်အိုးလည်း၊ တံပိုးလှိုင်းပွက်၊ ယောင်ယက်ယက်လျှင်၊ဗောက်ဗက်လှုပ်ခတ်၊ချောက်ချားတတ်၏၊မှတ်ဖွယ်တစ်ချက်၊ နို့မထွက်သား၊နွားမဆိတ်မာန်၊ လွန်ပြင်းထန်၍၊ ကျောက်ကန်ရုန့်ရင်း၊ ခုန်ဆွေ့ပြင်း၏၊ မြင်းတို့မှာကား၊ လျင်သောအားဖြင့်၊ ထင်ရှားကျေးဇူး၊ အထူးသိရ၊ မမျှဘဲလွန်၊လေးသောဝန်ကို၊အားခွန်မပ့ျက်၊ကြိုးစားလျက်လျှင်၊ ဆောင်ရွက်သောအား၊ နွား၏စွမ်းအင်၊ သိမြင်တုံငြား၊ ဆေးသမား၏၊ ဉာဏ်သွားသတ္တိ၊ ရှိမရှိကို၊သန္နိပါတ်တွင်၊ အကြောင်းထင်၏၊ တိုင်ပင်လျှို့ဝှက်၊ မှုခင်းထွက်မှ၊ ဉာဏ်စက်ရောင်ငြိ၊ ပညာရှိ၏၊ ကြီးဘိဂုဏ်ရည်၊ထွန်းလင်းသည်ရှင့်၊ရေကြည်တိမ်နက်၊ သိခဲခက်လည်း၊ ချင့်တွက်ထိုတွင်၊ ကြာရိုးမြင်က၊ ဆင်ခြင်မိရာ၊ မှန်သိသာ၏၊ မဟာပထဝီ၊ မြေဆီခွန်နက်၊ ထွက်မထွက်ကို၊ မြက်မြေဇာကြောင့်၊ တွေးလမ်းဖြောင့်ခဲ၊ ပတောင့်ပတေ၊ ခဲယဉ်းပေသား၊ စစ်မြေလည်းဆောင်၊ ရန်သူဘောင်၌၊ ဆင်ပြောင်မုန်ယစ်၊ ဖြစ်မဖြစ်ကို၊ စင်စစ်သိကျွမ်း၊ လူတို့ဝမ်းလည်း၊ ဉာဏ်စွမ်းသတ္တိ၊ ဘယ်သို့ရှိဟု၊ မိမိစကား၊ ဆိုသည်ကြားက၊ စဉ်းစားရွေးချယ်၊ သိသာလွယ်၏၊ နာဖွယ်စီကုံး၊ ပုံစံထုံးကို၊ နှလုံးပိုက်မိ၊ တတ်ကျွမ်းသိလော့၊ မေ့မိဖခင်၊ ပြည့်နှန်သင်ရှင့်၊ သို့စင်နက်နဲ၊ နည်းခပဲကို၊ မြဲစွဲသေချာ၊ မှတ်အပ်စွာသည်။ ။ ရတနာမျက်ရှူ သားရွှေဥ။

၂၉။ သားရွှေဥ၊ မျက်ရှုနှစ်ခြိုက်၊ နှလုံးပိုက်လေ့၊ အိမ်၌ဖွေနည်၊ ဖျက်တတ်သည်ကား၊ မြီးရှည်သွယ်လျောင်း၊ ကြွက်ငယ်လောင်းတည်း၊ တစ်ကြောင်းတစ်ချက်၊ တော၀ယ်ဖျက်သည်၊ ခုန်တက်ငုံလျှိုး၊ မျောက်ယုတ်ဆိုးတည့်၊ ငှက်မျိုးတွင်ကျီး၊ ဖျက်ဆီးတတ်စွာ၊ မုန်လှရှာ၏၊ လူမှာပုဏ္ဏား၊ ဤလေးပါးကို၊ မှတ်သားစွဲယူ၊ နိုးကြားသူကား၊ ညဥ့်မူတာရှည်၊ လင်းခဲသည်တည့်၊ တစ်ပြည်တစ်ရွာ၊ ဝေးစွာမနီး၊ သွားအားကြီး၍၊ ခရီးပန်းသူ၊ ဖြစ်လျှင်မူကား၊ ယူဇနာသည်၊ အဝွန်ရှည်ခဲ့၊ သာကြည်မွေ့လျော်၊ ကုသိုလ်ပျော်ပါး၊ ထင်ရှားအကျော်၊ သူတော်တို့တမ်း၊ ကျင့်ရာလမ်းကို၊ မကျွမ်းသသူ၊ မိုက်သည့်လူကား၊ မယူမချွတ်၊ သံသာဝဋ်၌၊ မလွတ်တာရှည်၊ ချားသို့လည်ခဲ့၊ သည့်ကဲ့သို့ကြောင့်၊ ယွန်းမထောင့်ဘဲ၊ အဖြောင့်ခရီး၊ နိဗ္ဗာန်နီးအောင်၊ အားကြီးစွာလှ၊ မြတ်ပုညကို၊ နေ့ညမချာ၊ ပွားစေရာ၏၊ ယုတ်မာလူကား၊ သူတပါးပြို့၊ နှလုံးငြိမျှ၊ ရှိသည့်ပြစ်ဆာ၊ တဆိတ်စာကို၊ များစွာအထင်၊ ပြဲ့ပြဲ့မြင်၏၊ ကိုယ်တွင်ပြစ်ကြီး၊ အုန်းသီးခန့်လောက်၊ ဖြိုးဖြိုးမောက်ကို၊ ထိမ်ဖျောက်လိုချင်၊ မသိမြင်ခဲ့၊ အကြင်သူမိုက်၊ မတိုက်မတ္တန်း၊ ဟုတ်မှန်းသည်လျက်၊ သိဉာဏ်နက်လှ၊ ပဏ္ဍိတဟု၊ ချီးပမြှောက်စား၊ ဆိုတုံငြားလည်း၊ ဒဏ်ထားလေသည်၊ သဘောမည်ခဲ့၊ ဂုဏ်ရည်ထူးဘိ၊ ပညာရှိကို၊ ကဝိတဦး၊ မြှောက်ချီးကျူးမှ၊ ကျေးဇူးတင်လောက်၊ ကြီးရာရောက်ရှင့်၊ ရွှေ့နောက်တိုင်းထွာ၊ ချင့်စရာတူ၊ သံသာချီအေး၊ နက်နက်လေးမျှ၊ ရင်သွေးဉာဏ်ရှိ၊ တတ်မှန်းသိ၍၊ သိစေခြင်းငှာ၊ ပြသပါသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၃၀။ သားရွှေဥ၊ မျက်ရှုကုံထံ၊ မြိမ်းရန်ကို၊ အကျန်အကြွင်း၊ မထားလျှင်းနှင့်၊ ကျန်ကြွင်းလေဘိ၊ မြဲရှိသောအား၊ ကြွေးရှင်ပွား၍၊ နွမ်းပါးယုတ်ညစ်၊ ကျေးကျွန်ဖြစ်လျက်၊ မွန်းနစ်စုပ်စုပ်၊ မြုပ်ကြီးမြုပ်လိမ့်၊ ဟုတ်ဟုတ်မြည်၍၊ လေတည်းဒေ့က၊ အခွေ့ရှိန်ရှိန်၊ လုံ့ထိန်ဝင်းဝင်း၊ မီးကြွင်းစဉ်လွင့်၊ ငြိသဖြင့်လျှင်၊ ကြီးမြင့်ရိပ်ငြိမ်၊ ကျောင်းအိမ်ဘုံဆောင်၊ တောတောင်အလုံး၊ ဆုံးကြီးဆုံးလိမ့်၊ နှလုံးစိတ်ရှု၊ မျက်မာနနှင့်၊ ဒေါသမုန်ဝေ၊ ရန်မပြေဘဲ၊ ကြွင်းချေထုံငြား၊ ကာလလျားလည်း၊ ညှိုးထားသဖြင့်၊ မသင့်

မမြှတ်၊ စွဲမှတ်ငတန့်၊ ပျက်ကြောင်းကြံလျက်၊ မင်းထံစိုးမှောက်၊
သွားလာရောက်၍၊ သို့လျှောက်စကား၊ ရန်ချောစား၏၊ တရား
တပေါင်၊ ရှက်ဆောင်မှုခင်း၊ ခိုင်ငြင်းတုံကြ၊ ကုန်ကျကြေးငွေ၊
ကျေးကြီးကျေလိမ့်၊ တဒထွမှတ်အပ်၊ မကောင်းရပ်နှင့်၊ မနပ်
စိတ်နေ၊ မေတ္တာထွေသား၊ ဆွေခင်ပွန်းဆိုး၊ ဂုဏ်ရည်ညှိုး၏၊
အမျိုးယုတ်သူ၊ အမူကျင့်လွဲ၊ ဝမ်းထဲမချစ်၊ မသာညစ်က၊ အပြစ်
လွန်ကဲ၊ ကျွန်စဉ်းလဲကို၊ ရှောင်လွှဲလွန့်လွန့်၊ အကုန်စွန့်လော့၊
ဖော့ဝန့်များစွာ၊ လူတကာ၏၊ အချာဦးခေါင်း၊ သူတော်
ကောင်းမှု၊ အပေါင်းစင်စစ်၊ သူကောင်းဖြစ်၏၊ မွေးရစ်သာမော၊
အင်ကြောင်းတော်ဝယ်၊ သဘောကျေးဇူး၊ ဂုဏ်ရည်ထူးသား၊ စန္ဒကူး
ကြိုင်မွှန်း၊ တစ်ငင်ထွန်းက၊ ရံဝန်းပတ်ကုံး၊ တောအလုံးသည်၊
လွှမ်းဖုံးပျံ့လှိုင်၊ မွှေးမွှေးကြိုင်၏၊ ဦးကိုင်ထွတ်ချာ၊ ကျင့်ယုတ်
မာက၊ ရပ်ရွာပျော်ပါး၊ ထိုငယ်သားတို့၊ တရားယွင်းလစ်၊ အမူ
ညစ်၏၊ မြိုင်ရစ်ထွေးရှုပ်၊ ကြင်တောအုပ်၌၊ လက်ထုတ်လျော်ဖြူ၊
ပွင့်လေမှုကား၊ လေယူ၍တိုက်၊ ထိုတစိုက်တွင်၊ မကြိုက်
လေကောင်း၊ လှောင်းလှောင်းအန္ဓိ၊ ပုပ်နံ့ရှိ၏၊ ထူးအံ့ခြင်းရာ၊
ပမာပမည်း၊ နိဿယည်းကို၊ ဆည်းဆည်းပူးပူး၊ ဆွတ်ယူခူး၍၊
ကျေးဇူးများစွာ၊ စုဝေးရာသည်။ ။ရတနာမျက်ရှုသားရွှေဥ။

၁၃။ သားရွှေဥ၊ မျက်ရှုနားဝင်၊ မြွက်သစ်ပင်ကို၊ ခုတ်ထွင်ဖြတ်သတ်
စဉ်မပြတ်လျှင်၊ ပြုတတ်သသူ၊ ကြီးထူလှထွေ၊ ဤသည့်မြေကို၊
အနေတကျ၊ မြနိစ္စလျှင်၊ တူးဆွသသူ၊ ကြေးဖြူစင်စေ၊ လက်နှင့်
ခြေကို၊ ရေမဆေးမူ၊ သွားစင်ဖြူအောင်၊ ဒန်ပူမချစ်၊ ညစ်ပတ်
သသူ၊ ပြစ်ထူကြေးမှုမ်း၊ ဝတ်လဲနှမ်းကို၊ ဖုံးလွှမ်းမချွတ်၊
ဝတ်တတ်သသူ၊ မွေးကြူအနံ့၊ သင်းပျံ့အားငြိမ်း၊ ဆီမလိမ်းဘဲ၊
မသိမ်းဦးဆံ၊ အနံ့နံ့နှင့်၊ ခြေးကိခံသသူ၊ အမူအရာ၊ မသင့်
စွာလျှင်၊ ဆည်းဆာနှစ်ပါး၊ အချိန်များ၌၊ အိပ်ငြားသသူ၊
ပူပူပန်ပန်၊ ကာမရန်ကြောင့်၊ မရောင်ရဲလျှင်၊ မှိုဝဲမေထုန်၊
ကာမဂုဏ်ကို၊ ဆန့်စုန်ချင်ငြား၊ အားထုတ်သံသူ၊ မှတ်မူမထင်၊
မိမိပင်တည့်၊ ပြုပြင်ကြမ်းကြုတ်၊ ကိုယ်မဟုတ်သို့၊ ရိုက်ပုတ်ထုခတ်၊
ပြုတတ်သသူ၊ ရေတွက်မှုကား၊ လူတင်ကျိပ်စေ၊ မမေ့မကျန်၊
ကျင့်မြဲမှန်က၊ ကောင်းရန်စဲဆိတ်၊ လာဘ်သပ်တိတ်၍၊ နှတ်ဗိသနိုး၊

ဘုန်းတန်ခိုးမှု၊ နွမ်းညှိုးတုံလျက် ၊စိစိပျက်အံ့၊ ချင့်တွက်စာနာ၊ လူတို့မှာကား၊ ပဇာပတိ၊ ဘုန်းတန်းရှိအံ့၊ မှတ်သိစေလို၊ နှုတ်သံချိုနှင့်၊၊ ပြောဆိုဖွယ်ရာ၊ နားဝယ်သာသည်။ ။ရတနာမျက်ရှု သားရွှေဥ။

၄၂။ သားရွှေဥ၊ မျက်ရှုစိန်ခဲ၊ မှတ်နာစွဲလေ့၊ တောထဲတောင်အုံ၊ မြိုင်ရဂုံဝယ်၊ တူစုံပေါင်းဖော်၊ ကွဲပြားသော်လည်း၊ပေါ်ပေါ်လျှံလျှံ၊ နာမံထုတ်ဖော်၊ သံကြွေးကြော်၍၊ မခေါ်အပ်ချေ။ ရပ်မြေတထူး၊ မရောက်ဖူးသား၊ ကျော်ကျူး၍သာ၊ ရောက်သောခါမှု၊ ရောဂါဖျားငှက်၊ မနှိပ်စက်အောင်၊ နံနက်ညဦးက၊ စောစောထ၍၊ အေးမြစွာနိုး၊ ချိုးလည်းသင့်မြတ်၊ ရေနှာနှပ်ကို၊ မပြတ်ရစေ၊ ရှုပ်ပါလေလေ့၊ ဝေးမြေလမ်းတာ၊ သွားသောခါ၌၊ ဆာဆာပူပူ၊ ရှိသူဟူ၍၊ ဆီးဖြူသျှိစ်သျှား၊ သဖန်းခါးကို၊ လိုအားကြီးစွာ၊ မသုံးရာခဲ့၊ ရသာပြင်းလှ၊ စားများကလျှင်၊ ခဏမကြာ၊ ရင်ဝမ်းမှာတုံ၊ နှုန်းသာဖတ်ဖတ်၊ ပန်းမောတတ်၏၊ ကောင်းမြတ်နက်လေး၊ ထန်းလျက်ထွေးလျက်၊ မရွေးကိုယ်လုပ်၊ နာရီဆုပ်နှင့်၊ မုန့်ဖုတ်ထမင်း၊ မပါလျှင်လည်း၊ ပူပြင်းခွေနုန်း၊ ဆာလှတုန်းတွင်၊ နတ်စုန်းတစ္ဆေ၊ ဖြစ်ပလေသို့၊ သဂေရဖုတ်စ၊ တစ်လုံးမျှကို၊ စားရပြီးနောက်၊ ရေမိုးသောက်၍၊ ထက်မြောက်အားခွန်၊ ကောင်းမွန်လျောက်ပတ်၊ ရှင်လန်းတတ်၏၊ ဝါဖတ်သည့်ခြင်း၊အိမ်ခန်းတွင်းသို့၊ သွတ်သွင်းလေမိ၊ လျော့ပါဘိလော့၊ သတ်မရ၊ ညဦးကာလ၌၊ ကြွကြွတက်လျှံ၊ လွန်ယားယံမှု၊ဦးဆံနပန်း၊ သန်းဥဆံကို၊ပြောင်းဆန်မဖျောက်၊ မွှေနှောက်ကြပ်ကြပ်၊ အထပ်ထပ်လျှင်၊ စေးစပ်လေမိ၊ လျှော့ပါဘိလော့၊ မှတ်သိမယှင်း၊ ခေါင်းဖြီးခြင်းဖြင့်၊ ထမင်းစားခါ၊ ဥတ္တရာသို့၊ မျက်နှာတူရှု၊ မမူအပ်ငြား၊ ကြဉ်ရှောင်ရှားလော့၊ မှတ်သားမမေ့၊ အိပ်စက်မွှေ့သော်၊ အရှေ့ပြုဗွာ၊ တောင်သို့သာလျှင်၊ မှန်စွာမမှား၊ ဦးခေါင်းထားလော့၊ကွမ်းစားခါဝယ်၊ ရင်းဖျားပယ်၍၊ အလတ်ကိုသာ၊ သုံးဆောင်ရာ၏၊ ခြင်းရာသဘော၊ ဘယ်ကြောင့်လောဟု၊ စုတ်စောဒနာ၊ သက်ာမကင်း၊မေးတုံလျှင်းမူ၊ အရင်းမူလ၊ အကိုင်းကလျှင်၊ ယက္ခစောင့်ငြား၊ အဖျားကမူ၊ ကာလကဏ္ဏိ၊ ခေါ်ညီသမုတ်၊ သူယုတ်စောင့်နေ၊ လယ်မဇ္ဈေ၌၊ ကုဝေ

ရနတ်၊ စင်မပြတ်လျှင်၊ ထိမ်းမှတ်စိုးစောင့်၊ ထိုကြောင့် ဥပဒေ၊ မသေ့စ်ထုံး၊ ဆိုတိုင်းသုံးမူ၊ အားလုံးနတ်လူ၊ ချစ်ကြည်ဖြူလျက်၊ ညွှန့်လူကျက် သရေ၊ တိုးတက်လေ၍၊ ထွေထွေပြားပြား ဆိုစကားကို၊ တိမ်းပါးမဖြည်၊ အာဃာတည်က၊ သက်ရှည်တန်ခိုး၊ မစိုးမရိမ်၊ ချမ်းသာငြိမ်လျက်၊ စည်းစိမ်ဥစ္စာ၊ ပွားများရာဟု၊ မှန်စွာလောက၊ ကျမ်းဥပြ၏၊ သုတဖြစ်၍၊ နည်းစုံစေ့အောင်၊ မျှော်မြော်သေချာ၊ သွန်သင်ပါသည်။ ရတနာ မျက်ရှု သားရွှေဥ။

၃၃။ သားရွှေဥ၊ မျက်ရှုကသိဏ်း၊ ဆင်ပန်းဆိုင်းကို၊ နေ့တိုင်းလည်ဝယ်၊ ဘယက်သွယ်သို့၊ မွေးမယ်မိခင်၊ ဘုကြီးရှင်တို့၊ အိမ်တွင်ပျော်မြူး၊ စေချင်ဘူးရှင့်၊ ကျေးဇူးမြင့်မြတ်၊ အတတ်ပညာသိလိမ္မာအောင်၊ ဆရာသို့ကပ်၊ နှံ့ထားအပ်သော်၊ ကြပ်ကြပ်မရှင်၊ မိခင်ကိုလွမ်း၊ ဘကိုတမ်းလျက်၊ ယောင်ယမ်းထွေထွေ၊ ညှိုးငယ်ခွေလျက်၊ စာပေမအံ၊ အကြံယွင်းကွက်၊ နှလုံးပျက်၍၊ စိတ်စက်မသာ၊ အိမ်သို့လာမှ၊ စာပေမမှတ်၊ အတတ်မသင်၊ လွန်လေးဖင်လျက်၊ မိခင်မွေးဖ၊ မဆုံးမသည်၊ ယုတ်စွမူနည်း၊ မတည်မတံ့၊ အညွှံ့ဖြစ်သား၊ သူငယ်များနှင့်၊ ကစားပေါင်းဖော်၊ ပျော်ကြီးပျော်၍၊ အာဘော်ရှန့်ကြမ်း၊ နှုတ်သရမ်းနှင့်၊ လူကျွမ်းမဝင်၊ တောမှာရှင်သည့်၊ သမင်အတိုင်း၊ ထိန့်အောင်ရိုင်း၍၊ မကိုင်းမညွတ်၊ ပေါက်လွှတ်တစောင်း၊ သူတော်ကောင်းကို၊ မပေါင်းချင်ဘိ၊ ပညာရှိကို၊ မသိဝေးစွာ၊ လူလိမ္မာကို၊ ရှဲခွာစွန့်ပစ်၊ အကျင့်ညစ်နှင့်၊ သောက်ရစ်သေရက်၊ သူ့အသက်ကို၊ ရက်ရက်မညှာ၊ သူ့ဥစ္စာကို၊ ကာကွယ်မရှု၊ ကာမေသုကို၊ ခုခုပြစ်မှား၊ ပျက်စကားဖြင့်၊ မုသားစွဲနှုတ်၊ ဥပုသ်မယူ၊ အလှူမပေး၊ ကုသိုလ်ရေးနှင့်၊ ကွာဝေးမယိုက်၊ ဒုစရိုက်ကို၊ ပျော်ပိုက်လေ့လာ၊ ယူမိစ္ဆာဖြင့်၊ တံငါမုဆိုး၊ ကျင့်ယုတ်မျိုးကို၊ ကောင်းနိုးကယ်ပင်၊ စိတ်ဝယ်ထင်၍။ ပါဝင်သဖြင့်၊ နည်းယူကျင့်လိမ့်၊ မသင့်မမြတ်၊ သို့ဖြစ်ဘတ်၍၊ လျော်က်ပတ်တင့်တယ်၊ ဆရာဝယ်၌၊ နိုးနွယ်မေးမြူ၊ ကောင်းနည်းယူလျက်၊ မပူမပင်၊ လန်းလန်းရှင်၍၊ သို့ဝင်အတတ်၊ သာလွန်မြတ်အောင်၊ စွဲမှတ်လေ့လာ၊ သင်ကြားရာသည်။ ရတနာ၊ မျက်ရှု သားရွှေဥ။



## သားရွှေခဲ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

သားရွှေခဲ ဆုံးမစာမှာ သားရွှေဥ ဆုံးမစာ၏ နောက်မှ လိုက်သော ဆုံးမစာပင် ဖြစ်ပေသည်။ အဆုံးချုတွင် "ရွှေစင်ပုလဲ သားရွှေခဲ"ဟု အဆုံးချပြီး "သားရွှေခဲ"နှင့်အစချီပေသည်။ ဤသည်မှာ သားရွှေဥ ဆုံးမစာကို ရှေ့သွားပြု၍ တစ်နည်းတစ်ဖုံ ဥာဏ်ကွန့်ခြင်းဖြစ်ကြောင်း သိသာပေသည်။ မိဘက သားသမီးကို ဆုံးမဟန်မျိုးဖြင့်သာပင် ရေးဖွဲ့ထားပေသည်။

သားရွှေခဲ ဆုံးမစာပါ ဆုံးမချက်မှာလည်း လေးနက်၍ ထိရောက်ပေသည်။ အဖွဲ့အနွဲ့အနေဖြင့်ကား သားရွှေဥဆုံးမစာကို မမီပေ။ ပုဒ်ရေ ၁၃ ပိုဒ်မျှသာရှိ၍ မြင်းဇက်ခွကာရန်၊ ထိပ်ချင်းချွတ်၊ ထိပ်ချင်းခတ် ကာရန်များ ပါရှိနေပေသည်။

ထိုဆုံးမစာကို ရေးသားသူမှာ အမရပူရမြို့၊ နဂါးရုံကျောင်း ကိုရင်ကြီးဖြစ်သည်ဟု သိမှတ်ရပေသည်။ ထိုကိုရင်ကြီး၏ အခြားစာစုများကို မတွေ့ရပေ။ သားရွှေခဲ ဆုံးမစာမှာ ပုဂံမင်းလက်ထက်ရေး ဖြစ်မည်ဟု ခန့်မှန်းရပေသည်။



# ၁၇။ သားရွှေခဲဆုံးမစာ

## နဂါးရုံကျောင်း ကိုရင်ကြီး

၁။ မွေးဖ မိခင်၊ ဆွတ်ဆွတ် တင်၍၊ လည်ဇာင် ဆွဲရစ်၊ မကွာ ချစ်သည်။ ရင်နှစ်ပုလဲ သားရွှေခဲ။

၂။ သားရွှေခဲ၊ ရဲရဲလျှံတောက်၊ ရွှေပင်ပေါက်သို့၊ တစ်ယောက် ဟူရ၊ ဖြစ်လာကလျှင်၊ မောင့်ဘငါမိ၊ စိတ်ညှိတိုင်ပင်၊ သားရွှေ စင်ကို၊ ဂုဏ်အောင်ကျေးဇူး၊ သူတစ်ထူးထက်၊ တောင်ဦးမြင်းမိုရ်၊ ဖြစ်စေလို၍၊ အပျိုအရွယ်၊ သင့်ရုံရွယ်က၊ မွေးမယ်လက်တည်း၊ ခမည်းလက်ငင်၊ ဆွတ်ဆွတ်ကြင်၍၊ ဗေဒင်လေးထပ်၊ ပိဋကတ် သုံးပုံ၊ အလုံးစုံကို၊ အာဂုံဆောင်ရွက်၊ လွန်လေ့ကျက်သား၊ ထက်မြက်ပညာ၊ မြတ်ဆရာဝယ်၊ ကောင်းစွာကြပ်ကြပ်၊ မယ်မင်း အပ်သည်။ ။သေသပ်အမြဲ၊ သားရွှေခဲ။

၃။ သားရွှေခဲ၊ တဝဲလလ၊ မိကိုတ၍၊ သားလှရွှေကြာ၊ မနေ ပါနှင့်၊ ဆရာကျောင်းထံ၊ ဆုံးမခံ၍၊ ကျိုးနွံဝပ်တွား၊ ရှိငါး ပါးနှင့်၊ သွားလည်းသာယာ၊ လာလည်းဖြည်းဖြည်း၊ ရေတင် လှည်းသို့၊ ခမည်းမောင်းမင်း၊ နှလုံးသွင်းလော့၊ မပျင်းထံကြွ၊ ဝီရိယဖြင့်၊ နေ့ညနံနက်၊ ခတ်တံမြက်နှင့်၊ သန့်သက်ရေမိုး၊ သုံးအိုးညရေ၊ ထင်းခွေမီးယူ၊ ဒန်ပူကစ်ချောင်း၊ တကောင်း နှစ်ခု၊ လုံ့လပြုလော့၊ လေးခုသရက်၊ လေးချက်ကြွက်နှင့်၊ လေး ချက်အိုးမျိုး၊ ဤဆိုရိုးလည်း၊ မောင်မျိုးဝမ်းတွင်း၊ နှလုံး သွင်းလော့၊ ကောင်းခြင်းစုံအင်၊ ဖြစ်ခစေချင်သည်။ ။ရွှေစင် ပုလဲ၊ သားရွှေခဲ။

၄။ သားရွှေခဲ၊ ပန်းဘဲညှပ်တူ၊ ပမာယူလျက်၊ အပူအချမ်း၊အကြမ်း အနု၊ မောင်းမင်းပြုလော့၊ တန္တုပုံကို၊ မိခင်ဆိုအံ့၊ နဂိုရ်သခင်၊ ရွှေအိမ်ရှင်ကို၊ ဝန်းကျင်လူများ၊ လွန်ခန့်ညားသို့၊ ဝပ်တွား ကျိုးနွံ၊ လွန်ကြောက်ရွံလော့၊ ခြေရံဆွေမျိုး၊ စည်းစိမ်ကိုး၍၊ မလျိုးမပျပ်၊ မပြုကပ်တည့်၊ ထောင့်ကပ်ဖားရား၊ သွားလည်း နောက်ပါ၊ လာလည်းကြိုဆို၊ ဆိုလည်းကွက္ကု၊ မျက်နှာချ၍၊ မင်းခအသွင်၊ ဖြစ်စေချင်သည်။ ။ရွှေစင်ပုလဲ သားရွှေခဲ။

၅။ သားရွှေခဲ၊ သားရဲထူထပ်၊ ချောက်မြောင်ကျပ်ဝယ်၊ လျှပ်လျှပ် ပေါ်ပေါ်၊ လော်လော်လီလီ၊ မျောက်မယည်သို့၊နေတည်မကျ၊ တကြွကြွနှင့်၊ သားလှကျောင်းမှာ၊ မပြုပါနှင့်၊ သမ္မာအယူ၊ သဒ္ဓါဖြူလျက်၊ ကန့်ကူဖြေမြန်း၊ ကညစ်တုံးမျှ၊ ကုန်းကုန်း ကုတ်ကုတ်၊ ကြွီးအားထုတ်ပါ၊ ဆရာ့ထံ၌၊ ပုရပိုက်ထန်းရွက်၊ တစ်ချက်ချက်နှင့်၊ ရေးကျက်သင်အံ၊ ကြံလည်းကြံလော့၊ခြိုးခြံ သဖြင့်၊ သမ္ဘာရင့်၍၊ သူနှင့်အတူ၊ လူနှင့်အမျှ၊ စာပေကျ၍၊ပုဗ္ဗ ပရ၊ သိပါမှလျှင်၊ မိဘ ဘိုးဘွား၊ ငါတို့အားလည်း၊ တရား ကျမ်းဝယ်၊ အသွယ်သွယ်ကို၊ အကျယ်ယူငင်၊ ဟောစေချင် သည်။ ။ရွှေစင်ပုလဲ သားရွှေခဲ။

၆။ သားရွှေခဲ၊ ရဲရဲဝံ့ဝံ့၊ ဆိုခွင့်ဆိုရာ၊ စကားမှာလည်း၊ သကာ အလား၊ ပျားသို့လည်းချို၊ ချစ်ဖွယ်ဆိုလော့၊ ပုဂ္ဂိုလ်သံဃာ၊ အရိယာအား၊ စကားနှင့်နှင့်၊ မဆိုသင့်ဘူး၊ ဆူးနှင့်ဖက်သွင်၊ လူနှင့်ရှင်ကား၊ ဆူးတွင်ဖက်ကျ၊ ဆူးကျဖက်ပေါက်၊ အပြစ် ရောက်၏၊ ပဲနောက်ဟင်းလား၊ စကားများလည်း၊ လူကြွား လူပေါ်၊ လူသရော်ဟု၊ သူတော်အများ၊မသနားတည့်၊ မြားသို့ ဖြောင့်ဖြောင့်၊ စောင့်နှုယ်ညီညွတ်၊ ပွတ်နှင့်ချောစွာ၊ ချိန်ခွင် လျှာသို့၊ ပမာပုံလျှင်၊ ဖြစ်စေချင်သည်။ ။ ရွှေစင်ပုလဲ သားရွှေခဲ။

၇။ သားရွှေခဲ၊ စွန့်ကြဲစိုက်ပျိုး၊ ရွှေးကောင်းကျိုးကြောင့်၊ မညိုး မလျှ၊ ဣဘဝဝယ်၊ လောကဥစ္စာ၊ ရှိတုံပါလည်း၊ ပညာ

စက်လျှင်၊ အမြင်အမြော်၊ နည်းချေသော်ကား၊ ဖော်ဖော်ရွှေရွှေ၊ သူ့ရှေ့နေ၍၊ သက်သေပုံခိုင်၊ မသိနိုင်တည့်၊ ဆွယ်ပြိုင်တကွ၊ ဆိုသမျှလည်း၊ အ,သည့်သူသွင်၊ မျက်မမြင်သို့၊ ဆိုချင်မအား၊ ဆိုတိုင်းမှား၏၊ မျှားသည်ပညာ၊ သူတို့မှာကား၊ အခါကာလ၊ ဒေသသင့်၍၊ ဆိုခွင့်တွေ့က၊ ခြသေ့ံသဖွယ်၊ ပြုံးရယ်ကားရွေး၊ မိန့်ရေးနောက်ဆုတ်၊ ဆိုတိုင်းဟုတ်လျက်၊ မရှုတ်မချ၊ ချီးမွမ်းရ၏၊ သားလှရွှေလျှော်၊ မယ်တော်ကသိုဏ်း၊ မိဆိုတိုင်းကို၊ ထုံးပိုင်းမယွင်း၊ နှလုံးသွင်း၍၊ ကောင်းခြင်းစုံအင်၊ ဖြစ်စေချင်သည်။ ။ရွှေစင်ပုလဲ သားရွှေခဲ။

၈။ သားရွှေခဲ၊ မိုက်မဲယုတ်မာ၊ လူမိစ္ဆာတို့၊ ဥစ္စာစပါး၊ ရှိပါငြားလည်း၊ ထွေပြားမှုရာ၊ ဖြစ်လတ်ခါသော်၊ မှုးမော်တွေ့ခတွ၊ ဗျာပါဝေလျက်၊ မနေမသာ၊ ညှိုးမျက်နှာနှင့်၊ ပညာရှိပါး၊ ဆည်းကပ်သွား၍၊ စကားတိုးတိုး၊ ဥစ္စာထိုး၍၊ ရှိခိုးပန်ထွာ၊ ခစားရာ၏၊ ပညာရှိမူ၊ ခြသေ့ံတူလျှင်၊ မယူကြေးငွေ၊ သူ့ရှေ့နေ၍၊ ပြေပြေပြစ်ပြစ်၊ အဆစ်ဆစ်ကို၊ အမြစ်တူးဖြို၊ သူ့ဖို့ဆို၏၊ ဤသို့နည်းယူ၊ မကျင့်သူသည်၊ သုံးဆူပိဋကတ်၊ လေးထပ်ဗေဒင်၊ တတ်အောင်သင်၍၊ ဒုရင်ထပ်ခေါင်၊ မှုန် ကင်း ထောင် သို့၊ ပြောင်ပြောင်ညီးညီး၊ ညာဏ်ဆိမီးဖြင့်၊ အကြီး အငယ်၊ အရွယ်အလတ်၊၊ ယုတ်မြတ်ထွေပြား၊ မျိုးလေးပါး၏၊ ထရားသဘင်၊ ဖြစ်စေချင်သည်။ ရွှေစင်ပုလဲ သားရွှေခဲ။

၉။ သားရွှေခဲ၊ မဲမဲမောင်းမောင်း၊ မျက်တော်ချောင်း၍၊ ထန်းစောင်းလျော်သား၊ တံမြက်ဝါးနှင့်၊ လက်ဖျားကိုင်ယူ၊ ရိုက်တော်မူလည်း၊ ဆံဖြူခြမ်းမျှ၊ စိတ်မခနှင့်၊ မိဘဆရာ၊ မေတ္တာမပြား၊ ဤသုံးပါးကား၊ မုန်းထားပေါ်ဖြူ၊ ချစ်မှုအထဲ၊ ရှိလေမြဲဟု၊ ပုံစွဲယူလေ၊ စိတ်ကိုဖြေလော့၊ တစ်ထွေပုံနှော၊ မယ်မင်းမြောအုံ၊ ကြောကြောရင်သွေး၊ ငါတို့မွေးသည်၊ ခွေးငယ်ကမူ၊ လှန်ကန်ယူ၍၊ ကလူနှိပ်စက်၊ ရိုက်ပုတ်လျက်တည့်၊ တက်တက်ခေါ်ထ၊ ထိုခဏ၌၊ မြီးပွလှုပ်လှုပ်၊ နားရွက်ကုပ်၍၊ စုတ်စုတ်ချဉ်းလေ၊ စိတ်ကိုဖြေဖို့၊ ပုံသေ့ခွေးသွင်၊ ဖြစ်စေချင်သည်။ ။ရွှေစင်ပုလဲ သားရွှေခဲ။

၁၀။ သားရွှေခဲ၊ နက်နဲဥစ္စာ၊ ပြဿနာကို၊ ပညာကဝိ၊ ဖြေနိုင်ဘိသည်၊ ပဏ္ဍိတ္တွင်ခေါ်၊ ဆရာကျော်၏၊ ထံတော်ခယ၊ ရှိတုပ်ကွလျက်၊ ပါဒစက်အောက်၊ ရှေ့တော်မှောက်ဝယ်၊ စောင့်ရှောက်လုပ်ကျွေး၊ တကွေးကွေးလျှင်၊ အဝေးမကြာ၊ သင်ဖြူးဖျာနှင့်၊ အိပ်ရာခေါင်းအုံး၊ စွဲသုံးသောက်ရေ၊ အထွေထွေကို၊ သက်ဝေသားလှ၊ မဆိုရအောင်၊ သတိဆောင်၍၊ ပွဲလောင်ကာလ၊ ဂိမ္ဟန္တလျှင်၊ ကာလဗီဇ၊ လေညင်းခံလော့၊ တစ်ဖန်ဟေမ၊ ဆောင်းလကလျှင်၊ ဆောင်းလချမ်းအေး၊ မြောက်လေသွေးလည်း၊ အဝေးမကွာ၊ ထံတော်မှာလျှင်၊ သဒ္ဓါကြည်နူး၊ မီးမယ်ဖြူးနှင့်၊ သားဦးမောင်ပု၊ နေ့တိုင်းပြုလော့၊ ဗဟုကိစ္စ၊ ရှိသမျှကို၊ ထံကြွသိမ်းမြန်း၊ သက်နှန်းခေါက်လိပ်၊ သပိတ်သိမ်းယူ၊ ရေပူရေအေး၊ လုပ်ကျွေးမပျင်း၊ နှလုံးသွင်းလော့၊ ကောင်းခြင်းစုံလင်၊ ဖြစ်စေချင်သည်။ ။ရွှေစင်ပုလဲ သားရွှေခဲ။

၁၁။ သားရွှေခဲ၊ ခပဲများစွာ၊ လူမိတ္တာတို့၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ပတ္တမြားသန္တာ၊ နီလာဇောတ၊ ဝေဘူလတွင်၊ ကျောက်မြထင်ရှား၊ ဥစ္စာများလည်း၊ တစ်ပါးဘဝ၊ အနိစ္စဖြင့်၊ ပြောင်းကြွသေခါ၊ မပါကိုယ်ထီး၊ ချည်းနှီးသက်သက်၊ ကျိုးစက်မထင်၊ ရှိသည်ပင်တည်း၊ ရွှေစင်သားလှ၊ သုံးလူ့ဘ၏၊ ဓမ္မကျမ်းလာ၊ အဖြာဖြာကို၊ သဒ္ဓါချီးမြှင့်၊ ယခုကျင့်မှ၊ နောက်ဆင့်နောင်တော်၊ ရွှေနှုတ်တော်က၊ သုံးဖော်လူ့ဘ၊ မိန့်ချေကလျှင်၊ သားလှရွှေစင်၊ နိဗ္ဗာန်မြင်၍၊ မသင်မကြား၊ သဘောအားဖြင့်၊ တရားသုံးပုံ၊ တတ်လေကုန်သော်၊ ကြိုက်ကြုံပါလို၊ ငါတို့ကိုလည်း၊ မဂ်ဖိုလ်တရား၊ မောင်ဟောကြား၍၊ တရားမဂ္ဂင်၊ ရပါချင်သည်။ ရွှေစင်ပုလဲ သားရွှေခဲ။

၁၂။ သားရွှေခဲ၊ မိဇာသုံးလူ့၊ သဗ္ဗညုသည်၊ လေးခုသစ္စာ၊ သမ္ဘောဓိနှင့်၊ အသာဓာရဏ၊ ဓမ္မခြောက်ခန်း၊ ဗောဓိနန်းဝယ်၊ ရွှန်းရွှန်းရှိန်စော်၊ ပွင့်ခါသော်လည်း၊ မယ်တော်မျက်ရှု၊ ဤယခုက၊ သူ့ဖို့ကျိုးလို၊ ကိုယ်ဖို့ပြုစု၊ ဤကောင်းမှုကြောင့်၊ သုံးလူ့သခင်၊ ဉာဏ်တော်မြင်၍၊ လုလင်လာလှည့်၊ ငါတပည့်ဟု၊ ရွှေမြည့်နှိုင်းလျော်၊ ရွှေနှုတ်တော်က၊ သုံးဖော်လူ့ဘ၊ မိန့်လေကလျှင်၊

သွားလှရွှေစင်၊ နိမ္မာန်မြင်၍၊ မသင်မကြွား၊ ပညာအားဖြင့်၊ တရားသုံးပုံ၊တတ်လေကုန်သော်၊ကြုံကြိုက်ပါလို၊ ငါတို့ကိုလည်း၊ မဂ်ဖိုလ်တရား၊ မောင်ဟောကြား၍၊ တရားမဂ္ဂင်၊ ရပါချင်သည်။ ။ရွှေစင်ပုလ္လဲ သွားရွှေခဲ။

၁၃။ သာယာအေးချို၊ ကဗျာဆို၍၊ နွားလိုနွားဝယ်၊ဆင်သဖွယ်လျှင်၊ ဝင်လွယ်စေကြောင်း၊ ဆရာကောင်းတို့၊ သံပျောင်းမာဘာ၊ ပမာဆိုရန်၊ မိဿိုဟန်ကို၊ လျော်ကန်သဖြင့်၊ နွားနှင့်သင့်အောင်၊ ယူဆောင်ဓိပ္ပာယ်၊ အသွယ်သွယ်ဖြင့်၊ လူငယ်နောက်သား၊ သင်ကြားကျင့်ရာ၊ ဤစာပုလဲ၊ သွားရွှေခဲခေါ်၊ ကဗျာသော်ကား၊ သင့်လျော်ရုံသာ၊ ရေးရာရှိတိုင်း၊ တုမနိုင်းသည်။ ။ရှိတိုင်းဤတွင် ပြီး၏တည်း။





## သားရွှေတောင် ဆုံးမစာ

## သိမှတ်ဖွယ်ရာ

သားရွှေတောင် ဆုံးမစာမှာလည်း သားရွှေဥဆုံးမစာ နောက်ကိုလိုက်သော စာအတိုအထွာမျှ ဖြစ်ပေသည်။ ''သက်နှံ့ ရွှေတောင်၊ အမယ့်မောင်''ဟု အဆုံးချ၍ ''သားရွှေတောင်ဟု'' အစချီထားပေသည်။ ပုဒ်ရေ (၈) ပိုဒ်မျှသာ ရှိပေသည်။

သားရွှေတောင် ဆုံးမစာကိုရေးသူမှာ ရတနာဘုံစံကျောင်း နေ့ဆွမ်းချက်ကိုရင်ကြီးဖြစ်သည်ဟု သိရပေသည်။ သားရွှေခဲ ဆုံးမစာကိုရေးသော နဂါးရုံကျောင်းတိုက် ဆွမ်းချက်ကိုရင်ကြီးနှင့် တစ်ချိန်တည်းပေါ်ပေါက်၍ စာဆိုဖက် ဖြစ်ပေသည်။ ရတနာဘုံစံကျောင်း ကိုရင်ကြီး၏ အခြားစာပေများကို မတွေ့ရပေ။ ပုဂံမင်းလက်ထက်တွင် စာဆိုခဲ့ကြောင်းမျှသာ သိမှတ်ရပေသည်။

သားရွှေတောင် ဆုံးမစာတွင် ''ဝင်းထဲယုံ့ယုံ့၊ ယုန်လျှောင်ကျုံ့သို့၊ ဆိုတုံ့မစုံ့၊ စောင်းမာန်ညှို့လျက်၊ ကြောက်ရွံ့ရှိသေ'' စသော ရှေးစာဟောင်းများကိုနှုတ်လွှတ်ရရာ ထည့်သွင်းစပ်ဆိုထားသည်ကို တွေ့ရပြီး ဥပမာ သုံးပုံတို့သည်လည်း အခြားဆုံးမစာများတွင် ညွှန်းပြပြီးသည်များသာ ဖြစ်နေပေသည်။ အခြားဆုံးမစာများကိုတုပ၍ ရေးနေသည်ဖြစ်စေကာမူ ကဗျာ အလေ့အလာ ပြုကြသည်မှာ ဝမ်းမြောက်စရာပင် ဖြစ်ပေသည်။



# ၁၈။ သားရွှေတောင် ဆုံးမစာ

## ရဘနာဘုံစံကျောင်း ကိုရင်ကြီး

၁။ သားရွှေတောင်၊ မောင်ငယ်ပုခင်၊ မယ့်ဆံကျင်သည်၊ အိမ်တွင်
မနေ၊ သွားပါလေ့ဟု၊ သံချေစကား၊ ကြံချိုပျားသို့၊ မိအား
ဆုံးမ၊ အတတ်ရအောင်၊ ကျောင်းဆောင်ဗိမာန်၊ ဇေတဝန်သို့၊
သက်နှံ့လူကြော့၊ သွားပါတော့ဟု၊ ပျော့ပျော့ တောင်းပန်၊
သားရွှေရံကို၊လျင်ထန်မိမင်း၊ ဆီနံ့နှင်းနှင့်၊ ထုံသင်းမွှေးပေါင်း၊
လိမ်းပြီးလှောင်း၍၊ နားတောင်း လက်ကောက်၊ ခြူးပြောက်
အင်္ကျီ၊ ဖဲနီဖဲဝါ၊ ခါသာသက္ကလတ်၊ ကိုယ်လုံးဝတ်၍၊ လက်စွပ်
ခြေကျင်း၊ ကြော့ကြော့ရှင်းနှင့်၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍
ရွှေစင်သက်နှံ့၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ငှာဟု၊
ဆ ရာ မြတ် ထံ၊ အပ် ထား နှံ့ သည်။ ။ သက်နှံ့ရွှေတောင်
အမယ့်မောင်။

၂။ သားရွှေတောင်၊ မောင်ငယ်သလေး၊အကြံကွေးသည်၊ တွေးတွေး
ဆဆ၊ မကြောင့်ကြနှင့်၊ မိဘ ဆရာ၊ စောင်မပါအံ့၊ ပညာ
ဉာဏ်ရောင်၊ ထွန်းပြောင် ကျက်သရေ၊ တတ်မျိုးထွေကို၊ စုံစေ
ကြိုးစား၊ ဆရာ့ပါးဝယ်၊ ရွှေသားသက်ဝေ၊ မယ့်ဖအေလျှင်၊
သင်ဖေချင်လှ၊ မောင်ဘတသီး၊ ငါလည်းတသွယ်၊ ဘုရားငယ်
ဘုရားကြီး၊ ဝရီးတူကွ၊ ရှင်ပျလူစုံ၊ လှကြေးမုံကို၊ အကုန်ကြွင်းမဲ့၊
သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာက၊ တေဇာဝိဝေ၊ ဇာတ်ပေါင်းတွေနှင့်၊
နိုင်းဖွေလိမ္မာ၊ သဒ္ဒါရှစ်စောင်၊ အကုန်ဆောင်၍၊ လင်းပြောင်

ရွှန်းရွှန်း၊ တက်နေထွန်းသို့၊ ကျမ်းဘိဓမ္မာ၊ ခုနစ်ဖြာကို၊ ရွတ်ကာသွင်သွင်၊ တတ်စေချင်၏၊ ငါးအင်ဝိနည်း၊ လွန်သိမ်းဆည်းမှု၊ ခမည်းမောင်မင်း၊ နှလုံးသွင်း၍၊ ဝမ်းတွင်းပြင်းစွာ၊ မှတ်စိမ့်ငှာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်။ ။သက်နှံရွှေတောင် အမယ့်မောင်။

၃။ သားငွေဘောင်၊ မောင်မယ်မျက်ပွင့်၊ ခါချိန်သင့်ကို၊ မောင်မင့်ဆရာ၊ ကျောင်းတော်သာက၊ မျှော်ကာသည်းကြည့်၊ ငါ့တပည့်ဟု၊ ရွှေမှည့်သိင်္ဂါ၊ ကျမ်းပေစာကို၊ အသာလှည်းဖွင့်၊ ငံ့ပေလင့်အံ့၊ မမြင့်မကြာ၊ အိမ်မှာမနေ၊ ကျောင်းမှာနေဟု၊ ခုမှလာသွားပါ၊ ဆိုတော့ခါလည်း၊ မာတာမိခင်၊ ကျေးဇူးရှင်လည်း၊ ထိပ်တွင်ရွှေကြာ၊ ပန်းပမာသို့၊ တင်ကာဝပ်တွား၊ မြတ်ထံပါးသို့၊ မခြားခုပင်၊ သွားစေချင်၍၊ ရွှေစင်သက်ပေး၊ မကြာနှေးနှင့်၊ လူရေးလူရာ၊ ရှိပါမည့်ကြောင်း၊ မိခင်မောင်း၍၊ သားကောင်းရွှေလှော်၊ မိမျက်ဖျော်ကို၊ ကျောင်းတော်ဗိမာန်၊ ဇေတဝန်သို့၊ မြတ်မွန်အထံ၊ အပ်ထားနှံသည်။ ။သက်နှံရွှေတောင် အမယ့်မောင်။

၄။ သားရွှေတောင်၊ မောင်ငယ်လူပျို၊ မယ့်ပန်းညိုသည်၊ အိမ်ကိုမမင်၊ မပျော်ရွှင်နှင့်၊ မိခင်မေတ္တာ၊ ဆုံးမပါလျက်၊ မခံရွှက်သော်၊ လူပြက်လူချော်၊ လူသရော်နှင့်၊ ပေါင်းဖော်ယှဉ်ကပ်၊ ပျက်ချေတတ်၏၊ သားမြတ်ရွှေငုံ၊ ပမာပုံကို၊ ယူတုံယှဉ်သော၊ မယ်မင်းပြောအံ့၊ မစ္ဆာပုပ်ဟောင်၊ ဝါးသေကောင်ကို၊ ပညောင်ရွက်မှာ၊ ထုပ်ပိုးပါလည်း၊ ငါးသာမပုပ်၊ ညောင်ရွက်အုပ်မှာ၊ ပုပ်လေသည်သာ၊ ဥပမာသို့၊ ရွှေဝါသက်ပေး၊ မယ့်ရင်သွေးလည်း၊ ဝေးဝေးလျင်စွာ၊ လူသုံးဖြာကို၊ ကောင်းစွာကြဉ်ဖဲ၊ အယူစွဲ၍၊ ဝမ်းထဲယုံယုံ၊ ယုန်လျင်ကျုံ့သို့၊ ဆိတုံ့မဝံ့၊ စောင်းမာန်ညှံ့လျက်၊ ကြောက်ရွံ့ရှိသေ၊ မိမအေကို၊ ရှိသေခညွတ်၊ ဟုတ်ပေတတ်၏၊ သက်မှတ်ပလေ၊ မအေမိခင်၊ သွန်သင်လိမ္မာတတ်ကြောင်းရှာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်။ ။သက်နှံရွှေတောင် အမယ့်မောင်။

၅။ သားရွှေတောင်၊ မောင်ငယ်ရွှဲလုံး၊ မယ်ဆံထုံးမှာ၊ ပန်းကုံးပမာ၊
မယ်ဆင်ပါလျက်၊ ကောင်း ရာ မြော် မြင်၊ ကောင်းစေချင်၍၊
ကောင်းတင်စေခြား၊ ထံပါးဆရာ၊ နေသောခါဝယ်၊ ရွှေသာ
လျှံဝင်း၊ ပုံမယွင်းသို့၊ မောင်မင်းလူနို၊ သားမျက်ရှုအား၊ တန္တုံ
ပုံကို၊ အမယ်ဆိုအံ့၊ အပျိုအရွယ်၊ ကြီးငယ်မဟူ၊ ကောင်းပါ
မူကား၊ ကြည်ဖြူခန့်ညား၊ လျှိုးဝပ်တွား၍၊ ရွှေသားဝမ်းတွင်း၊
နှလုံးသွင်းလော့၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ၊
သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ငှာဟု၊ ဆရာမြတ်ထံ၊
အပ်ထားနှံသည်။ ။သက်နှံရွှေတောင် အမယ့်မောင်။

၆။ သားရွှေတောင်၊ မောင်ငယ်ပန်းဖူး၊ ရွှေလိုဦး၍၊ ပျှံပျူးသာယာ၊
ငယ်သေးစွာက၊ တတ်ပါစေချင်၊ မြင်ပါစေလို၊ ဆိုတိုင်းယှဉ်၍၊
ကြံသင်ရေးရာ၊ အဖြာဖြာကို၊ ဆရာမြတ်ထံ၊ ဆုံးမခံ၍၊ သက်နှံ
ထုံသင်း၊ သားမောင်မင်းကို၊ မယ်မင်းသွန်သင်၊ ဘယက်သွင်သို့၊
အိမ်တွင်မထား၊ မပျော်ပါးနှင့်၊ လူလားမြောက်ခါ၊ မနေပါ
တည့်၊ သင်သာခိုက်တွင်၊ အရိုက်အပုတ်၊ အတုတ်အငနှောင်၊ ကျောင်း
ရွှေဆောင်သို့၊ မယ့်မောင်ကြိုးစား၊ နှလုံးထားလော့၊ ထွတ်ဖျား
ဆရာ၊ ပညာသင်ကြောင်း၊ ရိုက်ပုတ်မောင်းရှု၊ ရွှေကျောင်းတော်
မှာ၊ သည်ဆရာ၏၊ ပညာအသိ၊ ဖြစ်ဘိစေချင်၊ ဖမိခင်နှင့်၊ ထူပင်အပ်
နှံ၊ သားရွှေရုံကို၊ သင်အံမည်ကြောင်း၊ တဖျောင်းဖျူဖျူ၊ ဆိုမြွက်ဟ
သည်၊ ကြကြလှမ်းပါ၊ ချစ်လှစွာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံ
သည်။ ။သက်နှံရွှေတောင် အမယ့်မောင်။

၇။ သားရွှေတောင်၊ မောင်ငယ်နုနယ်၊ ပုလဲသွယ်သို့၊ အမယ်မွေးမိ၊
ကတ်သိစေလို၊ ပြည့်နှန်ဆိုအံ့၊ လူလိုသင်ထား၊ ငှက်ကျေးသားမှ၊
သင်ကြားနားမှာ၊ လူ့ဘာသာဖြင့်၊ ဗုဒ္ဓမိန့်မှာ၊ ဒွတ္တိံသာကို၊
ဝမ်းမှာပြည့်လျှမ်း၊ ရွတ်စီးဖြန်း၍၊ နေ့ချမ်းညလျှင်၊ တောင်လက်
သင်၍၊ မုခ်ဝင်ခေါင်စွန်း၊ လေသာနန်း၌၊ ဖြန့်သန်းလူးလား၊
နေသည့်ခါမှ၊ လဟာမိုးပြင်၊ ထက်ကောင်းကင်က၊ စွန်လျှင်
စုတ်ထွေ၊ ပါရသေသော်၊ သံချေညှဉ့်ညံ၊ ဘဝင်လျှံမျှ၊ ရွတ်အံ
လန်းလန်း၊ ကမ္မဋ္ဌာန်းကို၊ မပန်းမပင်၊ သူ့ဂုဏ်အင်ကြောင့်၊
နိစ္စဝတ၊ မရဏဖြင့်၊ ပြောင်းကြွနတ်ထံ၊ ကျေးသားစံသို့၊

သက်နှံ့လူပျို၊ သားပန်းညိုလည်း၊ လိုလိုရာရာ၊ တတ်ပညာကို၊ ဝမ်းမှာသွတ်ကြောင်း၊ အမယ်မောင်း၍၊ ရွှေကြောင်းဝိဟာ၊ တတ်ပညာကြောင့်၊မြတ်ဆရာထံ၊အပ်ထားနှံ့သည်။ ။သက်နှံ့ ရွှေတောင် အမယ့်မောင်။

၈။ သားရွှေတောင်၊ မောင်ငယ်ရင်သား၊ မိစကားကို၊ ရွှေနား ချိုချို၊ အမယ်ဆိုအံ့၊ ပုံကိုနားထောင်၊ ဤလူ့ဘောင်တွင်၊ မိုက်ခေါင်အတို၊ မိုက်လှသိသည်၊ ဒိဋ္ဌိယူမှား၊ မြွေသမားလည်း၊ သုံးပါးရတန၊ မြတ်ဓမ္မကို၊ နားမှမဝင်၊ ပိတ်သောသွင်သို့၊ မမြင်မျက်ကန်း၊ မောဟလွှမ်း၍၊ လူစွမ်းဘာသာ၊ အရွာရွာသို့၊ မြွေရှာသွားချင်၊တည်းလေငင်သော်၊ ရွာတွင်အများ၊ယောကျ်ား မိန်းမ၊ နေ့ညမကွာ၊ သရဏဂုံ၊ မြတ်သုံးစုံကို၊ ကြည်ယုံ ဆောက်စည်၊ မြည်ကြသည်ကို၊ နားလည်မဝင်၊မြွေသခင်လည်း၊ ပြီးချင်ဖွယ်သာ၊ တစာစာနှင့်၊ သည်ရွာတွင်ပင်၊ မနေချင်ဟု၊ မြွေလျှင်ဖမ်းမည်၊ သွားလေသည်ကို၊ တောလည်သို့ရောက်၊ ထူးတွင်းပေါက်၌၊ မြွေဟောက်နန်းဟန်၊ ပြီစွာဖန်၍၊ သဏ္ဌာန် မယွင်း၊ နဂါးမင်းကို၊ အလျှင်းမနေ၊ ဖမ်းရှာချေဟု၊ ပျက်ထွေ အမျက်၊ ချောင်းချောင်းထွက်မျှ၊လိုက်လေကလျှင်၊ကြောက်အင် ကြီးစွာ၊ သေအံ့ငှာဟု၊ ပြေးရှာပင်ပန်း၊ အစွမ်းဂုဏ်ကို၊ကိုယ်ပင် မယုံ၊ အသည်းတုန်မျှ၊ ထိုရွာကလျှင်၊ ကြားရစကား၊ သုံးပါး ရတနာ၊ မြတ်ဂါထာကို၊ ပြေးကာယောင်ယမ်း၊ အမှန်းမသိ၊ ရွတ်မိခါခါ၊ ဂုဏ်တေဇာကြောင့်၊ ကြားကာဝမ်းတွင်း၊ နဂါး မင်းလည်း၊ ချက်ချင်းယူလေ၊ မသင့်ချေဟု၊ ရိုသေမသတ်၊ အသက်လွှတ်၍၊ ကြည်ညွတ်လှတင့်၊ ပန်းနှစ်ပွင့်ကို၊ ချီးမြှင့် ပူဇော်၊ မြတ်ဂုဏ်တော်ကြောင့်၊ မိုက်ဖော်မဝင်၊ဖြစ်သောသွင်သို့၊ သဇင်ကြက်ရုံ၊ သားရွှေတုံးကို၊ မြတ်ဆုံးအချာ၊ ရတနာကို၊ ထိပ်မှာပန်းဟန်၊ ပန်ပါစေကြောင်း၊ အမယ်မောင်း၍၊ ရွှေ ကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထား နှံ့သည်။ ။သက်နှံ့ရွှေတောင် အမယ့်မောင်။



## သားရွှေကြို ဆုံးမစာ

# သိမှတ်ဖွယ်ရာ

သားရွှေဥ ဆုံးမစာကိုလိုက်သော ဆုံးမစာများအနက် သားရွှေကြိုဆုံးမစာလည်း ပါဝင်ပေသည်။ ကြိုသည် မွေးကြိုင်သောအနက် ရပေသည်။ မွေးရနံ့လှိုင်ယုံသော သားရွှေသွေးဟု ကဗျာသဘောတင်စားဆိုခြင်းဖြစ်ပေသည်။ အချို့က ကျိုရိုး၊ ကျိုပင်အနက်ဖြင့် သွယ်လျသော သားရွှေသွေးဟု ယူဆလျက် သားရွှေကျိုဟု ရေးကြသည်လည်း ရှိသည်။

သားရွှေကြိုဆုံးမစာတွင်၊'မိခင်သည်းအို၊ သားရွှေကြို''ဟုအဆုံးချပြီး ''သားရွှေကြို''ကိုပင်အစပြန်ချီထားပေသည်။ သားရွှေဥ ဆုံးမစာ၏ ချီဟန်ချဟန်များအတိုင်း တုပထားခြင်း ဖြစ်ပေသည်။ သို့ရာတွင်သားရွှေဥဆုံးမစာမှတစ်ပါး အခြားအတုလိုက်ဆုံးမစာများမှာဖြစ်သည်ဆိုရုံမျှရေးသားကြပြီးအဓိပ္ပါယ်ရေလည်၊ အလွန်ပင်နည်းပါးလှပေသည်။ သားရွှေကြို ဆုံးမစာသည် အဓိပ္ပါယ်ပြည့်စုံ ဖြိုဒ်မျှသာ ပါဝင်ပေသည်။ မည်သို့ပင်ဖြစ်စေ၊ ထို စာပေဝါသနာရှင်များ၏ ကဗျာဥာဏ်ကား အဆင့်အတန်း ရှိသင့်သလောက်ရှိသည်သာ ဖြစ်ပေသည်။

သားရွှေကြို ဆုံးမစာကို ရေးသားသောပုဂ္ဂိုလ်မှာ အလုံမြို့အထက်တိုက်၊ မြို့တိန်ရွာဇာတိဖြစ်၍ အမရပူရမြို့၊ မန်ကျည်းတော်ကျောင်းတိုက်တွင် ကျောင်းစာရေးအဖြစ် ဆောင်ရွက်နေခဲ့သူ ဖြစ်ပေသည်။ သားရွှေကြို ဆုံးမစာသည် အခြား သားရွှေခဲဆုံးမစာ၊ သားရွှေရတာင်ဆုံးမစာများနှင့် တစ်ခေတ်တည်း အုံပြိုင် ပေါ်ပေါက်ခဲ့ဖွယ် ရှိပေသည်။



# ၁၈။ သားရွှေကြို့ ဆုံးမစာ

## ကျောင်းစာရေး မောင်စံထိန်

၁။ သားရွှေကြို့၊ ကလူကလိ၊ မယ့်လည်ဆွဲသည်၊ ပုလဲအသွင်၊ သား
သခင်ကို၊ မိခင်မယ်လျှ၊ ဆို ဆုံးမအံ့၊ သားလှ ရွှေတောင်၊
နားဘော် ထောင်လေ့၊မောင်ငယ်သားထွေး၊ငယ်ကွေးလေးက၊
လူရေးလူရာ၊ အဖြာဖြာကို၊ ဆရာကောင်းတွင်၊ ချစ်သား
သင်လော့၊ ပျော်ရှင် မြူးတူး၊ သောက်စားကြူး၍၊ အမူး
အမော်၊ အချော် အလေ၊ ဖော်ရွေ သောင်းပြောင်း၊ လူမ
ကောင်းနှင့်၊ ယှဉ်ပေါင်းသောအား၊ မယ့်ချစ်သားကို၊ အများ
လူဗိုလ်၊ ပြစ်ဆိုရှုတ်ချ၊ကဲ့ရဲ့ကြလိမ့်၊ ငယ်ကပညာ၊ တဘ်မြောက်
စွာ၍၊ဆရာ့ထံပါး၊ဆည်းကပ်ငြားမူ၊ သနားချစ်ခင်၊ ကျွမ်းဝင်
ကြလို၊ ချီးမွမ်းဆိုလျက်၊ မြင်းမိုရ်သဖွယ်၊ ကျေးဇူးကြွယ်လိမ့်၊
သက်လှယ်မွေ့တောင်၊ အမယ့်မောင်လည်း၊ ဆင်းရောင်ပျိုမျစ်၊
ငယ်ရွယ်နှစ်က၊ ကျစ်လျစ် သောချာ၊ တတ်ပညာကို၊ ဆရာ
ကောင်းတွင်၊သင်စေချင်သည်။ ။မိခင်သည်းအူသားရွှေကြို့။

၂။ သားရွှေကြို့၊ ဗိုလ်လူအများ၊ မျိုးဖော်ပေါ်းပါးတို့၊ ကုန်သွား
ယာလယ်၊ ကြွေးဆယ်မြီချ၊ ကြီးလုံ့လဖြင့်၊ဥစ္စာသခင်၊ ဖြစ်ရှင်
ခလို၊ ကောင့်တဆို၍၊ထိုထိုခန်းဝါ၊ အိမ်ဆုံးအောင်မှု၊သိမ်းဆည်း
ပြုလည်း၊ ဗဟုသုတ၊ မရှိကမူ၊ ဓနဥစ္စာ၊ ပုကာပျက်ပျောက်၊
မသုံးလောက်တည်း၊ ထောက်ပံ့မ,စ၊ မွေးမိဘနှင့်၊ များလှ

ဆွေညာ၊ ခိုင်ခံ့စွာ၍၊ ဥစ္စာပစ္စည်း၊ ဖြိုးပြည့်တောင်းမျှ၊ ရလင့်ကစား၊ သိကြားလိမ္မာ၊ ပညာချို့တဲ့၊ကျေးဇူးမဲ့က၊ ဆုတ်သည့်လသို၊ ခဏမကြာ၊ ရွှေ့လျှောရာ၏၊ ပညာမြင်မြှော်၊ သူ့တော်အစစ်၊ ဖြစ်လာခဲ့က၊ ဆန်းသစ်လသို၊ ကြွယ်ဝကုံလုံ၊ ဤလူ့ဘုံ၌ လုံးစုံဦးညွှတ်၊ မြဲခဝပ်လျက်၊ ပန်းမြတ်မဉ္ဇူ၊ ရနံ့ကြူသို၊ လူပိုလ်ခပဲ၊ အုံကြွအဲလိမ့်၊ လည်ရှဲမြန်စ်၊ မယ်သားချစ်လည်း၊ ကျိုးပြစ်မြင်သိ၊ ပညာရှိသား၊ ကဝိတတ်စွာ၊မြတ်ဆရာ၌၊ ပညာယူငင်၊ သင်စေချင်သည်။ ။မိခင်သည်းအူ သားရွှေကြူ။

၃။ သားရွှေကြူ၊ နည်းယူ သွေးဆောင်၊ သိသာ အောင်လျှင်၊ မောင့်ကိုမယ်တ၊ သွန်သင်ပြုပိမ့်၊ မောင့်ဘအရှင်၊ ငါမိခင်နှင့်၊ ရွှေစင်အတူ၊ သားသည်းအူကို၊ မပူမဆာ၊ အိမ်ရိပ်သာ၌၊ အိပ်ကာစားစေ၊ ရွှေငွေလျှံတောက်၊ လက်ကောက်ခြေကျင်း၊ တဝင်းဝင်းနှင့်၊ဆင်းသက်လူးလာ၊ တစ်ရာသက်လုံး၊ သားပန်းကုံးနှင့်၊နှလုံးကြည်သာ၊ နေချင်ပါလည်း၊ ခန္ဓာလျှောကြွေ၊ မယ်တို့သေက၊ သက်ဝေရွှေသား၊ မယ့်ထိပ်ထားကို၊ သနားချစ်ခင်၊ ကြင်ကြင်နာနာ၊ ဘယ်သူလာ၍၊ ကောင်းစွာပြုသ၊ ဆိုဆုံးမအံ့၊ ဘဝဤသာ၊ ခန္ဓာဝိညာဉ်၊ သက်ရှိစဉ်က၊ လုလင်ပျိုထွား၊ နေသောလားသို့၊ စံစားရှင်ပ၊ မနေရသော်၊ သားလှပူဆာ၊နှောင်ခါနောင်တ၊ ငါမိဘတို့၊ငယ်ကပဲ့ပြင်၊ မသွန်သင်၍၊ သို့စင်ဆင်းရဲ၊ ဘေးခပဲကို၊ မလွဲမသွေ၊တွေ့ရလေဟူ၊သံဝေယူတ၊ စိုးရိမ်ရလိမ့်၊ သားလှရွှေကြာ၊ ဤကိုစာ၍၊ ပညာခေါင်ထိ၊ မြတ်ကဝိ၌၊ပီတိဝမ်းမြောက်၊ သဒ္ဓါပေါက်၍၊ မြူနောက်မဆန့်၊ ပညာဉာဏ်ဖြင့်၊ မုဋ္ဌာန်ရှင်ရှင်၊ သင်စေချင်သည်။ ။ မိခင်သည်းအူ သားရွှေကြူ။

၄။ သားရွှေကြူ၊ သည်းအူအသွင်၊ သားသခင်သည်၊ နားတွင်သွတ်သွင်း၊ ဆန်မငြင်းနှင့်၊ မပျင်းမရိ၊ လုံ့လရှိလော့၊ မောင့်မိဘမှာ၊ သားမင်းလျှာနှင့်၊ မနာမအို၊ မပြိုမကွဲ၊ အမြဲသို့ပင်၊ နေထိုင့်ချင်စွ၊ သက်ငှင်ခန္ဓာ၊ဤလူ့ရွာကား၊ မြင့်ကြာမတည်၊ မရှည်အသက်၊ပျောက်ပျက်လွယ်ဘိ၊ မြဲမရှိတည်း၊ သတိမထား၊ မနေငြားနှင့်၊ ပျိုထွားနုနယ်၊ သင့်ရှံငယ်က၊ ဖွယ်ဖွယ်ရာရာ၊ တတ်ပညာကို၊ ဆရာကောင်းထံ၊ ထုံးနည်းခံလော့၊ သင်အုံ

ကြိုးစား၊ တတ်မြောက်မြားမှ၊ တရားတန်ဆာ၊ ရတနာကို၊ ဝေဆာဖြိုးမြင့်၊ ထူးချွတ်အောင်၊ မိခင်သည်းအူ၊ ဆင်တော်မှုလျက်၊ ဇမ္ဗူလက်ယာ၊ ကျွန်းတောင်ညာတွင်၊ ပညာရောင်ဖြင့်၊ မိုက်မှောင်လွှင့်၍၊ ဆင့်ဆင့်ကြွေးကြော်၊ ကောင်းချီးခေါ်လျက်၊ သူတော်တကာ၊ အံ့ရာလည်းဖြစ်၊ ကျေးဇူးနှစ်ကို၊ သားချစ်လုလင်၊ ရှာစေချင်သည်။ ။မိခင်သည်းအူ သားရွှေကြူ။

၅။ သားရွှေကြူ၊ သူတော်တကာ၊ ချီးမွမ်းရာသား၊ သားတကာထက်၊ ကျေးဇူးနက်၍၊ အဖက်မဲ့စွာ၊ ဂုဏ်ပညာနှင့်၊ သမ္မာစာရ၊ မြတ်ဓမ္မဖြင့်၊ မိဘတို့ထက်၊ ဆထက်လွန်စွာ၊ အတိဇာတ၊ သမ္ဘာရင့်ညောင်း၊ သားသူကောင်းလျှင်၊ ဖြစ်စေချင်၍၊ မိခင်ဘချစ်၊ အသစ်သစ်ဖြင့်၊ ကပ်မြစ်ဆုံးမ၊ ညွှန်ပြသ၏၊ သားလှရွှေကြူ၊ မယ့်သည်းအူလျှင်၊ နည်းယူဖွေရှာ၊ ကြံစာနာလျက်၊ သည်မှာမဇော်၊ သည်မှာတော်ဟု၊ လျော်လျော် ကန်ကန်၊ မှန်မှန်ဖြောင့်ဖြောင့်၊ မထောင့်မကွေ့၊ ကျင့်လေ့ကျင့်ရာ၊ အဖြာဖြာကို၊ လူမှာလူလျောက်၊ ချီးမွမ်းလောက်၍၊ ခေါင်မြောက်ပညာ၊ ရဟန်းမှာလည်း၊ ပြုရပြုခွင့်၊ ဝတ်ရင့်ဝတ်နု၊ ထောက်ရှုမြော်တွေး၊ ကြံစည်မေးလျက်၊ စစ်ဆေးစင်စွာ၊ ဉာဏ်ပညာဖြင့်၊ သီတာပြည့်လျှံ၊ ရေကန်ပမာ၊ မြတ်ဆရာ၌၊ စင်စွာကြည်သင်၊ ဆေးစေချင်သည်။ ။မိခင်သည်းအူ သားရွှေကြူ။

၆။ သားရွှေကြူ၊ ထုတ်ယူသီးသီး၊ ဆင်မငြိုးအောင်၊ ပုတီးလျှံတောက်လက်ကောက်လက်ကျပ်၊ လက်စွပ်တန်ဆာ၊ ရတနာကို၊ ကောင်းစွာပြုပြင်၊ ဝတ်စားဆင်ဟု၊ ဆောလျင်လွှယ်ကူ၊ ပေးသောတူလျှင်၊ သည်းအူအလား၊ မွေးသည့်သားကို၊ သနားကြင်နာ၊ ကရုဏာဖြင့်၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘတို့၊ ဆုံးမပေးဟန်၊ အတန်တန်ကို၊ သက်နှံ့ရွှေသား၊ သတိထားလျက်၊ မြောက်မြားပညာ၊ ရှိသော်သာလျှင်၊ မိရာဘရိုက်၊ သိမ်းပိုက်မွေ့နှစ်၊ အသစ်အဟောင်း၊ ဥစ္စာပေါင်းကို၊ တွင်းကောင်းရေတူ၊ ထုတ်ယူမကုန်၊ ကြွယ်ဝတုံ၍၊ လူ့ဘုံဘဝ၊ ဤလောကတွင်၊ ဒါနသီလာ၊ ဘာဝနာနှင့်၊ ပါရမီထူး၊ မြတ်ကျေးဇူးကြောင့်၊ လူမှူးမြတ်စွာ၊ မိတေယျာလျှင်၊ ကံ့ကော်ပင်၌၊ လေးအင်သစ္စာ၊ ပွင့်သောခါငယ်၊ သုဗ္ဗာဝကစစ်၊ လုံးစုံဖြစ်၍၊ မှူးညစ်မဆန်၊ မြို့နိဗ္ဗာန်သို့၊ အမှန်သို့ပင်၊ ရောက်ချင်ပါသည်။ ။မိခင်သည်းအူ သားရွှေကြူ။



## သုတမဥ္ဇူ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

သုတမဉ္ဇူ ဆုံးမစာသည် နှောင်းပေါ်ဆုံးမစာပင် ဖြစ်ပေသည်။ အမှာစာရေး ဦးရှင်ကလေး၏အာမုခံအရ ''သိမြင်ကျယ်ပြီးဆရာကြီးတို့နည်းမှီး ရအောင် လက်ဆောင်၍ မြားမြောင်စေ့ငုံ၊ အနုသာသန၊ ပေးခဲ့ကြသား၊ ဩဝါဒစု ရုံးစည်းပြုလျက်ယခုအခါ လိုရှိရာကိုသာယာချိုမြနာလွယ်ကြအောင်'' စသည်ဖြင့်စကားပလ္လင်ခံခဲ့သည့်အတိုင်း ရှေးအထက်ကဆိုဆုံးမခဲ့ကြသည်များကို ကောက်နုတ်ရုံးပေါင်း ဖွဲ့ဆိုထားကြောင်း သိရှိရပေသည်။

မည်သို့ပင်ဖြစ်စေ အပိုဒ်ရေ ၃၉ ပိုဒ်ရှိသော သုတမဉ္ဇူ ဆုံးမစာသည် ဦးရှင်ကလေး၏ကဗျာဉာဏ်အရည်အသွေးကိုကောင်းစွာဖော်ပြပေသည်။ အချို့အပိုဒ်များတွင် ''ကျကျနန၊ ခခယယ၊ တည်တည်ပပ၊ သာသာကြည်ကြည်၊ မြင့်မြင့် ရှည်ရှည်၊ ခိုင်ခိုင်ကျည်ကျည်၊ နှီးနှီးရင်းရင်း၊ ခင်းခင်းကျင်းကျင်း၊ လွတ်လွတ်ရှင်းရှင်း'' စသည်ဖြင့် ယမကအစုံအစုံဖြင့် အဆန်းကွန့်၍ ချီထားပေသည်။

သုတမဉ္ဇူ ဆုံးမစာတွင် ဩဝါဒထူး ဆုံးမစာပျို့မှအချက်အလက်များကိုလည်းကောင်း ကျည်းကန်ရှင်ကြီး၏ အချက်အလက်များကိုလည်းကောင်းတွေ့ရပေမည်။ ညွှန့်ပေါင်းဆုံးမစာပင်ဖြစ်၍ သုတ စုံလင်လှပေသည်။

ဦးရှင်ကလေးသည် နေမျိုးကျော်ခေါင်ဘွဲ့ရသူဖြစ်၍ မင်းတုန်းမင်းကြီးထံတွင်လည်းကောင်း၊ သီပေါမင်းထံတွင်လည်းကောင်း ခစားထမ်းရွက်ခဲ့သည်။ ဦးရှင်ကလေးသည် လောကနီတိပျို့နှင့်ရာဇဝင်ညွှန့်တို့ကို ရေးသားခဲ့ပေသေးသည်။



# ၂၈။ သုတမဉ္ဇူ ဆုံးမစာ

## အမှာတော်ရေး ဦးရှင်ကလေး

၁။ သမ္မာသမ္ဗုဒ္ဓ၊ သုံးလူ့ဘနှင့်၊ ဓမ္မ သံဃာ၊ ပူဇော်ရာသား၊
ရတနာသုံး၊ ပုလဲ့ကုံးကို၊ ဦးလုံးထိပ်ပြင်၊ အမြဲဆင်၍၊ သိမြင်
ကျယ်ပြီး၊ ဆရာကြီးတို့၊ နည်းမှီးရအောင်၊ လက်ာဆောင်၍၊
မြွားမြှောင်စေ့ငု၊ အနုသာသန၊ ပေးခဲ့ကြသား၊ သြဝါဒစု၊
ရုံးစည်းပြုလျက်၊ ယခုအခါ၊ လိုရှိရာကို၊ သာယာချိုမြ၊ နာလွယ်
ကြအောင်၊ အချုံးညီ၊ ပိုဒ်ဦးချီ၍၊ စဉ်စီသင့်ငြား၊ သားနှင့်
တပည့်၊ ကြည့်ရှုလိုသူ၊ ခပ်သိမ်းလူတို့၊ မှတ်ယူစေချင်၊ လင်္ကာ
ဆင်သည်။ ။အောင်မင်္ဂလာ ပွဲဦးတည်း။

၂။ မင်္ဂလာပွဲဦး၊ အောင်ခြင်းကျူး၍၊ မြတ်မူးဘုရား၊ တရားသံဃာ၊
ပူဇော်ရာကို၊ ထိပ်မှာမြှောက်ချီး၊ ပူဇော်ပြီးမှ၊ အသီးမရှုံးမှုား၊
မှတ်ဖွယ်ကြားအံ့၊ သုံးပါးရတနာ၊ ဆရာသမား၊ ဘိုးဘွားမိဘ၊
စိုးမှုးသခင်၊ ဂုဏ်အင်ပည်းထူ၊ ကိုယ်တူရင့်ရှည်၊ ဖြစ်သည့်သူအား၊
ခြွေရင်းထား၍၊ ပေါ့စားလွယ်ကာ၊ မအိပ်ပါနှင့်၊ ဆည်းဆာ
နေဝင်၊ ဆဲဆဲတွင်ဝယ်၊ အိပ်ချင်သော်လည်း၊ စိတ်ကိုတည်းသော၊
နည်းစေအိပ်မှောင်၊ နေထွက်အောင်လျှင်၊ ရှောင်လေလျှော့လျှော့၊
တန်ညစ္စသုံးခါ၊ နိုးကြားရာသည်။ ။စိတ်မှာမချသင့်ဘူးတည်း။

၃။ စိတ်မချရာ၊ အိပ်သောခါလည်း၊ လက်ယာ လက်ဝဲ၊ အိပ်နေ
မြဲကာ၊ ကွဲလွဲငုံတုံ၊ မှောက်ခုံပက်လက်၊ မအိပ်စက်နှင့်၊ ကိုယ်ထက်

မူယူ၊ မြတ်သည့်သူကို၊ အတူနွဲ့ယှက်၊ အိပ်ဖက်မပေါင်း၊
ထောင့်စောင်းအနောက်၊ မြောက်သို့တူရှု၊ ခေါင်းမမူရာ၊ ရှေ့ မျက်
နှာနှင့်၊ တောင်ညာစင်းစင်း၊ ခြေရင်းမပြု၊ ခုလုထစ်စွင့်၊ နိမ့်မြင့်
စောင်းထောင်၊ မာခေါင်ချောလွန်၊ ကြမ်းစွန်ဖျားနား၊ မိုးထား
ရံကာ၊ လပ်ရာမှာလည်း၊ ရှောင်ပါအိပ်လျှင်၊ အိပ်ရာဝင်သော်၊
သုံးအင်ရတနာ၊ ဆရာမြတ်လှ၊ မိနှင့်ဘကို၊ တုပ်ကွရှိကျိုး၊
ရှိခိုးမြောက်ချီ၊ ပဥ္စသီလ၊ ခံပြီးမှလျှင်၊ အိပ်ရာဝင်လော့၊ လင်းစဉ်
မိုးသောက်၊ နံနက်ရောက်လည်း၊ လှက်မြောက်ဦးတင်၊ အိပ်ရာ
ဝင်သို့၊ သန့်စင်အာရုံ၊ ပြုပြီးတုံမှ၊ ကိစ္စလိုရာ၊ ဆောင်အပ်
စွာသည်။ ။ချမ်းသာကြည်လင် ပျံ့ပျူးတည်း။

၄။ ကြည်လင်ပျံ့ပျူး၊ ဆိုတုံဦးအံ့၊ အထူးမှတ်ဖွယ်၊ သက်ရွယ်နွယ်မျိုး၊
အရိုးအရာ၊ ကိုယ့်ထက်သာသား၊ ဂုဏ်ဝါစံမြောက်၊ သူတို့
မှောက်ဝယ်၊ ရှေ့နောက်စူးစူး၊ မြင့်ဖြူးလေညာ၊ နီးစွာဝေးလွန်း၊
မစွန်းခြောက်ပြစ်၊ ချပုဆစ်နှင့်၊ ကျစ်လျစ်လှစေ၊ တင်ပျဉ်ခွေ၍၊
လက်ခြေကားရား၊ နံပါးယှဉ်နွဲ့၊ စောင်းလွဲနောက်ဘီ၊ အုံးမှီ
လက်ထောက်၊ မတ်စောက်ဆောင့်ကြောင့်၊ ဒူးထောင်လက်ဖွဲ့၊
မထိမဲ့လျှင်၊ မနွဲ့မကိုင်း၊ ခိုင်းတိုင်းကြားတား၊ မပြားမဝပ်၊
မနေအပ်ရှင့်၊ မရပ်သင့်ရာ၊ ရှောင်ခွင့်မှာမူ၊ လောကာဓိပ္ပ၊
ပြည်မသခင်၊ ရှင်မိဖုရား၊ သားတော်သမီး၊ ဝန်ကြီး ဝန်ယော်၊
မင်းနွယ်စိုးဆွေ၊ ယှဉ်နေနီးစပ်၊ ဆပ်ကပ်ပွဲလမ်း၊ မင်းခမ်း
ဆောင်ရွက်၊ စားခွက်စားယောက်၊ အပါးရောက်က၊ မလျောက်
မပတ်၊ မတ်ရပ်ရိုင်းစိုင်း၊ မကိုင်းမပြွတ်၊ မတွားဝပ်ဘဲ၊ မရပ်
သင့်ချေ၊ ရပ်မိလေက၊ မင်းဒဏ်ကျ၏၊ မိဘ ဆရာ၊ ပညာဂုဏ်ဖြိုး၊
သက်ကြီးရွယ်လွန်၊ ကျင့်မွန်မဖောက်၊ ရဟန်းမှောက်ဝယ်၊
ချစ်ကြောက်ကြည်ညို၊ အရိုအသေ၊ အချေအငံ၊ ညွတ်ကျိုး
နွံမှ၊ အားသံမှတ်ကျိုး၊ စိုပြည်ဖြိုးအံ့၊ မိုးတိုးမားတား၊ မပြား
မပျပ်၊ မဝပ်မကိုင်း၊ ခိုင်းတိုင်းကျန်းတန်း၊ အမှန်းမသိ၊ ဒိဋ္ဌိ
မူကျင့်၊ မရပ်သင့်သည်။ ။ပြစ်လွင့်ရှောင်ကြဉ် ကြစေတည်း။

၅။ ရှောင်ကြဉ်ကြစေ၊ ရေမြေသနင်း၊ စိုးမင်းသခင်၊ အရှင်မိဘ၊
ရှေ့သို့ကျသော်၊ ကုန်းကွတုပ်ပျက်၊ နှိမ့်ဝပ်ညွတ်ကိုင်း၊ နောက်ရှိုင်း

ရှောင်ရှား၊ သွားမှု လာမှု၊ ယဉ်နုလှစေ၊ မချေကျန်းတန်း၊ ရှေ့မသန်းနှင့်၊ စို့နန်းမင်းအိမ်၊ဆိတ်ငြိမ်စက်တော်၊ ခေါ်သည့်အခိုက်၊ တိုက်ရိုက်သူ့နား၊ မကြားစေလို၊ ထိမ်ဝှက်သို၍၊ ပြောဆိုသည့်ခိုက်၊ ထိုက်လိုက်ချီးမြှောက်၊ စားသောက်ဖွယ်ရေး၊ တည်ကျွေးသည်ခိုက်၊ မှားမိုက်ကျေးကျွန်၊ အပြစ်ဝန်ဖြင့်၊ ဒဏ်ရှိသူအား၊ ထားသည့်ရပ်မြေ၊ ဘုတ်ဘစ္ဆေနှင့်၊ ကင်း-မြွှထူထဲ၊ ကျားရဲသစ်ရှူး၊ ဘီလူးရှိရပ်၊ ပေါ်လျပ်ကောက်ကျစ်၊ မူညစ်သွမ်းဆိုး၊ သူခိုးဖမ်းရာ၊ ကန္တာရဒတာ၊ မြစ်ကြောနက်ကျယ်၊ ပင်လယ်သမုဒ်၊ သတ်ပုတ်ဘွန်းလှန်၊ခိုက်ရန်တွေ့ပွဲ၊ ငြင်းခုံဆဲနှင့်၊ သောင်းသဲစည်ပင်၊ ပွဲသဘင်သို့၊ သွားချင်တိုင်းသာ၊ မသွားရာတည့်၊ ကြမ်းမှာခြေနင်း၊ မပြင်းညှိုသက်၊ လွန်ဖြည်းညက်စေ၊ ညဉ့်နက်ခမှောင်မည်း၊တစ်ယောက်တည်းလည်း၊ဘင့်ရည်းပေါ့သွပ်မသွားအပ်သည်။ ။ကြပ်ကြပ်ဝမ်းဝယ် မှတ်လေတည်း။

၆။ ဝမ်းဝယ်မှတ်လေ၊ ရှောင်ပါစေချင်၊ အဝတ်တွင်လည်း၊ မစင်မကြယ်၊ ရွံ့ဖွယ်စက်ဆုပ်၊မည်းပုပ်မွဲပြာ၊စာမကြေသေး၊ ဖွပ်ဆေးမလျှော်၊ ညှိစော်မြွေးသန်း၊ ဟောင်းနွမ်းစုတ်ပြတ်၊ ညှိုးညစ်ပတ်က၊ မဝတ်လေရာ၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားရှာလယ်၊ လိုမယ်မတ၊ စိတ်တိုင်းကျလျက်၊ ကြွယ်ဝပြည့်စုံ၊ ကုံလင့်ကစား၊ စိုးမင်းလားသို့၊ သောကားသမူ၊ ဝတ်တုမမူ၊ ရှေ့ယှူနောက်ချင့်၊ကိုယ်နှင့်အင်တန်၊ သင့်အောင်ဖန်၍၊ ခန့်ရန်တော်ရာ၊ ကောင်းမြတ်ပါလည်း၊ စိတ်မှာချင်ချင်၊ မရှိလျှင်မူ၊ မဆင်ဝတ်သင့်၊ ဖိုမြင့်ကဲကျူး၊ ဝတ်ထူးစားဆန်း၊ ပွင့်လန်းရောင်ဝါ၊ ယဉ်ကျေးစွာကဲ၊ ချိန်ခါမွဲပဲ၊ မဝတ်လဲနှင့်၊ တွဲလွဲမျှားလျှား၊ ဖားရားမြေထိ၊ ရှေ့ငြိနောက်လျှ၊ ခြေချဖဝါး၊ နင်းသွားမသာ၊ ဝါဝါကားကား၊ ကြွားကြွားဝင့်ဝင့်၊ ဝတ်သဖြင့်လည်း၊ မဘင့်တယ်ရာ၊ ဓမ္မတာလျှင်၊ လှမ်းသာကြွလှယ်၊ ညာဘယ်နောက်ရှေ့၊ညီစေ့လျှဉ့်လျှဉ့်၊မရဉ့်စတောင်း၊ ဆင်ဝတ်ကောင်းသည်။ ။ကျိုးကြောင်းပြစ်ဝန် ကင်းကွေတည်း။

၇။ ပြစ်ဝန်ကင်းကွေ၊ ရှောင်လေလူဝယ်၊ ဆင်ဖွယ်တန်ဆာ၊ ရတနာရွှေငွေ၊ လွန်မြတ်စေတော့၊ အနေဆုတ်ယုတ်၊ ခါမဟုတ်က၊

ဖော်ထုတ်ပြုပြင်၊ မဆင်ယင်နှင့်၊ ဆံကျစ်ဆံထိုး၊ ခါးကြိုး ဦးစောက်၊ လက်ကောက်လက်ကျပ်၊ လက်စွပ်နားပန်၊ ပန်းမန် ခြေကျင်း၊ သျှောင်ကွင်းလည်မှာ၊ ဆင်တန်ဆာလည်း၊ ကာလ ဒေသ၊ နေ့ညမှတ်ချိုး၊ အမျိုးမာန့်ယ်၊ အရွယ်အသက်၊ ချင့်တွက် ယုက်မြတ်၊ ဆင်ယင်ဝတ်မှု၊ ဆင်ဝတ်သရွေ၊ သူ့စိတ်တွေ၏၊ ညဉ့်နေ့မခြားစားခင်မှာတုံ၊ ရသာထူးပြား၊ မြိန်မြက်ဌားလည်း၊ စားမကြူးရာ၊ ပူဆာစပ်ငန်၊ရည်ဖန်ချိုခါး၊ ထွေထွေစားလည်း၊ သုံးပါးဥတု၊ မြော်ထောက်ရှုလော့၊ မှီခုတစောင်း၊ အိပ်လျောင်း ဝပ်စင်း၊ ခြေဆင်းပေါင်ထောင်၊ ဆောင့်ကြောင့်မတ်စောက်၊ တောင်မြောက်ကြည့်ကွက်၊ ရင်လျက်သွားလျက်၊ နှစ်ဘက်ပါးနား၊ အံ့စောင်ထား၍၊ မစားလေသင့်၊ ကော်လှင့်ဝှေ့လှန်၊ ကျောက် ကန်ပုတ်ခတ်၊ ကိုက်ခဲတတ်ငြား၊ သတ္တဝါသား၊ မထွားမဆူ၊ သိုးအူပုပ်လှောင်၊ ညီဟောင်သမျှ၊ မစားရသည်။ ။နေ့ည ကြဉ်ရှောင် စမြဲတည်း။

၈။ ကြဉ်ရှောင်စမြဲ၊ ပယ်လွဲကုန်ကြ၊ ဓမရယငါး၊ သုရာဝါးနှင့်၊ ပိုးမွှားလောက်ကျို၊ မြူညှိနောက်တင်၊ သန့်စင်မကြည်၊ ရေကို သည်လည်း၊ ချုပ်တည်းအာသာ၊ မသောက်ရာတည့်၊ ဘယ်ညာ လွဲလက်၊ ရေခွက်ဖလှား၊ လက်ဝါးပြောင်းပြန်၊ ကိုင်ဟန် လှန်မှောက်၊ မသောက်ပြန်ရာ၊ဟင်းမှာရေတုတ်၊ဟင်းရေရှုတ်ကို၊ ရမှိုလေထိုက်၊မကြိုက်လေအပ်၊သတိချုပ်လော့၊ ရှစ်ရပ်ဖျော်မည်၊ ဆီကြည်ထောပတ်၊ မိန်မွှန်မြတ်လည်း၊ ကြိုက်တတ်သော့အား၊ လျှာကိုတားမူ၊ မများစေရ၊ သင့်ရုံမျှသာ၊သောက်လေရာ၏၊ စာနာခန့်ချိ၊ မျက်စိအကျင့်၊ ဝမ်းအချင့်ဟု၊ ယခင့်ဝေါဟာ၊ ထင်လျှားစွာရှင့်၊ သုရာသောက်ငယ်၊ ပြစ်ခြေးကိသွယ်ကား၊ လိုမယ်မရ၊ ရှုံမျှဥစ္စာ၊ ပျောက်တတ်စွာ၏၊ နှုတ်သာလက်လွန်၊ ရန်လည်းခိုက်ထိ၊ပွားစာတတ်ဘိ၏၊ မျက်စိသီဝေ၊လက်ခြေတုန့်ယင်၊ မဝင်ဝမ်းတွင်း၊ ထမင်းမစား၊ ရောဂါများ၏၊ ပြစ်သားစင်စင်၊ လူရှင်ကဲ့ရဲ၊သတင်းမဲ့၏၊ ရှက်ဖွယ့်အရာ၊ ကြောက်ခွင့်မှာလည်း၊ အင်္ဂါကိုယ်လုံး၊ မဖုံးလွှမ်းနိုင်၊ ယုတ်ဆုံးတိုင်၏၊စွဲကိုင်ကျိုးပြစ်၊ စီစစ်မမြင်၊ ဆင်ခြင်မရှိ၊ သတိပညာ၊ လျော်ညွှံရာသည်။ ။ မကြာလက်ငင်း မလွဲတည်း။

၉။ လက်ငင်းမလွဲ၊ ဖြစ်မြဲမှန်စွာ၊ လူလိမ္မာတို့၊ ပညာလိုလျှင်း၊ မဆန်ငြင်းနှင့်၊ အငြင်းကြီးလစ်၊ ခိုက်ရန်ဖြစ်၏၊ အနှစ်ဘဏ္ဍာ၊ ဥစ္စာလိုလျှင်း၊ မရိပျင်းနှင့်၊ အပျင်းကြီးလစ်၊ သူ့ကျွန်ဖြစ်၏၊ ရွှေ့မြစ်နောက်ထား၊ စကားဆိုလျှင်း၊ မမာတင်းနှင့်၊ အတင်းကြီးလစ်၊ ပြတ်သည်ဖြစ်၏၊ စိစစ်ဆင်ခြင်၊ အသွားတွင်လည်း၊ နှေးလျှင်နောက်က၊ မြန်ကရှေ့ရောက်၊ ကြံတိုင်းမြောက်၏၊ စားသောက်ဖွယ်တွင်၊ နှေးလျှင်နောက်ကျန်၊ မြန်လျှင်လမ်းပေါက်၊ ခရီးရောက်၏၊ ဘေးပျောက်ရန်တိမ်၊ ယာယီအိမ်ကို၊ ချမ်းငြိမ်မြဲသေ၊ မခိုင်စေနှင့်၊ သက်ဝေကြည်ညို၊ မယားကိုလည်း၊ မရှိမသေ၊ မနိုင်စေနှင့်၊ ဖျော်ဖြေစိတ်ငြိမ်း၊ အသိမ်းကိုလည်း၊ ရုံးစည်းအုပ်ထွေ၊ မပိုင်စေနှင့်၊ အိမ်နေမယ်ညို၊ မယားကိုလည်း၊ မြဲသိုမှတ်ကြုံ၊ မယုံသင့်ဘူး၊ ထွေထူးများပုံ၊ သူ့ကိုတုံလည်း၊ မဆုံသင့်ဘူး၊ စိတ်ဆူးမှုန်ဆန်၊ သူ့ရန်တွေ့ပွဲ၊ ငြင်းခုံဆဲ၍၊ စုသဲဝန်းရုံ၊ မအုံသင့်ဘူး၊ ဆန်းထူးပုံရာ၊ ဥစ္စာလိုက၊ မင်းမိန်းမတို့၊ ညွတ်ခဦးတင်၊ မိမိလင်ကို၊ ချစ်ခင်ရှိသေ၊ လုပ်ကျွေးလေက၊ ရသည့်ဥစ္စာ၊ မပျောက်ရာသည်။ ။ချမ်းသာစည်းစိမ် ထပ်ကဲတည်း။

၁၀။ စည်းစိမ်ထပ်ကဲ၊ ပေးမြဲမှန်စွာ၊ ရတနာသုံးပါး၊ ဘိုးဘွားမိဘ၊ ဆရာစသား၊ လောကအမှတ်၊ ကိုးရာနတ်ကို၊ မပြတ်လေးထွေ၊ မပစ်လေနှင့်၊ ချစ်ဆွေသည်ပင်၊ လင်မှတစ်ပါး၊ ခြားယောကျ်ားကို၊ ဖောက်ပြားခွဲဝေ၊ မချစ်လေနှင့်၊ ရေမြေစိုးခြင်း၊ မင်းတို့ရှေ့မှာ၊ တတ်ပညာကို၊ အခါမှဲ့ထွေ၊ မဖော်လေနှင့်၊ ရပ်မြေဝေးနီး၊ ခရီးသွားရာ၊ ဥစ္စာရှာလည်း၊ သစ္စာလွဲချော်၊ သူမဇော်ကို၊ မခေါ်လေနှင့်၊ သရေညစ်ညမ်း၊ ပွဲလမ်းသဘင်၊ ကြည့်ရှုရှင်၍၊ စိတ်လွှင့်ပျံ့ဝေ၊ မပျော်လေနှင့်၊ နှုတ်ခြေကြော့ကြမ်း၊ သူယုတ်သွမ်းကို၊ ကျင်ကျွမ်းမိတ်ဆွေ၊ မတော်လေနှင့်၊ ကျဉ်းသေနက်သတ်၊ ထိတ်ခတ်လျှို့ထား၊ မိန်းမအားကို၊ ပြစ်မှားကျူးထွေ၊ မကျော်လေနှင့်၊ ပုံသေမှတ်ဖွယ်၊ အကျဉ်းသွယ်သည်။ ။အကျယ်သိကြ သဘောတည်း။

၁၁။ သိကြသဘော၊ မနောမှတ်ပြီး၊ မကြီးရာသည်၊ ဆယ်ပါးမည်ကား၊ ချုပ်ဆည်မဲ့သီး၊ မာန်စောင်ကြီးက၊ ဝေးနီးလူသူ၊ မကြည်ဖြူ၍၊

တူ့မနေပါင်းဖော်၊ အိုအောင်သော်လည်း၊ ညှိုးဖေရာ်ညစ်ပတ်၊ ဆင်းရဲတတ်၏၊ မွတ်ငတ်စသီး၊ အစာကြီးက၊ ငမ်းမီးလေခတ်၊ ပျက်စီးတတ်၏၊ ကတ်သတ်ခဲခက်၊ ရမွက်ပိတ်ဆီး၊ အလိုကြီးက၊ ကိုယ်ထီးသာတည်း၊ အရနည်း၍၊ လက်ချည်းသတ်သတ်၊ ဖြစ်တို့ တတ်၏၊ ဝန်းပတ်ရံဆီး၊ အဆောင်ကြီးက၊ ချည်းနှိုးဥစ္စာ၊ ရှင်းကွာပြတ်သယ်၊ နည်းပါးတက်၏၊ ရေရှဘ်တိုးတီး၊ နှုတ်ခွန်း ကြီးက၊ အနီးအားငေး၊ လူပိုလ်လေးတို့၊ မလေးမဖြတ်၊ မုန်းထား တတ်၏၊ မညွတ်မစင်း၊ မာခြင်းခိုးဖြီး၊ နှလုံးကြီးက၊ ဝမ်းမီး လောင်စာ၊ အနာဥပဒ်၊ ဒေါသဖွေ့တတ်၏၊ ဘောက်ဆတ်စိတ်ခက်၊ စဉ်မျှထွက်လည်၊ ရင်ဿက်ခတ်တီး၊ စဉ်းလဲကြီးက၊ ဖမ်းဆီး ချည်နှောင်၊ ခြံလှောင်ထိတ်ခတ်၊ ခံရတတ်၏၊ လှည့်ပတ်ဝိုက်ဆီး၊ စကားကြီးက၊ ဖီစီးနာကျင်၊ ကိုက်ငင်ရိုက်ပုတ်၊ သားစုတ်ရေပြတ်၊ ရန်တွေ့တတ်၏၊ ယုပ်ဖြတ်မဆို၊ ကိုယ်ကိုမြှောက်ချီး၊ လက်ခြ ကြီးက၊ ရင်းနှီးပစ္စည်း၊ လျော့နည်းကုန်ပြတ်၊ ရွှေ့ပါးတတ်၏၊ စိတ်လွတ်လျော့မေ့၊ ညဉ့်နေ့မသီး၊ အအိပ်ကြီးက၊ ခရီးမတ်လတ်၊ ရန်တွေ့တတ်သည်။ ။မချွတ်ကေနီ မှန်ဒေမာတည်း။

၁၂။ ကေနီမှန်ဒေမာ၊ သဘောဝမ်းတွင်၊ ချစ်ကြင်ရာသည်၊ ဆယ်ပါး မည်ကား၊ သွေးရည်ရင်ရှစ်၊ သားကိုချစ်သော်၊ ကျိုးပြစ်ပြသ၊ ဆုံးမနိုင်စေ၊ အိမ်ဆနမယား၊ ခင်ပွန်းအားလျှင်၊ ရှုစားကျင်ကျမ်း၊ ချစ်ရည်လွှမ်းက၊ စူးစမ်းမြော်တင်း၊ စိုင်းပြင်းနိုင်စေ၊ ရှိသေ အပ်လှ၊ မိနှင့်ဘကို၊ ဒေါသဖြစ်စေး၊ ချစ်မြတ်လေးက၊ လုပ်ကျွေး တမူ၊ မွေးမြူကြည့်ရှု၊ ပြုစုနိုင်စေ၊ တွက်ရေရှည်ကြာ၊ သံသရာကို၊ မေတ္တာလှောက်ပံ့၊ ချစ်ပန်းပျံ့က၊ နှုးညွှံ့နိုင်စေ၊ ကျွန်ခြေရွှေကို၊ အသေအချာ၊ ချစ်ကြင်နာက၊ ဥစ္စာပေးကမ်း၊ ဖုံးလွှမ်းနိုင်စေ၊ ဖော်ရွေသင်းပင်း၊ အိမ်နီးချင်းကို၊ ချောင်းရှင်းဆန်လှ၊ မေတ္တာ ခြံက၊ သည်းခံနိုင်စေ၊ ဆွေခင်ပွန်းကို၊ ချစ်ကြည်ညိုမှု၊ ယွင်းယို မရှိ၊ သတိမြဲစေ၊ မျိုးဆွေတို့အား၊ ချစ်ကြည်ငြားက၊ သွားလာ တက်သက်၊ ပေါင်းဖက်နိုင်စေ၊ ရေမြေကွဲပြား၊ ရပ်ဝေးသားကို၊ ဆွေဝါးတရှည့်၊ ချစ်အားပြည့်က၊ ရှုကြည့်မြော်ငန်း၊ ဆက်နွှက် ခွန်းဖြင့်၊ မေးမြန်းနိုင်စေ၊ မငေ့လေနှင့်။ ။ ချစ်ရေမတိမ် ကျွယ်ပြောတည်း။

၁၃။ မတိမ်ကျယ်ပြော၊ မြစ်ကျောလယ်ဇွေ၊ စီးသွားရေသို့၊ မြဲစေဝီရိ၊ လုံ့လရှိ၍၊ ညဥ့်နှင့်နေ့လျှင်၊ မမေ့လျော့ရာ၊ ဆယ်ပါးမှာကား၊ ဒေဝါမိုးလ၊ မကျမိခင်၊ ပုံယင်မျှားစွာ၊ လူ့ဘာသာလျှင်၊ အိမ်ယာတဲအုံ၊ အလုံးစုံကို၊ လုံခြုံသေချာ၊ ပြုလုပ်ရာ၏၊ ပြည်ရွာနဂိုရ်၊ မပြိုမကွဲ၊ ကရဲကသိ၊ မဖြစ်မိက၊ ပည်းသိမျှားစွာ၊ လူ့ဓါန်းရာ၏၊ စိတ်ဖြာခန့်တွက်၊ အချက်ချက်လျှင်၊ သူ့လက်ခြေဆီ၊ မဝင်မိဏ၊ ရှုအိရှင်ဖြိုး၊ အမှုမျိုးကို၊ အားကြိုးပြင်းစွာ၊ ဆောင်ရွက်ရာ၏၊ မိုးခါနှင်နှင်၊ မတိုင်ခင်က၊ ချပ်ခွင်ယာလယ်၊ ဟောင်းထက်ကျယ်အောင်၊ ချုံနွယ်ဖြတ်ကာ တီထွင်ရာ၏၊ အူးချာသည်းကြွေး၊ မိမိသားနှင့်၊ ထိမ်းမြားအိမ်ချ၊ နှင်းလိုကမူ၊ ချွေးပေါ်ပါ၊ မဖြစ်မိက၊ ချစ်ညီမြဲ့မြဲ့၊ ဆွေမိတ်ဖွဲ့၍၊ ရှုမဲ့စာနာ၊ စူးစမ်းရာ၏၊ ဩဇာကြိုင်သင်း၊ ထမင်းဟင်းကို၊ ပွဲကျင်းပြင်ဆင်၊ မစားခင်လည်း၊ အလျှင်ရှေးခါ၊ ရေသောက်ရာ၏၊ ပြစ်ဆာစွန်းငြိ၊ စိုးတစိမျှ၊ မရှိခင်ကြား၊ သမီးသားကို၊ ထိမ်းမြားမင်္ဂလာ၊ ပြုအပ်ရာ၏၊ အခါရာသီ၊ မကျူးမိက၊ ကျွေးမြီသူ့ငှာ၊ ပေးဆပ်ရာ၏၊ ရုပ်ဝါရှုအိး၊ မကြီးမိက၊ ဘယ်ဆီမချွတ်၊ ကြွင်းမလွတ်အောင်၊ အတတ်ပညာ၊ သင်အပ်ရာ၏၊ အုံးဖျာခေါင်းချ၊ ဆံစလက်တင်၊ မအိပ်ခင်က၊ သုံးအင်ရတနာ၊ ကိုးကွယ်ရာ၏၊ မျှားစွာလော်လဲ၊ ကိုးကွယ်ပဲလျှင်၊ ပျင်းစွဲပျင်းမူ၊ အိပ်သည်သူကား၊ လူမရှိညွတ်၊ နတ်မနှစ်သက်၊ ပြာပုံထက်ဝယ်၊ ခွေးနက်နှင့်မူ၊ ပမာတူသည်။ ။ လူတွင်ကျင့်ဝတ် မြွက်ဖော်ကည်း။

၁၄။ ကျင့်ဝတ်မြွက်ဖော်၊ သူတော်သဘော၊ လောကသာရ၊ ဆုံးမခဲ့ချက်၊ ဦးတင်ရွက်လော့၊ အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်မှု၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးလော့၊ ဘိုးဘွားမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်သို့၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲဒေါသ၊ မထအပ်စွာ၊ မျက်နှာငုံငုံ၊ ယုန်လျှင်ကျုံ့သို့၊ နှုတ်တုံ့မငံ့၊ စောင်းမာန်ညံ့၍၊ ကြောက်ရွံ့ရှိသော၊ သည်းခံနေလျက်၊ ထွေထွေနည်းနော၊ အမြော်ဖြော်ခွ၊ ပညာယှဉ်မှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊

ကြိုးလုံ့လလျက်၊ နှိမ့်ချပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရှိသော၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ အချောင်းချောင်းလျှင်၊ ဆဲခမောင်းသည်းခံ၊ ဆရာ့ထံဝယ်၊ သင်အံကျက်လေ့၊ တစ်နေ့တစ်ပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးလတ်သေး၊ ဆုံးမပေးသည်။ ။ နှောင်ရေးမြင်မြင် မြော်မြော်တည်း။

၁၅။ မြင်မြင်မြော်မြော်၊ ကျင့်ရန်သော်မူ၊ သူတော်တကာ၊ တတ်စရာသား၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ အတတ်များကို၊ မှတ်သားအပ်စွာ၊ နှံ့မျှလုံခြုံ၊ မတတ်တုံလည်း၊ တင်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှုကုန်အောင်၊ စီးပွားဆောင်လော့၊ ညဥ့်မှောင်ရောက်ဘိ၊ ကြက်မျက်စိသို့၊ မိမိကိုယ်ဖို့၊ အတတ်ချို့သော်၊ သူတို့ဖြစ်တင်၊ ကဲ့ရဲ့မြင်အံ့၊ အိုလျှင်မလွဲ၊ ကိုယ်ဆင်းရဲလိမ့်၊ ကျွန်ခွားထွန်ပုပ်၊ လယ်လုပ်ကုန်သွယ်၊ ကြွေးဆယ်မြီချ၊ တွက်ဆစိတ်ဖြာ၊ အပွားအရင်း၊ လုတ္တွင်းတက်တိုး၊ တပိုးနှစ်လည်၊ ချသည်မလပ်၊ ထပ်ကာဝယ်ရောင်း၊ ပဲပြောင်းစပါး၊ ကျီပြည့်ထားလျက်၊ မြောက်မြားဥစ္စာ၊ ဆည်းပူးပါရှင့်၊ ဃရာဝါသ၊ ကိစ္စမြားမြောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်သက်မွေး၊ ခြနှယ်မြေးသား၊ လူရေးကျယ်စွာ၊ အဖြာဖြာကို၊ လိမ္မာအတတ်၊ ချားရဟတ်သို့၊ လှည့်ပတ်နိုင်မှု၊ စုံပြည့်ဝ၏၊ လုံ့လပင်စည်၊ အရင်းတည်လျက်၊ ခက်ရှည်ပညာ၊ ချမ်းသာအသီး၊ ကြီးစေ့ရွှေ့ရွှေ့၊ မမေ့မကျန်၊ သူတော်မွန်ကို၊ စောင်းမာန်မဲ့ဆုံး၊ ဖြောင့်ဖြောင့်သုံးလော့။ ။ နှလုံးမခက် မချော်တည်း။

၁၆။ မခက်မချော်၊ ကျင့်ရန်သော်ကား၊ သူတော်ဘာဝ၊ လုံ့လပညာ၊ ရှိမှသာလျှင်၊ ဥစ္စာရမည်၊ မှတ်မတည်ပဲ၊ မူနည်းသမ်းညို့၊ လူမိုက်တို့ကား၊ မည်သို့မသိ၊ ပျင်းရိရိနှင့်၊ မိမိနေရာ၊ စီးပွားလာအံ့၊ ကြမ္မာကိုယ်ချည်း၊ မှတ်ထင်ရည်းရှင့်၊ ကျင့်နည်းသွမ်းဆုံး၊ သူမိုက်ထုံးကို၊ နှလုံးမမွေ့၊ ရွှေ့ရွှေ့ဆည်းသော်၊ စရည်းအိုးခွက်၊ ကြီးစွာလျက်တည့်၊ တံစက်ကျများ၊ ပြည့်သောလားသို့၊ ပျားတို့နည်းထုံး၊ ခြပုံးတောင်ပို့၊ ဖို့သည့်ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တတ်လှစေလော့၊ ကြွက်သေတစ်ခု၊ အရင်းပြု၍၊

ကြွယ်မှုတတ်ဆုံး၊ သဌေးထုံးသို၊ နှလုံးစွဲကာ၊ စီးပွားရှာ၍၊ ဆရာသမား၊မိဘအားကို၊ ညွှတ်စွာရှိသေ၊ လုပ်ကျွေးလေလော့၊ လေးထွေအရောင်၊ မြင်းမိုရ်တောင်နှင့်၊ ချိန်ဆောင်နိုင်းလည်း၊ အတိုင်းလွန်ဘိ၊ ကျေးဇူးရှိသား၊ အမိကားတိုက်၊ အသိုက်မယား၊ သားအနွယ်ဆက်၊ ခက်လက်မျိုးဆွေ၊ ကျွန်ခြေရွှေနှင့်၊ အုပ်ထွေမကွဲ၊ လူခပဲကို၊ ဆင်းရဲဖျောက်ပယ်၊ ချမ်းသာကယ်၍၊ လူဝယ်တင့်လှ၊ဖြစ်တော်စွဟု၊ပြောပလူဗိုလ်၊ ချီးမွမ်းဆိုလျက်၊ ကြည်ညိုဇဖြောင့်တန်း၊ မိတ်ခင်ပွန်းကို၊ ချစ်ပန်းနံ့ကြိုင်၊ လှိုင်စေသမှု၊ လုံ့လပြုလော့။ ။လူမှုကုံကုံထံထံတည်း။

၁၇။ လူမှုကုံထံ၊ မြဲမြံကျင့်ရာ၊ နှုတ်ပျူငှာဖြင့်၊သာသာချိုချို၊ချစ်ဖွယ်ဆိုလျက်၊ လူဗိုလ်တကာ၊ သဒ္ဓါကြည်အောင်၊ လုံ့လဆောင်၍၊ ပုညောင်ပင်ကြီး၊ မြထီးရွက်စပ်၊ စုံချမ်းရိပ်ဝယ်၊ ပျော်အပ်နေနား၊ လူအများတို့၊ မသွားတည့်ရက်၊ ကြည့်ငဲ့ကွက်သို့၊ တစ်သက်ပြောစေ၊ စုံမက်ထွေဖြင့်၊ မ်တဲဆွေတို့အား၊ လုပ်ကျွေးပြုးလော့၊ တရားမရှု၊ လူဒိဋ္ဌိကို၊ ရှောင်ဘိဝေးစွာ၊ ဖဲကြဉ်ခွာ၍၊ ပါဏာတိပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူသေစာ၊ အိမ်ယာမမွှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါနလှူဝတ်၊ရက်မချွတ်လျှင်၊ မပြတ်စေအောင်၊ လုံ့လဆောင်၍၊ လှူ့ဘောင်ကျော်သောင်း၊ သူတော်ကောင်းကို၊ ပေါင်းဖက်ကုန်ကြ၊ ဆန္ဒဒေါသာ၊ ဘယာမောဟ ၊အပါယ်ကျသား၊ ဓမ္မလေးမည်၊ ကတိတည်၍၊ ကျင်လည်များစွာ၊ သတ္တဝါကို၊ မေတ္တာသက်ထွေ၊ လှူဖွယ်ဝေလျက်၊ စိတ်နေကျကျ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တား၊ မခြားအောက်မေ့၊ တတေ့တေ့နှင့်၊ အလေ့အထ၊ ကိုယ်ဆုံးမ၍၊ ပဉ္စခန္ဓာ၊ ငါးဖြာနာမ်ရုပ်၊ဖြစ်ချုပ်ကြိမ်ဖန်၊ စက်အဟန်သို့၊ ဖန်တလဲလဲ၊ ဝဋ်ဆင်းရဲကို၊ ငမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်၊ ခေမာနိဗ္ဗာန်၊ ရွှေပြည်မွန်သို့၊ ရောက်ရန်စိတ်ထား၊ ကျင့်ကြိုးစားလော့။ ။တရားလောက်လောက်ငင်ငင်တည်း။

၁၈။ လောက်လောက်ငင်ငင်၊ ကုံထံပညာ၊ မဟာရဋ္ဌ၊ သာရထေရ်မွန်၊ ပညာဝန်လျှင်၊ မှတ်ရန်စုံစီ၊ ဂမ္ဘီသာရ၊ လင်္ကာပြုသား၊ နယ

ကျယ်စွာ၊ ဆုံးမစာ၌၊ စရိုက်ယုတ်မြတ်၊ ကျင့်ဝတ်ထူးခြား၊ လူသုံးပါးနှင့်၊ မပြားရောပြွမ်း၊ ပေါင်းဖက်ကျမ်းလည်း၊ မဝှမ်းမကော၊ လူ့သဘောကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေလော့၊ အခြေယွင်းယို၊ မြွက်ဆိုမှုသား၊ နှုတ်ချိုပျားနှင့်၊ စီးပွားလိုယောင်၊ ရှုပဆောင်လျက်၊ မွားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား၊ မေတ္တာချည်းနှီး၊ လူခွေးမြီးကို၊ ဝေးသီးမြေတာ၊ မရှောင်သာ၍၊ မက္ခာပေါင်းဖော်၊ ပြုရသော်လည်း၊ အပေါ်ကားယုံ၍၊ အထဲကြဉ်လျက်၊ စိတ်ယဉ်နှိမ့်ချ၊ အာဝါသန္တိ၊ ကာလအလိုက်၊ သူ့အကြိုက်ကို၊ စရိုက်ညီထွေ၊ ကျင့်တတ်စေလော့၊ လူ့မြေလောက၊ နေ့ငကာလဟု၊ ဘဝနှစ်ပါး၊ ကြံထောက်ထားမှု၊ စီးပွားမဟုတ်၊ ခင်ပွန်းယုတ်ကို၊ ခွာဆုတ်ပေါင်းဖော်၊ ရဲလိုသော်လည်း၊ ရှုမြော်ထိုင်းပဲ့၊ ရှေ့နောက်ငဲ့၍၊ ပြစ်မဲ့ကြဉ်ရှောင်၊ စွန့်ရအောင်ကို၊ တတ်ခေါင်ကြံစည်၊ ပညာရည်ဖြင့်၊ အရှည်လင့်လင့်၊ အသင့်မြော်လျက်၊ ကြံခေါင်ရက်တည့်၊ နှောင့်ယှက်သော့ဖြစ်၊ ဆံတစ်ရစ်မျှ၊ အပြစ်မဲ့စွာ၊ လွတ်ရှင့်သာမူ၊ မိတ္တာဖော်ပေါင်း၊ သူမကောင်းကို။ ။လွတ်ကြောင်းရှာလေ ဝေးလံတည်း။

၁၉။ ဝေးလံပယ်ရှား၊ မင်းယောကျ်ားတို့၊ မမွားအပ်သည့်၊ ရှောင်ရမည်ကား၊ ညာဏ်ကြည်မှတ်ချော၊ မနောဟချ၊ နှတ်မိန်းမသို့၊ မြင်ကတိမ်းညွှတ်၊ သည်းအူးပြတ်မျှ၊ ဆွတ်ဆွတ်ကြင်ဆွယ်၊ ဆင်းနိုဿာယ်နှင့်၊ သင့်တယ်ဝတ်စား၊ သူ့မယားကို၊ ပြစ်မှားစိတ်မှာ၊ မကြည့်ရာတည့်၊ ရှောင်ခွာမအား၊ တွေ့မြင်ငြားလည်း၊ အသားစားတတ်၊ ဘီလူးမှတ်၍၊ မညွတ်စေရ၊ စိတ်လောဘကို၊ နိစ္စအမြဲ၊ ကြဉ်ရှောင်လွှဲလော့၊ စိုးကဲအရှင်၊ သခင်မိဘ၊ နိုင်းသမျှကို၊ အာမခံ၍၊ ညဉ့်နေ့မရှု၊ ပြီးအောင်ပြုလော့၊ ပေးမှုကမ်းဖွယ်၊ ခိုင်းပယ်စရာ၊ ရှိသော်ခါလည်း၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ ထောက်ချင့်နိုင်စေ၊ ရေမြေသနင်း၊ မင်းတို့ထံမှာ၊ ပညာလက်ရုံး၊ ကောင်းလုဆုံးလျက်၊ တိမ်ဖုံးလသွင်၊ မပေါ်ထင်သော်၊ အရှင်စီးပွား၊ လိုသောအားဖြင့်၊ ထောက်ထားနှိုင်းရှည့်၊ မင်းရိပ်ကြည့်၍၊ မင်း၏မျက်နှာ၊ ခွင့်လမ်းသာက၊ ရာထူးရောက်အောင်၊ ကြံဆောင်လျှောက်ကြား၊ သူတစ်ပါးကို၊ မြှောက်စားတတ်စေ၊

ဆိုဓလ္လတရား၊နှစ်ဘက်သားတို့၊ ပိုင်းခြားစိမ့်ငှာ၊ ကပ်ပေလာဏ၊ ဖြောင့်စွာရိုးရိုး၊ တံစိုးဥစ္စာ၊ မျက်နှာကြီးငယ်၊မရွယ်မထောက်၊ မကြောက်မမိုက်၊ မလိုက်ဒေါသ၊ လမ်းမှန်ကျအောင်၊ သတ္တမနှုံ ကျမ်းဂန်ရှုရှဲ၍။ ။အမှုမှန်စေ တရားတည်း။

၂၀။ မှန်စေတရား၊ ဝါးပါးသီသ၊ လူဒါနကို၊နိစ္စမကွာ၊မြဲအပ်စွာရှင့်၊ ပညာသတ္တိ၊ လက်ရုံးရှိလျက်၊ မိမိကံ့ဟောင်း၊ ခွင့်ပေးနှောင်း၍၊ မကောင်းတရံ၊ လောကဓံလျောက်၊ ဆင်းရဲရောက်လည်း၊ မဖောက်ပြန်ဘဲ၊ တရားမြဲလော့၊ ထဲပကွယ်ပြင်၊ မသင်နှစ်ထွေ၊ နှိုတုံ့ရှေ့သို့၊ အနေသဘော၊ တွင်းပြင်ချောသား၊ မနော ညွှတ်ဖြောင်း၊ သူတော်ကောင်းကို၊ ယှဉ်ပေါင်းမကွာ၊ ဆည်းကပ် ခါလျှင်၊ ချိုသာနှုတ်ခွန်း၊ ဆက်မေးမြန်းလော့၊ ခင်ပွန်း မထောက်၊နှလုံးကောက်တို့၊တဖျောက်ဆိတ်ဆိတ်၊ ထဲစိတ်တို့ဝန်၊ နှုတ်ချိုခွန်းသာ၊ဟန်မေတ္တာနှင့်၊ သူ့မှာမွှေနှောက်၊တစ်ယောက် တစ်ပါး၊ အယူမှားအောင်၊ စကားမေးငင်၊ အကယ်ပင်သို့၊ သင်ပြင်ပြည့်နှံ၊ ကျိုးလိုဟန်နှင့်၊ မမှန်သွယ်ဝိုက်၊ သဘော ကြိုက်အောင်၊ ကုန်းတိုက်ပြုသည့်၊သူ့နှုတ် ရည်ကို၊ ရိပ်ခြည်ခွဲဝေ၊ သိတတ်စေလော့၊အခြေမမှန်၊ မိတ်ရန်ဝိုးဝါး၊ တွေးထင်ခြားမှု၊ ဝှက်ထားမြဲကိုတ်၊ သူ့ကြံစိတ်ကို၊ တို့ဆိတ်ကွယ်ရာ၊ပြောပေ လာမှု၊ ဝမ်းသာအားရ၊ နှောင်ကာလလည်း၊ သိကျွတ္တူ၊ ပြောပါဟူ၍၊ ပျူပျူငှာငှာ၊ချစ်မာယာနှင့်၊ နှောင်ခါမရှောင်၊ ပြောလာအောင်လျှင်၊ သွေးဆောင် နှစ်ထောင်း၊ လှည့်ဖြား ယောင်းလော့၊ ပေါင်းဟောင်းပေါင်းသစ်၊မုန်းချစ်မသိ၊သက်ာ ရှိမူ၊ ထိုသူရိပ်ခြည်၊ ကြံစည်စကား၊ သိကြားစေမူ၊ လုံ့လ ပြုလော့။ ။တစ်ခုမမေ့ မမှားတည်း။

၂၁။ မမေ့မမှား၊ မင်းခစားတို့၊ မှတ်သားကုန်ကြ၊ ဝိဓူရဝယ်၊ ရာဇ ဝသတိ၊ မည်ရှိကျမ်းလာ၊တစ်ခမ်းနားလော့၊ သာယာကြည်လင်၊ မင်းပွဲဝင်သော်၊ ပီပြာလက္ခဏာ၊ မျက်နှာကျစ်လျစ်၊ ပွင့်သစ်၊ ကြာနှယ်၊ စင်ကြယ်သန့်ရှင်း၊ သဘင်းပညာ၊သဒ္ဒါစ ၁၈၊ မျှတံ ရှောင်းသော်၊ ဆိုးကောင်းကုန်စင်၊ကျွမ်းဝင်ချစ်ကြည်၊ပြန်သည် စကား၊ ယောင်းကိုမျှ၊ မသိရစေ၊ ဝမ်းထဲခွေလျက်၊ ထွေထွေ

ဆောင်သင့်၊ မှူခွင့်ခွင့်၌၊ ချိန်နှင့်တူရှိး၊ နည်းယူခိုးလော့၊
အားကြိုးအန်ထောင်၊ သန်ခေါင်လင်းစေ၊ နေဝင်ရိမိုက်၊
ပူအိုက်ချမ်းအေး၊ ဘေးကိုမခန့်၊ သက်စွန့်ရဲတင်၊ ရဲရည်ဝင်၍၊
မင်းစင်စံမှုတ်၊ မင်းလေးမြတ်သား၊ မင်းဝတ်မင်းစား၊ မင်းခမ်း
နားနှင့်၊ မင်းသွားမင်းနေ၊ မင်းထွေမင်းသံ၊ မင်းစံမင်းပယ်၊
မင်းဓါန္တယ်ကို၊ မျက်ကွယ်တို့မျှ၊ မတုပလင့်၊ နရသနင်း၊ စိုးရှင်
မင်းက၊ တစ်ချင်းတည်းသာ၊ ငါနှင့်အတူ၊ နေ့လင့်ဟူလည်း၊ မည်သူ
တန်ဆ၊ ဘုန်းမမျှချေ၊ သို့ဖြစ်ထွေကြောင့်၊ အနေမြော်ဆ၊ မပြူ
ကြနှင့်၊ ကာမချမ်းသာ၊ ခံသည်မှာလည်း၊ စာနာထောက်ဆ၊
ရှုတ်ချ၍သာ၊ ခံစားရာသည်။ ။ပညာရှင့်ခစ ထပ်ပွားဘည်း။

၂၂။ ပညာရင့်စေ၊ ရေမြေသခင်၊ ဘုရင်ဘုန်းရှိ၊ ဘူမိပါလ၊ ရာဇိန္ဒလျှင်၊
မောင်းမကိုယ်လုပ်၊ ပတ်ချုပ်ရံကာ၊ ပျော်စံရာ၌၊ ဘာသာ
ရေးပြွမ်း၊ ကျွမ်းမဝင်သာ၊ ဆိတ်ကွယ်ရာဝယ်၊ မျက်နှာပြိုင်ပဲ၊
ပူးတွဲယှက်တင်၊ တိုင်ပင်သမူ၊ မပြုသင့်ဘူး၊ သားစားကြူးသား၊
ဘီလူးတစ်ံ၊ ဆွေသဖွယ်၊ မျက်ကွယ်တမျှ၊ လူအ,အလှား၊ နားပင်း
အသွင်၊ မှတ်ထင်တွေးယူ၊ ရွှေနန်းသူနှင့်၊ ချစ်မြူဆန့်ကျင်၊
ကျွမ်းမဝင်နှင့်၊ အနှင်ပိုင်ဂ-ား၊ မေ်းနား-ထွေထွေ၊ ရွှေနှင့်
ငွေလည်း၊ မြွေအဆိပ်တူ၊ မယူစောင့်စား၊ နိုးကြားတတ်သိ၊
သတိလုံ့လ၊ ပစ္စက္ခ၌၊ ဒေါသအပြစ်၊ များစွာဖြစ်သည်၊
သောက်ယစ်စားကြူး၊ ပျော်မြူးစင်ကင်း၊ မင်းတို့တံတွာ၊ မိဂ
ဒါဟု၊ မည်သာချမ်းအေး၊ ဘေးမဲ့ပေးသည်၊ ငှက်ကျေးပျော်ရာ၊
အရပ်သာအား၊ ရှောင်ရှားဝေးစွာ၊ ဖဲကြည်ခွာ၍၊ မင်းသာ
ကေန်၊ နေထိုက်တန်သား၊ သလုန်ညောင်စောင်း၊ ကိန်းအောင်း
စက်ရာ၊ ပလ္လင်သာက၊ ရောင်ဝါဖြိုးထွေ၊ မင်းစိုးလျှေနှင့်၊ စံရွှေ
ရည်ညက်၊ ရထားထက်လည်း၊ မတက်စီးရာ၊ ကြံစာနာလျက်၊
တန်ဆာဆင်ယင်၊ မင်းလမ်းခွင်နှင့်၊ ထွက်ဝင်သွားလား၊ မင်း
တံခါးကို၊ မှန်းထားပိုင်သ၊ အခွင့်ရလည်း၊ ကာလဆွေးနွေး၊
အရေးယူငင်၊ ရှုဆင်ခြင်လျက်၊ မဝင်ပေရာ၊ ခယမ်းခါ၌၊ ရှိန်ဝါ
ညီးညီး၊ မီးကိုတူရှု၊ နေမူနောက်ထား၊ အရှင့်အားလျှင်၊
ခြေဘက်ပါးပြစ်ကွေ၊ ခယမ်းလေလော့၊ ပုံသေမှာထား၊ ရှေး
စကားကို၊ မှတ်သား၍သာ၊ သင့်တင့်ရာက၊ မျက်နှာရွှင်ပ၊

တင်ပြမြန်နှင့်၊ အများဘောင်ဝယ်၊ ရှုချင်ဖွယ်သည်။ ။ပွဲလယ်တင့်စေ ရှင်လန်းတည်း။

၂၃။ ပွဲလယ်တင့်စေ၊ ခယမ်းနေသော်၊ ရေမြေစိုးခြာ၊ နရာမိပ္ပ၊ နရစံတည်၊ မင်းဟူသည်ကား၊ အရည်မတန်၊ ပြင်းတန်အမျက်၊ ထွက်သည်ရှိသော်၊ မျက်စိမှိုက်ဝင်၊ မီးသွင်ပြုန်းဝေး၊ ပျက်စီးတတ်ချေ၊ သို့ဖြစ်လေ၍၊ မခချနှုတ်ကြမ်း၊ အသွမ်းပြိန်ဖျင်း၊ ပြောဆိုခြင်းနှင့်၊ ကင်းစေလတ်သေး၊ သားမြေးညီကို နန်းရိပ်ခိုသည်၊ ထိုထိုစုဝေး၊ ဗိုလ်အလေးအား၊ စားကျေးကျွန်ရွာ၊ နှင်းသောခါတုံ၊ လျှာမရှိငြား၊ ငါးနှင့်အတူ၊ လျစ်လျူတမ်းသာ၊ နေ့ပေရာရှင့်၊ ဟတ္ထာရောဟ၊ စသည်လေးစု၊ ဗိုလ်အထုကို၊ အမှုထမ်းခေါင်၊ တွေ့တိုင်းအောင်ဟု၊ မြွားမြောင်ရိက္ခာ၊ ဆုဒပေးရာ၌၊ စမ်းသာနှစ်သက်၊ မဖျက်ဆီးသာ၊ ကြည်ဖြူရှာရှင့်၊ ဤသာတက်ရွှန်း၊ ကိုယ်လှက်ကျန်း၍၊ ပွင့်လမ်းမှုကား၊ စီးပွားဖြစ်ကြောင်း၊ လမ်းကောင်းပင်ကို၊ ဆိုလတ်သည်ကြောင့်၊ ရှုပ်ရည်ပျက်စီး၊ ကုတ်ဟီးချောင်းဆိုး၊ တန်ခိုးတနာ၊ ပညာခွန်အား၊ ရွှေ့ရှားလျော့သက်၊ ကိုယ်လက်ပူပန်၊ ကာမည္ဟန်သို့၊ ကြိမ်ဖန်များစွာ၊ မသွားရာသည်။ ။ရောဂါလွှင့်စေ မာကျန်းတည်း။

၂၄။ ရောဂါလွှင့်ပေ၊ မာကျန်းလေက၊ တက်နေ့စမြဲ၊ မင်းပွဲရပ်ခွင်၊ ရွှေ့တော်ပြင်၌၊ ဆင်ခြင်ဆို့ပိတ်၊ ရှိရှာစိတ်နှင့်၊ ဆိတ်ဆိတ်ချည်းသာ၊ မဖြစ်ရာတည့်၊ သိတာရည်တွေ၊ မြစ်မရေသို့၊ မနေမနား၊ တဖွားဖွားလျှင်၊ စကားမည်ကွာ၊ မဖြစ်ရာတည့်၊ ခွင့်သာလတ်ဘိ၊ ကြိုက်သည်ရှိက၊ သတ္တိရဲရဲ၊ နည်းနာစွဲ၍၊ မကွဲမပြို၊ နှိုင်းရှည့်ဆိုလော့၊ မျက်လိုမချွေးထွက်၊ ရန်နှစ်ဘက်ကို၊ ဦးရှက်မတိုက်၊ ထိခိုက်မလေ့၊ မွှေမွှေသာသာ၊ မူရာဆေးဆေး၊ ယဉ်ကျေးညှိသက်၊ ကြောက်ရှက်တတ်ဘိ၊ မင်းလိုသိလျက်၊ ဇာတိဝရ၊ ဂုဏမြောက်မြား၊ သူတို့အားလည်း၊ ရှောင်ရှားနှိမ့်ချ၊ ဂါရဝဖြင့်၊ မိဘသိမ်းမွေး၊ လုပ်ကျွေးမပြတ်၊ မေ့ကျန်တတ်သား၊ အနန်ခတ်ကြက်တိုက်၊ သားယုံကင်းဖမ်း၊ မှုသွမ်းထွေရာ၊ ဖဲကြဉ်ခွာလျက်၊ ခန်းဝါရပ်ဝေး၊ သူ့ခွင့်ကျေးက၊ သုံ့သေးမှန်၊ ရောက်လာတွန်သား၊ သူ့ကျွန်တစ်သင်း၊ သူ့အချင်းနှင့်၊ သင်းပင်း

ဖော်ရွေ၊ မဖြစ်စေနှင့်၊ ရေမြေသနင်း၊ ကိုယ့်ရှင်မင်း၏၊ သဘင်းရောင်ဝါ၊ အာဏာတက်ဖြိုး၊ ထိန့်ထိန့်နိုးမျှ၊ တန်ခိုးပြင်းစွန်၊ ဂုဏ်တံခွန်ကို၊မိုးစွန်လှင့်လော့။ ။ချီးမြှင့်မြှက်ဖော် ပြည့်သွန်တည်း။

၂၅။ မြှက်ဖော်ညွှန်းပြ၊ သိတတ်ကြစေ၊ ထုံးစံဖွေသော်၊သူသေအလား၊ မင်းခစားဟု၊ အများဖော်ပြ၊ ဆိုစကြရှင့်၊ ဆုံးမခံခံ၊ သူတော်ထံ၌၊ ကျိုးနွံသဒ္ဒါ၊ လူဒါန်းခါဝယ်၊ ယာစကာဖုန်းစား၊ သူတို့အားလည်း၊ မတားမြစ်ရာ၊ သည်အခါကား၊ စိတ်ဖျာဝေစု၊ ကောင်းမှုပြုရာ၊ သည်အခါကား၊ ပညာပွားဖို့၊ နှစ်လိုခွင့်သာ၊ ပြုကောင်းရာဟု၊ အခါအခါ၊ အရာရာကို၊ ဝမ်းမှာမှတ်သား၊ ကြံစိတ်စားလျက်၊စပါးကြီးမြွေ၊ နေစလုည့်ကာ၊ ချင့်ရပ်မှာလျှင်၊ အစာရှေးရှု၊ ရောက်သောဟူသို့၊ စိတ်ယူကြံခိုး၊ ကံမရိုးနှင့်၊ ဆော်နှိုးဖန်ဆင်း၊ တလင်းနွားခြံ၊ ခါရံနေနား၊ မပြတ်သွားလျက်၊ စပါးခွန်နက်၊ ချင့်တွက်ကုန်အောင်၊ ကျီကျလှောင်ပြီး၊ အိမ်တောင်ခမ်းနား၊ သောက်စားချက်ရန်၊ အိုးတန်ဆန်မျှ၊ နှစ်၊လ၊ရက်စာ၊ ခန့်တိုင်းတာ၍၊ မင်္ဂလာပွဲတံ၊ ချေးခံရေသုံး၊ ထုံးနှင့်ညီမျှ၊ ဆင်ခြင်ရှုလျက်၊ ဝတ်တုစားပ၊ မလွှားကြရာ၊ တော်တည့်စွာလျှင်၊ စိတ်ဖျာမြော်တင်း၊ မှူခပင်း၌၊ ညှိဖျင်းညီမျှ၊ ချိန်ဆုံးဆ၍၊ မိတ္တစိတ္တိ၊ စုံညီလှစ်ဖွေ၊ ကြံဆ၊ တွေသည်။ ။ခွဲဝေကျကျ နနတည်း။

၂၆။ ကျကျနန၊ တ္ကက်ဆဝေခွဲ၊ မိုက်မဲတွေဝေ၊ သူသေအလား၊မျိုးဆွေဝါးကို၊ ဝတ်စားရေစာ၊ မျှရုံသာနှင့်၊ ကြီးရာမထင်၊ တောသစ်ပင်မျှ၊ ဆွဲခင်ပွန်းစစ်၊ ဖြစ်သောဟူသို့၊ နည်းယူထောက်ထား၊ အဝေးသားလျက်၊ စီးပွားကုန်အောင်၊ ဆောင်ပေမှုကား၊ ထိုသူအားလျှင်၊ ကြီးမားစေရာ၊ သစ္စာမပျက်၊ ရန်မက်မဆန်၊ ရန်မာန်ရှုတ်ချ၊ မောဟဖြုစင်၊ အရှင်မှောက်ကွယ်၊ ပြုဖွယ်ကိစ္စ၊ တမျှတည်းသာ၊ ထွေရာမကြံ၊ မြဲမြံခွေသိပ်၊ အိပ်လည်းရှိခိုး၊ နိုးလည်းဦးတင်၊ အရှင်ထံရင်း၊ မကင်းစလှည့်၊ မင်း၏ရိပ်ခြည်၊ နားလည်ကျင်ကျွမ်း၊ ခ၊ယမ်းမှီခို၊ မင်းလိုလိုက်တတ်၊ မင်းမတ်ပီပီ၊မဖီမဆန်၊ အလှန်တင့်ကဲ၊ ထွက်ဝင်မြဲလျက်၊ ဝတ်လဲဆင်ရာ၊ ဆက်သခါတွည့်၊ နံ့သာရည်ဖျော်၊ ခြေတော်စကြာ၊ ဆေးကြောရာ၌၊ မျက်လွှာချလှတ်၊ မျက်ပိုးသတ်၍၊ ကျင့်ဝတ်စုံစွာ၊ ကုန်စေ

ရာရှင့်၊ အာဃာတငြိမ်းထန်၊ မင်း၏မာန်ဖြင့်၊ ဒဏ်မရှိလျက်၊ ရိုက်နှက်လွန်လျား၊ ပြုလှည့်ငြားလည်း၊ ပြစ်မှားစင်ကြယ်၊ ချစ်ခင်ဖွယ်သည်။ ။ခွေးနှယ်ခခ ယယတည်း။

၂၇။ ခခယယ၊ တုတ်ကွထမ်းရွက်၊ လုပ်နက်ကြံဘာ၊ ကြိုးပမ်းပါလည်း၊ ကြမ္မာထောက်ပင့်၊ ကြောက်မသင့်၍၊ ခွင့်မရသေး၊ ဘက်နှောင့်နှေးလျက်၊ ပြာမှုန်းမီးခဲ၊ ရှိန်ဝါစဲမူ၊ သဟဲလှောက်ကူ၊ လေညှင်းဟူသား၊ မိတ်သူတော်ကောင်း၊ အသင့်ချောင်း၍၊ ယှဉ်ပေါင်းလေရာ၊ မိုးမရွာသော်၊ ရံခါကောက်ညွန့်၊ မိုးရေဆွံ့လျက်၊ စိုပြန့်မလန်း၊ နွမ်းညှိုးမြန်းက၊ ခင်ပွန်းမိတ်ကောင်း၊ မြောင်းကပင်းသင်း၊ ရေရှင်သွင်းသော်၊ မင်းကကောက်မျိုး၊ ဖွံ့ဖွံ့ဖြိုးလိမ့်၊ အကျိုးအကြောင်း၊ ထုံးဟောင်းပုံပြင်၊ ရာဇဝင်နှင့်၊ ဗေဒင်မမွှသတ်၊ လောကဝတ်လည်း၊ မတတ်ပသီ၊ ဆင်စီးမြင်းနှင်၊ လေးငင်လှံစက်၊ အချက်ကျကျ၊ ပြတ်ရှမားစောင်း၊ ကာတောင်းကာလွှား၊ သူ့ဗိုလ်ကြားသို့၊ ထိုးသွားချင်းဖောက်၊ ရှုံကြောက်မလန့်၊ ခန့်ခန့်သမျှ၊ မှုကိစ္စ၌၊ ကိုယ်ထကိုယ်ထူ၊ လုံ့လမူ၍၊ ရန်သူပြိုင်ထောက်၊ ရဲရေးရောက်သော်၊ နောက်မဆုတ်ဆိုင်း၊ ပိုင်းဖိုင်းကျိုးအောင်၊ သက်စွန့်ဆောင်မူ၊ အခေါင်ထိပ်ဖျား၊ တံခွန်လွှားသို့၊ အများတကာ၊ မှီခိုရာဖြင့်၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးလျက်၊ ဆွေမျိုးများလယ်၊ တင့်တယ်ကျက်သရေ၊ တက်လေလေလျှင်၊ မြူတေစံကျွန်း၊ တရှိန်းရှိန်းလျှင်၊ ဂုဏ်ပန်းဝေဝေ၊ ပွင့်ကုန်စေလော့။ ။လူ့ပြည်တည်ဖည် ပပတည်း။

၂၈။ တည်တည်ပပ၊ ဘဝလူ့ရွာ၊ ကိုယ်ခန္ဓာကား၊ တရားအနှစ်၊ ကိုယ်၌ဖြစ်လည်း၊ ပန်းစစ်နှိုင်းလျော်၊ ကျေးဇူးသော်မူ၊ ကျူးကျော်ဘုန်ခန်း၊ ကမ္ဘာကျွမ်းလည်း၊ ဥဒါန်းမကျေ၊ လူ့မြေနတ်ရပ်၊ ပွဲတင်ထင်၏၊ စောင့်ကြပ်စိုးကဲ၊ ပြည်ထဲသခင်၊ ရှင်၏မေးခြင်း၊ မင်း၏မေးထွေ၊ ချေချသာသာ၊ ပညာရှိမေး၊ အရေးသုံးပါး၊ ကြိုက်လတ်ငြားသော်၊ စကားနှုတ်ပြန်၊ ယုတ်လွန်နှိုင်းချက်၊ တိုင်းဆဖက်၍၊ နှစ်သက်နာဖွယ်၊ ရွေးချယ်စုံမိမ်း၊ ခွင့်လမ်းသိသိ၊ လျောက်ထားမိအောင်၊ သတိဖြူစင်၊ စိတ်ဆင်ခြင်လျက်၊ ရှင်တည့်ဖောက်ပြန်၊ မေ့လျော့ကျန်၍၊ နောင်ဖန်နောင်လ၊ ရောက်မှ

ကုသိုလ်၊ ပြုလိုသည်ဖြစ်၊ ရွှေနှုတ်လှစ်လည်း၊ ကျူးပြစ်သိမျှော်၊ ကိုယ်တော်ကြိုက်ရာ၊ မလိုက်သာတည့်၊ မင်းမှာတက်သက်၊ ဝင်ထွက်ခစား၊ မင်းယောကျ်ားတို့၊ စကားလျှို့ဝှက်၊ ပြင်မထွက်စေ၊ ဖုံးဖိတွေဖြင့်၊ ပြေပြေပြစ်ပြစ်၊ သူ့ကျွန်ဖြစ်၍၊ ညွှတ်ပြစ်ခဲလေး၊ အပြစ်ပေးလည်း၊ အောင့်အေးခံကာ၊ မျက်နှာမခြား၊ ရှင်မြှောက်စားလည်း၊ မလွှားမထောင်၊ မစောင်မရစ်၊ အရှင်ချစ်က၊ ပွင့်သစ်ရောင်ဝါ၊ ကြာနှယ်ပင်ကို၊ လူထိုထိုတို့၊ ခိုမှီကြမြဲ၊ နှလုံးစွဲလျက်၊ အထဲတစ်ပါး၊ ပြင်မခြားတည့်၊ သနားစရာ၊ ရှင်မျက်နှာနှင့်၊ မကွာမကွေ၊ ချစ်ရိုသေလျက်၊ ခြေတော်စက်ကို၊ ဦးထက်ထားတင်၊ မြဲစေချင်သည်။ ။စိတ်တွင်သာသာ ကြည်ကြည်တည်း။

၂၉။ သာသာကြည်ကြည်၊ ဝပြောစည်သား၊ မြန်ပြည်ခန်းဝါ၊ ဤလူ့ရွာတွင်၊ ချမ်းသာတင့်နိုး၊ ဒေရပြည့်အိုးကို၊ တန်ခိုးမဲ့လျက်၊ ပိန်ညင်းငှက်တို့၊ နံနက်လင်းစင်၊ မျက်ဝါးမြင်က၊ ဦးတင်ကြင်ချစ်၊ လက်ယာရစ်၍၊ ပုဆစ်ကုပ်ကွေး၊ ညွှတ်တုံသေးရှင့်၊ ဘေးမရှိစေ၊ ဘုန်းမိုးဗွေလျက်၊ ရွှေငွေဝတ်စား၊ စပါးရေဆန်၊ သလွန်ညောင်စောင်း၊ ရိပ်ကောင်းခန်းဝါ၊ အိပ်ရာနေခင်း၊ ဆင်မြင်းထမ်းစင်၊ ယာဉ်ညင်အမြတ်၊ ပေးပေတတ်သား၊ မိုးနတ်တမြင့်၊ ထမင်းသခင်၊ ကျေးဇူးရှင်ကို၊ ဘယ်လျှင်ရှောင်သွေ၊ မညွှတ်နေအံ့၊ ကောင်းထွေမြတ်လေး၊ အရှင်မွေးက၊ နှိုင်းသွေးမနီး၊ နေ့ချင်းကြီး၏၊ မီးနှယ်လောင်ဖျက်၊ အရှင်မျက်က၊ ပျက်ပျက်စီးစီး၊ နေ့ချင်းပြီး၏၊ သီးသီးကြံလှိုင်း၊ ငါမှာတိုင်းကို၊ ဆုံ့ကြိုင်းအင်ပျို့၊ သားမောင်တို့ကား၊ နှစ်လိုမြဲစေ၊ ကျင့်နိုင်လေက၊ အနေသူ့ထက်၊ ကျေးဇူးနက်၍။ ။တိုးတက်မြင့်မြင့် ရှည်ရှည်တည်း။

၃၀။ မြင့်မြင့်ရှည်ရှည်၊ ဘုန်းတော်စည်သား၊ လူ့ပြည့်စိုးရ၊ ဇနိန္ဒဟု၊ နရသနင်း၊ မင်းဟူသည်ကား၊ အရည်အချင်း၊ အရင်းဥစ္စာ၊ အရာအမျိုး၊ မကိုးသင့်သေ၊ ကမ်းခြေသစ်ပင်၊ ပုံပြင်မခြား၊ သနားသော်သာ၊ လိုရာရောက်နိုင်၊ အပြီးတိုင်၏၊ ပည်းလှိုင်ဂုဏ်အင်၊ ရှိတုံကျင်လည်း၊ အရှင်တမည်၊ မချစ်ကြည်က၊ လူရည်

ညှို့ချေ၊ မိတ်ဆွေပေါင်းဖက်၊ မိဘလျက်လည်း၊ ယှဉ်းကွက်နှောင့်နှေး၊ မလေးမမြတ်၊ ဖြစ်တို့တတ်၍၊ အထွတ်ရန်နင်း၊ မင်းလျှင်မွေးမြူ၊ ချစ်ကြည်ဖြူက၊ ဗိုလ်လူတကာ၊ မေတ္တာကဲလွန်၊ မြိတ်စွန်မြေးသား၊ မယားကစ၊ ညွှတ်ခရိုသေ၊ သွားလေရာရာ၊ မျက်နှာပြုချင်၊ ဆိုလျှင်နာပျော်၊ ဝတ်သော်တင့်နိုး၊ တန်ခိုးရောင်ဝါ၊ ကုမုဒ်ကြာသို့၊ တစ်ခါဖြစ်မြဲ၊ မချွတ်လွဲသည်။ ။ မြင့်မြဲခိုင်ခိုင် ကျည်ကျည်တည်း။

၃၁။ ခိုင်ခိုင်ကျည်ကျည်၊ မြဲမှတ်တည်သား၊ မြရည်ကျွန်းတွင်း၊ လူခပင်းတို့၊ တတ်ခင်းမှန်လှ၊ ဌာရသဟု၊ ယောကျ်ားဖွယ်ရာ၊ စုံမှသာလျှင်၊ နရာဘုန်းထူ၊ ချစ်ကြည်ဖြူ၍၊ ဗိုလ်လူနှုတ်ပိတ်၊ ကြည့်ရှုဆိတ်၏၊ ပရိတ္တက၊ ကံပုဗ္ဗကြောင့်၊ သိပ္ပမစုံ၊ ဖြစ်ငြားတုံက၊ ယှက်ဆုံမပြား၊ အူထုံဖွားမှ၊ စိတ်ထားမမြဲ၊ ရှုဆိတ်ခဲစွ၊ ပေါ်ထဲစုံညီ၊ သိင်္ဂီနှင့်နှိုင်း၊ တက်စုံလှိုင်း၍၊ တက်တိုင်းရာကျ၊ ခွင့်သိမှလျှင်၊ ကာလကိုစာ၊ ရပ်ရွာကိုမျှော်၊ သူ့အာဘော်နှင့်၊ တော်လျော်စေလျှင်း၊ ဖော်ရွေခြင်းကို၊ ကွယ်တင်းမျက်မြင်၊ ပြစ်တင်မဆို၊ ဝန်တို့မတတ်၊ စိတ်မှတ်မထား၊ မင်းနားမချော၊ သဘောဖြောင့်စိုက်၊ မင်းသုံးထိုက်အောင်၊ နှုတ်လိုက်လက်ပါ၊ တတ်ပညာသည်။ ။ဥစ္စာနှိုးနှိုး ရင်းရင်းတည်း။

၃၂။ နှိုးနှိုးရင်းရင်း၊ တုံ့ဝပ်ပြင်းလည်း၊ သနင်းလူ့ဘ၊ မိန့်တော်ပြသား၊ နရရန်နင်း၊ မင်းနှင့်ရဟန်း၊ ထွေဆန်းတသီး၊ မြေနှင့်မီးကို၊ ကြေးငယ်ဟု၊ ဂရုမထင်၊ မဆန့်ကျင်နှင့်၊ မထင်ရန်မိတ်၊ မင်းတို့စိတ်မူ၊ ငင်ချိတ်မထား၊ တစ်ဆံဖျားမျှ၊ မမှားစောက်ပေ၊ မှားရှောက်ချေက၊ ကပ်လေမှုတ်ပစ်၊ ဖွဲ့ပြာဖြစ်အောင်၊ ပြစ်ရာဇဝတ်၊ ပေးတို့တတ်၏၊ ရေးကတ်ရာခဲ၊ တပွဲနင်းမိ၊ တော်သင့်မိ၍၊ ခန့်ချိမှတ်ရွေး၊ အရှင်မွေးက၊ နီးဝေးအံ့ချီး၊ နေ့ချင်းကြီးလျက်၊ ထီးနှင့်မြောက်စည်၊ လည်စလွယ်ပတ်၊ ရာကြီးမြတ်လိမ့်၊ မင်းမတ်ခံလို၊ လုလင်ပျိုတို့၊ သည်ကိုရည်မှတ်၊ မင်းလေးမြတ်အောင်၊ ကျွန်ဝတ်ကုံတွင်၊ စုံစေချင်သည်။ ။ပုံပြင်ခင်းခင်း ကျင်းကျင်းတည်း။

၃၃။ ခင်းခင်းကျင်းကျင်း၊ ပုံနှုန်းသွင်း၍၊ အလင်းဖော်ပြ၊ ဆိုဆုံးမအံ့၊
ယောကျ်ားဖွယ်ရာ၊ စီးပွားရှာသော်၊ ကမ္ဘာဆုံးအောင်၊ မြားမြောင်အသက်၊ ဆက်၍စားမည်၊ စိတ်သန်ရည်လျက်၊ တည်တည်ပပ၊ ကြိုးလုံ့လ၍၊ စီးပွားအရာ၊ ပြုအပ်စွာရှင့်၊ ဒါနသီလ၊ ပုညကောင်းမှု၊ ဆယ်ခုကုသိုလ်၊ ဆည်းပူးလိုသော်၊ ဤကိုယ်ခန္ဓာ၊ ရတနာရွှေငွေ၊ တက်ဒေရများထု၊ ပစ္စည်းစုကား၊ ယခုလက်ငင်း၊ လောလောချင်းလျှင်၊ ကုန်ခြင်း ပျက်ခြင်း၊ မကင်းအနိစ္စာ၊ ပျက်တတ်စွာဟု၊ ကြောင်းချာစေ့စေ့၊ ပညာမျက်ရှုမြင့်၊ အောက်မေ့တလျှဉ်၊ ဤဝိညာဉ်သည်၊ ရှင်ဇဉ်သုံးဌာ၊ လေးဖြာစုပုံ၊ ပြုပြီးတုံမှ၊ တစ်ပုံကိုမူ၊ အလှူကောင်းမှု၊ နိဗ္ဗာန်ဆုကို၊ လိုဟုရည်လျက်၊ ရေစက်သွန်းချ၊ အမျှပေးဝေ၊ ပွားကုန်စေလော့၊ တွက်ရေမြားမြောင်၊ သောင်းထောင်ကုဋေ၊ ရှည်မြင့်ကြာလည်း၊ မြတ်စွာဘုရား၊ တရားဓမ္မက္ခန္ဓာ၊ သံဃာဟူသည်၊ ကြုံရမည်ထား၊ ကြွားရမည်မျှ၊ ခဲယဉ်းလှလျက်၊ စက်သားသနား၊ ကြုံခဲစွာကို၊ ကြုံမှာကောင်းလှ၊ ကြုံကြိုက်ကြသား၊ သူတောင်းများတို့၊ သုံးပါးသရဏဂုံ၊ နေ့တိုင်းထုံ၍၊ လေးဘုံအပယ်၊ လားဖွယ်သမှု၊ အပြုဝေးစေ၊ ကြဉ်ရှောင်လေလော့၊ လေးထွေပါယ်ရွာ၊ လားအံ့ဌာနှင့်၊ ရေးရာမတော်၊ တွေ့တုံသော်လည်း၊ မလျော်အောက်မေ့၊ ချိန်ခါရွှေ့၍၊ ရက်နေ့ကျွမ်းအောင်၊ ကြိုးစားရှောင်လော့။ ။
ပါယ်ဘောင်လွှတ်လွှတ် ရှင်းရှင်းတည်း။

၃၄။ လွှတ်လွှတ်ရှင်းရှင်း၊ အပါယ်တွင်းသို့၊ မဆင်းစိမ့်ငှာ၊ ဆုံးမပေးအံ့၊ ရင်သွေးဟူက၊ ချစ်မဝတည့်၊ မိဘတော်ထွာ၊ သားလာကာနှင့်၊ တစ်ရာနှစ်ကဲ၊ လည်ချင်းနွဲလည်း၊ ရောင့်ရဲမထင်၊ စုံမက်ကြင်လျက်၊ ဖြုတ်ခြင်ကိုက်နှာ၊ မြူရှိမာမျှ၊ ရံခါတစ်ရစ်၊ မဖြစ်စေရက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်းဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြု၍၊ ဝတ်တုစားပ၊ ဆောင်ရွက်စသား၊ ကုံငြေသည့်တင်း၊ ဖြန့်ဖြူးခြင်းလည်း၊ မကင်းရေမိုး၊ ဥယျာဉ်မျိုးသို့၊ မညှိုးမခေါင်၊ ကြီးပြင်းအောင်လျှင်၊ စောင်စောင်ပျပ်ပျပ်၊ ကွပ်ညှပ်ဆုံးမ၊ သင်ပြသသည်။ ။ငယ်လက်ဦး ဆရာတည်း။
၃၅။ လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘအား၊ မွေးသည့်သားတို့၊ လိုက်လားသိမှတ်၊ ကျင့်မြဲဝတ်ကား၊ ရှိညွှတ်

လေပင်၊ ကျေးဇူးရှင်ဟု၊ ပန်ဆင်ဦးထက်၊ ရွှေပန်းခက်သို့၊ အသက်မြင့်ရှည်၊ တည်သရွေ့လျှင်၊ချောသွေ့စကား၊ နားမထောင်လျှင်း၊ လုပ်ကျွေးခြင်းနှင့်၊ လယ်ခင်းကစ၊ မိဘတို့ဝယ်၊ ပြုဖွယ်ဖွယ်၌၊ မတွယ်မငြို၊ မိမိမှုများ၊ ပစ်စွန့်ထား၍၊ စီးပွားရှာရှာ၊ နောင်လာမပျက်၊ နွယ်ဆက်မျိုးညွန့်၊ ပြန့်စိမ့်သောကြောင်း၊ ကောင်းသားစရိတ်၊ မဖိတ်မယို၊ ထိုမှုထွေထွေ၊ မိဘမွေ့ကို၊ ခံပေအိုက်အောင်၊ ဆောင်သားခြင်းရာ၊ ခန္ဓာဇာတို့၊ တည်မရှိလည်း၊ငါ့မိငါ့ဖ၊ ရစလေစေ၊ ဖို့ဝေဒါန၊ကျွမ်းငါးပါး၊ အတိတ်ကြားသည်။ ။တရားကျင့်ဝတ် စဉ်လာတည်း။

၄၆။ ကျင့်ဝတ်တရား၊ကျွမ်းငါးပါးနှင့်၊သားတို့ဖွယ်ရာ၊ ကုန်တတ်စွာမူ၊ ထိုသည့်သူကို၊ လူလည်းလူထွက်၊ လူကော်မှတ်ဆလော့၊ နတ်လည်းနတ်လျောက်၊ နတ်ပြည်ခြောက်မျှ၊ ချီးမွမ်းကြလိမ့်၊တွေးဆမျက်ဖျော်၊ ဘီလူးသော်လည်း၊ မချော်မခက်၊ စိတ်မွေ့ညက်၍၊ အသက်မသတ်၊ ဘေးမဲ့လွှတ်၏၊ မလတ်မကော၊ မြစ်လယ်ကြောယ်၊ သဘော လှေမှောက်၊ သေဘေးရောက်သည်း၊ ချီးခြောက်နတ်များ၊ မှသောအားဖြင့်၊ ထိပါးဥပဒ်၊ ဘေးမဲ့လွှတ်၏၊ ကင်းပြတ်ဝိညာဉ်၊ ခန္ဓာစဉ်လည်း၊ ဖဲကြဉ်အပါယ်၊ လူ့ဘုန်းကြွယ်ဟု၊ လူဝယ်လူထင်၊ နတ်တွင်နတ်ကောင်း၊နှောင်းကားမင်္ဂဖိုလ်၊ လိုသားဆုမြတ်၊ ပြည့်ရှာတတ်လိမ့်၊ အကျွတ်သံချောင်း၊ဘုရားလောင်းတို့၊လွှဲပြောင်းဖောက်ပြန်၊ တိရစ္ဆာန်ဟု၊ သဏ္ဌာန်ယုတ်မာ၊ ဖြစ်သောခါလည်း၊ ပညာဇာတိ၊ မွေးကျိုးသိ၍၊ မွေးမိမွေးဖ၊ မွေးဖူးကြသည်။ ။ရှေးကလမ်းဟောင်း စဉ်လာတည်း။

၄၇။ လမ်းဟောင်းစဉ်လာ၊ မှတ်ကုန်ပါလော့၊ ပညာသုတ၊ မနအင်ခွင်၊ ချစ်ကြင်မယား၊ သားလည်းတထွေ၊ မိတ်ဆွေတစ်ဦး၊ ရာထူးကာဝ၊ ဒါနကုသိုလ်၊ ဆိုခဲ့တုံငြား၊ ခုနစ်ပါးကို၊ လူများထံ၌၊ ရခဲစွာ၏၊ ရပါလျှင်လည်း၊ ကိုယ်ဘွင်းခိုင်ကျည်၊အမြဲတည်အောင်၊ ခက်သည်လည်းကောင်း၊ တည်ပါရှောင်းလည်း၊ မြင့်ညှောင်းကာလ၊ ကျိုးထူးရအောင်၊ ခက်လှသည်ပင်၊ ရှုဆင်ခြင်၍၊ လူ့ခွင်သရေ၊ တိုးတက်စေလော့။ ။ဂုဏ်နေသွန်းသွန်း မြင့်မြင့်တည်း။

၃၈။ သွန်းသွန်းမြင့်မြင့်၊ ဂုဏ်ချည်တင့်အောင်၊ ကျင့်အပ်သည်မှာ၊
ပညာသုတ၊ ဆည်းပူးကြ၍၊ နေ့ညမြဲစေ၊ မမေ့လေနှင့်၊ ရွှေငွေ
လယ်ယာ၊ ဥစ္စာကိုကဲ့သား၊ တရားသမ္မ၊ ရကြောင်းစု၍၊ သုံးမှု
ဆောင်ခင်း၊ မျှတခြင်းတည့်၊ သက်နှင်းစုထား၊ မယားသားကို
ငါးပါးဝတ်နှင့်၊ ညီအောင်ကျင့်လော့၊ အသင့်မိတ်ဆွေ၊ ပေါင်း
သင်းလေ၍၊ မချေနှုတ်ကြမ်း၊ အသွမ်းမဆို၊ လိုကာပေးလှူယ်၊ ယိုး
မယ်မပြု၊ ကြည့်ရှုတက်သက်၊ ဆက်လက်မြဲစွာ၊ ပေါင်းသင်းရာ၏၊
ဂုဏ်ဝါမြောက်လှ၊ ရာထူးရအောင်၊ ခယကြိုးပမ်း၊ မှုတော်
ထမ်းရွက်၊ အာရမ်းရှင်ပ၊ ရာထူးရလည်း၊ မကြွစိတ်နေ၊ မကွေ
ထမ်းရွက်၊ ရည်မပျက်အောင်၊ လုံ့လဆောင်လော့၊ နောင်
သံသရာ၊ မျိုးရိက္ခာကား၊ လေးဖြာပုံပြု၊ ဥစ္စာစုကို၊ စားမှု
သောက်ရန်၊ သုံးပုံချန်၍၊ ကျန်တစ်ပုံကို၊ မဂ်ဖိုလ်ရွယ်ချုပ်၊ လှူလတ်
တုံရှောင်း၊ လှူပြီးနှောင်းလည်း၊ ထပ်လောင်းလေလေ၊ လက်ယက်
ရေသို့၊ စေကာအလှူ၊ ပွားသည်မူဖြင့်၊ နတ်လူဗြဟ္မာ၊ ပြိတ္တာ
မကြွင်း၊ ယမမင်းတို့၊ ရလျှင်းပါစေ၊ တိုင်သက်သေကား၊ ဤမြေ
နတ်သား၊ တိုင်တည်ထား၍၊ သိကြားစေသော၊ အလှူကြွဟု၊
ရေစက်ပြုလျက်၊ ကောင်းမှုအနေ၊ ပွားကုန်စေလော့။ ။သရေ
ထွန်းထွန်း တင့်တင့်တည်း။

၃၉။ ကြားပိမ့်သိလော့၊ ဂိရိမန်းညာ၊ မြေမျက်နှာထက်၊ ရတနာပုံပြည်၊
လက်မွန်တည်သား၊ ဘုန်းစည်ဘုရား၊ ထွတ်မင်းဖျား၏၊ ဖဝါး
စကြာ၊ စုံနှစ်ဖြာကို၊ ဟံသာတိုင်းစည်၊ မွန်တို့ပြည်မှ၊ သာကြည်
ပြန်ခေါက်၊ ဖူးလှာရောက်သော်၊ ချီးမြှောက်မနှေး၊ မှာတော်
ရေးဟု၊ သူကောင်းပြု၍၊ ဗဟုသုတ၊ ဉာဏစုံဖြိုး၊ ရင့်ကြောင်း
ကြိုးသား၊ နေမျိုးမင်းထင်ကျော်ခေါင်၊ ဘွဲ့တန်ဆောင်ဖြင့်၊
ဂုဏ်ရောင်ပွားစည်၊ မှုထမ်းရှည်မှ၊ မြန်ပြည်ကြငှန်း၊ တို့ထိပ်
ပန်းလျှင်၊ နတ်နန်းတစ်ဆူ၊ သိမ်းတော်မူသော်၊ ညွန့်လူသမ္မာ၊
မြတ်တေဇာနှင့်၊ မဟာဥပရာဇ်၊ ရင်နှစ်ဇောထိ၊ သားတော်
ကြီးလျှင်၊ ဘုန်းမီးဝင်းဝင်း၊ သတင်းဖြိုးဖြိုး၊ တန်ခိုးဝေဝေ၊
မိုးမြေတုန်နန့်၊ ကျွန်းလုံးလန့်လျက်၊ တိုင်းမြန့်ဓမ္မရာဇ်၊ မင်းဆုံး
ဖြစ်က၊ သင်းကျစ်ဥက္ကာ၌၊ ဘမင်းမြတ်၏၊ ယုံမှက်သနား၊ ထူးခြား
ရွေးကောက်၊ ကျွန်တစ်ယောက်ဟု၊ ချီးမြှောက်မပျက်၊ ကြီးဆောင်

ရွှက်နှင့်၊ ဝင်ထွက်ခစေမူ၊ သူကောင်းပြုသား၊ သုတရင်းဝသည်၊ ငါတို့
သည်လျှင်၊ အရှည်မြော်တွေး၊ သားမြေးရှင်လူ၊ ခပ်သိမ်းသူတို့၊
မှတ်ယူလွှယ်အောင်၊ စာစောင်စောင်မှု၊ စေ့အောင်ဖွေရှာ၊ လိုရှိ
ရာကို၊ လင်္ကာချီမြ၊ ကျိုးကြောင်းပြသား၊ သုတမဉ္ဇူ၊ လိုင်ကြူ
ပျို့မှန်း၊ နာခံညွှန်းလျက်၊ သိဝန်းထင်စွာ၊ ဤသည့်စာကို၊
ထောင်ရာကော်ဒွေး၊ လေးဆယ်နှင့်ခြောက်၊ ရောက်တုံ့ဂါဇာ၊
ထွတ်ရာဇာလျှင်၊ မဟာပိန္နဲ၊ ရထားဆွဲ၍၊ ကျင့်မြဲလက်သုံး၊ မင်းတို့
ထုံးဖြင့်၊ ယူကျုံးရွှေငွေ၊ မိုးရွာစေလျက်၊ နန်းမြေသာရှင်၊ ခါ
သဘင်ဟု၊ သဇင်ရွှေလှော်၊ မြိုင်ပေါ်ဝင်းမှည့်၊ နတ်ဝော်ပြည့်၍၊
သားမင်းနေ့ဝယ်၊ ကြယ်ကြတ္တိကာ၊ ငွေပုဏ္ဏာနှင့်၊ နှစ်ဖြာရွှန်းစက်၊
ထွန်းသည့်ရက်၌၊ လင်္ဂမိဿတွင်၊ ကုန်စင်တွက်ကျုံး၊ ပိဒ်သုံး
ဆယ့်ကိုး၊ စာရင်းထိုး၍၊ ဖြိုးဖြိုးဥဿုံ၊ ပြီးပြည့်စုံ၏၊ ကြည်ယုံ
သဒ္ဓါ၊ ဤစာပြုရ၊ နိသံသကြောင့်၊ လေးဝသစ္စာ၊ မကြာ
သိမြင်၊ ဗောဓိခွင်သို့။ ။လျင်မြန်ရောက်စေ စွင့်စွင့်တည်း။ ။





## မင်္ဂလသုတ် ဆုံးမစာ

# သိမှတ်ဖွယ်ရာ

မင်္ဂလသုတ် ဆုံးမစာမှာ သံပေါက်သွားဖြင့် ရေးသာထားသော ဆုံးမစာဖြစ်ပေသည်။ မင်္ဂလာတရားတော်ကို သံပေါက် ၄၄ ပုဒ်ဖြင့်ဖွဲ့ဆိုထားခြင်းဖြစ်ပေသည်။ မင်္ဂလာတရားတော်သည်ပင် လောကတွင် လိုက်နာကျင့်ဆောင်ပါက မွန်မြတ်သောမင်္ဂလာဖြစ်ကြောင်း ဟောကြားထားသော ဆုံးမစာ ဒေသနာတော်ပင် ဖြစ်ပေသည်။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးကို ဟောကြားတော်မူရာ မင်္ဂလသုတ်တော်မှာ ဘုန်းတော်ကြီးကျောင်းများတွင် စာသင်သားတို့အတွက် သင်ပုန်းကြီးကုန်လျှင် စတင်သင်ကြားရသော သင်ရိုးပင်ဖြစ်ပေသည်။ မင်္ဂလသုတ်ကိုမူ ရှေးဆရာတော်က ပျို့လင်္ကာနှင့်ရေးဖွဲ့တော်မူခဲ့ပြီးလျှင် အချို့ကပျာနှင့်ဖွဲ့သူ ရှစ်လုံးဖွဲ့နှင့် ဖွဲ့သူများလည်း ရှိပေသည်။ ယခုဆုံးမစာမှာသံပေါက်ဖြစ်၍ ရေးသူကို စုံစမ်းရှာဖွေ၍ မရသေးပေ။

မင်္ဂလာတရားများကိုအပိုအလိုမပါကျဉ်းကျဉ်းဖြင့်ဖွဲ့ဆိုထားသဖြင့် ကျက်မှတ်ရန်လွယ်ကူပေသည်။ အထူးသဖြင့် ပါဠိပုဒ် အစဖြင့်ချီ၍စပ်ဆိုထားသဖြင့် မူရင်းဂါထာများနှင့် တိုက်ဆိုင်ကြည့်ရှုရာတွင် အထောက်အကူရရှိစေနိုင်ပေသည်။



# မင်္ဂလသုတ် ဆုံးမစာ

## အမည်မသိစာဆို

၁။ ကောလာဟလ၊ ကြံကုန်ကြ၊ ဒေဝ မနုဿာ။
၂။ သက္ကသိကြား၊ တောင်းပန်ငြား၊ ဟောထား ဒေသနာ။
၃။ အသေဝနာစ၊ ဗာလာန၊ ရှောင်ကြ ဝေးဝေးခွာ။
၄။ ပဏ္ဍိတာနဉ္စ၊ သေဝနာ၊ ပေါင်းကြ မှီခိုရာ။
၅။ ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ။
၈။ ကိုယ်ကိုစောင့်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗူတာ။
၉။ အကြားအမြင်၊ များမြောက်ပင်၊ ကြည်လင်အားထုတ်ပါ။
၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမှတ်ကုန်ရာ။
၁၁။ ဝိနယောစ၊ သိက္ခိတာ၊ သင်ကြမျိုးလေးဖြာ။
၁၂။ သုဘာသိတာ၊ ယာဝါစာ၊ ကောင်းလှဆိုအပ်စွာ။
၁၃။ မာတာပိတာ၊ မိနှင့်ဘာ၊ နိစ္စလုပ်ကျွေးပါ။
၁၄။ မယားသားအား၊ သင်္ဂြိုဟ်ငြား၊ တစ်ပါးမင်္ဂလာ။
၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စာ။
၁၆။ အလှူဒါန၊ ပေးဝေငှ၊ ထက်လှ စေတနာ။
၁၇။ အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မခွ သူ့တော်စွာ။
၁၈။ ဉာတကာနဉ္စ၊ သင်္ဂဟ၊ မျှစ သင်္ဂြိုဟ်ပါ။
၁၉။ အနဝဇ္ဇ၊ ပြစ်မရှိ၊ ပြုကြအပ်သည်သာ။
၂၀။ အာရတိစ၊ အမြွေ၊ နေ့ညကြဉ်ကုန်ပါ။

၂၀။ ဝိရတီစ၊ ထူးထွေလှ၊ ကြည့်ကြမှုပါပါ။
၂၂။ မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြလူတကာ။
၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့ညမမေ့ရာ။
၂၄။ ဂါရဝေါစ၊ ရိုတုပ်ကွ၊ မြတ်လှဓမ္မတာ။
၂၅။ နိဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာနမဇထောင်ရာ။
၂၆။ သန္တုဋ္ဌီစ၊ ရောင့်ရဲကြ၊ နိစ္စအလှယ်သာ။
၂၇။ သူ၏ကျေးဇူး၊ မထိမ်မြှူး၊ ကြည်နူးသိကုန်ပါ။
၂၈။ လျှောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ။
၂၉။ သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံး ကျင့်အပ်စွာ။
၃၀။ ကောင်းသည့်စကား၊ ဆိုတတ်ငြား အများ ကြည်မေတ္တာ။
၃၁။ မကောင်းမှုအား၊ ဝေးစွာရှား၊ လားလား ကြဉ်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချွတ်မရှိရာ။
၃၃။ သုံးခါတစ်လ၊ မြတ်ဓမ္မ၊ နေ့ည ဆွေးနွေးရာ။
၃၄။ ခြိုးခြံကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ်အရိယာ။
၃၅။ ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြပဏ္ဍိတာ။
၃၆။ အရိယသစ္စ၊ ဒဿန၊ သိကြ မျိုးလေးဖြာ။
၃၇။ နိဗ္ဗာန်မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက်မင်္ဂလာ။
၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။
၃၉။ စိုးရိမ်သောက၊ စိတ်မခွ၊ ကင်းကြလွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။
၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အများမှတ်ကုန်ပါ။
၄၃။ ကျက်၍အရ၊ ဆောင်လေက၊ ကြီးလှမင်္ဂလာ။
၄၄။ ကျက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်**သာ**။





# အပိုင်း ၂

## မေတ္တာစာ ဆုံးမစာများ

၁။ ကန်တော်မင်းကျောင်း ဆုံးမစာ....ကန်တော်မင်းကျောင်း ဆရာတော်။

၂။ မုံရွေးဆုံးမစာ....မုံရွေးဆရာတော်

၃။ လမ်းညွှန်မေတ္တာ ဆုံးမစာ ၁... ကျည်းကန်ရှင်ကြီး

၄။ လမ်းညွှန်မေတ္တာ ဆုံးမစာ ၂.... ကျည်းကန်ရှင်ကြီး

၅။ ရယ်ဖွယ်ဆယ်ပါး ဆုံးမစာ ... အမည်မသိ စာဆိုတစ်ဦး

၆။ ခေဘျာဝါဒ ဆုံးမစာ .... ဆိ ပန်းနီဆရာတော်



## ကန်တော်မင်းကျောင်း ဆုံးမစာ

# သိမှတ်ဖွယ်ရာ

အမည်မှာ မေတ္တာစာဖြစ်သော်လည်း မင်းကိုဆုံးမသောဆုံးမစာပင်ဖြစ်ပေသည်။ ရှေးမြို့သနင်း မင်းပင်ဖြစ်လျက် ဆုံးမသည်ဟုဆိုချေသော် စကားနှင့်သည့်အားစိုး၍မေတ္တာစာသွင်းစာစသည်ဖြင့်မင်းနှင့်စပ်ရသောသီးခြားဝေါဟာရကိုသုံးထားခြင်းဖြစ်ပေသည်။ သာမန်အားဖြင့် မေတ္တာရှေးရှု၍ မေတ္တာစေတနာကိုဖော်ပြရာ၊ စေ့စော်တိုက်တွန်းလိုရာ၊ ပန်ကြားမေတ္တာရပ်ခံလိုရာကိုဖော်ပြရာဖြစ်သော အခြားမေတ္တာစာမျိုးနှင့်သာ သဘောသွား ခြားနားပေသည်။

ထို့ကြောင့် မင်းကိုဆုံးမရာဖြစ်သော မေတ္တာစာများကို ဆုံးမစာများအဖြစ် သီးခြားကွက်ထုတ်၍ တစ်ခန်းတစ်ကဏ္ဍအဖြစ် ဖော်ပြထားခြင်းပင် ဖြစ်ပေသည်။

ကန်ရတော်မင်းကျောင်း မေတ္တာစာသည် နန္ဒဂူဒါယကာမဟာဓမ္မရာဇာကို ဦးတည်ဆုံးမသောဆုံးမစာ ဖြစ်စေကာမူဥပမာဥပမေယျတို့ဖြင့်ထင်းလင်းသိသာအောင်ဆုံးမ၍ စကားကျစ်လျစ်စွာဖြင့်အစီပွာယ်အကျယ်ကိုငုံမိအောင်ရေးသားထားပြီး သာမန်လူအားလုံးပါမှတ်သားနာယူထိုက်သော ဩဝါဒများ ပါရှိပေသည်။ ထိုမေတ္တာစာကို အကျယ်အဖွင့်များပင် ရေးဖွင့်ခဲ့ကြရပေသည်။

မေတ္တာစာအရေးအသားမှာ ကာရန်အချိတ်အဆက်များပါရှိ၍ လင်္ကာသဖွယ် ထင်ရပေသည်။ သို့ရာတွင်''ပျို့လည်းမပါ၊ လင်္ကာမစပ်၊ပညတ်ပရမတ်၊ အမြွတ်မေတ္တာစာ၊ ဖတ်ကုန်တစ်နေ့သုံးခါ၊ ရ လိမ့်စည်းစိမ်ချမ်းသာ''ဟူ၍ဖော်ပြထားသဖြင့် ရေးရင်းကပင် ပျို့လင်္ကာအဖြစ် ရေးခြင်းမဟုတ်ဘဲ သာယာနာပျော်ဖွယ် လင်္ကာစပ်စကားပြေဖြင့် တိုတိုတုတ်တုတ် ရေးသားခြင်း ဖြစ်ကြောင်း သိသာပေသည်။



# ၁။ ကန်တော်မင်းကျောင်း ဆုံးမစာ

## ကန်တော်မင်းကျောင်းဆရာတော်

အရှိုးတော်ဆရာ၊ မဟာထေရ်ကျော်၊ ကန်တော်မင်းကျောင်း၊ မေတ္တာ လောင်းသား၊ ဘုန်းပေါင်းကျက်သရေ၊ ပရမေ သီရိ၊ ကိတ္တိဂုဏစန်၊ ထန်သည့်တေဇာ၊ အချာလူ့ထိပ်၊ နှိပ်လျက်စိုးသော၊ ဝှန်ဖြိုးရတနာ၊ ရွှေဂူဒါယကာ၊ မဟာဓမ္မရာဇ်....။

၁။ အတိုအရှည်၊ အလည်အပတ်၊ အလွတ်အမိ၊ အသိအမြင်၊ အလျင်အနှေး၊ အလေးအပေါ့၊ အလျော့အတင်း၊ အတွင်းအပ၊ အဆအမှန်၊ ခပ်သိမ်းဝန်ကို၊ မကျန်စေ့ငှာ၊ ရှောင်ကာရှားကာ၊ လွှဲကာပယ်ကာ၊ သိပညာဖြင့်၊ နက်စွာနှလုံး ပြုစေချင်လှသော။

၂။ ကာလ ဒေသ ကြိုက်လကမူ ပေးကမ်းစွန့်ကြဲခြင်း၊ တည်းဟူသော မင်း၏အရောင်အဝါဖြင့် ရှိစေချင်လှသော။

၃။ တစ်သိန်းအားနှင့်ယူသော်မရ၊ တစ်ယောက်အားနှင့်ယူသော်ရ၏။ ယောကျ်ားကိုစေသော် မပြီးနိုင်၊ မိန်းမကိုစေသော် မခံနိုင်။

၄။ ဟူးဟူးပြောင်ပြောင်၊ တောက်လောင်သော မီးကဲ့သို့ ကျင့်ရာ၏၊ ဟူးဟူးပြောင်ပြောင်၊ တောက်လောင်သောမီးတို့၏သဘောသည် သစ်စိမ်း ဝါးစိမ်း မြက်စိမ်းတို့ကို ရှောင်၏၊ သစ်ယောင်းဝါးယောင်း မြက်ယောင်းတို့ကိုလောင်၏၊ မီး၏အရောင်အဝါလည်း တောင့်တယ်၏၊ မီး၏ကျော်စောခြင်းသို့လည်း ရောက်၏။

၅။ အမိနှင့်တကွသော ကြက်ငယ်ကိုလို၏ဟုဖမ်း၏၊ ကြက်ငယ်စဉ်းလဲ
မိကိုခွဲ၍ပြေးခဲ့အံ့၊ အဘယ်သို့သော သားနှင့်တကွ ရနိုင်အံ့နည်း။
အမိကြက်မကိုလွှတ်ပေဦး။ သားနှင့်တကွသော ကြက်မကိုလို၏ဟု
ဖမ်း၏။ အမိစဉ်းလဲ သားကိုခွဲ၍ ပြေးခဲ့အံ့။ အဘယ်သို့သော
အမိနှင့်တကွ ရနိုင်အံ့နည်း။ သားကြက်ငယ်ကို လွှတ်ပေဦး။

၆။ စားရသော်ကား ပမ်းသာ၊ စေပါသော်ကားမျက်လို၊ကိုယ်ကား
ကျွန်းတုံး၊ နှလုံးထဲကား၊ ခွေးမြီးလားသို့၊စားလှည့်ခါသော်၊
အောင်အောင်ပြေးချီး၊ လုပ်လှည့်ခါသော်၊ငံ့မျှော်တန့်တီး၊ မနီး
မဝေးအပ်၊ မကပ်စေကောင်း၊ မပေါင်းစေဘဲ၊ ကျွန်စဉ်းလဲကို၊
စောရဲလူ့ထွတ်၊ ပတ်ပတ်ရှာဖွေ သိလှစေ။

၇။ ကာလသီးသီး၊ကျီးကားနေ့ငှက်၊နေ့မှထွက်၏၊ ကုပ်သလုပ်သည်၊
ခင်ပုပ်ညဥ့်ငှက်၊ ညဥ့်မှထွက်၏၊ လူမဟုတ်သည့်၊ ငှက်ယုဉ်တို့မှ၊
ကာလမှတ်ငြား၊ နေ့အားထွက်၍၊ ခင်ပုပ်ငှက်မူ၊ ကျီးမည်း
လက်တွင်၊သေပျက်ရှုံး၏၊ရှုံးလေတပြီး၊ငါသည်ကျီးတွင်၊ရပ်ဝံ့
လောဟု၊ တွေးတောမွဲပဲ၊ ခင်ပုပ်ထဲသို့၊ ရဲပချေမူ၊ ကွယ်ကူ
ထစ်ချက်၊ခင်ပုပ်လက်တွင်၊ကျီးနက်ရှုံး၏၊နိုင်ရှုံးနှစ်ပါး၊ကာလ
များကို၊ ထင်ရှားမှတ်တော် မူစေသော။

၈။ ပညာရှိကိုပေါင်း၊သမားကောင်းကိုဖက်၊ သူပျက်ကိုခွာ၊ ဆရာကို
ကပ်၊ အရပ်ကိုမျှ၊လို့လအပင်၊ဆင်ခြင်အမျက်၊ ရန်ဘက်ကိုမျှော်၊
သူတော်ကို ချစ်၊ ခင်ပွန်းပြစ်ကို ရှောင်၊ သူလောင်ကိုရှေ့၊
ဆင်ဝှေ့ကိုချည်၊ ကြံစည်မပျက်၊ အတတ်ရခါ၊ ပညာကို ရှေး၊
ဥစ္စာကိုနောက်၊ အလျောက်ပေးကမ်း၊ချီးမွမ်းတန်သည်၊ လူရည်
ကိုရှု၊ ပေးမှုအရာကို သိလှစေ။

၉။ မပေးဘဲကိုမလိုလင့်၊မမေးဘဲကိုမဆိုလင့်၊မခေါ်ဘဲကိုမသွားလင့်၊
မမြိန်ဘဲကိုမစားလင့်၊ မမှည့်ဘဲကိုမဆွတ်လင့်၊တိတ်တိတ်နေသော်
ထောင်တန်၏။ လူလိုကနတ်လိုကာ၊ လူကြိုက်က နတ်ကြိုက်ကာ၊
မပေါ့မလေး၊ မနွေးမလျှင်၊ ရွှေချိန်ခွင်သို့၊ မတင်တလျှော့၊
လှေဖောင်ဖော့သို့၊ မလျော့ပညာ၊တံငါလုလှင်၊ မြားကြိုးငင်သို့၊
ပညာရှိမှ ခွင့်သိသည်။ လိမ္မာမှစကားတတ်သည်၊ သူ့ကျေးဇူးကို

သိမှ စည်းစိမ် တည်သည်။ လာမည့်ဘေးကို အဝေးကမြင်မှ အသက်ရှည်ရသည်။

၁၀။ သူ့မကောင်းကို ခွာ၊ သူ့ကောင်းကို ရှာ၊ သူတော်ဆုံးမနာ၊ သူ့နည်းမကျင့်ရာ၊ သူ့ထက်စောင့်စည်းပါ၊ သူ့ကောင်းမြစ်မိမ့်ငှာ၊ သူချစ်ရှင်မျှပ်ကြာ။

၁၁။ သုံးပါးသောအပြီးအစီးကို၊ လိုသောသူသည်၊ လမိုင်းထားစေ၊ ကျီများစေ၊ စကားဆိုထွေ၊ သူလိုစေ၊ ပေးကမ်းများထွေ၊ နှစ်ပ်စေ။ ခေတ္တသုံးကွင်း၊ ကောက်စိုက်ခင်းကို၊ အပြင်းစိုက်ထွေ၊ လျှင်လှစေ။ မြမြထက်သည်၊ သံလျက်ဓားကို၊ နံပါးနှစ်ဘက် မြှောင်နိုင်စေ၊ အရွယ်သုံးပါး၊ မှတ်သားသတိ၊ ရှိလှစေ။ အနံ့မခန်း သစ္စာပန်းကို၊ သွန်းသွန်းပန်ထွေ မြလှစေ။

၁၂။ ကာယမုန်ယို၊ တပြင်စို၊ ပညာချွန်းဖြင့်၊ တန်းတန်းချိတ်ထွေ၊ မြဲလှစေ။ လွတ်နေ့မကျ၊ အနာ၀သို့၊ ဘ၀သုံးဖြာ၊ ထိုအနာကို၊ ပညာဆေးသမား၊ အပါးကြပ်ကြပ်၊ ယှဉ်နိုင်စေ။ အိမ်ရှေ့နတ်ကို၊ မပြတ်နေ့တိုင်း ရှိသေစေ။ အများမုန်းလို မုန်းပစေ။ စိုးရသခင်၊ အရှင်ကိုသာ ကြောက်ချစ်စေ။

၁၃။ လမ်းကြီးပမာ၊ ဆိုထုံးရှာ၊ ဝမ်းတစ်ခုကို၊ လိုမှုပြင်းစွာ၊ မစားရာ၊ နေခါသူ့နောက်၊ ဆိုခါသူ့အောက်၊ စားသော်အတန်၊ ပေးသော်အလွန်၊ စကားမွန်ကို မှတ်ကုန်မင်း၊ ညှိလျှင်စစ်စစ်၊ ပစ္စုပ္ပန်တွင် သူကြီးချစ်။

၁၄။ အကြံနက်လှ၊ အိပ်နေဆ၊ လုံ့လနေ့တိုင်းယှဉ်၊ အကြံမရှိ၊ ပျင်းရိ အပြစ်၊ အမူညစ်တို့၊ ဖစ်ဘိစွန့်ခွာကြဉ်၊ ညံ့သော်ညံ့ထွား၊ ဝါဂွမ်းလား၊ ညံ့ထွားညံ့စွာမြော်။ မညံ့မပြင်း၊ မိန့်တတ် ခြင်းကား လိုရင်းပြီးစီးလျော်။

၁၅။ နှလုံးရဲခက်စေ၊ စကားထက်မြက်စေ၊ အပေါ်ပျားရည်ရွှဲ၊ အထဲ သံကောက်စွဲ၊ အပေါ်ပစ်သည့်မြား၊ အထဲချွန်းအလား။

၁၆။ လောဘဟူသည် ဆင်ရိုင်းစွ၊ ပညာဟူသည်ချွန်းထောက်မ၊ သဒ္ဒါ ဟူသည် ချွန်းရှည်ပြု၊ သတိဟူသည်လွန်ကြိုးတု၊ ဒိဋ္ဌိဟူသည် တွင်းတွင်းချ၊ ယဉ်လျှင်နိဗ္ဗာန။

၁၇။ ဒေါသမြွေဟောက်၊ ပြင်းဆိပ်တောက်၊ ပညာဟူသည်၊ ဆေးဖြင့်လျော့က်၊ မောဟဟူသည်မှောင်အမိုက်၊ အတိုက်နက်စွာလွှန်း၊ ပညာဟူသည် ဆီမီးထွန်း။

၁၈။ ပရိယတ်နှင့်ပဋိပတ်လည်း၊ မပြတ်နှလုံးမူဘိစွ။ သပိတ်တစ်လုံး၊ ခေါင်းရင်းအုံးသည်မြဲလှစွ။ မစားရနှင့်စားရမဟူ၊ ထိုအယူသည် ဖြောင့်ဖြူစွ။ နတ်ရွာဗိမာန်၊ ခရီးညွှန်သည်၊ တည့်မတ်စွ။

၁၉။ ပျို့လည်းမပါ၊ လင်္ကာမစပ်၊ ပညာပ်ပရမတ်၊ အမြတ်မေတ္တာစာ၊ ဖတ်ကုန်တစ်နေ့သုံးခါ၊ ရလိမ့်စည်းစိမ်ချမ်းသာ၊ သက်တော်အလွန်ရှည်စိမ့်ငှာ။

၂၀။ ဥစ္စာကိုလိုသော် အမှီကောင်းကိုရှာ၊ ကိုယ်အနာလည်းကင်းလှစေ၊ မပျင်းဝီရိယအားထုတ်ကြ။ မာနဟူသည် မှန်ကင်းထွက်ကိုချ။ ပုည်ရှေးလည်းကူမစေ၊ သုံးထွေစရိုက်မျှ၊ ယစ်သမျှဆင်ခြင်လေ၊ သဘင်ကြည့်ရှုနည်းလှစေ။ လောင်းထွေကစားမှု၊ ပျော်မှုဆင်ခြင်လေ။

၂၁။ ပညာကိုလိုသော် ပညာရှိကိုယှဉ်၊ မေးစဉ်နေ့ညမပြတ်၊ အဖတ်အအံ၊ အကြံအရေး၊ ရှေးရှေးထုံးကိုဆောင်။ ရှူးကျွန်မှု၍ကပ်၊ သွပ်ကျွန်မှု၍ချောင်း။ ခင်ပွန်းကောင်းကို လိုသော် သူ့စည်းပွားကိုရှာ။ ချစ်သသူကိုဥစ္စာမငှားရာ၊ သူ၏မယား၊ သူ၏သားကို၊ မတပ်ရာ။

၂၂။ လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ နိဗ္ဗာန်စည်းစိမ်၊ ရိပ်ငြိမ်သုံးဆင့်၊ ပျော်တင့်လိုသော်၊ ကိုယ်ကိုနှိမ့်ချ။ ဒါနဆယ်ပါး၊ မခြားနေ့ညတိုင်းပင် ပေးတို့လေ။ သီလဆယ်ပါး၊ မမှားနေ့တိုင်း စောင့်တို့လေ။





## မုံရွေး ဆုံးမစာ

# သိမှတ်ဖွယ်ရာ

ဤဆုံးမစာမှာ မုံရွေးဆရာတော်က တပည့်သာမဏေမောင်တုတ်ကြီး ထံပေးပို့သော မေတ္တာစာမှ မှတ်သားလောက်သော အပိုင်းကို ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပေသည်။ ထိုအချက်များမှာ သာမန်လူများအတွက်လည်း သိမှတ်ဆင်ခြင်အပ်သော အချက်များ ဖြစ်ပေသည်။ မုံရွေး ဆရာတော်သည် မင်းကိုဆုံးမသော ရာဇောဝါဒ မေတ္တာစာကိုလည်းရေးသားခဲ့သော ပုဂ္ဂိုလ်ဖြစ်ပေသည်။

မုံရွေးဆရာတော်သည် သမန္တစက္ခုဒီပနီ၊ မင်္ဂလသုတ်ပျို့၊ နာရဒပျို့၊ ပဉ္စာဝုဓပျို့၊နာနာဆန္ဒပျို့၊ ကုသပျို့၊ဥတေနပျို့၊ ရွှေလင်းတပျို့ စသည်တို့ကို ရေးခဲ့၍ ဗဟုသုတ လွန်စွာကြွယ်ဝပြည့်စုံသောပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်ပေသည်။ မှန်နန်း မြန်မာရာဇဝင်ကြီးကို ပြုစုရာတွင်လည်း ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ ဘိုးတော်ဘုရား လက်ထက်တွင် ဇေတဝန် ကျောင်းတိုက်တွင် ဆက်ခံ သီတင်းသုံးတော်မူသည်။

ဤမေတ္တာစာ ဆုံးမချက်များတွင်ပညာရင့်ကျက်သောပုဂ္ဂိုလ်တို့သာသိနိုင်မည့်အချက်များကို အစအကုန်ရှာဖော်၍ ပဟေဠိဝှက်ကာ ရေးသားခြင်းများနှင့် ဆုံးမစာတွင် အကျုံးမဝင်သော မေတ္တာစကားများကိုရှည်လျားသဖြင့် ခြွင်းချန်ထားခဲ့ပေသည်။ ဆရာတော်၏ဆုံးမစာတွင် အဂ္ဂိရုတ်၊ဓာတ်တော်စသည်တို့နှင့် ဆက်စပ်သော ဆုံးမသွန်သင်စကားများကိုလည်း တွေ့ရမည် ဖြစ်ပေသည်။



# ၂။ မုံရွေး ဆုံးမစာ

## မုံရွေးဆရာတော်

(မုံရွေးဇေတဝန်ဆရာတော်က အဝမြို့နေ သာမဏေ မောင်တုတ်ကြီး သို့ ရေးသားဆုံးမအပ်သော ဩဝါဒစာတမ်း။)

ရတနာ့ပူရ၊ နောက်ဌာနဝယ်၊ လောကသယမ္ဘူ၊ မြောက်ကုန်းငူဘွင်၊ သဲဖြူကဖွေးဖွေး၊ မြစ်ရေသေနှင့်၊ မွေးလှသည့်ပန်းပင်၊ အနားတွင် ရှိရော့ထင်၊ တွေးယူချင့်ပေသည်၊ ငွေပန်းပွင့်အတူ၊ မူရှုလျှောက်ပတ်၊ တုပ်ဝပ်သေခွ၊ သာမဏေမောင်တုတ်ကြီးက၊ ဆိုသီးလိမ့်မှာ၊ တစ်ဂါထာ လောက်ကို၊ ရေးခဲ့ပါဘုရား၊ လျှောက်စကားကြောင့် မှတ်သားစရာ၊ အကျဉ်းမှာခဲ့မည်။

(၁) [၁] နာ-ဝိ-အ-သ၊ ဤလေးဝကြောင့်၊ သောကမဖြစ်ရာ။

(၂) [၂] ဒါ-ပိ-အ-သ၊ လေးပါဒကို၊ လို့လမနစ်ရာ။

---

၁။ နာဝိအသ၊ နာ-နာနာဘာဝ၊ သေကွဲကွဲရခြင်း။ ဝိ-ဝိနာဘာဝ၊ ရှင်ကွဲကွဲရခြင်း၊ အ-အညထာဘာဝ၊ ရှေးဖြစ်သော အခြင်းအရာနှင့် မတူဘဲ ဖောက်လဲထူးခြား၍ တစ်ပါးသောအခြင်းအရာဖြင့် ဖြစ်ခြင်း။ သ-အပ္ပိယေဟိ သမ္ပယောဂ၊ မချစ်သူနှင့်အတူ ပေါင်းဖော်နေရခြင်း။

၂။ ဒါ-ပိ-အ-သ၊ ဒါ-ဒါန၊ ပေးကမ်း လှူဒါန်းခြင်း။ ပိ - ပိယဝါစာ၊ ချစ်ဖွယ်သောစကားကိုဆိုခြင်း။ အ-အတ္ထစရိယာ၊ အကျိုးစီးပွားကိုပြုခြင်း။ သ-သမာနတ္တတာ၊ ကိုယ်နှင့်တန်းတူ အမျှပြုခြင်း။

(၃) ဩ—လေးဖြာ၊ အာ—လေး၀၊ ဂ—လေးတန်၊ ဂန်—လေးခု၊ ဥ-လေးလီ၊ နီ-ခြောက်ခု၊ နု—ခုနစ်တန်၊ သံ—ဆယ်ထွေ၊ လေ-ဆယ်ရပ်ကို၊ မကပ်စေရာ။

(၄) တိ—လေး၀၊ မ—လေးရပ်၊ ပါဒ်—လေးထွေ၊ ရေ—ပဥ္စ၊ လ—ငါးအင်၊ ဇင်—သတ္တ၊ ဂ—ရှစ်လုံးကို၊ လက်သုံးပြုရာ။

(၅) ပါ—၃၀-နှင့်၊ ၀ယ်၍ရင်းမူ၊ မိ-သုံးကွင်း၏၊ ဆိုင်တွင်းမှာ ထိုင်ရမည်။

(၆) သော-သော- သ-သ- အ-အ- ဟ-ဟ- နိသို့ ကျအောင်၊ အ-ဒုက်-နတ်ကို၊ မပြတ်ကိုင်းရမည်။

(၇) အ-သံ-ဝိ-သု-လော-အ-ပု၊ သ-ဗု-ဘဂ၊ စေတီယကို၊ နေ့ညမြတ်နိုး၊ ရှိခိုးရစ်လေ။

(၈) သ၀ေမရှိ၊ ကိုးလုံးမိကို၊ သတိသာ ချုပ်ပေတော့၊ မောင်တုတ်ကြီး၊ ပြီးပြီထိုထို၊ အကျယ်ကိုမပြောပြီ။

(၉) လော[1]- ဒေါ-မောတ၀၊ ဆန်-ဒေါ-သ-မော၊ လေးခုသော စတိကို၊ စွဲငြိ၍ မဖောက်နှင့်။

(၁၀) သု-စိ-ပု-ဘာ၊ အက္ခရာအရကို၊ နေ့ညမဖျောက်နှင့်။

(၁၁) နိ[2]—ပေ-တိ-အ-၊ အောက်ဌာနသို့၊ သွားရအောင်မမှောက်နှင့်။

(၁၂) ခြောက်ထဲမှာဖျော်လိုလျှင်၊ ငါးကိုသာ ကောက်ယူကျင့်။
အမြင့်မှာ နေလိုလျှင်၊ လေတိုက်၍ ကြွေတတ်သည်။
အနိမ့်မှာ နေလိုလျှင်၊ မြွေကိုက်၍ သေတတ်သည်။
စကားနှစ်တည်ကို၊ ကြံစည်၍ယူလျှင်၊ လူတို့ခွင်မှာ

---

၁။ လော – လောဘ၊ဒေါ – ဒေါသ၊ မော – မောဟ။ဆန် – ဆန္ဒ၊ဒေါ– ဒေါသ၊ ဘ – ဘယ၊ မော – မောဟ။
၂။ နိ – နိရယ = ငရဲ၊ ပေ – ပေတ = ပြိတ္တာ၊ တိ = တိရစ္ဆာန် ၊အ – အသူရကာယ်။

နိမ့်လျှင်လည်း မတော်လွန်း။
မြင့်လျှင်လည်း မလျော်လွန်း။
ကြီးလွန်းလျှင်လည်း အလွန်ဝ။
ငယ်လွန်းလျှင်လည်း အလွန်လျ။
ဝလွန်းလျှင်လည်း မတင့်တယ်။
လျလွန်းလျှင်လည်း မသပ္ပာယ်။

မငယ် မကြီး၊ မနိမ့် မဝေး၊ မနေး မလျှင်၊တံဝါလုလင်၊မျှားကြိုး ငင်သို့၊ ဆင်ခြင်စည်းစောင့်၊ ဝမ်းထဲဖြောင့်လေ့၊ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ၊ဆိုချေ၏တစ်ချက်၊တိမ်နက်နီးဝေး၊အကြီးနှင့်အသေး၊ တန်သော်ကားဆေး၊ လွန်သော်ကားဆေး။

ရွှေးကလမ်းဟောင်းမှာ၊ စောင်းသမားကြိုး၊ နည်းနာခိုးလေ့၊ အမျိုးမေးတောင်း၊သမင်ရောင်းနှင့်၊ ဆေးပေါင်းပဲဝယ်၊ရေဆယ်မီးယူ၊ ဝန်ကူပုန်းစလုတ်၊ သစ်ခုတ်ယောကျ်ား၊မုန့်ဆန်းစားဟု၊ ဆယ်ပါးသော လူကို၊ လူမဆိုရအောင်၊ ကိုယ့်ကိုသာဆရာ၊ ကိုယ့်ကိုယ်သာ တပည့်၊ လမ်းမှန်တည်စေဖို့။

ညာဏ်ဖြည့်ရော့မင့်မှာ၊ နည်းသေးသည်သာ၊ မင်းလျောက် လာလျှင်၊ တစ်ခါခုထက်၊ စွက်ဦးမည်အဖျားက၊ ရအောင်ကျက်ရစ်၊ ဖျက်၍လည်း မပစ်နှင့်၊ စင်စစ်ကောန်၊ ပဏ္ဍိတလူမျှား၊ကြားသောအခါ၊ ကျက်ပါရေးရ၊ မင်းမှာသဘောကို၊ တွေးတောမိပြီ၊ ရမည့်အဆီကို၊ သိသိမှုမထင်၊ မြင်ပါပြီ မောင့်သတင်း၊ မောင်ပျင်းလှချေ။ကျောင်းမှာ နေလည်း၊ စာပေမဖတ်၊ မသင်ရွတ်လျှင်၊တတ်ခဲချိမ့်မည်၊ အိမ်သို့ပြန်၍၊ မတည်တံ့မူ၊ မင်းမှာပြုလျှင်၊ ဝတ္တုလည်း ကုန်တတ်သည်။ အသောက် အစား၊ အလောင်းမျှားလည်း၊ စီးပွားပြုန်းတတ်သည်၊ ရောင်းမှု ဝယ်ရေး၊ ငွေကြေးဝင်ထွက်၊ အတက်အဆင်း၊ ကြေးသွင်း ကြေးနုတ်၊ အဆုတ်အတိုး၊ အဖိုးငယ်သေး၊ ဈေးမွေးထူးဆန်း၊ ဝမ်းကပ္ပိုးပြောက်၊ ကြွယ်ပေါက်သောလား၊ တိုက်စစ်ရှင်း၍၊ ကင်းပါ၏လား။ ဤသည် များကို၊ စကားအထွေထွေ၊ လောကစွှင် ပွေလှချည့်၊ သံသေမှ ငွေဝင်သည်၊ ဘင်သေမှ ရေဆင်းသည်၊ ဟိုက်စစ်ရှင်းမှ ဘော်သွင်း ပျော်ပါး၊ ဤသည်များကို၊နားလည်စေမောင်၊မလည်ဏလူ့ဘောင်မှာ၊

ရိုးယောင် ကြောင်ကျား အထင် မှားသော်၊ လှည့်စား၍ ပြောရာ၊ တိတ်တိတ်ခိုး ပါတတ်၏၊ ထိုအခါမောင်၊ ဝင်ရပ်နှင့်မညား၊ ထွက်ရပ်နှင့် မှားတတ်၏၊ စကားနှစ်ထွေ၊ မှတ်ရစ်လေ။

ဣတ္ထိ ရပ်လည်း လေတတ်သည်။
ဘုမ္မိ ရပ်လည်း သေတတ်သည်။
အဂ္ဂိ ရပ်လည်း ကျေတတ်သည်။
နဒ္ဒိ ရပ်လည်း သွေတတ်သည်၊

မတော့နှင့် စကား၊ ဤလေးပါးကို၊ မှတ်သားလေရာ၊ ရှေးရှေးဆရာ၊ မသင့်လည်း မဆိုရာ၊ ပမာတတန်၊ ခိုင်းကြဟန်မှာ

ဆရာကိုလွန်သော် ရှုး၏။
မြင်းကိုလွန်သော် ကျူး၏။
ရှေးထုံးကိုလွန်သော် မှုး၏။

ကူးတော့မည်တစ်ဌာန၊ ဒါနကောင်းမှု၊ မပြုရဘူး၊ တစ်ဦးသောသဌေးသား၊ နုထွားပျိုမျစ်၊ ဆယ့်ခြောက်နှစ်လောက်၊ ချစ်စချင့်ဖွယ်၊ အရွယ်နုစွာ၊ အဖျားအနာ၊ ရောဂါကြီးလှ၊ သေမည်ကာလ၊ နီးရှာလှပြီ၊ ဘုရားကသနား၊ ဆွမ်းခံသွားစဉ်၊ ခြောက်ပါးပြိုးပြောင်၊ ရောင်တလျှပ်လျှပ်၊ ကိုယ်တော်မြတ်က လွှတ်လိုက်သည့်အရာ၊ မြင်သောအခါ၊ ကြည်သဒ္ဓါ၍၊ ကြမ္မာလျော့ရပ်၊ သွေးသံဆုတ်သည်နှင့်၊ လက်အုပ်မှ မချီနိုင်၊ ငါးအင်္ဂါလီ၊ ပိပိစု၍၊ မပြုရှာနိုင်၊ စိတ်ခိုင်ခိုင်စော၍၊ နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ၊ စိတ်ထဲက အောက်မေ့ကာ၊ သေလေရှာသော်၊ နတ်ရွာမှာ အနင့်သား၊ ပတ္တမြားရွှေထီး၊ ရွှေနန်းကြီးမှာ၊ နတ်သမီး တစ်ထောင်၊ အရံဆောင်နှင့်၊ လွန်အောင်စံရ၊ မဋ္ဌကုဏ္ဍလီ၊ ဘွဲ့ရွှေနီနှင့်၊ မမီပြိုင်ရှား၊ နတ်သားဖြစ်ရ၊ ဓမ္မပဒ၊ ကျမ်းတွင်ပြ၏၊ သည်မှုကိုသာ၊ ထောက်စာနာလော့၊ ပညာ၀ါမောင်ရင်၊ မောင်မင့်ထွင်ကား၊ ခုလျှင်ကျောင်းမှာ၊ ဆရာတော်ဘုရား၊ မြတ်ထံပါးတွင်၊ ဖဝါးရိပ်ခိုကာ၊ နေရပါသည်ကို၊ သုံးပြာသရဏဂုံ၊ မြတ်သူတွင်အကုန်၊ ကြည်ယုံမြတ်နိုး၊ ရှိခိုးလေနေ့တိုင်း၊ တောမှိုင်းမှိုင်းမှာ၊ သစ်ကိုင်းသစ်ခက်၊ မြက်ကိုစားရ၊ ဆင်မင်းလှလည်း၊ ဘုရားကျေးဇူး၊ အထူးသိလှေ၊ ရှိသေ

ဂါရဝ၊ နိဝါတကြောင့်၊ သည်ကသေလျှင်၊ ရွှေမြေအောင်ချာ၊ ဝတိံသာမှာ၊ ပါရှာလေရ၊ အမည်ရသည်၊ မြတ်လှသည့်နတ်မွန်၊ ဖြစ်လေဟန်။ ။ ဒေဒိယက၊ အမည်ရသည်၊ ပဗ္ဗတကောင်ယံ၊ ဘုရားစံသည်၊ ဆွမ်းခံကြွလာ၊ ခရီးမှာပင်၊ မြင်ပါလိုက်မိ၊ သူ့မျက်စိက၊ ကျယ်ဆိုဟင်းလင်း၊ အဆင်းပြိုးပြောက်၊ အမြီးကိုစစ်လျှင်၊ လက်နှစ်သစ်ကောက်၊ လည်ကလည်းပေါက်တောက်တောက်၊ ကမ္ဘာဦးကပင်၊ မင်းဖြစ်ရမည်ကို၊ အဆင်းကမလှပါ၊ မျက်လုံးကကျယ်လေရှာ၍၊ နန်းရာတင်မခံရ၊ အနေကကုပ်ကုပ်၊ မည်သံကအရှုပ်ရှုပ်၊ ခင်ပုပ်ငှက်ငယ်၊ မြတ်ဘုန်းကြွယ်ကို၊ ရည်ရွယ်၍မြတ်နိုး၊ ရှိရှင်ခိုးသည်ဟု၊ တိုးချည်ခွာချည်၊ ဦးတိုက်မည်နှင့်၊ ပြုသည့်ကောင်းမှု၊ တစ်ကြိမ်ဆုကြောင့်၊ ယခုနတ်ရွာ၊ ဝတိ သာမှာ၊ စံရှာသေးသည်။

မဝေးပြီနောက်ကာလ၊ ပစ္စေကဗုဒ္ဓါ၊ ဆွမ်းခံလာတွင်၊ ဆီးကာကြို၍၊ ကိုယ်ကိုတွန့်ရုပ်၊ အမြီးလှုပ်၍၊ လည်ကုပ်ကိုစောင်း၊ ခေါင်းကိုကြွကာ၊ ပြုလိုက်ရှာ၍၊ ဆွမ်းခံရာအထွက်ကို၊ စိတ်နှစ်သက်လို့၊ ပို့လိုက်သောအခါ၊ လမ်းမှာမြွေကင်း၊ ရှင်းပါစေရည်ဆောင်၍၊ ဟောင်လိုက်သလိုပြု၊ ရိုသေခြင်းမျှော်ရှု၊ နိပါယအစုစု၊ ဂါရဝဂရု၊ သဒ္ဒါစေတနာ၊ မေတ္တာကရုဏာ၊ မုဒိတာဖရဏာ၊ ဝမ်းသာပီတိ၊ ကောင်းမှုညို၍၊ စုတိသောအခါ၊ နတ်ရွာမှာနတ်သား၊ လွန်ထင်ရှား၏၊ ဘုရားပွင့်လာ၊ ယခုခါသည်၊ မဟာဌာနီ၊ ကောသမ္ဗီမှာ၊ ရွှေနိဂ္ဂြောဓ၊ အလွန်ပေါသည်၊ ဃောသကအကျော်မတွေး၊ သဌေးကြီးဖြစ်၊ တို့ရှင်ချစ်ကိုလည်း၊ နှစ်နှစ်သက်သက်၊ စုံမက်သည့်အသီးသီး၊ ကျောင်းကြီးဒါယကာ၊ ဖြစ်ရလာသည့်ကို၊ မဟာဓမ္မပဒ အဋ္ဌကထာ၊ အဖွင့်လာ၏၊ စာနာထောက်ကူ၊ မောင့်မှာမူလည်း၊ လူမပေးရ၊ သီလကိုယ်ဘန်ပြုရသော်လည်း၊ သုံးတန်သောသရဏဂုဏ်ကို၊ လုံ့စွာမြတ်နိုး၊ ရှိစုံခိုး၍၊ မညှိုးပန်းဝေဝေ၊ မရှိုးပန်းခွေခွေ၊ ပန်းသာပြုနှင့်မြက်မြေစာမျှ၊ လှူဒါန်းရသော်လည်း၊ နေ့ညပွားများ၊ စိတ်ကောင်းထားနိုင်က၊ ဖားနှင့်လင်းနို့၊ ပလလဲဆင်သို့၊ ခင်ပုပ်ငှက်ကလေး၊ ခွေးလိမ္မာတချို့၊ တိုသူတို့ကဲ့သို့၊ နတ်ရပ်မြို့မှာ၊ နှစ်လိုစံပြီး၊ နိဗ္ဗာန်ခရီး၊ မဂ်ဖောင်စီး၍၊ ချမ်းသာကြီးသုခ၊ ရလိမ့်မည်ပညဝါ၊ ပညာရှိအောင်၊ သတိဆောင်လော့၊ ဘုရားလောင်းတို့မှာ၊ ဉာဏ်စိန္တာ၊ ဖြောင့်တန်းသူကိုလည်း၊ အမှုအကျင့်၊ အနိမ့်အမြင့်၊ အနုအရင့်၊ ချင့်၍ပေါင်းယှဉ်လေ၊ ကိုယ်ထဲ၌လည်း၊ သုတစိန္တာ၊ ဘာဝနာဟု၊ ပညာ၏အပြား၊ ထိုသုံးပါးတွင်၊ ဘုရားတို့မှာ၊ ဘာဝနာ၊ ဘုရား

လောင်းတို့မှာ၊ ဉာဏ်စိန္တာ၊ ကျင့်ရာသမျှ၊ သူကငါက၊ သာမည်တို့မှာ၊ သုတမျှသာ၊ မှတ်လေရာ၊ ဤသုံးဖြာကို၊ သိသာအောင်မှတ်ပြီး၍၊ သုတရှိမှ၊ ဉာဏရှိ၍၊ ပဏ္ဍိတဖြစ်ချိမ့်မည်။

မဟာဇနက၊ ကုမာရလည်း၊ ငယ်ကလျောက်ပတ်၊ ပုဏ္ဏားမြတ်မှာ၊ အတတ်သင်ရသည်၊ ဇီဝကလည်း၊ အာကလူမော်၊ ဖြစ်ပါသော်လည်း၊ ကျော်ဘည့်ဆရာ၊ အဓေဝးမှာပင်၊ သွားကာမှီကမ်၊ ဆေးအတတ်ကို၊ မပြတ်လုံ့လ၊ ဥဿာဟနှင့်၊ နေ့ညမညီး၊ တိုး၍သာသင်ရသည်။

နိတိကျမ်းမှာ၊ ကျမ်းဆရာက၊ ပုရိသခန်း၊ သိပ္ပံတစ်နည်းတသံ၊ ပထမံနပ့်ရာဇိတော သိပ္ပံ၊ နည်းအတန်တန်၊ ဉာဏ်စည်မည့်အကြောင်းကို၊ လမ်းဟောင်းပြသပေသည်။

ခြသေ့်မင်းသား၊ ဖြစ်တုံငြားလည်း၊ ရှားပါးသိပ္ပ၊ နည်းသုတကြောင့်၊ မိဘဆိုငြား၊ ထိုစကားကို၊ နားမထောင်အီး၊ စိတ်ထဲညီ၊ ကံလှမ်၍သေဖူးလေသည်။

ဟေမဝါမှာ၊ ကေသရာမင်း၊ ဂုဏ်သတင်းနှင့်၊ သားရင်းကမှာ၊ ပညာတစ်ပါး၊ မြေခွေးသားနှင့်၊ သွားအတူ၊ လာအတူ၊ သဟဲမူရာတွင်၊ ဘုန်းလူသည်ခြသေ့်၊ ဘဖုန်းဟေက၊ မြေခွေးဆိုသော၊ ယုတ်တတ်သောဟု၊ နှိုးဆွသမူ၊ မင်းမပြုနှင့်၊ အနုသာသန၊ ဆိုဆုံးမသော်၊ သားကမယူ၊ အမူယင်းခွာ၊ အခါတစ်ပါး၊ မြင်းသားကိုစားလေ၊ မြင်းသေအများ၊ မင်းနားကြားက၊ လေးသမားလက်ဖြောင့်၊ စောင့်၍ကစ်တစ်၊ ပစ်သောအခါ၊ လိုဏ်ဂူဟာဝ၊ မြင်းကိုချ၍၊ မရဏညီ၊ သေလားထိသည်၊ ပါဠိတော်ပြ၊ မနောဇတည်း။

သည်က ဖွတ်တစ်ကောင်၊ တိမ်းရှောင်ကျင့်စောင်း၊ ပုတ်သင်နှင့်ပေါင်း၍ ဖွတ်အပေါင်းပျက်စီး။

ကျီးတစ်ကောင်စောင်း၍ ကျီးအပေါင်းပျက်ရ။

မိုက်လှသည့်လှည်းမှူးနှင့် ကုန်ကူးသည့်လှည်းငါးရာ၊ ဘီလူးစာဖြစ်ရ။

တက္ကသီလ၊ ပြည်မသနင်း၊ စိုးသည့်မင်းလည်း၊ အဆင်းလှလှ၊ ကိုယ်ကိုပြခသော်၊ ဘီလူးမအား၊ နန်းတင်မှား၍၊ တစ်နန်းတွင်းလုံး၊ တစ်ညတွင်တည်းမှုန်း၍၊ ပြုန်းတက်တက်ကြေ၊ အရိုးစုတွေ၊ ဖြစ်ရှာလေဖူး။

တထူးတုံးမှာ၊ ဥမ္မာဒန္တီကို၊ စွဲမှီသည့်အခင်း၊ ရာဂရင်းကြောင့်၊
ထမင်းပင်အလူးလူး၊ ရှူးတစ်ပိုင်း၊ ရိုင်းတစ်ဆစ်၊ အရစ်ရစ်အဝေဝေ၊
တခွေခွေ၊ တမှိုင်မှိုင်၊ နေနိုင်ပဲရှိ၊ ရှူးမျိုးရစ်ထွေ၊ ကပ်ချေသည်အငြိုငြို။
ပြည်ကြီးမှန်ကင်း၊ မင်းတစ်ဦးမှာ၊ လျှာ၏အာရုံ၊ ညဏ်မခြုံ၍၊
လူ့ဘုံတွင်အမှားမှား၊ လူသားကိုစား၍၊ ပြည်သားတွေနှင်လိုက်။

မကိုဋ္ဌဘုန်းဝေ၊ ညဏ်နည်းချေ၍၊ နတ်မြေသာယာ၊ ဝတိန်သာမှာ၊
ဖြစ်ပါလိမ့်လား၊ ပုဏ္ဏားကိုမေး၊ ညဏ်နေဆွေးသည်နှင့်၊ ရင်သွေးကို
လည်ဖြတ်၊ သွေးနီတွတ်ကို၊ နတ်တင်မည်ပြု၊ ထိုအမှုကြောင့်၊ ပြည်သူ့
ကစ၊ သိကြားမကြိုက်၊ ထားနှင့်ရိုက်မည်ဟု၊ ခြောက်လိုက်ထုတ်ခွာ၊
ပြည်ကကွာချေ၏။

အရာရာမှူ၊ ပြုပြုသမျှ၊ ရာဇဓမ္မ၊ လောကအရေး၊ အတွေးအတော၊
ညဏ်ဇောရှိမှ၊ ချမ်းသာရမည်ဟု၊စိတ်ကမကွေ၊ အထွေထွေကို၊ မှတ်လေ
ရေ့ာ မောင်တုတ်ကြီး။





## လမ်းညွှန်မေတ္တာ ဆုံးမစာ (၁)

# သိမှတ်ဖွယ်ရာ

သဒ္ဒါမဏ္ဍောဘာဝဖြင့် စာဓပမှီချလျက်ရှိသောကြောင့် ကျည်းကန်ရှင်ကြီးဟု တွင်ခဲ့သော ရှင်နန္ဒမေဓသည် ဘိုးတော်ဘုရား လက်ထက်တွင် အမရပူရရှိ မောင်းထောင်ဆရာတော်ဘုရားထံတွင်ခိုလှုံခဲ့သည်။ မုံရွေးရွာအနီးကျည်းကန်ရွာဇာတိ ဖြစ်သည်။ အချို့သုတေသီတို့က ပခုက္ကူအနောက် ကြည့်ကန်ရွာဇာတိ ဖြစ်လည်းဟုလည်း ဆိုကြသည်။ ငယ်မည်မှာ မောင်နုဖြစ်၍ စကားပုံ အချို့ကို သူတော်ဦးနု စကားပုံဟု မှတ်သားကြရာမှ ဦးသူတော်ဦးနုဟူ၍ အမှတ်အသား ရှိလာခဲ့သည်။

ကျည်းကန်ရှင်ကြီးသည် စာပေပိဋကတ်နှံ့စပ်၍ ကဗျာလင်္ကာ၌ ပြောင် မြောက်သည်။ ပါဠိကျွမ်းကျင်လှသဖြင့် ပါဠိသံနှင့်ဖတ်လျှင်လည်း အဓိပ္ပာယ်ရှိ၊ မြန်မာသံနှင့်ဖတ်လျှင်လည်းအဓိပ္ပာယ်တစ်မျိုးရှိသော ဆယ်လွှန်းတင်ဂါထာများ ကို ရေးသားခဲ့ပေသည်။ ရွှေယ်စုံကျော်ထင် သတ်ပုံကျမ်းမှာ ဗဟုသုတစုံလင်လှ၍ ထိုအမေးများကိုမုံရွေးဆရာတော်အစရှိသောပညာရှင်များ ကဖြေဆိုအဓိပ္ပာယ် ဖွင့်ခဲ့ကြရပေသည်။ မေတ္တာစာ၊ ဆုံးမစာ၊ စကားပုံများကိုသည်း ရေးသား ခဲ့ပေသည်။

မေတ္တာစာများတွင် အဆုံးအမဩဝါဒများ ပါရှိခဲ့သည့်အတိုင်းဘိုးတော် ဘုရားထံ ပို့သသော မေတ္တာစာကိုဆုံးမစာအဖြစ်ဖော်ပြလိုက်ရပေသည်။ ထိုဆုံးမ စာတွင် လေးနက်သော အတွေးအခေါ်နှင့်သိရှိလိုက်နာသင့်ရာများ ကိုကဗျာ ဥာဏ် ပြောင်မြောက်စွာဖြင့် တိုတိုကျဉ်းကျဉ်းပင် ဖွဲ့ဆိုထားသည်။



# ၇။ လမ်းညွှန်မေတ္တာ ဆုံးမစာ (၁)

## ကျည်းကန်ရှင်ကြီး

ဝိဇ္ဇာစရ၊ သိမ်းခြုံပြလျက်၊ လောကဝိဒူ၊ ဖြစ်စိမ့်ဟူသား၊ နှိုင်းတူပမာ၊ ကြွယ်တာရာကို၊ တွယ်ကာအလျဉ်၊ နန်းကြိုးစဉ်သို့၊ ဆက်ယှဉ်လောကီ၊ ဖွံ့ကုံးသီပိမ့်။ ။ဇမ္ဗူဒီပ၊ အတုလရာဇာဓိရာဇဂုရု၊ အမှုမှုကို၊ တစ်ခုမကျန်၊ တတ်ကျေပွန်အောင်၊ အမှန်နိစ္စ၊ နေ့ညမသွေ၊ စွဲမှတ်စေဟု၊ ရေမြေသခင်၊ ဘဝရှင်အား၊ ကြားရောက်မေတ္တာ၊ ဆက်သွင်းပါသည်။

ချစ်သည် ခင်သည် ကြင်သည်၊ ကျွမ်းသည်မှန်စေ၊ ရန်သူတွေ့က စွန့်စားခဲ့သည်။

သားချင်းပေါက်ဖော် တော်နီးစပ်သည် မှန်စေ၊ ပေးကမ်းခဲ့သည်။

ကြီးကဲသည် မှန်စေ၊ ညီညွတ်အောင် စီရင်ခဲ့သည်။
ပညာရှိသော်လည်း၊ သတိရခဲ့သည်။
အပေးရှိမှ၊ အဖော်ရသည်။ အရေးရှိက အကျော်ရသည်။
အစကောင်းမှ အနှောင်းသေချာသည်။
ကြောင်တစ်ကောင် အတွက်ကြောင့် ကြွက်တစ်မြုံကုန်ရသည်။
အလာရှိမှ အသွားရှိသည်။
အမြော်အမြင်ရှိမှ ဆင်ခြင်သည်။

အကြောင်ရှိမှ အချစ်။
အမြစ်ရှိမှ အပင်။
အထင်ရှိမှ အတွေး။
အမေးရှိမှ အဖြေ။
အသေအချာရှိမှ အမြဲ။
အစုံအလမ်းရှိမှ တည်တံ့သည်။
အရံအတားရှိမှ လုံခြုံသည်။
အယုံအကြည်ရှိမှ အမှု ပြီးသည်။
အဆီးအတားရှိမှ ဘေးရန်နည်းသည်။
အစည်းအရုံးရှိမှ ကြောက်ရွံ့သည်။
အခွန်တုတ်အနည်းမှ အရောင်းအဝယ် သာယာသည်။
အလာအရောက်ရှိမှ စည်ပင်သည်။
အရေးရှိမှ အရာ သို့ရောက်သည်။
အကြောက်ရှိမှ အရှက်ပါသည်။
ကံကြမ္မာမြောက်စားမှ စီးပွားဖြစ်သည်။
အကျစ်အလျစ်ရှိမှ ထိန်းသိမ်းသည်။
စိတ်ငြိမ်းမှ ကိုယ်ချမ်းသာသည်။
ပညာရှိမှ ထင်မြင်သည်။
အသင်အကြားရှိမှ မှတ်သားမိသည်။
အတတ်မျိုးစုံမှ ကံပေးသည်။
အသွားအဆင်လှ၏၊ အကျင့်ကယုတ်သည်။
ထင်ရှား၏၊ စကားမဟုတ်။
အလုပ်အဆောင်ကောင်း၏၊ အပေါင်းမိတ်နှင့်မပြည့်စုံ။
ဂုဏ်သတင်းရှိ၏၊ မဟာတ်။
မရပ်မနေလုပ်ဆောင်သည်မှန်၏၊ အကြံအစည်မရှိ။
ရမိရာယူ၏၊ လက်တွင်မမြဲ။
ခွဲခွဲခြမ်းရှိ၏၊ မစိစစ်။
အမြစ်အခြေရှိ၏၊ အတည်မရှိ။
စာပေတတ်၏၊ မပြောမဆိုနိုင်။
ဆိုပိုင်၏၊ အစိုးမရ။
စကားတတ်၏၊ မတည်။
အမျိုးအမည်မှန်၏၊ လူမကြိုက်။

အစိုက်အပျိုးကောင်း၏၊ မစည်ပင်။
ပွဲသဘင်ကြိုက်၏၊ အရွယ်မဟုတ်။
အယုတ်အမြတ်ကိုသိ၏၊ မပြုစု။
အနုအကြမ်းမိ၏၊ မပေါင်းဖက်။
အတ္တကာ္တယိမှန်၏၊ မပေး။
အရေးအမှုရှိ၏၊ မစေတတ်။
အကြပ်အမတ်မှန်၏၊ မပြောမဆို။
အပိုမိုပြု၏၊ မသုံးနိုင်။
အတိုင်အဖောက်ရှိ၏၊ မစေသုံး။
အကုံးအစီကောင်း၏၊ အကြောင်းမလျော်။
ပေါက်ဖော်များ၏၊ မချစ်ခင်။
အသွင်အပြင်လှ၏၊ မလိမ္မာ။
သာယာချင်၏၊ မလုံခြုံ။
စုံစမ်း၏၊ မဆင်ခြာဂျစကာ်းမရ။
မင်းခယောကျ်ားမှန်၏၊ ကံမရှိ။
သတိထား၏၊ မဆင်ခြင်။
အရှင်စေသုံး၏၊ နားမလည်။
အရိပ်အခြည်ကိုသိ၏၊ မပြောတတ်။
အမှတ်အသားရှိ၏၊ လိုခါမရ။
အစကောင်း၏၊ အဆုံးမတိုင်။
အနိုင်အပိုင်ပြု၏၊ အရမမှန်။
အကြံကိုသိ၏၊ မခင်ယင်။
အရှင်ကိုချစ်၏၊ မဖြောင့်။
ကြောင့်ကြသည်ဆို၏၊ အမှုမပြီး။
ဂြိုဟ်စီးဂြိုဟ်နင်းကိုသိ၏၊ မရှောင်။
အပေါင်ဆို၏၊ အဖိုးမဘန်။
တော်လှန်၏၊ မဖြစ်။
စိစစ်၏၊ စကားမလွတ်။

နှုကားရှေး၏၊ အသွားမတော်။
အပျော်အပါးကြိုက်၏၊ အဝတ်အစားမရှိ။
ပလိဗောဓများ၏၊ အသုံးထားမတတ်။
မရပ်မနေသွား၏၊ အကျိုးမရှိ။

မိမိလင်ကား သိမ်းယူထား၏၊ မယားကြောင့် ကျွန်မပျော်။
သူတော်တရားကို နားလည်၏၊ တည်ကြည်အောင် မကျင့်။
အခွင့်ရ၏၊ အထမြောက်အောင်မချွန်။
ကျွမ်းကျင်၏၊ မကြည့်မရှု။

အစုစုဖြင့်၊ မှတ်ရှုဖွယ်သာ၊ မေတ္တာစာကို၊ မခြာနေ့ည၊လေ့ကျက်ကမူ၊ လောကတွင်လည်း၊ မျက်မြင်ကောင်းကျိုး၊ ရွှေ့တက်တိုးလိမ့်၊ မင်းရိုးမင်းစစ်၊ ဓမ္မရာဇ်လည်း၊ နှစ်နှစ်သက်သက်၊ ရွေးနားရွက်၍၊ လေ့ကျက်လေအောင်၊ ပေါ်ကွန်းဆောင်သည်၊ ဘုန်းခေါင်မြတ်ဖျား၊ တို့ဘုရားလည်း၊ ကိုယ်စားရည်ရော်၊ စေတီတော်ကို၊ ဖူးမြော်သိကြား၊ နတ်အများက၊ကိုယ်ကိုင်မ၍၊သာသနာ့ဒါယကာ၊မဟာဓမ္မရာဇ်၊မင်းဖျားစစ်လည်း၊ အနှစ်တစ်ရာ၊ ခန္ဓာမြင့်ရှည်၊ တည်လေသမျှ၊ ရောဂါကင်းပျောက်၊ မရောက်ဘေးဒဏ်၊ ရန်လည်းကင်းလွတ်၊ ဥပဒ်ကြမ္မာ၊ စင်စွာမကပ်၊ ငြိမ်ဝပ်လုံစွာ၊ ရွှေပြည်သာ၌၊ ပျော်ရပါကြောင်း၊ ထပ်လောင်းဘုန်းတော်၊ တိုးတက်ပေါ်အောင်၊ နိဗ္ဗာန်ဆောင်သည်။ ။ ဘုန်းရောင်နေသို့ တောက်စေသော်။

ပညာကိုတန်ဆောင်၊ သီလကိုဂန္ဓာယောင်၊ ဝီရိယကို ရွှေကူချောင်၊ သမာဓိကို မြင်းမိုရ်တောင်၊ မာနကို မြေအယောင်၊ စာဂကို တွေ့မရှောင်နှင့်၊ ပညာရှာ မာန်သာနှိမ့်ချထား၊ သီလရှာ ကိုယ်သာလွန်ကြိုးစား၊ သုတရှာ ပမာသူဖုန်းစား၊ တတ်ကားတတ်၏၊ အမှတ်မရှိသူလည်းတစ်ယောက်၊တတ်လည်းတတ်၏၊အမှတ်ရှိသူလည်းတစ်ယောက်၊ သင်လည်းသင်၏၊ အမြင်မရှိသူလည်း တစ်ယောက်။ အမှန်ကိုသိလျက်နှင့် အကျင့်တန်သည်။ အမှန်ကို သိလျက်နှင့် အငြင်းသန်သည်။ အမှန်ကိုသိမှ၊ ကပ်ခံရာသည်။ ဉာဏ်ရှိမှ၊ ဟုတ်ရာမြင်သည်။ ကံရှိမှ၊ ဥစ္စာတင်သည်။ စီးပွားဖြစ်ထွန်းမှ၊ လူစွမ်းရှိရာ ရောက်သည်။ စီးပွားဖျောက်တိမ်၍ ဂုဏ်သိမ်မထွန်းလျှင် လူစွမ်းညှိုးရာ ရောက်သည်။ လောကီ၌ အားထုတ်၍ ဥစ္စာရှာကြံကြသည့် အခင်းမှာ ကံရင်းသန်၍ တော်မှန်ဖြောင့်သားလျှင်၊ အများချီးမွမ်းကို ခံရသည်။ ကြံပါသော်လည်း၊ ကံကြမ္မာနည်းပါး၍ စီးပွားယိုယွင်းလျှင်၊ အလိုကြီးဟန် ဘဖန်လူတို့ကဲ့ရဲ့ခြင်း ပြုဟတ်ချေသည်။ သုံးကြိုးစွဲပြီး ပြုချင်သော်လည်း ကိုယ်တွင် ဥစ္စာမရှိကမတော်၊ အသိအမြင် လုပ်ချင်သော်လည်း ကိုယ်တွင်သုတမရှိကမလျော်။ပြောချင်ဆိုချင်

ရှိ၏။ ပဋိပတ်စဉ် မရှိလျှင် ပညာရှိတို့ အလယ်တွင် ရှက်ဖွယ်ကြီးရှိရချေသည်။ သတ်ချင်ပုတ်ချင်ရှိ၏။ မိမိကိုယ် စွမ်းအားမသန်လျှင် လူသန်တို့က နှိပ်နယ်၍ ရှက်ဖွယ်ကို ရချေသည်၊ တရားကျမ်းလာ တတ်ပါသော်လည်း၊ အသာအယာပြောဆိုတတ်မှ၊ ပညာရှိလက္ခဏာရောက်မည်၊ ပညာရှိသော်လည်း၊ ကတိလေးပါးသို့ မကပ်ဘဲ၊ ဓမ္မသတ်နှင့် တည့်မတ်အောင်ဆုံးဖြတ်မှ လူနတ် သာခု ခေါ်မည်။ တည်ကြည်ဖြောင့်မတ်မှ၊ မကောင်းမှုကင်းမည်။ မင်းရိပ်မင်းခြေ နားလည်မှ၊ အခွင့်ရမည်။ အခအယမ်းမြဲမှ၊ မင်းချီးမြှင့်မည်။ စျေးသင့်မှ၊ ကုန်စွံမည်။ ကံချွန်မှ၊ ကြံတိုင်းပြီးချေမည်။

လှေသူကြီးတို့အင်္ဂါသည်၊ ရေသာရေပြင်း၊ စီးဆင်းသောင်မြိတ်၊ လေရိပ်မိုးသက်၊ ရေတက်ရေကျ၊ တွေးဆနက်တိမ်၊ ကွေ့လိမ်ထွေလီ၊ သိနားလည်မှ၊ တက်မစွဲကိုင်ထိုက်ပေသည်။

မာလိန်တို့အင်္ဂါသည်၊ သမုဒ္ဒရာကြီးငယ်၊ ပင်လယ်သောသော၊ မိုးလေတောတွင်၊ ရေကြောနှံ့စပ်၊ လမ်းဖြတ်လမ်းကူး၊ ကျွန်းဦးကျောက်ပို၊ သဲခုံသောင်ငူ၊ ရေဖြူရေနီ၊ ဒီဆိုင်ရေညို၊ ထိုထိုရေစိမ်း၊ ခပ်သိမ်းထွေလီ၊ သိနားလည်၍၊ ကြီးလှဝေမြိုင်၊ သုံးပင်တိုင်ကျော၊ ရွက်သင်္ဘောတွင်၊ မနောမွေ့သိမ်၊ ဉာဏ်ဖြင့်ချိန်နိုင်မှ မာလိန်မှူးအရာခံထိုက်ပေသည်။

ပုဏ္ဏားတို့အင်္ဂါသည်၊ ရာဇမတ္တဏ်၊ ကျမ်းဂန်အလာ၊ ယတြာယာယီ၊ တိထိနက္ခတ်၊ စန်းပြတ်လွန်းပြတ်၊ လဂ်ရပ်စီးနင်း၊ တြင်းနဝင်း၊ တိုင်ဆင်းတိုင်ဦး၊ တိုင်ကူးတိုင်သက်၊ ဂြိုဟ်ပျက်ဂြိုဟ်သုန်း၊ ဂြိုဟ်ဆုံးသက်ရောက်၊ အမြောက်အနုတ်၊ အကုတ်အစား၊ ကြွင်းငြားသေသ၊ လက်ရလက်တင်၊ ရက်ငင်ရက်နုတ်၊ ဥပုသ်ပဝါရဏာ၊ သင်္ကြန်ကိန်းဖြို၊ အတိုအရှည်၊ နားလည်ဥဿုံ၊ ပွန်းတီးစုံမှ၊ ပြဟ္မဏအရာခံထိုက်ပေသည်။

သမားတို့အင်္ဂါသည်၊ ဒွါဒရာသီ၊ ဓာတွန္တြိ၊ ဓာတုဒီပနီ၊ တညီသရုပ်၊ ပဥ္စဘုတ်ဗိန္ဒော၊ သဘောချိန်ညီ၊ ရာသီဥတု၊ မျှော်ရှုတွေ့ထွေ၊ လေပိုင်းသွေးပိုင်း၊ဆုတ်ဆိုင်းတစ်ထွေ၊ သည်းခြေအပိုင်း၊ သလိပ်ပိုင်းနှင့်၊ နှစ်ပိုင်းလုပိုင်း၊ ရက်ပိုင်းဒေသ၊ စိတ္တဇနာ၊ အာဟာရနာ၊ ဥတုနာကို၊ ပညာစက္ခု၊ လက်သုံးပြု၍၊ ငယ်နုကြီးလျော်၊ မျှော်ထောက်တွေးဆ၊ အနာ့လက္ခဏာ၊ ဝါးဖြာနိမိတ်၊ သွေးထိတ်လေပြတ်၊ သန္နိပါတ်ငမ်း၊ ရောပြွမ်း

ရှိ၍၊တြိဒေါသ၊ စသည်ထွေလာ၊ အဖြာဖြာကို၊ သညာသတိ၊ ဝမ်းထဲ ရှိသည့်အတိုင်း၊ စီစီစဉ်းစား၊ သဘောထားမှသာလျှင်သမားအရာခံထိုက် ချေမည်။

စစ်မြေအရပ်မှာ၊စိုးကွပ်သောမင်းတို့သည်၊ကင်းတိုကင်းရှည်၊အတည် အရပ်၊ အကပ်အခွာ၊ ဗျူဟာစက္က၊ သေနင်္ဂနှင့်၊ ပဒုမဗျူဟာ၊ တပ်တာ မြေကတုတ်၊ ခလုတ်ဆူးခြောင့်၊ အစောင့်အဇနေ၊ အဝေအဖန်၊ အကြံ အတွေး၊ အရေးအရာ၊ အဖြာဖြာကို၊ ပညာသတိရှိသည့် အတိုင်းစိတ်စွဲ၊ နှလုံးမြဲလျက်၊ ကွပ်ကဲစီရင်နိုင်မှသာလျှင်၊ စစ်ဗိုလ်ချုပ်အရာ ခံထိုက် ချေမည်။

စာသင်ဆရာတို့အင်္ဂါသည်၊ သဒ္ဒါအဘိဓာန်၊ ကျမ်းဂန်သိလှ၊ မုချ ဥပစာ၊ သေချာဓိပ္ပာယ်၊ လေးဆယ်နယ၊ သို့ချသို့ငင်၊ သို့သင်သို့ပစ်၊ အရစ်အပင့်၊ အဆင့်အသတ်၊ အမှတ်သညာ၊ လာသည်ပါဠိ၊ သိသည် အနက်၊ အထွက်အသန်၊ အမှန်သဘော၊ ချောမောအာဂုံ၊ အင်ပြည့်စုံမှု၊ များလှသောင်းသောင်း၊ တပည့်ပေါင်းတို့၊ ညွတ်ပျောင်းကြည်လင်၊ ချစ်ခင်ရှိသေကြမြဲ ဖြစ်ချေသည်။

တပည့်တို့အင်္ဂါမှာ၊ လျင်မြန်ပေါ့ပါး၊ စကားပြေချော၊ သဘော ချိုသာ၊ ဝေဿာဝစ္စ၊ ခဝယမ်းယမ်း၊ ရွှင်လန်းစေတနာ၊ သေချာမှုမျိုး၊ ရိုးရိုးဆောင်ရွက်၊ မျက်မှောက်မျက်ကွယ်၊ မပယ်တစ်ရံ၊သင်အံကြံကြည့်၊ လောင်းဖြည့်ပညာ၊ ဆရာသင်နည်း၊ နိဿရည်းမပျက်၊ ပါဠိအနက်က၊ ထွက်သည့်ဓိပ္ပာယ်၊ သည်ဝယ်ပုဒ်ဖြတ်၊ သေသပ်မုချ၊ တစ်ကြိမ်ပြလျှင်၊ မခွမှတ်သား၊ တပည့်အားကို၊ သင်ကြားဆရာမြတ်နိုးရာ၏။

မာတာပီတာ၊ မိဘတို့တွင်၊ အင်ခွင်စနေ၊ ပြည့်ဝေပေါများ၊ သမီး သားကို၊ဝတ်စားပေးကမ်း၊ ဖြည့်စွမ်းနိုင်မှ၊ တို့ဘတို့မိ၊ကြီးဘိကျေးဇူး၊ အထူးမြင်းမိုရ်၊ တင်ရှိဆိုလျက်၊ ကြည်ညိုခန့်ညား၊ သမီးသားတို့၊ စိတ်ထားကြည်ညိုတတ်လေသည်။

စာထွေထိုလား၊ သမီးသားတို့မှာလည်း စီးပွားတော်မှန်၊ ကံလည်း ဆောက်ကူ၊ ရှိပါမူကား၊ ကြည်ဖြူမြတ်နိုး၊ မညှိုးမနွမ်း၊ ပေးကမ်း စိတ်ဝယ်၊ တုံ့ဖွယ်ကျေးဇူး၊ ရွှေးဘင်ဖူးဟု၊ ညွတ်နူးရှိသ၊ ရွှေငွေပုဆိုး၊ မညှိုးမနွမ်း၊ ပေးကမ်းမစ၊ ပြုနိုင်ကြငြား၊ သမီးသားတို့ကို၊ ခြားနားချီ၊ မိဘ၊ ချစ်တတ်ကြစမြဲဖြစ်ချေသည်။

လင်နှင့်မယား၊ အကြောင်းများမှာ၊ စီးပွားလာဘ်သပ်၊ မပြတ်ရစေ၊ မျိုးဆွေအုံသင်း၊ များခြင်းရှိစေ၊ လူရည်လူသွေး၊ ညစ်ကြေးသန့်ရှင်း၊ မပျင်းလုံ့လ၊ ဥဿာဟနှင့်၊ လူစရှိစေ၊ရှိသေခန့်ညား၊ ထိုလင်အားကို၊ မယားချစ်ခင် လေးမြတ်သည်။

တထွေတို့တူ၊ လင်ကမူလည်း၊ အိမ်သူတို့ဝယ်၊ နိကာယ်အဆင်း၊ အချင်းရှိမှ၊ မိဘဆွေရင်း၊ များခြင်းရှိမှ၊ လင်လိုလိုက်ခြင်း၊မပျင်းလုံ့လ၊ စတ်ငါးဝတ်၊ အင်္ဂါအစုံ၊ လုံခြုံပေမှ၊ ထိုမိန်းမကို၊ လင်ကချစ်ခင်၊ ကြည်လင် မြတ်နိုးကြမြဲ ဖြစ်ချေသည်။

မမြင်အပ်သည် ဆေးသမား။
မကြားအပ်သည် တရားသူကြီး။
မနီးအပ်သည် ဂူဏ္ဍိ။
မသိအပ်သည် ရန်သူ။
မကူအပ်သည် ရေနစ်။
မချစ်အပ်သည် ရန်သူ့မယား။
မပြစ်မှားအပ်သည် အဆွေခင်ပွန်းကောင်း။
စောင်းမြှောင်းပြူစူ မမူအပ်သည် သူ့စည်းစိမ်။
ငြိမ်ဆိတ်ရာသည် အာရုံခြောက်ပါး။
ရှောင်ရှားအပ်သည် သူ့အိမ်ရာ။

သင်ဖါအပ်သည် ပညာသုတ၊ လုံ့လပြုအပ်သည် အကြောင်း။ ရင်းပြင်တစ်ချက် ခြေလက်ဆွဲငင် ဆိုသည်မှာ၊ မလိုလျှင် အပြစ်ပုံသည်၊ လိုလျှင်အချစ်ယုံသည်၊ သည်ပုံနှင့်ထပ်တူ၊ ယူလိုသည့်စကားကိုပြောလျှင်၊ သဘောတူ၍၊ လူပြုံးသည်၊ မယူလိုသည့် စကားကို ပြောလျှင်၊ သဘော မတူ၍ လူမုန်းသည်။

ယူမည်မယူမည်ကို သတိစွဲ။
တူမည် မတူမည်ကို သိစမြဲ။
အထဲကမပါ၊ အပေါ်သာနှင့်၊ လိမ္မာပြီအထင်ရှိက၊ မှားတတ်သည်။
ရွှေရိပ် ငွေရိပ် လေရိပ် မိုးရိပ်ထက် လူရိပ် အလွန်တရာ သိရခဲသည်။

အထဲနှင့် ပြင်ကို ဆင်ခြင်ထောက်ညှိ၍၊ သတိကို အဆွေခင်ပွန်း ပြုမှ၊ လူမှုကို နားလည်မည်။

မုန်းသောအခါ အပြစ်၊ ချစ်သောအခါအကျိုး၊ ဆိုရိုးသနစ်ကို စာလျှင်၊ ချစ်သောအခါ ပျားသကာ၊ မုန်းသောအခါ ခါးတမာ။

လာလိုလျှင် အနီးကလေး၊ မလာလိုလျှင် ခရီးဝေး။
မပေးလိုလျှင် မရှိ၊ မသွားလိုလျှင် မသိ။
စိတ်ရှိက ကန့်ပလူ၊ စိတ်မရှိက ကြက်သွန်ဖြူ။
စိတ်တူလျှင် အခေါက်ခေါက်၊ စိတ်မတူလျှင် မရောက်ပေါက်။
စိတ်ရောက်က ရွှေဗိ၊ စိတ်မရောက်က မဲဇလီ။
စိတ်ညီလျှင် သင်ဖြူး၊ စိတ်မညီလျှင် ရှားစောင်းဆူး။
စိတ်တွေ့က လူလိမ္မာ၊ စိတ်မတွေ့က မလိမ္မာ။
မေတ္တာရောက်က တဟီးဟီး၊ မေတ္တာမရောက်က ငြီးစီစီ။
မျက်မှောက်မှာ ပျားလိုချို၊ မျက်ကွယ်မှာ ကနခို။

အချိန်နှင့်အပူ မတူကြပါ၊ သံပရာ တစ်ခြမ်း ပျားတစ်ခြမ်း ချဉ်ချို၊ နှလုံးညို၍ အလိုအပါ၊ မေတ္တာမသက်က၊ ထန်းလျက်မှအခါး ဖြစ်ရမြဲ ဖြစ်ချေသည်။

ကိုယ်မတည် နှုတ်မစောင့်၊ စိတ်မဖြောင့် လျှပ်ပေါ်၊ လေဘ်မာ သူအပေါင်း ကုရာသီအပြောင်းတွင်၊ တပေါင်းလလေပွေ၊ ရွက်ဟောင်း တွေကြွေသည့်နှယ်၊ လေးထွေသော အပါယ်ဘုံ၊ စုန်သူလည်းပေါများ၊ စီးပွားရေးကလည်း ခပ်ဟာဟာ၊ ကုသိုလ်ကလည်းဗလာ၊ ဖြစ်ချင်ရာ ဖြစ်ကရော့၊ နစ်ချင်ရာနစ်ကရော့၊ မြုပ်ကရော့၊ စုတ်ကရော့၊ ပြတ် ကရော့၊ သတ်ကရော့ စိတ်ထား၍၊ သူ့မယား မျက်ရည်ယိုမှ၊ ကိုယ့် မယား ဝမ်းသာရသည်။

သည်စကားပုံမျိုး၊ မျိုးကိုလင့်သော် ပျိုးရင့်၊ ရင့်မည်ပုံတသီး။ သမီးပင် ငြိမ်သော်လည်း အချိန်ရောက်ငြား မထိမ်းမြားက၊ ယောကျ်ား တကာ၊ ဖျက်တတ်သည်ပုံတစ်ရပ်။

လှေခတ်လှေလှော်ပင် ကောင်းသော်လည်း၊ ရေကြောင်းသိသူ မပါလျှင် လိုရာသို့ မရောက်သောပုံတစ်ချက်။

စိတ်ရတက်ကြောင့်၊ ဖြစ်ပျက်ခပင်း၊ ပစ္စုပ္ပန်ကျိုးလည်းလွတ်ကင်း၊ သံသရာကျိုးလည်း ချွတ်ယွင်း၊ နှစ်ဖက်လွတ် ကတိမ်းကယိမ်း။

ငါးစိမ်းလည်း ရေကိုဝင်၊ ငါးကင်ကိုလည်း ခွေးစား၊ အဘွား ကြီးကိုလည်းမမီ၊ ထီးတင်ပွဲကိုလည်းမတွေ့၊ ဗုံမမီ၊ ပတ်မမီ၊ ကြံမညီ လပ်ကော့ကော့၊ ကုသိုလ်ရေး ပျော့သောကြောင့်၊ သေလျှင် ကတိုက် ကရိုက်၊ လိုက်ရမည်ပဲ၊ အပါဆွဲ၊ ငရဲမင်းလက်ကိုရောက်မှ၊ ကြောက်လေ သည့်အဟန်၊ သတိမထိ၊ ရေငုံတီတို့နှယ်၊ ပရိယာယ် မာယာနေ့ရ၍၊ လောကငတ်နှင့်၊ ကျောကိုပွတ်၍၊ တရွတ်ပင်တိုက်တိုက်၊ ငရဲပင်း စိတ်ကြိုက်ကို၊ လိုက်၍ပင်ပြောပြော၊ စကားချောတတ်သည့် ရှေ့နေလို၊ ဆင်ခြေပင်လဲ့လိုလဲ၊ ငရဲသား လက်မရှုံတို့ကိုလည်း ရှိပင်ခိုးခိုး၊ ချမ်းသာ ရိုး မရှိသောကြောင့်၊ မနေသမီစပ်ကြား၊ ကုသိုလ်ပွားအောင်၊ ကြိုးစား အားထုတ် သင့်လှချေသည်။





## လမ်းညွှန်မေတ္တာ ဆုံးမစာ (၂)

# သိမှတ်ဖွယ်ရာ

ဤဆုံးမစာမှာ ဦးယာထံသို့ ပေးပို့သော မေတ္တာစာပင်ဖြစ်၍ ကျည်းကန်ရှင်ကြီး၏ မေတ္တာစာများစွာအနက် ဆုံးမစာသဘောသို့ များစွာသက်ဝင်သော မေတ္တာစာအချို့ကိုသာ ရွေးနုတ်ထားပေသည်။ ကျည်းကန်ရှင်ကြီးသည် ဩဝါဒများတွင် ထုံးသက်သေတို့ကို အတိုချုပ်၍ ထောက်ပြထားသည်ကိုတွေ့နိုင်ပေသည်။

ဤတွင် ''သားငယ်သုံးဦး၊ ကြည်နူးမေတ္တာ၊ လျှောက်လိုက်ပါသည်။ ဦးယာတွင်ခေါ် ဘကြီးတော်'' ဟူ၍ အချီအချ နှစ်ရပ်လုံးတွင်ပါသည်ကို ထောက်သော် မေတ္တာစာပို့သူမှာ ကျည်းကန်ရှင်ကြီး ကိုယ်တိုင်မဟုတ်၊ သားငယ်သုံးဦးသာဖြစ်ပြီး ထိုသားငယ်သုံးဦးအတွက် ကျည်းကန်ရှင်ကြီးက ရေးပေးခြင်းဖြစ်ဖွယ် ရှိပေသည်။ မေတ္တာစာရေးသူများသည် သူတပါးအတွက်ရေးပေးလေ့ရှိသော အစဉ်ထောက်အထားများ ရှိသည်သာဖြစ်ပေသည်။

ကျည်းကန်ရှင်ကြီးသည် အစုံအစုံသော စကားပုံများကိုရေးမြဲဖြစ်ပေသည်။ ဥပမာ–

ငိုချင်လျက်ကို လက်ဖျား ထိ။ ဆိုချက်လျက်ကို စွက်မှား မိ။

မစွန်းရင်းကလည်း ရှိ။ ကန်စွန်းခင်းကလည်း ငြိ။

စသည်ဖြင့် ဖြစ်ပေသည်။ အကြောင်းလည်းဆိုက်၊ ကာရန်လည်းမိ၊ အမှတ်ရလည်း လွယ်ပေသည်။



# ၄။ လမ်းညွှန်မေတ္တာ ဆုံးမစာ

## ကျည်းကန်ရှင်ကြီး

စကြာမှာနှစ်တစ်ရာ၊ ကမ္ဘာမှာသိန်းထား၊ ဘုရားမှာသောင်းရှစ်၊ မောနေယျခုနစ်နှစ်၊ ဆယ့်နှစ်နှစ်မင်္ဂလာ၊ ရှေးဦးစွာကြော်ငြာခြင်းတရား၊ ယင်းငါးပါးတွင်၊ မင်္ဂလာတရား၌၊ သူမိုက်ကိုရှောင်ခွာ၊ ပညာရှိကိုပေါင်းဖက်၊ သည်နှစ်ချက်တွင်၊ အနက်ဆန်းထူး၊ ကြားဖူးမိပ္ပာယ်၊ အသွယ်သွယ်ကို သားငယ်သုံးဦး၊ ကြည်နူးမေတ္တာ၊ လျှောက်လိုက်ပါသည်၊ ဦးယာတွင်ခေါ်၊ ဘကြီးတော်။

ပေါင်းဖော်ပြုတန်၊ မပြုတန်မှာ၊ ရန်သူပညာရှင်၊ အဆွေခင်ပွန်းလူမိုက်၊ သည်နှစ်တိုက်တွင်၊ ကြုံကြိုက်၍တွေ့မူ၊ ရန်သူပညာရှင်ကို၊ ထွက်ဝင်စိုးလျှိုးလျှင် ကောင်းကျိုးဆိုက်တိုက်ရာ၏။ မိုက်သူ အဆွေခင်ပွန်းမှာ၊ အကျွမ်းမျှမဖွဲ့သာ၊ ထုံးစဉ်လာမူ၊ သဟာယခင်ပွန်းလူမိုက်၊ သည်နှစ်တိုက်ကိုရှာသော်၊ အနာထပိဏ်သဌေးအိမ်တွင်၊ ဂုဏ်ရှိန်ခံကျွန်မ၊ မှက်ကိုက်လှသောကြောင့်၊ လက်ကလည်းမအား၊ ဆန်ပြာခိုက်ငြားသနှင့်၊ သမီးအားခေါ်ပါ၊ ဆိုလေရာတွင်၊ ထိပ်မှာနားလျက်၊ ကိုက်သည့်မှက်ကို၊ စိတ်စက်အလိုက်၊ ကျည်ပွေ့နှင့်ရိုက်သောကြောင့်၊ ဖိုက်ဖိုက်ကြိုးလဲဘို့၍၊ အမိသေဖူးသည့်ထုံးကို ထောက်လိုက်သော်၊ သူမိုက်ကိုရှောင်ခွာ၊ ပညာရှိကိုပေါင်းရာသည်ဟု၊ ကောင်းကောင်းကြီးကုံယ်ကိုစောင့်ရမည်။

လူဖြောင့် စိတ်တို၊ လူချို စိတ်ကောက်၊ သည်နှစ်ယောက်တွင်၊ ချိုကောက်ကိုမပေါင်းနှင့်၊ တိုဖြောင့်ကိုပေါင်းရမည်။ ချိုကောက်တို့

သဘောမှာ၊ ပျားရည်ဆိတ်ခတ်၊ ထောပတ်စိန်ပါ၊ မစားရာသည်၊ ပမာအတူတူ၊ လူရည်ချော၍မလိမ္မာ၊ လူလိမ္မာ၍အရုပ်ဆိုး၊ သည်နှစ်မျိုးတွင်၊ ရုပ်ဆိုးကျင့်ကောင်းကို ပေါင်းမှ သိုက်မြိုက်သည်။ မိုက်သောသူမှာ လူချည်ပင်ချောသော်လည်း ထောပတ်ချက်သားကြော်တွင် မစင်တစ်ပဲ သားကျ၍ ပစ်ရသကဲ့သို့ဖြစ်ချေသည်။

မျိုးဆွေနီးရင်း၊ သားချင်းစပ်သောဟု၊ သဘောလိုရင်းမဟုတ်ပါ၊ မေတ္တာသာပဓာန၊ ဖြစ်ချေသည်။ သက်သေထားလျှင်၊ ရှင်ဒေဝဒတ်၊ လောင်းသိဒ္ဓတ်နှင့်၊ ဆွေစပ်မျိုးရင်း၊ သားချင်းကို ထောက်သော်၊ ယောက်လည်းယောက်ဖ၊ နှမလည်းနှမလင်၊ ရှင်လည်းရှင်ဘုရင်၊ ဘုရားလည်း ဘုရားရှင်၊ သို့ပါစင်ကို၊ ရှင်ဒေဝဒတ်၊ လောင်းသိဒ္ဓတ်ကို၊သတ်၍ ပစ်မည်၊ ကြံချေသည်။

တလည်ထုံးစာရပ်မှာလည်း ဒေဝဒတ်ကျွဲသိုး၊ ကျွဲအုပ်ကြီးတွင်၊ သမီးတိုင်းချန်လှပ်၊သားတိုင်းခတ်၍၊ ပစ်သတ်သည့်ထုံးကိုထောက်သော်၊ ပေါ်ဖော်ကိုမထား၊ သဘာင်ပင်ဖြစ်ငြားသော်လည်း၊ စိမ်းကားရက်စက်၊ မေတ္တာပျက်က၊ တစ်သက်လုံးမယုံသင့်။

တစ်နည်းမှတ်ရန်၊ တုံးတလန်မှာ၊ ပုဂံပြည်ရိမဒ်တွင်၊ ထိလတ်ပြုသူ၊ ဆေးဝါးစုမည်ဟု၊သူ့မယားကိုယ်ဝန်ကို၊ဓားချွန်နှင့်ထိုးဘိ၍၊ သားအမိ သေဖူးသည့်ထုံးကိုထောက်လျှင်၊ လင်ဟူ၍လည်းမယုံရ၊ အဘဟူ၍လည်း မယုံကောင်း။

တစ်ကြောင်းမှတ်ရန်၊ ထုံးတတန်မှာ၊ တွတ္တအိုပြီး၊ အမယ်ကြီးပင်၊ လင်နေစိတ်ပါး၊ အကြံမှား၍၊ သားကိုသတ်ဘိ၊ ထုံးစံရှိသည်အမိဖြစ်သော်လည်း မယုံသာ၊ ပမာဆိုသော်၊ ငိုချင်လျက်ကိုလက်ဖျားထိ၊ ဆိုချက်လျက်ကိုစွက်မှားမိ။ မစွမ်းရင်းကလည်းရှိ၊ ကန့်စွန်းခင်းကလည်းငြိ၊လေးသူမှာဘေးထိ၊ပြေးသူမှာဘေးပိ၊ သေးသူမှာ ဆေးမိ။

သို့ရှိသည်တခြား၊ ဆောက်ခေါ်းကောင်းလျှင်၊ ရွှေချင်တိုင်းရွှေရသည်။မြောက်သားကောင်းလျှင်လေချင်တိုင်းလေရသည်။ အတည်တည် ပုံပမာ၊ မင်္ဂလာတရား၊ ရှိသည်များကို၊ သားငယ်သုံးဦး၊ ကြည်နူး မေတ္တာ၊ လျှောက်လိုက်ပါသည်၊ ဦးယာတွင်ခေါ်၊ ဘကြီးတော်။



## ရယ်ဖွယ် (၁၀)ပါး ဆုံးမစာ

# သိမှတ်ဖွယ်ရာ

သက္ကရာဇ် ၁၁၇၉ ခုနှစ်တွင် မုံရွေးဆရာတော်ကြီး ဇိရင်တော်မူသည့် ရာဇောလဂ်ဂရကျမ်းတွင် လောက၌ ရယ်ဖွယ်ဆယ်ပါးကို ဖော်ပြထားပေသည်။ ယင်းကို ထိုထက်စော၍ ၁၁၂၂ ခုနှစ်တွင်စိန္တကျော်သူဦးညိုရေးဖွဲ့သော ဩဝါဒထူးမျိုး တွင် ထိုရယ်ဖွယ်ဆယ်ပါးကို''ဆယ်ပါးရယ်ဖွယ်၊ မှတ်ကြောင်းသွယ်ပိမ့်'' အစချီလျက် လင်္ကာတစ်ပုဒ်တည်းဖြင့် အကျဉ်းဖွဲ့ဆိုခဲ့ဖူးပေသည်။ ဤရယ်ဖွယ်ဆယ်ပါးသည် သတ္တတနိတိကျမ်းထွက် ဖြစ်ဖွယ်ရှိပေသည်။

အမည်မသိ စာဆိုတစ်ဦးသည် ထိုရယ်ဖွယ်ဆယ်ပါးကိုလင်္ကာငါးပိုဒ်နှင့် စပ်ဆိုခဲ့ရာ မှတ်သားလောက်ဖွယ်သော အဆုံးအမမျိုးပင်ဖြစ်၍ ဖော်ပြလိုက်ပေသည်။ ရေးသူ၏အကြောင်းအရာကို မသိရပေ။ မြန်မာစာညွန့်ပေါင်း ဒုတိယတွဲတွင် ဖော်ပြပါရှိပေသည်။အရေးအသားမှာ မင်းတစ်ပါးထံဆက်သွင်းသော သဒ္ဒေါဖြင့် ရေးသားထားပေသည်။ မေတ္တာစာသဘောသို့ သက်ဝင်ပေသည်။



# ၅။ ရယ်ဖွယ် ၁၀ ပါးဆုံးမစာ

### အမည်မသိ စာဆိုတစ်ဦး

၁။ ရာဇရာဇာ၊ မင်းတကာထက်၊ အာဏာတန်ခိုး၊ မိုးနှယ်ကြိုးသား၊
ရန်မျိုးဟူက၊ ကြိမ်ကြိမ်ထလည်း၊ ဆံမျှမဟ၊ ဖျောက်လွှင်
လှေ့က၊ ရန်ငွေ့စဲလေ၊ မီးသို့ခသသည်၊ ပရမေထွတ်ထား၊
စောတရား။ မှတ်သားဝမ်းမှာ၊ စိပ်စိပ်နာလျက်၊ မျက်နှာမသွေ၊
မင်းစံရွှေသို့၊ ရေမြေသခင်၊ နားတော်တင်လေ၊ လူတွင်တံထွာ၊
ကျင့်စရာကား (၁)ပညာရှိလျက်၊ ပွဲလယ်ချက်ဝယ်၊ နှုတ်ထွက်
တွေပြား၊ ယင်ငယ်နားသို့၊ တည်ကြားမတဲ့၊ နိုးနိုးနဲ့လျှင်၊
ယွင်းခဲ့ဖောက်ပြန်၊ မမှန်စကား၊တရားမညီ၊ကသီကတွဲ့၊ ကယဲ့
ကယည့်၊ မတည့်တရား၊ ချစ်အားမုန်းသူ၊ ရန်သူပီပီ၊ ယှဉ်မှီ
နှိုင်းတွဲ့၊ ပေးခဲ့ဥစ္စာ၊မျက်နှာရှိသူ၊ ရန်မူခဲ့ပြား၊ ကြောက်သော
အားကြောင့်၊ ရှုံးကဲ့နိုင်စေ၊မှားထွေမှန်သင့်၊မိုက်သဖြင့်လျှင်၊
တစ်ဖျင့်တစ်ပါး၊ ကျင့်သူအားကား၊ အမှားဤလည်း ရယ်ဖွယ်
တည်း။

၂။ ထိုမှတစ်ကြောင်း၊ ထပ်ပြွန်လောင်းအံ့၊ ကျော်သောင်း လူ့ဘာ၊
နားတော်ဝလေ။(၂)ပရဝဇော်၊ ဆိုထွေငေါ်သား၊ မပေါ်
အာဏာ၊ သူ့မှာစေခံ၊ သူ့နိုင်ငံ့ဟု၊ ဦးဆံစိုးရ၊ သူပိုင်သလျက်၊
မာနမာန်ဆိုး၊ တောင့်သို့ကိုးသော်၊ အကျိုးမထင်၊ လွန်ပူပင်၍၊
မရှင်ညှဉ်းဆိုး၊ စိတ်ဝမ်းညှိုးလျက်၊ ပစ်ကြိုးလက်အန်၊ တောင်ကို
မှန်သို့၊ ပျက်ဝှန်စကျိုး၊မရှိုးနိုးရှင့်။ (၃)လူမျိုးတခြား၊ ဆင်းရဲ

ငြားလျက်၊ နေစားအိမ်ထောင်၊ (၄)မြားမြောင်ဥစ္စာ၊ ရှိတုံ
ပါလည်း၊ သူငှာမပေး၊ (၅)ကြွယ်ရေးချမ်းသာ၊ နေရပါလျက်၊
စေပါ့ခစား၊ သူတို့အားကား၊ ဖြစ်သားအကယ်၊ မှတ်တော်
ကြွယ်လော့၊ လူဝယ်စတော၊ မကင်းလေ့တည့်၊ သက်သေစကား၊
ထုံးစံထားသည်၊ မှတ်သား၍လည်း ရယ်ဖွယ်တည်း။

၃။ ဇာတိဝရ၊ ပုညတ္တကြောင့်၊ လောကလူ့ထိပ်၊ မကိုင်ရှိုရိပ်ဖြင့်၊
အကျိပ်ဆယ်စုံ၊ ထိပ်ကြာမှုဝယ်၊ရွှေပုံစုလစ်၊ မှန်ကင်းဖြစ်သား၊
စောစစ်တုန်းရင့်၊ လူ့မျက်ပွင့်လျှင်၊ ကြံခွင်ဝမ်းမှာ၊ စိပ်စိပ်
နာလော့။ (၆)ဇရာထောင်နှိပ်၊ ဗျာဓိသိပ်လျက်၊ သေဆိပ်
တက်ဖြန်း၊ စိတ်မလန်းတည့်၊ မကျန်းမတော၊ သန်ကြောမယျို၊
လူသူအိုတို့၊ မည်းညိုပါပ၊ မလည၁စ်ကြေး၊ ဆေးသည့်အလှား၊
တရားဟူသည်၊ ရေကြည်အေးချို၊ မြတ်ကုသိုလ်ဟု၊ မှိုခိုမြစ်နား၊
မယုံဦငြားမူ၊တစ်ပါးရယ်ဖွယ်၊မှတ်ကောင်းကြွယ်လော့။ (၇)ထို
ဝယ်တစ်ကြောင်း၊မှတ်ပြန်လောင်းမူ၊ မကောင်းဆိုတတ်၊ မမြတ်
နှလုံး၊ မရှုံးပေါင်းဖော်၊ မတော်မလျား၊ သူ့အားချော့ပစ်၊
မပြစ်မှားတမ်း၊ မကျွမ်းရေးရာ၊ ပညာဖုံပြစ်၊ အမတ်ညစ်ကို၊
အချစ်လွန်ပြင်း၊ နှလုံးသွင်း၍၊ ယုံခြင်းကျိုးမဲ့၊ စီးပွားဖွဲ့ကာ၊
မတဲ့ချမ်းသာ၊ ထိုရာဇာတည်း၊ ဟုတ်ရာလည်းကောင်း၊ စီးပွား
သောင်းသည်၊ အကြောင်း၍လည်း ရယ်ဖွယ်တည်း။

၄။ တစ်ထေ့ပုံပြင်၊ နားတော်တင်စိမ့်၊ နတ်ရင်ရန်ကဲ၊ နားမရဲလျှင်၊
သည်းထဲမှတ်ပိုက်၊ မနက်စိုက်သို့၊စိုးထိုက်မင်းတန်၊ စကားမှန်ဟု၊
တစ်တန်ရွှေနား၊ကောင်တုံငြားလော့။(၈)မင်းသားမင်းရိုး၊မတ်
ကြီးမျိုးနှင့်၊ကြွယ်ဖြိုးသဌေး၊ပုဏ္ဏေးပုဏ္ဏား၊မရှားပေါဖြင့်၊ မျိုး
နွယ်စင်ရှိ၊သွင်ပြင်ရုပ်ဝါ၊ ပမာနတ်သား၊ စွမ်းအားဆင်ပြောင်၊
ဆယ်စီးဆောင်လျက်၊ မိုးခေါင်ပျံလု၊ဆင်းရောင်နုနှင့်၊ ဝတ္ထု
စံပ၊ ပြန့်ပြောကလည်း၊ သိပ္ပအပြား၊ ဆယ့်ရှစ်ပါးကို၊ နားပါး
မဝင်၊ မသင်စာပေ၊ ကိုယ်လွတ်နေလျက်၊ လေးထွေဗေဒင်၊
သင်ဆက္ကတ၊ မာဂဓလည်း၊ များစွာမသွန်၊ ကျမ်းဂန်ကာစ၊
သျှတ္တရနှင့်၊ အဿလင်္ကာရ၊ သိပ္ပညာဟူ၊ ထွေလာမကြွင်း၊
စီးနင်းဟန်ပန်၊ မမွန်မပီ၊ ရှေ့ချီနောက်မေ့၊ ဆိုလွှေ့မကျွမ်း၊

ခမ်နှမ်းတွေးယူ၊ အဘလူကား၊ ထိုလူမျိုးခြား၊ သူကောင်းသားသို့၊ စီးပွားမကျန်၊ ကျင့်ဖောက်ပြန်နှင့်၊ နှုတ်လှန်ကြထိုက်၊ မောဟမိုက်သည်၊ လူ့ဥ္စျလည်း ရယ်ဖွယ်ကည်း။

၅။ မဟာပုည၊ ဗလဝဖြင့်၊ သုခပွားစည်၊ မြတ်ဆယ်မည်ကို၊ ချောင်ခြည်ဝါသန်း၊ ဘုန်းမီးထွန်း၍၊ ဦးစွန်ဗဟို၊ ဟောင်မြင်းမိုရ်သို့၊ ခိုမှီဗိုလ်ထု၊ တံကဲပြုသား၊ ပြည်သူ့မျက်ပွင့်၊ စောရန်လွင့်လျှင်၊ နာသင့်နာထိုက်၊ နာဘိထိုက်၍၊ နာလိုက် နာလျော၊ နာသင့်မောစွ၊ မင်းစောလူ့ဘ၊ ခံနေ့ချလော့၊ (၉) လောကမျိုးပြား၊ လူတို့အားတွင်၊ မယားနှိပ်စက်၊ နိုင်ထက်ဆိုးစွမ်း၊ ယောကျ်ားနှမ်းနှင့်၊ (၁၀)တတ်စွမ်းဗေဒင်၊ လေးအင်စံမြောက်၊ ဆုံးဆရောက်၍၊ ပြောက်ပြောက်ပြိုးပြိုး၊ ကျေးဇူးမိုးသည်၊ ပြည့်ဖြိုးဆန်းတူး၊ နာသူမူးမျ၊ မလူးမလွန့်၊ စက်နှယ်ကွန်သား၊ ကျော်ဝှန်ပဏ္ဍိတ်၊ ပုရောဟိတ်လည်း၊ ကျင့်စိတ်ယွင်းကွက်၊ ဇာတ်ဘည်းပျက်မှု၊ ဖက်ရှက်လေလွင့်၊ ပမာသင့်လျက်၊ ဂုဏ်နှင့်မရှယ်၊ သူရယ်ဖွယ်တည့်၊ ဤဝယ်ကမ္ဘာ၊ လူတို့ရွာတွင်၊ ရှာဖွေပတ်လှည့်၊ ရကြောင်းနည်လည်း၊ ဤသည်မျှလျှင်၊ ကျမ်းဂန်ထင်သည်၊ များဖြင်လူ့ဥ္စ ရယ်ဖွယ်တည်း။





## ခတျော၁ဝါ ဒ ဆုံးမစာ

# သိမှတ်ဖွယ်ရာ

ခတျော၁ဝါဒ ဆုံးမစာမှာ မင်းကိုဆုံးမသော ဆုံးမစာပင်ဖြစ်ပေသည်။ သို့ရာတွင် အမျိုးလေးပါးလုံးနှင့် ဆက်စပ်ပေသည်။ ''မင်းပဉ္စာန၊ မျိုးလေးဝ၊ ဆုံးမပေးသည့်စာ''ဟု ဆရာတော်က ဆိုခဲ့သည်။ ဆရာတော်က နိဒါန်းတွင် ''ဓမ္မရာဇ၊လောကနွှန်းထား၊ ကြောင်းသုံးပါးဖြင့်၊ ပဏ္ဍမြားမြသိလ်၊စိန်ကားအထွတ်၊ သုံးဆင့်ဝတ်သို့၊ပိုင်းဖြတ်ချိမြ၊သုံးကဏ္ဍဖြင့်၊မြွက်ဟသာမော၊ ကျဉ်းမျှဟောသား၊ခတျော၁ဝါဒ၊ နာမထင်စွာ၊ အလင်္ကာကို၊ကဗျာဆွဲင်းညှင်း၊ နားတော်သွင်းဝိမ့်''ဟူ၍ ရေးသားထားသည်ဖြစ်ရာ မင်းထံသို့ပို့သွင်းသောမေတ္တာစာသဘောတွင် သက်ဝင်နေရပေသည်။

ခတျော၁ဝါဒ ဆုံးမစာသည်ပျို့လင်္ကာသွားဖြစ်၍ အပိုဒ်ရေ၃၂ပိုဒ်သာပါရှိပေသည်။ ပဋိညာဉ် ပြုထားသည့်အတိုင်း ဓမ္မကဏ္ဍကဏ္ဍ၊ ရာဇကဏ္ဍနှင့်ကဏ္ဍနှင့် လောကကဏ္ဍနှင့် ကဏ္ဍဟူ၍ သုံးပိုင်းခွဲထားပေသည်။ နိတိကျမ်းထွက် အဲဆုံးအမများ ပါရှိပေသည်။

နိဂုံးတွင်''မန္တလေးထိပ်၊ရန်မျိုးနှိပ်သား၊ ဘုန်းဆိပ်ဖွားဖွား၊စောတရား၏၊ သားကြီးခတျော၊မှတ်စိမ့်ငှာဟု''ဟူ၍ ဆိုထားသဖြင့် မင်းတုန်းမင်းကြီး၏သားတော် သီပေါမင်းထံ ပို့သွင်းခြင်းဖြစ်ကြောင်း သိသာပေသည်။

ဆီးပန်းနီ ဆရာတော်ကြီးသည် မင်းကုန်းဇာတိဖြစ်၍ဘိုးတော်ဘုရား၏ အမတ်ကြီး မဟာရာဇသင်္ကြံ၏သားတော် ဖြစ်သည်။ ကျမ်းဂန်တတ် ဆရာတော်ကြီးများထံတွင် နည်းမှီရသည့်ပြင် ဉာဏ်ထက်မြက်သောကြောင့်ပိဋကတ်သုံးပုံကို ပြန်ဆိုတော်မူနိုင်ခဲ့သည်။ ကဝိမဏ္ဍနမေဒနီကျမ်းကိုပြုစုခဲ့ရပရာ ကဗျာလင်္ကာ၌လည်း ပြောင်မြောက် ထူးချွန်ကြောင်းသိသာပေသည်။ ဆရာတော်၏ ပါဠိတော်မူတမ်းချင်း ကဗျာသည် ထင်ရှားလှပေသည်။



# ၆။ ခတ္တေ၀ါဒ ဆုံးမစာ

## ဆီးပန်းနီ ဆရာတော်

၁။ မဂ်လာဖြိုးစည်၊ သုံးမိုးရည်ဖြင့်၊ မြင့်ရှည်ကမ္ဘာ၊ သွန်းလောင်းရွာ၍၊ ကြာမျိုးသုံးဆင့်၊ တစ်ပွင့်ဆယ်ပွင့်၊ ရှစ်ပွင့်ဖြိုးဖြိုး၊ ဆယ့်ကိုးဖားဖား၊ ဘုရား တရား၊ သံဃာအားကို၊ ညွှတ်တွားကြည်လင်၊ ဦးလုံးဆင်မှ၊ မြေပြင်တပလာ၊ ပထဗျာထက်၊ စုတ်လာခါတ်ထင်၊ သိုက်မဝင်သား၊ အကြင်မင်းတို့၊ ဂုဏ်ပေါင်းပျို့လည်း၊ မြို့မတည်စွမ်း၊ နက်ဝှမ်းပညာ၊ ဘုန်းတေဇာနှင့်၊ သမ္မာသန်ထွား၊ ဘုရားသိုက်ဝင်၊ အကြင်မင်းသာ၊ ပြည်ရွာတည်ထောင်၊ ကုန်အောင်ထက်အောက်၊ တောက်သည့်မီးတဲ့၊ ဇမ္ဗူခွဲ၍ဟု၊ ထိုးဘွဲ့အက္ခရာ၊ သံပိုင်းစာနှင့်၊ ညီစွာရကား၊ တို့မင်းဖျားကို၊ သိကြားဆောင်သွေး၊ ရွှေးရိုးပြေးလျက်၊ မန္တလေးမြို့မြေ၊ သေဉ်မြေကြန်မြေ၊ သေတ္တာမြေထက်၊ ကဝေပိသုက်၊ စီမံဖန်ဆန်း၊ ထီးနန်းမြို့ပြ၊ ရဇ္ဇအင်္ဂါ၊ ပြည့်စုံစွာပြီ၊ စာတီစည်းခုံ၊ ရိပ်မြုံနဝရတ်၊ ပိဋကတ်ရေမျိုး၊ စေ့ကြဲပျိုးလျက်၊ စက်နိုးစက်ဝင်၊ သရဏဂုံတာ၊ သင်္ချာပေါင်းဖွဲ့၊ နှစ်ဆယ့်လေးလုံး၊ သုံးပဒစိတ်၊ သာစိတ်မန္တန်၊ ခေါက်ပြန်လှုံးရေ၊ ခေတ်ကျုံးငွေ၊ အဒနင်ငံ၊ မင်းခြေရံတို့၊ ဆံလှန်မဲ့ပဲ၊ ဘုန်းကုက်ကဲလျက်၊ ရဲရဲလျှံချိပ်၊ ရွှေတောင်ထိပ်မှ၊ ဖြူရိပ်ဖြန့်ပိုက်၊ စိုးမိုးပိုက်သည်။ ။မကိုဋ်တစ်ရာ ညွှန့်ဖျားတည်း။

၂။ မကိုဋ်ဘကာ၊ ဦးခိုက်လာသည်၊ ကေသရာပျံ၊ ရွှေခေါင်ယံဝယ်၊ စံတော်ဆဲဆဲ၊ သစ်စဲစဲနိုက်၊ ပုလဲသားတော်၊ မျှားရွှေဖော်တွင်၊

မတော်ရသ်ကြီး၊ မြစ်ယပြီး၍၊ ကျေးသီးခရိုင်၊ စိုးပိုင်သိမ်းအုပ်၊ ပတ်ချုပ်ရေမြေ၊ နှံမွေဘုန်းဝှန်၊ ကွန်ထက်ကွန်၍၊ မလွန်ပဒုမ္မာ၊ မုံအာပွင့်ဝတ်၊ မှန်ဝါဆွတ်သား၊ နတ်ဘမရာ၊ မှတ်စိမ့်ဌာဟု၊ ဓမ္မာရာဇ၊ လောကနှုန်းထား၊ ကြောင်းသုံးပါးဖြင့်၊ ပတ္တမြား မြသိလ်၊ စိန်ကားဒူထွတ်၊ သုံးဆင့်ဝတ်သို့၊ ပိုင်းဖြတ်ချိမြ၊ သုံးကဏ္ဍဖြင့်၊ မြွက်ဟသာမော၊ ကျဉ်းမျှဟောသား၊ ခယော့ ဝါဒ၊ နာမထင်စွာ၊ အလင်္ကာကို၊ ကဗျာညွှင်းညွှင်း၊နားတော် သွင်းပိမ့်၊ နွားမင်း မြင်းမင်း၊ ဆင်ဆိတ်မင်းနှင့်၊ ဒေါင်းမင်း ကိုးကြာ၊သံသာဥည္ဓ၊ညွှိလိုက်ရောသည်၊ ဥသဘောဆင္ဓ၊ ဂန္ဓာ ရက၊ စသည်ခုနစ်၊ ညှိမှုဖြစ်သား၊ နှစ်သက်စဖွယ်၊ စောင်းသံ နှယ်သို့၊ ဉာဗယ်ယှက်ကူး၊ သားတော်ဦးသည်။ ။နူးဖလော့ ရွှေနားတော်ကြားတည်း။

၃။ မာဃဇိန်အခေါင်၊ ငါးမာရ်အောင်လျက်၊ဖြူရောင်ညိုမှိုက်၊ ယမိုက် သုံးဆင့်၊ ခြောက်ဖြာပွင့်သား၊ မင်းမင်းတန်ဆောင်၊ ဘုန်းခေါင် ထွန်းထား၊ မြတ်ဘုရားဝယ်၊ ဝပ်တွားမရဲ၊ ဖန်လဲသဒ္ဓါ၊ ကြည်ညို ရာနှိုက်၊ ရွှေးခါသီဟဋ္ဌ၊ ရွှေပြည်မာဝယ်၊ အဂ္ဂဓမ္မရာ၊ မင်းမြတ် စွာနှိုက်၊ ဓမ္မရာမ၊ စသည်လေးပါး၊ သားတော်များတွင်၊ ရွှေ့ဖျားသက်နှံ့၊ ဓမ္မရာမ်ကို၊ စံအိမ်ရွှေ့ရာ၊ နှင်းသော့ခါနှိုက်၊ သည်းချာမျက်ဖျော်၊ တင်ဟန်ဆော်တား၊ သားတော်ဓမ္မ၊ နန္ဒ တို့အား၊ ဘုရားခမည်း၊ နန်းရာတည်းလော့၊ ကျော်သည်း ပေါက်ပြု၊ ကလိက်မူ၊ ရောက်ထထူးမြတ်၊ စွယ်တော်ဓာတ်ကို၊ ယူလတ်ပြီးခါ၊ ကျွန်ုပ်မှာကား၊ ဒေသစာရီ၊ လှည့်ပတ်ချိ၍၊ မိမ်သမ္ဘာ၊ လူမိစ္ဆာနှင့်၊ သမ္မာအယူ၊ နှစ်မျိုးလူကို၊ ပူဇော် စေကြောင်း၊ ခွင့်ကောင်းပင့်ခဲ့၊ ကျွန်းပြင်ချဲ့သော်၊ကဲ့ရဲ့ပြစ်မှား၊ တရားပျက်ချော၊ မိုက်သဘောကြောင့်၊ တမောတမ၊ ကုလား ပြည်လုံး၊ မြေမျိုဆုံးမှ၊ သုံးပါးဥက္ကင်၊ စွယ်တော်ဓာတ်ကို၊ ပင့်လှတ်ပြီးခါ၊ နုရာဓာဝယ်၊ ချမ်းသာရိပ်ငြိမ်၊မင်းစည်းစိမ်ကို၊ မသိမ်မလျှ၊ ခံစားရသား၊ မင်းသားသဖွယ်၊ သဒ္ဓါကြွယ်၍၊ ပွိုင်ဆွယ်မနှုန်း၊ ကြမ္မာဘုန်းဖြင့်၊ပျက်ပြုန်းမဲ့ရာ၊ပြည်ခမာသို့၊ လက္ခဏာလျှံညီး၊ သားတော်ကြီးသည်။ ။စီးလော့စကြာ ရှထားတည်း။

၄။ သုအက္ခာတ၊ စသည်မြောက်မည်၊ ဂုဏ်ပေါင်းတည်၍၊လှည့်လည်မြင့်စွာ၊ ကမ္ဘာ့ဘာဝယ်၊ သံသရာစက်၊ တက်စီးမိသူ၊ ခပ်သိမ်းလူတွင်၊ ကြည်ဖြူဆွထွား၊ မိမိအားကို၊ ဆောင်သွားပေတတ်၊ ဝေနေတတ်ကို၊တည့်မတ်မထောင့်၊အဖြောင့်သားသား၊ သဘောအားမြင့်၊ လေးပါးအပါယ်၊ သုံးသွယ်ဝဋ္ဋ၊ မကျစေအောင်၊ ဆောင်ပေတတ်သော၊ မြတ်လှမောသည်၊ သော-သော-သ-သ၊ အ,လည်းလေးတန်၊ပ-နိဗ္ဗာန်ဟု၊အမှန်ဆယ်ပါး၊မြတ်တရားဝယ်၊ မင်းသားရွှေကိုယ်၊ ကြည်ညိုစရာ၊ ဥပမာကား၊ မြောက်ဖြာရောင်ရှင်၊ လင်းလင်းသင်သည်၊ ရှင်ပင်ကဿပ၊ သာသနာ့ရောင်ဟုန်၊ စံပြတ်ကုန်က၊ သုရွှန္န၊ ပြည်မတမ်းခွန်၊ ဓမ္မသောဏ်ဥဒေါ်ချောင်၊ မင်းမျှားနောင်ကား၊ ဘုန်းခေါင်ဒေသနာ၊ တစ်ဂါထာမျှ၊ ဟောပါတတ်ငြား၊ ထိုသူအားလျှင်၊ ဆွထွားသဒ္ဓါ၊ ထောင်သပြာကို၊ ပူဇော်ပါမည်၊ မုဒိန်းစည်ဖြင့်၊ လှည့်လည်ရှာဖွ၊ မရထွေကြောင့်၊ ရွှေပြည်ရွှေနန်း၊ တိုင်းရပ်ခန်းကို၊ ပန်းတစ်ပွင့်နှယ်၊ မတွယ်မတာ၊ အပ်နှံခွာ၍၊ ဟေမဝါရိပ်ညို၊ တောသို့ခိုက၊ မင်းပျိုသဒ္ဓါ၊ ဘုန်းအာဏာကြောင့်၊ ဝါသဝနတ်၊ သက်လာလစ်ပြီး၊ကဿပကျော်ထိတ်၊မိန့်ခဲ့ဖိတ်သား၊အနိစ္စဝတ၊ စသည်ဂါထာ၊ ဒေသနာကို၊ ကြားပါခဲ့ရ၊ နိဿယကြောင့်၊ ပြည်မနိဗ္ဗူ၊ လှမ်းသည်ဟူသို့၊ ပြောင်ဖြူကုမုဒ၊ စိုးပိုင်ရသည်၊ မေ့းဘသည်းပွတ်၊ သားတော်မြတ်သည်။ ။ညွတ်လေ့သဒ္ဓါ ဆင့်ပွားတည်း။

၅။ သုပ္ပဋိပန္န၊ စသည်ကိုးတန်၊ ဂုဏ်တမ်းခွန်ကို၊ မိုးစွန်အထက်၊ ဘဝဂ်ဘုံဆိုက်၊ ကြွားကြွားပိုက်၍၊ မြေးမိုက်ကိလေ၊ ဆင့်ဆင့်ခြေသား၊ မဟောသက္ခ၊ တတိယ ရတနာ၊မြတ်သံဃာဝယ်၊ မဟာခတ္တိ၊ နှံ့သိကျော်ဟုန်၊ ရွှန်းရွှန်းကွန်လျက်၊ မလွန်မည်ထုတ်၊နာဂရုတ်မှ၊ ခွန်တုတ်ဆက်လာ၊ သိန်းသပြာဖြင့်၊ မကြာခြေအောက်၊ အရောက်ကြည်ဖြူ၊ ခံတော်မူသည်၊ ဘူပတ် သည်းပွတ်၊ ကျင့်ရဝတ်ကား၊ အလွတ်ကိလေ၊ ရှောင်လိုထွေဖြင့်၊ တောခြေစုံဖျား၊ မြိုင်ချောက်ကြားနှင့်၊ သစ်ဝါးပင်ရင်း၊ မြေတလင်းမှ၊ သန့်ရှင်းကြည်ဖြူ၊ ထွက်တော်မူ၍၊ တူရူတစောင်း၊ နှောင်းဆုတ်ရှေ့တက်၊ ငြိမ်သက်ဣန္ဒြေ၊ ဆောက်တည်ထွေဖြင့်၊ နေရာနေရာ၊

ကြွခဲ့လာသား၊ သံဃာထိုထို၊ မြတ်ပုဂ္ဂိုလ်ကို၊ ရာဇဂြိုဟ်သဒ္ဒေး၊ နီးဝေးထင်ထင်၊ မြင်လတ်သော့ခါ၊ ပဒုမ္မာဟု၊ သန္တါရန့်၊ သင်းသင်းပျံ့လျက်၊ မငုံမကွက်၊ တပြိုင်နက်ဖြင့်၊ ရေတွက်အပေါင်း၊ ကျောင်းဆယ်ကျောင်းကို၊ ကျော်သောင်းအုတ်အော်၊ ဆောက်ပူဇော်သို့၊ ဝေရော်စနေ၊ ပတ္တမြားရောင်သွေး၊ သဒ္ဒါရွှေးလျက်၊ နီးဝေးပြောင်ပြောင်၊ သက်နှီးရောင်ကြောင့်၊ ရွှေတောင်လေလော၊ ရွှေတောင်လောဟု၊ တွေးတောမှားဖွယ်၊ လွန်သပ္ပာယ်သည်၊ ကြီးငယ်ထင်ပေါ်၊ သံဃာတော်ကို၊ မျှော်လတ်သော့ခါ၊ ကြည်ညိုစွာလျှင်၊ မဟာခတ္တိယော၊ သားတွတ်စောသည်။ ။သွေးလောသဒ္ဒါ ပတ္တမြားတည်း။

၆။ ဘုရား တရား၊ သံဃာအားကို၊ ပိုင်းခြားပိုင်းခြား၊ မှတ်သားခဲ့မြောက်၊ တင်ထောက်တစ်ထောက်၊ စဉ်သင့်လျှောက်ပြီး၊ ရွှေမှောက်ထွတ်ထား၊တစ်ပါးတွင်သာ၊ရတနာသုံးဦး၊ လွန်ကြည်နူး၍၊ကျေးဇူးရာထောင်၊ မြားမြောင်းဘုဌေ၊ ရှိကြောင်းဆွေကား၊ ရေမြေထင်ပေါ်၊ ကျွန်းလုံးကျော်သား၊ အနေ့ာ်ဇာသည်းမျိုး၊ သတိုးဓမ္မရာ၊ မဟာတပီန္န၊ စောသူရလျှင်၊ မျှားလှုဗိုလ်ပါ၊စစ်အင်္ဂါဖြင့်၊ ရတနာမြတ်၊ သုံးပါးနတ်သို့၊ ကြည်ညွတ်ကော်ရော်၊ ပူဇော်ဆွထွား၊ ဖူးလိုအားကြောင့်၊ သွားလတ်တုံဆဲ၊ ခရီးခဲနှိုက်၊ အဝှန်စီးဆင်း၊ မြစ်သုံးစင်းကို၊ မင်းမင်းဘုန်းဟေ့၊ဆိုက်ရောက်တွေ့က၊ ရဲလေ့အပေါင်း၊ ရွှေဥဒေါင်းနှင့်၊ ဒွါလောင်းသက္ကဒန်၊ သမ္ဘန်ကူရှပ်၊ ရွှေရောင်လျှပ်သား၊ ပန်းချပ်မုံအာ၊ ပဒုမ္မာပွင့်ပေါ်၊ စက်ယာဉ်ကျော်ဖြင့်၊ တူးတော်မပူ၊ နှုန်းမတူသား၊ ကိုးဆူခြောက်ဆူ၊ ကိုးဆူလည်းကောင်း၊ အပေါင်းတွက်ဖွဲ့၊ နှစ်ဆယ့်လေးဖြာ၊ စဉ်သင့်လာသား၊ ဗုဒ္ဓ-သ္မာ-သု-မှတ်၊ ဂုဏ်တော်မြတ်ကို၊ ရွှတ်ဖတ်ကြည်နူး၊ တထူးတထူး၊ မြစ်သုံးဦးကို၊ ထူးလေဘိသော၊ ထိုမင်းစောကို၊ သဘောဖြောင့်ကြည်၊ သက်သေတည်၍၊ ပြောစည်တသွန်၊ သဲသဲဝှန်သား၊ မလွန်မကိုင်ဌီ၊ ထွတ်ဦးစိုက်သည်။ ။ပိုက်လော့ဂုဏ်တော် ထွေပြားတည်း။

၇။ ဝတ္ထုတ္တယ၊ အမည်ရသည့်၊ ရတနာ့အထွတ်၊ ကျင့်ရာဝတ်ကို၊ တွတ်တွတ်မြွက်ဖော်၊မိန့်ပြီးသော်နှိုက်၊ မယ်တော်ခမည်း၊ကျင့်ရာ

နည်းကို၊ နိဿရည်းစွဲကိုင်၊ သံပိုင်းတိုင်မိမ့်၊ မြစိုင်သေဏ္ဍု၊
ရှိုးလလုံသား၊ ဇမ္ဗူဒီပါ၊ တောင်မျက်နှာနိုက်။ ငါတည်းစင်စစ်၊
မင်းထီးဖြစ်က၊ မူးယစ်မေ့တိမ်၊ ပြည်စည်းစိမ်ကြောင့်၊ ရွှေအိမ်
အသည်၊ သက်ရှည်နှစ်ပါး၊ မိဘအားကို၊ သားသို့ကျင့်ရန်၊
စတ်ငါးတန်မှု၊ မေ့ကျန်လိမ့်မည်၊ ဖြစ်တန်သည့်ဟု၊ ပြည်ကိုမကွယ်၊
မင်းဖြစ်စွယ်ကို။ နုတ်ပယ်ပစ်ဘိ၊ ဇာနက္ကိနှင့်၊ တိုးပြီးအပ၊
ကြွားဖူးရသား၊ ကုမ္ဘဝတီ၊ ပြည်ဌာနီငယ်၊ ဒဏ္ဍကီမည်မှတ်၊
ဆမုနုတ်လျှင်၊ မြတ်ရသေ့အား၊ ပြစ်မှားမိ၍၊ အသွားမျိုးမြတ်၊
လက်နက်ကျော်ခဲ၊ သလွဲဖြိုးဖြိုး၊ စွေကကျိုးလျက်၊ သေမိုး
သုံးဆင့်၊ ရွှာသဖြင့်လျှင်၊ ကြီးမြင့်အခေါင်၊ အဆောင်
ခြောက်ဆယ်၊ လျှမ်းလျှမ်းကယ်မျှ၊ ညာဗယ်ညွှတ်ယိမ်း၊ မတိမ်း
သာလေ၊ ပြည်လုံးသေက၊ ဖြစ်ထွေထိုခါ၊ မိဘမှာကို၊ ကျင့်ရာ
ကုန်စင်၊ မွေးမြူအင်ကြောင့်၊ လုလင်ရာမ၊ တစ်ယောက်မျှသာ၊
ကျန်စပါဟု၊ ကျမ်းလာထင်ရှား၊ ထိုစကားလည်း၊ မင်းသား
ရွှေကိုယ်၊ မှတ်စေလိုရှင့်၊ ထိုထိုသောင်သဲ၊ ညီလာပွဲတွင်၊ စောရဲ
ဘုန်းထွတ်၊ ခမည်းနတ်အား၊ မှူးလတ်မတ်မြင့်၊ ရှိပန်ဆင့်လည်း၊
ထမင်းသုခင်၊ အရှင်၍သာ၊ ဦးခိုက်ရာ၏၊ များစွာအကျိုး၊ မရှိ
နိုးတည့်၊ သတိုးဓမ္မရာ၊ ရှင်တို့မှာကား၊ နာဂါမ်ပုဂ္ဂိုလ်၊ တရာ
ကိုလျှင်၊ ကြည်ညိုသည့်ထက်၊ ဆဆတက်ဟု၊ မိန့်မြွက်နည်းမှီ၊
တရားချီလျက်၊ ညီညီ့အမှူး၊ နောင်နောင့်ဦးသည်။ ။ဖူးလှော့
ပြဟ္မာ နှစ်ပါးတည်း။

ဂ။ ဤတွင်ရွှေ့ကား၊ ရှင်မင်းသားအား၊ ဘုရားတရား၊ သားနှင့်
မိဘ၊ ငါးဌာနဝယ်၊ ကျင့်ရမည့်ကြောင်း၊ ဋ္ဌပွတ်ပေါင်းကို၊
သံညောင်းသာချို၊ မြွက်မျှဆိုရှင့်၊ နာလိုဖွယ်လိ၊ သြဇာရှိသည်၊
ခတ္တိယောဝါဒ၊ ကျမ်းဂန္ထဝယ်၊ ရှေးကထုံးမှီး၊ အံ့ဖွဲ့ချီးသည်။ ။
ပြီး၏ဓမ္မက္ခန္ဓ ပိုင်းတည်း။

## ရာဇကွန်ကဗျာ

၉။ ဓမ္မက္ကန္ဒ၊ ရှေးဦးပြသည်၊ ကဗျာပိုင်းကြီး၊ ပြီးခဲ့တမုံ့၊ ရွှေ့သို့လှုံ့၍၊ လှုံ့လတစ်ဆင့်၊ ဖွင့်ချိန်သင့်သား၊ အခွင့်သာညီ၊ ရောက်ပြီရကား၊ အစဉ်အားဖြင့်၊ ချီပြားကောင်းမွန်၊ ပျွားမတန်တည့်၊ ရာဇကွန္ဒ၊ ဒုတိယကို၊ သာစွညွင်းညွင်း၊ ဝန်းဝန်းကွင်းပွိမ့်၊ နေမင်းလမင်း၊ သတ္တမင်းနှင့်၊ မိုးမင်းသမုဒ္ဒ၊ ယမဝသုန်၊ လေဟုန်အကျင့်၊ ရှစ်ပါးတင့်သား၊ မင်းမင်းဦးနေ၊ ရထေသဘာ၊ ဘုရားသားတော်၊ မြေပေါ်ရေပေါ်၊ ဘောဇော်ဘုန်းမီး၊ ရဲရဲညီးသည်။ ။နာကြီး နာတော် မူတို့လော့။

၁၀။ ဇမ္ဗူယာသက္ခ ိ၊ မှတ်အပ်ဘိ၍၊ ပါဠိမာလာ၊ အက္ခရာမော်ကွန်း၊ စုံကဲထိုးညွန်းသား၊ ကျွန့်းကျွန်းဘန်ဆောင်၊ တောင်ဇမ္ဗူဒီ၊ မြေမဟီထက်၊ အတိလွန်ဝေး၊ ရှင်တို့ဘေးဟု၊ ရှေးရှေးမင်းမြတ်၊ မှာသမတ်တို့၊ နှုတ်ဆက်လက်ကြမ်း၊ မရဲစွမ်းလျက်၊ ကြမ်းတမ်း မာခက်၊ ပျက်စီးမှုရှာ၊ ဝ့ါစာစဉ်းလဲ၊ ရောင့်ရဲမရှိ၊ ပျင်းရိလွန်စွာ၊ အင်္ဂါရှစ်မည်၊ ကိုယ်၌တည်းသား၊ လူရည်မတိုး၊ နှုတ်လက်မကြမ်း၊ ရဲစွမ်းနှမ့်ချ၊ စသည်ရှစ်မည်၊ အင်္ဂါတည်၍၊ လူရည်တက်တွန်း၊ ညွှန့်မဆုန်းသည်၊ ဘုန်းကြောင့်ထွက်ပေါ်၊ ကျွန်မျိုးတော်ကို၊ ပေါင်းဖော်ဆက်ဆံ၊ ကျေးရွာနှံ့ရှင့်၊ ထုံးစံရှိတိုင်း၊ ကျင့်ရိုးနှိုင်းဆ၊ သံပိုင်းထွန်းပြောင်၊ ဇမ္ဗူဘောင်ဝယ်၊ ဘုန်းရောင်ပွားစည်၊ သက်တော်ရှည်လိမ့်၊ လူရည်တမ်းခွန်၊ လွန်ထက်လွန်၍၊ ချွန်ချွန် ဝှံချီး၊ ကျွန်ကျွန့်ထိုးကုံ။ ။ရွာကြီးရွာတော် မူတို့လော့။

၁၈။ ထိုမှလည်းကောင်း၊ ထပ်ဆင့်လောင်း၍၊ ကျွန်ကောင်းကျွန်ယုတ်၊ ဟုတ်မဟုတ်ကို၊ ညွှန်ပြဆိုပိမ့်၊ ထိုသူသဘာ၊ ကြံနှစ်နှောမူ၊ ကျော်စောလည်းမဲ့၊ စည်းစိမ်နွဲ့လျက်၊ ဝရဲပြည်ရွာ၊ လားတို့ ရာသည်၊ သုံးဖြာအပြစ်၊ ဖြစ်စေဘတ်သည်၊ ကျွန်မိုက်ရည်အား၊ ထူးလည်ဌာန၊ မချလေရာ၊ ဝှန်ဝါတက်ထိုး၊ ပြည့်ဖြိုးစည်းစိမ်၊ မသိမ်သန္ဓေ၊ ခြောက်ဘုံနေတည့်၊ ဖြစ်စေတတ်ဘိ၊ သုံးကျိုးရှိသည်၊

ကဝိခေါင်တည်၊ အမတ်ရည်အား၊ ထီးစည်စလွယ်၊ အသွယ်သွယ်နှင့်၊ ကြီးကျယ်နေရာ၊ ဌာနန္တရ၊ ထားအပ်စွရှင့်၊ ထိုမှတထိုက်၊ စိုးလိုက်မင်းလို၊ ရှည်တိုသိခြင်း၊ သန့်ရှင်းအာစာရ၊ ဓမ္မစောင့်လတ်၊ ကျမ်းစုံတတ်လျက်၊ ရမ္မက်နည်းပါး၊ ခစားမြဲပင်၊ လုလင်ကိုသာ၊ ရာဇန္တိက၊ ထားအပ်စွရှင့်၊ ဆိုထအင်္ဂါ၊ ကြောင်းမညီသား၊ လှီလှီကင်းကင်း၊ ကျွန်ုပ်ဖျင်းကို၊ ထံရင်းမနီး၊ ဝေးစွာသီး၍။ ။ခွာကြီးခွာတော် မူတို့လော့။

၁၂။ ကကုသန္ဓော၊ ကောဏာဂမန၊ ကဿပနှင့်၊ ဂေါတမမြတ်စွာ၊ စဉ်သင့်လာသည်၊ ခိဏာသဝ၊ ဝေလာမမှု၊ ပါဒတတန်၊ မန္တလာနာမ၊ လေးမည်ရသား၊ သာစွတုကင်း၊ ပြည်ပြည့်မင်းဝယ်၊ ဖန်ဆင်းတည်ထောင်၊ နန်းနန်းခေါင်ထက်၊ မြောက်ဆောင်ရဝေ၊ နန်းကြီးနေသား၊ ဒေဝီရတနာ၊ လှသူဇာ၏၊ သည်းချာသတ်မှတ်၊ သမုနတ်လျှင်၊ ယုတ်မြတ်စုံငွဲ၊ စွဲမှတ်ဖွဲ့ရှင့်၊ သုံးဆယ့်နှစ်သွယ်၊ နနယ်မှ၊ တင့်တယ်ဖွားမြောက်၊ သားငါးယောက်တွင်၊ အံ့လောက်စဖွယ်၊ ဥပါယ်သုံးဖြာ၊ ရေးရာ့ထွေပြား၊ မာယာအားဖြင့်၊ အများကိုလျက်၊ နည်းငယ်တက်၍၊ နှိုင်းစက်အင်တူ၊ အောင်ပွဲဟူသား၊ သူတမ်းခွန်ဆောက်၊ သုံးယောက်မြောက်သား၊ ထိုယောကျ်ားကို၊ ထံပါးမြဲစေ၊ ရအောင်ဖွေရှင့်၊ ရေရေတွက်တွက်၊ လက်မချိုးကောင်း၊ ပွဲသောင်းဖျင်းသိမ်၊ မာန်မနှိမ်သား၊ နက်တိမ်မထောက်၊ ကျွန်လေးယောက်ကို၊ နောက်မျှမခေါ်၊ စက်တော်မနီး၊ ခွာရှောင်သီး၍။ ။ခါကြီးခါတော် မူတို့လော့။

၁၃။ စ-သော-ဃာ-ဇိဝှါ၊ ကာ-မနာဟု၊ ခြောက်ဖြာတံခါး၊ ပိတ်ဆို့ထား၍၊ စကားသိမြော်၊ တရားပျော်လျက်၊ သူတော်သူမိုက်မလိုက်မျက်နှာ၊ နာနာသိပ္ပ၊ တတ်လှသီးသီး၊ ဝံ့ချီးပညာ၊ မိလာ ဘဖြောင့်၊ သီလစောင့်လျက်၊ ဦးခေါင်းသခင်၊ ကိုယ့်အရှင်ကို၊ ချစ်ကြင်ကြောက်ရွံ့၊ နတ်စံကိုးပါး၊ တရားမြဲတော၊ ကျက်သရေထင်ပေါ်၊ ကျွန်သူတော်ကို၊ ပေါင်းဖော်ယုက်တင်၊ ကျွမ်းဝင်နှစ်သက်၊ မဝှက်မထောင့်၊ ကိုယ်တော်စောင့်ဟု၊ အဖြောင့်သားသား၊ သိမ်းပကားလော့၊ တရားကိုးကန်၊ ကိုယ်မှကျွန်သား၊

ကျွန်တန်ကျွန်ယုတ်၊ ကြမ်းကြုတ်ချွတ်ယွင်း၊ ကျွန်ငဖျင်းကို၊ ထမင်းရိက္ခာ၊ ကြည့်စပါလည်း၊ ဘယ်ငှာအကျိုး၊ ရှိနိုးမထင်၊ ဝေးစွာနှင်လျက်၊ ယခင်တရား၊ ကိုးပါးပြည့်စုံ၊ မတ်ပေါင်းစုံ၍၊ ကြယ်တုံလျှံပတ်၊ လပြာသာဒ်လျှင်၊မိုးလတ်ခေကာင်းကင်၊ပျော်စံ ရှင်သို့၊ မာရဘင် လျှောင်းဦး၊ လေသာကူးနှင့်၊ ဆောင်ပူး ဆောင်ကွာ၊ အိမ်တော်သာဝယ်၊ရောင်ဝါလျှံညီး၊ စံမငြီး၍။ ။ သာကြီးသာတော် မူတို့လော့။

၁၄။ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား၊ တောင်ယုဂန်ဦး၊ ကွန့်မြူးလှည့်လည်၊ဝင်းဝင်းကြည်၍၊ ရောင်ခြည်သဟာယ၊မြောင် ထွန်းညီသည်၊ ဟရိသဝဏ်၊ နေ့ဗိမာန်သို့၊ မန္တလသိလ်၊ မှောင် မမိုန်သား၊ ဂိရိန္ဒရာ၊ နာဂိန္ဒာမှ၊ ဒုတိယာဒိစွဲ၊ ဝန်းဝန်းပသည့်၊ မင်းတရာ့သည်းအူ၊ မှတ်ထုံးယူလော့၊တောင်ငူဘုရင်၊ကျွန်းလုံး ထင်သား၊ တပင်ရွှေထီး၊ အောင်စည်တီး၍၊ စစ်ကြီးဗျူဟာ၊ ပဒုမ္မာနွန်းတွင်း၊ ခံကာကျင်းလျက်၊ တနသ်ာရီ၊ ချီခဲ့ကုလား၊ သုံးစင်းသားကို၊ မြစ်နားသောင်ကျွန်း၊ ပတ်ပတ်ဝန်း၍၊ သုံ့ပန်း ဆောင်ရာ၊ ရလိုက်ပါသား၊ မိစ္ဆာမျိုးနွယ်၊ ကုလားငယ်ကို၊ နှီးဝယ်ယုံကြည်၊ ထားမိသည်နှင့်၊ သေရည်သေရက်၊ ချက်ဆက် ပွဲတော်၊ သောက်တော်ခေါ်က၊ မူးမော်မိုက်ယစ်၊ ထိုခါ ခေတ်ဝယ်၊ စစ်တောင်းစားမတ်၊ လုပ်ကြံလတ်၍၊ သက်ပြတ် ဇီဝိန်၊ တုံးကိုချိန်လျက်၊ ဟိန္ဒကကျိုး၊ ကျွန်မိုက်ဆိုးကို၊ အကျိုး မထင်၊ ကျွမ်းမဝင်ထွေ၊ ရှောင်လွှဲသွေရှင့်၊ ဝေဘန်ပက်၊ မျိုးတူလျက်သည်း၊ ထွက်ရာစက်ရာ၊ ဖော်နည်းစွာ၍၊ မဟာ ကောသလ၊ ပြည်မထွာဖျား၊ မင်းတရားကို၊ ရထားစိုင်းနှင်၊ အကျွမ်းဝင်သား၊လုလင်ဓိဿ၊သင်္ချာကြောင်းထူး၊ရလေဖူးရှင့်၊ ကျေးဇူးထင်ပေါ်၊ရှိမဲ့မြော်လျက်၊ ကိုယ်တော်သည်လည်း၊လိမ္မာ သည်း၍၊ ယရည်းမဆောင်၊ ကျွန်ဆင်ပြောင်ဖြင့်၊ မြန့်ဘောင် ဝှံချီး၊ တက်ကာစီး၍။ ။လာကြီးလာတော် မူတို့လော့။

၁၅။ ထိုမှတတည်၊ နားတော်လည်လော့၊ မြင့်ရှည်အဟို၊ ကျွန်းသီ ဟိုဠ်ဝယ်၊ ပဟိုရ်ခေါင်းလောင်း၊ ချက်ပေါင်းရေတွက်၊ နာရီ ဆက်သား၊ ရဲခတ်ရန်နင်း၊ သုဘမင်းလျှင်၊ချွတ်ယွင်းကြံထောင့်၊

တံခါးစောင့်အား၊ ကိုယ်တော်လားသို့၊ ငါးပါးကကုဓ၊ ဆင်စေ မှတည့်၊ ရာဇပလ္လင်၊ မိမိအင်ဖြင့်၊ ရွှင်စေပြီးလျက်၊ ကိုယ်ကိုဗုက်ရှင့်၊ ဒက်ဘယက်စလွယ်၊ ဆင်းသပ္ပာယ်မှ၊ မှူးငယ်မတ်ကြီး၊ ဗိုလ် အဖြီးတို့၊ အနီးချဉ်းကပ်၊ ဦးနှိမ်ဝပ်က၊ မအပ်မရာ၊ ပြုတို့ပါဟု၊ သည်းစွာဆိုပြီး၊ လက်ခုပ်တီး၍၊ ရှက်ကြီးပေးပေး၊ ရယ်သွမ်း သွေးက၊ မလေးမလောက်၊ မကြောက်မရက်၊ သည်မင်းပျက်ကား၊ တို့လျက်စင်ကို၊ မကြည်ညိုဘဲ၊ မရိုမသေ၊ မထေမဲ့မြင်၊ ခါခါ ပင်တည့်၊ မသွင်မှူးမတ်၊ ပြုတို့လတ်ဟု၊ ဝန်းပတ်ဖမ်းဆီး၊ ဖျောက်ဖျက်ပြီးလျှင်၊ မင်းကြီးဟန်ကူး၊ တံခါးမှူးအား၊ ကံထူး ရောက်ဆိုက်၊ ပြည်သိမ်းပိုက်ဟု၊ သမိုက်ပြဋ္ဌာန်း၊ ဘိသိက်သွန်းရှင့်၊ ဥဒါန်းမပျောက်၊ သည်ကိုမြှောက်၍၊ သူ့အောက်ကျသည်၊ စဉ်ရှည်စကား၊ ခုတိုင်းကြားရှင့်၊ မင်းသားကိုယ်တော်၊ ထိုကို မျှော်၍၊ နော်ရထာနေမျိုး၊ ကျွန်သတိုးအား၊ ရှက်နိုးဖွပ်လျော်၊ ဘုန်းမိုးတော်ကို၊ ထင်ပေါ်ဝေးနီး၊ ဖြာဖြာစီး၍။ ။ရွာကြီး ရွာတော် မူတို့လော့။

၁၆။ ထိုမှတတန့်၊ ရှေ့သို့ဖြန့်၍၊ ကန့်လျက်ကန့်လျက်၊ ထုံးဟောင်း ကွက်ပိမ့်၊ ကြက်တက်မင်းကျော်၊ နာမ္မေ့ပျော်လော့၊ ဘုန်းတော် အစုတ်၊ ရန်ညွန့်ခုတ်သား၊ သက္ကာမုက်နွယ်လာ၊ မနူဟာလျှင်၊ ဟုကာခံတွင်း၊ စက်မီးဝင်း၍၊ မင်းအရိမဒ်၊ စောနေနတ်လည်း၊ တုန်ဆတ်လန့်ထိတ်၊ ရွံ့သည်စိတ်ဖြင့်၊ ရှုဆိတ်မဝင်၊ ပွဲတော် ပြင်လျက်၊ ရောင်ရှင်ဝန်းအုံ၊ စည်းခုံစာကီ၊ ဦးချီဆက်သွင်း၊ သုံးမိခြင်းကြောင့်၊ ခံတွင်းလျှံတောက်၊ မီးရှူးပျောက်ရှင့်၊ ရွှေမှောက်ဘုန်းကြွယ်၊ မင်းလုယ်လည်း၊ ဘိုမယ်ဒေဝီ၊ ငါးဆက် မီနှင့်၊ ပလီယှက်တွေး၊ မတ်ကလေးတို့၊ ဆိပ်ဆေးခတ်လျက်၊ စားတော်ဆက်က၊ နှစ်သက်မယွင်း၊ သုံးမိခြင်းကြောင့်၊ ပြတ်ကင်း ဇီဝိန်၊ နတ်နန်းထိန်ရှင့်၊ နရိန္ဒထွတ်၊ တန်ခိုးလွတ်သား၊ ဒွတ္တ ပေါင်ရန်မဲ့၊ မင်းကြီးမှဲ့လည်း၊ သွဲ့ဗုံစိုက်လည်၊ ယက်ကန်းသည်တို့၊ ချည်မသန့်သက်၊ ထည့်၍ရက်သား၊ မျက်သုတ်ပစ္စူ၊ သုံးတော် မူက၊ ညွန့်လူကျက်သရေ၊ မြုတေလှုံကယ်၊ မွဲရှင်ကွယ်၍၊ မကြွယ် တန်ခိုး၊ မွဲသွေညှိုးရှင့်၊ ထုံးရိုးခုထက်၊ ထင်ပြက်ပြက်ကြောင့်၊ ထွက်ရာစက်ရာ၊ ပွဲဆက်ရာနှင့်၊ ဆင်ရာစသည်၊ အတည်တည်ကို၊ ဉာဏ်ရည်ဆီမီး၊ ထိန်ထိန်ညီး၍။ ။ဝါကြီးဝါတော် မူတို့လော့။

၁၇။ ဤတွင်ရွှေ့ကား သတိုးဖျားအား၊ သကြားဂဝေတြဘူ၊ မြှောက်တော်မူ၍၊ ထောက်ကူသော့အား၊ ထုံးစကားကို၊ ကြားကရှင်ကြည်၊ နားဝလည်လျက်၊ စိုက်တည်မထွက်၊ ဝန်းဝန်းကွက်သား၊ သေလကွရာ၊ ကျောက်ထက်စာသို့၊ သောချာနှလုံး၊ စွဲယူကျုံး၍၊ သုံးလေးစသော၊ မြွက်မျှဟောသည်၊ ခနေရျာစာဒါ၊ ကျမ်းသတ္တဝယ်၊ ဒုတိယတသီး၊ မြှောက်ဝံ့ချီးသည်။ ပြီး၏ ရာဇကွန္ဒ ပိုင်းတည်း။

## လောကကွန္ဒကဏ္ဍ

၁၈။ ရာဇကွန္ဒ၊ အမည်ရသည်၊ ဒုတိယပိုင်း၊ အလှိုင်းတကြီး၊ ပြီးခဲ့တုံလျက်၊ ရှေ့သို့ဆက်မူ၊ ယထာက္ကမ၊ အစဉ်ကျ၍၊ ဝါရအားလျော်၊ သုံးကြိမ်ခေါ်သား၊ လောကကွန္ဒ၊ တတိယကို၊ သာစုတာဘန်၊ အကြောင်းပြန့်ပိမ့်၊ ယူဂန္ဓရ၊ အက္ခစက္က၊ အင်္ဂနာဘိ၊ နေမိ ပတ်ယှက်၊ ဝန်းဝန်းစက်သား၊ ဝေယဋ္ဌ၂ာဒိ၊ စရှိမျှားပြား၊ ရထားစီးခြင်း၊ မင်းတို့ကိုဋ္ဌ၊သောင်းထိုက်ဇမ္ဗူ၊ စိုးဘော်မူသည်၊ ဘူမိန္ဒရာဇ်၊ သူရိန်စစ်၏၊ ရှင်နှစ်ဩရသ်၊ ဘားခုက္ကဌ်လျှင်၊ နဂချတ်စီခြယ်၊ ရွှေအပ်သွယ်ဖြင့်၊ မယ်တော်ခမည်း၊ တွင်းရှဲသည်းပြီး၊နှောင်းလည်းတထပ်၊ စာရွှေအပ်ဖြင့်၊ ဓော့ဇပ်ပိုင်းခြား၊ နာယူကြား၍။ ။ဖန်နားဖောက်တို့ လေစေသော။

၁၉။ သေလေသေလေ၊ စနေစနေ၊ ဂဇောဒေဇ၊ ဌာနေဌာနေ၊ မိန့်ထွေဟောဆောင်၊ ကျမ်းတစ်စောင်ပယ်၊ ဘောင်ကောင်ဘောဘော၊ ဖျင်ပေါ်ဆင်ဆင်၊ ရပ်ရပ်ခွင်နိုက်၊ မျက်ရှင်ရဟာန္တာ၊ နံ့သာမြူတော၊ ကာဝေပဏ္ဍိတ်၊ မရှိကိုက်မှင့်၊ မဆိတ်စေရာ၊ အိမ်တော်သာဝယ်၊ ရံခါကစ်ဆစ်၊ မလစ်ကောင်း၊ ကျိုးကြောင်းနှစ်စု၊ ကြည့်မြော်ရှုလျက်၊ ခုဂတ္တာမာန်၊ စစ္စန်လည်း၊ ယုဂန္ဓရ၊ ချီခဲ့ကြွသား၊ သရဒအခါ၊ပုဏ္ဏမာဝယ်၊ လျှံ၀ါထွန်းစည့်၊မွန်းချက်

တည့်သည်၊ လင်္ကာတနွန်း၊ ရောင်မသုန်းလျက်၊ ဘုန်းရိပ်ပွားစည်၊ ဖြစ်စေသည်နှင့်၊ လှည့်လည်ယှဉ်းယို၊ အနန္တိုရ်ဝယ်၊ ကုသိုလ်များကြွယ်၊ ယူဆောင်သယ်၍၊ အပါယ်မသက်၊ အထက်နတ်ရွာ၊ ပို့တတ်စွာသော၊ ပညာလျှံထိန်၊ သုခမိန်ကို၊ မိလိန္ဒရာဇ်၊ မင်းနှယ်ချစ်လျက်၊ စိစစ်ခြားနား၊ ဉာဏ်စက်သွားဖြင့်။ ။ဖန်များကောက်တို့ လေ့စေသော။

၂၀။ ထိုမှလည်းကောင်း၊ တဆင့်လောင်း၍၊ ကျိုးကြောင်းလျှို့ဝှက်၊ မိပ္ပာယ်နက်လည်း၊ တက္ကသိုလ်၊ ဆရာ့ကျင့်တမ်း၊ ဉာဏ်အစွမ်းဖြင့်၊ ခွဲခြမ်းစိတ်ဖြာ၊ မော်ကွန်းမှာပိမ်၊ ရတနာပုံမည်၊ မြို့တည်နန်းတည်၊ ရွှေစည်ငါးလုံး၊ ပတ်ကုံးဆွဲထား၊ နရီကြားသည်၊ မင်းတရားသည်းအူ၊ မှတ်တော်မူလော့၊ လူတွင်နိုင်းရှည့်၊ သားတပည့်နှင့်၊ တိုင်းပြည့်ရပ်သား၊ မင်းကြီးဖျားတို့၊ မကရားမူ၊ ကယ်၍ပြုက၊ လူသူ့ခံတွင်း၊ မဆံ့လျှင်းမအောင်၊ သကောင်းရှိန်မဲ့၊ ကဲ့ရဲ့ရှုတ်ချ၊ ဆိုကုန်ကြသော်၊ မိဘဆရာ၊ ရာဇာပုဏ္ဏား၊ ထိုငါးပါး၏ဦးဖျားထိပ်တင်၊ ညစ်ကြေးတင်၏၊ သို့စဉ်အ ပြစ်၊ ရှိသည်ဖြစ်ကြောင့်၊ နှစ်နှစ်နေ့နေ့၊ သဘောနိုင်းတမ်း၊ အရည်စမ်းလျက်၊ သွပ်နှမ်းယုတ်မာ၊ ပညာမပြော၊ ပါဏာဧန္တာကို၊ မင်းစောငြိမ့်ခြေ၊ မဆုံးလေသင့်၊ မသေနှစ်လို၊ သုံးလေမြို့သော်၊ တိုနားမကြား၊ သူနားမဆံ့၊ ကဲ့ရဲ့အံ့ဟု၊ လတ္တံ့လာရို၊ နာဂတ်သိလော့၊ ထိုပြီးတစ်ပါး၊ ကြောင်းတခြားလည်း၊ စားခြင်းတသုန်၊ မေထုန်အိပ်ကြူး၊ မထူးလူနွား၊ ညီမျှထားရှင့်၊ ယောကျ်ားအင်္ဂါ၊ ပညာသာလျှင်၊ အထူးထင်၏၊ ကယ်ပင်ဉာဏ်မဲ့၊ ဖြစ်လေခဲ့မူ၊ နိုင်းရဲ့ထိုသူ၊ နွားနှင့်တူဟု၊ မှတ်ယူစွဲသုံး၊ နီတိထုံးကို၊ နှလုံးတံဘင်း၊ အပြည့်သွင်း၍၊ သင်းပင်းအဖော်၊ ကျွန်မျိုးတော်ကို၊ တစ်ခေါ်စလောက်၊ ကဝေမြောက်အောင်၊ မြောက်မြောက်စားစား၊ သိမ်းပကား၍။ ။သန့်ထွားပေါက်တို့ လေ့စေသော။

၂၁။ ထိုမှတဖြာ၊ မှတ်သားရာကို၊ ပမာကရဝိဘ်၊ ကျူးသံထိတ်ပိမ့်၊ ပိဋ္ဋသမ်၊ မိတ္တနတ္တိ၊ နီတိကျမ်းလာ၊ ပညာနှင့်တူ၊ မိဂ်ကောင်းဟူသား၊ လူကျွင်မရှိ၊ ဖြစ်လေဘိ၍၊ တတ်သိသူ့ထံ၊ ကျိုးနှံ့ဝပ်တွား၊ ခစားတုံ့ခေါက်၊ ဖန်ဖန်ရောက်လည်း၊ ယောက်မ

နှင့်လျှာ၊ ထိုနှစ်ဖြာဝယ်၊ ရသာမသိ၊ ရယ်ဖွယ်ရှိသား၊ ဒဗ္ဗိအတူ၊ မဟူစသာ၊ လျှာနှင့်နှိုင်းတမ်း၊ သိနိုင်စွမ်းလော့၊ ခွဲခြမ်းဆိုရိုး၊ တဖန်ပျိုးမူ၊ အမျိုးယုတ်နွံ၊ သားဖြစ်ခဲ့လည်း၊ ပြည်ထဲ့ပွားစီး၊ မတ်ကြီးဖြစ်ထိုက်၊ သူမိုက်၏သား၊ ဟူတုံငြားလည်း၊ တတ်ပွား ပညာ၊ ရှိစပါ၏၊ဥစ္စာမဲ့သူ၊ ရင်သွေးဟူလည်း၊ ကြီးထူစည်းစိမ်၊ ရိပ်ငြိမ်ပျော်ရွှင်၊ ပစ္စည်းရှင်တိ၊ ဖြစ်ကျင်တတ်စွာ၊ ဘုန်းကြမ္မာ လည်း၊ ဆုံးရာမမြော်၊ ရှေးကံပေါ်က၊ ကွမ်းဆော်မင်းနွယ်၊ အံ့ဩဖွယ်ကို၊ နှိုးနွယ်ထောက်တည်း၊ ဉာဏ်ဖြင့်စည်း၍၊ ဦးမည်း စွယ်ခိုင်၊ စွယ်ယှိုင်ဦးဖြူ၊ နှစ်မျိုးလူကို၊ မပျူမဒွာ၊ မာဆာ တောင့်ခက်၊ မျိုးမာန်တက်၍၊ အဖက်မတန်၊ ရာဇမာန်ဖြင့်၊ မထန်သာချေ၊ မျက်တော်ဝေလည်း၊ ဖျက်ခြေရှင်ကြည်၊ စိတ် တော်တည်ရှင့်၊ ထူးလည်ပြည့်နှင်း၊ မုံတခန်းလည်း၊ ပန်းတောင် စလပ်၊ ငွေပွင့်ချပ်ကို၊ မြကြပ်သေချာ၊ ပေါက်ဖက်မှာတည့်၊ ထုပ်ခါမြနှောင်၊ ထားယူဆောင်က၊ တောင်စလပ်သာ၊ မဟူ ပါတည့်၊ ဖက်မှာလည်းကောင်း၊ ရန့်လျှောင်းသို့၊ ကျိုးကြောင်း မြင်သိ၊ ပညာရှိနှင့်၊ ပေါင်းဘိလေငြား၊ ရှင်မင်းသားအား၊ ပွားသည့်မီးနှယ်၊ ဉာဏ်ကြီးကျယ်လိမ့်၊ နှိုးနွယ်ထိုကို၊ ဝမ်းတွင်း သို၍၊ ပိုပျိုလှထွား၊ အရှင့်သားသည်။ ။ဉာဏ်အားတောက်တို့ လေစေသော။

၂၂။ ထိုမှတစ်ပုံ၊မိန့်ဦးတုံအံ့၊ အစုံနှစ်ဖက်၊ ရွှေခွက်ဖလား၊နားတော် ကြားလေ၊ တက်ပွားလိုက်လိုက်၊ နိမ့်မရှိုက်သား၊ ကျိုက်ကျိုက် လည်းဆူ၊ ထိုရေပူနှိုက်၊ နံ့ကြူပျံ့ဖြူး၊စန္ဒကူးနည်းဝယ်၊ ခပ်ကာ ဝယ်တည့်၊ ပြိုင်ဆွယ်နှောတတ်၊ရေနှယ်ဆွတ်၏၊ အေးမြတ်လှစွာ၊ ထိုနံ့သာထက်၊ရောင်ဝါကြွားကြွား၊ထောင်ရာပွားသည်၊ငွေသား မြစိုင်၊လမင်္ဂလိုင်ကား၊ဆွယ်ပြိုင်နှုန်းရေး၊ လွန်၍အေးရှင့်၊ ဆိုရေး ထိုထက်၊ထောင်ရာတက်၍၊ အမျက်အမိုက်၊ တပ်ကြိုက်ဆုံးထွေ၊ ငြိမ်းတတ်စေသား၊ ကဝေမဟာ၊ သုဘာစသိတ၊ ဝစနနက်လေး၊ အေးထက်အေးရှင့်၊ ဆိုရေးတထွေ၊ အကြောင်းမွေမူ၊နေလည်း ဂေါယာ၊တက်ခဲ့ရာလျက်၊ မဟာမြင်းမိုရ်၊ ခြတောင်အိုသို့၊ပျက်ပြို ညွှတ်ကွဲ၊ရေယမဂ္ဂိ၊ ချမ်းဘိလွန်စွာ၊ပဒုမ္မာတောင်ဦး၊ပွင့်ဖူးရန့်၊ ဖြစ်ရာအံ့ရှင့်၊လွတ်စုံမမြော်၊ကျေးဇူးကျော်သား၊သူတော်မိန့်ရည်၊

စကားသည်ကား။ ရှေ့ဖည်နောက်လု၊ ဠုတ်ိုက်ပြု၍၊ ကုဒါစနံ၊ တရံတဆစ်၊ မယှဉ်းလစ်တည့်၊ ဓမ္မရာဇ်ဖြိုး၊ သားသတိုးလည်း၊ ဖွဲ့ရှိုးပစ္စ၊ ဗတ္တိံသဟု၊ ဗန္ဓအထွက်၊ မိပွဲ့ာယ်နက်ကို၊ လက်ထက်ပတ္တမြား၊ ပိုင်းခြားသိထင်၊ လုံးစုံမြင်သို့၊ ဝမ်းတွင်သိုမှီး၊တည်ဖေပြီးလျှင်၊ မြေကြီးတရှို၊ ပညာဟိကို၊ ရှာဘိလေငြား၊ ချီးမြှောက်စား၍။ ။ဌာန်ပါးရောက်တို့ လေစေသော။

၂၃။ ထန်ခူးကဆုန်၊ နယုန်ဝါဆို၊ ထိုထိုမာသ၊ ဆယ့်နှစ်လဝယ်၊သရဒတန်ဆောင်၊ လအခေါင်တည့်၊ အရောင်ငွေလို၊ ရွှေဘန်ညိုသား၊ မြင်းမိုရ်စက္ကဝါ၊ မျက်နှာလေခွင်၊ အရပ်တွင်လည်း၊ ကြွင်ပြီတ္တခါတ်၊ ရပ်ဥက္ကဌတည့်၊ ကြီး လတ် ငယ်ပျော်၊ သားညီနောင်ဝယ်၊ ကြီးပြောင်မြောက်ပြီး၊ သားတော်ကြီးကား၊ရွှေထီးကဲ့သို့၊ မြတ်ပေခဲ့၍၊ နိုင်းရှဲ့များစွာ၊ ထိုကြောင်းလျှာကြောင့်၊ ပညာဆင်ခြင်၊ ရှိလကျင်မှ၊ အကြွင်ထိုကို၊ လိုလိုသမျှ၊ ပြီးငုင၏၊ ယုတ်စွဆိုအင်၊ မှတ်ရေးဆင်က၊ ခြသေ့ ဗျိုင်း ကြွက်၊ ကျီးနက်ခွေး မြည်း၊ကျင့်နည်းတရား၊တစ်ပါးတစ်ပါး၊လေးငါးပါးနှင့်၊ ခြောက်ပါးသုံးသင့်၊ အကျင့်နှစ်ဆယ်၊ကျင့်ဖွယ်ဖွယ်ကို၊ အကယ်စောင့်စည်း၊ ကျင့်လေသည်းလော့၊ တစ်နည်းပြုထုတ်၊ အခါဟုတ်သား၊ စာတုဒ္ဒသိ၊ ပုဏ္ဏမိနှင့်၊ အဋ္ဌမိဖွားလွန်၊ကျသကြံန်ဟူ၊ ငါးတန်ရက်ကြိုက်၊ကာလနှိုက်လျှင်၊ နှစ်ခြိုက်လှစွာ၊ မိကလျာဝယ်၊ ရာဂလည်းတပ်၊ သားဆုလပ်ကို၊ မအပ်သချေ၊ ရှောင်လွှဲသွေရှင့်၊ ပြုလေသမျှ၊ ကံကိစ္စနှိုက်၊ညာဏမကူ၊ပြုဘိမူကား၊ ကဋ္ဌုစားဖွယ်၊ ကွက်ငယ်လေးပါး၊ လှမင်းကျားမျှ၊ အထားမလျော်၊ အသွားချော်က၊ညီငေါ်ထွေးဟက်၊တံတွေးကွက်ဝယ်၊လက်တည့်ထောက်ရ၊ မွားတတ်စွရှင့်၊ ညာဏကူထောက်၊ ပြုတုံခမြောက်က၊ ယှဉ်းဖောက်မဲ့ပါ၊ ကွက်စဉ်လာ၍၊ အနာနုန္နာ၊ခန္ဓာယဒိ၊ရှိသည့်ကွက်ရေ၊ ကုဋ္ဌေရှစ်ပါး၊ ကျော်ကိန်းပွားအောင်၊ အသွားမှန်ဖြောင့်၊ ဂဏန်းစောင့်၏၊ ထို့ကြောင့်လျက်တည်း၊ သားခမည်းလျှင်၊ နည်းအပါးပါး၊ ကြံစဉ်းစား၍။ ။ညာဏ်သွားပေါက်တို့ လေစေသော။

၂၄။ ထိုမှတဖြာ၊ မိန်နုဦးပါအံ့၊ ဟံသာနဂရ၊ ပြည်မှထွက်လာ၊ မတ်တရာတွင်၊ ဥဂ္ဂါသေန၊ ဓမ္မမည်ခံ၊ ဘွဲ့နက်စံဖြင့်၊ ဘုန်းလျှံပျံ့မွှေး၊

မင်းကလေးလျှင်၊ ဖြူဖွေးသီတင်း၊ စောင့်နေခြင်းကြောင့်၊ မင်း ကလေးတောင်၊ အမည်ပြောင်လျက်၊ ညီနောင်လေးထွေ၊ တောင် ဦးနေသား၊ ကောသလာသိဟ်၊ လုနရိန်၏၊ ဝေထိန်ဖြူးကယ်၊ သားပေါင်းကြွယ်တွင်၊ ကြွယ်သားကျက်သရေ၊ အမြုတေဖြင့်၊ ဝှန်ဝေထူးကွန့်၊ ဘုန်းရောင်ဖြန့်သား၊ သောက်ညွန့်ဂြဟာ၊ သွင်း ပိုက်နာလော့၊ ဉာတိ သာလော၊ ဆွေသောမျိုးသော၊ ရင်းချာ သောဟု၊ သောအရာကျော်၊ ဖြစ်လေသော်လည်း၊ ကိုယ်တော် စီးပွား၊ မဆောင်ငြားက၊ အခြားသူသာ၊ မည်လေရာ၏၊ ဝေးစွာ မျိုးဆွေ၊ မစပ်လေလည်း၊ ဆောင်ပေကောင်းကျိုး၊ ထိုအမျိုး အား၊ဘေးဘိုးသက်သည်၊ဆွေရင်းမည်ရှင့်၊ ထူးလည်ပမာ၊ တန္တု ရှာမှု၊ရသာခါးစပ်၊ဆေးကလမ်လည်း၊ ကုသပ်သောခါ၊ တောမှ လာ၍၊ ရောဂါပျောက်စေ၊ ဖျောက်တတ်ပေ၏၊ သွေးဒလ ကိုယ်ဘွင်း၊ ရှိလေလျှင်းလည်း၊ ချင်းတိုချောက်ချား၊ ရောဂါ များ၍၊ ဆိုးပါးရသည်၊ အတည်တည်ကို၊ ကြံစည်သဖြင့်၊ မိတ် ကောင်းသင့်အောင်၊ သခင့်သည်းချား၊ သတိုးဖျားလျှင်၊ ဖြားဖြားယောင်းယောင်း၊ လူအပေါင်းအား၊ ဉာဏ်ကောင်း ဝေဝုစ်၊ ကြံပေါင်းထုတ်၍၊ ကုမုဒ္ဒဆာပုံချင့်ကြံကို၊ ဖျော် ဝါ ထွန်းငြိ၊ ကောမုဒိလျှင်၊ ထိလတ်သရော်၊ မျက်နှာပေါ်သို့၊ ကျွန်တော်အများ၊ ဗမ်းမပါး၍။ ။အန်အားမြောက်တို့လေ စေသော။

၂၅။ ထိုမှာစ်သွယ်၊ မှတ်ကြောင်းခြယ်ပိမ့်၊ စမွယ်စံပ၊ လူထိုမျှတို့၊ အဌပဒ၊ သာညီရေ၊ ခြစ်၊ တံကျစ်ဆင်ရိုး၊ တုရင်တိုးနှင့်၊ ကြိုးထိုး တခြား၊ ဆယ့်ငါးနှစ်ဆယ်၊ ပျော်ဖွယ်တထူး၊ ကြွအန်ကြူးလျက်၊ မူးရည်းလုံးငယ်၊ ရွှေခွေငယ်မှ၊ ထွန်ငယ်ထမ်းပိုး၊ မှုတ်တံပိုးနှင့်၊ ကျမ်းထိုးဦးစောက်၊ မြီးကောက်သွားဟန်၊ ဘယ်ပြန်ညာရမ်း၊ လက်ပန်းလက်ပွေ့၊ တိုးဝှေ့တွန်းငင်၊ များဖြင်ပေါ်ပည်း၊ ကစား နည်းတို့၊ အချည်းသက်သက်၊ ကျိုးစက်မထင်၊ အရှင်သုံးပါး၊ ဘုရားတရား၊ သားနှင့်မစပ်၊ ကောင်းမှုလပ်ခဲ့၊ ဖပ်ဖပ်နွနယ်၊ ပျော်မြူးရွယ်ကြောင့်၊ ပျော်ဖွယ်ရှာပေ၊ ပျော်လိုပေမူ၊ ငြီးမြေ နေ့ကောင်း၊ ကျွန်တော်ပေါင်းနှင့်၊ သောင်းသောင်းရောရှ၊ စည်းဝေးစုလျက်၊ သာဓုကိဠနာ၊ စက်အင်းချ၍၊ ပုစ္ဆာဝိသဇ်၊

အဆစ်အပိုင်း၊ လာဟိုင်းမရွှေ့၊ ကြံစည်ရှုံ့လျှံ၊ ငြိုးငွေ့ပူဆာ၊ ဖျော်တော်မူကာ၊ သယမ္ဘူထွက်ဖျား၊ တရားသံဃာ ရတနာမြတ်၊ သုံးလူ့နတ်ကို၊ သတ္တတွာ၊ ပြုရာဆောက်တည်၊ ဖြစ်လတ်သည် ကြောင့်၊ မြင့်ရှည်ကပ္ပ၊ ကြိမ်ခဲလှသည်၊ ဗုဒ္ဓသံဃ၊ ဒုလ္လဘဟု၊ ဃောသသုံးပါး၊ ဖန်ဖန်ကြား၍၊ တရားမည်း၊ သားသတိုး သည်။ ။ကောင်းကျိုးလှမ်းယူ ပျော်တော်မူ။

၂၆။ သာဓုကိစ္စနှ၊ အမည်ရသည်၊ ပဒုမ္မစက်၊ ကွက်ပုံဝှက်ပုံ၊ မြေရနီ ပုံကို၊ ဉဿုံမကြွင်း၊ မှတ်ကြောင်းခင်းပိမ့်၊ အတွင်းအနန္တရ၊ ပဌမဝယ်၊ လက္ခဏာတရား၊ သုံးပါးစဉ်သင့်၊ ထားပြီးလင့်မှ၊ ယခင်အထက်၊ စက်ဒုတိယာ၊ ကွက်ရှစ်ဖြာဝယ်၊ မြတ်စွာမင်းဖျား၊ ဘုရားပဉ္စဝဂ်၊ ယာဘက်ဝဲပိုင်၊ ရှစ်ဆူထိုင်ရှင့်၊ အပြိုင်တတိယ၊ လေးကွက်မှကား၊ ဖိုလ်ချပုဂ္ဂိုလ်၊ လေးပါးခို၏၊ ထိုစက်သုံးပါး၊ ဝှက်ပုံထားမှ၊ နှောင်းဖျားသုံးရစ်၊ ကွဲစစ်ကိုးဆယ်၊ ခြောက်ခု ဝယ်ကား၊ မြေဖွယ်မြေရိုး၊ သံပိုင်းထိုးရှင့်၊ နှစ်မျိုးမေးမြေ၊ ကွက်ပေါင်းရေမူ၊ ငန်လေးခြောက်တန်၊ ကန့်ဟန်တရာ၊ ဆယ့်ဘစ် သာသာ၊ ကြွာသတစ်ပင်၊ စက်ပုံမြတ်ကို၊ စွဲမှတ်သက်ဆုံး၊ မိပ္ပာယ်ကျုံး၍။ ။နှလုံးသွင်းယူ ပျော်တော်မူ။

၂၇။ သတပတ်စက်ခေါ်၊ ကွက်ရာကျော်ဝယ်၊ မေးတော်မူနည်း၊ နိဿ ရည်းကို၊ ကမ္ပည်းထိုးကန့်၊ မော်ကွန်းပြန့်ပိမ့်၊ သုံးတန်လက္ခဏာ၊ သုံးယာဉ်သာဟု၊ သညာသုံးပါး၊ ထိုတရားတွင်၊ တစ်ပါးတစ်ပါး၊ မှတ်မဲ့အားကို၊ ရှစ်ပါးညွန်းဆို၊ မြတ်ပုဂ္ဂိုလ်ဝယ်၊ တစ်ကိုယ် တစ်ကိုယ်၊ ထိုသူမြတ်ရွှေ့၊ ဆယ်ခေါက်ရွေ့မျှ၊ သိမ်မွေ့ဆွတ်ထွား၊ ဇစ္စဆော်ပွား၍၊ လေးပါးရိပ်မြုံ၊ ရိယာဘုံတွင်၊ တစ်ဘုံတစ်ဘုံ၊ ရောက်ကုံ လွယ်ကူ၊ လှမ်းသာဟူရှင့်၊ ဤသူသည်ကား၊ ဆယ်ကြိမ် ပွားသည်၊ တရားဘယ်ငှာ၊ ဆရာဘယ်နည်း၊ လျောင်လည်း ဘယ်ဘုံ၊ ဖြစ်လေတုံဟု၊ မေးပုံသုံးပါး၊ ထိုစကားကို၊ တရားနေမျိုး၊ သားသတိုးသည်။ ။မေးရိုးလွယ်ကူ ခေါ်တော်မူ။

၂၈။ သတပစ်ရွှေကြာ၊ ပွင့်တွင်းပါသည်၊ ပုဏ္ဏသုံးပါး၊ ထိုအပြားကို၊ အခြားပုဂ္ဂိုလ်၊ မဆိုဖြေနိုင်၊ ကြံမှိုင်တိုင်စာ၊ ပိုင်ပိုင်ဉာဏ်ရေး၊

ကြံ့၍ပေးလော၊မေးရင်းနှုတ်ရည်၊ ဆယ်ကြိမ်တည်လျက်၊သုံးမည်
လက္ခဏာ၊ စားကိန်းချမှု၊ ကေစင်စစ်၊ ကျန်တို့လှစ်၍၊ ရွှေးဖြစ်
အနိစ္စံ၊ သညာရရှင့်၊ လာဘသုံးတွင်၊ ယခင်အကြွင်း၊ စက်တင်
လျှင်းသော်၊ ဖြစ်ခြင်းလေးမည်၊ ယင်းကိုတည်လျက်၊ တလည်
ပုဂ္ဂိုလ်၊ ရှစ်ပါးဖြိုက်၊ မပြိုတုံလေ၊ ကြွင်းမည်ပေ၍၊ တွက်ရေ
စက်တွင်၊ လေးကြိမ်ဆင်ထား၊ အရှင်ဘဒ္ဒိယ၊ကိုယ်တော်ရရှင့်၊
လာဘနှိုက်ဝယ်၊ ကြွင်းမြင်ဖွယ်ကြောင်၊ တင်ဆွယ်ကေ၊ ထည့်ပြီး
မှတည့်၊ ဇရင္ဂွားငွား၊ ခံ၍စားက၊လောက်ငြားမရှိ၊ဖြစ်လေဘိ၍၊
သီဂဏန်းလျော်က်၊ တွက်စစ်ထောက်မှု၊ လေးယောက်ပုဂ္ဂိုလ်၊
အနက်ထိုတွင်၊ဆိုလေ့ရွှေ့မှန်၊သောတာပန်ဟု၊ မြွေရန်သုံးပါး၊
ဓိပ္ပာယ်သွားကို။ ။မှတ်သားလွယ်ကူ ဖော်တော်မူ။

၂၉။ ထိုမှတစ်သွယ်၊ တစ်ဖန်ခြယ်၍၊ ဓိပ္ပာယ်မေးပုံ၊မိန့်ဦးတုံအံ့၊ ဘဒ္ဒအ
ရိယာ၊ စုံနှစ်ဖြာဝယ်၊ သောတာပန္န၊ ပထမစင်စစ်၊ ပုဂ္ဂိုလ်
ဖြစ်လျက်၊ မြွေးရစ်ကိလေ့၊ နှစ်ပါးခြေသား၊ဘုံနေသူမြတ်၊သ်ပါ
လတ်၏၊ရွတ်ဖတ်စီးဖြန်း၊ ကမ္မဋ္ဌာန်းဘာဝနာ၊ဆိုသည်မှာလာည်း
သည်ာ်အနိစ္စ၊ မှန်မောစွရှင့်၊ ပြသသွန်သင်၊ ဆရာတွင်လည်း၊
အရှင်ဘဒ္ဒိ၊ဖြစ်လှတ်ဘိ၏၊သိပြီးအနက်ထိုသုံးချက်တွင်၊ချိုမြက်၊
လှစ္စာ၊အနိစ္စာကို၊သံဝါညောင်းညောင်း၊ ခေါက်ပေါင်းဘယ်မျှ၊
စီးဖြန်းရာဟု၊ ပုစ္ဆာတစ်နည်း၊ ကြံပုံစည်း၍ ။သည်လည်း
မေးမြူ ခေါ်တော်မူ။
၃၀။ အနိစ္စတရား၊ စီးဖြန်းပွား၍၊ ထေရ်ဖျားဘဒ္ဒိယ၊ ရှေ့မှောက်
ကတည့်၊ ပထမဖိုလ်၊ ရသည်ကိုလည်း၊ ယွင်းယုံမရှိ၊ မုချသိရှင့်၊
သတိတရား၊ အခေါက်အားကို၊ မှောက်မှားမသ်၊ မေးသည်
ရှိသော်၊ တည်ဘို့ကေ၊လေးပုဂ္ဂကြောင့်၊ဇရမြောက်ပွား၊ ကိန်းပြု
ထားမှု၊ ရှေ့မျှားသုံးမည်၊ ထေရ်၏တွက်စု၊ သုံးခုနှုတ်လေ၊
ကြွင်းကေခြေကို၊ရှစ်ထွေကွန်းဖြင့်၊မြှောက်ပွားဆင့်လျက်၊ရှင်ပင့်
ဘဒ္ဒိ၊ ရှေ့မှာရှိသည်၊အရိယတွက်၊ လေးခုဖျက်မှု၊ကြွင်းဇရကို၊
လက္ခဏာတရား၊ မြတ်သုံးပါးဖြင့်၊ မြှောက်ပွားမဆိတ်၊ကျူးသိ
ထိတ်ပြီ၊အနိစ္စနောက်၊ နှစ်ပါးဖျောက်က၊ အခေါက်ဆယ်ကြိမ်၊
ဝှက်မထိမ်ဟု၊ရွှေအိမ်အသည်၊ သက်ရှည်နန်းရိုး၊ဥနေမျိုးသည်။
ညွှန်းထိုးလွယ်ကူ ဖော်တော်မူ။

၃၁။ ဤမြွေ့မျှလည်း၊ဆွေခဲ့ပြည်းအား၊ တနည်းတထွေ၊ မှတ်ဦးစေဟု၊ ပရမေပညာ၀ါ၊ကြောင်းကျိုးရှာ၍၊ သံ၀ါညွှင်းထောက်၊သုံးကြိမ်မြောက်ဖြင့်၊ ကြားလောက်ဂုဏ်ချီ၊ နတ်စည်တီးသည်။ ။ပြီး၏လောကကဏ္ဍပိုင်းတည်း။

၃၂။ ဇွဲလောဝတာ၊ အဂ္ဂဆရာဖြင့်၊ ရတနာယဉ်ညှင်၊ ဆဒ္ဒန်နှင်သား၊ ဘုရင်ဥက္ကဋ်၊ စုတ်ခေ့တဲ့သိုက်တွေ၊ က်နုံးကောင်းဟော့လျက်၊ မန္တလေးထပ်၊ရန်မျိုးနှိပ်သား၊ ဘုန်းဆိပ်ဖွားဖွား၊စောတရား၏၊ သားကြီးခတ၂၃၊ မှတ်စိမ့်ဌာဟု၊ လျော်ရာဖွေထုတ်၊ ကျဉ်းမျှ နုတ်၍၊ သမုစ္စေဒ၊ သုံးကဏ္ဍဖြင့်၊ မိန့်ဟချိုမော၊စိစဉ်ဟောသား၊ ခဟျော၀ါဒ၊ကျမ်းသတ္တကား၊ သဗ္ဗလုံးစုံ၊ ပြီးပြေတုံ့ရှင်၊ ဥသျှ ထိုထို၊ ကဏ္ဍကိုလျှင်၊ နုပျိုငြိမ်ဆိမ့်၊ မွေ့မွေ့သိမ်သည်၊ တမ်မှုရှု သည်းချဲ၊ ဝစ္စသာကို၊ ဣန္ဒသာလ၊ လိုက်ဂုဝဝယ်၊ ဘုရား ရွှေ့တော်၊တီး၍ခေါ်သည်၊စောင်းကျော်သမား၊နတ်ယောကျ်ား သို့၊ ညီမျှားမကိုရ်၊ ထွေတ်ဦးစိုက်လည်း၊ မင်းထိုက်စိုးတန်၊လုလင် မွန်ကို၊ ဌာန်တော်အပါး၊လျှောက်စေထား၍၊ ရွှေနားနှစ်ဖက်၊ နှစ်သက်သာ၍၊ အလီလီဖြင့်၊ အတိ-နု-ဒ၊ ပ-သ-သံ-သန်၊ ဒွေ-တတန်နှင့်၊ ဇောပြန်ခုနစ်၊ ရှိ-ဖြစ်နှစ်ခါ၊ ဂင်္ဂါဘဝင်၊ သွင်သွင်ကျလျော၊ မြစ်သဘောသို့၊ သောဝိထိစက်၊ ဝဇ္ဇနီး တက်၍။ ။နှစ်သက်ကြည်ဖြူ ပျော်တော်မူ။

## အပိုဒ် ၂၆ မှ ၃၀ အထိ လက်ာတို့၌ အဓိပ္ပာယ် ကောက်ယူပုံ ရှင်းပြချက်

၂၆။ သာစုကိုဋ္ဌနှ၊ အမည်ရသည်၊ မဒုမဇက် စသော လက်ာပိုဒ်၏ အဓိပ္ပာယ်ကား၊ ယင်းစက်၏ဖေးရန်ဖြေရန်အတွက် ရေးသားရန် ထည့်သွင်းရန် စက်ဝန်းပုံကို ဤသို့ဆွဲအပ်၏။ အတွင်းစက်ဝန်း၌ သုံးကန့်ကန့်၍၊ အနိစ္စ-ဒုက္ခ-အနတ္တဟု သညာသုံးပါးကို အသီး အသီးထား။ ဒုတိယစက်ဝန်း၌ ရှစ်ကွက်ကန့်၍ မြတ်စွာဘုရား၊

အရှင်ကောဏ္ဍညာ၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်အဿဇိ၊ အရှင်မဟာနာမ်၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ ပုဂ္ဂိုလ်ရှစ်ပါး အသီးသီးထား။ တတိယစက်ဝန်း၌ လေးကန့်ကန့်၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်လေးပါး အသီးသီးထား၊ မေးရန်ပုံတည်း။ ။ထို့ပြင် သုံးရစ်ဝန်း၍ တစ်ရစ်လျှင် သုံးဆယ့်နှစ်ကွက်ကန့် ကွက်ပေါင်းကိုးဆယ့်ခြောက်ကွက်တိုင်တိုင် ကွက်ကန့် ရေးသားလေ။ ယင်းသုံးရစ်ကားဖြေရန်ပုံတည်း။ အမေးအဖြေ [illegible]နှစ်ပါးပေါင်းမူ စက်ဝန်းအားဖြင့်ခြောက်ရစ်၊ အကွက်အားဖြင့် မေးပုံတစ်ဆယ့်ငါး၊ ဖြေပုံကိုးဆယ့်ခြောက်၊ နှစ်စုတစ်ရာ့တစ်ဆယ့်တစ် ဖြစ်သတည်း။

(ဤကား သတပတ်စက်ဝန်းလုပ်ပုံတည်း။)

၂၄။ သတပတ်စက်ခေါ်၊ ကွက်ရာကျော်ဝယ် စသော လင်္ကာပိုဒ်၏ အဓိပ္ပာယ်ကား ယခင် မေးပုံ တစ်ဆယ့်ငါးကွက် အနက် ပထမ စက်ဝန်းတွင် ပါသော အနိစ္စစသော အညာသုံးပါးတို့တွင် အမှတ်မဲ့ တစ်ပါးပါးသောတရားကိုဒုတိယစက်ဝန်းတွင်ပါသော ဘုရားစသော ပုဂ္ဂိုလ်ရှစ်ပါးတို့တွင် အမှတ်မဲ့ တစ်ပါးပါးသော ပုဂ္ဂိုလ်ထံ ဆယ်ခေါက်မျှ စီးဖြန်းပွားစေသဖြင့် တတိယစက်ဝန်းတွင်ပါသောပုဂ္ဂိုလ်လေးပါးတို့တွင် အမှတ်မဲ့ တစ်ပါးပါးသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေ၏။ ထိုသို့ပွားစေအပ်သော တရားကား လက္ခဏာရေး သုံးပါးတို့တွင် အဘယ်တရားနည်း၊ ဘုရားစသော ပုဂ္ဂိုလ်ရှစ်ပါးတို့တွင် အဘယ်သူကို ဆရာပြုသနည်း၊ သောတာပန်စသော လေးပါးတို့တွင် အဘယ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေသနည်း၊ ဤကား အမေးသုံးပါးတည်း။

၂၀။ တသပတ်ရွှေကြာ၊ ပွင့်တွင်းပါသည်၊ ပုစ္ဆာသုံးပါး စသော လင်္ကာပုဒ်၏ အဓိပ္ပာယ်ကား ယခင်မေးရင်း ပုစ္ဆာအနက်ပထမ ပုစ္ဆာအရ ဝိပဿနာကိုစီးဖြန်းသော ခေါက်ရေဆယ်ကြိမ်ကိုတည်၊ ပထမစက်ဝန်းတွင်ပါသောလက္ခဏာရေးတရားသုံးပါးဖြင့်စား၊ လာဘ်ကားသုံးခုရလေ၏၊ အကြွင်းတစ်ခုမြင်ရကားရှေးဦးအနိစ္စသညာကို စီးဖြန်း၏ဟုဖြေလေ။ နှစ်ခုမြင်မူ ဒုက္ခသညာ၊ အသုဦး

မြင်မှု အနုတ္တသညာဟုဖြေလေ။ ဒုတိယပုစ္ဆာအဖြေကား ယခင် သုံးခုစား၍ရသော လဒ်သုံးခုတွင် အကြွင်းမြင်ရကားတစ်ခုရော လေးခုဖြစ်၏၊ယင်းလေးခုကို ဒုတိယစက်ဝန်းပါ ပုဂ္ဂိုလ်ရှစ်ပါး ဖြင့်စား၊ မစားလောက်လျှင် လဒ်တွင်သုညတင်၊ အကြွင်း မြင်ရကား၊ လဒ်သုညနေရာတွင် တစ်ခုတက်၍ထားဦး။ ယခင် လေးခုပင် အကြွင်းဖြစ်သောကြောင့် ဘုရားကစ၍ ရေတွက် သော် အရှင်ဘဒ္ဒိယသည် လေးဆူမြောက်ဖြစ်ရကား ဆရာအရှင် ဘဒ္ဒိယဟုဖြေလေ။ တစ်ခုကြွင်းမူ ဘုရား၊ နှစ်ခုကြွင်းမူ ကောဏ္ဍည စသည်ဖြင့် ဖြေလေ၊ တတိယပုစ္ဆာ၏ အဖြေကား ယခင်ရှစ်ခု စား၍ လဒ်မရ၊ သုညအရာတွင် တင်ထားသော ကော် ဏ်န်း ခြေကိုတည်၊ တတိယစက်ဝန်းပါ ပုဂ္ဂိုလ်လေးပါးဖြင့်စား၊ မစား လောက်က ယင်းတစ်ခုပင်အကြွင်းမည်ရကား၊ရှေးဦးတည်သော သောတာပန် ပုဂ္ဂိုလ်ဟု ဖြေလေ။ နှစ်ခုမြင်မူ သကဒါဂါမ်၊ သုံးခုမြင်မူ အနာဂါမ်။ အသည်းမြင်မူ ရဟန္တာဟု ဖြေလေ။ ပိဏ္ဍတ္တအဓိပ္ပာယ်အဖြောင့်ကား အနိစ္စသညာကို အရှင်ဘဒ္ဒိယထံ ဆယ်ကြိမ်စီးဖြန်း၍ သောတာပန်အဖြစ်သို့ ရောက်သောပုဂ္ဂိုလ် တည်း။

(ဤကား အဖြေသုံးပါးတည်း။)

၂၉။ ထိုမှတစ်သွယ်၊ တစ်ဖန်ခြယ်၍၊ အဓိပ္ပာယ်မေးပုံ စသော လင်္ကာ ပိုဒ်၏ အဓိပ္ပာယ်ကား ကိလေသာနှစ်ပါးကို ပယ်စွမ်းနိုင်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်ကြောင်းအနိစ္စသညာကိုစီးဖြန်းကြောင်း၊ ဆရာမှာလည်းအရှင်ဘဒ္ဒိယဖြစ်ကြောင်း၊ယင်းသုံးပါးကိုသိပါ၏၊ တစ်ကြိမ်နှစ်ကြိမ် စသဖြင့် စီးဖြန်းသော အခေါက်ပေါင်းကို သိလိုသည်ဟု တစ်နည်း မေးတော်မူဦးဟူလိုသည်။

၃၀။ အနိစ္စတရား၊ စီဖြန်းပွား၍ စသော လင်္ကာပိုဒ်၏ အဓိပ္ပာယ် ကား သောတာပန်ဖြစ်ကြောင်း စသော အကြောင်းသုံးပါးကို သာ သိ၍၊ စီးဖြန်းသော အခေါက်ပေါင်းကို မသိရာ၌ ကော်ဂဏန်းခြေ တစ်ခုတည်၊တတိယစက်ဝန်းတွင် ပုဂ္ဂိုလ်လေးပါး ဖြစ်ရကား လေးခုဖြင့် မြှောက်။ သောတာပန်ပုဂ္ဂိုလ်၏ရှေ့မှတည်

သော ပုဂ္ဂိုလ်သုံးပါးအတွက် သုံးခုနုတ်၊ တစ်ခုကြွင်း၏၊ ယင်း တစ်ခုကြွင်းကို ဒုတိယစက်ဝန်းတွင် ပုဂ္ဂိုလ်ရှစ်ပါး ဖြစ်ရကား ရှစ်ခုမြောက်၊ အရှင်ဘဒ္ဒိယ၏ ရှေ့မှတည်သော ပုဂ္ဂိုလ်လေးပါး အတွက် လေးခုနုတ်၊ လေးခုကြွင်း၏၊ ယင်းလေးခုကြွင်းကိုပထမ စက်ဝန်းတွင် သညာသုံးပါးဖြစ်ရကားသုံးခုမြောက်၊ တစ်ဆယ့် နှစ်ခုဖြစ်၏။ အနိစ္စတရား၏ ရှေ့မှတည်သော သညာနှစ်ပါးဖြင့် နုတ်၊တစ်ဆယ်ကြွင်း၏၊ ယင်းတစ်ဆယ်သည် စီးဖြန်းပွားစေသော အခေါက်ပေါင်းဟု ဖြေတော်မူရာ၏၊ ယခုပြအပ်ပြီးသောအနက် အဓိပ္ပာယ်သည် ဥပလက္ခဏနည်းမျှသာ ဖြစ်သည်။ ကြာပွင့် ချပ်ရေ ကိုးဆယ့်ခြောက်ခု၌ တည်လျက် တရား ဒေသနာတော် မူသော ဆရာ ကိုးဆယ့် ခြောက်ပါး၊ ဖိုလ်ပုဂ္ဂိုလ် ကိုးဆယ့် ခြောက်ပါး၊ စီးဖြန်းအပ်သော တရားကိုးဆယ့်ခြောက်ပါးရှိသည့် အနက် ပွင့်ချပ်ရေဟု ဆိုအပ်သော အခေါက်ပေါင်း သချာကို တည်၍ တွက်သဖြင့် ပုဂ္ဂိုလ်တရား ထင်ပေါ်လာခြင်း၊ ကေ ဝဏ္ဏန်းခြေကို တည်ပြီးလျှင် ပုဂ္ဂိုလ်တရား သင်္ချာအားဖြင့် ပွားခြင်း နုတ်ခြင်းကိုပြု၍ တွက်သဖြင့် ပွင့်ချပ်ရေဟု ဆိုအပ်သော ခေါက်ပေါင်း သချာထွက်ပေါ်လာခြင်းတို့မှာ ယခင်နည်းကိုမှီ၍ နှလုံးသွင်းတော်မူလျှင် ထင်မြင်တော်မူပါလိမ့်မည်။

ယခု ပြဆိုအပ်ခဲ့ပြီးသော သာဓုကိဋ္ဌနှ၊ ပဒုမစက်ဝန်းနည်းကို နိဿရည်းပြုသဖြင့် ဖွင့်၍ကြံရလျှင် ပုထုဇဉ်၏ ဉာဏ်ပင် ဖြစ်လင့်ကစား၊ ဇမ္ဗူဒိပ်မြေအပြင်သည် အလွန်ပင်ကျဉ်းပါသေးသည်၊ ယင်းသို့ဖြစ်လေ၍ ကုဋေ သုံးသန်းခြောက်သိန်းသော မဟာဇီဝရ ဉာဏ်တော်ရှင် သခင် ဘုရား၏ ပညာဂုဏ်ကို တလုံးလဲလဲ၊ အမြဲနှလုံးပြုသဖြင့်၊စတုရာရက္ခအဝင် အပါ ဗုဒ္ဓါနုဿတိကို မိမိရရ ဆင်ခြင်တော်မူပါ ဒကာတော်။

နိဂုံးသံပေါက်

(က) ဤစာနိဋ္ဌ၊ သက္ကရ၊ နာဂ မှတ်သားရာ။
(ခ) ပည်းဒွေးဒွေးက၊ စိတြ၊ ကွယ်ထ တုနင်းလာ။
(ဂ) မင်းပမာန၊ မျိုးလေးဝ၊ ဆုံးမ ပေးသည့်စာ။
(ဃ) မညီမမျှ၊ ကျင့်လေက၊ ရောက်ထ ပါယ်လေးရွာ။
(င) အညီတမျှ၊ ကျင့်ပေက၊ ပေါက်ထ ဇတိံသာ။
(စ) ဆိုဆိုသမျှ၊ အနိစ္စ၊ ဒုက္ခ အနတ္တတာ။
(ဆ) နိဂုံအုပ်ရန်း၊ခုနစ်ခန်း၊ နွယ်ပန်း သံပေါက်စာ။



# အပိုင်း ၃

## ဩဝါဒ ဆုံးမစာများ

၁။ ဩဝါဒထူး ဆုံးမစာ ... စိန္တကျော်သူဦးဩ

၂။ ဩဝါဒကထာ ဆုံးမစာ ....လုံးတော်ဆရာတော်

၃။ ပုတ္တောဝါဒ ဆုံးမစာ .... ဆားတုံဆရာတော်

၄။ မာတောဝါဒ ဆုံးမစာ ....ရွှေကျောင်းဆရာတော်

၅။ သိင်္ဂါလောဝါဒ ဆုံးမစာ ....သင်္ဂဇာဆရာတော်

၆။ ဂိဟိဝိနယ ဆုံးမစာ ... ညောင်ကန်ဆရာတော်

၇။ အတ္တောဝါဒ ဆုံးမစာ ....နားခံတော် ဦးရွှေနီ

၈။ ဥပါသကောဝါဒ ဆုံးမစာ ....ဆီးပန်းနီဆရာတော်

၉။ အရညကာဝါဒဆုံးမစာ ....ဆီးပန်းနီဆရာတော်

၀။ မိတ္တရောဝါဒ ဆုံးမစာ ....စလင်းဆရာတော် ဦးလှဲ့



## ဩဝါဒထူး ဆုံးမစာ
## သိမှတ်ဖွယ်ရာ

ဆုံးမစာများကို ဩဝါဒဟူသော စကားလုံးတစ်လျက် ပုဗ္ဗောဝါဒ၊ ရာဇောဝါဒ၊ မိတ္တေဝါဒ၊သိဿောဝါဒ၊အရညကောဝါဒ၊ ပေါတကောဝါဒ၊ မာတောဝါဒ၊ ခတ္တေဝါဒ၊ဥပါသကောဝါဒ စသည်ဖြင့် ဆုံးမစာ အသီးသီး ရေးသားခဲ့ကြသည့်အနက် ဩဝါဒထူး ဆုံးမစာမှာကား ရှေ့တွင်ပုဂ္ဂိုလ်ပညတ်မပါ၊ နောက်တွင်သာ "ထူး"ဟူသော ဝိသေသတစ်ထားသဖြင့် ထူးခြားပေသည်။

စိန္တကျော်သူ ဦးဩကိုယ်တိုင်က "ဩဝါဒထူး၊စာယဉ်ကျူး"ဟူ၍ နိဒါန်းနှင့် နိဂုံးအဆုံးချတွင် ဆိုခဲ့သည့်အတိုင်း ထိုဆုံးမစာသည် ဩဝါဒထူးဟုပင်တွင်ခဲ့ပေသည်။ မျို့လက်ာဖြစ်၍ ဩဝါဒထူးပျို့ဟူ၍လည်းမှတ်သားရပေသည်။ ဦးဩသည် "မင်းခစားတို့၊ဖတ်ကြားနာခံ၊ သင်အံရေလှလာ၊မှတ်သားရာတည့်၊ ဩဝါဒထူး၊ စာယဉ်ကျူးကို၊ပျံ့ပျူးသာရှင်၊ ဖွဲ့စီရင်ပိမ့်"ဟု ဆိုထားသည့်အတိုင်း မင်းခစား မင်းမှုထမ်းများကို ဦးတည်ရေးသားရင်း ဖြစ်ပေသည်။ သို့ရာတွင် အဆုံးအမများမှာ လူအားလုံးအတွက် မှတ်သားလိုက်နာသင့်သောအချက်များသာ ဖြစ်ပေသည်။ အခန်း ၅ ခန်း ခွဲခြားစပ်ဆိုထားပေသည်။

ထိုဆုံးမစာတွင် မအိပ်ရာ၊ မဆင်ရာ၊ မသောက်ရာတို့ကိုဖော်ပြပြီးမတင့်တယ်ရာ၊ ရယ်ဖွယ်ရာ၊ မကြီးရာ၊ မငယ်ရာ၊ မယုံရာ၊ ချစ်ကြင်ရာ၊ မရှိမသေမပြုရာ၊ မလွှားရာ၊ရန်မပြုရာ၊ အမျက်ကြီးရာ၊ ပျက်စီးရာ၊ မကောင်းရောက်ရာ၊ ကဲ့ရဲ့ဖွယ်ရာ စသည်ပိုင်းခြား၍ ပြုအပ်မပြုအပ်တို့ကို ဘဝတာအတွက် အကွက်ကျကျ တွေးခေါ်တင်ပြထားပေသည်။

စိန္တကျော်သူ ဦးဩသည် ကုန်းဘောင်ခေတ်ဦးတွင်ထင်ရှားသောစာဆိုကော်ဖြစ်၍ မောင်းထောင်းရွာဇာတိဖြစ်ပြီး တွင်းသင်းတိုက်ဝန် မဟာစည်သူ၏ တူလည်း ဖြစ်ပေသည်။ ကဝိလက္ခဏာသတ်ပုနှင့် ရတု၊ ချိုင်း၊ လူးတားစသည်များစွာကို ရေးသားခဲ့ပေသည်။ ဩဝါဒထူး ဆုံးမစာကို သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် ရေးသားခဲ့ကြောင်း သိရှိရပေသည်။

စိန္တကျော်သူ၏ နိုင်ငံ့၏အင်္ဂါရပ် ၉ ပါးကို နာဝရတ်ကိုးသွယ်နှင့် ပမာနှိုင်း၍ ကေပိုဇ်ရတုကိုလည်း ရေးသားခဲ့ပေသေးသည်။



# ၁။ ဩဝါဒထူး ဆုံးမစာ

## စိန္တကျော်သူ ဦးဩ

## ပ ထ မ ပိုင်း

၁။ မင်္ဂလာညွန့်သွယ်၊ အုံချီးဖွယ်တိ၊ အန္တရာယ်ပျောက်ကင်း၊ ကျမ်းပြီးခြင်းကို၊ လက်ဝင်းမကြာ၊ ဖြည့်နိုင်စွာသား၊ ပုတာနှာသုံး၊ မုတ္တာကုံးကို၊ ရွဲသုံးဝေဆာ၊ ဆင်ပြီးစွာမှ၊ မင်္ဂလာပွဲ၊ ရွှေနန်းထဲဝယ်၊ မြဲစွဲခစား၊ မှူးသားမတ်မြေး၊ မင်းဆွေးစိုးရည်၊ ဆောက်တည်ပိုင်နင်း၊ မင်း မိဖုရား၊ ဝန်းလျားခြွေရံ၊ မိဿမောင်းမ၊ ပျိုတော်စသား၊ နန်းမဗယ်ညာ၊ အိမ်တော်မှာလည်း၊ မြို့ရွာပိုင်စား၊ သခင်များ၏၊ ထံပါးနေ့ညှ၊ မြဲစွဲရသည့်၊ မိန်းမ ယောကျ်ား၊ မင်းခစားတို့၊ ဖတ်ကြားနာခံ၊ သင်အံလေ့လာ၊ မှတ်သားရာသည့်၊ ဩဝါဒထူး၊ စာယဉ်ကျူးကို၊ ပျံ့ပျူးသာရှင်၊ ဖွဲ့စီရင်ပိမ့်။ ။အောင်မြင်လွှယ်မူ ပြီးလွယ်ဆို။

၂။ မှတ်နားစိပ်လော့၊ မအိပ်ရာချေ၊ မနေရာအပ်၊ မရပ်ရာဌား၊ မသွားရာမှတ်၊ မဝတ်ရာကျင့်၊ မဆင်ရာများ၊ မစားရာမြောက်၊ မသောက်ရာမူ၊ အစုစုကို၊ ယခုရှေ့ဖျား၊ ပြန်လျောက်ကြားပိမ့်၊ သုံးပါးရဘနာ၊ ဆရာသမား၊ ဘိုးဘွားမိဘ၊ စိုးရသခင်၊ ဂုဏ်အင်ကြီးထူး၊ ကိုယ်တူရင်းရှည့်၊ ဖြစ်သည့်သူအား၊ ခြေရင်းထားချ၊ ပေါ့စားလွှယ်ကာ၊ မအိပ်ပါနှင့်၊ ဆည်းဆာနေဝင်၊ ဆဲဆဲဘွင်၍၊ အိပ်ချင်သော်လည်း၊ စိတ်ကိုတည်း၍၊ နည်းစေ အိပ်မှောင်၊

နေထွက် အောဝ်လျှင်၊ ရှောင်လေလျှဉ့်လျှဉ့်၊ တစ်ညဉ့်သုံးခါ၊ နိုးကြားရာ၏၊ လက်ယာလက်ဝဲ၊ အိပ်နေမြဲလော့၊ ကွဲလွဲငုံ့တုံ၊ မှောက်ခုံပက်လက်၊ မအိပ်စက်နှင့်၊ ကိုယ့်ထက်မှူယူ၊ မြတ်သည့်သူကို၊ အတူနွဲ့ယှက်၊ အိမ်ဖက်မပေါင်း၊ တောင်စောင်းအနောက်၊ မြောက်သို့တူရှူ၊ ခေါင်းမမူရာ၊ ရှေ့မျက်နှာနှင့်၊ တောင်ညာစင်းစင်း၊ ခြေရင်းမပြု၊ ခုလုထစ်ခွင့်၊ နိမ့်မြင့်စောင်းထောင်၊ မာခေါင်ကျော်လွန်း၊ ကြမ်းစွန်းဖျားနား၊ မိုးတားရံကာ၊ လွတ်ရာမှာလည်း။ ။ရှောင်ပါအိပ်ခင်း လွတ်ရှင်းရှင်း။

၃။ အသက်အရွယ်၊ အနွယ်အမျိုး၊ အရိုးအရာ၊ ကိုယ်ထက်သာသာ၊ ဂုဏ်ဝါစံမြောက်၊ သူတို့မှောက်ဝယ်၊ ရှေ့နောက်စူးစူး၊ မြင့်ဖြူးလေညာ၊ နီးစွာဝေးလွန်း၊ မစွန်းခြောက်ပြစ်၊ ချပုဆစ်နှင့်၊ ကျစ်လျစ်လှစေ၊ တင်ပျဉ်ခွေ၍၊ လက်ခြေကားယား၊ နံပါးရှည်နွဲ၊ စောင်းလွဲနောက်ဖိ၊ အုံးမှီးလက်ထောက်၊ မတ်စောက်ဆောင့်ကြောင်၊ ဒူးထောင်လက်ဖွဲ့၊ မထိမဲ့လျှင်၊ မနွဲ့မကိုင်း၊ ခိုင်းတိုင်းကျားတား၊ မပြားမဝပ်၊ မနေအပ်ရှင့်၊ မရပ်သင့်ရာ၊ ရှောင်ခွင့်မှာမူ၊ လောကဓိပ္ပ၊ ပြည်မသခင်၊ ရှင်မိဖုရား၊ သားမတော်သမီး၊ ဝန်ကြီးဝန်ငယ်၊ မင်းနွယ်စိုးဆွေ၊ ယှဉ်နေနီးစပ်၊ ဆက်ကပ်ပွဲလမ်း၊ မင်းခန်းဆောင်ရှက်၊ စားခွက်စားယောက်၊ အပါးရောက်က၊ မလျှော်က်မပတ်၊ မတ်လတ်ရှိုင်းစိုင်း၊ မကိုင်းမပျပ်၊ မတွားဝပ်ဘဲ၊ မရပ်သင်ချေ ရပ်မိလေက၊ မင်းဒဏ်ကျ၏၊ မိဘဆရာ၊ ပညာဂုဏ်ဖြိုး၊ သက်ကြီးရွယ်လွန်၊ ကျင့်မှန်မဖောက်၊ ရဟန်းမှောက်ဝယ်၊ ချစ်ကြောက်ကြည်ညို၊ အရိုအသေ၊ အချေအင့်၊ ညွတ်ကျိုးနွံမှု၊ အာသံမှုတ်ကြိုး၊ ဆူးပြည့်ဖြိုးအံ့၊ မိုးတိုးမားတား၊ မပြားမပျပ်၊ မဝပ်မကိုင်း၊ ခိုင်းတိုင်းကြမ်းတန်း၊ အမှန်းမသိ၊ ဒိဋ္ဌိမှုကျင့်၊ မရပ်သင့်သည်။ ။ပြစ်လွှင့်လွတ်ကင်း ကြဉ်ရှောင်ကွင်း။

၄။ စိုးမင်းသခင်၊ အရှင်မိဘ၊ ရှေ့သို့ကျသော်၊ ကုန်းကွအုပ်ပျပ်နှိုပ်ဝပ်ညွတ်ထိုင်၊ နေစက်ယိုင်ရှောင်ရှား၊ သွားမှုလာမှု၊ ယဉ်နှုလှစေ၊ အခြေကြမ်းတန်း၊ ရှေ့မသန်းနှင့်၊ ဂိုးနန်းမင်းအိမ်၊ ဆိတ်ငြိမ်စက်တော်၊ ခေါ်သည့်အခိုက်၊ တိုက်ရိုက်သူ့နား၊ မကြာ

စေလို၊ ထိမ်ဝှက်သို၍၊ ပြောဆိုသည့်ခိုက်၊ ထိုက်လိုက်ချီးမြှောက်၊ စားသောက်ဖွယ်ရေး၊ တည်ကျွေးသည့်ခိုက်၊မှားမိုက်ကျေးကျွန်၊ အဖြစ်ဝန်နှင့်၊ ဒဏ်ရှိသူအား၊ ထားသည်ရပ်မြေ၊ဖုတ်တစ္ဆေနှင့်၊ ကင်းမြေထူထဲ၊ ကျားရဲသစ်ရှူး၊ ဘီလူးရှိရပ်၊ ပေါ်လျှပ်ကောက်ကျစ်၊မူညစ်သွမ်းဆိုး၊ သူခိုးဖမ်းရာ၊ ကန္တာရတော၊ မြစ်ကြောနက်ကျယ်၊ ပင်လယ်သမုဒ္ဒ၊ သတ်ပုတ်တွန်းလှန်၊ ခိုက်ရန်တွေ့ပွဲ၊ ငြင်းခုံဆဲနှင့်၊ သောင်းသဲစည်ပင်၊ ပွဲသဘင်သို့၊ သွားချင်မှုသာ၊ မသွားရာတည့်၊ ကြမ်းမှာခြေနင်း၊ မပြင်းညံ့သက်၊ လှန်ဖြည်းညက်စေ၊ ညဥ့်နက်မှောင်မည်း၊ တစ်ယောက်တည်းလည်း၊ တင့်ရည်းပေါ်သွပ်၊ မသွားအပ်သည်။ ။ကြပ်ကြပ် ဝမ်းတွင်းမှတ်သွတ်သွင်း။

၅။ ရှောင်ပါစေချင်၊ အဝတ်တွင်လည်း၊ မစင်မကြယ်၊ ရွှံ့ဖွယ်စက်ဆုပ်၊ မည်းပုပ်မွဲပြာ၊ စာမကျေသေး၊ ဖွတ်ဆေးမလျှော်၊ ညီစော်မြေးသန်း၊ ဟောင်းနွမ်းစုတ်ပြတ်၊ ညှိုးညစ်ပတ်က၊ မဝတ်လေရာ၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားယာလယ်၊ လိုမယ်မတ၊ စိတ်တိုင်းကျလျက်၊ ကြွယ်ဝပြည့်စုံ၊တုံ့လင့်ကစား၊ စိုးမင်းလားသို့၊ သောကားသမှု၊ဝတ်တုမမှု၊ရှေ့ရှုနောက်ချင့်၊ ကိုယ်နှင့်အင်တန်၊ သင့်အောင်ဖန်၍၊ ခန့်ရန်တော်ရာ၊ ကောင်းမြတ်ပါလည်း၊ စိတ်မှာချင်ချင်၊ မရှိလျှင်မူ၊ မဆင်ဝတ်သင့်၊ ဖိုးမြင့်ကဲကျူး၊ ဝတ်ထူးစားဆန်း၊ ပွင့်လန်းရောင်ဝါ၊ ယဉ်ကျေးစွာကို၊ ချိန်ခါမဲ့ပဲ၊မဝတ်လဲနှင့်၊ တွဲလွဲမျှားလျား၊ ဖားယားမြေထိ၊ ရှေ့ငြိနောက်ကျ၊ခြေချဖဝါး၊နင်းသွားမသာ၊ဝါဝါတားကား၊ ကြွားကြွားဝင့်ဝင့်၊ ဝတ်သဖြင့်လည်း၊ မတင့်တယ်ရာ၊ ဓမ္မတာလျှင်၊ လမ်းသာကြွလွယ်၊ ညာဗယ်နောက်ရှေ့၊ ညီစေ့လျဉ့်လျဉ့်၊ မယဉ့်မကောင်း၊ ဆင်ဝတ် ကောင်းသည်။ ။ ကျိုးကြောင်းပြစ်ကင်း မျှော်ရှုတင်း။

၆။ တန်ဆာပလာ၊ ဆင်ဖွယ်မှာလည်း၊ ရတနာရွှေငွေ၊ လွန်မြတ်စေလော့၊ အနေဆုတ်ယုတ်၊ ခါမဟုတ်က၊ ဖော်ထုတ်ပြုပြင်၊ မဆင်ယင်နှင့်၊ဆံကျင်ဆံထိုး၊ခါးကြိုးဦးဆောက်၊ လက်ကောက်လက်ကြပ်၊ လက်စွပ်နားပန်၊ ပန်းမန်ခြေကျင်း၊ ရှောင်ကွင်း

ညည်မှာ၊ ဆင်တန်ဆာလည်း၊ ကာလဒေသ၊ နေ့ညမှတ်ကြိုး၊
အမျိုးအနွယ်၊ အရွယ်အသက်၊ ချင့်တွက်ယုတ်မြတ်၊ ဆင်ယင်
တတ်မှု၊ ဆင်ဝတ်သရဲ၊ သူ့စိတ်တွေ့၏၊ညဉ့်နေ့မခြား၊ စားခင်း
မှာတုံ၊ ရသာတွေပြား၊ မြိန်မြတ်ပြားလည်း၊ စားမကြူးရာ။
ပူဆာစပ်ငန်၊ ချဉ်ဖန်ချိုခါး၊ ထွေထွေစားလည်း၊ သုံးပါးဥတု၊
မျှော်ရမ်းရှုလော့၊ မှီခုတစောင်း၊အိပ်လျောင်းဝပ်စင်း၊ ခြေဆင်း
ပေါင်ထောင်၊ ဆောင့်ကြောင့် မတ်စောက်၊ တောင်မြောက်
ကြည့်ကွက်၊ ရပ်လျက်သွားလျက်၊နှစ်ဘက်ပါးနား၊ အံစောင်
ဝါး၍၊ မစားလေသင့်။ ကော်လွင့်ဝှ့လှန်၊ ကျောက်ကန်
ပုဘ်ခတ်၊ ကိုယ်ခဲဘတ်သည့်၊ သတ္တဝါသား၊ မထွားမဆူ၊ သိုးအူ
ပုပ်လှောင်၊ ညှီဟောင်သမျှ၊ မစားရသည်။ ။ နေ့ညမကင်း၊
ကြဉ်ရှောင်မင်း။

၇။ မသောက်အပ်တွေ၊ရှောင်ပါလေလော့၊မေခယငါး၊သူရာငါးနှင့်၊
ပိုးမွှားသောက်ကျ၊မြူတိနောက်ကျင်၊ သန့်စင်မကြည်၊ ရေကို
သည်လည်း၊ ချုပ်ဆည်အာသာ၊ မသောက်ရာသည်၊ ဗယ်ညာ
လွဲလက်၊ ရေခွက်ဖလား၊ လက်ဝါးပြောင်းပြန်၊ ကိုင်ဟန်
လှန်မှောက်၊ မသောက်ပြန်ရာ၊ ဟင်းမှာရေထုတ်၊ဟင်းရှုပ်ရေကို၊
မမျိုလေတိုက်၊ မကျိုက်လေအပ်၊ သတိကြပ်လော့၊ ရှစ်ရပ်
မျှော်ရည်၊ ဆီကြည်ထောပတ်၊ မြိန်မွန်မြတ်လည်း၊ ကြိုက်တတ်
သောအား၊ လျှာကိုတား၍၊ မများစေရ၊ သင့်ရုံမျှသာ၊
သောက်လေရာ၏။ စာနာခန့်ချိ၊ မျက်စိအကျင့်၊ ဝမ်းအချင့်ဟု၊
ယခင့်ဝေါဟာ၊ ထင်ရှားစွာနှင့်၊သုရာသောက်ဝယ်၊ ပြစ်ခြောက်
သွယ်ကား၊ လိုမယ်မရ၊ ရှိမျှဥစ္စာ၊ ပျောက်တတ်စွာ၏၊နှုတ်သာ
လက်လွန်၊ ရန်လည်းခိုက်ထ၊ ပွားတတ်ဘိ၏၊ မျက်စိသိခဝ၊
လက်ခြေတုန်ယင်၊မဝင်ဝမ်းတွင်း၊ထမင်းမစား၊ ရောဂါများ၏၊
ပြစ်သားစင်စင်၊ လူရှင်ကဲ့ရဲ၊ သတင်းမဲ့၏၊ ရှက်ဖွယ်အရာ၊
ကြောက်ခင်းမှာလည်း၊ အင်္ဂါကိုယ်လုံး၊ မဖုံးလွှမ်းနိုင်၊ စွဲကိုင်
ကျိုးပြစ်၊ စိစစ်မမြင်၊ ဆင်ခြင်မရှိ၊ သတိပညာ၊ လျော့ညံ့
ရာသည်။ ။မကြာလက်ငင်း၊ မျက်မှောက်တွင်း။
၈။ စေ့ရေစေ့ရေ၊ ပြစ်ဖူးတွေကို၊ သက်သေတံဆိပ်၊ ပုံခတ်နှိပ်အံ့၊
မှအိပ်သီးစေက်၊ တောဆင်ပေါက်နှင့်၊ မိုးသောက်ကြက်တင်၊

နေဝင်ကောက်လှန်း၊ ဥဒါန်းဖြစ်လေ၊ ဆရာစေသား၊ ထင်းခွေ
တပည့်၊ အိမ်ကြူးသည့်ကြောင့်၊ မပြည့်လိုအင်၊ မျက်စိပင်တည့်၊
မမြင်မွဲတော၊ ဆုံးပူးချေ၏။ တထွေစံတည်၊ လှည်းကုန်သည်ဝယ်၊
ရှေးတည်သမား၊ အအိပ်များ၍၊ လှည်းသားအားလုံး၊ ရေတိ
ထုံးလည်း၊ ယူကျုံးဖွယ်သာ၊ အနေမှာကား၊ ရတနာစိခက်၊
နေရာထက်ဝယ်၊ စာကိသက်နေမိ၊ ပညာရှိလျက်၊ သတ်ယွင်းလှပ်၊
မင်းဒဏ်ကြုပ်၏၊ မရမ်ရာဘိ၊ ရပ်မှားမိသည်၊ ဘူရိဒတ်ဝယ်၊
အလမ္ပာယ်သည်၊ ဆိပ်စွယ်ထိလွှမ်း၊ လူရည်နွမ်း၏၊ ထုတ်သမ်း
ခရီး၊ မသွားဆီး၍၊ ပျက်စီးတိမ်မြုပ်၊ ခန္ဓာချုပ်သည်၊ တရွတ်
ပြေးမင်း၊ တိမ်နင်းပျံ့သန်း၊ ရှင်ကန်းမလင်၊ ပုံပြင်တူရှည့်၊ ပြည့်
တန်ဆာထံ၊ ဆွမ်းရပ်ခံသည်၊ ရှင်ပျံ့ထိုမှု၊ စျာန်လျှောကျ၏။ စံပ
အဝတ်၊ သွင်းမှားချွတ်သည်၊ ဗွတ္တပေါင်မင်း၊ ဆင်ခြင်းမရာ၊
နန္ဒာသူရိယ၊ ပျောက်ပဆုံးပါး၊ စားစရာမှာ၊ မနုဟာနှင့်၊
ဇူဇကာပုဏ္ဏား၊ ဆင်သားစားခွေး၊ သောက်မှားရေးမှု၊ သူဌေး
ကြီးသား၊ သားစားပြည့်ရှင်၊ တာပင်ရွှေထီး၊ ထုံးစံမှီး၍၊
ပျက်စီးသည့်ဘေး၊ ဝေးကမြော်မြင်၊ ရှောင်စေချင်သည်။ ။
ဆံမျှင်မြူညှင်း မလှစ်ဟင်း။

●

## ဒုတိယပိုင်း

၄။ ပြည်ကြီးအရှင်၊ ထွတ်သခင်ကား၊ လူတွင်ခေါင်ထိ၊ သမုတိဟု၊
မည်ရှိနက်စစ်၊ မြတ်ဆုံးဖြစ်ရှင့်၊ ကြောက်ချစ်မပြု၊ မင်းကိုတု၍၊
အရှုအလှည့်၊ အကြည့်အကြံ၊ အသံအသက်၊ အလက်အခြေ၊
အနေအသွား၊ အစားအဝတ်၊ အမှတ်အဆင့်၊ အရွှင်အရယ်၊
အခြယ်အဆင်၊ အသွင်အမာန်၊ အဖန်အလိမ်း၊ ရာခပ်သိမ်းကို၊
ကြောက်ကြိမ်းရန်သွယ်၊ စိုးမင်းနွယ်လျှင်၊ ရည်ရွယ်ဖက်ထွေ၊
မပြုပေနှင့်၊ တွေဝေမိုက်မှား၊ နာဖျားညှဉ်းဆဲ၊ ဆင်းရဲပူပင်၊

ကျေးတင်မြီများ၊ မင်းခစားဟု၊ သည်ငါးယောက်လျှင်၊မသေခင်က၊ အပင်မတည်၊ သူသေမည်ဟု၊ စဉ်ရှည်ဈေးက၊ ဗျာသပုဂ္ဂိုလ်၊ ဟောခဲ့ဆိုရှင့်၊ မင်းလိုလိုက်ညွတ်၊ခစားတတ်မှု၊မှုူးမတ်ဖြစ်ရာ၊ သည်ကိုစာ၍၊ မျက်နှာမူနည်း၊ ရိမ်ခြည်ခွင့်လမ်း၊မင်းရိပ်ဖမ်းလျက်၊ အကြမ်းသည်မူ၊ အနုသည်မှာ၊ အသာသည်တွင်၊ အတင်သည်ကို၊ သည့်နှယ်လိုဟူ၊ စွဲဆိုသတ္တိ၊ မှတ်သိကျွမ်းကျင်၊ ပြုစီရင်မှ၊ ကုံတွင်သိပ္ပ၊ အရာကျသည်။ ။ မင်းခစားရေးမျက်ချစ်ဆေး။

၁၀။ မတူမတန်၊ ဂုဏ်ညဏ်ကိုယ်နှုတ်၊ ကိုယ်အောက်ယုတ်နှင့်၊ပြေးဆုဖ်နောက်လံ၊ ကြောက်ရွံ့တတ်လှ၊ အနည်းမျှကို၊ ကိုယ်ကအများ၊ အောင်ပါပြားလည်း၊ ယောကျ်ားဇာနည်၊ ဘယ်မှာမည်ချိမ့်၊ အရည်သာခြား၊ အများကိုပင်၊ အောင်ပါချင်လည်း၊ အရှင်ကျေးဇူး၊ပျောက်ထိမ်မြူးက၊ ညစ်ညူးမည်ပင်၊ဘယ်ဂုဏ်ထင်အံ့၊ အောင်မြင်ပြီးလျက်၊ မစုံမက်ဘဲ၊ နှိပ်စက်တောက်ဆတ်၊ညှဉ်းပန်းတတ်က၊ သူမြတ်မမည်၊ သို့ဖြစ်သည်ကြောင့်၊ မည်ရည်နေရာ၊ ကိုယ်ထက်သာနှင့်၊ ဗိုလ်ပါစစ်သည်၊ ရှေ့တည် နောက်သွား၊ ကိုယ်ထက်များကို၊ ထိပါးပူးဆိုင်၊ သူကပြိုင်လည်း၊ အောင်နိုင်တတ်ပေ၊ ပလေလက်ခြား၊ အရှင်အားလည်း၊ စုံစားမရှိ၊ ကျေးဇူးသိလျက်၊ သတ္တိခိုင်ဖြိုး၊ အောင်နိုင်ပြီးလည်း၊ နှိပ်စီးညှဉ်းဆဲ၊ မောင်းမဲမဆို၊ ချစ်ကြည်ညိုအောင်၊သဂြိုဟ်လေးသွယ်၊ ထောက်ပံ့ဖွယ်သည်။ ။မှတ်ရွယ်နောင်ရေး ပိုက်သိမ်းမွေး။

၁၁။ ကိုယ်ကျိုးမြော်ပါ၊ လူလိမ္မာတို့၊ ပညာလိုလျှင်း၊ မဆန်ငြင်းနှင့်၊ အငြင်းကြီးလစ်၊ ခိုက်ရန်ဖြစ်၏၊ အနှစ်ဘဏ္ဍာ၊ ဥစ္စာလိုလျှင်း၊ မရိပျင်းနှင့်။ အပျင်းကြီးလစ်၊ သူ့ကျွန်ဖြစ်၏၊ ရှေးပြစ်နောက်ထား၊ စကားဆိုလျှင်း၊ မမာတင်းနှင့်။ အတင်းကြီးလစ်၊ ပြတ်သည်ဖြစ်၏၊ စိစစ်ဆင်ခြင်၊ အသွားထွင်လည်း၊ နှေးလျှင်နောက်ကျ၊ မြန်ကရှေ့ရောက်၊ ကြံတိုင်းမြောက်၏၊ စားသောက်ဖွယ်တွင်၊ နှေးလျှင်နောက်ကျန်၊ မြန်လျှင်လမ်းထောက်၊ ခရီးရောက်၏၊ ဘေးပျောက်ရန်ထိမ်၊ ယာယီအိမ်ကို၊ ချမ်းငြိမ်မြဲသော၊ မခိုင်စေနှင့်၊ သက်ဝေကြည်ညို၊ မယားကိုလည်း၊ မရှိ

မသေ၊ မနိုင်စေနှင့်၊ ဖျော်ဖြေစိတ်ငြိမ်း၊ အသိမ်းကိုလည်း၊ ရှိုးစည်းအုပ်ထွေ၊ မပိုင်စေနှင့်။ အိမ်နေမယ်ညို၊ မယားကိုလည်း၊ မြဲသိုမှတ်ကု၊ မယုံသင့်ဘူး၊ ထွေထူးမြွန်းပုံ၊ သူ့ကိုတုံလည်း၊ မဆုံသင့်ဘူး၊ စိတ်ဆူးမှုန်ဆန်၊ သူရန်တွေ့ပွဲ၊ ငြင်းခုံဆဲ၍၊ စုသဲဝန်းရှုံ၊ မအုံသင့်ဘူး၊ ဆန်းထူးပုံရှာ၊ ဥစ္စာလိုက၊ မင်းမိန်းမတို့၊ ညွတ်ခဦးဘင်၊မိမိလင်ကို။ ။ချစ်ခင်မြတ်လေး သိမ်းလုပ်ကျွေး။

၁၂။ ရတနာသုံးပါး၊ ဘိုးဘွားမိဘ၊ ဆရာစသား၊ လောကအမှတ်၊ ကိုးရာနတ်ကို၊ မမြတ်လေးထွေ၊ မဖြစ်လေနှင့်၊ ရှိုးရပ်နေဝန်းနီး၊ ခရီးသွားရာ၊ဥစ္စာရှာလည်း၊ သစ္စာလွဲချော်သူမတော်ကို၊မခေါ်လေနှင့်၊ ရေမြေစိုးခြင်း၊ မင်းတို့ရှေ့မှာ၊ တတ်ပညာကို၊ အခါမဲ့ထွေ၊ မဖော်လေနှင့်၊ သားရေညစ်ငြမ်း၊ ပွဲလမ်းသဘင်၊ ကြည့်ရှုရှင်၍၊ စိတ်လွှင့်ပျံ့ဝေ၊ မပျော်လေနှင့်။ နှုတ်ခြေကြော့ကြွမ်း၊ လူယုတ်သွမ်းကို၊ ကြင်ကျွမ်းမိတ်ဆွေ၊ မတော်လေနှင့်၊ ကျည်းသေနှစ်သတ်၊ ထိတ်လျှို့ခတ်ထား၊မိန်းမအားကို၊ ပြစ်မှားကြံ့ထွေ၊ မကျော်လေနှင့်။ ပုံသောမှတ်ဖွယ်၊ အကျဉ်းသွယ်သည်။ ။အကျယ်စစ်ဆွေး သိမည်ရေး။

၁၃။ ထမင်းစိမ့်ဆပ်၊ မနပ်သောခါ၊ အစာမကြေ၊ ရေမအောင်မျိုး၊ သောင်ပျိုးမပေါက်၊ ရှေ့နောက်မမြင်၊ ဉာဏ်အင်နည်းပါး၊ စကားမဘတ်၊ မျိုးဇာတ်နွယ်မြစ်၊ မစစ်သည့်သား၊ ကျင့်သောကား၏၊ ထောင်ထားမှီတင်၊ ငြမ်းကော့ကျက်လျှင်လည်း၊ ဝါးပင်ဖြောင့်ခဲ၊ကောက်လေမြဲဘည့်၊ တွင်းထဲရေထွက်၊ ငန်ပေါ့ပျက်က၊ ခပ်ခွက်ဖရည်ို၊ မချိုသောက်တုတ်၊ ငန်မြဲဟုတ်၏၊ ချက်ပြုတ်ဩဇာ၊ အိုးရှသာနှင့်၊ ခွက်မာခူးထား၊ မထူးခြားတည့်၊ သင်ကြား ကျန၊ နည်းပြဆရာ၊ ပညာမင်၊ မကုံထံက၊နည်းခံဟည့်၊ ပေါ့သွားဏ်ရှင့်၊ မတည့်မတ်စောက်၊ ရှေ့နွားနောက်က၊ နွားနောက်ပါကျန်၊ လမ်းမမှန်တည့်၊ မှုဂန်စိုးပိုင်၊ ချုပ်ကိုင် ကြီးမား၊ မတည့်ငြားက၊ ခေါင်းသွားမြီးပါ၊ ပုံ့ခွဦးမျော၊ ငှက်ပျော ပင်စိုက်၊ နောက်လိုက်ငယ်သား၊ ချွတ်ယွင်းပါးသည်။ ။ တရားကျင့်ရေး၊ မယဉ်ကျေး။

၁၄။ မတင့်တယ်ရာ၊ လူတို့ရွာတွင်၊ လ ဝါမဲ့ညဥ့်၊ လျှို့လျှို့ရှက်ဖြာ၊ ရွှေကြာမဲ့ရေ၊ ဝဲဝေလှိုက်ထိုး၊ တံပိုးမဲ့မြစ်၊ လည်ရစ်နှဲ့ကာ၊ ဟသ်ာမဲ့ကန်၊ တံခွန်မဲ့ဌြား၊ စက်ရထားနှင့်၊ ခိုးပွားမဲ့မီး၊ ဖျက်ဆီးဖြတ်ပယ်၊ အစွယ်မဲ့ဆင်၊ လင်မဲ့မယား၊ တရားမရ၊ လို့လမဲ့လူ၊ အယူစောင်းရွဲ့၊ ကျင့်မဲ့ရဟန်း၊ထီးနန်းကျုံးပဲ့၊ မင်းမဲ့ပြည်ရွာ၊ ကွန်ချာရှုပ်ဖွဲ့၊ ထိန်းမဲ့ချည်ခင်၊ အရှင်မဲ့ကျွန်၊ ဖျားစွန်နုနှဲ့၊ ကွပ်မဲ့ဝါးကြမ်း၊ ပရမ်းပတာ၊ မဖွယ်ရာသို့၊ ရှေ့လာနောက်တိုး၊ အကျိုးအကြောင်း၊ဆိုးကောင်းမြတ်ယုတ်၊ ဟုတ်မဟုတ်ကို၊ ရွေးနုတ် တိုင်းတာ၊ စိတ်ဖြာခွဲခြမ်း၊ စုံစမ်းရှုငဲ့၊ ဆင်ခြင်မဲ့က၊ ပြည်ထဲ့သနင်း၊ ထိုသည်မင်းလည်း၊ ပေါ့ဖျင်းယုတ်မာ၊ မကောင်းစွာရှင့်၊ ပညာရှိများ၊ မင်းခစားတို့၊ ဆန်းပြားလိမ္မာ၊ အရာရာကို။ ။ရှေ့ပါနောက်တွေး ကြံဆွေးနွေး။

၁၅။ သုံးပါးတသီး၊ ရယ်ခြင်းကြီးကား၊ ဇနီးအိမ်ရှင်၊မိမိလင်လည်း၊ ချစ်ခင်သောအား၊ သမီးသားကို၊ ပိုက်ဖျားအားရမ်း၊ ချီရှုပ်နမ်းသော်၊ မယ့်ဝမ်းကမ္ဘေး၊ သူမျှားသွေးကို၊ အလေးတမြတ်၊ သင့်သားမှတ်၍၊ လှည့်ပတ်ဖက်ချီ၊ နမ်းလေပြီဟု၊ မထိမလေး၊ အသွမ်းသွေး၍၊ အဝေးမျက်ကွယ်၊ မယားရယ်၏။ငါလှယ် ငါ့ယာ၊ ငါ့မြေတာဟု၊ ဥစ္စာခင်မင်၊ ဆိုပြန်လျှင်လည်း၊အရှင်မဲ့ပါ၊ ငါတို့မှာကား၊ ကမ္ဘာမကြေ၊ မချင်းနေ၏၊ အောက်သွေယွင်းယို၊ သင်တို့ကိုမှ၊ လိုမပိုင်ပဲ၊ ဖွယ်သရဲဟု၊ ကျိန်ဆဲသော့နှယ်၊ မြေကရယ်၏။ ငါ့ဝယ် ငါ့ရွှေ၊ ငါ့ကြေးငွေဟု၊ စိတ်စေကြည်သာ၊ ဆိုပြန်ပါလည်း၊ ကြမ္မာဆော်တိုက်၊ ကောင်းတော်ခိုက်ကို၊ ညှော်ဆိုက်မျှသာ၊ တည်းခိုပါရှင့်၊ ငါးဖြာရန်သူ၊ ယူလှည့်တို့ပါ၊သောမင်း ခွာလည်း၊ သင့်ရာအလျောက်၊ တို့ရောက်သည်ပင်၊ တို့အရှင်လျှင်၊ ဖြစ်ချင်လွန်းလှ၊ လွန်မင်းစွဟူ၊ ဒေါသချီချယ်၊ ရွှေငွေရယ်သည်။ ။သုံးသွယ်ရယ်ဆော ပြက်သွမ်းသွေး။

၁၆။ ဆယ်ပါးရယ်ဖွယ်၊ မှတ်ကြေ ခင်းသွယ်ပိမ့်၊ ဉာဏ်ကျယ်ပါလျက်၊ ပွဲလယ်ချက်ဝယ်၊နှုတ်ထွက် ယွင်းပါး၊ဆိုဖွင့်မှားအံ့။ ခစားသူ့မှာ၊ သူ့လိုရာသို့၊ လိုက်နာရလျက်၊ မာနတက်အံ့။ လက္ခဏာမဲ့၊ချို့တဲ့ဥစ္စာ၊ဆင်းရဲစွာလျက်၊ ကာမဂုဏ်မှု၊ လို့လပြုအံ့။ဖြီးထုထပ်ပွား၊

ဥစ္စာများလျက်၊ မိုက်အားဖုံးလွှမ်း၊ မနပ်းကမ်းအံ့။ ငြိမ်းချမ်းသာယာ၊ နေရပါလျက်၊ သူ့မှာမှီနေ၊ ခစားလေအံ့၊ သားရေလျှော့ပါး၊ အိုလှည့်ပြားလျက်၊ မြစ်နားကမ်းလျှို၊ မှီနေခိုအံ့၊ ရန်မှိုပယ်လစ်၊ ပြည့်ရှင်ဖြစ်လျက်၊ မူညစ်ဆိုးနွမ်း၊ မူးမတ်သွမ်းနှင့်၊ ချစ်ကျွမ်းဝင်ဝင်၊ ရေးတိုင်ပင်အံ့၊ သန့်စင်နွယ်ဇာတ်၊ မျိုးရိုးမြတ်လျက်၊ အတတ်မသင်၊ နားဝင်မကျွမ်း၊ လော်လီသွမ်းအံ့။ မန္တမ်းဂုဏ်အင်၊ ယောကျ်ားစင်လျက်၊ ချစ်ခင်စိုးပိုင်၊ မယားနိုင်အံ့၊ သုံးဆိုင်ဗေဒင်၊ ကုန်စင်မြောက်မြား၊ ထုံးနှယ်ထွားသည်၊ပုဏ္ဏားဖြစ်လျက်၊အကျင့်ပျက်အံ့။ ကန့်ကွက်ခြားနား၊ ဤဆယ်ပါးကို၊ အမှားလူတွင်၊ ရယ်ဖွယ်ထင်သည်။ ။သည့်ပြင်ရယ်ဆေး ရမည်ဝေး။

○

## တတိယပိုင်း

၁၇။ မကြီးရာသည်၊ ဆယ်ပါးမည်ကား၊ ချုပ်ဆည်မဲ့သီး၊ မာန်စောင်ကြီးက၊ ဝေးနီးလူသူ၊ မကြည်ဖြူ၍၊ တူ-မပေါင်းဖော်၊ အိုအောင်သော်လည်း၊ ညှိုးလျော်ညစ်ပတ်၊ ဆင်းရဲတတ်၏။ ငတ်မွတ်စသီး၊ အစားကြီးက၊ ဝမ်းနှိုးလေခာတ်၊ ပျက်စီးတတ်၏။ ကတ်သတ်ခဲခက်၊ ရမ္မက်ပိတ်ဆီး၊ အလိုကြီးက၊ ကိုယ်ထီးသာတည်း၊ အရနည်း၍၊ လက်ချည်းဆတ်ဆတ်၊ ဖြစ်တို့တတ်၏။ ဝန်းပတ်ရံဆီး၊ အဆောင်ကြီးက၊ ချည်းနှီးဥစ္စာ၊ ရှင်းကွာပြတ်သတ်၊ နည်းပါးတတ်၏။ ရေရှုတ်တိုးတီး၊ နှုတ်ခွန်းကြီးက၊ အနီးအဝေး၊ လူဗိုလ်လှေးတို့၊မလေးမမြတ်၊မုန်းထားတတ်၏။မညွှတ်မစင်း၊ မာပြင်းခိုင်ဖြိုး၊ နှလုံးကြီးက၊ ဝမ်းမီးလောင်စာ၊ အနာဥပဒ်၊ ဘေးတွေ့တတ်၏။ တောက်ဆတ်စိတ်စက်၊ စဉ်းမျှထွက်လည်း၊ ရင်လက်ခက်တီး၊ စဉ်းလဲကြီးက၊ ဖိစီးနာကျင်၊ ကိုင်ငင်ရိုက်ပုတ်၊သားစုတ်

ရေပြွတ်၊ ရန်တွေ့တတ်၏။ ယုတ်မြတ်မဆို၊ ကိုယ်ကိုမြှောက်၍၊
လက်ခြေကြီးက၊ ဖမ်းဆီးချည်နှောင်၊ ခြံလှောင်ထိတ်ခတ်၊ ခံရ
တတ်၏။ လှည့်ပတ်စိုက်ဆီး၊ စကားကြီးက၊ ရင်းနှီးပစ္စည်း၊
လျော့နည်းကုန်ပြွတ်၊ ရွှေ့ပါးတတ်၏။ စိတ်လွတ်လျော့ဒမ့၊
ည္ဌဲနေ့မသိး၊ အအိပ်ကြီးက၊ ခရီးမတ်လှတ်၊ ရန်တွေ့တတ်သည်။ ။
မချွတ်မှန်လှ ဧကန္တ။

၁၈။ မငယ်ရာသည်၊ ဆယ်ပါးမည်ကား၊ ရုပ်ရည်နွမ်းနယ်၊ မျက်နှာ
ငယ်သော်၊ ပွဲလယ်မဆံ့။ မန္တံ့ညာဘယ်၊ အကြံငယ်သော်၊ ရေး
ကျယ်မဆံ့။ များနှံ့ပေါယယ်၊ အရေးငယ်သော်၊ ကြံကျယ်မဆံ့။
လောကင့်မကြွယ်၊ ပညာငယ်သော်၊ နည်းကျယ်မဆံ့။ မဖွံ့မကြွယ်၊
အမျိုးငယ်သော်၊ ဆွေနွယ်ရှုံးပေါင်း၊ သူကောင်းမဆံ့။ ခုတ်အုံ့
ရှယ်ရှယ်၊ ဓားသွားငယ်သော်၊ တောလယ်မဆံ့။ ကူးအုံ့သွယ်လှယ်၊
လှေတက်ငယ်သော်၊ မြစ်ကျယ်မဆံ့။ မပုံ့ပျူးဖွယ်၊ မြစ်ဝှမ်း
ငယ်သော်၊ လှေကျယ်မဆံ့။ လောကင့်မကြွယ်၊ ပညာငယ်သော်၊
ပွဲကျယ်မဆံ့။ တည်အုံ့မှတ်ရှယ်၊ မြို့ပြငယ်သော်၊ လေးသွယ်
အင်္ဂါ၊ ဗိုလ်ပါမဆံ့။ အလွှံ့များကြွယ်၊ ဗိုလ်ပါငယ်သော်၊ မြို့
ကျယ်မဆံ့၊ ဖြစ်လေအံ့သည်။ ။စေ့နှံ့စိတ်က ကြံဆုံးဆ။

၁၉။ မယုံရာသည်၊ ဆယ်ပါးမည်ကား၊ မြိုင်စည်ရဂုံ၊ တောကိုယုံသော်၊
ဘေးကြုံသော့အား၊ ထိပါးရှုနာ၊ သေတတ်လှ၏။ ငါပမှတ်တုံ၊
ကိုယ်ကိုယုံသော်၊ မဆုံးမစေ့၊ အကြံမေ့၏၊ ပျော်မွှေရောင်းရင်း
ကစားချင်းကို၊ စင်းစင်းမှတ်တည်၊ မြဲယုံကြည်သော်၊ ကြိုးချည်
ထိတ်ခတ်၊ ခံရတတ်၏။ လှည့်ပတ်လာ့တုံ၊ ကုန်းကိုယုံသော်၊
ပြွင်းခုံခိုက်စစ်၊ တရားဖြစ်၏။ အချစ်အခင်၊ ယုံချေလျှင်လည်း၊
လောင်လင်မျက်ငွေ့၊ ခိုက်ရန်တွေ့၏။ ဓလေ့မပြွတ်၊ ကိုယ်အတတ်ကို၊
ယုံမှတ်လျှင်လည်း၊ ပူပင်လိုက်ငွေ့၊ ချုမ်းသာရွှေ့၏။ ရေမြေ့
သနင်း၊ မင်းကိုယုံသော်၊ ပည်းပုံဖြိုးလွှေ့၊ မင်းမျက်တွေ့၏။
ည္ဌဲနေ့မျှော်ရမ်း၊ သူပေးကမ်းကို၊ အငမ်းချချ၊ ယုံလွန်းကလည်း၊
ဒုက္ခလွှေ့လွှေ့၊ ဆင်းရဲတွေ့၏၊ ည္ဌဲနေ့လှည့်လည်၊ ခိုးစားသည်ကို၊
ယုံကြည်လျှင်လည်း၊ ကံနည်းသက်မစေ့၊ ဓားလှံတွေ့၏။ ဆိုလေ့
တည်ကြွား၊ သူ့စကားကို၊ ပြတ်သားမုချ၊ ယုံလွန်းကလည်း၊

တရားသခင်၊ ပြစ်တင်ဒေမာင်းမဲ၊ ဆိုဆဲဒေရရှုတ်၊ ခံရတတ်သည်။ ။
ပြုတ်ပြုတ်မှုချ မယုံရ။

၂၀။ ချစ်ကြင်ရာသည်၊ ဆယ်ပါးမည်ကား၊ သွေးရည်ရင်နှစ်၊ သားကို ချစ်က၊ ကျိုးပြစ်ပြသ၊ ဆုံးမနိုင်စေ။ အိမ်နေမယား၊ ခင်ပွန်း အားကို၊ ရှုစားကျင်ကျမ်း၊ ချစ်ရည်လွှမ်းက၊ စုံစမ်းမျှော်တင်း၊ စိုင်းပြင်းနိုင်စေ။ ရှိဒေသအပ်လှူ၊ မိနှင့်ဘကို၊ ချစ်မြတ်လေးက၊ လုပ်ကျွေးတမှု၊ မွေးမြူကြည့်ရှု၊ ပြုစုနိုင်စေ။ ရှင်ကေရာဇ်၊ မင်းကို ချစ်က၊ ပုဆစ်တုပ်ပျပ်၊ မြဲကြပ်ထံပါး၊ ခစားနိုင်စေ။ တွက်ရေ ရှည်ကြာ၊ သံသရာကို၊ မေတ္တာလျှောက်ပံ့၊ ချမ်းပန်းပွဲ့က၊ နှုံးညွှတ် နိုင်စေ။ ကျွန်ခြွေရှကို၊ အဒေသအချာ၊ ချစ်ကြင်နာက၊ ဥစ္စာ ပေးကမ်း၊ ဖုံးလွှမ်းနိုင်စေ။ ဖော်ရွေသင်းပင်း၊ အိမ်နီးချင်းကို၊ ရောင်းရင်းဆုံလုံ၊ မေတ္တာကျ က၊ သည်းခံနိုင်စေ။ ဆွေခင်ပွန်းကို၊ ချစ်ကြည်ညိုမှု၊ ယွင်းယိုမရှိ၊ သတိမြဲစေ။ မျိုးဆွေတို့အား၊ ချစ်ကြည် ငြားက၊ သွားလာတက်သက်၊ ပေါင်းဖက်နိုင်စေ။ ရေမြေကွဲပြား၊ ရပ်ဝေးသားကို၊ ဆွေဝါးအရှည်၊ ချစ်အားပြည့်က၊ ကြည့်ရှု မျှော်ငန်း၊ ဆက်နွှတ်ခွန်းနှင့်၊ မေးမြန်းနိုင်စေ၊ ခွဲဝေမှာထား၊ သည်ဆယ်ပါးသည်။ ။ချစ်အားရှိက မြဲလို့လ။

၂၁။ မရှိမသော့၊ မထေလေးစား၊ စော်ကားသမှု၊ မပြုရာသည် ဆယ်ပါးမည်ကား၊ လေးခြည်ဝါမြူး၊ မြင်းမိုရ်ဦးသို့၊ ကျေးဇူး ဆဆ၊ ကြီးမြတ်လှသား၊ မိဘဘိုးဘွား၊ သက်ကြီးအားလျှင်၊ ပြစ်မှားကျူးထွေ၊ မရှိသေက၊ သရေမတက်၊ ဂုဏ်ရည်ပျက်၏။ ငေါ်ငက်မချို၊ အဆိုအမြည်၊ နှုတ်ခြည်ဆိုးယုတ်၊ ကြမ်းကြုတ် သော့ထွေ၊ မရှိသေက၊ ဗိုလ်ခြေဝန်းလျား၊ သူတစ်ပါးသို့၊ စိတ်ပြား ခွဲခြမ်း၊ နှလုံးဝမ်း၌၊ ညှိုးနွမ်းသဖြင့်၊ ပျက်လေနှင့်၏။ နိမ့်မြင့် စိလျဉ်၊ မြစ်ရေယဉ်ကို၊ ဖဲကြဉ်မသေ့၊ မရှိသေက၊ လှေလည်း ပျက်စီး၊ လေလည်းဆီး၍၊ ကမ်းကြီးမှလွတ်၊ ဆုံးရှုံးဘတ်၏၊ အထွတ် သွနင်း၊ ရှင်စိုးမင်းကို၊ ကြပ်တင်းစိတ်နေ၊ မရှိသေက၊ ပျက်ကြေ ခန္ဓာ၊ ဆုံးတတ်စွာ၏။ အလာအသွား၊ ကြိမ်များခေါက်ရေ၊ မရှိသေက၊ တစ္ဆေဘီလူး၊ ကျားရှူးသစ်မျိုး၊ သူခိုးဥပဒ်၊ တွေ့ကြုံ တတ်၏။ အဝတ်အစား၊ ပလွှားထိုင်နေ၊ မရှိသေသော်၊ အခြေ

လေးချောင်း၊ ညောင်စောင်းအင်းပျဉ်၊ သလွန်ယဉ်တို့၊ အစဉ်ကင်းပြတ်၊ ဆိတ်ညံ့တတ်၏။ လှည့်ပတ်မြိုင်ခွင်၊ သစ်ပင်သစ်သက်၊ ခုန်တက်ကျူးထွေ၊ မရှိသေက၊ လက်ခြေလျော့လွတ်၊ ကျနုတတ်၏။ ပြင်းခတ်ဝှန်လှိုင်း၊ လေမုန်တိုင်းကို၊ ရင်ဆိုင်းတင်းနေ၊ မရှိသေက၊ အိမ်ခြေဆိုရွတ်၊ ပြိုပျက်တတ်၏။ အမှတ်တံင်တင်၊ မီးကိုမြင်လည်း၊ လှုံချင်သော့ထွေ၊ မရှိသေက၊ ဖြည်းလေလှုပ်ခတ်၊ လောင်တောက်တတ်၏၊ အားစွတ်စိုက်စို၊ ဆင်မုန်ယိုကို၊ မရှိမသေ၊ ကျင့်မိချေက၊ စိတ်နေကျွတ်ဆတ်၊ ဇွေ့နင်းတတ်သည်။ ။ ဥပဒ်တွေ့က မရဏ။

၂၂။ မလွှားရာသည်၊ ဆယ်ပါးမည်ကား၊ လျှားရှည်မြင့်ခြင်း၊ သွားလျှင်ပြင်းသား၊ မြင်းတို့အားကို၊ လွှားသော်ကျိုး၏။ မြတ်နိုးသောအား၊ သားကိုချီပိုး၊ လွှားသော်ဆိုး၏။ ချစ်ကြိုးရှည်လျား၊ ကိုယ်မယားကို၊ လွှားသော်မတိုး၊ ဥစ္စာညှိုး၏။ အကျိုးမများ၊ ကျွန်ကိုလွှားသော်၊ မြောက်မြားမာန်တိုး၊ အပြစ်ပျိုး၏။ ဝပ်လျှိုးထံပါး၊ တပည့်သားကို၊ လွှားသော်ရှေးရိုး၊ စားဦးခိုး၏။ လေမိုးဆီးတား၊ အိမ်ကိုလွှားသော်၊ မုန်းထားမျက်ကိုး၊ အိမ်နတ်ငြိုး၏။ ကျင့်ဆိုးရမ်းကား၊ ဥစ္စာလွှားသော်၊ ရင်းပွားထမ်းမိုး၊ ကြွေးမြီတိုး၏။ အန်ထိုးအန်ပစ် ကျားတံကျစ်နှင့်၊ ကြွေပစ်ကြက်ဆ၊ သေသဝိဇ္ဇာ၊ သုံးစားရာချွတ်၊ ကျောက်မတ်တိမ်မြှုပ်၊ ပဲပုပ်ဆီစား၊ အလောင်းလွှားသော်၊ ရုံးများဖန်ဖန်၊ အားအန်ဆတိုး၊ နိုင်အားကြိုး၏။ သွမ်းဆိုးညစ်ကျူ၊ မကောင်းမှုကို၊ မပြုသင့်ခြား၊ ချီးမြှင့်လွှားသော်၊ လေးပါးပါယ်ဆိုး၊ မျက်စောင်းထိုး၏။ မျိုးရိုးဂုဏ်အား၊ ကိုယ်ကိုလွှားသော်၊ သူများချစ်ဖွဲ့၊ ကဲရှုံမျက်ငြိုး၊ ဒေါသဖြိုးသည်။ ။ ကောင်းကျိုးမရ ဖျင်းပြောပ။

၂၃။ ရန်မပြုရာ၊ ဆယ်ပါးမှာကား၊ အာဏာထန်ပြင်း၊ စိုးမင်းတို့အား ရန်ပြုမှားသော်၊ နှောင်ထားပုတ်ခတ်၊ ဘေးတွေ့တတ်၏။ မှူးမတ်စစ်ကဲ၊ သူရဲဗိုလ်မှူး၊ တပ်မှူးစစ်ကွပ်၊ စစ်ကြပ်မှူးထမ်း၊ ရာထမ်းတို့အား၊ ရန်ပြုမှားသော်၊ ကြေထုံးရိပ္ပမ်၊ ကွပ်ညှပ်ပြင်းရှု၊ ခြည်နှောင်တွေ့၏။ နောက်ရှေ့မြင်သီး၊ သူကြီးကြေးကိုင်၊ မြစ်တိုင်စချီ၊ အစီအရင်း ရွာရှင်တို့အား၊ ရန်ပြုမှားသော်၊ ရပ်ခြား

မြေရွှေ့၊ နှင်ထုတ်တွေ့၏။ ညဥ့်နေ့ခတ်လည်၊ မောင်းသည်တို့အား၊ ရန်ပြုမှားသော်၊ ထိပါးမျက်ငွေ့၊ဆဲခရေးတွေ့၏။ သိမ်မွေ့အာစာ၊ ခေမာရည်မှန်း၊ ရဟန်းတို့အား၊ ရန်ပြုမှားသော်၊ လေးပါးပယ်ငွေ့၊ ဆင်းရဲတွေ့၏။ အလေ့ဘာသာ၊ ယုတ်မာကျင့်ရိုး၊ ကျွန်ဆိုးတို့အား၊ ရန်ပြုမှားသော်၊ လေးစားမထေ၊ မရှိသေလျှင်၊ပြုလေတုံ၍၊ကြံစည်မေ့၏။ ရေမြေ့တံခွန်၊ မင်းကျွန်တို့အား၊ ရန်ပြုမှားသော်၊ လှည့်ဖြားပတ်ကွေ့၊ ကုန်းတိုက်တွေ့၏။ ကြီးလေ့ဂုဏ၊ မိဘတို့အား၊ ရန်ပြုမှားသော်၊ စကားလောင်ဝေ့၊ မှုရာတွေ့၏။ ရွှေငွေအတိ၊နက်ကြီဖြင့်အေး၊ သူဌေးတို့အား၊ ရန်ပြုမှားသော်၊ တရားပြု၍၊ အလျော်တွေ့၏။ ကောင်းလေ့မဟုတ်၊ သူယုတ်တို့အား၊ ရန်ပြုမှားသော်၊ စကားစမည်၊ အရှည်အတို၊ မရှိမသေ၊ အထွေထွေလျှင်၊ပလေလွှင့်၍၊ ကွဲရှဲတွေ့၏။ ချမ်းမြေ့ယှဉ်မှီး၊ အိမ်နီးချင်အား၊ရန်ပြုမှားသော်၊ ရွာသားရွာသူ၊ ဦးမည်းဖြူတို့၊ ငြူစူစောင်းမဲ၊ ငြိုးငွေ့မြဲသည်။ ဆိုဆဲခံရ မှန်မုချ။

၂၄။ အမျက်ကြီးရာ၊ ဆယ့်လေးဖြာကား၊ ချမ်းသာရိပ်ငြိမ်၊နန်းစည်းစိမ်နှင့်၊ ရန်နှိမ်ကိုးပါး၊ မိုးကြိုးသွားကြောင့်၊ သိကြားအမျက်၊ ဟူးဟူးထွက်၏။ အောက်ထက်ဆန့်စုန်၊ တောင်သံဟုန်ကြောင့်၊ ဂဠုန်အမျက်၊ဟူးဟူးထွက်၏။ စက်ယန္တရား၊ခိုးလျှံများကြောင့်၊ နဂါးအမျက်၊ ဟူးဟူးထွက်၏။ ရန်ဘက်ဖျောက်ဝှေ့၊ ဟောက်တတ်လေ့ကြောင့်၊ ခြင်္သေ့အမျက်၊ ဟူးဟူးထွက်၏။ လက်နက်ဆင်မြင်း၊ဗိုလ်သင်းပင်းကြောင့်၊ မင်းတို့အမျက်၊ဟူးဟူးထွက်၏။ အောက်ထက်ကျွန်ကျေး၊ ရွှေငွေကြွေးကြောင့်၊ သူဌေးအမျက်၊ ဟူးဟူးထွက်၏။ မောင်းလက်ခတ်တီး၊ အားအန်ကြီး၍၊ ထိုးကပနား၊ ဆင်းရဲသားတို့၊ မာန်အားအမျက်၊ ဟူးဟူးထွက်၏၊ မခက်ခဲထွန်၊ အမှုပွန်၍၊ ကျေးကျွန်အမျက်၊ ဟူးဟူးထွက်၏။ ညဏ်စက်နှံ့ဝန်း၊ ကျမ်းဂန်ပွန်း၍၊ ရဟန်းအမျက်၊ ဟူးဟူးထွက်၏။ ရမ္မက်ကြီးမား၊လောဘအားကြောင့်၊မင်းသားအမျက်၊ ဟူးဟူးထွက်၏။ မဗျက်ဒေါသ၊ဆင်းရှုပကြောင့်၊မိန်းမအမျက်၊ ဟူးဟူးထွက်၏၊ ဘုန်း လက် ရုံး အား၊ ကောင်းမြတ်များ၍၊ ယောကျ်ားအမျက်၊ ဟူးဟူးထွက်၏။ လိုက်ဘက်ဆေး

ဝါး၊ မန္တရားကြောင့်၊ သမားအမျက်၊ ဟူးဟူးထွက်၏။ လေ့ကျက်နှံ့ပြား၊ ဗေဒင်အားကြောင့်၊ ပုဏ္ဏားအမျက်၊ ဟူးဟူးထွက်၏။ ခြင်္သေ့သက်မှတ်သား၊ ဆယ့်လေးပါးသည်။ ။ထရားမရ မျက်ဒေါသ။

## စတုတ္ထပိုင်း

၂၅၁။ လုံ့လပြု၍၊ ညဉ့်နှင့်နေ့လျှင်၊ မမေ့လျော့ရာ၊ ဆယ်ပါးမှာကား၊ ဒေဝမိုးလ၊ မကျမီခင်၊ ပိုယင်များစွာ၊ လူ့ဘာသာဖြင့်၊ အိမ်ရာတဲအုံ၊ အလုံးစုံကို၊ လုံခြုံသေချာ၊ ပြုလုပ်ရာ၏။ ပြည်ရွာနဂိုရ်၊ မပြိုမကွဲ၊ ကရဲကာသိ၊ မဖြစ်မီက၊ ပညာသိများစွာ၊ လူဒါန်းရာ၏။ စိတ်ဖြာခန္ဓတွက်၊ အချက်ချက်လျှင်၊ သူ့လက်ခြေဆီ၊ မစင်မီက၊ ရှုအိရှင်ဖြိုး၊ အမှုမျိုးကို၊ အားကြိုးပြင်းစွာ၊ ဆောင်ရွက်ရာ၏။ မိုးခါနှင်နှင်၊ မတိုင်ခင်က၊ လုပ်ခွင်ယာလယ်၊ ဟောင်းထက်ကျယ်အောင်၊ ချုံနွယ်ဖြတ်ကာ၊ တီထွင်ရာ၏။ အူချာသည်းကြား၊ မိမိသားနှင့်၊ ထိမ်းမြားအိမ်ကျ၊ နှင်းလိုကမူ၊ ချေးမပီပီ၊ မဖြစ်မီက၊ ချစ်ညီပြဲ့ပြဲ့၊ မိတ်ဆွေဖွဲ့၍၊ ရှင့်စာနာ၊ စုံစမ်းရာ၏။ ဩဇာကြိုင်သင်း၊ ထမင်းဟင်းတို့၊ ပွဲချင်းပြင်ဆင်၊ မစားခင်လည်း၊ အလျင်ရှေးခါ၊ ရေရှာသက်ရာ၏။ ပြစ်ဆာစွန်းငြိ၊ စိုးတစိမျှ၊ မရှိခင်ကြား၊ သမီးသားကို၊ ထိမ်းမြားမင်္ဂလာ၊ ပြုအပ်ရာ၏။ အခါရာသီ၊ မကျူးမီက၊ ကြွေးမြီသူ့ငွေ၊ ပေးဆပ်ရာ၏။ ရုပ်ဝါရှအိ၊ မကြီးမီက၊ ဘယ်ဆီမချော်၊ ကြွင်းမလွတ်အောင်၊ အတတ်ပညာ၊ သင်အပ်ရာ၏။ အုံးဖျာခေါင်းချ၊ ဆံစလက်တင်၊ မအိပ်ခင်က၊ သုံးအင်ရတနာ၊ ကိုးကွယ်ရာ၏။ မျှားစွာလော်လဲ၊ ကိုးကွယ်ပဲလျှင်၊ ပျင်းစွဲပျင်းမူ၊ အိပ်သသူအား၊ လူမရှိညွတ်၊ နတ်မနှစ်သက်၊ ပြာပုံထက်ဝယ်။ ။သူနက္ခတ်နှင့် ပုံတူချင့်။

၂၆။ မပြုအပ်ရာ၊ ဆယ်ပါးမှာကား၊ အင်္ဂါယွင်းချွတ်၊ ကျွဲချိုပြတ်ကို၊ ရိုက်ခတ်နှင်ကာ၊ မထွန်ရာတည့်။ မမာအရှင်၊ စပါးဖျင်းကို၊ တောင်းတင်ခြင်ကာ၊ မရောင်းရာတည့်။ ဥစ္စာကြွယ်သို့၊ ငွေကြမ်းကိုလည်း၊ လူဗိုလ်ကာ၊ မသုံးရာတည့်။ တန်ဆာလက်နက်၊ အဆက်ရှိသူ၊ သားဆူဟောင်းလျှ၊ဆိပ်သူခုဟု မိစ္ဆာဓမ္မာကျွား၊ ကုန်ငါးပါးကို၊ စီးပွားလိုစွာ၊ မသွယ်ရာတည့်၊ ဘယ်ညာယိမ်းယို၊ မြင်းကြမ်းကိုလည်း၊ စိတ်လိုလိုက်ကာ၊ မစီးရာတည့်။ မုန်းအား စီးယို၊ ဆင်ကြမ်းကိုလည်း၊ အလိုလိုက်နှာ၊ မချစ်ရာတည့်။ ခြောက်ဖြာပြစ်ရှား၊ ဥတ္တမြားကို၊ စွန့်ထားမြေမှာ၊ မပစ်ရာတည့်။ ယစ်စွာလွန်ကြူး၊ သေသောက်ကြူးကို၊ယုံဦးမိတ်တူ၊ ချစ်သော သူဟူ စွဲယူစိတ်မှာ၊ မယုံရာတည့်၊ မဟာဒုက္ခ၊ ဆင်းရဲလှလည်း၊ ဒေါသမာန်ပြင်း၊ ကြီးသည့်မင်းဝယ်၊ မှီဘင်းခိုကာ၊ မခစားရာတည့်၊ မာယာလှည့်ပတ်၊ ချောပစ်တတ်သား၊ သူမြတ်မဟုတ်၊ သူယုတ် အားလည်း၊ မှတ်သားစိတ်မှာ၊ မပေါင်းရာသည်။ ။ရှောင်ခွာ သဖြင့် ဝေးအောင်လွှင့်။

၂၇။ အချင်းသိရာ၊ ဆယ်ပါးမှာကား၊နေ့စာသွတ်သွင်း၊ ခရီးသင်းတို့၊ အချင်းမှာမူ၊ လက်ယာရစ်မှု၊ သိသာရ၏။ ဘောက်ပလ္လင်း၊ ရွှေအချင်းကား၊ ကျောက်ခင်းစံဘင်၊ သွေးရာတွင်မှု၊ သိသာရ၏။ အသဇာနည်း၊ တိမ်ခြည်ပုံနှင်း၊ မြင်းအချင်းကား၊ ရပ်တင်း ထိုင်နေ၊ ဆိုခြေမိန့်မြွက်၊ ငြိမ်သက်ဖြောင့်ပမ်း၊ အကမ်းအပေး၊ အရေးတွင်မှု၊ သိသာရ၏။ မိန်းမမူနည်း၊ အချင်းသည်ကား၊ တည်ကြည်သိပ်သည်း၊ စောင့်စည်းမွေ့သိမ်၊ ငြိမ်ဆိမ်ဆေးလေး၊ အရေးတွင်မှု၊ သိသာရ၏။ ဥသဘနွား၊ အချင်းအားမူ၊အသွား မပျက်၊ ခြေလေးဘက်ကို၊ ပြုက်ပြုက်မြင်မှု၊ သိသာရ၏။ ကြီးလှ အားအန်၊ ဆဒ္ဒန်မြတ်မင်း၊ဆင်အချင်းကား၊ ဦးကင်းတင့်တယ်၊ အမြီးဝယ်နှင့်၊ အစွယ်မြင်မှု၊ သိသာရ၏။ ဆုံးဆကျယ်မြင်၊ ပညာရှင်တို့၊ မှတ်ထင်ဖွယ်ရာ၊ အချင်းမှာကား၊ လက်ရတု၊ ဝတ္ထုပုံပြင်၊ ရာဇဝင်နှင့်၊ ဗေဒင်အပြော၊ အဟောတွင်မှု၊ သိသာ ရ၏။ သီလဖြောင့်စင်း၊ ရဟန်းချင်းကား၊ စောင့်ခြင်းမူဘင်၊ သိမ်မွေ့အင်ကို၊ မြင်သောခါမှု၊ သိသာရ၏။ ဓမ္မကသိက်၊ ရဲစိတ်တည်မော၊ တရားဟောတို့၊ သဘောသကန်၊ အချင်း

မှန်ကား၊ ကျမ်းဂန်ဖွေရှာ၊ ရှုံးဖွဲ့ရာတွင်၊ စာနာလျှင်းမှ၊ သိသာရသည်။ ။မျှော်ဆထေ꧉ကျ်ချင့် အင်နိမ့်မြင့်။

၂၈။ သိအောင်ပြုရာ၊ ဆယ်ပါးမှာကား၊ ရာဇာမင်းတွင်၊ ခစားချင်မူ၊ ပြည်ရှင်ရန်နှင်း၊ ထိုသည်မင်း၏၊ အချင်းအရာ၊ ပညာလက်ရုံး၊ နှလုံးစိတ်ဝမ်း၊ အကြမ်းအနု၊ ပြုစုပေးကမ်း၊ သဘောတမ်းကို၊ ခွဲခြမ်းရုံးစု၊ သိအောင်ပြုလော့။ ပြည်သူ့သင်းကျစ်၊ ဧကရာဇ်လည်း၊ ကျွန်သစ်ကျွန်ဟောင်း၊ ကျွန်ကောင်းကျွန်ယုတ်၊ ကျွန်ဟုတ်ကျွန်ဟတ်၊ ဗိုလ်မှူးမတ်တို့၊ ဆုံးဖြတ်စီမံ၊ တိုက်လုံလုပ်ရည်၊ ကြံစည်ကိုလည်း၊ ထိုထိုသမူ၊ သိအောင်ပြုလော့။ လူသူ့ဘာဝ၊ ပြုလိုကလည်း၊ မိန်းမမူနည်၊ အရည်အရုပ်၊ အလုပ်အဆောင်၊ အိမ်ထောင်သိမ်းဆည်း၊ စောင့်စည်း ကိုယ်နှုတ်၊ မြတ်ယုတ်ကြမ်းနု၊ သိအောင်ပြုလော့။ လုပ်မှုဆောင်တာ၊ ပြုရာကာလ၊ ဒေသကိုလည်း၊ ခွဲဖြိုပုံစု၊ သိအောင်ပြုလော့။ ရောင်းမူဝယ်မူ၊ ပြုစုအရပ်၊ ဖြစ်အပ်အခါ၊ ဖြစ်ရာအကြောင်း၊ ရှေးနှောင်းအောက်ထက်၊ တက်သက်ချိန်ဆုန်း၊ ဈေးနှုန်းကိုလည်း၊ မယိုမယွင်း၊ မဟင်းစေမူ၊ သိအောင်ပြုလော့။ မိတ်တုမိတ်စစ်၊ ဖြစ်မဖြစ်လည်း၊ ဟောင်းသစ်ထဲပြင်၊ ဆိုးကောင်းထင်အောင်၊ ဆင်ခြင်သမူ၊ သိအောင်ပြုလော့၊ မျှော်ရှုထောက်ထား၊ ခရီးသွားလည်း၊ အပါးအနီး၊ အကြီးအငယ်၊ အလွယ်အခဲ၊ အကွဲအစု၊ သိအောင်ပြုလော့၊ စားမှုဝတ်ရာ၊ ကိုယ့်အိမ်မှာလည်း၊ အခွာအလှဲ့၊ အထဲအပ၊ အစအဆုံး၊ အသုံးအစွဲ၊ အခွဲအဝေ၊ အနေအထား၊ အများအနည်း၊ အစည်းအထုပ်၊ အလုပ်အဆောင်၊ အိမ်ထောင်အမှု၊ သိအောင်ပြုလော့။ ရာဟုအင်္ဂါ၊ ရှိန်ဝါပူပြင်း၊ တနင်္ဂနွေ၊ စနေပါပ၊ လဂ်ကျစန်းရောက်၊ ရှေ့နောက်စီးနင်း၊ ယိုယွင်းဇာတာ၊ ဂြိုဟ်သက်မှာလည်း၊ ပညာဆေးကု၊ သိအောင်ပြုလော့။ တစ်ခုကိုမျှ၊ နေ့နှင့်ညသည်။ ။လုံလပြုခွင့် မဒမ့သင့်။

၂၉။ တစ်ဆယ်လေးဖြာ၊ ဆင်တန်ဆာကား၊ ရာဇာဘုန်းရှိ၊ ပြည်လုံးမိကို၊ နိတိကျမ်းလျှင်၊ တန်ဆာဆင်၏။ ဂုဏ်အင်အထူး၊ ကျေးဇူးရှိသူ၊ ထိုထိုလူကို၊ မပြုဒေါသ၊ မာန်မထဘဲ၊ နှိမ့်ချခြင်းလျှင်၊

တန်ဆာဆင်၏၊ ရုပ်သွင်ပျိုထွား၊ မိန်းမအားမူ၊ ထည်ကြွား
စောင့်ရှောက်၊ ယွင်းမနေဖောက်ဘဲ၊ ရှက်ကြောက်ခြင်းလျှင်၊ တန်ဆာ
ဆင်၏။ လင်နှင့်မယား၊ သူတို့အားမူ၊ မုန်းထားမလို၊ ချစ်ကြည်
ညို၍၊ လူ့ဗိုလ်တကာ၊ မျှဒ်သာစုသည်၊ သစ္စာခိုင်ကျည်၊ တည်ကြည်
ခြင်းလျှင်၊ တန်ဆာဆင်၏။ ဝန်းကျင်သာကျယ်၊ အိမ်မှာ
ဝယ်ကား၊ သူငယ်သာလျှင်၊ တန်ဆာဆင်၏။ ကျယ်မြင့်နှံ့သိ၊
ပညာရှိမူ၊ ကဝိပျိုငှာ၊ ဆန်းဂါထာနှင့်၊ ကဗျာသံချို၊ ဖွဲ့ဆို
ခြင်းလျှင်၊ တန်ဆာဆင်၏။ နတ်မင်္ဂလာ၊ စကားမှာကား၊
အာသာဆာချို၊ သူနာလိုအောင်၊ မိန့်ဆိုခြင်းလျှင်၊ တန်ဆာဆင်၏။
သန့်စင်ကြည်ဖြူ၊ ကိုယ်ကိုမူလည်း၊ ဆံဖြူချမ်းမျှ၊ ဒေါသမသင့်၊
အကျင့်သီတင်း၊ ကောင်းခြင်းသည်လျှင်၊ တန်ဆာဆင်၏။ ရှယ်အင်
လွန်သူ၊ မိန်းမမူကား၊ မူရှင်ငြိမ်ဆိမ်၊ သိမ်မွေ့ခြင်းလျှင်၊ တန်ဆာ
ဆင်၏။ ပျော်ရွှင်စလို၊ နှလုံးကိုမူ၊ ကုသိုလ်ကောင်းမှု၊ မကောင်း
မှုဟု၊ နှစ်စုရောရော၊ အာသာစုံမက်၊ နှစ်သက်မှုမော်မွေ့လျော်
ခြင်းလျှင်၊ တန်ဆာဆင်၏။ ဂုဏ်အင်မချို့၊ ရဟန်းတို့မူ၊ နှောင်ဖွဲ့
ရှယ်ရည်း၊ သည်းညည်းခံချုပ်၊ ကြည်ဖွယ်လုပ်သား၊ သာရုပ်လျှင်၊
တန်ဆာဆင်၏။ အားအင်တက်ပြန်၊ ယှမ်းဘန်သသူ၊ ထိုထိုလူကို၊
မယူရန်တုံ့၊ မလှုံ့ရန်ကြွင်း၊ သည်းခံခြင်းနှင့်၊ မပျင်းကြိုးကုပ်၊
အားစုတ်စုတ်တည့်၊ ထုတ်ဝံ့ခြင်းလျှင်၊ တန်ဆာဆင်၏။ လူ့ဘွင်
အိမ်ရာ၊ ဆောင်သူမှာကား၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွား
ကျွန်ကျေး၊ သားမြေးကျွန်ယုံ၊ ပြည့်စုံခြင်းလျှင်၊ တန်ဆာဆင်၏။
ကျယ်မြင့်ပညာ၊ သူကောင်းမှာကား၊ ပါယ်ရှာကြောက်ရှက်၊
ရမ္မက်ဆွံ့ရှား၊ စကားမယွင်း၊ မှန်ခြင်းသည်လျှင်၊ တန်ဆာ
ဆင်သည်။ ။လူ့တွင်နိမ့်မြင့် သို့မှတင့်။

၃၀။ ပျက်စီးလေရာ၊ ခယ့်သုံးဖြားအား၊ ဥစ္စာလက်ထုတ်၊ ပေးကမ်း
ယုတ်က၊ လဆုတ်နောက်သိမ်၊ လေဟုိက်ဟိမ်သို့၊ စည်းစိမ်ခြံရံ၊
ကင်းဝေးလံ၍၊ ကျော်သံမတက်၊ သတင်းပျက်၏။ အမျက်
ဒေါသ၊ ကြီးလွန်းကမူ၊ သိပ္ပထဲနက်၊ ကျေးဇူးပျက်၏။ ကျိတ်ခက်
စဉ်းလဲ၊ ပျားစွဲလျှာနှုတ်၊ ဆိပ်သုတ်နှလုံး၊ ပေါ်ဖုံးလေးမြား၊
ငါးမျှားဝမ်းထဲ၊ ကောက်ကျစ်စွဲက၊ ဖောက်လဲယွင်းကွက်၊ စကား
ပျက်၏။ ရမ္မက်ဆွံနည်း၊ ဝန်တိုသည်း၍၊ ချုပ်ဘည်းညည်းညုံ၊

မခံနိုင်လျှင်း၊ ဝေတ်မွတ်ခြင်းက၊ သီတင်းသီခက်၊ တရားပျက်၏။ ဆိတ်ကြွက်မကျန်၊ ကြွေအန်မကြွင်း၊ လောင်းတမ်းခြင်းကား၊ ရှိရင်းထဲနက်၊ ဉစ္စာပျက်၏။ ဆုတ်တက်ခါရံ၊ လောကဓံကို၊ မခံနိုင်လျှင်း၊ ပျက်စီးခြင်းကား၊ ခပင်းများစွာ၊ လူတကာတို့၊ စိတ်မှာနှောင့်ရှက်၊ ရှိသေပျက်၏။ ခဲခက်စွာဘိ၊ ဘေးရန်ရှိမူ၊ မိတိယွင်းကွက်၊ တည်ကြည်ပျက်၏။ လျှပ်ပြက်ခန့်မျှ၊ မလစ်ရလျက်၊ သီလလွတ်ကွာ၊ ဘာဝနာနှင့်၊ မေတ္တာမဆင်၊ မေ့သဖြင့်လျှင်၊ တဖျင့်တစ်ပါး၊ တရားလွဲလက်၊ ရဟန်းပျက်၏။ ပြက်ပြက်ထင်စွာ၊ လူတကာကို၊ ပြစ်ရှာယုတ်ပတ်၊ ချောပစ်ဘတ်က၊ သန့်မြတ်ပါလျက်၊ အမျိုးပျက်၏။ သူ့ထက်မြတ်လို၊ ငါ၏ကိုယ်ကို၊ မောက်မိုမြင့်မား၊ များစောင်လွှားက၊ သူ့အားနှိမ်နင်း၊ ဆုံးမခြင်းလျှင်၊ မယွင်းမကွက်၊ ရှင်းရှင်းမျက်၏။ မွှားပျက်သဖြင့်၊ မကောင်းကျင့်မူ၊ မြတ်မြင့်ပါလျက်၊ ကိုယ်ရည်ပျက်၏။ ဉာဏ်စက်လျှံညီ၊ ပညာရှိဟု၊ မိမိကိုယ်ကို၊ မြင်းမိုရ်မာန၊ ယုံလွန်းကလည်း၊ မုချဆက်ဆက်၊ ပညာပျက်၏။ ရောက်ရက်ငပ်ငါး၊ တောမျောက်လားသို့၊ မသွားသင့်လေ၊ မနေသင့်မူ၊ မပြုသင့်ပဲ၊ ကျင့်ရည်လွဲက၊ ဂုဏ်ခဲလေးနက်၊ ပုဏ္ဏားပျက်သည်။ ။ဟုတ်ပက်လေသင့် ဆိမ်းပွင့်။

၃၁။ မကောင်းရောက်ရာ၊ ဆယ့်သုံးဖြစ်ကား၊ ငါသာငါ့ပြင်၊ ငါမမြင်ဟု၊ ဘုရင်တစ်ဆူ၊ မြင့်လိုမူကား၊ ထိုသူသူ့အောက်၊ နိမ့်ခြင်းရောက်၏။ စမ်းမြောက်ဝမ်းသာ၊ သူ့ဉစ္စာကို၊ လိုရာကိုင်ယူ၊ ကောင်းတတ်မူကား၊ ဗိုင်းဦလဲပေါက်၊ ပေါ့ခြင်းရောက်၏။ မွှေနှောက်လှုံခတ်၊ ကောင်းစားတတ်မူ၊ ပဋိဃာတ်လွန်မင်း၊ ချုပ်ချယ်ခြင်းသို့၊ လက်ငင်းရောက်၏။ ကဲမောက်လွန်ထူး၊ ကာမကြူး၍၊ ဉာဏ်ဦးမနှိမ်၊ တင်းမတိမ်မူ၊ စည်းစိမ်ပျက်ခြင်း၊ စွမ်စွဲခြင်းနှင့်၊ ရှက်ခြင်းရောက်၏။ ယွင်းဖောက်မိစ္ဆာ၊ ဉစ္စာလိုလွန်း၊ ခင်ပွန်းဖြတ်ဖျက်၊ ရမ္မက်ပြင်းဝှန်၊ ခက်ထန်းကြမ်းကြုတ်၊ စိတ်ယုတ်ဖျင်းသောင်း၊ မဖြောင့်စောင်းက၊ မကောင်းသတင်း၊ ကျော်စောခြင်းသို့၊ လက်ငင်းရောက်၏။ ထိုက်ကြောက်သဖြင့်၊ မရဲရင့်မူ၊ ပျောက်လွင့်ကြေညက်၊ ရန်သူလက်သို့၊ ဆက်ဆက်ရောက်၏။ သူ့မှောက်နေလို၊ သူ့ကိုပြစ်မှား၊ သူ့အားပြစ်ရှာ၊ သူ့မှာ

ငြူစူ၊ မျက်လုံမှုကား၊ နှုတ်မှုလက်ကြမ်း၊ ညှဉ်းပန်းပြင်းထန်၊ ခိုက်ရန်ဖြစ်ကြ၊ လျှောကျယိုလွင်း၊ ပျက်စီးခြင်းသို့၊ လက်ငင်းရောက်၏။ ရှက်ကြောက်မရှု၊ မကောင်းမှုကို၊ ပြုသသူမှာ၊ လူတကာတို့၊ မနှစ်လို့ရှိ၊ ပြစ်ပို့ထပ်လှောက်၊ ဆင်းရဲရောက်၏။ ရှေ့ထောက်နောက်ထွက်၊ နှောင့်ယှက်ပူပန်၊ စိုးရိမ်လွန်မှု၊ မမှန်ချွတ်ယွင်း၊ ယုံမှားခြင်းသို့၊ လက်ငင်းရောက်၏။ တောင်မှောက်မြောက်လှန်၊ မမှန်စကား၊ မတရားသိး၊ အမျက်ကြီးမှု၊ ပျက်စီးရောက်၏။ မှားကောက်တိမ်းစောင်း၊ ကျင့်မကောင်းမှု၊ ယှဉ်ပေါင်းကြိုက်ချစ်၊ သူ့အပြစ်ဝယ်၊ စစ်စစ်ထွင်းထွင်း၊ မွှေလျော်ခြင်းသို့၊ လက်ငင်းရောက်၏။ မှားရှောက်မူးမော်၊ ကျင့်မတော်မှု၊ အုပ်အော်များစွာ၊ လူတကာတို့၊ မေတ္တာကင်းပျောက်၊ မုန်းခြင်းရောက်၏။ တောင်မြောက်သည်လား၊ သားငါးလိုက်ဖမ်း၊ လောင်းတမ်းကြွေအန်၊ ဖန်တလဲလဲ၊ ပျက်စီးမြဲသည်။ ။မလွဲမသင့် မှန်အချင့်။

၃၂။ ဘာသာစရိုက်၊ ကိုယ့်စိတ်ကြိုက်သို့၊ လိုလိုက်စေရာ၊ ဆယ့်သုံးဖြာကား၊ မေတ္တာနှံ့ပွန်း၊ ဆွေခင်ပွန်းကို၊ ဖြောင့်တန်းတည့်မတ်၊ နှလုံးမြတ်က၊ လွတ်လွတ်ကြင်နာ၊ ကိုယ့်လိုပါ၏။ မေတ္တာပျက်ပြယ်၊ ရန်သူပယ်ကား၊ ဥပါယ်တမျဉ်၊ သင့်ရာယှဉ်က၊ စိတ်ယဉ်သာယာ၊ ကိုယ့်လိုပါ၏။ ဥစ္စာပြီးထူ၊ လိုသသူကို၊ ကြည်ဖြူမြတ်လေး၊ ဝေငှပေးက၊ မနှေးလွယ်ကာ၊ ကိုယ့်လိုပါ၏။ အာဏာပြင်းပြ၊ ပိုင်စိုးရမှု၊ ကိစ္စဥဿုံ၊ မှုခွင့်ကုန်အောင်၊ စေ့စုံကျယ်နှံ့၊ လုပ်ဆောင်ဝံ့က၊ နူးညံ့ချိုသာ၊ ကိုယ့်လိုပါ၏။ မြတ်စွာပုဏ္ဏား၊ ရဟန်းအားမှု၊ ပြစ်မှားမရှိ၊ ရိုသေဘိက၊ ဖြန့်ချိမေတ္တာ၊ ကိုယ့်လိုပါ၏။ ဆရာကိုကား၊ ရှိငါးပါးဖြင့်၊ ကြိမ်များဖန်လဲ့၊ ရှိသွတ်မြဲက၊ ပယ်လွှဲမခွာ၊ ကိုယ့်လိုပါ၏။ မေတ္တာရှန်းစို၊ မယားကိုမူ၊ စိတ်လိုအသင့်၊ ချစ်ပန်းပွင့်က၊ နွဲ့ဖင့်မကြာ၊ ကိုယ့်လိုပါ၏။ မိတ္တာလွှမ်းထား၊ သူမိုက်အားမူ၊ စကားသာကြည်၊ အလည်အစိုက်၊ အလိုလိုက်က၊ စိတ်ကြိုက်ရာရာ၊ ကိုယ့်လိုပါ၏။ ပညာရှိငြား၊ သူတို့အားမူ၊ ခစားမြတ်လေး၊ ပညာပေးက၊ အရေးလျင်စွာ၊ ကိုယ့်လိုပါ၏။ ရသာလိုမူ၊ စားကြူသူကို၊ ယူ၍ကျွေးမွေး၊ စားဖွယ်ပေးက၊ မနှေးလွယ်စွာ၊ ကိုယ့်လိုပါ၏။ ဝါစာဖရုသ်၊ ကြွမ်းကြုတ်ခတ်ထန်၊ မျက်မာန်ဖြိုးထူ၊ ကြီးသသူကို၊ ငြူစူမဆို၊

အလှိုလိုက်မှု၊ ချီးမွမ်းပြုကာ၊ ရှုံးစုညီညာ၊ ကိုယ့်လိုပါ၏။ ဆွေညာ မျိုးပြွား၊ သူတို့အားမူ၊ စီးပွားဝေငှ၊ နှုတ်လက်မချ၊ လုံ့လ ကြီးထု၊ ကျေးဇူးပြုကာ၊ လူလူမကြွာ၊ ကိုယ့်လိုပါ၏။ လေးဖြာ မျိုးပြွား၊ သူတို့အားမူ၊ ကြိုးစားနေ့ရေး၊ မေတ္တာဝေကာ၊ အုတ်ထွေ ပုံရာ၊ ကိုယ့်လိုပါသည်။ မှာစဉ်ညှိနှင့် မှန်အောင်ကျင့်။

## ပဉ္စမပိုင်း

၃၃။ တစ်ဆယ့်နှစ်ဖြာ၊ အားမည်ရာကား၊ ကြမ္မာနည်းရှား၊ မိန်းမ အားမူ၊ ပျိုထွားရွယ်ဆင်း၊ လုပခြင်းတည့်။ မပျင်းကြိုးပမ်း၊ တောင်းရမ်းသသူ၊ လူတို့အားမူ၊ ကြိမ်များခေါက်ပြန်၊ ဖန်ဖန် တက်ဆင်း၊ သွားလာခြင်းတည့်။ ရန်နှင်းထွတ်ဖျား၊ မင်းတို့ အားမူ၊ ပွဲများပုန်ဖြိုး၊ အန်ခိုးလွန်ပင်း၊ ကြီးမြတ်ခြင်းတည့်။ မယွင်းမမှား၊ သူတော်အားမူ၊ စကားဖြောင့်စင်း၊ တော်မှန် ခြင်းသည့်။ အရင်းမပါ၊ ဥစ္စာနည်းပါး၊ သူတို့အားမူ၊ ပျား,ခြ, တံစက်၊ နှိုင်းဖက်ပုံခင်း၊ ဆည်းပူးခြင်းတည့်။ သိတင်းမဲ့ငြား၊ သူယုတ်အားမူ၊ စကားစမြည်၊ အရှည်အတို၊ အဆိုအပြော၊ ရက်ရော ကြပ်တင်း၊ ကြီးမား ခြင်းတည့်။ သိတင်း ဖြူထွား၊ သူကောင်းအားမူ၊ စကားစောင့်ရပ်၊ တည်းကြပ်ကူးနွံ၊ ပြစ်ပြေ သန့်ရှင်း၊ ယဉ်ကျေးခြင်းတည့်။ ထံရင်းမြဲကြပ်၊ ဆည်းကပ်သသူ၊ လူတို့အားမူ၊ စိတ်ပြွားလိမ္မာ၊ ပညာအဂတ်၊ ယုတ်မြတ် ချင်းနှင်း၊ သင်ကြားခြင်းတည့်။ လေးကျွင်းနွယ်ပြွား၊ အမျိုး သားတို့၊ အန်အားတမူ၊ စင်ဖြူသန့်ရှင်း၊ မျိုးမြတ်ခြင်းတည့်။ ဝပ်စင်းခေါက်ရော်၊ ပူဇော်ထိုက်သူ၊ လူတို့အားမူ၊ ဘက်ရှား လွတ်ကင်း၊ ဂုဏ်များခြင်းတည့်။ မယွင်းမကွက်၊ သံမှိုနက်သို၊ ငြိမ်သက်သသူ၊ လူတို့အားမူ၊ မြောက်မြွားပုံရာ၊ ပညာအရင်း၊ ခိုင်ဖြိုးခြင်းတည့်။ သန့်ရှင်းနွယ်ဇာတ်၊ မျိုးမြတ်သသူ၊ လူတို့

အားမှု၊ စကားနာသာ၊ ဝါစာပီယ၊ မြွက်ဟာဖြည်းညှင်း၊ပြောဆိုခြင်းသည်။ ။အရှင်းကြီးမား လူတို့အား။

၃၄။ ကဲ့ရဲ့ဖွယ်ရာ၊ ဆယ့်တစ်ပြားကား၊ ပညာအလွန်၊ သီလဝန်ဟု၊ တံခွန်ထူစိုက်ဆူ၊ စိုက်သူလျက်၊ အသူမကျ၊ မဘာည်ပဘဲ၊ ထကြွလောက်လက်၊ မငြိမ်သက်အံ့။ ရန်ဘက်ပယ်လှစ်၊ မင်းမင်ဖြစ်လျက်၊ မူးယစ်ရမွက်၊ ပြင်သို့ဘွက်အံ့၊ သန့်သက်ဖြူစင်၊ သီလရှင်လျက်၊ ကိုယ်တွင်ကျူးလို၊ သူမျှားကိုမူ၊ ငန်တို့စိတ်လက်၊ စီးပွားဖျက်အံ့။ ချစ်ဘက်မြဲနှောင်၊ အိမ်ရာထောင်သား၊ လူ့ဘောင်ထဲဇာစ်၊ အကြီးဖြစ်လျက်၊ နှုတ်သစ်ကြိမ်းမောမာန်ပနှင့်၊ ဒေါသအမျက်၊ မာန်စောင်တက်အံ့၊ ဉာဏ်စက်ရှုဟတ် ကျမ်းဂန်တတ်လျက်၊ မမတ်လွဲလက်၊ တရားပျက်အံ့။ ပင်ထွက်မျိုးနွယ်၊ သန့်စင်ကြွယ်လျက်၊ ရွံဖွယ်အကြွင်း၊ သူ့ယမင်းနှင့်၊ သူ့ဟင်းစားစက်၊ ကြိုက်စုံမက်အံ့။ လူထက်ရာဇာ၊ မင်းဖြစ်ပါလျက်၊ ဗိုလ်ပါသင်းပင်း၊ဆင်မြင်းလက်နက်၊ မရှိပျက်အံ့ အောက်ထက်ပိုင်သီး၊ မင်းဖြစ်ပြီးလျက်၊ မှူကြီးတမ်းနိုင်၊ ဆင်ခိုင်မြင်းမာ၊ စစ်တန်ဆာကို၊ စိတ်မှာလွဲလက်၊ မနှစ်သက်အံ့၊ လက်နက်မဲ့ပဲ၊ လူမိုက်မဲသည်၊ ဆင်းရဲဝတီ၊ အိုမင်းပြီလျက်၊ ကုမ္မာရီအောက်၊ ကညာပေါက်နှင့်၊ မှားရှောက်လွဲလျက်၊ အိမ်ထောင်ဖက်အံ့။ မအောက်ထက်ပေါယယ်၊ ဉစ္စာကြွယ်လျက်၊ ငြိတွယ်ရမွက်၊ မလှူရက်အံ့။ ကနက်ဖြန့်စင်၊ မင်းတိုစင်လျက်၊ ပယ်သင်ဆိပ်ခွာ၊ မြေပမာလျှင်၊ ဘုန်းအာဏာစက်၊ မထက်မျက်အံ့။ ပြက်ပြက်ပြယ်ပြယ်၊ ကဲ့ရဲ့ဖွယ်သည်။ ။လူဝယ်ထင်ရှား ဆယ့်တစ်ပါး။

၃၅။ မညီမညွတ်၊ ကရွက်ကရော်၊ ဒေါသလော်စောင်းဆောင်၊ ချောက်မြှောင်ကျဉ်းကျပ်၊ ထူထပ်တွင်းကျင်း၊ ဆညှိကန်သင်းနှင့်၊ နိမ့်နင်းဗိလာ၊ ခဲစွာကတ်သတ်၊ကျမ်းပြတ်မြင့်မား၊ ချောင်းမြစ်နားဝယ်၊ သွားလာသည်သူ၊ တောင်တေးကူလျက်၊ ရွှေးရှုစူးစမ်း၊ ဖြည်းဖြည်းလှမ်းမှု၊ တေးတချမ်းလွတ်မြောက်၊ လိုရာရောက်၏၊ ကဘောက်ကဘက်၊ ရုတ်တရက်ကြီး၊ ခုံမီးခုံမင်၊ သွားချေလျှင်လည်း၊ နာကျင်ပြင်းပြ၊ ချောက်တွင်းကျ၍၊ ထိရှစုတ်ပြတ်၊ သေတတ်၏။ လတ်ဆတ်ခန္ဓာ၊ မသေပါလည်း၊ ဝေဒနာလွန်မင်း၊

ချွတ်ယွင်းအင်္ဂါ၊ ဥစ္စာပျောက်ပျက်၊ အရှက်လည်းကျ၊ ကဲ့ရဲ့ရသို၊
လုံ့လကြီးမား၊ မင်းခစားလည်း၊ မင်းနားနီးကပ်၊ မင်းနှင့်
စပ်က၊ မလျှပ်မပေါ၊ မလော်မလီ၊ တည်ကြည်မြဲသိပ်၊ မလည်း
လိပ်တည့်၊ မင်းရိပ်မင်းခြည်၊ ဖွေနည်စေ့ငု၊ သတိပြု၍၊ ကြည့်ရှု
စုံစမ်း၊ ဆင်နှိုင်စွမ်းမှ၊ ခွင့်လမ်းလှလှ၊ အရာကျအံ့၊ ပေါ့ဆ
စိတ်ချွတ်၊ သတိလွတ်၍၊ အန်ခတ်ကြက်တိုက်၊ သောက်ကျိုက်
သေစာ၊ ဥစ္စာပျောက်ပျက်၊ ရမ္မက်ထူထပ်၊ ကာမတပ်လျက်၊
ပေါ့လျှပ်ပေါလီ၊ မတည်ကြည်က၊ မစည်တီးပြန်း၊ မင်းဘုန်း
ခစား၊ ရမည်ထံဘားတိ၊ ရှုံးပါးလေမြဲ၊ မချွတ်လွဲသည်။ ။မင်းပွဲ
ဝင်ငြွား အမှားမှား။

၄၆။ မိတ်နှစ်လို၊ တပ်ပျို့ဖွယ်ပုံ၊ ခြောက်အာရုံနှင့်၊ ကြုံသော်လည်း
ကောင်း၊ များထောင်းသွယ်သွယ်၊ ကြောက်ဖွယ်လန့်စု၊ ခြောက်ခု
အာရုံ၊ ကြုံသော်လည်းကောင်း၊ ခြောင်းခြောင်းအမျက်၊ ထွက်ဖွယ်
အကြောင်း၊ ပူဆပျောင်းညှိုးလိမ်၊ စိုးရိမ်ဖွယ်တိ၊ ရှိသော်လည်း
ကောင်း၊ ဆိုးကောင်းလွန်ကြူး၊ မတွေ့ဖူးသား၊ မိန်းမူးပြောင်း
ခွေ့၊ ဆင်းရဲငွေ့ကို၊ တွေ့သော်လည်းကောင်း၊ မရတောင်းသား၊
ဆင့်လောင်းလာဘ၊ စည်းစိမ်မကို၊ ရသော်လည်းကောင်း၊
မင်းအပေါင်းတို့၊ အဟောင်းအသစ်၊ အပြစ်အကျိုး၊ အတိုး
အယုတ်၊ အဆုတ်အထက်၊ အချက်ချက်ကို၊ ဆဝက်မရှိ၊ ချိန်ဖြင့်
ညှိသို့၊ သတ်ိယှဉ်ယှဉ်၊ သမ္ပဇဉ်နှင့်၊ ဖြေဖျဉ်သိမ်းရုပ်၊ ဉာဏ်လက်
ဆုပ်၍၊ တည်းချုပ်နိုင်မှ၊ လိုရာကျအံ့၊ သုခဒုက္ခံ၊ လောက
ဓံကို၊ မလွန်နိုင်ဘိ၊ ဉာဏ်မရှိနှင့်၊ သတိသမ္ပဇည်း၊ မချုပ်တည်း
က၊ နိုပ်လည်းချရှုတ်၊ စည်းစိမ်ယုတ်သည်။ ။နောက်ဆုတ်
ရှုံရှား လန့်ယှဉ်သွား။

၄၇။ နှစ်သက်ဖွယ်ပင်၊ အာရုံမြင်က၊ မဆင်ခြင်စောက်၊ ကျွန်ငါး
ယောက်တို့၊ မှားရှောက်သောအား၊ သက်ဆုံးပါးလည်း၊ မင်းသား
ဘုန်းခိုင်၊ ဆင်ခြင်နိုင်၍၊ မဆိုင်ရာဝယ်၊ ပြည်ကြီးလယ်ထက်၊
စံပယ်မြှောက်ချီး၊ ထွက်ဝင်တီး၍၊ ရွှေထီးရတနာ၊ ကောင်းဖွူး
ပါ၏၊ ပြည်ဗာရာဝယ်၊ သူ့ခဲ့နှုးကြွယ်နှင့်၊ ကုံကယ်မြှောက်မြှား၊
သူကြွယ်သားတို့၊ သိကြားစံသီး၊ နတ်သမီးနှင့်၊ ပင်ကြီးသမြေ၊

သီးမှည့်ကြွေကို၊ ရှာဖွေလော်လမ်း၊ မစုံစမ်းပဲ၊ တောင်းရမ်းသောအား၊ အမှားမှားလျှင်၊ ရှုံးပါးခန္ဓာ၊ သေဖူးရှာ၏၊ ဥမ္မာဒန္တီ၊ ဆင်းသိဂီကို၊ ရှေ့ဆီတည့်တွင်၊ ရွတ်ခြည်းမြင်က၊ ဗေဒင်တတ်ခြင်း၊ အာခေါင်ချင်းလျက်၊ ထမင်းခွံ့စား၊ မတည်ကြား၍၊ လေ့ကားထက်က၊ ကိုင်၍ချသည်၊ မင်းများဆရာ၊ ရှက်ဖူးရှာ၏၊ တစ်ခါထိုမင်း၊ မြင်လက်ငင်းဝယ်၊ မှားယွင်းစွန်းပြီ၊ ရှုံး၍ရှိလည်း၊ သတိနောက်အုပ်၊ စိတ်ကိုချုပ်၍၊ တုန်လှုပ်မဲ့လျှင်း၊ စီရင်ခြင်းဖြင့်၊ ပွင့်လင်းပြည်ရွာ၊ ရှေးထက်သာ၏၊ သူဇာမယွင်း၊ လူများမင်းဟု၊ အဆင်းနှင့်သာ၊ သက်မွေးရှာလည်း၊ ဆရာဂုတ္တိလ၊ စောင်းသံချက၊ ဒွာရမှတ်မြောက်၊ လေသာပေါက်က၊ ဖွင့်ဖောက်ပြေးဆင်း၊ မြေမနင်းခင်၊ ပြတ်ကင်းခန္ဓာ၊ ကိုယ်ဏကွာ၍၊ ကျမ်းလာလားသား၊ သည်ထုံးများကို၊ မှတ် သား ချင့် တွက်၊ ဉာဏ်ခရီးချက်၍၊ နှစ်သက်ဖွယ်မျှ၊ အာရုံပြုလည်း၊ မရသာချေ၊ ကျိုးနေမဲ့ဘိ၊ သူသိပြစ်တင်၊ ပယ်ခွင်လားရေး၊ ရန်နှင့်ဘေးကို၊ ဆွေးနွေးတိုင်းထွာ၊ မြမကွာလျှင်။ ။ ပညာစက်သွား ရှေ့ကထား။

၃၀။ ကြောက်လန့်ဖွယ်လျှင်၊ အာရုံမြင်က၊ သက်ခင်လိုက်ပူ၊ ကြောက်တတ်သူကား၊ စွယ်ဖြူပြူးပြူး၊ မာန်ဟူးဟူးနှင့်၊ ဘီလူးဥပါ၊ ပြိတ္တာတစ္ဆေ၊ ကင်းမြွေကျွဲနွား၊ သားရဲဆင်မြင်း၊ သမင် တိုးအောင်း၊ မိကျောင်းခွေးရူး၊ ပြင်းဟူးမာန်ဟုန်၊ ငှက်ကြီးနဂါး၊ သစ်ကျားခြသေ့၊ တွေ့သော်လည်းကောင်း၊ သောင်းသောင်းကြိုးကျ၊ အသံနိုးနား၊ ကြားသော်လည်းကောင်း၊ စိတ်တစ်ချောင်းကို၊ ထိန်းကျောင်းဆုပ်ကိုင်၊ မအုပ်နိုင်၍၊ ယိမ်းယိုင်ပျက်စီး၊ ကြောက်အားကြီး၏၊ ခရီးရှည်လျား၊ စစ်မြေသွားလည်း၊ လုံခားဖွေးဖွေး၊ အသွေးချင်းချင်း၊ မြင်လတ်လျှင်းက၊ မတင်းရပ်နိုင်၊ နေထိုင်ပြောင်းခွေ့၊ ကြောက်တုံဆွေ့၏။ မင်းရှေ့ စိုးမှောက်၊ ပွဲလမ်းရောက်လည်း၊ အလျှောက်အလဲ၊ မရဲမရောင်၊ ရိုးယောင်စိုးဝါး၊ ရယ်ဖွယ်များ၏၊ ယောကျ်ားပီလှ၊ ဝိဓူရကို၊ ပုဏ္ဏကဘီလူး၊ မာန်ရှူးရှူးဖြင့်၊ လေရှုးခတ်နှိပ်၊ တောင်ထိပ်တင်ထား၊ လန့်ကြားဟုစ်နှင့်၊ ကျားသွင်ကိုင်ဆုပ်၊ ဆင်ရုပ် ဝှေ့နင်း၊ မြေပြင်းရစ်ပတ်၊ ကမ်းပြတ်တောင်မှ၊ လေးကြိမ်ချလည်း၊

ရဲလှစွာဘိ၊ ဟုန်မြှိုသား၊ သတိတရား၊ တည်တံ့စား၍၊ သူအား
ချမ်းသာ၊ ကိုယ်တော်မှာလည်း၊ လိုရာပြီးအောင်၊ ကျိုးကြီးဆောင်
သည်။ ။မြန်ဘောင်ထင်ရှား တံခွန်လွှား။

၃၉။ စိုးရိမ်ပူပြင်း၊ ငိုကြွေးမြင်းကား၊ ကိုယ်ဆင်းရဲကာ၊ ကျိုးမလာခဲ့၊
မျက်နှာညစ်ပုပ်၊ ကြောက်လန့်ရုပ်ကို၊ ညှိုးချုပ်မရွှင်၊ ရန်သူ
မြင်လည်း၊ အားဆင်ကဲဆင့်၊ ဝမ်းမြောက်နှင့်၏၊ လျော့ခွင့်
သေပျောက်၊ ဘေးဒဏ်ရောက်လည်း၊ မကြောက်လန့်ရာ၊ မျက်နှာ
သွက်ရွှန်း၊ လပြည့်ဟန်သို့၊ ဖော်ပြန်မရှေ့၊ ကြပတော့ကို၊
နေ့ဘက်ရှေ့ဟင်ထင်၊ ရန်သူမြင်က၊ ဆင်ခြင်ထောက်ချင့်၊
ကြောက်ကြိမ်းနှင့်၏၊ အခွင့်မျှော်ကြည့်၊ သို့ဖြစ်သည့်ကြောင့်၊
ဇည့်ဇည့်ဘေးရန်၊ ရောက်မည်မှန့်မူ၊ မန္တန်ဆေးဂါး၊ မန္တရားဖြင့်၊
သမားရုံစု၊ နှုတ်ပိတ်ပြု၍၊ လွှတ်မှုထင်လျှင်၊ လွှတ်ကြောင်း
ရင်လော့၊ လွှတ်ဆင်မရှိ၊ ခက်ပြန်ဘိမူ၊ ကဝိဇာနည်၊ ပညာသည်
နှင့်၊ ကြံစည်မျှော်ရှု၊ တိုင်ပင်ပြု၍၊ လွှတ်မှုထင်လျှင်၊ လွှတ်ကြောင်း
ရင်လော့၊ လွှတ်ဆင်မရှိ၊ ခက်ပြန်ဘိမူ၊ ပြောင်းအိချိုသာ၊
ပိယဝါဖြင့်၊ ကြင်နာဖွယ်မှု၊ ချစ်အောင်ပြု၍၊ လွှတ်မှုထင်လျှင်၊
လွှတ်ကြောင်းရင်လော့၊ လွှတ်ဆင်မရှိ၊ ခက်ပြန်ဘိမူ၊ ဖြန့်ချိ
ငွေကြေး၊ တန်ဆိုးပေး၍၊ လွှတ်ရေးထင်လျှင်၊ လွှတ်ကြောင်း
ရင်လော့၊ လွှတ်ဆင်မရှိ၊ ခက်ပြန်ဘိမူ၊ အမိအဖ၊ ဘိုးတွား
ကသည်၊ မျိုးစဆွေလျဉ်၊ အစဉ်မပျက်၊ စပ်ယှက်သဖြင့်၊ သို့မှ
သင့်ဟု၊ လွှတ်ခွင့်ထင်လျှင်၊ လွှတ်ကြောင်းရင်လော့။ ။သည်
တွင်ပိုင်းခြား ဥပါယ်ငါး။

၄ဝ။ ယင်းသို့ငါးသွယ်၊ ကြံဥပါယ်ဖြင့်၊ နိုးနွယ်ကြိုးစား၊ မတတ်အားမူ၊
တရားသံဝေ၊ ကံသာပေဟု၊ ဖျော်ပြေငြိမ်ဆိမ်၊ စိတ်ကိုနှိမ်၍၊
စိုးရိမ်ခဲ့ရာ၊ ရှေးသောခါက၊ မြစ်ဆားမဲ့ပဲ၊ မင်းဒဏ်စွဲလည်း၊ ဝံ့ရဲ
တံ့စား၊ ခိုင်တည်ကြား၍၊ ပျိုထွားနွယ်လှ၊ သွယ်မျှလျက်၊
ဘေးမှလွှတ်ပြီး၊ တောင်ထိပ်မီးသို့၊ ပန်ကြီးဧရာ၊ မြောက်ဖူး
ပါ၏။ မာန်ပါသူးရား၊ ဒေါသအားလည်း၊ ဆီးကားဖျော်ဖြေ၊
ချုပ်နိုင်စေလော့၊ ရွှေရင်သည်းပွတ်၊ သားကိုသတ်လည်း၊ ငရှိ
သတ်ဆီးတား၊ နိုင်သောအားဖြင့်၊ ဘုရားရှင်မှု၊ ချီးမွမ်း

ရလျက်၊ ပေးချနေရာ၊ နတ်တကာလည်း၊ မေတ္တာပို့ဝေ၊ ညွတ်ရှိ
သေ၏။ ကီလေသာဝယ်၊ မြစ်နှစ်သွယ်လည်း၊ အလွယ်မကြာ၊
ပယ်ဖြတ်ခွာ၏၊ နရာလူ့ဖျား၊ မင်းတို့အားမူ၊ ဖိတားမဖျဉ်၊
မျက်ရှိစဉ်လျင်၊ မယဉ်ချေးရာ၊ ရှောင်ခွာဝေးစေ၊ ရွေးလွန်
လေခါ၊ ပစ္စေကာအား၊ လေးထိမှားရှိ၊ ထောက်ထားဆင်ခြင်၊
ပညာအင်နှင့်၊ သုမင်္ဂလ၊ ဒေသခွာပြောင်း၊ သုံးနှစ်အောင်းလျက်၊
စောလေဘ်င်းနတ်ဆွေ၊ မျက်ရှိနှံပြေက၊ စက်ခြေရင်းမှာ၊ ဝင်ဖူး
လျှာ၏၊ ပညာနေလ၊ မဟော်မှလည်း၊ ဒေသရိပ်ငြိမ်၊ အိုးထိန်း
အိမ်ဝယ်၊ စိုးရိမ်ပြေပြေ၊ မင်းမျက်ပြေအောင်၊ နေရ
ဖူးကြောင်း၊ ရွေးထုံးဟောင်းကို၊ ဆင့်လောင်းယခု၊ အမှိုပြု၍၊
ပြည်သူ့တမွတ်၊ လောကနတ်နှင့်၊ အထွတ်ညာတင်၊ ရှင်မိဖုရား၊
သီးခြားရံအုပ်၊ ကိုယ်လုပ်မောင်းမ၊ မည်ရထင်ပေါ်၊ မျိုးတော်
ပည်းသိ၊ မင်းညီမင်းသား၊ ထူးခြားရာသီး၊ မှူးကြီးမတ်ရာ၊
သေနာပတိ၊ အကျိအခဲ၊ အတွင်းမြဲနှင့်၊ သိ ကွဲတထူး၊ ဗိုလ်မှူး
စစ်ကွပ်၊ စစ်ကြပ်စစ်ကဲ၊ ရွေးရဲမကျန်၊ ကောင်ဟန်အာဏာ၊
မြို့ရွာသူကြီး၊ ဦးစီးချုပ်ကိုင်၊ မြေတိုင်ငယ်သား၊ ယော်ကျား
မိန်းမ၊ ရှိသမျှတို့၊ ချက်ကျသေချာ၊ မှတ်သားရာသည်။ ။
ချမ်းသာစီးပွား ကြီးမြောက်မြား။

နိဂုံး

၄၁။ ကြားပိမ့်မင်္ဂလာ၊ နိဂုံးမှာပိမ့်၊ ရတနာပူရ၊ အဝပြည်ကြီး၊ ဟံသာ
မီးကြောင့်၊ ပျက်စီးသည့်နောင်၊ ထွန်းတန်ဆောင်သို့၊ ကုန်း
ဘောင်သမိုက်၊ ထီးနန်းစိုက်က၊ အတိုက်တိုက်သား၊ သတင်း
နားမျှ၊ မကြားဝံ့ကြ၊ ဦးညွတ်ခသည်၊ သိဿရတနာ၊ အာဒိ
သမိုက်၊ ဗျာဒိတ်သိုက်ဝင်၊ ဆင်ဖြူရှင်၏၊ ရွှေရင်တော်ပေါက်၊
သားခြောက်ယောက်တွင်၊ ထက်အောက်လွှမ်းမိုး၊ ဗဒုံစိုးသား၊
သတိုးမင်းစော၊ မုနော်မြှောက်တင်၊ သခင်ကျွန်ရင်း၊ စိုးမင်း

သုံးရ၊ ယုံထိုက်လှသား၊ စိန္တကျော်သူ၊ ဟူသည်အမည်၊ ကျွန်ုပ်
သည်လျှင်။ ဂန်းလည်ယှက်ရုံ၊ ကလိန်ချုံဝယ်၊ ခုံခုံမင်မင်၊
လက်ယှက်ဝင်၍။ စိတ်ထင်လိုရာ၊ မကသာသို့၊ ပြည်ရွာမင်းရေး၊
မှုရှုပ်ထွေးလည်း၊ ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ရာညက်၊ စိတ်စက်
ပျော်ပိုက်၊ လစ်လပ်ခိုက်တွင်၊ နှင်ခြိုက်သာယာ၊ စကား ပါသည်၊
သာသနာတောက်ပ၊ ဝါနဂေရာ၊ နှစ်ကောဇာမူ၊ ဖော့ဌကယ၊
ဝဿအာသန်၊ ဂိမှာန်ပြောင်းလို၊ စါဆိုဆန်း၍၊ လေးရက်
စေ့သား၊ နေ့တနင်းလာ၊ ပြိဿရာဥ္၊ သောကြာဗုဒ္ဓ၊ မေထု
နဝယ်၊ ရှည်တစ်ထပ်ရှိ၊ ရဝိသူရိန်၊ သိဟ်ဝယ်သိဟ၊ ကုမ္ဘဂူရု၊
သောရိစုလျက်၊ အောင်ဆုပေးလတ်၊ စာသမတ်လျှင်၊ ကရ
ကဋ္ဌစန်း၊ မကရ်းလက္ခဏ၊ ဗုဒဝိသထက်၊ နှစ်ပြန်တက်၍၊ စီးလျက်
နင်းကာ၊ ဇေယာတိထိ၊ သွာဒိနက္ခတ်၊ မွန်းတည့်မတ်တွင်၊ သူရဿ
တိ၊ ဝန်းအုံညီ၍၊ ရှင်ဗြဲရောရှု၊ ဆယ်ဥပစာ၊ နည်းနာလေးဆယ်၊
ကျဉ်းကျယ်ဖော်ထုတ်၊ ဂဂ်ါပုတ်ဖြင့်၊ ကုတ်ကုတ်ကတ်ကတ်၊
လူနတ်နားလည်၊ ပိုဒ်ရှည်ပိုဒ်တို၊ ဖတ်လည်းချိုအောင်၊ ဖွဲ့ဆို
စမြဲ၊ မဆိုဘဲလျှင်၊ နက်နဲပေါ်လေး၊ ယှက်ထွေးရောရာ၊ စူဖာမဖက်၊
ဝင်ထွက်စစ်စစ်၊ ပင်ရစ်သက်လက်၊ ညီညွတ်ကာရန်၊ ကျမ်းဂန်
လေကာ၊ စူဆပြိုးပြွမ်း၊ ပျူငှ ဆမ်းလျက်၊ အကြွမ်းအနု၊ နှစ်ခု
မျှတ၊ သိသာရအောင်၊ ဖော်ပြလင်းလင်း၊ ဆယ်၍ကျင်းသို့၊
သံညှင်းနာအိ၊ ရှစ်ပိုက်စီလျှင်၊ ပီပီသသ၊ ငါးထပ်ချသား၊ အဋ္ဌ
ပဋ္ဌာ၊ သုဋ္ဌလီဿ၊ ပဒပြည့်စုံ၊ အပြီးကုံ၏၊ ထူးပုံမှုဝ်ဖွယ်၊
အဓိပ္ပာယ်မခက်၊ အနက်မလျှို၊ အောင်မည်တို့ကို၊ အောင်မျှို
ငင်ငင်၊ အောင်ပွဲဆင်၍၊ အောင်မင်္ဂလာ၊ အောင်ညွှန့်ဖြာ
သည်။ ။သြဝါဒထူး စာယဉ်ကျူး။





# သြဝါဒကထာ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

သြဝါဒကထာ ဆုံးမစာ၏ မူလအမည်မှာ သြဝါဒကထာစာတမ်းပင် ဖြစ်ပေသည်။ လုံးတော်ဆရာတော်သည် တပည့်များ လိမ္မာရေးခြား ရှိစေရန် ဆုံးမသြဝါဒ ပေးလိုသောကြောင့် ဤဆုံးမစာကို ရေးသားခြင်းဖြစ်ပေသည်။ ဆုံးမစာ အရေးအသားမှာ စကားပြေပင် ဖြစ်သော်လည်း ကာရန်ထပ်များ သုံးထားသဖြင့် ပြေပြစ်ပေသည်။ အကြောင်းအရာ တစ်ခုစီကို တစ်ပုဒ်ချင်း ရှင်းလင်းလွယ်ကူစွာ ရေးသားထားပေသည်။ သြဝါဒပါ အကြောင်းအရာများသည် ဓမ္မကြောင်းနှင့်လည်းစပ်၍ လောကကြောင်းနှင့်လည်း ဆက်သည်။ အချို့မှာ နီတိကျမ်းများတွင် ပါရှိသည့် ဆုံးမစကားများကို ယူသွင်းထားကြောင်း တွေ့ရပေသည်။

လုံးတော်ဆရာတော်သည် မင်းတုန်းမင်းလက်ထက်တွင် ထင်ရှားသော ကျမ်းတတ်ပုဂ္ဂိုလ်ကျော်ဖြစ်၍ ဒိပဲရင်းမြို့ဇာတိ ဖြစ်သည်။ ရွှေဘိုမြို့ ပလိုင်း ရွာမတွင် သီတင်းသုံးသဖြင့် ပလိုင်းဆရာတော် ဟူ၍လည်း ခေါ်ကြသေးသည်။ ဘွဲ့တော်မှာ အရှင်ဂုဏာဘိဖြစ်၍ ဆရာတော်၏ ပတိဋ္ဌာကဝိသဇ္ဇနာ ကျမ်းမှာ ထင်ရှားပေသည်။



# ၂။ ဩဝါဒကထာ ဆုံးမစာ

## လုံးတော် ဆရာတော်

ဆရာမှာခဲ့သည့် တပည့်ငယ် အများတို့၊ ငါဆရာစကားကို စေ့စေ့ နားထောင်လေ။

မသေသမျှ ကာလအတွင်းတွင် ဖျင်းတန်ပေါ်သွပ်သော သူကို မပေါင်းနှင့်။

လောင်းစား သေစာမှုကို ဝေးအောင်ကြဉ်။

ဆရာသခင်၊ အရှင်နှစ်ပါး၊ မိဘများကို၊ မုန်းထားမာန်မျက်၍၊ စိတ်ထွက်အောင် မပြုနှင့်။

သူ့ကျေးဇူးကိုလည်း အထူးသိလေ။
ဆွေလာမျိုးစပ်လည်း ကျေလုစေ။
အဆွေမိတ်ကောင်းကို ရအောင်ရှာ။
ကာမဂုဏ်ကြောင့်လည်း မရူးနှင့်။
ဥစ္စာဂုဏ်ကြောင့်လည်း မမြူးနှင့်။
ကျေးဇူးမသိသည့် ခင်ပွန်းကို ပစ်ပယ်။
အလယ်အလတ်ကျအောင် ကြံ။
မာန်မာန နည်းသသူကို ရှာ။
ကုသိုလ်ဥစ္စာ၊ ပညာသုံးခု၊ တစ်နေ့မှမှ၊ တစ်ခုခုကိုရအောင်ကြံ။
ကံကိုချည်းလည်း မယုံနှင့်။
ဉာဏ်ကိုချည်းလည်း မကိုးနှင့်။
တစ်ထောင်တန် သူ့အကျိုးကြောင့် ကိုယ့်ကျိုးကို မယုတ်စေရာ။
လီမွာတုကိုခိုး၊ ကိုယ်ကျိုးကို ရှိအောင်ကြံ။

လောဘခက်ထန်လျှင် စားရသုံးရ၏။
ဒေါသခက်ထန်လျှင် ပစ္စုပ္ပန်သံသရာ၊ နှင့်ပြာရှုံး၍ စုံးစုံးနစ်၏။
အဆွေခင်ပွန်းသစ်ကို ရအောင်ပေါင်း။
အဆွေ ခင်ပွန်းဟောင်းကိုလည်း မပစ်နှင့်။
ချစ်ဖွယ်သော စကားကိုဆိုက သဗ္ဗသျှို။
ဝန်တိုသူကို ပေးကမ်း၊ စွမ်းသန်သူကို အားကိုး။
အကျိုးစီးပွားကိုပြုက အဆွေ။
မွေးကျွေးပေက အဖ။
ချစ်ကျွမ်းဝင်က ခင်ပွန်း။
ကြိုးပမ်းလုပ်ကျွေး မွေးမြူမှ မယားကောင်း။
အပေါင်းကြည်သာလျှင် အရာခပ်သိမ်း ပြီး၏။

ခရီးလမ်းဆုံတွင် တွေ့သော ရန်သူကို ပျူငှာပြောဆို၍ ဝေးအောင်ခွာ။

ဆရာသခင်၊ အဆွေခင်ပွန်းမြောက်၊ သည် နှစ် ယောက် ကို၊ မျက်မှောက်မျက်ကွယ်မှာ ပြောစား။

သားမယားကိုကို၊ ရှည်လျားသက်နေ၊ မသေသမျှ၊ မပြောပနှင့်။
ကိစ္စမှု ဆောင်သူဟူသမျှကိုလည်း ပြီးစီးမှသာ ချီးမွမ်းရာ၏။
ဆာလောင်မွတ်သိပ် မရှိစေရသည့် ဘောဇန သတ္တိ။
ကာမရာဂသည် မိန်းမ၏ သတ္တိ။
သုဂတိဘုံဘဝသည် ဒါန၏ သတ္တိ။
နိယျာနိကသည် တပစရိယ၏ သတ္တိ။

စာသိပေမြင်မသင်ကြားဖူးသူတထွေ၊ အစာမကျေသူတစ်ယောက်၊ အရွယ်မရောက်မီက အိမ်ရာကျသူတစ်သွယ်၊ ငယ်ရွယ်သူတခြား။ ။ ဤလေးပါးတို့မှာ စားမိသော အဆိပ်နှင့် တူချေသည်။

မြေလည်းတစ၊ အာထဗ္ဗနအတတ်လည်းတစ်ချက်၊ လက်နက်လည်း မကြွင်း၊ မင်းလည်းတခြား၊ ဤလေးပါးကို အားတက်ကြိုးပမ်း၊ အကျွမ်း မဝင်ရာ။

များစွာသောဆွေမျိုးတို့၏ အကျိုးကို မြော်ထောက်၍ တစ်ယောက်ကို စွန့်ရသည်။

တစ်ရွာလုံး အကျိုးကြောင့်လည်း အမျိုးကို စွန့်ရသည်။
ပြည်သူတို့အကျိုးငှာ ရွာကိုပင် စွန့်သွား။
ကိုယ်ကျိုးကိုယ်စီးပွားဖြစ်ချေက မြေကိုပင် စွန့်ရသောသဘော။
ဥဩတို့မှာ အသံသာယာသည်ပင် အား။
ယုတ်မာသော သူအပေါင်းမှာ မကောင်းသော အတတ်ပညာသည်ပင် အား။

မိန်းမတို့မှာ ကောင်းစွာလုပ်ကျွေး၍ လင်ကို မွေ့မြူသည်ပင် အား။

သူတော်ကောင်းတို့ အားမှာ သည်းခံချ။
အသက်၏ အန္တရာယ်ရောက်လာလျှင် အရက်သေစာပင် ကိုးကွယ်ရာဖြစ်၏။

အညစ်အကြေး တင်လျက် မစင်လိမ်းကျံသည် ဖြစ်လျက်လည်း ရွှေခွက်မှန်က ယူရသည်။

ပညာရှိဟုတ်မူ အမျိုးယုတ်သူပင် ဆရာ။
သမီးကညာ ရတနာစစ်က ဒွန်းစဏ္ဍားပင် ဖြစ်သော်လည်း ချစ်ခင် လေးမြတ်ရာ၏။

ဥစ္စာကုန်ခန်းသော အဖြစ်၊ အပြစ်နှင့်တကွသော စကား၊ သူတစ်ပါးကို လိမ်လည်သော အရာ၊ မာန်မာန တက်ကြွထောင်လွှားသည်ကို သူတစ်ပါး မသိစေရာ။

ပညာရှိသူကို ကိုးကွယ်။
ပညာမဲ့သူကို ပယ်။
အရှယ်အဆင်း၊ လှပခြင်းဖြင့်၊ ပညာနှင့်ကင်းသူကို လူမဆန်။
အရောင်အဆင်း၊လှပခြင်းဖြင့်၊ အနံ့ကင်းသောပန်းကို လူမပန်။
အကြံပင်ကောင်းသော်လည်း နှောင်းလျှင် အကျိုးမရှိ။
မြင်း၏မူလဘူတမှာ အစာဖြင့် သိရသည်။
သမီးကညာ၏ ဖြစ်အင်မှာ မိခင်ကိုထောက်ထား။
ပုဏ္ဏားတို့စွမ်းအင်မှာ ဗေဒင်နှင့် နှိုင်းဆ။

သူအ၏ အနေအထား စကားမပြောသူလည်း မဖြစ် သူယစ်၏ အနေအထား စကားများလွန်းသောသူလည်း မဖြစ်၊ ချစ်ခင်ယောင်ဆောင်သောသူလည်း ခက်၊ လျို့ဝှက်တတ်သော သူလည်း မခံနိုင်။ ကျောက်စာတိုင်ကဲ့သို့ ခိုင်လွန်းသောသူလည်း အကျိုးမပြီး။ နွေးဖြည်းလွန်းသောသူလည်း အကျိုးမမြင် ဤရှစ်ယောက်စဉ်ကို ဝေးစေရာ၏။

အာထဗ္ဗနအတတ်ကို တတ်သောယောကျ်ား၊ စကားများလွန်းသော မိန်းမ၊ ထက်လှစွာသော ဦးချိုရှိသော သတ္တဝါအများ။ ။ ဤသုံးပါးကို ပယ်ရှားအပ်၏မှတ်။

မြိန်မြတ်သော အဖျော်ဘောဇဉ်၊ ဆင်ခြင်သဖြင့် သင့်တင့်လျောက်ပတ်စွာ ပြုသော မယား၊ ကြီးမားသောဂုဏ်နှင့် ပြည့်စုံသော မိတ်ဆွေတို့ကို သေအောင်ပင် ပေါင်းသော်လည်း ကောင်းကျိုးသာ ပြီးရာသည်။

တည်ကြည်ငြိမ်သက်က သူချီးမွမ်း၏။
ကြောင်းလမ်းကိုမသိ၍ အကျိုးမပြီး။
အကျိုးပြီးသောကြောင့် လူချီးမွမ်းခံရ၏။
ဣန္ဒြေမရှိက လူမရှိသေ။

လူရှိသေ၏။ အဆွေခင်ပွန်း နည်းသောကြောင့် ရေးကြီးခွင်ကျယ်ကို မကြံနိုင်။

ပိုင်ကား ပိုင်၏။ မနိုင်၍ လျော့ရသည်လည်း တခြား။
နိုင်ကား နိုင်၏။ မပိုင်၍ လျော့ရသည်လည်း တစ်ပါး။
ဤအရာများကို စဉ်းစား ဆင်ခြင်ရာသည်။

ခြသေ့်တို့၏လက္ခဏာ၊ အင်္ဂါတစ်ပါးကို ကြည့်၍၊ ပညာရှိမှန်က လိမ်းရာသည်။
ဥဗျိုင်းတို့၏ လက္ခဏာ၊ အင်္ဂါတစ်ပါးကို သိ၍၊ ပညာရှိမှန်က ထိန်းရာသည်။
ကြက်တို့၏လက္ခဏာ၊ အင်္ဂါလေးပါးကို စွဲမိ၍၊ ပညာရှိမှန်က ငြိမ်းရာသည်။

ကျီးတို့၏လက္ခဏာ၊ အင်္ဂါငါးပါးကို သိ၍ ပညာရှိမှန်က ကိန်းရာသည်။
ခွေးတို့၏လက္ခဏာ၊ အင်္ဂါခြောက်ပါးကို သိ၍ ပညာရှိမှန်က သိမ်းရာသည်။
မြင်းတို့၏လက္ခဏာ အင်္ဂါသုံးပါးကို သိ၍ ပညာရှိမှန်က လိမ်းရာသည်။

ဤသည်ပုံထုံးကိုစွဲ၍ အမြဲမှတ်။

အဟုတ်ပညာမရှိဘဲ မရိုသောစိတ်ရှိသဖြင့် မိမိအလိုလိုမိုက်သောသူသည် ပြည့်ရှင်မင်း၏ အကျိုးစီးပွားကိုဖျက်၍ အသက်အန္တရာယ် ပြုရာသည်။

ပညာရှိခြင်း လက္ခဏာကို ပညာရှိချင်းမှသာ၊ ကိုယ်ဝန်ဆောင်သော ဝေဒနာကို ကိုယ်ဝန်ဆောင်ချင်းမှသာ ရှင်းလင်းကွဲပြား နိုင်ရာသည်။

ဘေးရောက်သောအခါလည်း တစ်ချက်၊ ဥစ္စာပျက်သော အခါလည်း တစ်ဂ၊ ထိုကာလကို မေးမြန်း၍ ပေးကမ်းလာမှသာ ချစ်ဆွေခင်ပွန်းမည်သည် တစ်ချက်။

မုန့်ညက်ထက် နွားနို့ထမင်း၊ နွားနို့ထမင်းထက် ဟင်းမျိုးအရသာ၊ ဟင်းမျိုး အရသာထက် ထောပတ်၊ ထောပတ်ထက် ဆီနယ်သောထမင်း တို့သည် အချင်းချင်း မတူကြဘဲ၊ ကွဲလွဲကြသော ရသာတို့သည် ရှစ်ဆစီ တိုးတက်ကြောင်းနှင့် ထုံးဟောင်းပုံစံကို ညှိ၍ထိအောင် နှလုံးသွင်းရာသည်။

နေမင်း၏ ဖြစ်အင်မှာ အဝင်အထွက်မခြားသကဲ့သို့ စီးပွားချမ်းသာ ရှိမရှိ လူနှစ်ဦးမှာ အထူး သိနိုင်ခဲသည်။

ပွဲသဘင်သို့ ဝင်လိုက်၏။ ဝတ်ဆင်စရာ မရှိ။
တရားသဘင်သို့ ဝင်လိုက်၏။ ဝမ်းတွင်းပညာမရှိ။
ပညာရှိတို့ ဖြစ်အင်ကို ပရိသတ်ခွင်မှာ ထင်ရှားရာသည်။
ဥစ္စာရှိသူ ဖြစ်အင်ကို သဘင်မှာ ထင်ရှားရာသည်။

မျက်စိမျက်နှာ ပဒုမ္မာပန်းကဲ့သို့၊ လန်းဆန်းရွှင်ပျလျက်၊ ပီယဝါစင်၊ စကားပြင်သာကတဲကို၊ ဝမ်းထဲမဖြောင့်၍၊ ကွယ်ထောင့်ကြံစည်၊ လိပ်လည်တက်သော သူယုတ်တို့၏ သဘောကို မနောထပ်ထပ် သိ၍ ရိပ်မိစေရာသည်။

ဇရေမရာက ဗလဗ္ဗိုဟ၊ မသေမချာက အပေ့သော၊ မလိမ္မာက ပရမ်းပတာ။

မျက်နှာ မသာယာခြင်း၊ ပျင်းရိဆိုးသွမ်းကြမ်းတမ်းဆဲရေးလျက် ပျက်စီးအောင် ကြံဆောင်၍၊ သုံးဆောင်သောအခါ၌ တိုင်းထွာဆင်ခြင်မရှိ၊ ရိပ်ခြည်မသိသော ကျွန်ယုတ်ကို နှင်ထုတ်စေစေရာသည်ကိုနှလုံးမူ။

ရန်သူလည်းတသီး၊ မီးလည်းတလီ၊ သူ့မြီတခြား။ ။ဤသုံးပါးမှာ ဝေးစွာရှောင်ကွင်း၊ အကြွင်းမထားရာ။

ပျားကိုရှာသော ယောကျာ်းသည် ပျားရချေလျှင်၊ ကြက်ဆူပင်ကိုသော်လည်း တောတွင်အမြှတ် မှတ်ရာသည်။ ပညာရှိကို ရှာသောယောကျာ်းမှာ ဟောကြားပြသ ဆုံးမပေလျှင်၊ ဒွန်းစဏ္ဍားပင် ဖြစ်ခဲ့မူ လူတွင်အမြှတ်မှတ်ရာသည်။

ဗေဒင် အကျိုးဆုံးမှာ ဟုန်းပူဇော်ရာ၏။

စာပေသိမြှင် ပညာရှိ အကျိုးမှာ ကိုယ်နှုတ်နှလုံးကို စောင့်ရာ၏။

မိန်းမရှိသည်၏ အကျိုးကား သားသမီးနှင့် မငြီးငွေ့အောင် ပျော်ရ၏။

ဒါန၏ အကျိုးမှာ ဥစ္စာစီးပွား ပေါများပြည့်လျှံ၊ ကောင်းကျိုးခံလျက် နိဗ္ဗာန်သို့ ရောက်ရာ၏။

နောက်လိုက်သူတားများ၏၊ ရှေ့သွားသူမရှိ။
အစွမ်းသတ္တိ ရှိသောသူမှာ လေးကွာသော ဝန်ကိုမလေးက်။
သတိဝီရိယရှိသူမှာ ဥစ္စာရှိမည်ကို မကြောက်။
စွမ်းအင်ရှိသူမှာ ရန်သူလာမည်ကို မတောက်။
ပညာရှိသူတို့မှာ မေးမြန်းလာမည်ကို မကြောက်ရာ။
ပညာရှိသသူတို့အား အရပ်တစ်ပါးဟူ၍ မရှိရာ။
ပိယဝါစာ ပြောသသူတို့အား သူတစ်ပါးဟူ၍ မရှိရာ။
ဤသို့ပြခဲ့ပြီးသော အင်္ဂါကို ပညာနှင့် နှိုင်းနှုန်း၍ ထုံးစံမပျက်ကျင့်ရာသည်။

သံသရာဘေး၊ လာမည့်ရေးကို၊ မြော်တွေးထောက်၍ ကြောက်တတ်သူလည်း တစ်ဌာန။

အကုသိုလ်ဓမ္မကို နေ့ညကုန်စင်အောင် ရှောင်ကြဉ်ရှက်ကြောက်တတ်သူလည်း နှစ်ရပ်။

မြတ်သောအလှူကို ခံယိုက်သူလည်း တစ်ဝ။
သီလကိုလေးမြတ်၍ ကျင့်တတ်သောသူလည်း တခြား။
ဤငါးပါးသော သူအပေါင်းတို့ကို မပေါင်းမိဘဲ မရှိစေရာ။
အလုံးစုံသော စကြဝဠာ အနန္တသည် သဗ္ဗညုတ ရွှေဉာဏ်၏ တည်ရာမှုချ။
သဗ္ဗညုတဘုရား ရွှေဉာဏ်သည် မန္တန်ဂါထာ၏ တည်ရာကေန်။
ထိုမန္တန်ဂါထာသာလျှင် ပညာ၏ တည်ရာမှန်ချေသည်။

အတည်အမြဲမရှိသည် ဘဝ၊ အဆိအခဲမရှိသည် ကာလ၊ လောကဓမ္မကို နှိုင်းနှုန်း၍၊ထိုးပုံကို ရိပ်မိမှ ပညာရှိ မြောက်ရာသည်။

ဆရာကိုကပ်သဖြင့်လည်း အတတ်ပညာရရာသည်တစ်နည်း။
ပစ္စည်းဥစ္စာပေးမှသာလျှင် ပညာရရာသည် တစ်ရပ်။
အတတ်ချင်း အတတ်လဲလှယ်၍ ရရာသည်တခြား။
ဤသုံးပါးသာ ပညာနည်းကို ထောက်လျှင်လေးခု မြောက်မရှိ။
အမိတို့သဘောမှာ ဥစ္စာကြွယ်ဝ။
အဖတို့သဘောကား ကြီးမားပညာ။
ဆရာတို့ သဘောမှာ ပစ္စုပ္ပန်သံသရာ။
ပညာတို့ သဘောမှာ အဆင်း။
သားချင်းတို့ အားကိုးသည်မှာ အမျိုးကိုအလိုရှိသည်။ဤလည်း ငါးပါး။

သူယုတ်တို့အား ကား များစွာပင်ပေးသော်လည်း ကျေးဇူးကို မသိ မတင်ရာ၊ အပြစ်ကိုသာ ရှာတတ်ပေရကား။

မြွေနဂါးတို့မှာ ဃနာထောပတ် မြိန်မြတ်ရသာ ကျွေးပါငြားလည်း အဆိပ်ပွားသကဲ့သို့၊ တရားထုံးပုံ ရှိချေသည်။

ရေချိုးသော ယောကျ်ားသည် ကြီးပွားကျယ်ပြန့်သော ထုံးအိုင် မြစ်ချောင်းမှသာ စိတ်နှလုံးသာသည်။

အိပ်ရာနေရာကိုလည်း သာယာပြန့်ပြောမှသာ သဘောနှစ်ခြိုက် ၍ စိတ်ကြိုက်အလိုကျ၏။

မိန်းမတို့မှာ အစာနှစ်ဆ။
ဝီရိယကား လေးဆတက်သာ။
ပညာခြောက်ဆ၊ ကာမသော်ကား ရှစ်ဆပွား၏။
စကားနှင့်အစား သည်နှစ်ပါးမှာ အစားမညီသော် တရှတ်ရှတ်။
စကားမညီသော် အရှုပ်ရှုပ်။
ချည်ရှုပ်နွယ်ရှုပ်ကို သုတ်သင်နိုင်သူများ၏။
စကားရှုပ်ကို သုတ်သင်နိုင်သူသာရှား၏။

လေးပါးသောဂတိကြောင့် မိမိအသရေပျက်သဖြင့် အရှက်လည်း ရ၍ သုဂတိဘုံဘဝနှင့် လွဲတတ်သည်။

အရပ်နှင့်စပ်သူမှာ ဝါစာ။
အတတ်နှင့်စပ်သသူမှာ ပညာ။
သဘင်နှင့်စပ်သသူမှာ ရယ်စရာ။
အမြင်နှင့်စပ်သသူမှာ အလှယ်သာ။

သာယာသံချို အပြောအဆိုဖြစ်၏။ ကောက်ကျစ်စဉ်းလဲ တတ်သည်။

မောင်းမဲငေါက်ငန်း၍ ပရမ်းပတာ ပြောဆို၏။ အလိုကျ အောင် ပြုတတ်သည်။

အမှတ်မထားသူလည်း တစ်ယောက်။
မပြတ်မသားသူလည်း တစ်ယောက်။
ဤနှစ်ယောက်တို့မှာ နောင်ကိုမရှင်း ရှိတတ်သည်။ သတိပြု၍ ဆင်ခြင်။

ဆင်လည်းတစ်မျိုး၊ ခိုးသူလည်းတစ်ထွေ၊ မြွေလည်းတခြား၊ သူ့မယားတထူး၊ ဤလေးဦးတို့ကို ယှဉ်ပူးတွဲကပ် မပြုရ။

နာ[၁]-ဝိ-သံ-ပ လေးဌာနကြောင့်လည်း သောကကို မဖြစ်စေရာ။
ဒါ[၂]-သီ-သ-ပ လေးဌာနကြောင့်လည်း ကာလကို မလွန်စေရာ။

ခန္ဓာကိုယ်နှင့်တကွစည်းစိမ်ချမ်းသာ ဟူသမျှကို အနိစ္စဟုသဘော ထား၍ တရားနှလုံး သွင်းရာသည်။

မူရာမသန့်ရှင်းသည် တစ်ပါး။
သနားကြင်နာခြင်းကင်းသည် တစ်ချက်။
လျှို့ဝှက်တတ်သည် တခြား။
စကားမမှန်သည် တစ်ရပ်။
လှည့်ဖတ်တတ်သည် တစ်ထွေ။
တွေ့ဝေမိုက်မဲသည် တစ်ချက်။
အလိုရမ္မက်ကြီးသည် တစ်ဝ။

မိန်းမတို့မှာ သူယုတ်တို့ လက္ခဏာ အင်္ဂါခုနစ်ပါးတို့ကို စဉ်းစား မြော်တင်း၍ ပေါင်းသင်းပေါင်းတန်မှ ပေါင်းရာသည်။

ထုံးဟောင်းစံပျက်၍ မျက်ကွယ်ဆိုသော စကားတပ။
နှစ်ခွန်းနှစ်ခွဆိုသော စကားတစ်ချက်။
အမျက်ထွက်၍ဆိုသော စကားတစ်ရပ်။
နှစ်ထပ်နှစ်ဆင့်ဆိုသော စကားတခြား။

ဤလေးပါးတို့ကို စဉ်းစားထောက်ချင့်၍ ယုံသင့်ယုံဟန်မှ ယုံရာ သည်။

ပြည့်တန်ဆာမသို့ သွားတတ်သော သူလည်းတစ်ရပ်။
အာထဗ္ဗနအတတ်ကို တတ်သောသူလည်း တထွေ။
သေအရက် သောက်သောသူလည်း တစ်ယောက်။

ဤသုံးယောက်တို့မှာ ပညာ ဂုဏ်ကျေးဇူးနှင့် အထူး ပြည့်စုံ၍ ရသေ့ရဟန်း ဖြစ်စေတမူ လူသာမန်ကိုမဆိုထားဘိ ဘုန်းတန်းရှိသော ပြည်ကြီးသခင် ဘုရင်မင်းမြတ် သမုတိနတ်သော်လည်း ပျက်စီးတတ်ချေ သည်ပင်။

---

၁။ နာ = နာနာဘာဝ။ ဝိ = ဝိနာဘာဝ၊ သံ = အပ္ပိယေဟိသမ္ပ ယောဂ၊ ပ = ပိယေဟိ ဝိပ္ပယောဂ။
၂။ ဒါ = ဒါန၊ သီ = သီလ၊ သ = သမထ၊ ပ = ဝိပဿနာ။

အကျွမ်းမဝင်ရာသသူကိုဝင်၍ အကျွမ်းဝင်ရာသသူကို မဝင်ခြင်း။

အချင်းချင်း အကျွမ်းဝင်ကြပြီးမှ သီးခြား ကွဲလွဲ ပြန်ချေက အရင်းနှင့်တကွ ခဏမကြွင်း ပျက်စီးခြင်းသို့ ရောက်ရာသည်။

တစ်ဂါထာ တပဒမျှ သင်ချပေးသည်ကို မထီမဲ့မြင် မပြုရာ။

တိရစ္ဆာန် ဘုတ္တဝါဖြစ်သော ခွေးသည် ထမင်းကျွေးသောသူကို မြင်က ချစ်ခင်လေးမြတ်သော မူရာတစ်ပါးဖြင့် အမြီးကို လှုပ်ရှား၍ ညွတ်တွားရှိသေ ပြုပေတတ်၏.

တောရပ်မြိုင်ခြေတွင် ခိုနေသော မျောက် လူ့လက်သို့ရောက်၍ ခြိမ်းခြောက်ပြသလျှင် အကပင် တတ်ချေ၏။

ပဋိသန္ဓေ လူဝမ်းမှာနေ သူသည် အဘယ်မူ၍ ဆရာနှင့်တွေ့လျှင် စင်ကြယ်စွာ ကိုယ်နှုတ်ကို မသိမ်းမအုပ်နိုင်ဘဲ ရှိအံ့နည်း။

တောင်ကြီးမြိုင်တိုက် တောလိုက်ဘာသာ တောအစာကို စားပါ တုံလျက် တောကျေးငှက်သည် လူလက်သို့ရောက်က ပီယဝါစာ သာယာ သံချို ဆိုတတ်သည်ပင်။

လူစင်စစ် ဖြစ်သသူမှာ အဘယ်မူ၍ ချမ်းမြေ့သာချို မဆိုနိုင်ဘဲ ရှိအံ့နည်း။

မင်းလည်းတစ်ထွေ၊ မြွေလည်းတစ်ခန်း၊ ရဟန်းတသီး၊ မီးလည်း တခြား၊ ဤလေးပါးကို၊ကွဲပြားမမူ၊ အတူကျင့်အပ်လှပေသည်။

စာပေစသော အတတ်ကို ယဉ်၍ ပညာဖြင့် အသက်မွေးသောသူ လူမြတ်၊ သူလတ်တို့ဝယ် ရောင်းဝယ်ဖောက်ကား၊ သူတစ်ပါးကိုသာ မှီငြားသူယုတ်၊ ဥစ္စာပစ္စည်း အားနည်းပြန်က၊ ကေန်မသွေ၊ မှီရချေ၏။

စစ်မြေမှာ တောင့်တသည့် သူရဲ။
ချစ်ဆွေကို တောင့်တသည့် စားပွဲ။
ခက်ခဲနက်နဲသော အရာမှာ တောင့်တသည့်ပညာရှိ။
တိုင်ပင်ရာရှိမှ တောင့်တသည့် လုံခြုံသသူ။
ရန်သူကိုဝေးအောင်ခွာ မြွေနှင့်တူစွာကျင့်။
အရာအခွင့် သိသသူကို ပေါင်းဖော်လေ၊ရေနှင့်တူစွာပြု။

ဤသုံးခုမှာ အခါမရွေး ဝေးအောင်နီးအောင် ကြံဆောင်နှလုံး သွင်းရာသည်။

ရှက်ကြောက်ခြင်းရှိသော ပြည့်တန်ဆာမ။
ဒါယကာတို့လှူသောပစ္စည်းဖြင့်မရောင့်ရဲသော ရဟန်းသား။
တိုင်းကားပြည်ရွာ၌ဥပေက္ခာပြု၍ လျစ်လျူရှုသောမင်း။

ရှက်ကြောက်ခြင်း မရှိသော အမျိုးသမီးတို့သည် လျင်စွာ ပျက်စီး၍ အကျိုးမပြီးရာ။

စည်ကြီးသံ အလွန်မှာ တစ်ယူဇနာအရပ်၊ မိုးကြိုးသံ အလွန်မှာ သုံးယူဇနာအမှတ်၊ တစ်ဆယ့်နှစ် ယူဇနာလည်း တဝိကပ်၊ ဒါနပြုပြီး၍ ကောင်းချီးပြုသံမှာ လောကဓာတ်၊ ဤသုံးရပ်သော အသံကိုလည်း ကျမ်းဂန်နှင့်ညှိ။

မြင်း၏ အချိုးကိုလည်း တစ်ခု။
သတ္တဝါစိုကိုလည်း တစ်ဝ။

မိန်းမ၏ ကိလေသာ၊ အောင်ရာကို သူသိနိုင်ခဲသည် တစ်ဆင့်၊ အကျင့်ကို သိနိုင်ခဲသည်တခြား။
ယောကျ်ားတို့ ဘုန်းတန်းကို ယော်ယမ်း၍ သိနိုင်ခဲသည်တပြား။
ရှားသောမိုး၏ လက္ခဏာကို သိနိုင်ခဲသည်တသွန်။

ကင်းပုစွန်၊ ကင်းမြီးကောက်၊ မြွေဟောက်၊ မြွေပွေးတို့ အဆိပ်ကား အမြီးဖျားတွင်သာ။ သူယုတ်တို့ အဆိပ်မှာ တစ်ကိုယ်လုံးနှံ့သဖြင့် ပျံ့၍တည်ရာသည်။

လယ်ယာလုပ်တတ်မှု၊ ဇော်မွတ်သည်မရှိရာ။
သီလ ကုသိုလ် စေတနာကြောင့် ပါယ်ရှားလားထုံး မရှိချေ။
ဆိတ်ဆိတ်နေခြင်းကြောင့် ငြင်းခုံခိုက်ရန် ကင်း၏။
နိုးကြားခြင်းကြောင့်ကား ဘေးကင်းသည်ကေန်။

အဒန္တဒမ္မန် ဒါနံ၊ ဒါနံ သဗ္ဗတ္ထ သာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိစ။

သုံးလူ့ဘ၏၊ မိန့်ဟဒထွေသံ၊ နည်းကိုစံ၍၊ သံသရာဘယ၊ ဝဋ္ဋဒုက္ခကို၊ နေ့ညတွေးထောက်၊ လန့်ကြောက်မြင်မြော်၊ သူဒတော်နှလုံး၊ တရား

သုံးလျက်၊ ဤထုံးပုံစံ၊ သက်သေခံ၍၊ နိဗ္ဗာန်ပြည်မ၊ မရမီအကြား၊ ဘုံသုံးပါးတွင်၊ ချားရဟတ်သွင်၊ ကျင်လည်ရမည့်အမှုကို၊ နိဗ္ဗိန္ဒပညာနှင့်၊ အခါခါကြည့်ရှု၍၊ အကုသိုလ်ရန်ညစ်ကို၊ မချစ်မခင်ပဲ၊ ဖြူစင်သောသဘောနှင့်၊ အဒေါသ စေတသိက်၊ ပြဟ္မာစိုရ်ဓရဖိတ်၍၊ မွေးဝိဇ္ဇာ မြူမှောင်ကို၊ ဉာဏ်ဟန်ဆောင်ညှိထွန်းလျက်၊ ကျွန်းမော်သာခေါင်၊ နိဗ္ဗူသောင်သို့၊ ရောက်တည့်အောင် ရမ်းရွယ်၍၊ ဆယ်မည်နှသာပုညာ၊ မြတ်ဓမ္မကို၊ နေ့ညမယုတ်၊ အားထုတ်ရာသည်။





## ပုတ္တောဝါဒ ဆုံးမစာ

# သိမှတ် ဖွယ်ရာ

ပုတ္တောဝါဒ ဆုံးမစာသည် သားငယ်ကို အဖ၊ အမိ၊ နှမတို့က ဤနည်း နည်း သွန်သင်ဆုံးမသည့် အနေဖြင့် ရေးသားထား၍ ပုတ္တဩဝါဒ သားကို ဆုံးမခန်းဟု အမည်ပေးထားသည်။ ကျမ်းဆရာကပင်–

''ပုတ္တာဝါဒ၊ မည်ရတွင်မှန်း၊ လက်ာကျမ်းကို''

ဟူ၍ အမည်တပ်ပေးခဲ့ပေသည်။ ကျမ်းဆရာနှင့် ပတ်သက်၍လည်း ''ထုံး ဟောင်းနည်းနာ အဖြာဖြာကို သိသာစေလို ကဗျာချီနှင့် ဆိုအံ့သောငှာ ဆားတုံရွာ၏ ဒီသာတောင်စောင်း စဥ်းငယ်စောင်းသည် ချောင်းရှေ့ဘက် ကမ်း ပန်းကားဝေဝေ သီးမျိုးတွေ၍ ရေကားအေးမြ ရိပ်ချမ်းလှနှင့် သာလှ ဝိဟာ ကျောင်း၌သာလျှင် ဇူရိယာပိုထ် မျှသောခိုက်တွင် နှစ်ခြိုက်ဝမ်းသာ ဆို လိုက်ပါသည်''ဟူ၍ အတိအကျ ဖော်ပြထားသဖြင့် ဆားတုံဆရာတော်ဟူ၍ ပင် အမည်တပ်ခြင်းမှာ ပိုမိုယုတ္တိ တန်ပေသည်။

ထိုဆားတုံရွာသည် အဘယ်မှာရှိသည်ကို စူးစမ်းရန်ရှိပေသည်။ မုံရွာ နယ်တွင် လည်းကောင်း၊ တောင်တွင်းကြီးနယ်တွင် လည်းကောင်း၊ ဆားတုံ ချောင်းဟူ၍ ရှိပေသည်။ သို့ရာတွင်ဆားတုံရွာဟုဆိုထားသဖြင့်တစ်ကြောင်း၊ ဆရာတော်၏ကျောင်းသည် ထိုရွာ၏ တောင်ဘက်စောင်းစောင်း၊ တစ်စုံတစ် ခုသော ချောင်း၏ အရှေ့ဘက်ကမ်းတွင် ရှိကြောင်းဆိုထားသဖြင့် တစ် ကြောင်း၊ ထိုချောင်းအမည်မှာ ဆားတုံချောင်း ဖြစ်သော်မှ ဖြစ်ပေမည်။ မည်သို့ပင်ဖြစ်စေ ထိုဆရာတော်သည် ပုတ္တောဝါဒ ပျို့တစ်စောင်ကို ရေး သားကြောင်း တွေ့ရှိရသဖြင့် များစွာ မထင်ရှားခဲ့ပေ။

အချို့က ပုတ္တောဝါဒ ဆုံးမစာကို အတုလဆရာတော် ခင်ကြီးဖျော် ရေး သားဖွယ်ရှိကြောင်း ဖော်ပြပေရာ ဆရာတော် ရေးရိုးမှန်လျှင် အခြားကျမ်း များမှာကဲ့သို့ နိဂုံးတွင် အတည့်အလင်း ဖေါ်ပြမည်သာ ဖြစ်ပေသည်။ ရှင် ယသ ရေးသော ရဲရည်တက် မော်ကွန်းကိုပင် အတုလဆရာတော် ခင်ကြီး ဖျော် ရေးသည်ဟု အမှတ်မှားဖူးလေသည်။ ''မင်းမသိ မြဟ္မဒတ်၊ ပြည်မသိ ဗာရာဏသီ'' ဆိုသကဲ့သို့ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဤတွင် ခိုင်မာသော ဆားတုံဆရာတော် ရေးရင်အားဖြစ်ဖြင့်သာ လက်ခံထားပေသည်။



# ၃။ ပုဏ္ဏောဝါဒ ဆုံးမစာ

## ဆားတုံ ဆရာတော်

၁။ ဇမ္ဗူရောင်ရွှေ၊ ရွှန်းရွှန်း ဝေသည်၊ သပြေမည်ခံ၊ ပြည်နိဗ္ဗာန်သို့၊ အမွန်ကူးဖို့၊ ငါးကြိမ် ပွိုသား၊ မြတ်ဘုရားတို့၊ ငါးပါး မည်ရပ်၊ ဘဒ္ဒကပ်ဟု၊ တိုက်မြတ်မင်္ဂလာ၊ မဏ္ဍချာလျှ၊ ငါးခါ ပွင့်မှန်၊ ကကုသန်ဟု၊ နိဗ္ဗာန်သခင်၊ မြတ်ထွတ်တင်နှင့်၊ ထို့ပြင် နောက်တုံ၊ ကောဏာဂုံက၊ ကဿပဟု၊ လူ့ဘဘုရား၊ ရှင်စောများနှင့်၊ သုံးပါးနောက်မှ၊ ဂေါတမဟု၊ သကျရာဇာ၊ စိန္တေယျာ်ကို၊ သိသာထိပ်ပြင်၊ ပန်းသို့ဆင်မှ၊ ဓမ္မသဃ်ာ၊ မြတ်နှစ်ဖြာကို၊ သိသာဝန္ဒန၊ ဦးနှိမ်ချ၍၊ ညွတ်ခကော်ရှော်၊ ရှိပူဇော်မှ၊ မိနှင့်ဘ၏၊ ဆုံးမစကား၊ သားတို့များကို၊ ဆိုငြားပြောဟော၊ ဟုတ်လှမောသည်၊ ပုဏ္ဏောဝါဒ၊ မည်ရတုင်မှန်း၊ လင်္ကာကျမ်း ကို၊ တတ်စွမ်းသာချို၊ ဖွင့်၍ဆိုပိမ့်၊ နားချိုကြပါ၊ ဒါယကာတို့၊ ဤစာထူးဆန်း၊ လင်္ကာကျမ်းကို၊ ရွှေပန်းပမာ၊ ဆင်တို့ပါက၊ သူငယ်လှတို့၊ ရှုလိမ့်ပညာ၊ သာလိမ့်သူ့ထက်၊ တက်လိမ့်စီးပွား၊ များလိမ့်ခြွေရံ၊ စံလိမ့်စည်းစိမ်၊ ငြိမ်လိမ့်ချမ်းသာ၊ သာလိမ့် ကျက်သရေ၊ ဤကျမ်းရွှေသည်။ ။သပြေပန်းသို့ လန်း၏တည်း။

၂။ ပန်း၏ပမာ၊ ဤလင်္ကာတွင်၊ မာတာပိတာ၊ ဆိုဆုံးမသား၊ ထို စကားကို၊ မှတ်သားကုန်ကြ၊ မိန့်လိုက်ပြအံ့၊ မွှေးဘလက်ရုံး၊ မြပန်းကုံးသို့၊ နှလုံးဝမ်းက၊ ချစ်နိုးလှသည်၊ သားလှရွှေတောင်၊ ဘသည်းခေါင်။ ။နားထောင်၍သာ၊ စေ့စေ့နာလော့၊ မိရှု

ရည်၊ တည်မည်အကြောင်း၊ ကောင်းသားကျင့်ဝတ်၊ စာအာသတ်
ကို၊ သားမြတ်ယခု၊ ထက်ကြောင်းမှုလော့၊ ဗဟုသုတာ၊ မရှိကမူ၊
လျော့ကျမရတူ၊ လူမဟူရ၊ ရှက်ကြီးရသိမ့်၊ နောင်တဆယ်ကြိမ်၊
ညှိုးပိန်မျက်နှာ၊ ပွဲမှာမဝင်၊ပြင်မှာမရောက်၊ တောမှာမျှောက်သို့၊
ခြေထောက်လက်စုံ၊ ရှိပါတုံလျက်၊ လူပျက်လူနွမ်း၊ လူပေါက်
ပန်းနှင့်၊ လူသွမ်းလူပေါ၊ ထဲသာ့ခသာ့ဟု၊ ကဲ့ရဲ့ပြုလိမ့်။ ။
ညီပုရှက်မည် ထင်၏တည်း။

၃။ ထို့ကြောင့်သားတွေး၊ ငယ်ကွေးလေးကာ၊ လူရေးလူရာ၊ ရှိစိမ့်
ငှာဟု၊ ကျောင်းမှာမြဲနေ၊ စာပေသင်သင်၊သို့လျှင်သို့ဖတ်၊ သို့မှတ်
သို့ရေး၊ သို့မေးသို့ဖြေ၊ သို့နေသို့ထိုင်၊ သို့ကိုင်သို့ကြွ၊ သို့ကွ သို့
ကုန်း၊ သို့သုံးသို့စွဲ၊ သို့လဲသို့ထား၊သို့စားသို့သောက်၊သို့လျှောက်
သို့ဆို၊ သို့ကိုသို့ကျင့်၊ သို့နှင့်သို့လျှိုး၊ သို့ရှိခိုးဟု၊ မြက်နိုးလှစွာ၊
ညီ့ဆရာက၊ မိန့်သမျှကို၊ ညီလှမင်းရွှေ၊ မမေ့စေနှင့်၊ စေ့ရေ
မွေးဘာ၊ မှာသမျှကို၊ ညီလှရွှေနား၊ ချပ်ကာထားရျှ။ ။သည်း
ဖျား မှတ်စေချင်၏တည်း။

၄။ သည်းဖျားမှတ်စိမ့်၊ တဖန်မိန့်အံ့၊ နှစ်သိမ့်ဝမ်းသာ၊ ညီနား
နာလော့၊ လူ့ရွာလျှပ်ပေါ်၊ ရှင်မြူးပျော်သည်၊ သူတော်
မဟုတ်၊ လူယုတ်လူသောင်း၊လူပူးတောင်းနှင့်၊ မကောင်းမှုများ၊
နေ့တိုင်းပွားသည်၊ သောက်ပွားယစ်ဝ၊ လူ့ဗာလက၊ စသည်
လူတွင်၊ လူလေဖင်နှင့်၊ ပျော်ရှင်စကား၊ လူမိုက်များတို၊
ပေါင်းငြားရံခါ၊ နီးယှဉ်လာလည်း၊ ဝေးစွာသားလှ၊ ခွာနိုင်
မှတည့်၊ သားလှကိုယ်ကျိုး၊ စုံပြည့်ဖြိုးလိမ့်၊ ကြိုးလေးသားလှ၊
မှာသမျှကို၊ မချမြဲဝယ်၊ မပယ်နှင့်သား၊ ဘသားကိုး၊ ရှင်
အားရှု့၍။ ။သားလှမှတ်စေ ချင်၏တည်း။

### အမိက သားကို ဆုံးမခန်း

၂။ ဤသို့ပိတာ၊ ဘမြတ်စွာက ဆိုပြီးမှလျှင်၊ ကြီးလှဗဟို၊သောင်မြင်း
မိုရ်ဝည်း၊ ပုံဆိုနိုင်းစာ၊ မွေးမာဘာက။ ။ထပ်ကာဆိုတုံ
ပြန်၏တည်း။

၆။ မွေးမိဆံထုံး၊ ရွှေပန်းကုံးကို၊ နှလုံးဝမ်းက၊ သတ်မှတ်ရသည်၊ သားလှရွှေကောင်၊ မိမျက်နှောင်။ ။မောင်ငယ် သားထွေး၊ နှာကိုလေးလေ့၊ ရှေးရှေးဘဝ၊ သံသာရဉ္စ၊ မောင်နှင့်ဘငေါ၊ ရေသွန်းပါ၍၊ ဟယ်ဘိမောင်နှံ့၊ ငှက်သဏ္ဍာန်သို့၊ တူစုံလှည့်ရာ၊ စွဲလာသန္ဓေ၊ နေသည်ကစ၊ သားလှချမ်းသာ၊ ရစိမ့်ငှာဟု၊ ပူဆာပေခါး၊ မစားတို့ရ၊ ထကြွဖြေးဖြေး၊ ကိုယ်ရေးကိုယ်ထက်၊ ဆယ်ဆတက်၍၊ သက်ထက်ကြင်နာ၊ မောင့်ကိုသာလျှင်၊ ချမ်းသာမြင်ကြောင်း၊ လက်ဆယ်ချောင်းကို၊ ခေါင်းမှာရွက်တင်၊ မျက်နှာမြင်လည်း၊ ရွှေစင်အလား၊ သားယောကျ်ားကို၊ ငါ့အားမြင်လို၊ ဆုတောင်းဆို၍၊ ညကိုရေချမ်း၊ နံနက်ဆွမ်းနှင့်၊ ဖြန့်မွမ်းတုလွတ်၊ သုံးလူ့နတ်ကို။ ။မိမြတ်ပူဇော် ကုန်၏တည်း။

၇။ ဤသို့သန္ဓေ၊ စွဲလာနေ၍၊ ဆယ်လစေ့သော်၊ ကြွေ့ကြွေ့ ဝမ်းသာ၊ မောင့်မျက်နှာကို၊ မာတာမိခင်၊ မြင်ရသောခါ၊ ဥပမာမူ၊ ရတနာပျိုး၊ ရွှေအိုးပဒေသာ၊ ပေါက်ပေလာသည်၊ ပမာမမျှ၊ မောင်သားလှကြောင့်၊ ဝသည်ပီတိ၊ ရှိသည်ရိုးတွင်း၊ ခြင်ဆီချင်းမျှ၊ ချစ်မောလှလျက်၊ သန်းဖျကြမ်းပိုး၊ မှက်ခြင်မျိုးက၊ ဟူသမျှလည်း၊ ကိုက်ရမဲ့ပါ၊ မောင့်ကိုသာလျှင်၊ ချမ်းသာစိမ့်ကြောင်း၊ သမားကောင်းနှင့်၊ ဆေးကောင်းစားစား၊ ရှောင်ရှားအစာ၊ ဤသာကျန်းတော၊ ရှိစေသောဟု၊ စိတ်ဇောကြည်သာ၊ ဆုတောင်းကာနှင့်၊ တဖြာညောင်ရေ၊ စထွေးနည်၊ သွန်းချမယွန်း၊ ဖန်ဖန်ပွန်းသည်။ ။ရှန်းရှန်းနေ့တိုင်း စိုဖြဲတည်း။

၈။ နေ့တိုင်းနေ့တိုင်း၊ သားသက်နိုင်းကို၊ ကသိုဏ်းအတု၊ မပြုတ်ပြုသည်၊ ရှုမငြီးဘိ၊ မျက်စိမျက်နှာ၊ ယပ်ခါခါသည်၊ မြင်ပါချင်စိတ်၊ ရေသို့ဖိတ်လျက်၊ သားလှသက်သည်၊ ထို့ထက်တာရှည်၊ တည်ပါစေသား၊ မောင်ရွှေသားဟု၊ သနားကရုဏာ၊ မေတ္တာစုံမက်၊ ကိုယ့်အသက်ထက်၊ ဆတက်ကြင်နာ၊ မိမာတာကား၊ ထပ်ခါပိုးပွား၊ မွှောက်ကားထကြွ၊ တော့တာတော့တိ၊ မပီစကား၊ အသံကြားလည်း၊ သနားကြင်နာ၊ မျက်နှာရှင်ပျ၊ မြင်တို့ရလည်း၊ ဝမ်းကမဆံ့၊ ပီတိနှံ့လျက်၊ နှစ်သက်ရှင်ပြုံး၊ သားရွှေတုံးကို။ ။မျက်လုံးကဲ့သို့ ထင်၏တည်း။

၉။ မျက်လုံးပမာ၊ သားသည်းချာတို့၊ ကောင်းပါစေလို၊ ပညာကိုလည်း၊ နုပျိုငယ်က၊ သင်ချေမှုတည့်၊ ထိုမှရွယ်ရောက်၊ တံခွန်ဆောက်သို့၊ တစ်ယောက်ထင်ပေါ်၊ နှံ့သိကျော်လိမ့်၊ငယ်သော်ငယ်က၊ များသိပ္ပကို၊ တစမသင်၊ လေ့ဖင်၍သာ၊ အိမ်မှာလည်းပျော်၊ နေချော်မှု၊ လူမဟူရ၊ လူအလူကန်း၊ လူးနှမ်းလူရူး၊ သည်ထက်ထူး၏၊ မူးမူးမောမော၊ သောက်ယစ်ပျော်လိမ့်၊ ကရော်ကမည့်၊ဖြစ်လတ်သည်ကား၊ ယွင်းမမှားတည့်၊မျက်ဝါးထင်ထင်၊ သို့ပင်ရှေ့ထား၊ ကသိုဏ်းလားသို့၊ မယ်ဘွားစိတ်က၊ မြင်ချင်စွတည့်၊ တနမသိ၊ ဖြစ်ချေဘိက၊ ငါ့သားလှသည်၊ ဒုက္ခခပဲ၊ ကေန်မြဲအံ့။ ။ဆင်းရဲနွမ်းရှာ လိမ့်မည်တည်း။

၁၀။ ဤသို့ဖြစ်၍၊ ချစ်လည်းချစ်လှ၊ ငါ့ဝမ်းမှလည်း၊ ဆယ်လလည်းလွယ်၊ ငါ့သက်နှယ်သို့၊ ငါ့ဝယ်လည်ဆင်၊ နေ့တိုင်းကြင်သည်၊ လူလျှင်ဖြစ်ဘိ၊ မယ့်မျက်စိသည်၊ သိလည်းသိပါ၊ မွေးမိမှာအံ့၊ နာလည်းနာလော့၊ မမေ့လျော့နှင့်၊ မပေါ့နှင့်သား၊ မိစကားကို၊ ငါ့သားမောင်ပု၊ ငယ်ရွယ်နုက၊ ဗဟုသိပ္ပ၊ဟူသမျှကို၊တတ်လှလျှင်အောင်၊ မောင်ငယ်ပျို့ထွား၊ ကျောင်းသို့သွား၍၊ ရှင်အားရရ၊ စာပေကျမ်း၊ လှလှလက်ရေး၊ ငါ့ရင်သွေးသည်။ ။သားထွေးရင်နှုး သင်ချေဦး။

## နှမက မောင်ကို ဆုံးမခန်း

၁၁။ ဤသို့ဘခင်၊ ကျေးဇူးရှင်နှင့်၊ မိခင်မာတာ၊ ဆိုပြီးခါမှ၊ တူသာဖွားမြောက်၊ တစ်ဝမ်းပေါက်သည်၊ တစ်ယောက်ဆိုရ၊ နှမကမူ၊ မောင်ကိုဟူက၊ ဌာရသတွင်၊ သိပ္ပထိုထို၊ အတတ်ကိုလျှင်၊ တတ်စေချင်၍၊ နားဝင်စေလို၊ လှက်ာချိုနှင့်။ ။မောင့်ကို ဤသို့ ဆိုသနည်း။

၁၂။ ရှေးဟိုသံသာ၊ ဆက်များစွာတွင်၊ လူ့ဒါသီလ၊ ပြုကြအတူ၊ ရှေ့ဂူဝင်ဖက်၊ ရေစက်တူလောင်း၊ ရှေ့ကျောင်းတူသွား၊ တရားတူနာ၊ မေတ္တာတူပြု၊ ဤကောင်းမှုကြောင့်၊ ကျေးဇူးသခင်၊

မွေးမိခင်နှင့်၊ ဝမ်းတွင်းသန္ဓေ၊ ရှေ့နောက်နေ၍၊ ရင်ငွေ့မြတ်နိုး၊ ရှေ့နောက်စို့မည်၊ နှစ်လိုဖွယ်လှ၊ ကျွန်နှမ၏၊ သိသဦးလုံး၊ ရွှေပန်းကုံးသို့၊ နှလုံးဝမ်းက၊ ထင်မောလှသည်၊ လှလှဆင်းရောင်၊ နှမမောင်၊ ရွှေတောင်အသွင်၊ မောင့်ကိုကြင်၍၊ နားဝင်စေကြောင်း၊ နှုတ်သံညောင်းနှင့်၊ ပျောင်းပျောင်းပျူပျူ၊ ဆိုသမျှကို၊ နာပမောင်ထွေး၊ နာဘိလေးလော့၊ လူရေးလူရာ၊ လူခြင်းရာက၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ ဆယ့်ရှစ်ပါးတွင်၊ တအင်အင်ကို၊ အကြြင်သသူ၊ မတတ်မူကား၊ ထိုသူအားလျှင်၊ စီးပွားမရောက်၊ ချမ်းသာပျောက်၍၊ သူ့နောက်ကသာ၊ ရှိတုံ့ရာလိမ့်။ ။ ချမ်းသာရမည် ခဲ၏တည်း။

၁၃။ မရချမ်းသာ၊ ငယ်သောခါက၊ ကျောင်းမှာမကြီး၊ နွယ်ဖျားသီးသည်၊ ဗူးသီးမွေးနု၊ လက်သပ်ပြုသို့၊ ရမှုပညာ၊ ငယ်ရွယ်စွာက၊ ဆရာထက်ကြပ်၊ မဆည်းကပ်မိ၊ နှပ်နှမြော၊ လွန်လှမောဟ၊ ဆိုသောကာလ၊ နောင်တရလိမ့်၊ မောင်လှအိမ်ဝယ်၊ လုပ်ဆောင်ဖွယ်ကို၊ မောင်ငယ်ဆံမျှ၊ မကြောင့်ကြနှင့်၊ နှမတို့ရေး၊ ရှိစေသေးလော့၊ ငယ်သားငယ်ရွယ်၊ ငယ်နုနယ်က၊ မောင်ငယ် ပညာ၊ ရှိအောင်သာလျှင်၊ မောင်သာကြိုးစား၊ ကျောင်းကန် သွား၍၊ ရှင်အားရရ၊ လှလှကွေးကွေး၊ စာရေးတတ်မူ၊ လို့လပြုလော့၊ ဗဟုသုတ၊ များသိပ္ပကို။ ။မောင်လှသင်ချေပါဦးလော့။

၁၄။ ဤသို့သာယာ၊ ပျားသကာလည်း၊ ပမာမမျှ၊ ချစ်နှမက၊ မောင်လှကိုသာ၊ လူရေးရာဌ၊ လိမ္မာစေလို၊ တစ်ဖန်ဆို၍၊ နားချ မောင်လှ၊ မွေးဘမျက်စိ၊ မွေးမိမျက်တောင်၊ နှမမောင်။ မောင်ငယ်ရင်သွေး၊ နာဘိသေးလော့၊ ''ရှေးသရောအခါ၊ ပြည်ဗာရာဏသီ၊ ကုဋေကြွယ်သား၊ သူဌေးအားလျှင်၊ သားတစ်ယောက်ဖြစ်၊ ချစ်၍ တစေ၊ အိမ်မှာနေ၍၊ စာပေမကျေ၊ မိဘစုတေ့၊ ခန္ဓာ ရွှေ့သော်၊ အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိပါငြားး၊ သူဌေးသားသည်၊ ဆိုထားမတတ်၊ အနှိပ်ရပ်ဦး၊ နှီးသပ်ဥစ္စာ၊ ရှိသည်မှာကို၊ များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊ ယူ၍ပြေးရှောင်း၊ အိမ်ကိုးရောင်း၍၊ ထောင်းထောင်းကြေလျက်၊ ခွက်လက်

စွဲကာ၊ တောင်းစားပါလည်း၊ နှင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာနေသသည်။ ။ကောင်သေ လင်းတ ကျ၏တည်း’’။

၁၅။ ဤသို့ပမာ၊ နည်းနယာ၌၊ မိုက်စွာလှငြား၊ သူဌေးသားကို၊ ရွှေသားမောင်ဖြူ၊ နားတံချဲ့ပြုဖြင့်၊ ချူတုံမရွေ့၊ တောင့်တလေ့ဖြင့်၊ စေ့စေ့နှလုံး၊ ယူပြီးဆုံးမ၊ ကွင်းထုံးရှေးမှီ၊ ရေပေါ်ဆီသို့၊ အညီထင်ပေါ်၊ ပညာကျော်အား၊ ဆည်းကပ်သွား၍၊ စကားဆီလွှာ၊ ပညာရှိပုံ၊ ဆင်စွယ်စုံသို့၊ မတုန်မလှုပ်၊ မရှုပ်မထွေး၊ ပညာဆေးဖြင့်၊ အမေးအဖြေ၊ ဆိုလေသမျှ၊ ဟနလရာရာ၊ ပြဿနာကို၊ လျင်စွာဖြေကြောင်း၊ ပညာလောင်း၍၊ ကျမ်းပေါင်းဝတ္ထု၊ ဗဟုသုတ၊ ရွှင်ရွှင်ရွှတ်လေ၊ ဆိုခါထွေလည်း၊ မပြေမပြစ်၊ အထစ်ထစ်နှင့်၊ အဆစ်အဖု၊ အခုမဟုတ်၊ အရှုပ်ရှုပ်သည်၊ ဗရုတ်ဗယက်၊ ကြောင်ဖားချက်သို့၊ ရှက်စလီလီ၊ ရွံဖွယ်ရှိလျှင်၊ မသိရှေ့နောက်၊ တောဝယ်မျောက်လား၊ ဆိုသားဆိုခွင့်၊ ဆိုလင့်ဆိုရာ၊ မသိပါက၊ တော့အအနှင့်၊ တုန်အနှုတ်ထွက်၊ လူပျက်လူမွေ၊ လူ လေနှင့်၊ မနေကျောင်းမှာ၊ စာပေမတတ်၊ ငယ်၍သေငြား၊ သူဌေးသားသို့၊ တရားမကျ၊ လူ့ဗာလကို။ ။မောင်လှရွှောင်စေ ချင်၏တည်း။

၁၆။ ဤသို့ပမာ၊ ထုံးပုံရှာ၍၊ အရာအထောင်၊ လူတို့ဘောင်ထက်၊ တို့မောင်တက်၍၊ ထက်မြက်လိမ္မာ၊ တို့မောင်သာလျှင်၊ တတ်ပါစိမ့်ကြောင်း၊ တစ်ပင်ကောင်းသော်၊ တစ်သောင်းမှီရာ၊ တို့မောင်မှာလည်း၊ ပမာထိုသို့၊ ထက်လေမြိုက၊ တို့နှမသည်း၊ ထင်ရတော့မည်၊ အမှတ်တည်၍၊ ဆိုသည်ထုံးပုံ၊ အလုံးစုံသည်။ ။အကုန်ဤတွင် ပြီး၏တည်း။

၁၇။ ဤသို့မိဘ၊ နှမပေါက်ဖော်၊ တိုက်တွန်းဆော်သား၊ ထိုစကားကို၊ ဆိုငြားပြီးလျှင်၊ ဆရာတင်၌၊ မြဲပင်နိစ္စ၊ ကပ်ဆုံးမ၍၊ တနသင်္ကြောင်း၊ ထုံးဟောင်းနည်းနာ၊ အဖြာဖြာကို၊ သိသာစေလို၊ ကဗျာချိနှင့်၊ ဆိုအံ့သောဌာ၊ ဆားတုံရွာ၏၊ ဒိသာတောင်စောင်း၊ စဉ်းငယ်စောင်းသည်၊ နှေချောင်းဒေရှ့ဘက်ကမ်း၊ ပန်းကားဝေဝေ၊

သီးမျိုးတွေ၍၊ ဖရကားအေးမြ၊ ရိပ်ချမ်းလှနှင့်၊ သာလှဝိဟာ၊ ကျောင်းဦးသာလျှင်၊ ဣရိယာပုထ်၊ မျှသောခိုက်တွင်၊ နှစ်ခြိုက်ဝမ်းသာ၊ ဆိုလိုက်ပါသည်။ ။လက်ာပန်းသို့ လန်းဖော်သည်း။

၁၈။ ပန်းအိုးပမာ၊ ပျို့လင်္ကာတွင်၊ မာတာပိတာ၊ ချမ်းခင်လှ၍၊ နှမပေါက်ဖော်၊ ကျူးကြောင်းမျှော်လျက်၊ နှိုးဆော်ကုန်မြောက်၊ ကျောင်းသို့ရောက်လှ၊ မြတ်ဆရာလည်း၊ သို့မှာသို့ဖြေ၊ နှုတ်သံလေးနှင့်၊ ညီထွေသည့်နှယ်၊ လက်သူကြွယ်နှင့်၊ လက်ဝယ်ကိုကား၊ ဤသို့ထားမှ၊ လက်မသိုသိမ်၊ လက်ညှိုးပိတ်၍၊ နှိပ်ကာလှည်းကြ၊ မှကာလည်းဖြေ၊ နှုတ်သံလေးနှင့်၊ အေးအေးသဲရွှင်၊ လက်ထားသင်သည်။ ။ဤတွင်အာဒိ အစသည်း။

၁၉။ အာဒိပထမ၊ နမောစ၍၊ သို့ချသို့ဘင်၊ သိုင်သို့ဆင့်၊ သို့ပင့်သို့ရစ်၊ ပြေပြစ်အက္ခရာ၊ အရာရောက်ကို၊ သံသာစေချွင်၊ ဖတ်ရွတ်လျှင်လည်း၊ သို့လျှင်သို့ဒုတ်၊ သို့မှတ်သို့ဆို၊ သို့ကိုသို့ခေါ်၊ သံလေးသံဖြတ်၊ သံလွတ်သံပေါ်၊ နာပျော်နာသာ၊ နားဟန်ဆာကို၊ သိသာလျှင်အောင်၊ မီးဟန်ဆောင်ကို၊ လောင်လတ်သော့လား၊ ဘောင်ထပ်ဖျားဝယ်၊ စိုက်ထားမိုးတွင်၊ တံခွန်တင်သို့၊ နာသင်ချိုအေး၊ နှုတ်သံလေးနှင့်၊ အေးအေးရွင့်ရွင့်၊ လက်ဖြင့်နားတွင်း၊ ဆုပ်၍သွင်းသို့၊ မတင်းမလျော့၊ မပေါ့မလေး၊ လူရည်သွေးသည်။ ။စာရေးတတ်၍၊ စာဖတ်သူ့ထက် ထူးစေသော။

၂၀။ ဤသို့ပထမ၊ နမောကကို၊ စ၍သင်ပြီး၊ သင်ပုန်းကြီးလုံး၊ သုံးဆယ့်သုံး၍၊ နှလုံးပိုက်၍၊ ခြိုက်ခြိုက်အားရ၊ တတ်ပြီးမှတည့်၊ မင်္ဂလသုတ်၊ ဆယ့်သုံးပုဒ်ကို၊ အားထုတ်လို့လ၊ မကြာရခင်၊ ဓိပ္ပာယ်ငင်၍၊ သိမြင်စိမ့်ကြောင်း၊ ပညာလောင်းသား၊ မပေါင်းဖက်ရာ၊ သူမိုက်မှာသို့၊ မကပ်လျှိုနှင့်၊ မြင်းမိုရ်ပမာ၊ ရှိပညာကို၊ ဆည်းကပ်လျှိုလော့၊ ငါတို့ဆရာ၊ သမ္မာသမ္ဗုဒ္ဓ၊ အာဒိစ၍၊ ဓမ္မာရား၊ ရှစ်ပါးအင်္ဂါ၊ အရိယာနှင့်၊ ပူဇာရဟ၊ ထိုက်ပေလှသည်၊ မြတ်လှဆရာ၊ ပိတာတို့ကို၊ ကြည်ညိုနှစ်လို၊ ပူဇော်တို့လော့၊ ဤသို့မှန်စွာ၊ အာဒိဖြာ၍၊ သုံးဆယ်စေသား၊ မြတ်ဘုရားနှင့်၊ ရှစ်ပါးနွန်းပါ၊ မင်္ဂလာဟု၊ ဒေသနာထူးခြား၊ ဤတရားကို၊ ရှင်အားရရ၊ ညီသျှမှတ်၍။ ။စာတတ်သူ့ထက် ထူးစေသော။

၂၀။ ဤသို့မြတ်စွာ၊ မဂ်လှာဝ်ဟု၊ ဒေသနာထူးခြား၊ ဤတရားကို၊ ရှင်အားရရ၊ ချပြီးမှလျှင်၊ ဇာတ်တော်တွင်လည်း၊ အလျှင်ရှေးရှိ၊ တေမိအစ၊ နောက်မှဆုံးစွန်၊ ဝေဿန္တရာ၊ ဆယ်ဖြာဇာတ်ပေါင်း၊ နှုတ်သံညောင်းနှင့်၊ ညီကောင်း-သို့သင်၊ သို့တွင်-သို့ရှိ၊ သည်ပါဠိ၌၊ လာရှိမိပ္ပာယ်၊ အသွယ်သွယ်ကို၊ညီယေ်သို့ဆို၊ သည်ပါဠ်ကိုလည်း၊ နာချိုပါမြို့၊လွန်နှစ်လို့လျက်၊ ဤသို့နက်ငေး၊ ဤအရေး၌၊ ညီထွေးသို့မှတ်၊ သို့စပ်သမ္မန်၊ သို့မမှန်ဟု၊ မချန်မထား၊ ငါစကားကို၊ သည်းဖျားချပ်၍။ ။စာဖတ်သူ့ထက် ထူးစေသော။

၂၂။ ဤသို့မဟာ၊ ဇာတ်ဆယ်ဖြာတွင်၊ မိပ္ပာယ်ငင်၍၊ သွန်သင်ပြီးမှ၊ အဋ္ဌသဒ္ဒါ၊ ကျမ်းရှစ်ဖြာတွင်၊ ရင်းချာမူလ၊ သန္ဓိစသည့်၊ သရသို့လာ၊ ဒီဃမှာမူ၊ ဤသို့ဟူ၏၊ ဗျည်းမူသုံးဆယ်၊ သုံးလုံးဝယ်လည်း၊ သိလွယ်လှစေ၊ ကေစတ္တာ၊ အက္ခရာသော်၊လေးဆယ်ကျော်လျက်၊ တစ်လုံးပြွက်တည့်၊ ရုပ်တွက်သောခါ၊ တကြာကို၊ သို့သာပုဒ်ဖြတ်၊တည်ပြီးလတ်မှ၊ သို့မှတ်သို့ခွင်း၊ သို့ကြွင်း-သို့ခစ၊ သို့ချေ သို့ကပ်၊ အပြီးသတ်ဟု၊ နှုတ်မြတ်သြဇာ၊ မြတ်ဆရာတို့၊ နည်းနာညွှန်ပြ၊ မိန့်သမျှကို၊ညီလှနားသွင်း၊တွက်စေချင်သည်။ ။ မြင်မြင်သူ့ထက် သာစေသော။

၂၃။ ပိဋ္ဌကတ်ဟု၊ ကျမ်းမြတ်သုံးပုံ၊အလုံးစုံကို၊ရောက်တုံသော်လည်း၊ နည်း၏မထင်၊ ကျမ်းကျင်မည်ပါ၊ အက္ခရာနှင့်၊ သဒ္ဒါကျမ်းကို၊ လှည့်ကာဆိုမှ၊ ဝတ္တုစသည်၊ ဖတ်ထလင်္ကာ၊ ပျို့ကဗျာ၌၊ လိမ္မာစေလို၊ သတ်ပုံကိုလည်း၊ နှုတ်ချိုရွှရွ၊ သင်ကောင်းလှ၏၊ သို့မှစာတတ်၊ သတ်လပ်သေချာ၊ ချေလိမ္မာလိမ့်၊ နားသာချင့်ဖွယ်၊ အသွယ်သွယ်နှင့်၊ နားဝယ်နှစ်သိမ့်၊ မျိုးချင်းစိမ့်လိမ့်၊ ဖိမ့်ဖိမ့်အက္ခရာ၊ ရေးသောခါလည်း၊ သေချာလှစွာ၊ ကနှင့်ပကို၊လည်းကျ မတူ၊ ညံမူတခြား၊ ယကားတသွယ်၊ နငယ်နှင့်မ၊ မတူကြတည့်၊ ကွဲကြသည်သာ၊သတ်ညွှန်းစာလည်း၊မျှာစွာရှိပေ၊အထွေထွေကို၊ ညီရွှေတပည့်၊ သင်စေလှည့်လော့၊ တည့်တည့်သို့မှ၊ စားကောင်းရှာသို့၊မိုးဝကောင်းကင်၊ သိန္ဓောနှင်းသို့၊ လျှင်လေသော်လား၊ ရေကယားမှ၊ ယိုဌြားရေစက်၊ ပြွန်ပြွန်ထွက်သည်။ ။ သူ့ထက်ညီထွေး ကဲစေသော။

၂၄။ ဤသို့အံ့ဖွယ်၊ အသွယ်သွယ်နှင့်၊ သူငယ်တို့ကို၊ တတ်စေလို၍၊
ဆိုသည်အစဉ်၊ စကားယဉ်တွင်၊ မပြီးခင်၌၊ မှတ်ချင်ရေးရာ၊
လူ့ဘာသာသည်၊ ရှိပါတို့သေး၊ ညီကလေးကို၊ ရွေးပဲမှုးမတ်၊
ခွဲကျပ်ပိဿာ၊ ဆယ်ရာထောင်သောင်း၊ သိန်းသန်းသောင်းနှင့်၊
ရက်ပေါင်းသင်္ချာ၊ လမှာနှစ်စစ်၊ သက္ကရာဇ်ထံုး၊ ခုကား
ဘယ့်နှယ်၊ ဆယ်ကားဘယ်ကို၊ မှတ်ကုန်မြို့လော့၊ မပေါ့နှင့်ကား၊
တပည့်များတို့၊ စပါးဆန်ရေ၊ ရွှေငွေခဲမ၊ ပြောင်းပဲစသည်၊
ဤမျှဤရွေ့၊ ဤနေ့ဤလ၊ ဤကာလ၌၊ ချေထစားယူ၊ ထိုသည့်
သူကား၊ တိုးပွားမည်မျှ၊ ငါကချလစ်၊ သက္ကရာဇ်သည်၊ စစ်သော်
ဤမျှ၊ တွက်ချက်ရလျှင်၊ ဆံမျှမယုတ်၊ စက်မှုန်ခုတ်သို့။ ။
ဟုတ်ဟုတ်ညီထွေး တတ်စေသော။

၂၅။ လူရေးလူရာ၊ လူလိမ္မာဟု၊ ဖြစ်ပါဒလခေ၊ ကျောင်းမှာနေက၊
များသိဿကို၊ သင်ကြစမြဲ၊ မချွတ်လွဲတည့်၊ ကဲစေသူ့ထက်၊
ညဲ့နံနက်များ၊ မပျက်မြဲစွာ၊ သရဏာနှင့်၊ ပဉ္စသီလ၊ အဋ္ဌဉပုသ်၊
ကိုယ်နှုတ်နှလုံး၊ စောင့်သုံးကုန်ကြ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊
သည်သုံးပါးကို၊ ပျို့ထွားမောင်လု၊ စီးဖြန်းကြလော့၊ ငယ်စွ
ငယ်သူ၊ ငယ်၏ဟူ၍၊ မယူသေမင်း၊ မနေလျှင်းတည့်၊ အိုမင်း
လှသော၊ သေမင်းလာ၍၊ ယူလာတော့မည်၊ မမှတ်တည်နှင့်၊
မည်သည့်ချိန်ခါ၊ မဒရှ့သာတည့်၊ ရာဇာသေမင်း၊ ခွင်းလေ
တတ်စွ၊ သတိရလော့၊ မမေ့လျော့နှင့်၊ မပေါ့နှင့်ကား၊ ထမင်း
စားလည်း၊ ဦးဖျားယူလျှင်၊ သင်ပုတ်တင်မှ၊ စားကုန်ကြလော့၊
အိပ်ကြသောခါ၊ လက်ဆယ်ဖြာကို၊ ထိပ်မှာတင်ထား၊ မြတ်ဘုရား
နှင့်၊ တရားသံဃာ၊ ကိုးကွယ်ရာဟု၊ အိပ်မှတ်ပြုမှ၊ နိုးလေက
လည်း၊ ဗုဒ္ဓမွှော၊ သံဃာဟူကား၊ မြတ်သုံးပါးကို။ ။ညီကား
ပူဇော် လေလင့်လော။

## မိဘမကောင်းလျှင် သားတို့က တဖန် ဆုံးမရန်

၂၆။ ဤသို့များစွာ၊ တတ်စရာကို၊ လှည့်ကာဆိုမှ၊ မိနှင့်ဘ၏၊ ကြီးလှ
ကျေးဇူး၊ သင်ပေဖူးကို၊ အထူးပြုပိမ့်၊ နွားနွားစိမ့်လော့၊ နှစ်သိန်း

လေးသောင်း၊ ပေါင်းသည့်ဤမြေ၊ ထူးထူးခထွလည်း၊စိမ်းရွှေ ထွားထွား၊ တားရှင်လားသို့၊ ကျယ်များစကြဝဠာ၊ ကြီးရော လည်း၊ အပ်မှာနဖား၊ ထွင်းဖေါ်လားနှင့်၊ မမြဲ့းပုံဆို၊ဘောင်မြင်း မိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏၊ နက်လှစွာရှောင်း၊ ရှစ်ခသောင်း လေးဆောင်၊ ရေဖောင်ဖောင်နှင့်၊ သဲချောင် သမုဒ္ဒရာ၊ ရေများစွာလည်း၊ ပမာမလောက်၊ မိုးရေပေါက်သို့၊ အံ့လောက်အရာ၊ မိမာတာနှင့်၊ မိတာအဘ၊ မြတ်ဂုဏအား၊ ဆပ်ဖြေးပါလို၊ မိကိုလက်ယာ၊ ဘမ္မာလက်ဝဲ၊အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သိုပင်နိစ္စ၊ လုပ်ကျွေးကြသည်၊ ရှေးကပြုဖူး၊ မွေးကျေးဇူးကို၊အထူးမြဲခိုင်၊မဆပ်နိုင်တည့်၊ပိုင်မည်အကြောင်း၊ တရားကြောင်းကို။ ။ညီကောင်းနားဝယ် စိမ့်လေ့လော့။

၂၉။ နားဝယ်စိမ့်ငှာ၊ ငါ့ဆရာလျှင်၊ မာတာမိတာ၊ ဂုဏ်ကိုပြ၍၊ ပုတ္တ တို့အား၊ ဆပ်ပြားပိုင်ကြောင်း၊ ဖော်ပြရှောင်း၍၊ မကောင်း မိဘ၊ ဓမ္မမတည်၊ မကြည်မညို၊ ဝန်တိုမိစ္ဆာ၊ ပါဏာတိပါတ်၊ သတ်ခတ်လုယူ၊ မဖြူနှလုံး၊ မသုံးသီလ၊ ဒါနမပွား၊ မသွား ကျောင်းကန်၊ ဟုတ်လှမှန်သား၊ မိဘအားကို၊ တရားစောင့် စောင့်၊ တော်ဖြောင့်လှစွာ၊ မိစ္ဆာမဖောက်၊ မသောက်သေစာ၊ ပါဏာသူ့သက်၊ ခိုးဝှက်ယူမှု၊ ဤငါးခုကို၊ မပြုနှင့်ဗျာ၊ လူ့ဒါ မပြတ်၊ ပိဋကပါတ်လည်း၊ မလပ်နေ့တိုင်း၊ မရိုင်းကျောင်းကန်၊ အမှန်သွားသွား၊ တရားနာနာ၊ ရတနာသုံးဦး၊ မပြတ်ဖူး၍၊ ကြည်နူးလှစေ၊ ညောင်ရေလည်းသွန်း၊ ဆီမီးထွန်းလျက်၊ ဆွမ်း ကွမ်း လက်ဖက်၊ ရေစက်ချချ၊ လှူဒါနနှင့်၊ သီလဥပုသ်၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးဗျာပါ၊ မိမာဘာတို့၊ ဤသို့ဆိုတတ်၊ တို့သားမြတ်ကို။ ။ဆပ်ဆပ်ကျေးဇူး မိုး၏တည်း။

၃၀။ ကျေးဇူးဆပ်ဟု၊ ထူးမြတ်လှစွာ၊ ကျမ်းလာဗျာကို၊ သိအာစေလှ၊ ဖော်ပြပေအံ့၊ ညီနေ့ရှတပည့်၊ နားဝယ်ထည့်လော့၊ တည့်တည့် မရှက်၊ ဟုတ်တိုင်းထွက်ပိမ့်၊ ဘဝဂ်နှင့်ကျော်၊ သုံးလူ့ဘော်၏၊ မိန့်တော်မူထ၊ သာသနာကို၊ ကြည်လှစိတ်သန်၊ ထွတ်နိဗ္ဗာန်သို့၊ အမှန်ရောက်လို၊ မိမိကိုယ်ကို၊ ကြည်ညိုသမှု၊ ရှင်ပြုကုန်ကြ၊ ပဉ္စင်း ကကို၊ ရကြမထေရ်၊ ထိုသူသည်တို့၊ ငယ်ကစို့သည်၊ ရင်နို့

ရည်ဖိုး၊ ကြိုး၍ဆပ်ပေ၊ ပိုင်လေသသူ၊ ချင့်တွက်ယူစာ၊ မတူ ဘက်ရှား၊ မြတ်ဘုရားလျက်၊ ရွှေနှုတ်မြွက်ကို၊ နှစ်သက်သမှု၊ သာဓုဖကား၊ သုံးကြိမ်ကြွေး၏၊ ဘုရားသာသနာ၊ ယခုခါလှည်း၊ ကြုံပါသည်ကျိုး၊ မိန့်ဖိုးကို။ ။ကြိုး၍ညီထွေး ဆပ်လေလော့။

၂၉။ နို့ဖိုးပြေကြောင်း၊ ကောင်းသားကျင့်ဝတ်၊ ပိဋကတ်ကို၊ ဟုတ် ဟတ်ကြားကာ၊ များသိသတို့၊ မှတ်ကြလိမ့်မည်၊ အကြောင်း ပြည့်၍၊ ရေးသည်ကဗျာ၊ ပျို့လင်္ကာ၌၊ ရှေးခါဖြင့်ဖူး၊ ဂုဏ် ကျေးဇူးကို၊ အထူးပြလို၊ တစ်ဖန်ဆိုအံ့။ နာချိုကြပါ၊ ဒါယကာ တို့၊ ဗာရာဏသီမည်၊ ရွှေပြည်နဂရာ၊ ထိုပြည်သာ၌၊ ရာဇာပြဟ္မ ဒတ်၊ မြင်းပြူလတ်သော်၊ တိုင်းရှင်ကျော်၏၊ လောင်းတော်အထွတ်၊ ဗောဓိသတ်လျှင်၊ မြတ်လှမိမှာ၊ စွဲလှာသန္ဓေ၊ ဆယ်လနေ၍၊ ဖွားသည်နေ့မှ၊ စသည်ရေလစ်၊ ခုနစ်နှစ်လျှင်၊ ရောက်ချင်ချင် သော်၊ အတိုးတော်လည်း၊ မမြော်မျက်စိ၊ ဖြစ်ရှာဘိ၍၊ မချိ ဆင်းရဲ၊ လက်စွဲကိုင်လျက်၊ ပြင်သို့ထွက်လည်း၊ လက်ဆက်တူပင်၊ ဝင်လည်းတူပေ၊ သို့တစေလျှင်၊ မအေမိခင်၊ အိမ်တွင်ကြီးငယ်၊ လုပ်ဆောင်ဖွယ်ကြောင့်၊ စိုးရိမ် နှောင့်လျက်၊ မောင့်ဘ ကြောင့် သာ၊ အိမ်မှာကိစ္စ၊ ချွတ်ယွင်းရခဲ့၊ မောင့်ဘကိုလျှင်၊ လှည်းနှင့် တင်၍၊ တောခွင်သတ်လေ၊ ငါ့မိစေကာ ငါ့မွေးဘမူ၊ လူကို ဘယ့် နှယ်၊ သတ်ရမယ်ဟု၊ ဆဲရေးပြုလျှင်၊ တိတ်တိတ်ပင်တည့်၊ နောက် လျှင် များစွာ၊ ဆိုသောခါ၌၊ ရှာပါမိခင်၊ လှည်းနှင့်တင်မြောက်၊ တောသို့ရောက်က၊ လှည်းမှချ၍။ ။ အဘတွင်းတူး လေ၏ တည်း။

၃၀။ ထိုသို့ဆိုခါ၊ တို့မြတ်စွာ၏၊ လောင်းလျာသည်းဖြစ်၊ ခုနစ်နှစ်သည်၊ ချစ်လည်းချစ်ဖွယ်၊ နုနယ်စလှ၊ လုလင်လူလျှင်၊ အဘနှင့်သား၊ တောသို့သွား၍၊ ကြောင်းလျားမသင့်၊ ပြုကျင့်အပ်သည်၊ အသာတ် ဟူက၊ မှတ်ယူဝမ်းတွင်၊ ဉာဏ်ဆင်ခြင်မှု၊ ငါ၏ဘကို၊ ငါမှုကယ်သူ၊ မရှိမူ၍၊ တွင်းမူတခြား၊ အဘသွား၍၊ တူးပြောလေလျှင်၊ သားစင်တို့မှာ၊ တွင်းတူးရာသို့၊ မကြာတူရှု၊ သွားလေမူလျှင်၊ အဘမြင်သော်၊ ညီလျှင်ဖန်ရည်၊ ဘယ်ပြုမည်ဟု၊ ဆိုသည်စကား၊ ကြားလတ်သောခါ၊ သား သည်း ချာ လည်း၊ အဘမှာထား၊ ဘယ်သို့ထားဘိ၊ ထံပါး ကြပ်ကြပ်၊ မေးတုံလတ်သော်၊ အကြောင်း

ဖော်၍၊ နာပျော်ဖွယ်သာ၊ မောင့်မာတာသည်၊ တောမှာမြှုပ်
လေ၊ ငါ့ကိုစေ၍၊ သေအောင်ရိုက်ချိုး၊ မောင့်ငယ့်ဘိုးကို၊
အရိုးမကြွင်း၊ ဤသည့်တွင်း၌၊ ထည့်လျှင်းပြီးမှ၊ ငါသားလှ
နှင့်၊ တူကွမကွာ၊ငါတို့ရွာသို့။ ။တူသာသွားကြ စို့၏တည်း။

၄၁။ ဤသို့ဆိုသား၊ထိုစကားကို၊ကြားလတ်သောခါ၊သားပုတ္တာကား၊
သံဝါမြမြ၊ ဤသို့ဟ၍၊ မွေးဘချည်းသာ၊ ပြန်တို့ပါလော့၊
ငါမှာတင်းကြီး၊ မပြီးလက်စ၊ ရှိလေထဲဟု၊ မြမြသံစာ၊ ဆိုသော
ခါလျှင်၊ မောင့်မှာဘယ်ကြောင့်၊ပူဆောင့်ပူဆာ၊တူးရှာသနည်း၊
ငါ့ခမည်းဟု၊ မိန့်ဆိုပြုသော်၊ ငါ့ဘိုးတော်ကို၊ မြှုပ်ကြသော်
လား၊ ငါ့ဘအားလည်း၊ ဆိုဌားသောခါ၊ ဤတွင်းမှာလျှင်၊
ငါသာမြှုပ်မည်၊ အကြောင်းရည်၍၊ တူးသည်မွေးဘ၊ နူတ်သံ
မြနှင့်၊ ဆိုထစကား၊ ကြားလတ်သောခါ၊ ဘပိတာလည်း၊ ငါ
သာမိုက်လှ၊ သံဝေရလျက်၊ တွင်းမှတက်၍၊ နှစ်သက်ဝမ်းသာ၊
နမ်းရှုပ်လာမှ၊ ငါ့သားလှသည်၊ တောဝမ္ပိုင်သာ၊ တူမပါမူ၊
ပိဘာအဘ၊ မွေးဘဂိုယ်လုံး၊ ခုအဆုံးဟု၊ နှလုံးမဆံ့၊ လွန်
ကြောက်ရွံ့မူ၊ မွေးသည့်ဘကို၊သံမြသာချို၊ ဤသို့ဆို၏၊ မြင်းမိုရ်
သမုဒ္ဒရာ၊ စကြဝဠာ ပထဝီ၊ ဤသည်မြေထက်၊ ကျေးဇူးနက်
သည်၊ ပြိုင်ဘက်ခဲစွာ၊ဘပီတာက၊ များစွာမကောင်း၊မူအဖေပါင်း
တွင်၊ မွေးဘခင်ကို၊ အကြင်သသူ၊ သတ်ချေမူကား၊ ထိုသူအား
လျှင်၊ ဇမ္ဗူပြင်ကို၊ စည်သွင်မျက်နှာ၊ ညှိပြီးစွာလျှင်၊ ရွှေပလ္လင်
တည့်၊ တည်တုံဘိ၍၊ များဘိသဿာ၊ ထောင်နှင့်သာလျှင်၊
မြှာ်စွာဘုရား၊ အဆွတ်ထားကို၊ ကြည်ညိုသဒ္ဓါ၊ ပင့်တို့ပါ၍၊
ဒိဝါရတ္တ၊ ဆွမ်းကဖြူဖြူ၊ နေ့တိုင်းလှူလည်း၊ ပူသည်ဆင်းရဲ၊
ပါယ်ဝဋ်ထဲမှ၊ လွဲသည်မရှိ၊ ဒုဂ္ဂတိကို၊ သိစေဘ်မူပါ၊ဘပိတာဟု၊
သံဝါမြမြ၊ ဆိုဆုံးမသည်၊ မွေးဘပိတာ၊ ထိုအခါမူ။ ။လွန်
စွာ ကြောက်ရွံ့တုန်၏တည်း။

၄၂။ ကြောက်ရွံ့ပြင်းစွာ၊ ဘပိတာကို၊ မြိုင်သာတောဝယ်၊ အသွယ်
သွယ်နှင့်၊ ဆန်းကြွယ်လှစွာ၊ ပုံစံရှာ၍၊ ထိုခါဤတွင်၊ ထိုဘခင်
လည်း၊ ငါတွင်မိုက်စွ၊ ငါ့သားလှသည်၊ တောဝမြိုင်ခြေ၊ ပါတ
ပေ၍၊ မသေငါ့ဘ၊ ချမ်းသာရ၏၊ မကျငါလျှင်၊ စိစိတွင်သို့၊
မဝင်တို့ရ၊ လွတ်ပေစွဟု၊ အားရဝမ်းသာ၊ သားသည်ချာနှင့်၊

ပိတာတို့လျှင်၊ အိမ်သို့ဝင်က၊ ကြည်လင်ကော်ရော်၊ ရှိပ္ပဇော်မှု၊ မြတ်လှလုပ်ကျွေး၊ မွေးမြူရည်ရွာ၊စုတေ့ခါဝယ်၊နတ်ရွာစံစား၊ ရသည်များကို၊ ငါးရာ့ငါးဆယ်၊ ဇာတ်တော်ဝယ်၌၊ အကျယ်များစွာ၊ ရှိလေရာတည့်၊ နာသာရုံမျှ၊ စဉ်းငယ်ပြသား၊ ပုံစံများကို၊ မှတ်သားကုန်ကြ၊ ညီသိဿတို့၊ မိဘတို့အား၊ တရားတိမ်းစောင်း၊ကျင့်မကောင်းက၊ ဆိုဆုံးမလေ၊သားလှမကောင်း၊ မိဘခေါင်းတည်း၊ သားကောင်းမိဘ၊ ခံရမည့်ရေး၊ အလွန်ဝေးစွ၊ မိဘနှစ်ပါး၊ ကောင်းသောသားကား၊ များ၏လူတွင်၊ ဖြစ်မည်ပင်ဘည့်၊ မိခင်မွေးက၊ သားတို့မျှကို၊ ဆုံးမကြပါ၊ တချို့မှာကား၊ ငါ၏သားသည်၊ သနားစလှည့်၊ ဖြစ်ပေ၏ဟု၊ ရှုကြည့်သာယာ၊ ကျောင်းမှာမထား၊ အိမ်တွင်သခးနှင့်၊ စကားရေးရာ၊ ရှိသောခါမူ၊ ငါ့မှာလျှာမဲ့၊ ဟူသကဲ့သို့၊ ကဲ့ရဲ့စရာ၊ မျက်နှာမလှ၊ မိနှင့်ဘသည်။ ။ရှက်ရကောန် သဘောတည်း။

## သားကောင်း သောတာထေရ်ကယ်မ၍

## အဖမုဆိုး နတ်ပြည်ရောက်ဖူးကြောင်း

၄၄။ ရှက်ရမှန်စွာ၊ သားပုတ္တာကို၊ မှန်စွာငယ်က၊ မဆုံးမမူ၊ မိဘတလည်း၊ ရန်သူမည်ဟု၊ ဆိုသည်စကား၊ ထုံးစံများကို၊ မှတ်သားကုန်ကြ၊ မိနှင့်ဘလည်း၊ ကျလုအပြီး၊ ဝိစိနီးလျက်၊ နတ်ပြည်တက်၍၊ သို့ပက်စံစား၊ သားစကားကြောင့်၊ ဖြစ်ပြွားတို့လေ၊ ပုံသက်သေ၊ မှတ်စေစိမ့်မှာ၊ ဆုံးမစာကို၊ သိသာရုံမျှ၊ ပြပြီးမှတည့်၊ ဘုရားသာသနာ၊ တော်၌သာလျှင်၊ သားရှေ့စင်ကို၊ ကြည်လင်ဘမှု၊ ရဟန်းပြုပြွား၊ မိဘများ၌၊ ရငြားချမ်းသာ၊ ရှိဖူးစွာဘိ၊ သိသာလျှင်အောင်၊ ဓိပ္ပာယ်ဆောင်အံ့၊ နားထောင်ကြပါ၊ ဒါယကာတို့၊ မြတ်စွာဘုရား၊ အထွတ်ထား၏၊ ထင်ရှားနာမ၊ ကျော်ပေါက်ပြသည်၊သောဏတွင်ခေါ်၊ တပည့်ကျော်၏၊ ခမည်းတော်ကား၊ တရားမသိ၊ မိုက်လှဘိ၏၊ သတိမရှေး၊ ခွေးလှည်းများစွာ၊ ရံစကာနှင့်၊ ကြီးစွာတောင်ထက်၊ နေ့တိုင်း

ရက်လည်း၊ တက်၍ရှာဖွေ၊ ခွေးတတွေနှင့်၊ နေ့ရွေရက်များ၊ တိုဘအားကို၊ သနားစွာလှ၊ ရှင်သောကား၊ မွေးဘ၍သို့၊ မဖျင်းမြို့နှင့်၊ သိုပင်တခေ၊ ဆုံးမလေလည်း၊ မနေတို့ပါ၊ဟောသို့ သာလျှင်၊ သွားပါစမြဲ၊ လိုလဲလဲနှင့်၊ အိုမြဲဇရာ၊ ရောက်သော ခါမှ၊ သားသောကာမူ၊ကျောင်းသို့ယူထ၊ မွေးသည့်ဘကို၊မြတ်လှ တရား၊ ဟောပြောသမှု၊ ရဟန်းပြုသည်။ ။သေလုလျားနီးတွင်တည်း။

၃၄။ သေလုနီးနီး၊ တရားကြီးတွင်၊ မွေးဘခင်ကို၊ ကြည်လင်စေမှု၊ ရဟန်းပြုလျှင်၊ မကြွာခင်၌၊ တောခွင်မြိုင်ခြေ၊ ခွေးတတွေနှင့်၊ ရှာဖွေလည်းပြု၊ မကောင်းမှုကြောင့်၊ ယခုထင်ထင်၊ မြင်သည့် ထင်ရှား၊ တောင်ထိပ်ဖျားက၊ ဆင်းပြေးတုံလှာ၊ ခွေးများစွာကို၊ ပိတာအဘ၊ မြင်လေကလျှင်၊သားလှကယ်ပါ၊ ခွေးများစွာသည်၊ လာထပြီးကား၊ ငါ့အသားကို၊ စားကြမချွတ်၊ အသေသတ်ချိမ့်၊ လွန့်ကြောက်ထိန့်၍၊ ဖိန့်ဖိန့်လည်းတုန်၊အသက်ခုန်၍၊ ကြောက်ဟုန်ပြင်းစွာ၊ ရှိသောခါမှ၊ သတိရလည်း၊ ငါ့ဘ တောခွင်၊ ခွေးနှင့်ဝင်၍၊ ရှာချင်ခဲ့ထ၊ ထိုပါပသည်၊ ခုကပင်လျှင်၊ ပါလေးခွင်သို့၊ ငင်၍ချမည်၊ ရည်ပြီးဟကား၊ ငါ့ဘအားလည်း၊ မလားပါယ်ရွာ၊ ရှိစိမ့်ငှာလျှင်၊ ငါသာအရေး၊ဖြစ်ချေသေး၏၊ ထေးထေးဖာဖား၊ ဘပိတာကို၊ ငါသာနတ်ပြည်၊ တင်ပါမည်ဟု၊ ကြံစည်ပြီးမှ၊ များသိဿအား၊ တောဝမြိုင်ချေ၊ ပန်းထွေထွေကို၊ ရစေပြီးမှ၊ မွေးသည်ဘကို၊ ခတ်လှမွေတော်၊ ကျိန်းဝပ်ပျော်သား၊ ကျောင်းတော်စေတီ၊ သို့လျှင်ချီ၍၊ ရှုအိဖွယ်သား၊ ပန်းများစွာနှင့်၊ ပူဇာရဟ၊ ဤပုညကို၊ မွေးဘအိုလျှင်၊ ဖန်စ်ရင်၏၊ စိတ်တွင်ကြည်စေ၊ ငါ့ဖအေဟု၊ ဆိုလေသောခါ၊ ဘပိတာလည်း၊ ချမ်းသာအားရ၊ ကြည်ဆွဆွလျှင်၊ ဖြစ်စေမျှင်သော်၊ ခွေးလျှင်ငါးရာ၊ မလာတို့ဘဲ၊ ရှောင်ကြဉ်ဖဲ၍၊ လဲသည့်ဘဝ၊ စုတေ့ရလျှင်၊ နတ်ပြည်ခွင်သို့။ ။ဘခင်စံရလေ၏တည်း။

၃၅။ ဤသို့ဘခင်၊နတ်ပြည်တွင်၌၊ မြဲပင်တာရှည်၊စံရသည့်ကို၊နားလည်စိမ့်ငှာ၊ ဥပမာဖြင့်၊ နာသာစိမ့်ကြောင်း၊ ဆိုပြန်ရှောင်းအံ့၊ မဂ္ဂကောင်းရောဂါ၊ ဝေဒနာသည်။ ပြင်းစွာနှိပ်စက်၊ အကိုက်ထွက်

လုနီး၊ တျားတျားတီးနှင့်၊ သက်ကြီးရှိုက်ဖို၊ ထိုသူ့ကိုလျှင်၊
မိတ်ဝင်ကျွမ်းသူ၊ ဆွေတော်သူကာ၊ စသည့်မျိုးမုံ၊ အားလုံးအုံ့မှု၊
မကြောင့်ကြနှင့်၊ သက်မှုရှည်စေ၊ တိုးဝင်စေဟု၊ ဆိုလေတုံဖြား၊
ဆေးသမားကို၊ သွား၍ခေါ်မြောက်၊ အိမ်သို့ရောက်ငြား၊ ဆေး
သမားလည်း၊ လက်ဖျားစမ်းသပ်၊ သွေးသပ်ပြတ်ဟု၊ ဆိုလတ်
သရော်၊ သို့သော်လွတ်မြဲ၊ သွေးကိုစွဲ၍၊ လျှော့တွဲစီးလာ၊ ပြုတို
ပါဟု၊ ဉာဏ်ကာတို့၊ ဆိုကြမြို့သာ၊ သို့သော်၍ဆေး၊ တွင်းကို
ပေးလော့၊ လွတ်ရေးမှန်မှ၊ ကောင်းတည့်၊ ကောင်းစွာနှာနှတ်၊
မျက်စဉ်းခတ်က၊ ချမ်းသာရအံ့၊ မကြောက်လှန့်နှင့်၊ တံ့တံ့ဝန္တံ့၊
ခံသည်နှင့်သာ၊ ရက်မကြာလျှင်၊ ရောဂါကင်းထ၊ ချမ်းသာရသို့၊
ပုံချထုံ့သွင်၊ တွံ့ဖခင်လည်း၊ တောသွင်မြိုင်ခြေ၊ ရှာဖွေခဲ့ထ၊
ကျင့်ပါပလည်း၊ အာသန္နကို၊ ပါယ်လေးတန်သို့၊ ပြောင်းပြန်၊
ကျမည်၊ ထင်လှေသည်ကို၊ မထေရ်သော၊ သားပုတ္တသည်၊
ဗိစကလျှင်၊ ကုသောသွင်သို့၊ မျှားဖျင်ကုသိုလ်၊ ဆေးထုံထိုဖြင့်၊
ဉာဏ်တော်ချင့်၍၊ တိုက်လှင့်သောခါ၊ ခွေးချားစွာလည်း၊ မလာ
ဝံ့ကြ၊ ပျောက်ပျက်မ၍၊ ကောင်းလှအာရ၊ ဉာဏ်သင့်ကြုံ၍။ ။
နှုတ်ဘုံစံစား လေ၏တည်း။

## သားသုံးပါး

၃၉။ ဤသို့ပမာ၊ အဖြာဖြာကို၊ ပညာယှဉ်၊ လူတို့တွင်လည်း၊ အကြွင်
သားကို၊ တတ်စေလို၍၊ ပျို့ရွယ်ကာလ၊ စာချစိမ့်ငှာ၊ မြတ်
ဆရာသို့၊ အပ်ကြမြို့လော့၊ သားတို့ပညာ၊ ရှိသောခါလျှင်၊ ဆရာ
မကာ၊ မိနှင့်ဘကို၊ သဂ္ဂနှတ်ပြည်၊ တင်ဖူးသည်ကို၊ နားလည်ကြပါ။
ဒါယကာတို့၊ ထိုသို့မဟုတ်၊ သားတည့်ယုတ်မူ၊ ဆုတ်သည်၊
လူလား၊ ပုံမပြားတည့်၊ သားကားသုံးယောက်၊ ခုမျက်မှောက်တွင်၊
ရှိသည်ပင်တည့်၊ မိနှင့်အဘ၊ ကျင့်သမျှကို၊ ကျင့်ကြသမူ၊ အနု
ဇာတ၊ မည်ရတွင်မြောက်၊ သားတစ်ယောက်တည့်၊ တစ်ယောက်
မှာကား၊ မိဘများထက်၊ ထက်သည့်ပညာ၊ အကျင့်သာသည်၊
လွန်စွာဖြစ်ဘိ၊ အတိဇာတ၊ မည်ရတွင်မြောက်၊ သားတစ်
ယောက်ဘည့်၊ မိဘအောက်ဆုတ်၊ ယုတ်သည့်အကျင့်၊ ရှိလင့်

တန်က၊ သမုတ်ကြသည်၊ အဝဇာတ၊မည်ရတွင်မြော်ကီ၊ သား
တစ်ယောက်တည့်၊ သုံးယောက်သားတွင်၊ မိနှင့်ဘအား၊ တူကြ
မည်လား၊ လွန်ပင်ရှား၍၊ မိဘများထက်၊ ထက်မြက်လိမ္မာ၊
အကျင်သာငြား၊ ဆိုသည့်သားမူ၊ လူတွင်ခပဲ၊ လွန်ဖြစ်ခဲ၏၊
ဝမ်းထဲပိုက်ကြ၊ နှလုံးမျှလော၊ မိဘအောက်ယုတ်၊ ဆုတ်သည့်
သားများ၊ လူတလွှားအား၊ ပမာကြားစိမ့်၊ တောဖျားမြိုင်ဝယ်၊
သစ်ပင်နယ်တည့်၊ အနှစ်ရှိလည်း၊ ကြီးဘိသစ်ပင်၊ နှစ်မဲ့ချင်၏။
သစ်ပင်ကြီးငယ်၊ တောလုံးဝယ်လည်း၊ အကယ်အနှစ်၊မရှိဖြစ်ခဲ့၊
သစ်ပင်ကြီးက၊ အာဒိစ၍၊ ရံထသစ်ပင်၊ ထက်ဝန်းကျင်လည်း၊
ကာလျှင်မပါ၊ အနှစ်သာနှင့်၊ အရာထူပြော၊ ဤလေးတောသို့၊
ရှင်စောဘုရား၊ ပမာထား၍၊ ဟောကြားမိန့်မှာ၊ ပညာဆင်ခြင်၊
လူတို့တွင်လည်း၊ ဖခင်မွေးမိ၊ တရားသိ၍၊ ရှိသည့်အချင့်၊
သားကမြင့်၍၊ တင့်တင့်တယ်တယ်၊ လူ့ပြည်ဝယ်၌။ ။စင်ကြယ်
သန့်ရှင်း စေ၏တည်း။

၃၇။ သန့်ရှင်းစင်ကြယ်၊ အသွယ်သွယ်ကို၊ အကယ်သိတွေ့၊ ဆိုကောင်း
ပေသည်၊ ပဒေပဒါ၊ ကျယ်ဝန်းစွာ၍၊ နာသာရုံမျှ၊ ပြပြီးမှလျှင်၊
သိသတို့အား၊ စကားအရာ၊ အဖြာဖြာကို၊ သိသာလှစေ၊ဆိုတုံ
ပေအံ့။စကားမွေ၊ စကားပွား၊ စကားနှောက်၊ စကားလှောက်၊
စကားထား၊ စကားသွား၊ စကားလာ၊ စကားညှာ၊ စကားနှိပ်၊
စကားမိတ်၊ စကားလှယ်၊စကားဖယ်၊ စကားသွေး၊စကားလေး၊
စကားပေါ့၊ စကားလျော့၊ စကားတင်း၊ စကားသွင်း၊ စကား
မြူ၊ စကားချူ၊ စကားခေါ်၊ စကားချော်၊ စကားယုံက်၊
စကားဝှက်၊ စကားဖန်၊ စကားထန်၊ စကားနှိပ်၊ စကားရိပ်၊
စကားဖမ်း၊ စကားဆန်း၊ စကားမွေ၊ စကားထွေ၊စကားလှိုင်း၊
စကားဝိုင်း၊ စကားသာ၊ စကားနာ၊ စကားငေး၊ စကားမေး၊
စကားလျှောက်၊စကားနှောက်၊ စကားသင်၊ စကားတင်၊စကား
တည်၊ စကားရှည်၊ စကားတို၊ စကားဖို၊ စကားမ၊ စကားလှ၊
စကားပင်၊ စကားနှင်၊ စကားဆုံး၊ စကားရှုံး၊ စကားနိုင်၊
စကားပိုင်၊ စကားဖြေ၊ စကားနေ၊ စကားပွ၊ စကားကြွ၊
စကားတတ်၊ စကားနှုပ်၊ စကားသိပ်၊ စကားချိတ်၊ စကား
သွမ်း၊ စကားချမ်း၊ စကားမှတ်၊ စကားဟတ်၊ စကားလှော၊

စကားပြော၊ စကားသွေ၊ စကားသေ၊ စကားရှင်၊ စကားရွှင်၊
စကားအုပ်၊ စကားချုပ်၊ စကားမြောက်၊ စကားချောက်၊ စကား
ဟိန်း၊ စကားချိန်း၊ စကားနှေး၊ အထွေထွေကို၊ ညီဆွေတပည့်၊
မှတ်လှည့်တို့ပါ၊ သုဘာသိတ၊ ပိယသစ္စာ၊ မွေအပြား၊ အင်လေး
ပါးနှင့်၊ ညီသဖြင့်လျှင်၊ ဆိုခွင့်ဆိုရာ၊ အဖြာဖြာကို၊ သေချာ
စေ့ငု၊ ပညာရှူ၍၊ ဗဟုသစ္စ၊ ဟူသမျှနှင့်၊ သိပ္ပအပြား၊ အပါး
ပါးကို၊ မှတ်သားလောက၊ ညီသိယအား။ ။ထင်ရှားကျော်စေ
လေအံ့တည်း။

## မိတ္တဝိန္ဒက

၃၈။ ထင်ရှားကျော်မည်၊ ရှေ့သို့ရှည်၍၊ ဆိုသည့်ခြင်းရာ၊ အဖြာဖြာကို၊
မှတ်နာကုန်ကြ၊ ညီသိယတို့၊ ထိုမှတစ်ပါး၊ မိဘများ၌၊ ဖြစ်မှား
ကုန်ဘိ၊ သိစိမ့်သောငှာ၊ ဆိုလိုက်ပါအံ့၊ ရှေးခါလွန်သော၊ ပွင့်ကုန်
ပေသည်၊ ပရမေမြတ်လှ၊ ကဿပဟု၊ ဇိနထွတ်ထား၊ မြတ်ဘုရား၏၊
ထင်ရှားသာသနာ၊ တော်၌သာလျှင်၊ များစွာမနေ၊ ပြည့်စုံ
လှသည်၊ ကြွယ်ဝစည်ပင်၊ သူဌေးတွင်၌၊ သားလျှင်တစ်ယောက်၊
ရှိတုံ့မြောက်၍၊ အံ့လောက်လူငယ်၊ ပညာကျယ်တိ၊ မွမ်းဖြင်
ရှိလည်း၊ တတ်သိစိမ့်ငှာ၊ အဋ္ဌာရသ၊ ဟူသမျှကို၊ တနုမသင်၊
လေးဖင်၍နေ၊ သို့တစေနှင့်၊ စာပေမကျ၊ တနမသိ၊ မိုက်ဘိ
လှငြား၊ ထိုသည့်သားကို၊ ထံပါးအနီး၊ ခေါ်တုံ့ပြီးမှ၊ မိနှင့်
ဘမူ၊ မြွက်ဟသာချို၊ ဤသို့ဆို၏၊ သားပျိုမောင်လှ၊ ယနေ့ညကို၊
သားလှကျောင်းမှာ၊ အိပ်လေပါ၍၊ ညစာမစား၊ တစ်နေ့အားကို၊
တရားနာနာ၊ ဆည်းကပ်ပါအံ့၊ မှန်စွာမယုတ်၊ ဤထောင်ထုပ်ကို၊
ဟုတ်ရာမည်သိ၊ နားသည့်ဘိဟု၊ ဆိုသည့်စကား၊ ကြားလေ
သော့ခါ၊ သားမိုက်စွာလည်း၊ ညစာမစား၊ ကျောင်းသို့သွား၍၊
တရားဟောရာ၊ မနာလိုရှောင်း၊ လွဲပြောင်းအိပ်ပျော်၊ မိုးသောက်
သော်လျှင်၊ သုံးလူ့ရှင်ကို၊ ဖူးမြင်မရှိ၊ လာလတ်ဘိသော်၊
မွေးမိသခင်၊ ကျေးဇူးရှင်လည်း၊ ကျောင်းတွင်ငါ့သား၊ အိပ်ပေ
ငြား၍၊ မစားညစာ၊ ရှောင်ပါတုံပေ၊ ငါ့သက်ပေကို၊ မှတ်ဖြေ
စိမ့်ရည်၊ မယ်ကြိုးရည်၍၊ ချက်သည်ကြိုင်သင်း၊ ဤထမင်းနှင့်၊

ဤဟင်းကိုလျှင်၊ သားပန်းပင်သည်၊ အလျင်ရှေးဖျား၊စားပြီး
ငြားမှ၊ ရွှေ့သားမယုတ်၊ ဤထောင်ထုပ်ကို၊ အဟုတ်ငါ့သား၊
ယူတော့ကားဟု၊ မယ်ဘွားနှုတ်က၊ ဆိုမြွက်ဟသည်။ ။ချိမြ
သာယောင့် သာယာတည်း။

၃၉။ သာယောင့် သာယာ၊ သားသည်းချာကို၊ မာတာမိခင်၊ ဆိုလေ
ကျင်က၊ ထိုသားလှသည်၊ ဥစ္စာကြောင့်သာ၊ကျောင်းမှာအိပ်နေ၊
ရှောင်လေညစာ၊ စေနာမထက်၊ ထိုသားပျက်မူ၊ ယူအံ့ရွှေစင်၊
ရပြီးကျင်မှ၊ နောက်လျှင်ထမင်း၊ စားတို့လျှင်းအံ့၊ ရွှင်ခြင်း
မဲ့သာ၊ ငိုသံပါနှင့်၊မျက်နှာမလှ၊ဆိုလေကလျှင်၊မွေးမိခင်လည်း၊
ရွှေစင်တစ်ထောင်၊ထုပ်ကိုဆောင်၍၊ မောင်ဝယ်သားရွှေ၊ယူတော့
စေဟု၊ ပေးလေသော့ခါ၊ သားမိုက်စွာကား၊ ထမင်းစား၍၊
ကုန်သွားရင်နှီး၊ သဘော်စီး၍၊ ပြည်ကြီးဗာရာ၊ လိုက်မည်
သာဟု၊ မာတာမိကို၊ အကြောင်းဆိုလျှင်၊ မွေးမိခင်လည်း၊
တို့တွင်ဥစ္စာ၊ များလှစွာ၏၊ သမုဒ္ဒရာရေ၊ စီးထွေထွေကို၊စေ့ရေ
မိခင်၊ ဆိုပါချင်လည်း၊ မဝင်နားမှာ၊ မိုက်လှစွာငြား၊ ထိုသည့်
သားမူ၊ ယူ၍ရွှေစင်၊သွားမည်ပြင်သော်၊ မိခင်ရှေ့ပါး၊ဟန့်ဆီး
တားလည်း၊ သွားမည်နှင့်သာ၊ မိမာတာက၊ ဘယ်ညာလက်စုံ၊
ထွန်းလိုက်တုံသော်၊ မှောက်ခုံမွေးမိ၊ လဲလေဘိ၍၊ မချိဝေဒနာ၊
ရှိသောခါ၌၊ ထိုသားမိုက်တည်း၊ စိုက်စိုက်တန်းသွား၊ သဘော်
သားနှင့်၊ ပေါင်းငြားလေချင်၊ ပင်လယ်ခွင်သို့၊ လွင့်ကျင်
သောခါ၊ လှေနာဝါလည်း၊ ပြင်းစွာရေယဉ်၊ လေနှင့်ယှဉ်သော်၊
ကစဉ့်ကလျား၊ မျောလေသွား၍၊ ဦးဖျားဒမ်းလှိုင်၊ နံကိုင်
ပေါက်ကွဲ၊ ပင်လယ်ဝဲ၍၊ ဆင်းရဲအတိ၊ နစ်လေဘိသော်၊ မှာဘိ
လည်းလား၊ သဘော် သားတို့၊ ငါးလိပ် အစာ၊ ဖြစ်လေ
ပါ၍၊ ရေမှာသွေးဆင်း၊ လူခပင်းသည်။ ။ ရှင်းရှင်းအကုန်
စင်၏တည်း။

၄၀။ ရှင်းရှင်းစင်လေ၊ ထိုသူတော့ပင်၊ မအေမိခင်၊ တားပါချင်လည်း၊
မဝင်နားမှာ၊ မိုက်စွာလှငြား၊ ထိုသည့်သားမူ၊ ပျဉ်ပြားတစ်
ချပ်၊မှီတဲ့လတ်၍၊အရှေ့အနောက်၊တောင်မြောက်မသိ၊ မျောဘိ
ရေဝယ်၊ တလယ်လယ်နှင့်၊ ကျွန်းငယ်၌မှာ၊ တင်လေပါ၍၊ ညစာ

မစား၊ တစ်နေ့အားကို၊ ရှောင်ရှားခဲ့ထဲ၊ ကုသိုလ်မရှိ၊ ဒေဝစံသီး၊ နတ်သမီးတို့၊ ခရီးဦးကို၊ ဆိုကြကြိုလျက်၊ ဗိမာန်ထက်၌၊ နှစ်သက်ဝမ်းမြောက်၊ လေးယောက်နှင့်သာ၊ စံရပါလျက်၊ ခုနစ်ရက်လျှင်၊ စေ့ချင်သောခါ၊ ဒေဝါစံသီး၊ နတ်သမီးတို့၊ ဤသို့သာယာ၊ ဆိုတို့ပါ၏၊ လူ့ရွာကလျှင်၊ တို့ရပ်ခွင်သို့၊ ရောက်ချင်တို့ပေ၊ တို့သက်ဝေကို၊ နေ့ရှည်မကြာ၊ ရှက်လည်ခါကို၊ မောင်သာဤတွင်၊ နေစေချင်ဟု၊ သံရှင်မြမြ၊ ဆိုကုန်ကြသော်၊ နှမတို့အား၊ ဘယ်သို့သွားဟု၊ စကားသာယာ၊ မေးသောခါလျှင်၊ တို့မှာရေပြု၊ ကောင်းမှုနှစ်ပါး၊ ကျင့်တရားကြောင့်၊ တို့ကား ခုနစ်ရက်၊ ဗိမာန်ထက်၌၊ နေလျက်ချမ်းသာ၊ စံရာပါလျက်၊ ခုနစ်ရက်လျှင်၊ ငရဲခွင်၌၊ မြပင်ခံရ၊ ဤခြင်းတကို၊ မောင်လှမှတ်ပါ၊ ငရဲရွာသို့၊ သွားရှာရမည်၊ နားလျှင်လည်လော့၊ ဤသည်ထမင်း၊ ဤသည်ဟင်းနှင့်၊ မဆင်းမသက်၊ ဗိမာန်ထက်တွင်၊ နှစ်သက်ဝမ်းသာ၊ စားတို့ပါ၍။ ။မောင်သာနေနှင့် ရစ်ပါတော့။

၄၁။ စားရစိမ့်ငှာ၊ ဆိုတုံပါလည်း၊ မနာတို့ဘဲ၊ မျက်နှာလွှဲသော်၊ လှေကွဲပျဉ်ပြား၊ စီးသွားလေမြောက်၊ တစ်ကျွန်းရောက်သည်၊ ရှစ်ယောက် နတ်သမီး၊ အပြီးပြီးနှင့်၊ ငြိုးငြိုးငွေ့ငွေ့၊ စံပျော် မွေ့လျက်၊ ခုနစ်ရက်ကြာ၊ ရှိပြီးစွာလည်း၊ ပမာရှေးလား၊ မှာကြားထားလည်း၊ မျှောသွားလေမြောက်၊ တစ်ကျိပ်ခြောက်လည်း၊ ရောင်တောက်ညီးညီး၊ နတ်သမီးနှင့်၊ ဘုံသိမ်းဗိမာန်၊ ပျော်စံလေရ၊ ထိုမှတစ်ပါး၊ မျှောသွားတုံပြီး၊ နတ်သမီးတည့်၊ ဖြင်ညီးရိပ်ရိပ်၊ သုံးကျိပ်ကသာ၊ နှစ်ယောက်သာနှင့်၊ တူသာရှင်စံ၊ စည်းစိမ်ခံမှ၊ တစ်ဖန်ရှေးလား၊ မျှောသွားလေလျှင်၊ မွေးမိခင်အား၊ ပယ်လိုက်ရှား၍၊ တွန်းဖြားလည်းပြု၊ မကောင်းမှုလျှင်၊ သည်ကိုင်၍၊ ပါယ်ခွင်ကျမည်၊ ရှည်သည်နှင့်သာ၊ စောင့်ရှောက်ပါ၍၊ လေးဖြာဒွါရ၊ တံခါးမနှင့်၊ နဂရသို့၊ အင်မချို့သည်၊ မြို့ကြီးပမာ၊ ငရဲရွာကို၊ ပက်ပါထင်ထင်၊ မြင်သည်နှင့်သာ၊ ချမ်းသာမရ၊ လူထိုမျှ၏၊ ဟာစ်ထမည့်၊ သောသောသံကို၊ ကြားပြန်လေလျှင်၊ လူ့ပြည်ထင်၍၊ ငါလျှင်မချွတ်၊ ဤပြည်မြတ်၌၊ အထွတ်လူ့ဖျား၊ မင်းတရားစစ်၊ ကေန်ဖြစ်အံ့၊ မချွတ်တံဟူ၊ တက်၍ယူလျှင်၊ တံခါးတွင်၌၊ မြပင်နိစ္စ၊ ဆင်းရဲရသည်၊ ရှေးကမိကို၊ မရှိမသော၊ မထေလေး

စား၊ ပြုဖြိုးခဲ့ထ၊ ဗာလလူရှုံး၊ လူသစ်တိုးက၊ သင်္ခ္ခမုန်းစကြာ၊ ထိပ်မှာတင်သည်၊ ချာချာလည်လျက်၊ သွေးစက်စက်နှင့်၊ ထွက်သည်နှင့်သာ၊ ပွတ်ပုံစာသို့၊ ပရေဖွာထက်၊ စဉ်ထွက်အလား၊ လှစွာသွားနှင့်၊ မျက်ဝါးထင်ထင်၊ တွေ့လေမြင်သည်၊ ခါးတွင်သံလွန်၊ မျောက်သဏ္ဍာန်သို့၊ လက်ပြန်ကော့ချည်၊ ဆောက်တည်မရ၊ မွေးမိဘတို့၊ မြင်ကြလာပါ၊ ငါ့ကြမ္မာဟု၊ ငိုရှာရဖြိုး၊ ထိုသူ့အားကို၊ မျက်ဝါးထင်ထင်၊ တွေ့လေမြင်သည်။ ။လိုချင်တောင့်တလေ၏တည်း။

၄၂။ တောင့်တလိုချင်၊ အကောင်းထင်၍၊ ထိပ်ဘင်မြဲရွက်၊ သင်္ခ္ခမုန်းစက်က၊ နှစ်သက်ရှင်ပြုံး၊ ရွှေကုံးပမာ၊ ခါးမှာလည်းဝေး၊ သံလှံပြားကို၊ ဝတ်စားထင်နိုး၊ နတ်ပုဆိုးသို့၊ မွေးမျိုးနံ့သာ၊ သွေးဖြာဖြာကို၊ မှတ်ရှာဘိကျင်၊ မွေးမိခင်နှင့်၊ ဖခင်နှစ်ပါး၊ မြင်ပါလားဟု၊ ဟစ်ဖြိုးပြင်းထန်၊ ထိုအသံကို၊ ကြားပြန်လေလျှင်၊ သွားချင်သွင်သို့၊ မှတ်ထင်မိလေ၊ သို့ဖြစ်သွေကြောင့်၊ ချဉ်းလေအပါး၊ ထံသို့သွား၍၊ ထိပ်ဖျားဦးတွင်၊ အစ်ကိုဆင်သား၊ မရွှပန်းအားကို၊ ငါကားပန်ချင်၊ ကိုယ့်ခါးစွင်၌၊ ဆင်ယဉ်တင့်တယ်၊ ပုဆိုးနွယ်သည်၊ ငါ့ဝယ်မရှိ၊ ဝတ်ချင်ဘိစွ၊ မွေးဘိလှစွာ၊ ကိုယ်နံ့သာကို၊ လိမ်းပါရစေ၊ သားလုပေသား၊ သီချင်းများကို၊ ငါ့အားသင်ပါ၊ တောင်းသောခါလျှင်၊ ငါ့မှာမကောင်း၊ မှုအပေါင်းကြောင့်၊ တောင်းကြသောထက်၊ ငါ့ထိပ်ထက်၌၊ ရွက်ရစကြာ၊ ငါ့ကြမ္မာဘည့်၊ ပန်းသာမဟုတ်၊ ချည်နှောင်တုတ်သား၊ ငါ၏ခါးတွင်၊ သံလွန်များပင်၊ ဝတ်ချင်လှုံနိုး၊ ပုဆိုးတန်ဆာ၊ မဟုတ်ပါသည့်၊ ဖြာဖြာသွေးရည်၊ ယိုကျသည်ကို၊ နံ့ရည်သာလျှင်၊ မမှတ်ချင်နှင့်၊ ငါ့တွင်ငိုသံ၊ တညံညံနှင့်၊ မခံမသာ၊ ရှည်လင့်စွာကို၊ သီချင်းဆိုသို့၊ အစ်ကို့နားတွင်၊ မထင်နှင့်ကား၊ ဆိုလေဖြိုးလည်း၊ ယောကျ်ားချင်းကို၊ လို၏ဆိုက၊ မျှကြသည်ချည်း၊ လူစဉ်းလည်းဟု၊ ဆိုလေပြုသော်၊ ယခုဤသူ၊ ငါ့အစားလျှင်၊ လူ့ပြည်တွင်း၌၊ မိခင်တို့ကို၊ မရှိမသေ၊ မထေလေးစား၊ ပြုသည်ဖြိုးက၊ ငါ့အားကြမ္မာ၊ ယခုခါလည်း၊ ကုန်ပါတော့သည်၊ ဟုတ်လေမည်ဟု၊ အကြံပြု၍၊ ယူဟုစကြာ၊ ပစ်လိုက်ပါက၊ ထိပ်ချာဝ၌၊ ထွင်း၍ကိုက်သို့၊ တုန်ရိုက်ဖိမ့်ဖိမ့်၊ ကိုယ်လုံးစိမ့်၍၊ ငြိမ့်လေသောခါ၊ ခါးမှသံပြား၊ လွှက်ကားနောက်ပြန်၊ ချည်ပြန်

ကုန်ဘိ၊ သွေးတိမ်များစွာ၊ ဗရဖွာသည်၊ ပွတ်စာအလား၊ စဉ်ထွက်သွား၍၊ ခန့်ညားမသာ၊ ကိုယ့်စကြာကို၊ ယူပါတော့ဆို၊ ငိုလည်းငိုလျက်၊ ဆံမှိုနှက်သို၊ ရှုထွက်မသာ၊ တချာချာသည်။ ထိပ်မှာတည့်ဘည့် လည်၏တည်း။

၄၃။ ထိုသို့ထိပ်ချာ၊ လှည်သည်သာနှင့်၊ ပြင်းစွာနှိပ်စက်၊ ဆင်းရဲနက်သည်၊ သို့ဘက်ဗာရှည်၊ ခံရသည်ကို၊ နားလည်ကြပါ၊ ညီသိဿာတို့၊ မာဘာပိုတာ၊ မိနှင့်ဘတို့၊ ဒေါသမည့်စ်၊ မပြစ်မှားရာ၊ မကျင့်ရှာနှင့်၊ ကျင့်ရာချော်ကာ၊ တွင်းဆုံးကျသို့၊ ခံရအမှန်၊ စကြာပန်ကို၊ ပုံစံယူပါ၊ သူ့စကြာကို၊ ငါ့စကြာပြု၊ ယခုတိုင်အောင်၊ ဥဒါန်းဆောင်၍၊ လူ့ဘောင်တလွား၊ ဆိုသည်ကြား၏၊ မှတ်သားကြပါ၊ ကျမ်းဦလာကို၊ သိသာရုံမျှ၊ ရုံးလိုက်ပြသား၊ ဝါ့စကားကို၊ ဟုတ်ငြားမထင်၊ မမှတ်ချင်နှင့်၊မိခင်နှင့်ဘ၊သိပ္ပဆရာ၊ မှန်စွာဖြစ်စေ၊ ဒက္ခိဏေယျ၊ ဟုတ်ပေစွတည့်၊ ဘုရားသာသနာ၊ ကွယ်သောခါလည်း၊ ဘယ်မှာဘုရား၊ ဘယ်ကားသင်္ဃာ၊ ရတနာတိ၊ မသိပါကြ၊ မိနှင့်ဘကို၊ တုပ်ကွရှိကျိုး၊ ရှိခိုးဝန္ဒနာ၊ လုပ်ကျွေးပါသား၊ သူတို့အားလျှင်၊ နတ်ပြည်ခွင်သို့၊ ရောက်ချင်လေထ၊ စံလေရဟု၊ လူ့ဘဘုရား၊ ဟောခဲ့ထား၏၊ ဘုရားသာသနာ၊ ယခုမှာကား၊ သုံးပါးသရဏာ၊ ကိုးကွယ်ပါဟု၊ သည်မှာဘုရား၊ သည်တရားပင်၊ သည်ကားသံဃာ၊ သည်မှာမိဘ၊ ဂုဏ်ကိုပြ၍၊ သည်ကဆရာ၊ သိတို့ပါလျက်၊ နှစ်သက်ကြည်စွာ၊ မသဒ္ဒါတည့်၊ ရတနာသုံးဦး၊ မပူးမသွား၊ တရားမနာ၊ လှူဒါမပေး၊ မလုပ်ကျွေးကြ၊ မိနှင့်ဘကို၊ ညွတ်မ,ကော်ရော်၊ မပူဇော်ဘဲ၊ ရှောင်လွဲတုံငြား၊ သားတို့များလည်း၊ မီးဝါးပူထဲ၊ လွတ်မည်ခဲ၏၊ ဆင်းရဲကြီးစွာ၊ ရှိသောခါမှ၊ မွေးမယ်ဘ၍၊ မြင်ကြလှာပါ၊ ငါ့ကြမ္မာဟု၊ ပူဆာဒုက္ခ၊ စိုးရိမ်တလျက်၊ ဘယ်နှ,ရက်မှ။ ထွက်မည်အလွန် ခဲ၏တည်း။

## ဆရာကိုပြစ်မှားသည့် လှံသမား

၄၄။ ဤသို့ဖြစ်၍၊ ချစ်လည်းချစ်စွာ၊ ညီသိဿာကို၊ သာလည်းသာချို၊ လက်ာဆို၍၊ ချိုလည်းချိုမြက်၊ လေးလေးနက်သား၊ ခက်လှည်း

ခက်စွာ၊ ဥပမာဖြင့်၊ နာလည်းနာဖွယ်၊ ထုံးနည်းသွယ်၍၊ မကျယ် မကျဉ်း၊ စိုးတမျဉ်းမျှ၊ ဆိုလိုက်ပြသား၊ ငါ့စကားကို၊ မှတ်သား ကုန်ပါ၊ ညီသိဿာတို့၊ ဆရာမိဘ၊ တနသွန်သင်၊ ကျေးဇူးတင် သား၊ သူတို့များကို၊ ပြစ်မှားရှာ၍၊ သေပါလေဖူး၊ ပုံတထူး ကား၊ မြစ်နားတစ်လျောက်၊ ဏတွတ်ပေါက်၌၊ မြောက်၍ခံစား၊ ဥဗျိုင်းအားကို၊ ယောကျ်ားတစ်ယောက်၊ မြင်လေ မြောက် လျှင်၊ တုမြင်တတ်ရ၊ ဖြစ်ပေစွဟု၊ စ၍လည်းသင်၊ မိုးကောင်း တင်သို့၊ မြောက်တင်လိုက်သား၊ သစ်ချွန်များကို၊ မြေအားမကျ၊ ခံတွင်းဟ၍၊ လျှာမျှမထိ၊ ကိုက်နိုင်ဘိမှ၊ အုတ်ခဲစသည်၊ လှံမ, လှံသေး၊ ထက်စွာသွေးသား၊ သန်လျက်သွားကို၊ ကိုက်စားတို့ နိုင်၊ ပြိုင်သူမရှိ၊ တတ်ခေါင်ထိလျှင်၊ ရွာသို့ဝင်၍၊ များပြင်လာဘ် သပ်၊ အထပ်ထပ်နှင့်၊ အရပ်ရပ်သိ၊ တတ်မြောက်သိ၍၊ မင်းကြီး ရင်ပြင်၊ ပွဲသဘင်သို့၊ ဝင်၍ပြလျှင်၊ မင်းကြီးမြင်သော်၊ ရွှင်ရွှင် ပပ၊ အားပါးရ၍၊ ဆုချကြေးငွေ၊ အထွေထွေနှင့်၊ နေ့ရှည်ရက် ကြာ၊ ရှိပြီးစွာလျှင်၊ လုလင်ဘယ်မှာ၊ ဘယ်ဆရာတွင်၊ သင်ပါ သနည်း၊ ဖြည်းဖြည်းသံမျှ၊ မေးလေကလျှင်၊ ကျွန်ုပ်တွင်၌၊ သွန် သင် ဆရာ၊ မရှိပါဟု၊ ရှိကြာလက်စုံ၊ လျှောက်ပြီးတုံမှ၊ က,မြဲ က,သော်၊ လှံမ ခံတွင်း၊ အာကိုချင်း၍၊ စင်းစင်းသေလေ ကုန်၏တည်း။

၄၅။ ရှေးရှေးသေ:ကံ ပါရမီ၊ တူညီဘဝကို၊ ပေါင်းဖက်ရပေသော မိတ်ဆွေ၊ စေ့စေ့ရေလျှင်၊ မြဲကြွေနိစ္စ၊ ရှိရသည်လည်း တစ် ကြောင်း၊ ရှေးဝဋ္ဋ်ဟောင်း ကံဆုံ၍၊ မတွေ့ကြုံသော်အလွဲ၊ ဖြစ် ပျက်မြဲ ဓမ္မတာ၊ တရားကိုရှာပါလျှင်၊ အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပာဒ ဝယ ဓမ္မေနော၊ ကျော်စောကိတ္တိ၊ နှံ့သိအကြောင်းကြောင်းတို့ ကို၊ အောက်မေ့၍လည်းနေရ၊ တကွမကွာ၊ ရွှေဟင်္သာမောင်နှံ၊ ကဲ့သဏ္ဌာန်သို့၊ ပျော်စံသည်ထုံး၊ နှလုံးသွင်းပိုက်၍၊ စိတ်ကြိုက်ကို လိုရာ၊ ပညာကိုတွေးတော၊ ရွှေသဘောဝေကန်၊ ကော:င်းရာကို ကြံကြသော၊ မောင်နှံရွှေဥဒေါင်း၊ ဘုရားလောင်း ဇာတ်ပုံ၊ အကုန်သောစကား၊ ရှေ့သို့သွားရလျှင်၊ မခြားမဝေး၊ ပညာ နှင့် တွေးပါရော့၊ အဆွေးအကောင်း၊ မြော်မြင်လို့ပေါင်းရမည်၊ ပုဂ္ဂိုလ်ဟောင်း သုခမိန် အကြိမ်ကြိမ် အကြောင်းတည်း။

.....



## မာတောဝါဒ ဆုံးမစာ

# သိမှတ်ဖွယ်ရာ

မာတောဝါဒ ဆုံးမစာသည် အမိက သား (သမီး) တို့အတွက် ဆုံးမသော အဓိပ္ပာယ်ကို ဆောင်သော်ငြားလည်း ဆုံးမစာတစ်ရင်လုံးမှာ အမိအဖနှစ်ပါးလုံးက ဆုံးမသည်ကိုခြုံ၍ ရေးသောသဘော ဆောင်ပေသည်။ "မိခင်မွေးဘ ဩဝါဒကို" "မိနှင့် ဘတို့၊ ရှုကြ မရဲ၊ တလဲလဲလျှင်" စသည်ဖြင့် အာလုပ်ချီ၍ ရေးသားထားပေသည်။ မိခင်၏ ကရုဏာ မေတ္တာကို အလေးပေးလျက် "မိသက်ပေး၊ မိခင်ဆံထိုး၊ သားမင်းပျို၊ မိခင်ပန်းကုံး၊ သားရွှေတုံး၊ သားနွဲ့နှောင်း" စသည်ဖြင့် အာလုပ်ချီ၍ ရေးဖွဲ့ထားပေသည်။

ဆုံးမစာတစ်ရပ်တွင် ထုံးသံဝံသာကေများလည်း ပါရှိသကဲ့သို့ ဇာတ်ကြောင်း ဝတ္ထုများစွာကိုလည်း သွတ်သွင်းထားပေသည်။ ကျမ်းဆရာက မိမိအကြောင်းကို "ရောတစ်ယှက်၊ စီးကျထွက်သည့်၊ ရွှေ့မျက်နှာမှုး" ဟူ၍လည်းကောင်း၊ "ရွှေကျောင်းဌာနီ၊ သမုတ်ညီသည်" ဟူ၍ လည်းကောင်း၊ "သာလှရိပ်ကောင်း၊ ဝါးသိုကျောင်း၌ နေအောင်းမက္ကာ သူတော်ငါလျှင် ကျမ်းလာယူဆ သက်သေပြုလျက်" စသည်ဖြင့် လည်းကောင်း ဖော်ပြထားပေသည်။

ဆုံးမစာ ရေးသားသူတို့၏ ရည်ညွှန်းချက်အတိုင်း "မင်္ဂလာသည် သည်ကိုဖိုလ်လည်းသည်မှန် မြတ်နိဗ္ဗာန်လည်း စုန်ဆန်မရှေ့ သည်တွင်တွေ့လိမ့်" စသည်ဖြင့် နောက်ဆုံး တတ်သိလိမ္မာ၍ နတ်ရွာ နိဗ္ဗာန်အထိ ဖြောင့်တန်းပေါက်ရောက်စေမည်ဖြစ်ကြောင်း အကျိုးသား ဖော်ပြထားပေသည်။

ဆရာတော်သည် ၁၁၈၇ ခုနှစ်တွင် မိလိန္ဒပဉှာဝတ္ထုကို ရေးသားတော်မူခဲ့သေးသည်။ ဆရာတော်ကြီးသည် ဘကြီးတော်မင်း လက်ထက်တွင် ရွှေကျောင်းတင်၍ လှူဒါန်းကိုးကွယ်ခြင်း ခံရကြောင်းကိုလည်း သိမှတ်ရပေသည်။ ဆရာတော်ကို ဆံရစ်ဆရာတော်၊ တာဝတိံသာကျောင်းတိုက် ဆရာတော်ဟူ၍လည်း မှတ်သားကြပေသည်။



# မာဃတော ဝါဒ ဆုံးမစာ

ရွှေကျောင်း ဆရာတော် ဦးပညာ

၁။ ရတနာသုံးဆင့်၊ ရွှန်းလုံးတင့်ကို၊ စွင့်စွင့်ထိပ်ထက်၊ ဆင်ကာရွက်မူ၊ မျက်မကိကောင်း၊ ရောင်ခြည်မောင်းကို၊ ရောင်းသော်မစွန်၊ နှိုးရှင်းမှုန်ဏ၊ မမှောက်သွန်တလှည်း၊ ပေးသောနည်းလျှင်၊ မမည်းလျှံထိတ်၊ သူတော်စိတ်၌၊ မမှိတ်ထွန်းပ၊ လိုတိုင်းကျအောင်၊ ဩဝါဒဆန်း၊ စာပွင့်ပန်းကို၊ ရှင်လန်းညွန့်ပြ၊ သာဓကနှင့်၊ အရအမိ၊ မိပ္ပာယ်ချိ၍၊ နှိုင်းညှိရှာဖွေ၊ စိကုံးပေအံ့။ ။ ကျက်သရေလျှံပြေး ကြွင်နှံ့မွေး။

၂။ ကြားပိမ့်မင်္ဂလာ၊ မှတ်သားနာစိမ့်၊ အချာမြူတော၊ ပုလဲခွေသို့၊ မပြေမေတ္တာ၊ အခါခါလျှင်၊ ထပ်ကာကြွင်နံ့၊ နေ့တုံင်းပျံ့၍၊ ချစ်ပံ့လေးမြတ်၊ လည်ဝယ်ပတ်သည့်၊ သည်းပွတ်ရွှေစင် သဒ္ဓးလုလင်။ မိခင်မွေးဘ၊ ဩဝါဒကို၊ မခွစိတ်ထဲ၊ ကြပ်ကြပ်စွဲမူ၊ အမြဲပိုက်သို၊ နှလုံးမျှိလေ့၊ ချီဆိုမနိုင်၊ ဘုန်းဝေမှိုင်သည့်၊ ဂုဏ်လှိုင်ကုံးပါး၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ရတနာကို၊ မကွာနှစ်ခွ၊ ဆည်းကပ်ခလျက်၊ နေ့ညမကင်း၊ မြတ်နိုးခြင်းဖြင့်၊ ဝပ်စင်းကော်ရော်၊ ရှိပူဇော်၍။ ။ ထိပ်ပေါ်လက်အုပ် ညွတ်စေမင်း။

၃။ နေ့တိုင်းနေ့တိုင်း၊ မေတ္တာလှိုင်းလျက်၊ ကသိုဏ်းမှုက်ကြုံ၊ မှုန်ကြေးပုံသို့၊ အာရုံကဲဆ၊ မိနှင့်ဘတို့၊ ရှုကြမရဲ၊ တလဲလဲလျှင်၊ အင်ရွှဲ

နှစ်သက်၊ မြတ်စုံမက်သည့်၊ ဘယက်သဖွယ်၊ သားနုနယ်။ သုံးသွယ် ဂုဏ်ထူး၊ မြတ်ကျေးဇူး၌၊ ရှင်မြူးချမ်းလွှေ့၊ တထေ့ထေ့လျှင်၊ မမေ့စေရာ၊ စေတနာနှင့်၊ အိပ်ခါရှိခိုး၊ တုပ်ဝပ်ကျိုးလျက်၊ နိုးလည်းညွတ်ယိုင်၊ ထိုင်လည်းညွတ်ခါ၊ ထလည်းညွတ်ပျဉ်၊ ရပ်လည်းညွတ်တွား၊ သွားလည်းညွတ်ခွေ၊ နေလည်းညွတ်ရှိုး၊ မေတ္တာကုံးသို့။ ။ သက်ဆုံးစိတ်ခင် မွတ်စေမင်း။

## မြွေသမား

၄။ သနားစဖွယ်၊ ဆင်းနိဂါယ်မူ၊ တင့်တယ်ရှုန်းဖတ်၊ ကြာညိုချပ်သို့၊ သပ်သပ်သွယ်သွေး၊ မိခင်မွေးသည့်၊ သားထွေးရွှေဥ မယ်မျက်ရှု။ နှစ်ခုနားခွက်၊ ချိအေးမြက်လော့၊ ရွှေးထက်ကြောင်းဟန်၊ မိခင်ပြန်အံ့၊ မန္တန်မြောက်မြား၊ မြွေသမားကို၊ နဂါးမျက်အိုက်၊ ပေါက်အံ့လိုက်သော်၊ ငိုက်ဆိုက်နောက်ဆုတ်၊ ပြေးအားထုတ်လျက်၊ ခလုတ်ထိမွမ်း၊ ခြေဖည်ရမ်းနှင့်၊ ဗုဒ္ဓမ္မသရဏာ၊ ဆိုမိကာကြောင့်၊ ရှိန်ဝါမျက်တင်း၊ နဂါးမင်းလျှင်၊ ချစ်ပြင်းမြတ်လေး၊ ရွှေပန်းပေး၍၊ သက်မွေးရှင်ဝမ်း၊ သာငြိမ်းချမ်းသည်၊ မြွေဖမ်းသမား၊ ထိုယောကျ်ားကို၊ မပြားပုံတူ၊ နည်းနာယူ၍။ ။သုံးဆူဂုဏ်ရစ် ပတ်စေမင်း။

## ကပ္ပ၀န္တမင်း

၅။ နုနုထွတ်ထွတ်၊ ကြာဆန်ချွတ်သို့၊ ပန်းဝတ်မည္ဘူ၊ သင်းနံ့ကြူသည်၊ သည်းအူရင်သွေး မိသက်ပေး။ ရွှေးဖြစ်သည်ချက်၊ ထပ်ဆင့် ရွက်စိမ့်၊ ကျွန်းချက်သပြေ၊ ဇမ္ဗူမြေထက်၊ တက်နေထွန်းထိန်၊ တန်ရှိုးရှိန်သည်၊ ကပ္ပ၀န္တမင်း၊ ထွတ်မှန်ကင်းလျှင်၊ ကျွန်သင်း ရံပတ်၊ တစ်ထောင်မတ်နှင့်၊ အမြတ်ရတနာ၊ ဂုဏ်သုံးဖြာ

ကို၊ သဒ္ဒါယုံကြည်၊ မြဲဆောက်တည်မှ၊ ဝဲလည်စောင်းပင့်၊ သရိုက်ဆင့်လျက်၊ ရေဖြင့်ယှက်ထွေး၊ လှိုင်းဖွေးဖွေးနှင့်၊ ချမ်းအေးစီးရစ်၊ သုံးဟန်မြစ်ကို၊ မနှစ်မဆုတ်၊ ချက်ဘစ်ဖြုတ်လျှင်၊ သုတ်သုတ် ဟူးဟူး၊ မြင်းနှင့်ကူးကား၊ ဆွင်မြူးခုန်လွှား၊ မြင်းခွာဖျားမျှ၊ ထိပါးကာရှင့်၊ ထုံးစံချင့်၍၊ သုံးဆင့်ဂုဏ်ဝါ၊ ရတနာကို။ ။ သဒ္ဒါလွန်လေး မြဲဟာစေမင်း။

၉။ ကိုးပါးမျက်ရှင်၊ ခြယ်မှုမ်းဆင်သား၊ တောင်တင်နန်းညွှာ၊ အစနော်ဇာနှင့်၊ ပေသာမိတ္တ၊ ကျော်ပေါက်ပြသည်၊ အဂ္ဂဒေဝီ၊ မဟေသီတို့၊ ကုံးစီလန်းလန်း၊ သုံးခိုင်ပန်းကို၊ ဦးစွန်းထိပ်ဖျား၊ ဆင်ကြခြား၍၊ ရထားလှည်းဘီး၊ ရေယာဉ်စီးဝယ်၊ နီးကာမနစ်၊ မီးတွင်ပစ်လည်း၊ ဇမ္ဗူလိုက်ဆည်၊ သမိုက်ဥဒါန်း၊ စံမော်ကွန်းကို၊ မယွင်းပုံဆောင်၊ သားရွှေတောင်လည်း၊ အခေါင်စံတည်၊ မြတ်သုံးမည်ကို၊ ယုံကြည်စိုက်စိုက်၊ သိမ်းကျုံးပိုက်လျက်၊ တိမ်းငိုက်မရှိ၊ သမာဓိဖြင့်။ ။ သတိအယူ မှတ်စေမင်း။

## အာယုဝဍ္ဎန သတ္တိသား

၇။ နာဖွယ်ကစ်ဆင့်၊ ဥဒါန်းမြင့်၍၊ မိခင်ဆံထိုး၊ ပန်းနွယ်ပျိုးသည်၊ ရွှေအိုးရတနာ၊ သားသည်းချာကို၊ စဉ်လာမယွင်း၊ နားဝယ်သွင်းပိန့်၊ သတင်းပြဲ့ပြဲ့၊ ကျေးဇူးခွဲသား၊ အံ့ဖွယ်ရိပ်မြုံ၊ ချမ်းသာပုံသည်၊ ပြည့်စုံအခါ၊ သာဝတ္ထိဝယ်၊ မုနိသုံးလူ့၊ ရွှေနှုတ်ပူခြား၊ အာယုဝဍ္ဎန၊ တွင်နာမဖြင့်၊ ပုဏ္ဏားသည်းကြား၊ သတ္တိသားမူ၊ အမျှားခန့်တွက်၊ ခုနစ်ရက်လျှင်၊ သက်ခန္ဓာရှင်၊ ပိုင်းခြားမြင်လည်း၊ သုံးအင်ရတနာ၊ ဂုဏ်ကေတစာကြောင့်၊ မိစ္ဆာနတ်သွမ်း၊ တုန်အေးချမ်းလျက်၊ မဖမ်းဝံ့ဘ၊ ရေကြာမျှသို့၊ တစ်ရာ့နှစ်ဆယ်၊ ဘေးရန်ပြယ်၍၊ သက်ကြွယ်ရှည်ကြာ၊ တည်ဖူးပါဟု၊ ကျမ်းလာစကား၊ အသင့်ထားမှ၊ သုံးပါးကြည်ရှိမ်း၊ နံ့သာငြိမ်းဖြင့်။ ။ ချီးလိမ်းကိုယ်တွင် စွတ်စေမင်း။

၈။ ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးခွန့်ရှည်၊ ကောင်းစိမ့်သည့်ဟု၊ ရွှေရည်ပုလဲ၊ မိလည်ရွဲအား၊ ဆက်ပြတ်လေး၊ နှုတ်သံအေးနှင့်၊ တိုက်ကျွေးဖန်များ၊ မိစကားကို၊ မှတ်သားကုန်စင်၊ နားဥတင်လော့၊ ရုပ်သွင်ရွှယ်လျ၊ ငယ်သော်ကလျှင်၊ ဆရာ့အထံ၊ ဆုံးမခံလျက်၊ ကျိုးနွံမပျင်း၊ ရိုညွှတ်ခြင်းဖြင့်၊ မကင်းနေညာ၊ ဆည်းကပ်ခ၍၊ သိပ္ပကြွေ့ကြွေ့၊ ဆယ့်ရှစ်စေ့တွင်၊ မမေ့ကျွမ်းကျင်၊ တအင်အင်ကို၊ ပွတ်ငင်နိုင်းတု၊ တတ်အောင်ပြုမှ၊ လူမှုပွန်းတီး၊ ရွယ်တိုင်းပြီးလိမ္မာ၊ မငြီးမငွေ့၊ မှတ်လေ့ကျက်အံ့၊ ရှာဖွေကြံလျက်၊ ထုံးစံပုံနည်း၊ နိဿရည်းနှင့်၊ ကမ္ဘည်းတင်လောက်၊ ရေးရာမြောက်၍။ ။ တစ်ယောက်လူတွင် မှတ်စေမင်း။

၉။ ကြွားမြင်မပြတ်၊ ဓမ္မသတ်နှင့်၊ တွင်မှတ်ဂဏန်း၊ တဆန်း စူးဆောက်၊ အံ့လောက်တစိ၊ နီတိကျမ်းပြီး၊ ယာယီယတြာ၊ ဗျာကရိုဏ်းက၊ စောင်းညှင်းစသား၊ ဖွဲ့ထကဗျာ၊ မှန်စွာလက်ပစ်၊ လောက်ပစ်ဒူးလေး၊ ဆိုရေးသားသား၊ ငွေးစကားစု၊ ဆေးကုဗေဒင်၊ ရယ်ရွှင်လှည့်ပတ်၊မလွှတ်ဆန်းကျမ်း၊ သဒ္ဒါပြွမ်းလျက်၊ ခွဲခြမ်းမယုတ်၊ မန်းမှုတ်မန္တန်၊ တမန်ထင်ရှား၊ ဆယ့်ရှစ်ပါးကို၊ ရွှေသားမောင်ပု၊တတ်ကြောင်းပြု၍၊ မျှော်ရှုနိစ္စ၊မမေ့ရအောင်၊ ဉာဏကွပ်တည်း၊ ပတ်ပတ်စည်းလျက်၊ အသည်းစွဲစွဲ၊ နှလုံးထဲဝယ်၊ အမြဲကျိတ်သွတ်၊ သော့ကျင်ခတ်သို့။ ။ အတတ်ပြိုင်ဘော် လွှတ်စေမင်း။

၁၀။ ရိုညွှတ်ကြည်စွာ၊ မြတ်ဆရာ၌၊ မက္ခာထံပါး၊ ပျမ်ဝပ်တွားလျက်၊ တည့်ကြားကုံ့ကုံ့၊ မယွင်းယုံ့လျှင်၊ နှုတ်တုံ့မလျှန်၊ ပန်းသို့ပန်၍၊ နေဟန်ကျစ်လျစ်၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ မြူတေလျှ ပြေး၊ ကျောက်ကောင်းသွေးသို့၊ ပြန်မေးပျော်မွေ့၊ မငြီးငွေ့ပဲ၊ တစ်နေ့သုံးခေါက်၊ ဝင်ရောက်ခစား၊ စတ်ငါးပါးလည်း၊ မများကျင့်နေ၊ ပြည့်စုံစေမှ၊ ခွဲဝေစိတ်ဖန်၊ အတန်တန်ကို၊ မကျန်ထိုးထွင်း၊ သိစေလျှင်းသော်၊ မယွင်းမချွတ်၊ ပုဒ်ပင်္ဂဂါထာ၊ အလင်္ကာနှင့်၊ ကဗျာရတု၊ ဖတ်ရွတ်မှုလည်း၊ ငါးခုရပ်ဌာန်၊ ကာရန်ပိုဒ်ပြည့်၊ မိပ္ပာယ်ရှည့်လျက်၊ မျှော်ကြည့်ဉာဏ်မြူး၊ သူ့ထက်ထူးအောင်၊မလူးမတွန့်၊ စက်နှယ်ရွန့်၍။ ။ ကွန့်ကွန့်နှုတ်ဝယ် ပြတ်စေမင်း။

၁၁။ လူးရုးလူရာ၊ အဖြာဖြာ၌၊ လိမ္မာသိစေ၊ တတ်ကြောင်းဖွေ၍၊ မနေကြိုးကုတ်၊ အားအန်ထုတ်လျက်၊ မယုတ်စေထ၊ ဝီရိယနှင့်၊ လုံ့လပင်ခိုင်၊ သံကျောက်တိုင်သို့၊ ခက်ဆုံပညာ၊ ချိုမြက်စွာသား၊ ချမ်းသာသီးပွင့်၊ ထူးထက်မြင့်သည့်၊ ထပ်ဆင့်ပွားလှောင်၊ သားတွေးမောင်လျှင်၊ မနေရှောင်မပြေး၊ ကြိုးနှယ်တွေးလော့၊ လက်ဖျေးလက်သား၊ စသည်များလည်း၊ မလျားမထောင့်၊ မမျှောင့်မယွန်း၊ မချွန်းမရှည်၊ မသည်မယိမ်း၊ မတိမ်းမငဲ့၊ မသွဲ့မစောင်း၊ မပျောင်းမယွတ်၊ မယွတ်မတွန့်၊ မသွန့်မသွက်၊ မယှက်မမြှေး၊ မထွေးမပူး၊ မလူးမနွဲ၊ မကျဲမစိပ်၊ မလိပ်မခွေ၊ တင့်ကြောင်းလေမှု၊ အနေရှုအိ၊ ရွဲလုံးစီသို့၊ တညီသချာ၊ အက္ခရာနှင့်၊ ရှေ့လာအမြစ်၊ အရစ်အပင့်၊ အဆင့်အတင်၊ အငင်အဆွဲ၊ တံခွန်ဝှံလည်း၊ မလွဲနိုင်းညှိ၊ စက်ဖြင့်တိသို့၊ တရှိပုံတူ၊ တတ်ကြောင်း မှု၍။ ။မြင်သူနှလုံး ဆွတ်စေမင်း။

## သံစရမင်းသား

၁၂။ တစ်ရာသက်ရှည်၊ စည်စိမ်တည်လျက်၊ နှစ်မည်စည်းစိမ်၊ မငုပ်တိမ်အောင်၊ ကြိမ်ကြိမ်ဆုံးမ၊ ဩဝါဒဖြင့်၊ ကဲဆချစ်ကြူး၊ ရွှေနှယ်ဦးသည့်၊ ပွင့်ဖူးကြာညို သားမင်းမျိုး။ နဂိုရ်ပုရ၊ ဗာရာဏသီ၊ ပြည်မထွတ်ဖျား၊ မင်းစားရား၏၊ သားတစ်ရာတွင်၊ နောက်ဆုံးမြင်သည့်၊ မည်ပင်သံဝရ၊ မင်းသားလှကား၊ ဂုဏ်ပြည့်နှစ်၊ ဆရာစစ်၏၊ ဖွင့်လှစ်ချေင်၊ မိန့်တော်သံကို၊ ကျိုးနွံဝပ်လျ၊ မြဲနိစ္စကြောင့်၊ နှောင်မျှားအထိပ်၊ ခတ်တံဆိပ်သို့၊ နှင်းနှိပ်ခေါင်ခေ၊ ပြည်ချုက်ဗွေ၌၊ ကျက်သရေညွန့်လူ၊ ဖြန့်ထီးမြူနှင့်၊ ပိုင်ယူချမ့်ခြာ၊ စိုးရပါရှင့်၊ ဟေမာမြိုင်ခန်း၊ ပေပျော်နေ၊ မြန်းသည်၊ကြုငှန်းတမွတ်၊ ခါလောင်းအောင်၏၊ နူတ်လွှတ်မြွက်ဟ၊ ဩဝါဒကို၊ ခံကြုံတံလှည့်၊ မစောင်းသည့်သည်၊ တသည့်ပါးရာ၊ ဉာဏ်ရင့်မှာကို၊ ချမ်းသာလေ့လေ့၊ ကျိုးနှစ်တွေ့လျက်၊ စုံတေအဆုံး၊ ဝဋ်နှောင်ထုံးကို၊ ငင်ရှုံးဖြတ်ခြွေ၊ ချဖူးလေရှင့်၊ မြုတော

ပြာညက်၊ သားပန်းခက်လည်း၊ မကွက်စိတ်မှာ၊ မြတ်ဆရာ၏၊ ဩဝါချိုချို၊ သောက်ခါမျိုး၍။ ။ စိတ်လိုလိုက်ဖက် တက်စေမင်း။

၁၃။ ဆရာ့နှုတ်နက်၊ မိန့်ဆိုချက်ကို၊ နှစ်သက်နားတွင်၊ မသန်ဆင်၍၊ နောင်လျှင်တဖန်၊ နိုးရိမ်ဟန်ကား၊ ရှုန်ကသိုဏ်းဝင်၊ လွှားလွှားဝင်သည့်၊ ကောင်းကင်တိမ်ယံ၊ နင်းချွံချွံနှင့်၊ ရှင်ပျံသူငယ်၊ နုနုနယ်အား၊ မိုးကြယ်ခရီး၊ သွားစေသီးသော်၊ ယောင်တီးယောင်တ၊ မယ်ကန်းမ၏၊ ကြွင်စမပြေ၊ ချစ်ကြွေးခွဆည်၊ သက်ဝေကျွမ်းကျင်၊ ယော်လှင်တူကွ၊ ဖြစ်ဘက်စွဟု၊ ဆရာ့စကား၊ သဘာပျားသို၊ ညာက်သွားမတည်း၊ အပျံသည်းက၊ ညစ်မည်းအာရုံ၊ တွေ့ကြုံကြုံ၍၊ ရှာန်ဟုန်ကျေမွ၊ ဗုန်ဗုန်းကျလျက်၊ ကန်းမလင်မှင်း၊ ဖြစ်တုံလျှင်းမှ၊ ပူပြင်းမချိ၊ နောင်တရှိရင့်၊ ယူဘို့ထောက်မျှော်၊ သားရွှေလှော်လည်း၊ ဂုဏ်ကျော်ဆရာ၊ ဆိုတိုင်းနာ၍၊ သက်ညစ်ကြေး၊ ရှုပ်ယှက်ထွေးကို။ ။ လျှော်ဆေးကုန်စင် ချွတ်စေမင်း။

## သီဟိုဠ်မောင်ရှင်

၁၄။ တမ္ဗပါဏီ၊ အမည်ရှိသား၊ လျှံညီတောက်ထွန်း၊ သီဟိုဠ်ကျွန်း၌၊ ရှည်ရှန်းပျိုလွင်၊ သိက္ခာတင်သည့်၊ ရှင်တစ်ယောက်အား၊ ဆရာတားလည်း၊ အသွားမတန့်၊ အရောက်ခန့်သော်၊ ဖြန့်မေတ္တာချည်၊ သနားသည့်ကြောင့်၊ ရပ်စည်ထိုမြေ၊ မောင်ရောက်ပေမူ၊ အိမ်ခြေကျယ်ဝင်း၊ ထိုရွာတွင်းသို၊ ရပ်နင်းတံ့စား၊ တစ်ဖဝါးမျှ၊ ဝင်သွားသမူ၊ မပြုတုံရှောင်း၊ ရှောင်လောကောင်းဟု၊ အကြောင်းမြင်ထွေ၊ မှာလိုက်ပေလျက်၊ မနေ့ထိုရွာ၊ ဝင်လေပါ၍၊ ငတာ့ကြိုးထိတ်၊ ဖွဲ့နှောင်ကျိတ်လျက်၊ ဆိုပိတ်မဖောက်ပြန်၊ ဇောဝါးတန်လျှင်၊ မလှန်ပျက်စီး၊ သည်ထုံးတီးလည်း၊ ရှေးသည်းမဲ့သက်၊ မှတ်ခေါက်ရက်ဖြင့်၊ မကွက်မလှည့်၊ ချင့်နိုင်းရှည်၍။ ။အပြည့်ယူငင် သွတ်စေမင်း။

# ရသေ့ပျက်

၁၅။ ဟေမ၀န္တ၊ စိမ်းမြမြနှင့်၊ ရှက္ခပြိုင်းပြိုင်း၊ တောမှိုင်းမှိုင်းတွင်၊ ကသိုဏ်းရှုပျော်၊ ဈာန်မွေ့လျော်သည်၊ သူတော်သူမြတ်၊ရသေ့ထွတ်၏၊ နှုတ်လွတ်ဆုံးမ၊ ဩ၀ါဒကို၊ နားမျှမစွဲ၊ အကျင့်လွဲသည်၊ တင့်ရဲပေါက်၊ ရသေ့ပျက်အား၊ ချီမြက်ဩဇာ၊ အရသာနှင့်၊ လွယ်ကာလုပ်ကျွေး၊ မိမိမွေးသည်၊ ရှိန်ပြေးဆိပ်တောက်၊ တောမြွေဟောက်လျှင်၊ ဖောက်ဖောက် ကိုက်ထည့်၊ အဆိပ်ပြည့်၍၊ တုန်ချည့် မူးဝေ၊ စင်းစင်း သေ၏၊ တစ်ထွေလည်းကောင်း၊ နည်းတစ်ကြောင်းတို့၊ တောကျောင်း ပျော်မှီး၊ စားသစ်သီးနှင့်၊ ဈာန်ငြိးငွေ့လျော့၊ ရသေ့ပေါ့အား၊ ချော့မော့ချီသာ၊ အခါခါလျှင်၊ ဆရာဆိုလျက်၊ မယူချက်ကြောင့်၊ မှန်သက်သည့်ဆင်၊ ရွတ်ရွတ်ဝင်၍၊ ဖမ်းငင်နင်းလေ၊ ထွားထွားကျေ၏၊ မသေ့မလှန်၊ မယ့်ထိပ်ပနိုလည်း၊ ကောင်းမွန်စေလို၊ ဆရာဆိုသား၊ သံချိုအေးစွာ၊ ပန်းနံ့သာကို။ ။ကိုယ်မှာသုတ်လိမ်း ပွတ်စေမင်း။

၁၆။ လောကလူတွင်၊ လမ်းသို့ထင်သည်၊ ဂုဏ်အင်ပညာ၊ မရှိရာက၊ စေပါလက်သုတ်၊ လွန်ညံ့ယုတ်သား၊ မိုတ်တုတ်မီးခဲ၊ မပြောင်ရဲသို့၊ ဖန်လဲခေါက်ခေါက်၊ သူ၏နောက်ဝယ်၊ ချွေးပေါက်ကျယို၊ ဖတ်ဖတ်စိုမျှ၊ သက်ဖိုပန်းပင်၊ မရှင်ပျောင်းနွမ်း၊ တသမ်းသမ်းနှင့်၊ ဝန်ထမ်းလှေခတ်၊ ဖြစ်တို့တတ်ရှင့်၊ အမှတ်မယွင်း၊ ပညာကင်းက၊ ရွှေဟင်္သာ လယ်၊ ဗျိုင်း သဖွယ်လျှင်၊ ပွဲလယ် မတ်လတ်၊ မလျောက်ပတ်ရှင့်၊ မြ၀တ်ဆံရည်၊ သို့ဖြစ်သည်ကြောင့်၊ အရှည်အတို၊ တတ်ထိုထို၀ယ်၊ ကော်ကျိုသောလား၊ မှုန့်မှုန့်ထွားမအောင်၊ ကြိုးစားမပျင်း၊ သတ်မှတ်ခြင်းဖြင့်၊ ရှင်းလင်းသေချာ၊ အရာရာကို။ ။လိုခါစမ်းတိုင်း ရစေမင်း။

၁၇။ ကုသိုလ်မသုံး၊ ဖြစ်သားရှုံးလျက်၊ သစ်တုံးလက်ပံ၊ နှစ်မဆံသို့၊ သံသာဘေးကြီး၊ ငရဲမီးကို၊ အပြီးခြုံလွှမ်း၊ အကျင့်သွမ်းနှင့်၊ ပါယ်လမ်းဆွဲကိုင်၊ ဖျက်ခေါင်တိုင်သည်၊ မလှိုင်ကျေးဇူး၊ ဂုဏ်မမြူးသား၊ သွပ်ရှူးပေါ့လျက်၊ မလေးနက်တည့်၊ ကြောက်ရှက်

မထင်၊ မမြင်ကျိုးကြောင်း၊ ယဲ့တိမ်းစောင်းနှင့်၊ မကောင်းမှုညစ်၊ မောဟယစ်လျက်၊ ကော်ကျစ်စဉ်းစား၊ သည်ကားတစ်သွယ်၊ ထိုဝယ်တစ်ထွေ၊ လိုလွန့်နေ၍၊ စာပေမသင်၊ လေးဖင်ပျော်ပါး၊ လှည့်ပတ်သွားသည်၊ တရားချွတ်ယွင်း၊ လူမိုက်ပျင်းကို၊ သားရင်းပြာလဲ့၊ ဆိပ်ထုပ်ကဲ့သို့၊ မငဲ့ရှောင်ခွာ၊ဝေးကြောင်းရှာ၍။ ။ အရာခွင်သိ လှစေမင်း။

# အဇာတသတ်

၁၈။ မကောင်းမှုညစ်၊ သူမိုက်စစ်နှင့်၊ အချစ်ဖွဲ့ငြား၊ ပေါင်းယှက်မှား၍၊ ကျေထွားပျက်စီး၊ ထုံးတသီးလည်း၊ အစီးငါးရာ၊ လှည်းများစွာတွင်၊ ဘဏ္ဍာရောင်းဝယ်၊ ကုန်စုသယ်နှင့်၊မကျယ်ညဏ်အား၊ ရှေ့တည်သွားသည်၊ ယောကျ်ားလှည်းမှူး၊ ငရဲဖူးကို၊ ဘီလူးဖမ်းစား၊ ရွတ်ရွတ်ဝါး၍၊ လှည်းသားငါးရာ၊ တူမကွာလျှင်၊ ခန္ဓာပျက်ရှုံး၊ အသက်ဆုံး၏၊ နှလုံးကြွပ်ဆတ်၊ ဇာဘာသတ်ကား၊ ဒေဝဒတ်ကြီး၊ ခင်ပွန်းမီးကို၊ထံနီးတစ်၊ ပေါင်းယှက်မိ၍၊ သက်ရှိစိုးရိမ်၊ ခန္ဓာငြိမ်လည်း၊ ပါယ်အိမ်ခေါင်းအုံး၊ မီးလျှံဖုံး၏၊ ရှေးထုံးလမ်းပြ၊ သာဓကကို၊ ယူဆမျှော်ထောက်၊ ထိတ်လန့်ကြောက်၍။ ။ထပ်လျှောက်တုန်အေး မြစေမင်း။

၁၉။ ဇီဝိတိန္ဒြေ၊ တည်ရှိနေသည်၊ သန္ဓေလေးပါး၊ လူကိုထား၍၊ဖွားဖွားညွန့်ကွက်၊ ပင်သရက်လည်း၊ ခါးပျက်စပ်မန်၊ ချဉ်ငန်ငန်နှင့်၊ ပျို့အန်ဖွယ်သာ၊ ချိုဆိမ့်ကွာသည်၊ တမာခွေးတောက်၊ ရောယှက်မြောက်က၊ စားသောက်မကောင်း၊ ပျက်လေရှောင်းသား၊ အကြောင်းထို့ကြောင့်၊ ရန်မနှောင့်သည်၊ ဂုဏ်ပေါင်းမိပတိ၊စော်မုနိလျှင်၊ ပုတိမဋ္ဌ၊ ဂါထာပြလျက်၊ မိန့်ဟချေငံ၊ ရွှေနှုတ်သံဝယ်၊ ညွှန်နှံ့လျှောင်း၊ ငါးပုပ်ဟောင်းကို၊ ပျောင်းပျောင်းစိမ်းညက်၊ သမန်းမြက်ဖြင့်၊ ရောယှက် စည်းမျှောင်၊ ထုပ်ရစ်နှောင်သော်၊ စိမ်းရောင်ညွှန့်ရှင်၊ ထိုမြက်ပင်

လည်း၊ မစင်ပုပ်ပေါး၊ ရည်မပြား်သို၊ အလားထို့တူ၊ မိုက်သော သူနှင့်၊ ချစ်မူခင်ပွန်း၊ ဖွဲ့မိမှန်းက၊ ညှိုးမြန်းပူဆာ၊ ရှိတတ်စွာ ဟု၊ ကျူမ်းလာဒဝှက်၊ မိပ္ပာယ်နက်ကို။ ။ချက်ချက် သဘော ကျစေမင်း။

၂၀။ ဇမ္ဗူနုဒ၊ ရွှေသိင်္ဂိကို၊ အလှပုံရုပ်၊ သွန်း၍လုပ်မူ၊ စီမြှုပ်မြပွင့်၊ ခြယ်လှယ်တင့်တို၊ မီခင့်ပန်းကုံး၊ သားရွှေတုံးလျှင်၊ နှလုံးမေ့ သိမ်၊ ပညာစိမ်သည်၊ ဂုဏ်အိမ်လျှတက်၊ မြင်နှစ်ဖက်ဖြင့်၊ ကြောက်ရှက်စောင့်စောင့်၊ တော်တည့်ဖြောင့်လျက်၊ မနေရာင့်မရဲ၊ ကုသိုလ်သဲ၍၊ ခွာရဲမကြိုက်၊ ဒုစရိုက်ကို၊ စိတ်၌မကပ်၊ ဖြူလှပ် လှပ်ကည့်၊ ကျင့်အပ်တရား၊ မယှွင်းပါးလျှင်၊ မမှားဆောက် တည်၊ သုတစည်သည်၊ ဂုဏ်ရည်ပျံ့လွှောင်း၊ သူတော်ကောင်းဟု၊ ကျီးကြောင်းမြင်သိ၊ ပညာရှိကို၊ တုပ်ပြို့းမှိုဝဲ၊ ဆည်းကပ်နွဲ၍၊ ဖက်လှဲတကင်း၊ မြတ်နိုးခြင်းဖြင့်။ ။ စင်းဝင်းညက်ရောင်ပစေ မင်း။

## စိတြဂိဝါ ခိုမင်း

၂၁။ ဗာဟုသစ္စ၊ ပဏ္ဍိတဟု၊ မြတ်လှအထူး၊ ဂုဏ်ရောင်မြူးသည့်၊ ကျေးဇူးများဖြင်၊ ပညာရှင်၌၊ ကျွမ်းကျင်ခစား၊ ဆည်းကပ် ငြား၍၊ တေးတားစဉ်ကွာ၊ ဖြစ်ခြင်းရာဏား၊ မဟာဒီပ၊ သမုဒ္ဒ ၏၊ ချက်မဗွေခေါင်၊ ရွှေဖောင်ဖောင်ကို၊ လွှတ်အောင်ရွေးဖျား၊ သုပ်ဆောင်ထားသည်၊ လက်သမားကြီး၊ ဩဝါမှီး၍၊ တသီး နောက်ပါ၊ ရံငါးရာတို၊ ချမ်းသာကြည်နူး၊ ရလေဖူးရှင့်၊ ဘကျူး ထိုမှ၊ တပ်ပုံပြအံ့၊ စိတြဂိဝါ၊ မည်သော်တာဖြင့်၊ ရာဇာခိုင်း၊ ညွှတ်ကျော့ကွင်းဟွင်၊ မယှင်းပျက်စီး၊ သောလုနီးသော်၊ ညီးညီး ရှေ့ဟန်၊ ကောင်းအင်ကြွန်နှင့်၊ ဟိရဏ္ဏကာ၊ တက်လိမ္မာသည်၊ ပညာရှိကြွက်၊ ကိုဏ်ဆုတ်ဖျက်၍၊ အသက်မသေ၊ ချမ်းသာလေ ဟု၊ လူ့ပြေထင်ရှား၊ ရွှေးစကားကို၊ ရွှေသားမှတ်သိ၊ ပညာ ရှိနှင့်၊ တူညီပြွမ်းနှော၊ ဆက်ဆံရာ၍။ ။သဘောတညီ မျှစေ မင်း။

## မဟောသဓာ

၂၂။ ရွှေပြည်နံ့သာ၊ မိဓိလာတွင်၊ ရာဇာနရ၊ ဝိဒေဟလည်း၊ ထွန်းပ ပြောင်ပြောင်၊ ပညာရောင်ဖြင့်၊ အခေါင်စံကျော်၊ မင်းမဟော်ကို၊ ပေါင်းဖော်ချစ်တွဲ့၊ ခင်ပွန်းဖွဲ့၍၊ ဆယ့်ရှစ်ခေါ်ဘာဏ်၊ မိုးကြွယ် စီသို၊ သောင်းဒီပါ၌၊ စူဠဏီဟူ၊ သီရိဘုန်းဝင်း၊ တိုင်းသည်မင်းကို၊ အပြင်းခေါင်ခေါင်၊ ချက်ချင်းအောင်က၊ မြွားမြောင်ပညာ၊ နှစ်ဥစ္စာနှင့်၊ သိင်္ဂါဇောတာ၊ သာမီးရ၍၊ ထွန်းပပြိုးပြက်၊ ရွှေနန်း ထက်တွင်၊ အသက်တိုင်းတည်၊ စံရသည့်ရှင်၊ မြန်ပြည်ပေါက်ပြူ၊ အဿကဟူ၊ ဝေဇတွန်းညီ၊ ဘူမိတီလည်း၊ နန္ဒိသေန၊ မက်လှ ကျော်ထင်၊ ပညာရှင်နှင့်၊ တိုင်ပင်မပြား၊ ပွဲသောအားဖြင့်၊ များသည့်ဗိုလ်ပါ၊ စစ်ပိုင်လာသည်၊ မဟာဇနာ၊ ကာလိင်္ဂကို၊ ခဏအောင်ပြီး၊ ပြက်လျှပ်စီးသို့၊ သာမီးလေးယောက်၊ စစ်အောက် သာကြည်၊ ဖူးသည်ကို၊ မြရည်ထွားအိ၊ မြော်သာဓိဖြင့်၊ ကဝိ စိန္တာ၊ လူ့ပညာသား၊ မကွာမှိုင်၊ ပေါင်းယှဉ်တွဲ၍။ ။ ဆကဲ့ နည်းနှာ ဝဒေဇမင်း။

၂၃။ ပညာရှိထံ၊ နည်းနာခံ၍၊ နိယံမတွေ၊ ဆည်းကပ်နေက၊ သန္တေစင် ဖြူ၊ ကောင်းကျိုးကူသည်၊ လူမဆိုသေး၊ ရသေ့မွေးသား၊ကျေး ငယ်မျှလျက်၊ ပျားရည်ဖက်သို့၊ ချိုမျက်စကား၊ သင်းပျံ့ရှား ၍၊ မှုထားကျစ်လျစ်၊ ပြေပြစ်လိမ္မာ၊ လူ့ပျူငှာဖြင့်၊ ရေစာသစ် သီး၊ ယူပြီးဝမ်းမြောက်၊ မင်းတစ်ယောက်အား၊ သွားလျောက် လယ်ကျွေး၊ ချစ်တင်းပေးလျက်၊ ရွှေးပြုဖူးထ၊ သုံးလူ့ဘလည်း၊ မိန့်ဟန္နတ်နက်၊ ကြူသံမြွက်သည်၊ တက္ကရစ္ဆ၊ ပဒသမာ၊ ထိုဂါ ထာ၌၊ ဝေဆာဝင်းရောင်၊လဲ့လဲ့ပြောင်သည်၊ တောင်စလပ်ပန်း၊ ကြွေလန်းလန်းကို၊ မမြန်းလဲ့ရှိန်း၊ ပေါက်ရှက်စိမ်းဖြင့်၊ သိမ်း ကာထုပ်လျက်၊ ထားမပျက်က၊ ဖက်လည်းပန်းတူ၊ အနံ့ကြူသို၊ သည်းအူမဲ့ဆက်၊ ထွားပြာညက်လျှင်၊ ဂုဏ်နက်အချို၊ ပညာ ရှိကို။ ။ပေါင်းမိအားဝါ သာဓုစမင်း။

## ကဋ္ဌဝါဟန

၂၄။ မြင်းမိုရ်ဆယ်ပြန်၊ ကျေးဇူးလွန်သည်၊ ချစ်ဝှန်ကဲဆ၊ မိနှင့်ဘ
အား၊ သားလှုပြာလတ်၊ ရက်မချွတ်လျှင်၊ ကျင့်ဝတ်ငါးမည်၊
အရင်းတည်လျက်၊ ချစ်ကြည်မကွေ၊ ညွတ်ပျပ်တွေဖြင့်၊ ရှိသေ
လှစွာ၊ လုပ်ကျွေးရာ၏၊ ရှေးခါကဋ္ဌ၊ ဝါဟနဟု၊ လောက
မျက်ရစ်၊ တို့စောစစ်လျှင်၊ ဖြစ်လေတုံရှောင်း၊ ထင်းခွေရောင်း၍၊
စုံပေါင်းတူကွ၊ မေတ္တာမျှသည်၊ မွေးဘမိခင်၊ မျက်မမြင်အား၊
ကြည်လင်ရှိသေ၊ လုပ်ကျွေးပေရှင့်၊ တောခြေမြို့ခွင်၊ ကမ်လေ့
ဝင်သည်၊ ရှင်သုဝဏ္ဏ၊ လောင်းသာမလည်း၊ မိဘနှစ်ယောက်၊
မျက်စိမှောက်အား၊ ချိတ်ကောက်တံချူ၊ သစ်သီးယူ၍၊ ကြည်ဖြူ
မကွေ၊ လုပ်ကျွေးပေရှင့်၊ မြူတေလန်းလန်း၊ မြရည်ဖျန်းသို့၊
နီမြန်းလှည်ရေး၊ နှုတ်အာသွေးနှင့်၊ ရွှေကျေးသူတော်၊ ဟောဝန်
ပျော်လည်း၊ မ မြော်ပျက်စိ၊ ဘနှင့်မိကို၊ ဆောင်ဘို့စာရေ၊
လုပ်ကျွေးပေရှင့်၊ သက်ဝေဖြာသွယ်၊ သားပန်းနွယ်လည်း၊ မပယ်
မရှား၊ မိဘအားကို၊ ဆပ္ပားသိမ်မွေ၊ လုပ်ကျွေးလေ့ဖြင့်။ ။
စုတေ့နတ်ရွာ ရောက်စေမင်း။

## ဒီဃာဝုမင်းသား

၂၅။ ထပ်ဆင့်- ထပ်ဆင့်၊ ဘောင်းကျိုးဟင့်၍၊ ပွားမြင့်လေလေ့၊
လက်ယက်ရေသို့၊ ဖြစ်စေချင်ရှောင်း၊ သားနွဲ့နှောင်းအား၊
အကြောင်းစိုက်စိုက်၊ နှလုံးပိုက်စိမ့်၊ မကိုဋ်ရွှေစင်၊ ထီးစက်
ရှင်နှင့်၊ စံရှင်ပျော်မှတ်၊ ဗြဟ္မဒတ်၏၊ သည်းပွတ်ရှယ်နှ၊ ဒီဃာ
ဝုလျှင်၊ ရှုအံ့ရှည်ကို၊ မြင်မတိုလင့်၊ သံချိဆုံးမ၊ မြွက်ခဲ့ဟဘည်၊
မိဘစကား၊ နာသောအားဖြင့်၊ ထင်ရှားဝေနိး၊ နှစ်ပြည်ကြီး
ကို၊ ရွှေထီးလွှင့်မော်၊ ဇမ္ဗူကျော်၍၊ ဘုန်းတော်အာဏာ၊ မိုးသို့
ရွှာရှင့်၊ သည်းချာပွင့်ငုံ၊ မိကြေးမု လည်း၊ ယုံကြည်မှတ်သား၊

မယ့်စကားကို၊ ဦးဖျားထိပ်ပြင်၊ လန်းလန်းတင်လျက်၊ ရွှက်ရှင်ပြိုင်းပြိုင်း၊ မြှပ်နှံဆိုင်းသို့။ ။ နေ့တိုင်းပန်ဆင် မြောက်စေမင်း။

## မိတ္တဝိန္ဒက

၂၆။ မိဘအာဏာ၊ ငြင်းဆန်ခွာ၍၊ ပူဆာနှလုံး၊ ပျက်သည့်ထုံးကို၊ ပန်းကုံးနဝရတ်၊ ကြင်သက်မှတ်အား၊ နှုတ်လွှတ်နားပြည့်၊ ဆုပ်ကာထည့်အံ့၊ မပြည့်စိမ့်ဆတ်၊ ဒေါသဂက်သည်၊ ယှင်းချွတ်မိတ္တ၊ ဝိန္ဒကနှင့်၊ ဝိဇ္ဇာသည်းပွတ်၊ ဖွတ်မင်းသားမိုက်၊ တိမ်တိုက်ပျံ့လွင့်၊ ကျေးမင်းသားစစ်၊ ဖြူနှမ်ဝင်းဝင်း၊ ခရုသင်းကြော်ကြွေး၊ သက်မွေးပေဌြား၊ ပုဏ္ဏားသားပျက်၊ စည်နှက်သည်မှု၊ ထို့သူသည်းအူ၊ အမူဆိုးရွား၊ ပျက်ခေါင်လွှားကို၊ ဖိတားမိဘ၊ ဆုံဆုံးမလည်း၊ ယွင်းခွမတည်၊ ပူလောသည့်ကြောင့်၊ မရှည်မျှက်မြင်၊ ပျက်စီးထင်ဟု၊ ပုံပြင်စဉ်လျှား၊ ရှေးစကားကို၊ ရှေးသားမောင့်စိတ်၊ ရေသို့ဖိတ်လျက်၊ တဆိတ်မပယ်၊ အသွယ်သွယ်ကို။ ဆိုလွယ်နားတွင်း ပေါက်စေမင်း။

၂၇။ ရှိန်းရှိန်းလူတင့်၊ ကျောက်စုံဆင့်သား၊ ဖိုးမြင့်မုတ္တာ၊ ရတနာသို့၊ မချာနေ့ည၊ စောင့်ထိန်းမလျက်၊ ယုယစုံမက်၊ ချစ်ထုံးယှက်သည်၊ ထွားညက်ပြာစင် မယ့်ဝမ်းဝင်။ တင်တုံတထူး၊ သူ့ကျေးဇူးကို၊ ထိမ်မြူးသမှု၊ မပြုသင့်ချေ၊ သိတတ်စေလော့၊ ရှိသေအပ်စွာ၊ ဆရာသမား၊ ဘိုးဘွားမိဘ၊ နောင်လှတသီး၊ နှမကြီးနှင့်၊ ရွယ်နီးသက်ရင့်၊ ဂုဏ်ဖြင့်ကြီးမား၊ မျိုးအားမြတ်မူ၊ ထိုမျှလူကို၊ ကြည်ဖြူနိမ့်ချ၊ ဂါရဝဖြင့်၊ ခယချစ်မူ၊ စရိုက်ရှု၍၊ ရွယ်နုမျက်ဖြေ၊ ပူတတ်စေလော့၊ လေးထွေမျိုးနွယ်၊ အငယ်အလတ်၊ ယုတ်မြတ်မရွေး၊ လူဗိုလ်လေးအား၊ ကြိုင်မွှေးချိုသာ၊ စကားသာဖြင့်၊ ပျူငှာမေးမြန်း၊ မေတ္တာပန်းကုံ၊ ကြဲဖြန့်းလှက်ခြေ၊ ငှတတ်စေလော့၊ အနေဉ္စျမျှ၊ ကျင့်ပေကာလျင်၊ ဒေ…
အဖျား၊ အခေါင်လွှားသည်း သိကြားကြည်ညွှတ်၊ နတ်…
ကြည်ဖြူ၊ လူလည်းကြည်ညို၊ ချီးမွမ်းဆိုလိမ့်၊ မြင်းမိုရ်…

ယုဂန်နန်းနှင့်၊ ယှဉ်ဆန်းရှိန်ဟွား၊လ ရောင်မြူးသို့။ ။ကျေးဇူး
ဂုဏ်ရည် တောက်ဓစမ်င်း။

## သဃ်ဗေဒမိ

၂၀။ သုံးရာသွန်းသွန်း၊ပြောကျယ်ဝန်းသား၊ တိုင်းခန်းစည်လှ၊ကာသီ
ကဝယ်၊ ခွန်သစိုးပိုက်၊ ကနက်စိုက်မှ၊ မကိုဋ်ရှိန်ညီး၊ ဆောင်းရွှေ
ထီးနှင့်၊ မည်သီးပြဟွဒတ်၊ ထိုမင်းမြတ်မူ၊ ဘိမ်းပြတ်ချည်ထုံး၊
စစ်ကြီးရှုံး၍၊ မရုံးမစည်း၊ တစ်ယောက်တည်းလျှင်၊ မဖြည်း
မငြင်း၊ စီးကော်မြင်းနှင်၊ အပြင်းဆုတ်ခွာ၊ ပြန်ခဲ့လာသော်၊ ရွှာ
ငယ်တစ်ခု၊ အိမ်တစ်စုတွင်၊ တောင်သူ့နွယ်ပြား၊ လင်မယားတို့၊
သနားသဖြင့်၊ ဆီးကြိုလင့်၍၊ ကိုယ်နှင့်ထပ်တူ၊ ကြည်ဖြူမြတ်
လေး၊ လုပ်ကျွေးသိမ်းထား၊ ကျေးဇူးအားကြောင့်၊ တိုင်းကား
ပြည့်နှက်၊ ပြည်စာစ်ဂက်ကို၊ နှစ်သက်ခွဲဝေ၊ ပေးဖူးလေရှင့်၊ကျက်
သရေပြောင်ဝင်း၊ ထိန်ထိန်လင်းမျှ၊ မှန်ကင်းစိုက်တည်၊ သီဟိုဠ်
ပြည်၌၊ အမည်နာမ၊ ကျော်ပေါက်ပြသည်၊ သဃ်ဗေဒမိ၊ သီရိ
ဘုန်းဝှန်၊ လူတံခွန်လည်း၊ ဆန်စလယ်ချက်၊ ဖိုးမနက်ကို၊ကပ်ဆက်
ပေးထ၊ ကျေးဇူးမျှကြောင့်၊ သိဂ်ရောင်မြိုက်၊ မကိုဋ်တန်ဆာ၊
အစုံပါသား၊ ရတနာရွက်ဆောင်း၊ မြတ်ဦးခေါင်းကို၊ ထောင်း
လောင်းဖြတ်ငင်၊ ထမင်းရှင်အား၊ ကြည်လှင်မနေ၊ ပေးဖူးလေ
ရှင့်၊ မြုတေစံပ၊ သားညီမြလည်း၊ တင်ထအထူး၊သူ့ကျေးဇူးကို။
ချီးကျူးပေးဆပ် လှောက်ဒစမင်း။

၂၆။ မိုးဟသိမ့်သိမ့်၊ ကမ်းနိမ့်နိမ့်တွင်၊ ရိုက်ပိမ့်ခဲသံ၊ တကျံကျံလျှင်၊
ရေလျှံပိတ်ဖုံး၊ နှစ်စုံးစုံးတည်း၊ သစ်တုံးမှီတွယ်၊ ရသေ့ဆယ်
သည်၊ ကျေးငယ်ကြွက်သား၊ မြွေနဂါးနှင့်၊ ချမ်းအားနှိပ်စက်၊
ကောင်းကင်ထက်သို့၊ ပျံတက်မတတ်၊ မောမောဖယ်သည်၊ဥပဒ်သန့်
စင်၊ သူဌေးတင်မှ၊ မိုးပြင်ကြွကြွ၊ပျံနိုင်ကြသည်၊လင်းတတစ်ခု၊ နို့
ယာဂုဖြင့်၊ပြုတုံလုပ်ကျွေး၊ပုဏ္ဏားမွေးသား၊ ရောင်ပြေးစက်စက်၊
ဖိတ်ဖိတ်လက်သည်၊ နွားနက်လိမ္မာ၊ မြိုင်တောသာ၌၊ ခြေခွာ

ထိစူး၊ ရှားခြောင့်ဆူးကို၊သစ်မူးဟေးလည်း၊ တစည်းသည်တို့၊ ချစ်ရည်မပြေ၊ နှုတ်လုပေသည်၊ကောစာရီ၊ ခေါ်ညီနာမ၊ ဖြူဆွ ဆွဘ်ဆွတ်၊လောင်းဆင်မြတ်တို့၊သိတတ်ကျေးဇူး၊ အထူးထူးကို၊ ရှုပ်လူးသည်းချာ၊ ချင့်စာနာ၍။ ။ပမာရှုမျှော် ထောက်စေမင်း။

## နေ့သာဒပုဏ္ဏားခ

၃၀။ မသိကျေးဇူး၊ မောဟမူး၍၊လေးဦးပါယ်ခွင်၊စုတ်စုတ်ဝင်လျက်၊ မရှင်ကြွီးပမ်း၊ စန့်ကြီးထမ်းသည်၊ ညှိုးသမ်းပျောင်းခွေ့၊ ထူး လွေ့ လွေ့ကို၊ဝင်၍လက်ပါ၊ ပြသောလားသို့၊ မယ်ဖွဲ့သားမိခင်၊ ဥဒ ်နီးဆင်အံ့၊ နတ်ရှင်ဘုရိ၊ ပညာရှိအား၊ ကြီးဘိကျေးဇူး၊ တင်ပေဖူးလျက်၊ သွပ်ရှူးပါ၊ နေ့သာဒလျှင်၊ လောဘစွန်းငြိ၊ ကျောက်မထိကြောင့်၊ မြင်သိနည်းငယ်၊အာလမ္ဘာယ်အား၊ မကွယ် မထောက်၊ ပြလေမြောက်၍၊ မျက်မှောက်ပျက်စီး၊ ငရဲမီး၌၊ မငြိမ်းမငွေ့၊ ကြုံတွေ့မြဲနေ၊ ခံရလေရှင့်၊ တိမ်ခြေကွန့်တက်၊ ထောက်ရှာဇာက်၏၊ဂုဏ်နက်ပွံ့ကြည်၊ ကျေးဇူးရည်ကို၊ လော်လီ မရှက်၊ ခြသေ့်ပျက်လျှင်၊ ထိမ်ဝှက်တစ်၊ပြူချေမိ၍၊ရှိးငြိကန့်လန့်၊ လည်ဆန့်ဆန့်နှင့်၊ မတန့်သက်သေ၊ ပျက်စီးလေရှင့်၊ တောနေ ချမ်းမြေ့၊ ရှင်ရသေ့၏၊ မသွေ့လှိုင်ကျော်၊ ကျေးဇူးတော်ကို၊ ပျက်ချော်နွယ်လိုက်၊ မြေခွဲမိုက်လျှင်၊ အလိုက်မသိ၊ ဖြစ်ချေ ဘိ၍၊မိမိညဏ္ဏာန်၊ ရွေးဟန်အာနေ၊ထင်ပြန်လေရှင့်၊ မသွေထုံးတီး၊ သည့်ကိုမှီး၍၊ ပျက်စွဲးဖွဲ့နှောင်၊ လမ်းနှစ်မြောင်ကို။ ။သား မောင်ထိတ်လန့် ကြောက်စေမင်း။

၃၁။ ကျေးဇူးမသိ၊ မိစ္ဆာငြိသည်၊ ဒိဋ္ဌိအမူ၊ထိုသည့်သူနှင့်၊ အတူမကွာ၊ မလွှဲသာ၍၊ တော်စွာကြိုက်ဘိ၊ ပေါင်းယှက်မိလည်း၊ သတိ မယှင်း၊ နှလုံးသွင်းလျက်၊ ဝမ်းတွင်းသိုကာ၊အခွင့်သာက၊ ဖဲခွာ မငဲ့၊ တံတွေးကဲ့သို့၊ စွန့်ခဲ့ပေမူ၊ အကြောင်းပြုလော့၊ တန္တ မှတ်ရန်၊ ရွှေးအဟန်ကား၊ ဆဒ္ဒန်နာဂ၊ ဖြူဆွဆွလျှင်၊ မိုက်လှ

မှောင်သွင်၊ ပညာစင်သည်၊ မတင်ကျေးဇူး၊ သူတထူးအား၊ မျက်ဆူးရှိန်ခမှောက်၊ မင်းတစ်ယောက်ကို၊ ငှဲနောက်မကွက်၊ စွန့်ခဲ့ထွက်၍၊ ပြည်ချက်ချာမှ၊ ဗာရာဏသို့၊ မြန်းကြွမရှည်၊ ရောက်ဖူးသည်ကို၊ ရိုက်လည်းဆုံးတီး၊ ဉာဏ်ဖြင့်မှီး၍။ ။ပုံကြီးတစ်မှတ်ထူစေမင်း။

၃၂။ မနုဿတ္တ၊ လူမှုစ၍၊ မျှားလှကုန်စွာ၊ သတ္တဝါဟု၊ ခန္ဓာသွယ်သွယ်၊ ငယ်ငယ်ကြီးကြီး၊ အသီးသီးတည့်၊ ဖြီးဖြီးနှံ့စပ်၊ အထပ်ထပ်လျှင်၊ မသပ်ပြည်းမျှ၊ အနန္တကို၊ ဒေါသမာန်အား၊ မသနားဘဲ၊ ပြစ်မှားသတ်ပုတ်၊ ထိုးခုတ်ရိုက်နှက်၊ နှိပ်စက်ညှဉ်းပန်း၊ ကျန်းတန်းနိုင်နင်း၊ သေသတ်ခြင်း၌၊ သားရင်းညီပြာ၊ ရှောင်တို့ပါလော၊ ရှေးခါစုန္ဒ၊ နန္ဒကသို့၊ ပါပညစ်ကျူး၊ သက်သတ်မှုကို၊ ပြုကြအမှန်၊ ပစ္စုပ္ပန်၌၊ ပူပန်လိုက်လှဲ၊ ခန္ဓာလဲ့လည်း၊ ငရဲအိုးတွင်း၊ တို့တို့ဆင်းလျက်၊ ဝင်းဝင်းထိန်ညီ၊ အဝီစိသယ်၊ မချိဘာရှည်၊ ခံရသည်ကို၊ မြရည်ရွှေတုံး၊ သိမ်းပိုက်ကျုံး၍။ ။စွဲသုံးအသင့်ယူစေမင်း။

၃၃။ ပါဏာတိပါတ်၊ သတ်သောအပြစ်၊ ထိုးတစ်ထစ်ကို၊ ဖွင့်လှစ်ငင်ဝန်း၊ မိခင်ညွန်းအံ့၊ သွန်းသွန်းနားခွက်၊ အပြည့်နှက်လော့၊ ရှေးထက်ကာလ၊ သူကြွယ်မလျှင်၊ ရောက်ထင်ည်ည့်သည်၊ ခင်ပွန်းရည်အား၊ ကျေးတည်စရာ၊ မဲဆားရှာလည်း၊ ရဌာမထင်၊ ဖြစ်တိုကျင်က၊ ချစ်ခင်မရှု၊ ဆိတ်ဘစ်ခုကို၊ လည်ဖုံခုတ်ဖြတ်၊ သတ်တိုအသေ၊ ပြုဖူးလေ၍၊ ကျကြွေခန္ဓာ၊ ပါယ်ရှာလုံးလုံး၊ ခံပြီးဆုံးလည်း၊ တွက်ကျုံးရေထ၊ မွေးနှင့်မျှအောင်၊ ဖြတ်ချဉ်းခေါင်း၊ ခံရရှောင်းဟု၊ ထုံးဟောင်းသာကသေ၊ ဖြင်ဖူးထွေကို၊ ခွဲဝေကြံနက်၊ ကသိုင်းကွက်ကို။ ။ပြက်ပြက်စံနှုန်း မှုစေမင်း။

၃၄။ ဇရှင်သိမ်းထ၊ သာမိကဟု၊ မနအတိ၊ ရှေ့တွင်ရှိလည်း၊ မငြိမစွန်း၊ မစင်မုန်း၍၊ မြွေငန်းအလား၊ ချုပ်တီးတားလျက်လွန့်ရှား ကြုပ်ဆော့၊ တဏှာ မျှော့ကို၊ ဉာဏ်သော့ကြိုးဆိုင်၊ ကြပ်ကြပ်ကိုင်လော့၊ သူပိုင်သည့်ဌာ၊ မှားမိရှာ၍၊ ငါးရာချီးသား၊ လှန့်တကြွားတည့်၊ ရှောင်ရှားကွယ်ပုန်း၊ ထွက်ပြေး၊

ရှန်းလည်း၊ မင်းဘုန်းမြှနောက်၊ ဖမ်းဆီးမြောက်က၊ တစ်
ယောက်မလွတ်၊ထိတ်ကျင်ခတ်လျက်၊ထောင်းသက်ကလူ၊ နိုင်နင်း
မူသော်၊ ဆာပူနှမ်းလျ၊ ယင်းဘဝ၌၊ ဒုက္ခလွှဲ့လွဲ့၊ ဘေးတွေ့
ကြိုက်ကြုံ၊ စုတေ့တုံလည်း၊ ပါယ်ဘုံရဲ၊ မီးကျီးထဲဝယ်၊ ဖန်လဲ
ကြက်တောင်၊တွန့်တွန့်လောင်သို့၊သည်းခေါင်ဆူဝေ၊ ခံရလေရှင့်၊
သက်သေတွင်တွင်၊ မျက်မြင်ထင်ရှား၊ သည်နှစ်ပါးကို၊ရွေသား
ပြာအိ၊ စွဲမှတ်သိလျက်၊သတိတည်စွာ၊ သူ့ဥစ္စာ၌၊ဆံလွှာမျှယွင်း၊
ဝေးစွာကင်း၍။ ။စာသင်းပျံ့ပျံ့ ကြူစေမင်း။

၃၅။ ဝတ္ထုကာမ၊ ကိလေသဟု၊ တလ္လည်စ်ကျူ၊ မှားယွင်းမူကို၊ မပြု
စွာတုံ၊ တွေ့ကြိုက်ကြုံလည်း၊ အာရုံမကူး၊ လူသားကြူးသည်၊
ဘီလူးဒူးဟန်၊ ဝမ်းတဲသန်၍၊ ခွာကန်ဖဲသွေ၊ ဝေးလှစေလော့၊
သိန်းနေကပ္ပ၊ ပဋ္ဌာနဖြင့်၊ ဖြည့်ထသမ္ဘာ၊ အာနန္ဒာလျှင်၊ မိစ္ဆာ
ယွင်းပါး၊ သူ့မယားကို၊ ပြစ်မှားချေထ၊ နိရိယ၌၊ ခံရလေ
မြောက်၊ ထိုမှနောက်လည်း၊ မလျော့က်မပတ်၊ သံသာဝဋ်တွင်၊
မလွတ်ချေဘိ၊ ကြမ္မာငြိ၍၊ ဣတ္ထိဘာဝ၊ မိန်းမအစစ်၊ ဖြစ်ထ
ကြိမ်ဖန်၊ အတန်တန်နှင့်၊ ဖောက်ပြန်လွှင့်သည်း၊ ကျေးဇူးပြုန်း
သည်၊ နပုန်းပဏ္ဍုက်၊ ဆိုးရွားယုတ်လျက်၊ စေ့ထုတ်အမျိုး၊
ဝင်ကပ်လျှိုး၍၊ သမ်းညှိုးမရွှင်၊ဖြစ်ကြောင်းအင်ကို၊ မြဲပင်စေ့
စေ့၊ မှတ်ခလေ့ဖြင့်။ ။လွှေ့လွှေ့ဉာဏ်ထောက် ကူစေမင်း။

## စေတီယမင်း

၃၆။ ဆယ်လပိုက်ထုမ်၊ ယုယအုပ်လျက်၊ မလှုပ်မရှား၊ မွေးမြင်ဖွားက၊
သနားချစ်ခင်၊ သက်နှယ်ကြွင်၍၊ သို့စဉ်ငြိမ်းမူ၊ မေတ္တာပြုသည်၊
မျက်ရှုရတနာ သားသည်းချာ။ အင်္ဂါလေးပါး၊ ပျက်မှုသား၌၊
မမှားစေရ၊ ခါနိစ္စလျှင်၊ နေ့ညဆောက်တည်၊ မြဲကြောင်းရည်၍၊
မလည်မထောင့်၊ မြားနှယ်ဖြောင့်လျက်၊မနှောက်မယှက်၊ သစ္စာ
ရွက်လော့၊ ရှေ့ထက်လွန်ကျူး၊ ကမ္ဘာဦး၌၊ ဂိုဏ်မြူးအာဏာ၊

လက်ရုံးဖြာသည်၊ မဟာသမတ်၊သောင်းမင်းမြတ်မူ၊ မပြတ်ဝံသ၊
စေတီယလျှင်၊ဆိုထစကား၊ပျက်မှုသားကြောင့်၊လေးပါးတန်ခိုး၊
ပန်းသို့ညှိုး၍၊ အောက်လျှိုးမြေထဲ၊ ဝက်ဝက်ကွဲလျက်၊ ထိန့်ရဲ
ညီးညီး၊ စီစိမီးငယ်၊ စောင်းဖီးမှောက်လှန်၊ ခံရဟန်ကို၊ ဖန်ဖန်
အောက်မေ့၊ ကြာနေတွေ့သို့။ ။ဆွေ့ဆွေ့ သည်းတွင်း
ပူစေမင်း။

၃၇။ ယိမ်းနွဲ့ယိမ်းနွဲ့၊ ရှုမရဲ့တည့်၊ ပုလဲ့အဟန်၊ မေတ္တာလှန်လျက်၊
ပြင်းဝှန်ကဲဆ၊ ချစ်မဝ၍၊ နေ့ညအားရမ်း၊ ကြိမ်ကြိမ်နမ်းသည်၊
ရင်လွှမ်းမွေးထုံ သားရွှေငုံ။ ဖြစ်တုံလူ့ရွာ၊ ညကျွန်းချာတွင်၊
သူရာဝနှ၊ စရကနှင့်၊ သီလပျက်စီး၊ရသေ့ကြီးမှ၊ပွားစီးဒွန့်ရှည်၊
ခုဟိုင်သည်ကခွး၊ အမည်ထင်ရှား၊ ယစ်ငါးပါးကို၊ လျှာဖျား
အာစောက်၊ မသောက်ခံတွင်း၊မသွင်းသင့်ရာ၊ရှောင်ပါရွှေတုံး၊
မရှောင်သုံးက၊ ရှုံးအံ့မျက်မြင်၊ စုဘော့လျှင်လည်း၊ ပါယ်ခွင်ငရဲ၊
မီးအထဲတွင်၊ အော်လဲအောင်ချစ်၊စုံးစုံးနစ်လိမ့်၊တဆစ်လူ့ပြည်၊
ကြားဖူးသည်ကား၊ ပွားစည်းခေန၊ သေဋ္ဌိယလျှင်၊ ဂူဏမွဲတော၊
သောက်ကြူးချေ၍၊ ရွှေငွေရတနာ၊ ဥစ္စာပျက်သုဉ်း၊ တက်တက်
ပြုန်းက၊ ပုံနှုန်းသွတ်ယို၊ ဟသ်ာအိုသို့၊တစ်ကိုယ်ထီးတည်း၊ဆင်းရဲ
သည်းလျက်၊ သေလည်းနှရက်၊ ဝင်သည်ချက်ကို၊ရှိုက်မက်ထိတ်
လန့်၊ သက်ခင်တူန့်၍။ ။ကောင်းညွန့်ဖွံ့ဖွံ့ လူစေမင်း။

၃၈။ စိမ်းလဲ့စိမ်းလဲ့၊ခွာညိုကဲ့သို့၊ရစ်သွဲ့ပင့်ရုံး၊မယ့်ဆံထုံးတွင်၊သီကုံး
ပတ်ပတ်၊ ဆင်မြဲမှတ်၍၊ ကြည်ညွတ်ချစ်ပြင်း၊သက်သုံးနှင်းသည်၊
ပြားဝင်းမွတ်ရောင်သားရွှေတောင်။ တင့်ခေါင်ရှယ်လျှ၊ပထမကာ၊
ဒုတိယဝယ်၊ မိနှဉစ္စာ၊ရတနာမြူတော၊ ရွှေငွေပြည့်လျှံ၊ ကုံထံ
ပစ္စည်း၊ ဆည်းတုံလောက်င၊ တတိယ၌၊ ပုညတက်တိုး၊
ကောင်းအောင်ကြိုးလျက်၊ ကောင်းကျိုးစီးပွား၊ ထွားထွား
ပင်စည်၊ဆက်ညွန့်ရှည်လျက်၊လူ့ပြည်နတ်ရွာ၊ ချမ်းသာစုန်ဆန်၊
အဆုံးစွန်လည်း၊ နိဗ္ဗာန်ရောက်လို၊ မြင်နားခိုလော့၊ ရှယ်အို
ထိုင်းတွ၊ တောတ္တဟု၊ မှည့်လှသစ်သီး၊ ကြွလုနီး၌၊ ခရီးမမှား၊
ဖြောင့်ဖြောင့်သွား၍။ ။အများရယ်ဖွယ် ဝေးစေမင်း။

၃၉။ ဒါနသီလ၊ စသည်ဆယ်ခု၊ မြတ်ဝတ္ထုဥ္ဆ၊ လှူလှူဆောက်တည်၊ မြဲကြောင်းရည်၍၊ မလည်မသုန်၊ သဒ္ဓါဟုန်ဖြင့်၊ကျုမုန်စက်စက်၊ စိတ်ဆင်ပျက်ကို၊ လျှံ ထက်အသွား၊ညှက်ချွန်းထားလျက်၊တံခါး ပိတ်သို၊ ကျည်းသေလျှိုမှု၊ အလိုမလိုက်၊ သိမ်းပိုက်ဆုံးမ၊ မဋ္ဌေ ရဟု၊ မရှုလောကလက်၊ လျှောတစ်သက်တွင်၊ ငှက်မလိမ္မာ၊ တောင်ဖြင့်ကာလည်း၊ တံဈာစသည်၊ သတိစည်နှင့်၊ ပယ်လှည် လွင့်ခြောက်၊ ဂ္ဂဿာမြောက်လျှင်၊ ခုန်မြောက်လွန့်ရက်၊ ပြင်သို့ ထွက်က၊ ထုံးယှက်ထိုင်းတွ၊ ဝီရိယဟု၊ လုံ့လမှုအမြဲ၊ သံကြိုး ဆွဲဖြင့်။ ။နှောင်တွဲကြပ်ကြပ် ထွေးစေမင်း။

၄၀။ ဒစောင့်စည်းသီတာင်း၊ စွန့်ကြဲခြင်းနှင့်၊ မကောင်းသိလှ၊ မြတ်ဒါနဩ၊ နှံ့မျှကျော်ဝှန်၊ ခြိမ့်ခြိမ့်တုန်သည်၊ ဝေဿန္တရာ၊မဟာနာရ၊ဝေလာ မနှင့်၊ သက်ဒိပ၊ နွားရှာတောလည်၊ သီတာင်းသည်ကို၊ နိုင်းရှည် စံမှတ်၊ တမျဉ်းခတ်သို၊ မချွတ်စေရာ၊ ထိုပမာလျှင်၊ သည်းချာ ရွှေသား၊ နှလုံးထားလော့၊များသည်အစု၊ ပတ္တမြူဟူ၊နည်းငယ် မှုလည်း၊ စိတ်ဖြူသုံးဆင့်၊ အသွားသင့်က၊ တစ်ပွင့်ပန်းကုံး၊ တစ်လုံးသစ်သီး၊တစ်ဖြီးညွန့်ခက်၊တရားနက်သည်၊ သစ်ရွက်တစ် ဆုပ်၊ ဆွမ်းတစ်လုပ်နှင့်၊ တရှုပ်တင်းကောင်း၊ မကြံတောင်းကို၊ အကြောင်းရည်မှတ်၊ ရှာဖွေတတ်က၊လူနတ်ချမ်းသာ၊ ရဈေရာ ဟု၊ ပမာသက်သေ၊များလှပေရှင့်၊ပွင့်မရှိမဥ္ဆု၊မိသည်းအူလည်း၊ အလှူစေ့မျိုး၊ စိုက်ကြဲပျိုး၍။ ။ကျော်ဟိုးသတင်းမွှေးစေမင်း။

၄၁။ လူပြိန်းလူဖျင်း၊လူမလင်းတို့၊ချွတ်ယွင်းစရိုက်၊ သားငါးလိုက်နှင့်၊ ကြက်တိုက်ကြွေအံ၊ ပွင့်လှန့်ပဆစ်၊ ဒိုးပစ်ရိုက်အိမ်၊ ကျွင်လိမ် ကျေးသား၊ ကျားသွားဆုမ်တပ်၊ လောင်းထပ်လေ့ကျွမ်း၊ အမှု သွမ်းတို့၊ ညှိုးသမ်းတချို၊ဥစ္စာမှုံလည်း၊ မကုံ ထံဘဲ၊ပြာသို့မွဲ၍၊ ဆင်းရဲမသာ၊ ပျက်စီးရာ၏၊ ချိန်ခါမရွေး၊ နိုးပေးဖန်များ၊ သွားလာပျော်ရှင်၊ သဘင်ပွဲလမ်း၊ ကျက်လေ့ကျွမ်းက၊ ပျောင်းသမ်းဆာနုံး၊ ရှုံးကြီးရှုံးလျက်၊ နှလုံးမသာ၊ ပျက်စီး ရာ၏၊ ဥစ္စာမရှိ၊ပျင်းရိရိနှင့်၊ခြေထဲလက်လွန့်၊ တဆန့်ဆန့်လျှင်၊ မခန့်ကာလ၊ ယောင်ထမှုနှံ့ဆော၊ အိပ်ကြူးချေကာ၊မွဲသွေဂုဏ်မျိုး၊ ပြုတ်လွှမ်းမိုး၍၊ သမ်းညှိုးမသာ၊ ပျက်စီးရာ၏၊ ရသာငါးပါး၊

မဲဆားထွေထူး၊ စားသောက်ကြူးက၊ ရှည်ပူးဒုက္ခ၊ဆင်းရဲရ၍၊ ခဏမကြာ၊ ပျက်စီးရာဟု၊ ရတနာပွင့်ချပ်၊ သားပျိုဖပ်လျှင်၊ မအပ်သည်မှု၊ ဉာဏ်ဆေးကုလျက်၊ ဝတ္တုပေါ့ပျက်၊ ကျိုးမနက်ကို။ ။ရွှေဝင်ထွက်စင်လွင့် ပြေးစေမင်း။

၄၂။ ဒီသာပါမောက်၊ ပညာမြောက်၍၊ နှစ်ယောက်မဖက်၊ပြိုင်မထွက်သား၊ တုဘက်လွတ်ကွာ၊ ထိုဆရာ၏၊ များစွာသောင်းသောင်း၊ တပည့်ပေါင်းတွင်၊ ကျိုးကြောင်း မလင်း၊ အပျင်းညစ်ထူ၊ တစ်ယောက်သူကား၊ အတူမပြား၊ အဖော်များနှင့်၊ တောလားထင်းခွေ၊ သွားကြလေသော်၊ ဝေဝေဝရွက်စိပ်၊ ချမ်းမြရိပ်၌၊ ဝင်အိပ်နေမြောက်၊အများနောက်မှ၊ အလျောက်ထလျက်၊ ပင်ခံတက်၏၊ အခက်စိမ်းရှင်၊ အခြောက်ထင်၍၊ ဆွဲအင်ချိုးဘိ၊ စွန်းဖျားထိက၊ မျက်စိပျက်စီး၊ ခသွးဒီးဒီးနှင့်၊ ရှိန်းညီးပူညှိုး၊ အပျင်းကိုး၍၊ အိပ်ကျိုးလျက်ရှင့်၊ စီးပွားလွင့်သား၊ အကျင့်သေသွယ်ငင်း၊ လုလင်ပျင်းကို၊ သားရင်းရွယ်နှုန်းနှုလုံးရှုလျက်၊ အိပ်မှုနည်းထ၊ ဝီရိယ၌၊ သီဟရန်ခွင်း၊ ခြသေ့ မင်းကို။ ။ပုံခင်းနည်းတူ သွေးစေမင်း။

## ဇူဇကာ

၄၃။ သဘင်းယုတ်မာ၊ ဇူဇကာဟု၊ မိစ္ဆာယှဉ်မှီး၊ ပုဏ္ဏားကြီးလျှင်၊ ငတ်စီးငတ်ငမ်း၊ လျှာရည်ရွှမ်းနှင့်၊ ဝမ်းကမပြည့်၊ လည်ပင်းထိမျှ၊ စားလှည့်တုံလေ၊ စာမကြေ၍၊ သေတွန့်တွန့်စင်း၊ပျက်စီးယွင်း၏၊ သတင်းလွှမ့်ပတ်၊ ဗြဟ္မဒတ်လည်း၊ မသတ်လေဘာ၊ မံသမဲ့သား၊ အသားထူးထွေ၊ စားကြူးချေ၍၊ အောင်မြေနန်းမ၊ ဗာရာဏကို၊ စွန့်ရလေပြီး၊ မြို့တောကြီး၌၊ ကိုယ်ထီးဖော်ကင်း၊ နေရလျှင်း၏၊ ထန်ပြင်းကျော်ဟိုး၊ ပြည်ကြီးစိုးသည်၊ တန်ခိုးရှိန်မြူး၊မင်းတစ်ဦးလည်း၊ယစ်မူးပေါ့လျှပ်၊ အစားတပ်၍၊ လှုပ်လှုပ်နှုထွား၊မွေးသည့်သားကို၊သတ်စားချေမိ၊နှောင်တရှိ၍၊ မချိ

ဝမ်းတွင်း၊ စိုးရိမ်ပြင်း၏၊ သက်နှင်းရွှေသား၊ ပန်းစကားဖြင့်၊ အစားအသောက်၊ နိုင်းရှည်မြောက်၍။ ။ချင့်ထောက် မျှော် တင်း၊ တွေးစေမင်း။

၄၄။ နှုတ်လွတ်နှုတ်လွတ်၊ ရက်မချွတ်လျှင်၊ လူ့ဝတ်ရေချမ်း၊ သင်ပုတ် ဆွမ်းနှင့်၊ ဘေးကျမ်းကြမ္မာ၊ ကင်းစိမ့်ငှာဟု၊ မေတ္တာဖြန့်လောင်း၊ ဆုယူတောင်းလျက်၊ ချစ်ပေါင်းစုနေ၊ ချစ်ကြီးခွေသည်၊ ချစ်ဓလေ့ တင့်ဆုံး ချစ်ပန်းကုံး။ ယှက်တုံးဆို့ပိတ်၊ မှောင်အဝိဇ်သို့၊ အနိဋ္ဌာရုံ၊ တွေ့ကြုံကိုက်ကြုံက၊ မစုံမက်သာ၊ မတပ်ရောဟု၊ မခွာနိုင်လစ်၊ တပ်မက်ချစ်မှု၊ အပြစ်စုဝေး၊ တိမ်သို့ထွေးရှင့်၊ ရှေးပေါင်းသား နောက်၊ ကျွန်ဒါးယောက်တို့၊ မခေါက်မရက်၊ အာရုံမက်၍၊ သက်မလွတ်ငြား၊ ဘီလူးစားက၊ ထွားထွားညက်ကြေ၊ ခန္ဓာ ကြေဟု၊ သက်သေပုံစစ်၊ အကြောင်းလှစ်၍။ ။ကျိုးပြစ် လင်းလင်း မြင်စေမင်း။

၄၅။ အထွတ်တက်ခေါင်၊ မြင့်ဖြူးဆောင်သား၊ တောင်ဝေပုယ်၊ မဏိ ပုံကို၊ ရှေးကံပုည၊ မိခင်ရသို့၊ ယုယထုပ်ပိုး၊ လေးမြတ်နိုးသည်၊ မညှိုးပန်းခွေ သားမြတော။ ဆိုထွေစကား၊ သကာပျားသို့၊ ကြားသူစုံမက်၊ နားနှစ်ဘက်၌၊ ချမ်းမြက်အေးမြ၊ ပီတိဝအောင်၊ ပီယဝါစာ၊ ချစ်ပျူငှာဖြင့်၊ ချိုသာပျံ့သင်း၊ နတ်စောင်းညင်းသို့၊ မပြင်းညံ့ပြေ၊ ဆိုတယ်စေလော့၊ အနေအထိုင်၊ အကိုင်အတွယ်၊ အရယ်အပြုံး၊ အသုံးအစွဲ၊ အလှဲအခါ၊ အလာအသွား၊ အစား အသောက်၊ ထိုမှုရောက်လည်း၊ လျှောက်လျှောက် ပတ်ပတ်၊ ပိတ်ကြွေခတ်သို့၊ သေသပ်ဣန္ဒြေ၊ ကျစ်လျစ်စေလော့၊ နှုတ်ခြေ လက်ကြမ်း၊ ပရမ်းပတာ၊ မသာစကား၊ အသွားအနေ၊ မပြေ မပြစ်၊ ကျစ်လျစ်မရှိ၊ သမာဓိနှင့်၊ သတိဟရား၊ ဆင်ငယ်နားသို့၊ တည်ကြားမဲ့ထွေ၊ ရှိတုံချေက၊ လူ့ပြေမျက်မြင်၊ နှုတ်သူ့ပြစ်တင်လျက်၊ သင်သရာဘေး၊ လိမ်ယှက်ထွေးအံ့၊ ရည်သွေးပြာလတ်၊ မယုံ့သက် မှတ်လည်း၊ ယုတ်မြတ်လူဝယ်၊ ကဲ့ရဲ့ဖွယ်ကို။ ။တွန်းပယ်သန့်ရှင်း စင်စေမင်း။

၄၆။ ဝါစာဖရှယ်၊ ကြမ်းသည်နှုတ်ကြောင့်၊ သေသုတ်နှမ်းလျှ၊ အတိ တကား၊ ချိုလှကျယ်ဝင်း၊ ထောင်ကွင်းကွင်းနှင့်၊ နွားမင်

မြွတ်စွာ၊ နှလုံးနာ၍၊ ငါးရာလှည်းတွင်၊ ကလျက်နှင်သည်၊ အရှင်ဒေယာကျား၊ ပုဏ္ဏားသားကို၊ စကားကြမ်းခက်၊ ဆိုမိန့်ချက်ကြောင့်၊ ပြည့်နှက်မြားမြောင်၊ လောင်းတမ်း ဆောင်သည်၊ ဘောင်ဥစ္စာထူး၊ ရှိုးစေဖူး၏၊ ပြောကြူးစကား၊ ချပ်မနားသည်၊ ပုဏ္ဏားပဏ္ဍိတ်၊ ပုရောဟိတ်အား၊ ဆိတ်ချေးတစ်ပြည်၊ လောက်ပစ်သည်က၊ မှတ်ရည်ဇာည့်တည့်၊ အပြည့်ထည့်၍၊ မလှည့်ငင်လစ်၊ ဟတိုင်းပစ်သော်၊ နစ်နစ်လုံးသေး၊ ကျုံးယူပေးသည်၊ ဆိတ်ချေးနှစ်ခွက်၊ ဝင်တြက်တြက်ကြောင့်၊ ပြည့်နှက်ဖြိုးဖြိုး၊ ပေါင်းဆန်အိုးသို့၊ ကြိုးဘိုးကျပ့်ဘောင့်၊ ဝမ်းရောင်အင့်၍၊ ဆေးနှင့်စိမ်နှူး၊ ဝမ်းချဖူး၏၊ ရွယ်လူးသန့်စင်၊ မယ့်နန်းဝင်လည်း၊ စိတ်ထင်စကား၊ ဆိုမများနှင့်၊ ရှုံးပါးရှက်ရ၊ သည့်ခြင်းတကို၊ ယူဆမျှော်ငဲ့၊ ပမာဖွဲ့၍။ ။ပြဲ့ပြဲ့ဝမ်းတောင်း ဝင်စေမင်း။

၄၇။ တဆန့်းတဆန်း၊ မှတ်ရာနန်းကို၊ ဥဒါန်းလင်းလင်း၊ ဖော်ပြအင်းအုံ၊ အဆင်းမွေးရောင်၊ ရွှေနယ်ပြောင်သည်၊ ညီနောင်ကြွင်ဖက်၊ ဟသ်ငှက်တို့၊ စုံခက်ချစ်မူ၊ လိပ်တစ်ခုကို၊ လူသူ့အဟုတ်၊ နှင်တံတုတ်၍၊ မြဲကုပ်ကျပ်သော၊ ကိုက်ပြီးစေ၍၊ တိမ်ခြေကောင်းကင်၊ ဆောင်လေကျင်သော်၊ စားမင်မြေခွေး၊ ရယ်သွမ်းမသွေးက၊ ရွှေမွှေးငှက်မြတ်၊ မြစ်ကားလတ်လည်း၊ ဇာတ်မျိုးနွယ်ပါ၊ လော်လီရှာသည်၊ မိစ္ဆာတိုလိပ်၊ နှုတ်မပိတ်ဘဲ၊ မဆိတ်ဟင်းလင်း၊ ဆိုမိလျှင်း၍၊ ချက်ချင်းကျလေ၊ ဥသျှစ်ကြွေသို့၊ ညက်ကြေထွားထွား၊ ထုံးသို့သွားသည်၊ စကားမစောင့်၊ ထိုသို့ကြောင့်တည်း၊ မနှောင့်ယှက်၊ သားပန်းခက်လျှင်၊ ဆိုချက်ဆိုရာ၊ ရောက်သော်သာလျှင်၊ အင်္ဂါလေးတန်၊ စကားမှန်ဖြင့်၊ မလွန်စေရ၊ ဆိုမြွက်ဟလော့၊ မဆမဆိ၊ ဆိုစည်းမူ၊ အပြီးသတ်သတ်၊ ပျက်စီးတတ်ဟု၊ အမှတ်ပုံနှိပ်၊ ခတ်တံဆိပ်သို့။ ။သိပ်သိပ်မယွင်း ထင်စေမင်း။

၄၈။ ပုလဲတမူး၊ ချစ်လွန်ကြူး၍၊ ကြည်နူးစိတ်မှာ၊ နေတိုင်းသာတည့်၊ မေတ္တာထုံးဖွဲ့၊ မတိမ်းငဲ့သည်၊ ပြာလဲ့ထွားညက်၊ သားပန်းခက်လျှင်၊ ကိုယ်ထက်လောက်ငံ၊ ကုံထံဥစ္စာ၊ လိမ္မာမြင့်ရှည်၊ ပညာသည်နှင့်၊ ကိုယ်ရည်တူကြ၊ လူထိုမျှကို၊ တွေ့ရကြောင်းကြောင်း၊ ရှာဖွေရှောင်းလျက်၊ စုံပေါင်းသင်းနှီး၊ ဆက်ဆံရောရှု၊ မြဲကြောင်း

ပြို၍၊ အမှုအရေး၊ ပေါ်လေးကြီးငယ်၊အသွယ်သွယ်၌၊ အလွယ်တကူ၊ ဂုဏ်နံ့ကြူသည်၊ ထိုသူပဏ္ဍိ၊ပညာရှိနှင့်၊ တူညီတိုင်ပင်၊ နှိုင်းဆင်ခြင်၍၊ မှုအင်ထောက်စာ၊ပြီးစေရာ၏၊ ဝေဆာကိုယ်ထီး၊ သစ်ပင်ကြီးလျှင်၊ အသီးအရွက်၊ အခက်မြစ်ဖုံ၊ လောက်ပြည့်စုံလည်း၊ ကြိုက်ကြုံဖော့ပတ်၊ မှန်တိုင်းခတ်က၊ ဖွတ်ဖွတ်ပင်လုံး၊ လဲသော ထုံးကို၊ မှီအုံးအလား၊ ခေါင်းရင်းထား၍။ ။ အများချစ်ပြင်း ခင်စေမင်း။

၄၉။ လွန်လေရှေးခါ၊ ဟိမဝါ၌၊ မကွာပျော်မှိန်း၊ကျေးဇူးထိန်းသည်၊ သိန်းလင်မယား၊ ထိုငှက်များလည်း၊ ဉာဏ်အားဆောက်တည်၊ နောင်သို့ရည်၍၊ အရှည်ချမ်းသာ၊ဖြစ်စိမ့်ငှာလျှင်၊ လမ္ဘာကြံနက်၊ ဝန်လိုငှက်နှင့်၊ ပြိုင်ဘက်မတွေ့၊ ခွန်အားလျော့သည်၊ ခြသော့လိမ်တောင်း၊ ထိုလုံးပေါင်းတို့၊ မြဲကြောင်း ချစ်တွဲ့၊ ခင်ပွန်းဖွဲ့၍၊ တကယ့်လူသွင်၊ ဖော်ကျွမ်းဝင်၍၊ ဖွားမြင်နှောက်ဝယ်၊ သိန်းငှက်ငယ်တို့၊ စင်ကြယ်သန့်ရှင်း၊ ဘေးလွတ်ကင်း၍၊ မယွင်းသက်ရှည်၊ ဖြစ်ဖူးသည်ကို၊ပိုက်လည်ခွဲခြမ်း၊သဘောတမ်းဖြင့်။ ။ သွားလမ်းစင်စင် တွင်စေမင်း။

၅၀။ အမျိုးလေးသွယ်၊ လူတို့ဝယ်၌၊ မှတ်လွယ်စိမ့်ငှာ၊ ထုံးပုံရှာ၍၊ ရတနာမျက်သွယ်၊ ကျောက်စုံခြယ်သို့၊မွေးမယ်မိခင်၊သည်းငင်ဆုံးမ၊ ဩဝါဒကို၊ ဖော်ပြရုံးစည်း၊ တစ်ခန်းတည်းဖြင့်၊ နည်းယူစေလောက်၊ ရွေးချယ်ကောက်၍၊သာလျှောက်ကြည်ရှင်၊ငြိမ်းတမ်းဆင်သည်။ ။ဤတွင်ပြီးစေ လျှင်သတည်း။

၅၁။ ဖြိုးမြင့်ဝေဘူ၊ ရှစ်စင်းထူ၍၊ ရွှက်ဖြူကာနှိပ်၊ ဉကင်ထိပ်မှ၊ တိမ်ရိပ်ဖွေးဖွေး၊ မျော်ထောက်ဝေးသား၊ ငှက်ကျေးတွန်ဆဲ၊ တကျဲကျဲနှင့်၊ ရေလှိုင်သီတာ၊နေရဋ္ဌာဟု၊ ရောတသွက်၊ မိုးကျထွက်သည်၊မွှေ့မျက်နှာမူး၊ ကမ်းထိပ်ဦး၏၊နဖူးပြင်မွှေး၊မြင်းစာပြေးတွင်၊ နီစေးကျော်ဟစ်၊ ကျေးဇူးလှစ်သား၊ ဆံချစ်ဂါမ၊ ထို့ဌာနကို၊ ညနေစင်ဆီ၊ မှိုင်းရီရီနှင့်၊ တလည်နံနက်၊ တစ်ချက်

မွန်းတည့်၊ သုံးခါရှိလျက်၊ မျှော်ကြည့်ပျောင်းခွေ့၊ ကြံအောက်မွေ့လျက်၊ ခြောက်သွေ့ထဲဝမ်း၊ မီးရှိန်ဂွမ်းသို့၊ညှိုးသမ်းမပြေ၊ မြန်းလာလှည်းနှင့်၊ မူးဝေထိုင်ငိုက်၊ရှိစဉ်ကြိုက်တွင်၊ အသိုက်မဝှက်၊ ကိုင်ထွက်ချက်၌၊ ကျီးနက်ညှိုရည်၊ သံကျည်ကျည်နှင့်၊ ရင့်မြည်ကျာကျာ၊ ကူလှည့်ရာကို၊ မိစ္ဆာယစ်ပေါင်း၊ မင်းစောလောင်းအား၊ ကျွန်ကောင်းမတိမ်း၊ နတ်ဆေးလိမ်းသို့၊ ချမ်းငြိမ်းအာရုံ၊ သဒ္ဓါခြုံလျက်၊ကြည်ယုံလူဗိုလ်၊မှတ်စေလို၍၊ခေါ်ဆိုရှေးဟောင်း နောက်မပြောင်သား၊ ရွှေကျောင်းဌာနီ၊ သမုတ်ညီသည်၊ ဇလီပျဉ်ယောင်၊ မကောင်မမိုး၊ တင့်စနိုးလည်း၊ မမိုးအုတ်ကြွပ်၊ သံနှင့်ဇပ်က၊ အပ်မျှမထိ၊ ပျော့ပျော့အိသည့်၊မီးကျီးဖယောင်း၊ ကြိမ်ညွှတ်ကောင်းကို၊ အစောင်းနှစ်ဘက်၊ညီစွာရက်မှ၊ဆစ်မျက် မရုံး၊ ခွေလိုက်ဖုံးသည်၊ ထုံးနိသာရည်း၊ သန္တာစီးသို့၊ ကမ္ဘည်း မလပ်၊ အမိုးကပ်လည်း၊ တစပ်တည်းကျ၊ လေးသစ်မျှလျက်၊ သာလှရိပ်ကောင်း၊ ဝါးညိုကျောင်း၌၊နေအောင်းမကွာ၊သူတော် ငါလျှင်၊ ကျမ်းလာယူဆ၊ သက်သေပြုလျက်၊ အရှုပိုက်ဆစ်၊ လေးဆယ့်ရှစ်တွင်၊ ဖွင့်လှစ်ခဲ့ခြမ်း၊ လူ့အဝှမ်းအား၊ ဆန့်ကာမ်း လက်ရွေး၊ ရွှေအိုးပေးသို့၊ ကြိုင်မွှေးပျံ့ရှား၊ သဒ္ဓါနားကို။ ။ လွှားလွှားဆုပ်ကာ သွင်းခဲ့တည်း။

၁၂။ ရက္ခရာဇာ၊ ပဒေသာလျှင်၊ ရောက်လာကြသူ၊ ခပ်သိမ်းလူအား၊ လိုမူသဖြင့်၊ စီးပွားမြင်သို့၊ ပုံသင့်မဝေး၊ လှန်နက်လေးသား၊ လူ့ဒရေးယှဉ်ရာ၊ သီးပွင့်ပါသည်၊ ဤစာဆုံးမ၊သြဝါဒကို၊ သားလှ မျိုးမြစ်၊ ရှယ်သစ်ညိုပြာ၊ တိုကိုသာလျှင်၊ ပမာပုံမွေ့၊ ကျင့်ပ စေဟု၊ ဆိုလေသည်သာ၊ ငါတို့မှာကား၊ ပဓာကျင့်ရေး၊ ရှိမည် ဒေးဟု၊ ထိုင်းလေးထွန့်တွ၊ မရှိကြွဘဲ၊ ဉာဏလက်ဆုပ်၊ ဆွဲငင် လှုပ်လျက်၊စိမြုပ်ရောင်ဝင်း၊ နားတံကင်းဝယ်၊ထည့်သွင်းသိုကာ၊ မျိုးလေးဖြာတို့၊ သဒ္ဓါကြည်ညွတ်၊ကျင့်ထွေတတ်က၊ နတ်လည်း သည်မှာ၊ ဗြဟ္မာသည်ပင်၊လေးကျွန်းထင်သည်၊ နတ်ရှင်သည်ပ၊ ပဒေသနှင့်၊ ကေရုံးစည်း၊သည်မှာချည်းရှင့်၊ မဂ်လည်းသည်ကို၊ ဖိုလ်လည်းသည်မှန်၊ မြတ်နိဗ္ဗာန်လည်း၊စုန်ဆန်မရွေ၊ သည်ဘွင် တွေ့လိမ့်၊ ပြီးငွေ့မထင်၊ နှလုံးဝင်က၊မျက်မြင်ပွားစီး၊ချမ်းသာ ကြီး၍။ ။နောင်မီးထုတ်စာ ကင်းမဲ့တည်း။

၅၃။ ထိုကြောင်းရကား၊ လူအမျိုးတို့၊ မှတ်သားလေ့ကျက်၊ ဓိပ္ပာယ်
နက်ကို၊ ပြတ်ပြက်ထင်စွာ၊ ဤအရာဝယ်၊ ဤသာဓက၊ ဤခြင်း
တ၌၊ ဤမျှတစ်စု၊ ဤဝတ္ထုတွင်၊ ဤသူ့အစစ်၊ ဤအဖြစ်လည်း၊
ဤခေတ်အတူ၊ ဤအမူကား၊ ဤသူသက်သေ၊ ဖြစ်တုံလေဟု၊
မငေ့ကွန့်ကွန့်၊ ဉာဏ်သွားညွန့်ဖြင့်၊ မတွန့်မထွေး၊ ဖြတ်ယူနွေးလျက်၊
ကြိုင်မွှေးတိုင်ခေါင်၊ ပန်းသို့ဆောင်သော်။ ။မိုက်မှောင်အုပ်
လွှာ ဝင်မြဲတည်း။





## သိင်္ဂါလောဝါဒ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

ဩဝါဒ စကားလုံးဖြင့်ချီသော ဆုံးမစာများအနက် သိင်္ဂါလောဝါဒ ဆုံးမစာသည်လည်း အပါအဝင်ဖြစ်ပေသည်။ သိင်္ဂါလောဝါဒ အမည်မှာကား ဆုံးမစာ ဆရာ၏ ပေးရင်းအမည် မဟုတ်ဘဲ သိင်္ဂါလ သတို့သားကိုအကြောင်းပြု၍ ဆုံးမဟောကြားသော တရားတော် (သိင်္ဂါလောဝါဒသုတ်) ပါ အကြောင်းအရာများကို အခြေပြု၍ လင်္ကာသွားဖြင့် ရေးသားတော်မူခြင်းကြောင့် ထိုသုတ်၏ အမည်အတိုင်း သိင်္ဂါလောဝါဒဆုံးမစာ ဟူ၍ခေါ်တွင်ခြင်း ဖြစ်ပေသည်။

ထိုဆုံးမစာတွင် သား၊ သမီး၊ မိဘ၊ တပည့်၊ ဆရာ၊ လင်၊ မယား၊ မိတ်ဆွေ၊ အရှင်၊ အစေအပါး၊ ဒါယကာ၊ ရဟန်းသံဃာ အသီးသီးတို့၏ ကျင့်ဝတ်များကို အကျဉ်းလင်္ကာ သီကုံးထားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် နိဂုံးတွင် "မိဘနှင့် သား၊ ဇယားနှင့် လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန် ဒါယကာ၊ မိတ်သဟာနှင့် ဆရာ႒ပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင် စသည်ဖြင့် ဖွဲ့ဆိုထားပေသည်။ သံပေါက်သုံးပုဒ်ပါ လင်္ကာစုစုပေါင်း ၁၅ ပိုဒ်မျှသာ ပါရှိပေသည်။

သင်္ဂဇာဆရာတော်ကား တရုတ်မြို့ကျေးလက် ပေါက်ချောင်းရွာဇာတိဖြစ်၍ ရွှေဘိုမြို့ သလုံးဆရာတော်၏ တပည့်ဖြစ်ပြီး မင်းတုန်းမင်းလက်ထက် သင်္ဂဇာ ကျောင်းတိုက်ကို တင်လှူတော်မူသဖြင့် သင်္ဂဇာ ဆရာတော်ဟု ထင်ရှားသည်။ ဆရာတော်သည် သင်္ဂဇာ စကားပုံများ၊ စတုရာရက္ခကျမ်း၊ ဓမ္မပဒ နိဿယသစ် စသည်တို့ကိုလည်း ပြုစုတော်မူခဲ့ပေသည်။



# ၅။ သိင်္ဂါလောဝါဒ ဆုံးမစာ

သင်္ဂဇာ ဆရာတော်

တီလောကလုံး၊ ညွှတ်ရှိုးဦးချ၊ နိုင်းမမျှသား၊ ဘုရားရွှေစက်၊ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား၊ ရှိညွှတ်တွားရှိ၊ သဒ္ဒါနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝက်၊ ချွတ်မှုပါယ်ရှာ၊ လားမည့်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်းဦပြုသည်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ့်။ ။ နတ်ရွာဖို့လုံးလုံး ကျက်ရှိသုံး။

၁။ ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

၂။ မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

၃။ ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

၄။ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

၅။ မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

၆။ အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်ဆွေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

၇။ ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ့မိတ်သဟာ။

၈။ ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နှာလျှင်ကုစေ၊ ငွေဖေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ ဟောရွတ်ပဥ္စမာ။

၉။ အိပ်သော်နောက်ကျ၊ ထသော်ကား ရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ။

၁၀။ မေတ္တာစိတ်ထက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်မိတ်ထား၊ တတ်အားလှူစေ၊ ငါးခုနေ၊ ပြုလေဒါယကာ။

၁၁။ မကောင်းမြစ်တား၊ ကောင်းရာကိုလှစ်၊ အသစ်ဟောကျူး၊ နားဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သချာ။

၁၂။ ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးလောကဆရာ။

၁၃။ ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားသေရှည်မြင့်ကြာ။

၁၄။ ဤသည့်ဝတ်ကို ၊ ဆွေမျိုးစုံ၊ ခြောက်ဘုံဘက်နတ်ရွာ။

၁၅။ လှည်းဘီးပြင်က၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အထူ၊ စံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွှတ်သာသည်။ ။လေးရွာဖိုလုံးလုံးလူဖြစ်ချုံး။





## ဂိဟိဝိနယ ဆုံးမစာ

# သိမှတ်ဖွယ်ရာ

သာမဏေတို့ကို ဦးတည်ဆုံးမသော ဆုံးမစာရှိသကဲ့သို့ လူတို့ကိုဦးတည် ဆုံးမသော ဆုံးမစာများလည်း ရှိခဲ့ပေသည်။ ဤဆုံးမစာများအနက် ညောင်ကန်ဆရာတော် အရှင်စက္ကိန္ဒ၊ (ဆရာတော်ဦးဗုဒ်) ရေးသားတော်မူသော ဂိဟိဝိနယ ဆုံးမစာသည်လည်း အပါအဝင်ဖြစ်ပေသည်။

ဂိဟိဝိနယ၏ အဓိပ္ပာယ်မှာ လူ့ဝိနည်း(ဝါ) လူ့ကျင့်ဝတ်ဟူ၍ ဖြစ်ပေသည်။ လူ့လောကတွင် အကျိုးရှိစွာ နေထိုင်နိုင်အောင် သွန်သင်ဆုံးမချက်များဖြစ်၍ သိင်္ဂါလောဝါဒသုတ်စသည်ကို အခြေပြု၍ ရေးဖွဲ့ထားသဖြင့် မမွကြောင်းနှယ်ပေသည်။ သောက်စားခြင်း အပြစ်၊ အခါမဲ့သွားခြင်းအပြစ်၊ ပွဲသဘင်ကြည့်ရှုခြင်းအပြစ်၊ ကြွေအန်ကစားသူအပြစ် စသည်တို့အပြင် ခင်ပွန်းတု၊ ခင်ပွန်းစစ်၊ အရပ်ခြောက်ပါး စသည့်တို့ကိုလည်း ဖော်ပြထားပေသည်။ သား သမီး၊ မိဘ၊ တပည့်၊ ဆရာ၊ လင်၊ မယား၊ ဒါယကာ၊ ရဟန်း၊ အစေအပါး၊ အိမ်ရှင်သခင်၊ စသည်တို့၏ ကျင့်ဝတ်များလည်း ညွှန်ပြထားပေသည်။ အလွယ်ကျက်မှတ်နိုင်သော ဆောင်ပုဒ်လင်္ကာများအဖြစ်လည်း အသုံးဝင်ပေသည်။

ဂိဟိဝိနယ ဆုံးမစာကို ရေးသားသော ဆရာတော်ဦးဗုဒ်ကား ဒုတိယ ညောင်ကန်ဆရာတော်ဖြစ်ပေသည်။ စကားပြေဖြင့် ဂိဟိဝိနယကျမ်းကိုရေးသားတော် မူခဲ့ပေသည်။ ကဗျာသာရတ္ထသတ်ပုံသည်ပင့်ရစ်အရာတွင်စံထားရသော သတ်ပုံကျမ်းပင်ဖြစ်ပေသည်။ ဂိဟိဝိနယ ဆုံးမစာမှာ ဂိဟိဝိနယကျမ်းတွင်ပါသော အတိုမှတ်ရန် ဆောင်ပုဒ်များပင်ဖြစ်၍ ဆုံးမစာအဖြစ် သီးခြားထုတ်နုတ်ထားခြင်း ဖြစ်ပေသည်။



# ၆။ ဂိဟိဝိနယ ဆုံးမစာ

ဆရာတော် ဦးဗုဒ်

## အကျဉ်းပြု ဥဒ္ဒေသ

၁။ သူ့သက်သတ်က၊ စသည့်လိမ်းကျံ၊ ကံကိလေသာ၊ လေးဖြာ
ပယ်ဘိ၊ အဂတိဟု၊ မပြုလေးဖြာ၊ ဥစ္စာကုန်ပျောက်၊ သေသောက်
ခြင်းက၊ စသည့်ခြောက်လီ၊ မမှီဝဲမူ၊ ဆယ့်လေးခုမှ၊ ပြုကြ
ကင်းလပ်၊ ခြောက်ရပ်မျက်နှာ၊ ဖုံးလွှမ်းကာလျှင်။ ။သေခါ
နတ်ပြည် ရောက်လိမ့်မည်။
၂။ ချစ်မုန်းကြောက်တွေ၊ တော့ဝေသော့အား၊ လွန်ကျူးမှားသော်၊
မပွားလရောင် ဆုတ်ယောင်သောဝ်။
၃။ ချစ်မုန်းကြောက်တွေ၊ တွေဝေသော့အား၊ မလွန်ငြားသော်။ ။
တိုးပွားလရောင် ပြည့်ယောင်သောဝ်။
၄။ သေစာသောက်စာ၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်
အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား။ ။ယိုယွင်း
ဥစ္စာ ပျက်ကြောင်းတည်း။

## ဥစ္စာပျက်ကြောင်း (၆)ပါးအကျယ်

၅။ ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စော
မဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ညှိခြောက်ပါးကား။ ။
သောက်စားသေစာ အပြစ်တည်း။

၆။ ကိုယ့်သားမယား၊ တခြားခစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရှုရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစုဟူ။ ။ခြောက်ခုခါမဲ့ သွားပြစ်တည်း။

၇။ ကခြင်းသလီ၊ သီခြင်းတသီး၊ မှုတ်တီးတသင်း၊ ပြိန်ဖျင်းတစ်အုပ်၊ လက်ခုပ်တတည်၊ အိုးစည်တဖြာ၊ ရှိရာရှာဟု၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား။ ။ကြည့်ရှုသဘင် အပြစ်တည်း။

၈။ အောင်မှုရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိပ်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား။ ပျော်ပါးကြွေအန် အပြစ်တည်း။

၉။ ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတုမြှူကြား၊ လည့်စားတထောက်၊ မျက်မှောက်လည့်ချက်၊ နှိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်သားကြောင့်။ ။ပျက်ပြားမိတ်ဆွေ အပြစ်တည်း။

၁၀။ အချမ်းပြည့်ဝှန်၊ အလွန်ပူနိုး၊ မိုးချုပ် လှမော၊ စောလွန်းလှယောင်၊ ဆာလောင်ပြင်းလှ၊ ဝမ်းဝလွန်ထွေ၊ နေထာဥစ္စာ၊ မဖြစ်ရာသည်။ ခြောက်ဖြာပျင်းသူ အပြစ်တည်း။

## ခင်ပွန်းတုလေးပါး

၁၁။ လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလှာတုံဘိ၊ မိမိကျိုးဌာ၊ မှီလှာပေါင်းယှဉ်၊ လေးယောက်စဉ်ကား။ ။အညဒတ္တုဟုရတည်း။

၁၂။ ရှေ့ဖြင့်စေ့စပ်၊ တစ်ထပ်နောက်မှီ၊ ချည်းနှီးသဂြိုဟ်ပေးလိုစဟန်၊ ပစ္စုပ္ပန်မှု၊ ပြည့်နှပ်ပျက်ပြား၊ ဤလေးပါးကား၊ မှတ်သားဝစီပရမတည်း။

၁၃။ မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့မြင်သည်။ ။လေးအင်ပိယဘာဏီတည်း။

၁၄။ သောက်ထုတ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်
အနှစ်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်။ ။လေးအင်အပါယ်
သဟဲတည်း။

## ခင်ပွန်းစစ် လေးပါး

၁၅။ မေ့လျော့စောင့်လှာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊
ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလှာသည်။ ။လေးဖြာဥပ
ကာရတည်း။

၁၆။ လျှို့ဝှက်စကား၊ ကြားစတုံလျက်၊ တူလျှို့ဝှက်၍၊ ဘေးတွေ့စွန့်၊
မတွန့်တိုပါ၊ သူ့သို့ညာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ ဤလေး
ယောက်ကား။ ။မျှလောက်ချမ်းသာ ဆင်းရဲတည်း။

၁၇။ မကောင်းမြစ်ထာ၊ ကောင်းရာသွင်းထား၊ မကြားစတောင်း၊
အကြောင်းကြားလှာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား။ ။
မည်ရအတ္ထက္ခာယီတည်း။

၁၈။ ဥစ္စာခမ်းနား၊ မပွားသမြို့၊ မနှစ်လို့ငြား၊ ပွားကရှင်မြူး၊ ကျေးဇူး
မွဲကို၊ ဆိုဒသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊
သူတို့တမ်းကား။ ။မိတ်ကျွမ်းအနုကမ္ပတည်း။

## အရပ်ခြောက်ပါး

၁၉။ အဒရှေ့မိဘ၊ တောင်မှဆရာ၊ နောက်မှာမယား၊ မြောက်ကား
မိတ်ဆွေ၊ အောက်ခြေကျွန်များ၊ အထက်ဖျားကား။ ။ပုဏ္ဏား
ရဟန်း၊ ခြောက်ရပ်တည်း။

၂၀။ မွေးတုံ့မွေးပြူ၊ ဆောင်မှုကြီးဝယ်၊ မျိုးနွယ်တည်စေ၊ မွေထိုက်ကျင့်ဟန်၊ သေလွန်ကောင်းမှု၊ ပြုရှ်ဝေငြား၊ ဤငါးပါးကား။ ။သားတို့ကျင့်ရိုး ဝတ်ပေတည်း။

၂၁။ မကောင်းမြစ်ထာ၊ ကောင်းရာသွင်းပေ၊ သင်စေအတတ်၊ လျောက်ပတ်မယား၊ ထိမ်းမြားချိန်ခါ၊ ဥစ္စာအမွေ၊ ချိန်တန်ဝေသည်။ ။ငါးထွေမိဘ ကျင့်ဝတ်တည်း။

၂၂။ ခရီးဦးကြို၊ ဆိုသည့်မလေ့၊ တစ်နေ့သုံးခါ၊ ကပ်လှာမြဲတည်၊ ယုံကြည်နာယူ၊ ရေဒန်ပူကာ၊ စသည်လုပ်ကျွေး၊၊ ကျင့်ရေးကောင်းပေ၊ ရှိသေ့ သင်ကြား၊ ဤငါးပါးကား။ ။မမွား တပည့်ကျင့်ဝတ်ဆည်း။

၂၃။ ဆုံးမကောင်းပေ၊ သင်စေကောင်းမွန်၊ မကျန်ကြားထွေ၊ မိတ်ဆွေစေ့စပ်၊ အရပ်စောင့်ငြား၊ ဤငါးပါးတား။ ။ခေါင်ဖျားဆရာကျင့်ဝတ်တည်း။

၂၄။ မည်ခေါ်နာအီ၊ မထီမဲ့မြင်၊ ပြုကျင်မဲ့တွန်၊ ကျူးလွန်ကျင့်ကင်း၊ ဆောင်နှင်းခန်းဝါ၊ တန်ဆာဆင်ယင်၊ ဤငါးအင်။ ။လင်တို့ကျင့်ရိုး တံထွာတည်။

၂၅။ စီမံမှုခင်း၊ သင်္ဂြိုဟ်မျိုးမွန်၊ လွန်မကျင့်ရာ၊ ဥစ္စာစောင့်ခြင်း၊ မပျင်းမှုမှာ၊ ဤငါးဖြာကား။ ။သည်းလျာဇနီး ကျင့်ဝတ်တည်း။

၂၆။ ပေးကမ်းလိုမယ်၊ ချစ်ဖွယ်ဆိုငြား၊ စီးပွားကျင့်မှု၊ ကိုယ်တူပြုခြင်း၊ ချွတ်ယွင်းမဲ့စေ၊ ဤငါးထွေကား။ ။ကြင်ဆွေတို့အား ကျင့်ဝတ်တည်း။

၂၇။ မေ့လျော့စောင့်လှာ၊ ဥစ္စာစောင့်ရှောက်၊ ကြောက်လန့်ပယ်လေ့၊ ဘေးတွေ့မစွန့်၊ ဆက်ညွန့်သားမြေး၊ မြတ်လေးပူဇော်၊ ဤငါးဖော်ကား။ ။ညီလျော်တို့လမ်း ကျင့်ဝတ်တည်း။

၂၈။ အားလျော်မှုခင်း၊ ထမင်းရိက္ခာ၊ ပေးရာတရေး၊ လုပ်ကျွေးဖျားနာ၊ ရသာဝေဖန်၊ ချိန်တန်လွှတ်ထား၊ ဤငါးပါးကား။ ။ကျွန်အားအရှင် ကျင့်ဝတ်တည်း။

၂၉။ ရှေးဦးစွာထ၊ နောက်မှအိပ်ရေး၊ ပေးမှယူရာ၊ ကောင်းစွာပြုခြင်း၊ သီတင်းဆောက်တည်၊ ဤငါးမည်ကား။ ။စဉ်ရှည်ကျွန်တို့ ကျင့်ရိုးတည်း။

၃၀။ ကိုယ်နှုတ်စိတ်မှာ၊ မေတ္တာရှိငြား၊ တံခါးဖွင့်ခြင်း၊ ဆွမ်းဟင်း ရေစာ၊ ပေးလှူကာလျှင်။ ။ဒကာကျင့်ဝတ် ငါးပါးတည်း။

၃၁။ မကောင်းမြစ်ထဲ၊ ကောင်းရာသွင်းကြောင်း၊ ကောင်းစိတ် သနား၊ မကြားစေတောင်း၊ ထုံးကောင်းကြားသိ၊ ကြားမိသင်စေ၊ နတ်ပြေ လမ်းညွှန်၊ ဤခြောက် ခန်းကား။ ။ရဟန်းပုဏ္ဏား ကျင့်ရိုးတည်း။





## အတ္တောဝါဒ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

အတ္တောဝါဒ ဆုံးမစာမှာ ပျို့လင်္ကာသွား ဆုံးမစာဖြစ်၍ အပိုဒ် ၆ ပိုဒ်မျှသာ ပါဝင်ပေသည်။ အတ္တောဝါဒ၏ အဓိပ္ပာယ်မှာ မိမိကိုယ်ကို ဆုံးမခြင်းဟူ၍ ဖြစ်ပေသည်။ မိမိက သူတပါးကို ဆုံးမခြင်း၊ မိမိကို သူတပါးက ဆုံးမခြင်းတို့အပြင် မိမိကိုယ်ကိုမိမိ ဆုံးမရန်လည်း လိုပေသည်။ နားခံတော်ဦးရွှေနီသည် ပုတ္တောဝါဒ၊ မိတ္တေဝါဒ၊ မာတောဝါဒ စသည့် ဩဝါဒများထက်ထူး၍ အတ္တောဝါဒဟု အမည်ပေးခဲ့ပေသည်။

အတ္တောဝါဒ ဆုံးမစာတွင် အင်္ဂါအားဖြင့် ကာမဂုဏ်ငါးပါးကို လုံခြုံစေရန် ရှင်းလင်းဖော်ပြထားပေသည်။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရန်လည်း နှိုးဆော်ပေသည်။ လူ့ကျင့်ဝတ်များကို ထောက်ပြခြင်း ဖြစ်သော်လည်း ဓမ္မကြောင်း နွယ်သည်ဟုပင် ဆိုရပေမည်။

နားခံတော် ဦးရွှေနီသည် မင်းတုန်းမင်းကြီးလက်ထက်တွင် ခစားထမ်းရွက်၍ သီပေါမင်းလက်ထက်အထိ ဆက်လက် ထမ်းဆောင်ကြောင်း သိရှိရသည်။ သီပေါ ‌ဘုရင်ပါတော်မူပြီးနောက် ရဟန်းပြုသွားလေသည်။

အတ္တောဝါဒ ဆုံးမစာသည် အပိုဒ်ရေ နည်းပါး၍ ကဗျာဥာဏ်အားဖြင့် စံမီသော အဆင့်မျှလောက်သာ သတ်မှတ်ရန် ရှိပေသည်။ ဦးရွှေနီ၏စာပေလက်ရာများကို များစွာမတွေ့ရှိရပေ။



# ၇။ အတ္တောဝါဒ ဆုံးမစာ

နားခံတော် ဦးရွှေနီ

၁။ သာသနာဝင်းရှိန်၊ တသိန်ထိန်တွင်၊ ကြိမ်ကြိမ်ဖြစ်လှုံ၊ ဒါယကာ
တို့၊ ပါကာဟိပါတာ၊ ကြင်နာမွဲငြား၊ လူမိုက် သားလျှင်၊
အိမ်မှားလက်နက်၊ ပိုက်ကွန်ရွက်နှင့်၊ ကြောက်ရွက်မရှိ၊ သတ်ညှစ်
ဘိ၍၊ ဘ မိဝမ်းစာ၊ မယားမှာလည်း၊ စိတ်သာရှင်ကြောင်း၊
သားမျှားပေါင်းကို၊ အကြောင်းရှာဖွေ၊ သားမျှားသေလျှင်၊
နေဝင်နေထွက်၊ သဉ္စယ်နက်အောင်၊ အိပ်စက်မရှိ၊ ကြိုးစား
ဘိသည်၊ သားမိကြည်ဖွယ်၊ အဖနှယ်ကို၊ အဘယ်သူမျှ၊ မနမ်း
ရဟု၊ အားရအောင်သာ၊ လူမိုက်သာကို၊ ညှာတာမရှိ၊ သတ်ယူ
ဘိ၍၊ စုတိပြောင်းကွာ၊ သေသောခါဝယ်၊ မပါဖော်ကဲ့၊
တစ်ယောက်တည်းလျှင်၊ အမြဲမကွာ၊ ဖန်ငါးရာလျှင်၊ ငရဲမှာစင်စစ်၊
ပိုးမွှားဖြစ်၍၊ သူညစ်ဥပဒ်၊ နှိပ်စက်ဟက်၏၊ သေပြုတ်ခန္ဓာ၊
ရွှေ့ပြောင်းကူသော်၊ ကျေးမှာငါးရာ၊ ချိုးခါ သမင်၊ စိုင်
ကြံ့ ဆင်က၊ ကြက် ဝက် စသည်၊ များလှသတ္တဝါ၊ ဖြစ်သော
ခါလည်း၊ သူသားနှိပ်စက်၊ ကံဆိုးဖျက်၍၊ ထောင်ဇာတ်မကွာ၊
ခံရရာ၏၊ ကြမ္မာစုသော၊ ပြောင်းကွာရွှေ့သော်၊ ကျောက်မြေ့
ပေါ်ထဲ၊ မီးငရဲ၌၊ ပူစွဲလူးလဲ၊ တစ်ယောက်တည်းလျှင်၊ မိလဲမမြင်၊
ဘခင်မသိ၊ သားမီးမမျှော်၊ ဆွေဖော်မပါ၊ သားကိုညှာ၍၊
ယင်းသာသည့်နှယ်၊ ဖြစ်ရဖွယ်ကို၊ သားငယ်မပါ၊ ငါချည့်
သာသည်။ ။မီးမှာကျက်ရ တော့မည်တည်း။

၂။ အဒိန္နာဒါနာ၊သူ့ဥစ္စာကို၊ စောရာလုပ်လို၊ မှောင်ရိပ်ခို၍၊ ညကို ခနွဲ့သွင်၊ ကိုယ်တွင်လက်နက်၊ ကိုင်လျက်သွားမြောက်၊ မှီခြေထောက်နှင့်၊ အိမ်အောက်နံရံ၊ လည်းဖျက်လှံမှ၊ ညဉ့်ယံသန်းခေါင်၊ ကြွက်အိမ်မြောင်သွင်၊ နတ်လျှင်မြည်တမ်း၊ ပုခါစမ်း၍၊ လုစ်ထွန်းရှာဖွေ၊ ဥစ္စာတွေ့မူ၊ ရွှေငွေရတနာ၊ ပေါများစွာကို၊ ထိုမှာမကောင်း၊ သည်မှာကောင်းဟု၊ သို့ကောင်း၍မြောက်၊ မှီခြေထောက်နှင့်၊မမြောက်တစ်ခါ၊မြောက်တစ်ခါနှင့်၊ဖွရှာဖျက်ဆီး၊ စောရကြီးကား၊ကိုယ်ထီးလူဆိုး၊တင်းတင်းခိုးလို၊ အကျိုးအပြစ်၊မစိစစ်ဘဲ၊သားတစ်ကိုခင်၊ညှတ်မမြင်သည့်၊ ငှက်သွင်ပမာ၊ လူ့စောရကို၊သူသာဖမ်းမိ၊ ခလုတ်ထိမှ၊ အမိအမယ်၊ တ,သောနှယ်သာ၊လူမိစ္ဆာကို၊ချည်ကာယူငြား၊ကြိုးများလျားနှင့်၊ ဆောင်သွားနှက်ခတ်၊ ထောင်းထုသတ်မျို၊ မျက်စိမှုးမော်၊ တဒေါ်ဒေါ်သား၊ သွေးတားတွေတွေ၊ ပြွန်ထွက်ရေသို့၊ ဆက်လေထုံးမြောက်၊ မင်းထံရောက်သော်၊ သဘောက်ကျွန်သား၊ နင်ယောက်ျားသည်၊ သူများဥစ္စာ၊ ထားသည်ဌာကို၊ ညှာတာမရှု၊ တောကျားပို၍၊လုယက်နှက်ခတ်၊ ထိုးကြိတ်သတ်မှ၊ စောရနှင်လူ၊ မိုက်သသူဟု၊ ဆွဲယူအတင်း၊ နှောင်အိမ်တွင်းသို၊ခြေကျဉ်းသံပြွား၊လက်လှမ်းမှ၊ ထောင်သားမောင်သယ်၊ အသွယ်သွယ်နှင့်၊ ကြိုးငယ်နှားတွင်း၊ ထည့်သွတ်သွင်းမှ၊ အတင်းပိုကြ၊ ထိုးဆိတ်ဆွဲသော်၊ နမမြင်၊ မိခင်မရှိ၊ သားမိမလာ၊ ငါ၏သို့သာလျှင်၊ ပူဆာလိုက်လဲ၊ နှောင်အိမ်ထဲ၌၊ ဆင်းရဲကျဉ်းမြောင်း၊ တလှောင်းလှောင်းနှင့်၊ စာဟောင်းရေထဲ၊ နှံလုံးကျဲသို့၊ ဆင်းရဲဒေသာပေါ်၊ ငါချည့်သာတည့်၊ လူ့ရွာကဇက်၊ ခက်ကြီးခက်ခဲ၊ နှိပ်စက်တော့နှာ၊ ရောက်သောခါလျှင်၊ ခန္ဓာပြောင်းကာ၊ စုတေ့ရသော်၊ ဘဝရှည်စွာ၊ ငါယ်ကေလားရှာကို။ ။ငါ့မှာလွတ်သာချည့်ဖူးတည်း။

၃။ ကာမေသုမိစ္ဆာ၊သူ့အိမ်ရာကို၊မဗယာလှည့်စား၊မချွတ်စကားနှင့်၊ တရားမယူ၊မိုက်လူလျှင်၊တဏှာမင်၍၊ မိခင်သိမ်းထား၊ ဘကားသိမ်းဆည်း၊ ဆွေလည်းမစ၊ နမဇမောင်ဘွား၊ သိမ်းပိုက်ကားသော်၊ ယောကျ်ားတဏှာ၊လူ့ဗာလသည်၊တွယ်တာမရှိ၊ ငါမှငါ့ဘ၊ ငါ့နှမနှယ်၊ ဖြစ်ပေတယ်ဟု၊ စိတ်ဝယ်မရှိ၊လူဒိဋ္ဌိကို၊ ဟိရီ

ရှက်ကြောက်၊ မှဲ့ကောင်လောက်မျှ၊မထောက်မထား၊ လူဖြစ်
လားလျှင်၊ ခြံတဒါးမဝင်၊ နွားသမင်သို့၊ လေလွင့်သွားလား၊
ဘုရားဂူကျောင်း၊ တန်ဆောင်းစရပ်၊ ပိဋကပါတ်ကာ၊ သာသနာ့၊
ဒါယကာ၊ မြဲမကွာလျှင်၊ ဆောက်ရာတံလား၊ ဖလားရေအိုး၊
သောက်ချိုးရေတွင်း၊ဆွမ်းဟင်းမွှေသိမ်၊ကထိန်ပံ့သကူ၊ကြည်ဖြူ
သဒ္ဓါ၊ ဒါယကာတို့၊ ခံပါလျက်ပင်၊ တဏှာမင်က၊ ဆင်ခြင်မရှိ၊
မိကိုမာတာ၊ ဆရာဖခင်၊သားလင်ကိုပစ်၊ ကျင့်မှုညစ်နှင့်၊ ဒုဗ္ဗစ္စာ
အိုး၊ နွားလားမျိုးတို့၊ ကြိုးကြိုးကြားကြား၊ လှည်းပတ်သွားရှိ၊
ငါ့သားမြေးနှယ်၊ ဖြစ်ပေတယ်ဟု၊ မတွယ်မတာ၊အိမ်မှာစေစား၊
သူငယ်များဏ၊ စံစားမလွတ်၊ ပြစ်မှားလတ်က၊ ဤဘဝတွင်၊
လူရှင်များစွာ၊ ပြစ်တင်ရှာခဲ့၊ ခန္ဓာပြောင်းငြားး၊ စုတေ့သွား
သော်၊ စပ်ကြားမရပ်၊ တံဆိပ်ခတ်သို့၊ ရှစ်ထပ်ငနဲ၊ မီးကျီးထဲ၌၊
လူးလဲ့ပြင်းစွာ၊ ငါးကမ္ဘာလျှင်၊ ရှည်ကြာလုံးလုံး၊ ခံပြီးဆုံ့မှ၊
ထိုကပြောင်းခွာ၊ လူဖြစ်လှာလည်း၊ ကြမ္မာနှိပ်စက်၊ ကုသိုလ်
ဖျက်၍၊ နားရွက်မျက်စိ၊ နတ္တိနေငြား၊ လက်ဖျားခြေတို၊ ကိုယ်
လည်းလိမ်လက်၊ ကြမ္မာဖျက်၍၊ ဆတ်ဆတ်မုချ၊ ဖြစ်ပြန်ရခဲ့၊
မိန်းမအစစ်၊ တဏှာနှစ်၍၊ အဖြစ်ဝါးရာ၊ မလွတ်သာသည်။ ။
တစ်ခါလွတ်သာ ချည်ဖူးတည်း။

၄။ မုသာဝါဒ၊ ပိသုဏနှင့်၊ မြွက်ဟာပီပီ၊ ဝစီသစ္စာ၊အညာမနေား၊
လူ့သဘောတို့၊ ပြောဟောမြားနှယ်၊စိတ်ဝယ်သံကောက်၊ဆံမွှား
လောက်မျှ၊ ရှက်ကြောက်မရှိ၊လူဒိဋ္ဌိတို့၊ ဂတိမတယ်၊ ဟင်းကြီး
ဝယ်နှင့်၊ ရောင်းဝယ်ခံပေး၊ အလေးကြီးငယ်၊ အသွယ်သွယ်နှင့်၊
နာဖွယ်မုသား၊ လက်ဖဝါးသို့၊ ယော်ကျားမိန်းမ၊ ဆိုရောင်း
ကြသော်၊ ဘဝပြောင်းကွာ၊ ရွှေ့သောခါလျှင်၊ လေးရွာပယ်
ထွေ၊ ခံရလေ၏၊ နှစ်ရှည်လကြာ၊ ပြန်တုံ့လာသော်၊ လူဘော်
၌တွင်၊ ဖြစ်ပြန်လျှင်လည်း၊ လူတွင်စက်ဆုပ်၊ ခံတွင်းပုပ်နှင့်၊
အမြုပ်ဖွားဖွား၊ ယင်များများသာ၊ နှုတ်လျှာပယ်ဟင်း၊ ပါး
စောင်တွင်းတွင်၊ ယင်တသဲသဲ၊ သွားကျဲတဲနှင့်၊ အလှဲ့ အဆွဲ၊
ရွှံ့လည်းရွှံ့ဖွယ်၊ မတင့်တယ်တည့်၊ ဆိုဖွယ်စကား၊ ပြိုင်ပြော

ငြားလည်း၊ ဟားဟားသည်သူ၊ခံတွင်းမူလည်း၊နံ့ကြူပုပ်ဟောင်၊
သားတစ်ကောင်သို့၊ ဖေးအောင်မနွေး၊ ရှောင်ခွာပြေးသည်။ ။
ဝေးစွး ရှဲကြ ချည်မည်တည်း။

၅။ သုရာမေရယ၊ ယစ်မျိုးစသည်၊ ရှောင်ကြဉ်ကုန်ပါ၊ ဒါယကာတို့၊
သေစာအရက်၊လူကိုဖျက်သည်၊တစ်ချက်ကယ်သာ၊ မမှတ်ပါနှင့်၊
ဥစ္စာ ကျွဲ နွား၊ သားမယားက၊ကျေးကျွန်စသည်၊ လျှောကျ၍
ကွာ၊ ပျက်စီးရာခဲ့၊ ပါဏာတိပါတ၊ အဒိန္နက၊ပရဒါရာ၊သူ့အိမ်မှ
ရာနှင့်၊ မုသာဝါဒ၊ ထိုထိုမျှကို၊ စာဂမလွတ်၊ ဖြစ်မှားထတ်၏၊
ယစ်လတ်သောခါ၊ မျက်နှာနီနီ၊ ခပ်သီသီနှင့်၊ တိမ်းမီတိမ်းပါး၊
မာန်ကြိမ်းဝါးလျက်၊ စကားကြမ်းတမ်း၊ လူပူးနှမ်းသည်၊ ဘယ်
လမ်းမသိ၊ လူဒိဋ္ဌိလျှင်၊ မိခင်သည်မှာ၊ဆရာသည်ကား၊ ဘကား
သည်တွင်၊ အရှင်လည်းနေ၊ဆွေလည်းရင်းစ၊နှမငါ့ပါး၊ မယား
ငါ့ရင်း၊သားချင်းမျိုးဆွေ၊ လုံးတထွေကို၊ဆံခြေခြမ်းမျှ၊တွေးဆ
မတား၊ တောင်ထိုးဝါးသို့၊ထောက်ထားမရှိ၊ဆိုဆဲထိ၏၊ ထူးရိ
မပြား၊ မထူးခြားသည့်၊ ခွေးနားရွှန်းသွင်၊ အိမ်တွင်ပါတူ၊
ရှိုင်းသည့်လူကား၊ ကျောင်းဘုရားနှင့်၊ တရားသံဃာ၊ ကြည်ညို
ပါလျက်၊ သေစာအရက်၊ သွေ့ကိုဖျက်လျှင်၊ ရင်ထက်လေခု၊
နာကျုံပြု၍၊ ဆေးဟူအမှတ်၊ ခေါ်သောက်တတ်၏၊ ယုတ်မြတ်
နှစ်ပါး၊ လူစပ်ကြားမူ၊ မယားအိမ်နေ၊ မသိလေအောင်၊ သွား
ဝယ်ဆောင်၍၊ တိုက်ချောင်အိမ်ပါး၊ ကွဲ့သို့တားမူ၊ ပြေးသွား
ဇင်မြောက်၊ ဖော်ထုတ်သောက်သော်၊ တစ်ယောက်ယောက်မျှ၊
မသိရအောင်၊ ရှပ်ရည်ဆောင်၍၊ကြေအောင်ထွားထွား၊ ကွမ်း
ပန်းစား၍၊ အခြားသူက၊ မသိရအောင်၊ ရူပဆောင်သူ၊ယဉ်ရှိုင်း
လူစား၊ စုတေ သွားသော်၊ တခြားမကျ၊ ရောရုဝနှင့်၊ မုချ
တဖန်၊တော-က်ထိန်လျှံတွင်၊ ဧကန်စင်စစ်၊ မီးတွင်ချစ်၍၊ ဖြစ်တုံ
ပျက်ပြန်၊ တည့်ည့်နှင့်၊ ငိုသံမစဲ၊ တောက်ငရဲတွင်၊ ကြမ္မာငင်၍၊
ခံလျှင်ပြီးသော်၊ လူ့ပြည်ပေါ်လည်း၊ မသူတော်စစ်၊ ဘီလူး
ဖြစ်လျက်၊ စင်စစ်ငါးရာ၊ ဖြစ်ပြန်လှာမူ၊ ခွေး ဝက်စသည်၊
များလှသတ္တဝါ၊ ဖြစ်သောခါလည်း၊ ကြမ္မာကံပေ၊ အာယုချေ
လျှင်၊ ငါးရာပင်တည်း၊ လူတွင်ဖြစ်လှာ၊ ရက်သေစာကြောင့်၊
အိမ်ရာမြေတွင်၊ ကိုယ်တခွင်လှည်း၊ ရူးချင်မဖွယ်၊ ဝှယ်မခြယ်

သည်၊ ချားလည်ရှုလစ် သေရာနှစ်သည်။ ။ရှင်ချစ်မချွတ် ချည်ဘူးတည်း။

၆။ လူ့ရေးလူရာ၊ လူလိမ္မာဟု၊ ဖြစ်ပါလေစေ၊ ကျောင်းမှာနေမှ၊ မျှားသိပ္ပကို၊ သင်ကြစမြဲ၊ မချက်လှဲတည့်၊ ကဲ့ဧတိုးတက်၊ ညွှန်နက်လည်း၊ မပျက်မြဲစွာ၊ သရဏာနှင့်၊ ပဥ္စသီလ၊ အဋ္ဌဥပုသ်၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးနေ့ည၊ အနိစ္စနှင့်၊ ဒုက္ခ အတ္တာ၊ ဤသုံးဝကို၊ နှလုံငယ်က၊ စီးဖြန်းကြလော့၊ ငယ်စွငယ်သူ၊ ငယ်၏ဟူ၍၊ မယူသေမင်း၊ မနေလျှင်းတည့်၊ အိုမင်းမှသာ၊ သေမင်းလာ၍၊ ယူလှာတော့မည်၊ မှတ်မတည်နှင့်၊ မည်သည်စံစား၊ မရွေ့ပါတည့်၊ ရာဇာသနင်း၊ မင်းထက်မင်းကို၊ ခွင်းလေ့တစ်စု၊ သတိရလေ့၊ မမေ့မလျော့၊ မပေါ့နှင့်ထား၊ ထမင်းစားလည်း၊ ဦးဖျားယူလျှင်၊ သင်ပုတ်တင်မှ၊ စားကြကုန်သလော့၊ အိပ်ကြသော့ခါ၊ လက်ဆယ်ဖြာကို၊ ထိပ်မှာတင်ထား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ကိုးကွယ်ရာဟု၊ အမှတ်ပြုမှ၊ နိုးလေကလည်း၊ ဗုဒ္ဓ ဓမ္မ သံ့ဃာ၊ မြတ်သုံးဖြာကို။ ။ညည်းကာရှိ၊ ပူဇော်လေ့လော့။





## ဥပါသကောဝါဒ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

ဒေးပန်းနီဆရာတော်သည် သီပေါမင်းထံ သွင်းပို့သော ခတ္တေ၂၁ ါဒ မဂ္ဂဇာစအပြင် ဥပါသကာတို့အတွက် ဥပါသကောဝါဒ ဆုံးမစာကိုလည်း ရေးသားခဲ့ပေသေးသည်။ လောကီ အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြသော လူဒါယကာတို့အတွက် ဘဝတွင် သိမှတ်နှလုံးသွင်းသင့်သည်များကို ထောက်ပြ ထားပေသည်။ ကုသိုလ်၊ အကုသိုလ်ခွဲခြားတတ်ရန်၊ မကောင်းမှု ရှောင်ရန်၊ ရတနာသုံးပါး ဆည်းကပ်ရန် စသည်ဖြင့် ဆုံးမထားပေရာ တရား ဟောပြော ချက်များနှင့်လည်း တူပေသည်။

ဆရာတော်သည် ကဗျာ လင်္ကာ ဖွဲ့ဆိုမှုတွင်စွမ်းမြောက်တော် မူသဖြင့်–

နှစ်သက်အင်ပြည့်၊ တပည့်တစ်ရပ်၊
ပါဋိဟာရာ၊ စောင့်နည်း လာသား၊ ရိယာဥပုသ်၊
နှမိနှမြော၊ သီလမျော၍၊ ရှင်စောနှုတ်ဖျား၊
မလာမရောက်၊ တစ်ယောက်မြုပ်တိမ်၊
သိမ်းဆည်းရပ်နံ၊ စေ့စေ့ကြိုက၊ မကျုံ့လိမ်းပေ၊

စသည်ဖြင့် ခွဲထားများကို ထည့်သွင်းစပ်ဆို၍ အသတ်အစပ်အရာ၌လည်း–

အားထုတ်လုံးပန်း၊စောင့်ထိန်းမြန်းမှ၊ ရဟန်းကောင်းသွင်၊
သံသရာ သစ်ငုတ်၊ ခလုတ်အစစ်၊

စသည်ဖြင့် စည်းကမ်းစနစ်ကျနတော်မူပေသည်။ အဲ့တွင်း၌လောဘ၊ ဒေါသ၊ မောဟဆိုင်ရာ ပိုဒ်စုံရှုတုတ္တိကိုလည်း ထည့်သွင်း စပ်ဆိုထားပေသည်။



# ၈။ ဥပါသကောဝါဒဆုံးမစာ

## ဆီးပန်းနီဆရာတော်

၁။ မဟာဓရဇိန်၊ ဉာဏ်ရောင်ရှိန်ဖြင့်၊ နှိုင်းချိန်တွက်ရေ၊ အစိတ်ဝေမှု၊ အကုဋ္ဌေပြန့်၊ သုံးသန်းခြောက်သိန်း၊ သုံးဿပ်ထိန်းမှု၊ အကိန်းမသိ၊ များစွာဘိသား၊ ဝိသယလုံး၊ အရှိကျုံးလျက်၊ ဟုံးစုံးမဲ့အောင်၊ စကြာပြောင်ထက်၊ ဘုန်းခေါင်စောမီး၊ မင်းတိုင်စီး၍၊ တိုင်းသီးတွက်ဖွဲ့၊ ဆယ့်ဘစ်ခရိုင်၊ အနိုင်နိုင်ကို၊ စိုးပိုင်ဥဿုံ၊ လွှမ်းမိုးခြုံလျက်၊ ဇဟုံသဟည်၊ ထောင်ကိန်းမှတ်သည်၊ မာရ်နတ်ဗိုလ်ခြေ၊ များကိလေကို၊ သခေ်ျလေးထပ်၊ ကပ်တစ်သိန်းဝေး၊ ကြိမ်ကြိမ်သွေးသား၊ ဖွေးဖွေးဖြူထွား၊ မဂ်လေးပါးဟု၊ အိမ်ခေါးအဲမောင်း၊ လက်သုံးကောင်းဖြင့်၊ ထောင်းထောင်း ဖြတ်ထိုး၊ ချွံချွံချိုးသည်၊ တန်ခိုးတော်ကား၊ သူငါကြားတ၊ ဘုရားဘုရား၊ အသည်းဖျားဝယ်၊ လန့်ကြားကြည်ညို၊ ညွတ်ရခိုသား၊ ပုဂ္ဂိုလ်အတုလ၊ ဂေါတမဟု၊ စတုတ္ထမှန်ကူ၊ သယမ္ဘူနှင့်၊ ရန်မြူဆယ်ပါး၊ ပယ်လွတ်ရှားသည်၊ ပတ္တမြားစစ်၊ တရားနှစ်မျှ၊ ဇာစ်ဓာမ္မာဘာ၊ ဖြစ်တိုင်းပါသား၊ တဏှာညစ်ကြေး၊ ဇောစေးကို၊ ပယ်ထွေးစွန့်အန်၊ ကျေးဇူးမွန်ကြောင့်၊ ဈာန်ပုံညီးညီး၊ လေယာဉ်စီးသည်၊ သားကြီးရှစ်ဖြာ၊ ရတနာသုံးပါး၊ ဟူးနတ်အားကို၊ မှတ်သားရည်ရော်၊ ဂုဏ်ထူးဖော်၍၊ နာပျော်လှစွာ၊ ညင်းညင်းသာသား၊ ဥပါသကာ၊ ဩဝါဒဟု၊ ဓာဗျာ့ကျမ်းဦး၊ အံ့ဖွံ့ကျူးသည်။ ။ဖူး၏လက်ငုံ ကြာပန်းတည်း။

၂။ ဤသို့ဟူ၍၊ နတ်လူနဂါး၊ သိကြွားဗြဟ္မာ၊ မြို့ပြည်ရွာဝယ်၊ရသာ ကြွိုင်သင်း၊ ထမင်းအဖျော်၊ မော်ရော်ပုဆိုး၊ မီးခိုးတိမ်လား၊ စသည်အားဖြင့်၊ စိတ်ထားလိုတိုင်း၊ မဆိုင်းမနှေး၊ ဖြည့်တင်း ပေးလျက်၊ အသွေးလနေ၊ မှဲ့မချေသား၊ ဝေရော်စန၊ ကုဏ္ဍ မဏိ၊ ဣန္ဒြိယ၊ ဗဒ္ဓအဗဒ်၊ မြတ်သည်ရတနာ၊ ထို့ထက်သာသည်၊ သုံးဖြာအရှင်၊ ဦးလုံးတင်ကိုယ်ပန်ဆင်ခဲ့ပြီး၊ကျမ်းရိုးမို့အံ့။ အသိ ခွဲစိတ်၊ သက်မွေးဟိတ်နှင့်၊ သာဝိတ်မန္တရား၊သီလပွားမှ၊ နှစ်ပါး ပေါင်းစု၊ ယုဂနန္ဒ၊ ဓမ္မဥဿု၊ အလုံးစုံကို၊ အခုံဘမင်၊ ရှောင် တခင်တည့်၊ မှတ်သင်နှာလို၊ များလူဗိုလ်တို့၊ ကြည်ညိုလေးမြတ်၊ မှုတ်ိုလတ်လော့၊ သတ္တလေးက၊ ဘဝပစ္စက်၊ ယခုမျက်တွင်၊ သက်မွေးအံ့သည်၊ မရည်မညွန်း၊ ဂုဏ်ရောင်ရွှန်း၍၊ ထွန်းပစေလို၊ ဆိုသည့်မှုသာ၊ မ်စ္ဆာဝါစ၊ ယင်းဓမ္မကို၊ ကြည်ကသမ္မာ၊ ဝါစာ မည့်ဘ်၊ ဝိရတိသစ္စာ၊ ပိသုဏာနှင့်၊ သမ္မာဖရုသ၊ သုံးပါး မှုလည်း၊ ယုငွေပုံ၊ ယူခဲ့တုံက၊ အစုံလေးပါး၊ အပြားရှစ်ရမ်၊ သိလေအပ်ဟု၊ ပညာပ်တင်ဘိ၊ တဖန်ချဲ့သော်၊ ပိလိယက္ခ၊ လက် အန်ပြုလျက်၊ ဘုရားပန်ဆု၊ သုဝဏ္ဏသျှ၊ သို့မြွားဆိပ်ဖြင့်၊ နှိပ်ဘို့ သောပက်၊ သက်မမွေးမှု၊ ပြုမိသည့်မှု၊ မိစ္ဆာကမ္မန္တ၊ ကြဥ်ပေ လလျှင်၊ သမ္မကမ္မန်၊ကမ္မည်းကန်ရှင့်၊ကျန်အဒ်န္န၊ ကာမမည့်ဌား၊ ထိုတရားလည်း၊ နှစ်ပါးစီချည်း၊ခြောက်ထွေစံလော့၊ ရှေးနည်း နောက်နည်း၊ ပေါင်းစည်းတွက်ဖွဲ၊ တစ်ဆယ့်လေးပါး၊ သရှပ် ပြွား၏၊ စဥ်းစားစဥ်းလှဲ၊ သူ့ထက်ကဲလျက်၊ ငရဲယမဂ္ဂ၊ ရှိလေ ဘိလည်း၊ မသိသော့လှား၊ ဝံ့စားပလေ၊ ဝမ်းစာဖွေသည်၊ ရှေ့နေမှုဆိုး၊သွားထိုးကေဝဋ္ဋ၊ ယွင်းချွတ်အမှု၊ ချင်းတို့ပြုသည့်၊ အကုသလာ၊ မိစ္ဆာဇီဝိ၊ ကြဥ်ပေဘိက၊ ဇီဝိသမ္မာ၊ ဖြစ်သည် သာကြောင့်၊ သမ္မာသမ္မာ၊ သမ္မာသုံးပါး၊ ဝမ်းဝယ်ထား၍၊ တရားသမ္မူ၊ကျင့်လေပြုဟူ၊သုံးလူ့မ်နှိခွန်း၊ ဖော်ပြညွှန်းသည်။ ။ ထွန်းစိမ့်ဆက်စဥ် နိဒါန်းတည်း။

၃။ သက်မွေးကြောင်းဟိဘ်၊ ခွဲဖြာစိတ်ပြီး၊ သာဝိတ်မန္တန်၊ ပြည်စုံ ပာန်ကို၊ ပြန်အံ့သည်းကောင်း၊ နားတုံရှောင်လော့၊ အပေါင်း လောကဓာတ်၊တန်ခိုးပတ်သည်၊အထွတ်မြတ်ဖျား၊ တရားသံဃာ၊ ဆိုသည်မှာကား၊ မိလာဘရိုး၊ တို့အမျိုးဟည်း၊ ကောင်းကျိုး

ပဲ့ပြင်၊ပညာသင်သော်၊ရှင်ပင်တစ်ဆူ၊ဆံရာဟူ၍၊ပူဇော်လေငြား၊ အမျိုးသား၏တို့၊စိတ်ထားအာရုံ၊သရဏဂုံဟူသည်၊တစ်ဆံခြည်မျှ၊ မမည်လေရာ၊ မည်သည်မှာကား၊ သံသရာဝဋ်၊ ဝဲမှလွှတ်သည်၊ အထွတ်ရတနာ၊ မြတ်သုံးဖြာသာ၊ လဲလျောင်းရာဟု၊ မဟာ နာမ်မင်းသား၊သတိုးဖျားကို၊ဘုရားသုံးလူ၊ ဟောညွှန်ပြသား၊ ဓမ္မပဒေ၊ရှုသောတေ့ဖြင့်၊ ပရမေထွတ်ထား၊ မြတ်သုံးပါးဝယ်၊ မပွားကြည်သို၊ရှိသမျှလျှင်း၊ ပြစ်မကင်းသား၊ များခြင်းထိုထို၊ အကုသိုလ်ကို၊ မလိုမရှည်၊ ဝေးစွာကြဉ်၍၊ ယဉ်စေသမှု၊ လုံ့လ ပြုသည်၊ ဥပါသကာ၊ သူကောင်းလျာကား၊ ရောင်ဝါဆွဲဆုံ၊ ပါဝါရဟု၊ လွှလွှပစ္စုပ္ပ၊ စုံလျားဖြူကို၊ ယူ၍ဝဲဘက်၊ တင်ပြီး လျက်တည့်၊ ဖမျက်နှင်ဒုး၊ လက်တင်ပုံးမှ၊နဖူးထိဆိုင်၊ဦးခေါင်း အိုက်ထက်၊နှစ်ခိုင်လက်ခုပ်၊ ကြာဖူးလုပ်၍၊ သရုပ်အင်္ဂါ၊ငါးဖြာ ပဉ္စင်္ဂ၊ညီစေဘိမှ၊မုနိသေဌ်နင်း၊ ကျွန်ရှင်ရင်းဟု၊ဝပ်စင်းရှိသော၊ စိတ်စေဇာနာ၊ ဖြူစင်စွာလျက်၊ သာဝိတ်ဖြန်းဖြန်း၊မန္တန်မန်းဏ၊ ရှိင်လန်းသဒ္ဒါ၊ဝေရဇ္ဇာနှင့်၊ ဗြဟ္မာယုနယ်၊ အတုသုယ်လျက်၊ ခြယ်လှယ်ပန်းထုံ၊ သရဏဂုံ မကိုင်၊ ဆင်ရထိုက်ဟု၊ မှတ်ပိုက်လေ သင့်၊ ဟောနည်းဖွင့်သည်။ ။သုံးဆယ့်ကျမ်းဂန် ပြဋ္ဌာန်းတည်း။

၄။ လောကီလောကုတ္တရာ၊သရဏဂုံ၊နှစ်ပါးပုံဝယ်၊ ပြည့်စုံပျက်ခွင်၊ မှတ်ကြောင်းသင့်ကို၊ ဆင့်၍တစ်ဖန်၊ကမ္ဘည်းတန်ပိမ့်၊ နိဗ္ဗာန်ဥဒ်၊ ရှေ့ပြည့်ထဲဝယ်၊ကွန်းတဲဖမာ၊ အာရုံမဂ်ဖိုလ်၊ ဆောက်ခလိုသည်၊ ပုဂ္ဂိုလ်အစုတ်၊ နာအားထုတ်လော့၊ လောကုတ္တရာ၊ သရဏာ ကား၊ကိလေသာစက်၊ခြေခါထွက်သည်၊ မဂ်ရသည်နှင့်၊ တပြိုင် ပွင့်လျက်၊ ပျက်ခွင့်မရှိ၊ဖိုလ်တိုင်သိ၏၊ လောကီသရဏဂုံ၊အကျိုး တုံကား၊ ဘုံသုဂတိ၊ ပဋိသန္ဓေ၊ စွဲနေဝိပါက်၊အကျိုးဆက်ကား၊ ရေတွက်မနိုင်၊ ကောင်းခေါင်တိုင်ရှင့်၊ ပျက်ယိုင်သည်မှာ၊ဤသို့ လာ၏၊ သာသနာအပ၊ တိတ္ထိယအား၊ သံသရာဝဋ်၊ ချွတ်ပေ တတ်သည်၊ ကျင့်ဆောက်တည်၍၊ ကြည်ညိုပလေ၊ ယှင်းပျက် ချေရှင့်၊ ဖြစ်လေတတ်ဘိ၊ ကျိုးပြစ်သိ၍၊မိမိကိုယ်ကို၊ ထိုရတနာ အား၊ စွန့်ထားတစ်ချက်၊ လဲလျောင်းဆက်နှင့်၊ နှစ်သက် အင်ပြည့်၊ တပည့်တစ်ရပ်၊ ဆည်းကမ်ထို့ပြင်၊ သခင်ဆရာ၊ရှာ၍ ရှိကျိုး၊ရှိမခိုးဟု၊ ယူရိုးလေးပါး၊ ထိုအပြားတွင်၊ ယောကျ်ား

ပုဂ္ဂိုလ်၊ အလိုလည်းရှိ၊ ရွေးချယ်ဘိ၍၊ ပိပ္ပလိလုလင်၊ နတ်ရှင်အာဠွာဝက၊ စသည်တို့နှယ်၊ ဆောက်တည်ရှယ်က၊ မိုးလယ်စွင့်စွင့်၊ ငွားငွားမြင့်သည့်၊ ခုနစ်ဆင့်ဘုံ၊ ရိပ်မြုံပြာသာဒ်၊ နဝရတ်စီခကျောင်း၊ ကျော်လွှ သောင်းသား၊ ဆောင်းဆောင်းဆောက်တည်၊ ကောင်းမှုရည်လည်း၊ ဆံခြည်ဆယ်ခြမ်း၊ တစ်စိတ်တမ်းမျှ၊ ရမ်း၍မနီး၊ ကုသိုလ်ကြီးဟု၊ စောမ ီးသယမ္ဘူ၊ မိန့်တော်မူသည်။ ။ခံယူဆောက်တည် ဖြောင့်တန်းတည်း။

၅။ မုသာဝါဒ၊ စသည်ခုနစ်ပါး၊ တရားဒုစရိုက်၊ ပယ်ရှားလိုက်မှ၊ သွင်းပိုက်သမ္မာ၊ ဖြည့်မြောက်လာသည်၊ အာဇီဝဋ္ဌမက၊ လှသည်သက်မွေး၊ ယဉ်ကျေးမြက်ဆုံး၊ စောင့်စည်းသုံးလျက်၊ ပတ်ကုံး မျှားစွာ၊ ဘုံသုံးရွာဝယ်၊ ရတနာမကိုဋ်၊ ကုဋေတိုက်လည်း၊ အမြိုက်မပို့၊ မဂ်ညာဏ်ချို့ခဲ့၊ ငါတို့မှာတု ၊ ခေတ်ကောင်းကြုံ၍၊ ဂု သရဏ၊ အစုံလာသည်၊ ရတနာကုဋေ၊ ဖိုနဂ္ဂကို၊ ဆင်ရပေသည်၊ သဘောကြည်လျက်၊ ငါးမည်သီလ၊ ယူချိန်ကျက ဗုဒ္ဓသံဃာ၊ ထံရင်းလာ၍၊ ဥပါသတိုးဂ္ဂတိသသွာ၊ ဥပါသကော၊ ဟူသောပုဒ်ရ၊ ဥပ·ပုဗ္ဗ၊ အာသ·ဓာတု၊ ဏ္ဝုပစ္စည်း၊ ကတ္တုနည်းဖြင့်၊ သိပ်သည်းစေ့စပ်၊ ချီးမွမ်းအပ်သည်၊ သပ္ပုရိသာ၊ သူတော်စွာတို့၊ စွမ်းပါသရွေ့၊ မလျော့မေ့လင့်၊ နေ့ရက်ပက္ခ၊ လဥတုနှစ်၊ ပိုင်းခြားလစ်ပြီး၊ မနစ်မဆုတ်၊ အားထုတ်ပဋ္ဌသိ၊ ရွက်ဆောင်ချီလော့၊ နည်းမှီကျင့်ရိုး၊ သဒ္ဓါတိုး၍၊ ကြိုးပေသမှု၊ အာယုဆုံးတိုင်၊ ဆောက်တည်နိုင်က၊ နံ့ကြိုင်သင်းကြူ၊ သီလဟူသည်၊ ဘွဲ့ဖြူပုဆိုး၊ ဆင်ရိုးပြည့်စုံ၊ သရဏဂု မကိုဋ်၊ ဦးထိပ်စိုက်မှ၊ အင်္ဂဟု၊ သီလသခင်၊ ကျော်စောထင်လျက်၊ လုလင်စက္ကနှ၊ စသည်တို့နှယ်၊ သတင်းကြွယ်၍၊ အပါယ်မသက်၊ အထက်ပြည်သာ၊ လဲလျောင်းရာသည်။ ။မှန်စွာဂတိ မယွန်းတည်း။

၆။ မယွန်းဂတို၊ သွားလမ်းရှိလျက်၊ တိသရဏ၊ ပဥ္စင်ဟု၊ ဆွဆွမြူလွှင်၊ ညစ်ကြေးစင်၍၊ ဆင္ဃင်သိ၊ တရားညီသည်၊ ဤသူသို့သူ၊ ဟူပေစကောင်း၊ ယာပည့်ပေါင်းတို့၊ အကြောင်းသီတင်း၊ ဖြူသန့်ရှင်းသည်၊ ချင်းမျှသီလ၊ ဆင္ဃင်ဖြင့်၊ ရှင်ပျံဝမ်းမြောက်၊ မနေစောက်တည့်၊ ရေမြောက်သဖြင့်၊ ကြွာရောက်မြင့်သို့၊ ဆင့်ဆင့်

ဝမ်းမှာ၊ သဒ္ဒါယုဒက၊ တိုးတက်ကြွ၍၊ ဗြဟ္မာ့ဘုံတိုင်၊ သင်းပျံ့
ကြိုင်သား၊ ကြာခိုင်ရှစ်လက်၊ သီလစက်ကို၊ တက်၍ယုံကြည်၊
ဆောက်တည်စေသော၊ ဆင့်ကာဟောအံ့၊ ဂေါပါသက၊ နိဂဏ္ဌ
နှင့်၊ အရိယဟူသည်၊ အမည်သုံးပါး၊ ဥပုသ်ပြားတွင်၊ ဘုရား
သခင်၊ မဂ်ဖိုလ်ရှင်တို့၊ အစင်တကြယ်၊ ကျင့်သောနယ်ကို၊ ရှယ်၍
အတုယူသမှုဖြင့်၊ အာယုဆုံးအောင်၊ မခဆောင်နိုင်ဘိ၊ ထိုသို့
ရှိလည်း၊ ပကတိရှစ်ရက်၊ ကြို့ပိုတွက်မူ၊ ရက်ဒွါဒသ၊ ဇာဂရဟု
တစ်လအတွင်း၊ဖြူသန့်ရှင်းမှု၊ ဝါတွင်းသုံးလ၊ စသည်ကျင့်ဘိ၊
ပါဋိဟာရ၊ စောင့်နည်းလာသား၊ ရိယာဥပုသ်၊ သိက္ခာပုဒ်ကို၊
အားထုတ်လုံးပန်း၊ စောင့်ထိန်းမြန်းမူ၊ ရဟန်း ကောင်းသွင်၊
ဆင်ခြင်သိက္ခာ၊ မူတင်မှာလည်း၊ ကောသန၊ ပတ္တပိဏ္ဍ၊ နှစ်ပါး
ရှိဟု၊ သုဒ္ဓ ကျမ်းဆို၊ အကျင့်ကိုတည့်၊ ကြည်ညိုတက်ပွား၊ ဖြည့်
ကြိုးစားလော့၊ ဘုရားသုံးလူ့၊ သဗ္ဗညုလျှင်၊ ဥပေါသထ၊ သီလ၏
ဂုဏ်၊ ကျေးဇူးဟုန်ကို၊ ဝေပုလ္လာဒိ၊ အစရှိသည်၊ ဂီရိငါးလုံး၊
ခြုံးခြုံးရံခ၊ ပဉ္စဂဓ အင်၊ ဂန္ဓာရနှင့်၊ အသက ဝဇ္ဇ၊ စေတီ
မလ္လာ၊ ကာသိ ကောသလ၊ စသည်သိုင်းသိုင်း၊ ဆယ့်ခြောက်
တိုင်းကို၊ သက်ပိုင်းကုန်အောင်၊ စိုးဆောင်သည်ထက်၊ ရာထောင်
တက်၍၊ တစ်ရက်တစ်နေ့၊ ကျင့်သုံးလေ့က၊ မဝေ့အာသဝေါ၊
ကြွေကျလျှောသည်၊ သမ္မောဓိညာဉ်၊ ရောက်အောင်သှဉ်ဟု၊ ပဥ္စု
ပေါသထ၊ သုတ်ဓမ္မတွင်၊ မော်ကွန်းတင်သည်။ ။ချစ်ရှင်ဘုရား
သံပိုင်းတည်း။

၇။ ဥပါသကာ၊ သူတော်စွာတို့၊ နက်ဖြန်ခါချက်၊ သီတင်းရက်ဟု၊
ရေတွက်စေ့စေ့၊ ကြံ့အောက်မေ့ပြီး၊ ယခနေ့ကပင်၊ ပြုပြင်ဖွယ်စု၊
အိမ်အမှုကို၊ တစ်ခုမကျန်၊ ဝေဖန်ခဲ့လျက်၊ နက်ဖြန်ရက်ဝယ်၊ နံနက်
စောစော၊ ရီတရောက၊ စိတ်ဇောညှံ့ပျောင်း၊ ရှင်ပင်အောင်း
သား၊ ရွှေကျောင်းစိုက်စိုက်၊ လှမ်းသို့လိုက်၍၊ ရောက်ဆိုက်
သောခါ၊ ရတနာမြှော်ဖျား၊ ထံတော်ပါးဝယ်၊ ဖြူထွား
တင့်တယ်၊ စုလျားငယ်ကို၊ စံပယ်တင်လျက်၊ လက်အုပ်ချီထွေ၊
ခြေကိုသုံးသပ်၊ တံ့ဝပ်ပြီးခါ၊ မေတ္တာရှေ့ထား၊ ငါးပါးရှိသော၊
ရှိခိုးလေမူ၊ ယခင်ပြုသည်၊ အရိယဥပုသ်၊ သီလသုတ်ကို၊ အား
ထုတ်လွယ်ကူ၊ သင်ခံယူလျက်၊ ဆွင်ဖြူပေးမှတ်၊ သီတင်းမြတ်ကို၊

ကျိုးပြတ်ပြောက်ကျား၊ ပျက်ပြားလိမ့်မည်၊ စိုးရိမ်စည်လော၊
သည်သာမဟုတ်၊ ပုထုဇ္ဇန၊ သဘာဝကား၊ ရာဂဝိထိ၊ စက်ကြိုး
ငြိက၊ နှမိနှမြော၊ သီလမျော၍၊ ရှင်စောနှုတ်ဖျား၊ သနား
လိုက်သည်၊ ဥပုသ်ရသ်ကား၊ အခြည်မထိုး၊ ကြွေရောင်ညှိုးသို့၊
ဆိုးပလေချိမ့်၊ ဖြစ်ပေလိမ့်ဟု၊ နှစ်သိမ့်ပျော်ဖက်၊ ဆယ်ကျော်
သက်မှ၊ အမျက်ခြောင်းမြောင်း၊ မျက်စောင်းမလှည့်၊ မကြည့်
စဖူး၊ ကျေးဇူး များကြွယ်၊ သားကောင်း မယ်ကို၊ ရှေးနှယ်
အဖော်၊ မခေါ်ခဲ့ဘဲ၊ ခွာရှောင်လွှဲ၍၊ပြတ်စဲလူသူ၊မည်သူမည်ဝါ၊
မလာမရောက်၊ တစ်ယောက်မြုပ်တိမ်၊ မွှေ့မွှေ့သိမ်သား၊ ဆိတ်
ငြိမ်ရာရမ်၊ ချဉ်းခဲ့ကပ်၍၊ သဗ္ဗညုဗောဓိ၊ ဆန္ဒရှိသည်၊ ဘူရိဒတ္တ၊
စမွှေယျဟု၊ ဘုရားအလောင်း၊ နဂါးကောင်းတို့၊ တောင်ခေါင်း
တောင်ထိပ်၊ အိပ်၍သာကြည်၊ ပုသ်ဆောက်တည်သို့၊ မှန်သည်
ယောကျ်ား၊ သီလပွားလော့။ ။သားစာမရှိ တနိုင်းတည်း။

၈။ စာမရှိသား၊ အနှိုင်းထားလျက်၊ မကျားမပေါက်၊ မပြောက်
မကျိုး၊ ဆင့်ဆင့်တိုး၍၊ မညှိုးစိမ့်မူ၊ လုံ့လပြုသည်၊ ဥပေါသထ၊
သီလ၏ဂုဏ်၊ ကျေးဇူးဟုန်ကြောင့်၊ ပုဏ္ဏရိက၊ ပဒုမဟု၊ ဘုရား
အခေါ်၊ ခံထိုက်လျော်သား၊ သူတော်အများ၊ တပည့်သားတို့၊
သုံးပါးသရဏဂုံ၊ ငါးစုံပဉ္စသီ၊ ရှစ်လီမှန်ဘိ၊ သီတင်းရှိ၍၊ အဓိ
သီလ၊ သိက္ခာအပုံ၊ ငါပြည့်စုံဟု၊ အာရုံစွဲရောက်၊ ကိုယ်ကို
မြှောက်၍၊ ဝမ်းမြောက်သဖြင့်၊ မနေလင်နှင့်၊ ထပ်ဆင့်ကဲမိုး၊
ရှေ့သို့တိုး၍၊ ကြိုးပစေစိမ့်၊ နားအားငြိမ့်လော့၊ အိမ်၏အမှု၊
ဗဟုကိစ္စ၊ များပြားလှ၍၊ ကာမဝိတက်၊ နှောင့်လာယှက်မူ၊ငဲ့ကွက်
လိမ့်မည်၊ စိတ်မကြည်ဟု၊ မှတ်ရည်ရွယ်ကိုး၊ ထစ်စနိုးက၊ ရိုးရိုး
ဖြောင့်သား၊ ဝတ်ငါးပါးဖြင့်၊ လင့်အားမွေးမြူ၊ ချစ်ခြင်း
တူသား၊ အယူစင်ကြယ်၊ အိမ်သူမယ်ကို၊ တုံ့ဖယ်စကား၊ မှာခဲ့
ထား၍၊ ကြားခဲ့ရက်လ၊ ထွက်ခွာကြွသော်၊ သတ္တဝါသဘော၊
ရမ္မက်ပြောလျက်၊ အဖဆာတလျင်၊ သည်ခေါက်တွင်၍၊ မိခင်
သားမယား၊ မျိုးဆွေဝါးကို၊ ဘုရားလောင်းမြတ်၊သူတို့ဖြတ်သို့၊
မစာတ်ထည့်နိုင်၊ နောက်ခေါက်တိုင်မှ၊ နိုင်ပစိမ့်မည်၊ ရည်၍
ဆုံးဖြတ်၊ တင်းတင်းမှတ်လော၊ နာဂတ်ဆိုဖွယ်၊ တဖန်သွယ်မူ၊
ကြီးကျယ်မျိုးရိုး၊ တန်ခိုးကျက်သရေ၊ ရွှေငွေရတနာ၊ဥစ္စာစပါး၊

နည်းများကဲလွန်၊ စည်းစိမ်ဝံ့နိုက်ကို၊ မွန်ဘိုသကဲ့၊ မှတ်ထင်ခဲ့၍၊
ဟဲ့ဟဲ့သင်သင်၊ နင်နင်ဟယ်ဟယ်၊ နားဝယ်နှင့်ဆို့၊ ဆိုတတ်
မြို့သား၊ အကုသိုလ်တရား၊ ထောင်ရာပွားအောင်၊ သောကား
တတ်ချေ၊ သို့ဖြစ်ထွေကြောင့်၊ ဖော်နှု မပေါင်း၊ တစ်ကိုယ်
ကောင်းဖြင့်၊ ရွာကျောင်းမယှဉ်၊ တောအရဉ်ဟု၊ တောင်လျှဉ်
တောင်ဝှမ်း၊ စိမ့်ရေစမ်းနှင့်၊ ချောက်ကမ်းမြင့်ပူမြူအဆိုင်းဆိုင်း၊
ညို့မှိုင်းရှိမှောင်၊ မျက်စဉ်းရောင်သို့၊ တောင်၏အကြား၊ ဈာန်
ကစားလည်း၊ ဘုရားတို့ထံ၊ ဆုံးမခံ၍။ ။မြဲမြဲဆောက်တည်
နေ့တိုင်းတည်း။

၉။ တရွေ့တရွေ့၊ တစ်နေ့တစ်ပါး၊ ကိုယ်ကိုများလျက်၊ ပျော်ပါးနိုင်
ဘိ၊ ပါဠိဟာရ၊ ပေါ်သုထကို၊ အရ ကြိုးပမ်း၊ တောမြိုင်ဝှမ်းဝယ်၊
ငြိမ်းချမ်းမြင့်ရှည်၊ နေထိုင်သည်ဟု၊ ရှင်ကြည်အားရ၊ စိတ်လက်
ချ၍၊ ငါ့တပည့်ပေါင်း၊ မနေကောင်းတည့်၊ အကြောင်းခြင်းရာ၊
အရင်းရှာမူ၊ အဝိဇ္ဇာလောဘ၊ မြစ်မူလကို၊ အစအငုတ်၊ ဖြတ်
စဉ်းခုတ်လျက်၊ သမုဒ္ဒရာ၊ ဂင်္ဂါသဲလုံး၊ ကျုံးကချသို့၊ ဘုရား
အပေါင်း၊ လွတ်ကြောင်းဆယ်ယူ၊ ကယ်တော်မူသည်၊ သူသူ
ငါငါ၊ ကျွတ်မပါလျက်၊ သံသရာသစ်ငုတ်၊ ခလုတ်အစစ်၊ အမြဲ
ဖြစ်၍၊ မြုပ်နစ်ရချေ၊ ထိုဖြစ်ထွေကို၊ သံဝေယူဆ၊ ရှိကုန်
ကြလော့၊ ထိုမှတုံ့ဘိ၊ တဖန်ချိသော်၊ နိယတမိစ္ဆာ၊ ငါးဖြာ
အနန္တရိ၊ ကြောက်ဖွယ်လိကို၊ ပြုမိကြံမိ၊ အားထုတ်မိ၍၊ ဝီစိ
အထဲ၊ ရဲရဲပြောင်ပြောင်၊ ထပ်လုံးလှောင်လျက်၊ အခေါင်
ရှည်ကြာ၊ လွန်မောစွာတည့်၊ ချမ်းသာမယှဉ်၊ ကင်းဝေးစဉ်သား၊
ပုထုဇဉ်ဇာစ်၊ တို့အဖြစ်ကို၊ ဖြစ်ရသည်ထက်၊ ရှုံးနာချက်ကို၊
ဘဝဂ်ဝီစိ၊ ထိဓအောင်ရှာဖွေ၊ ပတ်ပတ်မွှေလည်း၊ မြေမြူအနု၊
တစ်ခုမမြင်၊ သို့ဖြစ်အင်ကြောင့်၊ တောတွင်မြင့်ညောင်း၊ သက်နှုန်း
မောင်းနှင့်၊ ချောင်းသည်မင်္ဂဖိုလ်၊ ရှင်ပြုလိုက၊ သင့်ကိုယ်က၊
နှုတ်ခွန်းချိ၍၊ ဆုံးမပေးသည်၊ မိဘရည်နှင့်၊ ဆောက်တည်သို့လ၊
ဒါနမျိုးစေ့၊ တူပေးလေလျက်၊ အငွေ့မဆောင်း၊ မေတ္တာ
လောင်းသည်၊ သားကောင်းမိမယ်၊ ကျေးဇူးကြွယ်အား၊ တွယ်
သည်စဉ်မြစ်၊ အပြစ်များတောင်း၊ တရားကြောင်းကို၊ ဖြား
ယောင်းပြသ၊ ပြောဆိုရအောင်။ ။တောမှတဖန် ပြန်ဦးတော့။

၁၀။ တောမှတစ်ဖန်၊ အိမ်သို့ပြန်၍၊ ဖြစ်ဟန်မြင့်ကြာ၊ ရှည်လျားစွာသည်၊ သံသရာဟူသော၊ ချင်းသခင်ဘာကို၊ ကလေးစေ့မျှ၊ လုံး၍ချမှု၊ အနန္တမြေ၊ ကုံကောင်းလေ၏၊ တစ်ဆွေတညာ၊ သတ္တဝါတစ်ခု၊ မိဘစုကို၊ နိုင်းတုမရာ၊ မပြုသာဟု၊ ဒေသနာမမှ၊ မိနှင့်ဘတို့၊ ဘုရားစကား၊ ကြား၍လည်းကောင်း၊ အခွင့်တောင်းမှု၊ ငယ်ပေါင်းငယ်ချစ်၊ မျိုးဆွေချစ်ထက်၊ အချစ်ကဲမိုး၊ ချစ်ပင်ပျိုးကို၊ ချစ်ကြိုးဖြေလျော့၊ နေရစ်တော့ဟု၊ ချော့မော့ မပျင်း၊ နာဝယ်သွင်း၍၊ ညွှင်းညွှင်းသက်သက်၊ နှုတ်ခွန်းဆက်မှု၊ အထက်ကြရင်း၊ စိတ်တောင့်တင်းလျက်၊ မာရ်မင်းနိုင်ငံ၊ လုပ်ကြံတော့မည်၊ ရဲစိတ်ရည်ဖြင့်၊ ရဲစည်ရွှမ်းသော်၊ ရဲကြံဘော်နှင့်၊ ဂုဏ်တော်ကိုးကွင်း၊ ရဲအောင်ခြင်းမှ သီတင်းဖြူစင်၊ စစ်တုရင်ဟု၊ အင်္ဂါသီ၊ အကျီသင်တိုင်း၊ ချပ်ဝတ်ဆိုင်းလျက်၊ ပတ်သိုင်းမိန့်ညို၊ စစ်မောက်တို့နှင့်၊ ကုသိုလ်ပင်မ၊ ဆင်္ဂါဟု၊ အလှစွေးစွေး၊ လည်ကွေးပါးကာ၊ နားကော်ထပ်မှီ၊ အာဇီဝင္ဂ၊ သီလရဲသွေး၊ ရဲစိတ်ပြေးလျက်၊ ကြွဲသေးဉာဏ်၊ စစ်မှုပုံကို၊ ပြည့်စုံစေပြီး၊ လမ်းစဉ်မှီးသော်၊ ခရီးအကြား၊ ခင်းကာထားသည်၊ တံတားပေါင်းထူး၊ လှေဖောင်ကူး၍၊ မန်းမူးယမ်း၊ မှုံဖျားဗိချောင်း၊ လစ္ဆါမြောင်းမှ၊ မြစ်ကြောင်းတန်တန်၊ ကျည်တောက်သွန်ကို၊ လွန်ခဲ့တုံလျက်၊ တောလမ်းတက်သော်၊ ခံတက်ပင်ပျို၊ ကုက္ကိုဆောင်းဆောင်း၊ ထနောင်းမန်ကျည်း၊ ကစ္စည်းဗာကူ၊ လဲလူဖိုမ၊ ဘင်္ဂကြီးငယ်၊ နွယ်ဆူးရစ်မြုံ၊ ကလိမ်ချုံနှင့်၊ အုံ့တုံတောက်ကွေ့၊ ယှက်စွေ့မြင်းနား၊ သကြားရေစင်၊ ဆေးလုလင်မှ၊ ပြည့်စင်စိမ်းလဲ့၊ ဘိန်းနွဲ့လက်ထုတ်၊ နွားစာငုတ်တည့်၊ သစ်ကြုံကဲများဖြင့်၊ အစောင်တင်ကို၊ မြင်မြင်သမျှ၊ သခ်ါရဟု၊ လက္ခဏာတရား၊ တင်ကာ ထားမှု၊ ဘုရားသွားလောင်း၊ ယောကျ်ားကောင်းသည်။ ။လမ်းကြောင်းတစ်ဖန် ဆန်ဦးတော့။

၁၁။ လမ်းကြောင်းတစ်ဖန်၊ ဆန်၍စူးစူး၊ တက်ခဲ့ကူးသော်၊ ဟင်းခူးထင်းခွေ၊ လူနေနီးစပ်၊ တောထပ်မထူ၊ တောမဟူဖွယ်၊ တောပြင်းငယ်ကို၊ ကယ်ခဲ့တစ်ဆစ်၊ ရွှေးအားသစ်က၊ လေးပျစ်ဂနိုင်၊ စုံမြိုင်တစ်ကြော၊ မှိုင်းရီရောသား၊ တောအမြောင်မြောင်၊ ချောင်အမည်မည်၊ တောင်တည်ထပ်ထပ်၊ ချပ်အသွယ်သွယ်၊ တောကြီး

လယ်၌၊ တင့်တယ်သမှု၊ အပြင်ပြုသည်၊ ဿာနုဒေတာင်ရိုး၊ ပန်း
သားနှိုးတို့၊ မညှိုး သင်းကြိုင်၊ တောလုံး လှိုင်လျက်၊ ဂနိုင်
အလျောက်၊ ငှနားနောက်နှင့်၊ တောမျောက်တောဆင်၊ သမင်
ဒရယ်၊ တောလှေးကြွယ်၍၊ ညာဗယ်ထို့ပြင်၊ တောစိုးမင်မှ၊
စာနှင်စာမောင်း၊ ရွှေဆိုဟောင်းဖြင့်၊ သောင်းသောင်းရိုက်ကြိုး၊
တောလုံးမိုးအောင်၊ ဟိုးဟိုး မြည်လျက်၊ တောင်သူ ငှက်နှင့်၊
နားခွက်ဝါနီ၊ ကုဏ္ဍလီဟု၊ သညီဝေါဟာ၊ သာလိကာမှ၊ ရွှေခါ
ခဲစွမ်း၊ လက်ပွေ့ဖမ်းသား၊ လက်ပမ်းသည်ဇာစ်၊ ဖြစ်ဖူးစရိုက်၊
အစဉ်ကြိုက်၍၊ ထိုးလိုက်ထိုးလိုက်၊ မြိုင်တိုက်ကျော်ကျူး၊ ငှက်
အထူးနှင့်၊ ဘဲဘူးမြည်ငြား၊ သူဝါကြားသည်၊ ငှနားလည်း
ကောင်း၊ ငှက်ငယ်ပေါင်းမှ၊ ကျောင်းဆောက်ပဆို၊ မဆောက်
လိုဟု၊ တ ဆိုသံမြွက်၊ ငှက်မယ်ဆက်တို့၊ ပျံသက်ပျော်မြူး၊ ကူးက
ပြောင်းလဲ၊ မြိုင်ကြီးထဲဝယ်၊ ဖက်တွဲစုံလင်၊ မှမ်းမွှမ်းဖြင်မျှ၊
ဝေဟင်္ဂမာ၊ သတ္တဝါကို၊ သာသနာ့ဝင်၊ မင်ကြီး မင်သား၊
လုလင်ယောကျ်ား၊ သိမြင်ကြားက၊ ဖန်မျှားခါခါ၊ တို့သူဝါ
လည်း၊ သံသရာအဟို၊ ချင်းတို့လိုတည့်။ မဖိုဘူစုံ၊ ပျော်တုံခဲ့
လျက်၊ အဆက်ဆက်ဝယ်၊ ရမ္မက်နှောင်ချည်၊ ခေတ်သုံးမည်မှ၊
မလည်မဆန်၊ နိဗ္ဗာန်မရောက်၊ အောက်တဝဲဲ၊ ဖောက်လဲလဲလျှင်၊
ဆင်းရဲပြင်းစွန်၊ အဖန်ဖန်တည့်၊ မန္တန်တရာ၊ ကမ္ဘာကိုင်တန်၊
ရေတွက်လှန်၍၊ ကိုယ်စန်မြင့်ရှည်၊ ဆောင်ရသည်ဟု၊ လွတ်မည်
အကြောင်း၊ မငိဖိုလ်ချောင်း၍။ ။တောကျောင်းတစ်ခွင် ဝင်
ဦးတော့။

၁၂။ တောကျောင်းတစ်ခွင်၊ ဝင်၍ရောက်ခါ၊ ဆင်ခြင်ရာကား၊ သတ္တ
မာယုဂ၊ ဘေးမှဘိုးမှ၊ ဆင်းသက်ရသည်၊ ကနက လျှံလက်၊
ရွှေလျက်ငွေလျက်၊ စုပုံလျက်တည့်၊ မပျက်မပြို၊ ဖိုသည်အုတ်နှယ်၊
ဆွေမျိုးဝယ်လည်း၊ ဆိုဖွယ်မရှိ၊ လောကိတမွတ်၊ ဘွဲကြီးမှတ်
သား၊ အမတ်ရတနာ၊ ရာဇသကြို၊ ကျော်သံထိုထို၊ သီဟိုဠ်
ကျွန်းရောက်၊ သစင်းပေါက်သည်၊ ယောကျ်ားတမ်းခွန်၊ ငါကဲ
လွန်ဟု၊ မွန်သကဲ့သို့၊ မထင်မြိုနှင့်၊ သင့်တို့ရွှေငွေ၊ မိုးမြေလွယ်
ယာ၊ အရာဌာန၊ ဟူသမျှကား၊ ဘဝမစဲ၊ ဝဠ်ကြလှဲ့ဝယ်၊
မြင့်မြဲရှည်ကြာ၊ ကိုလေသာဟု၊ နူနာကုဋ္ဌ၊ ပြွန်းပြွန်းထလျက်၊
ဆေယစ်မူး၊ ငွေရှူးသား၊ ညစ်ညူးဟောရမ်း၊ သော့သွမ်း

ဖက်ထစ်၊ ဖြစ်စရာ့ချည်း၊ ရှုံဖွယ်သည်းမ၊ ထုံးနည်းမပျက်၊ ကမ္ပည်းတွက်မူ၊ သရက်တစ်ပင်၊ ဆရာတင်ရှိ၊ ဘုရင်ဇနက၊ ဦးဆံချုလျက်၊ နိက္ခမလမ်း၊ ကြွခဲ့လှမ်းသို့၊ တမ်းမပျက်သာ၊ သင်သို့မှာလည်း၊ ငါတမူကား၊ အလှဆုံးဟု၊ ယူကျုံးမရ၊ ရင်ဝခတ်တီး၊ အကြောက်ကြီးရှိ၊ လက်ဖြီးသုတ်သင်၊ ဥတ္တမင်ဝယ်၊ ဆံပင်ဖြတ်ရိတ်၊ သူတော်စိတ်ဖြင့်၊ ဖိတ်ဖိတ်ရောင်လှင်၊ ဒုပဋ္ဌတင်က၊ တောတင်မဆံ့၊ ပြည်ရွာနှံ့အောင်၊ ကျော်သံ့ဟိုးဟိုး၊ သင့်တန်ခိုးကြောင့်၊ အမျိုးကောင်းသား၊ အများပုံယင်၊ အတုသင်လိမ့်၊ မြိုင်ခွင်ညိုစိမ်း၊ လုတ်ရာယိမ်းလျက်၊ တိမ်းတိမ်းပေ့ပေ့၊ ကိုယ်ထီးနေသား၊ ကေစာရီ၊ ရှင့်ထံမှီရှိ၊ ပီသည်ယောကျာ်း၊ တဖည့်သားတို့၊ စိတ်ထားခိုင်ကျန်း၊ လက်ရုံးတန်း၍။ ။ရဟန်းတစ်ဆူ မူဦးလော့။

၁၄။ တစ်ဆယ့်တစ်သီး၊ ထိန်ထိန်ညီးသား၊ မီးကြီးလောင်ရာ၊ မာရ်မင်းရွာမှ၊ ချမ်းသာပင်စည်၊ အမြဲတည်သား၊ ရွှေပြည်ကြငှန်း၊ နိဗ္ဗာန်နန်းကို၊ ဖြောင့်တန်းလွယ်ကူ၊ ရောက်စိမ့်ဟူ၍၊ မူသည်ရှေးက၊ စောင့်သီလနှင့်၊ တောင့်တသော့တိုင်း၊ မဆိုင်းမနစ်၊ ရဟန်းဖြစ်မူ၊ ကစ္စယနည်း၊ ပစ္စည်းရုပ်ဓာတ်၊ ရှုပ်ရှက်ခတ်သား၊ ပုဒ်ပါဠိ အက္ခရာ၊ သဒ္ဒါ လိင် ရစ်၊ စုဒ်စောဒက၊ စသည်အစု၊ ကျမ်းဂန်မှုကို၊ ရှုလော့လျစ်လျူ၊ ရဟန်းဟူက၊ သူသူဝါငါ၊ ရှက်ဆောင်ရာသည်၊ ပါတီမောက်ဒွေး၊ လျော့ထက်ရေးလျက်၊ ချမ်းအေးထုန်ခိုက်၊ နှလုံးတိုက်ဝယ်၊ အမြိုက်ရေစင်၊ သွန်းသောသွင်သို့၊ ကြည်လင်သဖြင့်၊ ထိုတွင်မြင့်သည်၊ ရှင်ပင့်ထံရင်း၊ ဝပ်စင်းမပျက်၊ ဝတ်တော်ဆက်၍၊ တောနက်ရဟန်း၊ ကျင့်နိဒါန်းကို၊ မြန်းမြန်းဖမ်းမေး၊ ဆေးလေးခါခါ၊ သဒ္ဒါတရား၊ တိုးပွားကြီးမြင့်၊ ရင့်စကာကာ၊ ဘာဝနာဘိရတ၊ ရှင်လှရှင်ကောင်း၊ ဖြစ်အောင်ချောင်းလော့၊ ဆွမ်းကောင်းမြိန်နိုး၊ လျှာမကျိုးလှင့်၊ နံ့သိုးပုပ်ညှီ၊ မီဆိုငလောက်၊ သူပွံထောက်သား၊ ပဲနောက်ပဲလှမ်း၊ ပြောင်းကြမ်းလူးဆပ်၊ တူးမနပ်သည်၊ ပိစပ်စိမ်းနံ၊ ခါးစပ်ငံလျက်၊ အန်ဘိမတတ်၊ စိမ့်စိမ့် ဆတ်နှင့်၊ တတ်တတ်နဲနဲ၊ ဆန်ကွဲအုတ်မှုန်း၊ ကျိတ်လမန်းဟု၊ မျှဆန်းမျှကာ၊ ဝမ်းမီးစာနှင့်၊ နူတ်လျှာနီမြန်း၊ တမလန်းကို၊ ကွမ်းပန်းလုပ်လေ၊ ခြိုးခြံနေလော့၊ တီတေကာလ၊ သီဟဋ္ဌဝယ်၊ ဗြဟ္မဏာ

တိဿ၊ ဘေးဘယကြောင့်၊ မဝသောက်စား၊ လျော့ကြပါးသော်၊ မယားလင်ချစ်၊ ဆယ့်နှစ်နှစ်လုံး၊ ပြုံးမရယ်၊ ရေစာကြွယ်က၊ နယ်ယူဇနာ၊ သုံးရာကျယ်ဝန်း၊ လက်ာကျွန်းဝယ်၊ ရှင်လှန်းပျော်ပါး၊ သားဖွားမင်္ဂလာ၊ သူ့ထက်ငါတည့်၊ ထပ်ခါပွဲပြိုင်၊ နေ့တိုင်းဆိုင်ရှင့်၊ သင်းကြိုင် ဩဇာ၊ အာဟာရဖြား၊ တကျော့အပေါင်း၊ ခမ်းကောင်း၏၊ အကြောင်းစင်စစ်၊ အရင်းဖြစ်၍၊ ရှင်သစ်သည်းခံ၊ ကျင့်ခြို့ခြံက၊ နိုင်းစံကင်းပ၊ ဓမ္မာဇဟု၊ ရသမည်ပြီး၊ အမြိုက်သီးကုံ။ ။လက်နီ၊ ဆွတ်နိုင်ရ၏တည်း။

၁၄။ ထိုပြီးတုံမှ၊ တဖန်ပြအံ့၊ အိမ်မအိမ်ဘိ၊ ပျဉ်ထိစီလျက်၊ ဇလီဆန်းကြွယ်၊ တိုက်အိမ်လယ်၌၊ စံပယ်နှစ်သိမ့်၊ စံစားငြိမ့်လျက်၊ အိမ်မင်္ဂလာ၊ သံဝါညင်းညင်း၊ မြေလျှင်းလျှံတောက်၊ လက်ကောက်ညီးညံ၊ ပြုံးရယ်သံနှင့်၊ မောင်နှံပျော်ပါး၊ သားမြေးရှုံပတ်၊ စားလတ်သောခါ၊ သုခံကြိုင်သင်း၊ တပြိုင်ကျင်းသား၊ ထမင်းမွှေးထုံ၊ဟင်းမျိုးစုံနှင့်၊ ပေါ်ရှုံပုဆိုး၊ အဖိုးသိန်းခတ်၊ ထောပတ်အနှန်းဆိ၊ ဆေးလိလိဟု၊ အာညီစည်းစိမ်၊ အဖျင်းသိမ်ကို၊ တင်းတိမ်မတည်၊ ရှုမြွက်ချည်၍၊ ပြန်လည်နှောင့်ရှက်၊ စိတ်မကွက်လင့်၊ ချာန်မဂ်အားကိုး၊ တို့လူမျိုးကား၊ တောစိုပင်ကြီး၊ တောအိမ်ထီးဝယ်၊ သမီးသားကဲ့မေတ္တာဖွဲ့သား၊ နှစ်ဆယ့်ရှစ်ဖြာ၊ ငါးရာအမြွတ်၊ ခြံရံပတ်လျက်၊ စိုးစွတ်နေပူ၊ မဟူလေဘိ၊ မပျင်းရိဘဲ၊ ပိဏ္ဍိယာလောပ၊ ကျောင်း၍ရသား၊ဖြူဆွံ့သန့်ရှင်း၊နတ်ထမင်းလည်း၊ နှင်းပန်းတပဲ၊ မတူလှဲလျက်၊ လွန်ကဲမြွတ်စွ၊ ယခင်ပြသည်၊ တောမှပါလာ၊ တောစားလျာကို၊တောလျှာအထက်၊ တင်ထား လျက်တည့်၊ ပစ္စက် ဆင်ခြင်၊ ဆုံးဆောင် ကျင်မှု၊ အကြင်ပြည်သွေး၊ ညစ်ကြေးထပ်ထပ်၊ လိမ်းလိမ်း ကပ်သား၊ မစပ်လူနေ၊ သုသာန်မြေမှ၊ ကောက်၍ရသည့်တစပုဆိုး၊ချုပ်ရိုးဖာထေး၊ ဘသင်္ဃေးက၊ ပေးခဲ့ဝတ်ရန်၊ ဖိုးတမ်းခွန်လည်း၊ ကိုးပြန်ကုဋေ၊ ထုတ်လေတန်ဆာ၊ မဟာလ္လဘာ၊ မနှုန်းသာတည့်၊ ရသာထွေထူး၊ ဆီဦးထောပတ်၊ နတ်ဆေးမတူ၊ ဆီးဖြူရှစ်ရှား၊ ဖန်ခါးဂေါမုတ်၊ ပရဘုတ်ဘုဉ်းပေး၊ ပစ္စည်းဆေးဟု၊လေးပါးအထွတ်၊ ဘဏ္ဍာမြွတ်ကို၊ ဥဂ္ဂတ်မြောက်အောင်၊ ရှုတင်ဆောင်၍၊

သည်တောင်တစ်ကြော၊ သည်တောခန်းဝါ၊ သည်ခန္ဓာမှ၊ ရေခဲ့
စသား၊ ဇီဝရှိမဲ့၊ ပြဲ့ပြဲ့ထင်မြင်၊ အတင်တင်ကား၊ သခါရချည်း၊
ဖြစ်သတည်းဟူ၊ သိမ်းဆည်းရုပ်နံ၊ စေ့စေ့ကြံက၊ မကျ လိမ်းပေ၊
ရွှေ့ရွှေ့ကြွေလျက်၊ ကိလေသာမီး၊ ထိန်ထိန်ညီးကို။ ။ဖျက်ဆီး
သတ်နိုင် ရ၏တည်း။

၁၅။ လိုမှုလည်းကောင်း၊ မှုဘ်သားကြောင်းကို၊ လောင်း၍ တစ်ခါ၊
ဆိုစပါအံ့၊ သိက္ခာအသက်၊ ဈာန် မဂ် နတ်ပြည်၊ ဤငါးမည်ကို၊
တားဆည်ကန့်လန့်၊ လာ၍ဟန့်သား၊ အာရုံများစွာ၊ ကိုးလူ
သာကို၊ မညှာဖလနိုး၊ ခုခံချိုးလျက်၊ ညှိုးညှိုးငယ်ငယ်၊ သနား
ဖွယ်ဖြင့်၊ မြှုင်လယ်ဟောအုပ်၊ ကိုယ်ကိုချုပ်မှ၊ နာမ်ရုပ်နှစ်ပါး၊
သိမ်းပကား၍၊ မှုတ်သားဖန်ဖန်၊ ခေါက်ခေါက်ပြန်လျက်၊ ယူဂ
နန္ဒ၊ တရားအစုံ၊ ကိုယ်လုံးထုံသည်၊ အာရုံပြန့်ပြော၊ ဂါရှင်
စောတို့၊ ရုပ်တောလေးဆယ်၊ နာမ်တောဝယ်ကား၊ ခြောက်ဆယ်
အစွန်း၊ ဟင်ရည်နွံနုံးမှု၊ ဖြစ်ထွန်းသချ်ာ၊ တောနှစ်ရာတွင်၊ တုံ့ခါ
ခေါက်ပြန်၊ အဖန်ဖန်ဖြင့်၊ နိဗ္ဗာန်သွားယာ၊ ဟောလမ်းကျအောင်၊
လှုံ့လကြိုးကုတ်၊ လှည့်အားထုတ်လော့၊ တစ်သုတ်နည်းမှု၊ တဖန်
ချဲ့သော်၊ ပထဝီကမှ၊ တသိဏသျှ၊ ပြုရမကျယ်၊ ပြီးစလွယ်သား၊
ယက်ဝယ်ဖွဲ့ခွေ၊ မတ်မတ်နေလျက်၊ ထင်စေသတိ၊ ယောဂိ
ထုံးတီး၊ ယမ်းကိုမှီး၍၊ နှာသီးချက်ရင်၊ သုံးပါးတွင်၌၊ ရှိုက်ငင်
ရှူထုတ်၊ ဘုတ်ဝါယောဓာတ်၊ အလတ်ညှို့ပြင်း၊ တိုခြင်းရှည်ပြန်၊
ပန်းပွတ် ဟန်ကို၊ ဉာဏ်သတိသိမ်း၊ တည်ကြည် ငြိမ်းအောင်၊
မှုတ်ထိန်းပြီးကာ၊ အဿာသပဿာ၊ ဤသခါတား၊ ခန္ဓာရုပ၊ အာယ
တနဓာတ်၊ စ၍မှုတ်သား၊ ပရမတ်ရိုးရိုး၊ ကံအကျိုးတည့်၊ ဗိဿ
နိုးရင်း၊ ဗြဟ္မာမင်းတို့၊ ဖန်ဆင်းမတတ်၊ နိသတ်နိဇီ၊ ဤသည်
ယောကျ်ား၊ ဤကားမိန်းမ၊ မဆိုရဘည့်၊ အနိစ္စဟုတ်၊ ဒုက္ခ
အနတ်၊ ဆတ်ဆတ်မှန်မော၊ သဘောတရား၊ ဖြစသည်များကို၊
ပိုင်းခြားထင်ထင်၊ ရှုဆင်ခြင်က၊ ကိုယ်ပင်မရှိ၊ ကိုယ့်မိကိုယ့်ဘ၊
ကိုယ့်ဉာတနှင့်၊ ကိုယ်မှုမပြား၊ ကိုယ့်သားသမီး၊ ကိုယ့်ဇနီးဟူ၊
ထင်းထင်းထင်ယောင်၊ မောဟမှောင်ကို၊ ဉာဏ်ရောင် ပယ်တွန်း၊
လွန်ယ်ထွန်း၍၊ ဘက်ကျွန်းသုံးခွင်၊ တုမမြင်သား၊ မဂ္ဂင်မည်ပြီး၊
ရွှေတောင်ကြီးကို။ ။တက်စီးလွတ်နိုင် ရ၏တည်း။

## လောဘ ဒေါသ မောဟ တရားသုံးပါးဖွဲ့
## သိဂေဝဂ ပုဒ်စုံရတု

၁၆။ လောဘဟူသည်၊ ဂဋ္ဌမြစ်တည်ရှိ၊ပြည်နှစ်ဆယ့်ခြောက်၊ဇာတ်နိမ့်
မြောက်ဝယ်၊အခေါက်များစွာ၊ အခါခါတည့်၊ ခန္ဓာပင်ကျိုင်း၊
အကိုင်းအခက်၊ အရွက်ရိုးတံ၊ ခေါက်အခွံဟု၊ ကမ္ဘဇရုပ်၊ စရှိ
လုပ်သား၊ပန့်ယုပ်အကျိုး၊ စည်ကားဖြိုးပြို၊ ဝပ်လျိုးပါယ်ရွာ၊
ကြိမ်များစွာတိ၊ ဝဋ္ဋာသရိုး၊ဇရ်ချိုးသည်၊ ဆယ့်နှစ်မျိုးပြိတ္တာ၊
ထိုမှာလည်း၊ ယူဇနာ ခြောက်ထောင်၊ ကိုယ်ကောင်ကြီးဘိ၊
ခပ္ပိပါသ၊ စသည်လေးမည်၊ ပြိတ္တာပြည်ဝယ်၊ မြင်ရှည်ဝေဒနာ၊
ခံစားကြာလျက်၊ မြတ်စွာဘုရား၊ တစ်ပါးနှစ်ပါး၊ သုံးလေး
ပါးတည့်၊ တရားချေမှုံတိ၊ ဟောရှုလှတ်လည်း၊ ကျွက်မည်
လွန်ဝေး၊ ကိုယ်ဝန်သေးနှင့်၊ တံတွေးမျို့အန်၊ နှင်းပေါက်
ဟန်မျှ၊ ရံဖန်ရခဲ၊ ခါမြင့်မြဲလျှင်၊ ဆင်းရဲမွတ်ဆာ၊ သည်ခြင်း
ရာကို၊ ဇာနာမရှု၊ ဗိုလ်အစုကို၊ ဝတ္ထုကာမ၊ ကြုံကြိုက်ကြမှု၊
ကိုယ်မှကိလေ၊ပြွမ်းပြွမ်းဝေလျက်၊ ဇောအဇော်း၊ တဏှာကြွေးသို့၊
မဆေးမလျော်၊ ကန်တော့နော်ဟု၊ ဆော်ဖန်ကိုယ်ကို၊ ဆိုမဆုံးမ၊
နေမိကြမှု၊ ဘဇပြိတ္တာ၊ ရောက်ပြန်ရာသည်။ ။လောဘာဒိနဝ
ပြစ်ပင်သေဝ်။

၁၇။ ဒေါသဟူသည်၊ မူလတည်ရှိ၊ စွယ်ရှည်ငေါငေါ၊ မြွေသဘောသို့၊
လောလောအပျက်၊ ဟူးဟူးထွက်လျှတ်၊ သက်ဇီဝိတ၊ သူ့ကို
ချရှိ၊ ဘဝယှင်းယို၊ အနန္တိုရိဋ္ဌ၊ ကံကိုစိစစ်၊ ယမရာဇ်ဝယ်၊
အပြစ်အလျောက်၊ ဝန်ခံလျောက်ပြီး၊တောက်တထိန်ထိန်၊ မှောင်
မမှိန်တိ၊ အရှိန်ပြောင်ပြောင်၊ ချင်းကံဆောင်ရှိ၊ သံတောင်
ကက်ရ၊ တောင်ညွန့်ကျသော်၊ ကမ္ဘဇလေ၊ ဦးစောက်ချွေရှိ၊
သံမြေရောက်လျှင်၊ သံတံကျင်လည်း၊ ကျောက်ရင်လျှိုထ၊ ဤသို့
စသည်၊ ဒေါသအပြစ်၊ ခံရဖြစ်ကို၊ သောင်းရှစ်လွှးဘောင်၊
မကိုင်မွှဆောင်သား၊ တောင်ဟေမဝါ၊ တူလေစွာ၏၊ လူ့ရွာ
ကမ္ဘ၊ ကာရဏကား၊ ငါ့လက်တွင်နေကျောက်၊ ဤရွေ့လောက်ဟု၊
ယူကောက်ညွန်းက၊ ပမာပြလျက်၊ ဗသသုက်တွင်၊ မော်ကွန်း
တင်ရှင့်၊ အကြွင်သတ္တဝါ၊ ခံရာလေဘိ၊ ခေတ်ဇာတိကို၊ နေမိ
ပရဒမ၊ သက်ဆုံးနေ၍၊ ရေပစေကာ၊ မကုံရာတည့်၊ သင်္ချာ

ကိန်းဖွဲ၊ အတိန်းမွဲသား၊ ငရဲတိုင်းပြည်၊ များလေ သည့်တွင်၊ တစ်ပြည်ကတက်၊ တစ်ပြည်သက်မှ၊ ထွက်တံဝင်တုံ၊ တလုံလဲလဲ၊ ဆင်းရဲဥဒဟို၊ မစဲထုံကြောင့်၊ အေးချိန့်သင်း၊ ကြာညိုခင်းသို့၊ ယမမင်းရွာ၊ မမှတ်ပါလင့်၊ ကြားခါဗိုလ်ခြေ၊ လန့်ကောင်း ပေလျက်၊ သံဝေမရ၊ နေမိကုမူ၊ ဘဝနှောင်ခါ၊ ရောက်ပြန် ရာသည်။ ။ဒေါသာဒိနဝ ပြစ်ပင်သော၀်။

၁၈။ မောဟဟူသည်၊ ညှောင်မြစ်ရှည်ကြောင့်၊ ထက်ပြည်အောက်ရွာ၊ တက်ဆင်းကာတည့်၊ ခန္ဓာအလျဉ်၊ ငါးခက်စဉ်၍၊ ပဉ္စညှောင် ပင်ဝန်း၊ ကိုယ်ဖြစ်ထွန်းပြီး၊ တုကျွန်းဖက်ကွာ၊ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကနှင့်၊ အဂ္ဂရှင်ရင်း၊ ကြွင်းသာဝက၊ မိဘဆရာ၊ သဒ္ဓါ ရှိသူ၊ ထောက်ကူပစ္စည်း၊ ကျင့်နည်းမမှု၊ သင်ပြဆော်ညွှန်း၊ ခင်ပွန်းဆယ်ပါး၊ ကျေးဇူးအားနှင့်၊ ငါးပါးအာရမ္မဏ၊ သဘာဝ ကို၊ ရရမိမိ၊ မသိနိုင်လေ၊ လွန်တွေဝေ၍၊ မထေလေးစား၊ ပြုမှားမိသူ၊ ဘုံသစ်ဟူက၊ လူမှုဋ္ဌက်၊ သုညသုဂတိ၊ ထိုးကွက်ဘိ၍၊ မုန်မြတ်ဖျား၊ ဉာဏ်ဘုရားဖြင့်၊ ဆန်းပြားသမျှ၊ မျှော်ရှုကဘည့်၊ တုလျမရှိ၊ ဆန်းကြယ်ဘိသည်၊ တိရစ္ဆာန၊ ဘုံဘဝဝယ်၊ ပါဒ နှစ်ပါး၊ လေးပါးစသည်၊ စွယ်ရှည်စွယ်တို၊ ဦးချိုအခွာ၊ နားနှာ မြီးဆံ၊ တောင်ပံအထက်၊ ရိုးဆက်ရင့်နု၊ ပုပုလျားလျား၊ ပြောက် ကျားနီကြန်၊ သဏ္ဌာန်ဆန်းကြယ်၊ အသွယ်သွယ်တိ၊ စားဖွယ် သောက်ရာ၊ ရေစာမဖြိုး၊ နိုင်သူညှိုး၍၊ ပစ်ထိုးလှီးမြှင်း၊ စီးနင်း ဖမ်းခုတ်၊ ကိုက်ဆုတ်သတ်စား၊ ကြောက်လှုပြားလျက်၊ တော ကြား တောင်ခြေ၊ ပုန်းအောင်းနေလည်း၊ သေရခုပင်၊ ရေးရေး ထင်ရှင့်၊ မရှင်မျက်နှာ၊ ချမ်းသာမရ၊ ဖမ်းမိကြမူ၊ ကျ၍စိုင်း နှင်၊ ဆွဲငင်အတင်း၊ ဝန်ပြည့်သွင်းလျက်၊ ဦးကင်းနံကိုင်း၊ ထိုးဆွ ခိုင်းက၊ အတိုင်းမရ၊ နှိုင်းမမျှသည်၊ နိသန္တဗိုလ်၊ ဆင်းရဲကိုတည့်၊ ဆိုမဆုံးဘိ၊ ယင်းတိုင်တိုကို၊ သိလျက်တဖန်၊ မေ့လျော့ကျန်က၊ တိရစ္ဆာန် ရွာ၊ ရောက်ပြန် ရာသည်။ ။မောဟာဒိနဝ ပြစ်ပင်သော၀်။

## နွားဆိုကေပိုဒ်

၁၉။ ဘုရားကျွန်တော်၊ မည့်ခေါ်တွင်ပြား၊ ငမိုက်နွားလျှင်၊ လျှောက် ကြားပါသည်၊ အတည်တည်ကို၊ မလည်မသုန်၊ နာကုန်ကြလော၊

ကံဟုန်မျှော်လှင့်၊ ပို့သဖြင့်လျှင်၊ ယခင့်ရှေးခါ၊ ဆက်များစွာ တည့်၊ ဗြဟ္မာမိုးနတ်၊ လေးကျွန်းပတ်သာ၊ မန္တာတ်မင်းစစ်၊ ကျွန်တော်ဖြစ်၍၊မြစ်အောက်ဥတ္တရာ၊ ကျွန်းမှလာသည်၊ ကညာ မျိုးမြတ်၊ မိမယ်နတ်နှင့်၊ ပြာသာဒ်ရိပ်လယ်၊ စံပယ်ရှင်မြူး၊ စံခဲ့ ဖူး၏၊ အထူးထွေလာ၊ လူ့ပြည်မှာတည့်၊ ယုတ်မာညစ်ကျူ၊ မကောင်းမှုကို၊ ပြုမိသောအား၊ ကျွန်ငနွားလျှင်၊ ဆန်ပြား သဏ္ဍာန်၊ ရှက်ဖွယ်ဟန်နှင့်၊ တိရစ္ဆာန်ဟူသည်၊ ချင်းတို့ပြည်၌၊ ကျင်လည်ခဲ့ရ၊ ဤဘဝဝယ်၊ စိမ်းမြည့်နွံရှင်၊ ရံဖန်တွင်လည်း၊ မြက်ပင်မှတွေ့၊ ကောက်ရိုးသေ့မျှ၊ လေ့လေ့ရမ်းရမ်း၊ ဝမ်း မပြည့်ရ၊ သောက်ရေမှလည်း၊ ဖြူဆွတ်နောက်ကျိ၊ ညွန်တာစိနှင့်၊ အိုင်ကြီးအထဲ၊ ပြစ်ချွဲပုပ်ပုန်၊ နေရဟုန်လည်း၊ ရွှံညွန်မလွတ်၊ တိမျှော့ကျွတ်နှင့်၊ မိုးစွတ်နေပူ၊ ဆင်းရဲဟူသည်၊ သူများတွက် တာ၊ ကျွန်တော်မှာတည့်၊ စုလာသော့နှယ်၊ ဒုက္ခကြွယ်၏၊ ခိုင်း ပယ်ခါလျှင်၊ ကျွန့်သခင်ကား၊ အားအင်မတန်၊ လျှည်းပြည့် ဝန်ကို၊ညွန်တွင်ချွန်နှစ်၊ ပုံတောင်းနစ်မျှ၊ ကြေးဟန်မောင်းမဲ၊ ကြော်ငြာဆဲသျှက်၊ဆိတ်ကွဲနံကွာ၊ တံပြာနှင်တံ၊ သံချွန်ဆူးသွတ်၊ ရိုက်ထိုးမင်၍၊ ရွတ်ရွတ်ဆားလျှင်၊ ကြည်းကုန်းခင်သို့၊တင်ပါ ရသည်၊ ဒုက္ခရည်ကို၊ လေးမည်ပရိသတ်၊ ရှုပါလက်လော၊ စော ထွတ်ဘုန်းငှန်၊ ဘုရားညာဏ်လျှက်၊ တိရစ္ဆာန်ဘုံ၊ ဆင်းရဲပုံကို၊ ကံမမြင်ရာ၊အောက်သုံးရွာကား၊ အဇာတာစီ၊ ဆိုဖွယ်ရှိအံ့၊သိရင်း တိုင်းကျင်၊ သတိတင်၍၊ ဆင်ခြင်ပါနော်၊ လူ့ပြည်ပျော်တို့၊ ကျွန်တော် နွား၊ လျှောက်ဝံ့ကြားသည်။ ။တရား ညီမျှ ကိုပင်သော်။

မိပ္ပဝါရသင်္ချိုဖြင့် မှတ်အပ်သော သာသနာတော် ၂၄၁၉ ခု၊ နှောင်းတန်ခူးလဆန်း ၇ ရက်။ သောကြာနေ့တွင် ဤကျမ်းကိုဖွဲ့ဆိုစီကုံးအဆုံးသတ်သတည်။



### အရည္ကောဝါဒ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

အရည္ကောဝါဒ ဆုံးမစာ၏ လိုရင်းမှာ အရည်အချင်း၊ ဓူတင်ဆောက်တည်ရန် တိုက်တွန်းနှိုးဆော်သော ဓမ္မဩဝါဒပင် ဖြစ်ပေသည်။ နိဒါန်းတွင် လောကီစည်းစိမ်များကို စွန့်ကာ သူတော်လေ့ဖြင့် မမေ့မလျော့ အားထုတ်ရန် တိုက်တွန်းထားပေသည်။ "ပွဲကိုမခင်၊ တောနက်ဝင်၍၊ ဆောလျင်ကျင့်ကြ စေလသေး"ဟူ၍လည်းကောင်း၊ အဘကောင်းသား၊ အမှတ်ထား၍၊ တရားကျင့်ကြ စေလသေး"ဟူ၍လည်းကောင်း၊ သမထ ဝိပဿ၊ တရားမြတ်ကို၊ ရုတ်ခြတ်ရွေးနိုင်၊ ရှင်ရွှယ်ကျိုင်းသည်၊ ကသိဏ်းကျုံးရင့် ရှုပါလင့်"စသည်ဖြင့် တိုက်တွန်း နှိုးဆော်ထားပေသည်။

ဤဖျို့လင်္ကာတွင် အတွင်းပုဒ်စုံများအဖြစ် အချများတွင်-

ဆုပန် တောင်းခဲ့စေသတည်း၊
နိဗ္ဗာန် ချောင်းခဲ့စေသတည်း၊
ဝပ်စင်း ပေါင်းခဲ့စေသတည်း၊

ဟူ၍ လည်းကောင်း၊

ရှင်ကောင်း ကျင့်တော် မူတို့လော၊
လမ်းကြောင်း ဖွင့်တော် မူတို့လော၊
ချာန်မဂ် ပွင့်တော် မူတို့လော၊

ဟူ၍လည်းကောင်း ရေးဖွဲ့သည့်အပြင် မုတ္တာဖွဲ့သီဆိုနည်း၊ စရိုက်စသွင်းဆိုနည်း၊ ကျပန်း သံပေါက်ဆိုနည်း၊ နွယ်ပန်းသံပေါက်ဆိုနည်း၊ မြင်းစိုင်း သံပေါက်ဆိုနည်း စသည်ဖြင့် ကွန့်ဆန်းသော ကဗျာပဒေသများကို အသုံးပြုဖွဲ့ဆိုထား ပေသေးသည်။



# ၉။ အရညကောဝါဒ ဆုံးမစာ

## ဆီးပန်းနီဆရာတော်

(က) စကြာပေါ်ဗျွင်၊ တရားရှင်၊ တောတွင် ဖွားသန့်လစ်။
(ခ) စကြာသာကျ၊ ရှင်ဘာဝ၊ ပီယတောတွင်ဖြစ်။
(ဂ) စကြာဖြစ်မှု၊ အကျင့်ပြု၊ ဥရုဒေတာခြောက်နှစ်။
(ဃ) စကြာဓမ္မ၊ နှစ်သာရ၊ မိဂတောတွင်လှစ်။
(င) စကြာရွှေကိုယ်၊ ဆိတ်ငြိမ်လို၊ ထိုခါတောဝင်လစ်။
(စ) စကြာဘုရား၊ နိဗ္ဗာန်လား၊ တောဖျားအင်ကြင်းစစ်။
(ဆ) စကြာမင်းကို၊ တရားကို၊ သာကိုရှိခိုးလစ်။
(သတ္တရတနာ စကြာဆိုနည်း။ ရတနတ္တယ ပုဏ္ဏာမ သံပေါက်။)

၁။ ဇာတိကုလ၊ အာစာရဟု၊ ပုတ္တာအစစ်၊ မျိုးဘောင်းဖြစ်လျက်၊ ရှင်ဖြစ်သန့်ရှင်း၊ ညစ်ကြေးကင်းသည်၊ သီတင်းစင်ဖြူ၊ ငါတာမူကား၊ ရွှယ်ချူမဂ်ဖိုလ်၊ ရခလိုဟု၊ မပြုံမကွဲ၊ သုံးစွဲဖြင်ပည်း၊ နည်းနည်းများများ၊ ဥစ္စာအားနှင့်၊ ရထားမနှင်၊ ဆင်လည်းမစီး၊ထီးလည်းမဆောင်း၊ မြင်းကောင်းမစောင်၊ ဆောင်ယောင်မကျောင်း၊ မင်းချင်း ယောကျ်ား၊ ပျားနှယ် မဂိုက်၊ ရွှေ့လိုက်မခေါ်၊ မှူတော်မထမ်း၊ မင်းခမ်းမဝင်၊ ကြွေးတင်မြီချ၊ မနဥစ္စာ၊မရှာမဖွေ၊ မိဆွေဘရိုး၊ အမျိုးကျူရုံ၊ အလုံးစုံကို၊ မခုံ

မမင်၊ စွန့်ခဲ့ကျင်မှု၊ ရှင်ပင်သာသနာ၊ လ ရိပ်သာကား၊ ချမ်းသာလွန်ကဲ၊ ဝဋ်မှလွဲဟု၊ အဲခိုးပြင်းစွာ၊ အိမ်မှုခွာ၍၊ ဝါဝါကြန်ကြန်၊ သက်န်းမွန်နှင့်၊ အလွန်ကြည်ဖြူ၊ ရဟန်းမူလျက်၊ နယူပဒေသ၊ ပွေးစွမ်းလှသား၊ ဆရာ့အထံ၊ ကြိုးကန်တည့်၊ သင်အံကြံကြည့်၊ ပို့တုံလှည့်၍၊ မည်သည့် ကျမ်းဂန်၊ လပ်မကျန်ဘဲ၊ ဓမ္မကွန္ဒာ၊ ကိုးအင်္ဂါကို၊ နှုတ်ပါဖြန်းဖြန်း၊ ရလေဆန်းလည်း၊ ရဟန်းကိစ္စ၊ ကုင်မဟူ၊ ရွှယ်ချူဖိုလ်မဂ်၊ ရမည်ခက်၏၊ ထို့ထက်တိုး၍၊ သူတော်လေ့ဖြင့်၊ မမေ့မလျော့၊ မပေါ့လို့လ၊ အားထုတ်မှုဟု၊ ဆဆကြည်ညို၊ ဝမ်းတွင်းသိုလျက်၊ ကိုယ့်ကိုကိုယ်ပင်၊ ဆရာတင်၍။ ။သွန်သင်ဆင့်ကြ စေလသေး။

၂။ အရှည်ကင်၊ ခုတင်ရာ၊ ရွာမှတာသော်၊ ကိုးထွာကွေးကွေး၊ ဆရာ့လေးဖြင့်၊ နိုင်းသွေးငါးရာ၊ ကောသက္ကာဝယ်၊ မဟာနဝါ၊ ဇရာဝါသ၊ စသည်တွက်ဖွဲ့၊ တစ်ဆယ့်ရှစ်ဆင့်၊ ပြစ်မျိုးလွင့်သွား၊ ရှင်ပင့်နေရာ၊ မြိုင်ခန်းဝါဝယ်၊ မြတ်စွာဘုရား၊ ပေးသနားသည်၊ မြသားရောင်မောင်း၊ သစ်ပင်ကျောင်းသည်း၊ နွေဆောင်းနေရာ၊ လွန်သာယာ၏၊ တစ်ခါထိုမှ၊ မျှော်ထောက်ဆသော်၊ ရှေးကယောဂီ၊ တပဿီတို့၊ ပထဝီ ပထဝီ၊ ပီပီသသ၊ ချိုမြသံမွန်း၊ ကမ္မဋ္ဌာန်းဖြင့်၊ စီးဖြန်းနေဟောင်း၊ ဂူလိုဏ်ခေါင်းလည်း၊ သန်ဆောင်းနွေလ၊ သမယသုံးသွယ်၊ လွန်သပ္ပာယ်၏၊ ကြွယ်သည်သဒ္ဒါ၊ တို့သူငါကို၊ လှာလှည့်လာလှည့်၊ ခေါ်ဝေါ်တည့်သို့၊ သောခ၏ ကျက်သရေ၊ ပြည့်စုံထွေဖြင့်၊ မူတော်ဗိုဗို၊ တင့်လွန်ကဲရှင့်၊ ပျော်မြဲရှင်ပြုံး၊ သီတင်းသုံးသား၊ တစ်လုံးတောင်ဟန်၊ ဇေတဝန်နှင့်၊ ဆွမ်းမွန်ပျို့မွေး၊ သလေးသုခ၊ သက်န်းမှာလည်း၊ များစွာဖိုးထိုက်၊ မကြိုက်သင့်လေ၊ ရောင့်ရဲစေလျက်၊ အုတ်ထွေပစ္စည်း၊ မသိမ်းဆည်းဘဲ၊ အရည်းဘဏ္ဍာ၊ မှန်လှစွာသား၊ လေးဖြာပစ္စယ၊ မည်ကာမျှဖြင့်၊ ဘဝပါရဂူ၊ ဖြစ်လိုမူက၊ ရှင်ဖြူပုဂ္ဂိုလ်၊ သက်နှင်းကိုယ်ကို၊ မလိုင့်ဘဲ၊ မျှသုံးစွဲလျက်၊ ပွဲကိုမခင်၊ တောနက်ဝင်၍။ ။ဆောလျင်ကျင့်ကြ စေလသေး။

၃။ အကျင့်သီလ၊ တူမျှကြသား၊ သမဂ္ဂသံဃာ၊ တော်များစွာနှင့်၊ စာသင်သဲသဲ၊ စာပိုပွဲမှ၊ ခွာရှဲငါ့ကိုယ်၊ တောသို့ခို၍၊ တော

ပုဂ္ဂိုလ်ကျင့်၊ တောဝယ်လင့်သား၊ တောနှင့်လျော်အောင်၊ တော
ဟန်ဆောန်လျက်၊ တောမြောင်ခေါ်ချက်ကြီး၊ တောခရီးဖြင့်၊ တော
ဝိုးလွတ်ရာ၊ တောသို့လာ၍၊ ဝိဇ္ဇာဋ္ဌဝီ၊ တောရောက်ပြီတည့်၊ ဤ
တောရပ်ကာ၊ တောဝယ်သွားသည်၊ တောကျား တောကျွဲ၊
တောသားရဲတို့၊ ကျီးစွဲနှုတ်သီး၊ ဝန်းဝိုက်ဆီး၍၊ ဖိစီးဖမ်းဆုတ်၊
သွေးသန်စုတ်လျက်၊ ကိုက်ဆုတ်သတ်စား၊ ဘေးရန်များလည်း၊
ပယ်ရှားခွာရှောင်၊ မရှိယောင်တည့်၊ မြောက်တောင်ရှေ့နောက်၊
စူးစမ်းထောက်သော်၊ကျောက်ကမ်းပါးယံ၊ ဝန်းကျင်ရံ၍၊ ထွက်
သံတွေတွေ၊ စိမ့်စမ်းရေသည်၊ သန့်ငွေအဟာရ၊ ချောင်းနှယ်ကျ၍၊
ခက်မဖြိုးဖြိုး၊ ရိပ်ကြီးမိုးသား၊ တောစိုးသစ်ပင်၊ အဘင်တင်နှင့်၊
ခက်ရှင်သာစွာ၊ ဤနေရာကား၊ ခိဏာသဝ၊ ဝဋ္ဋမှကင်းစင်၊
လိုသည့်အင်ဖြင့်၊ စူခက်ဝိရိ၊ ယောရ်ပုဂ္ဂိုလ်တို့၊ ကြည်သို့မွှေလျော်၊
တသြော်လဲလဲ၊ ကြိုးပမ်းခဲလျက်၊ ဈာန်ပွဲသဘင်၊ ယင်ရောဒသာ၊
မြတ်ဌာနဟု၊ အဘကောင်းသား၊ အမှတ်ထား၍။ တရား
ကျင့်ကြ စေလသား။

(ဤသုံးပုဒ်၏ ချိုဟန်ကား ဖျောက်ဆိပ်လလယ် ချွန်ညီးဟူ၏။)

၄။ ကာသိုဏ်းကျူးရင့်၊ သဒ္ဓါတင့်မှ၊ ဆယ်ဆင့်ကိလေ၊ လွှတ်လိုတွေ
ဖြင့်၊ မတောနေပီပီ၊ တောကိုမှီ၍၊ ညရီနံနက်၊ ဗေဒါမိရှက်ကို၊
တံမြက်သုတ်သင်၊ စေတီပြင်လည်း၊ ဝန်းကျင်သာအောင်၊ မှုရွက်
ဆောင်မှု၊ ဘုန်းခေါင်မြတ်စွာ၊ မိန့်ခဲ့မှာသည်၊ စတုရာရက်၊ ဓမ္မ
စက်ကို၊ နှုတ်တက်ချောမော၊ ရိတရောဝယ်၊ ရှင်စောရွှတ်အံ၊
ညဉ့်ကြွင်းယံလည်း၊ ကမ္မဋ္ဌာန်၊ လေ့လ ပြန်ခေါက်၊ အောက်မေ့
ပါရှေ၊ ချွတ်လွဲသေ့လျက်၊ ပမာဒေန၊ စသည်တရား၊ မြတ်
စကားကို၊ ကြားဆဲပစ္စုပ္ပန်၊ သံတော်ဟန်သို့၊ ဖန်ဘလဲလဲ၊ အမြဲ
နှလုံး၊ မသုံးလေပါ၊ သောက်ဝါရောင်ညွန့်၊ တိုင်အောင်ကျွန့်၍၊
တလွန့်ယက်ယက်၊ အိပ်မွေစက်မှု၊ နေ့ရက်ရှည်စွာ၊ ကြွမ်းပိုး
စသည့်၊ ဖြစ်ရှာလေဘိ၊ လျော့ချမိက၊ ဂတိယုတ်မာ၊ မရဏာ
သန္တ၊ ထိုကာလဝယ်၊ ကမ္မနိမိတ်၊ အပါယ်ဟိတ်လည်း၊ ဇောစိတ်
ဇင်လာ၊ မြင်မသာခါမှ၊ ဟာဟာငါ့ကို၊ အိုပျက်ခဲ့ပြီ၊ ခက်ငပြီ
ဟူ၊ ငိုငိုဆိုမိ၊ ဂတိလုံးလုံး၊ ရှုံးကြီးရှုံးလျက်၊ အပါယ်လက်မှ၊
မထွက်နိုင်ရာ၊ ထိုကိုစာ၍၊ အာရမ္ဘကျူပ၊ လက္ခဏဟု၊ သမထ

ဝိပယ်၊ တရားမြွတ်ကို၊ ရုပ်ဖွာတ်ရွေးနိုင်း၊ ရှင်ရွှယ်ကျိုးသည်။ ။
ကသိုဏ်းကျူးရင့် ရှုပါလင့်။

၅။ ကသိုဏ်းကျူးရင့်၊ ထူးကာဆင့်လျက်၊ သောက်လင့်လင်းပါ၊ ရဏ်သန့်လာဏ၊ နိကျသမြန်းမြန်း၊ လယ်ခေါင်ရန်းသို့၊ သင်္ကန်းဝတ်ရုံ၊ ဝတ်တော်ကုံတောင်၊ ယုံယုံကြည်ကြည်၊ ကျင့်ဆောက်ကည်မှု၊ ရှာပြည့်ဝင်လတ်၊ ပိဏ္ဍပါတ်ကို၊ အမြွက်တစ်ဆင့်၊ ဝမ်းနှင့်ချင့်၍၊ မျှတင့်လောက်အောင်၊ ခံယူဆောင်လျက်၊ မာန်ဆောင်မကြွား၊ ညှံ့ညှံ့တွားဖြင့်၊ ဖဝါးမပြတ်၊ လှမ်းတိုင်းမှတ်၍၊ နွားသတ်သမား၊ ယောက်ျားဇရာ၊ နွားခန္ဓာကို၊ သင်ရာဌာန၊ စုတေကျအောင်၊ ဆောင်လေသောနည်း၊ ပမည်းပမာ၊ သေစရာကို၊ ဖွေရှာမြော်တင်း၊ နှလုံးသွင်းလျက်၊ နေရင်းသိမ်း၊ ရိပ်သာဓမ်းသို့၊ လှမ်းကြွရောက်လာ၊ ဆွမ်းစားခါဝယ်၊ သြဇာညှိုးပိန်၊ နှုတ်မမြိန်က၊ အစိန္တေယျာ၊ တိုမြွတ်စွာလျက်၊ ရာဇာကြိုဟ်ပြုန်၊ ပဏ္ဍုဝထိပ်၊ ပုရော်ငါးရိပ်ဝယ်၊ အဆိပ်နိုင်းတမ်း၊ ဆွေထေဆွမ်းကို၊ ပြွမ်းမြွမ်းလိုက်ဆူ၊ သည်းအူပြောင်းပြန်၊ အောက်ထက်လန်မျှ၊ အန်လတော့မည်၊ သုံးဆောင်သည်ကို၊ ဖွေနှည်ပတ်ပတ်၊ သဘောမှတ်လျက်၊ တစ်ဖြွတ်တစ်ပိုင်း၊ တစ်နိုင်း၍။ ။ အတိုင်းကူးဆင့် တုပါလင့်။

၆။ အတိုင်းကူးဆင့်၊ တုဖြိုးလင့်မှ၊ ယခင့်ရှေးခါ၊ ထေရ်မြွတ်စွာတို့၊ တကျာရမ္မက်၊ ကြေးမူမှက်ကို၊ ခါတွက်ပယ်တွန်း၊ ကြီးလှိပန်းကြောင့်၊ သင်္ကန်းနှစ်ဖြာ၊ ကျောင်းမှာငါးပါး၊ ဆွမ်းငါးပါးနှင့်၊ တစ်ပါးလုံးလှာ၊ ဓုတအင်္ဂါ၊ ဆယ့်သုံးလီတွင်၊ ယောဂီပုဂ္ဂိုလ်၊ ရှင်အလိုဖြင့်၊ မအိုမနာ၊ ရောဂါမရှိ၊ သမ္ပတ္တိကား၊ ဖြစ်တုန်းခါကို၊ စွမ်းပါသရွေ့၊ ဆောက်တည်ပေသို့၊ မမေ့ရှင်ဖြူ၊ အတုယူလော့၊ ရှန်သူလောဘ၊ ပြွမ်းပြွမ်းတ၍၊ လောမဝိတက်၊ ဥပါဒ်တို့၊ လုယက်ဖျက်ဆီး၊ အနီးကာမဂုဏ်၊ ဆောင်လာကုန်လည်း၊ သုန်သုန်မပါ၊ ပညာတည်းကွပ်၊ သတိချုပ်၍၊ စွဲရပ်ပြိုးကာ၊ ရှင်တံထွာဖြင့်၊ ဆည်းဆာသုံးချက်၊ ကသိုဏ်းကွက်ကို၊ မျက်လှာအောက်တွင်၊ ရှုဆင်ခြင်လော့၊ သစ်ပင်ဆိုင်းဆိုင်း၊ သင်ကျိုင်းဆွေထူး၊ လေဖြူးဖြူးနှင့်၊ ကိုယ်ထူးငါ့ချည်း၊ ပျင်းရိသည်းဟု၊

ဝမ်းနည်းဝမ်းပါး၊ စိတ်မထားလင့်၊ ဘုရားဆူဆူ၊ ပွင့်တော်မူလျက်၊ ဆာပူလှစွာ၊ ကိုယ်ထီးသာလျှင်၊ ပြိတ္တာဖြစ်ရ၊ ထိုဘဝကို၊ ဆရှိသူတော၊ ပျော်အောင်ဖျော်လော့၊ ရှေးဒေသာ်ကာလ၊ မြတ်ထေရတို့၊ ကာမဝိတက်၊ ဘီလူးဖျက်က၊ မျက်ရည်ကြီးငယ်၊ သွယ်သွယ်ကျလျှော၊ လောင်ပူလောအောင်၊ သဘော ကြပ်တင်း၊ သည်းခံခြင်းကြောင့်၊ ပြည်မင်းနိဗ္ဗာန်၊ စံရဟန်ကို၊ သီလစန်ယောကျ်ား၊ အမှတ်ထား၍၊ ဘုရားဟောတိုင်း၊ ဈာန်တသိုက်းကို။ ။မထိုင်းကျူးရင့်ပြုပါလင့်။

(ဤသုံးပိုဒ်တို့တွင် ပထမပိုဒ်ကား စမွာယ်ရှေ့ချ နောက်ချဆုံနည်း၊ ဒုတိယပိုဒ်၊ တတိယပိုဒ်တို့ကား စမွာယ်ရှေ့ချ မြင်းဆက်ခွ ဆိုနည်း။)

၇။ တရံတရံ၊ မြိုင်တောယံဝယ်၊ ရောင်လျှံမဥ္စူ၊ ပန်းနှင့်တူသား၊ ပံသုသကန်း၊ စမွာယ်ယမ်းလျက်၊ ကမ္မဋ္ဌာနူးပျော်ခြင်း၊ အိမ်မှဆင်း၍၊ ဝါးရုံးခွံနွေး၊ တောင်ဝှေးလက်ဆုပ်၊ လက်သုပ်ပုတီး၊ စွဲကိုင်ပြုံးမူ၊ ကိုယ်ထီးချည်းသာ၊ ဖော်မပါဘဲ၊ နေဝါငြိမ်းလု၊ ချမ်းဥတုဝယ်၊ နဂ္ဂုတ်ဆ၊ ရောဂါကင်းစေ၊ ငြီးပြေနေကောင်း၊ ခြေညောင်းလှုက်ဆန့်၊ လှမ်းခဲ့ဖြန့်သော်၊ ကန္ဒလွန့်ဗီလာ၊ တောတောင်ကော၍၊ ဝေဆာရိပ်စဉ်၊ ခက်ချင်းယှဉ်လျက်၊ ဥယျာဉ်သဖွယ်၊ ပင်ငယ်ပင်ကြွး၊ ပင်ထီးမပေါက်၊ ပင်ကြီးအောက်ဝယ်၊ အလျှောက်စဉ်စီ၊ ပင်ချင်းမှီ၍၊ ရီတမှောင်မှောင်၊ ချောင်အထပ်ထပ်၊ ချုံအပါးပါး၊ မြောင်အကြားဝယ်၊ သွားဆဲထိုရော်၊ ဣတိခေါ်သား၊ ဂုဏ်တော်ကိုးပါး၊ အံ့ဖွယ်များကို၊ တစ်ဖဝါးတစ်လုံး၊ ရေတွက်ကျုံး၍၊ အဆုံးမှတ်ဖွဲ့၊ ခြောက်ဆယ့်နှစ်ခေါက်၊ တိုင်တိုင်ဖျော်လင့်မြောက်မှု၊ နောက်ကုလောအ၊ ရောက်ပြန်ကျသော်၊ ရခါ ငါရာ၊ တာသချာဟု၊ ဝမ်းမှာသွင်းမှတ်၊ ဂုဏ်တော်ရွတ်လော့၊ လူထွတ်သေနင်း၊ ဘုရားမင်း၏၊ ဆင်းတုစာတီ၊ တွေ့ခါပြီလည်း၊ သဇီဝသွင်၊ အမှတ်ထင်၍၊ ရေစင်ကပ်လှူ၊ သဲဖြူဖြန့်ခင်း ဝတ်ပြုလျှင်းမူ၊ သီတင်းစင်ကြယ်၊ ရှင်ဘုန်းကြွယ်ကား၊ အကယ်၍ငြား၊ ဘလျှားလည်း၊ ဘုရားစက်ကွင်း၊ ခြေတော်ရင်းဝယ်၊ ဝပ်စင်းခညောင်း၊ တစ်စုပေါင်းလျက၊ ငါ့ခေါင်းခွံရိုး၊ ငါ့လက်ရိုးတို့၊ ရှိခိုးရှိသေ၊ တည်ရစ်စေဟု၊ သံချေဖန်ဖန်၊ အဓိဋ္ဌာန်၍ ။ ဆုပန်းတောင်းခဲ့စေသတည်း။

၈။ ထိုမှတစ်ထုံး၊ တစ်ဆင့်ကူး၍၊ နှလုံးသွင်းဟန်၊ အတန်တန်ကို၊ ပြန်အံ့
လည်းတောင်း၊ မှတ်နာညောင်းလော့၊ ငါ့ခေါင်းအထက်၊ ငါ့ဆံ
ရွက်တို့၊ ဗျိုင်းငှက်ပမာ၊ ဖြူလေပါလည်း၊ အဝိဇ္ဇာဟူသည်၊
နှောင်တုပ်ချည်၍၊ မထေရ်မဟုတ်၊ ယုတ်တို့ပလော့၊ သို့ဖြစ
ထွေကြောင့်၊ ကေသာလောမ၊ နခါစသား၊ သမထဈာန်၊
အကြောင်းမွန်နှင့်၊ တဖန်ထို့ပြင်၊ ရှုဆင်ခြင်က၊ အပင်မမြဲ၊
ဆင်းရဲတိုင်တာ၊ ဣဿရိယ၊ ကင်းဝေးလှသည်၊ လက္ခဏာသုံးခ॥
ယာဥ်စကြာဟု၊ ဖွစ်ဖြာမဂ်ဖိုလ်၊ အကြောင်းကိုတည့်၊ ကြည်ညို
အာရုံ၊ ကိုယ်လှုံးထို၍၊ တလှုလှုလဲ၊ အမြဲချီးမြှောက၊ တတောက
ပတ်ပတ်၊ အားထုတ်လှတ်က၊ အရဟတ္တဖိုလ်၊ ထုံဘာဝတည့်၊
မရောက်တည့်လည်း၊ ရှမ်းမှည့်သမ္ဘာ၊ ပုညဝါကြောင့်၊ ခံ့ပွတ်ည၊
ပုဂ္ဂလအစစ်၊ နှောင်ကိုဖြစ်လမ့်၊ မမှရာဇ်သယမ္ဘူ၊ ရှုတော်မူက၊
စူဠပန်ရှင်ကောင်း၊ မထေရ်နှောင်းသို့၊ ငါ့ခေါင်းအထက်၊
ဝန်းဝန်းကွက်သား၊ စက်အရေးမှတ်၊ လက်တော်ဖြတ်ဖြင့်၊ လူနတ်
မရမေ၊ သုံးသပ်လေအံ့၊ ဖြစ်ထွေထိုထို၊ စမ်းထဲသိပျက၊ ကြည်ညို
လွန်မင်း၊ အားထုတ်ခြင်းဖြင့်၊ ခရုသင်းဖွေးဖွေး၊ ပွတ်သစသွေးသို့၊
ညစ်ကြေးမတင်၊ သီလစင်လည်း၊ ရှင်ပင်ယောဂ်၊ နှုတ်သပ်ဖြင့်၊
ပထဝီဝန်း၊ ရွှေဝယ်ညွန်းမှု၊ စီးဖြန်းဖန်ဖန်၊ မေါက်ခေါက်
ပြန်၍။ ။နိဗ္ဗာန်ချောင်းခံ့ စေသတည်း။

၉။ ထိုမှတစ်ကြောင်း၊ မှတ်နာညောင်းလော့၊ အပေါင်းမသင့်၊
ပေါင်းမိလင့်က၊ မူတင့်ကျေးဇူး၊ အထူးဝိပဿနာ၊ မဂ်ဖလာမှု၊
ကထာဝတ္ထု၊ ဆယ်ပါးစုနှင့်၊ သုံးခုဝိဇ္ဇာ၊ ခြောက်ဖြာဘိညာဥ်၊
တရားစဥ်ကို၊ ဖွဲ့ကြည်ဘယ်မှာ၊ ရနိုင်ရာအံ့၊ သည်သာမဟုတ်၊
သူတော်စုတ်ဘို၊ ယုတ်အလဇ္ဇီ၊ ရှင်ဒုဿီကို၊ မှုံမှုံတင်းတင်း၊
မြန်နှီးရင်း၍၊ မကင်းအတူ၊ နေသောသူဟု၊ မှေ့ရှုမျက်ကွယ်၊
ကဲ့ရဲ့ဖွယ်လည်း၊ ငါဝယ်စင်စစ်၊ ဖြစ်ပလေချိမ့်၊ ရှုံးခြင်စမ့်မျှ၊
သိမ့်သိမ့်ကြောက်ဟုန်၊ ခိုက်ခိုက်တုန်မျှင့်၊ ဂုဏ်အမြူမဟော၊ ကင်းကွာ
လေသား၊ အဆွေမလျော်၊ မသူတော်ကို၊ ပေါင်းဖော်သောထက၊
ကိုယ်ကိုဝှက်၍၊ မြိုင်နက်ရွှယ်ချိန့်၊ ပညာထိန်သား၊ အရိန္ဒမာ၊
မဟာဇနက်၊ စောဘုန်းတက်နှင့်၊ မျက်စိမမြင်၊ အမိခင်သား၊
ဆင်မာတင်ကြီး၊ ထုံးကိုမှီး၍၊ ကိုယ်ထီးချည်းသာ၊ တောဝယ

ကြားလျက်၊ မဟာဂေါ်သိဂ်၊ တောသာလကို၊ ဓမ္မကထာ၊ ဒေသနာဖြင့်၊ ဝဲယာနှစ်သွယ်၊ ထေရ်ဘုန်းကြွယ်တို့၊ တင့်တယ်စေသော၊ နည်းလိုက်လျော၍၊ ငှဝ့်တောပက်ကုံး၊ ရှင်မြိုင်လုံးကို၊ လွှမ်းဖုံးမေတ္တာ၊ ဘာဝနာမှမ်းဖြင့်၊ ကန်ဆာဆင်က၊ ကြင်ရက္ခဇိုး၊ နတ်အမျိုးတို့၊ မစိုးမရိမ်၊ ချမ်းငြိမ်ဖြောင့်ဖြောင့်၊ ရှင်ကိုစောင့်၍၊ အကြောင့်ကြမဲ့၊ နေရခဲ့အံ့၊ မိတ်ဖွဲ့ထိုက်လျော်၊ ကျေးငှက်ကျော်သည်၊ သူတော်မြတ်ဖျား၊ ရှိဘည်ကြားက၊ ဆယ်ပါးယုဇနာ၊ ကာဝေစအမွှန်၊ စိတ်မတွန့်ဘဲ၊ ဈာန်ညွန့်မဂ်ပွင့်၊ ဗိုလ်သီးရင့်ကို၊ လှယ်လင့်တကူ၊ ယူစေနိုင်သော၊ ပညာပြောသည်၊ ထေရ်စောထံရင်း၊ ကိုယ်ကိုနှင်း၍။ ။ဝပ်စင်းပေါင်းခွဲ စေသတည်း။

၁၀။ အနမတဂ်၊ ဘဝစက်ဝယ်၊ ခြေလက် လည်ချောင်း၊ နားနှာခေါင်းနှင့်၊ နံ့တောင်းကျောက်ရင်၊ အင်္ဂါအစိတ်၊ ယိုဖိတ်ဒီးဒီး၊ သွေးဖြည့်စီး၍၊ မြစ်ကြီးအဏ္ဏဝါ၊ မနှုန်းသာသား၊ သံသရာဆင်းရဲ၊ ခါမြင့်မြဲလျှင်၊ မစဲမညာ၊ ကမ္ဘာကရဏ၊ ခံဖူးလှရှင့်၊ အမတပြည်ခေါင်၊ နိဗ္ဗာန်တောင်ကား၊ ဖွဲ့ နှောင်ရှစ်ထွေ၊ သံဝေဂဝတ်၊ လှတ်ကြီးလှတ်ကွ၊ သဒ္ဓါတွတ်နုဂိုရ်၊ ရောက်ခလို၍၊ ကိုယ်ကိုပယ်ခြံ၊ မြေအရံမှ၊ နိယံလှတ်ကင်း၊ ဖော်ကွာရှင်းလျက်၊ အိုမင်းရှယ်လွန်၊ ဆုံးစွန်တိုင်တိုင်၊ ကြံ့ခိုင်မညှိုး၊ စိတ်တရိုးဖြင့်၊ သူခိုးကပ်နှောင်၊ တောမီးလောင်လည်း၊ ဘုန်းခေါင်မိန့်သံ၊ ဘူတဂါမ်ကြောင့်၊ နှယ်တံမပြတ်၊ ထေရ်မြတ်သို့၊ ဘာပတ်မကျုံး၊ သီလကြုံး၍၊ ဦးလေမရှိ၊ ပျင်းရိမဟူ၊ ဈာန်မဂ်ချူလျက်၊ မြေဆူကျောက်ပြုတ်၊ ခလုတ်ထော်လော်၊ ခရော်ခရွတ်၊ မညွှတ်မညီ၊ မှိုင်းရီနက်ချောင်၊ တောင်ရံကုန်းကြည်း၊ မြိုင်ညိုမည်းဝယ်၊ ရည်းတံထွာ၊ ဆုပန်ထွာလျက်၊ ရိညာသုံးပါး၊ တရားစဉ်ဆင့်၊ ပိုင်းခြားလင့်မှု၊ လေးဆင့်သစ္စာ၊ ဆယ့်ခြောက်ဖြာကို၊ သိပါရကြောင်း၊ အရချောင်း၍။ ။ရှင်ကောင်းကျင့်တော် မှုတို့လော့။

၁၁။ နေ့နေ့ ညည၊ ကာလရှေးရှေး၊ ချမ်းအေးပူလွန်၊ ချိန်မတန်ဟု၊ ပြင်းထန်တောလေ၊ စေဖေခွဲခွဲ၊ ထင့်နွဲ့ညာဗယ်၊ ကျွန်းပျင်းနှယ်သို့၊ ဥပါယ်မဖွဲ့၊ သက်မငဲ့ဘဲ၊ သုံးဆယ့်နှစ်ပင်၊ ထန်းတောဝင်၍၊ လျင်မြန်ခုန်မြောက်၊ ပြေးလွှားလျှောက်သား၊ တောမျောက်ပမာ၊

နမ်ခန္ဓာကို၊ ယောဂါဝစရ၊ ရှင်လှအစွမ်း၊ အဒိဖမ်းက၊
ဆောင်းချမ်းလုံးလုံး၊ နွေလဆုံး၍၊ ဝါးပြုံးပွားစ၊ ရောက်ကာ
လဝယ်၊မရတီမှာ၊ရှိနိုင်ရာအံ့၊တစ်ခါထိုမှ၊ထောက်မျှော်ကသည်း၊
ရှုပရွှန်းညို၊ ရှုဖွယ်ရှိလျက်၊ ပရိမဏ္ဍလ၊ ဝန်းစန်းပသား၊ ထန
ဝတီ၊ ကုမာရီဟု၊ ရှင်သီလဝါ၊ သောပွယာတို့၊ သံသရာဘေး၊
ရှုတုံသေး၏၊ ရှေးကြောင်းသန့်ထွား၊ ယောကျ်ားအစစ်၊ ရဟန်း
ဖြစ်လျက်၊ ဆုတ်နစ်ဘယ်မှာ၊ ပြုသင့်ပါအံ့၊မြိုင်သာချောက်ကြား၊
ဖားရားမွှေ့လျော်၊ ရှင်သူတော်ကား၊ ဖေဘ်လှော် မဆည်း၊
တစ်ယောက်တည်းဖြင့်၊ ပစ္စည်းဝိဇ္ဇာ၊ ဥမ္မာချီးမွမ်း၊ မဂ်လမ်း
သုတ်သင်၊ အင်္ဂါငါးထွေ၊ တောကျောင်းနေတွင်၊ ပရမေ
ဘုန်းမော်၊ သာဓုခေါ်သား၊ ကြေးညှော်ကင်းပျောက်၊ဈာန်မဂ်
ရောက်၍၊တစ်ယောက်သူမွန်၊တမ်းခွန်တစ်ဆူ၊ဖြစ်လတ်မူက၊ကြည်
ဖြူဗိုလ်ထု၊ရှင်အတုလျှင်၊ အနုသယည်း၊ ရွှေ့ရွှေ့နည်းအောင်၊
နိုသရည်းခံ၊ ရှင့်အထံ၌၊ ကြိုးနှံသောင်းသောင်း၊ သူတော်
ကောင်းတို့။ ။လမ်းကြောင်းဖွင့်တော် မူတို့လော။

၁၂။ ဩဃယောဂ၊ နိဝရဏခြောက်ဖြာ၊ ကင်းဝေးကွာအောင်၊မြိုင်သာ
ရိပ်ဝှမ်း၊ ကျောင်းသခ်မ်းဝယ်၊ ကျင့်တမ်းမွှေ့ညက်၊ ဈာန်မဂ်
ရွယ်ချူ၊ ရအောင်ယူလော့၊သင်းကြူကြိုင်နံ့၊ လှိုင်ပျံ့လေညင်း၊
ဆော်သွင်း ရောက်အောင်၊ သွေးယူဆောင်က၊ တောင်ဂန္ဓမာ၊
မလ္လာယုက၊ ကျွန်းတမျှနှင့်၊ ထိုမှတသုန်၊ အမှုန်အပွင့်၊ သီးရင့်
သီးကင်း၊ ရွှမ်းပြင်းသီးမှည့်၊ ပင်ပြည့်မွမ်းမံ၊လှံတံခဲအုတ်၊ တုတ်
ချိတ်တံချူ၊ ဆွတ်ယူမနိုင်၊ ပြည့်လှိုင်ကြွယ်ဝ၊ သာစွသာစွ၊အားရ
ရှင်ပြုံး၊ နှလုံးမွှေ့လျော်၊ ပျော်စဖွယ်ချည်း၊ ဖြစ်သည်တည်းဟု၊
ညစ်မည်းရမွက်၊ ကပ်ငြိဖက်၍၊ နှစ်သက်ရှင်ပြော၊ ဖန်ဖန်တော
လျက်၊ ငါ့တောငါ့တောင်၊ ငါ့ကျောင်းဆောင်ဟု၊ ချည်နှောင်
သော့လား၊ မှတ်မထားလင့်၊ ဘုရားမြွတ်စွာ၊ ကုသိနာဝယ်၊
မဟာသုဒဿ၊ စကြာဇာတ်ကို၊ ဟောလတ်သောခါ၊ ကုသာ
ဝတီ၊ ပူရိပြည်မွန်၊ သာစဟန်ကို၊ မကျန်မကြွင်း၊ နာစေလျှင်းမူ၊
တွက်ခြင်းသောင်းသိန်း၊ ဂဏန်းကိန်းလည်း၊ မထိန်းနိုင်လစ်၊
စည်းစိမ်ညစ်ကား၊ စင်စစ်သဖြင့်၊ ရှည်မမြင့်၍၊ ပျက်ခွင့်ရောက်မူ၊
သူငယ်လူတို့၊ ကဥ္စူစားဖွယ်၊ မြူအိမ်နှယ်တည့်၊ ပျောက်ကွယ်

ပျက်စီး၊ အချည်းနှီးဟု၊ စောဓမ္မမြတ်ဖျား၊ ဟောတရားကို၊ ကြားဆဲဝတ္တမာန်၊ နာရဟန်သို့၊ သူမှန်မထေရ်၊ အမှတ်တည်၍၊ သောက်ခြည် ရုံးကာတ်၊ အပြိုင်နက်ဖြင့်။ ။ချွန်မဂ်ပွင့်သော် မူတို့လော။

(ငှင်းခြောက်ပိုဒ်ကား ခိုင်ညွန့်ခက်ဖြာ ချုန့်ည်းဟူ၏။)

၁၂။ ကြောင့်ကြကြီးကို၊ ကင်းစေလို၍၊ ကိုယ်တစ်ယောက်တည်း၊ ကြံ့ချို နည်းဖြင့်၊ ဆပ်ဆည်းမြိုင်ခွင်၊ ကြွခဲ့ကျင်မှ၊ တောင်းကင်အနွံ့၊ ကျေးဇူးနံ့လည်း၊ ကြိုင်ပျံ့သင်းဘိ၊ ကိုးဂုဏ် ရှိလျက်၊ ကြီးဘိ တေဇော်၊ ကျူးကကျော်တည့်၊ ကိုယ်တော်သနင်း၊ ကျွန့်ရှင် ရှင်းကို၊ ကိုယ်တွင်းမပြုတ်၊ ကိုးကွယ်လတ်၏၊ ကိုးတွေဝါ၊ ကိုး နေရာမှ၊ ကင်းကွာပါလို၊ ကျွတ်ဆုကိုလျက်၊ ကိုယ်ကိုမငဲ့၊ ကသိုဏ်း ဖွဲ့၍၊ ကိုးဆယ့်ကိုးခါ၊ ကိုးရာကိုးထောင်၊ ကျော်အောင်စီးဖြန်း၊ ကမ္မဋ္ဌာန်းစုံ၊ ကိုယ်လုံးထုံရှင့်၊ ကိုယ်ယုံသိက္ခာ၊ ကိုယ်သစ္စာကြောင့်၊ ကွာ ကိလေသာ၊ ကင်းကြွေ ကျ၍၊ ကြောင့်ကြ ကြီးကျယ် ကွယ်စေသောဝ်။

(မူတ္တာရွဲ သီဆိုနည်း။)

(က) မှတ်တော်ယုံ၊ ဘုံသုံးဆက်၊ ဖြစ်ပျက်များ၊ တရားရှု၊ အိုနာ သေ၊ နေမလွတ်၊ ဝဋ်သံသာ၊ ချာချာရစ်၊ မွန်းနှစ်ဟန်၊ ဖန်ဖန်သား၊ များလှပြီ၊ ဤအခါ၊ သာနာပင်း၊ တွင်းမှာကြုံ၊ စုံစုံမက်၊ မြိုင်နက်ခွင်၊ ဝင်အောင်ဆော်၊ ရောက်တော်မူ၊ နိဗ္ဗူမှန်း၊ စီးဖြန်းကြိုက်၊ စရိုက်သင့်၊ ကျင့်ဦးနော်၊ ဖော်မငဲ့၊ တကာယ့်မင်း၊ မပျင်းလင့်။

(ဝဲသွင်း ဝဲရိုက်ဆိုနည်း။)

(ခ) ယခုသာသနာ၊ ဂင်းဝင်းဝါ၊ တွင်းမှ ကြုံသည့်ချက်၊ ရှေးကျိုး ပုညစက်။ ။ရှစ်းပါးဆောင်စရာ၊ အစုံပါ၊ လျင်စွာကောသို့ ထွက်၊ ရှုလေ့ကသိုဏ်းကွက်။ ။အားထုတ်ဝီရိယာ၊ ဆော်ဖန် က၊ ရအံ့ချွန်နှင့်မဂ်၊ ကောင်းကျိုးဖိုးအနဂ်။

(ကျပန်း သံပေါက်ဆိုနည်း။)

(ဂ) မီခင်ဆံထုံး၊ ဘာ လက်ရှုံး၊ နှလုံးကြွံ့စေ။ ။သုမေဓာထုံး၊ မှတ်ယူကျုံး၊ စွဲသုံးကျင့်ပါလေ။ ။ရှိုဝှက်လုံးလုံး၊ ကိုယ်လုံးဖုံး၊ ဆုံးဆုံးမမနေ။

(နှယ်ပန်း သံပေါက်ဆိုနည်း။)

(ဃ) တောတောင်လျှိုတိုး၊ လှန့်မစိုး။ ။သူ့ကိုမကိုး၊ ကိုယ်ကိုကိုး။ ။ကိုယ့်ကိုကိုယ်ကိုး၊ တောင်နှယ်ကိုး။ ။ကိုယ့်ကိုတိုးတိုး၊ တို့ကန့်ိုး။ ။သူ့ဟော်ကောင်းမျိုး၊ ကျင့်လမ်းရိုး။ ။မဂ်ဖိုလ်ရိုးရိုး၊ အရဲကြိုး။

(မြင်းစိုင်း သံပေါက်ဆိုနည်း။)

စက္ကဝါဠသခ်ျာဖြင့် မှတ်အပ်သော သာသနာတော် ၂၄၁၆ ခု ဒုတိယ ပဝါရဏာနေ့တွင် ဤသည့်ကျမ်းကိုဖွဲ့ဆို၍ ပြီးသတည်း။





## ဓိတရောဝါဒ ဆုံးမစာ

# သိမှတ်ဖွယ်ရာ

ဓိတရောဝါဒ ဆုံးမစာသည် သမီးဓိတာကိုဆုံးမသော ဆုံးမစာပင် ဖြစ်ပေသည်။ ပုတ္တောဝါဒဟူသော သားကိုဆုံးမစာ ရှိလေသောကြောင့် သမီးကို ဆုံးမသော ဆုံးမစာကိုလည်း ရေးသားတော် မူလေသည်။ ဤဆုံးမစာကို ပျို့၊လင်္ကာအသွားဖြင့်ပင် ရေးဖွဲ့ထားပေသည်။ အလင်္ကာမြောက်၍ အစပ်အဟပ် ပြေချောပေသည်။

ဓမ္မမလျော်၊ ပြမတော်လျှင်၊
စာနာမချင့်၊ အာဏာဆင့်က၊
ဓိတရတို့၊ ညီမျှကျင့်ဝတ်၊
ဓမ္မတာသဘော၊ ခွာမလျော့ပဲ။

စသည်ဖြင့် မန်ကျည်းရွက်ထပ်၊ သက်စေ့နှက်၊ သုံးချက်ညီအစပ်အဟပ်များမှာ နဘေပြောင်မြောက် သာယာပေသည်။ သမီးအတွက်ဟု ဆိုသော်လည်း လူအများနှင့် သက်ဆိုင်သောအချက်များ ပါရှိပေသည်။ ထူးခြားသည်မှာ ဇာရန္ဒတီ၊ ဝိသာခါစသည်တို့ကို တင်ပြ၍ မယားကောင်း၊ အိမ်ရှင်မကောင်းတို့၏ ကျင့်ဝတ်များ၊ အမျိုးသမီးတို့၏ အင်အား စသည်တို့ကိုလည်း အထူးတလည် ပြဆိုထားပေသည်။

စလင်းဆရာတော်ဦးလှ့သည် မင်းတုန်းမင်းလက်ထက် ပန်းလှွာဆရာတော် ပျံလွန်တော်မူရာ ဝင်စားသည်ဟု ယုံကြည်ကြသည်။ စလင်းမြို့ လယ်ပြင်ကျောင်းတွင် သီတင်းသုံးတော် မူခဲ့ပေသည်။



# ၁၀။ မိတရောဝါဒ ဆုံးမစာ

## စီထင်း ဆရာတော် ဦးလှဲ့

၁။ သုံးပါးမြတ်စွာ၊ ရတနာကို၊ ဆယ်ဖြာလက်မိုး၊ ကြာပဒုံဖြင့်၊ ယုံကြည်လေးမြတ်၊ မနောမှတ်သား၊ ရှိညွှတ်သဒ္ဓါ၊ ရှိခိုးပါ၏၊ ထိုခါသမယ၊ ထိုကာလက၊ စ၍ဆင့်ပွား၊ ကုသိုလ်အားကြောင့်၊ ဝါးပါးရန်သူ၊ ဆံမပြုသည့်၊ စင်ဖြူကိုယ်ဝယ်၊ အန္တရာယ်လည်း၊ လေနှယ်ပျောက်စေ၊ ဆုပန်ခြွေခဲ့၊ အထွေထွေများ၊ လူတကာ၏၊ သည်းချာပုတ္တ၊ မိတ္တရတို့၊ ညီမျှကျင့်ဝတ်၊ ယွင်းမချွတ်က၊ ကင်းလွတ်အပါ၊ ရှင်းရှင်းကွာလိမ့်၊ ဓမ္မဘာသဘော၊ ခွာမလျော့ပဲ၊ မိတရောဝါဒ၊ မည်ရတွင်ဆန်း၊ ဆုံးမခန်းကို၊ နိဒါန်းမြွက်ဆင်၊ ကုံးစီရင်အံ့။ ။အောင်မြင် စေကြောင်း ဆုယူတောင်း။

၂။ အောင်ကြောင်းမင်္ဂလာ၊ အောင်ဩဘာဖြင့်၊ ကြေငြာကျော်ထင်၊ ကျမ်းသဇင်ကို၊ လိုလျှင်ဖြည့်စွက်၊ ပိုလျှင်ဖျက်လော့၊ နှောင့်ယှက်ကင်းစေ၊ ညွှန်ပြပေအံ့၊ ပုဗ္ဗေကတ၊ ရှေးပုညကြောင့်၊ ကြုံရလေပြီး၊ ရှုမြဲ့းသည့်၊ သမီးခေါ်တွင်၊ လူမျိုးသွင်ကို၊ ဘယ်တွင်ကာလ၊ ဘယ်ခဏမျှ၊ မုခရွှေ့ဝယ်၊ ပျောက်မပြယ်လင့်၊ မျက်ကွယ်တစေ၊ ရှိပချေသော်၊ ကြာနေသင့်မျိုး၊ မဖွင့်ဖြိုးသည်၊ ညှိုးလိမ့်မိဘ၊ ဆိုလေကြ၏၊ သို့မျှဘမူ၊ ကြာရေတူသို့၊ စိတ်ယူဖြောင့်စင်း၊ နှလုံးသွင်းလော့၊ အရင်းမူလ၊ သဘာဝဟု၊ စာရကျင့်လမ်း၊ သူတော်တမ်းဖြင့်၊ ကြိုးပမ်းလုံ့လ၊ ရှိပြန်ကလည်း၊ ဓမ္မမလျော်၊ ပြမတော်လျှင်၊ အဖော်သဟဲ၊ ရန်ခပဲတို့၊ ယှဉ်တွဲပေါင်းသင်း၊

အရည်ယှဉ်းလိမ့်၊ လွန်မင်းဩဇါ၊ မကြည်သာခအောင်၊ စာနာ
မချင့်၊ အာဃာတဆင့်က၊ မသင့်ဟာရ။၊ ယှဉ်းဖောက်ပြားလျက်၊
နှစ်ပါးမိဘ၊ ကျေးဇူးပသား၊ ဘဂရှောင်ဖဲ၊ ကဲကြီးကွဲလိမ့်၊
အမြဲစောင့်လျှင်း၊ ထန်မပြင်းသည်။ ။ဖြည်းညင်းသာမျောင်း
နူးညံ့ကြောင်း။

၃။ ဖြည်းညင်းသာပျောင်း၊ နူးညံ့ကြောင်းဖြင့်၊ ငြိမ်းဧြောင်းသာ
ယာ၊ ဆိုအပ်စွာဟု၊ မိန့်မှာစကား၊ စွဲမှတ်သားလော့၊ ရှေ့ဖျား
ပကာတူ၊ ခါအထူးက၊ လက်ဦးဆရာ၊ မည်ထိုက်စွာသည်၊ ပုဗ္ဗာ
စရိက၊ မိနှင့်ဘဟု၊ လောကတံထွာ၊ ဓမ္မာတာလျောက်၊ ဆိုတုံ
မြောက်၏၊ စောင့်ရှောက်အပ်စွာ၊ စေသတ္တာလည်း၊ သိဂ်ါလ
သုတ်၊ ဟောညွှန့်ထုတ်ခဲ့၊ မယုတ်စေသင့်၊ ဥာဏ်ဝယ်ချင့်၍၊ ပြော
ခွင့်ရှိမျှ၊ ပြောအပ်စွာဟု၊ ကျမ်းပြစကား၊ စိတ်တင်ထားသည်၊
ဘဖွားမာတာ၊ ချစ်လှစွာသား၊ ရတနာမှန်လှ၊ ဓိရတ။ မိဘတို့
ဝယ်၊ ကျင့်ဇဖွယ်ကို၊ မပယ်ထိုက်စွာ၊ မြဲမှတ်ရာ၏၊ ရွယ်ခါရောက်
စ၊ ရှုမဝသည်၊ သာရွှမြူတော၊ လူမျိုးဆွေ၏၊စိတ်နေစိတ်ကောင်း၊
နှလုံးညှောင်း၍၊ မိကောင်းဘမြတ်၊ နှစ်ပါးနတ်အား၊ မပြတ်
နေ့ည၊ ညွှတ်ခယလော့၊ ဂုဏဝုဒ္ဓါ၊ သရဏကြောင့်၊ လေးဖြာ
ဖလ၊ ရကြီးရလိမ့်၊ အိပ်ကရှိခိုး၊ နိုးသော်ဦးတင်၊ ကြည်လင်
မြတ်လေး၊ သိမ်းမြန်းမွေးပြီး၊ လုပ်ကျွေးမချာ၊ ကိစ္စာကိစ္စ၊ ဟူ
သမျှလည်း၊ ဆောင်ကြလေအပ်၊ ခွင့်မလပ်သား၊ စောင့်ကြပ်မြဲ
နေ၊ လွဲမသွေနှင့်၊ ရေပူရေချမ်း၊ ဆက်ကပ်လှမ်းသည်။ ။
စိတ်ငမ်းနှစ်ကောင်း ချမ်းသာကြောင်း။

၄။ စိတ်ဝယ်ချမ်းသာ၊ ရလေပါအောင်၊ ကောင်းစွာ ကျင်ဘတ်၊
လူမျိုးမြတ်။ ဆင်းနတ်နိုကာယ်၊ လွန်တင့်တယ်သား၊ ကိုယ်ဝယ်
အနိဋ္ဌ၊ ရန်ကိလိဌ်တို့၊ ဖိနှိပ်ကင်းရာ၊ ပို့မေတ္တာနှင့်၊ ပုဗ္ဗာစရိယ၊
မိနှင့်ဘတို့၊ ညွှန်ပြတွေ့ရာ၊ အဖြာဖြာကို၊ မှတ်ပါကြလေ၊ ရှိသေ
ခန့်ညား၊ ရှေ့မသွားပဲ၊ ဝပ်တွားခယ၊ ညွှတ်ကိုင်းကြရှင့်၊ ဘောဂ
သမ္ပဒါ၊ လွန်မြောက်ပါလည်း၊ ကိုယ်သာကိုယ်ပိုင်၊ စိတ်မခိုင်
နှင့်၊ လက်ကိုင်မနေး၊ ခွင့်မပေးက၊ ဖြည်းနေးသင့်စွာ၊ မသုံး
ရာဘူး၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွန်သွားကစ၊ ပေါင်းထိုမျှ

လဲ၊ မိဘများထံ၊ နို့သက်ခံ၍၊ ဆက်ဆံတူနေ၊ ရှိပချေသော်၊ ခွဲဝေစိမ့်ငှာ၊ စိတ်မသာနှင့်၊ ရိုက်ရာလွဲပြောင်း၊ ခွာလေရှောင်းမှ၊ အကြောင်းရှိမျှ၊ သာသနကို၊ နာကြသည်။ အမွေယူဟု၊ စိတ်ဖြူခွဲဝေ၊ ချီးမြင့်ပေလိမ့်၊ လူလေသမျှ၊ ကိုယ့်ပုညကို၊ တူမျှခံစေ၊ နေစဉ်ဝေလေ့၊ မျိုးဆွေမြတ်ရာ၊ မြတ်ရာဟု၊ နွယ်လာဂေါတ္တ၊ ရှေးမဆွက၊ စာရမမွာ၊ ကျင့်အပ်စွာသွား၊ မိလာဘလာ၊ နုတ်တကာအား၊ ပူဇာသက္က၊ အရဟာဘာ၊ သရဏာကို၊ မကွာကျင့်သုံး၊ စုံနုလုံးဖြင့်၊ မှတ်ထုံးတွင်ရစ်၊ ငမ်းထဲချစ်လေ၊ ရပ်ရှစ်မျက်နှာ၊ မျိုးဝံသာတို့၊ မေတ္တာထပ်လောင်း၊ အေးစေကြောင်းဖြင့်။ နှစ်ထောင်းဝမ်းသာ ကြစေသောဝ်။

၅။ နှစ်ထောင်းဝမ်းသာ၊ ရှင်မောစွာသား၊ နုစွာငယ်ယောင်၊လုတန်ဆောင်သည်၊ ရှောင်လေအပ်ရာ၊တစ်နည်းဖြာအံ့၊ တန်ဆာပလာ၊ ဆင်ယည်မှာကား၊ ပိတာရှေ့တွင်၊ ရှုလေမြင်အောင်၊ ကိုယ်တွင်အဝတ်၊ လဲမချွတ်နှင့်၊ နုထွက်မျက်နှာ၊ ကိုယ်ခန္ဓာကို၊ ဆင်းဝါရုပ်သွင်၊ အရောက်တင်သော်၊ ကွယ်လှင်ဌာန၊ လျှို့ဝှက်ကြရှင့်၊ နှမနှင့်မောင်၊ တကွဆောင်သော်၊ ပြောင်လှောင် ပြက်ချော်၊ မလျော်လေချက်၊ နှုတ်မပြွက်နှင့်၊ ကိုယ်ထက်မူရှု၊ မြတ်သော သူနှင့်၊ ကြီးသူကာစ၊ သမဏာဗြဟ္မဏာ၊ မျက်မှောက်မှာလည်း၊ ဘယ်ညာညွတ်ပျောင်း၊ ပျပ်မညောင်းဘဲ၊ မစောင်းမဝပ်၊ မနေအပ်ရှင့်၊ စောင့်ကြပ်မြဲစွာ၊ သိမ်မွေ့ရာ၏၊ ဂေဟာဌာန၊ တွင်းအပဟု၊ ခန်းမခန်းသာ၊ တည်နေခါ၌၊ ဥပစာတွင်း၊ဖယ်ရှောင်ထွင်းလေ့၊ ခေါင်းရင်းဒေသ၊တထေဝတည့်၊ ဒွါရရှေ့မှာ၊ မရပ်ရာဟု၊ စဉ်လာစကား၊ မိန့်တုံငြားခဲ့၊ စကားစမြည်၊ ဆိုမြွက်သည်လည်း၊ မကြည်မသာ၊ကျယ်လောင်စွာနှင့်၊ ဘယ်မှာဘယ်မှ၊ မအော်ရဘူး၊ ဒေါသပြင်းထန်၊ မှိုခဲ့ပြန်မူ၊ ရှုပ်ဟန်တုံကြ၊ မလှုပ်ရအောင်၊ ရှောင်ထလေရာ၊ ကင်းသင့်စွာသည်။ ၆ သာယာ ရွှင်ပျ နိုင်စေသောဝ်။

၆။ သာယာရွှင်ပျ၊ ထိန်းချုပ်ကာမူ၊ မိဘတိုးဘွား၊ အမျိုးသားက၊ ငြေးလူဗိုလ်၊ မျှားထိုထိုတို့၊နှစ်လိုဝမ်းသာ၊ တွင်းပြင်မှာလည်း၊ ယထာရဟာ၊ ချီးမွမ်းကြလိမ့်၊ ကာယဝစီ၊ မနောညီမျှ၊သံဝရကို၊

မိန်းမတို့မှာ၊ ရခဲစွာဟု၊ ဆရာဗြဟ္မဏ၊ ထိုမြွက်ဟရှင့်၊ ဒေသ
ကာလ၊ အဋ္ဌမနံ၊ လေးတန်ညွှန်ပြ၊ ပမာဏကို၊ ခွင့်ရသည့်ခိုက်၊
လွန်နှစ်ခြိုက်ရ၍၊ အကြိုက်သင့်စွာ၊ ကျင့်တတ်ရာသား၊ ဇနာ
ဟူမျှ၊ ကောင်းချီးပလိမ့်၊ သို့ပြုခြင်းရာ၊ အရင်းလာနှင့်၊ ကိုးဖြာ
သဒ္ဓမ္မ၊ ပဓာနဟု၊ စာရင်ဂါရိတ်၊ သမ္မာစိတ်သည်၊ မဖိတ်မယို၊
ယွင်းမပိုမူ၊ ထိုထိုကမ္ဘာ၊ ဥဒါန်းသာ၏၊ စာနာထောက်ထား၊
မျှိုးလေးပါးတို့၊ ရှေ့သွား လမ်းကြောင်း၊ အပြ ဟောင်းမှု၊
အပေါင်းလမ်းမှန်၊ တော်ထိုက်တန်၏၊ သဏ္ဌာန်တင့်တယ်၊ ဆင်းနိ
ကာယ်ဖြင့်၊ အနွယ်မြင့်ကြီး၊ ချစ်သမီးသည်၊ ကျောက်ထီးတံထွာ၊
ကွဲပမာသို့၊ နှစ်ဖြာမိဘ၊ နှမ်းနယ်ကြသော်၊ ကူမမိုက်ထုပ်၊
ပတ်တကုတ်ဖြဲ့၊ ခြေဆုပ်လက်နယ်၊ ပြုသင့်ဖွယ်တည့်၊ တသွယ်
ထို့ပြင်၊ မစက်ခင်၍၊ ဆောလျင်ခုဝယ်၊ ခြေဆေးတယ်လျက်၊
စင်ကြယ်သန့်ရှင်း၊ အိမ်ခန်းတွင်းမှာ၊ အခင်းမွေ့ရာ၊ ပြင်ဆင်
ပါလေ့၊ သုံးဖြာကမ္မ၊ ဝန်ကိုချ၍၊ ဦးချရှိသေ၊ ပန်ထွာပေရှင့်၊
မသွေ့ကျေးဇူး၊ ဂုဏ်ရောင်ထူးလိမ့်၊ အိမ်ဦးနတ်ရှင်၊ စက်ရာဝင်မှု၊
ရွှေစင်ပန်းခက်၊ နှောင်းအိပ်စက်လေ့၊ မပျက်ထို့ပြင်၊ နံနက်
တွင်၍၊ အလျင်ဦးစွာ၊ နိုးကြားရာ၏၊ ထိုခါသော်မူ၊ ကြည်အေး
လှသား၊ ချမ်းမြသ်တာ၊ ယူဆောင်ပါ၍၊ မျက်နှာသစ်ရေ၊
ထားအပ်ပေသည်။ ။မသွေနေ့စဉ် ပြုရသော်။

၇။ နေ့စဉ်မသွေ၊ ပြုမြဲပေကို၊ ပျက်သွေရန်ဖန်၊ မငြင်းဆန်နှင့်၊
အိပ်ဖန်သော်ဘား၊ ထိုသူများသို့၊ ပြုငြားဝတ်မှာ၊ မချွတ်
ရာတည့်၊ အခါချိန်ကြွ၊ နံနက်ထ၍၊ မစက္ကူညီ၊ အလည်လည်ဖြင့်၊
စုံညီစေ့ရေ၊ ကြဉ်းဆောင်လေက၊ အနေကျန၊ သူချီးပလိမ့်၊
မိဘနှစ်ဖြာ၊ စိတ်ချမ်းသာသော်၊ ကိုယ်မှာ အန္တရာယ်၊ ငြိမ
တွယ်တည့်၊ မှတ်ဖွယ်တဖြာ၊ နံနက်စာနှင့်၊ ညစာထို့တူ၊ ချိန်သင့်
ဟူက၊ ဖုန်မြူသန့်ရှင်း၊ စားရှုကျင်း၍၊ တည်ခင်းသမျှ၊ သန္တော
သဖြင့်၊ သုံးကြစေငှာ၊ ကြွရောက်ပါသော်၊ သိတာရေချမ်း၊
ဆက်ကမ်းလှမ်းလေ့၊ စိတ်ဝမ်းကြည်သာ၊ သုံးဆောင်ကာလျှင်၊
လေသာယပ်ရှေ၊ စောင့်ခတ်လေသည်၊ လွှင့်စေခြင်ယင်၊ လွှတ်ကင်း
စင်ပိမ့်၊ ဘခင်တို့သာ၊ စားပြီးခါမှ၊ လိုရာစားလင့်၊ ဤသို့ကျင့်မူ၊
လင့်လျော်စွ၏၊ ထိုမှတဖြာ၊ နေ့ခင်းခါ၌၊ လိုရာလိုရာ၊ ဖြည့်သွင့်

မှာကို၊ သေချာစေ့စပ်၊ ဆောင်ရွက်အပ်၏၊ လစ်လပ်မရှိ၊မပျင်း
ရိဘဲ၊ နတ္ထိကမှု၊ သဗ္ဗတ္ထပင်၊ ကိစ္စပြီးပြေ၊ ရှိတုံလေမူ၊ စာပေ
ကျမ်းဂန်၊ အတန်တန်ကို၊ ဖန်ဖန်ဖွေရှာ၊ သင့်လျော်စွာသား၊
ဓမ္မာရသ၊ သောက်သုံးမတည့်၊ လောကခြင်းရာ၊ ခေတ်ကြိုက်
စာကို၊ ဒသာဘာဂ၊ တဖို့မျှသာ၊ ရှင်ပျစေရာ၊ ရှုသင့်ရာ၏၊
သေချာ ဝမ်းတွင်း၊ နှလုံးသွင်းသည်။ ။စိတ်ရင်း တည့်မတ်
စေရာသော၀်။

၈။ နှလုံးသွင်း၌၊ စိတ်ရင်းတည့်မတ်၊ မနေ့ဓာတ်ဖြင့်၊ ထင်မှတ်
ပြည့်စုံ၊ မလိုတုံဟု၊ အာရုံရွေ့သွား၊မနေ့ပြောနှင့်၊ဘဖွားမာတာ၊
မိန့်အာဏာဖြင့်၊ ညွှန်ခါပြသ၊ မှာသမျှကို၊ ကျနလိုက်နာ၊ပြီးစေ
ရာ၏၊ ဂေဟာသန၊ တွင်းပြင်စသား၊ တလ္လငြိထွေ၊ မရှိစေလင့်၊
ဆွေဉာတကာ၊ တော်စပ်ရာကား၊ မိလာဘလာ၊ မခွေးသာဘူး၊
မေတ္တာရွေ့ထား၊ ဝတ်ပရားလည်း၊ မပြားစေရ၊ လိုက်လျော
မှုတည့်၊ လောကဓမ္မတာ၊ ကြောင်းတပြားကား၊ ခင်ရာဆွေမျိုး၊
မြိန်နိုးဟင်းကောင်း၊ ဆိုစတောင်းမှု၊ ယထာဘူတ၊ မဟုတ်လှခဲ့၊
ဓမ္မချင့်ချိန်၊ ယေဗလိ၌၊ ထွန်းထိန်ဖွင့်ပြ၊ အင်ငါး၀က်၊
ထောက်ဆသဖြင့်၊ ညှိစေသင့်၏၊ ဆွေနှင့်မျိုးနှင့်၊ ကျေးဇူးမြင့်ရှု၊
အခွင့်ကြုံခါ၊ ကူညီညာသော်၊ ဗိုလ်ပုခါပဲ၊ ဂုဏ်ဆောင်ကဲ့သိမ့်၊
မလွဲမကင်း၊ စောင်မခြင်းဟု၊ ဝမ်းတွင်းမထား၊ ပြုဖွယ်များကို၊
ဟန့်တားမရှိ၊ ကြိုးလေ့ဘိလေ့။ ဉာတိပေမံ၊ ဝိဿာသံကား၊
ဆက်ဆံနှိုးရင်း၊ နွယ်လွတ်ကင်းသည့်၊ သားချင်းမပါက်ဖော်၊
မနီးသော်မှု၊ မတော်သည်သာ၊ မိန့်ခဲ့မှာရှင့်၊ ယထာဗလ၊စွမ်းနိုင်
ကမူ၊ ဖလဖွင့်ဖြိုး၊ ကျေးဇူးတိုးလိမ့်၊ အကျိုးကြီးရာ၊မကြီးရာ၌၊
စေတနာကံ၊ ဆော်စိမ့်၏၊ ဝရံတဆစ်၊ အမိညစ်ကာ၊ နူတ်ပြစ်
ကြမ်းတမ်း၊ ဘသရမ်းကာ၊ ကြွေးပမ်းလုံ့လ၊ ယုတ်ဒလစွတည့်၊
ကျမ်းပြစ်ကား၊ မြဲမှတ်သား၍၊ အခြားပြင်ပ၊ မြင်လေကသော်၊
ဘဝဒြကြောင်းခြင်း၊ မသိကင်းအောင်၊ အခင်းမြဲစို၊ ဝမ်းထဲ
သိုသား၊ နှစ်လိုကြလေ၊ ရှင်ပျစေသည်။ ။မျိုးဆွေဂုဏ်ရောင်
မြင့်ရာသော၀်။

၉။ မျိုးဆွေဂုဏ်ရောင်၊ မြင့်ရာဆောင်သော်၊ နောက်နောင်ကာလ၊
သတိရလျက်၊ ပြောပဥဒါန်း၊ ကမ္ဘာထွန်းလိမ့်၊ တောင်ကျွန်း

လင်္ကာယာ၊ တို့မြတ်စွာ၏၊ သာသနာခိုက်၊ ခေတ်ကောင်းဆိုက်သား၊ ကြုံကြိုက်တော်စွာ၊ လူဘကာတို့၊ မိစ္ဆာကပ်မှား၊ မလွှတ်ငြားက၊ လေးပါးပါယ်တွင်း၊ လျောကျဆင်းအံ့၊ မယ်မင်းတို့မှာ ငါးကာမာလည်း၊ မသဝါစာရ၊ အားကြီးလှသား၊ ဣဿမစ္ဆေ၊ ယစ်မပြေသည်၊ ထွေထွေသာတော၊ ကြံမိမောခဲ့၊ စိတ်ဓာတ်ပါတ်များ၊ လပ်မပွားအောင်၊ ပယ်ရှားစွန့်ခွာ၊ ရှောင်သင့်ရာရှင့်၊ ကိလေသာမိုး၊ ရှုသွန်းဖြိုးက၊ အမျိုးယုတ်မာ၊ ပါပိစ္ဆာရှင့်၊ ဗျာပါဒေါသ၊ ပြင်းထန်ကြလျက်၊ စာဂယှဉ်းပျက်၊ သူ့အသက်ကို၊ ငဲ့ကွက်မညှာ၊ ဇီဝိန်ခွာအံ့၊ ထိုခါကြံဆ၊ ရှိပြန်ကမူ၊ လေးဝဲ ဖြူဟွမ်စိုရ်၊ မိမိုကိုယ်နှင့်၊ နှိုင်းဆိုကြံတွေး၊ လှန့်စင်ဝေးလော့၊ ယဉ်ကျေးမူရာ၊ လှမြတ်စွာသည်၊ တလျာလေးပါး၊ ကဲ့အသားသို့၊ စိတ်ထားမြောက်ဝေ၊ စောင့်ရှောက်ပေမှ၊ ဂုဏ်ထူးရအံ့၊ မိန်းမတို့မှာ၊ ကျမ်းအလာကား၊ ဥစ္စာဟူက၊ အဆင်းပြေ၏၊ သီလရှိမူ၊ သူမတူအောင်၊ ပြာဖြူညက်လွှား၊ စည်းစိမ်များလိမ့်၊ ယောကျ်ားတို့ဘုန်း၊ ညာလက် ရုံးကည့်၊ ဆံထုံး မြတ်မှာ၊ လှကညာဟု၊ ဆည်လှာစကား၊ ဥဒါန်းထားလည်း၊ ခေတ်စားသည်လျောက်၊ ကြီးမြောက်လွန်းက၊ မလျော်လှခဲ့၊ ရွှေငွေ ငါးကောင်းငါး ဖြာနှင့်၊ ညီရညီကြောင်း၊ မိန့်တုံရှောင်း၏၊ နှောက်နှောင်း ယှဉ်မှီး၊ ရှေးအတီးက၊ ထီးတော်နန်းတော်၊ အိမ်တော်သူများ၊ ပြုဖန်များသည့်၊ ငါးပါးစွန်းကယ်၊ ငါးဆယ်တိတိ၊ ရှိကြစမြဲ၊ ဖယ်မလွဲသာ၊ စိတ်စွဲယုံမှတ်၊ သင့်လျောက်ပတ်၏၊ ကျမ်းတတ်ဆရာ၊ ဏဝိန္ဒာတို့၊ သြဝါဒညွှန်း၊ နိဿရည်းဖြင့်၊ သိမ်းဆည်းကြောင်းသာ၊ ကောင်းမြတ်ရာသည်။ ။ကေသာကောင်းခြင်း ယှဉ်ဝေသောဝ်။

၁၀။ ကောင်းမြတ်ကေသာ၊ ယှဉ်စေခါသော်၊ ကညာဇလ္လတ္ထိ၊ မျိုးဇာတိတို့၊ ဂုဏ်ရှိသည့်သာ၊ မယုတ်မာခဲ့၊ ကေသာအစ၊ ဝယသို့တိုင်၊ ငါးဆိုင် ကောင်းခြင်း၊ ပြည့်စုံလျှင်းလည်း၊ ရုန့်ရင်းခက်မာ၊ မာန်တက်ရာဟု၊ ဥစ္စာလေးပါး၊ မျိုးဆွေအားနှင့်၊ စီးပွားချမ်းသာ၊ ဆင်းဝါနိကာယ်၊ လွန်ဘင့်ဘယ်လည်း၊ ပြက်ရယ်ကျီစား၊ သူတစ်ပါးကို၊ ရန်ငြိုးသိုအောင်၊ လိုမရှိရာ၊ နူးညံ့စွာနှင့်၊ ချိုသာစကား၊ စဉ်ပြောကြားလော့၊ ညွတ်တွားဂါရဝ၊ နိဝါ

တကား၊ ကြီးထ, သက်အို၊ အရိုအသေ၊ ရှယ်နုချေသော်၊ စိတ်နေ
နှိမ့်ချ၊ ပြုအပ်စွဟု၊ ကျမ်းပြမင်္ဂလာ၊ ဟောခဲ့မှာ၏၊ ရှေးလာ
စကား၊ ဗလိငါးကို၊ ထင်ရှားစေရန်၊ ညွှန်မြွက်ပြန်မည်၊ သိနား
လည်ရှင့်၊ သေသည်မိဘ၊ ရည်ဆောင်ကြ၍၊ ဒါနပြုရာ၊ ကောင်း
မြတ်ပါ၏၊ တဖြားထိုမှ၊ ဉာတိစသား၊ စိတ်ကကြည်ဖြူ၊ ထောက်
ပံ့ကူ၍၊ ပေးလှူအပ်ပေ၊မြို့နေရွာနေ၊ ဝေး၍မြခြားရာ၊ ဆိုက်
ရောက်လာသား၊ အာဂန္တုက၊ ဟူသမျှလည်း၊ ထာမသတ္တိ၊
ရှိသည့်အားလျောက်၊ ချီးမြှောက်မ,စ၊ သင်္ဂဟဖြင့်၊ ဒေဝဒေဝီ၊
စန္ဒီစန္ဒာ၊ ဂေဟာစောင့်ကြပ်၊ မြို့စောင့်နတ်လည်း၊ မလပ်ဒေရ၊
တင်,ပသလော့၊ ရာဇရာဇာ၊ နရိန္ဒာဟု၊ ပြည်ရွာနှိပ်နင်း၊ ရန်မာန်
ရှင်းသည်၊ စိုးမင်းတို့ကို၊ လွန်ကြည်ညိုသား၊ နှစ်လိုဝမ်းသာ၊
ပူဇော်ရာဟု၊ ပညာရှင်တို့၊ မိန့်တုံမြို့တည့်၊ မချွတ်ယွင်းသာ၊
ပြစ်ကင်းကွာလိမ့်၊ ရတနာသုံးပါး၊ ထွက်မြတ်ဖျားကို၊ ဝပ်တွား
သောခါ၊ စေတနာနှင့်၊ သဒ္ဓါလွန်တတ်၊ အကျိုးမြတ်ရှင့်၊
ဆုံးဖြတ်စကား၊ မှာရှိငြားလည်း၊သီးခြားရင်နှစ်၊သမီးချစ်သည်၊
အပြစ်မသန့်၊ ရှင်ရဟန်းအား၊ လှူဒါန်းအံ့ငှာ၊ သွားရောက်
ပါသော်၊ ကေစာရ၊ အကာလနှင့်၊ ဌာနမလျော်၊ မဖူးမြော်သင့်၊
ပြက်ချော်ကွဲ့ရှဲ၊ သတင်းမဲ့လိမ့်၊ ပြစ်ဖွဲ့ကင်းခစေ၊ ယမင်းဆွေ
သည်။ ။ကောင်းတေနှလုံး ယှဉ်ရာသော်။

၁၁။ နှလုံးကောင်းသော၊ ယှဉ်မြဲပေကို၊ မသွေသင့်ရာ၊ ခွင့်တဖြာကား၊
ဂေဟာပြင်ပ၊ ကြောင်းကိစ္စကြောင့်၊ သွားရသောခါ၊ ယဉ်ကျေး
စွာသည်၊ ငါးဖြာလူမြွေ၊ ရှိပါစေလော့၊ ထွေထွေရာရာ၊ မပြု
သာဘဲ၊ အခါအခွင့်၊ ကြောင်းမသင့်က၊ တဖျင့်တစ်ပါး၊လွတ်
ရှောင်ရှား၍၊ မသွားကြရာ၊ သွားမိပါသော်၊ "ကြက်မှာကား
မြား၊ စကားမိန်းမ၊ ပါတတ်လှရှင့်"၊ ရှေးကဆရာ၊ အပြစ်
မှာ၏၊ သူငါမသွေ၊ ခါတလေ၌၊အဖြေမမှန်၊ အကျင့်တန်အောင်၊
ဖောက်ပြန်ချွတ်ယွင်း၊ နှလုံးသွင်းထိုက်၊ မသွင်းထိုက်ကို၊ မှတ်ပိုက်
မမိ၊ မောဟဖိ၍၊ လိုရှိလိုက်ကာ၊ မှားတတ်စွာ၏၊ ကုမ္မာယုဝ၊
သားမိန်းမတို့၊ ဟဒယကြည်မော၊ ချစ်ရည်နှော၍၊ ဆိုပြောသူကို၊
လွန်နှစ်လိုခဲ့၊ မျက်ချီသွေးရာ၊ အရေးပါ၏၊ တဏှာရမ္မက်၊ ကာဝိ
တက်ကြောင့်၊ ရှောင်ထွက်ခြင်းငှာ၊ ခဲယဉ်းစွာသား၊ ကိလေ

သာမိုး၊ ရွာသွန်းဖြိုးသော်၊ အမျိုးအနွယ်၊ ဂုဏ်ကြီးငယ်ကို၊ အကယ်မမြင်၊ မဆင်ခြင်ဘဲ၊ ခင်ခင်မှတ်မှတ်၊ ပြုလေဟတ်၏၊ ယုတ်မြတ်ပိုင်းခြား၊ ဝမ်းဝယ်ထားချွ၊ ဖယ်ရှားဆုတ်ကန်၊ ချင်း အံကြံ့ကို၊ ဂျင်းသန့်မိခါ၊ ငှဲမညာဘဲ၊ ပြစ်ဆာဖွဲ့နှောင်၊ ကျိုးမှဲ ဆောင်လိမ့်၊ ယခေါင်အခါ၊ ပညာဝါတို့၊ သီးချာနှုတ်ထွား၊ သမီး များအား၊ အခြားမျက်ကွယ်၊ မခနှမ်ဖွယ်ဟု၊ အရှယ်ဝုဒ္ဓ၊ မလွန် ကသော်၊ ဆုံးမနှင့်ပေ၊ သင့်တင့်စေသည်။ ။မျက်ဖြေချစ်ထုံး တည်ရာသောဝ်။

၁၂။ ချစ်ထုံးမျက်ဖြေ၊ တည်ရှိနေသား၊ ဗြာဟ္မဏရှင်၊ မယ့်သစင်သည့်၊ ကြော့ယဉ်သိမ်ရှိ၊ သမ္ပတ္တိနှင့်၊ ဝိပရိကင်း၊ ကျင့်မှုရင်းကြောင့်၊ မပျင်းလုံ့လ၊ ရှိပြန်ကမူ၊ ပျံ့ကြွစာမရှိ၊ တောင်ပံချိုသို့၊ လော်လီ ငါးရုပ်၊ ဖယ်ရှားအုပ်၏၊ ဆုတ်ကပ်အခါ၊ လူတကာတို့၊ သပြာ ရွှေငွေ၊ အဓေတွေ့ထွေနှင့်၊ လယ်မြေဝင်းခြံ၊ အကန်တန့်လျှင်၊ ခြေရံသင်းပင်း၊ စုံပြည့်လျှင်းက၊ ငါမင်းတစ်ဆူ၊ ငါသာလူတည်း၊ ငါမူမလွှဲ၊ ငါကဝိဟု၊ ထင်မိထောင်လွှား၊ ကုပ်မျက်မှောင်နှင့်၊ ရုပ်ရောင်တင့်စား၊ မာန်ခစောင်ကြွားချွ၊ ပလွှားသည့်နှယ်၊ လှမျက် ခြယ်သည်၊ လိုမယ်မကာ၊ ရနိုင်စွာသား၊ ခနဖျက်ဖြန်း၊ ထင်တိုင်း သုံးသော်၊ ပျက်ပြုန်းလေကာ၊ ပူပန်ရလိမ့်၊ သောကမဲ့အောင်၊ သတိဆောင်လော့၊ မြွားမြောင်အလကာ၊ ဆင်းတန်ဆာ၌၊ မင်းမှာ မင်းလျောက်၊ ကဲလွန် မြောက်သော်၊ နိုင်းထောက် မျော်တွေ့၊ ကြေးငွေရွှေနှင့်၊ ရွာကျေးလက်မှာ၊ စီးပွားရှာသည်၊ လယ်ယာလုပ်စား၊ ဆင်းရဲသားတို့၊ ဂုဏ်အားချင့်မှန်း၊ သူတော် ငြိမ်းသို့၊ ဆင်မြန်းတတ်စေ၊ အနေခြားကာ၊ သို့ပမာဖြင့်၊ တော်စွာ လျော်ရာ၊ ကောင်းမြွတ်ပါအောင်၊ ကိုယ်မှာဆင်ယင်၊ ဂုဏ်ရောင် ထင်လိမ့်၊ ပေါ်လွင်ရှုပ၊ လှထက်လှအောင်၊ အဂ္ဂလွန်မြင့်၊ မဆင်သင့်ဘူး၊ အထင့်အဘယ်၊ ရှုချင်ဖွယ်၌၊ အနွယ်စောင့်ချစ်၊ ပြေအပြစ်လည်း၊ ကျစ်လျစ်လှစေ၊ မျှကာပေလော့၊ စေ့ငရဖန်ခါ၊ ကြောင်းပြောကား၊ ရုပါရမ္မဏ၊ ဒဿနဥ္၊ ကာယစက္ခု၊ လျှပ်ပေါ် ပြုသို့၊ မရှုလေရာ၊ မြိမ်သက်စွာ၏၊ ပုံပုံသည်ရ၊ ပုဂ္ဂိုလ်ကို၊ မိတ္တ ကလျှာ၊ ဆွေရင်းချာသို့၊ ပျူငှာလေကာတ်၊ မနော်သွတ်လျက်၊ **လွှတ်ခွင့်မသာ၊ စားအစာကို၊ လွန်စွာထပ်မက်၊ အာသာဖက်၍၊**

ငေါင်ကြမ်းတမ်း၊ လျှာသရမ်းသည်၊ ကြောင်းလမ်းခြားနား၊ ကာယ်မစားနှင့်၊ ညွန့်ကြွားမိန့်မှာ၊ ကျော်ငါးပြသည်။ ။ရှောင်ပါ မယ်တို့ ကျင့်ကောင်းတည်း။

၁၃။ လေ့လီကင်းမဲ့၊ ရှိပါခဲ့သော်၊ ဖြစ်ဖွဲ့ကင်းကွာ၊ နားချမ်းသာအံ့၊ သည်းချာရင်သွေး၊ နာတိုးသားလော့၊ ထောက်တွေးမြော်ဆ၊ မြင်သမျှ၊ မုချကြည်လင်၊ ဖြစ်မျိုးစင်သား၊ စိတ်လျှင်ဖြောင့်သူ၊ မဆနာဖြူမှ၊ ထိုသူကိုသာ၊ ပေါင်းဖက်ရာ၏၊ နှုတ်လျှာပေါ့ပါး၊ ပေါ်ယံပျားသို့၊ သနားမေတ္တာ၊ ဟန်ဆောင်ကာဖြင့်၊ ဥစ္စာလိုက၊ ရှင်ပုံပြ၏၊ ကိုယ်ကပြုရာ၊ အခွင့်သာသော်၊ မျက်လွှာစောင်းလှည့်၊ နှိုးယောင်ကြည့်၍၊ မဖြည့်ဖဲကြဉ်၊ ပြုခဲ့အင်ဖြင့်၊ မယှဉ်သဒ္ဒါ၊ စွန့်ပစ်ခွာခဲ့၊ ရေစာထူးခြား၊ လှန်မြတ်များလည်း၊ မျှစားမျှဝေ၊ မရှိပေတည်း၊ စိတ်စေထက်သန်၊ သဘောမှန်ကား၊ ဖောက်ပြန်ချွတ်ယွင်း၊ ပရိလျှင်းခဲ့၊ ဆွေရင်းပမာ၊ ညာကာတို့၊ များစွာကျေးဇူး၊ သူထက်ထူးလိမ့်၊ တစ်ဦးမေတ္တာ၊ တစ်ဦးမှာဖြင့်၊ ကောင်းစွာညွှန်းပေ၊ အပါယကို၊ ဆောင်စေအံ့သော်၊ မနှိုးဆော်ခဲ့၊ အကျော်စေဝ၊ မြတ်ပုညဉ်၊ ဇွကွဆော်ဖန်၊ ပင့်ထောက်ပြန့်လိမ့်၊ ပစ္စုပ္ပန်သံသရာ၊ နှမ်ဖြာအကျိုး၊ ပွားတက်တိုးရှင့်၊ ဂုဏ်ဆိုးဒသာ၊ ကံကြမ္မာကြောင့်၊ အခါမသင့်၊ အခွင့်မလျော်၊ ကျိုးမပေါ်သား၊ မေတော်လျော့ကျ၊ ပျက်ပြားကြ၍၊ ဒုက္ခပိဋ္ဌနာ၊ ကြုံတွေ့ပါသည်း၊ ရှေးခါနှစ်လို၊ အချစ်ပိုသို့၊ မညိုမျက်လွှာ၊ မခက်မာတည်း၊ တက်သာခသောထွေ၊ လိုက်လျောလေသည်၊ ရွှေငွေဘဏ္ဍာ၊ ထိုက်သက်ရာနှင့်၊ ချမ်းသာအတူ၊ ပူသော်မခွဲ၊ ကြည်းဆောင်မြဲ၏၊ ရောင့်ရဲမရှိ၊ ပကတိဖြင့်၊ ပွားတိုးသဒ္ဒါ၊ စေတနာကား၊ ကရုဏာပို၊ ရှုစားလိုသား၊ ဗြဟ္မစိုရ်သာရား၊ မဖောက်ပြားပဲ၊ ထောက်ထားညှာတာ၊ ကျင့်တတ်စွာရှင့်၊ လေးဖြာတွင်လာစ်၊ ခင်ပွန်းမစ်ဟု၊ ဖော်လာစ် ညွှန်ကြား၊ တစ်ပါးပါးသည်။ ။မှတ်သားစေဖို့ သင့်ကြောင်းတည်း။

၁၄။ မှတ်သားစေကြောင်း၊ ထပ်အာခလာင်းပိမ့်၊ မှတ်ကောင်းမှတ်ရာ၊ ခုနစ်ဖြာကို၊ ကျမ်းလှာဟစ်နှည်း၊ နိသျရည်းဖြင့်၊ သိပ်သည်းကျူ၊ မြွက်ဖော်ပြအံ့၊ ဒုက္ခရေတား၊ ယင်း၈ ထင်က၊ ဥစ္စာ၊ စွည်း၊ လွှန်ပေါ

ပြည်း၍၊ သိမ်းဆည်းပြီးခါ၊ ပေးခဲ့စွာကို ပေးပါတတ်လှ၊ နုဝကမ္ဗာ၊ ရှိသော်ခါလျှင်၊ ရှောင်ခွာပယ်ခြင်း၊မရှိလျှင်းဘဲ၊ ခဲယဉ်းကိစ္စ၊ ဟူသမျှကို၊ ပြုလှတတ်စွာ၊ မှတ်တုံပါလေ့၊ ပြစ်ဆာဒေသ၊ မျက်ကောခနှင့်၊ တွင်းပဘောဒဏ်၊ရောက်ရက်ဆန်းသား၊ ရန်မာန်မထင်း၊ ဖိနှိပ်နှင်းလျက်၊ ကိုယ်ကင်းပစေ၊ လွှဲမသွေဘဲ၊ ဆောင်လေဆောစွာ၊ ထက်သန်ကာနှင့်၊ စိတ်ပါကိုယ်ပါ၊ ခုခံရှာ၏။ ဘောဂါခနေ၊ ကံမလှ၍၊ ကုန်ကျပျက်ပြား၊ ပျောက်ဆုံးပါးလည်း၊ စိတ်ထားမညီ၊ ယွင်းမဖည်ဘဲ၊ မထိမဲ့မြင်၊ မပြုလျှင်ဘူး၊ မရှင်ဗျာပါ၊ စိတ်သောကာကြောင့်၊ မသာမကြည်၊ နှုတ်ခြည်မြွက်ဖော်၊ ကြွားမတော်အောင်၊ ပလျော်စကား၊ပြက်ကျီစားသည်၊ အသွားကြမ်းတမ်း၊ လွန်သရမ်း၍၊ မြည်တမ်းဆဲရေး၊ ရွာသူသွေးသို့၊မြန်ဒလေးမခန့်၊ ရှင်းမသန့်အောင်၊ ကြောက်လန့်စရာ၊ ကြွားပေလှာလည်း၊ ပမာမပြု၊ ဘာတစ်ခုမျှ၊ ဂရုမထား၊ သည်းခံငြား၏၊ သိုထားဝှံက်ရာ၊ အချက်မှာကို၊ ထင်စွာလျှားလျှား၊ မြွက်မကြားတည်း၊ မှတ်သားစိုက်စိုက်၊ ဝမ်းထဲပိုက်ဟု၊ နှစ်ခြိုက်ဝမ်းသာ၊ ညွှန်ပေလာသား၊ ထိုစကားနှ်၊ ငါးပါးရန်သူ၊ စောင်းမာန်ထူလည်း၊ စိတ်ဖြူမြဲနေ၊ ဝမ်းထဲခွေ၏၊စေ့ရေဖန်ဖန်၊ခုနစ်တန်ကို၊ ကျမ်းဂန်သကဲသေ၊ဟောမြွက်လေသည်။ ။မျက်ဖြေမယ်တို့ ကျင့်ဟောင်းတည်း။

၁၅။ ကျင့်ဟောင်းမျက်ဖြေ၊ နှစ်သက်လေမှု၊ ထွေထွေရာရာ၊ စူးစမ်းကာဖြင့်၊ ဖွေရှာစိတ်ပြား၊ မှတ်ပိုင်းခြားအံ့၊ သည်းဖျားကလျှာ၊ စေ့စေ့နာလေ့၊ ဆယ်ဖြာခြောက်ပါး၊ ဝေဖန်ကြွားခဲ့၊ အမှားယွင်းဆုတ်၊ ခင်ပွန်းယုတ်ကို၊ ခွန်းနှုတ်ကြည်သာ၊ ကုံးသီပါ၏၊ မျက်နှာရွှေးရှု၊ ခရီးယူလျက်၊ လာမူတည့်တည့်၊ စိမ်းစိမ်းကြည့်လျက်၊ရှင်မှည့်ပြုံးရယ်၊ လုံးလုံးပယ်တည်း၊အကယ်ထင်ထင်၊ ရဲလိုက်မြင်က၊ မစင်မျက်လို၊ ရှုပ်မည်းညို၍၊ မချိုမသာ၊ နှလုံးဆာခဲ့၊ မျက်နှာလွှဲသွေ၊ ခဲမကြေသို့၊ မထေလေးစား၊ ပြုလိုက်မှား၏၊ ဝါးပါးစရိတ်၊ သမ္မာစိတ်လည်း၊ ယိုဖိတ်ကင်းစင်၊ လွန်ဆန့်ကျင်ရှင့်၊ ရန်မြင်ထိပါး၊ ထိုသူအား၌၊ ရန်ထားသူကို၊ ဆည်းကပ်ခိုလိမ့်၊ နှစ်လိုဆပွား၊ မိတ်ဟောင်းများ၌၊ ပယ်ရှားပြစ်ရှာ၊ စွန့်ပစ်ခွာခဲ့၊ နှုတ်လျှာပေါ့ပျက်၊ဆဲသူဘက်ကို၊နှစ်သက်

လိုက်လျော၊ ကူညီစော၏၊ ဇောမမြတ်ပေ၊ ချီးမွမ်းလေက၊ မျက်ခြေဖြောက်လွှင့်၊ ပျက်စေလင့်ရှင့်၊ အခွင့်အရေး၊ ကြုံဘိ သေးက၊ ဆွေးနွေးသင့်ရာ၊ လျှို့ဝှက်ပါဟု၊ မြွက်ခါပန်ကြား၊ ထိုစကားကို၊ ဝှက်မထားပါ၊ ကျူးကြော်ငြာ၏၊ ရုံခါတဖန်၊ စိတ်အားသန်၍၊ အားအန်ဖြည့်သွင်း၊ မယိုယွင်းအောင်၊ မှုခင်း ကိစ္စ၊ ပြုပါကြဖို့၊ ကြုံရသည်ခါ၊ အပြစ်ရှာ၏၊ မြူလွှာခြမ်းမျှ၊ ကူမမတည်း၊ ပုညသမ္ဘာ၊ ထက်ကြပ်ပါ၍၊ ပညာဆည်းဆွေး၊ လွန်မြောက်လေက၊ ပျက်ချော့ကဲ့ရဲ့၊ အပြစ်ဖွဲ့၏၊ ကျိုးမဲ့ဖြုန်းတီး၊ အချည်းနှီးဖြင့်၊ ပျက်စီးကြည်သာ၊ ဝမ်းမြောက်စွာရှင့်၊ ဥစ္စာ ခမ်းနား၊ လွန်မြောက်များသော်၊ မုန်းထားမျက်မာန်၊ ဆိပ်ပြင်း ထန်၏၊ စားရန်အစာ၊ ထူးကဲစွာကို၊ ရလာကားမူ၊ သာပျော် မွေ့ခဲ့၊ အလေ့ဝါသနာ၊ မမြတ်ပါထည်၊ လာဘာ လာဘ၊ လာဘ်ကြီးရလည်း၊ မတဘယ်ခါ၊ ကျင့်ယုတ် မာသည်။ ။ ဝိတ္ထာရေမိ ဖွင့်လောင်းတည်း။

၁၆။ ဖွင့်လောင်းဝိတ္ထာ၊ ဆယ့်ခြောက်ဖြာကို၊ သေချာဂ,န၊ နည်းနယ ဖြင့်၊ ဖွင့်ပြမြီးသော်၊ မပေါင်းဖော်အပ်၊ အရပ်ရပ်ကို၊ စေ့စပ် ခြင်းရာ၊ အလင်္ကာဖြင့်၊ အင်္ဂါငါးထွေ၊ ညွန်ကြားပေအံ့၊ အိပ်နေ ကြူးလှ၊ လွန်လွန်းကမူ၊ တကွရောယှက်၊ မပေါင်းဖက်နှင့်၊ ကိုယ့်ထက်ဉာဏ်နည်း၊ မောဟသည်း၍၊ သိမ်းဆည်းမတူ၊ မိုက်သည့် သူကို၊ ကြည်ဖြူနှစ်ခြိုက်၊ မပေါင်းထိုက်ဘူး၊ စရိုက်ကျင့်လွှဲ၊ နှလုံး မွဲ၍၊ စဉ်းလဲတတ်စွာ၊ သူယုတ်မာကို၊ ပေါင်းရာမသင့်၊ သေနှင့် အရက်၊ စီးပွားပျက်နှင့်၊ သက်သက်သောက်ကြူး၊ ထိုယစ်မူးကို အထူးရှောင်သွေ၊ မပေါင်းလေနှင့်၊ မျိုးဆွေဝံသာ၊ အနွယ် လာတို့၊ ဓမ္မာနယ၊ သဘာဝဟု၊ မိဘစဉ်လာ၊ စာရိတ္တာကို၊ ပါယ်ခွာစွန့်ပစ်၊ သူယုတ်ဖြစ်၍၊ နည်းသစ်လိုက်ဖက်၊ ထိုသူ ဖျက်အား၊ နှစ်သက်တူပျော်၊ မပေါင်းဖော်လင့်၊ ရှေးသော် အခါ၊ သဇ္ဇနာတို့၊ စိတ်မှာစွဲနေ၊ ကြိုတ်ခဲစေဟု၊ စေ့ရေပျံ့ပျူး၊ မိန့်လေဖူးခဲ့၊ အိပ်ကြူးမိုက်မဲ၊ စဉ်းလဲကောက်ကျစ်၊ သောက်ယစ် စား၀၊ မျိုးဓမ္မကို၊ ဖျက်ကြလေငြား၊ ဤလူငါးကို၊ ဆပွား မေတ္တာ၊ မရှိရာတည်း၊ သံသချိုမြ၊ ဩဝါဒဖြင့်၊ ဆုံးမပဲ့ပြင်၊ ဖန်စီရင်သည်။ ။ ဝမ်းတွင်စွဲသိ မှတ်ပါဘိ။

၁၇။ မွှတ်ဘိဝမ်းတွင်း၊ နှလုံးသွင်းကာ၊မိမင်းတို့မှာ၊ ဘက်နှုတ်ရွှာသို့၊
ချမ်းသာရှင်မော့၊ ဆောက်အုံစောလော့၊ မံမွှာဟောဝ၊ အစ
ဖွေသား၊ မျှားလှုပိုလ်လူ၊ ခပ်သိမ်းသူတို့၊စိတ်ဖြူမခွ၊မြင်ဝမ္မကို၊
ကျနစောင့်ရှောက်၊ ယွင်းမဖောက်သော်၊ သို့လျှောက်ပမာ၊
ကိုသူငါအား၊ ပြန်ကာစောင့်တတ်၊ ကဲလွှန်မြတ်လိမ့်၊ စွဲသတ်
သဒ္ဓါ၊ မြဲမှတ်ပါရှင့်၊ ကညာမိန်းမ၊ ဟူသမျှတို့၊ ယောဘုယျနည်း၊
ဥပမည်းဖြင့်၊ သိမ်းဆည်းစေရာ၊ ကျမ်းအလာကို၊ စိတ်ဖြာဖွင့်ပြ၊
ဆိုမြွက်ဟာအံ့၊ မြစ်ကျောဉ်းကျယ်၊ဓမ္မဆိပ်နှုယ်တည်း၊ပွဲလယ်သဘင်၊
ရေအိုးစင်နှင့်၊ ထို့ပြင်တစ်သီး၊သွားလာမှီးသား၊ခရီးလမ်းနှုန်း၊
တစ်သွယ်ကျုံး၏၊ စုရုံးသောက်တုတ်၊ ဖသဘင်းကုပ်သို့၊ မယုဘ်
သေချာ၊ ထင်လျှားပါသား၊ ဆင်ါငါးပါး၊တူသော်လားကို၊
စိတ်ထားနှစ်သက်၊ ကဲရမွှက်ကြောင့်၊ မရှက်မကြောက်၊ မဘည်
ဆောက်ဘဲ၊ ဖောက်ဖောက်ပြန်ပြန်၊ ကိလေမာန်နှင့်၊ ပြင်းထန်
ရာဂ၊ ဟုန်းဟုန်းထ၍၊ မောဟမိုက်လှမ်း၊ စရိုက်ဖမ်းသား၊
မုန်ကြမ်းဆင်နှယ်၊ မက်မောလွယ်သည်၊ မိမင်းတို့အား၊ ကြံရှိ
ပြောကာ၊ မုန်းထားမျက်လို့၊ ရန်မပိုဘဲ၊ ဝှက်သိုဖုံးဖိ၊ တရား
သိဘည်၊ ပဏ္ဍိတဝိန်၊ သုခမိန်တို့၊ စက်ချိန်ပုံချ၊ နှင်းယုန်လသို့၊
သီတလကျွတာ၊ ထက်ကြပ်ပါလျက်၊ ခမာဂုဏ်သောင်း၊ ရောင့်ရဲ
ကောင်းဟူ၊ အကြောင်းဆောင်ထိန်း၊ ကောမခြိမ်း၏၊ ခပ်သိမ်း
ကုမ္မာ၊ မေ့သည်းချာတို့၊ ပမာတိုင်းဆ၊ နှိုင်းရေအောင်၊ လှိုင်းတံ
ရေပွက်၊ လွန်ငြိမ်သက်သည်။ ကျောက်မျက်ရောင်ညို ဂေါ
ကင်းဘိ။

၁၈။ ကျောက်မျက် ရောနှာ၊ ဂေါဘင်နှာတို့၊ ကင်းကွာ သည်သို့၊
ရောင်လျှံပျို့သော်၊ မယ်တို့စိတ်ဂမ်း၊ သီဟာ ဖျန်းသို့၊ အေးချမ်း
မည်မှာ၊ မလွဲပါဘည်း၊ တကြာဆိုရေး၊ ရှိချေသော်၊ ယဉ်းကျေး
မှုရာ၊ လုကလျာတို့၊ "သဗ္ဗာနုဒ်၊ ဝက်နုဒ်"၊ ကျူး ချိဘဖန်၊
မိန္တတုံပြန်ရှင့်၊ မှတ်ရန်သိလွယ်၊ အစိပ္ပာယ်ကား၊ နက်ကျယ်
မျှားစွာ၊ မြစ်အကြာလည်း၊ ဖြောင့်တာမရှိ၊ ကောက်လေ
ဘိ၏၊ ဆိုပြီးပခြား၊ ရဂုဏ်ဖျားဟူ၊ သစ်ကျားပေါယယ်၊စုံမြိုင်
လယ်၌၊ ကြီးဝယ်သစ်ပင်၊ ခုတ်ရှင်းထွင်လည်း၊ မစင်မကြယ်၊

ပိတ်ပေါင်းကွယ်လျက်၊ ချုံနွယ်ရှုပ်ချင်း၊ ရှုပ်လေခြင်းကြောင့်၊ ထင်းအတိသာ၊ ဖြစ်လေရာရှင့်၊ ပမာတမျှ၊ သဘာဝနှင်၊ မိန်းမတို့မှာ၊ ကိလေသာကြောင့်၊ ကာယ်ရာဇထောင့်ရာ၊ ဆိတ်ငြိမ်ရာကို၊ ရှုပါလေမူ၊ မောဟထုရှို၊ မဖြူစိတ်က၊ ယိုဖိတ်ကြွသား၊ ပါပမည်းမှောင်၊ ကွင်းမရှောင်ဘဲ၊ ရဲရောင်ရဲတ၊ မကောင်းမှုကို၊ ပြုလေတတ်လျင်း၊ မြိုက်ဖော်လင်းခဲ့၊ ယမင်းနက်တူ၊ လုံမြဲဖြူလည်း၊ ထို့တူထပ်ရို၊ ကပ်မငြီးအောင်၊ ဟိရိသြတ္တပ်၊ မြဲစောင့်ကြပ်ရှို၊ နှုတ်ရပ်ဘုံရှင်၊ ဖြစ်တို့ချင်၏၊ မျက်မြင်မျက်ကယ်၊ ပျက်မပြယ်သား၊ မျိုးနွယ်စင်လိုက်၊ လုံနှစ်ခြိုက်လျက်၊ စရိုက်မယွင်း၊ ရှက်ကြောက်ခြင်းဖြင့်၊ ကြော့ရှင်းမြဲစေ၊ ဣနြြေ့ဖြင်၊ သေချေကျစ်လျစ်၊ လော်ဦးသစ်သို့၊ အပြစ်မြူခန့်၊ မတည်တံ့ဘဲ၊ ဖြူသန့်ကင်းဝေး၊ စင်လှစ့်ပြေးသည်။ ။မြော်တေးမြင်သိ ဂုဏ်ထူးရှိ။

၁၉။ မြင်သိမြော်တေး၊ ဂုဏ်နံ့မွှေးသော်၊ မြတ်လေးပွင့်နွယ်၊ လုံစင်ကြယ်သား၊ အနွယ်မျိုးစင်၊ သီလချစ်က၊ ရပ်ရှစ်မျက်နှာ၊ ဘဝဂ်ငြာလိမ့်၊ မဟာသတ္တော်၊ ချွန်မွှေလျော်သည့်၊ တောပျော်နေထ၊ တာပသလည်း၊ ဒုဋ္ဌကုမ္မာ၊ ရေမျောလာသော်၊ ကညာနုနယ်၊ အသက်ကယ်က၊ ပျောက်ကွယ်ရာဂ၊ ဟုန်းဟုန်းကြွလျက်၊ ယုယပိုက်ထွေး၊ သိမ်းမြန်းမွေးသား၊ ရှက်ထွေးကိလေ၊ ဝိပရေကြောင့်၊ ငြိလေသောခါ၊ သူလိုရာသို့၊ ငင်ကာဆွဲလု၊ အိမ်ထောင်ပြုဏ်၊ ကာမုပါဒါန်၊ လုန်ဇွဲသန်သည့်၊ စိတ်မာန်ထပ်ကဲ၊ မရှောင့်ရဲရှ်၊ ကြင်မြဲနေခါ၊ စုန့်လဲပါသား၊ ဝနာတောဝှမ်း၊ မြိုင်စခန်းတုင်၊ လူကြမ်းဗေလ၊ ဗိုလ်ဒမြနှင့်၊ ပေမမြွှေးယှက်၊ ကြင်လိုက်ဖက်ခဲ့၊ လူဆွက်တာပသ၊ အရာကျအား၊ ညှာဆမသနား၊ ရန်ဘက်လားသို့၊ မျက်ပွားမုန်းညှို၊ သက်ဆုံးလို၍၊ ဝှက်သိုပြီးခါ၊ ခရီးလာဖို့၊ မာယာဉာဏ်ချွယ်၊ ပရိယာယ်ဖြင့်၊ ချစ်ဖွယ်ဇနီး၊ ရှုမည်းက၊ ပိတ်ဆီးဝနား၊ အကျွရာဖြင့်၊ ကြားမှာလိုက်၍၊ စရိုက်ဝါသနာ၊ မကင်းရှာသည့်၊ ဖန်ဝါဆံကျစ်၊ ရှောင်ခွာပစ်တဲ့၊ ငယ်ချစ်ဆရာ၊ လိုက်မှားပါသော်၊ မိစ္ဆာပါပီ၊ မယ်ဒေဝီ၏၊ နှုင်ဂျီမိန့်သံ၊ တစ်ဆင့်ခံတဲ့၊ အကံလည်း၊ ကောဓမျက်ကြုတ်၊ သတ်အားထုတ်၍၊ ရိုက်ပုတ်သောခါ၊ မြတ်ဆရာက၊ ကြင်နာသောတွေ့၊ မြွက်မခြွေဘဲ၊ ဟရေဒုဋ္ဌ၊ အာလုပ်ပြုလို့၊ ကာမပြင်းစွာ၊ ဣတ္ထိယာတို့၊ လေ့လာ

ပြန့်ပြော၊ ယုတ်သဖောကား၊ "ကောဓနာ အကဇ ညုစပိသုဏာ" အစဖြာ၍၊ ထုတ်ကာကြားဖော်၊ တရားတော်ကို၊ အာဘော်မှန်ရာ၊ ညွှန်ကိုက်ပါအံ့၊ နဝဘေဒ၊ အာဃာတနှင့်၊ ကိုးဝမျက်မာန်၊ လွန်ခက်ထန်၏၊ ဇတန်ထို့ပြင်၊ ကျေးဇူးရှင်ကို၊ ကျေးလျှင် စွပ်တတ်၊ ပြန်မဆပ်တည့်၊ စေ့စပ်ချစ်ပြား၊ သူနှစ်ပါးကို၊ ကွဲပြားခြင်းငှာ၊ ဖြစ်ကြောင်းရှာခဲ့၊ မိတ္တာမိတ္တ၊ သင်္ဂဟကို၊ မနဘောဂါ၊ မျှားဥစ္စာနှင့်၊ ခန္ဓာအသက်၊ မငဲ့ကွက်ဘဲ၊ ဆုံးပျက်စေရန်၊ ကြိုးအားသန်ရှင့်၊ တန်တန်ပေါင်းစု၊ မကောင်းမှုကို၊ မျက်ရှုမတော၊ ကင်းစေရာသည်။ ။ စိတ်ဖြာခွဲသိ ရှောင်ကွင်းဘိ။

၂၀။ ခွဲသိစိတ်ဖြာ၊ ရှောင်ကွင်းခွာငြား၊ ချစ်သည်မျှားသည်၊ သို့ထား မရွေ့၊ မှတ်ပြီးလေ့သော်၊ ညွှန်ခနဲဆက်မျှား၊ လှ့နှင်လျှား၍၊ သက်ပွား ဆယ့်ခြောက်၊ ချိန်ရွယ်ရောက်သော်၊ ဝမ်းမြောက် စမ်းသာ၊ ချမ်းမြေ့စွာသား၊ မာတာပီတ၊ မိနှင့်ဘတို့၊ ဂေါတ္တ မဖျက်၊ စဉ်မပျက်အောင်၊ နှစ်သက်လှစွာ၊ ထိုမိတာနှင့်၊ ခြင်းရာ ထပ်တူ၊ စိတ်ဖြောင့်သူကို၊ ဖွေယူ ကျင်လျစ်၊ အရည်စစ်၍၊ ခက်ဆင်စိတ်ပြား၊ ရေနဂါး၏၊ သည်းဖျားသိဂိ၊ မယ်ဒေဝိကာ၊ မြွက်ချီသံလေး၊ စုံစမ်းမေးသော်၊ အရေးကြုံစွ၊ ပုဏ္ဏကသည်၊ ငါ့ဘာ့မိ၊ ဘယ်သို့ရှိဟု၊ သတ္တိစွမ်းဟုန်၊ ကျေးဇူးဂုဏ်ကို၊ အာရုံ မှတ်မိ၊ အတတ်သိမှု၊ သီရိဝင်းလျှံ၊ မယ်ဣရန်ဒ၊ နတ်ထံဘုမိ၊ လိုက်ပါလှည့်လျက်၊ တို့မိတို့ဘ၊ ထို့ဆန္ဒကို၊ ပြည့်ဝလေမူ၊ တို့ကြည် ဖြူအံ့၊ စိတ်ယူခွဲခြမ်း၊ ခွန်းမိန့်ဆမ်းမှ၊ ချီးမွမ်းသြဘာ၊ ထော မနာ၍၊ ဝိမာနပြေ၊ နာဂမြေဝယ်၊ သွားလေ့ဆောစွာ၊ နန်းဘုမ ရာသို့၊ မကြာခဏ၊ ရောက်လေကမူ၊ ကိလေထူးလည်၊ နာဂ ဝိ၏၊ အာသီချင်ခြင်း၊ မရှောင်လျှင်းဘဲ၊ ချက်ချင်းဥဿုံ၊ ပြီးပြည့် စုံအပ်၊ နိုတုံနိုက္ခ၊ တံဆိပ်ရသို့၊ ဟိတ်ကြွတင့်ကဲ၊ နတ်သူရဲ၏၊ လျှောက်လဲသံချို၊ လွန်နှစ်လိုသော်၊ နုပျိုယမင်း၊ တို့သည်း ရင်းကို၊ ဆောင်နှင်းသာကြည်၊ ထိမ်းမြားမည်ဟု၊ သို့သည်မုံထုံး၊ စွဲမှတ်ကျုံးလျက်၊ လှဆုံးမျက်ပွင့်၊ ဂုဏ်ရည်သင့်ကို၊ မျှော်ချင့် တိုင်းထွာ၊ နည်းယူပါသား၊ ဌာနာဌာန၊ ကောသလ္လကို၊ ရှုဆ လှင့်လင့်၊ သူမြတ်ကျင့်ကို။ ။ပယ်လွှင့်မဖောက် မယ်စောင့် ရှောက်။

၂၁။ စောင့်ရှောက်မပယ်၊ စဉ်မဖယ်ဟု၊ အနွယ်ချင်းချင်း၊ ထိမ်းမြား ခြင်း၌၊ သက်နှင်းမျက်ရှင်၊ ဖူးစာယှဉ်ဖို့၊ နှစ်ပြင်ဇာတာ၊ သာ, မသာဟု၊ ကြမ္မာလိုက်ခွင့်၊ သင့်မသင့်ကို၊ မျှော်ချင့်စိတ်ပြား၊ ကြောင်းမှန်ငြားအောင်၊ဟူးရာပဏ္ဍိတ်၊ ဝေဒဝိဇ်တို့၊ နေမိတ္တက၊ သိဒ္ဓန္တက၊ ဂြဟစိန္တာ၊ ကျမ်းလိမ္မာသား၊ ဆရာကဝေ၊ မိန့်သော ထွေနှင့်၊ စန်းနေလဂ်ခန၊ ဂြိုဟ်နေတင့်တော်၊ အခွင့်လျော်က၊ ကြင်ဖော်မိတ်နှံ၊ ပေါင်းဆက်ဆံလျှင်၊ မြဲမြဲရှည်စွာ၊ လွန်ချမ်း သာ၍၊ သေ့ကွာမပျက်၊ ရာကျော်သက်တိုင်၊ နှစ်သက်ကြည်မြ၊ သပ္ပာယဖြင့်၊ ဂုဏကျော်သဲ၊ ချီးအံ့ကဲလိမ့်၊ စိတ်စွဲမှတ်သား၊ ဝမ်းဝယ်ထားလော့၊ တခြားထို့ပြင်၊ နည်းသစ်ဆင်၍၊ မျက်မြင် ဒိဋ္ဌာ၊ စောဒနာဖြင့်၊ရံခါမျှတ်ယွင်း၊ ရှိရခြင်းမှာ၊ အခင်းမသာ၊ ကံကြမ္မာကြောင့်၊ ပုဗ္ဗာကတ၊မညီမျှသား၊ သီလပျက်မှု၊ စုံတစ်ခု ဖြင့်၊ ဒိဋ္ဌပမါဒါနှံ၊ ယွင်းဖောက်ပြန်သည်၊ နည်းမှန် လမ်းမှန်၊ မဟုတ်တန်ခဲ့၊ ရံဖန်ရံခါ၊ လိုလျောက်ရှာ၍၊ ကိုယ်သာပိုင်စိုး၊ စိတ်နိုင်ကိုးသား၊ မြတ်နိုးခြင်းမှာ၊ အရင်းသာဟု၊ တင်းမာမှတ် ကျုံး၊ စိတ်နှလုံးကို၊ ရှင်ပြုံးဟာဒယ၊ သောမနကြောင့်၊ မောဟ ဖုံးလွှမ်း၊ မာန်ခက်ကြမ်းသည်၊ သော့သွမ်းအကျင့်၊ မိုက်မှား လင့်ခဲ့၊ အသင့်မထောက်စာ၊ ကာရဏာလျှင်၊ကောင်းရာနည်းပါး၊ ပျက်သူများအံ့၊ ဘိုးဘွားမိဘ၊ သူကြီးစသား၊ မိတ္တဆွေညာ၊ မိဿလျာတို့၊ သေချာစေ့စပ်၊ အိမ်နှင်းအပ်သော်၊ လစ်လပ်ပျက် ပြား၊ အလွန်ရှားသည်။ ။စိတ်ထားမဖောက် တရားထောက်။

၂၂။ မဖောက်စိတ်ထား၊ ထောက်တရားဖြင့်၊ မမှားစေအောင်၊ သတိ ဆောင်၍၊ နောက်နှောင်ကာလ၊ ရှည်သမျှဟု၊ ဘဝများစွာ၊ သံသရာဝယ်၊ ပုညာပုည၊ ကိုယ်ဖို့ရမှု၊ ဂေါ္ဂညာဏ်၊ ဖလဌာန်နှင့်၊ မြဲမြဲဆုံးတိုင်၊ဆောင်းကျူးလှိုင်အံ့၊ကြံ့ခိုင်စိမ့်ငှာ၊နှစ်သိမ့်စွာနှင့်၊ အိမ်ရာထောင်ထား၊ ပြုပါငြားသော်၊ မယားအင်္ဂါ၊ လေးမျိုး လာ၏၊ မြတ်စွာဗုဒ္ဓ၊ ဝေရဉ္စနှင့်၊ အင်္ဂုတ္တရခတ်၊ မဓူရာဇ်ဟု၊ ညွှန်လစ်အမည်၊ ပြန့်ပြောစည်သည်၊ နှစ်ပြည်အလယ်၊ အိမ်ထောင် သယ်တို့၊ အကျွယ်ဝိတ္ထာ၊ ဟောမိန့်မှာခဲ့၊ လူ့ရွာခိုမှီး၊ လူ့ဘုံ ကြီးသို့၊ နတ်သမီးနတ်သား၊ကဲ့အလှားဖြင့်၊ စိတ်ထားမြတ်ခြင်း၊ တူမျှလျှင်းသည်၊ ပေါင်းသင်းတဝ၊ ကောင်းလေစွတည်း၊ ထိုမှ

တဖြာ၊ ကျင့်ယုဘ်မာသား၊ ကညာဒေဝီ၊ မကဏ္ဍိနှင့်၊ ကျင့်ညီဒေဝါ၊ သံဝါသာတည်း၊ ယုတ်မာချင်းချင်း၊ ဆက်ဆံခြင်းကို၊ သတင်းမှတ်ပါ၊ တဒ္ဒါနပင်၊ ဝသလဒေဝေါ၊ နတ်မင်းစောနှင့်၊ နုချော့မြင့်မြတ်၊ ကံခွင့်စပ်၍၊ လက်ထပ်တဖုံ၊ ထိုလေးစုံသည်၊ လူ့ဘုံ၌ဝယ်၊ ကြုံကြိုက်ဖွယ်ဟု၊ အကျယ်ဖွင့်ပြ၊ ယင်းဓမ္မကား၊ စတုကအင်္ဂုတ္တိုရ်၊ ကျမ်း၌ဆို၏၊ နကိုန္ဒမွး၊ မယ်ကမွေးတဲ့၊ ရှင်သွေးနုနယ်၊ လှမျက်ခြယ်သည်၊ လေးသွယ်လေးဖြာ၊ သံဝါသာတိ၊ နှလုံးငြိလျက်၊ ဝိ၂ရိသွေ၊ သတိဒွေသည်။ ။ကောင်းစေစဉ်လျှောက် မြတ်ရာကောက်။

၂၃။ စဉ်လျှောက်ကောင်းစေ၊ မြတ်ရာဖွေ၍၊ မျိုးခြေစည်ပင်၊ ပွားတိုးချင်သော်၊ ယခင်ကျမ်းလာ၊ တည်မြဲစွာသား၊ ကလျာနတ်တူ၊ မယ့်သည်းအူအား၊ အိမ်သူတို့ဝယ်၊ ကျင့်စဖွယ်ကို၊ ကုံးသွယ်ဖော်ပြ၊ ဆိုဆုံးမအံ့၊ ကိစ္စဗဟု၊ အိမ်ထောင်မှုကို၊ ကြည့်ရှုဖန်ဖန်၊ မငြင်းဆန်နှင့်၊ ထာဝန်မှတ်ပေ၊ ဖျက်မသွေဘဲ၊ ဖြည့်စေလှဲ့လှ၊ ရှက်ဆောင်မှုတည့်၊ အာအမြင်၊ ဖန်စီရင်၍၊ ငြိုငြင်မရှိ၊ ပကတိဖြင့်၊ ရသည့်ဥစ္စာ၊ ထိုဘဏ္ဍာကို၊ သေချာသိမ်သည်း၊ စုသိမ်းဆည်းလော့၊ လိပ်လည်းပြုန်းစေ၊ မဖြုန်းပေရာ၊ မယ်ယုတ်မာတို့၊ မိစ္ဆာမှားလိုက်၊ လိုဆိုးလိုက်သို့၊ တပ်ကြိုက်ကြရာ၊ ငါးကာမာကြောင်၊ သာယာတတ်ငြား၊ သူတစ်ပါးနှင့်၊ ယဉ်ပါးရောယှက်မပေါင်းဖက်မှု၊ အသက်ခန္ဓာ၊ ရှည်မြဲကြာလိမ့်၊ မိန့်မှာသမျှ၊ သတိရရှင့်၊ သီဟဠဒီပါ၊ အရိယာရှင်၊ မိန့်တုံကျင်၏၊ တွင်းပြင်ဆေ့ညာ၊ လူတကာနှင့်၊ ဂေဟာသူနာ၊ ထာဝရတို့၊ ဒါသပရိဝါ၊ ပေါင်းများစွာကို၊ စိတ်ဖြာခွဲဝေ၊ ပေးကမ်းပေလော့၊ မစ္ဆေဏ္ဍသာ၊ တိတ်ဆိတ်ပါမှ၊ မေတ္တာကောင်းမူ၊ သွန်းလောင်းပြုလိမ့်၊ လူဟုပညတ်၊ သရွှတ်အပ်သား၊ မျိုးလေးပါးတို့၊ ထက်သားလုံ့လ၊ ကမ္မဇဖြင့်၊ တူကွသက်မွေး၊ ရှိသည်ရေးကို၊ နှိုင်းသွေးဆောင်ကာ၊ လှမြတ်စွာလည်း၊ မချာစါယာမ၊ ရှိပေမှုတည်း၊ မိန်းမခြေဆင်း၊ ပြောဆိုကင်းအောင်၊ မပျင်းအပ်ရာ၊ ဤငါးဖြာကို၊ မကွာနေ့ညာ၊ ရှက်ဆောင်ရလိမ့်၊ နားဝဖန့်ဖန့်၊ ထဲစိတ်သန်သား၊ ကြွင်းကျန်မရှိ၊ နှလုံးအိလျက်၊ နတ်မိစန္ဒာ၊ ကျင့်ပေရာသည်။ ။မချာဝမ်းတွင်း နှလုံးသွင်း။

၂၄။ ဝမ်းတွင်းမချာ၊ နှလုံးသာသား၊ ငါးဖြာကျင့်လမ်း၊ သူတော်တမ်းကို၊ ရွက်ထမ်းပြီးကာ၊ မွေးပိတာက၊ ကောင်းပါစေချင်၊ ကောင်းကျိုးမြင်အောင်၊ နေ့ညဥ့်ယ၊ မျိုးသေဥ္စာ၊ ဓိတာရမျက်လွှာ၊ ဝိသာခါအား၊ စိတ်ဖြာခြားနား၊ မှာစကားသို့၊ မိန့်ကြားသာပျောင်း၊ နားဖော်ငြောင်းလော့၊ တိမ်းစောင်းမရှိ၊ ထိန်းကျောင်းတိသို့၊ မြတ်ဘိခြင်းရာ၊ ဩဝါဒါကား၊ ဇာတာဘေဒ၊ အန္တရာဂေဟာ၊ ကောင်းစွာသိမှီး၊ အိမ်တွင်းမီးကို၊ ပြင်သီးခြားပ၊ မထုတ်ရတည်း၊ အပမီးကို၊ ထံနီးချဥ်းကာ၊ မသွင်းရာတည်း၊ ပေးလှာလူကို၊ ပေးလိုမှန်လှ၊ မပေးသသူ၊ ပေးမှုမအပ်၊ ခွင့်မဆပ်တည်း၊ တရပ်ကျင့်ရေး၊ ပေးသည်ဖြစ်စေ၊ မပေးပေလည်း၊ အနေသင့်စွာ၊ ပေးကာမ်းရာ၏၊ ချမ်းသာအိပ်စား၊ နေပြားချမ်းသာ၊ တထေဝါပင်၊ သေချာအေးအေး၊ မီးလုပ်ကျွေးလော့၊ တစ်ရေးထူးမြတ်၊ အိမ်တွင်းနတ်ကို၊ မပြတ်ရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးဦးတင်၊ ကြည်လင်ညွတ်တွား၊ ဤဆယ်ပါးကို၊ မှတ်သားစိုက်စိုက်၊ နှလုံးပိုက်လော့၊ ရှိုက်လေ့လာ၊ ယင်းဝစနာကို၊ မိပွား ယတ္တ၊ ဖော်ထုတ်ပြမည်း ။ မှတ်ပါ မယ်ထွေး မယ့်ရင်သွေး။

၂၅။ ရင်သွေးကလျာ၊ မယ့်ဓိတာက၊ သချာဝမ်းတွင်း၊ မှတ်သွတ်သွင်းလော့၊ အိမ်တွင်းမီးကို၊ လွှင်တီးပြင်ပ၊ မထုတ်ရဟု၊ ဆိုကြသည်မှာ၊ ပုဗ္ဗာစရိယ၊ တူညီမျှသား၊ ယောက္ခမနှင့်၊ လင်ကတစ်ပါး၊ သိုဝှက်ထားသည့်၊ ထွေပြားရာရာ၊ အဖြာဖြာနှင့်၊ မသာမကြည်၊ ဆိုမည်စကား၊ သူတစ်ပါးအား၊ မြွက်ကြားမသင့်၊ ဖုံးကွယ်လင့်ရှင့်၊ တဖြင့်တစ်ပါး၊ ပြင်ရှိုငြားတဲ့၊ မီးပွားကိုမူ၊ သွင်းမယူနှင့်၊ ထို့တူကဖန်၊ ကြောင်းဝေဖန်သော်၊ မှတ်ရန်ခြားနား၊ ပြင်လွှင်ပါးက၊ ကြောင်းလျား မလျော်၊ ကြားမတော်သား၊ နာပျော်မဖြစ်၊ ကျင့်မူညစ်ဟု၊ အပြစ်ရှာဖွဲ့၊ အကျိုးမဲ့ဖြင့်၊ ကဲ့ရဲ့ခြင်းရာ၊ ကြားတုံပါလည်း၊ ဂေဟာဌာန၊ အိမ်သို့ကျမူ၊ မိဘလင်သား၊ တိုသူများအား၊ မကြားစေသင့်၊ ၄က်သိုလင့်လော့၊ ပေးခွင့်ရှိက၊ ပေးကြပါဟု၊ မိန့်ဟသည်မှာ၊ မျှားသူငါတို့၊ ဥစ္စာရွှေငွေ၊ အထွေထွေနှင့်၊ လိုလေလိုသေး၊ ကြေးငွေချေးသော်၊ ပြန်ပေးဆပ်သူ၊ တုံ့ပြန်လူကို၊ ကြည်ဖြူလှစွာ၊ ပေးသင့်ပါ၏၊ ဘဏ္ဍာ

တင်ကြွေး၊ လူအလေးတို့၊ မပေးမဆပ်၊ ပြန်မအပ်က၊ လူ့ရပ်
ဌာနီ၊ ထိုသူသည်လျှင်၊ ဝေဒီကတ၊ ညှတကတဥ်၊ သိမမြင်မူ၊
အလျှင်ဆောစွ၊ မပေးရာဘူး၊ ပေးကာဖြစ်စေ၊ မပေးနေလည်း၊
ပေပေကြရာ၊ ကြောင်းတစ်ဖြာကား၊ သမဏာပြဟ္မဏ၊ဟူသမျှနှင့်၊
ပန်းလှဆွံ့ညာ၊ ယာစကာတို့၊ ရောက်လာလှူခံ၊ ဘောင်းမူကံကို၊
ကျိုးစံစိမ့်ငှာ၊ ပေးလှူရာ၏၊ အင်္ဂါငါးတန်၊ ခွဲခဝဖန်သည်။ ။
ထဲသန်ချင့်တွေး မျှော်ရှုရေး။

၂၆။ ချင့်တွေးစရာ၊ ထဲသန်ပါသား၊ ရဘနာမည်ရ၊ ရှုမဝတဲ့၊ အလှ
သိင်္ဂီ၊ ရွှေနားညီလော့၊ တလီခြင်းရာ၊စဉ်အလားကား၊ ချမ်းသာ
အိပ်စား၊ ထိုနှစ်ပါးကို၊ မှတ်သားစေရာ၊ ဖော်ပြပါအံ့၊ ဦးစွာ
မယ်ဖွား၊ မအိပ်ငြားဘဲ၊ လင်သားယောက္ခမ၊ ဥက္ကဋ္ဌတို့၊ ပြုရ
ကျင့်ဝတ်၊ ယွင်းမချွတ်အောင်၊ ပြုလတ်ပြီးမှ၊ အိပ်ပါကြရှင့်၊
စားကထို့တူ၊ နှောင်းမှယူ၍၊ အိမ်သူချောမေ၊ သုံးဆောင်
လေလော့၊တစ်ထွေချမ်းသာ၊နေသည်မှာလည်း၊ အရာဟုတ်သည်၊
မဟုတ်သည်ကို၊ ရိပ်ခြည်မြင်ခါ၊ မြဲသည်မှာ၌၊ သုံးဖြာပုဂ္ဂလ၊
မြင်ခဏာဝယ်၊ ရှောင်ကြသင့်စွ၊ ထိုနေရာ၌၊ နေကာမအပ်၊ နေမ
ရပ်နှင့်၊ အရပ်တစ်ပါး၊တိမ်းစေငြားဟု၊ ထသွားမဆို၊ မျက်မ
ညိုမိ၊ နှစ်လိုချမ်းသာ၊ နေချမ်းသာလော့၊ ဆက်ခါတရေး၊
ကျန်တုံသေးကား၊ လုပ်ကျွေးမီးကို၊ ညွန်မြွက်ဆိုသား၊ ထိုတစ်
ပါးသည်၊ လင်သားဟူက၊ ဇလအဂ္ဂိ၊ တောက်ပြောင်ငြိသား၊
မီး၏ပမာ၊ လေးမြတ်ပါဟု၊ ကျမ်းလာဝစန၊ ဓိပ္ပာယ်ပြ၏၊အန္တရ
ဂေဟာ၊ နတ်ဒေဝါအား၊ ကောင်းစွာရှိခိုး၊ လွန်မြတ်နိုးဟု၊
ဆောင်နိုးမိန့်မှာ၊ စကားလာကား၊ ငါးဖြာကျင့်ဝတ်၊ ယွင်းမ
ချွတ်အောင်၊ ကျင့်တတ်လေစွ၊ ကောင်းကျိုးရလိမ့်၊ ပဥ္စအင်္ဂါ၊
ရှေးအမှာကို၊ ပြန်ကာရှုဆ၊ စာရိတ္တနှင့်၊ နိစ္စမသွေ၊ ဖွံ့ဥဳအပ်
လေသည်။ ။ချစ်ဆွေနှုသွေး ဂုဏ်နံ့မွှေး။

၂၇။ နှသွေးချစ်ဆွေ၊ ဂုဏ်နံ့ရေနှင့်၊ ငါးထွေစာရိတ်၊ သမ္မာစိတ်ကို၊
ယိုဖိတ်ကင်းကွာ၊ ယွင်းမခွာသား၊ ကလျာနတ်မတ်၊ လှမျိုး
ကြွယ်အား၊ မှတ်ဖွယ်တစ်မျိုး၊ မော်ကွန်းထိုးအံ့၊အကျိုးနှစ်ပါး၊

သဒ္ဒါပွားရျှ၊ တရားမင်္ဂလာ၊ ဉာတကာနှင့်၊ ယာစကာဟူ၊ လှူခံ
သူတို့၊ကြည်ဖြူလှစွာ၊လှူဒါန်းခါ၌၊ ဥစ္စာပြည့်ဝ၊ကုံလုံကြသား၊
မျိုးလေးပါး၌၊ ရဟန်းတော်စွ၊ မနာပကား၊ သုခလေးဖြာ၊
ဇယာအစွမ်း၊ ရှိစတမ်းဟု၊ နည်းလမ်းအများ၊ ရှင်တော်ဖြားက၊
ဟောကြားမိန့်မြွက်၊ ဒေသနက်မှာ၊ သက်ရှိသက်ကွာ၊ များ
ဘဏ္ဍာတို့၊ သမ္ပဒါန၊ ရှိလေကမူ၊ မည်မျှမည်ရွေ့၊ ရေတွက်
လေ့ကြောင့်၊ချမ်းမြပီတိ၊ နှလုံးအိသော်၊ အတ္တိသုခ၊ ခေါ်ဆို
ရ၏၊ ဘောဂနေ့ာ၊ ထိုဥစ္စာကို၊ လိုရာလိုရာ၊ သင့်လျော်ကာဖြင့်၊
ကောင်းစွာခံစား၊ ဝမ်းမြောက်ဌားလျက်၊ နှစ်ပါးကိုယ်စိတ်၊
ဂုဏ်ဝိသိဋ္ဌနှင့်၊ ယိုဖိတ်မရှိ၊ လျှမ်းလျှမ်းငြိသော်၊ ပရိဘောဂ၊သုခ
မှတ်လေ့၊ဘစ်ထွေထပ်ပွား၊ သူတစ်ပါးထံ၊နည်းများမတူ၊ကြွေးမြီ
ယူ၍၊ ဆာပူနွမ်းညှိုး၊ရင်းနှီးတိုးကို၊ဝပ်လျှိုးမသာ၊ပေးအံ့ငှာဟု၊
ဘယ်ခါမှပင်၊ မဆင်ခြင်ဘဲ၊ ကြည်ရွှင်ပြကတေ့၊ အခလေ့ဖြင့်၊
ကြုံတွေ့ပါကြ၊ ထိုသုခကို၊ အနဏျပ၊ မှတ်တုံကြရှင့်၊ လောက
လူ့ရွာ၊ လူ့ရပ်မှာဝယ်၊ ယာစကာခေါ်၊ ပုဏ္ဏားမော်နှင့်၊
သမဏောတို့အား၊ ပေးစွန့်ဌားက၊ စိတ်ထားချမ်းသာ၊ အမ
တာသို့၊ လှမ်းကာဖိုလ်မင်္ဂ၊ ကုသိုလ်ချက်ကို၊ နှစ်သက်ရွှင်ပြ၊တစ်
ဌာနကား၊ အနဝဇ္ဇ၊သုခခေါ်တွင်၊ထိုလေးအင်သည်။ ။စုံလင်
ပါကြ ချမ်းသာရ။

၂၈။ အစွမ်းလေးဖြာ၊ကြားသိရာသည်၊ စိတ်ဖြာမှတ်သား၊ ညွှန်လိုက်
ကြားအံ့၊ များပြားခြွေရံ၊ အခစခံနှင့်၊ ဆက်ဆံတူနေ၊ ချစ်မိတ်
ဆွေပါ၊ မျက်ဖြေနှုတ်ထွား၊ သားမယားတို့၊ ဝတ်စား တန်ဆာ၊
လိုသည့်တာကို၊ ကောင်းစွာမျှတ၊ စွမ်းနိုင်ကြသော်၊ ယာပနသ
မတ္ထ၊ တွင်မည်ရ၏၊ထိုမှဘစ်သီး၊ ဖြင့်ပေါဖြိုးသား၊ ပွားစီးဥစ္စာ၊
ရတနာနှင့်၊ ပုတ္တာနာရီ၊ စုံစီရံခြယ်၊ ငြိမ့ဘွယ်အောင်၊ အန္တ
ရာယ်ကင်း၊ စောင့်ရှောက်ခြင်းငှာ၊ စွမ်းနိုင်ပါက၊ ရက္ခနသမတ္ထ၊
ကျမ်းဝယ်ပြ၏၊ ပဉ္စဗလိ၊ ငြိသို့အရှိကို၊ စိတ်မလိုဟု၊ ဝန်တိုမငြိ၊
ပူဇော်ဘိမူ၊ ဗလိဟရဏ၊သမတ္ထဟု၊နာမသညာ၊ မည်ထိုက်စွာ၏၊
ရတနာမြတ်၊ သုံးပါးနတ်အား၊ ရှိညွှတ်သဒ္ဓါ၊လှူဒါန်းပါသော်၊
နတ်ရွာနိဗ္ဗာန်၊ လမ်းကြောင်းမှန်ကို၊ အားသန်ပြင်ဆင်၊ ခရီး
တွင်၍၊ သုတ်သင်စေလျက်၊ စွမ်းနိုင်ချက်ကို၊ မဂ္ဂသောဓန၊

တစ်ပါးရှုရှင့်၊ ဇေယျသမတ္တာ၊ ပြည့်စုံပါအောင်၊ ကညာနတ်သွင်၊
မယှဉ်ရွှေစင်သည်။ ။ဆင်ခြင်ပါမူ လမ်းမှန်ကျ။

၂၉။ အိပ်စားနေမှု၊ ချမ်းသာပြုသား၊ ဂရုဓမ္မ၊ သြဝါဒကို၊ နားဝ
ဖန်လဲ၊ နာမရဲသည်၊ မှတ်စွဲပါကြ၊ စိတရကား၊ ဥတ္တမနာရီ၊
ဘွဲ့ထူးချီလျက်၊ ငါးလီဂုဏ၊ ရဌယာဉ်စွလိမ့်၊ ညွှန်ပြ မှတ်ရာ၊
မြတ်အင်္ဂါကား၊ ခန္ဓာအပ်နှင်း၊ ချစ်ခင်ပြင်းသည့်၊ဆွေခြင်းခြုံဘိ၊
လင်ပတိအား၊ ဣန္ဒြိသတ္တာ၊ လိုသည့်သာကို၊ ကျင့်ပါလေတတ်၊
ယှဉ်းမချွတ်နှင့်၊ မပြတ်နိစ္စ၊ မှုကမ္မကို၊ ပြုရအံ့ငှာ၊ မေးမြန်း
ပါက၊ တပြာဂုဏ၊ ပြည့်စုံမှုတည်း၊ ပိယဝါဒီ၊ မနသီဖြင့်၊မြွက်ချီ
သံချို၊ ချစ်ဖွယ်ဆိုလော့၊ နှစ်လိုဝမ်းသာ၊ အိမ်သောခါဝယ်၊
ဦးစွာနိုးကြွား၊ ဝတ်တစ်ပါးတည်း၊စက်ငြားသည်မှာ၊ ဆည်ဖြေ
ပါ၍၊ ငံ့ကြာနောက်နေ့ရှင်း၊ ကျင့်ခဲ့ပုတောင်းရှင့်၊ နွဲ့နှောင်း
သည်းလျှာ၊ မြတ်အင်္ဂါဟု၊ မိန့်မှာသမျှ၊စာရိတ္တကို၊ နေ့ညမယုတ်၊
ကြိုးအားထုတ်၍၊ မျက်ကြုတ်မဲ့လျှင်း၊ စောင်းမာန်ကင်း
သည်။ ။ဝမ်းတွင်းကြည်ဖြူ ကျင့်မြတ်ကြ။

၃၀။ မနုဿဘူမိ၊ သမ္ပတ္တိ၌၊ ရတိခဲ့ရာ၊ ရဇတာဉ်စွာသား၊ ဥတ္တရာဒေဝီ၊
သုန္ဒရီအား၊တလီထူးခြား၊ တဖန်ကြားအံ့၊ မယားသေ၌၊ အမည်
ရသား၊ သုဘာမိတာ၊ လှကလျာသည်၊ ဘယ်ခါသမယ၊ ဘယ်
ခဏမျှ၊ ပကျွမရှိ၊ ညှို့သက်ဘိလျက်၊ ပတိအလို၊ နှုတ်ဖွင့်ဆိုလျှင်၊
သာချိုလိုက်တတ်၊ ကဲလွန်မြတ်၏၊ စားလတ်သောခါ၊ မွေးမာ
တာနှယ်၊ ကောင်းစွာလုပ်ကျွေး၊ သိမ်းမြန်းမွေးခဲ့၊ ယဉ်ကျေး
မှုရာ၊ သဇ္ဇနာတို့၊ နတ်ရွာရောက်ကြောင်း၊ အကျင့်ကောင်းကို၊
ညွှတ်ပျောင်းလေသို့၊ လွန်နှစ်မြို့လျက်၊မောင်တို့ဖျော့မှာ၊ နှစ်မ,
လာသော်၊ နှစ်ဖြာကြောက်ရှက်၊ ဖုံးကွယ်ဝှက်ထား၊ စောင့်သက်
ဣန္ဒြေ၊ ငြိမ်သက်ခွေရှင့်၊ စေ့ရှေ့မှတ်ရာ၊ အိမ်ခန်းဝါ၌၊ ကမ္မာ
တမ္မ၊ ရှိသမျှကို၊ ပြုထစ းရိ၊ မယ်ဒါသိနှယ်၊ အညီသင့်စွာ၊
ဆောင်ရွက်ရာ၏၊ သံဝါသနှ၊ ဂုဏ်ထူး၌၊ ကင်းပဟိရိ၊ မှဝေသိသို့၊
တူပြိုမယွင်း၊ နှလုံးသွင်းလျက်၊ အခင်းမသေ့၊ ပျော်မွေ့စေ
သည်။ ။မြတ်နေဂုဏ်ရှိ ဆိုထိုက်၏။

၃၁။ လောကဘုံကြီး၊ သုံးပါးမီးဟု၊ မှတ်ပြီးသမိုက်၊ ဆိုမိန့်လိုက်အံ့၊
လောင်မြိုက် တတ်စွာ၊ မီးပမာသို့၊ နိုင်းရာတမျှ၊ မိန့်နှင့်ဘတို့၊
ကြီးလှကျေးဇူး၊ ဂုဏ်အထူးကို၊ ဆည်းပူးဥစ္စာ၊ ပူဇော်ကာနှင့်၊
ကောင်းစွာလုပ်ကျွေး၊ ရပ်အဝေးမှ၊ ဆောင်သွေးယူခိုက်၊ ပူဇော်
ထိုက်လှ၊ ကြောင်းခြင်းတကြောင့်၊ အာဟုနေယျ၊ မီးတဝတည်း၊
သမဏာအရိယာ၊ ထေရ်သံဃာတို့၊ သံသာကမ်းသောက်၊ ခရီး
ရောက်အောင်၊ ထူးမြောက်စမ္မ၊ အလေးပြု၍၊ ဂရုဂါရဝ၊ ပြုပါ
ရသား၊ အကြောင်းအားကြောင့်၊ ထူးခြားစွာလှ၊ ကုံပုညဖြင့်၊
ဒက္ခိဏေယျ၊ မီးဆိုကြ၏၊ ဂဟပတိ၊ မီးတစ်ချက်ကား၊ ရမွက်
ဖို့နေ၊ ငြိပစေသည်၊ ကိလေအာရုံ၊ ကာမဂုဏ်နှင့်၊ တွေ့ကြုံနွဲ့ယှဉ်၊
မိမိလင်သည်၊ တွင်းပြင်အပ၊ ရှိသမျှကို၊ လုံးဝပိုင်ပိုင်၊ ယိမ်းမ
ယိုင်ဘဲ၊ ကြံ့ခိုင်ဖေမ၊ သဘာဝနှင့်၊ စိုးရသခင်၊ မယ့်အရှင်လည်း၊
ပုံသွင်အဂ္ဂိ၊ တူလေဘိဟု၊ မင်းမိကိုယ်ဝယ်၊ ရွှေမှိုတွယ်သို့၊ မျိုးနွယ်
စဉ်လာ၊ မဖျက်ပါသား၊ သမာစာရ၊ ဂုဏ်ပေါင်းခအောင်၊
ခယညွတ်ကိုင်း၊ နှိမ့်ချရှိုင်းသည်။ ။ကသိုဏ်းဘရှိ ရှုထိုက်၏။

၃၂။ သိဒ္ဓိတြိ၊ ညှိညီသိဏ၊ လောင်ငြိတတ်စွာ၊ ကညာကို၊ မှတ်ရာ
နယ၊ အထူးပြုအံ့၊ လောကသတ္တာ၊ သင်္ခါရာဝယ်၊ ဘယ်ငှာ
ဘယ်ပြု၊ ဘယ်အမှုကြောင့်၊ မီးဟုသမိုက်၊ ခေါ်ဆိုထိုက်သား၊
ထိုစကားကို၊ ညွှန်ကြားဆိုသော်၊ အလိုကိစ္စ၊ သဗ္ဗတ္တပင်၊ ဇာတ
ဝေဒ၊ ညှိထွန်းကသော်၊ ကမ္ဘနဝါ၊ အရာရာ၌၊ ကောင်းစွာ
ပြည့်စုံ၊ အခွင့်ကုံ၏၊ မှတ်တုံခြင်းရာ၊ စူးစမ်းရှာမူ၊ ကာယ
သုခ၊ စိတ်အေးမြ၏၊ ပကာ္ခတဖြာ၊ ဖွင့်လိုက်မှာအံ့၊ လျှံဝါအဂ္ဂိ၊
ကြုံလေဘိသို့၊ ထွန်းညှိသူအား၊ ပုဂ္ဂိုလ်များ၌၊ လေးစားမပြု၊ ဂရု
မမူ၊ ပေါ့လျော့ထူလျှင်၊ ရန်သူသဖွယ်၊ အန္တရာယ်တို့၊ ငြိတွယ်
ဒေဟ၊ ရွှေငွေစသား၊ ကျီကြဲဂေဟာ၊ လောင်ကျွမ်းရာ၏၊ သည်
သာမက၊ သင်္ဂဇိဝပင်၊ မဥဏာစုတေ၊ ခန္ဓာရွှေ့လိမ့်၊ ဓလေ့
မှန်စွာ၊ ထိုပမာနှယ်၊ မာတာပိတာ၊ မြတ်ဗုဒ္ဓနှင့်၊ အဇ္ဈကရှင်၊
ခင်ပွန်းလင်ကို၊ ကြည်ရှင်သဒ္ဓါ၊ မရှိပါဘဲ၊ နိဝါတကင်း၊ ရိုညွတ်
ပျင်းသော်၊ ပူပြင်းခံရ၊ အပါယ်ကျလိမ့်၊ ပသာဒမူ၊ ဝါဒပြုက၊
ငါးခုခန္ဓာ၊ ရန်မန်ကွာ၍၊ ချမ်းသာသုခ၊ ရကြီးရအံ့၊ မုချ
မယွင်း၊ ယုံမှတ်ပြင်းသည်။ ။သက်နှင်းဆွေမိ စဉ်လိုက်သိ။

၃၃။ တေသကုဏ၊ ဇာတကဠ၊ ညွှန်ပြမိန့်သံ၊ ကျူးမြွက်ဟန်ကား၊ စမ့်
စရ၊ ဂါထာစသည်၊ သုံးဝသုံးတန်၊ အကြောင်းပြန်အံ့၊ စိတ်သန်
ပျောင်းအိ၊ နာလေဘိလော့၊ ဘူမိပါလ၊ နရိန္ဒဟု၊ နရဒိဗ္ဗာ၊
မင်းရာဇာတို့၊ မာတာပိတ၊ မိန့်ဘအား၊ စရမ္မာ၊ ကျင့်အပ်
ရာကို၊ မခြာနိစ္စ၊ ကျင့်လေကမူ၊ ပုညမဟာ၊ ကံရင်းပါ၍၊ကာမာ
ပတိ၊ နတ်ဘုမိသို့၊ ပဋိသန္ဓေ၊ တည်မြဲလေအံ့၊ ယွှန်းသွေ့ ပေါက်
ပြန်၊ ယောက်ယက်ဆန်၍၊ မမှန်သဘော၊ ဒေါသဇောနှင့်၊
မက်မောမာန်ကြမ်း၊ ပျက်သရမ်းသား၊ ဖုံးလွှမ်းရာဂ၊ မီးလျှံ
ကြွလျက်၊ မိဘနှစ်ဖြာ၊ အာဟုဏာကို၊ ငါးဖြာဝတ်စုံ၊ မပြုတုံဘဲ၊
အာရုံမှားကွက်၊ တရားပျက်သော်၊ နရက်ပါယ်ထဲ၊ ခေါင်င်
ဆွဲလျက်၊ ကြေကွဲပူဆာ၊ ဘယ်သူငါတို့၊ ဘယ်မှာယူပို့၊ တယ်သို့
ကယ်၊ ဘယ်လိုတ လည်း၊ မရှိကံနည်း၊ တစ်ယောက်တည်းပင်၊
ငါလည်းငါပ၊ ငါငဆဟု၊ နောင်တပူပန်၊ အောက်မေ့ပြန်လည်း၊
ရုပ်နာမ်ပြောင်းကြွ၊ ဟန်မရဘူး၊ ဘဝဇာတိ၊ အထူးရှိလျက်၊
အသိအလိမ္မာ၊ နည်းလှစွာငြား၊ ကျင့်ဖောက်ပြားသော်၊ ကိုးစား
မှီရာ၊ မတွေ့ပါသည်။ ။နေ့ဝင်ခါနေ့ဝင်တ ရတတ်စွ။

၃၄။ သီလဝန္တာ၊ အရိယာနှင့်၊ မြတ်စွာရှင်တော်၊ ရိပ္ပူဇော်လျက်၊
ကော်ရော်ညွှတ်တွား၊ ရှိပါငြားက၊ ငါးပါးပဋိပဒါ၊ ပြည့်စုံ
ရာဟု၊ ငါးဖြာနိပါတ်၊ မိစ္ဆာတတ်မှု၊ ကျမ်းမြတ်အဂုတ္တိုရ်၊ ဖွင့်ခဲ့
ဆိုသား၊ ကြည်ညိုသဒ္ဓါ၊ မှတ်ယူပါလော့၊ ဥပဋ္ဌာတိ၊ မည်ရှိ
သည့်၊ ပုဂ္ဂလာ၏၊ အင်္ဂါငါးရပ်၊ ပဋိပတ်ကား၊ ထွတ်မြတ်
သဃ်ာ၊ အရိယာကို၊ မြင်ရာဒေသ၊ ဖူးမြော်ကမူ၊ သဂ္ဂါတိ၊
အလားရှိကြောင့်၊ ပါဠိမဂ္ဂဓ၊ ထင်ရှားပြသည်၊ မဂ္ဂသံစတ္တာနို၊
မည်လေဘို၏၊ ထိုပြီးတူစွာ၊ ရတနာအား၊ကောင်းစွာလေးမြတ်၊
စိတ်ထားတတ်လျက်၊ မပြတ်နိစ္စ၊ ဂါရဝဖြင့်၊ နိမ်ချနိဝါ၊ပြုလေလ
ပါသော်၊ ပြုရာဘဝ၊ ဆက်တိုင်းကဝယ်၊ သေဋ္ဌဝံသာ၊ ကျိုးခံ
ရာသား၊ ဥစ္စာကုလ၊ နာမတွင်စစ်၊ အထူးဖြစ်၏၊ ငုပ်ရှစ်မျက်နှာ၊
အရိယာဟု၊ သဃ်ာရဟန်း၊ ကြည်ရှင်လန်းအောင်၊ လှူဒါန်း
ပူဇော်၊ ကောင်းမှုဒပျော်က၊ အကျော်စေဝ၊ ဘုန်းတေဇနှင့်၊
ကြီးလှကျက်သရေ၊ တက်ဖြိုးစေသည်၊ မဟေသက္ခ၊ မည်တွင်ရခဲ့၊
နေ့ညမခြား၊ သူတော်များကို၊ နည်းများဒါန၊ ပေးစွန့်ကမူ၊

ဘဝကြိမ်ကြိမ်၊ လွန်မွှေသိမ်သည်၊ စည်းစိမ်ဥစ္စာ၊ ကြွယ်ဝ
သာကြောင့်၊ မဟာဘောဂ၊ တွင်နာမဖြင့်၊ ဌာနဝိသိဋ္ဌ၊ ¨ ဂုဏ်
တံဆိပ်ကို၊ ခတ်နှိပ်သဌေး၊ ဘွဲ့ထူးပေးလိမ့်၊ တရေးမှတ်သား၊ မြတ်
ဘုရားနှင့်၊ ရှစ်ပါးအရိယာ၊ ထေရ်မဟာတို့၊ ဒေသန၁ချက်၊
ဝေဖြာမြွက်သော်၊ နှစ်သက်စိတ်ဖြား၊ ရွှင်သောအားဖြင့်၊ နာကြား
သည့်ခါ၊ မြတ်ဓမ္မာကို၊ လိုက်နာကျင့်သူ၊ များဗိုလ်လူတို့၊ အယူ
ဖိုလ်မဂ်၊ ကံဝိပါက်နှင့်၊ မဂ္ဂဖလ၊ လေးဝပဋိပဒါ၊ ဖြန့်လေရာဟု၊
ကျွမ်းလာသောတိုင်း၊ ဓိပ္ပာယ်လှိုင်းခဲ့၊ ညွန်ကိုင်းမှန်မော၊ ကြည်ညို
ဇောနှင့်၊ ဧကောဒေဝ၊ နတ်ဘုံရသွား၊ မင်္ဂကုဏ္ဍလီ၊ ဘွဲ့ထူး
ချီသည့်၊ မဟီတလေ၊ တဒီပေတွင်၊ ညာကြွေကျော်သဲ၊ ဂုဏ်ရောင်
ကဲသည်။ လျှော်ခဲ့သိဂ္ဂီ နားချိုလှ။

၃၅၊ သာဝတ္ထိပြည်၊ သာမျိုးစည်သည်၊ ဂုဏ်ရည်ထွန်းပ၊ ထိုဒေသဝယ်၊
သေဋ္ဌကုလာ၊ မျိုးမြတ်စွာသား၊ အနာထပိဏ်၊ ကျော်ရှိန်ပျံ့မွှေး၊
ထိုသဌေး၏၊ ချွေးမမဟာ၊ သုဇာတာသည်၊ နှုတ်လျာကြမ်းတမ်း၊
ပျက်ချော်လွှမ်း၍၊ သရမ်းဆိုမည်၊ ရှိလေသည်ကြောင့်၊ ဇာနည်
ယောက္ခမ၊ သဿုရသည်၊ သဏ္ဍာချစ်စွာ၊ သုဇာတာအား၊
မြတ်စွာထံမှောက်၊ ရှေ့တော်ရောက်အောင်၊ ခွန်းထောက်သံချေ၊
မိန့်တော်ခြွေက၊ မနေသာအား၊ ထံဒတော်ပါးဝယ်၊ ခစားရှိညွတ်၊
ရှိတုံလတ်သော်၊ ထွတ်မြတ်ဘဂဝါ၊ သမ္ဗုဒ္ဓါသည်၊ ပြဟ္မာသံကျော်၊
အာလုပ်ဖော်၍၊ ဟောတော်မူရာ၊ ဒေသနာကား၊ ဝဓာစောရ၊
အယျကနှင့်၊ မာတဘဂိနီ၊ သခီဒါသီ၊ ခုနစ်လီတည်း၊ တွင်ညီ
မှန်ကြား၊ ဘယ်မယားဟု၊ မြေကြားစိမ့်ငှာ၊ မေးသည့် ခါဝယ်၊
သုဇာတာမည်၊ ထိုနာရီက၊ တွင်ညီသတ္တာ၊ ဘရိယာကို၊ စိတ်ဖြာ
ခွဲမှဝေ၊ မသိလေ၍၊ ပရမေမြတ်စွာ၊ ကရုဏာဖြင့်၊ ရွှေကြာကမုဒ်၊
ပတ္တမြားကြုတ်မှ၊ ဖွင့်ထုတ်ခြင်းငှာ၊ လျှောက်ဖန်ထွာသော်၊
မြတ်စွာထွတ်ထား၊ ရှင်တော်ဖျားက၊ မိန့်ကြားသည်ကို၊ ဓိပ္ပာယ်
ဆိုအံ့၊ လင်ကိုမုန်းထား၊ ရန်သူလားသို့၊ ပျက်ပြားဖျင်းသိမ်၊
ဂုဏ်သိမ်ကင်းရှဲ၊ သတင်းမဲ၍၊ ကဲ့ရဲ့လေရာ၊ သက်ခန္ဓာပြင်
ဥစ္စာခမ်းနား၊ လွှင့်တိမ်းပါးအောင်၊ ရန်ပွားခိုက်ဆစ်၊ မာန်မူး
ယစ်သား၊ ဖြစ်စေထပ်လောင်း၊ ပျက်စီးကြောင်းကို၊ ရှုံးပေါင်း

ကြံတတ်၊ ကျင့်လေတတ်သည်၊ သူသတ်သမာ၊ ဝံဓသာဟု၊ စစ္စာပထမေ၊ မှတ်သင့်ပေသည်။ ။မျက်ဖြေသက်နှင်း ကြဉ်ရှောင်ကွင်း။

၃၆။ စောရိသမာ၊ ထိုဇာယာကား၊ ဥစ္စာစီးပွား၊ လွန်မြောက်မြားလည်း၊ လင်သားမျက်ကွယ်၊ ဖုံးဝှက်သယ်၍၊ စားဖွယ်သောက်ဖွယ်၊ အသွယ်သွယ်ပြင်၊ ဆင်ဖွယ်ဘန်ဆာ၊ အဖြာဖြာကို၊ သူသာစိုးရ၊ ပိုင်ဆိုင်ကသို့၊ ပြင်ပတစ်ပါး၊ သူခိုးလားနှယ်၊ သုံးစားတတ်ဘိ၊ လင်မသိအောင်၊ ကိုယ့်မိကိုယ့်ဘ၊ ပေးဝေငှါ။ အယျကသာမော၊ မိန်းမချောမူ၊ မိုက်ဇောတက်ကြွ၊ မာန်မာနနှင့်၊ ဂါရဝကင်း၊ ဝါဒယွင်းလျက်၊ ကောင့်တင်းခက်မာ၊ ကြိမ်းမောင်းခါလျှင်၊ အာဏာလွန်ပေး၊ မြတ်လေးမပြု၊ ဂရုမထား၊ ကိုယ့်လင်သားကို၊ ညွတ်တွားမဲ့ထွန့်၊ အိမ်ပေါက်ကျွန်သို့၊ နှုတ်လွန် ကြမ်းကြုတ်၊ ခင်ပွန်းနှုတ်နှယ်၊ ယုတ်ယုတ်မာမာ၊ ဆဲဆိုပါ၏။ သုံးဖြာသုံးပါး၊ ထိုမယားတို့၊ ယွင်းမှားဖောက်ပြန်၊ စိတ္တကံကြောင့်၊ သေလွန်ဘဝ၊ နိရယတွင်၊ ဒုက္ခဆင်းရဲ၊ ခံရမြဲတည်း၊ ပိုက်နဲ့ယုယ၊ မပေါင်းရရှင့်။ ထိုမှတစ်သွယ်၊ အမိနှယ်သို့၊ ချစ်ဖွယ်နှုတ်ပျော၊ သားရတနာကို၊ ကျန်းမာချမ်းသာ၊ ဘေးကျမ်းကွာ၍၊ ရောဂါခပ်သိမ်း၊ ရှောင်ခွာတိမ်းလျက်၊ ကင်းငြိမ်းဒေဟ၊ ပြုကျင့်သူတို့၊ အမူဝသိ၊ တူတမြကား၊ ဂုဏ်ဆိမြတ်လေး၊ သတင်း မွှေးလိမ့်။ ချစ်သွေးနုနယ်၊ နှမငယ်သို့၊ အကယ်ထင်ထင်၊ မျက်မှောက်တွင်၌၊ ချစ်ခင်ကြည်ညို၊ ရှက်ကြောက်ပို၍၊ အရိုအသေ၊ ပြုတတ်ပေရှင့်၊ ပျက်သွေမကွာ၊ လင့်ဩဇာကို၊ ကောင်းစွာနာခံ၊ စဉ်မြဲမြဲသား၊ စိတ်ကြံမြင်သိ၊ ဘဂိနီတည်း။ မျှော်ဘိုးရှေ့နောက်၊ ထုံကြောက်ယှဉ်တွဲ၊ ဆင်းရဲချမ်းသာ၊ မျှညီမျှသား၊ သဟာမိတ်ချစ်၊ ခင်ပွန်းစစ်သို့၊ မှန်လစ်စေဘိ၊ သခိနိတည့်။ ဒါသိသမာ၊ ဘရိယာမူ၊ ရှေ့မှာညွှန်ပြ၊ ရှိပြီးမှတည်း။ မလေးဝင်ကောင်းထွေ၊ ပေါင်းအပ်ပေသည်။ ။မျိုးဆွေနှီးရင်း ကြင်ဖက်ချင်း။

၃၇။ သတ္တဘရိယာ၊ မည်သည်ဖြင့်၊ ဝဓာအာဒိ၊ ပမာရှိသည်၊ တြံဇနီး၊ အိမ့်ရှင်ကြီးသို့၊ ပွားစီးပျက်ပြုန်း၊ ခန္ဓာရှုံးအောင်၊ နှလုံးမူညစ်၊ ချန်တွင်နစ်သို့၊ မဖြစ်စေရ၊ ကိုယ်ချမ်းသာအောင်၊ ဓမ္မာစာရ၊ သဘာဝကို၊ နိစ္စကျင့်လမ်း၊ သူတော်တမ်းနှင့်၊ ဘေးကျမ်းလွှင့်စေ၊

အသင့်နေလော့၊ သုံးထွေမိစ္ဆာ၊ သူယုတ်မာတို့၊ မဟာရောရု၊ ဘုံစတုတွင်၊ ကြီးထုဗျာဓေ၊ ဒုက္ခရွှေလိမ့်၊ အဆွေသခါ၊ ဘဂိနိနှင့်၊ အမိဒါသီ၊ သုစာရီဟု၊ အညီလေး၀၊ အိမ့်ရှင်မတို့၊ ဂဟပတ္တဂ္ဂိ၊ ပြောင်လိလိသို့၊ လျှံညီအရှင်၊ မိမိလင်ကို၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေးလျက်၊ လုပ်ကျွေးပြုစု၊ ဤဘောင်းမှုကြောင့်၊ စတုနတ်နန်း၊ စံပျော်မြန်းသား၊ ရှင်လန်းအေးမြ၊ ဘေးမခဘဲ၊ သတ္တရတနာ၊ ၀င်းလျှံဖြာ၍၊ မဟာဘောဂ၊ ရတော်စွခဲ့၊ ကျမ်းပြနည်းယူ၊ ငါတမူလည်း၊ ထို့တူ မသွေ၊ ဆောင်နိုင်စေဟု၊ ကောင်းထွေကောင်းဟိတ်၊ ကောင်းသောစိတ်ဖြင့်၊ ကိလိဋ္ဌနိဿ၊ မျက်ကောဓကို၊ မာနသိမ်းချုပ်၊ ချွန်းချိန်အုပ်၍၊ ပိုက်ထုတ်သိက္ခာ၊ စာရိတ္တာဖြင့်၊ မြတ်ရာမြတ်ကြောင်း၊ ထမ်ကာလောင်းသည်။ ။ တိမ်းစောင်းမယွင်း တော်ဖြောင့်စင်း။

၃၈။ ဣတ္ထိဘာ၀၊ ဇာတက္ခ၊ ကြုံရခဲစွာ၊ အင်္ဂါဖြာကို၊ ဖွင့်မှာသမျှ၊ အကြောင်းပြအံ့။ ဘောဂသမ္ပဒါ၊ ရာဇနာနှင့်၊ ဥစ္စာစည်းစိမ်၊ ရိပ်ငြိမ်ပျော်စံ၊ ခြွေရံပေါ်ကြွယ်၊ တင့်တယ်မြင့်မြတ်၊ ဒေသဇာတ်ဝယ်၊ တည်လတ်ပဋိသန္ဓေ၊ စွဲနေရခြင်း၊ တစ်ပါးသွင်းရှင့်၊ ဆွေချင်းမျိုးချင်း၊ ဆက်ဆံခြင်းဖြင့်၊ စိတ်သွင်.တူမျှ၊ စုံဖက်ရသား၊ ဥတ္တမစာရီ၊ ယှဉ်လိုက်မှီက၊ အညီအင်္ဂါ၊ တစ်ပါးမှာခဲ့၊ သို့သာတစေ၊ ဖြစ်တုံလေလည်း၊ မျိုးခြေစည်ပင်၊ မိဘလှင်တို့ မျက်မြင်မျက်ကွယ်၊ ရှိစဉ်ဝယ်၌၊ ပေါ်ယယ်စီးပွား၊ ခမ်းနားအိမ်ထောင်၊ မြားမြောင်ခနေ၊ ဘဏ္ဍာစသည်၊ လုံး၀မှတ်သား၊ ဖြောင့်မြတ်လာကြောင့်၊ ကိုယ်စားအပ်နှံ၊ လွှဲပြောင်းခံ၍၊ စိုးစံရသည်၊ တစ်ပါးမည်၏၊ သို့သည့်တဖြာ၊ ဒုလ္လဘာစား၊ လိမ္မာကျေးဇူး၊ ဂုဏ်အထူးနှင့်၊ ဆည်းပူးပညာ၊ ထက်ကြွမ်ပါသည်၊ သီလာစာရ၊ မြဲမြံလှသား၊ ပုတ္တာဓီတာ၊ ရတနာကို၊ သေချာရလေ၊ တစ်ပါးပေတည်း၊ ပရမေတင်ရာ၊ ပည္စ၀ါနှင့်၊ ဘာ၀နာသီလ၊ မြတ်ဒါနကို၊ ပရလောကာ၊ နောင်သောခါလည်း၊ ထင်စွာသတိ၊ ကြုံကြိုက်ဘိသည်၊ ရှိလေအမှန်၊ တမလွန်အကျိုး၊ ကြီးဖွံ့ဖြိုး၍၊ ပွားတိုးစိမ့်ငှာ၊ ဘာ၀နာကဲ၊ စသည့်တည်တည်၊ ပါရမီကို၊ ဖွေဆည်ဖြည့်ထ၊ ဒုလ္လဘနှင့်၊ ရခဲခြင်းတခြား၊ ထိုအပြားဟု၊ ငါးပါးခက်ဆစ်၊ ဤအဖြစ်ကို၊

မျိုးချစ်ကလျာ၊ မယ်သူဇာသည်း ။ကောင်းစွာ ဖြည့်တင်း
စုံစေလျှင်း။

၃၉။ ကလျာနက်တူ၊ မေ့သည်းအူသည်၊ စိတ်ယူဖြောင့်မတ်၊ စောင့်
ရှောက်လတ်သား၊ မျိုးမြတ်သိင်္ဂီ၊ လှဒေဝီဦ၊ငါးလီဗလ၊အစွမ်း
ရလိမ့်၊ မုချရှုလ၊ သမုဒ္ဒဆွသည်၊ ပြစ်နေခြာက်ပါး၊ ကင်း
ပျောက်ရှားသည်၊ ငါးပါးကလျာ၊ ညီညွတ်စွာပါ၊ရှုချင်စွသား၊
ရူပဝတီ၊ ဗလမည်၏၊ ရှုအိစဖွယ်၊ သွန်ဘင့်ဟယ်၍၊ ချစ်ဖွယ်
ကျက်သရေ၊ ရွှေငွေဘဏ္ဍာ၊ ချမ်းသာကြွယ်ဝ၊ ပြည့်စုံကသော်၊
ဘောဂဝတီ၊လျော်ညီသတင်း၊ ဂုဏ်နံ့သင်း၏၊ သန့်ရှင်းဂေါတ္တ၊
သောဌမည်ရှိ၊ ဇာတိမန္တိ၊ ဝါဒီကျင့်သုံး၊ဘုန်းနှင့်ပညာ၊ စုံစွာ
ပြင်ပြည်း၊ သားသမီးရတနာ၊ ရရာတာ၊ ပုတ္တဝတီ၊ စာဂီသီလ၊
ဝါရိတ္တတို၊ နှစ်ဝပြည့်စုံ၊ ယွင်းမသုန်သည်၊ မွေးထုံပါလှ၊ သီလ
ဝတီ၊ နာရီမယ်ဖွား၊ ဗလငါးဟု၊ တရားထင့်သော်၊ ကောင်းကြွန်
လျော်၍၊ ဆွေပေါမျိုးပေါ၊ တန်ခိုးကျော်သား၊ ကျေးဇူး
များတွင်၊ လေးပါးမေ့၊ ဝိဒဿကို၊ ရကြခြင်းမှာ၊အတိတာက၊
ကောင်းစွာပြုကြ၊ ကုသလဟု၊ ဖော်ပြလေလျှင်း၊ နှလုံးသွင်း
လော့၊ မှိုင်ခိုချ၊ ဤအခါက၊ ဤမှာကာလ၊ ဤဘာကျင်၊
ဖြစ်ရလေတီ၊ သမ္ပတ္တိပါ၊ သာနွစက္ခု၊သဗ္ဗညုသည်၊ မာတုဂါမ၊
သံယုတ္တဦ၊ မြွက်ဟာထုတ်ပြန်၊ မိန့်တော်ညွှန်သည်။ ။အားမွန်
ငါးဝ ထင်ရှားလှ။

၄၀။ သဝတ္တဟု၊ တာပသကျော်၊ ဝါဿပျော်၍၊ ပြည်ကျော်ကိတ္တိ၊
သာဝတ္ထိဟု၊ မည်ရှိသညာ၊ ရာဇဌဝယ်၊ ၊သက္ကာတိသက္ကန်၊
ပြဟ္မိန်ဥက္ကဌ်၊ နာထနတ်သည်၊ ကျောင်းမြတ်အမွန်၊ ဇေတဝန်
ရာဘနာ၊ လေးဖြာယာပထ၊ သပ္ပာယတွင်၊ အညတရဒေဝတာ၊
သန်းခေါင်ခါမှာ၊ မြတ်စွာသုံးလူ၊ သဗ္ဗညုအား၊ဝါးခုပတိဌာ၊
ရှိခိုးသစွာဖြင့်၊ ပန်ထွာညွှတ်တွား၊ လျှောက်ဘင် ထားသည်မှာ၊
သေးပါးပုဂ္ဂလ၊ ဤလောကဝယ်၊ ဥတ္တမဒေသ၊ ဂုဏကဲလွန်၊
အမွန်သာကြောင်း၊ ခြေနှစ်ချောင်းတွင်၊ အပေါင်းဝပ်စင်း၊
တန်ခိုးပြင်းသည်၊ မင်းသမုနတ်၊ ချီးမွမ်းအပ်၏၊ သူမြတ်တစ်ခု၊
စတုပဒ၊ သားဟူကလည်း၊ ဥသဘနွား၊ အမြတ်ထားရှင့်၊မယား

တို့မှာ၊ ရွယ်နုရှာသည်၊ ကုမာရှိခေါ်၊ ဆယ်နှစ်ကျော်၍၊ စွန်းပေါ်ဒွိန္နာ၊ မြတ်ပေရာ၏၊ ပုတ္တာတို့တွင်၊ အမြတ်တင်သည်၊ အကြာသို့သား၊ ရှေးဦးဖွားကို၊ အများချီးမြှင့်၊ အလွန်တင့်၏၊ သို့ဖြင့်ကြံဆ၊ စိန္တိတကို၊ ဒေသမာ၊ လျှောက်တင်ခါဝယ်၊ သတ္တာသယမ္ဘူ၊ ထွတ်မှန်ကူသည်၊ သင်းကြူရနံ့၊ ကြိုင်လှိုင်ပျံ့လျက်၊ ကြာနန်းကုမုဒ်၊ ရွှေအာလုပ်မှ၊ ဖွင့်ထုတ်ဟောမြွက်၊ ဒေသနက်ကား၊ လေးချက်ထောမနာ၊ အံ့သြစွာသည်၊ သေဋ္ဌာမည်ရ၊ ဒွိပဒဥ္၊ အနုတ္တရသာမိ၊ မာရဇိတည်း၊ ထိုပြို့တဝ၊ သားမိဂတွင်၊ ဇာနေယျသား၊ လွန်မြတ်ပြေား၏၊ အမျာ။ဘရိယာ၊ အိမ့်ရှင်မှာတို့၊ သြဝါဓမ္မ၊ ဂါရဝဖြင့်၊ ပတိစကား၊ လိုက်နာပြေားလျှင်၊ မယားသေဋ္ဌ၊ ခေါ်ဆိုရ၏၊ ပုတ္တာတို့မှာ၊ တထေဝါပင်၊ မာတာပိတ၊ သာသနကို၊ ပက္ခမလှန်၊ မငြင်းဆန်သော်၊ မြတ်မွန်ချီးကျူး၊ သူထက်ထူး၏၊ လေးပုဂ္ဂလာ၊ မိန့်မြွက်မှာသည်။ ။မြတ်ရာမှန်စွ နည်းယူကြ။

၄၁။ တင်တန်မှတ်ရာ၊ ကြောင်း တစ်ဖြာကား၊ မဟာမောဂ္ဂလာန်၊ မထေရ်ပျံ့သည်၊ နတ်ထံဘူမာ၊ ဒေသစာဖြင့်၊ ကြွခါခရီး၊ ဈာန်ယာဉ်စီးသော်၊ နတ်ထီးဝိမာ၊ ရောက်သည့်ခါနှိုက်၊ ကညာဒေဝီ၊ လှနွှင်းဆီတို့၊ ဦးချီညွတ်တွား၊ သည်းကပ်ပြေားလျှင်၊ မြတ်ဖျားအရိယာ၊ ထေရ်မဟာလည်း၊ တီတာကာလ၊ ပုဗ္ဗေစက၊ ကတပုညာ၊ ဘယ်ကြမ္မာကြောင့်၊ ကနကာဗိမာန်၊ ပန်းရေကန်နှင့်၊ ဥယျာဉ်ပဒေသာ၊ သာမောစွာလျက်၊ ကလျာကြော့ရှင်း၊ လှယမင်းတို့၊ အဆင်းရူပ၊ သဏ္ဍာနလည်း၊ မြင်ကမိန်းမော၊ ရမွက်စော၍၊ ဇောက္ကဋ္ဌာရုံ၊ ကာမဂုဏ်ကြောင့်၊ ရာဂုမ္မတ္တက၊ နှလုံးကြွအောင်၊ လှလေဘိခြင်း၊ အကြောင်းရင်းကို၊ ဖြောင့်စင်းတည့်တည့်၊ လျှောက်ပါလှည့်လော့၊ မြွက်တည့်ခွန်းကြူ၊ မိန့်တော်မူလျှင်၊ ပြာဖြူညွှံ့ယွား၊ လျှောက်ပန်ကြားခဲ့၊ မြတ်ဖြားအရိယာ၊ ထေရ်မဟာအား၊ ဂုဏာဏရဏ၊ ပမာနကား၊ သစ္စာဝါစာ၊ ဆောက်တည်ပါပြေား၊ ကောင်းမှုအားကြောင့်၊ ထက်ဖျားဝိမာ၊ ရောက်တုံပါဟူ၊ ပထမာဒေဝီ၊ လျှောက်သံချီခဲ့၊ တလီဒုတိယာ၊ မယ်ကုမ္မာအား၊ ပုစ္ဆာကြားသော်၊ ညွတ်တွားပန်ထွာ၊ ဖြေသည်မှာကား။ ရှေးခါကာလ၊ လူ့ဘဝနှိုက်၊ ယုတ်စွလင်ဆိုး၊ ညှဉ်းပန်း

ကြိုးလည်း၊ မာန်ကိုးမြွက်ချီ၊ သေွမဖည်ဘဲ၊ ခန္တီဓါဒ၊ ရှိလေက
ကြောင့်၊ ဒေါသပယ်စွန့်၊ နတ်ဘုံကွန့်ရှင့်၊ မဈာန့်မတို၊ လျှောက်
ပန်ဆို၏၊ နှစ်လိုဂမ်းသာ၊ တတိယာသို့၊ မေးတုံမြို့သော်၊ မချို့
သဒ္ဓါ၊ စေတနာနှင့်၊ ယာစကာအား၊ မေတ္တာပွားချ၍၊ နည်းများ
မဟူ၊ နှလုံးဖြူလျက်၊ ပေးလှူဒါန၊ ဇနကကြောင့်၊ ဒေဝသမ္ပတ်၊
ရတုံလတ်ဟု၊ ကျင့်မြတ်စာရီ၊ မယ်ဒေဝီတို့၊ သံချီမြွက်ကြား၊
ထိုတရားကို။ ။စိတ်ထားကြည်မြဆောင်သင့်စွ။

၄၂။ သစ္စာဒါန၊ ခန္တီပြုသား၊ သုံးဝပပဋ္ဌိပဒါ၊ ကျင့်သည်တာကြောင့်၊
နတ်ရွာသုဂတိ၊ အလားရှိဟု၊ ညွှန်ဘိမြွက်သံ၊ ဂါထာပြန်ဆိုသော်၊
သစ္စံဘဏေ၊ နကုဋ္ဌေဟု၊ ပရမတ္ထတ်ချာ၊ သမ္မုဒ္ဓါ၏၊ ဝေါဟာ
သုတ္တံ၊ ဒေဝဓံလည်း၊ သာမန်ပုဂ္ဂလ၊ မစွမ်းကြွတူး၊ ပုညဉာဏ၊
သမ္ဘာရတို၊ မုချရှင့်သန်၊ သူတော်မှန်မှ၊ ဖောက်ပြန်မယှင်း၊
ထိန်းစောင့်လျှင်းအံ့၊ ဆိုရင်းမိပ္ပာ၊ မယ်နားလာလော့၊ သုံးဖြာ
တရား၊ ဖြည့်ငြေးလျှင်၊ ရှစ်ပါးပုဂ္ဂလာ၊ အရိယာသို့၊ ခေမာ
နိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏၊ စိတ်သန်မှက်စွဲ၊ နှလုံးမြဲလော့၊
ပုလဲရဘန့်၊ ကဲ့ပညာသို၊ ရောင်ဝါထွန်းပ၊ ကျင့်သီလကို၊
စောင့်ကြလေခါ၊ လွန်ချမ်းသာလိမ့်၊ ကြည်ရာဘစ်ထွေ၊ မိန့်မြွက်
ပေအံ့၊ မျိုးဆွေဂေါတ္တ၊ ဓနဝဏ္ဏ၊ ဥဒ္ဒာဇယ၊ ဓနမဏ္ဍနာ၊
ပုမာဘောဇန၊ အာလောကယ၊ ပဉ္စလျှပ်ပေါ်၊ လော်လီတရား၊
မြဲမှတ်သားလော့၊ ခြောက်ပါးဒေါသ၊ အဖြာဖြာကား၊ သူရာ
ယစ်မူး၊ သောကြူးပျင်းလို၊ လင်ကိုရန်တု၊ သူ့အိမ်လှည့်သွား၊
ယောကျ်ားကျမ်းလော့၊ တံခါးမှ၏။ ဘုန်းဟော့ဆရာ၊ မိန့်ခဲ့
မှာသား၊ ဤဆယ့်ငါးကို၊ လှတ်ရှားစင်ကြယ်၊ ရှင်းရှင်းပယ်မူ၊
လူလည်းလေးမြတ်၊ နတ်လည်းမေတ္တာ၊ ဗြဟ္မာကြည်ညို၊ ချစ်တင်း
ဆိုသည်၊ အလိုခပ်သိမ်း၊ ပြီးစီးငြိမ်း၏၊ မတိမ်းမစောင်း၊
စောင့်ရှောက်ကောင်းသည်။ ။နှဲနှောင်းမျက်ပွင့် စဉ်လိုက်
သင့်။

၄၃။ ဓာရဝါရ၊ နှမ်ဖြာရသား၊ သဟဇာတာ၊ မြင့်မြတ်ရာကို၊ သမာ
ဉာဏ်ရှင်း၊ နှလုံးသွင်းသည်၊ ယမင်းဒေဝီ၊ မယ်နာရီ။ ဓာလီ
ထူးထွေ၊ ကောင်းမြတ်ပေသည်၊ ကောင်းလေစေ့စပ်၊ ဆယ့်နှစ်
ရပ်ကား၊ စောင့်ကြပ်ပစ္စည်း၊ သိမ်ဆည်းအိမ်ထောင်၊ မြဲနှောင်

ချွေတာ၊ ဟင်းလျာချက်ပြုတ်၊ ကင်ကြော်ဖုတ်ကာ၊ စသည်တတ်ကျွမ်း၊ ဆေးကွမ်းလက်ဖက်၊ ပြင်ဆင်ညက်လော့၊ နှစ်သက်သာချို၊ စကားဆို၍၊ လင်ကိုနှုတ်လှန်၊ မဆန်ကန်ဘဲ၊ အိပ်ရန်စားရန်၊ နောက်နှောင်းချန်ပိုမို့၊ ဘဏ်ကိစ္စ၊ ဟူသမျှကို၊ ညွှတ်ခပန်ကြာ၊ ဝတ်စားဖွယ်လျော်၊ ဇင့်တော်စေရ၊ လင်ဆုံးမသော်၊ လုံးဝလိုက်နာ၊ ကမ္ဘာနဝ၊ ကြီးငယ်စသား၊ လင်မှရှေ့လာ၊ ဆောင်ရွက်ပါရှင့်၊ ပါချည်ပိုးချည်၊ ပိုက်ဆံချည်နှင့်၊ သိုးချည်တသတ်၊ နာနာချည်မျိုး၊ ဟင့်နိုးရာရာ၊ ကိုယ်မှာဆင်ယင်၊ ပြုပြင်ပြီးခါ၊ ပန်းလွှာ ပန်းပြောက်၊ ခြူးသိမ် ဖောက်၍၊ ထိုက်လျောက်အကျီ၊ စုံစီမျှားမွှာ၊ ဝတ်ဟန်ဆာကို၊ လေ့လာကျွမ်းကျင်၊ စီရင်ဖန်ဆင်း၊ လုပ်ကိုင်ခြင်းနှင့်၊ ပြည့်တင်းလှစေ၊ ဆယ့်နှစ်တွေသည်။ ။ချစ်ဆွေမျိုးမြင့်ဥသုံကျင့်။

၄၄။ မနုဿတ္တ၊ ဒုလ္လဘကို၊ ရကြတော်စွာ၊ မျိုးလေးဖြာတို့၊ အိမ်ရာထောင်ဖက်၊ ကြင်စုံမက်သား၊ ချစ်မယားသည်၊ ရှောင်ရှားအပ်စွာ၊ မကျင့်ရာဟု၊ အဋ္ဌာဝီသ၊ စဉ်လိုက်ပြအံ့။ လင်မှဝေးကွာ၊ ရပ်ခြားရာသွင်၊ ပစ်ခွာဖဲကြဉ်၊ တူယှဉ်မနေ၊ မရှိသေပဲ၊ မထေလေးမဲ့၊ လင်လုပ်ခဲ့ကာ၊ ထိုဥစ္စာကို၊ မကောင်းစွာမဆို၊ လင်ကိုငြင်းဆန်၊ ခိုက်ရန်ပြုချင်၊ လင်မရှိခါ၊ သူ့အိမ်ရာသို့၊ သွားလာလှည့်လည်၊ လင်လာသည်ကို၊ မကြိုဆိုတတ်၊ အိမ်ဦးနတ်အား၊ ဝပ်တွားမခ၊ ပြုကြကတ်ပေ၊ လင်မျိုးဆွေကို၊ စိတ်နေမရှင်၊ မကြင်မချစ်၊ အပြစ်ရှာဖွေ၊ ဆိုလေတတ်ခဲ့၊ လင်မဲ့သောခါ၊ စားအစာနှင့်၊ ဥစ္စာမနေ၊ ရကမဟူ၊ ခိုးယူတတ်လှ၊ လင့်ရှေ့ကျသော်၊ ခယသာယာန်၊ မမှန်မာယာ၊ ကွယ်ကာဟာခြား၊ ပြုလေငြားဖြာ၊ လင်မစားခင်၊ အလျင်စားပြု၊ အိမ်ထောင်မှုလည်း၊ တစ်ခုမဟုတ်၊ အနေယုတ်၍၊ အားထုတ်ယှုက်ယှင်း၊ လင့်အတင်းကို၊ အတွင်းအပေါ်ပြောဆိုလှဲ၊ လင်ကဖွင့်ဆို၊ မကြည်ညို၍၊ လင်ကိုမမှား၊ စိတ်ထားစိတ်နေ၊ ပျက်သွေ့ကွဲပြား၊ သူဘစ်ပါးနှင့်၊ တံခါးဝမှာ၊ မြူးပျော်ရွှာ၍၊ အိပ်ရာအိပ်ခင်း၊ ခေါင်းရင်းမလွတ်၊ မိန်းမဝတ်ကို၊ လဲချတ်စုပုံ၊ မယုံသင်အား၊ မြွက်ကြားမြည်ယမ်း၊ လင်လမ်းသွားသော်၊ အစားအစာ၊ ရိက္ခာပြင်ဆင်၊ မပြုပြင်ခဲ့၊ လင်တွင်ဆောင်ရွက်ပါ၊ ကမ်းရောက်ခါလည်း၊ ခေါတ်စာ

ဆေး၀ါး၊မကုစားဘဲ၊တစ်ခြားခွာရှောင်၊လင်ပြောင်ထားနေ၊နှိပ်
စက်ပေ၏၊ ရုပ်မြဲဝေးကွာ၊ လင်သွားပါလည်း၊ မေတ္တာထပ်
လောင်း၊ဆုတောင်းမပြု၊ပျော်မှုရွှင်မှု၊ ဝက်စားတုပ၊စိတ်ကကြည်
သာ၊အဌာ၀ိသ၊ဆုံးမသောခါ၊ မလိုက်နာမူ၊ တံပြာကိုင်တုတ်၊
ရိုက်ပုတ်နှိပ်နှင်း၊ မမှတ်လျှင်းမူ၊ ချစ်ရင်းမူလ၊ စွဲရောဂကြောင့်၊
ပုတ္တခ^ိတာ၊ များပြားပါလည်း၊ သွေ့ခွာလျင်လျင်၊ စွန့်ပစ်
ငင်သည်။ ။လွင့်စဉ်စေသင့် ကျမ်းတွင်ဖွင့်။

၄၅။ ဥတ္တမပုရိသာ၊ မည်သညာဖြင့်၊ ဂုဏာကာရ၊ အင်းငါး၀ကို၊
ညွှန်ပြစေလင့်၊ အကြောင်းသင့်၍၊ ဆိုခွင့်ဆိုရေး၊ ရှိချေသေး၏၊
မျှော်တွေးတိုင်းထွာ၊ ဆိုလိုက်ပါအံ့၊ ဥစ္စာပစ္စည်း၊ သိမ်းဆည်း
သိုထား၊ မပျက်ပြားအောင်၊ ပွားစေလို့လ၊ ဆောင်နိုင်ငှတည်း၊
ဂေဟ အာသနာ၊ သင့်လျော်ရာကို၊ ကောင်းစွာ ကြိုးကုတ်၊
ဆောက်နိုင်ဟုတ်၍၊ ပြုလုပ်ပေးတတ်၊တစ်ရေးမှတ်လော့၊အဝတ်
တန်ဆာ၊ ဘောဇနာကို၊ လိုရာဖြည့်တင်း၊ ပေးကမ်းခြင်းတည်း၊
နွားမြင်းသတ္တ၀ါ၊ ဒုဂ္ဂဘာကို၊ ကောင်းစွာစောင်မ၊ ရက္ခထ
တည်း၊ မိဘဆွေညာ၊ အာဒိတာက၊ချစ်စွာဇနီး၊ ရှုမငြီးနှင့်၊ထံနီး
မျိုးဆွေ၊ ထိုက်လျောက်စေသည်၊ အနေမရွေး၊ စိတ်မြတ်သွေး
ဖြင့်၊ ကျွေးမွေးထောက်ပံ့၊ မြဲတည်တံ့သား။ ခိုင်ခံ့သဒ္ဓာ၊
ဉာဏ်၀ါးဖြာကို၊ မခြာစွဲသုံး၊ မှတ်ပိုက်ကျုံး၍၊ နှလုံးကြည်နူး၊သူ့
ထက်ထူးသော်၊ ကျေးဇူးမြော်တတ်၊ ထိုသူမြတ်ဟု၊ မြဲမှတ်ရှုဆ၊
သုနရအား၊ ယုယမြတ်လေး၊ ရှိသေပေး၍၊ အရေးတယူ၊ပြုသည့်
သူကို၊ ဇမ္ဗူကျော်ကြား၊ မေတ္တာပွားလျက်၊ နတ်များသာခု၊
ကောင်းချီးပြုလိမ့်၊ မျက်ရှု ရတနာ၊ သိမှတ်ရာသည်။ ။ ရောင်
၀ါနေသို့ လင်းမည်လည်း။





# အပိုင်း ၄

## နီတိ ဆုံးမစာများ

၁။ ဓမ္မနီတိ ဆုံးမစာ....စဉ့်ပါဆရာတော်

၂။ လောကနီတိ ဆုံးမစာ....ဦးရှင်ကလေး



## ဓမ္မနီတိ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

နီတိသည်လည်း ဆုံးမစာပင် ဖြစ်ပေသည်။ လောကနီတိ၊ ရာဇနီတိ၊ ဓမ္မနီတိဟူ၍ နီတိကြီးသုံးစောင် ရှိရာတွင် သက္ကတဘာသာရှိရင်း ဓမ္မနီတိလာ ဆုံးမစာများကို စဉ္စပါဆရာတော်က အချိုးကဗျာများနှင့်စပ်ဆိုထားပေသည်။ လေးဆစ်ချိုးများဖြစ်၍ ရွတ်ဆိုရာတွင် ချောမွေ့ သာယာပေသည်။ ဓမ္မနီတိသည် ပါဠိဘာသာနှင့်လည်း ရှိ၍ ပထမဗားကရာဆရာတော်ကြီး ပြန်ဆိုသော နိဿယလည်း ရှိပေသည်။ ဓမ္မနီတိအချိုးများသည် ပါဠိမူရင်းဂါထာ ၄၁၄ပုဒ်ကို အပြည့်ပြန်ဆိုထားခြင်းကား မဟုတ်ချေ။ သင့်နိုးရာကို ပေါင်းစပ်ခြင်း၊ မြှုပ်ချန်ခြင်း ပြုလုပ်ပြန်ဆိုထားသည်ကို တွေ့ရပေမည်။ အချိုးပုဒ်ရေ ၂၆၉ ပုဒ်တွေ့ရှိရပေသည်။

စဉ္စပါဆရာတော်သည် စစ်ကိုင်း မန်ကျည်းစင်ရွာဇာတိဖြစ်၍ ဘကြီးတော်မင်း လက်ထက်တွင် အင်းဝမြို့အရှေ့ဘက် ငွေစင်ချောင်းထိပ်လေးထပ်ကျောင်းတွင် သီတင်းသုံး၍ မင်း၏ကိုးကွယ်ခြင်းကို ခံရသည်။ စစ်ကိုင်းမြို့ စဉ္စပါတောရသို့ ပြောင်းရွှေ့သီတင်းသုံးသဖြင့် စဉ္စပါဆရာတော်ဟု တွင်လေသည်။ စဉ္စပါဆရာတော်သည် ရတုများ၊ မေတ္တာစာများနှင့် သာမုဒြိကပျို့များကိုလည်း ရေးဖွဲ့တော်မူခဲ့ပေသည်။

ဓမ္မနီတိချိုး အချို့မှာ အရေးအကူး အဆင့်ဆင့် ပြောင်းရွှေ့ရာမှ စာကျန်သဖြင့် အချိုးမပြည့်သည်များလည်း ရှိပေသည်။ အာစရိယကထာ၊ သိပ္ပကထာ၊ ပညာ ကထာ၊ သုတကထာ၊ ကထာန ကထာ၊ ဓနကထာ၊ ဒေသကထာ၊ နိဿယ ကထာ၊ မိတ္တ ကထာ၊ ဒုဇ္ဇန ကထာ၊ သူဇန ကထာ၊ ဗလကထာ၊ ဣတ္ထိ ကထာ၊ ပုတ္တ ကထာ၊ ဒါသ ကထာ၊ ဃရာဝါသ ကထာ၊ ကာတဗ္ဗ ကထာ၊ အကာတဗ္ဗ ကထာ၊ ဉာတဗ္ဗ ကထာ၊ အလင်္ကာရ ကထာ၊ နိဂုံးစသည်အားဖြင့် ၂၁ ခန်း ခွဲခြား၍ ဖွဲ့ဆိုထားပေသည်။



# ၁။ မဂ္ဂနီတိ ဆုံးမစာ

## စဥ့်ပါ ဆရာတော်

၁။ စက္ကိနီတဲ့ဒေဝိန်၊ ပြဟ္မဝိန္ဒာမဟိန္ဒ၊ ကြီးလှဂုဏ်သိန်။ ။တောက်ထွန်းထိန်၊ မုနိန္ဒသနင်း။ ။ဉာဏ်ကြီးဗိုလ်ပါနှင့်၊ လိုရာအောင်လှယ်ဆု၊ ပေးခုချက်ချင်း။

၂။ ရှည်မြင့်ငယ်ဝါးထောင်၊ ကျောက်စိုက်ကယ်သံတိုင်နှင့်၊ မဏ္ဍပ်ိုင်တောင်ပေရှူ၊ နှိုင်းတူအခေါင်။ ။ရွှေတန်ဆောင်၊ တောက်ရောင်နေသို့။ ။တက်ဘုန်းမြတ်စွာဇီး၊ သာသနာမိန့်ရွှေခွန်း၊ ထွန်းစေပျိုပျို။

၃။ ရှေးရိုးငယ်ရဥ်လာ၊ ဓမ္မစုံလင်တဲ့၊ ဂုဏ်ညာဘင်နီတိကျမ်း၊ ရှမ်းနှင့်လျော်စွာ။ ။မြန်ဘာသာလက်ာဆိုင်မှ။ ။မျိုးမြတ်ကယ်လေးမည်သို့၊ စိတ်တည်ကြည်ဉာဏ်နှင့်နော၊ ကြြောသယ်ာင်ကစိမ့်။

၄။ မြန်ဘာသာထောက်ချိး၊ ကျမ်းရိုးနှင့်လင်္ကာ။ ။ညီညွတ်စွာကုံးစီဟောတယ်) လောကကဗျာ။ မဂ်တိကာကျမ်း ယှာတဲ့တိုင်း။ ။ဖွေထုတ်တယ်စီစဉ်လို့၊ စကားလျဉ်မသွယ်ခဲ့ပြီဘု၊ နည်းချဲ့ကျယ်ရှိုင်း။

၅။ ကျေးဇူးရှင်ဆရာမြတ်တို့၊ လေးမြတ်ကယ်ကြည်လင်။ ။ကြိုင်ခွန်းနှုတ်တော်နှင့်၊ မိန့်တော်ရွှေသံချိုဟ၊ ဆုံးမပဲ့ပြင်။ ။ပျက်ချော်ရှောင် သွေ့ကွက်လို့ ရွှေစက်မှာမငြိုငြင်၊ ခိုဝင်လို့မသိပ်

သည်း။ ။နက်နဲပညာတဲ့၊ မြိန်ရသာချိုမွန်ဆိမ့်၊ ထင်းလိမ့်
ကက်ချည်း။

၆။ ဖ၀ါးငယ်စက်တော်၊ ပျပ်သမ်ကယ်ခါခါနှင့်၊ မြမုတ္တာအာနိထူး၊
ဖူး၏ပျော်ပျော်။ လက်နုယ်ခြေဆုပ်နှင့်၊ ကြောက်ရုပ်ထယ်
ညွတ်ကော်ရော်၊ သူတော်တို့ကျင့်ထုံး။ ။ကိလိဋ္ဌကယ်နက်ကျူယ်
နှင့်၊ ခက်မိပ္ပာယ်ဉာဏ်ညွန့်ဖူး၊ ခူးလိမ့်စင်လုံး။

၇။ နက်သဒ္ဒါလင်္ကာရကို၊ မ၀တဲ့ဉာဏ်ရှင်။ ။ဥပဒေဆရာနည်းကို၊
မဆည်းဘာသာနှင့်၊ ကဗျာကိုတန်ဆာကျင်းမယ်လို့၊ခင်းတဲ့ကြံ
အင်။ ။ရယ်ပွဲသည် လျှင်ပင်ဟု၊ များထင်ဖို့ရေး။ (အချိုး
မပြည့်စုံ)

၈။ ချစ်ချစ်ကယ်ကြင်ကြင်၊ လုံ့လမွေးမြူနှင့်၊ ရှေးရှုနာစကား၊ထား
လေ့စိတ်တွင်။ စက်ရွေမှာခိုဝင်လို့၊ ရှိညွတ်ကယ် တတ်ကုန်
ငင်။ သင်ပေရစမြဲ။ ။ကျင့်ဝတ်ကယ်ငါးဖြာနှင့်၊ ဆရာကို
သက်သာခွင့်၊ ပေးလင့်ဖန်လဲ။

၉။ မိဘငယ်ဆရာ၊ အိမ်ရှေ့နတ်ယောင်သို၊ မြတ်ညာခေါင်တင်လုပ်
ကျွေး၊ မွေးအပ်သင့်စွာ။ ။မကြည်မရှိညွတ်နှင့်၊ အလွတ်ကယ်
မှုထွေရာကို၊ သေချာအောင်ဆောင်ပဲ။ ။နှောင်းနောက်ကိုတွေ့
တူပ၊ ထိုသူကိုမကြည်နူး၊ ထူးသို့ဖြစ်မြဲ။

၁၀။ ပုထိုးရွှေဂူလို။ ။မိဘနှစ်သွယ်နှင့်၊ ဥပဇ္ဈာယ်ဆရာမြတ်၊ ပျပ်ဝပ်
ကယ်ရိုတုပ်ကွေး၊ မွေး၏ကြည်ညို။ ။နောက်ထိုထို၊ သည်လိုပ
ဖြင့်မြဲ။ ။တပည့်သားငယ်တို့၊ ချစ်ကြည်လွယ်ထိုသူအား များ
၏ ခပဲ။

၁၁။ ခေတ်အာဂုံပစ္စည်းနှင့်၊ ပုဒ်ဗျည်းအက္ခရာ။ ။စိစစ်ကယ်ဉာဏ်
ကွန့်လို့ လက်မရွံ့ သူသတ်ထုံး၊ ရုံးလို့ဖွေရှာ ။ပုံပမာဆရာမှာ
သူကြီး။ ။သက်သေခိုင်ခိုင်နှင့်၊ ပိုင်ပိုင်ဉာဏ်စက်သွား၊ ဓားနှင့်
ဖြတ်လှီး။

၁၂။ ပညာလုံလောက်လို့၊ ခုံမြောက်တဲ့ဆရာ။ ။သမုဒ်ဓာယ်ရစ်သွယ်
နှင့်၊ မြစ်ပင်လယ် ဟိုဘက်တွင်းမှာ၊ ရှိခြင်းရာ လေသန့်နား၊

ကြား၏သေချာ။ ။တတ်ပညာ၊ရှာသူတို့အပေါင်း။ ။ထိုရပ်ကယ် ထိုမြေသို့၊ ရောက်အောင်လေကြံဖန်လို့၊ မနေသူလှန်ထုတ်ခွန်အား၊ သွားလေကြကောင်း။

၁၃။ မြရောင်ရည်ဖိတ်လျှမ်းလို့၊ ရိပ်ချမ်းလှသစ်ပင်။ ။ထို့ထက်ကယ် ဆွေညာနှင့်၊ မိရိပ် ဘရာမြန်း၊ ချမ်း၏မှတ်ထင်။ ။ဆရာကို မှီကြလို့၊ စိုးရရှင်သခင်၊ ခိုင်ကာတုန်အေး။ ။ထို့ထက်ကယ် ဆောင်ရာပ၊ သာသနာရိပ်ပင်ပ၊ ချမ်းသည်းလှုံသေး။

## သိပ္ပကထာ

၁၄။ ဆရာကိုဆိုတဲ့ပိုင်း၊ အလှိုင်ပြီးကုန်စင်။ ။မာတိကာအစဉ်ရောက်ပြီမို့၊ တစ်ထောက်ကယ် မိန့်ပြန်ဦးမယ်ပ၊ ရှုံးလို့ညာဏ်ဆင်။ ။တစ်၊ နှစ်ကယ် သန်ချာပြလို့၊ ဌာရသတတ်ကုန်စင်၊ ဆိုလျှင်ကောင့်ကျယ်မစိုး။ ။ကျမ်းရင်းမှာသေချာထုတ်လို့၊ နှုတ်တက်ကယ် ဆောင်လေက၊ များသိကြရိုး။

၁၅။ ကျင့်မှုရာ မှုခပ်မျှင်းနှင့်၊ သွတ်ဖျင်းသူ ယုတ်တော။ ။တတ်ပညာပဋ္ဌာတတ်ပါအံ့၊ များမှတ်ကြလေ။ ။အတတ်ကိုမရှာဖွေလျှင်၊ ဉစ္စာထွေရရေး။ဘယ့်နှယ်ကြံဖန်မြောက်ပမယ်၊ မိုးလှောက်ကွာဝေး။

၁၆။ ဉစ္စာကံနည်းလို့၊လက်ချည်းရှိသူမှာ။ ။ဆွေခင်ပွန်း၊ ချစ်ကျွမ်းဘယ်(နှယ်) မှန်းပါအံ့၊ နွမ်းတဲ့မျက်နှာ။ ။ခင်ပွန်းကွာ၊ ချမ်းသာရပဲ၊ သုခစည်းစိမ်နှင့်၊ ပင်ရိပ်ငြိမ်ခိုမနေအောင်း၊ ကောင်းမှုချိုမြဲ။

၁၇။ ကုသိုလ်ပုညကို၊ မရတဲ့သူမှာ။ ။စိန်ကျောက်ကယ် ဗိမာန်နှင့်၊ စိတ်သန့်ရာရွှယ်မကျ၊ ဝေးလှနှုတ်ရွှာ။ ။ကုသိုလ်ကံ မြောက်မချီးလို့၊ ခြောက်သီး နုတ်ရွာကို၊ လပ်ကွာတဲ့ သူအား။ ။ရမွက်ကယ် ခွာကန်လို့၊ နိဗ္ဗာန်ကိုဘယ်မှာရောက်ပမယ်၊ အယောက်ကယ်မျှော်ခေါ်ကြည့်၊ ဝေး၏ခေါင်ဖျား။

၁၈။ ပညာကို ဘယ်လူဆိုးတို့၊ ယူခိုးလို့ပါပါ့မယ်။ ။အတတ်ကယ်
အလိမ္မာနှင့်၊ ဥစ္စာဘယ်တူကြုလိမ့်၊ လောကလူ၀ယ်။ ။သိကြား
မြင်လုံးတောက်က၊ မျက်မှောက်ကယ် သည်ကိုယ်ဘယ်၊ ရလွယ်၏
ခင်ပွန်း။ ။တမလွန် နောင်ခါကြောင့်၊ မြိုက်ချမ်းသာ ပိုမိုမြင့်၊
ကဲဆင့်တောက်ထွန်း။

၁၉။ ဆရာကိုခိုကပ်လို့၊ မလျှော့ကယ်မနေပါ။ ။ခပ်သိမ်း ဘယ်တွင်မှ၊
ပျောက်ပျယ်လွင့် သွေးလပ်စေနှင့်၊ အတတ်ကယ် လွန်မြောက်
များအောင်၊ ကြားသင်ကြနှင့်။ ။စိုးမင်းပင် ဖြစ်သော်လဲ၊
ကြည်ချစ်ကယ် လာဘ်ပူဇော်မှာ၊ ကိုယ့်တိုင်းပေါ်ပြည်တွင်း။ ။
ပညာရှင် ဆိုသူတို့မှာကြောင့်၊ တို့မြို့တို့ရွာနှင့်၊ ရောက်လေရာ
ဇမ္ဗူလုံး၊ ရှုံးခ၀ပ်စင်း။

၂၀။ သိပညာဖြစ်ပွားအောင်၊ ချစ်သားတို့သင်ကြပါ။ ။မိဘဆရာတို့
ဖန်ခါခါတယည့်သားကို၊ ဘောင်နားဆန့်မငြင်းအောင်၊ သွင်းကြ
ပေရာ။ လျှော်လျှော့လျှော့တတ်နှင့်၊ အတတ်ကယ်မဲ့သူမှာ၊ ၀န်ထမ်း
သာဖြစ်မြဲ။ ။ပညာရှင် ဖြစ်ပေက၊ လူ့ပြည်မှာ ပူဇော်လို့၊
ဇမ္ဗူပေါ်ဂုဏ်ထင်ပလိမ့်မယ်၊ မိုးလထက်ကဲ။

၂၁။ ရာကုဋေကြွယ်၀တဲ့၊ မျိုးမှပင်ဖြစ်စေကာ။ ။ဆောင်၀င်းဖိတ်ကြည်
နှင့်၊ နုတ်ရှပ်ရည်ဟန်တင့်ဆင်း၊ လှလျှင်းစေကာ။ ။တတ်ပညာ
ကိုယ်မှာထက်ချည်း။ ။အမြတ်ကယ် ဘယ်မှုပါလိမ့်၊ ထိုသူကို
လူပေါက်ပန်းလို့၊ သွမ်းပြူတင့်ရည်း။

၂၂။ ငယ်စဉ်ကာလက၊ မိဘတို့တတ်မသင်။ ။စင်စစ်ကယ် ရှုန်သူတို့၊
ဉာဏ်ရှိသူဗိုလ်ပုံထဲ၊ ပွဲကြော့မ၀င်။ ။ဟင်္သာခွင်၊ တောင်စင်
ဖြူလွှ။ ။လည်စင်း ခြေရှည်နှင့်၊ ပုံမူနည် အော်အောင်ရှိင်း၊
ဗျိုင်းနှင့်တူစွ။

၂၃။ ရတနာစိမောက်ဖြိုး၊ တောက်တိုး ကျက်သရေ။ ။မြင့်ဖြူးနေ
ရာသို့ ဉာဏ်ပညာဂုဏ်ရောင်ကဲသူတို့၊ မြဲရောက်သင့်ပေ။ ။မျိုးမည်
ရည် တိမ်မြုပ်တဲ့၊ သူနုံကယ်ညစ်တေဟော၊ မနေနှင့်ဟင့်ရဲ။ ။
ပြာသာဒ်ကယ်ဘုံခွင်က၊ ကြီးညိုစင်တောင်ပန့်နက်ကယ်တို့၊ ငှက်
ဂဠုန်ဖြစ်လေရတယ်လို့၊ ထုံးမှုရှိပဲ။

၂၄။ ယုတ်လတ်ကယ်မြတ်ပညာ။ ။တတ်မျိုးစုံအောင်ပ၊ဂုဏ်ရောင်ကို မတိမ်မြုပ်စေနှင့်၊ အားထုတ်လို့ရှာ။ ။တံ့တည်ကြည် မှတ်ထိန်းလို့၊ ခပ်သိမ်းသိပညာ၊ လျော်ကာမှဥာဏ်သုံး။ ။ကာလံ ဒေသံနှင့်၊ ဝေဖန်ခါဆင်မသင့်၊ မင်းပေါ်နှင့်အုံး။

၂၅။ မိုက်တွေဝေလူ့ဗာလတို့၊ လောကမှာထင်ထင်။ ။ကိုယ့်ဂုဏ်ကို ကိုပလွှားသော်လဲ၊ ထင်ရှားဗဇာတင့်ပါမယ်၊ မူကျင့်လော် လီလမ်းငယ်ကြောင့်၊ နွမ်းယုတ် သည်ပင်။ ။ကြံဖန်ရည်ထူ ထပ်တဲ့၊ လူတတ်ကယ်ပညာရှင်၊ တွင်းမှာပင်ခိုတော့။ ။ တတ်စွမ်းလျော်စွာပ၊ ကြော်ငြာဂုဏ်သတင်း၊ ချင်းလိမ့်မြန်သော့။

၂၆။ မှာပဲ့ပြင်သွန်သင်ထား၊ တရားငယ်ကျမ်းဂန်။ ။စဆိုးဖန်ဖန်ပါ၊ သင်အံဆောင်ယူပိုက်သော်လဲ၊ လူမိုက်မှာမာန်စောင်၊ ကျိုးနိုင်ဘူ့၊ ထိုးလို့တက်ပြန်။ ။လျှပ်ရောင်ရည် ထောင်ခြည်ချင်းတဲ့၊ နေမင်းစက်ရှင်ပျို၊ အလျှံကကွန့်ပြေး။ ။ သို့ပင်ဖြစ်သော်လဲ၊ ငှက်ညစ်ကယ်ခင်ပုပ်မျိုးမှာကောင့်၊ တိုးလို့မိုက်သေး။

၂၇။ မေထုန်မှီအိပ်စားလို့၊ ယောကျ်ားတဲ့ နွားမှာ။ ။ ပြည့်အစုံ ကိုလုံ့ရှိပါ၏ သိပညာတတ်တစ်ပါး၊ နွားထက်ပိုသာ။ ။တတ် ပညာ ချို့ရှားချေက။ ။လူမိုက်ခေါင် ထိုယောကျ်ားကို၊ နွား ဟု ဆိုရ။

၂၈။ တတ်ပညာ လိုချင်အားနှင့်၊ မြောက်မြားပုံငယ်ယင်။ ။ မနပ် ကယ် မကြေဘူး၊ သင်လေတယ် ကြံရှေ့သွားနှင့်၊ ပျားစား လက်ရေဆေးတဲ့နှယ် ပြေးလိမ့်ပျောက်စင်။ ။မထင်နိုင်မယူဆ နှင့်၊ လူအ အိပ်မက်မြင်၊ ပုံပြင်ကမလှဲ့။ ။သိန္နေသိပ္ပံဟု၊ ဗျာ ဒိတ်သံရွှေမိန့်တမ်း၊ ငြမ်းမှီပြုပဲ။

## ပညာ ကထာ

၂၉။ သိပ္ပကထာ၊ အဆုံးသည်တွင်ပြီး၊ ပြီး၏သေချာ။ ။မာတိကာ၊ ပညာအခန်း။ ။စဉ်တိုင်းရောက်လာလို့၊ ခုသည်ခါဆိုပြန်လိမ့် မယ်၊ နားငြိမ့်ရှင်လန်း။ ။

၃၀။ လှန်စွာထုတ်ခွန်အားနှင့်၊ နေနှားမဲ့ သင့်သည်မှာ။ ။တတ်သိ
လိမ္မာနှင့်၊ ပညာအစဉ်သင့်၊ ပွားမြင့်လေရာ။ ။ ပညာဉာဏ်
သက်ထ၊ အနက်ကယ် မိပ္ပာယ်လာ၊ စိတ်ထဲတဲ့ ထင်ရှေး။ ။
လောကုတ်လောကီတဲ့၊ နှစ်လီဆိုအနက်၊ ကျိုးဆက်ဆက်ပေး။

၃၁။ လူတော်ပညာရှိက၊ ကဝိဟို့ဖွယ်ရာ။ ။ဉာဏ်နှောက်နည် ဖွေရှာ
ပတ်လို့၊ နာဂတ်ကယ်လာမည့်ဘေး၊ ဝေးကမြှော်ကာ။ ။
ရှေးဝဋ်ကျန် ကံမှောက်လို့၊ ရောက်တုံဖြစ်ပြန်လှာ၊ ဆိုဆံစာမှ
ကြောက်ပဲ။ ။လက်ရုံးပြိုင်ကာနှင့်၊ ခိုင်သန်မာ အောင်တာရှိ၊
စွမ်းခေါင်ထိရဲ။

၃၂။ အလိုရမ္မက်နှင့်၊ အမျက်တယ်မာန်ပါ။ ။ထောင်လွှားပြုမူနှင့်၊
ပျင်းသသူဌူရှုလေ့၊ ယွင်းမေ့တတ်စွာ။ ။သောက်ကြူး အိပ်
ကြူးနှင့်၊ ကျွေးဇူးကိုချေတင်ရှာ၊ ယုတ်မာတဲ့ ကျင့်ဖျင်း။ ။
ယမ်မူးဝန်တိုနှင့်၊ ထိုထိုလူဗာလကို၊ ဝေးရာကကွင်း။

၃၃။ သဒ္ဓါသတိနှင့်၊ ဟီရိငယ်ဩတ္တာပ္ပာ။ ။ဗာဟုသစ္စံနှင့်၊ ဝီရိယံ
ဉာဏ်ရောင်မြူး ထူးတဲ့ဓမ္မာ။ ။ခုနစ်ဖြာ၊ တရားဆည်ပါက။ ။
ရှိပညာသည်သူဟု၊ ဇမ္ဗူမှာထင်ထင်ရှား၊ များသိမြင်ကြ။

၃၄။ မျက်မှောက်ကယ်တမလွန်။ ။အကျိုးနှစ်စုံကို၊ ဂုဏ်လောက်လုံ
ကိုယ်စယ်စွဲ၊ မြဲတဲ့သူမွန်။ ။ဉာဏဝန်၊ တံခွန်တစ်ခု။ ။သည်
သူကို သူတော်ကောင်းပေပ၊ ပေါင်းဖက်ဖော်ပြု။

၃၅။ ကိုယ်တာန်ဆိုစကားနှင့်၊ ချစ်အားငယ်လျော်ရုံ။ ။လျောက်ပတ်
ကယ် မျက်မှာနှင့်၊ သည်သုံးတန် သူတော်ကျင့်၊ လေးမြင့်
လောက်လုံ။ ။လူတို့ဘုံ ဉာဏ်ဂုဏ်ပွင့်လင်း။ ။ ကဝိဘာဏ်ဆူ
ပေပ၊ မျိုးယူလို့သွင်း။

၃၆။ ကေန်စင်စစ်ပ၊ ပညာသစ်ကယ်မှတ်ယူ။ ။စိုးရသခင်နှင့်၊ပညာ
ရှင် သည်နှစ်ဦး၊ တူးကြမတူ။ ။ပြည့်ရှင်ဂုဏ်အင် လိုင်းသော်
လည်း၊ ကိုယ့်တိုင်းပြည်သူသာ၊ ကြည်ဖြူကြစတမ်း။ ။ပညာ
ရှိမှုကောင့်၊ ကဝိဂုဏ်ချည်မြောက်လို့၊ ရောက်လေရာသူခပ်သိမ်း၊
တိမ်းညွတ်ဖြည့်လွှမ်း။

၃၇။ ပညာရှင် သူတော်ကောင်းကို၊ တင့်ကြောင်းငယ်ထိုထို။ ။ မလိမ္မာလူမိုက်သူမ်းတို့၊ ချီးမွမ်းထောမနာလှဲ၊ မဖွယ်ရာဒဏ်ပင် ပေးသည်ဟု၊ ရှေးလူတို့ဆို။ ။ဂုဏ်ရည်ကိုစံမှီးလို့၊ ဉာဏ်ကြီး ခိုင်နှုံကို၊ ဂမောက်မိုတဲ့သူချမ်း။ ။ချီးမွမ်းမြောက်ပေမှု၊ တောက် နေခြည်ပုံတူရှည့်၊ ကောင်းသည့်အခင်း၊

၃၈။ ခေါင့်မာန်ကိုယ်နှုတ်နှင့်၊ မျက်ကြုတ်ကယ်နည်းစွာ။ ။သူကြီး အရှင်တို့၊ ဆင်ခြင်တော်တရားပေက၊ နောက်သားငယ်လူပေါင်း၊ ကောင်းလိမ့်မှတ်ပါ။ ။ခေါင်းသွား မြီးပါ၊ ပမာပုံရှိ။ ။ သည့်ဆီကိုဆင်ခြင်လို့၊ ပညာရှင်မျက်မာန်ထိန်း၊ ငြိမ်းကြပါဘိ။

၃၉။ သည်ခန္ဓာ ကိုယ်ညစ်နှင့်၊ အနှစ်တဲ့ ဂုဏ်စိုင်။ ။စင်စစ်ကယ် လူဖွယ်ရေး၊ ဝေးဓါမဆိုင်။ ။ရှည်မကြာပျက်ယွင်းလို့၊ ချက် ချင်းခန္ဓာတိုင်မှာ၊ ပျက်ယိုင်လို ပြိုကွဲ။ ။ကျေးဇူးဂုဏ်ရည် တောင့်၊ မြင့်ရှည်စေ့ဆော်စပ်လို ပေါ်ကမ္ဘာ ကြေပျက်ဆုဦး သော်လဲ၊ ဆုံးခွင့်ရောက်ပဲ။

၄၀။ ကြီးမြတ်ငယ်ညည်းစိမ်အင်း ။အဟတ်ကယ်ပညာနှင့်၊ ထင်ရှား စွာ ကိုယ့်နကျိုး၊ ဖြိုးဝေလျက်ပင်။ ။သူ့အောက်ကိုနှိမ်ချလို့ မာနကိုယ့်ဂုဏ်အင်၊ မထင်ရစေပဲ။ ။သည့်တိုင်း ကျင့်လေက၊ လူ့ကဝေဆိုပိုင်လောက်ပေ၏၊ မိုးအောက်ဒမြေထဲ။

၄၁။ မထိုက်တန်မတော်လျား၊ စီးပွားချမ်းသာကို။ ။ မရှာမဖွေနှင့်၊ ပျက်စီးလေစည်းစိမ်မျိုးကိုလဲ၊ အစိုးရိမ်မမူလေ့၊ မြန်မွေ့နှုကို။ ။ သည့်ပြင်ကိုဆိုရန်ရှိသေး။ ။မှောက်မှောက်ကယ် လှန်လှန်နှင့်၊ ဖောက်ပြန်ရာ တွေ့ဝကင်းလေက၊ ဖြောင့်စင်း ပညာရှိပေဟု၊ တိုင်းသိအံ့ရေး။

၄၂။ လူ့ပြည်မှာပညာရှိ၊ ကဝိတဲ့ဝါသာ။ ခက်ဆစ်ကယ် ခဲရာက၊ နည်းငယ်သာ တစ်ပုဒ်တည်းဟု၊ တင့်ရည်း မထမ့်၊ ကင်းခဲ့ စေရာ။ ။သုံးကျွန်းပြိုင်ရောင် ချင်းတဲ့၊နေမင်း ဧကင်္ဂနှုံဝါ၊ ပမာနှင့်ပမည်း။ ။ဉာဏ်နှင့်သာစက်လေ ငင်းစော၊ သစ်ခေါင်း ဘယ်ဝင်လို့၊ ရောင်ခြည်လျှင်ထင်ထင်ပျံ့၊တွန်းနိုင်အံ့နည်း။

၄၃။ မြတ်ရသာ ဂုဏ်နှစ်နှင့်၊ အပြစ်ကယ်တိုတွင်။ သစ်စုံ တစ်ရာနှင့် ကင်းကွာလေသူတို့အား၊ ခြားလို့မမြင်။ ။မြန်းနိုလွင်၊ကမုဒ် ကယ် ရွှေကြာစင်လျက်၊ ရိုးပင်ကကြမ်း။ ။(အချိုးမပြည့်စုံ)

၄၄။ ဌာဏထာဋ္ဌိကာကျမ်း၊ ခွဲခြမ်းတဲ့ဉာဏ်ရှင်။ ။ယုံမှားသံသယကို၊ ကြံရဖွယ်မရှိလျှင်းအောင်၊ ကြွင်းမဲ့သုတ်သွင်။ ။သို့လောကီ စင်၊ ဖြစ်ကျင်သော်လည်း။ ။လောဘဒေါသမောဟတို့၊ ကွေမကွာ ကိုယ်မှာလွှမ်းချေက၊ ယမ်းမို့ညစ်မည်း။

၄၅။ သူ့ကျေးဇူး၊ အထူးငယ် ဆိုတတ်သူ။ ။ချွတ်ယွင်းမှုလွန်လို့၊ ဂုဏဝန်သူတော်များမှာ၊ ပြစ်မှားဖွယ် မြင်ပြန်ရသော်လည်း၊ ဒေါသမယူ။ ။လစကြာဘုံမုခ်မှာ၊ယုန်ရုပ်ကယ်မှေးမှူကို၊ ဘယ် သူမှရှုပ်။ ။သည်နည်းမှတ်ယူလို့၊ မြတ်သူတော် လျော်နှလုံး၊ သုံးကြစမြဲ။

၄၆။ သိလိမ္မာသူမြတ်တို့၊ အမှတ်ကယ်မသေ။ ။ဘစ်ဆစ်ကယ်ရုံခါမှ၊ ဉာဏ်တူစွာ သူတော်ကောင်း၊ ပေါင်းဖက်ရချေ။ ။မိမိကိုယ် သူတစ်ပါးနှင့်၊ စီးပွားကျိုးနှစ်ထွေကို၊ရဒေပလိမ့်အမြဲ။ ။နိဗ္ဗာန် ခေါင်တိုင်ပ၊ ဆောင်နိုင်အောင်ကြံပြည့်လျှမ်း၊ ချမ်းသာမြင့်ကဲ။

၄၇။ ခံတွင်းတဲ့နှုတ်လျှာမှာ။ ။နက်ကျယ်စွာထွေပြားအောင်၊ စကား ဘယ်ရှိဖူးဟု၊ ထူးမဆိုသာ။ ။ယပ်ဝန်း ရွှေလွှာမှာ၊ လေပါ သော်တော။ ပွတ်ခုံပွတ်တံနှင့်၊မှူကျောက်သံဆိုသရွေ့မှာ၊လေ့ ဖြစ်ပြန်လှည့်၊ မိ်း၏သဘော။

၄၈။ သူခမိန်ဉာဏ်ရှိ၊ တဝိတ္တိဂုဏ်ရည်။ ။မမေးသူနေက၊ ရွှေပဟိုရ် စည့်တော်ကြွေးလို၊ တီးမှသံမြည်။ ။ပညာပေတုံးနှင့်၊ နှလုံး ရတည်ကြည်၊လူမိုက်ရည်သဘော။ သူမမေးသော်လဲ၊ တံတွေး အာခေါင် ခြောက်အောင်၊ ဖောက်ဖောက်ကယ် ပြန်ပြန်နှင့်၊ အတန်တန်လွန်ပလွှား၊ များထပ်ထပ်ပြော။

၄၉။ အလင်္ကာဂုဏ်ရောင်မြူး၊ကျေးဇူးပုံ့စည်။ ။ခပ်သိမ်းသတ္တဝါ၏၊ ကျိုးရှိရာကြံကြွယ်ဝ၊များစွစွမ်းရည်။ ။ကိုယ့်ကိုယ်ကိုသူတခြား နှင့်၊ စီးပွားသည်နှစ်တည်ကို၊ ကျင့်မည်လို့ကြံပဲ။ ။ထိုသူကို သူတော်ကောင်းလို့၊ အပေါင်းဘယ်လူဆိုပါမယ်၊ ဝေးထိုကာရှ။

၅၀။ ပညာကြွံကြွယ်စသော်လဲ၊ ဗာလတို့အယောင်။ ။ မျက်စိနားစုံနှင့်၊ အားလောက်လုံ ဂုဏ်ပင်ရှိသော်လည်း၊ မသိမမြင်ဟန်နှင့်၊ ဆွံ့အဟန် ကိုယ်အန်နွဲ့လေသို့၊ ထူးဖွဲ့ရုပ်ဆောင်။ ။ စီးပွားကျိုးခေါင်ကို၊ ရယောင်ထင်က။ ။ကိုယ်စိတ်ကိုနွမ်းခံလို့၊ သုသာန်မှာ သူသေသို့၊ တူမသေ့ပုံပြင်ထား၊ အားထုတ်ပါကြ။

၅၁။ လူ့ပြည်မှာ ငါသာတတ်သည်ဟု၊ အမှတ်ကယ် ထင်ရှာ။ ။ တစ်ယောက်မှာ ငါပလဲပ၊ ခွဲခြမ်းဉာဏ်ပင်ရှိသည်ဟု၊ မိမိကိုသူနှင့်ရော၊ နှောနှောက်သည်သည်သာ။ ။တစ်ယောက်မှာ ငါမတတ်ဘူး။ ။သုံးယောက်ကယ်ပညာရှိကို၊ မှတ်သိနာခံတော့၊ ကျမ်းဂန်မှာသည်ဆိုနဲ့ပင်ပ၊ကွဲလို့မူထူး။

၅၂။ ရဟန်းငယ်သံဃာ။ ။သူရှူးတစ်သွယ်နှင့်၊ သူငယ် အစ်ကိုကြီး၊ သီးသန့်ရာဇာ။ ။သည့်ပြင်မှာ၊ ဆရာမိဘ။ ။ သည်သူများကိုလ၊ အမှားဖွေစစ်လို့၊ အပြစ်ကယ်မယူသင့်ပေဟု၊ မှန်းချင့်မျှော်ဆ။

၅၃။ သူမထေပြုသွားနှင့်၊ လှည့်စားခံရဟန်။ ။နှလုံးပူပန်နှင့်၊ မူဖောက်ပြန်အိမ်ဝယ်ကျင့်၊ မှားခွင့်ဖြစ်ဟန်။ ။ ကိုယ့်အင်တန်၊ ဉာဏ်ရှိသူခပဲ။ စိစစ်ကယ် ဆင်ခြင်လို့၊ မူပေါ်လွင်ထင်ထင်ရှား၊ လွှားပြသင့်ပဲ။

## သုတ ကထာ

၅၄။ ပညာဆိုရှန်လမ်း၊ ဆုံးခန်းငယ်ရောက်ပြီ။ ။သုတ ကထာဟု၊ မာတိကာပုဒ်စဉ်တိုင်း၊ လိုင်းလို့ဉာဏ်ချိ။ ။လူ့လောကီ သိမှီလိုက။ ။နေ့တိုင်းခါခါတွဲ၊ ဉာဏ်ရော့လာသည့်သဘော၊ နှောနှောက်ပါကြ။

၅၅။ ထမင်းစိမ့်ဆပ်နှင့်၊ မနပ်ကယ်အိုးတွင်။ ။ခွက်ကြုတ်ကယ် ပန်းကန်သို့၊ တစ်ဖန်ရောက်မှပြန်ဘက်၊ နပ်ရဖွယ်ဘယ်မှာရှိတယ်လို့၊ ကြားသိမမြင်။ ဆရာဉာဏ်ချည့်က၊ တပည့်ဂုဏ်မထင်၊ စုံလင်လိမ့်ဘယ်တတ်မျိုး။ ။သည်ဆိုကိုကြံရွယ်လို့၊ ဉာဏ်စွယ်စုံဆရာသို့၊ ဖန်ခါခါရှာကာသွား၊ အားသစ်လို့တိုး။

၅၆။ ပြည့်လောက်ညက်ဂုဏ်ရှိ၊ ကစိတ္တိမွှောက်ထံ။ ။သက်ဆုံးကပ်နို လဲ၊ အတတ်ကို လူဗာလတို့၊ အရမယူဖြစ်လေဘူး၊ သွင်းလစ် ပေါ့တန်။ ။တောင်သူ ညာန်ကျူတဲ့၊ မိလက္ခုပုံစံကို၊ ရှာကြံလို့ နိုက်နဲ။ ။မျက်မျိုးရောင်ပြုတဲ့၊ တောင်ဒေဝဘု ဂီရိန်မြတ်မှာ၊ နဝရတ်ကာယ် ရွှေတင်ကျောက်ကို၊ ဝမ်းမြောက်ဘိပဲ။

၅၇။ ရတနာ့ရွှေဖငွေစသည်ဖြင့်၊ဧတာဝငယ်သမင်။ ။အကျိုးမပေါ် သို့၊ ပြက်ချော်ချော် လူညစ်ညမ်းမှာကောင့်၊ ကျင့်ဆန်း မြတ် သီလကိုကျိုး ကမထင်။ ရွှေနှုတ်လှာ ဓမ္မဖြင့်၊ ဒုဋ္ဌနပုဂ္ဂိုလ် ရှင်မှာ၊ အာနိသင်ချွတ်မြဲ။ ။သုတပညာနှင့်၊ လူ့ဗလာမိုက် ခေါင်ထဲမှာ၊ ကျိုးရှိလှပဲ။

၅၈။ စားကာတဲ့အိပ်ကာ။ ။အသားပိုပုံလို့၊ သက်မွေးရုံ လူမိုက်များ၊ နွားဓါပမာ။ ။တတ်ပညာ ဆိတ်စာမျှ မကိုး။ ။ပေါ်ပေါ် လွင်လွင်နှင့်၊ ကြွားအမြင်လယ်ကာယ်ချည်း၊ နည်းတဲ့လူမျိုး။

၅၉။ ကြွားအမြင် ကုန်နဲလို့၊ မိုက်မဲတဲ့သူမှာ။ ။မာန်ခေစာင်ကို ထောင်လွှား၊ များထင်တယ်မှာ။ ။မုံပမာ ရှားဒသာ်ခပ်ရှိင်း။ ။ သမုဒ်ကယ်မမြင်ဲလေလို့၊ တွင်းရေကို အပုံကြီးဟု၊ တသီးကြံ မှောက်မှား၊ ဖားငယ်နှင့်ခိုင်း။

၆၀။ တည်ဆိုအံ့ အကြောင်းဖြင့်၊ ကောင်းကောင်းငယ် သိစေ။ ။ ချောင်းစုပ်ကယ်မြောင်းငယ်တို့၊ စလုပ်လယ်မြောင် ပယ်ကြွားမှု၊ ချောက်ချား မြည်သံပြ၊ စီးကျတော့ဗွေ။ ။မဟီယဉ်ဝဲတ်နှင့်၊ သမုဒ်ကယ် ဂင်္ဂါရမူ၊ သံတွေဘော့ပြုပဲ။ ။ထိတ်ဆိတ်ကယ်တုကျ ဘော၊ မျောကုန်ကြွားဲ့။

## ကထာနု ကထာ

၆၁။ သည်တွင် သည်မျှဖြင့်၊ သုကာကိုဆိုရန်ဒေတ္တ၊ ပြီးလက်စပြေ။ ။ ကကာခန်းကိုလါ့ တဆန်းညက်မေ့လို့၊ မြန်မြေဇမ္ဗူဋ္ဌိမ့်ဆအောင်၊ မင်းဆိုလိမ့်အုံး။ ။(အချိုးမပြည့်စုံ)

၆၂။ သုဘာသိတနှင့်၊ ဝိယောဂေ်ဝါစာ။ ။သစ္စံမွေ့တည့်၊ ပြည့်ဖော် လေးဖြာ။ ။သည်သာချာ၊ အင်္ဂါဟုမှတ်ဦး။ ။စကားစမြည် ဆိုက၊ သည်ကိုမလွန်ရအောင် ပြောကြလက်သုံး။

၆၃။ သိင်္ဂီရေွှခက်တွင်းမှာမ၊ သားမင်းခြင်္သေ့ဆီ။ ။ငွေခွက်မှာဘယ် တည်လိမ့်၊ ပညာသည် ဆိမိန်ခွန်းမှာကောင့်၊ မိုက်လုန်းသူယုတ် နား၊ ပါးမျှမသိ။ ။ဂုဏ်ဝသီ၊ စုံညီတဲ့တမ်း။ ။နှိုက်နဲ့ကြံ ယူလို့၊ ဇမ္ဗူရွှေခွက်နား၊ တားလိမ်ပြည့်လျှမ်း။

၆၄။ ရှိန်စေ်ပင် ကြီးသော်လည်း၊ မီးတို့ဖော်စွမ်းရည်။ ။မြေခိုင်ကို ကြေနိုင်တတ်စေား၊ ရမြတ်ကယ် သီတာဖြစ်လျှင်ကောင့်၊ ကြေ နယ်ကယ်ကုန်စေမြဟု၊ စွဲမှတ်လို့တည်။ ။လူပဏ္ဍိ၊ ကဝိတို့စထား ရည်၊ လဲ့ကြည်တဲ့ရေနဲ့၊ ကြမ်းကြုတ်ခက်ချော်တဲ့၊ သူမတော် ပေါင်ပင်ဖြစ်သော်လဲ၊ ချစ်နှစ်ကယ်လွန်သိမ်မွေ့၊ နူးလေရမြဲ။

၆၅။ ရန်သူလူယုတ်နှင့်၊ ကြမ်းကြုတ်တဲ့သူကို။ ။သိမ်မွေ့နှစ္စာဖြင့်၊ ခုမကြာအောင်စေမည်ဟု၊ ကျမ်းမှာသို။ ။မျှားထိုထိုမှာဆို မျှခပင်း။ ။နူးညွှံခြင်းရာဖြင့်၊ မာအောင်ရာ ဘယ်မရှိ၊ ထား သတိသွင်း။

၆၆။ လူ့ပြည်မှာစန္ဒကူး၊ အထူးငယ်ချမ်းကြည်။ ။ထိုထက်ကယ်ပိုမို ကဲလို့၊ လုံ့ရဲလရောင်နှင်း၊ချမ်းပါလှသည်။ ။သူတော်သူမြတ်တို့၊ မိန့်အပ်တဲ့စကားရည်၊ လူ့ပြည်ဝယ်အံ့အဲ။ ။လရောင်စန္ဒကူး ထက်၊ အထူးပိုလျှမ်းအောင် ချမ်းစိမ့်လှမြဲ။

၆၇။ ချမ်းမြေ့ပြေစကား၊ ဆိုငြားတဲ့သူမှာ။ ။ခပ်သိမ်းမှုပြုလို့၊ လူ့ ပြေမှာမိတ်ခင်ပွန်း၊ ကျွမ်းဖွဲ့များစွာ။ ။ပါဂဇ္ဇရသ်နှင့်၊ ကြမ်း ကြုတ်ကယ်ပြုသူမှာ၊ ဆွေသဟာရှိဘူး။ ။သည်အရာ၊ လမင်း နေစကြာကို၊ ပုံပမာဆောင်ယူပြ၊ မျှားသိကြဦး။

၆၈။ ချိန်ပါသင့်မြတ်တင်၊ မိန့်အင်တဲ့စကားရည်။ ။တစ်ခွန်းပင်ဖြစ် သော်လဲ၊ ချစ်နှစ်ဖွယ် ပြန်မပြောင်း၊ ကောင်းရာဌာသည်။ ။ ဆာငလာင်ပူအင်တဲ့၊ လူတော်တို့လျှာရည်မှာ၊ မကြည်တဲ့ထမင်း။ ။ သိကြားနတ်စာသို့၊ မြတ်ရသာမည်ပြန်ဘိ၊ လောကီခေတ်တွင်း။

၆၉။ ကျိုးစင်ကယ် ထင်ရှားတဲ့၊ စကားပင် ဖြစ်စေထာ။ ။မနား

မနေနိုင်၊ အငွေထွေထွေရေယဉ်စီးတဲ့နှယ်၊ ပုံကြီးဆိုရာတတ်ချေကာ၊ လေးမြတ်မဲ့ပါ။ ။ဥပမာ—ဆိုသည်သာသဘော။ ။အကျိုး ပင်ရှိသော်လဲ၊ တိုင်းသိပိုလ်ခြေတို့၊ မြစ်ခရကိုလျစ်လျူကြည့်၊မင်း မြင်ဓါလေလာ။

၇၀။ ချိန်ခါကိုလွန်ဘိအောင်၊ တိုင်းမသိဆိုစကား၊ များနှင့်ဆင်ခြင်။ လူအ့ပမာသို့၊ ခပ်သိမ်းခါ၊ အ့ သုံဆိတ်အောင်လဲ၊ တိတ်တိတ် ကယ်မနေတတ်ပါနှင့်၊ လျှောက်ပတ်ကယ် ဆိုချိန်သင့်၊ ပြောခွင့် ရှိလျှင်။ ။မတုန့်ယင်၊ ပီပြင်သန့်ရှင်း။ ။ရှေ့နောက်ကိုမြော် ခေါ်လို့၊ တော်လျော်နေရာကျအောင်၊ ပြောပါကြမင်း။

၇၁။ ပြစ်ပြစ်ကယ်ပြေပြေ။ ။စကားလိမ္မာကာ၊မှူလိုရာရောက်နိုင်ခြင်း၊ ကြောင်းရင်းဖြစ်ပေ။ ။စကားငံမချေ၊ညာဏ်ပေတဲ့သူမှာကော့။ ။ လိုရင်းကြိုးကိုင်သို့၊ပိုင်ပိုင်ကြံရွယ်လို့၊ဘယ့်နှယ်ရောက်နိုင်ပါမယ်၊ တွေးဆထောက်တော့။

## မန ကထာ

၇၂။ ကထာဆိုတဲ့ပိုင်း၊ ချင့်နှိုင်းညာဏ်လိကာ၊ပြီးခဲ့သချာ။ ။ခုသည် ခါ ဥစ္စာကိုဆိုရေး။ ။ပညာခေါင် အားလို့၊ ထောင်နား မချော်ရအောင်၊ သွင်းကြလသေး။

၇၃။ သဒ္ဓါသီလနှင့်၊သုတငယ်စာဂါ။ ။ဟိရိဩတ္တပ်နှင့်၊ဓာထပ်ကယ် ညာဏ်ထည့်လောင်း၊ ပေါင်းခုနစ်ဖြာ။ ။မဂ်ငြိမ်း ခေမာရောက် အောင်လို့၊ အလျော်ကယ် ကြံရည်ကောင်း၊ လောင်းတို့ လက်စွဲ။

၇၄။ လူ့ပြည်မှာကြင်မဝ်၊ မိန်းမတို့ဥစ္စာ။ ။ခြောက်ပြစ်ကင်းစင်လို့၊ တင့်ဆင်းပြင်နတ်ဟန်လှပင်ဟု၊ကျမ်းကမိန့်မှာ။ ။ယောကျ်ားတို့ ဖွယ်ရာ ဥစ္စာကိုဆိုလျှင်ကော့။ ။မျိုးရိုးမြတ်ရည်နှင့်၊ ဆက်စဉ် ရှည် နွယ်ဝံသပင်တဲ့၊ တွေးဆနှောက်နှော။

၇၅။ မြေတို့မှာအဆိပ်ဟု၊ ကျမ်းရိပ်ကယ်ထင်စွာ။ ။ဆင်မြင်း ခြွေ
လျှင်နှင့်၊ စစ်တုရင်သေနင်ကျင်းပေပါ၊ မင်းတို့ဥစ္စာ။ ။
ရပ်ခေမာရည်မှန်း၊ ရဟန်းတို့ဥစ္စာမှာ၊ သီလသာလက်စွဲ။ ။
ပုဏ္ဏားတို့ဥစ္စာကောင့် ဗာဟီရာဗေဒင်မျိုး၊ ကြိုးလို့သင်မြဲ။

၇၆။ ကာလဝိပွတ်သို၊ ရောက်လတ်ပြီဆိုလျှင်။ ။အဆင်းဂုဏ်နှင့်၊
ဉာဏ်ပညာ ဆွေအမျိုး၊ ကျိုးဆက်မ ာ။ ။ချစ်ကြည် ကြင်
လွန်းတဲ့၊ ခင်ပွန်းမိတ်ဆွေခင်မှာ၊ အသုံးပင်ရဘူး။ ။ဥစ္စာဆန်
ရေနှင့်၊ ရွှေငွေသာဂုဏ်ရည်တက်ဟယ်၊ ကျိုးဆက်တထူး။

၇၇။ ဥစ္စာကုံနွဲ့လို့၊ ချို့တဲ့သည့်သူကို။ ။ခင်ပွန်းမိတ်ဆွေတို့၊ပစ်ပယ်
လေ ကြုံလျက်သားပင်ပ၊ အပါးတူနေကြပဲ၊ ချဉ်းတာပဲမခို။ ။
ကုံကုသိုလ် ကယ်မလို့၊ ကြွယ်ဝတဲ့သူကိုသာ၊ မှီခိုကြစမြဲ။ ။
လောကမှာဥစ္စာတဲ့၊ မဟာမိတ်ဆွေကြီးပေဟု၊ သီးသန့်မှတ်စွဲ။

၇၈။ ရေတွင်းတဲ့ရေကန်ကို။ ။သောက်ချိုးငှာ ရေစဉ်ရှိမှ၊ တိုင် သိ
လူပုံပေါင်း၊ သောင်းပြည့်မှီခို။ ။ကုန်စင်စင် ခြောက်ခန်းလို့၊
မောက်လျှမ်းရေမစိုလျှင်၊ ဘယ်မှီခိုလ်မဲ့တုန်း။ ။သက်သေတည်
ခုံသို၊ သညပုံကိုကြည်ယုံမြဲ၊ စွဲကြလက်သုး။

၇၉။ ကျက်သရေရောင်မြိုက်နှင့်၊ ထိုက်လိုက်ကယ်ချမ်းသာ။ ။ရှိ—မဲ့
ထိုထိုနှင့်၊ကိုယ့်ကို—ကိုယ်ပင်ပြုသည်ပါ၊ အမှုဘယ်လူလုပ်ပေလိမ့်၊
အားထုတ်လို့သာ။ ။ကျမ်းရွှေစာ၊ လာသည်အတွင်း။ ။
ဇမ္ဗူလူထိုမျှ၊တွေးဆဉာဏ်လိုင်း။

## ဒေသ ကထာ

၈၀။ ဥစ္စာဆိုတဲ့ပိုင်း၊ အလိုင်းသည်ဆီတွင်၊ ပြီးခဲ့ကုန်စင်။ ။တဆန်း
ဉာဏ်ဆင်လို့၊ မြန်ခွင်ကျော် ချောက်အောင်၊ တထောက်ကယ်
ဒေသခန်း၊ လမ်းထွင်လိမ့်ဦး။ (အချိုးညီ—မပြည့်စုံ)။

၈၁။ ဇမ္ဗူပြင်အကြင်ရပ်မှာ၊ဆေးတက်ကယ်ဝိဇ္ဇာ။ ။ဗေဒင်ဆရာနှင့်၊
ဥစ္စာကြွယ်ပြည့်ဖြိုး၊စိုးရာဇာ။ ။ပတ်ဝဲယာခွေယစ်လို့၊ရေမြစ်

ကယ်သီဘာ၊ ဘယ်မှာမှရှိပဲ။ ။ကရက်ကယ်မျှသော်လဲ၊ ဌာန
ထိုမြေခန်းမှာ၊ ပျော်မြန်းမနေရာဟု၊ ကျမ်းရွှေစာ မှာတော်ရှိ၊
ထားသတိစွဲ။

၁၂။ အကြောင်ဂါမန္တင့်၊ ဌာနငွဲတိုင်းခွင်။ ။မြတ်နိုးဘနာနှင့်၊ ဓမ္မ
မိတ္တာပညာပေးသူတို့၊ဝေးချခဲ့လျှင်။ ။ထိုရပ်ခွင်၊ ကျင်လည်
သင့်ဘူး။ ။လျော်ရာမှာ-ပျော်ပါရအောင်၊ သွားလေကြဦး။

၁၃။ ညွှတ်ကြည်ညို ရိုကျိုးနှင့်၊မြတ်နိုးငယ်မထင်။ ။မနာခံမလျော်
နှင့်၊ သူတော်ကို မတွေ့မဲ့၊ မျှားခဲ့သည်ပင်။ ။သူယုတ်ကယ်
ပြင်ပြင်ကို၊ချစ်ကြင်တဲ့ဌာန။ ။ထိုမြေချက်မှာလ၊တစ်ရက်ကယ်
ခိုမအောင်းပါနှင့်၊ ပြောင်းရှေ့ခွာကြ။

၁၄။ ဆင်ပြောင်ခြေသံ့နှင့်၊ဂုဏ်ဟေ့မြတ်သူတော်။ ။သုံးယောက်ကယ်
သည်သူတို့၊ စိတ်ကြည်ဖြူ ကိုယ်မချမ်းချေကာ၊ တစ်ခန်းရပ်ဒေသ၊
သွားကြပျော်ပျော်၊ သမင်သူနုပ်နှင့်၊ ကျီးယုတ်ကယ် တို့မှာသော်၊
မလျော်ပင်ဖြစ်လည်း။ ။နေ့မြဲရပ်ထံသို့၊ တပ်တကျာပိုပွားလို့၊
တစ်ပါးမခွာပစ်၊ ကျိုးနှစ်ကနည်း။

၁၅။ အကြောင်ဌာနမှာ၊ဗာလငယ်ပျက်ချော်။ ။ရဲရင့်လိမ္မာနှင့်၊ကြောက်
တတ်ရှာသည့်လူစုကို၊ အမှုကူညီထား၊ မျှားညွှတ် ပူဇော်။ ။
မနာခံလျော်–သူတော်တို့စိတ်ကူး။ ။အကျိုးဘယ်ထင်ဟု၊ ထို
ရပ်ခွင်ဒေသခန်း၊ မြန်းမွေ့ကြဘူး။

၁၆။ ပညာရှင်လူစုတို့၊အမှုကိုမျှော်ကာ။ ။ပျော်မြဲချက်မြေက၊တဘက်
ခြေချီမကြွ၊ မှန်းဆစာနာ။ ။သူ့ရပ်ကယ်ခန်းဝါကို၊ရှမ်းရော်
ကာ ရှူဦး။ မဆင်မခြင်နှင့်၊ ကိုယ့်ရပ်ခွင် ဒေသဟောင်းကို၊
ပြောင်းခွာသင့်ဘူး။

## နိဿယ ကထာ

၁၇။ ပညာဖွဆလို့၊ဒေသပယ်ကိုထား။ ။သည်လောက်ကယ် သည်
တွင်နေ့ရှ၊ပြီးဂေစ္စုံစွာ။ ။ခုသည်ခါမှီရာအပိုင်း။ ။ခက်ခိုပွားသ်၊
နက်ကျယ်ဆိုထုတ်အံ့၊ မယုတ်ကယ်မလွန်ရ၊ကျမ်းညွှန်ပြတိုင်း ။

၈၈။ မြတ်ရှင်ပင်သဗ္ဗညု၊ ဂုဏ်ထုငယ်ထင်ထင်။ ။ကျေးဇူးပြည့်ကြွယ်လဲ၊ အဘယ်မှာမှီနှင့်ဟင်းလို့၊ ယောက်ချင်းထင်ကျော်စောလိမ့်၊ မျော့နစ်မည်ပင်။ ။ရောင်ယှက် ကွန်ခြည်မြိုက်နှင့်၊ ပြည်ထိုက်ကယ် မျက်ရှင်၊ ရွှေစင်ကိုမှီမှ။ ။ဆန်းလတက်နေသို့၊ ကျက်သရေစိုစိမ့်ရွှန်း၊ ထွန်းတင့်ပါရ။

၈၉။ ဝါစာဖရှည်နှင့်၊ ကြမ်းကြုတ်ကယ်ဝန်တို။ ။ကလူနိုင်ထက်နှင့်၊ နှိပ်စက်ကယ်ပြုကုန်ကြ၊ စိုးရထိုထို။ ။ဂုဏ်ရည်ကိုမျှော်ထောက်လို့၊ အလျောက်ကယ်လူတခိုကို၊ ပိုမိုလို့မြှောက်မစား။ ။စိုးရသခင်၊ အရှင်သည် သူကြီးကို၊ အနိုးမခိုရာဟု၊ ကျမ်းမှ မိန့်ထား။

၉၀။ မျက်မှောက်မှာချိုချို။ ။ကြံစည်ထွေထူးနှင့်၊ ကျေးဇူးဂုဏ်ရည်လျှမ်းအောင်၊ ချီးမွမ်းလိုလို။ ။ မျက်ကွယ်ရောက်ပြီဆိုလျှင်၊ ကျိုးကိုသာရှုတ်မြဲ။ ။နှုတ်သုံးဆိမ့်လောင်နှင့်၊ မိဘ်ယောင်ဆောင်ဆွေခင်ပွန်း၊ ကျွမ်းဖွဲ့သင်ပဲ။

၉၁။ ယုတ်မာမှုသွမ်းကို၊ ပြုတမ်းငယ်မြဲပင်။ ။စကား ပျက်ချော်နှင့်၊ ကျိုးပေါ်အောင် ကိုယ့်ကိုင့်၊ သွင်းခဲ့သည်ပင်။ ။ပြစ်ပြေငြိမ်းလျက်နှင့်၊ လျှို့ဝှက်ကယ်ပညာထင်ကို၊ မသင်တဲ့သူအား။ ။အချစ်ကယ်ခင်ခင်နှင့်၊ ခိုဝင်နေမသင့်ဘူး၊ ကူးကြစိတ်များ။

၉၂။ လုံလောက်ဂုဏ်ပုံဖြိုး၊ ကြီးပေတဲ့သူကို။ ။ မှီအကဲသဟဲပြုပါရက၊ နွဲ့လျငယ်သူပင်ဖြစ်သော်လဲ၊ စင့်စစ်ကယ်ဂုဏ်ရောင်ညီး၊ကြီးလိမ့်ပိုမို။ ။ဇမ္ဗူရောင် လျှပ်တဲ့၊ တောင်မြတ်ကယ် နဂိုကို၊ မှီခိုတဲ့အကျိုး။ ။မည်းညစ်ကယ်မွဲဘေနှင့်၊ ငှက်တထွေ ရွှေသတိသို့၊ ရွှေးရှိဖြစ်ရိုး။

၉၃။ ဘုန်းတေဇော်ရှိန်စော်များ၊ စွမ်းအားငယ်ပြည့်စုံ။ ။သို့လောက်သူဖြစ်သော်လဲ၊ ချစ်ဖော်ဆွေခပဲနှင့်၊ သဟဲခြံရံကင်းချေက၊ ဖျင်းညှံ့သိမ်ဂုဏ်။ ။ကျမ်းထွက်ကယ်သည့်ပုံကို၊ ကြည်ယုံလို့ မှတ်စွဲ။ ။လေမနီးချေက၊ တောက်မီးဘယ်မှာ ထိန်ပါ့မယ်၊ ဖျင်းသိမ်ရမြဲ။

# မိတ္တ ကထာ

၆၄။ မှီရာကိုဆိုတဲ့ခန်း၊ ခွဲခြမ်းလို့ပြခဲ့ပြီ။ ။မိတ္တကထာဟု၊ မာတိကာ အစဥ်သင့်၊ သားမင်းအဆီ။ နက်ဂမ္ဘီ-ဉာဏ်လီလို့တစ်ခန်း။ ။ နဝရတ်ကယ်စိန့်စိန့်၊ သိဂီရွှေခွက်နား၊ ထားကြည့်ပြည့်လျှမ်း။

၆၅။ စင်ကြယ်ကိုယ်နှုတ်နှင့်၊ မှန်ဟုတ်ကယ်ပြောဆို။ ။ စဉ်းလဲခဉ်း စားနှင့်၊ ပျင်းမှုရာအာသာမြူး၊ ဝေးဝေးထိုထို။ ။ရှက်ဆောင် မည်ကြံစားလို့၊ စီးပွားကျိုးသာလို၊ စိတ်ကိုယ်တဲ့မကြမ်း။ ။ သည့်အင်္ဂါခုနစ်နှင့်၊ စင်စစ်ကယ်ပြည့်စုံက၊ လူ့ဘုံမှာ မိတ်ခင်ပွန်း ပေပါ၊ ကျွမ်းဖွဲ့ကြဘမ်း။

၆၆။ အကျိုးမထင်လျှင်။ ။ဖိဘားမြစ်ထားလို့၊ ကျိုးရှိရာ ယှဉ်ခေ ကြောင်း၊ ဖျောင်းဖျပဲ့ပြင်။ ။စည်းစိမ်အင်ပျက်နည်းလို့၊လက် ချည်းဖြစ်ချေလျှင်၊ စွန့်မည်ပင်ကြုံဘူး။ ။ သည့်သုံးဖြာ၊ လက္ခ ဏာ မိတ်ဆွေကောင်းပေပ၊ ပေါင်းဖက်ယှဉ်ပူး။

၆၇။ အနာနှိပ်စက်နှင့်၊ ပျောက်ပျက်ကယ်စည်းစိမ်။ ။ငယ်မှတ်ကယ် တစ်ထွေနှင့်၊ သူသာန်မြေရှန်သူလက်မှာ၊ နှိပ်စက်ကယ်ရှိချေခြား၊ ရှားမှတ် ခိုက်ကြိမ်။ ။တံခန်း မင်းအိမ်၊ တွေ့ကြိမ် ခိုက်တာ ကြောင်း။ ။နှုတ်ခွန်းချိုသာနှင့်၊ ထိုအခါဖော်လျော်ရနေက၊ မှုချဆွေ့စင်စစ်ပေဟု၊ စွဲချစ်လို့ပေါင်း။

၆၈။ မြိန့်ဆိမ့်ချိုတဲ့ဆား၊ ရှာရားငယ်မသွယ်။ ။သမ္မားဖြစ်သော်လဲ၊ စင်စစ်ကယ် သူတော်ကောင်းကို၊ ပေါင်းရဖွယ်သည့်အရေး၊ ဝေး လေတဲ့နှယ်။ ။တော်ဖြောင့်ဝယ်ထွန်းသော်လဲ၊ ခင်ပွန်းပညာ ကြွယ်ပ၊ မင်းဘယ်တွေ့ဘူး။ ။(အချိုးပြည့်စုံ)။

၆၉။ လိုချင်သူတို့ဘမ်း၊ ပေးကမ်းပါဥစ္စာ။ ။ကြမ်းကြုတ်ကယ်ခက် မာက၊ လက်အုပ်သာမြောက်ချီမိုးလို့၊ ရိုကျိုးမိတ်ခင်ပွန်း၊ကျွမ်း ဖွဲ့လေပါ။ ။သူ့မိုက်ကယ်ဆိုသူမှာ၊ အလိုသာလိုက်မြဲ။ ။ပညာ ရှင်ဖြစ်ပေက၊ စင်စစ်ကယ် မှန်သတော၊ ပြောကြလက်စွဲ။

၁၀၀။ မပြတ်ကယ်ခါခါ၊ ရောပြွမ်းဆက်ဆံနှင့်၊ ရှည်ဝေးလ ကာလ ကြာ့ုးအောင်၊ ယှဉ်ပူးလိုဆယ်ခင်း၊ ယှင်းတဲ့တွက်တာ။ ။ ချိန်မဲ့တဲ့အခါ၊ ဒုက္ခာကိုဆိုမိ။ သည်သုံးကြောင်း အင်ကြောင့်၊ လွန်ချစ်ကြင်-မိတ်ဆွေကောင်း၊ ပေါင်းတတ်ချေဘိ။

၁၀၁။ အကြင်ဆွေခင်ပွန်းကြောင့်၊ စိတ်နှမ်းငယ်ကိုယ်ပင်။ ။စီးပွား ဆိတ်ချေက၊ ထိုမိတ်ဆွေလူသူပျက်၏၊ နိုဝ်စက်ကယ်မူသဘော ကို၊ အဆောကြံစည်ပွား၊ မျှားပညာရှင်။ ။မီးပုံသွင်-ထင် ဆင်ညာတ်လောင်း။ ။သတိသောချာစွဲ၊ မြဲစောင့်ကြကောင်း။

၁၀၂။ အကြင်ဆွေမိတ်ကြောင့်၊ ကိုယ်စိတ်ဆယ်ချမ်းသာ။ ။ စီးပွား ကျိုးမွန်းတို့ ထိုးတက်လှန်ပိုမိုပွား၊ မျှားမြင့်ပုံရာ။ ။ထိုမိတ်ဆွေ ခင်ပွန်း၏၊ ကြင်ကျွမ်းရှဲထွေရာကို၊ ဆောချာဖန်လဲ။ ။ကိုယ့် တွက်ကယ်ကိုယ့်တာသို့၊ လိုရာမတိမ်မြုပ်အောင်၊ အားထုတ် ရှုံး။

၁၀၃။ လူပျက်မှာကြံသဘော၊ ချိုမောတဲ့ရသာ ။ ။ဖျားက ရင် တိုင်းပ၊ သကာစိုင်လှိုင်စမြဲ၊ ကွဲ့င့်သြဇာ။ ။ ကျိုးပြစ်ကယ် သိလိမ္မာ၊ ပညာရှိမြတ်လောင်း၊ နောက်ခနောင်ကိုညာတ်ဆင်လို့၊ ကြံပင်ကိုဘဝော၊ မျှားသိကြကောင်း။

## ဒုဋ္ဌက ကထာ

၁၀၄။ မိတ္တငယ်ကထာ။ ။ကမ္ဘတ်ကယ် ရွှေနိုဂုံးသို၊ အဆိုးသည် တွင်ပိတ်၊ ပြီးနိဋ္ဌိတာ။ ။သူယုတ်မာ၊ ဆိုရာအခန်း။ ။ရွှေ မြင်းမိုရ်၊ ဗဟိုတောင်ခြေက၊ သဲငွကို ဖောလို့ကျင်းသည့် နှယ်၊ လင်းစိမ့်ရှင်လန်း။

၁၀၅။ ဆင်းရဲချမ်းသာ ။ ။ခရုံးဖြစ်ကယ်ကံကူလို့၊ ခံသူစံသူ ဖြစ် ချေဟု၊ စိစစ်ကယ်သက်သေပြ၊ လောကခြင်းရာ။ ။ မျက် မှောက်ကယ် ညာဏ်ပညာ၊ ဆိတ်စာမျှထင်ထူး။ ။သည်လူ့ကို သူမိုက်ဟု၊ တိုက်ရိုက်ကယ် ထင်ထင်ရှား မျှားမှတ်ကြဦး။

၁၀၆။ မိုက်ခေါင်တိုင်လူဖျင်းတို့၊ ပျက်ယွင်းတဲ့မူရာ။ ။မြေထု မြင်းမိုရ်သို့၊ သင်းကိုယ်ကို အတည်မြဲသည်ဟု၊ စွဲမှတ်ထင်ရှာ၏။ ။ကုသိုလ်ဒါနနှင့်၊ သီလဘာဝနာကို၊ ရံခါမျှမဆည်း။ ။ပျက်ယွင်းနေ့ရှည်နှင့်၊ ဝေ့လည်လည် သံသာထဲမှာ၊ မြဲရန်မို့ချည်း။

၁၀၇။ လောကထင်ထင်။ ။သူယုတ်ကယ် မှုပွေတို့၊ ပြုပြီးလေ ကိုယ်အဖြစ်ကို၊ အသစ်ကယ် ပျောက်ပြယ် လွင့်အောင်၊ ဆုံးခွင့်မမြင်။ ။သိပညာညာဏ်ရွေးလို့ ကြံတွေးပုံပြင်ကို၊ဆင်ခြင်လို့ယူအုံး။ ။ဖော်သစ်ကယ် ကြေငြာလို့၊ခြေရာကို မပစ်ပယ်၊ ကျွားသစ်တို့ထုံး။

၁၀၈။ ဥစ္စာရှိပဲနှင့်၊ ငြိတွယ်ကာမဂုဏ်။ ။ရန်ဘက်ကယ် ရှာဆိုလို့၊ သတ်ပုတ်လို့ သူယုတ်များ၊ အားနွဲ့ပျက်ကြုံ။ ။ဌကာထားရွှေထားထုတ်လို့၊ ဟုတ်ဟုတ်ကယ် ဆိုချင်တုံ၊အာဂုံကရပဲ။ ။လက္ခဏာ၊ ဗာလာသည်လူစု၊ သုံးထွေဟုခွဲ။

၁၀၉။ သူဆိတ်စာ ခေါ်ပဲနှင့်၊ ဖန်လဲငယ်သွားလေ။ ။ စအလျင်သူမမေးခင်ကာ၊ အရေးဖွေရှာလို့၊ဖန်များစွာ ဆိုနှောက်နှော၊ပြောတိုတတ်ပေ။ ။သူယုတ်မှတ၊ သုံးထွေလည်းကောင်း။ ။ကိုယ့်ဂုဏ်ကိုဖော်သူလဲ၊ ကဲဆင့်ထပ်လောင်း။

၁၁၀။ ပေါ်ရွှေရောင်နီမြန်း၊ သဖန်းငယ် မှည့်ဝါ။ ။ဖောက်ခွဲလှာတော်ကာ၊ ထဲမှာသော် ကုန်ပုပ်သိုး၊ ပိုးစီထောင်ရာ။ ။ သူယုတ်မှ၊ တိုက်ရိုက်ကယ်သည်ပမာနှင့်၊ မင်းရှာလို့ခိုင်း။ ။(အချိုးမပြည့်စုံ)။

၁၁၁။ မှောင်ဝိဇ္ဇာဆူအိုက်တဲ့၊ လူမိုက်ကဲ့ဗာလာ။ ။လှုပ်ချောက်ကယ်ပေါင်ပင်နှင့်၊ စနောင်နှင်ရေမပြည့်၊ အိုး၏ပမာ။ ။တတ်လိမ္မာ၊ ပညာရှိသဘော။ ။မဖောက်ကယ်မပြန်နှင့်၊ မောက်မိုလျှံရေပြည့်အိုး၊ ယိုးတော့ပုံချော။

၁၁၂။ ပညာရှင်သူတော်ကောင်းတို့၊ ယဉ်ကြောင်းငယ်ငဲ့ပြင်။ ။စဉ်းလဲ စဉ်းစားနှင့်၊ လူယုတ်မှာ မတော်လျှားတို့၊ ဖောက်ပြားမူညစ်ညူး၊ တူးလို့ကျင့်ချင်။ ။သည်ပုံပြင်၊ ဆင်ခြင်ဖန်လဲ။ ။မီးသွေးကိုဖြူအောင်လို့၊ သိန်းရာသောင်ကဝါတို့၊ဖွပ်လျှော်ကာ စင်အောင်ဆေးသော်လဲ၊ ဖွေးခွင့်ရပဲ။

၁၁၃။ ရန်သူကိုယှဉ်ဖက်လို့၊ သူပျက်ကိုဥပဒေ၊ နည်းပြမိချေ။ ။ မိန်းမညစ်တေတို့၊ ချစ်ဆွေတော်မိ။ ။ပညာရှင်ဖြစ်သော်လဲ၊ မွန်းနစ်ကယ်မှောက်လှန်သို့၊ ဖောက်ပြန်ပြန်တည်မရပ်အောင်၊ မျောတတ်ချေဘိ။ ။(ကြာ ိုး)

၁၁၄။ ပျက်ချော်သူနုပ်နှင့်၊ဆင်းရှုပ်ဘယ် အင်္ဂါ။ ။လျှချည်းဟန်သွယ်နှင့်၊ ချစ်ကြည်ဖွယ် သူ့မယားကို၊ ပြစ်မှားဖွဲ့သာ။ ။ ကျမ်းဂန်ပါဠိနှင့်၊ အသိဉာဏ်မှာမူ၊ ပညာရှိပျက်ရေး။ ။ဥစ္စာဆန်ရေနှင့်၊ ရွှေငွေသူပူဖို့၊ လူမတော် ဂုဏ်ပြည်လျှမ်း၊ကြမ်းကြုတ်ဘိသေး။

၁၁၅။ ကျင့်ပေါ်လွှင်မှုမဟုတ်၊ သူယုတ်တို့ဓမ္မဘာ။ ။ ယုတ်လျက်ကယ် ပြင်ပြင်နှင့်၊ သူစင်ကို သူမကောင်းဟု၊ ပြန်ပြောင်းဆိုပြန်ရ၊ လောကလူမှာ။ ။သည့်ထက်ဆယ် ရယ်စရာပ၊မင်းရှာတွေ့ဘူး။ ။(အချိုးမပြည့်စု)။

၁၁၆။ သူမတော်ပေါ်ကြော့ဖို့၊ သဘောပျက် ခေါင်တိုင်။ ။ကဲ့ရဲ့ထုံသံနှင့်၊ ပိုဟန်ကိုပ်ပ်တင်း၊လျင်းပျော်မွေ့နိုင်။ ။ချိုသာမြိန်မြတ်နှင့်၊ ထောပတ်ကယ် ရသာလှိုင်၊ ပိုင်ပိုင်မစား။ ။ ခွေးညစ်ကယ်ယုတ်ခေါင်တို့၊ ပုပ်ညှီဟောင်မစင်ထဲမှာ၊မြဲပျော်မွေ့အား။

၁၁၇။ သူတော်ဘယ်မဟုတ်၊ သူယုတ်တို့ ကိုယ်မှာ။ ။အတတ်ထယ်ပညာဖြင့်၊ ဆင်တန်ဆာ တယ်ပြည့်မွမ်းသော်လဲ၊ ချစ်ကျွမ်းမဝင်ဘွဲ့၊ ရှိသင့်သည်သာ။ ။ရတနာစိန်ကျောက်ဖြင့်၊ မြွေဟောက်ကယ့် သင်းကိုယ်မှာ၊ တန်ဆာပင် ဆင်လည်း။ ။ ဆိုပ်တောက်ထယ် မာန်စွယ်ဖြင့်၊ ရန်ဘယ်မှာမမူပဲ၊ လွှဲပါအံ့နည်း။

၁၁၈။ လူ့ပြည်မှာ လေသဘော၊ တောမီး၏ မိတ်ဆွေ။ ။တနည်းဆိုလျှင်တောင့်၊ ထိုလေပင် တောကဲမီးကို၊ ဖျက်ဆီးရောင်မရှိအောင်၊ ငြိမ်းဘိတတ်လေ့။ ။သူယုတ်ကယ်ညစ်တေမှာ၊ ချစ်ဆွေဖွဲ့သဘော ။ ။ စင်စစ်ဘယ်မှာရပါအံ့၊ တွေးဆနှောက်နှော။

၁၁၉။ မိုက်ခေါက်တိုင် လူ့သဘော၊ မရောနှင့် ရှောင်လေ။ ။ငါးယောင်ဆောင်ယှ ထုပ်ကာ၊ ပုပ်ရသည်ပင်သမန်းသို့၊ သွမ်းသော့

တတ်ချေ။ ။သုံးလူ့ချစ်ဆွေ၊ လှစ်ကွေ့ဏ်သံညှင်း။ ။မှတ်စွဲ ကြုံယူလို့၊ ဉာဏ်ထူသူတည်တရား၊ ထားကြစိတ်တွင်း။

၁၂၀။ လူမိုက်ဆိုတိုအာဝေးက၊ ပြေးလို့ပဲ ဖယ်ရှောင်ပါ။ ။ လူမိုက်ကယ် သည်သည်မှာဟု၊ ရှိခြင်းရာလေသံကြားက၊ ထောင်နားချီမင့်၊ ရှဲခဲ့လေပါ။ ။ချစ်ခင် ကြင်သားနှင့်၊ စကားလိုရာကို၊ ဆိုပါနှင့်ရှောင်ကြ။ လူမိုက်ကယ် စိတ်လေနှင့်၊မိုတ်ဆေ့တော် ဖော်ဖွဲ့ပဲ၊ လှဲကာတ်နိုင်မှ။

၁၂၁။ ချုပ်ချုပ်ကယ်ချယ်ချယ်။ ။ခွေးချင်းမြင်သေက၊ သွားတွေကို အကုန်ဖြဲခဲ့တဲ့အံစွယ်။ ။ပျက်ချော်မှုမဟုတ်တဲ့၊သူယုတ်ကယ့် မိုက်ဂုဏ်ကြွယ်၊ထိုနှယ်လည်းကောင်း။ ။နှိပ်စက်ကယ် ကလူနှင့်၊ သူတော်ကိုခိုက်ရန်ငြိုး၊ ထိုးကြမျက်စောင်း။

၁၂၂။ လူ့ပြည်မှာ လွန်တိမ်မြုပ်၊ သိမ်စုတ်တဲ့ဖားသော်။ ။ဆောင့်ကြောင့်ထိုင်နေခနှင့်၊ အဲဘယ်မှာ ခြသေ့မင်းဟု၊ ခပင်းလထိုမျှ၊ ပြောပမဖွယ်။ ။ဝုတ်ဝုတ်ကယ် မည်သံဟယ်၊ ဂုဏ်ငယ်တဲ့ ဝက်မဲ။ ။တောသစ်ကယ် ဘယ်ဟုရမည်၊ ထုံးမှရှိပဲ။

၁၂၃။ ဂုဏ်မပြောင်ကြောင်နှုပ်ဖွဲ့၊ တင့်ရဲတဲ့မာန်စောင်။ ။ဆင်းသွင်ပြင် တူရုံမျှနှင့်၊ကျားမင်း ဘယ်ဟူရအံ့၊ ဝေးစွအခေါင်။ ပညာရှိကစိတ္တိ အာယောင်ဆောင်၊ မိုက်ခေါင်နှုပ် လူဖျင်း။ ကျေးငှားလွန်ထိန့်လို့၊ သုခမိန့်ဘယ်ဟူရမည်။ လောကခေတ်တွင်း။

## သုဇန ဂါထာ

၁၂၄။ ပြုံ့ပြုံ့ငယ်ထင်ထင်။ ။သူယုတ်တို့စကားကို၊ ခြားနားသိချိဖွဲ၊ ပြီးခဲ့ကုန်စင်။ ။သူတော်စင်၊ သည့်တင်စဆုံး။ ။ အစိပ္ပာယ် သွယ်ဝှယ်ပြန်ခေါက်လို့၊ သံထောက်ကယ် လက်၁စီအံ့၊ နားအီနှင့်အုံး။

၁၂၅။ ပညာရှင်သူတော်ကောင်းတို့၊ ပျော်အောင်းတဲ့အိမ်တွင်။ မြမျက်ကယ် ရေမြေနှင့်၊ ဆိုပြစ်ပြေစကား၊ ထားတဲ့လေးဆင်။

မှာက်ပြင်ပြင်၊ ထင်ထင်ရှိမြဲ။ ။ခပ်သိမ်းခါ၌ရုံမျှ၊ ဝေး လံ ပြတ်ပဲ။

၁၂၆။ အသံသဥ္စာဟု၊ ပါဠိနှင့်လျှော်စွာ။ ။လူ ပြည် သူတော်ဟုတ် တို့၊ သူယုတ်ကိုချစ်ဆွေဖွဲ့သော်လဲ၊ ကင်းငဲ့မိစ္ဆာ။ ။ဥပမာ- ပညာနှိုက်နဲ။ ။ပန်းတိုင်းတောခြုံတို့၊ နောက်နှောင်ငုံယှက် ရုံထွေးသော်လဲ၊ မြတ်လေးငွေဖြူပွင့်၊ မွှေးကြိုင်လှိုင်ပဲ။

၁၂၇။ ပန်းသာတင်းကို၊ လေညှင်းတဲ့ ဆောင်သည့်နှယ်။ ။လောင်း မြတ်ကယ် သူတော်တို့၊ ဂုဏ်နံ့တော် ထုံကြိုင်မွှေး ဝေးက ပျံ့ကြွယ်။ ။တံဆေးတာနှင့်သွယ်လို့၊ ရေးကျယ်ပြုပဲ။ ။ (အချိုးမပြည့်စုံ)။

၁၂၈။ ခိုင်ချုမ်းသာပင်မှကို၊ တောင့်တတဲ့သူမှာ။ ။သူယုတ်ကို စွန့် ရှောင်လို့၊ သူမြတ်ခေါင် ဆွေခင်ပွန်း၊ ကျွမ်းဖွဲ့လေပါ။ ။ ထိုသူတော် မြတ်ပေါင်း၏၊ ထပ်လောင်းမိန့်မှာ၊ ဩဝါဒ စကား။ ။သိပညာယူကျုံးလို့၊ နှလုံးတိုက်ဘာတွင်း၊ သွင်း သွတ်လို့ထား။

၁၂၉။ ပိန္နဲဆိုတဲ့သီး၊ ချည်းနှီးဆူးပေါ်သာ။ ။ ဖောက်ထွင်းခွံ ခွာက၊ မှန်ရသာသကာခဲ၊ ထဲ၌ပြည့်စွာ။ ။ သူမြတ်လျှာ၊ ပမာသည့်တိုင်။ ။နှုတ်ဂုဏ်စိုင်နှင့်၊ ထုံလှိုင်တော်ဓမ္မ၊ ထဲက ပြည့်လှိုင်။

၁၃၀။ ဧမွှာယ်ရစ်ခတ်နှင့်၊ လေပ်ကယ် ထုံကြွယ်ကြွယ်၊ တုပ်တဲ့ ဖက် ငယ်။ ။နံ့ပတ်ကယ် လှိုင်မပြယ်၊ ကြိုင်လှယ်တဲ့ပုံခင်။ ။ ပညာရှင် သူတော်ကောင်းနှင့်၊ ဖော်ပေါင်းရုံညီက၊ ဂုဏ်ဝသီ ကြော်ကြွာပြေး။ မမွှေးလိမ့်သတင်း။ ။(တြံချိုး)

၁၃၁။ ပညာရှင်သူတော်ကောင်းကို၊ ပေါင်းပေါင်းငယ်ဖော်ဖော်။ ။ စိတ်စက်ကယ် သဘောနှင့်၊ ဆိုနှုတ်ထွေးခံပြည့်၊ ချမ်းကြည့်ရှု မျှော်။ ။မှာပဲ့ပြင်သွန်သင်ပြ၊ ဩဇာမြတ်ငေါ၊ ချော် စေနှင်သက်ဆုံး။ ။ကတိသစ္စာနှင့်၊ ချစ်ပမ်းသာ ကြည်ရွှင် ဖြိုး၊ ကြိုးသို့ခွထုံး။

၁၃၂။ မြတ်ချမ်းသာဆောင်တတ်နှင့်၊ မအပ်ကိုမဖန်။ ။ပြုသင့် စာ နာနှင့် ဂုဏ်ဩဇာလှိုင်ကြွယ်ဝ၊ ဆုံးမသိညာဏ်။ ။ သူတော်

သူမြတ်တို့၊ လေးမြတ်ကယ်မိန့်သံ၊ နာခံ၏ဖန်လဲ။ ။မျက်မှောက်ကယ် သည်ဂုဏ်ကြောင့်၊ ညွတ်ကြည်ယုံ - သူတော်ကောင်း၊ ပေါင်းအပ်ပြုမြဲ။

၁၃၃။ သိပညာယူကျုံး၊ နှလုံးငယ်ရှိသူ။ ။ဆင်ပေါက်ကယ် တလည်နှင့်၊ စိမ့်ရေကြည် တစ်ခါစို့ငယ်မျှ၊ နှင်မြို့သူတော်ကောင်းကို ပေါင်းလိုက်ရမူ။ ။ မှတ်သညာဖြစ်ပွားလို့၊ တရားမြတ် ဂုဏ်ကြ ကို၊ ကုန်ယူ၏ချက်ချင်း။ ။သည်အရာ၊ နှောက်နှေး ဉာဏ်ကြောလို့၊ ရသာကို လျှာသို့မြဲပေသို၊ စွဲလှော့ပုံခင်း။

ဗလ ကထာ

၁၃၄။ သူဘော်ကို ထုတ်ဖော်ပြ၊ သုဇနကထာ။ ။ သည်လောက်ကယ်သည်ရွှေ့ငြမ်း၊ လျှမ်းပြည့်သည်သာ။ ။ သည့်ပြင်မှာ၊ ဆိုရာခွန်အား။ ။ခဲခက်ကယ်မီပွာယ်တဲ့၊ ပိတ်ပင်မယူရ၊ ရှင်းကြ ဉာဏ်သွား။

၁၃၅။ ဗာဟုဗာလနှင့်၊ ဘောဂခယ်မတည်။ ။မှူးမတ်ကယ်ရံဗိုလ်နှင့်၊ စံနကိုရ်နွယ်ဝံသ၊ လေးဝစွမ်းရည်။ ။ သည့်ထက်ကယ် မြတ်ရာတည်၊ ဉာဏ်ခြည်ခွန်အား။ ။စင်စစ်ကယ်လူ့ဘုံထဲ၊ မြဲခေါင်ကထား။

၁၃၆။ ငှက်တကာ၊ အာကာကို လွန်ထင်စား၊ အားမှတ်လို့ကိုး။ ။ မုဒ္ဒရာ၊ မဟာရေယာဉ်ခန်းမှာကောင့်၊ ငါးမန်း ငါးဆင်စ၊ အားပြုကြရိုး။ ။(ဒွေးချိုး)။

၁၃၇။ ဒုဗ္ဗလာ၊ ရာဇာကိုအမှီပြု၊ အားထုတ်မှုဆုံး။ ။ သူငယ်မှာ ခွန်အားကောင့်၊ လကျားရှာကြံလို့၊ အဖန်ဖန်ငိုသံပေး၊ ကြွေးကြနေ့လုံး။ ။(ဒွေးချိုး)။

၁၃၈။ ယုဂန်မှာရောင်ခြည်လျှပ်၊ လနတ်ကယ်ဗိမာန်။ ။ရဟန်းသံဃာနှင့်၊ မုဒ္ဒရာသာဂရ၊ ကြီးစွာ အားအန်။ ။သည့်ထက်ကယ် အပြန်ပြန်၊ ပိုလျှံလို့ မြောက်မြား။ ။ရမ္မက်ကယ်တဏှာနှင့်၊ ကိလေသာမာန်ကြွယ်ဝ မ်န်းမတို့အား။

၁၃၉။ လူ့ပြည်မှာတည့်နေဘိ၊ ခြရှိတဲ့သူတို့တွင်။ ။သီဟရာဇာဟု၊ ကေသရာ ခြသေ့မင်းပေပ၊ ဝံ့တင်းတူမရှိ၊ ကြီးမား အားအင်။ ။သည့်ထက်ကယ် ပိုမိုမောက်လို့၊ လောကပရွက် လူစွမ်းအင်၊ ဂုဏ်ဘင်လို့ လွန်ကဲ။ ။သည့်ထက်ရေမြေနှင့်၊ သေပြေမှာရိပ်ဖြူ ဆောင်းသူတို့၊ ရိုက်ခြောင်းကြေညာဝှန်လို့၊ အားခွန်အန်အဲ့။

၁၄၀။ ယုန်ပြောင်ဆင် သမင်သားတို့၊ လားရာကိုဆံဘိမူ။ ။စေးပျစ်ကယ်စိမ့်စုံဖြင့်၊ မှိုင်ရဂု ခေါ်ဝေါ်ရှုပ်တယ်၊ တောအုပ်ထူထူ။ ။တိမ်တောင်တိမ်ခိုးနှင့်၊ ထက်မိုးအာကာဝူ၊ ရှေ့ရှူလေလမ်း၊ သံကျာကျာ၊ ရွှေငှက်ကယ် ဟင်္သာတွ၊ လားရာဟုမှန်း။

၁၄၁။ ဝိရာဂါမဂ္ဂါဂတိ။ ။နိဗ္ဗာန် ရွှေပြည်မြတ်မှာကောင့်၊ အရဟတ်ကယ် ဖိုလ်ပိုင်တို့၊ ကိုယ်တိုင် စက်ရွှေသွမ်း၊ မြန်းတဲ့ဘုမ္မိ။ ။(ဒွေးချိုး)။

## ဇာတ်ဆုံကထာ

၁၄၂။ နိဋ္ဌိတာ၊ ဗလာကဏ္ဍ။ ။နာရီပိုင်းကိုသ၊ အလှိုင်းဥာဏ်ခြယ်လိမ့်၊ မြန်နယ်မှာ ပညာရှိသူတို့၊ သတိ ခိုင်ကည်ကြည်လို့၊ နားလည်လှည့်ကြ။ ။(ဒွေးချိုး)

၁၄၃။ မျိုးနွယ်ဝင်၊ စင်သန့်ရှင်းပေကာ၊ အဆင်းပင်တန့်တန့်။ ။တစ်စိတ်ကယ်တစ်ကိုယ်နှင့်၊ ချစ်ကြည်ညိုလူထိုမျှ၊ နှင်းကြသက်နှံ။ ။မျိုးရိုး ယုတ်လေပြန်မူ၊ နတ်ဟန်ငယ်ရောင်ဆင်း။ ။အသားရွှေဝါနှင့်၊ ဆွေကညာ အိမ်သူနှဲ၊ ကျွမ်းဖွဲ့နှင့်မင်း။

၁၄၄။ စီပြစ်ပြေခင့်သွားနှင့်၊ ရွှေသားငယ်ဝင်းလျှံ။ ။ခါးစည်းတင်ကျယ်နှင့်၊ ရှုချင်ဖွယ် ဟန်တင့်ရည်း၊ မည်းကော့ နက်ဆံ။ ။ ကျင့်အာစာသီလနှင့်၊ လုံ့လခြိုးခြံ၊ ချေငံလှစကား။ ။သို့ခလာက်ကယ် ဂုဏ်ကြွယ်ဘ၊ မျိုးနွယ်ကို ပုံမှစစ်နှင့်တော့၊ ချစ်နှစ်ကယ် ထိုဉာဏ်ညာနှင့်၊ သက်ပဏ္ဏာ ကုန်ကုန်ကျင်း၊ နှင်းကြွအများ။

၁၄၅။ ခွက်ရောက်ကယ် ပန်းကန်ကုင်း၊ ထမင်းငယ်စားခါ။ ။လျောက်ပတ်ငယ် ကိုင်ငင်လို့၊ ချစ်ကြည်လင်စီရင်ဘိ၊ မွေးမိပမာ။ ။အဝတ်ကယ် ကိုယ်တန်ဆာ၊ ဆင်ပါတဲ့ ခိုက်လဲ။ ။ကယုကယင်နှင့်၊ ပြုပြင်ဆင် ခသာချာစွ၊ ထိန်းယကပဲ။

၁၄၆။ မှုထွေထွေ ဟူသမျှ၊ မိန်းမနှင့်ထိုက်တန်လျှင်။ ။ ကိုယ်ကြပ်ကယ် ကိုယ်တိုင်တဲ့၊ ပိုင်ပိုင် ရွက်ဆောင်ရှေလ့၊ ပြီးမစေ့ ကုန်တွင်။ ။ယောကျ်ားသာ ကိုယ်တန်ရောက်လို့၊ အလျောက်ကယ် လူတို့ခွင်၊ စီရင်တဲ့ခါလဲ။ ။ထိန်းယ အယောင်သို၊ မှုပြေအောင် ရွက်ဆောင်မ၊ ပြောပါအံ့အဲ။

၁၄၇။ ကျင့်ငါးအင် လူ့ဘွင်ထား၊ ယားတို့ဝတ်ကို။ ။မချွတ်ကယ် ရုံခါတဲ့၊ မှန်သောချာ ကျင့်ဆောင်စွဲ၊ မြဲမြဲပိုမို။ ။အိပ်ရာကို ငင်ပြီဆို၊ ကြည်ညို ရောင်မြူး။ ။ထုံဝတ်ကယ် မာလာနှင့်၊ ကျောင်စံပါယ် ကြိုင်ရည်လိမ်းလို့၊ ပြည့်ရှိမ်း သရေလင်းအောင်၊ သွင်းဆီညွတ်နူး။

၁၄၈။ တဆစ်ကယ်တရံ။ ။လင်မျိုး လင်ဆွေတို့၊ ရောက်လာလေဆိုသမျှကို၊ ကိုယ်သကိုယ်တူနှင့်၊ ရှည်ရှေ့ရှု ကြံဖန်မှု၊ များပြုစီမံ။ ။ခမာင်ငယ် မောင်ကြီးနှင့်၊ ဦးရီးဟု ချစ်ကြည်သန့်၊ တော်တန်တဲ့စကား၊ ပြေပြစ်ကယ် ပြောဆိုလို့၊ ညွတ်ကြည်ညို မေတ္တာရှိမ်း၊ ငြိမ်းခွင့်ရံထား။

၁၄၉။ သည်ဂုဏ်သည်ဂုဏ်နှင့်၊ မချွတ်ကယ်လှုဘိခွင်၊မြဲပြည့်စုံလင်။ ။မိန်းမမြတ်ပင်ဟု၊ ထင်မှတ်ခရှုဂါထဲ၊ ခွဲ၏သည်ကိုင်း။ (အချီးမညီ-မပြည့်စုံ)

၁၅၀။ မိမိလင် ချစ်ကြည်ဖြိုး၊ မြတ်နိုးငယ် ထိုက်သူ။ ။မိတဆရာနှင့်၊ ဂုဏာဝါ သူမွန်မြတ်ကို၊ အိမ်နတ်ယောင်ပူဇော်တုံ့၊ သွင်း

ယို့မမူ။ ။ချုပ်ရှယ်ချယ် မျက်မာန်ချောင်းလို့၊ စောင်းမြောင်း မခြူစူ၊ ကြည်ဖြူလှရှင်စမ်း။ ။ သတိသဒ္ဓါနှင့်၊ ဉာဏ်ပညာ ဂုဏ်ကြွယ်ဝ၊ မိန်းမတို့တမ်း။

၁၅၁။ စေပါကျွန်ကျေး၊ သွားမြေးငယ်ခြံရံ။ ။ခပ်သိမ်း ထိုထိုတဲ့၊ မြောက်သဂြိုဟ်ချစ်ရန်လိမ်း၊ သိမ်းပိုက်ကုန်တန်။ ။ လင်ရှာဖွေ သူဆည်းတဲ့ ပစ္စည်းပစ္စယံကို၊ ပေါ့လျှံလို့ မဖျောက်ဖြုန်း။ ။လို့လဒေသခွေနှင့်၊ လင်ချစ်ဆွေလိုရှိတိုင်း၊ လှိုင်းလို့ ကျင့်သုံး။

၁၅၂။ ဝတ်ကုန်စင် တည်ပေတတ်က၊ ထက်နတ်ကယ် နိမ္မာခွင်။ ။ လားလိမ့်ကိုယ်ထင်။ ။သည်ကျင့်ခန်းကို၊ ချင့်မှန်းဉာဏ်ဝင်လို့၊ မြန်ခွင်မှာ အိမ်သူပေါင်း၊ကောင်းကြဆက်တိုင်း။ (အချိုးမညီ မပြည့်စုံ)။

၁၅၃။ အမေနှမနှင့်၊ ဆွေစမျိုးနွယ်။ ။သမီးပင်ဖြစ်လေတဲ့၊ ချစ်သေခွေယုံကြည်စိတ်နှင့်၊ ကလိဌ်ကယ် တိုင်ပင်ခွင့်၊ ကင်းစေသင့်တယ်။ ။ကြံမဖွယ်၊ မှန်ကယ်သဘော။ ။ စဉ်းလဲရာထောင်နှင့်၊ မာယာဆောင်လှည့်လည်ဖြား၊ များ၏မှတ်လော။

၁၅၄။ လူ့ပြည်မှာအိမ်သူပေါင်း၊ မကောင်း များစွာ။ ။သို့ပင်ဖြစ်သော်လဲ၊ စိစစ်ကယ် ဖွေနည်းက၊ ချိဆွေသည် မြတ်ပေသေးသည်ဟု၊ ရိုက်ကြွေးထွတ်ရှင်စော၊ဟောမိန့်သည်သာ။ ။မိန်းမရတနာ၊ ဥစ္စာတွင်မြတ်ဆုံး။ ။အလုပ်ကျွေးမှာလဲ၊ မြတ်သေးသည်ပင်၊ ခြောက်ခြည်လွင် မုနိန္ဒ၊ ဟောပြလှက်သုံး။

၁၅၅။ မို့ဝဲအာဟာရကို၊ နှစ်ဆငယ်လိုချင်။ ။ထက်မျက်ကယ်သညာနှင့်၊ ပဋိဘာဉာဏ်ရာကျ၊ လေးဆမြော်မြင်။ ။လို့လ အရာတွင်မူ၊ ခြောက်ဆပင်လွန်ကဲ။ ။ရမ္မက်ကယ် အာရုံနှင့်၊ကာမဂုဏ် ခံခါကောင့်၊ ရှစ်ပြန်သည်ပိုမိုကျ၊ မိန်းမခပဲ။

၁၅၆။ အကြင်အိမ်ရှင်ပေါင်းတို့၊ စောင်းမြောင်းငယ် မျက်ရှိန်။ ။ လင်နှင့်ပင်ဆိုဆိုင်လို့၊ နှုတ်ကိုယ်တို့ဲ လွန်ခိုင်ငြင်း၊ မင်းပြု ကြိမ်ကြိမ်။ ။ မြင်လျှင် လိုချင်စိတ်နှင့်၊ စားအိပ်ကယ် ချင့်မချိန်၊ သူ့အိမ်လို့လှသွား။ ။ကျင့်ဝတ်ကတ် ယုတ်မာက၊သားတရာ

မြင်သော်လဲ၊ ထိုကြင်ဖော် ဆွေသည်နှင့်၊ နေမတည် ထိုင်မကျ၊ ရှင်းကြအများ။

၁၅၇။ မိမိလုပ်ထင်မြင်လျက်နှင့်၊ တပ်မက်ကာယ်တွေရာ။ ။မြတ်ဆင်း နိုဘာယ်နှင့်၊ တင့်ဆန်းကြယ်တိုယောကျာ ကိုးနှောင်ကယ်မှားလေ ပင်လို၊ နှုတ်ချောတင်ကြံမှားနေမာ၊ မေ့လို့တပ်မှာ။ ။ ကိလေ သာ တဏှာကိုယ်လုံး။ ။သည်သူသာဆွေလင်ဟု၊ ချစ်ကြည် လင်ဟာည်မကျ၊ မိန်းမတို့ထုံး။

၁၅၈။ ဒလကို ကွန့်ပစ်ဖမ်း၊ ကိုယ်စွမ်းငယ် အံ့အာ။ ။တစ်ဖက်ကာယ် လက်သာဖြင့်၊ သမုဒ္ဒရာရေကူန်ကြောင်း၊ လောင်းနိုင်မှသာ။ ဟူးဟူးမြည်အောင်နှက်သို့၊ လက်ရုံးကို မောင်းပမာ၊တီးပါ နိုင်မှ။ ။ယောကျ်ားသို့စင်ပ၊ တို့လက်တွင် ခံနိုင်ဘူးဟု၊ အထူး ကြံစိပ်စား၊ အားလွှတ်ပါကြ။

၁၅၉။ သို့လောက်ချားစွာ။ ။စိတ်ချဘဉ်တည်နှင့်၊ မကြည်မယုံခြင်း၊ ကင်းရဖြဲ့မှာ။ ။ဓမ္မဘာနုဘာရီတို့ သဘောဘာ။ ။ယောကျ်ား သူငယ်တို့၊ ယူဆင်ခြင်ပညာရှေး တွေးကြနှစ်နော။

၁၆၀။ မိန်းမတို့အကြံစ်ကိုးစင်စင်ကာယ်ပိုင်ပိုင်။ ။ဖန်ဆင်းလျှာထောင် နှင့်၊ နှင်ခြူးမြောင် ခါလှန်ကျူးအောင်၊ အထူးကုန်ဆိုဖွင့် သော်လဲ၊ ဆုံးခွင်မျောက်နိုင်။ ။အဆိုင်ဆိုင်၊ ဂဏန်း သချာ ကိုင်တို့၊ မော်မှိုင်မဲ့ရေး။ (အချီးပြည့်စုံ)။

# ပုဿ ကထာ

၁၆၁။ ဂုဏ္ဍ ကထာ၊ ဆိုရာသည်ရှေ့၊ ပြီးမေ့ဘိကာ။ ။ပုဿာခန်း ကို၊ ဆိုလမ်းသွယ်ပြန့်လိမ့်၊ ကျယ်ညာကုံပုံမချဲ၊ ချီးမဲ့ သဘော။ (ဖွဲ့ချီး)။

၁၆၂။ ငါးပါးငယ်ကြောင်းအင်။ ။တစ်ထက်ကာယ် ထင်မြင်လွှဲ၊ ပညာ ရှင်လူတစ်စု၊ သားဆုလိုချင်။ ။ငယ်စဉ်တောင်ကျေးတချိမ္မေး

တို့ကိုလျှပ်၊ ဆင်ခြင်မိထိုသား။ မွေးထုံ့မွှေးပေလိမ့်၊ကြံသေ ခွေစိတ်တွင်ပြူ၊ ကျောင်းတစ်ခုထား။

၁၆၃။ ငါတို့တွင်ဟူသမျှ၊ကိစ္စငယ်ကြီးငယ်။ ။ခပ်သိမ်းစုံလှင်၊ကုန် တွင်အောင် ဆောင်ပေလိမ့်ဟု၊ နှစ်သိမ့်လွှန်အင်ရှဲ၊ထဲက ကြံ ရှယ်။ ။ကိုယ့်မျိုးကိုယ့်နွယ်ကို၊ ရှည်ကြွယ်ခါမြင့်။ ။မမြုပ် ကာယ် တည်စေလိမ့်၊ ရှာနည်းဖွကြံတာထူး၊ ကူးမိသည်နှင့်။

၁၆၄။ လယ်ယာဆင်မြင်း၊ကျွန်းသင်းငယ်ထွေထွေ၊ ။စရိုက်ကယ် သေချာနှင့်၊ မွေဥစ္စာဘဏ္ဍာခန်း၊မြန်းရရစ်မှေ။ ။ခန္ဓာကိုယ် ပြိုကွဲလို့၊ ဖောက်လဲ တည်မနေ၊သေလွန်တဲ့ အခါကော။ ။ မွေးဘမွေးမေတို့၊ရလေစေဒရဏ်သွန်း၊ ညွှန်းလိမ့်စိတ်ဇော။

၁၆၅။ ပညာရှည်စွမ်း၊ ပြည့်လျှမ်းငယ် ဥစ္စာ။ ။ထက်မြက်ကယ် ကုလို့လို့၊ လူ့ဘုံမှာဂုဏ်ရောင်စွဲ၊ကဲချိမ့်အံ့အာ။ ။တိဇာတာ၊ ပုဗ္ဗာဒ်ဆိုရိုး၊ ။ခပ်သိမ်းရည်တူက၊သည်သူမှာနုဇာတ၊ ဝေါ ဟာကြူရိုး။

၁၆၆။ ကြံရည်—ဖန်ရည်စ၊သုတငယ်ပညာ။ ။ချော်ချွတ်ကယ် မြုပ် တိမ်လို့၊ယုတ်စည်းစိမ်ပုံမသည်း၊နည်းတဲ့ဥစ္စာ။ ။နွယ်စဉ်လာ၊ လည်ကာမျှမထူး။ ။ပေါက်ပြတ်ကယ် သေလှုံနှင့်၊ ဝဇာတံ ဆိုသည့်သား၊ မျှားနှစ်သက်ဘူး။

၁၆၇။ မဏားမြစ်ချေက၊ အပြစ်ကယ်မျှားစွာ။ ။မှားပဲ့ပြင်သွန် သင်ပေးကာ၊ယဉ်ကျေးချေင်လို့၊မောက်ပိုလျှ ရည်စွမ်း၊ လျှမ်း ပြည့်ထောင်ရာ။ ။ထို့ကြောင့်သာ၊ ပညာမြော်ကြည့်။ ။ ကပည်သားကိုလာ၊ ဖန်ပျားပုံပြင်ပြ၊ ဆုံးမရာ၏။

၁၆၈။ နှုတ်မူရာကိုယ်အကျင့်၊မသင့်တဲ့ဟန်ပန်။ ။ဖိတားမြစ်ထာလို့၊ ကြိမ်မျှားစွာ ဩဝါဒ၊ ပေးကြဖန်ဖန်။ ။ယဉ်ကျေး မချေ ငံ့လျှင်၊ ချစ်ရန်ကဝေး။ ။ငြိမ်သက်ကယ် တည်ကြည်က၊ ချစ်ရည်မေတ္တာရှိမ်း၊ လိမ်းကြမယ့်ရေး။

၁၆၉။ ညီငယ်တဲ့သားငယ်။ ။ပျက်ယုတ်ကယ် သွေးချော်က၊ခေါ်လို့ သာ သွန်သင်ထားရာ၏၊တစ်ပါးစွန့်ရန်ရှေး၊ဝေး၏မဖွယ်။ ။

လက်ခြေဝယ်၊ကပ်တွယ်ဘင်မည်း။ ။သို့စင်ဖြစ်ပါလဲ၊အဘယ်မှာ လျော်မအပ်သည့်ဟု၊ စင်းဖြတ်အံ့နည်း။

## ဒါသကထာ

၁၇၀။ ပုတ္တငယ်ကထာ။ ။ခံအုပ်ကယ်စီလျှဉ်လို့၊ စကားစဉ်ရွှေစာလုံး၊ကုံးခဲ့သေချာ။ ။နည်းငယ်သာ၊ ကထာကျွန်ပိုင်း။ ။အလျောက်ဆိုပြန်ခဲ့မယ်၊ ကြွင်းမဲ့မဆိုင်း။

၁၇၁။ ဝယ်ကျွန်တဲ့သို့ကျွန်။ ။မူပတ်ကယ်စန်ပိုလို့၊ ကိုယ့်ကိုကိုယ်ပင်နှင်း၊ သွင်းဆက်တဲ့ကျွန်း ။အိမ်ပေါက်ကယ် ပင်တိုင်ကျွန်ဟု၊ လေးကျွန်ပြခဲ့။ ။(အချိုးမပြည့်စုံ။)

၁၇၂။ ကျွန်အပြား ငါးယောက်ကယ်သည့်ပြင်။ ။ခင်ပွန်းခိုးသူနှင့်။ မျိုးရည်တူ ကိုယ်တူကျင့်၊ စိုးမင့်အသွင်။ ။ပညာရှင်၊သိအပ်သည်ပင်ဟု၊ ထင်ထင်ရွှေစာထဲ၊ ခွဲစိတ်လို့ထား။ ။(အချိုးမပြည့်စုံ)

## ဿရာဝါသ ကထာ

၁၇၃။ ဿရာဝါသုခန်း၊ ရွှေကျမ်းငယ်စာစောင်။ ။မချွတ်ကယ်ထင်မြင်တဲ့၊ အာနိသင်ခံလိုက၊ သုံးကြလူ့ဘောင်။ ။လျောက်ပတ်ကယ် တော်လျော်အောင်တဲ့၊ ကြဉ်းဆောင်ပြတမ်း။ ။(အချိုးမပြည့်စုံ)

၁၇၄။ စဉ်းလဲ့ငယ်ထွေထွေ။ ။မယားအိမ်သူနှင့်၊ စိတ်ကိုယ်တူရှင်ပျော်အောင်လို့၊ ဖော်ပေါင်းရန်သူညစ်ကို၊ ကျွမ်းချစ်မိချေ။ ။ဆိပ်ထန်ငွေ၊ ရှိလေအိမ်တွင်း။ ။ကျွန်ယုတ်ကိုစေပါက၊ သေမည်သာ ကေန္တ၊ မြဲမှတ်ကြမင်း။

၁၇၅။ လဘ်ပူဇော်ခြံရံခ၊ တောင့်တငယ် အာသာ။ ။ထိုသူကို မြေခေါင်ကသေ့ရှောင်သွင်မပြ၊ ဖဲကြွခွာခွာ။ ။ထို့ကြောင့် သာ၊ ပညာရှိအပေါင်း။ ။တိုက်ရိုက်ကယ် မရှာနှင့်၊ လာဘ် ရရာပင်မူလ၊ ထွေးဆကြည့်ကြောင်း။

၁၇၆။ ကိုယ်တိုင် ကိုယ့်ကြပ်တဲ့၊ မပြတ်ကယ်ခါခါ။ တိုက်ဘဏ္ဍာ ကောက်နယ်ခင်း၊ ဆင်းမြင်းခြံဆီလှည့်၊ သွားကြည့်ကြရာ။ ။ ချင့်လီကာ၊ ကျီမှာ ကောက်လှောင်း။ ။နေ့တိုင်းအိမ်မှာ ကောင့်၊ ချက်ပြုတ်ဆု ဆန်ကိုချင့်၊ သုံးစေသင့်ကောင်း။

၁၇၇။ ခြကိုပမာထား၊ ပျားကိုတဲ့ပုံဆောင်။ ။တရွေ့ရွေ့ငယ် နှင့်၊ သိမ်မွေ့ဥစ္စာနည်း၊ ဆည်းလော့အခေါင်။ ။လူတို့ ဘောင်၊ အိမ်ထောင်သက်မွေး။ ။မူပြစ်ကယ် လဟာနှင့်၊ ဗလ ချာမြွေခေါင်ပိုတ်၊ မျှားကစွမြေး။

၁၇၈။ မည်သည်မည်လောက်ပ၊ ပွားမြောက်ကယ်ဥစ္စာ။ ။ထုတ်သုံး ကုန်လေဟု၊ ဖန်စေ့ရေကိုယ့်သ်ကြောင်း၊ ဆောက်မေ့စာ နာ။ ။မှုမထမ်း၊ မှုထမ်းဆိုရာမှာ၊ သိပါအောင်နှိုက်နဲ။ ။ နှိပ်သင့်မြောက်ရန်နှင့်၊ သည်နှစ်တန်ပညာရှေး၊ တွေးဆ ကျွန်မြဲ။

၁၇၉။ တယ်ံတဲ့ပျော်ပျော်။ ။တမ္ဗတ်ကယ်ရှုဇာတို၊ ညောင်သီဟာ ထုံရည်ကျေ့မှာ၊ မြန်းမွေ့စက်တော်။ ။နံဗ္ဗာနံ့ရည်မှန်းတာ၊ ရဟန်းသူတော်မှာ၊ နှစ်ဖော်ယံတွင်း။ ပရိတ်ကယ်မေတ္တာနှင့်၊ ဘာဝနာ ရွတ်အံ့စဲ၊ မြဲစက်ရှုခင်း။

၁၈၀။ ပါဒ်နာရီပြန်ဗိုစု၊ သုံးခုငယ်ယှံမှာ။ ။လှယ်လုပ်ကယ်ကုန်သွယ် နှင့်၊ ထိုမျှဝယ်လူအပေါင်း၊ လျှောင်းအိပ်ကြရာ။ ။ပုန်း တောင်းယာစကာ မှာ၊ လေးယှံသာ ညဥ့်လုံး။ ။အိပ်မည် သာကြံရွယ်တော့၊ စိမ့်ဖွယ်ဘယ်မရှိ၊ နှုင်းဘွဲ့သစ်တုံး။

၁၈၁။ အကြင်သူတစ်ပါး၊ စီးပွားကိုရှက်ဆောင်။ ။ထိုသူကိုဆွေ အမျိုးပင်ဟု ယိုးတော့လူ့ဘောင်။ ။မြိန်ရသာထွေထွေ ပေါင်းလို့၊ မြင့်ညောင်းချစ်ရည်ဆောင်၊ ဝအောင်ပပိုက် မွေး။ ။သည်သူကို ဖအေဟု၊ သွေ့ထွေစိတ်တွင်စွဲ၊ မြဲမှတ်ဘိ သေး။

၁၈၂။ အကြွင်သူအပေါင်းမှာ၊ ညွှတ်ပြောင်းခင်တွယ်။ ။ချင်ကျွမ်း
ကြည်ဖြူကာ၊ သည်သူကို မိတ်ခင်ပွန်းပင်ဟု၊ ညွှန်းပါချေမယ်။ ။
ကြွင်သူဝယ်၊ စိတ်သာယ်လိုကိုယ်ငြိမ်း။ ။မယားထိုသည်သူဟု၊
စွဲယူမှတ်သိမ်း။

၁၈၃။ သဒ္ဒါညွှတ်ကြည်ဖြိုး၊ မြတ်နိုးငယ်ရှိလျှင်၊ တစ်ဆယ်တစ်ဆုနှင့်
ထောင်ဥစ္စာပိုမိုကဲ့သော်လဲ၊ ပွဲမျှမထင်။ ။အချစ်ကယ်မကြည်
လျှင်၊ တစ်ပဲပင်ဖြစ်သော်လည်း။ ။တစ်ရာတစ်ထောင်သို့၊ ပုံများ
ပြောင်ရေတွက်မြဲ၊ ကဲ့ချိမ့်သိပ်သည်း။

၁၈၄။ ပေးပါတဲ့ကမ်းပါ။ ။အောင်းတတ်ကယ်ဘိဆိုက၊ ထိုသူကို
ချစ်ဖွယ်ရေး၊ဝေးရှာမှတ်ပါ။ ။တောင်းလျက်ကယ်တစာစာ၊
ပေးပါမည်ကြံပဲ။ ။ထိုသူခက်ကိုလဲ၊ ချစ်သက်ကယ် စေမည့်
ရေး၊ ဝေးရှာလူထဲ။

၁၈၅။ ထိုကြောင့်နော်၊ သူဟော်တို့အပေါင်း။ ။အထတ်ကယ်ပညာ
နှင့်၊ ဥစ္စာကိုလိုလျှင် ရအောင်၊ ဆည်းပေကြအောင်း။ ။
(ဒွေးချိုး)။

၁၈၆။ ဥစ္စာကိုခါခပ်သိမ်း၊စောင့်ထိန်းကြလိုရေ။ ။ထို့ထက်တူဘူပ၊
ဆွေ့အိမ်သူကြွင်မယားကို၊ ဖန်များကြိမ်ကြိမ်သိမ်း၊ထိန်းစောင့်
ကြလေ။ ။ဇမ္ဗူဘွေ၊ လူတွေအပေါင်း။ ။မယား ဥစ္စာ
သက်၊ ကိုယ်ကိုသာဖန်တလဲ၊ မြဲစောင့်ကြကောင်း။

၁၈၇။ သူ့မယားကို၊ ရှုစားငယ် ကြိမ်ကြိမ်။ ။နှိုးနှောဆက်ဆံလို့၊
ကြွင်သက်နှံ့ ရုံခွင့်ရေး၊ ငေးကြမှိန်မှိန်။ ။နိုးသာ သက်သာ
ပေါင်းလို့၊ နံလှောင်းချိုမြတ်မြိန်၊ စားချိန်တိုင်လဲ ။ ယာက်
ချင်းတကိုယ်တဲ့၊ ချစ်သူကိုဖော်မလင့်၊ သုံးဆောင်သင့် ။

၁၈၈။ သေသေတဲ့ချာချာ။ ဗျိုင်းနက်ကယ် ကျီးဖြူဟု၊ သံကြံယူ
ဝါဒမျိုး၊ ပျိုးပေတဲ့စာ။ ။တွေ့တာသာ၊ လောက်ယာတို့။ ။
သို့သည်ကျမ်းကိုလှ၊ ညာက်လှမ်းမပါဟု၊ မလေ့လာမှိဝဲ၊ ရှဲကြ
လေဘိ။

၁၈၉။ တက်ကြီးဝတ်ငယ်။ ။ပြည့်ပြည့်စုံစုံနှင့်၊ မာန်မသုံ့ကိုယ်ကိုနှိမ့်၊
ညွှင်းမိန့်နှုတ်ခြယ်။ ။ကုသိုလ်သီလကို၊ နေ့ည ဆော်ကက်တည်

ရှယ်၊ ကြည်ဖွယ်နှလုံး။ သည့်သည်များကိုလာ၊တည်ကြွားပညာ ကြွယ်သို့၊ လမ်းဖွယ်ကျင့်ထုံး။

## ကာတဗ္ဗ ကထာ

၁၉၀။ ကာတဗ္ဗာ၊ ကထာအပိုင်း။ ။သရက္ခန်၊ စမ္မာကျော်ဓမ္မးသို့၊ ဖျော်ဖွေသူးထုံရည်ရှိမ်း၊လိမ်းကြနေ့တိုင်း။ ။(ဒွေးချိုး)။

၁၉၁။ ရှေ့တူရှုဦးခေါင်း၊ စက်လျှောင်းငယ်အိပ်ခါ။ ။ နတ်စက်ကယ် ရှယ်ချိန်တဲ့၊ ဝရဇိန်ဇာ့တာရှိ၊ ကြီး၏ပညာ။ ။တောင်ဒီသာ၊ ပြုပါဦးခေါင်း။ ။ဥပဒ်ကယ်ရန်ကွာလို့၊ သက်ရာကျော် ပိုမိုဆင့် များမြင့်ရှည်ညောင်း။

၁၉၂။ နောက်ဆီတဲ့ဒိသာ။ ။စက်လျှောင်းသည်သူကောင့်၊ စိတ် ကြည်ဖြူ ငြိမ်မမွှေ၊ များလေ့တတ်စွာ။ ။ဥတ္တရာ၊ ဒိသာ ဖြောင့်စင်း။ ။ခွေညွှတ်ကာယ် အိပ်ပျော်စက်ကား၊ ငါးချက်ကာယ် ဇောပြုန်လို့၊ မရဏ ကေန္တ နီးရမဲ့ခင်း။

၁၉၃။ ရှေ့ရပ်ဆီ မျက်နှာခင်း၊ ထမင်းငယ် စားသော်။ ။နာဖျား ပျက်ကွာလို့၊ သက်ခန္ဓာ ရှည်လေမြဲ၊ ကြဲလိမ့်ရာကျော်။ ။ တောင်ရပ်ကို တူရှုမြော်၊ စားသော်ထမင်း။ ။ငွေရွှက်ကာယ် ရွှေလှာနှင့်၊ မြတ်ဥစ္စာ စည်းစိမ်မျိုး၊ တိုးလိမ့်လက်ငင်း။

၁၉၄။ နောက်ခွင်ကို မျက်နှာပြုလို့၊ စားကြလျှင်ရံရွှေညီ၊ များလိမ် ပည်းသိ။ မြောက်ရပ်ကယ် ထိုဆီသို့၊ ပိပိမျက်နှာထား၊ စား သောက်အပ်ဘူး။ (အချိုးမပြည့်စုံ)။

၁၉၅။ မြတ်ဘောဇဉ်ချိုချဉ်များ၊ စားသောက်ကယ်ပြီးလျှင်၊ ငြိမ် သက်ကယ် ထိုင်နေရာ၊ ကိုယ့်သွားရေ လွန်ပြည့်ဖြိုး၊ တိုးလိမ့် ထင်ထင်။ ။ရပ်လေလျှင်၊ အားအင်ရှိမြဲ။ ။ စကြံ့တော်ရုံ သွားမှု၊ သက်များ ရှည်ရာသို့၊ ပြေးသော်မှာ အနာညှဉ်း၊ မျဉ်းလျော့ကိုယ်ထဲ။

၁၉၆။ ချမ်းပူတွေ၊ ထိုအပေါင်းကို၊ မှိုက်သောင်းမြတ်ပမာ၊ မှန်းလို့
စိတ်မှာ။ ။ယောကျ်ားတော်တကာ၊ လျော်ပါတဲ့မှုခင်း။ ။
ဆောင်ရွက်ကယ် နိုင်ပါက၊ ခိုင်ချမ်းသာ ထိုသူအား၊ ပွားလိမ့်
ချက်ချင်း။ ။(တြိချိုး)။

၁၉၇။ စားမျိုလျှင် သေပါကြ၊ ဆိပ်မှုင်ဖြစ်စေ။ ။မြိန်မြက်ကယ်
ဩဇာကို၊ လျှင်ဆောစွာ မကျန်ရအောင်၊ သိမ်းယူကြလေ။ ။
မစင်ပုပ်ထဲမှာဘက်၊ လျှံရဲရွှေနှင့်ငွေ၊ ဖြစ်ပေလျှင်ရတိုင်း။ ။
စက်ဆုပ်ဖွယ်မှသုံနှင့်၊ ကြွယ်လောက်လို အကုန်ငြိမ်းအောင်၊
သိမ်းကြပြည့်လှိုင်း။

၁၉၈။ မာတင်စက္ကာလမှာလ၊ သိမ့်ငယ်ပညာ။ ။မျိုးမြတ်ကယ် သူ
တော်တို့၊ လျော်မလျော် မကြံတွက်နှင့်တော့၊ နှစ်သက်ကယ်
ကြည်သဘော၊ နှောလို့ယူပါ။ ။မျိုးယုတ်ကယ်မျှသော်လှဲ၊
ရှုပငယ် ဆင်းအင်္ဂါ၊ ပြင်လျှာ သန့်ရှင်း။ ။လျှံတောက်ကယ်
ရောင်ဝါနှင့်၊ ရတနာကညာနတ်ကို၊ လေးမြတ်ကြမင်း။

၁၉၉။ လျှို့ဝှက်ဖွယ်တိုင်ပင်ပြုတဲ့၊ အမှုကိုကြင်သူ၊ ကြားသိမြင်မူ။ ။
လိုမတူ၊ ထိုသူ၏ကျွန်ထုံး။ ။တိုင်ပင်ပျက်မည်စိုးတ၊ မောက်
မိုး မတော်လှန်နှင့်၊ သည်းခံကြဦး။

၂၀၀။ ပညာရှင်လူပေါင်းတို့၊ ညွှံ့ပျောင်းငယ် သေခွေ။ ။ယုတ်ညှို့
သွင်ပြင်ဖြင့်၊ ငြိုငြင်စွာ နေရသေးချေတ၊ ရည်သွေး ထောက်
လောင်မီးလို၊ ညီးလှုပါစေ။ ။ဟယ်နှင်သင် တင်ကာစလှို၊
ကျွန်မျှသူဆိုဃွေကို၊ မျိုလေမှ အကြောင်း။ ။သင့်မည်သာ
ရွယ်ကြံလို့၊ ခြယ်မျက်မာန်မဝင်ရ၊ သည်းခံကြတောင်း။

၂၀၁။ သိတမန်စေခံပြု၊ အမှုငယ်ရည်ရွယ်။ ။စပါးဥစ္စာနှင့်၊ တတ်
ပညာ ရှာသင်ကြ၊ ယင်းကာလငယ်။ ။ကုန်စလွယ်၊ သွယ်
ကာလလည်း၊ အရှက်ကိုခါခပ်သိမ်း၊ ငြိမ်းကြလူပေါင်း။

၂၀၂။ အမှုငယ်ပြီးသော်။ ။အချို့သူမှာကောင့်၊ ပြုပါပေသူ၏ရေး၊
ရွေးမျှမမြော်။ ။သည်ကိုနော်၊ ရည်ရော်ကြံဆ။ ။မှုခပ်သိမ်း
ကို၊ မငြိမ်းကျန်အောင်သား၊ ထားသင့်ရာလှ။

၂၀၃။ ရန်သူကိုရန်တုံ့ဖြင့်၊ကြမ်းရုံ့ရယ်နှင်ဖြို။ ။ကျေးဇူးပြုလာက၊ သူ့ထက်သာ လွန်လိုက်အောင်၊ ခဲကြပိုမို။ ။ လက်ခြေတွင် ငြိတွယ်စူး၊ ဆူးကိုလို့ ထွင်ဇလို၊ ဆူးကိုပင်ဖြို့မြဲ။ ။ ဥပမာ၊ ပညာကြဲယူဆ၊ နှောကြဖန့်လဲ။

၂၀၄။ သူညွတ်လျှင် မာန်မသုံးနှင့်၊ ညွတ်တုံ့ငယ် ညွတ်လေ။ ။ ဆည်းကပ်ကယ် သူလာက၊ သွားပါလသူ့ဆီလဲ၊ စွဲလို့ သေ ခွေ။ ။မှုကြီးငယ်ဆိုသမျှကို၊ သူစလိုဆောင်လှာပေလျှင်။ ။ ဆောင်ပေကြကိုယ်လဲ။ ။စီးပွား ပျက်စေလို့၊ ဖျက်ပါလေ သူ၏ကျိုး၊ တိုးဆောင်သင့်ပဲ။

၂၀၅။ သူသုန့်လျှင်၊ သုန်ကြခြင်း၊ ချစ်ခြင်းချစ်လေ။ ။ကိုယ်ကိုစင် အောင်အောင်မုန်းသို့၊ နှလုံးရည်ထင်လို့၊ ချစ်ကြည်လှင်မမှိုဝဲ၊ ဖဲကြဝေးမြေ။ ။ငှက်ခမေါင်းပုံဟထွေ၊ ကုန့်လေကသစ်သီး။ ။ ပင်တစ်ပါး၊ ထင်ရှားရှာဖွေလို့၊ ဟိုချစ်ဆွေသူဟထူး၊ ကူးလို့ ကပ်မှီး။

၂၀၆။ တမျိုးငယ် တဆွေ။ ။အကျိုးရှာလိုက၊ တစ်ယောက်ကို ထေ မလေး၊ ပေးစွန့်ကြခဲလေ။ ။သည့်ထက်ပင်တစ်ရွာသား၏၊စီး ပွားကို လိုပြန်လေ၊ စွန့်ပေတော့တစ်မျိုး။ ။ဇနပုဒ်၏၊ အဟုတ်ကယ် ကျိုးရှာက၊ တစ်ရွာကို ဘာတွက်လဲ၊ ဖဲစွန့် ကြရိုး။

၂၀၇။ ကိုယ့်အကျိုးကို၊ မြတ်နိုးလိုရာဆီ၊ လှမ်းကလက်မှီ။ ။ ရှုတ် ရက်အယ် ပ်ပီပဲ။ ။ပထဝီမြေအလုံး၊ ကျုံးလို့စွန့်မြဲ။ (တြိ ချိုး)။

၂၀၈။ တစ်နည်းငယ်ထွေလာ။ ။ခြောက်လက်ကယ် အင်္ဂါကြောင့်၊ ဥစ္စာကို လျှင်တဆော၊ မျှောစွန့်ကြပါ။ ။အသက်စောင့်ပြန် ပါ၊ အင်္ဂါကိုကြည့်ပဲ။ ။ဥစ္စာအင်္ဂါနှင့်၊ သက်ခန္ဓာ ဆိုသည် များကို၊ တရားဆင်ခြင်ပြန့်က၊ ဝေးလုံစွန့်မြဲ။

၂၀၉။ ဖြစ်ပြန့်ပျက်ပြန့်ရ၊ လောကငယ်သည်တွင်။ ။ခပ်သိမ်းသတ္တ ဝါ၏၊ ခန္ဓာဇီဝိန်သက်ကို၊ နေ့ရက်ကယ် ကြိမ်ကြိမ်စား၊ သွား လှည့်သွင်သွင်။ ။ထို့ကြောင့်ပင်၊ လူရှင်ထိုမျှ။ ။ထွတ်စော သကျာ၏၊ သာသနာကာလထဲမှာ၊ မိုက်မဲတွေဝေခြင်း၊ကင်း ဘိစေကြ။

၂၁၀။ သူကျူးကျော်ဆိုသမျှကို၊ ဒေါသငယ်မဟူ။ ။တစ်ယောက်ကယ် သူမှာကောင့် ဒေသနာလာရိုတိုင်း၊ လှိုင်းလို့ကျင့်သူ။ နှစ်ယောက်ကယ်ကိုသသူ၊ စိတ်တူလို့ကိုယ်ပူး။ ။ဆွေမိတ်ကယ်ဖြစ်ချင်သလို့၊ချစ်သေခွဲလှန့်သိမ်မွေ၊ ဆွေးမြွရှိဘူး။

၂၁၁။ မိန်းမငယ်တထွေ။ ။မင်းမျိုးဆိုသူနှင့်၊မိုက်ကြဲယူ လူတသီး၊ မီးနှင့်မြွေရေ။ ။ယမမင်းသို့၊ ချက်ချင်း သေပလေအောင်၊ ပြုတတ်ချေဟူရှ်။ ။လုံ့လသွေးဆောင်လို့၊ ဝေးအောင်သာရှောင်ရှား၊ ပါးသို့မရှု့။

၂၁၂။ စေ့စပ်ကယ်ကောင်းထွေ။ ။ဆုံးဖြတ်ဘယ်အပ်ပါတဲ့၊ ပါဌ်ပေ စာဆိုမျှပေါင်းကို၊ မြင့်ညှောင်းဖန်တလဲ၊ မြဲကြံရွယ်လေ။ ချစ်စိတ်ကယ်ဝင်မပြု၊ကြင်စေတော့ မြတ်သေး။ ။တမွတ်ကယ်၊ ပြည့်ရှင်မင်းကိုလ၊ ညွတ်ပြင်းလွန် ခန့်ညား၊ ပြွားဝပ်အပ်သေး။

၂၁၃။ လက်သို့ပင်ထင်ထင်သား၊ရောက်ငြားသည်ဖြစ်စေ။ ။အသက်ကယ် ပျိုရွယ်တဲ့၊မိန်းမငယ်ဆိုသမျှကိုလဲ၊ ကိုယ်အင်္ဂါခပ်သိမ်း၊ ထိန်းစောင့်အပ်လေ။ ။မိန်းမပျိုရာဇာနတ်နှင့်၊ ခက်မြတ်ကယ် ကုမ်းစာပေ၊ ထွေထွေအထူး။ ။စိတ်အားကြံရွယ်လို့၊ အဘယ်မှာ လိုအတိုင်း၊ လှိုင်းလို့ပြည့်ဘူး။

၂၁၄။ အကြောင်မျှလောက်တဲ့၊ မရောက်ရအောင်ရာ။ ။ထိုမျှလောက်ပင်လဲ ကြောက်ချင်ဖွယ် ရန်သူမုန်းကို၊ ပခုံးဝယ် ရွက်ချီပိုး၊ ကြိုးလို့ဆောင်ပါ။ ။အောင်မြင်ခါ၊ ရောက်ပါချေက။ ။မထောက်ကယ် မညာနှင့်၊ ကျောက်ဖျာမှာ အိုးကိုခွဲတဲ့နှယ်၊ မွဲလို့ကိုင်ကြ။

၂၁၅။ ရန်အားငယ်ကင်းအောင်။ ။ သတ္တဝါချိုရှိမျှားကိုလ၊ တောင်ငါးဆယ်၊သည့်လောက်ဝေးက၊ ပြေးလို့ခွာရှောင်။ ။မြင်းကိုလွှတ်အောင်၊ကောင်ဘစ်ရာသိက။ ဒေရှ့နောက်ဘယ်ရည်မျှော်တင်း၊ ကွင်းဖဲရှောင်ကြ။

၂၁၆။ ဆင်ကိုမြင်ပါကြ၊ ဒေါသငယ်လွှတ်ရန်။ ။တင့်ရဲမယောင်နှင့်၊ တောင်တစ်ထောင် ပယ်နယ်တွင်းက၊ ကွင်းမည်ဟုကြံ။ ။လူသူ

ယုတ်ကိုကောင့်၊ အဟုတ်ကယ်နေ နိုင်ငံမှ၊ စေးလိစွန့်ဖဲ့။ ။
(အချီးမပြည့်စုံ)။

၂၁၇။ ဆရာကိုမှောက်တွင်ထား၊ မြှောက်စားလို့ ပြောဆို။ ။မိစ်ကျွမ်းဝင် ဆွေ့အမျိုးကိုကောင့်၊ ရိုးရိုးမျက်ကွယ်ကျမှ၊ ပြောပချိချိ။ ။ချီးမွမ်းလောက်ကျွန်တခိုကို၊ မှုကိုဆောင်ဆဲ။ ။မယားဒွမ်သူနှင့်သားသို့မူသေလေနောက်မှ၊ချီးမြှောက်ရမြဲ။

၂၁၈။ တတ်ပညာရှာဖွေနည်း၊ ဖြည်းဖြည်းဟု ကျမ်းလာ။ ။ဥစ္စာရှာသူနှင့်၊ တောင်တက်သူဆုံသမျှပေါင်းမှာလဲ၊ ၎င်းသည့်နှယ်ချည်း၊ ဖြည်းကြစေပါ။ ။ကာမဂုဏ် မာန်မုန့်စက်နှင့်၊မျက်ထွက်ကယ် ဆိုရာမှာ၊ သည်လိုသာမှတ်ရေး။ ။ဝါးရပ်ကယ်သည်ကိုလ၊ လျင်မလိုပုံမသည်း၊ ဖြည်းစေကြသေး။

၂၁၉။ နှစ်မစည့်ဂုဏ်ရည်ရှားသော်လဲ၊ အများငယ်ညီလျှင်။ ။သတ္တိဂုဏ်ခိုင်တဲ့၊ပိုင်ပိုင်အောင်ရန့်ဖွဲ့၊ ခဲ့ခဲ့သည်ပင်။ ။မြက်မှိုက်ကယ်ကြိုးမျှင်ဖြင့်၊ ဆင်ပြောင်ကို ချည်နှောင်ဖွဲ့၊ မြဲလေတဲ့ထုံး။ ။
(အချီးမပြည့်စုံ)။

၂၂၀။ ပေးကမ်းခြင်း၊ ဆေးမင်းမျက်ပြေ။ ။ဝန်ထိုမှာ မျက်မာန်ဆေးပင်ပ၊ ရေးခွင့်မပြေ။ ။ပေးဖြန့်ဝေ၊ ချွေရွေကြွယ်ဆေး။ ။ခက်ကြိတ်ကယ် ဝန်တို့ထ၊ကိုယ့်ကိုသာအသီး၊ ထီးကျွန်မဲ့ဆေး။

၂၂၁။ ဥစ္စာကိုလိုတုံငြား၊ ကုန်များရောင်းပါ။ ။အတတ်ကိုလိုချင်က၊ မိုးအောက်ပြင် ဉာဏ်ကြွယ်မြတ်သူသို့၊ဆည်းကပ်ကြရာ။ ။သားမြေးလိုပါမူ၊ ကညာကိုဖော်ပေါင်း။ ။မှူးမတ်ကယ်ဖြစ်လိုက၊ မင်းကိုသာလိုလိုက်မြဲ၊ စွဲခညွတ်ပျောင်း။

၂၂၂။ အကြင်တဲ့သသူ။ ။မိဘဆရာနှင့်၊ သူမြတ်စွာ ထိုထိုတို့ကို၊ ရိုကျိုးကိုယ်ကိုနှိမ့်၊ လေးငြိမ့်ပူမူ။ ။ထိုသသူ၊ လူတွင်ကျော်သဲ။ ။ယုတ်ခြည်းကြဥ်ခွာလို့၊ မြတ်ချမ်းသာ ကိုယ့်အကျိုး၊ ဖြိုးတည်ရမြဲ။

၂၂၃။ မြတ်ပေသူဟူသမျှ၊နှိမ့်ချလို့အောင်ရာ။ ။ရဲရင့်မာန်ခေါင်ကား ထီးကျွန်အောင် အဖော်ခွလျှင်လဲ၊ အောင်မြဲကေန္တ၊ လောက

လူမှာ၊ သူယုတ်ကိုအောင်ရန်မှာ၊ သော်တန်ကာ စွန့်ပေး။ ။ ကိုယ်အင်တွလူအများကိုကောင်း၊ ထုတ်အားကြံဖန်ဆောင်က၊ ပြီးအောင်မဲ့ရေး။

၂၂၄။ ကိုယ့်အပြစ်ကို၊ စိစစ်ကယ် သူ့ထံဝယ်၊ ပြောခွင့်မဖွယ်။ ။ ချေလက်ကယ်ကြီးငယ်၊ ဝှက်ကယ်တဲ့လိပ်ထုံး။ ။သူတပါး ပြစ်များကိုဆိုယောင်းကောင်း၊ ထင်ပေါ်အောင်ကြံနှိုက်နဲ့၊ စွဲလို့ မှုတ်ကျုံး။ (တြိ-ချိုး)။

၂၂၅။ ကာတမ္ဘာ၊ ကထာစုံစေ့။ ။သံဒထာက်ကယ် လက်ကုံး၊ အုံး၏ သည့်ရွေ့။

## အကာတမ္ဘ ကထာ

၂၂၆။ အ-ကထာ၊ ဝါစာငယ်မော်ကွန်း။ ။ကွက်ကွက်ကယ်ထင်ထင် တဲ့၊ အကောက်ာ ရွှေစာရီး၊ ထိုးလိမ့်ထိပ်စွန်း။ ။(ခွေးချိုး)

၂၂၇။ နေတက်အောင် အိပ်ခြင်းနှင့်၊ ပျင်းခြင်း ကြမ်းချော်။ ။ ပြစ်မှားသူ့အိမ်နှင့်၊ ချင့်မချိန်ကွာသတိ၊ တိုင်းသိအိပ်ပျော်။ ။ စွန့်ရှည်မြဲရေးသို့၊ ကိုယ်ထီးသွားအံ့ရော်၊ ဖော်လော်မှုပါပဲ။ ။ သူကောင်းဂင် ဖြစ်စေဘော့၊ စင်စစ်ကယ်ပျက်ဒလလို့၊ ကျက် သရေ ဘယ်မတိုး၊ ကျိုးယုတ်ရမြဲ။

၂၂၈။ ချိန်မွဲခါ ထိုထိုသွားနှင့်၊ သောက်စားကတူတူ။ ။ခင်ပွန်းပျက် တေနှင့်၊ ဘက်ယှဉ်လေ ကြွေအန်လောင်းလို့၊ မြင့်ညောင်း သဘင်ပွဲ ကြုံကက်တဲ့သူ။ ။ပျင်းမူရာ ပြန်ဖောက်နှင့်၊ ခြောက် ယောက်ကယ် သို့သည်လူ၊ မဖြူကြသောင်း။ ။ကြီးမြတ်ကယ် စည်းစိမ်တဲ့၊ နည်းယုတ်တိမ်သိမ်ဂုဏ်နွဲ၊ ကျိုးမဲ့လစ်ဟင်း။

၂၂၉။ ချမ်းတယ်တဲ့ပူဘယ်။ ။မိုးချုပ်ကယ် ပါပြီဘု၊ ခါနာရီချိန် ကိုရွေးလို့၊ လုပ်ရေးဆောင်တာခင်း၊ ယှဉ်းရလျက်ကယ်။ ။ ထိုသူဝယ်၊ လှယ်ကာကိုယ်တွင်း။ ။ကျိုးဆက်ကယ် ဘယ် မပေး၊ဝေးပါဘီခြင်း။

၂၄၀။ သူများကို အလျှင်စလို၊ ဖျက်ကြတဲ့ သူမှာ။ ။အပြစ်ကယ်ပိုမိုလို့၊ ကိုယ့်ကိုယ်ပင် အလျှင်ရေး၊ ပျက်သေးရပေါ့။ ။ပြာသာဒ်ကယ်ဘုံသာကို၊ထိုက်ပါတဲ့ပျက်မီး။ ။ရုတ်ရုတ်ကိုယ်အလျှင်တဲ့၊ ထင်ထင်ပျက်လေရ၊ နည်းပုံပြမှီး။

၂၄၁။ ရန်သူကို ချစ်ခင်မှု၊ မပြုနှင့်ကျွမ်းဝင်။ ။ဆွေခင်ပွန်းကိုလဲ၊ ချစ်လွန်းကြင်ဟန်နှင့်၊ အင်မတန် လွန်လွန်ကျူး၊ ထူးပြုဆင်ခြင်။ ။တဆစ်ကယ်ထရံကွင်၊ မာန်ဝင်တဲ့ခါများ။ ။ခင်ပွန်းချစ်ဆွေတို့၊ ဖြစ်ထွေကို ထုတ်ဖော်တတ်တယ်ပ၊ ကြွင်းလပ်မထား။

၂၄၂။ လောကငယ်တံထွာ။ ။ယောကျ်ားဟုတ်ချေက၊ယုတ်တေတေသူပင်ဖြစ်သော်လဲ၊စင်စစ်ကယ်ထမနလေး၊ဝေးစေကြပါ။ ။ကက္ကဋ္ဌငယ်နှင့်၊ ကြက်မလိုပမာယူ၊ ခိုင်းပြုကြကောင်း။ ။(အချိုး မပြည့်စုံ။)

၂၄၃။ မိုက်ခေါင်တိုင်သူ၏သား၊ဖြစ်ငြားတော့ပစေ။ ။အမှတ်ကယ်သညာနှင့်၊ ပညာရောင် ပြောင်လို့ ရွှန်း၊ ထွန်းတတ်ဘိပေ။ ။သူယုတ်သားပင်လဲ၊ ထုတ်အား ကုံမခေလျှင်၊ စံရွှေပွဖ့်ရှက်လောင်း။ ။ဘွဲ့ညည်ထူးငယ်နှင့်၊ မက်မှူးဖြစ်သေဘိရာ၏၊တိုင်းသိညွှတ်ပျောင်း။

၂၄၄။ ချက်ပြုတ်ရန်ဆန်မျှနဲ့၊ဆင်းရဲတဲ့သားပင်။ ။သဒ္ဓေးသူကြွယ်ဟု၊ လူ့ပြည်ဝယ်သွန်ထင်ရှားတတ်ချည့်၊ပွားလောက်ပည်းဖြိုင်။ ။ယောကျ်ားသူစင်ကို၊လူတွင်တဲ့အထူး။ ။လက်ချွားပလေနှင့်၊မထမလေ ကြံမှောက်မှား၊ များပြုသင့်ဘူး။

၂၄၅။ ကြွင်သူကိုမိတ်ခင်ပွန်း၊ကျွမ်းဖွဲ့မဲ့သူကြံရှယ်။ ။ခိုင်ငြင်းထိုသူနှင့်၊ ဥစ္စာယူယုက်တင်ခင်း၊ရှင်းစေရမယ်။ ။ထိုသူတွင်ကြွင်မယားနှင့်၊ ထင်ရှားမှောက်မှားဝယ်၊ ဖွယ်တဲ့ဆိုပြော။ ။သည်းသုံးဖြာ၊ရံခါဘယ်ပြုပဲ၊ မြဲကြသဘော။

၂၄၆။ မီးကြွင်းမီးကျန်။ ။ဖြတ်သာတ်ကယ် ဆောင်မြင်လို့၊ စင်စင်ကုန်မခြင်း၊ ကြွင်းတဲ့ခိုက်ရန်။ ။အဖန်ဖန်၊ ပြန်ပြန်ဆင့်ပွား။ ။ထိုကြောင့်မီးရန်နှင့်၊ မြီကျန်ကို သုတ်သင်အပ်တယ်၊ခြွင်းလှပ်မထား။

၂၃၇။ ကုသိုလ်ဖန်နဲ့လို့၊ ဆင်းရဲဖြစ်ပြန်လှာ၊ ရှေးကကြံမှာ။ ။မျိုးမြတ်ကာယ်နွယ်လာတို့၊ မဖွယ်ရာမူညစ်ညမ်း၊ သွမ်းပြုသင့်ဘူး။ ။ (အချိုးမညီ မပြည့်စုံ။)

၂၃၈။ ရွှေငွေဆန်စပါး၊ မရှားတဲ့သူပင်။ ။မြက်ထင်း မီးရေတို့၊ ပြီးထွေထွေ ခါခပ်သိမ်း၊ ငြင်းလိမ့်မထင်။ ။ဥစ္စာကံနဲ့လို့၊ ဆင်းရဲတဲ့လူပုံရင်မှာ၊ ကုန်စင်ဖျက်ယွင်း။ ။ထိုအကြောင်း ငယ်ကြောင့် မကောင်း ပယ်ခွာကြဉ်လို့၊ ကောင်းယှဉ်ကြမင်း။

၂၃၉။ များသူတကာလုပ်ရာမှု၊ မပြုနှင့်ခေါင်းဘည်။ ။ကိစ္စကုန်ပြေက၊ ပုံလူတွေတူညီမျှ၊ ကျိုးခံရသည်။ ။ပျက်လေမည်ဆိုက။ ။ရှေးဦးခေါင်းတည်တို့၊ မျက်မကြည် လူဖြင်ပြို၊ ဆဲဝေါက်ခံရ။

၂၄၀။ ပေးပါဆိုစကား၊ ထံပါးမှာ ထင်ထင်။ ။ငါးယောက်ကာယ်နတ်ဆွေတို့၊ ကပ်မနေ မြေခေါင်ဝေး၊ ပြေးထွက်သည်ပင်။ ။မည်ရည်ခေါ်ဝေါ်ထုတ်လို့၊ သရုပ်ကာယ်သိလိုချင်၊ စာကိုယ်တွင် ကြည့်ဦး။ နတ်မည်ကိုပေယျာလ၊ ညွှန်းပြဆိုဘူး။

၂၄၁။ မရှိပါဆိုရခြင်း၊ ဆင်းရဲပင် ဧကန်။ ။ပေးပါ ကမ်းပါဟု၊ တောင်းရပါသည်အခင်းမှာလဲ။ ဆင်းရဲပင်ဖြစ်ချေရ၊ လောကလူ့ထုံး။ ။မရှိသံ တောင်းသံ စကား။ ။ဆက်တိုင်းမထင်ရအောင်၊ ဝေစုရှောင်ရှား။

၂၄၂။ သူစိမ်းငယ်သမလူ။ ။မျိုးဇာတ်ဓာယ် နွယ်ဝင်တို့၊ ဘယ်မမြင်ရပ်မြေဝေးမှာ၊ နေသေးရမူ။ ။ကျင့်မူရာ ဇာတိမျှားဖြင့်၊ စွမ်းအား ထိုရပ်သူကို၊ မှတ်ယူလို့သိပဲ။ ။ယင်းတို့ပင်ဖြစ်လေက၊ ထိုရပ်မြေ ဌာနကြားမှာ၊ ထောင်လွှားမာန်မာန၊ ဒေါသပျောက်စွဲ။

## ဥာတမ္ဗ ကထာ

၂၄၃။ ဉာတမ္ဗွာ၊ ကထာခံဆိုင်း။ ။ဖက်ရွတ်ကာယ် ပြေအောင်ပ၊ ရွှေစာစောပ်ကဗျာဖွဲ့မယ်၊ ကျွမ်းလာတဲ့တိုင်း။

၂၄၄။ အမိယုတ်သည် သား၊ စကားငယ်ငံမချေ။ ။ဘယုတ်သည် သားမှာကောင့်၊မူထားအာစာရ၊ယွင်းခွညစ်တေ။ ။နှစ်ပါး မူမသေ့၊ ယုတ်လေဘိဆိုကော။ ။စကားပျက်ချော်နှင့်၊ ကျင့် မတော် လော်လီသွမ်း၊ လျှမ်းလိမ့်သဘော။

၂၄၅။ အမိမြတ်သည်သား၊စကားငယ်ငံချေ။ ။ဘမြတ်သည်သားမှာ ကောင့် မူထားအာစာရ၊ ကောင်းလှသခွေ။ ။နှစ်ပါး မူမသေ့၊ မြတ်လေဘိဆိုကော။ ။စကားနာပျော်နှင့်၊ ကျင့် ဖော်ပြုန်မပြောင်း၊ ကောင်းလိမ့်သဘော။

၂၄၆။ လင့်စင်ရည်တူမွန်း၊ ထန်းပင်၏အရောင်။ ။ခပ်သိမ်းလူရှင် တို့၊ ယူဉာဏ်ရည်အကုန်နည်း၊ မညီးတဲ့မိုးမှောင်။ ။လူလတ် မှာပညာရောင်၊လျှံပြောင်လို့နီရဲ။ ။ဟာရှိနတ်ကို၊အမြတ်ဆယ် ရှေ့ဆောင်လို့၊ လူ့ဘောင်မှာ လူကွမျိုး၊ ဆိုးတောက် ညစ်မြဲ။

၂၄၇။ ကုမုဒ်ကယ်ရိုးရွေ။ ။တိမ်နက်ရေကို သိအောင်၊ ညွှန်းဘိ တတ်ပေ။ ။မြက်နှင့်ရေးမြေကိုသိကြောင်း။ ။ဆိုနူတ်ကယ် ဝါစာဖြင့်၊ ဉာဏ်ပညာ နက်တိမ်းမှန်း၊ ရှမ်းလို့သိကောင်း။

၂၄၈။ ယုတ်မြတ်ကယမျိုးဆွေ။ ။ကိုယ်နှုတ်ထယ်အာစာရ၊ ညွှန်းပြ တတ်ပေ။ ။မူသေခွေ၊ တူနေဖော်ပေါင်း။ ။ချစ်ကြည် ခြင်းကို၊ ဖြောင့်စင်းသိအောင်သား၊ ကြားတဲ့အကြောင်း။

၂၄၉။ ခွန်ပေါက်လှနဲ့၊လျင်မြန်ခြင်းဖြင့်၊မြင်းကောင်းဟုမှတ်လေ။ ။ နွားကျေးဇူးမှာတောင့်၊ အထူးဝန်ချီပိုးမှု၊ တိုးလို့သိစေ။ ။ ဉာဏ်မခေ၊ ထာဝေမှန်မှန်း။ ။စကားဆိုမြည်ခင်း၊ မင်းကြံ လို့ဖမ်း။

၂၅၀။ တွင်းနှင့်ပြင်ဝင်ခစား၊ ယောကျ်ား၏ စွမ်းရည်။ ။မှုကြီး ငယ် စေပါခိုင်းခါမှ၊ နိုင်းသိရမည်။ ။မယားဆွေသည်ကို၊ ထွေလည်အကြောင်း၊ ခပ်သိမ်းစည်းစိမ်တို့၊ နည်းယုတ်တိမ် ပြိုပျက်ယွင်းကာမှ၊ ခင်းသိရကောင်း။

၂၅၁။ ဆိုးမယ်တဲ့ကောင်းမယ်။ ။ရန်ဘေးတွေ့လေမှ၊မျိုးနှင့်ဆွေဟူ သမျှ ဘောသိရတယ်။ ။အချစ်ကယ်ကြွင်မပြယ်၊ ခင်တွယ်တဲ့ မိတ်မှန်း။ ။ယွင်းယုတ်ကယ်မှောက်လှန်လို့၊ ဖောက်ပြန်ပြန် မငြိမ်သက်ခါမှ၊ ဆက်ဆက်ကယ်ကေန္တ၊မျှားသိကြဘမ်း။

၂၅၂။ ဗေဒင်ဆရာများတို့၊ ခါကြားငယ်နာရီ။ ။တွက်ချက်ကယ် ဖွေရှာလို့ ဗေဒင်စာ ကိုယ်နှင့် ကင်းချေက၊ အလျှင်းဘ ်မသိ၊ ဝေးဘိပီပီ။ ။ကြက်အပေါင်းမှာကောင့်၊ ဦးခေါင်း တောင်ပံချီ၊ သေီလေ့ကျင့်သုံး။ သဘောကိုယ်တိုင်တဲ့၊ ပိုင်ပိုင်ချိန်ကိုသိ၊ လောကီဖြစ်ထုံး။

၂၅၃။ ကြက်ထက်ကယ်သစ်ပင်။ ။ကာလချိန်ကိုသိ၊တိုင်းသိပုံယင်။ ။ ထိုထက်ပင်၊ ကြယ်ကျင်ဆလဲ။ ။ဥတုသုံးပာန်နှင့်၊ ချိန်မှန်ကို မြေရသိ၊ တိုင်းသိအံ့ဖွဲ။

## အလက်ာရ ကထာ

၂၅၄။ အလက်ာ၊ ကန်ဆာအခန်း။ ။အနက်ဆယ်ဝိပ္ပာယ်ရ၊ ရှင်းကြ ညာက်စမ်း။ (ဒွေးချိုး။)

၂၅၅။ လူ့ပြည်တွင်လူဆိုမျှ၊ မင်းမင်းပေါ့တန်ဆာ။ ။ညဥ့်မှောင်မိုက်မှာလ၊ ရောင်မြိုက်ကယ် ခြယ်လှယ်ပေါ၊ ဖိုးလသော်တာ။ ။ မြေတန်တာ၊ မဟာမေရု။ ။ဆင်မပေါ်၊ ဗလာဘယ်မတင့်၊ မျှားမြင့်မိုလ်ထု။

၂၅၆။ နတ်ဆင်းတဲ့ယိုးဖွယ်။ ။လျှောက်ပတ်ကယ်ဟန်ပန်လှသော်လဲ၊ သီဟကိုယ်မှာကင်းချေက၊ လျှင်းမတင့်တယ်။ ။မျိုးကောင်းမြစ်ရှည်ကြွယ်၊ ဆက်နွယ်စမကွဲ။ သို့ပင်ဖြစ်သော်လဲ၊ ကျင့်နှစ်ကယ် အာစာမှန်မှ၊ ထူးလွန်ဆကဲ။

၂၅၇။ တောကြီးငယ်ဆိုင်ဆိုင်။ ။ပုပ္ပေါင်းခုံဖြူလဲ၊ တုံမလွှာ၊ လှိုင်မပြို့၊ တူးလိုတင့်နိုင်။ ။ကုန်ရှပိုမိုကဲလို့၊ ဗိုလ်ပွဲ ထင်ပုံပြိုင်၊ ဂုဏ်နိုင်မောက်ဖြိုး၊ ယကြာ မာတင်ပြောင်မရှိ၊ တိုင်းသိတင့် ဘူး။

၂၅၈။ ဥဩငယ်မည်းညို။ ။သူ့အဆင်းမှာလ၊ ညှို့ညှင်းသံသိမ်မွေ့၊ နားတွေ့ချိုချို။ ။ယဉ်ရုပ်ကယ်သွင်ပြင်အို၊ထိုထိုသူ့အဆင်း။ ။ တတ်ပညာ၊ ကိုယ်မှာ လုံလုံလောက်လောက်ကယ်၊ မြားမြောက်ရခြင်း။

၂၅၉။ အပွနာချောန်ပုံမှန်း၊ရဟန်းငယ်သူတော်။ ။ဇာပြစ်ကယ်သူလှန် ကျူးတော့လဲ၊ညွှတ်နူး ဉာဏ်ဆင်လို့၊မာန်မဝင်ပျို့တဲ့ခင်း၊ ဆင်းဟုခေါ်ခေါ်။ဇမ္ဗူပေါ်၊အကျော်သတင်း။။ရွှေဂူသင်၊ ဆွေလင်ကို ချစ်ကြည်မွေးမှ၊ ရည်ခွသွေးရောင်ဝါရှိမ်း၊ မိန်းမ တို့ဆင်း။

၂၆၀။ ချောန်ဘိညာဥ်ယှဉ်ဓလေ့၊ရသေ့တို့ရှပ်ဝါ။ ရဟန်းဆိုလေကာ၊ ကိုယ်သားရေသီသီချို့မှ၊ထူးလို့ရှုသာ။ ။လေးခုအခြေရှိတဲ့၊ တိုင်းမသိ သတ္တဝါမှာ၊ ဆူပါမှတင့်မြဲ။ ။အတတ်ကယ်ပညာ စုံမှ၊ မြန်ဘုံမှာလူတရိုး တိုးလို့တင့်မြဲ။

၂၆၁။ လုမင်းငယ်သော်တာ။ ။ညဥ့်မိုက်တယ် မှောင်နှင့် တင်းလို့၊ ရောင်ဆင်းဘယ်မှတင့်၊ မွေးလင့်ရှပ်ဝါ။ ။အမှုဒ္ဒရာ၊ မဟာ မြစ်မှူး။ ။တံပိုးရေတောင်ကင်း၊ လျှင်းဘယ်ဆာင့်ဘူး။

၂၆၂။ ကြားဝ်တ်ကယ် လိုင်နံ့ဆင်း၊ အိုင်မင်းငယ်ရေကန်။ ။ရွှေငှက် ကယ် ဟသာတို့၊ ပျံလူးလာပျော်မငြိမ့်၊ ရိုင်းလိမ့်ဟန်ပန်။ ။ လောကဓံ၊ပေါ်လျှံလူထဲ။။ယောကျ်ားသူတော်တို့၊တူပျော် ဖော်ကညာကင်း၊ လျှင်းဘယ်ဘင့်ပဲ။

နိဂုံး

၂၆၃။ ရာဇငယ်ဓမ္မာ။ ။ထို့ပြင် ကိုသေဝကာ၊ မင်းခကျင့်ရာ။ ။ ထက်ဆီမှာ၊ ကာဏာနှစ်ပိုင်း။ ။ဖုံးအုပ်ကယ်ပေယျာတဲ့၊ဝေဖန် ကာ စီမဖွဲ့၊ ခြင်းခဲ့ဆုတ်ဆိုင်း။

၂၆၄။ အမ္ဗဝန်၊ ကမ်းစွန်ငယ်ခံမော်ကွေ့မှာ၊ မြန်းပျော်မွေ့ဆဲ။ ။ ငြိုးပြေအောင်၊ ရွှေစာစောင်နိဗ္ဗာန်မှ၊သိရိထုံ ရည်ရှိမ်း၊လိမ်းရ ရောင့်ရဲ။

၂၆၅။ စိုးစဉ်းနည်းငယ်။ ။သက်သတ်ကို ပုန်ကန်လို့၊ ဂုဏ်သာမန် ရွှေစာရိုး၊ မျိုးရပါတယ်။ ။မြန်ဘာသာ– သဒ္ဒါရိပ်နှင့်၊ကိတ်

ပါဒ္ဒိုဂ်ကယ်ဉာဏ်မခြယ်၊ မိမ္ဘယ်ရလိုရင်း။ ။အက္ခရာ၊ ပမာ ဘယ်မူပါမယ်၊ ခွဲယူကြမင်း။

၂၆၆။ သင်္ကာရာဇ်မှာကောင့်၊ အေစ်ကယ်စဉ်စီ။ ။အင်္ဂဆင်္ဂကယ် ယှဉ်ပြိုင်သင့်၊ ကဲမြင့်နေ့ကဲဆီ။ ။စက်ရာသီ၊ ခါမှီတူတွင်း။ ။ပထမာ-ဇေယျာတိထိရက်ကယ်၊ သုံးချက်ချိန်ကြွင်း။

၂၆၇။ အလင်္ကာ၊ ကဗျာရွှေစောင်နွဲ့၊ ကုံးစီတဲ့ကျူး။ ။အဖြစ်ဖြစ်မှာ ဘက်၊ သခ်သစ်ကယ့်ဉာဏ်ကွန်လို့၊ အဏ္ဏဝန်ရေယဉ်လွှိုင်း၊ တိုင်းရှည့်တူရိုး၊(ဒွေးချိုး)။

၂၆၈။ မြန်ဘာသာ ကံကတ်နှင့်၊ သတ်မှတ်ကယ် သဒ္ဒါရုံ၊ ယွင်းရွှေ့မသုန်း။ ။ဉာဏ်မထုံ၊ကြံဂုဏ်နက်နဲ။ ။ဖတဲရှူငယ်ချော့လို့၊ ဝေဖန်ခါမိပ္ပါယ်ရ၊ ရှင်းကြစိတ်ထဲ။

၂၆၉။ တိမ်ဘုံမှာလေကိုကြော၊ သိန္ဓောငယ် မြင်းလျှင်။ ။နစရတ်ကယ် မှိန်ရောင်နှင့်၊ စိန်ကတောင်လျှ ခြည်မြူး၊ ထူးတဲ့ဂုဏ်အင်။ ။လပိုက်ကယ်တောင်သူနှင်က၊ ကျူးထင်လှပဲ။





## လောကနီတိ ဆုံးမစာ

## သိမှတ်ဖွယ်ရာ

လောကနီတိဆုံးမစာသည် လောကနီတိကျမ်းမှ ထုတ်နုတ်၍ပို့လက်ာသွားဖြင့် ရေးသားထားသော ဆုံးမစာဖြစ်ပေသည်။ မူလဖြစ်သော လောကနီတိကျမ်းသည် သက္ကတဘာသာနှင့် ရှိပြီး ပင်းယစတုရင်္ဂဗလ အမတ်ကြီးက ပါဠိဘာသာဖြင့် ပြန်ရေး၍ ညောင်ကန်ဆရာတော် ဦးဗုဒ်က ၁၁၉၆ ခုနှစ်တွင် မြန်မာပြန်ဆိုတော်မူခဲ့သည်။ ကျမ်းရင်း၌ ၁၆၇ ပုဒ်ပါရှိ၍ လောကနီတိ ဆုံးမစာတွင်ကား နိဂုံးအလွတ် ၄၀ ပုဒ်သာ ရှိပေသည်။ သို့ရာတွင် မူလ အပိုဒ်အားလုံး ငုံမိအောင် စပ်ဆိုထားပေသည်။

လောကနီတိ ဆုံးမစာကို သီပေါမင်းလက်ထက်တွင် နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အမှာတော်ရေး ဦးရှင်ကလေးက ၂၂ ခုနှစ်တွင် ပို့လက်ာသွားဖြင့် စပ်ဆိုခဲ့ပေသည်။

လောကနီတိတွင် ပဏ္ဍိတ ကဏ္ဍ၊ သုဇနကဏ္ဍ၊ ဗာလ ဒုဇ္ဇနကဏ္ဍ၊ မိတ္တကဏ္ဍ၊ ဣတ္ထိ ကဏ္ဍ၊ ရာဇကဏ္ဍ၊ ပကိဏ္ဏက ကဏ္ဍစသည်ဖြင့် အပိုင်း ၇ပိုင်းခွဲခြား ဖော်ပြထားသည်။ လောကနီတိမှာ ဘုန်းကြီးကျောင်းများတွင် ကျောင်းသားသူငယ်တို့အတွက် သင်ရိုးသဖွယ်ဖြစ်၍ ဆယ်စောင်တွဲ၊ ဆယ့်နှစ်စောင်တွဲ စသည်တွင် ထည့်သွင်းရိုက်နှိပ်ခဲ့ကြသဖြင့် လူသိများပြီး ဖြစ်ပေသည်။နီတိပါ အချက်အလက်များကို ဦးရှင်ကလေးသည် ပိုင်နိုင်စွာ စပ်ဆိုနိုင်စွမ်းပေသည်။



# ၂။ လောကနီတိ ဆုံးမစာ

### အမှာတော်ရေး ဦးရှင်ကလေး

## ပညာကို ဆိုရာ

၁။ သုံးပါးမြတ်စွာ၊ ရတနာနှင့်၊ မာတာပိတာ၊ မိဘဆရာ၊ ဤငါးခြာက် ဖြာကို၊ သဒ္ဓါကြည်လင်၊ ရှိဦးတင်၍၊ မြော်မြင်သုတာ၊ ပြည့်စုံလှသား၊ လောကနီတိ၊ အမည်ရှိသည့်၊ ပါဠိအနက်၊ မှတ်ယူခက်ကို၊ နှုတ်ကျက်လွယ်အောင်၊ လင်္ကာဆောင်ပိမ့်၊ လူ့ဘောင်ခန်းဝါ၊ ဤသည့်စကား၊ ပညာများ၍၊ ယောကျ်ားအနှစ်၊ ဖြစ်သည့်ဘာဝ၊ မိဘအသွင်၊ ပဲ့ပြင်ဆရာ၊ ကောင်းမှာမိတ်ဆွေ၊ မည်တုံလေ၍၊ ခွဲဝေဤကျမ်း၊ တတ်မြောက်စွမ်းမူ၊ ပြည့်လျှမ်းသုတာ၊ ဉာဏ်နှလောက်လုံ၊ ကျေးဇူးပုံသည်။ ။ နိုတုံရွှေနှယ် ရောင်ဝင်းတည်း။

၂။ နိုတုံရွှေနှယ်၊ ကျေးဇူးကြွယ်သား၊ မှတ်ဖွယ်သုတာ၊ ဆည်းပူးကြလော့ ပျင်းလှသည့်သူ၊ ဘယ်မှုအတတ်၊ ရတုံလတ်အံ့။ ။ အတတ်ကင်းလျှင်၊ ဘယ်တွင်ဥစ္စာ၊ ရတိုပါလိမ့်။ ။ ဥစ္စာမရ၊ ရှိလေတ်ကမူ၊ ကြည်ဖြူချစ်ခင်၊ မိတ်မမြင်တည့်။ ။ မိတ်လျှင်မရ၊ သုခဘယ်မှာ၊ ပွားတိုရှာလိမ့်။ ။ ချမ်းသာအစ၊ မရှိလတ်မူ၊ အလှူကောင်းမှု၊ ဘယ်လိုပြုအံ့။ ။ ကောင်းမှုမသန့်၊ နိဗ္ဗာန်ဘယ်မှာ၊ ရတိုပါအံ့၊ မြဲစွာမှတ်လေ၊ တတ်မြောက်ချေက၊ ရွှေငွေမတူ၊ နိုးယူမရ၊ ဤလောက၌၊ ပညာ့အရာ၊ မိတ်ကြီးသာတည့်၊ ခန္ဓာ

ပြောင်းကြ၊ နောင်ဘဝလည်း၊ သုခမြားပြောင်၊ ချမ်းသာဆောင်သည်။ ။လူ့တောင်မှတ်လော့ တသင်းတည်း။

၃။ တသင်းမှတ်ကြ၊ လူထိုမျှတို့၊ သိပ္ပကိုမူ၊ နည်းသည်ဟူ၍၊ မအောက်မေ့နှင့်၊ တွေ့ရာမှတ်သား၊ မိုးပေါက်များသော်၊ အင်းနှာချောင်းကန်၊ ပြည့်သောဟန်တည့်။ ။မှန်ရန်တစ်ခု၊ နှုတ်မှုလက်မှု၊ အဘတ်စုကို၊ ငယ်နုသောအား၊ မမေ့ငြားနှင့်၊ ရှင်းဖျား ကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမျှလျက်၊ အသက်မွေးကျောင်း၊ ဖြစ်တုံရှောင်း၏။ ။အပေါင်းမှတ်ရာ၊ တောတိုင်းမှာကား၊ ပတ္တမြားမရှိ၊ ကြီးဘိုစွမ်းအင်၊ ဆင်ဟူသမျှ၊ မရမြဲပေ၊ တောတိုင်းဖွေလည်း၊ ညှာရွှေစန္ဒကူး၊ မရှိဘူးတည့်၊ ဝေးကြူးနှံ့စပ်၊ အရပ်တို့မှာ၊ ပညာရှိကား၊ အလွန်ရှားသည်။ ။မှတ်သားသိလွယ်အလုံးတည်း။

၄။ မှတ်သားသိလွယ်၊ တစ်ကြောင်းဝယ်တုံ၊ ပေါကြွယ်နည်းနာ၊ ပညာရှိအား၊ နေသည်ကြားမူ၊ မြေခြားဝေးစွာ၊ ထိုရပ်မှာသို့၊ ရှာ၍ရောက်အောင်၊ မြားမြောင်သုဘ၊ ဆည်းပူးကြလော့။ ။ရှေးကမိန့်လတ်၊ အဘတ်သင်ရာ၊ ဥစ္စာရှာနှင့်၊ တောင်သာလည်းတက်၊ တပ်မက်ကာမ၊ ဒေါသထွက်ရာ၊ ကြံငါးဖြာ၌၊ လျင်စွာသမူ၊ မပြုသင့်ပေ၊ ဖြည်းညင်းစေလော့။ ။ဖြစ်ထွေစစ်ဆေး၊ မမေးသော်မူ၊ စည်ကြီးတူသည်း၊ သူကမေးမူ၊ မနှေးလျင်စွာ၊ မိုးကြီးရွာသို့၊ သေချာတမူ၊ ဖြေပါဟူ၏။ ။သူတည်းစိစွေး၊ မမေးဖြစ်စေ၊ မေးဖြစ်စေလျှင်၊ ပြောထွေ များစွာ၊ သူမိုက်သာတည့်။ ။ပေမှာရှိငြား၊ အတတ်များနှင့်၊ တစ်ပါးသူမှာ၊ ထားဥစ္စာကား၊ လိုခါမရ၊ ဖြစ်တတ်လှ၍၊ သိပ္ပဥစ္စာ၊ မမည်ပါသည်။ ။မှတ်ရာကုန်ကြ အချင်းတည်း။

၅။ အချင်းမှတ်လို၊ ရေကိုတိမ်နက်၊ ကြာရိုးရှက်ဖြင့်၊ ချင့်တွက်သိရာ၊ လူတို့မှာကား၊ ဇာတ်မြတ်ယုတ်၊ ဟုတ်မဟုတ်မှာ၊ ကိုယ်နှုတ်အမူ၊ သိလော့ဟူ၏၊ ။လူတို့တံထွာ၊ ပညာရှိသည်၊ မရှိသည်ကို၊ ဆိုမြည်စကား၊ သိတတ်ငြားလော့။ ။မြေအားသောင်းပြောင်း၊ ကောင်းမကောင်းမှာ၊ မြက်သာစကား၊ နည်းပါးပညာ၊ သူတို့မှာကား၊ ငယ်စွာသုတ၊ တစ်ခုရသော်၊ များလှဆင်ယောင်၊

မာန်ဒေဝင်တက်ကြွ၊ လွန်ပြောသော်၊ လိုင်းမသမုဒ္ဒရာ၊ မမြင်ပါ၍၊ တွင်းမှာရေကို၊ များ၏ဆိုငြား၊ ငမိုက်ဖားသို့။ မှတ်သားလူတွင်၊ ပုံခင်းတည်း။

၆။ မှတ်သားလူတွင်၊ တစ်နည်းဆင်ပိမ့်၊ သွန်သင်လွယ်ရာ၊ ငယ်စဉ်ခါက၊ ပညာမရ၊ ဒုတိယာမှာ၊ ဥစ္စာမဲ့ဘ၊ ကြီးရင့်လှအောင်၊ ဓမ္မမပျော်၊ ကျင့်ယွင်းချော်မူ၊ မှည့်ပျော်သက်ကြီး၊ သေခါနီးသော်၊ ကိုယ်ထီးလက်ချ၊ သုံးမကျတည့်။ ။သားလှတစ်စု၊ ယခုငယ်က၊ ကြိုးလုံ့လ၍၊ သုတပညာ၊ နေ့တိုင်းရှာလော့၊ ပညာမကြိုက်၊ ပျင်းရိမိုက်မူ၊ နောက်လိုက်ဝန်ထမ်း၊ အလုပ်ကြမ်းတွင်၊ တွေ့လာကျင်သည်။ ။လူရှင်မှတ်ကြ မပျင်းကည်း။

၇။ မပျင်းမှတ်ပြီး၊ သားသမီးကို၊ မကြီးခင်က၊ မဆုံးမသော်၊ မိဘတလည်း၊ ရန်သူမည်ခဲ့၊ ရွှေရည်ဆင်းရောင်၊ ဟသာဘောင်ဝယ်၊ အဆောင်ဖြူရွှာ၊ ဗျိုင်းဖမာသို့၊ ပညာရှိလယ်၊ မဘင့်တယ်တည့်။ ။တောဝယ် တောင်ကြား၊ ဆူးအများကို၊ အသွား ထက်စေ၊ ဘယ်မိတ်ဆွေတို့၊ ချွန်ပေလတ်သည့်၊ ရွှေရည်အသွင်၊ သမင်မျက်စိ၊ လှဘိသည်မူ၊ ဘယ်သူစောင့်ကြပ်၊ မျက်စဉ်းခတ်၍၊ လှအပ်သနည်း၊ ညွန့်တည်းရောင်တင့်၊ ကြာပွင့်ကိုမူ၊ ဘယ်သူ အနံ့၊ ထည့်အံ့သနည်း၊ ဖြင်ပည်းမရှား၊ မျိုးကောင်းသားကို၊ တပါးသူငါ၊ ကောင်းစွာမပြု၊ လူမှုသိထွေ၊ ကောင်းတို့ပေသည်။ ။ မှတ်ဒေလူဗိုလ် ခပင်းတည်း။

၈။ လူဗိုလ်ခပင်း၊ မှတ်ကြလျှင်းလော့၊ ပုံခင်းတဖြာ၊ ထုံးမပါဘဲ၊ ကွမ်းယာလည်းအား၊ ရှားပါးသူမှာ၊ တန်ဆာဆင်ယင်၊ဟင်းအိုးတွင်လည်း၊ ဆားလျှင်ကင်းလတ်၊ အတတ်ပညာ၊ မရှိပါလျက်၊ ကဗျာဖွဲ့ဆို၊ ထိုမျှလေးချက်၊ ရသာပျက်၏။ ။မှတ်ချက်နာတုံ၊ ပြည့်စုံသုတ၊ ပွားထပညာ၊ အနက်မှာကို၊ သိပါသောအား၊ ချမ်းသာပွား၏။ ။အိပ်စားကာမ၊ ဤသုံးကြောင်း၊ နွားနှင့်လူသည် တူ၏မှန်ပင်၊ အကြင်ယောကျ်ား၊ နွားထက်သာပို၊ ပညာကိုလျှင်၊ တတ်အောင်သင်လော့၊ မသင်လတ်လျှင်း၊ ပညာချားမူ၊ ထိုသည့်သူကား။ ။**တူ၏နွားနှယ် မယွင်းတည်း။**

၉။ မယုံနှင့်မှတ်ခွင့်၊ ပညာနှင့်မှု၊ တူသည့်မိတ်ဆွေ၊ မရှိပေသည့်။ ။ရောက်လေအနေ၊ တူစွာရန်သူ၊ မရှိဟူရှင့်။ ။လူတို့ပြည်တွင်၊ ကိုယ်ပြင်ချုပ်ဖို့၊ မရှိမှို့တည့်။ ။ကံသို့ကြီးငြား၊ အားကိုမမြင်။ ။ထိုပြင်ပုံဆောင်၊ ကျီးများတောင်ဝယ်၊ ရွှေရောင်ဟသာ၊ နွားတကာတွင်၊ ပမာခြေသံ့၊ မြည်းတို့ရှေ့တွင်။ မြင်းလျင် သိန္ဓော၊ ဗာလလူမိုက်၊ အလယ်၌လျင်၊ မြေခွေးမြင်ဉာဏ်ကျယ်၊ မတင့်တယ်တည့်။ ။အကယ်မိုးစွာ၊ လူ့ဗာလသည်၊ သက်မျှဆုံးအောင်၊ မြွေးမြောင်နှံ့သိ၊ ပညာရှိနှင့်၊ ပေါင်းမိစေငြား၊ သူတော်ကြွားသား၊ တရားမရ၊ တာရှည်လှလည်း၊ ယောက်မဟင်းကို၊ ချိုချဉ်မသိ၊ ဖြစ်တုံဘိသို့။ ။ရှိသည်ပမာ လက်ငင်းတည်း။

၁၀။ ပမာလက်ငင်း၊ ပုံတူခင်းသော်၊ ဟင်းတိုကိုမူ၊ လူ၏လျှာ၌၊ တင်ကာမျှဖြင့်၊ ရသာအပေါင်း၊ သိကုံးရှောင်းသို့၊ ကျိုးကြောင်းမြင်သိ၊ ပညာရှိကား၊ ကဝိတစ်ဆူ၊ တွေ့ကာမူလည်း၊ သူ၏နည်းနာ၊ ခံလိုက်ပါ၍၊ လိမ္မာတိုးပွား၊ တရားသိမြင်၊ ဖြစ်လေကျင်၏။ ။ရန်လျှင်တွေ့ဆဲ၊ စစ်မြေပွဲဝယ်၊ သူရဲဟူကာ၊ မချကိုယ်မှာ၊ လက်နက်ပါသို့၊ မညာရှိမှန်၊ ကျမ်းဂန်ကင်းကွာ၊ မဆိုရာတည့်။ ။ဝေးစွာမြေခြား၊ သွားလာကြမည်၊ ခရီးသည်နှင့်၊ ကုန်သည်ဟူကာ၊ ကိုယ်တူအဖော်၊ မခေါ်သဖြင့်၊ မသွားသင့်သည်။ ။မှူခွင့်ဆောင်ရန် မကောင်းတည်း။

၁၁။ မကောင်းလူ့ပြည်၊ ဖြစ်တတ်သည်ကား၊ အတည်မကြာ၊ ဥစ္စာပျက်ခြင်း၊ ကိုယ်တွင်းနှလုံး၊ ညှိုးချုံးပူပင်၊ ချစ်ခင်မယား၊ မြောက်မှထားကာ၊ တစ်ပါးသူငါ၊ လှည့်ဖြားလာနှင့်၊ မေတ္တာမညီ၊ မထီမဲ့ပြု၊ ကျိုငါးခုကို၊ လူမှုသိမြင်၊ ပညာရှင်တို့၊ ပြင်လှင်စကား၊ သူတစ်ပါးသို့၊ မကြားစေသင့်။ ။မှူခွင့်လျော်ငြား၊ စကားဆိုလေ့၊ ကိုယ်နှလုံ့အတန်၊ မိတ်ချစ်မှန်နှင့်၊ မျက်မာန့်ယွက်လို၊ ကိုယ်နှင့်တန်ရုံ၊ သိဘက်တုံမူ၊ ထိုသည့်သူကို။ ။လူပညာရှိ ခေါ်လျှင်းတည်း။

၁၂။ လူပညာရှိ၊ မုတ်တုံဘိလော့၊ ခဲကျိဥစ္စာ၊ မရှိပါလျက်၊ ကောင်းစွာစားချင်၊ ကိုယ်တွင်ခွန်အား၊ လွန်နည်းပါးလျက်၊ ကြုံးဝါးဘက်လို၊ ကိုယ်၌ပညာ၊ မရှိပါလျက်၊ များစွာဆိုကြူး၊ ထိုသုံးဦးကို၊ အရူးဟူသော်၊ လူ၌ကျော်ရှင့်။ ။သူမခေါ်ငြား၊ သူ့အပါးသို့၊

သွားလာတတ်သေး၊ သူမမေးဘဲ၊ နှုတ်ရေးအများ၊ ပြောကြွား
တတ်သူ၊ ပည်းထူကိုယ်မှာ၊ ဂုဏ်ရှိပါဟု၊ ကြွားဝါတတ်သူ၊
သုံးယောက်လူကား၊ သူယုတ်ပြင်ပြင်၊ မှတ်တုံချင်လော့။ ။
အဆင်တန်ငြား၊ စကားများ၏၊ နည်းပါးပညာ၊ သူတို့သာလျှင်၊
ထင်စွာပြုလှည့်၊ ရေမပြည့်အိုး၊ လှုပ်ရှိုးပေါက်ပက်၊ နို့မယက်သော်၊
ခက်ခက်ထန်ထန်၊ လွန်ကျောက် ကန်သည်။ ။ပုံတနိန္ဒားမ
အဖျင်းတည်း။

၁၃။ အဖျင်းဖားငယ်၊ စိတ်ဝယ်မဖြောင့်၊ ဆောင့်ကြောင့်ထိုင်ကာ၊
ငါမူခြသေ့်၊ မှတ်ထင်လေ၍၊ ကျီးတွေ့ချီလေ၊ ချစ်ဆွေ-ချစ်ဆွေ၊
မြည်ရှာချေခဲ့၊ မသေ့တစ်ပုံ၊ သူမိုက်တုံလည်း၊ တစ်စုံတစ်ရာ၊ တတ်သိ
ကာနှင့်၊ ပညာရှိပင်၊ ကိုယ့်ကိုယ်ထင်၍၊ သဘင်အလယ်၊ ပြောဆို
လွယ်၏၊ အကယ်မြင်သိ၊ ပညာရှိက၊ မေးဘိလေမူ၊ ဖြေအံ့ပိုင်ပိုင်၊
မတတ်နိုင်၍၊ ကြံမှိုင်လျက်ပင်၊ ငါ့ရှင်ငါ့ရှင်၊ ချစ်ခင်စရာ၊
မြည်တမ်းရှာသည်။ ။လှန်ကာဘယ်သို့ မငြင်းတည်း။

၁၄။ လှန်ကာဘယ်သို့၊ မပြင်းမြို့နှင့်၊ မင်းတို့ဝယ်ကား၊ ပေါကြွယ်
ရတနာ၊ ပေးကမ်းရာသား၊ ဥစ္စာလိုဘိ၊ ပညာရှိအား၊ စကား
ကောင်း၍၊ မကြိုက်မရှိ၊ မျက်စိတို့တွင်၊ ချစ်သူမြင်က၊ ရှုချင်မဝ၊
ပင်လယ်မတည်း၊ စီးလှမျှားစွာ၊ မြစ်တကာမှ၊ ပေါင်းဆုံကြသား၊
ဤမျှရေနှင့်၊ တန်ရုံသင့်ဟု၊ မချင်နိုင်ဘဲ၊ ဝင်မစဲသို့၊ မရောင့်
ရဲရာ၊ ဤလေးဖြာတည့်။ ။ပြင်လျာဆင်းရောင်၊ မွားမြောင်
ဥစ္စာ၊ ရတုံပါလည်း၊ ပညာချို့တဲ့၊ အတတ်မဲ့သော်၊ ကဲ့ရဲ့အဝှန်း၊
လူ့ပေါက်ပန်းဟု၊ သုပ်မှန်းသ်ထွေ၊ ဆိုကြလေအံ့။ ။မျိုးဆွေ
ထိုသူ၊ နိမ့်ငြားမူလည်း၊ လူကောင်းမှူးမတ်၊ ဖြစ်တို့တတ်၏၊
အမှုတ်မဲ့ငြား၊ လူမိုက်သွားလည်း၊ ကြွားစားသင်ဘိ၊ ပညာရှိ၏၊
မိဘရှားပါး၊ လူမွဲသားလည်း၊ ထပ်ပွားကုံလုံ၊ လွန်ပြည့်စုံရှင့်၊
လူ့ဘုံမျက်မြင်၊ သို့ဖြစ်အင်ကြောင့်၊ ဆင်ခြင်မညီ၊ မထိမဲ့မှု၊
မပြုအပ်လျှင်း၊ မင်းခစားရာ၊ ဥစ္စာရှာနှင့်၊ ပညာသင်သူ၊ ထိုမျှ
လူကား။ ။ကြိုးထူလုံ့လ အရင်းတည်း။

၁၅။ ကြိုးထူလုံ့လ၊ အားထုတ်ကြလျက်၊ သိပ္ပပညာ၊ သင်သောခါ၊
ငယ်စွာလှည့်မြို့၊ တပည့်တို့ကို၊ သင်ပို့အတတ်၊ မျှားတုံလတ်မူ၊

မမှတ်နိုင်ကြ၊ လူအ့ မှာလျှင်၊အိပ်မက်မြင်သို့၊ဖြစ်ချင်လေတုံ့။ ။
တစ်ပုံမှတ်ကိန်း၊အိုးထိန်းတို့မှာ၊အိုးလုပ်ရာ၌၊ကွဲငှာမခတ်၊အဘတ်
ပညာ၊ သင်သောခါ၌၊ဆရာတို့ကား၊ တပည့်သားကို၊ မုန်းထံား
မျက်အိုက်၊ မရိုက်မပုတ်၊ ကြိုးကုတ်ပညာ၊ တတ်အောင်သာလျှင်၊
ရိုက်ပုတ်သင်ရှင့်။ ။ထို့ပြင်တစ်ပါး၊ မှတ်သားကြားအံ့၊ ထုပ်
ဌြားနံ့သာ၊ ဖက်ပမာသို့၊ ပညာရနံ့၊ ကြိုင်ကြိုင်ပျံ့၏၊ ပတ်
လွှံ့ကျော်သိ၊ ပညာရှိနှင့်၊ ပေါင်းမိလတ်စေ၊ စာပေကုန်စင်၊
တတ်အောင်သင်လော့။ ။ဤလျှင်ပထမ ကျမ်းပိုင်းတည်း။

## ၂။ သူတော်ကောင်းကို ဆိုရာ

၁၆။ ပထမပိုင်း၊ကွန့်လှိုင်းဝှချီး၊အောင်ပြီးစီး၍၊ကျင့်သီးကျင့်လေ့ာင်း
သူတော်ကောင်းတို့၊ လမ်းကောင်းတွင်ထ၊ ဒုတိယကို၊ ပြရာ
တစ်ခန်း၊ လက်ာညွန်းပိမ့်၊ ခင်ပွန်းဖွဲ့လတ်၊ သူတော်မြတ်ကို၊
ပေါင်းတတ်လှသော်၊ လူသူတော်တို့၊ သွှစ်ဖော်မြွက်ကြား၊ တရား
ဟူက၊ မြတ်လှသည်သာ၊ မယုတ်မာတည့်။ ။မိတ္တာကျင့်ထွေ၊
ခင်ပွန်းလေကို၊ ရှောင်တွေစွန့်လှည့်၊ မြတ်သည့်မိတ်ဆွေ၊ ပေါင်း
ဖော်လေ၍၊ ညဥ့်နေကြိုးစား၊ ဆယ်ပါးကောင်းမှု၊ပွားကြောင်း
ပြုလျက်၊ ဖြစ်ပျက်သမျှ သင်္ခါရကို၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊
နှလုံးထားလော့။ ။တခြားမှတ်ခန်း၊ ရေသဖန်း၏၊ အသီး
မှည့်ကား၊ကြည့်လတ်သောခါ၊တ၂ ၁တ၂ ၁နီရင့်၊လှဘင့်ဆင်းစါ၊
အတွင်းမှာကား၊ ပိုးသာအတိ၊ရှုံဖွယ်ရှိသို့၊ ညစ်ကျိနှလုံး၊ သူ
ယုတ်ထုံမူ၊ ချိုပြုံးကြည်လင်၊ လက်ဦးတွင်ကား၊ ကောင်းမွန်
လုလျက်၊ နောက်ကျသော်မူ၊ ရှေးတူမမြဲ၊ လွန်စဥ်းလဲ၏။ ။
ပိန္နဲသီးမှာ၊ ဆူးသာပြင်ပ၊ အတွင်းကျသော်၊ ချိုမြအံ့ချီး၊ စား
မငြီးသို့၊ မိတ်ကြီးသူတော်၊ပေါင်းစသော်မူ အပေါ်လောကွတ်၊
ကျင့်မြဲဝတ်ဖြင့်၊ မချွတ်သေခွေ၊ ကြာလေလေပင်၊ ကောင်းအင်
လွန်ပြီး၊ ကျေးဇူးကြီး၏၊ သစ်သီးနှစ်ပါး၊ပမာထားသည်။ ။
ထင်ရှားယုတ်မြတ် နှစ်ဖြာတည်း။

၁၇။ ထင်ရှားပုံထူး၊ စန္ဒကူးကို၊ ဝေးကြူးရှည်လျား၊ ရခြောက်အောင်
ထားလည်း၊ စကားရွှေပွင့်၊ နံ့မလွင့်သို၊ ရုန်လှင့်ချိုးနှင်၊ဖစ်ခမြ
ပြင်၌၊ မာကင်ဇာနည်၊ ဆင်တို့သည်လည်း၊ ဦးလည်းမော့ခါ၊
တင့်တယ်စွာသို့၊ ပမာပြုလစ်၊ ကြံညှင်ယန္တရား၊ ငက်အနားကို၊
ရောက်ငြားတုလာ၊ ကြံတို့မှာလည်း၊ ရသာမပျက်၊ ချိုအေးမြက်
သို့၊ ဖြစ်ပျက်မြော်မြင်၊ ပညာရှင်တို့၊လူ့ခွင်မျက်မှောက်၊ဆင်းရဲ
ရောက်လည်း၊မဖောက်ပြန်ဘဲ၊တရားမြဲ၏။ ။အမဲသားကို၊မစား
ရတုံ၊ ကြုံစေကိုယ်လက်၊သစ်ရွက်မစား၊ခြင်္သေ့လားသို့၊ထင်ရှား
မျိုးဇာတ်၊ မြတ်သူတို့မှာ၊ မချမ်းသာလည်း၊ ယုတ်မာညစ်ညူး၊
မကျင့်ဖူးသည်။ ။စန္ဒကူးမည်၊ ချမ်းမြကြည်ရှင့်၊ ထိုသူထက်
ကား၊ လစက်ရောင်ဝါ၊ ချမ်းအေးစွာရှင့်၊ပမာလစက်၊ ထို့ထက်
သော်မူ၊ ပြောယူမြင်မြင်၊ ကျိုးကြောင်းလျော်သည်၊ သူတော်
စကား၊ချမ်းသာငြားရှင့်။ တရားမှတ်စွဲ၊မီးငရဲမှ၊ မပူချမ်းမြ၊
အနန္တကာမှာ၊ နေဝါတက်ငြား၊ တောင်ဖျား ကြွရောက်၊
ရွှေကျောက်နဂိုရ်၊မြင်းမိုရ်ညွတ်လာ၊ဖြစ်တန်ရာ၏၊ မှန်စွာတရား၊
သူတော်ကြားသာ၊ စကားအမြဲ၊ မချွတ်လွဲသည်။ ။အံ့အဲ
အလွန်တရားတည်း။

၁၈။ အလွန်တရား၊သစ်ရိပ်မှာလျှင်၊ချမ်းသာသည်ထက်၊စုံမက်မြတ်နိုး၊
ဆွေမျိုးမိဘ၊ အရိပ်ရသော်၊ အေးမြသည်ပင်၊ ထိုထက်လျှင်
လည်း၊ ပဲ့ပြင်ဆရာ၊ အရိပ်မှာကား၊ ချမ်းသာပွား၏၊တစ်ပါး
တိုက်၊ ဘုန်းစက်ရောင်ဖြာ၊ ရာဇာမင်းကျော်၊ အရိပ်တော်မူ၊
အဟော်ာတ၊ ချမ်းသာလှ၏၊ကဲဆထိုထက်၊ စက်သာသနာ၊ကြုံခဲ
ရာသား၊ မြတ်စွာဘုရား၊ ဟောကြားဆုံးမ၊ အရိပ်ရသော်၊ ဘဝ
ပည်းလိုင်၊ နိဗ္ဗာန် တိုင်ခအောင်၊ ချမ်းသာဆောင်၏။ ။လူ့
ဘောင်မှတ်ထား၊ ပန်းပွင့်များကို၊ ဖျားပိတုန်းညို၊ ကားသုံး
လိုသို့၊ မြက်ဆိုအံ့မူး၊ ဂုဏ်ကျေးဇူးကို၊ အထူးသိကာတ်၊ သူမြတ်
တို့သာ၊ လိုရှိရာ၏၊ ပြင်းစွာဖူးရောင်၊ အပုပ်ကောင်ကို၊ ယင်
ကောင်တို့မှ၊ လိုရှိကြသို့၊ မိုက်လှသည့်သူ၊ အယုတ်လူကား၊ သူ့
အပြစ်ကို၊ အလွန်လို၏။ ။အဆို ဖောက်ပြား၊ စကားဆစ်၊
မကောင်းဘိလည်း၊ အမိယုတ်သူ၊ ကျင့်မှုဆိုမျှ၊ မကောင်းကြ
သော်၊ အဘယုတ်မာ၊ နှစ်ဖြာမိဘ၊ ယုတ်ကြရည်တူ၊ ကျင့်မှု

စကား၊ နှစ်ပါးလုံး၊ အယုတ်ဆုံးတည့်။ ။မှတ်ထုံးတစီ၊ မိဘကောင်းမှု၊ ပြန်၍ယူလော့။ ။ရန်သူတွေ့ဆဲ၊ စစ်မြေပွဲဝယ်၊ ရဲရင့်သူကို၊ အလွန်လိုဏ်၊ ငြိုငြင်ရေးရာ၊ တွေ့သောခါ၌၊ ပညာကဝိ၊ အလိုရှိ၏၊ ကောင်းတိရသ၊ ဩဇာတွေ့ပြော၊ တွေ့လတ်ငြားမူ၊ သနားချစ်သူ၊ ခေါ်တယူသည်။ ။လူတို့ဓလေ့ ဘာသာတည်း။

၁၉။ ဘာသာပုံဆောင်၊ ခွေးတစ်ကောင်သည်၊ တစ်ကောင်ခွေးအား၊ တွေ့လတ်ငြားမူ၊ အံသွားကြိတ်ခဲ၊ ရှေ့သွားဖြဲ၍၊ ဟိန်းဟဲလျက်သာ၊ ငြူစူပါ၏၊ ယုတ်မာသည့်သူ၊ အမိုက်လူကား၊ သူတော်သူကောင်း၊ တွေ့လတ်ရှောင်းသော်၊ ကြိမ်းမောင်းဟိန်းဟောက်၊ အကောက်ပြုလွှယ်၊ လွန်ချုပ်ချယ်၏၊ မှတ်ဖွယ်တစ်ပုံ၊ ဆင်ခြင်တုံလော့၊ လုံးစုံမှုရာ၊ ပြုသောခါလည်း၊ မြန်စွာသဖြင့်၊ မပြုသင့်တည့်၊ စေခွင့်ရှိငြား၊ သူတို့အားလည်း၊ လျင်လျားသဖြင့်၊ မစေသင့်တည့်၊ ဆိုင်းလင့်မရှိ၊ သတိမထား၊ ပြုမိမှားသား၊ နည်းပါးပညာ၊ သူတို့မှာကား၊ နောင်ခါနောင်တ၊ ပူပန်ရ၏။ ။မှတ်ကြတစ်တန်၊ မျက်မာန်လျှို့ဝှက်၊ မထွက်သူမှာ၊ ဘယ်အခါမှ၊ ကြောင့်ကြတစ်၊ မရှိလေဖူး၊ သူ့ကျေးဇူးကို၊ ဆိုဦးနှုတ်မှာ၊ ဖော်တတ်ပါကာ၊ ပညာရှိတို့၊ လွန်နှစ်မြို့၏၊ ညစ်တို့မူထား၊ ရန်သူအားလည်း၊ ရှောင်ရှားနိုယ်၊ သည်းညည်းခံကာ၊ မြတ်လှတုံရှောင်း၊ သူတော်ကောင်းတို့၊ သောင်းသောင်း ကျော်မျှ၊ ချီးမွမ်းကြလိမ့်။ ။ထိုမှမှတ်ခင်း၊ မစင်တွင်းမှာ၊ ကျရှာသည့်ကာ၊ ရန်သူလက်တွင်၊ နေခက်စွာမြို့၊ ထို့ထက်လွန်ဘိ၊ တိတ္တိမိုက်ရူး၊ သူ့ကျေးဇူးကို၊ ထိမ်မြူးသသူ၊ ကျင့်ယုတ်လူနှင့်၊ အတူမနေသူ၊ ပေါင်းရလေသော်၊ အနေမကောင်း၊ ဖြစ်တုံရှောင်းသည်။ ။ကျဉ်းမြောင်းမချွမ်း မသာတည်း။

၂၀။ မချွမ်းမသာ၊ ကျင့်ယုတ်မာကို၊ ကောင်းရာပဲ့ပြင်၊ သားမြစ်လျှင်မူ၊ သဘောဖြူသား၊ သူမြတ်တို့သား၊ ချစ်ခင်ရာ၏၊ ယုတ်မာသည့်သူ၊ မကြည်ဖြူတည့်။ ။လူ၏ဓလေ့၊ မြတ်သူတွေ့က၊ ကိုယ်ရှေ့နှိမ့်၍၊ အောင်နိုင်ကြ၏၊ သူ့ကြုံခိုင်၊ လူသံတိုင်ကား၊ ပြိုင်ရန်ခက်ခဲ၊ အဖော်နဲမူ၊ အောင်ပွဲရ၏၊ ကိုယ်မှုနိမ့်သူ၊ ဖြစ်လျှင်မူလည်း

လှယ်ကူမနေး၊ ပစ္စည်းပေးက၊ အောင်တတ်လှ၏၊ ပြင်ပရန်သူ၊
ကိုယ်နှင့်တူသော်၊ ကြွေးတူလို့လ၊ ဥဿာဟဖြင့်၊ နိုင်ရစ်မြဲ။ ။
တကွဲမှတ်လေ၊ မြွေအဆိပ်မူ၊ ပြင်းစွာဟူလည်း၊ တလူဘဝ၊
သေတတ်ကြ၏၊ သဲဃပစ္စည်း၊အဆိပ်သည်း၍၊ဖြင်ပည်းများစွာ၊
ဖြစ်တိုင်းမှာပင်၊သတ်လေကျင့်၏။ ထို့ပြင်မှတ်ခင်း၊မြင်းကောင်း
တို့ကား၊ ပြေးစွမ်းအားတည့်၊ နွားလားအလို၊ ဝန်ကိုဆောင်ရာ၊
နွားမမှာမူ၊ ရည်ဖြူချိုမြကဲ၊ နို့ထွက်တုံမှ၊ ချီးမွမ်းကြလေ၊
သိပ္ပလျှို့ဝှက်၊ခဲခက်ရေးရာ၊တွေ့သခါမှ၊ပညာရှိ၏၊သတ္တိအထူး၊
ဂုဏ်ကျေးဇူးကို၊ ။ချီးကျူးပြောပ စရာတည်း။

၂၁။ ချီးကျူးကျော်သောင်း၊ သူတော်ကောင်းတို့၊ စုဆောင်းဥစ္စာ၊
ခုနစ်ဖြာကား၊ တွင်းမှာရေတူ၊ နည်းစွာဟူလည်း၊ဗိုလ်လူဖြင်မျှ၊
ချိုးသောက်ရ၏၊ ဗာလမိုက်စွာ၊သူယုတ်မာတို့၊ ဥစ္စာမြားမြောင်၊
တစ်ထောင်ငါးရာ၊ ကိလေသာကား၊ သမုဒ္ဒရာရည်ထွေ၊ဆားဝန်
ရေသို့၊ဖြစ်လေသောအား၊ ချိုးသောက်ငြားလည်း၊ လားလား
မကောင်း။ ။တစ်ကြောင်းနည်းဆို၊ မြစ်ထိုထိုလည်း၊ ရေကို
မသောက်၊ ခိုင်ပေါက်ပြည့်စုံ၊ သစ်ပင်တုံကား၊မစားသစ်သီး၊
ပမားမှီးလျက်၊ အံ့ချီးကော်ရော်၊ သူတော်တကာ၊ ဥစ္စာဟူသည်၊
ခုနစ်မည်ကား၊ သူတပါးတို့၊ ကောင်းရာဖို့တည့်။ ။မည်သို့
စိတ်နှောင့်၊ မတောင့်တရာ၊ မကြံရာကို၊ ဝေးစွာရှောင်လေ၊
မကြံနေလည်း၊ဖြစ်ပေသည်ပင်၊ကြံပ၊လျှင်လှည်း၊ လိုအင်မပြည့်၊
ပျက်၏မှန်ပင်၊ လူပုံယင်ကား၊ အင်ခွင်စည်းစိမ်၊ ချမ်းငြိမ်လှ်ငှာ၊
ကြံကာမပြီး၊ ကံဦးစီးတည့်။ ။တစ်သီးမှတ်ရာ၊သူယုတ်မာကို၊
မေတ္တာရှိငြား၊မတရားကို၊ဆဖွားကြည်ဖြူ၊ သူတော်ကောင်းမှား
မေတ္တာနှောင်မနှ၊ နှစ်ခွတွေး၍၊ မလေးမမြတ်၊ပြုတုံလတ်မူ၊
ထိုသည့်သူကား၊ လူတွင်မကြာ၊ပျက်စီးရာဟု၊မြတ်စွာရှင်ကျော်၊
ဟောခဲ့ဖော်ရှင့်၊ သူဟော်လက္ခဏာ၊ဆယ့်နှစ်ဖြာကား၊ စိတ်ထား
ရှည်စွာ၊ မဝါကြွားခြင်း၊ မပြင်းဒေါသ၊ မာနမတူး၊ ကျေးဇူး
သိမြင်၊ ဂုဏ်လျှင်မပြိုင်၊ပြည့်လှိုင်တင့်နိုး၊ကိုယ်ကျိုးကိုသာ၊ မရှာ
ပေလစ်၊ သူ့အပြစ်ကို၊ မှတ်ဆစ်မထား၊ သူတစ်ပါးကို၊စကား
ပြစ်တင်၊ မဆိုချင်ရှောင်း၊ မကောင်းမှု၌၊မကြိုက်မရှင်၊ကောင်းမှု
မြင်မူ၊ ကြည်လင်ဝမ်းသာ၊ သည်းခံမှာလည်း၊ များစွာရှိသော်၊

လူသူခေတ်ဟု၊ အံ့ဩြသိမြင်၊ မှတ်တုံကျင်လော့။ ။ဤလျှင် ဒုတိယပိုင်းတည်း။

## ၃။ သူယုပ်မာကိုဆိုရာ

၂၂။ ဒုတိယခန်း၊ ရှင်လန်းဖြိုးမောက်၊ပြီးခဲ့မြောက်၍၊ တထောက်ချိးပ၊ တတိယကို၊ သာမြချိုလွင်၊ လင်္ကာဆင်ပိမ့်၊ အကြွင်ယောကျ်ား၊ သူယုတ်အားကို၊ ဆပွားမေတ္တာ၊ မရှိရာတည့်၊ ခေါင်းမှာရွက်လှည့်၊ ရေမပြည့်သာ၊ အိုး၏ပမာ၊ လှုပ်ခါနှောင့်ယှက်၊ အုတ်အုတ်ကျက်ပင်၊ ပြူတတ်ချင်၏။ ။လျှင်စွာဆိပ်တောက်၊ တောမြွေဟောက်ကား၊ မျက်မာန်ပွားလည်း၊ ဆေးဝါးဖြင့်သာ၊ နိုင်နင်းရာ၏၊ ယုတ်မာလူပျက်၊ ဒေါသထွက်သော်၊ ဆေးချက်မမြင်၊ အကြွင်လူမိုက်၊ ကိုယ်၌အပြစ်၊ သိတုံလစ်မူ၊ ပဏ္ဍိတ်ဟူ၏။ ။လူမိုက်ယောကျ်ား၊မိမိအားကို၊ ထင်ရှားနှံ့သိ၊ ပညာရှိဟု၊ မှတ်ဘိလတ်သော်၊ ခေါ်တုံစင်စစ်၊ လူမိုက်ဖြစ်၏။ ။ကျွင့်ညစ်သမှု၊မကောင်းပြုသား၊အမှုခဲလျှော်၊ မပေါ်ခင်မှာ၊ ပျားသကာသို့၊ ပေါ်လာလတ်က၊ မီးလျှံကျသို့၊ ဒုက္ခလေ့လေ့၊ စိုးရိမ်တွေ့၏။ ။ထိုရွေ့မှတ်ပိုက်၊ လူမိုက်တို့မှာ၊ အားရှိပါစေ၊ ဥစ္စာလိုမူ၊ နိုင်ထက်ပြု၏၊ သုတပညာ၊ နည်းစွာသည်ပေ၊ လူမိုက်သေသော်၊ ဈေက်လေငရဲ၊ ဆယ်မလွဲသည်။ ။ကျောက်ခဲရေကျ အသွင်တည်း။

၂၃။ အသွင်မပျက်၊ အိမ်၌ဖျက်သည်၊ ကြွက်လျှင်မည်၏၊ မြိုင်စည်တောနက်၊ ဖျက်လေသည်ကား၊မျောက်အမျိုးတည်း၊လွှားလွှားပျံတက်၊ ငှက်မှာဖျက်သည်၊ကျီးနက်လည်းကောင်း၊ လူအပေါင်း၌၊ ကျိုးကြောင်းဖျက်ရာ၊ ပုဏ္ဏားသာတည့်။ ။မှတ်ဖ ါတခြား၊ နိုးကြားသူသည်၊ ညဥ့်ဘာရှည်၏၊ မကြည်ကိုယ်လက်၊ အားပျက်သူမှာ၊ ယူဇနာကို၊ ဝေးစွာမှတ်ပြား၊ တရားမသိ၊ လူဒိဋ္ဌိမှာ၊ သံသရာသည်၊ ရှည်စွာလည်းကောင်း၊တကြောင်းမှတ်ဖို့၊ သူယုတ်

တို့ကား၊ တစ်ပါးသူဝယ်၊ နှမ်းငယ်ခန့်မျှ၊ အပြစ်ရခဲ့ဘဲ၊ ကြီးလှ
ထင်ယောင်၊ မြွေးမြောင်အပြစ်၊ ကိုယ်၌ဖြစ်လျှင်၊ ဥ ကိုယ်မ
မြင်တည့်။ ။ထို့ပြင်မှတ်ဘိ၊ ပညာရှိတို့၊ မိမိမှားလျှင်၊ အပြစ်
မြင်မူ၊ လိပ်သွင်ခြေလက်၊ လျှို့ဝှက်သိမ်းထား၊ သူတစ်ပါးသို့၊
မကြားစေရာ၊ သူ့ပြစ်ဆာကို၊ သချာဆက်ဆက်၊ မြဲစွာ
မှတ်လော့။ ။မချွတ်ပုံသေ သိမြင်တည်း။

၂၄။ သိမြင်မှတ်ရာ၊ သူမိုက်ပါလျက်၊ ပညာရှိကို၊ ချီးမွမ်းဆိုသော်၊
အလိုပြစ်ဒဏ်၊ ပေးသော်ဟန်တည့်၊ ကျမ်းဂန်နှံ့သိ၊ ပညာရှိတို့၊
ချီးမွမ်းမှု့ကာ၊ နှစ်လိုဝမ်းသာ၊ ခံထိုက်စွာရှင်။ ။မှတ်ရာတဲအင်၊
လိုချင်မက်မော၊ လူ့သဘောကို၊ ရက်ရောပေးကမ်း၊ အောင်မြ
လမ်းတည့်၊ နှိုင်းတမ်းမမျှ၊ မာနမြင်းမိုရ်၊ ကြီးသူကိုလည်း၊ ရိုသေ
ဝပ်ကျိုး၊ ရှိခိုးသော်သာ၊ အောင်နိုင်ရာ၏၊ ဗာလာစရိုက်၊ လူမိုက်
ကိုမူ၊ သူ့အလိုသို့၊ လိုက်တုံမှုကာ၊ အောင်ကြံစမြဲ၊ လွန်ကဲနှံ့သိ၊
ပညာရှိကို၊ ကတိသစ္စာ၊ တည်မှုဆာလျှင်၊ အောင်ပါချင်၏၊
ဤလျှင်ဖွဲ့ကုံး၊ သူမိုက်ထုံးကို။ ။မှတ်ကျုံး ကာတိပါဖိုင်းတည်း။

## ၄။ မိတ်ဆွေကို ဆိုရာ

၂၅။ ထက်ယလမ်း၊ လူမိုက်ငြမ်းကို၊ ရှေကျမ်းလုံးစုံ၊ ပြီးခဲ့တုံ၍၊
ဗိုလ်ပုံမှတ်လောက်၊ လေးကြိမ်မြောက်မှာ၊ မိတ်ဖွဲ့ရာကို၊ လက်ာ
ချီမြှ၊ ဖော်ထုတ်ပြပီမ့်၊ ပြင်ပတခြား၊ သူစိမ်းများလျက်၊ စီးပွား
ဆောင်မူ၊ မိတ်ကောင်းဟူ၏၊ ကိုယ်တူမျိုးဆွေ၊ ဖြစ်တုံချေလျက်၊
ခွန်နက်စီးပွား၊ မဆောင်ငြားမူ၊ မျိုးဆွေဟူလည်း၊ သူစိမ်းပြင်ပြင်၊
မှတ်ပါကျင်လော့၊ ကိုယ်တွင်းသွေးသား။ ။မကောင်းငြားက၊
ပွားတုံအနာ၊ တောမှာလည်းဖြစ်၊ ဆေးမြစ်တို့မူ၊ လူတို့ချမ်းသာ၊
ဆောင်နိုင်ရာသို့။ ။မှတ်ပါတစ်သွယ်၊ မျက်ကွယ်ပြင်ပ၊ ပြောထ
ပြစ်ဆို၊ ရှေ့တွင်ကိုလည်း၊ ကြည်ညိုသောင်ယောင်၊ ကျိုးဆောင်
ချီးမြှောက်၊ ခင်ပွန်းကောက်ကို၊ ဆိပ်တောက်ရေသည့်၊ ပျားအာ

ရည်သို၊ မကြည်ရှောင်နွှာ၊ဖဲကြဉ်ရာ၏။ ။ဥစ္စာစီးပွား၊ ပျက်ဆုံး
ပါးသော်၊ သားမယားက၊ ညီနောင်စသည်၊ ရွေးကာချစ်ပုံ၊
မိတ်ဆွေတုံလည်း၊မယုံရှောင်သွေ၊ စွန့်တတ်လေ၏၊ရွှေငွေဥစ္စာ၊
လူတို့ရှာ၍၊ ကြီးစွာမိတ်ဆွေ၊ ဖြစ်တုံလေ၍၊ မလေမဲ့မှု၊ ပစ္စည်း
စုကို၊ မပြုအပ်စွာ၊ ကျမ်းဥ္ဓမှာသည်။ ။ မှတ်ရာဤသို့ တစ်
ခန်းတည်း။

## ခင်ပွန်းဟူသည်

၂၆။ ဤသို့မှတ်ရာ၊ ကျွန်တို့မှာမူ၊ စေပါရရှောင်း၊ ကောင်းမကောင်း
ကို၊ အကြောင်းခြင်းရာ၊ သိနိုင်ပါ၏၊ ချစ်စွာလှည့်မြို့၊ ဆွေမျိုး
တို့ကို၊ သန်းညို့ကြမ္မာ၊ ရောက်သောခါမှ၊ သိနိုင်ပြန်၏၊ ချစ်လှ
မိတ်ဆွေ၊ဟူတုံလေလည်း၊ ရွှေငွေကုန်လျှင်၊ သိရကျင်၏၊ချစ်ခင်
သက်ထား၊ မယားသို့မှာ၊ ဥစ္စာကုန်မှ၊ သိရလေရှောင်း။ ။
တကြောင်းမှတ်ပိုက်၊ လူတို့ဥ္ဓကား၊ စီးပွားဖြစ်အောင်၊ ကြဉ်း
ဆောင်သူသည်၊ ခင်ပွန်းမည်၏၊ ချစ်ကြည်မြတ်လေး၊ ကျွေးမွေး
ပေးသူ၊ မိဘဟူ၏၊ လိုတူချစ်ခင်၊ ကျွမ်းဝင်ပေထ၊ ပုံယုံရသော်၊
ပြင်ပသသူ၊ ဖြစ်လျှင်မူလည်း၊ ကိုယ်တူမိတ်ဆွေ၊ မှတ်ပါလေ
လော့၊ သက်ဝေပုံယင်၊ အကြင်ယောကျ်ား၊မယားတစ်ရာ၊ ရှိစေ
ကာမူ၊ မေတ္တာသက်ဆုံး၊ နှလုံးကြည်မြ၊အေးချမ်းမှသည်၊မယား
မည်ရှင့်၊တတည်မှတ်ယူ၊ရန်သူကိုလျှင်၊ ကျွမ်းမဝင်နှင့်၊ အကြင်
မိတ်ဆွေ၊ ဖြစ်တုံချေလည်း၊ စေ့ရေကြောင်းလျှား၊ကိုယ့်စကား
ကို၊ မကြားစေရာ၊ ကြားသိပါက၊ နောင်ခါတဆစ်၊ ဒေါသ
ဖြစ်သော်၊အကုန်ဖော်သည်။ ။မတော်ပြစ်ဆာ ညွှီးသန်းတည်း။

## မြို့ကြွင်း၊ မိးကြွင်းမထားရာ

၂၇။ ပြင်ဆာညှိုးသန်း၊ မိတ်ခင်ပွန်းနှင့်၊ ကြမ်းတမ်းအမျက်၊ ထွက်ဖူး
လတ်မူ၊ ထိုသည့်သူနှင့်၊ ကြည်ဖြူမပြတ်၊ပေါင်းပြန်လတ်က၊မြင်း
မြတ်အသာထိုရ်၊ ကိုယ်စန်ဆောင်သည်၊ ဇသရမည်သို့၊ ဆောက်
တည်မချွတ်၊သေမည်မှတ်လော့။ ။မမြတ်ရန်သူ၊ အတူမကျွေ၊

ပေါင်းရလေသော်၊ စိတ်နေမြဲမြံ အကြံချိန်ယောက်၊ မမြောက်သေးမူ၊ ရန်သူကိုလျှင်၊ ပခုံးတင်၍၊ ငြိုငြင်လျက်သာ၊ ရွက်ဆောင်ရာ၏၊ အခါရောက်သော်၊ ကျောက်ဖျာပြင်၌၊ ရိုက်၍အိုးကို၊ ခွဲလိုက်ဆိုသို့၊ ထိုရန်သူအား၊ ခွဲဖျက်ငြားလော့။ ။ဘခြားမှတ်ခင်း၊ မြို့ကြွင်းမီးကြွင်း၊ ရန်ကြွင်းတို့မှာ၊ မထားရာသည့်၊ ထားပါလတ်သော်၊ ပေါ်တုံဖန်လဲ၊ ထပ်၍ကဲ၏။ ။တကွဲမှတ်ရာ၊ သူ့မျက်နှာကား၊ ပဒုမ္မာပွင့်လို့၊ ပြုံးချိုမူကား၊ သူ့စကားလည်း၊ ပျံ့ရှစ်မွှေးကြူ၊ စန္ဒကူးသို့၊ နှစ်လိုအင်ရှိ၊ နှာမရှိသည့်၊ လွန်ကဲယုတ်မာ၊ နှလုံးမှာမူ၊ လျင်စွာသေမည်၊ အဆိပ်ရည်သို့၊ ရှိသည့်သူကား၊ ဝေးစွာရှားလော့။ ။စကားကြမ်းကြုတ်၊ ဆိုးယုတ်မိုက်ဆို၊ အရှင်ကိုလည်း၊ အလိုမပြု၊ မမှီဝဲနှင့်၊ လွန်ကဲဆိုမှု၊ ဝန်တိုကလည်း၊ ရှောင်ကြဉ်ဝေးစွာ၊ ထိုဟက်မှာကား၊ မမြောက်စားလျှင်၊ ကိုယ်အရှင်ဟု၊ ထင်၍ကြုပ်ကြုပ်၊ မမှီအပ်သည့်၊ ကပ်ရပ်ပါလျက်၊ နှိပ်စက်ပူကျင်၊ ထိုအရှင်ကား၊ အားလုံးထက်သာ၊ ရှောင်အပ်စွာသည်။ ။နေ့ခါမပွင့် မလန်းသည်း။

## မိတ်ကောင်းမိတ်မြတ်

၂၈။ မပွင့်မလန်း၊ ကူးသန်းသွားလာ၊ ဦးချိုပါသား၊ ဆိတ်ကျွဲနွားကို၊ ငါးဆယ်အတောင်၊ ရှောင်လေမယွင်း၊ မြင်းလျှင်တို့မှာ၊ တစ်ရာအတောင်၊ ရှောင်ကြပုန်းကွယ်၊ အစွယ်ရောက်လစ်၊ ဆင်ကို ဖြစ်လည်း၊ တွက်စစ်အတောင်၊ တစ်ထောင်သောက်ထ၊ ရှောင်ကြစေ၍၊ မိုက်မဲလူတွေ၊ လူယုတ်မာကို၊ ရပ်ရွာစွန့်ပစ်၊ ရှောင်တုံလစ်လော့။ ။မှတ်ဆစ်သိသာ၊ နေရာတစ်ခန်း၊ ခင်ပွန်းသားထွေ၊ မျိုးဆွေတစ၊ ချစ်စွာမယား၊ ကျွန်အားထပ်လောင်း၊ အပေါင်းငါးပါး၊ မကောင်းငြားသော်၊ ရှောင်ရှားဝေးစွာ။ ။တစ်နည်းမှာကား၊ ရောဂါစွဲလတ်၊ ဝတ်မှတ်ခေါင်းပါး၊ စီးပွားပျက်မူ၊ ရန်သူတွေ့ကြုံ၊ မင်းအိမ်တံခါး၊ ပြောင်းသွားဘဝ၊ သင်္ချိုင်းကျဟု၊ ဌာနခြောက်ခု၌၊ ပြုရာဝတ်သည်၊ မချွတ် ကုန် ကြောင်း၊ ပြုလတ်ရှောင်းက၊ မိတ်ကောင်းမိတ်မြတ်၊ အမြဲမှတ်လော့။ ။ နှုတ်လွန်မိန့်ဆို၊ စကားချိုမှု၊ ကြည်ညိုမိတ်ဆွေ၊ မျှားတတ်လေ၏။

ရေချန္ဒုတ်ကြမ်း၊ ငေါက်ငမ်းသူမှာ၊ မိဟ်နည်းစွာခဲ့၊ နေဝါ
ပူလောင်၊ လရောင်ချမ်းမြ၊ ပမာပြရှင့်၊ ရွှေလမင်းတူ၊ ကြည်ဖြူ
ချိုသာ၊ မိန့်အပ်စွာသည်။ ။မှတ်ရာစတုတ္ထပိုင်းတည်း။

## ၅။ မိန်းမကို ဆိုရာ

၂၉။ စတုတ္ထမြောက်၊ အပြီးရောက်၍၊ မှတ်လောက်တာ၊ ပဉ္စမဟု၊
ဇာတ္တိယခန်း၊ ဖော်ပြညွှန်းလျက်၊ ရှင်လန်းသာချို၊ လင်္ကာဆိုပိမ့်၊
ငှက်ညိုဥညြ၊ သာအေးမြည်ခြင်း၊ အဆင်းဖြစ်ထ၊ မိန်းမတို့မှာ၊
ဆင်းရုပ်ဝါကား၊ လင်အားမြတ်နိုး၊ ရှိသေကျိုးတည်း။ ။
လူမျိုးအပေါင်း၊ ရုပ်မကောင်းသော်၊ တတ်ကြောင်းပညာ၊
ဆည်းပူးရှာလော့၊ ပညာရမူ၊ လှသူလည်းကောင်း၊ မည်ပါ
ရှောင်း၏၊ မွေကျောင်းပျော်မှန်း၊ ရဟန်းတို့မှာ၊ သည်းခံပါက၊
အဆင်းလှ၏၊ ထိုမှတခြား၊ မိန်းမများဝယ်၊ ရင်းပွားဥစ္စာ၊
အဆင်းသာတည့်၊ ပြင်လျာကျိုးထွား၊ ယောကျ်ားဥစ္စာ၊ တတ်
ပညာတည့်၊ သံဃာရဟန်း၊ မည်မှန်းဥစ္စာ၊ သီလသာတည့်၊
ရာဇာမင်းကျော်၊ ဥစ္စာတော်ကား၊ ရဲဘော်ဆင်မြင်း၊ ကျွန်သင်း
ပင်းတည့်။ ။တစ်သင်းမှတ်ခန်း၊ ရဟန်းဟူက၊ ကိုလှပစေ၊ မြေ
လေးချောင်းကား၊ ဝစေငြားလော့၊ ယောကျ်ားဟူသည်၊ လူရည်
မညာ၊ ရှိမှသာတည့်၊ ကာလျားညှက်စင်၊ မိန်းမတွင်ကား၊ လင်ပြည့်
စုံမှ၊ တင့်တယ်ကြ၏။ ။တတ်လှစွာငြား၊ စောင်းသမားလျှင်၊
ငါးရက်ကွာဝေး၊ လေးသမားကျော်၊ ကွာသော်ခုနစ်ရက်၊ ချစ်
သက်ဝေထား၊ မယားသော်မူ၊ တစ်လဟူ၏၊ ကိုယ်တူရင်နှည့်၊
တပည့်တို့မှာ၊ လကွဲကြာခံအောင်၊ ကင်းကွာကြလစ်၊ ဝေးသည်

ဖြစ်လည်း၊ စင်စစ်မခံသွ၊ ပျက်တုံ လေသည်။ ။အနေမကျ
ဖောက်ပြန်တည်း။

## မာယာများတတ်သူ

၃၀။ ဖောက်ပြန်မတည်၊ ကျွဲဟူသည်ကား၊ ညွန့်ရည်ရှိမှ၊ ပီတိပွားပြန်၊ ဟသံ့ာမွန်တို့၊ ရေကန်ရှိမှ၊ မွေ့လျော်ကာ၏၊ မိန်းမ တို့အား၊ ယောကျ်ားစုံရာ၊ ရှိမှသာလည်း၊ အာရုံရွှင်ပျော်၊ လွန်မွေ့ပျော်၏၊ သူတော်ဟူငြား၊ သံဃာအားလည်း၊ တရားရှိလျှင်၊ မွေ့လျော်ကျင်၏။ ။ဖြူစင်ထမင်း၊ စားလျှင်းပြီးခါ၊ အစာ ကြေမှ၊ ချီးမွမ်းကြလော့၊ ချစ်စွသက်ထား၊ မယားတို့မှာ၊ ဆစ္စာရှိသည်၊ မရှိသည်ကို၊ ရှပ်ရည်အိုသော်၊ ချီးမွမ်းပျော်၏၊ ရဲဘော်ရန်ခွဲ၊ လူသူရဲကို၊ စစ်ပွဲအောင်လျှင်၊ ချီးမွမ်းကျင်လော့၊ ကောက်ပင်အကြောင်းကောင်း၏ဟူငြား၊ စပါးဖြစ်မြောက်၊ ကျီကျရောက်မှ၊ ချီးမြောက်သင့်ရာ။ ။တစ်နည်းမှာလျှင်၊ နှစ်လင်သုံးလင်၊ ကွာချင်မိန်းမ၊ ဌာနရပ်ဟောင်း၊ နှစ်ကျောင်းသုံးကျောင်း၊ ပြောင်းတုံ သံဃာ၊ နှစ်ခါသုံးခါ၊ ကွင်းမှာမိထွက်၊ ငှက်ဥ္ဆလိမ္မာ၊ ဤသုံးဖြာကား၊ မာယာတာရ၊ များတတ်လှ၏။ ။ဗာလအစုတ်၊ လူသူယုတ်ကို၊ ရိုက်ပုတ်၍သာ၊ ယဉ်စေရာရှင့်၊ မိုက်စွာလှည့်ငြား၊ ခင်ပွန်းအားလည်း၊ စကားဆိုမြဲ၊ မဆိုဘဲလျှင်၊ လှီးလွှဲနေထ၊ ယဉ်စေကြလော့၊ မိန်းမတို့မှာ၊ မကောင်းပါက၊ ဥစ္စာထက်ကြပ်၊ မအပ်သဖြင့်၊ ယဉ်စေသင့်၏၊ စားခွင့်သောက်ရာ၊ အစာဥ္ဆမှု၊ တပ်မက်သူကို၊ ကြည်ဖြူအစာ၊ မပေးပါက၊ ယဉ်ကုန်ကြသည်။ ။ဆုံးမဖို့ရာ ကေနံတည်း။

## တင့်တယ်ဖွယ်ရာ

၃၁။ ဆုံးမဖို့ရာ၊ တစ်နည်းမှာကား၊ မိုက်စွာညဥ္စသည်၊ ငွေရည်ထွန်းပြောင်၊ လရောင်ရှိလျှင်၊ ကြည်လင်ရှုဖွယ်၊ လွန်တင့်တယ်၏၊ ပင်လယ်ဟူက၊ လှိုင်းမ တံပိုး၊ ခုန်လှိုင်းတိုးလျက်၊ ပြည့်ဖြိုးသော

ထွေ၊ တင့်တယ်လေ၏၊ ရွှေကန်တို့မှာ၊ပျော်မြူးလာသား၊ဟသ်ာ ရှိမူ၊ တင့်တယ်လှ၏၊ မိန်းမတို့မှာ၊ ဆင်းသူဇာသို့၊ ဖြူပြာညက် စင်၊ လှကုံကျော်လည်း၊ လင်ရှိမှသာ၊ တင့်တယ်ရာ၏၊ ဥစ္စာယူက၊ လင်ရှာရသော်၊ အိမ်ကမယား၊သိမ်းထားလုံခြုံ၊ပြည့်စုံချမ်းသာ၊ လင်မှာရင်းတည်၊ ဖြစ်လတ် သည်ကြောင့်၊ အပ်ချည်မျှသာ၊ မိန်းမမှာလျှင်၊ မည်ပါ လေရှောင်း။ ။မြစ်ချောင်းဟူက၊ ကောက်ကြသည်သာ၊ တောတကာလည်း၊ထင်းသာပြည့်မြို့၊မိန်းမ တို့ကား၊ ရစ်ဆို့မြူတိမ်၊ဆိတ်ငြိမ်ရပ်ခွင်၊ရတုံလျှင်လည်း၊ပေါ် လွင်ညစ်ကျူ၊ မကောင်းမှုကို၊ပြုကြမြဲပင်၊ ကျမ်းအထင်တည့်။ ။ အကြင်မိန်းမ၊ဒေါသမကင်း၊ငြင်းခုံတတ်ရှောင်း၊ စောင်းမြောင်း ငြူစူ၊ ပြောထူများစွာ၊ မြင်တိုင်းမှာပင်၊လိုချင်တပ်မက်၊ များ စွာချက်တည့်၊ စားတုံလှည့်လျက်၊ လင်၏ရှေးဦး၊ ခိုးခပ်စား သောက်၊ ရောက်ရက်မငြိမ်၊ သူ့အိမ်သွားလာ၊ ပြစ်ခြောက်ဖြာ တည့်၊ ကယ်၍ရှိမူ၊ သူနှင့်မွေးဖွား၊ သားတစ်ရာစင်၊ရှိတုံကျင် လည်း၊ ချစ်ခင်မသာ၊ စွန့်လိုက်ခွာလေ၊ ။ကျမ်းလာသည် တိုင်း အမှန်တည်း။

## မိခင်နှင့်တူသော မယား

၉၂။ ကျမ်းလာအမှန်၊ မိန်းမမွန်ကား၊ခြောက်တန်ရသာ၊စားသောက် ရာနှင့်၊တန်ဆာဆင်ယင်၊ထိုခါတွင်၌၊ မိခင်နှိုင်းတူ၊ လွန်ပြုစု၏၊ ရှက်မှုကြဉ်ရှောင်၊ မောင်၏ပမာ၊ မူရာလုပ်ငြား၊ လင်အပါးသို့၊ သွားသောခါမူ၊ ကျွန်၏တူတည့်၊ ကြည်ဖြူရှိသော၊တုပ်ကွနေ၏၊ သေလျော်စလောက်၊ ဘေးရန်ရောက်လည်း၊ နှုတ်ထောက် တိုင် ပင်၊ မိတ်ဆွေသွင်တည့်၊ စက်ခွင်အိပ်ရာ၊ ဝင်သောခါလည်း၊မူရာ ချစ်ဖို့၊ ဖြစ်တုံမြို့လျက်၊ ပွဲသို့ဝင်မည်၊ပြုပြင်သောခါ၊ တင့်တယ် စွာ၏၊မျက်ပါရှိဆဲ၊ လင်မောင်းမဲလည်း၊ လွန်ကဲသည်းခံ၊နှုတ်သံ မဟ၊ ဒေါသမထင်၊ စိတ်ကြည်လင်၏၊ မိခင်နှမ၊ ခင်ပွန်းစသည်၊ ကျွန်မလည်းမည်၊ချစ်ကြည်တင့်တယ်၊ လင်ဝယ်သည်းခံ၊တောင်း စံ ဆင်္ဂါ၊ ခုနစ်ဖြာနှင့်၊ ပြည့်စုံလင့်က၊ ထိုမိန်းမကို၊ မြတ်စွာ ဟူ၍၊ လူပညာရှိ၊ ချီးမွမ်းဘိ၏၊ စုတိပြောင်းကြွ၊ နောင်ဘဝ

လည်း၊ သုခမြားမြောင်၊နတ်ဟှိဘောင်ပယ်၊ အခေါင်တင့်ဘယ်၊
မိဘုန်းကြွယ်ကား၊လင်ဝယ်မြတ်နိုး၊ ရှိသေကျိုးဖြင့်၊ ပြည့်ဖြိုးမွေ့
လျော်၊ စည်းစိမ်ပျော်ဟု၊ရှင်တော်ဘုရား၊ဟောကြားခဲ့သည်။ ။
မှုထားမြတ်သည် ကျင့်ရန်တည်း။

## မိန်းမမြတ်ဟူသည်

၃၃။ မြတ်သည်မှုရာ၊ မိန်းမမှာကား၊ ရုပ်ဝါရွှေရည်၊ ဝင်းဝင်းကြည်
လျက်၊ တောင်းသည့် ရေသား၊ ခပ်လျားမောက်မို၊ ညိုရောင်
တောက်ပ၊ အဥ္စနသို့၊ ကြည်ထမျက်လုံး၊ ရှုမဆုံးတည့်၊ ပခုံး
တားကား၊ ခါး၌သွယ်လျ၊ ရင်ဝ၌နန်းစို၊ ညိုသားဆံရောင်၊
ပိတုန်းတောင်နှင့်၊ ပုံဆောင်မမှား၊ သွားလည်းတင့်ကဲ၊ ငွေ
ပုလဲသို့၊ မရဲရှုရာ၊ သီလမှာလည်း၊ ရွှေစာမရှိ၊ ပုံနှိုင်းညီမျှ၊ ဤ
မိန်းမအား၊ မျိုးဆွေပါးသည်၊ ယုတ်ငြားပငေ၊ ကျက်သရေ
ရှိလတ်၊ လွန်လျှောက်ပတ်၍၊ မျိုးမြတ်သည့်သူ၊ အကြောင်းသူတို့၊
ဆက်တူသမျှ၊ပေါင်းထိုက်လှ၏။ ။သရဒခါမို၊ ရာသီချိန်ဆုံး၊
တန်ဆောင်မုန်းကား၊ မအုန်းဂဃ၊ မကျန်နှင်းမြူ၊ တိမ်မြူကင်း
စင်၊ လွှကြည်လင်၍၊လတွင်မြတ်ဖျား၊ သမိုက်တားရှင့်၊ မယား
တို့ဝယ်၊တင့်တယ်ဆင်းပြင်၊ ရုပ်တွင်မှုရှု၊ လှသည်သူသာ၊မြတ်တုံ
ပါ၏၊ထစ်ရာသားပင်၊ရှိတုကျင်လည်း၊အကြင်သြရသ်၊သားကြီး
မြတ်၏၊ အမှတ်ထားရာ၊ အရေပ်မှာလည်း၊ မြောက်ညာမြေခင်း၊
မြင်းမိုရ်ရှိရာ၊လွှန်မြတ်ပါသည်။ ။သေချာမှတ်ဖို့ကျမ်းဂန်တည်း။

၃၄။ မှတ်ဖို့ကျမ်းဂန်၊ မိန်ဆိုဟန်ကား၊ ကိုယ်ဝန်ဆောင်ရှက်၊ ခဲခက်
သောအား၊ သားဖွားရမှု၊ ဥတုပန်းရည်၊ ပွင့်ရမည်ကို၊ မကြည်
စိတ်က၊ ယုတ်မာလှဟု၊ ယောကျ်ားအဖြစ်၊ စင်စင်တစ်၊ အလို
ရှိမှု၊ မိညက်ဖြူတို့၊ ဘူတာပတိ၊ ဘုန်းရှိနတ်ဖျား၊သိကြားမင်းမှာ၊
မိသူဇာသည်၊ ကောင်းစွာရိုကျိုး၊ ရှိခိုးသမှု၊ လုပ်ကျွေးပြုသို့၊
အတုသင်ငြား၊ လင်ယောကျ်ားကို၊ ဆပွားရှိသော၊ လုပ်ကျွေး
လေလော့။ ။ဘခက္ကမှတ်ယူ၊ အကြင်သူထား၊ ယောကျ်ားဖြစ်
ကို၊ ဆက်တိုင်းလိုသော်၊ ဖွံ့ပျိုညက်ထွား၊ သူ့မယားကို၊ မမှား

သင့်တော့၊ ရှောင်ဆပ်ပေ၏၊ ခြေဆေးပြီးသူ၊ ညွန့်ထူခ္ဆွတွင်၊ မနင်း
ချင်သို့၊ ရှောင်လေမှုလော့။ ။သောဖို့လည်းနိုး၊ သက်ကြီးသူကို၊
ကြင်ရာလို၍၊ နုပျိုဖြင့်လျှ၊ ကောယာနက်မည်း၊ စုလည်းဆုံးသင်၊
ရွှေရင်စို့၏၊ လှပြဖြူ၊ ငယ်မှုငယ်မာန်၊ ငယ်ဟန်ပပျောက်၊
ထိုးဖောက်တံခွန်၊ ရွှန်းရွှန်းစားစား၊ သနားစဖွယ်၊ မိန်းမငယ်ကို၊
အကယ်သမှု၊ ကြင်ရာပြုသော်၊ သူ့အတွက်ကြောင့်၊ စိုးနှောင့်
မျှာပေါ၊ ပျက်စီးရာဟု၊ မြတ်စွာဘုရား၊ ဟောကြား ဒေသနာ၊
ဆက်ဆက်လာသည်။ ။ရွှေဇာပဉ္စမပိုင်းတည်း။

# ၆။ မင်းကိုဆိုရာ

## ရုပ်ရှင်၏ အင်္ဂါငါးပါး

၁ ။ ပဉ္စမည်သော၊ အခန်းမှာ၌၊ မျှားစွာမိန်းမ၊ ကြောင်းခြင်းတကို၊
သာမြချိုလွှင်၊ လက်ဆောင်၍၊ စုံလင်ပြီးကာ၊ ခြောက်ခန်းမှာ
ကား၊ နရာသဘာ၊ ပြည်မသေဋ္ဌနင်း၊ မင်းခွင့်ကျွမ်းလာ၊ ဆိုတုံ
ပါအံ့၊ ရာဇာမင်းကျော်၊ ကိုယ်တော်စက်ရာ၊ တယာမ်သာတည်း၊
ပညာရှိအား၊ နှစ်ယာမ်ထားရှင့်၊ စီးပွားရှာမှို၊ ထိုသူတို့ကား၊
အိပ်ဖို့သုံးယာမ်၊ ကြံစည်မဲ့ရှောင်း၊ ဖုန်းတောင်း ယာစကာ၊
သူတို့မှာကား၊ အိပ်ပါစိတ်ချ၊ လေးယာမ်ကျရှင့်။ ။ထိုမှတုံမှု၊
အရုပ်ဟူသော်၊ ပြောထူအင်ခွင်၊ ဥစ္စာရှင်နှင့်၊ မြော်မြင်လိမ္မာ၊
ပညာရှိက၊ ပြည်မဦးစီး၊ မင်းကြီးလည်းကောင်း၊ မြစ်ချောင်း
ဆေးသမား၊ ဤငါးပါးသည်၊ တင်ရှား ထိုတွင်၊ မစုံလင်မူ၊
အကြင်ရုပ်ရွာ၊ မနေရာတည့်။ ။တက်ပါတစ်မျိုး၊ မြတ်နိုးသည့်သူ၊
ချစ်ခင်သူနှင့်၊ ကိုယ်တူမိတ်ကောင်း၊ ကျိုးကြောင်းပဲ့ပြင်၊ သွန်သင်
နိုင်ငြား၊ ဤလေးပါးတုံ၊ မပြည့်စုံမူ၊ မြန်ဘုံဤရပ်၊ စွန့်ခွာအပ်
ရှင့်၊ ပွားထပ်စည်းစိမ်၊ အကြင်အိမ်ဝယ်၊ သားငယ်တစ်၊ မရှိ
လတ်က၊ ဆိတ်ညံလှ၏၊ ပြည်မအတွင်း၊ မင်းကိုမမြင်၊ ဆိတ်ညံ

ကျင်၏၊ အကြင်ယောကျ်ား၊ သင်ကြားပညာ၊ မရှိပါမူ၊ နွားတိ အာခံတွင်း၊ ဆိတ်တုလျှင်း၏၊ ခပင်းသုံးကွဲ၊ ဆိုတ်ညွှံမြဲထက်၊ ဆင်းရဲသားမှာ၊ အရာရာပင်၊ ဆိတ်ညံ့ကျင်သည်။ ။လူရှင်မှတ်ကြ အပြီးတည်း။

## ဥစ္စာကို အလိုရှိသော်

၃၆။ လူရှင်မှတ်ကြံ၊ တစ်ခန်းပြပိမ့်၊ပြည့်ဝဥစ္စာ၊ လိုရှိပါမူ၊ကောင်းစွာရောင်းဝယ်၊ ကုန်စည်သွယ်လော၊ နောင်လာမြော်မြင်၊ အကြင်ယောကျ်ား၊ သားတည်းလိုမူ၊ နုပျိုမိန်းမ၊ ပေါင်းသင်းကြလော့၊ ခွင့်ရမူးမတ်၊ ဖြစ်လိုလတ်မူ၊မင်းမြတ်ဘုန်းမော်၊လိုတော်ကြိုက်ရာ၊ လိုက်မှုသာတည့်။ ။မှတ်ရာတစ်ခန်း၊ တောချောင်မြန်းသည်၊ ရဟန်းဇာပဲ၊ မရောင့်ရဲမူ၊ ပျက်မြဲမှန်ပင်၊ ဘုရင်ဘုန်းကြွယ်၊ ရောင့်ရဲလွယ်မူ၊ အကယ်မသေ့၊ ပျက်တတ်လေ၏၊ တည်နေမရ၊ လျှပ်ပေါ်လှသည်၊ ပြည်မဇာန်စာ၊ ရှက်တတ်ပါမူ၊ ပျက်သောဟူရှင့်၊ သူကောင်းမျိုးနွယ်၊ မိန်းမငယ်လျက်၊ မရှက်မကြောက်၊ အကျင့်ဖောက်က၊ ပျက်တတ်လှ၏။ ။မှတ်ကြအများ၊ ငှက်တို့အားမှာ၊ ကောင်းကင်သာတည့်၊ မျှားစွာအဟို၊ ငါးထိုထိုကား၊ ရေကိုမှီတွယ်၊ အားပြုလွယ်၏၊ ကိုးကွယ်ရာမဲ့၊ ဖြစ်လတ်ခဲ့က၊ ပြည်ထဲ့သခင်၊ အရှင်ကိုသာ၊ အားပြုရာတည့်၊ မိုက်စွာလှည့်မြို့၊သူငယ်တို့ကား၊ငိုဖို့ကိုပင်၊ ခွန်အားထင်သည်။ ။ဤလျှင်မှတ်ဖွယ် တသီးတည်း။

## အကြီးအမှူးတို့၏ ဂုဏ်အင်္ဂါများ

၃၇။ မှတ်ဖွယ်တသီး၊ သူကြီးသခင်၊ အရှင်တို့မှာ၊ ကျင့်စရာကား၊ လာဘာလာဘ၊ စသည်ရှစ်ဖြာ၊ မကွာဆက်ဆံ၊ လောကဓံကို၊ သည်းခံအပ်စွာ၊ မြတ်ခမာတည့်၊ စက်ခါကျင့်သိပ်၊ မျောက်အိပ်သောထွေ၊ စိတ်နေမပျင်း၊ နိုးချုပ်ခြင်းမှာ၊ ဇာဂရိယ၊ သမုတ်ပြရှင့်၊ ချမ်းစွမဟူ၊ ပူ၏မထင်၊ ဝလျှင်အစာ၊ ဝမ်းမှာမွတ်သည်၊ နေခြည်ထွက်စ၊ စောလွန်းလှနှင့်၊ ချုပ်ညကိုက်ပြီ၊ ယင်းခြောက်

လိဖြင့်၊ ထိုဤသွယ်ဓယ်၊ ရိုးမယ်မနိုင်၊ အကြောင်းဆိုင်သော်၊ ကိုယ်တိုင်မပျင်း၊ ထကြွခြင်းက၊ ဥဋ္ဌာနတည့်၊ ကိစ္စကြံဟာ၊ မှုရာဆောင်ကြောင်း၊ ကောင်းမကောင်းနှင့်၊ ပေးသင့်ဝေရန်၊ တန်မတန်ကို၊ စိတ်ဖန်နိုင်ဘိ၊ ဆင်ခြင်ညွှသည်၊ သံဝိဘာဂ၊ အမည်ရရှင့်၊ ထိုမှတ်မူ၊ ကိုယ်ပွဲအောက်လူကို၊ မပူစေရ၊ သားမိဘသို့၊ ချမ်းမြှအောင်သာ၊ စောင့်ရှောက်ညှာသား၊ ဒယာ ဟူသည်၊ တစ်ပါးမည်၏၊ ဟတည်အချုပ်း၊ မှုခင်းရေးရာ၊ လုပ်ကြံ တာဝယ်၊ သိသာလိုရှောင်း၊ ဆင်ခြင်ချောင်းလျက်၊ အကြောင်း ဟုတ်သည်၊ မဟုတ်သည်ကို၊ သာကြည့်ဆေးလေး၊ စုံစမ်းမေး၍၊ အရေးမကြွင်း၊ သိနိုင်ခြင်းမှာ၊ ဉာဏ်ကျွထားတည့်၊ ခြောက်ဖြာ ပိုင်းခြား၊ ဤတရားနှင့်၊ ညီအောင်ကျင့်က၊ ကြီးမြင့်ချမ်းသာ၊ တိုးတက်လှာ၍၊ တာရာရိခ၊ တမ်စင်လသို့၊ နာယကမည်၊ ဂုဏ်ကြီး တည်လိမ့်။ လူ့ပြည်သေ၍နင်း၊ မင်းနှင့်ပုဏ္ဏား၊ ရဟန်းများက၊ ဘုရားစသည်၊ သီလမွှေ့လျော်၊ လူထင်ကျော်တို့၊ မိန့်တော် ထုတ်ပြ၊ တစ်ခွန်းဟသော်၊ နှစ်ခွမပြော၊ မှန်မြဲသာတည့်။ ။ အိမ်မှာနေသူ၊ အကြွင်လူတို့၊ ပျင်းမူမပော၊ ရဟန်းသော်မူ၊ သုံးဖော်အဟုတ်၊ ကိုယ်နှုတ်နှလုံး၊ မစောင့်သုံးက၊ မကောင်း စွတည့်၊ ပြည်မသခင်၊ မင်းမြတ်စင်လျှင်၊ ဆင်ခြင်စဉ်းစား၊ မရှိဘြားက၊ လားလားမကောင်း၊ ကျိုးကြောင်းမြင်သိ၊ ပညာ ရှိလျက်၊ ဒေါသထွက်မူ၊ မကောင်းဟူသည်။ ။ဗိုလ်လူမှတ်ရာ မငြိုးတည်း။

## မင်းတို့သိအပ်ဖွယ်ရာ

၃၈။ ဗိုလ်လူမှတ်ရာ၊ ထိုရပ်မှာ၌၊ အာဏာဆင့်ပွား၊ ကြီးကဲများက၊ ပျက်စီးကြ၏၊ သူတောင်ါက၊ တတ်လှလိမ္မာ၊ ပညာရှိသူ၊ ပြုလို မူလည်း၊ ထိုတူလည်းကောင်း၊ ပျက်လေရှောင်း၏၊ အပေါင်း ရှာမှာ၊ သူပါအစ၊ ကြီးမြတ်စွဟု၊ မှတ်ကြံလျှင်မူ၊ လိုတူကြော၊ ပျက်စီးပါ၏။ ပျည်ရှာသခင်၊ ရှင်မင်းကောင်း၊ သိအပ် ရှောင်းသည်၊ ကြောင်းငါးမည်ကား၊ ပြည်၏ခွန်နုက်၊ မည်မျှ ထွက်ဟု၊ ဆက်ဆက်သချာ၊ သိစေရာ၏၊ ရိက္ခာပေးမူ၊ မည်သူ ရကြောင်း၊ မရကြောင်းကာ၊ ထမ်လောင်းပညာသူ၊ ပို၍ယူနှင့်၊ ဗိုလ်လူပေးရ၊ ဤမည်မျှဟု၊ တွက်ဆမှန်စွာ၊ သိအပ်ရာရှင့်၊

ရိက္ခာစားတွင်၊ ခွန်အားကြိုးပမ်း၊ မူတော်တမ်းမည်၊ မထမ်း
မည်ကို၊ အရည်မှန်တွေ့၊ သိအပ်ပေ၏၊ ဗိုလ်ခြေများစွာ၊ ကျွန်
တကာတွင်၊ ရေးရာရှိသော်၊ တစိမတွန့်၊စွန့်ဒေပလတ်က၊ ဂုဏ်ကြီး
ရအောင်၊ မ္ဆစထိုက်တန်၊ ချီးမြှောက်ရန်ကို၊ ရွေညာဏ်ချင့်ယူ၊
သိတော်မူလော့၊ ရန်သူ ရှေ့မှောက်၊ ပွဲလယ် ရောက်သော်၊
ရှုံ့ကြောက်ရှောင်တွေ့၊ မျက်နှာသေ့လျက်၊ အနေဉာဏ်နှင့်၊ မတန်
ကျင့်က၊ နှိမ်သင့်အမှန်၊ ရှုတ်ချတန်ဟု၊ ရွှေညာဏ်ခတွေးယူ၊ သိတော်
မူရှ၊ ပြည်သူအခွန်၊ မလွန်တိုင်းဆ၊ သုံးစွဲမျှလျက်၊ တည်ပ
ကြိုးပမ်း၊ မူတော်ထမ်းကို၊ ချီးမွမ်းအမှန်၊ မြင့်တန်သည့်သူ၊
မြှင့်တော်မူမှ၊ နှိမ့်ချထိုက်လျှင်၊၊ နှိမ့်ချခြင်းဟု၊ ဤဝါးခုကို၊
ဇမ္ဗူမှန်ကူ၊ ပြုတော်မူက၊ တိုင်းသူတကာ၊ ချမ်းသာပြည့်စုံ၊
ဗိုလ်ပုံအားတက်၊ ပြည်ထောပ်ဖက်တို့၊ လက်ဖက်မစံ့၊ မာန်မျိုး
ညှိုလျက်၊ ခြေတော်စက်ကို၊ ဦးထက်တင်လာ၊ ဆက်ပဏ္ဏာနှင့်၊
တစ်ရာသက်ကျော်၊ ရွှေနန်းပျော်လိမ့်။ ။ဘုန်းတော် တောက်ပ၊
နေမီးတည်း။

၄၉။ တောက်ပနေမီး၊ မင်းကြီးတို့နှင့်၊ သေမင်းရပ်ရွာ၊ မှီအပ်ရာကား၊
နေမှာနောက်ထား၊ မီးကားရင်ခွင်၊ အရှင်မင်းမှာ၊ ခြောက်ဖြာ
ပြစ်ဇက္က၊ ခယမ်းလေလော့။ ။သေမင်းနိုင်ငံ၊ လိုက်လံရမည်၊
စွဲမှတ်တည်၍၊ ဆယ်မည်ဒုစရိုက်၊ မမိုက်သဖြင့်၊ ကောင်းရာ
ကျင့်လော့၊ ထိုနှင့်တထွေ၊ မီးရေမြွေက၊ လူမိုက်စသည်၊ မိန်းမ
တခြား၊ မင်းမျိုးအားဟု၊ ခြောက်ပါးတို့မှာ၊ တွေ့ကြုံခါ၌၊
မြဲစွာသတိ၊ ထားတုံဘိ၍၊ စိစိကြပ်ကြပ်၊ မကပ်လေရာ၊ သေတတ်
စွာရှင့်။ ။မှတ်ရာ တခြား၊ မယား ယုတ်ကို၊ ပေါင်းလို
ကန်ကြ၊ ဒေါသကြီးမား၊ ကျွန်ယောကျ်ားလို၊ စေငြားသလေ၊
မြွေလည်းအိမ်ဝယ်၊မှီတွယ်ပေါက်ဖွား၊ သုံးပါးအင်္ဂါ၊စုံလင်ပါမူ၊
ထိုသည့်သူကို၊ ယူအံ့သေမင်း၊ မချွတ်လျှင်းတည့်။ ။တသင်း
မှတ်ရာ၊ မိုက်စွာတပည့်၊ သင့်၏အတတ်၊ မမြတ်မူထား၊ မိန်းမ
အားကို၊ မယားပြုထေ့၊ မိတ်ဆွေမကောင်း၊ ပေါင်းဖက်တုံပါ၊
ထိုသုံးဖြာကား၊ ပညာရှိစစ်၊ အကယ်ဖြစ်လည်း၊မြုပ်နစ်လေတုံ၊
ကိုယ်လုံးကျုံ၏။ ။တပုံမှတ်ဖို့၊သားတို့ယုတ်မာ၊ ကျင့်လေ့ပါက၊
မာတာမိခင်၊ အပြစ်မြင်၏၊ သွန်သင်တပည့်၊ မကောင်းလှည့်က၊

ချင်း၏ဆရာ၊ မလွှတ်ပါတည့်၊ တကာပြည့်သူ၊ ရှင်လူအများ၊ မကောင်းပြောဆောင်၊ မင်းဖျားဘုန်းပေါ်၊ အာဏာတော်နှင့်၊ မြစ်ကားသင့်ရှို၊ အရှင့်ထံ၌၊ အပြစ်ဆိုက်၏၊ မကိုဋ်ယုတ်ထား၊ မင်းမြက်ဖျားသည်၊ ဝရားမမြော်၊ ကျင့်ယွင်းချော်မူ၊ ပုရော်ဟိတ်မှာ၊ မလွှတ်ပါသည်။ ။ပမာမိန့်ယံ မျက်စိးတည်း။

## အောင်ကြောင်းတရားများ

၄၀။ ပမာမိန့်ယံ၊ လောင်မှုံအမျက်၊ လွှတ်သည့်သူကို၊ ယို့တူအမျက်၊ မထွက်ယူသာ၊ အောင်နိုင်ရာ၏၊ ယုတ်မာဖောက်ပြန်၊ သူကျင့်တန်ကို၊ တော်မှန်ပြောင့်သား၊ တရားသဖြင့်၊ အောင်နိုင်သင့်၏၊ ပေးခွင့်မလို၊ ဝန့်တိုသည့်သူ၊ ဖြစ်ဘိမူထား၊ ကြည်ဖြူချမ်းသာ၊ ပေးကမ်းပါက၊ အောင်ရာလှဲ၊ ဖောက်လွဲယွင်းယို၊ ဆိုသည့်သူအား၊ စကားတည်ဖြောင့်၊ သစ္စာစောင့်က၊ အောင်ကြကုန်၏။ ။ထိုမှတစ်ထူ၊ ပေးကမ်းပေက၊ ရှိင်းလေသည့်သူ၊ ယဉ်သောဟူနှင့်၊ လှယ်ကူဖြိုးမောက်၊ ကျိုးလည်း ရောက်၏၊ ချီးမြှောက်ပေးကမ်း၊ စိတ်ဝမ်းကြည်ငြိမ့်၊ နှစ်သိမ့်ရာ၊ ဆိုတတ်ပါမူ၊ တကာလူပေါင်း၊ ညွတ်လာရှောင်း၏။ ။အကြောင်းမှတ်ဖမ်း၊ ပေးကမ်းခြင်းသည်၊ မျက်ချစ်မည်ခဲ့၊ မကြည်ဝန့်တို၊ ကုတ်သိုလျှင်းမူ၊ မုန်းဆေဟူ၏၊ လှယ်ကူငွေဝ၊ ပေးကမ်းပေက၊ ခြွေရွှေများစွာ၊ ဝန်းရံလာ၏၊ ညစ္စာဝန့်တို၊ ခဲအင်ငြိုသော်၊ ကိုယ်ထိးကျန်အောင်၊ ဆေးဝါးဆောင်သို၊ လူ့ဘောင်ဖြစ်မြဲ၊ မချွတ်လွဲတည်း။ ။တကွဲထို့ပြင်၊ စွန်းအင်ခွန်အား၊ နည်းပါးကြသူ၊ အကြင်လူတို၊ ကိုယ်တူစိတ်မျှ၊ ပေါင်းကြသော်၊ ပြင်ပရန်သူ၊ အားရှိမူသည်း၊ ရေးယူငြို၊ ရန်လုံးပြို၏၊ ခိုင်ခင်းငုံးမင်း၊ အောင်ခြင်းအသွင်၊ မြက်ပင်မျှသည်း၊ ပေါင်းစည်းမြဲအောင်၊ လည်ပတ်နှောင်သော်၊ ဆင်ပြောင်မပြေး၊ ပမာဆွေးသည်။ ။မဝေးပုံပြင် အသတိးတည်း။

## ဆင်ခြင်အပ်သည့်အရပ်ခြောက်ပါး

၄၁။ မဝေးပုံပြင်၊ မှတ်နှာတင်လော့၊ အကြွင်မင်းသည်၊ သင်းပင်းဗိုလ်ပုံ၊ ပြည့်စုံညီညွတ်၊ ဖြစ်တုံလတ်လျက်၊ ကိုယ်အတွက်ကြောင့်၊

တစ်ဘက်ရန်သူ၊ မအောင်မူကား၊ လူဟို့ဝေါဟာ၊ ကဲ့ရဲ့ရာရှင့်၊
မီးဝါထွန်းညှိ၊ မလမရှိက၊ တစိမမြဲ၊ မီးတောက်စဲသို့၊ နန်းပွဲ
မရှည်၊ပျက်စီးမည်တည့်။ ။တတည်မှတ်ကြ၊ မင်းနှင့်မျှအောင်၊
ကာမချမ်းသာ၊ မခံရာဘည့်၊ နံ့သာပန်းပေါင်း၊ ဝတ်ကောင်း
ပုဆိုး၊ မင်းစိုးတန်ဆာ၊ မင်းမှာဟန်လို၊ မိန့်ဆိုမူရူ၊ မင်းနှင့်တူ
အောင်၊ ပုံမဆောင်နှင့်၊ ရှောင်ကြဉ်သင့်၏၊ ထမင်းသခင်၊
အရှင်မင်းအား၊ ခင်ပွန်းလားသို့၊ ရည်သွားတူအတ်၊ စိတ်မမှတ်
နှင့်၊ လေးမြတ်ချစ်ခင်၊ အရှင်ဟုသာ၊ ရိုသေရာရှင့်။ ။မင်းမှာ
ခယ၊ ဆည်းကပ်ကြွေသော်၊ ဝေးလှနီးလှ၊မလည်ာကျနှင့်၊ ရှေ့က
ဆိုသည့်၊ နိမ့်သည့်နေရာ၊ အမြင့်မှာဟု၊ ခြောက်ခုအချပ်၊ ဆင်ခြင်
အပ်၏။ ။သဗ္ဗညုဖျား၊ ဘုရားလောက်တိ၊ ဂုဏ်ထူးရှိလည်း၊
ပြည်ကြီးသေနင်း၊ မင်းကိုမှီရာ၊ မရပါက၊ မတင့်စွာတည့်၊ နဂ္ဂ
ဖိုးထား၊ ပတ္တမြားသည်၊ရွှေနှင့်တည်မှ၊ တင့်တယ်လှသို့၊ မြှန်မာ့
အလို၊ လူထိုထိုလည်း၊ မင်းကိုမှီလေ၊ တင့်တယ်ပေ၍၊ အနေ
မြောက်မြင့်၊ ဂုဏ်ရည်ပွင့်လိမ့်။ ။မင်းခွင့်ဆဋ္ဌမပိုင်းတည်း။

## ၇။ ပြိုးပြွမ်း၍ ဆိုရာ

### စီးပွားဥစ္စာ ပျက်တတ်သူများ

၄၂။ မင်းခွင့်ဆိုထောက်၊ ခြင်းရာကောက်၍၊ ခြောက်ခန်းလုံးစုံ၊ ပြီးခဲ့
တုံမှ၊ ဗိုလ်ပုံကျင့်ဘမ်း၊ ဤရွှေကျမ်း၌၊ ပြိုးပြွမ်းဆိုရာ၊ ပကိဏ်း
မှာကို၊ သာယာဝှချီး၊ ရွှေစောင်းတီးသို့၊ မငြီးနာဖွယ်၊ လုက်ာ
သွယ်အံ့၊ အရှည်ရှိမြို့၊ မိန်းမတို့နှင့်၊သင့်တင့်ပေါင်းဖော်၊ ရဟန်း
သော်ကား၊ ကျင့်တော်သီလ၊ဘယ်မှာရအံ့၊ မသိရသာ၊ များစွာ
စုံလင်၊ စားချင်တတ်သူ၊ ဖြစ်ဘိမူကား၊သားငါးဘယ်မှာ၊သနား
ပါအံ့၊ သုရာသေ ကိုကြူး၊ ယစ်မူးသူအား၊ စကားဘယ်မှာ၊
မှန်ကန်ရှာလိမ့်၊ များစွာလောဘ၊ လိုချင်လှလျက်၊ အရှက်တစိ၊
ဘယ်မှာရှိအံ့၊ ပျင်းရိသည်သူ၊ ဘယ်မူအတတ်၊ ရလတ်အံ့နည်း၊

အမျက် သည်းသော်၊ ပစ္စည်းဘယ်သို့ရှိတုံမြို့အံ့။ ။မှတ်ဖို့တ ထူး၊သေသောက်ကြူးနှင့်၊ညဦးသန်းခေါင်၊ မရှောင်သောအား၊ သွားလာတတ်သူ၊ အမှုပျော်ရှင်၊ သဘင်ကြိုက်ငြား၊ ကစား လောင်းကြူး၊မိုက်ရူးခင်ပွန်း၊ ပေါင်းလွန်းမလွဲ၊ဖင့်နွဲ့တစိ၊ပျင်းရိ သောသူ၊ ခြောက်ယောက်လူကား၊ ပြောထူဥစ္စာ၊ ရှိတုံပါလည်း၊ အကြာမဘည်၊ ပျက်တတ်သည်တည့်။ ။နေခြည်ထွန်းဝါ၊ နေ့ အခါမူ၊ ဘယ်ညာ ရှေ့နောက်၊ ထက်အောက်ဆီတည့်၊ မကြည့် ဦးဘဲ၊ မဆိုရဲနှင့်၊ မှောင်ထဲညဥ့်ခါ၊ မခမ်းပါခင်၊ မဆိုလျှင်နှင့်၊ တောဝင်မုဆိုး၊ ငုံ့လျှိုးလှည့်လှည်၊ ကြည့်သည်ပမာ၊ ကျင့်အပ် စွာသည်။ ။မှတ်ရာအမှု တိုင်းဝယ်တည်း။

## သူသေနှင့်တူသူ ငါးဦး

၄၃။ မှတ်ရာတကွဲ၊ဆင်းရဲသည့်သူ၊ဖျားနာထူနှင့်၊လူမိုက်တစ်ပါးမြို့များ တုံ လျှင်း၊ မင်းဝယ်ကြုပ်ကြုပ်၊မှီကပ်နေသူ၊ဝါးယောက်လူကား၊ သူသေမည်ထ၊ သမိုက်ကြဟု၊ ဗျာသဆရာ၊ မိန့်ခဲ့ပါ၏။ ။ ပညာရှိကား၊ ဘေးတိပြင်ပြင်၊ မရောက်ခင်က၊ ဆင်ခြင်သဖြင့်၊ ကြောက်လန့်နှင့်၏၊ ရှောင်ခွင့်မသာ၊ ဘေးရောက်ခါမူ၊ ရဲသွော ဟူ၏။ ။နည်းယူတထူး၊ အအိပ်ကြူးနှင့်၊ စိတ်ကူးမမွေ့၊ မေ့ လျော့တတ်စွာ၊ ချမ်းသာနေချင်၊ ကိုယ်တွင်ရောဂါ၊ ဖျားနာ လည်းရှိ၊ ပျင်းရိကပ်ခို၊ အလိုကြီးထ၊ စိတ်ကမမြစ်၊ အမှုသစ်၌၊ ကြိုက်ချစ်တတ်သူ၊ လူခုနစ်သင်း၊ ကျမ်းနှင့်ကင်း၏။ ။အချင်း အိုလပ်၊ ဆင်းရဲရပ်သို့၊ ကပ်ပါလှည့်ငြား၊ လာဘ်များသူမှာ၊ လာဘ်မလာနှင့်၊ မြစ်ထာမနေ၊မိုးနတ်ဆွလည်း၊ ရေဟောင့်တ ရှာ၊ ကုန်းကြည်းမှာသို့၊ မရွှမြို့တည့်၊မြစ်တို့သည်တုံ၊ ရေပြည့်စုံဟု၊ မရှုလေပါ၊မိုးကြီးရွာသို့၊ ကံသာအရင်း၊ဖြစ်လေလျှင်း၏။ ။ အခင်းမှုတာ၊ ဆောင်အပ်ရာကို၊ မကြာလျှင်တွေ့၊ ဆောင်တုံ ချေက၊ ပြီးလေကိစ္စ၊ မေ့တတ်လှ၏၊ ဖြစ်ထထို့ကြောင့်၊ ဖြောင့်ဖြောင့်ကုန်စင်၊ မဆောင်ချင်နှင့်၊ ကြွင်းလျှင် တန်ရာ၊ ထားသင့်ပါဟူ၊ ကျမ်းလာတုံရှေ့၊ခြိုသေ့ကြောင်ပါး၊ပမာထား သည်။ ။အများဤသို့မှတ်ဖွယ်တည်း။

### ဇလေးထားအပ်သောတရားများ

၄၄။ အမျိုးဉာဏ်ဆို၊ မွတ်ဖိုဟာကွဲ၊ လဲ၀ါတို့မူ၊ ပေါ့သောဟူ၏၊ အမှု ပျက်ချော်၊ လူလျှပ်ပေါ်မှာ၊ လဲ၀ါယက်ပင်၊ ပေါ့လကျင်၏၊ မိခင်ဘဖျား၊ သင်ကြားဆရာ၊ ဆုံးမပါက၊ မနာမယူ၊ အကြွင်သူသည်၊ လူလျှပ်ပေါ်ထက်၊ လွန်ပေါ့ပျက်၏၊ စက်တွင်ကြိုက်ငြား၊ ဘုရားသာသနာ၊ ကြုံငှာခဲလှ၊ ဒုလ္လဘကို၊ ရပါတုံလျက်၊ အကျင့်ပျက်မူ၊ ထိုသက် ထောင်သောင်း၊ ပေါ့လေ ရှောင်း၏။ ။ တစ်ကြောင်းမှတ်ရာ၊ ထီးကျောက်ဖျာလျှင်၊ လေးပါတုံ၏၊ ထိုသည်ထက်ကား၊ နှတ်တိုကြားသည့်၊ စကားဟူကာ၊ ဝန်လေးစွာတည့်၊ ထိုမှထက်သာ၊ ဆရာမိဘ၊ ဆုံးမစကား၊ လေးတုံငြား၏၊ ဘုရားဟောဖော်၊ တရားတော်မူ၊ အခကျော်ထောင်ရာ၊ တည်ခဖြောင့်လှစွာ၊ ကျင့်အပ်ရာရှင့်။ ။ လက်ယာလက်မှန်၊ ကိုယ်၏ကျွန်တည့်၊ အစွန်ကျလျက်၊ လက်ဝဲလက်မှာ၊ ခြေနှစ်ဖြာ၏၊ ကျွန်ရာ လည်းကောင်း၊ မည်ပေရှောင်းခဲ့။ ။ တစ်ကြောင်းမှတ်ပုံ၊ ကွမ်းရွက်တုံကား၊ အဖျားကမူ၊ ကာဠကဏ္ဏိ၊ အရင်းဆိက၊ ယက္ခဘီလူး၊ စိုးမူးစောင့်လျှင်း၊ ထိုအခြင်းကြောင့်၊ ဖျားရင်းပယ်ထွေ၊ စားအပ်ပေသည်။ ။ မှတ်လေလောကီ ကျမ်း၏ မိပ္ပာယ်တည်း။

၄၅။ ကျမ်း၏မိပ္ပာယ်၊ သင်ပုန်းခယ်လျှင်၊ ဘုန်းကြွယ်ပြဟ္မာ၊ စောင်ကုန်ပါ၏၊ စာပလွှကို၊ စောင့်နေ့ဗိသကိုး၊ အုပ်ထိန်းစိုး၏၊ မျိုးကောင်းသားသည်၊ သင်ကြားစာပေ၊ ဆည်းပူးလေသော်၊ စောင့်နေမကင်း၊ နတ်မင်းတို့ကို၊ ကြည်ညိုကော်ရော်၊ ပူဇော်ပါက၊ နတ်တို့မ၍၊ ကြောင့်ကြပယ်ရှား၊ တတ်မြောက်မြားလိမ့်။ ။ နွားဟူသည်ကား၊ လူအများကို၊ ပေါ်ရအောင်၊ ထွန်ယက်ဆောင်လျက်၊ မြားမြောင်သူခ၊ ပေးတတ်လှ၍၊ မိဘအလား၊ နွားကိုမြတ်နိုး၊ ရိုညွတ်ကျိုးလော့။ ။ ဆိုရိုးစကား၊ နွားအသားကို၊ စားပေလတ်က၊ မိဘအသား၊ စားသည်မည်လေ၊ ထို့ကြောင့်ပေတည့်၊ နွားသေကိုလျှင်၊ မြစ်တွင်မျှောငြား၊ ပြင်လွှင့်ထားလော့။ ။ သင်ကြားပညာ၊ အစမှာကား၊ ကြာသပတေးလျှင်၊ ပြီးအောင်မြင်၏၊ တနင်္ဂနွေ၊ သောကြာပေမူ၊ လျစ်လျူမျှသာ၊ တတ်စ

ပါရှင့်၊ ဗုဒ္ဓါစန္ဒ၊ စ၍သင်ထွေ၊ မထာတ်ချေတည့်၊ စနေအင်္ဂါ၊
သင်သည်မှာမူ၊ ဖျားနာသေမည်၊ မြဲမှတ်တည်လော့။ ။
သင်သည်ခါသော်၊ ဆန်းကျော်ထိုနေ့၊ ရှစ်ရက်နေ့တွင်၊ စ၍သင်မူ၊
ပူပင်လေတတ်၊ ဆရာမြတ်ကို၊ သက်သည်လည်းကောင်း၊ မည်တု
ချောင်း၏၊ တစ်ကြောင်းဆန်းကျော်၊ ဆယ့်လေးခေါ်ကြ၊ စုဒ္ဒသမူ၊
သင်သူဘပည့်၊ သတ်သည့်ပမာ၊ မည်ကုန်ရာရှင့်၊ ဆန်းခါ
ဆုတ်လျက်၊ ဆယ်ရက်မှာလျှင်၊ ပညာသင်မူ၊ ထိုပညာအား၊
သတ်သေလားတည့်၊ မှတ်သားကြရာ၊ ပုဏ္ဏာနေ့တွင်၊ သင်သူ
တို့မှာ၊ နှစ်ဖြာမိဘာ၊ သတ်ရာကျသည်။ ။ထိုမှလွတ်စေ တတ်
လွယ်တည်း။

၄၆။ တတ်လွယ်ပညာ၊ သင်သူမှာလျှင်၊ ထဝါဆန်းယူသော်၊ အဟုတ်
ရေတွက်၊ ခုနစ်ရက်ကား၊ မစားအုန်းသီး၊ အပြီးရေတွက်၊
ကိုးရက်အထူး၊ အိမ်ဘူးရှောင်ရှု၊ ဆယ်နှစ်မှုကား၊ မစားကင်းပိမ့်၊
နှစ်သိမ့်စွာလျက်၊ သုံးရက်အတွင်း၊ ဟင်းမျိုးအမဲ၊ လွန်ကဲဆင်ခြင်၊
စားမိလျှင်မူ၊ သင်ခဲ့သောပညာ၊ ပျောက်ပျက်ရာ၏။ ။များစွာ
ဆွေမျိုး၊ အကျိုးငဲ့ထောက်၊ သူတစ်ယောက်ကို၊ စွန့်လော့ဆို၏၊
အဟိုများစွာ၊ တစ်ရွာလုံးအား၊ အကျိုးပွားမူ၊ ဆွေမျိုးဟူလည်း၊
အတူမကြာ၊ စွန့်လေရာ၏၊ တစ်ရွာထက်ကား၊ အများရွာပြည့်၊
ကျိုးရောက်မည်ကို၊ ယုံကြည်သောခါ၊ ရွာတစ်ရွာကို၊ စွန့်ခွာအပ်
ရိုး၊ ကိုယ်အကျိုးအား၊ ရောက်လေကြွားမူ၊ တစ်လွှားမြေပြင်၊ စွန့်
ပါလျှင်လော့။ ။ဆင်နှင့်ခြသေ့်၊ မြတ်မွေ့သူတော်၊ ဤသုံး
ဖော်ကား၊ မတော်ရပ်ရွာ၊ ရှောင်လေပါ၏၊ ယုတ်မာသူပျက်၊
ကြီးနက်သမင်၊ ထိုသုံးအင်အား၊ အကြွင်ရပ်မှာ၊ မကောင်းပါ
လည်း၊ ရှောင်ခွာမသွား၊ လွန်ပျော်ပါး၏။ ။သနားမြတ်နိုး၊
ဆွေမျိုးချစ်ခင်၊ အတတ်သင်သူ၊ လေးဦးလူကား၊ မရှိငြားမူ၊
တစ်ပါးအရပ်၊ ပြောင်းအပ်လေရာ။ ။ပြောင်းသောခါလည်း၊
မြဲစွာကြပ်ကြပ်၊ ထိုအရပ်မှာ၊ ခြေသာဟဘက်၊ ချလျက်လည်း
ထား၊ ရပ်တစ်ပါးသို့၊ သွားတုံလတ်စေ တစ်ဖက်ခြေဟု၊ ဆိုလေ
သော့တူ၊ သူ၏ရပ်ရွာ၊ နေရာတကျ၊ ရှိမှုရပ်ဟောင်း၊ ခွာစွန့်
ကောင်းသည်။ ။ငဲ့စောင်းမငြို မတွယ်တည်း။

၄၇။ မငြိမတွယ်၊ မှတ်သားဖွယ်ကား၊ ရောင်းဝယ်ကြလတ်၊ အတတ်
သင်ရာ၊စေပါခံရ၊ကာမမှီဝဲ၊ဤလေးကွဲမှာ၊ မရှက်ရာတည့်။ ။
များစွာမိန်းမ၊ ယောကျ်ားထက်သာ၊ စားခါ၌လျှင်၊ လွန်ချင်
နှစ်ဆ၊ ပညာ့အရာ၊ လေးဖို့သာရှင့်၊ ဝါယာမမှု၊လုံ့လပြုမှာ၊
ခြောက်ခုတိုးတက်၊မက်မောကာမ၊ရှစ်ဆလွန်တု ။ ။တစ်ပုံထုံးစံ၊
ကြံကိုစိုတ်က၊ အဖျားမှလျှင်၊ ရသတိုး၍၊ အချိုတွေ့သို့၊သိမ်မွေ့
မြင်မြော်၊ လူသူတော်ကား၊ ပေါင်းဖော်ကြာမူ၊ ကောင်းမွန်
လှ၏၊ ရင်းကစုတ်ဖြား၊ ကြံအလားလျှင်၊ အဖျားရောက်သော်၊
ပျောက်လေရသ၊ ပမာပြုသို့၊ ယုတ်လုသူကို၊ အတူပေါင်းလျှင်၊
အစတွင်မူ၊ ကြည်လင်ချိုသာ၊ အတန်ကြာသော်၊ မေတ္တာပျက်
ပြယ်၊ အပြစ်လှယ်၏။ ။လယ်လုပ်တစ်ထည်၊ ကုန်သည်တာထူး၊
မှူးမတ်တဝ၊ သီလပညာ၊ ပြည့်စုံစွာသည်၊ သံဃာတခြား၊ ဤ
လေးပါးစုံ၊ ပြန့်ပြောတုံက၊ရွှေဘုံတိုင်းလုံး၊ ဝံပြောဆုံးတည့်။ ။
မသုံးသပ်လျှင်၊ ကြားသင်ပညာ၊ တတ်ပါသမျှ၊ ပျောက်ပျက်
ကြ၏၊ လုံ့လကင်းလျှင်၊ အိမ်တွင်မသာ၊ ပျက်စီးရာ၍၊ ရုပ်ဝါ
လှလျက်၊ ပျင်းရိဖွယ်မူ၊ညစ်ကြေးထူ၏၊သူတော်မည်မှန်း၊ရဟန်း
ဟူက၊ စက္ခုစသည်၊ တည်ပါဋ္ဌန္ဒြေ၊စောင့်ကောင်းပေလျက်၊မေ့
လျော့ဖက်မူ၊ညစ်ကြေးထူသည်။ ။ရှင်လူမှတ်ကြ မပယ်တည်း။

၄၈။ ရှင်လူမှတ်ကြ၊ ဤလောကတွင်၊ များလှဥစ္စာ၊ ရှိတုံပါလျက်၊
လုံ့လပျက်မူ၊ ကြိုးထူလုံ့လ၊ ရှိကြသူသို့၊ ဥစ္စာတို့ကား၊ရောက်ဖို့
မှန်စွာ၊ လူညံ့မှာလျှင်၊ကံသာမသေ့၊ ဆိုတတ်လေ၏။ ။စာပေ
တတ်သိ၊ ပညာရှိကား၊ကံတရားဟု၊မထားစိတ်က၊လုံ လတန်ရာ၊
ထုတ်လျှင်ပါ၏၊ ရည်ကာမရောက်၊ ကျိုးမာမြောက်က၊ ဝီရိယ
ကြောင့်၊ ဒေါသမမြင်၊ အပြစ်စင်၏။ ။အကြင်ယောကျ်ား၊
မိန်းမများတို့၊ မျိုးအားနိမ့်စွာ၊ ပညာမမြင်၊ ရုပ်သွင်မဲ ဖြား၊
ခွန်အားမပြည့်၊ ဖြစ်တုံလှည့်လည်၊ ဤသည့်အခါ၊ ဆုတ်ကပ်
မှာကို၊ဥစ္စာရှိလျှင်၊ အမြတ်ပင်တည့်၊လိုအင်ဆန္ဒ၊ ဟူသမျှလည်း
ဥစ္စာသခင်၊ ပြီးအောင်မြင်၏၊ ကုန်စင်မိပ္ပါယ်၊ အသွယ်သွယ်ကို၊
နားဝယ်စိုက်စိုက်၊နှလုံးပိုက်လော့၊ဤ၌ကုံလုံ၊ ပြီးပြည့်စုံသည်။
လုံခြုံ သတ္တမပိုင်းတည်း။

# နိဂုံး

က။ ကြာ။လေးဗိုလ်လူ၊ မော်ကွန်းထူအံ့၊ ဇမ္ဗူလက်ယာ၊ ကျွန်းမြေ
ချာထက်၊ အားကာစက်နှင့်၊ ရန်ဘက်ကြောက်ရှောင်၊ တွေ့တိုင်း
အောင်သား၊ ကုန်းသောင်သနင်း၊ အလောင်းမင်းမှာ၊ သက်
ဆင်းနွယ်လာ၊ မြတ်သမ္ဘာဖြင့်၊ မြန်မာရပ်ဌာန်၊ အောင်ချက်
မှန်သား၊ ရန်မာန်ကင်းဝေး၊ မန္တလေးဝယ်၊ ရင့်ကြွေးသာယာ၊
ဗျာဇိတ်မှာနှင့်၊ ရတနာပုံပြည်၊ လက်မွန်ထည်သည်၊ ဘုန်းစည်
မင်းဖျား၊ တို့ဘုရား၏၊ များစွာချီးမွမ်း၊ အသွယ်သွယ်တွင်၊ နှုန်း
ဆွယ်မမျှော်၊ အံ့ရန်သော်ကား၊ ရှင်တော်ဟောရှုတ်၊ ပိဋကတ်ကို၊
ပြုမွတ်ညက်စင်၊ ကျောက်အပြင်ထက်၊ တင်လတ်ပြီးမှ၊ ပဉ္စမ
သင်္ဂါယနာ၊ သံဃာဝန်းရံ၊ သဘင်ခံ၍၊ နှိုင်းစံမတု၊ ပွဲကြီးပြုသား၊
ဇမ္ဗူထွတ်ပူး၊ မြတ်ကျေးဇူးသည်။ ။ချီးကြူးအံ့ရာမဆုံးတည်း။

ခ။ မဆုံးအံ့အောင်၊ ကျေးဇူးဆောင်သည်၊ မင်းခေါင်မင်းမြတ်၊
စောရန်ပြတ်သည်၊ မန္တာတ်နှုန်းဘူ၊ နတ်နန်းယူသော်၊ ညွန့်လူ
သမ္ဘာ၊ ဘုန်းရောင်ဂါဖြင့်၊ မင်းလျာအစစ်၊ ရင်တော်နှစ်လျှင်၊
ဖွင့်လှစ်ရိပ်မြူ၊ စိုးတော်မူ၍၊ ဆယ်ဆူမင်းကျင့်၊ လေးအင်
သင်္ဂဟ၊ ပြည့်စုံလှသား၊ ရာဇသမ္ဘတ္တိ၊ ခေတ်သီရိတွင်၊ သတိ
လုံ့လ၊ ဝီရိယနှင့်၊ ဉာဏစုံပြိုး၊ ရင့်ကြောင်းကျိုးသည်၊ နေမျိုး
မင်းထင်ကျော်ခေါင်၊ ဘွဲ့တန်ဆောင်နှင့်၊ ဂုဏ်ရောင် ဝှန်းဝေ၊
လွတ်ကွန်းနေလျက်၊ သပြေဆံကျင်၊ ဥက္ကင်ဖွင့်ကာ၊ ဒုံးနေရာက၊
ရွှေဇာပဲ့ရံ၊ တင်စံရွှေဗောင်း၊ ကိုးပွင့်ဆောင်းလျက်၊ ရောင်မောင်း
ချက်ချက်၊ ရွှေကွမ်းခွက်နှင့်၊ ဆောင်ရွက်စုံလင်၊ မင်းပွဲဝင်သည်၊
ဦးရှင်ထလေး၊ အမှာရေးဟု၊ နီးဝေးထင်စွာ၊ အကြင်ငါသည်၊
ဝိဇယာပုရ၊ ပြည်ပင်းယဉ္ဇ၊ စတုရင်္ဂဗလ၊ တတ်လှကျမ်းဂန်၊ အမတ်
မွန်လျှင်၊ မှက်ရန်ပြည့်မွန်း၊ ထိုက်ကျမ်းမှ၊ ပေါ်ထုတ် ပြုသား၊
လောကနီတိ၊ အမည်ရှိသည်၊ ပါဠိဂါထာ၊ ဤဘာသာစကို၊ ပညာ
သုတ၊ ရှာကြံသည့်သူ၊ ရှင်နှင့်လူတို့၊ လွယ်ကူဆောင်ရန်၊ ကျိုး
ကြောင်းပြန်၍၊ ကောင်းမွန်သာချို၊ ဖွဲ့ကုံးဆိုသည်။ ။မှတ်လို
သူတို့ လက်သုံးတည်း။

၈။ မှတ်လိုသည်သူ၊ လက်သုံးမူလျက်၊ လွယ်ကူဆောင်ရန်၊ လက်ာဖန်၍၊ ကောင်းမွန်သာကြည်၊ ပြီးလတ်သည်ကား၊ အရှည်သဏ္ဍာရှင်မှတ်ရစ်လွယ်အောင်၊ တာဝေသော့နှစ်ရာ၊ လေးဆယ်သာ၍၊ စွန်းပေါ်နှစ်ခု၊ ဥတုဂိမှာန်၊ နွေဦးဖန်သော်၊ တောင်ပြန်ရစ်ခွေ၊ ဝန်းသည်လေနှင့်၊ မဝေမဝမင်းလွင်၊ မြူချည်ဆင်၍၊ ရှစ်ခွင့်ရည်မှောင်၊ ပယောနှင့်တောင်လည်း၊ ရွှေရောင်ရှက်ဝါ၊ ရိုးညွှာပုရစ်၊ ဖူးသစ်ငုံရာ၊ ရွှေညာသြတ္တိုး သားမွေ့ရင့်ရှည်၊ ဝန့်ထူးမြည်လျက်၊ ယဉ်ကြည်ယမုန်၊ သာငွေခုံထက်၊ ဆွေစုံဖောင်မယ်၊ ချစ်ဟင်းသွယ်၍၊ လူ့နယ်ပျော်မှု၊ ငှက်ရတုလည်း၊ မျှော်ရှု မညောင်း၊ မသာတောင်းလည်း၊ တာပေါင်းဆန်းထက်၊ ငါးရက်သောကြာ၊ မွန်းယိမ်းခါဝယ်၊ နှစ်နှားရီမြွတ်၊ တပေါင်သုံးဗိဇနာ၊ နေမှာကုန်စက်၊ မေရုန်လက်၍၊ ဖွဲ့သက်ကုန်ငင်၊ ပြီးအောင်မြင်၏၊ ဖြူစင်သဒ္ဓါ၊ ဤစာပြုရ၊ ကုသလကို၊ ဘဝသခင်၊ အရှင်ကစ၊ မိဘဆရာ၊ သုံးဖြာဘုံသား၊ လူတလွှားအား၊ ဆပ္ပားကြည်ထွေ၊ လူဖို့ပေ၏၊ ဖြည့်နေသမ္မာ၊ အကြွင်ပါသည်၊ ပညာလူ့ရ၊ မြတ်ပုညကြောင့်၊ အတုလဉာဏ်၊ နိဗ္ဗာန်ကမ်းခိုင်၊ မတိုင်သမျှ၊ ဘဝသံသရာ၊ ဖြစ်တိုင်းမှာပင်၊ သုံးဖြာသောကပ်၊ လေးထပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ကင်းသည်ဖြစ်၍၊ ဆိုးညစ်ယုတ်မာ၊ လူမိစ္ဆာကို၊ တစ်ခါတရံ၊ မဆံရလို၊ ဗြဟ္မာစိုရ်နှင့်၊ ကုသိုလ်ဆယ်တည်း၊ သုံးမည်စရိယ၊ သုတပညာ၊ သမ္မာဒိဋ္ဌိ၊ ပြည့်စုံဘိ၍၊ သတိမြဲနေ၊ သည်းခံထွေဖြင့်။ ။ ယဉ်စေသူတော် နှလုံးတည်း။

ဆုံးမစာ ပေါင်းချုပ်ကြီး ဤတွင် ပြီး၏။

အမှတ်
ရက်စွဲ



## ဆုံးမစာ ပေါင်းချုပ်ကြီး

လူမှုကိစ္စတို့သည် ခြား [illegible] ကြောင်လှ [illegible]
ရေး ကျွမ်းကျင်ခြ [illegible] တို့ [illegible] ကျောင် [illegible]
နေကြသည်။ ကြွယ်ဝ ချမ်းသာ [illegible] ကြ [illegible]

ဗုဒ္ဓမြတ်စွာ အဆူဆူပွင့်သော ဉာဏ်နှင့် [illegible]
တို့သည် တစ်လောကလုံး လူသား [illegible]
သာယာဝပြောစေရေးကို ရှေ့ [illegible] ဆုံး [illegible]
ပေးသည်။

ဤဆုံးမစာပေါင်းချုပ်ကြီး [illegible] သည် [illegible]
တို့၏ ဆုံးမစကား အနှစ်သာရများကို [illegible]
မြန်မာမှု နယ်ပယ် မြန်မာ [illegible] ကျေး [illegible]
အရပ်ရပ်တို့ကို လေ့လာတွေ့ရှိ [illegible]
ရှင်လန်း အားရ နှစ်သက်နိုင်ကြ [illegible]